အားကစားဝန်ကြီးဌာန

၂၀၁၄ - ၂၀၁၅ ခုနှစ်



နိုင်ငံတော် လူထုအားကစားလှုပ်ရှားမှု အဆင့်မြှင့်တင်ရေး ဖော်ပြချက်များနှင့် အားကစားပြောင်းပြန်များ

စဉ်	အမည်	ရေးသူ	စာမျက်နှာ	
	(၂၀၁၄-၂၀၁၅) ဒီဇင်ဘာလူထုအားကစားလ လှုပ်ရှားမှု အထိမ်းအမှတ် ဆုရ ဆောင်းပါးများ			
၁။	ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် မယိုင်လဲစေဖို့ လူထုအားကစားဖြင့်တည်ဆောက်စို့....	သင်ထွန်း (ပညာရေး)	၁	၁၀
၂။	အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး အမျိုးသားရေး အသိဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြစို့...	ကိုဌေး (ကနောင်)	၁၁	၁၉
၃။	ကျန်းမာကြံ့ခိုင်သော လူထုအားကစားမှ ကမ္ဘာသို့...	မောင်မောင်မိုးအောင်	၂၀	၃၀
၄။	လူထုအားကစားနှင့် တစ်မျိုးသားလုံးတာဝန်	ထွေးကို (အား/ကာ)	၃၁	၄၀
၅။	စဉ်ဆက်မပြတ် ဖွံ့ဖြိုးအောင် အားကစားကဏ္ဍစွမ်းအား ရလဒ်ဆောင်....	ဇော်မင်းဌေး (ထားဝယ်)	၄၁	၅၁
၆။	နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အားကစားကဏ္ဍမြင့်တင်စို့...	ကိုဌေး (ကနောင်)	၅၂	၆၀
၇။	ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ဖို့	သင်ထွန်း (ပညာရေး)	၆၁	၇၁
၈။	အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေး အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေး	တက္ကသိုလ် ပွင့်သူအောင်	၇၂	၈၂
၉။	ဖွံ့ဖြိုးတိုးတက်သော လူထုအားကစားမှ ခေတ်မီသော နိုင်ငံတော်သို့...	မောင်မောင်မိုးအောင်	၈၃	၉၃
၁၀။	မြန်မာ့အားကစားအဆင့်အတန်း ရေရှည်တိုးတက်မြင့်မားရေးဆီသို့...	စုစုစံ	၉၄	၁၀၂
၁၁။	ကျန်းမာခြင်းသည်လာဘ်တစ်ပါး လူထုလှုပ်ရှားအားကစား	သက်ဦးမောင်	၁၀၃	၁၁၃
	အားကစားနှင့် သက်ဆိုင်သော ဆောင်းပါးများ			
၁၂။	(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကော်မတီ(၁၄)ရပ် ဖွဲ့စည်းကြပ်မတ်ပြင်ဆင်ခြင်းမှသည် အောင်ပွဲဆီသို့	မင်းခေါင်	၁၁၄	၁၄၃
၁၃။	မြန်မာ့အားကစားအဆင့် တိုးတက်မြင့်မားဖို့ဆိုရင်	မိုးကြိုး (ကျောက်မြောင်း)	၁၄၄	၁၄၇
၁၄။	(၂၈)ကြိမ်မြောက် စင်ကာပူဆီးဂိမ်းသို့	လူလူမင်း	၁၄၈	၁၅၁
၁၅။	အမျိုးသားအားကစားပွဲတော်မှသည်	မင်းရဲဥတ္တရ	၁၅၂	၁၅၅
၁၆။	မြန်မာ့အားကစား အောင်မြင်မှုကို ဆက်လက်မြှင့်တင်ပေးမည့် အမျိုးသားအားကစားပွဲတော် ပြန်လည်ကျင်းပမည်	မင်းခေါင်	၁၅၆	၁၆၀
၁၇။	တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဖလား အားကစား ပြိုင်ပွဲများ ကျင်းပရခြင်း အကျိုးရလဒ်များ	မင်းခေါင်	၁၆၁	၁၆၆
၁၈။	စင်ကာပူဆီးဂိမ်းပြိုင်ဘက်များအကြောင်း တစေ့တစောင်း	လူလူမင်း	၁၆၇	၁၇၅

စဉ်	အမည်	ရေးသူ	စာမျက်နှာ	
၁၉။	စင်ကာပူဆီးဂိမ်းရွေတံဆိပ် (၅၀) မျော်မှန်းထားတဲ့ မြန်မာ အားကစားအဖွဲ့	မင်းခေါင်	၁၇၆	၁၇၉
၂၀။	မြန်မာ့အားကစားပြတိုက် (စိတ်ဓါတ်မြှင့်တင်ရေးခန်းမ) မိတ်ဆက်နိဒါန်း	မင်းခေါင်	၁၈၀	၁၈၉
၂၁။	အာဇာနည်ခေါင်းဆောင်ဆရာကြီး ဒီးဒုတ်ဦးဘချို၌ပ်တုလို မြင်ကွင်းများတိုးပွားလာမည်ဆိုပါလျင်	စောဖိုးခွား	၁၉၀	၁၉၂
၂၂။	လက်ကမ်းကြိုဆိုရမည့် မြန်မာ့အားကစားအာရှအဆင့် မြှင့်တင်ရေးကြိုးပမ်းမှု	မင်းခေါင်	၁၉၃	၁၉၈
၂၃။	(၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ (၂၀၁၄)အင်ချွန်	လူလူမင်း	၁၉၉	၂၀၄
၂၄။	၂၀၁၆ ဥက္ကဋ္ဌရွေးကောက်ပွဲနှင့် ဖီဖာပြုပြင် ပြောင်းလဲရေး ကို ဦးဆောင်မည့် ဂီယန်အင်ဖန်တီနို	လူလူမင်း	၂၀၅	၂၁၄
၂၅။	အာဆီယံဘောလုံးအဖွဲ့ချုပ်သမိုင်း	မင်းခေါင်	၂၁၅	၂၁၉
၂၆။	၂၀၁၇ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မိတ်ဆက်နိဒါန်း	လူလူမင်း	၂၂၀	၂၂၄
၂၇။	(၁၃)ကြိမ်မြောက် ၂၀၁၅ခုနှစ်၊ ကမ္ဘာ့ဝူရှူးတံခွန်စိုက် ပြိုင်ပွဲ	လူလူမင်း	၂၂၅	၂၂၈
၂၈။	ဓနသဟာရအားကစားပြိုင်ပွဲ	လူလူမင်း	၂၂၉	၂၃၇
(၂၀၁၄-၂၀၁၅) ဒီဇင်ဘာလူထုအားကစားလ လှုပ်ရှားမှု အထိမ်းအမှတ် ဆုရ ဝတ္ထုတိုများ				
၂၉။	အင်းလျားကိုသက်သေတည်	ခင်တင့်ဝေ (မြို့တော်စည်ပင်)	၂၃၈	၂၅၁
၃၀။	ပြည်တော်ပြန်ဘုရားကြီးရှေ့က ကြိုနေမယ်	ရဲရဲထွန်း (ဟသ််တ)	၂၅၂	၂၇၀
၃၁။	အပြုံးပန်းတွေ ကိုယ်စီဝေ	မြနှင်းဝေအောင်	၂၇၁	၂၉၀
၃၂။	အားကစားမြှင့်တင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ခြင်း မည်၏	မောင်ယဉ်လှိုင်း (ပျဉ်းမမြို့)	၂၉၁	၃၁၂
၃၃။	ဘဝသစ်တခု၏ နိဒါန်း	ရိုစ်	၃၁၃	၃၃၇
၃၄။	မျဉ်းပြိုင်နှစ်ကြောင်း	ခင်တင့်ဝေ (မြို့တော်စည်ပင်)	၃၃၈	၃၅၂
၃၅။	မမြင်ရသောပန်းတိုင်	ကျော်မျိုးသူ	၃၅၃	၃၆၅
၃၆။	ကာလယန္တရား	ဖြူစင်မိုး (မြန်မာစာ)	၃၆၆	၃၇၉
၃၇။	ခြေလျင်လိုက်ခဲ့မယ်	သုတဆု (စဉ့်ကူး)	၃၈၀	၃၉၈
၃၈။	ရှင်သန်လှုပ်ရှားအားကစား	မင်းထင်ကျော်	၃၉၉	၄၁၉
၃၉။	နိုင်ငံ့ဂုဏ်ဆောင်အားကစားရွေသူရဲကောင်း	အောင်ခန့်ဖြိုးဝေ (တောင်ငူ)	၄၂၀	၄၃၃

ပြည်ထောင်စုဝန်ကြီး၏ ဥယျောဇဉ်

မြန်မာ့အားကစားသည် ကိုလိုနီခေတ်ကာလအစဦးကပင် မျက်နှာပန်းလှကာ အစကောင်းခဲ့သော်လည်း အနှောင်းက မသေချာဟူသော စကားပုံကဲ့သို့ မြန်မာ့အားကစားအဆင့် အတန်းပြန်လည်မြှင့်တင်ရေးအတွက် ကြိုးစားအားထုတ်ကြရမည့် အခြေအနေတွင်ရှိသည်ဟု ဆိုချင်ပါသည်။ အရှေ့တောင်အာရှ အဆင့်တွင် အစောပိုင်းကာလ စတင်ချိန်က မြန်မာ့အားကစား အဆင့်က ရှေ့တန်းမှ ရပ်တည်နိုင်ခဲ့သည်။ ကျွန်းဆွယ်အားကစား ပြိုင်ပွဲများ ဒုတိယနှင့် ပဉ္စမအကြိမ်တွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့စဉ်ကလည်း ထိပ်ပိုင်းမှာ ရပ်ခဲ့သကဲ့သို့ အခြားနိုင်ငံများ၌ ကျင်းပရာတွင်လည်း နိုင်ငံအလိုက်ရပ်တည်မှုက မနိမ့်ကျခဲ့ပေ။ သို့သော် နောက်ပိုင်း ကျင်းပလာသော ပြိုင်ပွဲများတွင် အဆင့်ရပ်တည်မှုက တစတစကျဆင်းလာခဲ့သည်။

ထိုသို့ အားကစားအဆင့်အတန်း ကျဆင်းလာရခြင်းမှာ အကြောင်းကြောင်းတို့ကို အခြေခံသည်မှာ မှန်ကန်သော်လည်း အဓိကကျသည့် အားကစားနှင့် ဆက်နွယ်သော ဝန်ကြီးဌာန၊ ဦးစီးဌာနမှအစ၊ အားကစားအဖွဲ့ချုပ်များအလယ် အားကစားသမားများနှင့် နည်းပြ၊ နည်းစနစ်မှူးများအဆုံး အားလုံးတွင် တာဝန်ကိုယ်စီရှိကြသည်ကိုကား လက်ခံရမည်သာ ဖြစ်သည်။

အားကစားအဆင့်မြှင့်တင်နိုင်ရေး ကြိုးပမ်းမှုများလည်း အားကစားကဏ္ဍတစ်ရပ်လုံးကို မဆိုထားနှင့် အားစားနည်း တစ်မျိုးတည်းကိုပင် မြှင့်တင်နိုင်ရေး ကြိုးပမ်းမှုက လုပ်ငန်းတာဝန် ကြီးမားကျယ်ပြန့်သကဲ့သို့ စရိတ်စကမှာလည်း များပြားလှသည်ကို အားကစားနယ်ပယ် အသီးသီးတွင် တာဝန်ယူခဲ့ကြသူများ သိရှိခံစားဖူးကြမည်ဖြစ်သည်။

ယနေ့ခေတ်ကာလ အစိုးရလက်ထက်တွင် အားကစားနှင့်ကာယပညာဦးစီးဌာနကို ဝန်ကြီးဌာန အဆင့်မြှင့်ပြီး သီးသီးသန့်သန့် ဖွဲ့စည်း၍ လုပ်ပိုင်ခွင့်များ အပြည့်အဝအပ်နှင်းကာ တာဝန်ပေး ဆောင်ရွက်စေခဲ့သဖြင့် အားကစားအဆင့်အတန်းလျော့ပါးကျဆင်းနေမှုကို အစွမ်းကုန်ကြိုးပမ်းနိုင်ခဲ့ကြရသည်။ အစွမ်းကုန်ဟုဆိုရာတွင် ငွေကြေးအရင်းအနှီး၊ အချိန်ကာလတို့သာမက ကာယအား၊ ဉာဏ်အားနှင့် စိတ်ဓါတ်အားမာန်များကို အသုံးချပြီး နိုင်ငံတော်အကြီးအကဲများမှ အစ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် လူထုလူတန်းစားအဖွဲ့အစည်းများ အားကစားအဖွဲ့ချုပ်များ၊ နည်းပြ၊ နည်းစနစ်မှူးများ အားကစားသမား၊ သတင်းမီဒီယာ သာမက ပြည်သူတစ်ရပ်လုံး အုံးအုံးကြွက်ကြွက် အားတက်သရော တာဝန်ကျေခဲ့ကြ၍သာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် ကြက်သီးမွေးညင်းထသည်အထိ အောင်မြင်အောင် ကျင်းပနိုင်ခဲ့ခြင်း ဖြစ်သည်။

သို့သော် အားကစားအောင်မြင်မှုဟူသည် ယခုရေတွင်းတူး၊ ယခုရေကြည်သောက်ဟူ၍ လုပ်၍မရသကဲ့သို့ ပွဲပြီးမီးသေလုပ်၍မရသော ကိစ္စဟုဆိုချင်ပါသည်။ တစ်ရက်၊ တစ်လ၊ တစ်နှစ်၊ အစိုးရအဖွဲ့ သက်တမ်းတစ်ကြိမ်တည်းဖြင့် မပြီးပြတ်နိုင်သော လက်ဆင့်ကမ်း ထမ်းဆောင်သွားကြရမည့် အမျိုးသားရေးတာဝန်ကြီးလည်းဖြစ်သည်။ ဤကိစ္စကို သက်သေပြခဲ့ပြီးဖြစ်သော ဆီးဂိမ်းအောင်ပွဲကြီး၏ သာဓကယူကာ လှည်းနေလှေအောင်းမြင်းဇောင်းမကျန် ကြိုးပမ်းထမ်းဆောင်ပြီး အသီးသီးတာဝန်ကျေခဲ့ကြသည်နှင့်အညီ အားကစားကို စာပေတာဝန်ကျေပွန်ခဲ့ကြသော အားကစားစာပေပညာရှင်များ၊ အားကစားကလောင်ရှင်များ၊ အားကစားမီဒီယာနယ်ပယ် အသီးသီးမှ မြန်မာ့အားကစားအဆင့်အတန်းမြင့်မားရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ကြသော ကောင်းနိုးရာရာစာပေများကို စုစည်းကာ ၂၀၁၅ခုနှစ် အားကစားဆောင်းပါးပေါင်းချုပ်စာအုပ်ကို ထုတ်ဝေနိုင်ခြင်းအတွက် များစွာအားတက်ကြည်နူး ကျေးဇူးဥပကာယတင်ရှိပါကြောင်း။ ။

ဦးတင့်ဆန်း

ပြည်ထောင်စုဝန်ကြီး

ဥသြတွန်မြည် နွေရာသီ အခြေခံကျကျ သင်ကြားကြ

- မိန်ရာသီလတပေါင်း
  ကြာညောင်းတဲ့ရွက်ကြွေ
  ကျောင်းပိတ်ပြီလေ
  ဥသြဒုက်တွန်သံဝေ
  နွေနေပူရှုခင်း
  ကျောင်းသွားဖော် သူငယ်ချင်းတို့ ပျော်ပါဘိခြင်း။
- လာကြဟော့ သူငယ်ချင်းတို့
  အတူသွားစို့ တက်မလေ
  လူများလို့ ခက်မလေ
  ရက်မရှည် ဒီသင်တန်း
  နွေရာသီသင်ကြားသမို့
  တို့ဝါသနာပါရာ ကစားမယ် သွားကြစို့လား။
- ဘောလုံးနဲ့ကြက်တောင်
  ပင်ပေါင်နဲ့ရေကူး
  ဝူရှူးနဲ့ တိုက်ကွမ်ဒို
  ဂျူဒိုနဲ့ ကရာတေး
  အပြေးနဲ့ ပိုက်ကျော် (ပိုက်အပေါ်)
  ရိုက်မယ်နော် အခြေခံကျအောင် သင်ကြစို့လား။
- အခြေခံအားကစား
  သင်ကြားခဲ့နွေရာသီ
  တတ်မြောက်ခဲ့ပြီ
  အချိန်နဲ့ တပြေးညီ
  မမေ့မီ စုကာကစား
  ကျောင်းဖွင့်ချိန်ယှဉ်ပြိုင်ရအောင် လေ့ကျင့်စို့လား....။ ။

ထွေးကို

ကျန်းရေးဖွင့်



မြန်မာ့မျိုးချစ်အားကစားခေါင်းဆောင်
ကာယဗဟိုဦးရှိန်

၁၉၃၀ခုနှစ်ကမြင်းခြံမြို့ရှူထု၏သန္ဓေအရအိမ်တွင်သိုက်ဆွဲရန်
အမှတ်တရရိုက်ကူးပေးခဲ့ရသောဇော်ဝိတိုက်ကြီး၏ဓါတ်ပုံ

လေ့ကျင့်လျင် မညှာ
ပညာကို မသိုဂ့က်
ခက်တာကို လွယ်အောင်သင်
ဆူချင်ဆူ၊ ဆဲချင်ဆဲ
လွန်ကဲတဲ့ စေတနာ
သူဟာ... တို့ရဲ့ဆရာ

တရားသဖြင့် ယှဉ်ပြိုင်
အနိုင်ရအောင်ကြဲ
ရွှေအောင်ပွဲကိုဆင်
ဗမာ့ဂုဏ်ကို မြှင့်တင်ကြ
နေ့စဉ်ရှင်းပြ၊ ဆို ဆုံးမ
ဆရာ့သံမှို ဩဝါဒ

လေ့ကျင့်မှုနှင့် သဘောတရား
ကြီးမားတဲ့ တွန်းအားလက်နက်
ချွေးဒီးဒီးဆက်၊ သွေးစီးထွက်စမ်း။
ခရီးကြမ်းနှင်၊ အောင်ပန်းဆင်ကြတော့
ရင်မကော့ စကားမကျယ်
လူဘုံလယ်မသွား၊ မကြွားမဝင့်
တင့်လှတဲ့ ပီတိအပြုံး
ဆရာ့မျက်နှာ အချိုဆုံး

အို... ဆရာ
ကြည်ညိုစရာ၊ လူတကာလေးစား
နှလုံးသားလှ၊ ကျေးဇူးရှင်ကို
ငါလျင်မြတ်နိုး၊ ကဗျည်းထိုး၍
ရိုကျိုးပူဇော်၊ ကော်ရော်မငြိုး
ရွှေအားကစားသမားတို့ရဲ့ ဖခင်ကြီး

မင်းထက်ဆာ

ခေတ်နှင့်လျော်စွာ ကြိုးစားပါ

၁။ မောင်ငယ်ရင်သွေး နာဘိသေးလော့
ရွေးခေတ်အခါ အားကစားမှာလျင်
မြို့နယ်အဆင့် ပါဝင်ခွင့်ကို
ကြိုးစားယှဉ်ပြိုင် အနိုင်ရလည်း
ရွှေချယ်ကာထား ပဏာမများမှာ
ဖိနပ်ခြေအိတ် ထွေထွေကိစ္စ
စိုက်နိုင်မှသာ ရွှေးချယ်ပါ၏။ ။

၂။ မောင်ငယ်ရင်သွေး နာဘိသေးလော့
ရွေးခေတ်အခါ အားကစားမှာလျင်
Division အဆင့် ဝင့်ဝင့်ကြွားကြွား
ပါသူများမှာ စခန်းဝင်သော်
ဘဲဥကြော်နှင့် ဂေါ်ဖီလော်အား
ပဲကုလားဟင်း မျက်လုံးစင်းပိတ်
စားပြီးအိပ်လည်း Training ဆင်းတော့ အားရှိတယ်။ ။

၃။ မောင်ငယ်ရင်သွေး နာဘိသေးလော့
ရွေးခေတ်အခါ အားကစားမှာလျင်
လက်ရွေးစင်ဘဝ ရောက်ရှိကြလည်း
အဆန်းအသစ် ပြည်တွင်းဖြစ်ကို
ထက်အောက်ဝတ်ဆင် ပြိုင်ပွဲဝင်ကာ
အောင်နိုင်ပါသော်.....
နိုင်ငံကပေး ဂုဏ်ပြုတေးနဲ့
"မောင်ဗမာ"ဆင်းဂါး" ဆုလာဒ်များကို
အားရကျေနပ် နားလည်တတ်စွာ ပီတိဖြာခဲ့။ ။

၄။ ရင်သွေးမောင်ငယ် မျက်ဝယ်သင်တွေ့
ဤယနေ့ကား ယှဉ်ပြိုင်မကစားမီ
ရထိုက်သည်ဟု ရွေးထိန်းဝတ်ရုံ
အစုံစုံနှင့် နိုင်ငံခြားဖြစ်
အဝတ်အထည် ပြည့်စုံကြွယ်ဋ္ဌား
စားရတော့လည်း ကြက်ဝက်အမဲငါး
အသားကုံလုံ အားဆေးဖုံနှင့်

အဲကွန်းမွေ့ယာ ဆပ်ပြာကအစ
ကြွယ်ပိုးဝသည် ချမ်းသာပြည့်စုံပါပေ၏။ ။
❁ ထို့ပြင်တဝ လေ့ကျင့်ရလည်း
တစ်ပါးနည်းပြ ငှားကြတနည်း
Joint Training လွှတ်
တရွတ်ရွတ်သွား နိုင်ငံခြားကို
အိမ်သားနဲ့ကြမ်း ပမာကျွမ်းဝင်
ရဲစိတ်တင်ကာ ခေါင်းမော့ပြီးပြုံ့
ရင်ကော့နိုင်.. ယှဉ်နိုင်အောင်လည်း ထားပေးတယ်။ ။
❁ ထိုမှတဖန် အောင်မြင်ပြန်က
အိုးစည်ဗုံမောင်း သောင်းသောင်းဖျဖျ
များလှပြည်သူ ဂုဏ်ယူကြိုဆီး
ပေါင်းစည်းဂုဏ်ပြု လှူတစ်ခုနှယ်
နောင်ဝယ်အေးအောင် သိန်းရာထောင်ချီ
ချီးမြှင့်သည်ကား ထင်အရှားပင်။ ။
❁ အိုဘယ်သစ်လွင် ပဲ့ကိုင်ရှင်ငဲ့
ရှေးခေတ်အခါ ငါတို့မှာလျင်
တိုင်းပြည်ဆင်းရဲ ထောက်ပံ့နည်းလည်း
မျိုးချစ်စိတ်ဓါတ် မတွက်ကပ်ပဲ
နိုင်စိတ်ပြင်းထန် ဇွဲစိတ်သန်လျက်
အားထုတ်သမှု လုံ့လပြုကာ
ကြိုးစားတာကြောင့် အောင်ပွဲအလီလီရခဲ့တယ်။ ။
❁ သို့ဖြစ်စေကာ သင်တို့မှာလျင်
ခေတ်နှင့်အညီ ပြည့်စုံသည်မို့
နိုင်ဖို့အရေး ကိုယ့်အရေးမှတ်
တိုင်းပြည်မြတ်ဖို့ လက်တွေ့ကွင်းဆင်း
ဘယ်မပျင်းပဲ အားကုန်စွမ်းသော်
အောင်ပွဲပေါ်လိမ့် နိုင်လိုစိတ်ထက်
ကိုယ့်ဂုဏ်တက်ဖို့ အရိုးလည်းကြေ
အရည်လည်းခန်း ကြိုးပမ်းလေသော်
အားလုံးပျော်..... နိုင်ငံတော်လည်းဂုဏ်တင့်မယ်။ ။



ထွေးကို

- ***လူငယ်***တွေအတွက်
  ငါးတန်ဗလ၊ ပြည့်ဝရန်လူပ်ရှား
  အားကစား။

- လူအားလုံးအတွက်
  လန်းရွှင်လို့***ကျန်းမာ***၊ ကြံ့ခိုင်ကာလူပ်ရှား
  အားကစား။

- နိုင်ငံနဲ့ လူမျိုးအတွက်
  ကမ္ဘာ့အလယ်၊ ***ဂုဏ်သိက္ခာ***ကြွယ်ရေး
  မနှေးပင်လူပ်ရှား အားကစား။

- တစ်ဦးနဲ့တစ်ဦးအတွက်
  အဆင်ပြေစွာ ***ဆက်ဆံ***ရေး၊ ဖန်တီးနိုင်စွမ်းအား
  အားကစား။

❁ လူတိုင်းအတွက်
တက်ကြွလှုပ်ရှားလန်း၊ အောင်ပန်းကိုရယူ
ဇမ္ဗူတလူဟစ်ကြွေး၊ ပေးနိုင်တဲ့ ***စိတ်ဓါတ်***
မြင့်မြတ်စွင့်ငွါး အားကစား။

❁ လူငယ်ကျန်းမာ၊ ဂုဏ်သိက္ခာနဲ့
ဆက်ဆံစိတ်ဓါတ်၊ ကျိုးပြုမြတ်နိုး
အားကစားအကျိုး၊ ငါးမျိုးသောစွမ်းအင်
နိုင်ငံတွင်ဖြစ်ထွန်း၊ ကောင်းခြင်းအဖြာဖြာ
ဝေဆာစေကြောင်း စုပေါင်းလို့စွမ်းဆောင်
ထွန်းပြောင်စေ ပြည်သူများ
အားကစားဖြင့် နိုင်ငံတည်
ပြည်သာလို့ ညီညာကြစေသား။

ဖိုးကျော်(ပခုက္ကူ)

အားကစားဆိုသည်မှာ

"အင်အားနှင့် ဉာဏ်ရည်ကို အသုံးချပြီး လှုပ်ရှားယှဉ်ပြိုင်မှုကို အားကစားဟု ခေါ်ဆိုပါသည်။

" Sport is Games or Competitions Involving Physical and Mental Activity"

အားကစား၏ အကျိုးကျေးဇူးများ

အားကစားပြုလုပ်ခြင်းအားဖြင့် အောက်ပါအကျိုးကျေးဇူးများ မလွဲမသွေ ရရှိခံစားရမည်-

- ကျန်းမာခြင်းသုခ မုချခံစားရမည်။
- မိသားစုအားလုံးကျန်းမာပျော်ရွှင်စေမည်။
- လူငယ်မောင်မယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရမည်။
- နာမကျန်းဖြစ်၍ ဆေးဝါးကုသခြင်းမှ ကင်းဝေးစေရမည်။
- လုပ်ငန်းခွင်၌ လုပ်အားစွမ်းပကားဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်စေရမည်။
- နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်နိုင်ရမည်။

လမ်းလျှောက်ပါ

သင်ကျန်းမာချင်ပါသလား? လမ်းလျှောက်ပါ
သင်ဉာဏ်ကောင်းချင်ပါသလား? လမ်းလျှောက်ပါ
သင်လှချင်ပါသလား? လမ်းလျှောက်ပါ

အသက်ရှည်ကျန်းမာဘို့ - နေ့စဉ်လမ်းလျှောက်စို့
(လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ)

- ခန္ဓာကိုယ်နှင့် စိတ်ဓါတ်ကျန်းမာကြွံ့ခိုင်စေသည်။
- သက်လုံကောင်း၍ အမောခံနိုင်သည်။
- အဆီလျော့၍ အဝမလွန်အောင် ထိန်းပေးသည်။
- ဦးဏှောက်နှင့် အာရုံကြော အားကောင်း၍ ဉာဏ်ရည်ထက်မြက်စေသည်။
- အကြော၊ အချင်၊ အရွတ်များကို ပျော့ပျောင်းစေ၍ လူကို ဖျတ်လတ်ပေါ့ပါးစေသည်။
- သွေးလည်ပတ်မှုကောင်းပြီး စားဝင်အိပ်ပျော်စေသည်။
- စိတ်ဖိစီးမှု လျှော့နည်း၍ ကြည်လင်လန်းဆန်းစေသည်။

- နေ့စဉ်ပုံမှန် နာရီဝက်လမ်းလျှောက်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်နိုင်သော ဘဝကို ပိုင်ဆိုင်စေသည်။

ယနေ့သိပ္ပံခေတ် ဆေးပညာလောကတွင် ရောဂါကုထုံး အတော်များများကို လမ်းလျှောက်ခြင်းဖြင့် ကုစားနိုင်ကြောင်း သိရှိရသည်။ လမ်းလျှောက်ခြင်းသည်-

- အားကစားရုံ၊ အားကစားခန်းမ, မလိုသော လေ့ကျင့်ခန်း
- ဆေးဝါးမလိုသော ဆရာဝန်ညွှန်ကြားချက်ဆေးညွှန်း
- အစာလျှော့စားရန်မလိုသော ကိုယ်အလေးချိန် လျှော့ချနည်း
- ငွေကြေးမကုန်သည့် ခန္ဓာကိုယ် အလှပြုပြင်နိုင်သော ကိရိယာ
- ဆရာဝန်မလိုသော၊ ဆေးဝါးမလိုသော စိတ်ပျိုကိုယ်နုဆေး

ငွေကြေးမကုန်သော အားလပ်ရပ် ခရီးထွက်ခြင်းမျိုး - ဟု ကမ္ဘာကျော် Reder Digest မဂ္ဂဇင်းတွင် ဖော်ပြထားပါသည်။

လူထုအားကစားအဓိပ္ပါယ်

"ငွေကုန်ကြေးကျနည်း၍ လူကြီး၊ လူငယ်၊ လူရွယ်၊ လူလတ်၊ ယောကျ်ား၊ မိန်းမ မရွေး လွယ်လင့်တကူ စုပေါင်းလေ့ကျင့်နိုင်သော ကိုယ်လက်လှုပ်ရှားမှု"

လူထုအားကစား၏ရည်ရွယ်ချက်

- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို မြှင့်တင်ပေးရန်
- လူအများ အားကစားကို စိတ်ပါဝင်စားလာစေရန်နှင့် လူတစ်စုအားကစားမှ လူထုအားကစား ဖြစ်လာစေရန်
- နိုင်ငံတော်ကာကွယ်ရေးအတွက် အထောက်အကူပြုစေရန်

အားကစားသမားတစ်ယောက်တွင် ရှိရမည့် ပင်ကိုယ် အရည်အသွေး (၇)ရပ်

S – Structure - ကိုယ်ခန္ဓာအချိုးအစား

S – Strength - ခွန်အား

S – Stamina - သက်လုံ

S – Speed - လျှင်မြန်မှု

S – Skill - ကျွမ်းကျင်မှု

“ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် မယိုင်လဲစေဖို့ လူထုအားကစားဖြင့် တည်ဆောက်ခို့’

နိုင်ငံနှင့်လူမျိုး တည်တံ့ ခိုင်မြဲရေးသည် လူတစ်ဦးစီ၏ ကျန်းမာကြံ့ခိုင်မှုအပေါ်တွင် များစွာ တည်လျက်ရှိ ပါသည်။ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ပါမှ ထိုနိုင်ငံ၊ ထိုတိုင်းပြည်၊ ထိုလူမျိုးတို့ တည်တံ့ခိုင်မြဲမည်။ နိုင်ငံနှင့်လူမျိုး တည်တံခိုင်မြဲပါမှ အသက်သွေးများစွာဖြင့် ရယူထားသော လွတ်လပ်ရေးကြီးကို အစွန့်ရှည်စွာ ကာကွယ်စောင့်ရှောက်နိုင်မည်။ ကမ္ဘာ့နိုင်ငံများနှင့် ပခုံးယှဉ်နိုင်မည်။

ခြေလျင်လမ်းလျှောက်ခြင်းအလေ့အထသည် ကမ္ဘာဦး လူသတ္တဝါများ စတင် ပေါ်လာချိန်မှ အစပြုခဲ့သည်။ လူ့သဘာဝအလျောက် အချိန်တန် အရွယ်ရောက်၍ လမ်းလျှောက်နိုင်သည်မှ ဘဝနိဂုံးချုပ်၊ ခန္ဓာဆဲသည့်တိုင် စားဝတ်နေရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးကိစ္စများတွင် လူတိုင်းလူတိုင်း၊ ခြေလျင်လျှောက်ခဲ့ရသည်။

ဥရောပ ဂရိနိုင်ငံမှ မဟာအလက်ဇန္ဒြားသည် ဂရိခြေလျင်တပ်မကြီးကို ဦးဆောင်၍ မိုင်ထောင်ပေါင်းများစွာ ကို ခြေလျင်ခရီး ခြေလျင်တပ်ဖြင့် တိုင်းနိုင်ငံ အများအပြားကို တိုက်ခိုက်သိမ်းယူခဲ့ပါသည်။ ဥရောပမှသည် အာရှ၊ အိန္ဒိယနိုင်ငံအထိ ရောက်ခဲ့သည်။

ရောမဧကရာဇ် ဂျူးလီယက်ဆီဇာ၏ ခြေလျင်တပ်မကြီးသည် နိုင်ငံပေါင်းများစွာ ကိုလည်းကောင်း၊ အာရှ စစ်ဘုရင်များဖြစ်သော ဂျင်ဂျစ်ခန်၊ ကူဗလိုင်ခန်၏ ခြေလျင်တပ်သည် အာရှတစ်လွှား၊ ခရီတက်သိမ်းပိုက်နိုင်ခဲ့သည်။

ဥရောပမှ မာကိုပိုလိုသည် ခရီးဝေးကွာလှသည့် တရုတ်ပြည်သို့လည်းကောင်း၊ မြန်မာနိုင်ငံ သရေခေတ္တရာ ခေတ်မှ ပျူယဉ်ကျေးမှု အဖွဲ့တစ်ဖွဲ့သည် မိုင်ပေါင်းများစွာ ကွာဝေးသော တရုတ်ပြည်မသို့ ခြေလျင်ခရီးဖြင့် ကူးလူး ဆက်ဆံခဲ့ဖူးသည်။

မြန်မာရာဇဝင်တွင် ထင်ရှားသည့် တောင်ငူဘုရင် တပင်ရွှေထီး၊ ဘုရင့်နောင် ကျော်ထင်နော်ရထာ (ဆင်ဖြူများရှင်)၊ ဦးအောင်ဇေယျ စသည့် မြန်မာစစ်ဘုရင်များသည် ဝေးကွာလှသော ယိုးဒယား၊ မဏိပူရ၊ အာသံနိုင်ငံများအထိ ခြေလျင်ခရီး၊ ခြေလျင် တပ်မဖြင့်၊ စစ်ချီသိမ်းပိုက်ခဲ့ဖူးသည်။

ခရစ်တော်၏ သားတပည့် တမာန်တော်စိန့်ပေါ(လ်) (အရှင်ပေါလ်လု) သည် ခရစ်နှစ် (၃၇) မှ (၆၄) ခုနှစ် အထိ အာရှမိုင်းနား၊ ဆီးရီးယား၊ တူရကီ၊ ဂရိ၊ ဆိုက်ပရပ် နိုင်ငံများအထိ (၂၇) နှစ်တိုင်တိုင် နိုင်ငံပေါင်းများစွာ သို့ ခြေလျင်ခရီးဖြင့် လှည့်လည်၍ သာသနာပြုခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) ကျော်ကပင် ဗုဒ္ဓဘုရားရှင်က ရဟန်းသံဃာများတွင် စကြီ်လျှောက်ခြင်း၊ လူများတွင် ခြေလျင်လျှောက်ခြင်းသည် "ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်၊ ကင်းစင် ရောဂါ၊ အစာကြေညက်၊ မပျက်သမာဓိ ငါးပါးရှိ မျှား၏ စကြီ်အကျိုးတည်း" ဟူ၍ မိန့်ကြားတော်မူခဲ့ပါသည်။ ကိုယ်တော်တိုင်လည်း တရား ဓမ္မ ဟောကြားပြီးလျှင် နေ့စဉ်လုပ်ငန်းများ၌ မိနစ် (၈၀) ခန့်ကို မကျိန်းစက်မီ စကြီ်လျှောက်တော်မူသည်ဟု ဗုဒ္ဓစာပန်းချီတွင် ဖော်ပြထားပါသည်။

ဤသို့လျှင် --- ငွေကုန်ကြေးကျမရှိသော ခြေလျင်လျှောက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ပြည်သူလူထုမှ အခြားသော ကိုယ်လက်လှုပ်ရှား အားကစားများသည် ---

ယနေ့ တိုးတက်သော နိုင်ငံများတွင် လူထုအားကစားလှုပ်ရှားမှုဖြင့် ပြည်သူလူထု ကျန်းမာရေးမှသည် နိုင်ငံတော်ကာကွယ်ရေး၊ စီးပွားရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုများကို တည်ဆောက်လျက်ရှိပေသည်။ သို့ကြောင့်ပင် ယနေ့ ကမ္ဘာ့နိုင်ငံတိုင်းမှာ အလေးပေး ဆောင်ရွက်နေသည့် လုပ်ငန်းကြီးတစ်ခုမှာ 'လူတိုင်းကျန်းမာ ဤကမ္ဘာ' ဆိုသည့် ဆောင်ပုဒ်ကို အကောင်အထည်ဖော်နေခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး (WHO) ၏ ဆောင်ပုဒ်သည် (Move for all) လူတိုင်းလှုပ်ရှား အားကစားနှင့် (Move for Health) လူတိုင်းကျန်းမာဖို့ အားကစား လှုပ်ရှားစို့ဟူ၍ အဓိပ္ပါယ် ပြန်ဆိုထားပါသည်။

'မြေမြို၍ လူမျိုးမပျောက်၊ လူမြိုမှ လူမျိုးပျောက်မည်' ဟူသော စကားသည် ကျန်းမာရေး၊ လူမှုရေး၊ စိတ်ဓါတ် ရေးရာနှင့် စီးပွားရေးကျဆင်းသော နိုင်ငံများသည် တိုင်းတပါး၏ ဖိနှိပ်ဝါးမြိုခြင်းကို ခံရမည်ဟု သတိပေးဆိုလိုခြင်း ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ လူမျိုးတည်တံ့ခိုင်မြဲရေးသည် လူတစ်ဦးချင်းစီ၏ ကျန်းမာကြံ့ခိုင်မှု အပေါ်တွင် မျှားစွာ မူတည်နေပါသည်။ လွတ်လပ်မှုနှင့် လူမျိုးပြုန်းတီးခြင်းမှ ကာကွယ်ရန် စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်မှု Sound Mind Sound Body ဖြင့်၊ ကြိုတင်ပြင်ဆင် ကာကွယ်ရမည်ဟု ဗြိတိသျှကာယဗလရှေ့ဆောင် (မက်ဖက်ဒင်) ဆိုသော ပုဂ္ဂိုလ်က လှုံ့ဆော်ရေး သားခဲ့ပါသည်။

'စောစောအိပ်လို့ - စောစောထလို့ - စောစောလမ်း လျှောက်ကြပါစို့ - ကိုယ်ခန္ဓာသန်စွမ်းစေဖို့ - စိတ်နှလုံးရွှင်ပြုံးစေဖို့ - သူငယ်ချင်းအပေါင်းအသင်းများနဲ့ ပျော်ဖို့-ရွှင်ဖို့-ကျန်းမာစေဖို့- စောစောအိပ်လို့-စောစောထလို့ - စောစောလမ်းလျှောက် ကြပါစို့' နှင့် 'အာရောဂျ ပရမံလာဘံ - ဆိုစကားတို့များ သိထားရပေမည် - လုပ်အားကိုယ်စီ တူညီပေးဖို့ - တို့များ ကိုယ်စီကျန်းမာဖို့လိုသည် - ကျန်းမာမှ

အလုပ်လုပ်နိုင်မည် - အဖိုးမဖြတ်နိုင်ပါသည်- စိတ်မှာတွေး- ကျန်းမာရေး အဓိကဖြစ်ပေသည် - တို့ယုံကြည်' ဆိုသည့် တေးသီချင်းသံသည် လူသားအားလုံးအတွက် ကျန်းမာရေးမှာ ဘ၀တစ်သက်တာတွင် အရေးကြီးဆုံး အကြီးမြတ်ဆုံး ရတနာတစ်ပါးဟု နှိုးဆော်နေသည်ကို သတိပြုသင့်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ နှစ်စဉ်အစီရင်ခံစာတွင် ကိုယ်လက်လှုပ်ရှား နည်းပါးမှုကြောင့် ရောဂါအမျိုးမျိုးဖြင့် နှစ်စဉ် လူဦးရေ (၂)သန်းခန့် သေဆုံးရသည်ဟု ဖော်ပြထားပါသည်။ ထို့ကြောင့်လည်း လူဖြစ်လာသောအခါ လူသားတိုင်းအတွက် အရေးကြီးဆုံးနှင့် အဖိုးမဖြတ်နိုင်သော အရာမှာ 'အာရောဂျ - ပရမံ - လာဘံ' ဟုဆိုသည့် ကျန်းမာရေးပင် ဖြစ်ပါသည်။ ဥရောပစကားပုံများတွင် ' Health is the Greatest Treasure ' 'Health is the Highest Gold' နှင့် 'Health is Wealth' ကျန်းမာခြင်းသည် အကြီးမြတ်ဆုံး ချမ်းသာခြင်းရတနာတစ်ပါးဟူ၍ အဓိပ္ပါယ် ဖွင့်ဆိုကြသည်။

ကမ္ဘာကျော်စာရေးဆရာကြီး "ဒေးလ်ကာနက်ဂျီ" ၏ "How To win Friends and Influence People" စာအုပ်ကို ဘာသာပြန်ရေးခဲ့သော 'ဦးနု' ၏ 'မိတ္တဗလဇီကာ' စာအုပ်စာမျက်နှာ '၅၇' တွင် လူတို့၏ အတောင်းတဆုံး လိုအင်ဆန္ဒမှာ 'ကျန်းမာရေးနှင့် အသက်ရှည်ခြင်းပင်ဖြစ်သည်' ဟု ဖော်ပြထားလေသည်။

ကျန်းမာခြင်းသည် လူသားတိုင်းအတွက် အလွန်လိုအပ်လှပေသည်။ ငယ်ရွယ် နုပျိုစဉ်ကပင် ကျန်းမာရေး အတွက် ကိုယ်လက်လှုပ်ရှားအားကစားကို လိုက်စားသင့် ပေသည်။ ဘက်စုံထူးချွန်သော ကျောင်းသားတစ်ယောက် ဖြစ်လာရေးအတွက် ပညာကြိုးစားရုံဖြင့် မလုံလောက်နိုင်ပါ။ ကိုယ်လက်လှုပ်ရှားအားကစားကို လိုက်စား မှသာလျှင် ကိုယ်ကာယကြံ့ခိုင်လာမည်၊ ကိုယ်ကာယကြံ့ခိုင်မှသာ စိတ်ဓာတ်ဖွံ့ဖြိုးပြီး ဉာဏ်ပညာ ရှင်သန်ထက်မြက်လာပေမည်။ Sound mind Sound Body စိတ်ရော ကိုယ်ပါ ကျန်းမာကြံ့ခိုင်ခြင်းဟု ဆိုပါသည်။ လူငယ်လူရွယ်တိုင်းသည် နိုင်ငံ၏ အရေးပါသော အင်အားစုဖြစ်သည်။ ထို့ကြောင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ လူငယ်များ အတွက် ကျန်းမာရေး၊ ပညာရေးအစီအစဉ်များ အပါအဝင် အကျင့်စာရိတ္တ ကောင်းမွန်ရေးတို့အတွက်၊ လူ့ဘ၀၏ စိန်ခေါ်မှုကို ကျော်လွှားနိုင်ရေးအတွက် ပညာရေး စနစ်သစ်အစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ 'ကျန်းမာရေးနှင့် ဘက်စုံပညာ တိုးတက်မြင့်မားရေး' ဟူသော ဆောင်ပုဒ်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။

၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်တွင် အားကစားနှင့် ကာယပညာဦးစီးဌာနကို အားကစားဝန်ကြီးဌာန ဟူ၍ တိုးချဲ့ဖွင့်လှစ်ပြီးနောက် ရှေ့လုပ်ငန်းစဉ် (၁၀) ရပ်ကို ချမှတ်ခဲ့ရာ ဦးစားပေး အပိုဒ် (၁) တွင် 'အားကစားကို အခြေခိုင်မာလာစေရန်အတွက် အားကစားနှင့် ကာယပညာကို ထိထိမိမိ ပေါင်းစည်းဆက်စပ် ဆောင်ရွက်သွားရန်၊ အားကစားနှင့် ကာယပညာသိပ္ပံတွင် အားကစားနှင့် ပညာရေးပေါင်းစပ်၍ ပြိုင်တူ သင်ကြားမှု အစီအစဉ်ကို ဆောင်ရွက်သွားရန်နှင့် ပြည်သူတစ်ရပ်လုံး ပါဝင်လှုပ်ရှားသည့် လူထုအားကစား (Mass Sports) ကို မြှင့်တင် ဆောင်ရွက်သွားရန်' ဟူ၍ ဖော်ပြထားခြင်းသည် (Mass Sports) လူထုအားကစားမှ (Excellent Sports) ပြိုင်ပွဲဝင် အောင်ပွဲခံအဆင့်သို့ ဦးတည်လျက်ရှိကြောင်းကို ဖော်ပြနေခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ယနေ့နိုင်ငံတော်သည် အားကစားဝန်ကြီးဌာန ကြီးကြပ်မှုဖြင့် အားကစားနှင့် ပညာရေး ပေါင်းစပ် သင်တန်း 'အားကစားနှင့် ကာယပညာ သိပ္ပံကျောင်း' ကို ၁၉၇၂ ခုနှစ်၊ ဇူလိုင်လ (၂၇) ရက်တွင် ရန်ကုန်မြို့၌ စတင်ဖွင့်လှစ် သင်ကြားလေ့ကျင့်ပေးလျက်ရှိပြီး မန္တလေးနှင့် တောင်ကြီးမြို့တွင်လည်း အား/ကာသိပ္ပံကျောင်းများကို ဖွင့်လှစ်ပေးခဲ့သည်။ နိုင်ငံတော်အစိုးရသည် အမျိုးသားရေး စွမ်းအားစုများကို အမျိုးသားရေးစိတ်ဓါတ် မြင့်မားခိုင်မာလာရေးအတွက် လူမှုရေးဦးတည်ချက် (၄) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ 'တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး' ဟူသည့် ဦးတည်ချက်နှင့်အညီ တစ်နိုင်ငံလုံး ကျန်းမာရေး လုပ်ငန်းများ၊ ပညာရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်အတူ လက်တွဲ၍ စွမ်းစွမ်းတမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့မြင်နေရပါသည်။

ထို့ပြင် အားကစားဝန်ကြီးဌာန မူဝါဒ (၃) ရပ်တွင် အပိုဒ် (၂) ၌ 'တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအားကစား လှုပ်ရှားမှုကို တစ်နိုင်ငံလုံး တစ်မျိုးသားလုံး စိတ်ပါဝင်စားစွာဖြင့် ပါဝင်လှုပ်ရှားကြရမည်' ဟု ဖော်ပြထားပါသည်။ သို့မှသာ လူထုအားကစား လှုပ်ရှားမှုမှ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်ထက်မြက်သော အားကစား လူရည်ချွန်များ မွေးထုတ်နိုင်မည်ဖြစ်ပါသည်။ ယနေ့ အချိန်အခါတွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထု၏ ပူးပေါင်း ဆောင်ရွက်မှုကြောင့် နိုင်ငံတော်တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်နေသည့် လူစွမ်းအား အရင်းအမြစ် ပေါ်ထွန်းလာပြီး အားကစားဘက်ဆိုင်ရာများတွင်လည်း တိုးတက်မြင့်မားလာကြောင်း တွေ့ရှိရပေသည်။

အားကစားဝန်ကြီးဌာန၏ အားကစားဆိုင်ရာ ခံယူချက် (၃) ရပ်တွင်လည်း -

(၁) အားကစားမြှင့်တင် တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်ပါသည်။

(၂) အားကစားအောင်မြင်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းကို ရောင်ပြန်ဟပ်စေသည်။

(၃) အားကစားအောင်မြင်မှုသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်း အခြေအနေကို ဖော်ပြနေသည်ဟု ညွှန်းဆိုထားပါသည်။

နိုင်ငံတော်က ပြည်ထောင်စုတစ်ခုလုံးကို ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မှန်ကန်သော စေတနာဖြင့် ဆောင်ရွက်ပေးနေချိန်တွင် ကျွန်ုပ်တို့ နိုင်ငံသား အားလုံးကလည်း တစ်ယောက်မှ တစ်ရာ၊ တစ်ရာမှ တစ်နိုင်ငံလုံး တိုင်အောင် လက်တွဲညီညီဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လူထုအားကစားများတွင် ပါဝင်ဆောင်ရွက်သွားကြမည် ဆိုပါက ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်း၊ ပြည်နယ် အဆင့်အလိုက် လူထုအားကစား (Mass Sports) မှ ထူးချွန်အားကစား (Excellent Sports) သို့ ရောက်ရှိကာ နိုင်ငံတော်အတွက် အောင်မြင်သော အားကစား သမားများကို မွေးထုတ်နိုင်မည် ဖြစ်ပေသည်။ ထို့ကြောင့်လည်း နိုင်ငံတော်က မြန်မာ့အားကစား အဆင့်အတန်း မြင့်မားထည်ဝါစွာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် အားကစား မြှင့်တင်ရေး အစီအစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အထူးအလေးထား အားပေးဆောင်ရွက်လျက်ရှိပါသည်။

ယနေ့ သိပ္ပံစက်မှုခေတ် တိုးတက်နေချိန်တွင် လူအများစုသည် သွားလာလှုပ်ရှားမှုများကို စက်ပစ္စည်း အကူအညီများဖြင့် လုပ်ဆောင်လာကြပြီး မိမိခန္ဓာကိုယ်ဖြင့် လုပ်ဆောင်ရသော၊ ခွန်အားစိုက်ထုတ်ရသော လှုပ်ရှားမှုများ နည်းလာရာတွင် အဝလွန်ခြင်းများ (Obesity) ဖြစ်လာ၍ သွေးကြောများ လှည့်ပတ်မှု ထိုင်းမှိုင်းလာရာတွင် နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်း၊ သွေးတိုး၊ ဆီးချို့နှင့် အရိုးအဆစ်ရောင်ရမ်းခြင်း၊ စိတ်မှတ်ဉာဏ်ထိုင်းခြင်းစသော ရောဂါများ ဖြစ်လာတတ်ပါသည်။ ဤရောဂါများကို ကြိုတင်ကာကွယ်ရန်အတွက် သွေးလေ ညီညွတ်မှု တစေရန် ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခန်းအမျိုးမျိုးကို ပြုလုပ်သင့်ပါသည်။

မြန်မာနိုင်ငံ အားကစားအဖွဲ့အချုပ်များကို ၁၉၉၃ ခုနှစ်၊ ဧပြီလ (၁၃) ရက်စွဲပါ ဥပဒေအမှတ်-၆/၉၃ ဖြင့် ပြဋ္ဌာန်းပေးခဲ့သည့် မြန်မာနိုင်ငံ အိုလံပစ်ကောင်စီ ဥပဒေအခန်း (၇) အရ ဖွဲ့စည်းတည်ထောင်ပေးခဲ့ရာ အားကစား အဖွဲ့ချုပ် (၃၆) ဖွဲ့

ဖွဲ့စည်းပေးပြီး ဖြစ်ပါသည်။ ယခုတွင် အားကစားအဖွဲ့ချုပ် (၄၄) ဖွဲ့ ရှိခဲ့သည်။ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များသည် ထူးချွန်အားကစားသမား များ၊ မျိုးဆက်သစ်များ ပြုစုပျိုးထောင်၍ ပြည်တွင်း အားကစားပြိုင်ပွဲများသာမက အပြည်ပြည်ဆိုင်ရာ ပြည်ပ အားကစားပြိုင်ပွဲများ နိုင်ငံတွင်းဆိုင်ရာ အားကစား ပြိုင်ပွဲများ လက်ခံကျင်းပရေးနှင့် ဝင်ရောက်ယှဉ်ပြိုင်ရေးများကိုပါ ဆောင်ရွက်ရန် လမ်းညွှန်ပေးရာတွင် လူထုအားကစား (Mass Sports) ကို အခြေခိုင်မာစေရမည်ဟု ဖော်ပြထားပါသည်။

၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်တွင် အားကစားဝန်ကြီးဌာနအဖြစ် တိုးချဲ့ဖွဲ့စည်းပေးခဲ့ပြီးသည်မှစ၍ လူထုအားကစား လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ပြီး အားကစားဝန်ကြီးဌာန၏ မူဝါဒ (၃) ရပ်ကို ချမှတ်ပေးခဲ့ရာ -

(၁) မြန်မာ့အားကစား ကမ္ဘာကို တက်လှမ်းစေရမည်။ (လွှမ်းစေရမည်။)

(၂) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအားကစား လှုပ်ရှားမှုကို တစ်နိုင်ငံလုံးတစ်မျိုးသားလုံး စိတ်ပါဝင်စားစွာဖြင့် လူထု အားကစား (Mass Sports)ကို ပါဝင်လှုပ်ရှားကြရမည်ဟု ဖော်ပြ ထားပါသည်။

(၃) နိုင်ငံတကာအလယ်၌ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားနည်းဖြင့် မြှင့်တင်နိုင်မည့် ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် (Excellent Sport) အားကစားသမားများ လူရည်ချွန်များ မွေးထုတ်ရမည်။

နိုင်ငံတိုင်းသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အားကစားကဏ္ဍများတွင် မိမိနိုင်ငံ၊ မိမိလူမျိုး မျက်နှာမငယ်စေရဘဲ ဂုဏ်သိက္ခာ တိုးတက်မြင့်မားရေး၊ သူတစ်ပါးနိုင်ငံများနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားရေး စိတ်ဓါတ်ပြင်းပြစွာ အပြိုင်အဆိုင် မနားမနေ ကြိုးစားအားထုတ်နေကြပေသည်။ မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးကို အရေးပါသည့် အခန်းကဏ္ဍတွင် ထားရှိပြီး၊ အင်တိုက် အားတိုက် ကြိုးပမ်းမြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ အားကစားအဖွဲ့ချုပ်များ၏ စနစ်တကျ စီမံခန့်ခွဲမှု၊ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၊ စေတနာရှင် ပြည်သူများ၏ ကူညီထောက်ပံ့မှု၊ အားကစားဝါသနာရှင်ပြည်သူများ အပါအဝင် တစ်မျိုးသားလုံး၏ အင်တိုက်အားတိုက် အားပေး ချီးမြှောက်မှုများသည် အားကစားမောင်မယ်များ၏ ရုပ်ပိုင်းဆိုင်ရာ

လိုအပ်ချက်များ၊ ပြည့်စုံစေမှုအတွက် သာမက စိတ်ပိုင်း ဆိုင်ရာ မြင့်မားရေးအတွက် လှုံ့ဆော်အားပေးမှုများကိုပါ များစွာ အထောက်အကူပေးလျက်ရှိပါသည်။

ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လှုပ်ရှားသည့် လူထုအားကစားကို မြှင့်တင်ရန် အတွက် ၁၉၉၈ ခုနှစ်မှ စတင် ၍ နိုဝင်ဘာလ၊ ဒီဇင်ဘာလနှင့် ဇန်နဝါရီလကို လူထုအားကစားလ ဟုတိုးချဲ့၍ အားကစားလှုပ်ရှားမှုကို အပတ်စဉ် စနေနေ့တိုင်း သတ်မှတ်ပေးခဲ့သည် သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး ဒီဇင်ဘာလ တစ်လတည်းကိုသာ ကျစ်ကျစ် လျစ်လျစ် အားကစားလှုပ်ရှားမှု လူထုအားကစားလအဖြစ် ပြန်လည်သတ်မှတ်ပေးခဲ့သည်။ ထို့ပြင် လူထုအားကစား လှုံ့ဆော်မှုများအဖြစ် လမ်းဆုံလမ်းခွများ၌ လူထုအားကစား လှုံ့ဆော်ရေးပိုစတာများ စိုက်ထူခြင်း၊ လူထုအားကစား လှုပ်ရှားမှုများတွင် အတက်ကြွဆုံး၊ ပြည်နယ်နှင့်တိုင်း၊ မြို့နယ်အလိုက်၊ ပထမ၊ ဒုတိယ၊ တတိယဆုများ ချီးမြှင့်ပေး သည့်အပြင် ဝတ္ထုတို၊ ဆောင်းပါးနှင့် အားကစားလှုပ်ရှားမှု ရောင်စုံဓါတ်ပုံပြိုင်ပွဲများ ကျင်းပ၍ ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်ခဲ့လေသည်။

ဤကဲ့သို့ လူထုအားကစားကို တွန်းအားပေး ဆောင်ရွက်ရာတွင် အလွယ်ကူဆုံးနှင့်လူကြိုက်လူငယ်၊ ကျားမ မရွေး၊ ကစားကွင်းမလို၊ ငွေကုန်ကြေးကျ မများသော၊ စုပေါင်းပါဝင်နိုင်သော၊ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ၊ စနေနေ့၊ နံနက်တိုင်း ကျင်းပပေးပြီး လမ်းလျှောက်ခြင်း၊ အကျိုးကျေးဇူးများကိုလည်း အောက်ပါ အတိုင်း ဖော်ပြ၍ စာနယ်ဇင်းများ၊ ဆိုင်းဘုတ်များစိုက်ထူပြီး 'ကျန်းမာကြဲ့ခိုင်၊ ပြည့်မဏ္ဍိုင်၊ ပါဝင်လှုပ်ရှား၊ လူထုအားကစား' 'သက်ရှည်ကျန်းမာနေထိုင်ဖို့ နေ့စဉ်မှန်မှန် လမ်းလျှောက်ကြစို့' ဟူ၍ လှုံ့ဆော်သတိပေးခဲ့ရာ လမ်းလျှောက်ခြင်းဖြင့် –

(၁) ခန္ဓာကိုယ်နှင့် စိတ်ဓါတ်ကြဲ့ခိုင် ကျန်းမာလာစေနိုင်သည်။

(၂) သက်လုံကောင်းပြီး အမောခံနိုင်သည်။

(၃) အဆီလျော့ကျ၍ အဝမလွန်အောင် ထိန်းပေးနိုင်သည်။

(၄) ဦးနှောက်နှင့် အာရုံကြောအားကောင်း၍ ဉာဏ်ရည်ထက်မြက်စေနိုင်သည်။

(၅) ကိုယ်ခံစွမ်းအားမြှင့်တင်စေပြီး ရောဂါများကို ကာကွယ်နိုင်သည်။

(၆) အကြော၊ အခြင်၊ အရွတ်များ ပျော့ပျောင်းစေပြီး ခန္ဓာကိုယ်ဖျတ်လတ်ပေါ့ပါး လာစေနိုင်သည်။

(၇) သွေးလည်ပတ်မှုကောင်းပြီး အိပ်ပျော်စာဝင်စေသည်။

(၈) စိတ်ဖိစီးမှု လျော့နည်းစေ၍ စိတ်ကြည်လင် လန်းဆန်းစေသည်။

(၉) နေ့စဉ် ပုံမှန် နာရီဝက်ခန့် လမ်းလျှောက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ဘဝကို ပိုင်ဆိုင်နိုင်သည်ဆိုသည့် အချက်များ ဖော်ပြထားခြင်းကို တွေ့ရပါသည်။

လူထုလမ်းလျှောက်ခြင်းနှင့် ပတ်သက်၍ ၁၉၇၂ ခုနှစ်တွင် အားကစားနှင့် ကာယပညာဦးစီးဌာန ပေါ်ပေါက် ခဲ့ပြီး ၁၉၇၄ ခုနှစ်မှစ၍ အရှိန်အဟုန်မြှင့်ပြီး ဒီဇင်ဘာလူထုအားကစားပွဲများ ပြန်လည်စတင်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် အားကစားဝန်ကြီးဌာန ပေါ်ပေါက်ခဲ့ပြီး ဒီဇင်ဘာလ၊ စနေနေ့တိုင်းကို လူထုလမ်းလျှောက်ပွဲ ကျင်းပခဲ့သည်။ လူထု အားကစားအသွင် (Mass Sports) အဖြစ်သို့ ပြောင်းလဲမှုကို ခေါ်ခဲ့ပြီး လူထုအားကစား တိုးတက်မြင့်မားရေးအတွက် ရေတိုရေရှည် စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့သည်။

စင်စစ်အားဖြင့် လမ်းလျှောက်ခြင်းကို အမျိုးသားကျန်းမာရေး ဦးတည်ချက်ဖြင့် မြန်မာနိုင်ငံတွင် ပြည်သူ လူထုအများ စိတ်ဝင်စားလာစေရန် စည်းရုံးလှုံ့ဆော်ခဲ့သည့် အဖွဲ့တစ်ဖွဲ့သည် ၁၉၃၁ ခုနှစ်က ပေါ်ပေါက်ခဲ့သည်။ 'မြန်မာပြည်ခြေလျင်အဖွဲ့' ဟူ၍ ဖြစ်သည်။ ထိုခေတ်အခါနှင်အခါသည် နယ်ချဲ့ကိုလိုနီတို့က မြန်မာအမျိုးသားများ ကြံ့ခိုင်မှုအတွက် မည်သည့် အားကစားကိုယ်လက်လှုပ်ရှားခြင်းကို မပြုလုပ်ရဟု တားမြစ်ပိတ်ပင်ထားလေသည်။ သို့သော် ဆရာဦးရှိန်သည်နည်းမျိုးစုံဖြင့်နယ်ချဲ့ဆန့်ကျင်ရေး၊ မြန်မာ့ဇာတိမာန်စိတ်ဓါတ် ဖြစ်ပေါ်ရေးတို့အတွက် ဆောင်းပါးများ ရေးသားခြင်း၊ သီချင်းများ သီဆိုခြင်း၊ နည်းမျိုးစုံနှင့် စုပေါင်းလမ်းလျှောက်ခြင်းတို့ဖြင့် စည်းရုံးလှုံ့ဆော်ခဲ့သည်။ ထို 'ခြေလျင်' အဖွဲ့ကို ဦးဆောင်သူမှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရမည်ဟု ကြွေးကြော်ခဲ့သော မြန်မာ့ကာယဗလဖခင် ဆရာဦးရှိန်ခေါင်းဆောင်ခဲ့သောအဖွဲ့ဖြစ်သည်။ ထိုအဖွဲ့၏ ဆောင်ပုဒ်မှာ 'အာရောဂျံ ပရမံလာဘံ' ဟူ၍ ဖြစ်လေသည်။

ယနေ့ ကမ္ဘာ့ဆေးသိပ္ပံပညာရှင် အားလုံးက တစ်ညီတစ်ညွတ်တည်း လက်ခံထားကြသော သုတေသန မှတ်တမ်းတွင် ရောဂါအတော်များများကို လမ်းလျှောက်ခြင်းကုထုံးဖြင့် သက်သာပျောက်ကင်းနိုင်သည်ဆိုသော အချက်ကို မှန်ကန်ကြောင်း ထောက်ခံထားကြသည်။

၂၁ ရာစုတွင် လူနေမှုစရိုက် ဟန်ပန်များ ပျက်ပြားလာသည်နှင့်အမျှ ကင်ဆာရောဂါ၊ သွေးတိုး၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ စသည့်ကူးစက်ခြင်းမဟုတ်သော ရောဂါများကြောင့် နှစ်စဉ် သေဆုံးနေရသူ (၅၊ ၁) သန်းခန့် တစ်နည်းအားဖြင့် (၆) စက္ကန့်တွင် တစ်ဦးနှုန်း သေဆုံးရသည်ဟု ဖော်ပြထားပါသည်။ အသက်ရှင်သန်နေသေးသော်လည်း ထိုရောဂါများကြောင့် မျက်စိကွယ်ခြင်း၊ ကျောက်ကပ်၊ နှလုံးပျက်စီးခြင်း စသည့် နောက်ဆက်တွဲ ဒုက္ခမျိုးစုံ ခံစားနေရသည်။ ၂၀၁၃ ခုနှစ်နောက်ပိုင်းတွင် မွေးဖွားလာသူ (၂၁) သန်းကျော်တွင် ဆီးချို၊ သွေးချို ရောဂါ အမွေပါလာခဲ့ကြသူများဖြစ်သည်ဟု ဖော်ပြထားသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း ဤရောဂါများကြောင့် နှစ်စဉ်သေဆုံးနေရသူ (၆) သောင်းကျော် ရှိနိုင်ကြောင်း၊ (၂) သန်းခန့်မှာ ရောဂါဝေဒနာကို ခံစားနေရကြောင်း၊ ဆီးချို၊ သွေးချိုရောဂါသည် အဝလွန်ခြင်း၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း မလုပ်ခြင်းတို့မှ အစပြုလာခဲ့ခြင်းဟု ဖော်ပြထားသည်။ ဝေဒနာရှင်များအတွက် သက်သာပျောက်ကင်းနိုင်သော နည်းလမ်းမှာ နေထိုင်မှုပုံစံနှင့် အစားအသောက်များကို ဆင်ခြင်ခြင်းနှင့် ကိုယ်လက် လှုပ်ရှား အားကစားလေ့ကျင့်ခန်းများဖြင့် ကြိုတင်ကာကွယ်နိုင်သည်ဟု (၆-၁-၂၀၁၄) ရက်နေ့ထုတ် ကြေးမုံသတင်းစာ တွင် ဖော်ပြထားသည်ကို ဖတ်ရှုရပါသည်။

မြန်မာ့အာယုဗေဒ ဆေးပညာရှင် 'အရှင်နာဂ သေနဘိဝံသ' ဆရာတော်ကြီး မိန့်ဆိုခဲ့ရာတွင်လည်း လမ်းမှန်မှန်လျှောက်သူသည် အသက်ကို ပြင်းပြင်းရှူထုတ်ခြင်းဖြင့် သွေးလေ ညီညွတ်မှုကြောင့် လေဖြတ်ခြင်း၊ သွေးတိုးခြင်း၊ နှလုံးရောဂါ ညောင်းညာထုံကျင်ကိုက်ခဲသော၊ နာတာရှည်ရောဂါ၊ အသည်း(အသဲ) နှင့် ကျောက်ကပ် ဆီးကျိတ် ရောဂါစသည်တို့ကို တားဆီး ကာကွယ်ပေးသည်ဟု ဖော်ပြထားပါသည်။ ထို့ပြင် လမ်းလျှောက်ခြင်းသည် အိုမင်းရင့်ရော်ခြင်းနှင့် ဇရာကို တားဆီးပေးသည်ဟု မိန့်ဆိုခဲ့ပါသည်။

လူထုအားကစား (Mass Sports) ဟူ၍ ခေါ်ဆိုရာတွင် လူတစ်ချို့က လူထုစုပေါင်း လမ်းလျှောက်ခြင်း၊ တစ်ခုတည်းကိုသာ အစွဲပြုနေခဲ့ပါသည်။ အမှန်အားဖြင့် လူထုအားကစားဆိုရာတွင် လူအများစု ပါဝင်လှုပ်ရှား ကစားရသော လွန်ဆွဲခြင်း၊ ရိုးရာခြင်းလုံးခတ်ခြင်း၊ ထုတ်ဆီးတိုးခြင်း၊ ကြက်ဖခွပ်ခြင်း၊ ရိုးရာလှေလှော်ခြင်းနှင့် ခေတ်သစ်အားကစားဖြစ်သော ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပြေးခုန်ပစ် စသည့် ကိုယ်လက်လှုပ်ရှား အားကစားနည်းအမျိုးမျိုးကို ထည့်သွင်း အသိအမှတ်ပြုရမည် ဖြစ်ပါသည်။

(Mass Sports) လူထုအားကစားမှ ထူးချွန်သော လက်ရွေးစင်အဆင့် (Excellent Sports) ဖြစ်ဖို့ရာတွင် သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများ၊ အားကစားအဖွဲ့ချုပ်များ၊ နည်းပြ၊ အုပ်ချုပ်သူ ဒိုင်လူကြီး၊ အားကစားသမားများ၊ ပရိသတ်နှင့် ပံ့ပိုးကူညီသူအားလုံး ညီညီညွတ်ညွတ် အားလုံးဝိုင်းဝန်းကူညီခဲ့ပါလျှင် နိုင်ငံတကာနှင့် ရင်ပေါင် တန်းနိုင်သော ထူးချွန်ထက်မြက်သည့် အားကစားသမားများ ပေါ်ထွက်လာပေမည်။

ကျန်းမာခြင်းသည် မြင့်မြတ်သော လာဘ်ကြီးတစ်ပါး ဖြစ်သောကြောင့် 'ကျန်းမာကြံ့ခိုင်၊ ပြည့်မဏ္ဍိုင်' ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာပြည်သူပြည်သား အားလုံး အလွယ်ကူဆုံးနှင့် ငွေအရင်းအနှီးမပါသော ကျန်းမာရေးကို အထောက်အကူ ပြုသည့် လမ်းလျှောက်ခြင်းအပြင် ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခြင်းဖြင့် ကျန်းမာ ကြံ့ခိုင်သော လူထုနှင့် နိုင်ငံတော်ကြီးတိုးတက်မှုကို တည်ဆောက်ပြီး ထူးချွန်ထက်မြက်သော အားကစား လူတော် များနှင့် ကမ္ဘာ့အလယ်မှာ 'မြန်မာဟေ့' လို့ ကြွေးကြော်နိုင်အောင် တက်ညီလက်ညီ ပါဝင်ဆောင်ရွက်နိုင်ရန်။

နုပျိုသက်ရှည် ကျန်းမာရေး၊ လူထုအားကစား အလေးပေးဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထား၍ . .'အမိနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်ုပ်တို့၏ ကိုယ်ကာယကို ကျန်းမာကြံ့ခိုင်အောင် တည်ဆောက်ပြီး' 'ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် မယိုင်လဲစေဖို့ လူထုအားကစားဖြင့် တည်ဆောက်စို့' ဟူ၍ တိုက်တွန်းရေးသား လိုက်ရပါသည်။

သဇင်ထွန်း (ပညာရေး)

ဤဆောင်းပါးသည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောင်းပါးရှင် သဇင်ထွန်း (ပညာရေး)၏ ဆောင်းပါး ဖြစ်ပါသည်။

အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးအမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြစို့

ကိုဌေး(ကနောင်)

တိုးတက်သောနိုင်ငံတိုင်းက မိမိတို့နိုင်ငံ၏အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဘက်ပေါင်းစုံမှကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြပါသည်။ နိုင်ငံတစ်နိုင်ငံ၏အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး လုပ်ငန်း ဟူသည် "ခုရေတွင်းတူး. . . . . ခုရေကြည်သောက်"ဆိုသကဲ့သို့ အချိန်တို ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်၍ ရနိုင်သည့် လုပ်ငန်းကိစ္စရပ်မျိုးတော့ မဟုတ်ပါ။ အဘယ်ကြောင့် ဆိုသော် အမျိုးသားအားကစား အဆင့်အတန်း တိုးတက်မြင့်မားရေး ဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်၊ ဓနငွေကြေး၊ နည်းပညာတို့ကို ပေါင်းစပ်ကာ အချိန်ကာလအတိုင်းအတာတစ်ခု အတွင်း ရင်းနှီးမြှုပ်နှံ၍ ဆောင်ရွက်ရခြင်းကြောင့် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင်လည်း ခိုင်မာသည့် ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက် ကြရန်လိုအပ်သကဲ့သို့ လတ်တလော အောင်မြင်မှုများအတွက်လည်း ရေတိုစီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ကြရစမြဲဖြစ်ပါသည်။ အားကစားဖွံ့ဖြိုး တိုးတက် စေရေးအတွက် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် အကောင်အထည် ဖော်ဆောင်ရွက်နေရန် လိုအပ်သကဲ့သို့ ရေတိုစီမံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အားလည်း ထိထိရောက်ရောက် ဆောင်ရွက်ရန်လိုအပ်ပါသည်။ ရေရှည်စီမံဆောင်ရွက် ရမည့် လုပ်ငန်းစဉ်များနှင့် ရေတိုစီမံဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် အချိတ်အဆက်မိမိ ဆက်စပ်ဆောင်ရွက်နိုင်မှု ရှိ/မရှိအပေါ်တွင် တည်မှီ၍ အမျိုးသား အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများသည်လည်း အတက်အကျ ဖြစ်ပေါ်နေမည် သာဖြစ်ပါသည်။

အမျိုးသားအားကစားအဆင့် တိုးတက်မြင့်မားစေရေးအတွက် မြန်မာနိုင်ငံ အနေဖြင့် မူဝါဒ (၄)ရပ်ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နေရပါသည်။ အဆိုပါမူဝါဒ (၄)ရပ်မှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသား အားကစား လှုပ်ရှားမှုများကို တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်လာစေရန် စည်းရုံးဆောင်ရွက်ရေး (Mass Sports)၊ မြန်မာ့အားကစား အဆင့်အတန်းတိုးတက် မြင့်မားလာစေရေးအတွက် ထူးချွန်ထက်မြတ်သည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ မွေးထုတ်ပေးရေး

(Excellent Sports)၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အဆင့်မြင့်မားစွာ ပါဝင်ယှဉ်ပြိုင်ရေးနှင့် အရှေ့တောင်အာရှမှသည် အာရှ၊ အာရှအဆင့်မှသည် ကမ္ဘာ့အဆင့်အထိ တက်လှမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေး တို့ဖြစ်ပါသည်။ အားကစားရဲ့အဓိပ္ပာယ်ကို "အင်အားနှင့်ဉာဏ်ရည်ကို အသုံးချပြီး လှုပ်ရှား ယှဉ်ပြိုင်မှု" "Sports means is Games or Competitions involving Physical and Mental Activity"လို့သတ်မှတ်ထားပါတယ်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ဖို့ဆိုရင် နိုင်ငံသားတိုင်း လူကြီး၊ လူရွယ်၊လူငယ်၊ လူလတ်၊ မိန်းမ၊ ယောကျ်ား၊ မရွေး ကိုယ်လက်လှုပ်ရှားမှုအားကစားကို နေ့စဉ်မဖြစ်မနေ ပြုလုပ်ကြဖို့လိုအပ်ပါတယ်။

ဘာကြောင့်လဲဆိုရင် ကိုယ်လက်လှုပ်ရှားအားကစားလှုပ်ရှားမှု နေ့စဉ်ပြုလုပ်ခြင်းကြောင့် ရရှိလာနိုင်တဲ့ အကျိုးကျေးဇူးတွေကြောင့်ဖြစ်ပါတယ်။

ဒီအကျိုးကျေးဇူးတွေကတော့-

(၁) ကျန်းမာခြင်းသုခမုချခံစားရခြင်း

(၂) မိသားစုကျန်းမာပျော်ရွှင်စေခြင်း

(၃) လူငယ်/ မောင်မယ်များကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေခြင်း

(၄) နာမကျန်းဖြစ်၍ ဆေးဝါးကုသခြင်းမှ ကင်းဝေးစေခြင်း

(၅) လုပ်ငန်းခွင်၌ လုပ်အားစွမ်းပကားဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်စေခြင်းစတဲ့ အကျိုးကျေးဇူးတွေကိုမလွဲမသွေ ရရှိစေမှာဖြစ်ပါတယ်။

ကျန်းမာကြံ့ခိုင်သောလူမျိုး၊ ကျန်းမာကြံ့ခိုင်သော လူ့အဖွဲ့ အစည်းဖြင့် တည်ဆောက် ထားသော မည်သည့်နိုင်ငံမဆို နိုင်ငံ၏ ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်နိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်၍လည်း နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ရေးနှင့် နိုင်ငံ၏ဂုဏ်သိက္ခာကို မြှင့်တင် နိုင်ရေးအတွက် တစ်မျိုးသားလုံးအားကစား လှုပ်ရှားမှုများကို "လူထုအားကစားလှုပ်ရှားမှု" အသွင်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် စည်းရုံးဆောင်ရွက်နေခြင်း ဖြစ်ပေသည်။ "လူထုအားကစား" ဆိုတာကတော့ အလွယ်ဆုံး၊ အရှင်းဆုံးပြောရရင်တော့ "ငွေကုန်ကြေးကျ နည်းပြီး လူကြီး၊ လူငယ်၊ ကျား/မ မရွေး အားကစားကွင်း၊ အားကစားခန်းမ၊ အားကစား အထောက်အကူ

ပစ္စည်းမလိုအပ်ဘဲ လွယ်လင့်တကူလူအများ စုပေါင်း လေ့ကျင့်နိုင်တဲ့ ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်မှု" တစ်ခုဖြစ်ပါတယ်။ ထို့ကြောင့်လည်း ၁၉၆၄ခုနှစ်မှ စတင်၍ ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် နိုင်ငံတော်မှ တရားဝင် သတ်မှတ်ခဲ့၍ တစ်နိုင်ငံလုံး အားကစားလှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှား ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်သွားခဲ့သည့်အပြင် မြန်မာ့အားကစားအဆင့်အတန်းသည်လည်း တဖြည်းဖြည်းနိမ့်ကျလာ သည်ကို တွေ့မြင်သိရှိခဲ့သည်အတွက် အားကစားဝန်ကြီးဌာန အနေဖြင့် ၁၉၉၈-၁၉၉၉ခုနှစ်မှ စတင်ပြီး ယခင်ကကျင်းပခဲ့သည့် နှစ်စဉ်ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် ပြန်လည် အသက်သွင်းပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အပတ်စဉ် စနေနေ့တိုင်း တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကျေးလက်ဒေသပါမကျန် မြို့နယ်တိုင်း၊ ခရိုင်နဲ့ပြည်နယ်တိုင်း မြို့ကြီးအသီးသီးမှာ လူထုစုပေါင်း လမ်းလျှောက်ပွဲတွေ၊ အားကစားပြိုင်ပွဲတွေကို တစ်ပျော် တစ်ပါးဆင်နွှဲနိုင်အောင် စည်းရုံးဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးကလည်း ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်ခြင်းရဲ့ အကျိုးကျေးဇူးတွေကို သိမြင်ပြီး တစ်ပျော်တစ်ပါး ဝိုင်းဝန်းပူးပေါင်း ဆင်နွှဲလာတာကြောင့် တစ်တိုင်းပြည်လုံး အတိုင်းအတာနဲ့ နှစ်စဉ်လူထုအားကစားလှုပ်ရှား ဆောင်ရွက်မှု ရာခိုင်နှုန်းဟာ တစ်နှစ်ထက်တစ်နှစ် သိသိသာသာ မြင့်မားတိုးတက်လာခဲ့ပြီး၊ ပြီးခဲ့တဲ့ ၂၀၁၄ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုမှာ တစ်နိုင်ငံလုံးလူဦးရေရဲ့ ၁၃. ၈၄% အထိ ပါဝင်ဆင်နွှဲလာခဲ့ကြောင်း မှတ်တမ်းများအရ သိရှိခဲ့ရပါသည်။ နှစ်စဉ် လူထုအားကစား လှုပ်ရှားမှုများသိသိသာသာတိုးတက်လာခြင်းဟာ တစ်နည်းအားဖြင့် ပြည်သူအများအနေနှင့် ကျန်းမာခြင်းရဲ့ အကျိုးကျေးဇူးတွေကို ပိုမိုသိမြင်လာပြီး ပိုမိုပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်တယ်ဆိုတာ သက်သေပါပဲ။ လူထုအားကစားလှုပ်ရှားမှုတွေ၊ အားကစားပြိုင်ပွဲတွေမှာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင် ဆောင်ရွက်မှု ရာခိုင်နှုန်း မြင့်မားလာတာနဲ့အမျှ အားကစားဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနဲ့ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်ရေးလုပ်ငန်းများကို တိုက်ရိုက်အထောက်အကူပြု အကောင်အထည်ဖော်ပြီးသား ဖြစ်သွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် အမျိုးသားအားကစားအဆင့်အတန်း တိုးတက်ရေးမြင့်မားရေးအတွက် လူထုအားကစားလှုပ်ရှားမှုတွေပိုပြီး ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာအောင် မဖြစ်မနေ ဆောင်ရွက် ရမယ့်လုပ်ငန်း စဉ်တွေကတော့ ပြည်နယ်/ တိုင်းဒေသကြီး အသီးသီးမှာ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့အသီးသီးရဲ့ ဦးဆောင်မှုနဲ့ ရပ်ကွက်၊

ကျေးရွာပေါင်းစုံ အားကစား ပြိုင်ပွဲတွေ၊ မြို့နယ်ပေါင်းစုံအားကစားပြိုင်ပွဲတွေ၊ ခရိုင်ပေါင်းစုံ အားကစားပြိုင်ပွဲတွေ ယခင်ကလို ပြန်လည်ဖြစ်ထွန်းပေါ်ပေါက်လာအောင် ဆောင်ရွက်ကြဖို့ မလွဲမသွေလိုအပ်ပါတယ်၊ ယခင်က ပြည်နယ်၊ တိုင်းအဆင့် အားကစား ပြိုင်ပွဲတွေကို ပြည်သူ တစ်ရပ်လုံး တစ်ခဲနက်အားပေးကြတာက ပြိုင်ပွဲအဆင့်အတန်း မြင့်မားတာကြောင့် ဖြစ်ပါတယ်၊ ပြိုင်ပွဲအဆင့်အတန်းမြင့်မားဖို့ကလဲ အခြေခံ ပြိုင်ပွဲတွေဖြစ်တဲ့ ရပ်ကွက်၊ ကျေးရွာ ပေါင်းစုံအားကစားပြိုင်ပွဲတွေကစကျင်းပပြီး မြို့နယ်ပေါင်းစုံ၊ ခရိုင်ပေါင်းစုံပြိုင်ပွဲ တွေကျင်းပပြီး အမှန်တကယ်အရည်အချင်းပြည့်ဝတဲ့ သူတွေကိုပဲ ပြည်နယ်၊ တိုင်းလက်ရွေးစင် အဖြစ် စုစည်းရွေးချယ်လေ့ကျင့်ပြီး ပြည်နယ်၊ တိုင်းအားကစား ပြိုင်ပွဲတွေကို ဝင်ရောက်ယှဉ်ပြိုင် ကြတာကြောင့်လဲ ပြိုင်ပွဲအဆင့် အတန်းမြင့်မားပြီး၊ ပြိုင်ပွဲတိုင်းကို ပရိသတ်က နှစ်ခြိုက်စွာအားပေး ကြတာဖြစ်ပါတယ်။ ဒါကြောင့်ဒီပြိုင်ပွဲ တွေပြန်လည်ဖြစ်ထွန်း ပေါ်ပေါက်လာအောင် ပြည်နယ်/တိုင်း ဒေသကြီး အစိုးရအဖွဲ့များရဲ့ ဦးဆောင်မှုနဲ့ အုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်၊ အားကစားဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်နဲ့ အားကစားဝါသနာရှင်များ၊ ပြည်သူများက အမျိုးသား ရေး အသိနဲ့ ဝိုင်းဝန်း ဆောင်ရွက်ကြဖို့မဖြစ်မနေ လိုအပ်နေပြီဖြစ်ပါတယ်။

အလားတူအခြေခံပညာကျောင်းများမှာ နေ့စဉ်အားကစားလေ့ကျင့်ချိန်(P.T) ချိန် သတ်မှတ်ပြီးကြိုက်နှစ်သက်ရာ အားကစားနည်း တစ်ခုခုကို ကစားစေခြင်း၊ ကျောင်းတွင်း အားကစားပြိုင်ပွဲတွေကျင်းပပြုလုပ် ပေးပြီး အားကစားနည်းအလိုက် ကျောင်းလက်ရွေးစင်ရွေးချယ် ခြင်း၊ အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း၊ တက္ကသိုလ်၊ ကောလိပ်များတွင် ကျောင်းတွင်း အားကစားပြိုင်ပွဲများ ကျင်းပပြီး တက္ကသိုလ်၊ ကောလိပ်လက်ရွေးစင် ရွေးချယ်ခြင်း၊ တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများ ပြန်လည်အသက်ဝင်လာအောင်လည်း ပညာရေးဝန်ကြီးဌာနနဲ့ အားကစားနှင့်ပညာရေးပေါင်းစပ်မှုဦးစီးကော်မတီအနေနဲ့ ပြန်လည်ဆောင်ရွက်ဖို့လိုအပ်နေပြီဖြစ်ပါတယ်။ ဒီဆောင်ရွက်ချက်တွေ အားနည်းနေခြင်းရဲ့ ရလဒ်ကတော့ ၂၀၁၄ခုနှစ်အာဆီယံတက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲတွေမှာ မြန်မာနိုင်ငံ ကိုယ်စားပြု အားကစားအဖွဲ့များရဲ့အောင်မြင်မှု အဆင့်နိမ့်ကျနေတာက သက်သေပါပဲ။

အမျိုးသားအားကစားအဆင့်အတန်း မြင့်မားတိုးတက်ရေး လုပ်ငန်းများဟာ များပြား ကျယ်ပြန့်လှတာကြောင့် အားကစားဝန်ကြီးဌာန တစ်ခုတည်းကသာ တာဝန်ယူ ဆောင်ရွက်လို့ရနိုင်တဲ့ ကိစ္စမျိုးမဟုတ်ဘဲ နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့အတူ ပြည်ထောင်စု ဝန်ကြီးဌာနအားလုံး၊ ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များ အားလုံး၊

ဒေသဆိုင်ရာခရိုင်၊ မြို့နယ်အုပ်ချုပ်ရေး အဖွဲ့အစည်း အဆင့်ဆင့်၊ အားကစားဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်နဲ့အတူ အားကစားဝါသနာရှင်များ၊ စေတနာရှင်၊ အလှူရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် ပြည်သူတစ်ရပ်လုံး အမျိုးသားရေးစိတ်နှင့် အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်လာမှသာ အချိန်ကာလ အတိုင်းအတာတစ်ခု အတွင်းမှာ အောင်မြင်မှုရရှိလာနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် အားကစားဝန်ကြီးဌာနအနေနဲ့လည်း ဗဟိုကဦးစီးကျင်းပတဲ့ ပြည်နယ်၊ တိုင်းအားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အားကစား ပြိုင်ပွဲများ၊ မြန်မာနိုင်ငံအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဖလားအားကစားပြိုင်ပွဲများ၊ တံခွန်စိုက် အားကစားပြိုင်ပွဲများကိုလည်း နှစ်စဉ်သတ်မှတ်ချက် အချိန်ကာလအတိုင်း ပုံမှန်ကျင်းပနိုင်ရေးအတွက် အားကစား ပြက္ခဒိန်အား (၁)နှစ်ခန့် ကြိုတင်ရေးဆွဲထုတ်ပြန်ပေးရမှာဖြစ်သလို၊ ပြိုင်ပွဲ အဆင့်အတန်း မြင့်မားစေရေးအတွက်လည်း ပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြည်နယ်/တိုင်း ဒေသကြီး ကိုယ်စားပြု၊ ဝန်ကြီးဌာန ကိုယ်စားပြုအားကစားအသင်း၊ အဖွဲ့များရဲ့ ပြိုင်ပွဲဝင် ရောက်ယှဉ်ပြိုင်နိုင်ဖို့အတွက် အားကစား သမားများရွေးချယ်မှုကို ပြိုင်ပွဲများကျင်းပ ပြုလုပ်ပြီး ရွေးချယ်ခြင်းရှိ/မရှိ၊ ပြိုင်ပွဲဝင် ရောက်ယှဉ်ပြိုင်နိုင်ရေးအထိ ကြိုတင်ပြင်ဆင် စုစည်း စခန်းသွင်း လေ့ကျင့်မှုရှိ / မရှိ ဆိုတဲ့ ကိစ္စရပ်တွေကို ကြည့်ရှု စစ်ဆေးရမှာ ဖြစ်သလို ပြိုင်ပွဲဝင်အသင်းအဖွဲ့များရဲ့ လိုအပ်ချက်များ ရှိရင်လဲ ပံ့ပိုးဖြည့်ဆည်းပေးဖို့ အမှန်တကယ်လိုအပ်ပါတယ်။ ဗဟိုကဦးစီးကျင်းပတဲ့ အားကစားပြိုင်ပွဲ တစ်ခုကိုဝင်ရောက် ယှဉ်ပြိုင်ဖို့အတွက် ပြိုင်ပွဲဝင်အသင်းများအနေနဲ့ပြိုင်ပွဲများ ပြုလုပ်ပြီး လူရွေးချယ်မှုမရှိခြင်း၊ ပြိုင်ပွဲဝင်နိုင်ဖို့ (၄)လတန်သည်(၆)လတန်သည် လုံလောက်တဲ့အချိန်ကာလ တစ်ခုအထိ ကြိုတင်ပြင်ဆင် စခန်းသွင်းလေ့ကျင့်မှုမရှိခြင်း၊ ပြိုင်ပွဲများကျင်းပရေးနဲ့ ကြိုတင်ပြင်ဆင် လေ့ကျင့်နိုင်ရေးအတွက် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်တွေကို တာဝန်ရှိသူ အဆင့်ဆင့်က စစ်ဆေးဖြည့်ဆည်း ဆောင်ရွက်ပေးခြင်း မရှိဘဲ အားကစားပြိုင်ပွဲများ ကျင်းပ ရင်ပြီးရော ဆိုတာမျိုး လုပ်နေ ခြင်းဟာ ပြိုင်ပွဲကျင်းပခြင်းရဲ့ ရည်ရွယ်ချက် အထမမြောက်တဲ့ အပြင်အားလုံးအတွက် အချိန်ကုန်၊ ငွေကုန်၊ လူပန်းတာမျိုးပဲ ဖြစ်နိုင်တယ်ဆိုတာ ဆင်ခြင် သတိပြုကြရမှာ ဖြစ်ပါတယ်။

အားကစားအောင်မြင်မှု ရွှေခေတ်ဖြစ်ခဲ့တဲ့ ၁၉၆၀ ပြည့်လွန်နှစ်များကို ပြန်ကြည့်ရင် ဗဟိုကဦးစီးကျင်းပတဲ့ အားကစားပြိုင်ပွဲတွေ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ဒေသကြီးအသီးသီးမှာ ရှိကြတဲ့ အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်ရဲ့ ဦးဆောင်မှုနဲ့ ကျင်းပတဲ့ ရပ်ကွက်၊ ကျေးရွာ ပေါင်းစုံ၊ မြို့နယ်ပေါင်းစုံ၊ ခရိုင်ပေါင်းစုံ အားကစား

ပြုင်ပွဲတွေ၊ ပညာရေးဝန်ကြီးဌာနက ဦးစီးကျင်းပတဲ့ အခြေခံပညာနဲ့ တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများအပြင် ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးမှာ အားကစားဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်နဲ့ မြို့မိ၊မြို့ဖများ စေတနာရှင်၊ ဝါသနာရှင်များရဲ့ ကြိုးစားအားထုတ်မှုနဲ့ ကျင်းပခဲ့တဲ့ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွေ ရှိခဲ့တာကိုတွေ့ရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ယခင်က မန္တလေးတိုင်း၊ ပျဉ်းမနားမြို့မှာ ပေါင်းလောင်းဒိုင်း၊ မိတ္ထီလာမြို့မှာ ထီလာမောင်ဖလား၊ ကူမဲမြို့မှာ မိုးအောက်မြေပြင် ဖိတ်ခေါ်ဖလား၊ မန္တလေးမြို့မှာ ဗထူးကွင်းဖွင့်ဖလား၊ ရတနာပုံဖလား၊ အမှတ်ပေးဖလား စတဲ့ပြိုင်ပွဲတွေ ကျင်းပခဲ့သလို ပျော်ဘွယ်မြို့မှာ ရွှေစင်ရုပ်ထုဖလား၊ မလှိုင်မြို့မှာ ငွေစင်ဖလား၊ မြင်းခြံမြို့မှာ မြေလတ်ဖလား၊ မြစ်သားမြို့မှာ ဂဠုန်မင်းဖလား၊ ကျောက်ဆည်မြို့မှာ ရွှေကုန်သည်များဒိုင်း ပြိုင်ပွဲတွေ ကျင်းပခဲ့ကြပါတယ်။ မကွေးတိုင်းမှာ ဆိုရင်လည်း ချောက်မြို့မှာ သခင်ဖိုးလှကြိုးဖလား၊ ပခုက္ကူမြို့မှာ မြေလတ်ဧရာဖလား၊ ရေနံချောင်းမှာ ရေနံ့သာဖလားစတဲ့ ပြိုင်ပွဲတွေ၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့မှာ ရွှေမင်းဝံဖလား၊ ရွှေဘိုမြို့မှာ အောင်ဇေယျဒိုင်းဆိုပြီး ပြိုင်ပွဲတွေ ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့တာကြောင့် အရည်အချင်းပြည့်ဝတဲ့ ဘောလုံးသမားတွေ ပေါ်ထွက်ပြီး မြန်မာ့ဘောလုံးဟာ အားကစားနည်း အားလုံးမှာ အောင်မြင်မှုအမြင့်မား ဆုံးရ ခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် ပြည်နယ်၊ တိုင်း အသီးသီးရှိ မြို့ကြီးများမှာ ကျင်းပခဲ့တဲ့ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲများအပြင် အခြားအားကစားနည်းအလိုက် ဖိတ်ခေါ်အားကစား ပြိုင်ပွဲများ ပြန်လည်ဖြစ်ထွန်း ပေါ်ပေါက်ရေးကိုလဲ စည်းရုံးဆောင်ရွက်ဖို့ လိုအပ်လှပါတယ်။ အားကစားသမားကောင်းတွေ ပေါ်ထွက်ဖို့ဆိုရင် အားကစားပြိုင်ပွဲတွေ မြန်မာပြည်အနှံ့ကျင်းပနေဖို့လိုပါတယ်။ မြန်မာ့အားကစား အောင်မြင်ရေးအတွက် အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးနိုင်ခြင်းက လူငယ်မျိုးဆက်သစ်များ ပေါ်ထွက်ရေးအတွက် အခြေခံအုတ်မြစ် ဖြစ်တယ်ဆိုတဲ့ အချက်ကိုလည်း မမေ့မလျော့ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

မြန်မာ့အားကစား မြင့်မားတိုးတက်ရေးအတွက် အခြေခံအကျဆုံး ဆောင်ရွက်ရမယ့် လုပ်ငန်းတစ်ခုကတော့ အားကစားကွင်း၊ အားကစားရုံများ ပြုပြင် မွမ်းမံခြင်း၊ အဆင့်မြှင့်တင်ခြင်းနဲ့ အသစ်တည်ဆောက်ပေးခြင်း လုပ်ငန်းတွေပါပဲ၊ ရပ်ကွက်/ ကျေးရွာအဆင့်မှသည် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်၊ တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲများအဆင့်မီစွာ ကျင်းပပြုလုပ် နိုင်ရေးအတွက် အဆင့်လိုက်အားကစားကွင်း၊ အားကစားရုံများ၊ မီတာ (၄၀၀) ပြေးလမ်းများ ကောင်းမွန်နေအောင်လည်း ဆောင်ရွက်ပေး ရမှာဖြစ်ပါတယ်။ အများပြည်သူများ အချိန်မရွေး လွတ်လပ်စွာ ဝင်ထွက်ကစားနိုင်အောင်၊ ကစားချင်လာအောင်

အားကစားကွင်း/ အားကစားရုံများ ပရဝုဏ်အတွင်းသန့်ရှင်းသပ်ရပ်မှုရှိအောင်၊ ဝင်လမ်းထွက်လမ်းများ ကောင်းအောင်၊ ပွဲကြည့်စင်များ သန့်ရှင်းသပ်ရပ်မှုရှိနေအောင်၊ အားကစားကွင်းများ စိမ်းလန်းနေအောင်၊ အားကစားအထောက်အကူပြုပစ္စည်းများ ပြည့်စုံနေအောင်၊ ဖြစ်နိုင်ရင် အားကစား ပစ္စည်းနဲ့ အားကစားဝတ်စုံ အရောင်းဆိုင်တွေ ဖွင့်လှစ်ပေးနိုင်အောင်၊ သန့်ရှင်းသပ်ရပ်တဲ့ စားသောက်ဆိုင်များ၊ သန်ရှင်းတဲ့ အများသုံးအိမ်သာများ အပါအဝင်၊ အားကစားကွင်း ဆိုင်းဘုတ်တွေကအစ သန့်ရှင်းတောက်ပြောင်ပြီး "SPORTS FOR ALL" "မည်သူမဆို လွတ်လပ်စွာကစားနိုင်သည်" စသည့် ဆောင်ပုဒ်များ ရေးသားချိတ်ဆွဲ ထားရှိတာတွေပြည့်စုံအောင် စီစဉ်ဆောင်ရွက်ပေးပြီး လူငယ်များနဲ့ အများပြည်သူများ အားကစားကို စိတ်ပါဝင်စားပြီး အားကစားကွင်း/ရုံများအတွင်းဝင်ရောက် လှုပ်ရှားကစားလာအောင် စည်းရုံးလှုံ့ဆော် ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။

တစ်ဖက်က အားကစားပြိုင်ပွဲများ မြန်မာပြည်အနှံ့ကျင်းပဆောင်ရွက်နေသကဲ့သို့ ပြိုင်ပွဲများမှ ထွက်ပေါ်လာသည့်အလားအလာရှိသော မျိုးဆက်သစ် အားကစားသမားများအား ရေရှည်ပြုစုပျိုးထောင်ရေး အစီအစဉ်အဖြစ် အားကစားတက္ကသိုလ်နှင့် အားကစားသိပ္ပံကျောင်းများ ဖွင့်လှစ်သင်ကြားပေးနေသည့် နည်းတူပြည်နယ်/တိုင်းဒေသကြီးအသီးသီးတွင် အားကစားနည်း တစ်ခုချင်းအလိုက် အထူးပြုသင်ကြားပေးသည့် အားကစားအကယ်ဒမီကျောင်းများ ဖွင့်လှစ်၍ ရေရှည်ပြုစုပျိုးထောင်လေ့ကျင့်ပေးသည့် လုပ်ငန်းများ ဖြစ်ထွန်းပေါ်ပေါက်လာစေရန်လည်း အထူးလိုအပ်လှပေသည်။ အာဆီယံနိုင်ငံများ၏ ဒေသတွင်းအားကစားပြိုင်ပွဲဖြစ်သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အမြဲတစေထိပ်တန်းကရပ်တည်နိုင်ဖို့ဆိုလျှင် အားကစားတက္ကသိုလ်၊ အားကစားသိပ္ပံကျောင်းများနှင့် အားကစားအကယ်ဒမီများတွင် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ်များအား စိစစ်ရွေးချယ်၍ ရေရှည်ပြုစုပျိုးထောင်လေ့ကျင့်ပေးပြီး အားကစား နည်းအလိုက် အရည်အသွေးပြည့်ဝသည့် အားကစားသမားများအား မြန်မာနိုင်ငံအားကစား အဖွဲ့ချုပ် အသီးသီးသို့ စဉ်ဆက်မပြတ် ပို့ဆောင်ပေးနိုင်မှုအပေါ်တွင် မူတည်လျက်ရှိသဖြင့် အားကစားအကယ်ဒမီများ ပြည်နယ်/တိုင်း အနှံ့ဖွင့်လှစ်ပေးနိုင်ရေးမှာလည်း အလေးထားဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ် တစ်ခုဖြစ်ပေသည်။

မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များအနေဖြင့်လည်း မိမိတို့အားကစားအဖွဲ့ချုပ်အလိုက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်၊ ပဏာမလက်ရွေးစင်များနှင့် အလားအလာရှိသည့် မျိုးဆက်သစ် အားကစားသမားများအား

နေ့စဉ်သတ်မှတ် Training Program များအတိုင်း နည်းစနစ်မှန်မှန် ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် လေ့ကျင့်စေရေး စစ်ဆေးကြပ်မတ်ခြင်း၊ နည်းပြများနှင့် အားကစားသမားများ၏ စည်းကမ်းကောင်းမွန်ရေး၊ နေထိုင်စားသောက်ရေး၊ သွားလာရေး၊ ကျန်းမာရေး၊ စိတ်အပန်းဖြေရေး၊ သက်သာချောင်ချိရေး၊ သက်ဆိုင်ရာအားကစားနည်းနှင့် ပတ်သက်သည့်နည်းစနစ်၊ နည်းဥပဒေများ၊ တတ်ကျွမ်းနားလည်ရေး၊ အာဆီယံနိုင်ငံများမှ ပြိုင်ဘက်အားကစားသမားများ၏ အားနည်းချက်၊ အားသာချက်အခြေအနေများသိရှိရေး၊ အားကစားသမားတစ်ဦးချင်းစီ၏ ကြံ့ခိုင်မှု ၊ ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှုများအပါအဝင် စံချိန်စံညွှန်း ကောင်းမွန်တိုးတက်ရေး၊ ပြိုင်ပွဲအတွေ့အကြုံ ရရှိရေးအတွက် နိုင်ငံတကာ အားကစားအဖွဲ့ချုပ်များနှင့် မပြတ်ဆက်သွယ်၍ပြည်ပအားကစား ပြိုင်ပွဲများ၊ ဖိတ်ခေါ် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ရေး၊ ပြည်တွင်းဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပရေး၊ အားကစားနည်း အလိုက်တိုးတက်သည့် နိုင်ငံများသို့ ပူးတွဲလေ့ကျင့်မှုစေလွှတ်ရေး၊ ပြည်တွင်းသို့ ဖိတ်ခေါ်၍ ပူးတွဲလေ့ကျင်ရေး၊ အားကစားစိတ်ပညာ၊ အားကစားဆေးပညာ အခြေခံများအား သိရှိအောင်ပညာပေးရေး၊ အားကစားနည်းအလိုက် လေ့ကျင့်မှု အပေါ်မူတည်၍ စားသောက် ရမည့်ကယ်လိုရီ လိုအပ်ချက် များသိရှိစေရန် ပညာပေးရေး လုပ်ငန်းများ အပါအဝင် အားကစားသမားများ၏နောင်ရေး အဆင်ပြေစေရေး ကိစ္စရပ်များကိုပါ လစ်ကွက်ဟာကွက် မရှိရအောင် တာဝန်ရှိသူ အဆင့်ဆင့်မှ စီမံဆောင်ရွက် ပေးရမည်ဖြစ်ပေသည်။

မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များစွာရှိသော်လည်း အခြေခံကျကျ ဆောင်ရွက်ရမည့် မြန်မာပြည် အနှံ့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသတွင်း အားကစား ပြိုင်ပွဲများ စဉ်ဆက်မပြတ် အဆင့်မီစွာ ကျင်းပရေး၊ အခြေခံပညာ ကျောင်းပေါင်းစုံနှင့် တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲများ အဆင့်မီစွာကျင်းပရေး၊ ဒေသတွင်းဖိတ်ခေါ် အားကစားပြိုင်ပွဲများ အဆင့်မီစွာကျင်းပရေး၊ ဗဟိုမှ ဦးစီးကျင်းပသည့် အားကစား ပြိုင်ပွဲများ အဆင့်မီစွာ ကျင်းပနိုင်ရေးတို့အား အပိုင်း ကဏ္ဍအလိုက် တာဝန်ရှိသူ အဆင့်ဆင့်မှ ကြပ်မတ်စစ်ဆေးဆောင်ရွက် ကြမည်ဆိုပါလျှင်----------

ပြိုင်ပွဲအသီးသီးမှ ထွက်ပေါ်လာမည့် အလားအလာရှိသည့် မျိုးဆက်သစ်များ အား အားကစားတက္ကသိုလ်၊ အားကစားသိပ္ပံကျောင်းများနှင့် အားကစားအကယ်ဒမီများမှ ရေရှည်ပြုစု ပျိုးထောင်လေ့ကျင့်၍ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အသီးသီးသို့ အရည်အသွေး ပြည့်ဝသည့် အားကစားသမားများ စဉ်ဆက်မပြတ်ဖြည့်ဆည်းပေးနိုင် ကြမည်ဆိုပါလျှင်----------

မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များအနေဖြင့်နိုင်ငံတကာပြိုင်ပွဲများ အဆင့်မီ စွာဝင်ရောက် ယှဉ်ပြိုင်၍အောင်နိုင် ဆုများဆွတ်ခူးနိုင်ရေးအတွက် မြန်မာ့လက်ရွေးစင် အားကစားသမားများ၏ စည်းကမ်းကောင်းမွန်ရေး၊ အားကစားအရည်အချင်း နှင့်ပြိုင်ပွဲ အတွေ့အကြုံ ပြည့်ဝရေးများ အပါအဝင် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များအား စနစ် တကျ ဖြည့်ဆည်းဆောင်ရွက် ပေးနိုင်ကြမည်ဆိုပါလျှင်----------

နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပြည်သူလူထု တစ်ရပ်လုံးက မြန်မာ့အားကစား မြင့်မားတိုးတက်ရေး လုပ်ငန်းစဉ်များတွင် လူထုအားကစား လှုပ်ရှားမှုများ (**Mass Sports**) အား အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းပူးပေါင်းလက်တွဲ ဆောင်ရွက်ကြမည် ဆိုပါလျှင်----------

အမျိုးသားအားကစားအဆင့်အတန်းတိုးတက်မြင့်မားလာမည်မှာ မုချဧကန် အမှန်မလွဲနိုင်ပါကြောင်း။

ကိုဌေး (ကနောင်)

ဤဆောင်းပါးသည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလ လှုပ်ရှားမှုအထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ဆောင်းပါးရှင် ကိုဌေး (ကနောင်)၏ ဆောင်းပါး ဖြစ်ပါသည်။

ကျန်းမာကြံ့ခိုင်သော လူထုအားကစားမှ ကမ္ဘာသို့

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကျန်းမာကြံ့ခိုင်သော ပြည်သူလူထုအပေါ် မူတည်နေပေသည်။ ကျန်းမာကြံ့ခိုင်သော ပြည်သူလူထုအားဖြင့် နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေးနှင့် ကာကွယ်ရေးတို့ကို အထောက်အကူပြုလျက်ရှိပေသည်။

သို့ကြောင့်ပင် ကမ္ဘာကျော် ဗြိတိသျှကာယဗလနှင့် အားကစားဆေးပညာရှင် (မက်ဖက်ဒင်) က နိုင်ငံတစ်ခု၏ လွတ်လပ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမျိုးပြုန်းတီးခြင်းမှ ကာကွယ်ရန် ကျန်းမာကြံ့ခိုင်မှုဖြင့် ကြိုတင်ကာကွယ်ရမည်ဟု လှုံ့ဆော်ရေးသား ခဲ့ခြင်းသည်၊ လူထုအားကစား (Mass Sports) ကို အခြေခံထားကြောင်း သိသာထင်ရှား နေသည်။

ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားလေးပါးနှင့်အညီ ပထဝီ၊ တေဇော၊ အာဘော၊ ဝါယော၊ ဟူသည့် ဓာတ်ကြီး (၄)ပါးတို့ ညီညွတ်မှုတ၍ လူဖြစ်လာသောအခါ၊ လူသားတိုင်းအတွက် အရေးကြီးဆုံးနှင့် တန်ဖိုးမဖြတ်နိုင်သော ဆုလာဘ်ကြီးမှာ "အာရောဂျံ၊ ပရမံ၊ လာဘံ" ဟူသော ကျန်းမာရေးပင်ဖြစ်သည်။ ကျန်းမာခြင်း ဆိုရာတွင်လည်း (စိတ်ရောကိုယ်ပါ ကျန်းမာခြင်း- Sound Mind Sound Body) ကိုဆိုလိုပါသည်။)

ယနေ့ ထွန်းကားတိုးတက်နေသော နိုင်ငံများသည် ကျန်းမာကြံ့ခိုင်သော ပြည်သူလူထု၏ စွမ်းဆောင်ရည် များနှင့် တည်ဆောက်ထားကြောင်း တွေ့နေရပေသည်။

အနောက်တိုင်း စကားပုံများတွင်လည်း "Health is the Greatest Treasure" "Health is Wealth"ဟူ၍ မှတ်ကျောက်တင်ထားသည်ကို တွေ့နေရပါသည်။

လူတို့၏ ကျန်းမာကြံ့ခိုင်မှုဆိုရာတွင်လည်း စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်ခြင်းကို ဆိုပါသည်။ စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်ဖို့ဆိုလျှင်၊ လူတိုင်းကိုယ်စီ ကိုယ်လက်လှုပ်ရှားအားကစား လေ့ကျင့်ဖို့လိုပါသည်။ ထို့ပြင် လူနေမှုဘဝ ဟန်ပန်များကိုလည်း ပြုပြင်ထိန်းသိမ်းဖို့ လိုပါသည်။ အစားအသောက်များကိုလည်း ဆင်ခြင်သုံးသပ်ဖို့ လိုပါသည်။

ဤသို့သော ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခြင်းများတွင် ငွေကုန်ကြေးကျ အနည်းဆုံးဖြင့် လူကြီးလူငယ် ကျားမမရွေး၊ အချိန်အခါနေရာဒေသ မရွေး၊ လေ့ကျင့်နိုင်သော ကိုယ်လက်လှုပ်ရှားခြင်းသည် လူတစ်ဦးခြင်းမှ မိတ်ဆွေ

အပေါင်းအသင်း၊ မိသားစုမှ၊ ရပ်ကွက်ကျေးရွာအထိ လူစုလူဝေးနှင့် လမ်းလျှောက်ခြင်းသည် အကောင်းဆုံးနှင့် အလွယ်ကူဆုံးဖြစ်သည်ဟု ဆိုပါသည်။

ဤသို့လမ်းလျှောက်ခြင်း ရဟန်းသံဃာများတွင် စင်္ကြံလျှောက်ခြင်းသည် 'ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်၊ ကင်းစင် ရောဂါ၊ အစာကြေညက်၊ မပျက်သမာဓိ၊ ငါးပါးရှိ၊ များ၏အကျိုးတည်း' ဟူ၍ ဗုဒ္ဓဘုရားရှင်က လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကပင် မိန့်ကြားခဲ့ပါသည်။ ဘုရားရှင်ကိုယ်တော်တိုင်ကလည်း စင်္ကြံလျှောက်ခြင်းကို ဟောကြားတော်မူခဲ့သည်သာမက ကိုယ်တော်တိုင်လည်း ကျင့်ကြံအားထုတ်တော်မူခဲ့သည်။ ဗုဒ္ဓဘုရားရှင်သည် လူနတ်ဗြဟ္မာ၊ သတ္တဝါတို့အတွက် တစ်နေ့တာအကျိုးပြုလုပ်ငန်းများလည်း ကျင့်စဉ်တစ်ရပ်အနေဖြင့် ကျန်းမာရေးအတွက် ကိုယ်တော်တိုင် စင်္ကြံလျှောက်ခြင်းကို မပျက်မကွက် ပြုတော်မူခဲ့သည်။

ဗုဒ္ဓဘုရားရှင်သည် ညဉ့်သုံးယံရှိသည့်အနက် ညဉ့်ဦးပိုင်းတွင် တပည့်ရဟန်းသံဃာတော်တို့ကို တရားဓမ္မ ဟောပြန်ပြီး ညဉ့်လယ်ယံတွင် နတ်ဗြဟ္မာတို့အား တရားပြတော်မူသည်။ မိုးသောက်ယံတွင် မိနစ် (၈၀)ခန့်ကို ကျန်းမာရေးအတွက် စင်္ကြံကြွလျှောက်ပြီးမှ ကျိန်းစက်တော်မူလေသည်ဟု ဗုဒ္ဓစာပန်းချီ မှတ်တမ်းတွင် ဖော်ပြထားပါသည်။

ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သည့်အတိုင်း ယနေ့ဆေးသိပ္ပံပညာထွန်းကားသော ခေတ်၌လည်း လမ်းလျှောက်ခြင်းဖြင့် ရောဂါအတော်များများကို ကုသနိုင်ကြောင်း တညီတညွတ်တည်း လက်ခံလာကြသည်။ လမ်းလျှောက်ခြင်းမှာ ကျန်းမာကြံ့ခိုင်မှုအတွက်သာမက မကျန်းမာသော ဝေဒနာရှင်များအတွက်ပါ ရောဂါကုထုံးတစ်ရပ်အဖြစ် ကောင်းမွန်သော ရလဒ်ကို တွေ့နေရပေသည်။

လူကြီးလူငယ်မရွေး ငွေကြေးအကုန်ကျအနည်းဆုံးနှင့် ကျန်းမာရေးအတွက် အထိရောက်ဆုံးသော လမ်းလျှောက်ခြင်းသည် ကိုယ်စိတ်ပေါ်ပါး ကြည်လင်လန်းဆန်း၍ ကောင်းသောအကျိုးဆက်များကို လက်တွေ့ခံစား ရသောကြောင့် ကျမ်းပေါင်းများစွာ ရေးသားပြုစုခဲ့သော လယ်တီဆရာတော်ဘုရားကြီးက စာများများရေးချင်လျှင် လမ်းများများလျှောက်ဟူ၍ မိန့်ကြားခဲ့ဖူးသည်။

ကမ္ဘာကျော်စာရေးဆရာကြီး ဘားနဒ်ရှောကလည်း ဉာဏ်ကောင်းချင်လျှင် နံနက်စောစော လမ်းလျှောက်ဟု မိန့်ခဲ့ဖူးပါသည်။

အထက်ပါစကားရပ်များသည် မှန်ကန်သောအကျိုးဆက်များဖြစ်ကြောင်းကို (၁၈၉၆ခုနှစ်) ခေတ်သစ်ကမ္ဘာ အိုလံပစ်အားကစားစတင်ပေါ်ပေါက်ရာ ဂရိနိုင်ငံ ကျောက်ကမ်းပါး နံရံများပေါ်တွင် -

- သင်ကျန်းမာချင်ပါသလား။ လမ်းလျှောက်ပါ။

- သင်ဉာဏ်ကောင်းချင်ပါသလား လမ်းလျှောက်ပါ။

- သင်လှချင်ပါသလား။ လမ်းလျှောက်ပါ - ဟူသော စာသားများကို ထွင်းထုထားကြောင်း ယနေ့တိုင် တွေ့နေရပေသည်။ ကမ္ဘာပေါ်ရှိ လူသားတိုင်း ကျန်းမာရေးကို အလေးထားသလို သဘာဝမပေးစွမ်းထားသော လမ်းလျှောက်ခြင်းသည် လူခန္ဓာကိုယ်ကြံ့ခိုင်သန်မာစေမှုဖြစ်စေ၍ တန်ဖိုးထားသင့်ကြောင်း သတိပေးနေခြင်းပင် ဖြစ်သည်ဟုဆိုရပါမည်။

စိတ်ရောကိုယ်ပါ ကျန်းမာသူသည် ရဲရင့်ခြင်း၊ တည်ကြည်ခြင်း၊ လျင်မြန်ဖျတ်လတ်ခြင်း၊ သတ္တိရှိခြင်း၊ မိမိကိုယ်ကို ယုံကြည်မှုရှိခြင်းတို့ကြောင့် အောင်မြင်ခြင်းလုပ်ငန်းကို စွမ်းဆောင်နိုင်သည်။ ဤသို့ကျန်းမာကြံ့ခိုင်ရန် အသက်ရှူခြင်းကို လုပ်ဆောင်ရသည်။ အသက်ရှူခြင်းသည် အသက်ရှင်ခြင်းပင်ဖြစ်သည်။ အသက်ရှူနိုင်ရန် ကိုယ်လက်လှုပ်ရှားခြင်းနှင့် လမ်းလျှောက်ခြင်းသည် အကောင်းဆုံး နည်းလမ်းဖြစ်ကြောင်း နိုင်ငံကျော်စာရေးဆရာကြီး ပီမိုးနင်းက ၎င်း၏လေ့လာ တွေ့ရှိချက်ကို ဖော်ပြထားပါသည်။

ယနေ့စက်မှုသိပ္ပံပညာထွန်းကား တိုးတက်နေသော နိုင်ငံများသည် ကျန်းမာကြံ့ခိုင်သော ပြည်သူလူထု၏ ကာယအား ဉာဏအား စွမ်းဆောင်ရည်များနှင့် တည်ဆောက်ထားကြောင်း တွေ့နေရပေသည်။

သို့ကြောင့်ပင် ကိုယ့်မင်းကိုယ်ပိုင် အုပ်ချုပ်မှုဖြင့် တည်ထောင်ခဲ့သော ကျွန်ုပ်တို့မြန်မာနိုင်ငံကို နယ်ချဲ့ကိုလိုနီ ဗြိတိသျှတို့သည် ၁၈၂၄ခုနှစ်တွင် ပထမအကြိမ် ၁၈၅၂ခုနှစ်တွင် ဒုတိယအကြိမ် ၁၈၈၅ခုနှစ်တွင် တတိယအကြိမ် ကျူးကျော်စစ်ပြုပြီး မြန်မာနိုင်ငံကို သိမ်းပိုက်ကျွန်ပြုခဲ့သည်မှစ၍ သူ့ကျွန်မခံလိုသော မြန်မာတိုင်းရင်းသားများ၏ တန်ပြန်စစ်ကို ကြောက်ရွံ့၍ ကျန်းမာကြံ့ခိုင်သော လူများမဖြစ်စေရန် စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်စေသည့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းနှင့် အားကစားပြုလုပ်ခြင်းများကို ပိတ်ပင်ခဲ့ကြသည်။ မြန်မာတို့၏ ကိုယ်လုံ သိုင်းပညာ၊ မြန်မာ့ရိုးရာလက်ဝှေ့၊ ရခိုင်သားတို့၏ ကျင်ကိုင် (နပမ်း) ခြင်းလုံးခတ်ခြင်းများ

မလေ့ကျင့်ရ၊ မသင်ရဟူ၍ ပိတ်ပင်ခဲ့သည်။ လေ့ကျင့်ခဲ့ပါက အရေးယူခြင်းများလည်း ပြုလုပ်ခဲ့သည်။

သို့သော် မျိုးချစ်စိတ်ရှိသော တိုင်းတစ်ပါး၏ ဖိနှိပ်မှုကို မခံလိုသော မျိုးချစ်ပုဂ္ဂိုလ်များသည် မြို့နယ်များတွင် မိမိတို့နှင့် လက်လှမ်းမီရာ ရိုးရာလက်ဝှေ့နှင့် သိုင်းပညာများကို အလျဉ်းသင့်သလို သင်ကြားခဲ့ကြသည်။

ထို့အတူ ပြည်သူလူထု၊ ကျန်းမာကြံ့ခိုင်၍ စည်းလုံးညီညွတ်မှုကိုဖြစ်စေသော စုပေါင်းလမ်းလျှောက်သော အဖွဲ့တစ်ဖွဲ့ ၁၉၃၀ ခုနှစ်က ပေါ်ပေါက်ခဲ့လေသည်။ ထို့အဖွဲ့၏ ဆောင်ပုဒ်က 'အာရောဂျ၊ ပရမံလာဘံ' ဖြစ်သည်။ လမ်းလျှောက်ခြင်းကို အမျိုးသားကျန်းမာရေး ဦးတည်ချက်ဖြင့် မြန်မာနိုင်ငံ လူအများ စိတ်ဝင်စားလာစေရန် စည်းရုံးလှုံ့ဆော်ခဲ့သည့် အဖွဲ့ပင် ဖြစ်သည်။ ထို့အဖွဲ့ကို ဦးဆောင်ခဲ့သူမှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရမည်ဟု ကြွေးကြော်ခဲ့သော ကာယဗလဆရာ ဦးရှိန်ဖြစ်လေသည်။ ဆရာဦးရှိန်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ မြန်မာ့ဇာတိသွေး၊ ဇာတိမာန်များ ပေါ်ပေါက်စေရေး၊ ကျန်းမာကြံ့ခိုင်မှုတို့အတွက် စုပေါင်းလမ်းလျှောက်ရင်း စည်းရုံးရေး လှုံ့ဆော်မှုများနှင့် နယ်ချဲ့ဆန့်ကျင်ရေး သီချင်များကို သီဆိုခဲ့လေသည်။ စုပေါင်းလမ်းလျှောက်ခြင်းဖြင့် ကျန်းမာရေး၊ စည်းရုံးရေးအသွင်ကို ဖော်ဆောင်ခဲ့ခြင်းပင် ဖြစ်သည်။

မြန်မာ့အာယုဗေဒဆေးပညာရှင် အရှင်နာဂသေနဘိဝံသ ဆရာတော်ကြီးက မိန့်ဆိုခဲ့ရာတွင် လမ်းမှန်မှန် လျှောက်သူသည် အသက်ကိုပြင်းပြင်းရှူထုတ်ခြင်းဖြင့်၊ သွေးလေညီညွတ်မှုကြောင့် လေဖြတ်ခြင်း၊ သွေးတိုးခြင်း၊ နှလုံး ရောဂါ၊ ထုံကျဉ်ညောင်းညာ ကိုက်ခဲသော ရောဂါများအပြင် အိုမင်းရင့်ရော်ခြင်းနှင့် ဇရာကိုလည်း တားဆီးပေးသည် ဟု ဖော်ပြထားလေသည်။

လူထုစုပေါင်းလမ်းလျှောက်ခြင်းနှင့် ပတ်သက်၍ ၁၉၇၂ ခုနှစ် အားကစားနှင့် ကာယပညာဦးစီးဌာန ပေါ်ပေါက်လာသည့်အချိန်မှစ၍ ဒီဇင်ဘာလူထုအားကစားပွဲများကို စတင်ခဲ့ပါသည်။ လမ်းလျှောက်ခြင်းသည် လူတို့၏ ရောဂါအတော်များများကို ကာကွယ်တားဆီးပေးပြီး စိတ်ရောကိုယ်ပါ ကြံ့ခိုင်ကျန်းမာစေသောကြောင့် နိုင်ငံအကြီးအကဲ၏ လမ်းညွှန်မှုဖြင့် အားကစားဝန်ကြီးဌာနက ကြီးကြပ်၍ ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လှုပ်ရှားကြသည်။ လူထုအားကစားကို အရှိန်အဟုန်မြှင့်တင်ပြီး၊ ၁၉၉၈ နှစ်မှစ၍ နိုဝင်ဘာ၊ ဒီဇင်ဘာနှင့် ဇန်နဝါရီလများကို လူထုအား ကစားလဟူ၍ သတ်မှတ်ခဲ့သည်။ အပတ်စဉ် စနေနေ့တိုင်း လူထုစုပေါင်းလမ်းလျှောက်ခြင်း နှင့် အားကစားပွဲများကို ကျင်းပခဲ့ကြသည်။

၁၉၉၆ ခုနှစ်တွင် အားကစားဝန်ကြီးဌာန ပေါ်ပေါက်ခဲ့ပြီး သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မှစ၍ ကျစ်ကျစ်လျစ်လျစ် ဆောင်ရွက်နိုင်ရန် ဒီဇင်ဘာလ တစ်လလုံးကို လူထုအားကစားလှုပ်ရှားမှုလ (Mass Sports) အဖြစ် သတ်မှတ်ခဲ့သည်။ ဤသို့ လူထုအားကစားကို တွန်းအားပေး ဆောင်ရွက်ရာတွင် အလွယ်ကူဆုံးနှင့် လူကြီးလူငယ်၊ ကျား/မ မရွေး ကစားကွင်း၊ ကစားရုံမလို ငွေကုန်ကြေးကျမများသော အများစုရုံး ပါဝင်နိုင်သော လူထုစုပေါင်းလမ်းလျှောက် ပွဲကို ဒီဇင်ဘာလ စနေနေ့ နံနက်တိုင်း ကျင်းပပေးပြီး၊ လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများကိုလည်း စာနယ်ဇင်း များ၊ တီဗွီများနှင့် မြို့နယ်ခရိုင် တိုင်းအားကစားရုံ များတွင် မြေစိုက်ပိုစတာများ စိုက်ထူပြီး 'ကျန်းမာကြံ့ခိုင် ပြည့်မဏ္ဍိုင် ပါဝင်လှုပ်ရှား လူထုအားကစား၊ အသက်ရှည်ကျန်းမာနေထိုင်ဖို့ နေ့စဉ်မှန်မှန် လမ်းလျှောက်စို့' ဟူ၍ လှုံ့ဆော်သတိပေးခဲ့ရာတွင် လမ်းလျှောက်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို အောက်ပါအတိုင်းဖော်ပြထားပါသည် –

(၁) ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ကြံ့ခိုင် ကျန်းမာလာစေနိုင်သည်။

(၂) သက်လုံကောင်းပြီး အမောခံနိုင်သည်။

(၃) အဆီလျော့ကျရန် အဝမလွန်အောင် ထိန်းပေးနိုင်သည်။

(၄) ဦးနှောက်နှင့် အာရုံကြောအားကောင်း၍ ဉာဏ်ရည်ထက်မြက်စေနိုင်သည်။

(၅) ကိုယ်ခံစွမ်းအားမြှင့်တင်စေပြီး ရောဂါများကို ကာကွယ်နိုင်သည်။

(၆) အကြောခြင်အရွတ်များ၊ ပျော့ပျောင်းစေပြီး၊ ခန္ဓာကိုယ် ဖျတ်လတ်ပေါ့ပါး စေနိုင်သည်။

(၇) သွေးလည်ပတ်မှုကောင်းပြီး အိပ်ပျော်စားဝင်စေသည်။

(၈) နေ့စဉ်ပုံမှန် နာရီဝက်ခန့်လမ်းလျှောက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ဘဝကို ပိုင်ဆိုင်နိုင်သည်။

(၉) စိတ်ဖိစီးမှု လျော့နည်းစေ၍ စိတ်ကြည်လင်လန်းဆန်းစေသည်ဟု ဖော်ပြထားပါသည်။

လမ်းလျှောက်ရာတွင်လည်း ဆရာဇော်ဂျီ၏ 'မူမှန်လမ်းလျှောက်နည်း' ကဗျာအတိုင်း -----

- ရင်ဘတ်ကိုပင့် တန်ရုံမြှင့်

- ရဲရင့်တည်ကြည် လျှောက်ရမည်

- ခါးကို မတ်မတ်၊ ကိုယ်ကိုမတ် အရပ်မြင့်အောင်လျှောက်ရမည်

- ဒူးကိုဆန့်ခင်းကြွက်သားရင်း တောင့်တင်းပါအောင် လျှောက်ရမည်

- ခြေလှမ်းသောအခါ ရှေ့ခြေသာ မြေမှ ဖနောင့်ကျရမည်

ခြေလှမ်းသောအခါ နောက်ခြေဟာ မြေမှာဖနောင့်ကျရမည် ဆိုသော ကဗျာကို သတိထားသင့်သည်။

လမ်းလျှောက်သည်ဆိုရာတွင်လည်း အပျော်သဘောပေါ့ပျက်ပျက် သဘော မထားဘဲ ကျန်းမာရေးနှင့် ဆိုင်သော ဆရာဇော်ဂျီ၏ မူမှန် လမ်းလျှောက်နည်းအတိုင်း ကျင့်သုံးလိုက်နာသင့်ပေသည်။

၁၉၉၃ ခုနှစ်၊ ဧပြီလ (၁၃) ရက်နေ့စွဲပါ ဥပဒေပုဒ်မ - ၆/၉၃ ဖြင့် မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဥပဒေ အခန်း (၇) အရ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် (၃၆) ခုကို ဖွဲ့စည်းပေးခဲ့ပြီး၊ အားကစားအဖွဲ့ချုပ်များသည် ထူးချွန် အားကစားသမား၊ မျိုးဆက်သစ်များ ပြုစုမွေးထုတ်ရေး၊ ပြည်တွင်းကစားပြိုင်ပွဲများတွင်သာမက ပြည်ပအားကစား ပြိုင်ပွဲများတွင် သွားရောက်ယှဉ်ပြိုင်အောင်ပွဲရရှိရေး၊ နိုင်ငံတွင်း ဖိတ်ခေါ် ပြည်ပအားကစားပွဲများ ကျင်းပနိုင်ရေး တို့ကို လမ်းညွှန်ပေးခဲ့ရာတွင် အားကစား ဝန်ကြီးဌာနအနေဖြင့် မူဝါဒ (၃) ရပ်ကို အောက်ပါအတိုင်း ချမှတ်ပေးခဲ့သည် –

(၁) မြန်မာ့အားကစားကမ္ဘာကိုတက်လှမ်းနိုင်ရမည်

(၂) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားရေးလှုပ်ရှားမှုကို တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး စိတ်ပါဝင်စားစွာဖြင့် လူထုအားကစား (Mass Sports) ကို ပါဝင်လှုပ်ရှားရမည်။

(၃) နိုင်ငံတကာအလယ်၌ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားနည်းဖြင့် မြှင့်တင်နိုင်မည့် ထူးချွန်ထက်မြက် သောနိုင်ငံ့ဂုဏ်ဆောင် (Excellent Sports) အားကစားသမားများ လူရည်ချွန်များ မွေးထုတ်ရမည်။

ထို့ပြင် အားကစားဝန်ကြီးဌာန၏ အားကစားဆိုင်ရာ ခံယူချက် (၃) ရပ်ကိုလည်း အောက်ပါအတိုင်း ချမှတ် ခဲ့ပါသည် –

(၁) အားကစားမြှင့်တင် တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်နေခြင်း ဖြစ်ပါသည်။

(၂) အားကစားအောင်မြင်မှုသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအဆင့်အတန်းကို ရောင်ပြန်ဟပ်စေသည်။

(၃) အားကစား အောင်မြင်မှုသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အဆင့်အတန်း အခြေအနေကို ဖော်ပြနေသည်ဟု ရည်ညွှန်းထားပါသည်။

အထက်ပါ အားကစားဆိုင်ရာ ခံယူချက် (၃)ရပ်ကို ခြုံငုံလေ့လာလိုက်ပါလျှင် . .

ယနေ့ တပ်မတော်ကြည်း၊ ရေ၊ လေနှင့် ရဲတပ်ဖွဲ့တို့တွင် အားကစားပြိုင်ပွဲများ ကျင်းပနေခြင်းသည် စိတ်ရော ကိုယ်ပါ ကျန်းမာကြံ့ခိုင်သော ပြည်သူ့ကာကွယ်ရေး တပ်မတော်ဖြစ်လာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်နေသော ယနေ့ချိန်ခါတွင် . . . . 'ယူ၁၉' ဘောလုံးပြိုင်ပွဲ၌ အရှေ့တောင်အာရှနိုင်ငံထဲတွင် မြန်မာနိုင်ငံသည် တစ်ခုတည်းသော ၂၀၁၅ နယူးဇီလန်နိုင်ငံမှာ ကျင်းပမည့် ကမ္ဘာ့ခြေစစ်ပွဲအောင် ဘောလုံးအသင်းဖြစ်၍ နိုင်ငံတကာတွင် လေးစားမှု၊ ပြည်သူ လူထုအားပေးမှုကို ရရှိပြီး နိုင်ငံနှင့် လူမျိုးဂုဏ်ကို ထွန်းလင်းစေသည်ကို ထင်ရှားသော သာဓကအဖြစ် တွေ့နေရပေမည်။

နိုင်ငံတစ်ခုသည် မည်မျှပင် သေးငယ်၍ အင်အားနည်းပါးသည်ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲ များတွင် နိုင်ငံငယ်မှ အားကစားသမားများ ရွှေတံဆိပ်များ ဆွတ်ခူးရရှိပါက ထိုရွှေတံဆိပ်ရရှိသော နိုင်ငံငယ်ကို ကျန်အင်အားကြီး နိုင်ငံများက ဦးညွှတ်အလေးပြုရသည်ဖြစ်၍ အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု ကို ရောင်ပြန် ဟပ်စေသည် ဆိုသော စကားရပ်ကို ထင်ရှားစေပါသည်။

ကမ္ဘာ့ရာဇဝင်သမိုင်းကို ပြန်လည်ဆန်းစစ်ကြည့်လိုက်ပါလျှင် ဘီစီ-၇၇၆ ခုနှစ်က ပထမဆုံး အိုလံပစ်အားကစားစတင်ခဲ့သည့် ရောမအင်ပါယာနှင့် ဂရိခေတ် တန်ခိုးပြိုင်ကာလ (လွန်ခဲ့သော နှစ်ပေါင်း-၃၀၀၀) ခန့်ကာလမှာ ဆိုလျှင် မွေးကင်းစကလေး၊ ပိန်သေးချည့်နဲ့ ၍ ရောဂါရှိသော ကလေးငယ်များကို စွန့်ပစ်ကြပြီး၊ နိုင်ငံတော် ကာကွယ်ရေးအတွက် ကိုယ်လက်လှုပ်ရှား၊ အားကစားအတတ်နှင့် စစ်ပညာများကို ငယ်စဉ်ကလေးဘဝကပင် ပျိုးထောင်ပြုစုကြကြောင်း သာဓကများ

ရှိခဲ့ပါသည်။ ထိုကြောင့်ပင် ပါရှုန်လူမျိုးတို့၏ ရာထောင်ပေါင်းများစွာ ကျူးကျော် မှုများကို ကျန်းမာကြံ့ခိုင်သော အောင်လူမျိုးတို့က တွန်းလှန်နိုင်ခဲ့ပုံကို '၃၀၀' အမည်ရှိသော 'စပါတာကပ်' ရုပ်ရှင်ဇာတ်ကားသည် ကမ္ဘာကျော်ဖြစ်ခဲ့ပုံကိုလည်း မြင်တွေ့နေရပါသည်။

ယနေ့တိုင် ကျင်းပသော ကမ္ဘာ့အိုလံပစ်အားကစားပွဲသည် ရှေးနှစ်ပေါင်း ၃၀၀၀ ခန့်ကပင် ဂရိနိုင်ငံ အိုလံပစ် တောင်ခြေတွင် ဂရိလူမျိုးတို့၏ ယုံကြည်ရာဖြစ်သော ' ဇု' နတ်မင်းကြီးကို ပူဇော်ရာတွင် စိတ်ဓာတ်ကြံ့ခိုင်ရွင်လန်းခြင်းနှင့် ခန္ဓာကိုယ် ကျန်းမာဖျတ်လတ်စေခြင်းကို ဖြစ်ပေါ်စေသော ကစားခုန်စားပွဲများကို ထည့်သွင်းခဲ့ပြီး စစ်မက်ဖြစ်ပွားသည့် အချိန်မှာပင် လေးနှစ်တစ်ကြိမ်ကျင်းပသော အိုလံပစ်အားကစား ပြိုင်ပွဲကာလ ရောက်လျှင် စစ်ရပ်စဲ၍ ဂရိတောင်ခြေ အိုလံပီယာအရပ်တွင် လာရောက်စုရုံးပြီး အားကစားပွဲကိုပါဝင်ဆင်နွှဲကြောင်း သာဓကမှာ အားကစား မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်ပါသည်။ အားကစားအောင်မြင်မှုသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အဆင့်အတန်း၊ အခြေအနေကို ဖော်ပြနေသည်ဆိုသော စာသားကို ပေါ်လွင်ထင်ရှားစေပါသည်။

သိပ္ပံစက်မှုထွန်းကားလျက်ရှိသော ယနေ့ကမ္ဘာတွင် လူအများစုသည် သွားလာလှုပ်ရှားမှုများတွင် မိမိခွန်အားကိုသုံးခြင်း၊ ခြေလျင်သွားလာခြင်း၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်ရန် ခွန်အားသုံးခြင်းမရှိဘဲ စက်ပစ္စည်းအကူအညီ များဖြင့်သာ လုပ်ဆောင်လျက်ရှိရာ ကိုယ်လက်လှုပ်ရှားခြင်းနည်းပြီး အထိုင်များသောကြောင့် သွေးလေလှည့်ပတ်မှု ထိုင်းမှိုင်းလာပြီး အဝလွန်ရောဂါ (Obesity) ဖြစ်လာ၍ ခန္ဓာကိုယ်တွင် အဆီဓာတ်များလွန်ကဲလျက် နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်း၊ သွေးချိုဆီးချိုရောဂါနှင့် အဆစ်အရိုးများ ယောင်ရမ်းခြင်း၊ အသည်းအဆီဖုံးခြင်း၊ စသည့် ရောဂါများကို ခံစားရတတ်ပါသည်။

လမ်းလျှောက်ခြင်းမှ ရရှိသော အကျိုးကျေးဇူး (ဥပမာ) တစ်ခု တင်ပြရမည်ဆိုလျှင် နောင်တွင် သတင်းစာ ဆရာဖြစ်လာသူ အမြတ်ခွန်စာရေးကြီး မိုးကြိုးဦးအုန်းခင်၏ ကိုယ်တွေ့ ဖြစ်ရပ်တစ်ခုကို တင်ပြလိုပါသည်။

ဦးအုန်းခင်မှာ နှလုံးရောဂါကြောင့် အရိုးပေါ်၊ အရေတင်၍ ဆရာဝန်က (၆) လခန့်ကြာလျှင် အသက်မရှင်နိုင် တော့ဟု ပြောခဲ့ရာ ဦးအုန်းခင်သည် စိတ်ဓာတ်ကျ၍ ညနေစောင်းတွင် ၎င်း၏ နေအိမ်အနီး အလုံဧရာဝတီလမ်းရှိ ဆရာ ကာယဗလဦးရှိန်၏ တပည့်များ (ဦးဇော်ဝိတ်၊ ဦးစံသင်၊ ဦးညွှန့်ဖေ) တို့ ကျန်းမာသန်စွမ်းရန် အလေးမနေသည်ကို စောင်ခြံကလေးနှင့် လာရောက်ငေးမောကြည့်တတ်ရာ -- ဆရာဦးရှိန်က

သနားပြီး နောက်နေ့များတွင် နှလုံး ရောဂါ ကုပေးမည်ဟု ဆိုပြီး နံနက်စောစော ရေဝေ သောက်စေ၍ ဝမ်းချူစေပြီး လမ်းလျှောက်စေသည်။

အစတွင် ခါတ်တိုင်နှစ်တိုင်၊ သုံးတိုင်ခန့် လျှောက်ပြီးလျှင် မောပန်းလွန်း၍ ခဏနားရသည်။ တဖြည်းဖြည်းခြင်း လမ်းလျှောက်ခရီးကို တိုး၍တိုး၍ လျှောက်စေခဲ့သည်။ ဆရာဦးရှိန်သည် လမ်းလျှောက်ရင်း၊ မျိုးချစ်စိတ်ဓာတ်များ၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးများ၊ ကျန်းမာရေးအကြောင်းများကို စိတ်ဝင်စားဖွယ်ရာ ပြောရင်း၊ ခြေလျင်ခရီး လျှောက်ခဲ့ရာ တစ်လခန့်အကြာတွင် ရုန်ကုန်မှအင်းစိန်သို့ အသွားအပြန် လျှောက်နိုင်ပြီး၊ အမောလုံ၍ ခန္ဓာကိုယ် ကျန်းမာလာခဲ့သည်။ နှလုံးရောဂါ လုံးဝ ပျောက်ကင်း သွားသောကြောင့် ဆရာဝန်ကပင် အံ့သြသွားသည်ဟု 'သူရိယ' သတင်းစာတွင် ကိုယ်တွေ့ဆောင်းပါးကို ဦးအုန်းခင်က ရေးသားခဲ့ပြီး၊ ၁၉၃၂ ခုနှစ်တွင်လည်း ခြေလျင်အဖွဲ့တစ်ဖွဲ့ ထူထောင်ရာတွင်၊ ဦးဆောင်သူအဖြစ် ဆရာဦးရှိန်နှင့် လက်တွဲ၍ ဆောင်ရွက်ခဲ့လေသည်။

ထို့ပြင်ယနေ့ လူနေမှုစနစ်အချို့တွင် ကိုယ်လက်လှုပ်ရှား အားကစားမရှိဘဲ အစားကြူးခြင်း၊ အရက်သောက်ခြင်း၊ ဆေးလိပ်ဆေးရွက်သုံးစွဲခြင်း၊ မူးယစ်ထုံထိုင်း ဆေးများ သုံးစွဲခြင်းများသည် ဦးနှောက်ဆဲလ်များ ကြုံ့လာ၍ မှတ်ဉာဏ်ထိုင်းခြင်း၊ အသည်းများ ခြောက်လာ၍ စွမ်းရည်ကျလာခြင်း၊ လှုပ်ရှားမှုနှေးကွေး တုံ့ဆိုင်းလာခြင်းများ ဖြစ်ပေါ်တတ်ကြောင်း ပညာပေး၊ သင်ခန်းစာများတွင် တွေ့နေရပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (W.H.O World Health Organization) အစီရင်ခံစာတွင် နှစ်စဉ်လူဦးရေ (၂)သန်းခန့်မှာ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းကြောင့် သေဆုံးကြသည်ဟု ဖော်ပြထားသည်ကို စာနယ်ဇင်းများနှင့် တီဗွီတွင် မကြာခဏ မြင်တွေ့မှတ်သားရပါသည်။

ယနေ့ နိုင်ငံတော်သည် ပြည်ထောင်စုကြီးတစ်ခုလုံးကို ဖွံ့ဖြိုးတိုးတက်လာစေရန် မှန်ကန်သော စေတနာဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်ပေးနေချိန်တွင် ကျွန်ုပ်တို့ နိုင်ငံသားအားလုံးတို့သည် တစ်ယောက်မှတစ်ရာ တစ်ရာမှတစ်နိုင်ငံလုံး တက်ညီလက်ညီ လက်တွဲ၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လူထုအားကစားလှုပ်ရှားမှုများတွင် ပါဝင်ကြမည် ဆိုပါက ကျမ်းမာကြံ့ခိုင်သော ပြည်သူလူထုဖြင့် လူထုအားကစား (Mass Sports) မှ ထူးချွန် ထက်မြက်သော (Excellent Sports) သို့ ရောက်ရှိကာ နိုင်ငံတော်အတွက် အောင်မြင်သော အားကစားသမားများကို မွေးထုတ်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်မှ မြန်မာ့အားကစား အဆင့်အတန်းမြင့်မားထည်ဝါစွာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး အတွက် အားကစားမြှင့်တင်ရေး အစီအစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အထူးအလေးထား အားပေးဆောင်ရွက်လျက်ရှိရာ ထူးချွန်ထက်မြက်လိုသော ရည်မှန်းချက်မြင့်မားသော အားကစားသမားကောင်း တစ်ယောက်ဖြစ်ရန် အောက်ပါ (7.S for Champion) ချန်ပီယံများအတွက် အက်(စ်) ၇-လုံးကိုလည်း လိုက်နာ သင့်ပေသည်။

ထိုအက်(စ်) ၇-လုံးမှာ . . . . . .

၁။ Spirit အားကစားစိတ်ဓာတ်ခိုင်မာရေး

၂။ Structure ကိုယ်ခန္ဓာကိုယ်အချိုးအစား

၃။ Skill ခေတ်နှင့်အညီ နည်းစနစ်မှန်ကန်မှု

၄။ Speed အရှိန်အဟုန်ကောင်းခြင်း

၅။ Strength ခွန်အားကောင်းခြင်း

၆။ Stamina သက်လုံကောင်းခြင်း

၇။ Social dealing (Team work) လူမှုပေါင်းသင်းဆက်ဆံရေးတို့ပင် ဖြစ်ပါသည်။

ထို့ပြင် အားကစားသမားများသည် မိမိတို့နှင့်သက်ဆိုင်ရာ အားကစားစည်းမျဉ်း ဥပဒေများကိုလည်း နားလည်ကျေညက်ဖို့ လိုပါသည်။ ထို့အတူ နည်းပြအုပ်ချုပ်သူနှင့် ပံ့ပိုးကူညီသူများ အားကစားကိုချစ်သော ပရိသတ်များကလည်း အားကစားတိုးတက် မြင့်မားရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပြီး " တရားသော ယှဉ်ပြိုင်အနိုင် ရယူခြင်း ဆိုသော - Fair Play " ကိုလည်း လက်ကိုင်ထားပါက အားကစားလောကတွင် အောင်မြင်မှုကို ဧကန်မလွဲ ရမည်သာ ----------။

ဤကဲ့သို့ လူထုအားကစား (Mass Sports) ကို အခြေခံ၍ လူထုအားကစားဖြင့် စည်ပင်ဖွံ့ဖြိုး တိုးတက်သော ခေတ်မီနိုင်ငံတော်ကို တည်ဆောက်ကြရမည်သာ ဖြစ်ပါတော့သည်။

မောင်မောင်မိုးအောင်

ဤဆောင်းပါးသည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် တတိယဆု ရရှိသည့် ဆောင်းပါးရှင် မောင်မောင်မိုးအောင်၏ ဆောင်းပါး ဖြစ်ပါသည်။

လူထုအားကစားနှင့် တစ်မျိုးသားလုံးတာဝန်

(ထွေးကိုကို)

သမိုင်းဦးဘုံမြေခေတ် ကမ္ဘာဦးအစကျောက်ခေတ်ကာလတွင် လူသားများတစ်ဦးတစ်ယောက်ချင်း နေထိုင် ခဲ့ရာမှ မိသားစုများဖြစ်လာကြပြီး သားရဲတိရစ္ဆာန်ဘေးမှ ကာကွယ်ရန်၊ စုပေါင်းအမဲလိုက်ရန်၊ စုပေါင်းစိုက်ပျိုး၊ မွေးမြူထုတ်လုပ်ရန်တို့အတွက် အသိဉာဏ်ဖွံ့ဖြိုးတိုးတက်မှုဆင့်ကဲဖြစ်စဉ်၏ တောင်းဆိုချက်အရ ကျောက်ခေတ် နှောင်းပိုင်းကာလတွင် လူသားတို့စုဖွဲ့ပေါင်းစည်းနေထိုင်တတ်လာကြသည်။ လူဘောင် အဖွဲ့အစည်းတစ်ခု၊ လူအသိုက် အဝန်းတစ်ခု၊ ပတ်ဝန်းကျင်တစ်ခုဖြစ်ပေါ်လာခဲ့သည်။ အိမ်စုလေးများမှတဆင့် ရွာငယ်၊ ရွာငယ်မှတစ်ဆင့်ရွာကြီး၊ ရွာကြီးမှတဆင့် ကြေးခေတ်၊ သံခေတ် ပြောင်းလဲတိုးတက်လာသည်နှင့်အမျှ အချုပ်အခြာပိုင်ဆိုင်သည့် မြို့ပြနိုင်ငံငယ်များ၊ ပဒေသရာဇနိုင်ငံများ၊ အင်ပါယာများဖြစ်သည်အထိ နယ်မြေများတိုးချဲ့ဖြစ်ပေါ်ရပ်တည်လာကြသည်။

ရေမြေတောတောင်သဘာဝအစရှိသော သြကာသလောကနှင့် အမြဲပြုပြင်စီရင်ပြောင်းလဲနေသော သခ်ါရ လောကရုပ်သဘာဝ ပတ်ဝန်းကျင်တို့ကြောင့် လူသားတို့၏အသက်မွေးနေထိုင်မှု ကောင်းသထက် ကောင်းအောင် ပြုပြင်ပြောင်းလဲကြရာမှ ကျွန်ပိုင်ရှင်စနစ်၊ မြေရှင်ပဒေသရာဇ်စနစ်၊ ကိုလိုနီစနစ်နှင့် အရင်းရှင်စနစ်တို့ အဆင့်ဆင့် ပေါ်ထွန်းခဲ့ကြပြီး ဒေသတစ်ခုနှင့်တစ်ခု၊ လူမျိုးတစ်မျိုးနှင့် တစ်မျိုး၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ နယ်မြေလုတိုက်ပွဲများ၊ ကျွန်ပြုတိုက်ပွဲများ၊ အယူဝါဒဆိုင်ရာတိုက်ပွဲများ၊ လူမျိုးဖြုတ်တိုက်ပွဲများ ဆင်နွှဲခဲ့တိုက်ခိုက် သိမ်းပိုက်ခဲ့ကြသည်။

စက်မှုတော်လှန်ရေးမတိုင်မီကာလအထိ ထိုထိုသော စစ်မက်ဖြစ်ပွားမှုများတွင် ရုပ်ပိုင်းဆိုင်ရာ လူစွမ်းအားအရင်းအမြစ်ဖြစ်သော ကျန်းမာကြံ့ခိုင်သန်စွမ်းသူများ၊ ခွန်အားကြီးမားသူများက အားနည်းသူတို့ အပေါ် အနိုင်ယူလွှမ်းမိုးနိုင်ခဲ့ကြသည်။ ထိုသည့်အခါ နိုင်ငံငယ်များအနေဖြင့် မိမိတို့၏ အချုပ်အခြာပိုင်နယ်မြေများ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် လူမျိုးပြုန်းတီးခြင်းမှ ကာကွယ်ရန်ကျန်းမာကြံ့ခိုင်သော ပြည်သူများလိုအပ် လာပေသည်။ ဤအချက်ကိုလည်း ဗြိတိန်နိုင်ငံမှ ကာယဗလ အားကစားကိုစွန့်ဦးစတင်ဆောင်ရွက်ခဲ့သူ "မစ္စတာ မက်ဖက်ဒင်" က "လွတ်လပ်မှုနှင့် လူမျိုးပြုန်းတီးခြင်း တို့မှ ကာကွယ်ရန် ကျန်းမာကြံ့ခိုင်သော ပြည်သူလူထု ဖြင့်ကြိုတင်ကာကွယ်ရမည်" ဟု လှုံ့ဆော်ရေးသားကာ မီးမောင်းထိုးပြခဲ့သည်။ ထို့ကြောင့်ပင် ဗြိတိန်ကဲ့သို့သော အနောက်နိုင်ငံများက နိုင်ငံတော်ကာကွယ်ရေးအတွက် အစပြုရည်ရွယ်ကာ ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေး အတွက် အစီအမံများ၊ ဥပဒေများ၊ နည်းစနစ်များနှင့် လှုပ်ရှားမှုများကို နိုင်ငံတော်အဆင့် ဆောင်ရွက်ရန် (၁၉)ရာစုအစပိုင်းကာလကပင် အားကစားနှင့်သက်ဆိုင်သည့်အဖွဲ့အစည်းများ ဖွဲ့စည်းလှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။

ကျွန်ုပ်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည်လည်း ရှေးပျူခေတ်ကစ၍ ပုဂံခေတ်၊ ဟံသာဝတီခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ် အစရှိသဖြင့် ဇာတိရုဒ်နိုင်ငံများ ထူထောင်ခဲ့ရာ ထိုခေတ် အဆက်ဆက်တွင် ပျူစောထီး၊ အနော်ရထာ၊ ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး၊ တပင်ရွှေထီး၊ ဘုရင့်နောင်၊ အလောင်းဘုရား..... အစရှိသော သူရဲကောင်းများပေါ်ပေါက်ခဲ့ကြပြီး ထိုသူရဲကောင်းများသာမက မြန်မာတိုင်းရင်းသားစစ်သည်တော်ရဲမက်များ ဓါးခုတ်၊ လှံထိုး၊ မြားပစ်၊ ဆင်စီး၊ မြင်းစီး၊ လက်ဝှေ့၊ မောင်းလှဲ၊

နပန်းသတ်၊ လေ့ထိုး အစရှိသော တိုက်ခိုက်ရေးအတတ်ပညာ(တစ်နည်း) အင်္ဂါရသပညာများကို တတ်ကျွမ်းကြရသည်။ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းကာ ခွန်အားကြီးမားကြသည်။

တစ်နည်းဆိုရသော် အဆိုပါ ဆင်စီး၊ မြင်းစီး၊ ဓါးခုတ်၊ လုံ့ထိုး၊ မြားပစ်၊ ကျွမ်းထိုး၊ ရေကူးအစရှိသည့် အတတ်ပညာတို့သည် ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းမှုနှင့် ဉာဏ်ရည်ဉာဏ်သွေးရှိမှုတို့ ပေါင်းစပ်ထားသည့် ကိုယ်လုံ့ပညာဖြစ်သဖြင့် ပျော့ပြောင်းမှု၊ ခွန်အားရှိမှု၊ တိကျသေချာမှု၊ လျင်မြန်ဖြတ်လတ်မှုများပါဝင်သည့် ယနေ့ခေတ်အခေါ် အားကစားပင်ဖြစ်ပေရာ မြန်မာတိုင်းရင်းသား တို့သည်လည်း ပုဂံခေတ်ကပင် အားကစားတွင် ထူးချွန်တဖက်ကမ်းခတ်ခဲ့ကြသူများ ဟုခေါ်ဆိုနိုင်ပေသည်။

ထို့သို့ ပဒေသရာဇ်ခေတ်မှပင် မြန်မာတို့တတ်မြောက်ကျွမ်းကျင်ခဲ့သော အားကစား အတတ်ပညာများသည် ထီးကျိုးစည်ပေါက်၊ ကိုလိုနီလက်အောက်ဘဝရောက်ခဲ့ရသည့်တိုင် အရည်အသွေးမည့်ခဲ့သည်ကို ကာယဗလ ဦးရှိန်၊ ကာယဗလ ဦးဖော်ဝိတ်တို့က သက်သေပြသနိုင်ခဲ့သည်။ သို့ရာတွင် အားကစားတတ်ကျွမ်းမှုမှာ လူစွမ်းအား အရင်းအမြစ်တစ်ခုပင်ဖြစ်ပေရာ မိမိအမျိုးသားတို့၏ လူစွမ်းအားအရင်းအမြစ်များ တိုးပွားစေရန်မှာ မိမိလူမျိုးတို့၏ တာဝန်သာဖြစ်ပေသည်။ ကိုလိုနီခေတ်လက်အောက်ခံဘဝ ဖက်ဆစ်ဂျပန်များ မြန်မာနိုင်ငံသို့ ဝင်ရောက် လာခြင်းမပြုမီ ၁၉၃၀ခုနှစ် ကပင် မြန်မာနိုင်ငံ၏ အားကစားဖခင်ကြီး ကာယဗလ ဦးရှိန်က " လမ်းလျှောက်ခြင်းဖြင့် မျိုးချစ်စိတ်ဓါတ်နှင့် ကျန်းမာရေးကို အသွင်ဆောင်စေရန် " ရည်ရွယ်ကာ **ခြေလျှင်အဖွဲ့** ကို ဦးဆောင်ဖွဲ့စည်းနိုင်ခဲ့ပြီး ထိုအဖွဲ့၏ ဆောင်ပုဒ်မှာ " အာရောဂျ၊ ပရမံ၊ လာဘံ " ဟူ၍ ဖြစ်ပေရာ ပြည်သူလူထု၏ ကိုယ်လက်လှုပ်ရှားအားဖြင့် ပထမဦးဆုံးအကြိမ် Mass Sports ကို ထူထောင်ခဲ့ခြင်းဖြစ်ပေသည်။

သို့ဆိုပါမူ မြန်မာတို့၏ အားကစားနှင့်စပ်လျဉ်း၍ အမြင်ကျယ်မှု၊ စိတ်ပါဝင်စားမှုတို့ကို ကိုလိုနီလက်အောက်ခံဘဝ ကပင် စတင်ခဲ့သည့် လှုပ်ရှားမှုများကို ကြည့်ရှုသိရှိနိုင်ပြီး မျိုးချစ်စိတ်နှင့် အားကစားသည် မြန်မာတို့အတွက် ယှဉ်တွဲပေါ် ပေါက်လာခဲ့သည်ဟုဆိုနိုင်ပေသည်။ သို့ဖြစ်ပါ၍ ကိုလိုနီခေတ်မှ ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အားကစား ဝန်ကြီးဌာန၊ အချိန်ကာလအထိ အားကစားနှင့် ပတ်သက်၍ မြန်မာတို့အလေးထားပြုပြင်တိုးတက်ဖွဲ့စည်းလာခဲ့မှုများကို အကျဉ်းချုပ်တင်ပြရပါလျှင် ဂျပန်တို့ မြန်မာနိုင်ငံသို့ ဝင်ရောက်ခြင်းမပြုမီ ကာလကပင်စတင်ဖော်ပြရမည်ဖြစ်ပြီး ၁၉၄၁ ခုနှစ်ကာလအတွင်း Burma Athletic Association (B.A.A)ခေါ် အားကစားအဖွဲ့အစည်း တစ်ခုကို ဖွဲ့စည်းခဲ့ပြီး အောက်မြန်မာနိုင်ငံအတွက် ရန်ကုန်မြို့ကို ဗဟိုပြုလျက် Lower Burma Athletic Association ကလည်းကောင်း၊ အထက်မြန်မာနိုင်ငံတွင် မန္တလေးမြို့ကို ဗဟိုပြု၍ Upper Burma Athletic Association ကလည်းကောင်း တာဝန်ယူဦးဆောင်ကာ အားကစားလှုပ်ရှားမှု များကို ဆောင်ရွက်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည့် ကာလနောက်ပိုင်းတွင် မျိုးချစ်ပုဂ္ဂိုလ်များက ၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလ (၂၆)ရက်နေ့တွင် မြန်မာပြည်အိုလံပစ်အသင်း (Burma Olympic Association)ကို ဖွဲ့စည်းနိုင်ခဲ့ကြသည်။ အဆိုပါ မြန်မာပြည်အိုလံပစ်အသင်းတွင် နာယကလူကြီး များအဖြစ် ဗိုလ်ချုပ်အောင်ဆန်း နှင့် ဘုရင်ခံ Sir Hubert Rance တို့က ဆောင်ရွက်ခဲ့ကြပြီး ဥက္ကဋ္ဌ အဖြစ် ဆာဂျေအေမောင်ကြီးနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ဆရာကြီးဦးရာဇာတ်က ဆောင်ရွက်ခဲ့ပါသည်။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၉)ရက်တွင် မြန်မာပြည် အိုလံပစ်အသင်းသည် အပြည်ပြည်ဆိုင်ရာ အိုလံပစ် ကော်မတီ (International Olympic Committee) နှင့်

ဆက်သွယ်ခဲ့ပြီး ၁၉၄၈ ခုနှစ်၊ (၁၄) ကြိမ်မြောက် လန်ဒန်အိုလံပစ် အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ် ဝင်ရောက် ယှဉ်ပြိုင်ခွင့် ရရှိခဲ့ပါသည်။

တဖန် ၁၉၅၀ ပြည့်နှစ် အောက်တိုဘာလ (၉)ရက်နေ့တွင် အမျိုးသားကိုယ်လက် ကြံ့ခိုင်ရေးကောင်စီ အက်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီး အမျိုးသားကိုယ်လက် ကြံ့ခိုင်ရေးကောင်စီ (National Fitness Council)ကို **"တစ်မျိုးသားလုံး၏ ကျန်းမာရေးနှင့်တကွ လုပ်ရည်စွမ်းအား ပိုမိုတိုးတက်စေရန်၊ ပြည်သူတို့၏ အထူးသဖြင့် လူငယ်တို့၏ ကိုယ်လက်ကြံ့ခိုင်ရေးကို အထူးဂရုပြု၍ ဆောင်ရွက်ရန် "** ရည်ရွယ်၍ ခန့်အပ်ဖွဲ့စည်းပေးခဲ့ပါသည်။ အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေး ကောင်စီ၏ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ညွှန်ကြားရေးမှူး၊ စည်းရုံးရေးမှူးချုပ်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ရုံးအဖွဲ့ကိုဖွဲ့စည်း တာဝန်ပေးအပ်လျက် အောင်ဆန်းအားကစားပြိုင်ဝင်းတွင် ရုံးဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ ပထမဦးဆုံး ညွှန်ကြားရေးမှူးမှာ ဦးမောင်မောင်လေးဖြစ်ပြီး စည်းရုံးရေးမှူးချုပ်မှာ ဦးဇော်ဝိတ် ဖြစ်ပါသည်။ ထိုစဉ်က အားကစားလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ဒေသန္တရကောင်စီများကို ဖွဲ့စည်းကာ ခရိုင် စည်းရုံးရေးမှူးများ ခန့်အပ်တာဝန်ပေး လှုပ်ရှားစေခဲ့ပါသည်။

၁၉၆၄ခုနှစ်၊ မေလ(၂၆)ရက်နေ့တွင် ယခင်က တည်ရှိခဲ့သော ၁၉၅၀ပြည့်နှစ် အမျိုးသား ကိုယ်လက် ကြံ့ခိုင်ရေးကောင်စီ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးခဲ့ပြီး ခေတ်စနစ်နှင့် လိုက်လျော ညီထွေမှုရှိမည့် ပြည်ထောင်စု မြန်မာနိုင်ငံ အားကစားနှင့်ကာယပညာကော်မတီကို ၁၉၆၄ခုနှစ် မေလ (၂၇)ရက်နေ့တွင် စတင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ဗဟိုကော်မတီ၏ မူဝါဒများကြီးကြပ် ဆောင်ရွက်သွားနိုင်ရန် အမြဲတမ်းအလုပ်အမှုဆောင်ကော်မတီကိုလည်းကောင်း၊ ဒေသဆိုင်ရာ အားကစားနှင့် ကာယပညာ လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သွားနိုင်စေရန် ပြည်နယ်နှင့်တိုင်း၊ ခရိုင်၊ မြို့နယ်များတွင် အားကစားနှင့် ကာယပညာ ကော်မတီများကိုလည်းကောင်း အဆင့်ဆင့်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပြီး ခရိုင်အားကစားမှူး၊ မြို့နယ်အားကစားမှူးများကို သင်တန်းများ ဖွင့်လှစ်လေ့ကျင့်သင်ကြားပေး၍ တာဝန်ပေးအပ်ခဲ့သည်။

၁၉၇၂ခုနှစ်တွင် အားကစားနှင့် ကာယပညာဦးစီးဌာနကို ထပ်မံဖွဲ့စည်း၍ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်တွင် တာဝန်ပေးဆောင်ရွက်စေခဲ့ပါသည်။ တစ်နိုင်ငံလုံး အားကစားလုပ်ငန်းများကို တစ်ပြေးညီ ဆောင်ရွက်နိုင်စေရန် အားကစားကွင်း၊ အားကစားရုံများ၊ ပြည်နယ်နှင့်တိုင်း၊ ခရိုင်နှင့်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနများ တိုးချဲ့ခန့်အပ်ဆောင်ရွက်ပေးခဲ့သည်။ ၁၉၉၃ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင် အားကစားနှင့် ကာယပညာဦးစီးဌာနကို ကျန်းမာရေးဝန်ကြီးဌာနလက်အောက်မှ ဝန်ကြီးချုပ်ရုံး လက်အောက်သို့ ပြောင်းရွှေ့ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပြီး ၁၉၉၆ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်တွင် နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက် မြင့်မားရေးကို ပိုမိုထိရောက်အောင်မြင်စွာဆောင်ရွက်သွားနိုင်ရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၄၀/၉၆) ဖြင့် အားကစားဝန်ကြီးဌာနအဖြစ် တိုးမြှင့်ဖွဲ့စည်းခဲ့ပြီး ဝန်ကြီးအဖြစ် ဗိုလ်မှူးချုပ်စိန်ဝင်းအား ခန့်အပ်တာဝန် ပေးအပ်ကာ အားကစားဝန်ကြီးရုံးအား ဖွဲ့စည်းဆောင်ရွက်စေခဲ့သည်။

၁၉၉၉ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက်နေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ ကြေငြာချက်အမှတ် (၃/၉၉)ဖြင့် ဗိုလ်မှူးချုပ် သူရအေးမြင့်ကို အားကစားဝန်ကြီးဌာန ဝန်ကြီးအဖြစ်

ပြောင်းလဲ ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီး ၂၀၁၁ ခုနှစ်၊ ဇူလိုင် (၃၀)ရက်နေ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာ စာအမှတ် (၁၈/၂၀၁၁)ဖြင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဦးတင့်ဆန်းက ယနေ့တိုင် တာဝန်ယူဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်နှင့် ပြည်သူတို့ကို ကိုယ်စားပြု သည့် အစိုးရအဖွဲ့အဖြစ် နိုင်ငံတော်၏ အားကစားအဆင့်တန်းတိုးတက်မြင့်မားရေးနှင့် ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေးတို့အတွက် အစွမ်းကုန် ကြိုးစား ဆောင်ရွက်လျက်ရှိပါသည်။

အားကစားဝန်ကြီးဌာနအနေဖြင့် ၁၉၉၆ ခုနှစ် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် အချိန်မှစ၍ ရည်ရွယ်ချက် (၃)ရပ်၊ တာဝန်ကြီး (၄)ရပ် ချမှတ်ထားသည့် အဓိကတာဝန် (၅)ရပ်၊ မူဝါဒ (၃)ရပ်နှင့် ရှေ့လုပ်ငန်းစဉ် (၁၀)ရပ်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ -

(က) အားကစားဝန်ကြီးဌာန ဖွဲ့စည်းရခြင်းရည်ရွယ်ချက် (၃)ရပ်အဖြစ်

(၁) မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်

(၂) နိုင်ငံတကာအားကစားများတွင် အဆင့်မီ အရည်အသွေးရှိသော ထူးချွန်အောင်မြင်သည့် အားကစားသမားများ ပေါ်ထွက်လာစေရန်

(၃) နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် မြန်မာ့အားကစား အောင်မြင်မှု ရရှိရန်

(ခ) နိုင်ငံတော်မှအားကစားဝန်ကြီးဌာနသို့ ပေးအပ်ထားသည့် တာဝန်ကြီး (၄)ရပ်အဖြစ်

(၁) တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး

(၂) မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး

(၃) အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အဆင့်မြင့်မားစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေး

(၄) အရှေ့တောင်အာရှမှ အာရှ၊ အာရှအဆင့်မှ ကမ္ဘာ့အဆင့်အထိ တက်လှမ်းနိုင်အောင် ကြိုးပမ်းရေး

(ဂ) အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသည့် အဓိကတာဝန် (၅)ရပ်အဖြစ်

(၁) လူရွေးချယ်ရေး

(၂) ကစားကွင်း/ကစားရုံများ ထိန်းသိမ်းရေး

(၃) ပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပရေး

(၄) ဦးစီးဌာနမှ ကျင်းပသည့် ပြည်နယ်/တိုင်း အားကစားပြိုင်ပွဲများ အတတ်နိုင်ဆုံး မပျက်မကွက် ပါဝင်ယှဉ်ပြိုင်ရေး

(၅) စည်းကမ်းကောင်းမွန်ပြီး အရည်အချင်းမြင့်မားရေး

(ဃ) **အားကစားဝန်ကြီးဌာန၏ အားကစားဆိုင်ရာမူဝါဒ (၃)ရပ်အဖြစ်**

(၁) မြန်မာ့အားကစားကမ္ဘာကိုတက်လှမ်းရမည်

(၂) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအားကစား လှုပ်ရှားမှုများ ကို တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး စိတ်ပါဝင်စားစွာဖြင့် ပါဝင် လှုပ်ရှားကြရမည် (Mass Sports)

(၃) နိုင်ငံတကာအလယ်၌ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားနည်းဖြင့် မြှင့်တင်နိုင်မည့် ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် အားကစား သမား လူရည်ချွန်များ မွေးထုတ်ရမည် (Excellent Sports)

(င) **အားကစားဝန်ကြီးဌာန၏ ရှေ့လုပ်ငန်းစဉ် (၁၀)ရပ်**

(၁) အားကစားကို အခြေခိုင်မာလာစေရေးအတွက် အားကစားနှင့်ပညာရေးကို ထိထိမိမိ ပေါင်းစည်းဆက်စပ်ဆောင်ရွက်သွားရန်၊ အားကစားနှင့် ကာယ ပညာသိပ္ပံတွင် အားကစားနှင့် ပညာရေး ပေါင်းစပ်၍ ပြိုင်တူသင်ကြား ပေးမှုအစီအစဉ်ကို ဆောင်ရွက်သွားရန်နှင့် ပြည်သူတစ်ရပ်လုံး ပါဝင်လှုပ်ရှား သည့် လူထုအားကစား (Mass Sports)ကို မြှင့်တင်ဆောင်ရွက်သွားရန်

(၂) အားကစားသမားများ ရွေးချယ်မှုကို တိတိကျကျမှန်မှန်ကန်ကန် ရွေးချယ် သွားရန်

(၃) အားကစားသမားများအား ခေတ်မီတိုးတက်သည့် အားကစားနည်းစနစ် များဖြင့် ထိထိရောက်ရောက် လေ့ကျင့်သင်ကြားပေးသွားရန်

(၄) အားကစားပစ္စည်းများ ပြည့်ပြည့်စုံစုံ ရရှိနိုင်ရေး ဆောင်ရွက်ပေးရန်

(၅) အားကစားကွင်း/အားကစားရုံများအား အဆင့်မြှင့်၍ ပြင်ဆင်မွမ်းမံ ထိန်းသိမ်း သွားရန်နှင့် အားကစားကွင်း/အားကစားရုံအသစ်များ တိုးချဲ့တည်ဆောက် သွားရန်

(၆) အားကစားလေ့ကျင့်ရေးစခန်းများ တိုးချဲ့တည်ဆောက်သွားရန်

(၇) အားကစားသုတေသနလုပ်ငန်းအား ကျယ်ကျယ်ပြန့်ပြန့် ထိထိ ရောက်ရောက် ဆောင်ရွက်သွားရန်

(၈) အားကစားပြိုင်ပွဲများတွင် အတွေ့အကြုံ တိုးတက်ရရှိစေရေးအတွက် ပြည်တွင်း အားကစားပြိုင်ပွဲများ ဆက်တိုက် ကျင်းပပေးရန်နှင့် ပြည်ပအားကစားပြိုင်ပွဲ များသို့ စေလွှတ်ယှဉ်ပြိုင်စေရန်

(၉) အားကစားလုပ်ငန်းကို စီးပွားရေးလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက အားတက်သရော ပါဝင်ကူညီရေးနှင့်အားကစားပရိသတ်က အဆင့်အတန်းမြင့်မြင့် အားပေးတတ်လာစေရေး စည်းရုံးဆောင်ရွက်သွားရန်

(၁၀) အားကစားသမားများ၏ ဘဝနောင်ရေး အဆင်ပြေစေရေးအတွက် စီမံဆောင်ရွက်သွားရန်တို့ဖြစ်ပါသည်။

ယနေ့ခေတ်တွင် နိုင်ငံတစ်နိုင်ငံ၏ အားကစားဖွံ့ဖြိုးတိုးတက်မှု၊ အားကစားအဆင့်အတန်းမြင့်မားမှုတို့သည် အဆိုပါနိုင်ငံ၏ ကြွယ်ဝချမ်းသာမှု၊ အုပ်ချုပ်ထောက်ပံ့နိုင်မှု၊ နိုင်ငံသားလုပ်ငန်းရှင်များ၏ အားကစားအပေါ် စိတ်ပါဝင်စား ချီးမြှောက်မှု၊ ပြည်သူများ၏ အားကစားဝါသနာကြီးမားမှုနှင့် အားကစားလှုပ်ရှားမှုများတွင် တစ်ခဲနက်လှုပ်ရှားပါဝင်မှုများနှင့် တိုက်ရိုက် အချိုးကျလျက်ရှိပြီး၊ ဖြည့်ဆည်းဆောင်ရွက်နိုင်သော နိုင်ငံများအနေဖြင့် နိုင်ငံတကာ အားကစားကဏ္ဍတွင် ရှေ့တန်းသို့ ရောက်ရှိကာ အဆင့်မြင့်မြင့် ရပ်တည်လျက်ရှိပေသည်။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့်လည်း အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်း၊ အားကစားအဆင့်အတန်း မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာ ကိုမြင့်မားစေခြင်း ဖြစ်သည်ဟု ခံယူလျက် အဆိုပါ လိုအပ်ချက်များအပေါ် ခေတ်အခါအလိုက် လက်လှမ်းမီသလောက် ဆောင်ရွက်ခဲ့ရာ ယနေ့ ဒီမိုကရေစီခေတ်သစ်ကြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မည်သည့်ခေတ်ကာလ အစိုးရလက်ထက်တွင်မျှ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည့် အားကစားလုပ်ငန်းဆောင်ရွက်မှု များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အဓိကဖြစ်သော ပြည်သူတစ်ရပ်လုံးအားကစားလှုပ်ရှားမှုများတွင် ပါဝင်ဆင်နွှဲရန် (Mass Sports)ကို ဦးစားပေးဆောင်ရွက်လျက် ရှိပါသည်။

အားကစားဝန်ကြီးဌာန အနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှု၊ မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုတို့ကို ခံယူကာ မြန်မာ့အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေး၊ မြန်မာ့အားကစား အရှေ့တောင်အာရှမှအာရှ၊ အာရှမှ ကမ္ဘာ့အဆင့်အထိ တက်လှမ်းအောင်မြင်ရေးတို့အတွက် ရေတို၊ ရေရှည် စီမံချက်များ ဆောင်ရွက်လျက်ရှိရာ ရေတိုစီမံချက်အဖြစ် မြန်မာ့အားကစားသမိုင်းတွင် ၁၉၆၉ခုနှစ် တွင် အိမ်ရှင်အဖြစ် နောက်ဆုံးကျင်းပခဲ့ပြီး (၄၄)နှစ်အကြာ ၂၀၁၃ခုနှစ်မှ အိမ်ရှင်အဖြစ်ပြန်လည်လက်ခံကျင်းပနိုင်ခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ဒီဇင်ဘာ(၁၁)ရက်နေ့မှ (၂၂)ရက်နေ့အထိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နေပြည်တော်မြို့တော်ကြီးတွင် ခမ်းနားထည်ဝါ အောင်မြင်စွာကျင်းပပြုလုပ် ပေးနိုင်ခဲ့ပြီး မြန်မာအသင်းမှာလည်း နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုအရ ဒုတိယအဆင့်တွင် ရပ်တည်နိုင်ခဲ့ပါသည်။ ဤပြိုင်ပွဲကြီးမှာ နိုင်ငံတကာအားကစားလောကတွင် မြန်မာကို ကမ္ဘာကသိစေရန် ဆောင်ကျဉ်းပေးနိုင်ခဲ့သည့် အောင်မြင်မှုကြီးတစ်ခုဖြစ်ခဲ့ရာ နိုင်ငံတော်နှင့် အားကစားဝန်ကြီးဌာနအပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြန်မာပြည်သူပြည်သားများ၏ စည်းရုံးညီညာသည့် အောင်ပွဲ ဟုပင် ခေါ်ဆိုနိုင်ပေသည်။

ထို့အပြင် (၂)နှစ်တစ်ကြိမ် ကျင်းပလျက်ရှိသော အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများအတွက် -

(၁) ရေတိုလေ့ကျင့်ပေးကာ အလားအလာရှိသော ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်နိုင်မည့် ပါရမီရှင် မျိုးဆက်သစ် အားကစားသမားများ ရှာဖွေ ရွေးချယ် ခေါ်ယူလေ့ကျင့်ပေးခြင်း

(၂) ပြည်တွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ပေါင်းစုံ ပြိုင်ပွဲများကျင်းပပေးကာ လူရွေးချယ် ခြင်း၊ လေ့ကျင့်ပေးခြင်း

(၃) လေ့ကျင့်ရေး ကွင်း/ရုံများ အသစ်တည်ဆောက်ခြင်း၊ အဟောင်း ပြုပြင် မြှင့်တင်ခြင်းနှင့် လေ့ကျင့်ရေး Centerများဖွင့်လှစ်လေ့ကျင့်ပေးခြင်း

(၄) Pre SEA GAMES ပြိုင်ပွဲများ၊ နိုင်ငံတကာ ဖိတ်ခေါ်အားကစားပြိုင်ပွဲများ ကျင်းပ ပေးခြင်း

(၅) ပြည်ပကျွမ်းကျင်နည်းပြများ ငှားရမ်းလေ့ကျင့်စေခြင်း

(၆) ပြည်ပနိုင်ငံများသို့ Joint Trainingစေလွှတ်လေ့ကျင့်စေခြင်း

(၇) အားကစားနည်းပြ၊ ဒိုင်ဂျူရီများအား သင်တန်းပေးခြင်း၊ နိုင်ငံတကာ သင်တန်း များစေလွှတ်ခြင်းများအား ရေတိုစီမံချက်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

ထိုရေတိုစီမံကိန်းများအပြင် နိုင်ငံတစ်နိုင်ငံ၏ အားကစားကဏ္ဍကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ ပြည်သူလူထုအတွက် အားကစားကို အခြေခံသောစိတ်ဓါတ်(တစ်နည်း) အားကစားစိတ်ဓါတ်များ ပြန့်ပွားကာ နိုင်ငံတော်တည်ဆောက်ရေး၊ လူမှုဆက်ဆံရေး ကဏ္ဍများ၊ တိုးတက်ထွန်းကား ဖွံ့ဖြိုးလာစေခြင်း၊ နိုင်ငံတကာအလည်တွင် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်နိုင်စေခြင်း အစရှိသည့် အကျိုးကျေးဇူးများရရှိစေရာ မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့်အညီ အောက်ပါရေရှည်စီမံချက်များကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိပါသည် -

(၁) တစ်မျိုးသားလုံး ကျန်းမာ၊ ကြံ့ခိုင်ရေးအတွက် ပြည်သူတစ်ရပ်လုံးပါဝင် လှုပ်ရှားလာသော လူထုအားကစားကဏ္ဍ တိုးမြှင့် ဆောင်ရွက်ခြင်း

(၂) အားကစားကွင်း/ရုံများ၊ အားကစားလေ့ကျင့်ရေးစခန်းများ တိုးချဲ့ တည်ဆောက် ခြင်း၊ ပြုပြင်မွမ်းမံခြင်း

(၃) ခေတ်မီလေ့ကျင့်ရေး အထောက်အကူပြု ပစ္စည်းများ ပံ့ပိုးတပ်ဆင်ပေးခြင်း

(၄) နည်းပြကောင်း/ ဒိုင်ဂျူရီကောင်းများ ထွက်ပေါ်လာစေရန် သင်တန်းများ ပို့ချပေးခြင်း

(၅) နွေ/မိုး/ဆောင်း ရာသီအလိုက် အခြေခံအားကစားသင်တန်းများ ဖွင့်လှစ် သင်ကြားပေးခြင်း

(၆) ကျေးရွာ၊ မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်/တိုင်း အဆင့် အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း၊ ရွေးချယ်ခြင်း၊ လေ့ကျင့်ပေးခြင်း

(၇) ဒေသအလိုက် အားကစားလေ့ကျင့်ရေးကျောင်းများ၊ အားကစား အကယ်ဒမီများ၊ အားကစားနှင့် ကာယပညာ(သိပ္ပံ)များ ဖွင့်လှစ်သင်ကြား ပေးခြင်း

(၈) အားကစားသရုပ်ပြပွဲများ၊ ပညာပေးဟောပြောပွဲများကျင်းပပြုလုပ်ပေးခြင်း

(၉) အားကစားသုတေသန လုပ်ငန်းများ အဆင့်မြှင့်ဆောင်ရွက်စေခြင်း

(၁၀) အားကစားနှင့် ပညာရေးပေါင်းစပ် လေ့ကျင့်ရေးအစီအစဉ်များ ရေးဆွဲ ခြင်း၊ ဖွင့်လှစ်သင်ကြားပေးခြင်း

(၁၁) အားကစားလုပ်ငန်းများတွင် စီးပွားရေးလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပြည်သူတစ်ရပ်လုံး အားတက်သရော ပါဝင်ကူညီရေး နှင့် အားကစားပရိသတ်အဆင့်အတန်းမြင့်မြင့် အားပေးတတ်လာစေရေး စည်းရုံး ဆောင်ရွက်ရန်

(၁၂) နိုင်ငံ့ဂုဏ်ဆောင်အောင်နိုင်ဆု ရရှိသူများကို ထိုက်တန်သည့် ဆုကြေး ငွေများ ချီးမြှင့်ကာ အားကစားသမားများ၏ ဘဝနောင်ရေး အဆင်ပြေ စေရေး စီမံဆောင်ရွက်ရန်

(၁၃) နိုင်ငံတစ်ဝှမ်း နယ်မြေအနှံ့မှ ထူးချွန်ထက်မြက်သော မျိုးဆက်သစ် (သွေးသစ်) အားကစားသမားများအား စနစ်တကျ ရွေးချယ်ရေး၊ စနစ်တကျ လေ့ကျင့်ရေး တို့ကို သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များနှင့် ပေါင်းစပ် ဆောင်ရွက်သွားရန်

(၁၄) အားကစားဝန်ကြီးဌာနနှင့် အားကစားအဖွဲ့ချုပ် အသီးသီးတွင် တွဲဖက် ထားကြသည့် နိုင်ငံဝန်ထမ်းများအား အရည်အသွေးတိုးတက်မြင့်မားရေး လေ့ကျင့် ပျိုးထောင်ပေးရန်

(၁၅) နိုင်ငံတကာ အားကစားအဖွဲ့အစည်းများနှင့် ဆက်သွယ်ကာ ခေတ်နှင့်အညီ ပြောင်းလဲနေသည့် အားကစားနည်းစနစ်များ၊ ပြိုင်ပွဲ ဥပဒေများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှတဆင့် အားကစား အဖွဲ့ချုပ် အသီးသီးသို့လည်းကောင်း၊ အားကစားအဖွဲ့ချုပ်အသီးသီးမှ သက်ဆိုင်ရာ

မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်း အသီးသီးသို့လည်းကောင်း အချိန်နှင့် တစ်ပြေးညီ ဖြန့်ဝေအသိပေးလိုက်နာ ကျင့်သုံးစေရန်

(၁၆) ပြည်သူများနှင့် လူရွယ်များ အားကစားနည်းအလိုက် အားကစားကို စိတ်ပါဝင်စား လာစေရေး၊ နည်းဥပဒေ၊ နည်းစနစ်များ ဗဟုသုတများ သိရှိရေး၊ အားကစား အောင်နိုင်မှုအပေါ်၊ အတုယူစိတ်များ နိုးကြား တက်ကြွ လာစေရေးတို့အတွက် စိတ်ဓာတ်မြှင့်တင်ရေးခန်းမ (အားကစား ပြတိုက်) ဖွင့်လှစ်ထားရှိရေး

(၁၇) အားကစားနှင့် ဆေးပညာကဏ္ဍတိုးမြှင့် ဖော်ဆောင်ခြင်း

(၁၈) အားကစားနှင့် စိတ်ပညာကဏ္ဍ တိုးမြှင့်ဖော်ဆောင်ခြင်း

(၁၉) သက်ဆိုင်ရာ ကဏ္ဍအလိုက် ကျွမ်းကျင်သူများ ခန့်အပ်ခြင်း၊ သင်တန်းပေး လေ့ကျင့်ပေးခြင်း၊ ပြည်ပသင်တန်းစေလွှတ်ခြင်း၊ ဉာဏ်သစ်လောင်း သင်တန်း များ ဖွင့်လှစ်ပို့ချခြင်း

(၂၀) မြို့နယ်၊ ခရိုင်၊ တိုင်း/ပြည်နယ် အဆင့်မှ နိုင်ငံ့လက်ရွေးစင်အဆင့်အထိ အဆင့်ဆင့်ရွေးချယ် လေ့ကျင့်ပေးနိုင်ရေး၊ အားကစားသမားများကို အဆင့် အလိုက် ရွေးချယ်လေ့ကျင့်ပေးခြင်းနှင့် လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခြင်း

(၂၁) အားကစားတိုးမြှင့် ဆောင်ရွက်ရာတွင် ခေတ်ပညာတတ်အားကစား သမားများ လိုအပ်လျက်ရှိရာ အားကစားနှင့် ပညာရေးပေါင်းစပ် လေ့ကျင့် သင်ကြားရေး ကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အထက်တန်းပညာ အောင်မြင်သူများကို ဆက်လက်၍ အားကစားနှင့် ပညာရေးပေါင်းစပ် လေ့ကျင့်ရေး တက္ကသိုလ်များ၌ ဆက်လက်တက်ရောက်စေကာ BSC (Sports) ဘွဲ့ချီးမြှင့်ခြင်း၊ အားကစားတက္ကသိုလ်တစ်ခုအဖြစ် သီးခြား ဖွင့်လှစ်ကာ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရေး နှင့် အတတ်ပညာရှင်များ ပေါ်ထွက်လာစေရေးဆောင်ရွက်ခြင်း

(၂၂) တ နိုင်ငံလုံး အားကစားကို တစ်ပြေးညီ စိတ်ပါဝင်စားလာစေရေးအတွက် နိုင်ငံတစ်ဝန်းရှိ မြို့နယ်ပေါင်း (၃၃၅)မြို့နယ်တွင် TSDP ခေါ် Township Sports Development Programmee များရေးဆွဲကာ ဦးစီးပေးအဆင့် အလိုက် မြှင့်တင်ဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ အားကစားဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ အားကစားကဏ္ဍ တိုးတက်မြှင့်မား လာစေရေး အတွက် အထက်ဖော်ပြပါ ရေတို၊ ရေရှည်စီမံချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ကျေးလက်တောရွာ အဆင့်အထိ ကျယ်ပြန့်စွာ စည်းရုံးလှုပ်ရှားပါဝင်နိုင်စေမှု၊ ငွေကြေးကုန်ကျခံနိုင်မှု၊

အချိန်ယူဆောင်ရွက်ရမှု၊ နိုင်ငံသူ နိုင်ငံသားများ၏ စားဝတ်နေရေးဖူလုံမှု အစရှိသည်တို့အပေါ် မှီတည်ကာ သိမ်မွေ့နက်နဲလှသဖြင့် မိမိဝန်ကြီးဌာန တစ်ခုတည်း၏ အင်အား၊ လုပ်ကိုင်နိုင်စွမ်းရည်တစ်ခုတည်းဖြင့် မလုံလောက်နိုင်ဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကဏ္ဍအသီးသီးမှ လူထုလူတန်းစားအလွှာအားလုံးနှင့် ပြည်သူလူထုတစ်ရပ်လုံးမှ အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ် အစဉ်တစိုက် ခံယူကျင့်သုံး ပါဝင်လှုပ်ရှားအားပေး ကူညီနေမှသာလျှင် တစ်သောင်းမှ တစ်ထောင်၊ တစ်ထောင်မှ တစ်ရာ၊ တစ်ရာမှ တစ်ယောက်ဟူသော Mass Sports To Excellence Sports အဖြစ်အားကစား လူရည်ချွန်များ မွေးမြူဖော်ထုတ်နိုင်ကာ လုံလောက်သော အချိန်ကာလတစ်ခုအတွင်း အားကစားနှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ဆက်လက်မြှင့်တင်နိုင်စေမည်ဖြစ်ပါကြောင်း အသိပေးတင်ပြလိုက်ရပေသည်။

ဤဆောင်းပါးသည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် နှစ်သိမ့်ဆု - ၁ ရရှိသည့် ဆောင်းပါးရှင် ထွေးကိုကို ၏ ဆောင်းပါး ဖြစ်ပါသည်။

"စဉ်ဆက်မပြတ်ဖွံ့ဖြိုးအောင် အားကစားကဏ္ဍစွမ်းအားရလဒ်ဆောင်"

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုမျက်နှာစာပေါ်တွင် စဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ဟူသောစကားရပ်သည် လူတိုင်းပါးစပ်ဖျားတွင် အထူးရေပန်းစား လာပါသည်။ တစ်နည်းအားဖြင့် လူသားတွေရဲ့ တိုးတက်မှုကို သဘာဝတရားနဲ့ သဟဇာတညီမျှစွာဖြင့် ကဏ္ဍပေါင်းစုံ အချိုးကျကျ ဖွံ့ဖြိုးတိုးတက်စေရန် အနာဂတ်ကမ္ဘာကြီးအတွက် ဘယ်လိုရှေ့ဆက်သွားမလဲ ဟူသော အဓိပ္ပါယ်ပင်ဖြစ်သည်။ **လက်ရှိ ၂၁ ရာစုတွင် စစ်မှန်ပြီး ပြီးပြည့်စုံသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို မြင်တွေ့လိုလျှင် တစ်မျိုးသားလုံး ၏ ကျန်းမာကြံ့ခိုင်ရေးကို အဓိကပုံဖော်ထုဆစ်ပေးမည့် အားကစားကဏ္ဍမြှင့်တင်ရေးသည် ဦးစားပေးကဏ္ဍ တစ်ရပ်အနေဖြင့်** လိုအပ်လာပါသည်။ မျက်မှောက်ခေတ်တွင် အားကစားသည် အနာဂတ်မျိုးဆက်တို့၏ ဘက်စုံ ကဏ္ဍပေါင်းစုံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် ပေါင်းကူးတံတားတစ်ခုဖြစ်ခြင်း၊ အားကစားဖြင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုအတွက် သံတမန်လမ်းကြောင်းတစ်ခုအသွင် ပေါင်းစပ်ပေးနိုင်ခြင်း၊ အားကစား လှုပ်ရှားမှုများသည် ပြည်သူများကျန်းမာကြံ့ခိုင်ရေးနှင့် စည်းလုံးညီညွတ်မှုအသွင်ကို ဆောင်နိုင်ခြင်း တို့အပြင် အားကစားကို မြှင့်တင်ခြင်းမှသည် နိုင်ငံ့ပုံရိပ်၊ နိုင်ငံ့ဂုဏ်သိက္ခာ၊ နိုင်ငံ့အဆင့်အတန်း၊ နိုင်ငံ့အရည်အသွေးများ ပိုမိုကောင်းမွန်လာ မည်ဖြစ်သည်။ သို့ပါ၍ ပြည်သူတစ်ရပ်လုံးမှ အားကစားကဏ္ဍမြှင့်တင်ခြင်းကို အမျိုးသားရေး အသွင်တစ်ရပ်အနေဖြင့် ဘက်စုံထောင့်စုံမှ ဝိုင်းဝန်းပါဝင် ဆောင်ရွက်ပေးဖို့ လိုအပ်လာပြီး ရရှိလာမည့် အဆိုပါစွမ်းအားရလဒ်များမှတစ်ဆင့် နိုင်ငံတော်၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွန်အားတစ်ရပ်ကို ရရှိစေမည်ဖြစ်ပါသည်။

နိုင်ငံတော်မှ အားကစားဝန်ကြီးဌာနသို့ အားကစားကဏ္ဍ စွမ်းအားရလဒ်များ ကောင်းမွန်စေရေး အတွက် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ မြန်မာ့အားကစား အဆင့်အတန်းတိုးတက်မြင့်မားရေး၊ အရှေ့တောင်အာရှ အဆင့်တွင် အောင်မြင်မှုရရှိရေး၊ အရှေ့တောင်အာရှမှသည် အာရှ၊ အာရှမှ ကမ္ဘာ့အဆင့်အထိ တက်လှမ်းနိုင် အောင်ကြိုးပမ်းရေးဟူသည့် တာဝန်ကြီး(၄)ရပ်ကို ပေးအပ်ထားရာ ထိုရည်မှန်းချက်များ အောင်မြင်ရန်အတွက် **အခြေခံအုတ်မြစ်ဖြစ်သည့် လူထုအားကစား လှုပ်ရှားမှုများကို** ပြည်သူလူထု၏ ရင်ထဲအသည်းထဲအထိ ရောက်ရှိ အောင် ဆောင်ရွက်ပေးရမည်ပင်ဖြစ်သည်။ လူထုအားကစားလှုပ်ရှားမှုများနှင့် တစ်မျိုးသားလုံး၏ကျန်းမာကြံ့ခိုင် ရေးသည် "**ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ**" ဆိုသလိုအပြန်အလှန်ဆက်နွယ်နေပါသဖြင့် နိုင်ငံတော်၏စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရေစီးကြောင်းတွင် "**အေးအတူ ပူအမျှ**"၊ "**အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ**" လိုက်ပါကြမည့် ပြည်သူလူထုတစ်ရပ်လုံး၏ **ကျန်းမာကြံ့ခိုင်စေရေးအတွက်** နိုင်ငံတော်အနေဖြင့် အားကစားဆိုင်ရာမူဝါဒများကို ချမှတ်ကာ လူတစ်စု အားကစားမှ လူထုအားကစား (Mass Sports)၊ လူထုအားကစား (Mass Sports)မှ ကျွမ်းကျင်သော အားကစား (Excellent Sports) ဖြစ်လာစေရေးတို့ကိုရည်ရွယ်ကာ အားကစားဝန်ကြီးဌာနမှ ဦးဆောင်၍ **အားကစားလုပ်ငန်းများကို တစ်မျိုးသားလုံး လူထုလှုပ်ရှားမှုအသွင် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ အားကစားကို ပြည်သူလူထုအတွင်း စိတ်ပါဝင်စားလာစေရန်** ဟူသောရည်ရွယ်ချက်များဖြင့် လူထုအားကစား လှုပ်ရှားမှုများကို နိုင်ငံတစ်ဝှမ်းလုံး၌ အရှိန်အဟုန်မြှင့် ကျင်းပပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ လူထုအားကစားလှုပ်ရှားမှုများ၏ ပုံရိပ်များကို လေ့လာရလျှင် ၁၉၆၄ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည် မြန်မာနိုင်ငံအားကစားနှင့်ကာယပညာကော်မတီမှ ဦးဆောင်၍ လူထုအားကစား လှုပ်ရှားမှုများကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်နိုင်မှုကြောင့် ၁၉၇၀ ခုနှစ်ဝန်းကျင်ခန့်တွင် မြန်မာ့အားကစားအဆင့်အတန်းသည် အရှေ့တောင်အာရှတွင်သာမက အာရှအဆင့် အိုလံပစ်အဆင့်

အထိပါ ရွှေရောင်လွှမ်းမိုးခဲ့ပါသည်။ သာဓကအနေဖြင့် မြန်မာ့ဘောလုံးအသင်းသည် ကျွန်းဆွယ်အားကစားပြိုင်ပွဲ (၁၉၆၇၊ ၁၉၆၉၊ ၁၉၇၁၊ ၁၉၇၃) ခုနှစ်များတွင် လေးနှစ်ဆက်တိုက် ရွှေထီးဆောင်းနိုင်ခဲ့ပြီး အာရှအဆင့်တွင် ၁၉၆၆ ခုနှစ်နှင့် ၁၉၇၀ ပြည့်နှစ် များတွင် ချန်ပီယံ(၂)ကြိမ်ရရှိခဲ့ပါသည်။ ပြေးခုန်ပစ်မှ မခင်ပု၊ ဂျင်မီဂရေတန်၊ သန်းသန်း၊ ဂျင်နီဖာတင်လေး၊ မြင့်အောင်(ကျွမ်းဘား)၊ နန္ဒကျော်စွာ(ရေကူး) စသဖြင့် ထူးချွန်သူများမွေးထုတ်ပေးနိုင်ခဲ့သည်။ ၁၉၇၀ ခုနှစ် နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် လူထုအားကစားလှုပ်ရှားမှုများ နည်းပါးလာ သည့်အတွက် မြန်မာ့ အားကစားအဆင့်အတန်းသည် တဖြည်းဖြည်းကျဆင်းလာခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်မှ စတင်ဖွဲ့စည်းပေးခဲ့သည့် အားကစားဝန်ကြီးဌာနမှ ဦးဆောင်၍ ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လှုပ်ရှားသည့် **လူထုအားကစားကို လူထုလှုပ်ရှားမှုအသွင် ပြန်လည်၍ မြှင့်တင်ဆောင်ရွက်နိုင်ခဲ့မှုကြောင့်** တစ်နိုင်ငံလုံးတွင် လူထုအားကစားပါဝင်လှုပ်ရှားခဲ့သည့် လူဦးရေမှာ ၁၉၉၈-၁၉၉၉ ခုနှစ်တွင် (၁.၀၃%) ရှိခဲ့ရာမှ ပြည်သူလူထုအပိုင်းမှ တစ်နှစ်ထက်တစ်နှစ် ပိုမိုပါဝင်လှုပ်ရှား လာသည့်အတွက် ၂၀၁၃ ခုနှစ်တွင် (၁၃.၈၂%)အထိ တိုးတက်လာခဲ့သည်မှာ **အားကစား လောက မြှင့်တင်မှု၏ အကျိုးရလဒ်ကောင်းတစ်ခုပင်** ဖြစ်သည်။

အားကစားကို ပြည်သူလူထုအတွင်း စိတ်ပါဝင်စားလာစေရန်အတွက် လူထုအားကစား လှုံ့ဆော်မှုများ အနေဖြင့် လူစည်ကားရာလမ်းဆုံ၊ လမ်းခွများ၌ လူထုအားကစားလ လှုံ့ဆော်သည့် ပိုစတာများ ရေးဆွဲစိုက်ထူခြင်း၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများကို စီမံချက်ရေးဆွဲပြီး စုပေါင်း လမ်းလျှောက်၊ ထုပ်ဆီးတိုး၊ လွန်ဆွဲစသည့် ရိုးရာအားကစားနည်းများအပြင် မာရသွန် အပြေးပြိုင်ပွဲများ၊ ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲများနှင့် ဘတ်စကတ်ဘော ပြိုင်ပွဲများကို ကျင်းပပေးလျက် ရှိပါသည်။ လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူထုလှုပ်ရှားမှု အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲ၊ ရွှင်ပွဲများကို ရပ်ကွက်၊ ကျေးရွာများအဆင့်အထိ တစ်နိုင်ငံလုံး အတိုင်း အတာတစ်ခုအနေဖြင့် နှစ်စဉ် ကျင်းပပေးလျက်ရှိပါသည်။ ထိုလူထုအားကစားလှုပ်ရှားမှုများမှ အခြေခံကာ **လူထု အားကစားလှုပ်ရှားမှု အတက်ကြွဆုံးဆုများကိုလည်း** ချီးမြှင့်ပေးအပ်ခဲ့ပြီး ပြီးခဲ့သည် ၂၀၁၃ ခုနှစ်တွင် ဧရာဝတီ တိုင်းဒေသကြီးမှ ပထမ၊ မကွေးတိုင်းဒေသကြီးမှ ဒုတိယ၊ မွန်ပြည်နယ်မှ တတိယ အသီးသီးရရှိခဲ့ပြီး မြို့နယ် အဆင့်တွင် တောင်ကြီးမြို့နယ်မှ ပထမ၊ မုံရွာမြို့နယ်မှ ဒုတိယနှင့် မြိတ်မြို့နယ်တို့မှ တတိယဆု အသီးသီးရရှိခဲ့ပါသည်။ လူထုအားကစား လှုပ်ရှားမှု လှုံ့ဆော်ရေးကဏ္ဍတွင် အားကစားကလောင်ရှင်သစ်များ ပေါ်ထွက်လာရေးကို ရည်ရွယ်ပြီး ဝတ္ထုတိုပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ဓါတ်ပုံပြိုင်ပွဲများကိုလည်း နှစ်စဉ် ကျင်းပပေးလျက်ရှိပါသည်။ **ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်စေရန်** ပြည်နယ်နှင့်တိုင်း ကြံ့ခိုင်စွမ်းရည်ပြိုင်ပွဲ၊ ပြည်နယ်နှင့်တိုင်း အေရိုးဗစ် ပြိုင်ပွဲများကိုလည်း နှစ်စဉ်ကျင်းပပေးလျက်ရှိပါသည်။ ထို့အပြင် နံနက်တိုင်း မြန်မာ့ ရုပ်မြင်သံကြား အစီအစဉ်မှ **ကျန်းမာဖို့အတူကစားစို့** အစီအစဉ်ကို လည်းကောင်း၊ ရေဒီယိုမှ **စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး အစီအစဉ်** စသည့် အစီအစဉ်ကောင်းများ ကို ထုတ်လွှင့်ပေးလျက်ရှိပါသည်။

ကမ္ဘာပေါ်တွင် **ကိုယ်လက်လှုပ်ရှားမှုမရှိခြင်းကြောင့်** ရရှိသောကျန်းမာရေး ဆိုးကျိုးများနှင့်အတူ တစ်နှစ်လျှင် လူပေါင်း(၅)သန်းကျော် အကြောင်းအမျိုးမျိုးကြောင့် အသက်ဆုံးရှုံးလျက်ရှိသည်ကို လေ့လာ သိရှိရပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ လူသားတိုင်း ကျန်းမာကြံ့ခိုင်ရေးအတွက် ချမှတ်ထားသည့် "ကျန်းမာကြံ့ခိုင် ပြည့်မဏ္ဍိုင် ပါဝင်လှုပ်ရှား လူထုအားကစား"၊ "**အသက်ရှည်ကျန်းမာဖို့ နေ့စဉ် လမ်းလျှောက်ကြပါစို့**" ဟူသော ဆောင်ပုဒ်များအတိုင်း လူထုအားကစားလှုပ်ရှားမှုများတွင် အခြေခံ အကျဆုံးဖြစ်သည့် လမ်းလျှောက်ခြင်းသည် အကောင်းဆုံးသော ငွေကုန်ကြေးကျမရှိသည့် ကျန်းမာရေး အတွက် အားဆေးတစ်ခွက်ဖြစ်သည်နှင့်အညီ အဝလွန်ခြင်း၊ သွေးလည်ပတ်မှုကောင်းမွန်ခြင်း၊

ကြွက်သားများ သန်မာခြင်း၊ အရိုးများသန်မာခြင်း၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ အမျိုးမျိုးသော ကင်ဆာရောဂါတို့ကို ကာကွယ်နိုင်သည့်အတွက် လူတိုင်းကာယသုခ၊ စိတ္တသုခ နှင့် လူမှုရေးသုခများပြည့်စုံ၍ ကျန်းမာကြံ့ခိုင်စေဖို့အတွက် လမ်းမှန်မှန်လျှောက်ပေးဖို့ အထူးလိုအပ်ပါသည်။ လူထုအားကစားအသွင် စုပေါင်းလမ်းလျှောက်ခြင်းဖြင့် စုပေါင်းအားကိုရရှိစေခြင်း၊ စည်းလုံးညီညွတ်မှုအသွင်ကို ဆောင်စေခြင်း၊ ကိုယ်စိတ်နှလုံး ပျော်ရွှင်မှုကို ရရှိစေခြင်းတို့ကြောင့် တစ်နှစ်တာ ကိုယ်လက်လှုပ်ရှားမှု မလုပ်နိုင်သော ပြည်သူလူထုအနေဖြင့် နိုင်ငံတော်၏ ကျန်းမာကြံ့ခိုင်သည့် အင်အားစုကို ပိုမိုခိုင်မာလာစေရန် အတွက် ဒီဇင်ဘာလူထုအားကစားလကိုအခြေခံကာ စုပေါင်းကိုယ်လက်လှုပ်ရှားကြဖို့ တိုက်တွန်းအပ်ပါသည်။

စိမ်းလန်း (Green)၊ သန့်ရှင်း (Clean)၊ ချစ်ကြည်(Friendship) ဆောင်ပုဒ်ချမှတ်၍ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သော လူထုအားကစားအသွင်ဆောင်စေခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးမှသည် နိုင်ငံတကာ အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကျန်းမာကြံ့ခိုင်သန်စွမ်းသော ပြိုင်ပွဲဝင်အားကစားသမားများ၏ ဟန်ပန်၊ ယှဉ်ပြိုင်ခြင်းသာ အဓိကဟူသော ဆောင်ပုဒ်အတိုင်း အားကစားစိတ်ဓါတ် အပြည့်ဖြင့်ယှဉ်ပြိုင်ပုံ၊ ပြည်သူများ အားကစားပြိုင်ပွဲများ အပေါ် အားပေးပုံ၊ နိုင်ငံတော်အကြီး အကဲများ၏အားပေးခြီးမြှောက်ပုံ တို့ကို ထောက်ခြခြင်းဖြင့် ပြည်သူလူထုတစ်ရပ်လုံးအားကစားအပေါ် ချစ်မြတ်နိုးပြီး စိတ်ပါဝင်စားလာခြင်း စသည့်အကျိုးရလဒ်များကို ဤဆီးဂိမ်းကြီးမှ တစ်ဆင့်ပိုမိုရရှိခဲ့ပါသည်။ ထို့အပြင် မြန်မာ လူမျိုးတို့၏ ယဉ်ကျေးသိမ်မွေ့မှု၊ ဖော်ရွေမှု၊ ကူညီစောင့်ရှောက်မှုနှင့် ကိုယ်ကျင့်တရား မြင့်မားမှုများကို ပြသနိုင်ရုံသာမက နိုင်ငံတကာ အားကစားသမားများအနေဖြင့် မြန်မာနိုင်ငံ၏ စိတ်ဝင်စားစရာကောင်းသည့် နေရာများကို လေ့လာခွင့် ရရှိခဲ့သည့်အတွက် နိုင်ငံနှင့် လူမျိုးဂုဏ်ကိုမြှင့်တင်ပေးနိုင်ခဲ့သည့် ကမ္ဘာသိလူထုအားကစားပွဲတော်ကြီး တစ်ရပ်အနေဖြင့် သမိုင်းမော်ကွန်းတင်နိုင်ခဲ့ပါသည်။

ပြီးပြည့်စုံသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မသန်စွမ်းသူများနှင့် အားကစားကဏ္ဍသည် ချန်လှန်၍မရသော အရေးကြီးသည့်လုပ်ငန်းကြီးဖြစ်သည်နှင့်အညီ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကြီးကို ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလတွင် ချစ်ကြည်ရင်းနှီးမှု၊ စုစည်းညီညွတ်မှုနှင့် တန်းတူညီမျှမှု ဟူသောဆောင်ပုဒ်ဖြင့် ကျင်းပပေးခဲ့ပြီးဖြစ်ရာ မသန်ပေမဲ့စွမ်းပါသည် ဟူသည့်စကားအတိုင်း နိုင်ငံတော်အနေဖြင့် ကျန်းမာကြံ့ခိုင်သော မသန်စွမ်းသူတို့ဘဝကို အားကစားဖြင့် မြှင့်တင်အားပေး ခြီးမြှောက်နိုင်ခဲ့ပါသည်။

မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အရေးကြီးဆုံးအပိုင်းမှာ မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရန်ပင်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များအပေါ် လေ့လာကြည့်လျှင် စာပေဘက်အားသာသော ကျောင်းသား အများစုသည် အားကစားအပေါ် စိတ်ဝင်စားမှုနည်းပါးခြင်း၊ အားကစားကို ခုံမင်လိုက် စားသောမျိုးဆက်များသည် စာပေဘက်အားနည်းခြင်းတို့ကို တွေ့မြင်နိုင်ပေသည်။ သို့ပါ၍ အားကစားဟူသည် ကာယခွန်အားနှင့် ဉာဏခွန်အား နှစ်ရပ်စလုံးအပေါ် တိုးတက်စေပါသဖြင့် ပညာရေး နှင့်အားကစားကိုအချိုးမျှတစွာပေါင်းစည်းပေးနိုင်ဖို့ အခြေခံကျောင်းများတွင် အားကစားလှုပ်ရှားမှုများနှင့်ပတ်သက်သော သင်ရိုးညွှန်းတမ်းများထည့်သွင်းရေးဆွဲခြင်း၊ ကျောင်းသားများ ဉာဏ်ရည်ဖွံ့ဖြိုးပြီး ကိုယ်ခန္ဓာကြံ့ခိုင်စေရေးအတွက် အဟာရပြည့်ဝသော အစားအစာများကို လမ်းညွှန်မှုပေးခြင်း၊ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း၊ အားကစားနည်းများကို ကျွမ်းကျင်စွာကစားတတ်ပြီး အားကစားနည်းများ၏ အခြေခံ နည်းစနစ်များကို တတ်ကျွမ်းသော ကာယဆရာ၊ ဆရာမများ ခန့်ထားနိုင်ရေးသည်လည်း လိုအပ်မည်ဖြစ်ပါသည်။

အသက်သွင်းမည်ဖြစ်ရာ မြန်မာ့အားကစား အောင်မြင်မှု အဆင့်အတန်းကို ပြန်လည်ဦးမော့စေမည့် ပြိုင်ပွဲကြီးတစ်ရပ်ဖြစ်လာမည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ မြန်မာ့အားကစားအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်စေရန် **အမျိုးသားအားကစားကော်မတီ** ဥပဒေမူကြမ်း တစ်ရပ်ကို အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များ၊ မသန်စွမ်း အားကစားအဖွဲ့ချုပ်များမှ ကိုယ်စားလှယ်များဖြင့် ရေးဆွဲလျက်ရှိပါသည်။ ဂုဏ်ပြုသင့်သူကို ဂုဏ်ပြုခြင်း သည်လည်း **မင်္ဂလာတစ်ပါး**ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် အားကစားကလောင်ရှင်များအဖွဲ့ချုပ်တို့မှ ပူးပေါင်းပြီး အားကစားနည်းများမှ အထူးချွန်ဆုံးအကောင်းဆုံးအားကစားဆု အမျိုးသား၊ အမျိုးသမီးဆုများကို နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိခြင်း၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံဂုဏ်ဆောင် အားကစားစွမ်းဆောင်ရည်ဆုကို တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ အသင်းအဖွဲ့လိုက် အနေဖြင့်လည်းကောင်း ချီးမြှင့်ပေးခဲ့ခြင်း၊ ကမ္ဘာ့အဆင့်တွင် ဆုတံဆိပ်ရရှိသူများ၊ အာရှအားကစားပြိုင်ပွဲ၊ အာရှတံခွန်စိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ် ၂ ဆု ဆွတ်ခူး ခဲ့သူများနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၄ ဆုနှင့် အထက်ဆွတ်ခူးခဲ့သော အားကစား နည်း(၁၁)မျိုးမှ မြန်မာဂုဏ်ဆောင်အားကစားမောင်မယ် (၄၉)ဦးကို နိုင်ငံတော်မှ အခမ်းအနားတစ်ရပ်ဖြင့် ဂုဏ်ပြုခဲ့ခြင်းတို့သည် **မြန်မာ့အားကစားတိုးတက်လာစေရေးအတွက် ခွန်အားများပင်**ဖြစ်သည်။ ထို့အပြင် ပြည်သူလူထုအတွင်း **အားကစားအပေါ် အမှတ်တရရှိစေရန်နှင့် မျိုးဆက်သစ်များလေးစားအတုယူနိုင်စေရန်** တစ်ခေတ် တစ်ခါက မြန်မာ့အားကစားသမိုင်းတွင် မော်ကွန်းတင်နိုင်ခဲ့သည့် နိုင်ငံဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများအား အားကစားနယ်ပယ်အသီးသီးမှ ကလောင်ရှင်များ၊ ပညာရှင်များမှ စိစစ်ရွေးချယ်မှုနှင့်အတူ ကိုယ်တစ်ပိုင်းပုံ ထုဆစ်၍ **အားကစား မော်ကွန်းပြတိုက်** တွင် ထားရှိမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ အားကစား တိုးတက်အောင်မြင်မှုကို နိုင်ငံတကာ အားကစားပြိုင်ပွဲများ၏ အောင်မြင်မှု များနှင့် စံနှုန်းသတ်မှတ်တိုင်းတာလေ့ရှိပါသည်။ **မြန်မာနိုင်ငံအိုလံပစ်ကော်မတီ**ကို ၁၉၄၆ ခုနှစ်တွင် တရားဝင် ဖွဲ့စည်းခဲ့ပြီး ၁၉၄၇ ခုနှစ် ဇွန်လတွင် **အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ (IOC)** နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ ပါသည်။ **သို့ဖြစ်ပါ၍ ပြည်တွင်းအားကစားပြိုင်ပွဲများ၏ စွမ်းအားရလဒ်များမှတစ်ဆင့် နိုင်ငံတကာအားကစားပြိုင် ပွဲများအောင်မြင်မှုဆီသို့ ဦးတည်ချီတက်ရမည်ဖြစ်ပါသည်။** ပြီးခဲ့သည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်(၈၄)ခုပိုင်ဆိုင်ပြီး နိုင်ငံအလိုက် ဒုတိယနေရာဖြင့် ရပ်တည်ခဲ့သော်လည်း နိုင်ငံတကာနှင့်အိုလံပစ်ပြိုင်ပွဲ များတွင် ထည့်သွင်း ကျင်းပလေ့ရှိသည့်**အားကစားများဖြစ်သည့် ပြေးခုန်ပစ်၊ ဘောလုံး၊ ဘော်လီဘော၊ လက်ဝှေ့၊ အလေးမ၊ ရေကူး** စသည့်အားကစားနည်းများတွင် အောင်မြင်မှုနှင့်တိုးတက်မှုများ လိုအပ်နေပါသေးသည်။

အဆိုပါအားကစားနည်းအချို့၏ သမိုင်းမှတ်တိုင်များကို လေ့လာတင်ပြရလျှင် -

အားကစားကဏ္ဍတစ်ခုလုံး၏မဏ္ဍိုင်ဖြစ်ပြီး နိုင်ငံတကာအားကစားပွဲများတွင် မပါမဖြစ် ပါဝင်သော **"မြန်မြန်ပြေး ဝေးဝေးပစ် မြင့်မြင့်ခုန်"** ဆောင်ပုဒ်နှင့် အကျုံးဝင်သည့် **ပြေးခုန်ပစ်အားကစား**နှင့်ပတ်သက်၍ တင်ပြရလျှင် အရှေ့တောင်အာရှ၊ အာရှပြိုင်ပွဲများတွင် မြန်မာအားကစားလောကတွင် ပြေးခုန်ပစ် အားကစား နည်းသည် အချိန်အတော်ကြာ လွှမ်းမိုးခဲ့ပါသည်။ သာဓကအနေဖြင့် ၁၉၅၉ မှ ၁၉၇၅ ခုနှစ်အထိ အရှေ့တောင် အာရှအားကစားပြိုင်ပွဲများတွင် ရရှိခဲ့သည့်ရွှေတံဆိပ်များအနက် ပြေးခုန်ပစ်အားကစားမှ ရွှေတံဆိပ်အများဆုံး ရရှိခဲ့သည်မှာ အတိတ်ပုံရိပ်မှ ပြေးခုန်ပစ် အောင်မြင်မှု သမိုင်းမှတ်တိုင်များပင်ဖြစ်သည်။ ပြီးခဲ့သည့် ဆယ်စုနှစ်မှစ၍ မြန်မာ့ပြေးခုန်ပစ် အားကစားသည် တဖြည်းဖြည်းကျဆင်းလာခဲ့ပါသည်။ နိုင်ငံတကာ၌ စံချိန်တစ်ခုပြီးတစ်ခု ချိုးနေချိန်တွင် မြန်မာအားကစားသမားများအနေဖြင့် ယခင်စံချိန်များကို မှီရန်မလွယ်ကူ ဖြစ်ခဲ့ရပါသည်။ ပြီးခဲ့ သည့် ဆီးဂိမ်းပြေးခုန်ပစ်ပြိုင်ပွဲများတွင်

လက်ရှိ လူငယ်၊ လူရွယ်များကို အုပ်စုခွဲတင်ပြရလျှင် ပညာရေးကို ရှေ့တန်းတင်ပြီး ကျောင်းမှ ကျူရှင်၊ ကျူရှင်ပြီးလျှင်အနီးကပ်ဆရာစသဖြင့် ပညာရေး သံသရာတွင်တဝဲလည်လည်ဖြစ်နေသည့် ကျောင်းသားအုပ်စုများ၊ ငွေကြေးချမ်းသာပြီး အပျော်အပါးနောက် တကောက်ကောက်ပါလိုက်ပြီး ရည်မှန်းချက်ပန်းတိုင်မရှိ ဘဝရဲ့ဦးတည် ချက်မရှိဘဲ မူးယစ်ဆေးဝါးသုံးစွဲပြီး ထင်တိုင်းကြဲ ပျော်ပါးလျက် ရှိသောလူငယ်များ၊ သမုဒ္ဒရာဝမ်းတထွာ စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေရရှာသည့် လူငယ်များတို့ကြောင့် လူငယ်ထုအတွင်း အားကစားလှုပ်ရှားမှုများ တစ်ဖြည်းဖြည်း ကျဆင်းလာပါသည်။ **အထူးသဖြင့် အဆိုပါမျိုးဆက်သစ်လူငယ်များ၏ ကဏ္ဍအသီးသီး စဉ်ဆက် မပြတ်ဖွံ့ဖြိုးစေရေးအတွက် အတားအဆီးများသဖွယ်ဖြစ်သည့် လူငယ်များအကြား မွှေနှောက်နေရာယူထားသည့် ဆေးလိပ်၊ ကွမ်း၊ အရက်၊ ဘီယာ စသည့် မူးယစ်ဆေးများသုံးစွဲခြင်း၊ ခေတ်နှင့်အညီ တိုးတက်လာသည့် ICT နည်း ပညာများအပေါ် တပ်မက်ခုံမင်မှု၊ ဆင်းရဲ နွမ်းပါးမှု၊ ဂုဏ်တုဂုဏ်ပြိုင်ပညာရေးစနစ် စသည့် ရန်စွယ်အပေါင်းကို နိုင်ငံတော်အတွက် အားထားအရဆုံးမျိုးဆက်သစ်တို့၏ အားကစားလှုပ်ရှားမှုများနှင့်အတူ ကျန်းမာကြံ့ခိုင်ရေး ဟူသည့် စွမ်းအားများဖြင့်ထိန်းချုပ်နိုင်ဖို့လိုအပ်ပါသည်။** သို့မှသာ နိုင်ငံတော်၏ **"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး နှင့် ပညာရည်မြင့်မားရေး"** ဟူသော လူမှုရေးဦးတည်ချက်သည် ပိုမို၍ အသက်ဝင်လာမည် ဖြစ်ပါသည်။

အားကစားဝန်ကြီးဌာနအနေဖြင့် **အားကစားနှင့်ပညာရေးကို အချိုးညီမျှစွာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မျိုးဆက်သစ်အားကစားသမားများ မွေးထုတ် ပေးလျက်ရှိသည့် အား/ကာသိပ္ပံကျောင်းများကို** ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်မြို့များတွင် ဖွင့်လှစ်ထားရှိပြီး တောင်ကြီးမြို့တွင် ဆက်လက်ဖွင့်လှစ် ပေးသွားမည်ဖြစ်သည်။ အား/ကာသိပ္ပံကျောင်းများမှ ထူးချွန်ကျောင်းသားများကို နေပြည်တော်သို့ခေါ်ယူပြီး **အားကစား အကယ်ဒမီအဖြစ်** လေ့ကျင့်စခန်းသွင်း သင်ကြားပေးလျက်ရှိပါသည်။ ပြီးခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲကြီးအတွက် ကြိုတင်ရှာဖွေ စုဆောင်းထားသည့် မျိုးဆက်သစ်အားကစားသမားများကို ဆက်လက်မွေးမြူ လေ့ကျင့် ပေးလျက်ရှိပါသည်။ ၂၀၁၄-၁၅ ခုနှစ် ပညာသင်နှစ်တွင် ရန်ကုန် (ဒဂုံတက္ကသိုလ်)နှင့် မန္တလေး(ရတနာပုံတက္ကသိုလ်)တို့တွင် **အားကစားဘွဲ့** B.A(Sport)နှင့် B.Sc(Sport)တို့ကို ထည့်သွင်းသင်ကြားပေး လျက်ရှိပါသည်။ ဆီးဂိမ်းပြိုင်ပွဲကြီး၏ အကျိုးကျေးဇူးကြောင့် ရရှိခဲ့သည့် အားကစားကွင်း/ရုံများနှင့် အားကစားရွာ ကြီးကို မျိုးဆက်သစ်လူငယ်များ၏ အားကစားရတနာသိုက်တစ်ခုအနေဖြင့်အသုံးချပြီး အားကစားနည်း ၄၀ ခန့်ကို အားကစားနှင့် ပညာရေးပေါင်းစပ်သင်ကြားပေးမည့် **အားကစားတက္ကသိုလ်ကြီးကို** နေပြည်တော်၌ စတင်တည် ဆောက်လျက်ရှိပါသည်။ မြန်မာ့အားကစားအဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက် အာကစားကဏ္ဍများ အချိုးညီမျှစွာဖွံ့ဖြိုးတိုးတက်စေရန် **အများပြည်သူဗဟိုပြု အားကစားလှုပ်ရှားမှု** အသွင်ဖြင့် ပြည်နယ်/တိုင်းဒေသ ကြီး(၁၁)ခုတွင် အားကစားနည်း (၂၈)မျိုးကိုကျင်းပပေးခဲ့ပြီး **မြို့နယ်အဆင့်အားကစားဖွံ့ဖြိုးတိုးတက်ရေး** အတွက် မြို့နယ်များတွင် အားကစားကွင်း/ရုံများ ပြည့်စုံရေးကို ယခုနှစ်မှစ၍ စတင် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေမည့် တတိယအကြိမ်မြောက် **ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ** မာရသွန် ပြိုင်ပွဲကြီးကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ(၁၁)ရက်နေ့တွင် ကျင်းပပေးခဲ့ပြီးဖြစ်သည်။

ထို့အပြင် ၂၀၁၅ ခုနှစ်တွင် စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုပြင်ဆင်မှုနှင့် အနာဂတ်အတွက် အားကစားလူ့ချွန်လူကောင်းများ မွေးထုတ်နိုင်ရန်၊ ပြုစုပျိုးထောင်နိုင်ရန်အတွက် အနှစ်နှစ်အလလ တိမ်မြုပ်နေသည့် **စတုတ္ထအကြိမ် အမျိုးသား အားကစားပွဲတော်ကြီး** ကို အားကစားနည်း ၂၇မျိုး၊ မသန်စွမ်းအားကစားနည်း ၇မျိုးတို့ဖြင့် ပြန်လည်

ပဲ့တင်သံများ၊ နိုင်ငံတော်သီချင်း ဟစ်ကြွေးသံများနှင့်အတူ တစ်ခဲနက်အားပေးမှု၏ အကျိုးရလဒ်များပင်ဖြစ်သည်။ ထို့အပြင် ဆီးဂိမ်းစ်ပြိုင်ပွဲဝင် မြန်မာ ဘောလုံးအားကစားမယ်များအပေါ် သန့်ရှင်းမျှတတဲ့ အားကစားစိတ်ဓာတ်၊ အသင်းလိုက် စည်းလုံးညီညွတ်မှု၊ မခိုမကပ်စတမ်း ကြိုးစားအားထုတ်မှုအပေါ် **နိုင်ငံတော်သမ္မတကြီး၏ ချီးကျူးသဝဏ်လွှာ** သည်လည်း အနာဂတ် မြန်မာ့အမျိုးသမီးထု အတွက် အားကစားနှင့် ပတ်သက်၍ ဂုဏ်ယူဖွယ်အားဆေးတစ်ခွက်ပင် ဖြစ်သည်။

အလေးမအားကစားအနေဖြင့် ကမ္ဘာ့အဆင့်တွင် **ထွန်းမောင်** သည် ၁၉၅၄၊ ၁၉၅၅ ခုနှစ်များတွင် ကြေး တံဆိပ်များရရှိခဲ့ပြီး၊ ၁၉၇၂ခုနှစ် ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ကျင်းပခဲ့သော အိုလံပစ်ပွဲကြီးတွင် **အောင်ကြီး**သည် ကမ္ဘာ့စံချိန်သစ်နှင့် အိုလံပစ်စံချိန်သစ်တို့ တင်နိုင်ခဲ့ဖူးပါသည်။ ပြီးခဲ့သည့် ဆယ်စုနှစ်ခန့်က အမျိုးသမီး အလေးမ အားကစားနည်းသည် အရှေ့တောင်အာရှတွင် ရွှေတံဆိပ်လွှမ်းမိုးခဲ့ပါသော်လည်း ယခုအခါ အလေးမ အားကစားကို စိတ်ဝင်စားသူနည်းပါးလာခြင်း၊ သင်ကြားပြသမည့် မျိုးဆက်သစ် နည်းပြများနှင့် ယှဉ်ပြိုင်ကြမည့် မျိုးဆက်သစ် အားကစားသမားများရှာပါးလာမှုများကြောင့် တဖြည်းဖြည်း အောင်မြင်မှုနှင့်အလှမ်းဝေးလာခဲ့ပါသည်။ **လက်ဝှေ့** အားကစားနည်းတွင် ကျားဘငြိမ်း၊ တင်ထွန်း၊ သိန်းမြင့်ကဲ့သို့ မြန်မာ့လက်ဝှေ့သမားများ ပေါ်ထွက်လာရန်၊ **သေနတ်ပစ်**တွင် ဗိုလ်ကြီးကျော်ရှိန်၊ **ရေကူး**တွင် တင်မောင်နီလို ထူးချွန်သူများ မွေးထုတ်ပေးဖို့ မျှော်လင့်မိပါသည်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အောင်ပွဲအလီလီရရှိထားပြီး၊ တောင်ကိုရီးယားနိုင်ငံ၊ အင်ချွန်းမြို့တွင် ကျင်းပခဲ့သည့်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် (၂)ခု ရရှိခဲ့သည့် ပိုက်ကျော်ခြင်း အားကစားသည် ကမ္ဘာ့နိုင်ငံကြီးများမှ စိတ်ဝင်စားမှု ပိုမိုများပြားလာပြီး အကယ်၍ အိုလံပစ် အားကစားပြိုင်ပွဲများတွင် ထည့်သွင်း ကျင်းပခွင့်ရရှိပါက **ပိုက်ကျော်ခြင်း အားကစားနည်းသည်လည်း ကမ္ဘာ့အဆင့်အထိ တက်လှမ်းနိုင်မည့် အားကစားတစ်ခု** ဖြစ်လာမည်မှာ မလွဲဧကန် အမှန်ပင်ဖြစ်သည်။

သို့ဖြစ်ပါ၍ အားကစားကဏ္ဍမြှင့်တင်နိုင်ရန် ပြီးခဲ့သည့်ဆီးဂိမ်းစ်တွင် အောင်မြင်မှုများ ရရှိခဲ့သည့် ဝူရူး၊ ၂၀၁၃ ခုနှစ်အတွင်း အအောင်မြင်ဆုံး အားကစားအဖွဲ့ဆု ရရှိခဲ့ပြီး လက်ရှိအရှေ့တောင်အာရှတွင် နိုင်ငံတော်အလံကို တလူလူ လွှင့်ထူပေးလျက်ရှိသည့် လှေလှော်အားကစား၊ အာရှအထိ ရွှေတံဆိပ်များ သိမ်းပိုက်ပေးလျက် ရှိသည့် ပိုက်ကျော်ခြင်း အားကစားနည်းများ၏ အောင်မြင်မှုမှတ်တိုင်များ ဆက်လက်ထိန်းသိမ်းထားရန်၊ တစ်ခေတ် တစ်ခါက အောင်မြင်ခဲ့သည့် ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ လက်ဝှေ့၊ အလေးမ၊ ဂျူဒို၊ ရေကူး၊ ရွက်လှေ၊ သေနတ်ပစ် အားကစားနည်းများကို ပြန်လည်မြှင့်တင်ဖို့ လိုအပ်ပြီး၊ အောင်မြင်မှုနှင့်အလှမ်းဝေးနေအုံးမည့် ကြက်တောင်၊ ရေကူး၊ စက်ဘီး၊ ဘတ်စကက်ဘော၊ ဒိုင်ဗင်၊ တင်းနစ်၊ ဂေါက်၊ စားပွဲတင်တင်းနစ်၊ ဖူဆယ်ဘောလုံး၊ နပန်း၊ စစ်တုရင် စသည့် အားကစားနည်းများကိုလည်း ကမ္ဘာ့အဆင့်လိုက်မီဖို့ ယခုအချိန်ကတည်းက နှစ်ဆ သုံးဆမက ပိုမို၍ကြိုတင် ပြင်ဆင် ကြိုးစား လေ့ကျင့်ရမည်ဖြစ်ပါသည်။

အားကစားသမားကောင်းဖြင့် နိုင်ငံဂုဏ်ကို ဆောင်နိုင်သလို အားကစားနည်းများ ဖြင့်လည်း နိုင်ငံဂုဏ်ကို မြှင့်တင်ပေးနိုင်ပါသည်။ ဥပမာများဖြင့်တင်ပြရလျှင် အရှေ့တောင်အာရှနိုင်ငံများဖြစ်သော အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံတို့သည် **ကြက်တောင်ရိုက်** အားကစားနည်းတွင် ကမ္ဘာ့ထိပ်သီးနိုင်ငံများ ဖြစ်သလို ဖိလစ်ပိုင်နိုင်ငံသည် ဘတ်စကက်ဘော၊ **လက်ဝှေ့**၊ စင်ကာပူနိုင်ငံသည် **စားပွဲတင်တင်းနစ်** အားကစားတို့တွင် ကမ္ဘာ့အဆင့်အထိ ဝင်ဆံ့နိုင်သောနိုင်ငံများပင် ဖြစ်သည်။ မြန်မာနိုင်ငံ အိမ်နီးနားချင်း တရုတ်နိုင်ငံသည်လည်း အားကစားနည်း တော်တော်များများတွင် ကမ္ဘာ့အဆင့်အထိ ကြီးစိုးထားနိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ထိုင်းနိုင်ငံသည် ရိုးရာ အားကစားနည်းတစ်ခုဖြစ်သည့် **မွေထိုင်းလက်ဝှေ့**ဖြင့်

ကမ္ဘာကသိသလို ကျွန်တော်တို့ မြန်မာနိုင်ငံအနေဖြင့် ငွေကုန်ကြေးကျ သက်သာသည့် အားကစားနည်း တစ်မျိုးဖြစ်ပြီး ကိုယ်လက်လှုပ်ရှားမှု အဖြစ်သော်လည်းကောင်း၊ ရိုးရာအမွေအနှစ်ကို ထိန်းသိမ်းခြင်း အနေဖြင့်သော်လည်းကောင်း၊ မြို့ပြ ကျေးလက်ပါမကျန် ပြည်သူများပါဝင် ကစားကြဖို့ သင့်တော်သော ရိုးရာအားကစားနည်း တစ်မျိုးဖြစ်သည့် **မြန်မာ့ရိုးရာ ခြင်းလုံးကစားနည်း**ကို ကမ္ဘာက သိအောင် မြှင့်တင်ပေးဖို့လိုအပ်မည်ဖြစ်သည်။ ထို့အပြင် **မြန်မာ့ရိုးရာလက်ဝှေ့**ပြိုင်ပွဲများကိုလည်း သိမ်ဖြူ လက်ဝှေ့အားကစားရုံကို အခြေပြုပြီး အခြားနိုင်ငံများမှ နာမည်ကြီးလက်ဝှေ့သမားများကို ခေါ်ယူ၍ ရိုးရာ လက်ဝှေ့ပြိုင်ပွဲများကို စဉ်ဆက်မပြတ်ကျင်းပလာသည်ကို အားရစရာတွေ့မြင်နိုင်ပေသည်။ **အခြားရိုးရာ ကစားနည်းများဖြစ်သော မြန်မာ့သိုင်း၊ ထုပ်ဆီးထိုး၊ စွန်လွှတ်ခြင်း** စသည့် ကစားနည်းများကိုလည်း မတိမ်ကော မပျောက်ပျယ်စေရေး၊ နောင်လာမည့် ဆီးဂိမ်းပြိုင်ပွဲများတွင် ထည့်သွင်းခွင့် ရရှိရေးတို့အတွက် ပြည်သူတစ်ရပ်လုံးမှ အမျိုးသားရေးအမြင်ရှုထောင့်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းကြိုးပမ်းပေးရန် လိုအပ်ပါသည်။

အားကစားကဏ္ဍစွမ်းအားများရလဒ်များမှ တဆင့် နိုင်ငံတော်၏ လူမှုစီးပွား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စာရေးသူ၏ အပြုသဘောအနေဖြင့် ထင်မြင် သုံးသပ်ချက်များကို တင်ပြရလျှင်

စင်ကာပူနိုင်ငံသည် ရန်ကုန်မြို့လောက်သာရှိသော နိုင်ငံငယ်တစ်နိုင်ငံဖြစ်ပြီး မြေနေရာ ကျဉ်းမြောင်းပြီး လူနေထူထပ်သော်လည်း လူနေရပ်ကွက်တိုင်းတွင် အားကစားနှင့် ပတ်သက်သောကွင်းများ၊ ကလေးတွေကစား နိုင်မဲ့နေရာ၊ လူကြီးလူငယ်မရွေး ကိုယ်လက်လှုပ်ရှား၊ လမ်းလျှောက်၊ အပြေးလေ့ကျင့်မည့် နေရာများကို နေရာတိုင်း တွေ့မြင် နိုင်ပေသည်။ သို့ဖြစ်ပါ၍ **လူထုအားကစားလှုပ်ရှားမှုများအတွက် အခြေခံအဆောက်အဦထားရှိမှု၊ တည်ဆောက်မှုများနှင့်ပတ်သက်၍ စင်ကာပူနိုင်ငံကို လေ့လာအတုယူ** သင့်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျင်းပပေးခဲ့သော အားကစားနည်းများတွင် နီးစပ်ရာ အားကစား သမားများကို ဌားရမ်းခေါ်ယူခြင်းမဟုတ်ပဲ သက်ဆိုင်ရာဒေသမှ ဒေသခံအားကစားများသာ ပါဝင်နိုင်ရေး အတွက် ရပ်ကွက်/ကျေးရွာ၊ မြို့နယ်/ခရိုင်များအလိုက် ပြိုင်ပွဲများကျင်းပပေးပြီး စိစစ်သွားရန် လိုအပ်ပါသည်။ သို့မှသာ **မီးခဲပြာဖုံး** ဖြစ်နေသော **မျိုးဆက်သစ်အားကစားသမားများ**ကို ရှာဖွေဖော်ထုတ် နိုင်မည်ဖြစ်ပါသည်။

တစ်ခေတ်တစ်ခါကလို ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ၊ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများ၊ တပ်မတော် ကြည်း၊ ရေ၊ လေ အားကစားပြိုင်ပွဲများ၊ မသန်စွမ်း အားကစားပြိုင်ပွဲများ ကို စဉ်ဆက်မပြတ် ကျင်းပပေးရန်၊ ယခင် ကျောင်းသား အားကစားပွဲတော်ကျင်းပခဲ့သည့် တိုင်းဒေသကြီး/ပြည်နယ်များရှိ အားကစားကွင်းများကို မွမ်းမံပြင်ဆင်ထိန်းသိမ်းရန်၊ အိုလံပစ်ပြိုင်ပွဲများတွင် ထည့်သွင်းကျင်းပသော အားကစားနည်းများကို အဓိကအနေဖြင့် ပြင်ဆင်လေ့ကျင့်ပေးရန်၊ မြန်မာ့အားကစား လောကအတွက် နည်းပြကောင်းများ မွေးထုတ်ပေးရန်၊ အားကစားဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ စဉ်ဆက်မပြတ်ကျင်းပပေးရန်၊ အိမ်နီးနားချင်းနိုင်ငံများ၊ ကမ္ဘာ့ထိပ် တန်းနိုင်ငံများ၏ အားကစားကဏ္ဍအသီးသီးကို မျက်ခြေမပြတ် စောင့်ကြည့်ရန်နှင့် အားကစားဆိုင်ရာ သတင်း အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်အတွက် အားကစားသမားများ၊ နည်းပြများ အတွက် သတင်းအချက်အလက်နည်းပညာ (ICT) သုံးစွဲမှုများ မြှင့်တင်ပေးသွားရန်၊ အားကစားအဖွဲ့ချုပ်များ၊ အားကစားနည်းပြများ၊ အားကစားသမားများအနေဖြင့် နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာ ဆက်ဆံရေးပညာရပ်နှင့် အင်္ဂလိပ်စာကျွမ်းကျင်မှုကို လေ့လာသွားရန် လိုအပ်ပါသည်။ ထို့အပြင် နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရန် **အားကစားနည်းစနစ်များ**အပြင် **အားကစားစိတ်ပညာ၊ အားကစား ဆေးပညာ၊ အားကစားသုတေသနဆိုင်ရာလုပ်ငန်းများ**ကို တွင်ကျယ်စွာဆောင်ရွက်ဖို့ လိုအပ်လာပါသည်။

ပြိုင်ပွဲဝင် ထိုင်း၊ ဗီယက်နမ်အားကစားသမားများသည် ကြံ့ခိုင်မှု အားကောင်းစွာဖြင့်ယှဉ်ပြိုင်ပြီး ရွှေတံဆိပ်များစွာ သိမ်းကျုံးရယူသွားခဲ့သည်မှာ အတုယူစရာသာဓကများပင်ဖြစ်သည်။ မြန်မာ့ပြေးခုန်ပစ်လောကတွင် တာလတ်၊ တာဝေးအပြေး အားကစားသမားများသာ ထွက်ပေါ်ပြီး တာတို၊ အပစ်နှင့် အခုန်အားကစားသမားများ ရှားပါးခြင်း၊ ပြီးခဲ့သည့်ဆီးဂိမ်းတွင် ရွှေတံဆိပ်တစ်ခုသာ ရရှိခဲ့ခြင်းတို့သည် **အနာဂတ်ပြေးခုန်ပစ်လောကအတွက် ရင်လေးစရာ သာဓကများပင် ဖြစ်သည်။**

စာရေးသူငယ်စဉ်က အတွေ့အကြုံတစ်ခုကို ပြန်လည်ခံစားတင်ပြရလျှင် ဒီဇင်ဘာလ လူထုအားကစား လှုပ်ရှားမှုများမှ ရပ်ကွက်လက်ရွေးစင်များကို ရွေးချယ်ကာ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရပ်ကွက်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပခဲ့ပြီး မြို့နယ်အဆင့်လက်ရွေးစင်များ ရွေးချယ်ခဲ့ပါသည်။ မြို့နယ်ပေါင်းစုံ ပြေးခုန်ပစ် ပြိုင်ပွဲများကို နှစ်စဉ် ဇန်နဝါရီလတွင် ကျင်းပကာ ထိုမှတစ်ဆင့် တိုင်းနှင့်ပြည်နယ်ပြေးခုန်ပစ်ပြိုင်ပွဲများကို ဖေဖော်ဝါရီလတွင် နှစ်စဉ်ကျင်းပပေးနိုင်ခဲ့ပါသည်။ အဆိုပါပြိုင်ပွဲများမှ အဆင့်မီ မျိုးဆက်သစ်အားကစားသမားများကို ဝန်ကြီးဌာနအသီးသီးမှ ရာထူးများ၊ လစာများ၊ အထောက်အပံ့များပေးပြီး ရွေးချယ်ကာ ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးနိုင်ခဲ့ပြီး၊ ဒေသအသီးသီးမှ ရွက်ပုန်းသီးနိုင်ငံဂုဏ်ဆောင် မျိုးဆက်သစ် အားကစားသမားများကို မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ **ဆိုလိုသည်မှာ ပြေးခုန်ပစ် လောကကြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထက်ဖော်ပြပါ အစဉ်အလာကောင်း တစ်ခုကို ပြန်လည်ကျင့်သုံးသင့်ပါသည်။**

ဘော်လီဘောအားကစားနည်းသည် တစ်ခေတ်တစ်ခါက အရှေ့တောင်အာရှဒေသတွင် အောင်မြင်မှုရရှိခဲ့ သော်လည်း ဆီးဂိမ်းပြိုင်ပွဲဆုတံဆိပ်နှင့် ဝေးနေသည်မှာ နှစ်ပေါင်း ၃၀ ကျော်ကြာခဲ့ပြီ ဖြစ်သည်။ အဓိကအနေဖြင့် ယခင် အောင်ဆန်းကွင်းတွင် ကျင်းပမြဲဖြစ်သည့် ပရိသတ်အားပေးမှုရရှိခဲ့သည့် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပွဲများ စဉ်ဆက်မပြတ် ပြန်လည်ကျင်းပပေးသင့်ပါသည်။ မျက်မှောက်ခေတ်တွင် ဘော်လီဘောအားကစားသည် ဆင်းရဲ၊ ချမ်းသာမရွေး လူတန်းစားမရွေး နေရာအနှံ့ ကစားလျက်ရှိသော အားကစားနည်းတစ်ခု ဖြစ်သည်နှင့်အညီ မျိုးဆက်သစ်အားကစားသမားများကို မြို့ပြကျေးလက်မကျန် ရှာဖွေစုဆောင်းကာ နည်းစနစ်မှန်မှန် လေ့ကျင့် ပျိုးထောင်ပေးပါက တိုးတက်လာမည့် အားကစားတစ်ခုအဖြစ် ပြန်လည်ရောက်ရှိလာမည်ဖြစ်သည်။

အိုလံပစ်ပြိုင်ပွဲကို မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ် (၁၄)ကြိမ်မြောက် လန်ဒန်အိုလံပစ်မှ စတင်ဝင်ရောက်ခဲ့ပြီး (၂၁)ကြိမ်မြောက် မွန်ထရီရယ်အိုလံပစ်မှ အပ အကြိမ်တိုင်းပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။ အဓိကအားကစားနည်းများဖြစ်သည့် ပြေးခုန်ပစ်၊ ဘောလုံး၊ လက်ဝှေ့၊ ရေကူး၊ ရွက်လွှေ၊ သေနတ်ပစ် အားကစား တို့ဖြင့် ယှဉ်ပြိုင်ခဲ့ပါသည်။ **ကမ္ဘာ့အဆင့်ထိ တက်လှမ်းနိုင်ပြီး ဆုတံဆိပ်ရရှိခဲ့သည့် အာကစားနည်းများမှာ ဘောလုံး နှင့် အလေးမ အားကစားနည်းများသာ တွေ့မြင်နိုင်ပေသည်။**

ပြည်သူလူထုများအသည်းစွဲ **ဘောလုံးအားကစား**နှင့် ပတ်သက်၍ နှစ်ပေါင်း များစွာအောင်မြင်မှုနှင့် ဝေးကွာခဲ့ပြီး တစ်ကျော့ပြန် မြန်မာ့ဘောလုံးသမိုင်း၏ အကြီးကျယ်ဆုံးသော အောင်မြင်မှုတစ်ရပ်ကို အာရှယူ-၁၉ ပြိုင်ပွဲကြီး၏ ယူအေအီးယူ-၁၉ အသင်းကို အနိုင်ကစားပြီး ၂၀၁၅ ခုနှစ် နယူးဇီလန်နိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ဖလားယူ-၂၀ ပြိုင်ပွဲကြီးဆီသို့ အရောက်လှမ်းနိုင်ခဲ့သည့် မြန်မာယူ-၁၉ အသင်းကြီး၏ အောင်မြင်မှုပင် ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲများ၏လမ်းညွှန်မှု၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကြီး၏ ပံ့ပိုးမှု၊ အားကစားသမားများ၏ မျိုးချစ်စိတ်အပြည့်ဖြင့် ကျားကုတ်ကျားခဲကြိုးစားခဲ့မှု၊ နည်းပြများ၏ နည်းဗျူဟာမှန်ကန်မှု၊ မြန်မာ ဘောလုံးချစ်ပရိသတ်များ၏ **"မြန်မာဟေ့၊ မြန်မာဟေ့"** ဟူသော ကြွေးကြော်

အားကစားသမားများ၊ နည်းပြများ၏ ဘဝနောင်ရေးစိတ်အေးရအောင် မိသားစု စားဝတ်နေထိုင်ရေး အတွက် **ဘဝအာမခံချက်**နှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်များအတွက် နိုင်ငံတော် ဘတ်ဂျက် ခွဲဝေချထားမှုသည် အထူးအရေးကြီးလှပါသည်။ ပြည်သူများသည် ဘောလုံးအားကစားနည်းမှ လွဲ၍ ကျန်ရှိသော အားကစားနည်းများအပေါ်တွင် စိတ်ပါဝင်စားမှုနည်းပါးလွန်းသဖြင့် နိုင်ငံတော်အနေဖြင့် ဘောလုံးအားကစားနည်းကဲ့သို့ ကျန်အားကစားနည်းများအပေါ်တွင် ပံ့ပိုးဖြည့်ဆည်းမှုများ အထူးလိုအပ်ပါသည်။

အသစ်ဖွင့်လှစ်မည့် အားကစားတက္ကသိုလ်အတွက် နိုင်ငံတကာမှ ဆရာ၊ ဆရာမများ အကူအညီရယူသွားရန်၊ ပြည်ပသို့စေလွှတ်၍ **အားကစားဆိုင်ရာ ဒီပလိုမာများနှင့် ဒေါက်တာဘွဲ့များရယူရန်** လိုအပ်ပါသည်။ တိုးတက်လာသည့် နည်းပညာရပ်များနှင့်အတူ ပြည်သူလူထုဆီ အားကစားအသိပညာများ မီဒီယာလမ်းကြောင်းမှ တစ်ဆင့်ဖြန့်ဝေပေးနိုင်ရန် **အားကစားရုပ်သံလိုင်းများ** အများအပြားလိုအပ်သလို **"မားသွားထက် ကလောင်သွား ထက်"** ဆိုသလို အားကစားလောက၏ ဝါရင့်ကလောင်ရှင်တစ်ဦးဖြစ်သည့် ခင်မောင်ထွေး (ပျဉ်းမနား)ကဲ့သို့ မျိုးဆက်သစ်ကလောင်ရှင်များ၊ တစ်ခေတ်တစ်ခါက မြန်မာ့အားကစားလောကကို ရှင်သန်အောင်ဦးဆောင်ခဲ့ကြသည့် ကာယဗလ ဦးရှိန် ကဲ့သို့ပုဂ္ဂိုလ်ကြီးများ ပေါ်ထွက်လာဖို့ အထူးမျှော်လင့်မိပါသည်။ မြန်မာတို့၏ ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းနိုင်ရန်အတွက် လူထုအားကစားလှုပ်ရှားမှုအသွင် ဆောင်စေခဲ့သည့် လှေသဘင်ပွဲတော်၊ မြင်းခင်းသဘင်ပွဲတော်တို့ကိုလည်း အခါအခွင့်သာသလို ကျင်းပပေးနိုင် ပါရန် အကြံပြုအပ်ပါသည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် **သဘာဝပတ်ဝန်းကျင်**နှင့် **အားကစားကဏ္ဍ** သည်လည်း သဟဇာတ ဖြစ်ဖို့လိုအပ်ပါသည်။ စာရေးသူ တရုတ်ပြည်ရောက်ရှိစဉ်က ၂၀၀၈ ခုနှစ်က ကျင်းပခဲ့သည့် ဘေးဂျင်းအိုလံပစ် ဥက်သိုက်အားကစားကွင်းကြီးတွင် Green Sports Complex တစ်ခုအသွင် ဖန်တီးထားပြီး၊ လာရောက် လေ့လာသူများ၊ အပန်းဖြေသူများ၊ အမှတ်တရအရောင်းဆိုင်များဖြင့် ကြက်ပျံမကစည်ကားလျက်ရှိသည်ကို တွေ့မြင်ရပါသည်။ သို့ဖြစ်ပါ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးကို ပြည်သူတို့အပန်းဖြေ လေ့လာစရာ **အစိမ်းရောင်အားကစားဇုန်တစ်ခုအဖြစ်** ဖန်တီးပေးသင့်သည်ဟု ထင်မြင်မိပါသည်။

နိုင်ငံတကာတွင် ရာသီမရွေး၊ အရွယ်မရွေး လူတိုင်း အားလုံးပါဝင် ယှဉ်ပြိုင်ခွင့်ရရှိရေးအတွက် နွေရာသီ အိုလံပစ်ပြိုင်ပွဲ၊ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၊ မသန်စွမ်းအိုလံပစ်ပြိုင်ပွဲ၊ လူငယ်အိုလံပစ်ပြိုင်ပွဲ ဟူ၍ တိုးခဲ့ကျင်းပ ပေးလျက်ရှိသည်မှာ နိုင်ငံတကာအားကစားပြိုင်ပွဲများ၏ တစ်ဆင့်ပြီးတစ်ဆင့် စဉ်ဆက်မပြတ် တိုးတက်ပြောင်းလဲ လာမှုနှင့်အတူ အားကစားလောက၏ကျယ်ပြန့်လာမှုများပင်ဖြစ်သည်။ **အားကစားကဏ္ဍ ကျယ်ပြန့်လာသည်နှင့် အမျှ မလွဲမသွေကြုံတွေ့ရမည့် ဆိုးကျိုးများမှာ လောင်းကစားမှုများ၊ လာဘ်စားမှုများ၊ အားကစားသမားများ တားမြစ်ဆေးသုံးစွဲမှု၊ အားကစားများအချင်းချင်း၊ အားကစားပရိသတ်များအကြား အဓိကရုဏ်းဖြစ်မှုများသည် ပိုမိုကြုံတွေ့ရမည်ပင်ဖြစ်သည်။** မျိုးဆက်သစ်လူငယ်များ၏ အဖျက်သားကောင်အဖြစ် ထိပ်တန်းနေရာယူထား သည့် လောင်းကစားမှုများ၊ အားကစားလောက၏ အရိပ်ဆိုးတစ်ခုဖြစ်သည့် လာဘ်စားမှုများ သည်လည်း ကျွန်ုပ်တို့ နိုင်ငံအပါအဝင် နိုင်ငံတကာတွင် မလွဲမသွေတွေ့ကြုံနေရဆဲဖြစ်သည်။ အဆိုပါဆိုးကျိုးများသည် နိုင်ငံ့ပုံရိပ်၊ နိုင်ငံ့ဂုဏ်သိက္ခာတို့ကို ကျဆင်းစေမည်အမှန်ပင် ဖြစ်သည်။ သာဓကအနေဖြင့် ၁၉၉၄ ကမ္ဘာ့ဖလားပြိုင်ပွဲ ကိုလံဘီယာ နှင့် အမေရိကန်ပွဲတွင် ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့သည့် ကိုလံဘီယာဘောလုံးသမား အက်ကိုဘာဟာ သည် သေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်မှာ လောင်းကစားမှုနှင့် ဆက်စပ်နေသည့် အားကစားပွဲ၏ အကျဉ်းတန်စေသည့် အရိပ်ဆိုးတစ်ခုပင်ဖြစ်သည်။ ထို့အပြင်

အားကစားလောကတွင် တားမြစ်ဆေးသုံးစွဲခြင်းသည် ကျန်းမာရေးကိုထိခိုက်စေရုံသာမက တရားမျှတစွာ ယှဉ်ပြိုင်ရေး ဟူသည့်အနှစ်သာရကို ဆန့်ကျင်ရာရောက်သည့် အတွက် အပြည်ပြည်ဆိုင်ရာ အိုလံပစ် ကော်မတီမှ တားမြစ်ဆေးထိန်းချုပ်မှုကို ထိထိရောက်ရောက် အရေးယူကိုင် တွယ်လျက်ရှိပါသည်။ ဥပမာ တားမြစ်ဆေးကြောင့် ဆုတံဆိပ်များ ပြန်လည်အသိမ်းခံခဲ့ရသည့် တာတိုအပြေး ချန်ပီယံ ကင်ဂျွန်ဆင်၊ မကြာသေးမီက တားမြစ်ဆေးသုံးစွဲမှုကြောင့် နိုင်ငံတကာပြိုင်ပွဲများမှ ကျောခိုင်းခဲ့ရသူ မလေးရှား ကြက်တောင်ရိုက်အားကစားသမား ကမ္ဘာ့အဆင့် (၁)ဖြစ်သူ လီချုံဝေ၊ မြန်မာ့အားကစားလောကတွင် ဆီးဂိမ်း ရွှေတံဆိပ်များ ပြန်လည်သိမ်းဆည်းခြင်းခံခဲ့ရသူ ပြေးခုန်ပစ်မှ စောမာလာနွယ်နှင့် ကာယဗလမောင် မင်းဇော်ဦး တို့သည် တားမြစ်ဆေး၏ဆိုးကျိုးများကြောင့် မိမိ၏ဂုဏ်သိက္ခာနှင့် အောင်မြင်မှုများ ဆုံးရှုံးခြင်းနှင့်အတူ နိုင်ငံ့ဂုဏ်ကို ကျဆင်းစေခဲ့သည့် သာဓကများပင် ဖြစ်သည်။

စာရေးသူကိုယ်တိုင် မျက်မြင်ကြုံတွေ့ခဲ့ရသည့် အဓိကရုဏ်းတစ်ခုကို တင်ပြရလျှင် ဆီးဂိမ်းမတိုင်မီ ဝဏ္ဏသိဒ္ဓိအားကစားကွင်းသစ်ကြီးတွင် ကျင်းပခဲ့သည့် မြန်မာနေရှယ်နယ်လိဒ် ဖိုင်နယ်ပွဲစဉ်တစ်ခုဖြစ်သည့် ရန်ကုန်ယူနိုက်တက်နှင့် နေပြည်တော် FC ပွဲစဉ်ပင်ဖြစ်သည်။ အဆိုပါဘောလုံးပွဲကို လက်ဝှေ့ပွဲတစ်ခု အသွင်ရှုမြင်ပြီး မူးယစ်ရမ်းကားသော အကြမ်းဖက်လိုသည့် ပရိသတ်တစ်စုကြောင့် အားကစားကွင်း သစ်ကြီးကို အကျဉ်းတန်စေခဲ့ပြီး နိုင်ငံ့ပုံရိပ်ကိုကျဆင်းစေခဲ့ပါသည်။ အဓိကအချက်များအနေဖြင့် ပရိသတ်များအရက်သေစာများ သောက်စားထားခြင်း၊ အားကစားအပေါ် စိတ်ဝင်စားမှုမရှိဘဲ အပျော်အပါး တစ်ရပ် အနေဖြင့်သာ အသုံးချခြင်း၊ လုံခြုံရေးအား နည်းခြင်းတို့၏အကျိုးဆက်များဟု ထင်မြင်မိပါသည်။ သို့ဖြစ်ပါ၍ **အားကစားအရှုံးအနိုင်သည် ဂုဏ်သိက္ခာနှင့် မဆိုင်ပါ၊ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ခြင်း၊ တရားမျှတစွာ ယှဉ်ပြိုင်ခြင်း၊ စည်းမျဉ်း စည်းကမ်းဥပဒေ ကို လိုက်နာခြင်းမှသာ နိုင်ငံဂုဏ်ကိုတတ်စေမည် ဖြစ်ကြောင်းကို** အဆိုပါ ပွဲစဉ်မှ တဆင့်ဖော်ညွှန်းနေပေသည်။

အားကစာနှင့်အနုပညာ သည်လည်း ဒွန်တွဲနေကြောင်းကို အားကစားနယ်ပယ်ကနေ ရုပ်ရှင်သရုပ်ဆောင်တွေဖြစ်ခဲ့ကြသည့် မောင်ဗမာဘကွန်၊ မောင်ဗမာစိန်မောင်၊ မုဒုံမယ်တင်တင်မူ၊ ပြည်ထောင်စုမယ် ခင်သန်းနု၊ ဂိုးသမား ခင်မောင်ထွန်း၊ ခင်မောင်ချင်း၊ ကျားသစ်ရဲညွှန့် (သိုင်းပညာ)၊ ကောလိပ်ဂျင်နေဝင်း (ဘောလုံး)၊ မင်းသားကြီးကျော်ဆွေ(သေနတ်ပစ်)၊ စွယ်စုံရမင်းသားကြီး ဝင်းဦး(အလေးမ)၊ ညွှန့်ဝင်း(ခရစ်ကတ်)တို့သည် မြန်မာ့ရုပ်ရှင်လောကနှင့် မြန်မာ့အားကစားလောကကို တွဲစပ်ကာ **နိုင်ငံ့ပုံရိပ်ကို အရောင်တင်ခဲ့ကြသူများပင် ဖြစ်သည်။** ထို့အပြင် ပြီးခဲ့သည့် (၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီအားဖြည့်ပေးခဲ့ကြသည့် ကျောင်းသားကျောင်းသူများ၊ အနုပညာရှင်များ၊ ဝန်ထမ်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးတို့သည် **မိမိတို့ကျရာတာဝန်ဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့ပါသည်။**

အားကစားသည် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ငြိမ်းချမ်းရေးအသွင်ကို ဆောင်စေနိုင်သလို နိုင်ငံရေးပဋိပက္ခတစ်ခုအဖြစ် ဖန်တီးရယူနိုင်ပါသည်။ သာဓကများဖြင့် ဖော်ပြရလျှင် ပြီးခဲ့သည့် အင်ချန်းအာရှ အမျိုးသမီးဘောလုံးအကြိုဇုလ်လုပွဲစဉ်တွင် အိမ်ရှင် တောင်ကိုရီးယားပရိသတ်များရှေ့မှောက်တွင် မြောက်ကိုရီးယားမှ အနိုင်ယူသွားသော်လည်း အားပေးသူပရိသတ်များမှ မြောက်ကိုးရီးယား အမျိုးသမီး ဘောလုံးအသင်းကို လှိုက်လှိုက်လှဲလှဲ အားပေးဂုဏ်ပြုခဲ့သည်မှာ အားကစားဖြင့် ငြိမ်းချမ်းရေးအသွင်ကို ဆောင်စေနိုင်မည့် သာဓကတစ်ခုပင်ဖြစ်ပေသည်။ နှစ်ဖက်သော ကိုရီးယားပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှုကို အားကစားပွဲမှတစ်ဆင့် ပြသနိုင်ခဲ့ပါသည်။ ထို့အပြင် ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့အိုလံပစ်အားကစားပွဲတစ်ခုတွင် ပါလက်စတိုင်းလိုလားသည့် ဘလက်စက်တင်ဘာ အဖွဲ့ဝင် လူတစ်စုမှ အစ္စရေးအားကစားသမားများကို အားကစားရွာ အတွင်း စီးနင်းဝင်ရောက်ပြီး

သေနတ်များဖြင့်ပစ်ခတ်သတ်ဖြတ်ပြီး အားကစားသမားများကို ပြန်ပေးဆွဲခဲ့သည့် သာဓကမှာ အားကစားလောကနှင့် နိုင်ငံရေးပဋိပက္ခဆက်နွယ်မှုတစ်ရပ်ပင်ဖြစ်သည်။

အားကစားကဏ္ဍအသီးသီးတွင် လက်ရှိမျိုးဆက်ထက် လာမည့်မျိုးဆက်က ပိုတော်မှ၊ နောက်မျိုးဆက်ထက် နောင်လာမည့် မျိုးဆက်မှ ပိုပြီး လက်စောင်းထက်မှသာ နိုင်ငံတော်အတွက် ဖွံ့ဖြိုးမှုအသီးအပွင့်များကို ပိုမို၍ ဆွတ်ခူးရရှိစေမည်ဖြစ်ပါသည်။ သို့ပါ၍ အားကစားကဏ္ဍ စွမ်းအားများရလဒ်များ ပြည့်စုံကောင်းမွန်စေရေးအတွက် မျိုးဆက်သစ်များမှ အကျိုးဖြစ်ထွန်း စေမည့် ကောင်းကျိုးအစီအမံများကို လက်ဆင့်ကမ်းသယ်ဆောင်ပြီး ဆိုးကျိုးများကို ဖယ်ရှားပစ်ဖို့ အထူးလိုအပ်လှပါသည်။ ထို့အပြင် အားကစားကဏ္ဍကြီးတစ်ရပ်လုံး ရေရှည် တည်တံ့ဖွံ့ဖြိုးလာစေရန် **"ပြိုင်တူတွန်းလျှင် ရွှေ့နိုင်ပါသည်"** ဟူသော ဆောင်ပုဒ်အတိုင်း အားကစားသမားများ၊ နည်းပြများ၊ စီမံခန့်ခွဲသူများ၊ ဦးဆောင်ပုံပိုးသူများ၊ အထောက်အကူပြုသူများနှင့် ပရိသတ်များအားလုံး တာဝန်ကိုယ်စီ ဆောင်ရွက်မှသာ အောင်မြင်မှု ပိုမိုရရှိစေမည် ဖြစ်ပေသည်။

အနှစ်ချုပ်အနေဖြင့် လူထုအားကစားလှုပ်ရှားမှုများမှသည် တစ်နိုင်ငံလုံးရှိ ကျန်းမာကြံ့ခိုင်သော ပြည်သူ လူထုအပေါ်တွင်အခြေခံကာ အားကစားအမျိုးအစားအလိုက် ထူးချွန်ကာ စိတ်ဓါတ်၊ စည်းကမ်း၊ အကျင့်စာရိတ္တ ကောင်းမွန်ပြီး အားကစားအပေါ် တကယ်ချစ်မြတ်နိုးသော မျိုးဆက်သစ် အားကစားသမားများကို သက်ဆိုင်ရာ အားကစားပွဲများမှတစ်ဆင့် မှန်ကန်စွာရွေးချယ်ပေးဖို့ လိုအပ်ပါသည်။ သို့မှသာ စံချိန်မှီမျိုးဆက်သစ်အားကစား သမားများကို ရွေးချယ်နိုင်မည်ဖြစ်ပြီး အားကစားလေ့ကျင့်ရေး ဆောင်ပုဒ်ဖြစ်သော **"နည်းစနစ်မှန်မှန်၊ ထိထိ ရောက်ရောက်၊ ပြင်းပြင်းထန်ထန်၊ လေ့ကျင့်ခြင်းမှသည် အောင်ပွဲဆီသို့"** ဟူသည့်အတိုင်း ကျင့်ကြံဆောင်ရွက် ခြင်းဖြင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ အများအပြား ပေါ်ထွက်လာမည်ဖြစ်ပြီး အရှေ့တောင်အာရှ အဆင့်မှသည် အာရှအဆင့်၊ အာရှအဆင့်မှသည် ကမ္ဘာအထိ အဆင့်မှီစေရေး ဟူသော အားကစားဝန်ကြီးဌာန၏ တာဝန်ကြီးကို ကျေပွန်ရာ ရောက်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် မြန်မာ့အားကစားအဆင့်အတန်း မြင့်မားလာမည် ဖြစ်ပြီး **"မြန်မာအားကစား ကမ္ဘာကိုလွှမ်းရမည်"** ဟူသည့်ဆောင်ပုဒ်သည် ပိုမို၍ ရုပ်လုံးကြွလာကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ရောင်ပြန်ဟပ်စေမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရေစီးကြောင်းတွင် အားကစားကဏ္ဍ စွမ်းအားရလဒ်ဆောင်သည့် လောင်းလှေကြီးကို လူတိုင်းအတွက်အားကစား **"Sports For All"** ဟူသည့် တက်မ ကိုအသုံးချကာ ကျန်းမာကြံ့ခိုင်သောပြည်သူတစ်ရပ်လုံး၏ ဇဲ့၊ လုံ့လ၊ ဝီရိယတို့ဖြင့် မရပ်မနား တက်ညီ လက်ညီ အင်တိုက် အားတိုက် လှော်ခတ်ရင်း စဉ်ဆက်မပြတ် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဆီသို့ အရောက်လှမ်းနိုင်ကြပါစို့ဟု ဆန္ဒပြုတိုက်တွန်းရေးသား လိုက်ရပါသည်။

ဇော်မင်းဌေး(ထားဝယ်)

ဤဆောင်းပါးသည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလ လှုပ်ရှားမှုအထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် နှစ်သိမ့်ဆု - ၂ ရရှိသည့် ဆောင်းပါးရှင် ဇော်မင်းဌေး (ထားဝယ်)၏ ဆောင်းပါး ဖြစ်ပါသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့.....အားကစားကဏ္ဍမြှင့်တင်ခို့

ကိုဌေး (ကနောင်)

ယနေ့ကမ္ဘာတွင် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတိုင်းက မိမိတို့နိုင်ငံ၏ အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဘက်ပေါင်းစုံမှ နည်းလမ်းကြံဆ ကြိုးပမ်းဆောင်ရွက် လျက်ရှိကြပါသည်။ အဘယ်ကြောင့်ဆိုသော် အားကစားသည် နိုင်ငံတိုင်းအတွက် ပိုမို ကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ရပ်တည်ဆောက်ရန် များစွာအထောက်အကူပြုနေသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် လူတစ်စုအားကစားမှ လူထုအားကစား (**Mass Sports**)ကို အမျိုးသားရေး အသိစိတ်ဓါတ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အနာဂတ် မျိုးဆက်သစ်များဖြစ်သည့် လူငယ်မောင်မယ်များ၏ ကောင်းမွန်သောဘဝဦးတည်ချက်၊ ကြိုးပမ်း အားထုတ်လိုသည့် အသိတရား၊ တာဝန်သိမှု၊ ငြိမ်းချမ်းရေးကို မြတ်နိုးတတ်မှုနှင့် လူသားချင်း ရင်းနှီးတတ်သော စိတ်ဓါတ်များ ပေါ်ထွန်းစေမှုမှာ အားကစား၏တန်ဘိုးများပင် ဖြစ်ပါသည်။ ထို့ပြင် လူ့အဖွဲ့အစည်းကို ပညာရေးနှင့် ဟန်ချက်ညီညီ ပေါင်းစပ် တည်ဆောက်နိုင်ရေးအတွက် လည်း အားကစားမှအထောက်အကူပြုလျက်ရှိပါသည်။ အထူးသဖြင့် နိုင်ငံတော်၏ အနာဂတ် မျှော်လင့်ချက်နှင့်ဥစ္စာဓနဖြစ်သည့် မျိုးဆက်သစ် လူငယ်များကို ဗလ(၅)တန်ဖြင့် ဟန်ချက်ညီစွာ ဖွံ့ဖြိုးလာစေရေးမှာလည်း အားကစားမှာ မရှိမဖြစ်လိုအပ်သော အခန်းကဏ္ဍမှ ပါဝင်လျက် ရှိနေပါသည်။

အားကစားသည် ကျန်းမာကြံ့ခိုင်သော လူ့အသိုက်အဝန်း တည်ဆောက်ရာ တွင်လည်း များစွာအထောက်အကူပြုနေပါသည်။ လူတစ်ဦးချင်းစီသော်လည်းကောင်း၊ အဖွဲ့အစည်း တစ်ခုချင်းအလိုက်သော်လည်းကောင်း၊ ပုံမှန်လေ့ကျင့်မှုပြုလုပ်သော သူများသည် ပိုမို ကျန်းမာသန်စွမ်းလာပြီး အားအင်ပြည့်ဖြိုးလာသဖြင့် ရောဂါဘယ ဖြစ်ပွားမှုကို လျော့နည်းကျဆင်းစေပါသည်။ ကျန်းမာစွာ နေထိုင်ခြင်း၏ အကျိုးကို သိမြင်လာပြီး ကျင့်ကြံပြုမူနေထိုင်ခြင်းဖြင့် ပိုမိုကောင်းမွန်သော လူမှုနေထိုင်မှုဘဝ ဖြစ်ပေါ်စေပါသည်။ ရောဂါကုသရသည့် ကျန်းမာရေး အတွက် ကုန်ကျရသည့်စရိတ်များ သက်သာလာစေနိုင်မည်ဖြစ်သည်။

အားကစားအောင်မြင်မှုသည် နိုင်ငံအတွက် ပုံရိပ်ကောင်းတစ်ခုနှင့် နိုင်ငံ့ဂုဏ် မြှင့်တင်ရေးကို တိုက်ရိုက်အထောက်အကူပြုလျက်ရှိနေပြန်ပါသည်။ အားကစားပြိုင်ပွဲများ သည် နိုင်ငံတစ်နိုင်ငံ၏ လုပ်ကိုင်နိုင်သည့် စွမ်းဆောင်ရည်နှင့် စိတ်ဝင်စားစရာနေရာ (အကျိုးစီးပွား)များကို ပြသနေပါသည်။ ထို့ပြင်နိုင်ငံ၏ ထူးချွန်ထက်မြက်မှုနှင့်

ထိုထက်မြက်မှုများကြောင့် ပေါ်ထွက်လာသည့် ပုံရိပ်ကောင်းများကို ကမ္ဘာတစ်လွှားသို့ ဖြန့်ကျက်ပျံ့နှံ့သိရှိစေပါသည်။

ထို့အပြင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အားကစားမှ များစွာ အထောက်အကူပြုနေပါသည်။ အားကစားလှုပ်ရှားမှုကိုယ်တိုင်က စီးပွားရေးလုပ်ငန်း တစ်ရပ်လည်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးလျက် ရှိနေပြန်ပါသည်။ ဆိုလိုသည်မှာ အားကစားပစ္စည်းများ တပ်ဆင်ခြင်း၊ အားကစားပစ္စည်း ကိရိယာနှင့် အားကစားဝတ်စုံများ ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် နည်းပြလုပ်ငန်းများ၊ သရုပ်ပြဆရာများ၊ အားကစားကင်းထောက်နှင့် ကိုယ်စားလှယ် အေးဂျင့်များ၊ အားကစားပြိုင်ပွဲများကို တာဝန်ယူကျင်းပပေးသော အဖွဲ့အစည်း လုပ်ငန်းများ၊ အားကစားအသိုက်အဝန်း တစ်ခုလုံးကို လွှမ်းခြုံချိတ်ဆက်နိုင်သည့် ဆက်သွယ်ရေး လုပ်ငန်းများနှင့် (**Sport Marketing**) အားကစား ဈေးကွက်ရှာဖွေရေး လုပ်ငန်းများသည် အားကစားကို အခြေခံပြီးပေါ်ထွန်းလာသည့် လုပ်ငန်းများ ပင်ဖြစ်ပါသည်။

အလားတူ နိုင်ငံတကာ အားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခြင်း ကလည်း အိမ်ရှင်နိုင်ငံ၏ ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက် များစွာအကျိုးရှိ စေပါသည်။ နိုင်ငံတကာ အားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်သည့် နိုင်ငံများအနေဖြင့် အားကစားနည်း အလိုက် အခြေခံအဆောက်အအုံများ၊ အုပ်ချုပ်ရေး/ စီမံခန့်ခွဲရေးဆိုင်ရာ အပေါ်ထပ်အဆောက် အအုံများအပါအဝင် စားသောက်ဆိုင်နှင့် နေရာထိုင်ခင်းများ၊ အစားအသောက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ သယ်ယူ ပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ တည်းခိုနေထိုင်ရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ၊ အမှတ်တရနှင့် အထိမ်းအမှတ်လက်ဆောင်ပစ္စည်း အရောင်းဆိုင်များနှင့် ယာယီလုပ်ငန်းများ၊ ဆက်သွယ်ရေးနှင့် ဈေးကွက်ရှာဖွေရေးလုပ်ငန်းများ၊ ပုံနှိပ် ထုတ်ဝေရေးနှင့် မီဒီယာလုပ်ငန်းများ၊ လက်မှတ်ရောင်းချခြင်းနှင့် ခရီးသွားဆိုင်ရာများ ဖွံ့ဖြိုး တိုးတက်ရေးအတွက်လည်း များစွာအထောက်အကူပြုလျက်ရှိပါသည်။ သို့ဖြစ်၍ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခြင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်းများ အပါအဝင် မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အထောက်အကူပြုလျက် ရှိပါသည်။ သို့ဖြစ်၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်းက မိမိတို့နိုင်ငံ၏ အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။

၂၀၁၃ခုနှစ်တွင် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးအား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ကျင်းပပြီးစီးခဲ့သည့် အရှေ့တောင် အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲ (**SEAP Games**)များနှင့် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ (**SEA Games**)များတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲ၏ ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားမှာ ခမ်းနားအထည်ဝါဆုံး ဖြစ်သည်ဟု အာဆီယံနိုင်ငံများမှ ပြောစမှတ်ပြုခဲ့ကြသည်မှာ ဂုဏ်ယူအားတက်ဖွယ်ရာ ဖြစ်ခဲ့ရပါသည်။ ၎င်းအပြင် (၄၄)နှစ်ကြာမှ တစ်ကြိမ် ပြန်လည်ကျင်းပပြုလုပ်နိုင်ခဲ့သော်လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှု၊ ပြည်ထောင်စု ဝန်ကြီးဌာနများ၏ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့မှု၊ အားကစားအဖွဲ့ချုပ်များ၊ စီးပွားရေးလုပ်ငန်း ရှင်များ၊ NGO အဖွဲ့အစည်းများ၊ မီဒီယာများ အပါအဝင် ပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေး အသိဖြင့် ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းနှင့် ပြိုင်ပွဲကြီးတွင် နိုင်ငံအလိုက် ဒုတိယနေရာဖြင့် အောင်မြင်မှု ရရှိခဲ့ခြင်းမှာ မြန်မာလူမျိုးတို့၏ နိုင်ငံအတွက် အရေးကြုံက သူ့ဝန်ကိုယ့်တာမခွဲခြားပဲ နိုင်ငံချစ်စိတ် ဖြင့် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြခြင်းကြောင့်ဖြစ်ရာ နိုင်ငံသားတို့၏ အမျိုးသားရေး စိတ်ဓါတ်ကို အားကစားမှ စည်းရုံးနှိုးဆွနိုင်ခဲ့ခြင်း ဖြစ်သည်ဟု ရှုမြင်မိပါသည်။

မြန်မာ့အားကစားသမိုင်းကို ပြန်လည်ဆန်းစစ်ကြည့်လျှင်လည်း တစ်ချိန်ကရွှေရောင်လွှမ်းသည့်ခေတ်ကို ရောက်ခဲ့ဖူးပါသည်။ အချိန်ကာလကို ပြန်ကြည့်လျှင် ၁၉၅၀ပြည့်လွန်နှစ်များမှ ၁၉၇၀ပြည့်လွန်နှစ်များအတွင်းဟု အကြမ်းဖျဉ်း ပြောရမည်ဖြစ်ပါသည်။ သည်ကာလအတွင်း အားကစားအောင်မြင်မှုတွေကို ပြန်ကြည့်လျှင် မြန်မာ့ဘောလုံးအားကစားသည် အောင်မြင်မှုအမြင့်မားဆုံး ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။ ထူးထူးခြားခြား အောင်မြင်မှုများအား ကောက်နှုတ်တင်ပြရလျှင် ၁၉၆၁ခုနှစ်နှင့် ၁၉၆၉ခုနှစ်များတွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံ ကျင်းပခဲ့သည့် ဒုတိယအကြိမ်နှင့် ပဉ္စမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ (**SEAP Games**)များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ပြီး (၂)ကြိမ်စလုံး ပထမအဆင့်တွင် ရပ်တည်နိုင်ခဲ့ပါသည်။ ၁၉၆၆ခုနှစ်နဲ့ ၁၉၇၀ခုနှစ်များတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကျင်းပခဲ့သည့် ပဉ္စမအကြိမ်နှင့် ဆဋ္ဌမကြိမ်အာရှအားကစားပြိုင်ပွဲများတွင် မြန်မာဘောလုံးအသင်း အနေဖြင့် (၂)ကြိမ်စလုံး အာရှချန်ပီယံဖြစ်ခဲ့ပါသည်။ ထို့အပြင် ၁၉၆၅၊ ၁၉၆၇၊ ၁၉၆၉၊ ၁၉၇၁ခုနှစ်နှင့် ၁၉၇၃ခုနှစ်များမှာ ကျင်းပခဲ့သည့် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲများတွင်လည်း မြန်မာဘောလုံးအသင်းအနေဖြင့် (၅)နှစ်

ဆက်တိုက် ချန်ပီယံဖြစ်ခဲ့သည်။ သည့်အပြင် သည်ကာလတွေအတွင်း ဒေသတွင်း အားကစားပြိုင်ပွဲများဖြစ်သည့် မာဒေးကားဖလားအား ၁၉၆၄ခုနှစ်မှာ (၁)ကြိမ်၊ ၁၉၆၇ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၇၁ခုနှစ်မှာ (၁)ကြိမ်၊ စုစုပေါင်း (၃)ကြိမ်၊ ဂျကာတာဖလားအား (၁၉၇၁)ခုနှစ်တွင် (၁)ကြိမ်၊ ၁၉၇၃ခုနှစ်တွင် (၁)ကြိမ်၊ (၁၉၇၄)ခုနှစ်တွင် (၁)ကြိမ်၊ (၁၉၇၅)ခုနှစ်တွင် (၁)ကြိမ်၊ စုစုပေါင်း (၄)ကြိမ်၊ မာရာဟာလင် ဖလားအား (၁၉၇၇)ခုနှစ်တွင် (၁)ကြိမ်၊ (၁၉၇၈)ခုနှစ်တွင် (၁)ကြိမ်၊ (၁၉၇၉)ခုနှစ်တွင် (၁)ကြိမ်၊ စုစုပေါင်း (၃)ကြိမ်၊ ပတ်ချုံဟီးဖလားအား (၁၉၇၁)ခုနှစ်တွင် (၁)ကြိမ်၊ (၁၉၇၂)ခုနှစ်တွင် (၁)ကြိမ်၊ (၁၉၇၃)ခုနှစ်တွင် (၁)ကြိမ်၊ စုစုပေါင်း (၃)ကြိမ်၊ ၁၉၆၁ခုနှစ်မှ ၁၉၇၇ခုနှစ်အတွင်း အာရှလူငယ် ဘောလုံးပြိုင်ပွဲများတွင် (၁၉၆၁၊၁၉၆၃၊၁၉၆၄၊၁၉၆၆၊၁၉၆၈၊၁၉၆၉၊၁၆၇၀၊၁၉၇၇) ခုနှစ်များ၌ အာရှလူငယ်ချန်ပီယံ (၈)ကြိမ်တိတိရရှိခဲ့ပါသည်။ အမြင့်မားဆုံးဆုအနေဖြင့် ၁၉၇၂ခုနှစ် မြူးနစ်ကမ္ဘာ့အိုလံပစ်တွင် မြန်မာဘောလုံးအသင်းအနေဖြင့် အသန့်ရှင်းဆုံးဆုကို ရရှိခြင်းပင် ဖြစ်ပါသည်။ သည်အချိန်ကာလတွေအတွင်း အခြားအားကစားနည်းများဖြစ်ကြသည့် ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့၊ သေနတ်ပစ်၊ ဘော်လီဘောအစရှိသည့် အားကစားနည်းများသည်လည်း အရှေ့တောင်အာရှအဆင့်ကို ကျော်လွန်ပြီး အာရှအဆင့်ကို တက်လှမ်းနိုင်ခဲ့သည့် ရွှေခေတ်ကို ရောက်ခဲ့ဖူးပါသည်။

ထိုခေတ်အခါက မြန်မာ့အားကစားဘာကြောင့်အောင်မြင်ခဲ့သလဲ၊ ဘယ်လိုတွေ ဆောင်ရွက်ခဲ့ကြသလဲဆိုသည်ကို ပြန်လည်ဆန်းစစ်မိသည်။ ထိုခေတ်အခါက ပြည်နယ်/တိုင်းအနှံ့ ခရိုင်/မြို့နယ်များပါမကျန် ရပ်ကွက်/ကျေးရွာအဆုံး လူထုအားကစားလှုပ်ရှားမှုများ ကျယ်ကျယ် ပြန့်ပြန့်လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။ ရပ်ကွက်/ကျေးရွာအဆင့် အားကစားပြိုင်ပွဲများမှသည် မြို့နယ်ပေါင်းစုံ၊ ခရိုင်ပေါင်းစုံအားကစားပြိုင်ပွဲများ၊ ဒေသတွင်းဖိတ်ခေါ်အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပခဲ့ကြပါသည်။ ဗဟိုမှဦးစီးကျင်းပသည့် ပြည်နယ်/တိုင်းအားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများ၊ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားအားကစားပြိုင်ပွဲများ၊ တံခွန်စိုက် အားကစား ပြိုင်ပွဲများ၊ စဉ်ဆက်မပြတ် ကျင်းပခဲ့ကြသည်။ ပညာရေးကဏ္ဍတွင်လည်း အခြေခံပညာကျောင်းတိုင်းတွင် နေ့စဉ် PT ချိန် သတ်မှတ်ပေးထားခြင်း၊ ကျောင်းတွင်းအားကစားပြိုင်ပွဲများ၊ အခြေခံပညာ ကျောင်းပေါင်းစုံနှင့် တက္ကသိုလ်ပေါင်းစုံ အားကစား ပြိုင်ပွဲများအား နေရာဒေသအသီးသီးတွင် လူထုအားကစား လှုပ်ရှားမှုအသွင်ဖြင့် ကျင်းပခဲ့ကြသည်။ ထိုခေတ်အခါက အားကစားမလုပ်သည့် ကျောင်းသား/ကျောင်းသူ မရှိ သလောက်ရှားပါးသည်။ အားကစားထူးချွန်သူများကို ဆရာ/ ဆရာမများသာမက တစ်ကျောင်းလုံး

က အရေးပေးသည်၊ ချစ်ခင်ကြသည်။ အားကစားဖြင့် ကျောင်းဂုဏ်ဆောင်နိုင်သူအဖြစ် အသိအမှတ်ပြုကြသည်။ ထိုကဲ့သို့ လူထုအားကစား လှုပ်ရှားမှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သည့်အတွက် ပြည်နယ်/တိုင်းအနှံ့ နေရာအသီးသီးမှ အားကစားနည်း အလိုက် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်များ စဉ်ဆက် မပြတ် ပေါ်ထွက်ခဲ့သည်။ ထိုမှတစ်ဆင့် နိုင်ငံဂုဏ်ဆောင် အားကစားသမားများအဖြစ် ထိုးဖောက်၍ နိုင်ငံဂုဏ်ကိုမြှင့်တင်နိုင်ခဲ့ကြသည်။ သို့ဖြစ်၍လည်း အပြည်ပြည်ဆိုင်ရာ အိုလံပစ် ကော်မတီ (IOC)၏ ခံယူချက်တွင် "အားကစားပြုလုပ်သူ (၁၀၀)ရှိလျှင် ထို(၁၀၀)ထဲမှ (၅၀)သည် အားကစား လိုက်စားသူများ ဖြစ်လာမည်၊ ထို (၅၀)ထဲမှ (၂၀)သည် အားကစားကို ထူးထူးခြားခြားအာရုံစိုက် သူများဖြစ်လာမည်၊ ထို (၂၀)ထဲမှ (၅)ဦးသည် အားကစား ထူးချွန်သူများအဖြစ် ပေါ်ထွက်လာမည်" ဟု ဖော်ပြထားရှိခြင်းဖြစ်ပါသည်။ ထို့ကြောင့်လည်း အားကစားဝန်ကြီးဌာန အနေဖြင့်လူတိုင်း အားကစားလှုပ်ရှားမှု အလေ့အထများ ရှိလာစေရန် ရည်ရွယ်လျက် အားကစားအမျိုးအစားအလိုက် ပြိုင်ပွဲများမဟုတ်ဘဲ လူတိုင်းပါဝင် ဆင်နွှဲနိုင်သည့် (**Mass Sports**) အားကစား လှုပ်ရှားမှုအဖြစ် ၁၉၉၆ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက် တွင် အားကစားဝန်ကြီးဌာန ပေါ်ပေါက်လာပြီး၊ ၁၉၉၈ခုနှစ်တွင် ပြည်သူလူထုတစ်ရပ်လုံး ပါဝင် လှုပ်ရှားသည့် လူထုအားကစားကို အရှိန်အဟုန်မြှင့်တင်ရန် ဒီဇင်ဘာလ စနေနေ့တိုင်းအား လူထုအားကစားလှုပ်ရှားမှု (**Mass Sports**) အဖြစ်သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။ နှစ်စဉ် ဒီဇင်ဘာလအား လူထုအားကစားလှုပ်ရှားမှုလဟူ၍ သတ်မှတ်ပြီး စုပေါင်းလမ်းလျှောက်ပွဲများ အပါအဝင် လူအများစုပါဝင်နိုင်သော အားကစားအမျိုးမျိုးကို ကျင်းပနေခြင်းဖြစ်ပါသည်။ လူတိုင်းအတွက် အားကစား (**Sport For All**) ဖြစ်စေရေး အတွက် ဆောင်ရွက်ရာတွင် ပြည်သူ လူထုတစ်ရပ်လုံး ပါရှိလာအောင် စည်းရုံးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အဓိကအားဖြင့် လူငယ် အများအပြား တစ်စုတစ်ဝေးတည်း ရှိနေသည့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များနှင့် စက်ရုံအလုပ်ရုံများ အပါအဝင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ကိုလည်း အားကစားလှုပ်ရှားမှုများတွင် အင်တိုက်အားတိုက်ပါဝင် လှုပ်ရှားလာစေရေး စည်းရုံး ဆောင်ရွက် သင့်လှပေသည်။ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတွင် အားကစား လှုပ်ရှားဆောင်ရွက်မှုများ မြင့်မားလာသည်နှင့်အမျှ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များတွင် အားကစား လှုပ်ရှားမှုများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လာသည် နှင့်အမျှ၊ ဗဟိုမှဦးစီးကျင်းပသည့် ပြည်နယ်/ တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ၊ တံခွန်စိုက် အားကစားပြိုင်ပွဲများ အပါအဝင် အခြားကျင်းပပြုလုပ်သည့် အားကစားပြိုင်ပွဲများ၏

ပြိုင်ပွဲ အဆင့်အတန်းမြင့်မား၍ ပြိုင်ဆိုင်မှုပြင်းထန်ပြီး ထူးချွန်ထက်မြက်သူများ စဉ်ဆက်မပြတ် ပေါ်ထွက် လာမည်မှာ မြေကြီးလက်ခတ်မလွဲနိုင်တော့ပါ။ သို့ဖြစ်၍ မြန်မာပြည်အနှံ့ လူထုအားကစား လှုပ်ရှားမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းပေါ်ပေါက် လာစေရေးအတွက် တွန်းအားပေးစည်းရုံး ဆောင်ရွက်ခြင်း၊ အဆင့်ဆင့်သော အားကစားပြိုင်ပွဲများ အဆင့်အတန်းမီမီ စဉ်ဆက်မပြတ် ကျင်းပပြီး ထိုပြိုင်ပွဲများမှ အားကစားနည်းအလိုက် ထူးချွန်ထက်မြက်သူများကို ငယ်ရွယ်၍ ပညာသင်ကြား နေသူများဖြစ်ပါက ရေရှည်ပြုစု ပျိုးထောင်နိုင်ရေးအတွက် အားကစားသိပ္ပံကျောင်း များနှင့် အားကစားအကယ်ဒမီများသို့ ပို့ဆောင်လေ့ကျင့်စေခြင်းဖြင့် လည်းကောင်း၊ အားကစား အရည်အချင်း မြင့်မား၍ အသက်အရွယ်ပြည့်မီသူများအား မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အသီးသီးသို့ လည်းကောင်း ပို့ဆောင်၍ အဆင့်မြင့်နည်းပြများဖြင့် လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ အားကစားနည်းအလိုက် အောင်မြင်သည့်နိုင်ငံများသို့ **Joint Training** စေလွှတ်ခြင်း၊ နိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် ဖိတ်ခေါ်ပြိုင်ပွဲများ စဉ်ဆက်မပြတ် ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ ပြည်တွင်းဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပခြင်းနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများအား အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်း၊ အားကစားလောက ရေရှည်မြင့်မားတိုးတက်ရေးတို့အတွက် နိုင်ငံတကာ အားကစား တက္ကသိုလ်များသို့ ပညာတော်သင်စေလွှတ်ခြင်း၊ အားကစားဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံ ဆွေးနွေးပွဲများအား ကျင်းပပြုလုပ်ခြင်းစသည့် ကိစ္စရပ်များအား ဟန်ချက်ညီညီ စီမံချက်ချ ဆောင်ရွက်နိုင်ကြမည်ဆိုလျှင် နိုင်ငံတော်မှ အားကစားဝန်ကြီးဌာနသို့ ပေးအပ်ထားသည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေး ဆိုသည့် အဓိကလုပ်ငန်း တာဝန်ကြီး (၂)ရပ်အား အခြေခံကျကျ အကောင်အထည်ဖော် ဆောင်ရွက် ပြီးသား ဖြစ်သွားမည် ဖြစ်ပါသည်။

ထို့ပြင် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်စေရေး အတွက်လည်းကောင်း၊ ကျောင်းသားအရွယ် လူငယ်/မောင်မယ်များသာမက ကျားမ-မရွေး၊ လူကြီး၊ လူရွယ်၊ လူငယ်၊ လူလတ်များပါမကျန် အားကစားကို ပုံမှန်လေ့ကျင့်ခြင်းအားဖြင့် ငယ်ရွယ်စဉ်မှ အရွယ်ရောက်လာသည်အထိ စိတ်ပိုင်း၊ ရုပ်ပိုင်းဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် လည်းကောင်း၊ အားကစားကို ပြည်သူတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရေးအတွက် လည်းကောင်း၊ အောက်ဖော်ပြပါအတိုင်း စီမံဆောင်ရွက် သွားသင့်ကြောင်း အကြံပြုတင်ပြလိုပါသည်-

(က) ပညာရေးစနစ်အဆင့်တိုင်းတွင်အားကစားပါဝင်စေရေးဆောင်ရွက် ပေးရမည်။

(ခ) အားကစားလေ့ကျင့်ရန် အခြေခံအဆောက်အဦများနှင့် အားကစားအထောက်အကူပြုပစ္စည်းများအား နေရာတိုင်းတွင် ထားရှိပေးပြီး အားကစား လေ့ကျင့်မှုများ ပြုလုပ်နိုင်စေရေး ဆောင်ရွက်ပေးရမည်။

(ဂ) ပျင်းရိပြီး အချိန်ဖြုန်းမှုများ၊ ဥပဒေနှင့် မလွတ်ကင်းသည့် အပြုအမူများမှ ရှောင်ရှားနိုင်စေရန် အားကစားလေ့ကျင့် လှုပ်ရှားမှုများ ပုံမှန်ပြုလုပ်နိုင်ရေး စီမံ ဆောင်ရွက်ပေးရမည်။

(ဃ) အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များနှင့် မြို့နယ်တိုင်းတွင် အားကစားနည်းပြ၊ အားကစားသရုပ်ပြနှင့် အားကစားမှူးများ လုံလုံ လောက်လောက် ထားရှိပေးရမည်။

(င) ယှဉ်ပြိုင်နိုင်စွမ်းရှိသော အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေး အတွက် အဆင့်ဆင့်သော အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း၊ မြို့တိုင်း/ ရပ်ကွက်တိုင်းတွင် လူငယ်လူရွယ်များ အားကစား လေ့လာလိုက်စားလာစေရေး အတွက် အားကစား ကလပ်များ ဖွဲ့စည်းထူထောင်ပေးပြီး လိုအပ်သည့် အားကစား အထောက်အကူပြုပစ္စည်းများ ပံ့ပိုးဖြည့်ဆည်း ပေးရမည်။

(စ) အားကစား အသိုက်အဝန်းအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်အောင် စီမံဆောင်ရွက်ပေးရမည်။

(ဆ) အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သူများအား အောင်မြင်မှု အဆင့်အတန်းနှင့် စွမ်းဆောင်ခဲ့မှုများအပေါ် မူတည်၍ ဝန်ထမ်းများပင်စင်လစာ ခံစားခွင့်များကဲ့သို့ သင့်လျော်သည့် ခံစားခွင့်များရရှိရေး စီမံဆောင်ရွက်ပေးရမည်။

မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များသည် ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် မူလတာဝန်ဝတ္တရားများ အောင်မြင်စေရေးအတွက် ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြမည် ဆိုပါလျှင်၊ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးရှိ ခရိုင်/မြို့နယ်နှင့် ရပ်ကွက် ကျေးရွာများအဆုံး လူထုအားကစားလှုပ်ရှားမှုများနှင့် ဒေသတွင်း အားကစားပြိုင်ပွဲများ၊ ဖိတ်ခေါ်အားကစားပြိုင်ပွဲများ ပြန်လည်အသက်ဝင် လှုပ်ရှား

လာစေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှု၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနများ၊ အားကစားနှင့်ကာယပညာ ကော်မတီအဆင့်ဆင့်တို့မှ တွန်းအားပေး စည်းရုံးဆောင်ရွက်ကြမည်ဆိုပါလျှင်၊ ပညာရေးကဏ္ဍတွင်လည်း နိုင်ငံတော်မှ ဖွဲ့စည်းထားရှိပေးသည့် အားကစားနှင့် ပညာရေးပေါင်းစပ်မှုဦးစီးကော်မတီ၏ ဦးဆောင်မှုဖြင့် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကောလိပ်များတွင် နေ့စဉ် အားကစားလေ့ကျင့်ချိန် သတ်မှတ်ပေးခြင်း၊ ကျောင်းတွင်းအားကစားပြိုင်ပွဲများ၊ အခြေခံပညာကျောင်းပေါင်းစုံနှင့် တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးနိုင်ကြမည်ဆိုပါလျှင်၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအား များစွာ အထောက်အကူပြုနိုင်မည့်အပြင် နိုင်ငံ၏ အနာဂတ်မျှော်လင့်ချက်နှင့် ဥစ္စာဓနအဖြစ် မှတ်ယူထားသည့် ကလေးသူငယ်များနှင့် လူငယ်၊ လူရွယ်များအတွက် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ အောက်ပါအတိုင်း ရရှိလာနိုင်မည်ဖြစ်ပါသည်-

(က) ခန္ဓာကိုယ်ထွားကြိုင်းသန်မာပြီး ကြံ့ခိုင်မှုပြည့်ဝသော ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု

(ခ) သည်းခံစိတ်ရှည်ပြီး တရားသောအနိုင်ရမှုမျိုးကို မြတ်နိုးတတ်သကဲ့သို့ ပြိုင်ပွဲမှ ရရှိလာမည့် အရှုံးရလဒ်ကိုလည်း တည်ငြိမ်စွာ လက်ခံနိုင်သော စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊

(ဂ) အားကစားနည်းအလိုက် သတ်မှတ်ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများ၊ သတ်မှတ်ချက်၊ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာတတ်မှု၊

(ဃ) အားကစား၏ ပင်ကိုသဘာဝအရ လူအများနှင့်ဆက်ဆံပြီး အတူတကွ ပူးပေါင်း ဆောင်ရွက်ရသည်ဖြစ်ရာ လူမှုဝတ္တရားများတွင် ကျင့်ဝတ်နီတိများ၊ ထိန်းသိမ်းဆင်ခြင်ရမည့် အပြုအမူနှင့် အမူအရာများ ပိုမိုကောင်းမွန်တိုးတက်မှု၊

(င) မိမိတို့၏ မျှော်မှန်းချက်ပန်းတိုင်သို့ရောက်အောင် စွမ်းဆောင်မှုကို ရှေ့ရှုသည့် တွန်းအားတစ်ရပ်ဟု ဆိုနိုင်သော တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှု အသိစိတ်များ တိုးတက်ထွန်းကားလာစေမှု၊

သို့ဖြစ်ရာ အားကစားလှုပ်ရှားဆောင်ရွက်မှုများသည် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး အတွက်လည်းကောင်း၊ အမျိုးသားရေး စိတ်ဓါတ်များ နိုးကြားလာစေရေး အတွက်လည်းကောင်း၊ နိုင်ငံ့ဂုဏ်ကို အားကစားဖြင့်မြှင်တင်ပြီး နိုင်ငံ၏ပုံရိပ်ကောင်းများကို ကမ္ဘာအနှံ့ဖြန့်ကျက် သိရှိစေရေးအတွက်လည်းကောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်းကောင်း၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်းများ အပါအဝင် မီဒီယာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အထောက်အကူ ပြုလျက်ရှိရာ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားကစားကဏ္ဍအား မြှင့်တင်ဆောင်ရွက်သွားကြရန်တိုက်တွန်းအပ်ပါကြောင်း. . . . . .

ဤဆောင်းပါးသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောင်းပါးရှင် ကိုဌေး(ကနောင်)၏ ဆောင်းပါး ဖြစ်ပါသည်။

“ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ဖို့’

သဇင်ထွန်း (ပညာရေး)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်ဖို့ဆိုရာတွင် (ဥာဏ၊ ကာယ၊ စာရိတ္တ၊ ဘောဂဗလနှင့် မိတ္တဗလ)ဟူသောဗလငါးတန်နှင့် ပြည့်စုံသော လူငယ်ထုကို အရင်းခံ၍ လူကောင်းလူတော်များကို မွေးထုတ် ရပေမည်။ တိုင်းပြည်၏ ဆိုးမွေ၊ ကောင်းမွေ အနာဂတ်သည် ယနေ့လူငယ်၊ နောင်တွင် လူကြီးဆိုသည့်အတိုင်း လူငယ်ထုအပေါ်တွင် မူတည်နေပေသည်။ လူငယ်အများစုသည် ရင်ခွင်ပိုက်၊ မူကြို၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းမှ ကောလိပ်နှင့် တက္ကသိုလ် စသည့် ပညာရေးလောကတွင် တည်ရှိနေရာ . . .

ကျောင်းသားလူငယ်များ၏ အသိစိတ်ဓာတ်ကောင်းမွန်ခြင်း၊ စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်သော (Sound Mind Sound Body) လူငယ်ထုတစ်ရပ်လိုအပ်ပေသည်။ သို့ကြောင့် “မျိုးချစ်စိတ်ဓာတ်အစ စာသင်ကျောင်းက”ဟူသော စကားရပ်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် ရည်ညွှန်းခြင်းပင် ဖြစ်ပါသည်။

‘ပညာရေးအခြေမြင့်မှ တိုင်းပြည်အခြေတင့်မည်’ ဆိုသော ဆောင်ပုဒ်သည် ‘ကျန်းမာကြံ့ခိုင်သော ပြည်သူ လူထုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်အံ့ဆိုသည့်’ ဆောင်ပုဒ်ကိုလည်း ဖော်ညွှန်း နေခြင်းပင် ဖြစ်ပါသည်။

နိုင်ငံနှင့်လူမျိုး တည်တံ့ ခိုင်မြဲရေးသည် လူတစ်ဦးစီ၏ ကျန်းမာကြံ့ခိုင်မှုအပေါ်တွင် များစွာမူတည်လျက်ရှိ ပါသည်။ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ပါမှ ထိုနိုင်ငံ၊ ထိုတိုင်းပြည်၊ ထိုလူမျိုးတို့ တည်တံ့ခိုင်မြဲမည်။ နိုင်ငံနှင့်လူမျိုး တည်တံ့ခိုင်မြဲပါမှ အသက်သွေးချွေး များစွာဖြင့် ရယူထားသော လွတ်လပ်ရေးကြီးကို နှစ်ပေါင်းများစွာအခွန့်ရှည်စွာ ကာကွယ် စောင့်ရှောက်နိုင်မည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်း နိုင်ပေမည်။

‘မြေမြို၍ လူမျိုးမပျောက်၊ လူမြိုမှ လူမျိုးပျောက်မည်’ ဟူသော စကားသည် ကျန်းမာရေး၊ ကာကွယ်ရေး၊ လူမှုရေး၊ စိတ်ဓါတ် ရေးရာနှင့် စီးပွားရေးကျဆင်းသော နိုင်ငံများသည် တိုင်းတပါး၏ ဖိနှိပ်ဝါးမြိုခြင်းကို ခံရမည်ဟု သတိပေးခြင်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ လူမျိုးတည်တံ့ခိုင်မြဲရေးသည် လူတစ်ဦးချင်းစီ၏ ကျန်းမာကြံ့ခိုင်မှု အပေါ်တွင် မျှားစွာမူတည်နေပါသည်။ လွတ်လပ်မှုနှင့် လူမျိုးပြုန်းတီးခြင်းမှ ကာကွယ်ရန် စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်မှု (Sound Mind Sound Body) ဖြင့်၊ ကြိုတင်ပြင်ဆင် ကာကွယ်ရမည်ဟု ဗြိတိသျှကာယဗလရှေ့ဆောင် (မက်ဖက်ဒင်) ဆိုသော ပုဂ္ဂိုလ်က လှုံ့ဆော်ရေး သားခဲ့ပါသည်။

ခြေလျင်လမ်းလျှောက်ခြင်းအလေ့အထသည် ကမ္ဘာဦး လူသတ္တဝါများ စတင်ပေါ်လာချိန်မှ အစပြုခဲ့သည်။ လူ့သဘာဝအလျောက် အချိန်တန် အရွယ်ရောက်၍ လမ်းလျှောက်နိုင်သည်မှ ဘဝနိဂုံးချုပ်၊ ခန္ဓာဆဲသည့်တိုင် စားဝတ်နေရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးကိစ္စများတွင် လူတိုင်းလူတိုင်း၊ ခြေလျင်ခရီးကိုလျှောက်ခဲ့ရသည်။

မြန်မာရာဇဝင်တွင် ထင်ရှားသည့် တောင်ငူဘုရင် တပင်ရွှေထီး၊ ဘုရင့်နောင်ကျော်ထင်နော်ရထာ (ဆင်ဖြူများရှင်)၊ ဦးအောင်ဇေယျ စသည့် မြန်မာစစ်ဘုရင်များသည် ဝေးကွာလှသော ယိုးဒယား၊ မဏိပူရ၊ အာသံ နိုင်ငံများအထိ ခြေလျင်ခရီး၊ ခြေလျင်တပ်မဖြင့် စစ်ချီသိမ်းပိုက်ခဲ့ဖူးသည်မှာ မြန်မာစစ်သည်တို့၏ ကျန်းမာကြံ့ခိုင်မှုကို ဖော်ပြနေခြင်း ဖြစ်ပေသည်။

ခြေလျင်လျှောက်ခြင်း၏ တန်ဖိုးကို လုပ်ငန်းကျင့်စဉ် တစ်ရပ်အနေဖြင့် လူသားအကျိုးပြု ကျန်းမာရေးရှုထောင့် စိတ္တဇေဒနှင့် ဇီဝဇေဒရှုထောင့်မှကြည့်မြင်၍ လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) ကျော်ကပင် ဗုဒ္ဓဘုရားရှင်က ရဟန်း သံဃာများတွင် စကြီလျှောက်ခြင်း၊ လူများတွင် ခြေလျင်လျှောက်ခြင်းသည် "ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်၊ ကင်းစင် ရောဂါ၊ အစာကြေညက်၊ မပျက်သမာဓိ ငါးပါးရှိ မျှား၏ စကြီအကျိုးတည်း" ဟူ၍ မိန့်ကြားတော်မူခဲ့ပါသည်။ ကိုယ်တော်တိုင်လည်း တရား ဓမ္မ ဟောကြားပြီးလျှင် နေ့စဉ်လုပ်ငန်းများ၌ မိနစ် (၈၀) ခန့်ကို မကျိန်းစက်မီ စကြီလျှောက်တော်မူသည်ဟု ဗုဒ္ဓစာပန်းချီတွင် ဖော်ပြထားပါသည်။

ယနေ့ ကမ္ဘာ့ဆေးသိပ္ပံပညာရှင်အားလုံးက တစ်ညီတစ်ညွတ်တည်း လက်ခံထားကြသော သုတေသန မှတ်တမ်းတွင် ရောဂါအတော်များများကို လမ်းလျှောက်ခြင်းကုထုံးဖြင့် သက်သာပျောက်ကင်းနိုင်သည် ဆိုသောအချက်ကို မှန်ကန်ကြောင်း ထောက်ခံထားကြပေသည်။

ဤသို့လျှင် ငွေကုန်ကြေးကျမရှိသောခြေလျင်လျှောက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ပြည်သူလူထုမှ အခြား အခြားသော ကိုယ်လက်လှုပ်ရှားအားကစားများသည်

ယနေ့ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများတွင် လူထုအားကစားလှုပ်ရှားမှုဖြင့် ပြည်သူလူထု ကျန်းမာရေးမှသည် နိုင်ငံတော်ကာကွယ်ရေး၊ စီးပွားရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုများကို တည်ဆောက်လျက်ရှိပေသည်။ သို့ကြောင့်ပင် ယနေ့ ကမ္ဘာ့နိုင်ငံ တိုင်းမှာ အလေးပေးဆောင်ရွက်နေသည့် လုပ်ငန်းကြီးတစ်ခုမှာ 'လူတိုင်းကျန်းမာ ဤကမ္ဘာ' ဆိုသည့် ဆောင်ပုဒ်ကို အကောင်အထည်ဖော်နေခြင်း ဖြစ်ပါသည်။ ထိုကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (World Health Organization- WHO) ၏ ဆောင်ပုဒ်သည် (Move for all) လူတိုင်းလှုပ်ရှား အားကစားနှင့် (Move for Health) လူတိုင်းကျန်းမာဖို့ အားကစား လှုပ်ရှားစို့ဟူ၍ အဓိပ္ပါယ် ပြန်ဆို ထားပါသည်။

'အာရောဂျံ ပရမံလာဘံ - ဆိုစကားတို့များ သိထားရပေမည် - လုပ်အားကိုယ်စီ တူညီပေးဖို့ - တို့များ ကိုယ်စီကျန်းမာဖို့လိုသည် - ကျန်းမာမှ အလုပ်လုပ်နိုင်မည် - အဖိုးမဖြတ်နိုင်ပါသည်- စိတ်မှာတွေး- ကျန်းမာရေး အဓိကဖြစ်ပေသည် - တို့ယုံကြည်' နှင့် 'စောစောအိပ်လို့ - စောစောထလို့ - စောစောလမ်း လျှောက်ကြပါစို့ - ကိုယ်ခန္ဓာသန်စွမ်းစေဖို့ - စိတ်နှလုံးရွှင်ပြုံးစေဖို့ - သူငယ်ချင်း အပေါင်းအသင်းများနဲ့ ပျော်ဖို့-ရွှင်ဖို့-ကျန်းမာစေဖို့- စောစောအိပ်လို့-စောစောထလို့ - စောစော လမ်းလျှောက်ကြပါစို့' ဆိုသည့် တေးသီချင်းသံသည် လူသားအားလုံးအတွက် ကျန်းမာရေးမှာ ဘ၀တစ်သက်တာတွင် အရေးကြီးဆုံး အကြီးမြတ်ဆုံး ရတနာတစ်ပါးဟု နှိုးဆော်နေသည်ကို သတိပြုသင့်ပေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ နှစ်စဉ်အစီရင်ခံစာတွင် ကိုယ်လက်လှုပ်ရှား နည်းပါးမှုကြောင့် လေဖြတ်ခြင်းအပါအ၀င် ရောဂါအမျိုးမျိုးဖြင့် နှစ်စဉ် လူဦးရေ (၆.၅)သန်းခန့် သေဆုံးရသည်ဟု (၄-၁၂-၂၀၁၅) ရက်ထုတ် (Globle) ဂျာနယ်စာမျက်နှာ (၃)တွင် ဖော်ပြထားပါသည်။ ထို့ကြောင့်လည်း လူဖြစ်လာသောအခါ လူသားတိုင်းအတွက် အရေးကြီးဆုံးနှင့် အဖိုးမဖြတ်နိုင်သော အရာမှာ 'အာရောဂျံ - ပရမံ - လာဘံ' ဟုဆိုသည့် ကျန်းမာရေးပင် ဖြစ်ပါသည်။ ဥရောပစကားပုံများတွင် 'Health is the Highest Gold' နှင့် 'Health is Wealth' ကျန်းမာခြင်းသည် အကြီးမြတ်ဆုံး ချမ်းသာခြင်းရတနာတစ်ပါးဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုကြသည်။

ကမ္ဘာကျော်စာရေးဆရာကြီး “ဒေးလ်ကာနက်ဂျီ” ၏ "How To Win Friends and Influence People" စာအုပ်ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ပြန်ဆို ရေးခဲ့သော ‘ဦးနု’ ၏ ‘မိတ္တဗလဋ္ဌိကာ’ စာအုပ်စာမျက်နှာ ‘၅၇’ တွင် လူတို့၏ အတောင်းတဆုံး လိုအင်ဆန္ဒမှာ ‘ကျန်းမာရေးနှင့် အသက်ရှည်ခြင်းပင်ဖြစ်သည်’ ဟု ဖော်ပြထားလေသည်။

ကျန်းမာခြင်းသည် လူသားတိုင်းအတွက် အလိုအပ်ဆုံး ဖြစ်ပေသည်။ ငယ်ရွယ်နုပျိုစဉ်ကပင် ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားကို လိုက်စားသင့်ပေသည်။ ဘက်စုံထူးချွန်သော ကျောင်းသားတစ်ယောက် ဖြစ်လာရေးအတွက် ပညာကြိုးစားရုံဖြင့် မလုံလောက်နိုင်ပါ။ ကိုယ်လက်လှုပ်ရှား အားကစားကို လိုက်စားမှသာလျှင် ကိုယ်ကာယကြံ့ခိုင်လာမည်၊ ကိုယ်ကာယကြံ့ခိုင်မှသာ စိတ်ဓာတ်ဖွံ့ဖြိုးပြီး ဉာဏ်ပညာ ရှင်သန်ထက်မြက်လာပေမည်။ Sound mind Sound Body စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်ခြင်းဟု ဆိုပါသည်။ လူငယ်လူရွယ်တိုင်းသည် နိုင်ငံ၏ အရေးပါသော အမာခံအင်အားစုဖြစ်သည်။ ထို့ကြောင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ လူငယ်များအတွက် ကျန်းမာရေး၊ ပညာရေးအစီအစဉ်များ အပါအဝင် အကျင့်စာရိတ္တကောင်းမွန်ရေးတို့အတွက်၊ ပညာရေး စနစ်သစ်အစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ‘ကျန်းမာရေးနှင့် ဘက်စုံပညာ တိုးတက်မြင့်မားရေး’ ဟူသော ဆောင်ပုဒ်ကို စာသင်ကျောင်းတိုင်းတွင် အကောင်အထည်ဖော်လျက်ရှိပါသည်။

ထို့ကြောင့် ယနေ့နိုင်ငံတော်သည် အားကစားဝန်ကြီးဌာန ကြီးကြပ်မှုဖြင့် အားကစားနှင့် ပညာရေး ပေါင်းစပ် သင်တန်း ‘အားကစားနှင့် ကာယပညာ သိပ္ပံကျောင်း’ ကို ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ (၂၇) ရက်တွင် ရန်ကုန်မြို့၌ စတင်ဖွင့်လှစ် သင်ကြားလေ့ကျင့်ပေးလျက်ရှိပြီး မန္တလေးမြို့၊ တောင်ကြီးမြို့နှင့် မော်လမြိုင်မြို့များ တွင်လည်း အားကစားနှင့် ကာယပညာ သိပ္ပံကျောင်းများကို ဖွင့်လှစ်ပေးခဲ့သည်။ နိုင်ငံတော်အစိုးရသည် အမျိုးသားရေး စွမ်းအားစုများကို အမျိုးသားရေးစိတ်ဓါတ် မြင့်မားခိုင်မာလာရေးအတွက် လူမှုရေး ဦးတည်ချက် (၄) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ‘တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး နှင့် ပညာရည်မြင့်မားရေး’ ဟူသည့် ဦးတည်ချက်နှင့်အညီ တစ်နိုင်ငံလုံး ကျန်းမာရေးလုပ်ငန်းများ၊ ပညာရေး

လုပ်ငန်းများကို ပြည်သူလူထုနှင့်အတူ လက်တွဲ၍ စွမ်းစွမ်းတမံ ဆောင်ရွက်ပေး လျှက်ရှိကြောင်း တွေ့မြင်နေရပါသည်။

၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်တွင် အားကစားနှင့် ကာယပညာဦးစီးဌာနကို အားကစားဝန်ကြီးဌာန ဟူ၍ တိုးချဲ့ဖွင့်လှစ်ပြီးနောက် ရှေ့လုပ်ငန်းစဉ် (၁၀) ရပ်ကို ချမှတ်ခဲ့ရာ ဦးစားပေး အပိုဒ် (၁) တွင် 'အားကစားကို အခြေခိုင်မာလာစေရန်အတွက် အားကစားနှင့် ကာယပညာကို ထိထိမိမိ ပေါင်းစည်းဆက်စပ် ဆောင်ရွက်သွားရန်၊ အားကစားနှင့် ကာယပညာသိပ္ပံတွင် အားကစားနှင့် ပညာရေးပေါင်းစပ်၍ ပြိုင်တူသင်ကြားမှု အစီအစဉ်ကို ဆောင်ရွက်သွားရန်နှင့် ပြည်သူတစ်ရပ်လုံး ပါဝင်လှုပ်ရှားသည့် လူထုအားကစား (Mass Sports) ကို မြှင့်တင် ဆောင်ရွက်သွားရန်' ဟူ၍ ဖော်ပြထားခြင်းသည် (Mass Sports) လူထုအားကစားမှ (Excellent Sports) ပြိုင်ပွဲဝင် အောင်ပွဲခံအဆင့်သို့ ဦးတည်လျှက်ရှိကြောင်းကို ဖော်ပြနေခြင်း ဖြစ်ပါသည်။

အားကစားဝန်ကြီးဌာန မူဝါဒ (၃) ရပ်တွင် အပိုဒ် (၂) ၌ 'တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအားကစား လှုပ်ရှားမှုကို တစ်နိုင်ငံလုံး တစ်မျိုးသားလုံး စိတ်ပါဝင်စားစွာဖြင့် ပါဝင်လှုပ်ရှားကြရမည်' ဟု ဖော်ပြထားပါသည်။ သို့မှသာ လူထုအားကစား လှုပ်ရှားမှုမှ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်ထက်မြက်သော အားကစား လူရည်ချွန်များ မွေးထုတ်နိုင်မည်ဖြစ်ပါသည်။ ယနေ့ အချိန်အခါတွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထု၏ ပူးပေါင်း ဆောင်ရွက်မှုကြောင့် နိုင်ငံတော်တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်နေသည့် လူစွမ်းအား အရင်းအမြစ် ပေါ်ထွန်းလာပြီး အားကစား ဘက်ဆိုင်ရာများတွင်လည်း တိုးတက်မြင့်မားလာကြောင်း တွေ့ရှိရပေသည်။

နိုင်ငံတော်က ပြည်ထောင်စုတစ်ခုလုံးကို ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မှန်ကန်သော စေတနာဖြင့် ဆောင်ရွက်ပေးနေချိန်တွင် ကျွန်ုပ်တို့ နိုင်ငံသားအားလုံး ကလည်း တစ်ယောက်မှ တစ်ရာ တစ်ရာမှ တစ်နိုင်ငံလုံး တိုင်အောင် လက်တွဲညီညီဖြင့် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ လူထုအားကစားများတွင် ပါဝင်ဆောင်ရွက်သွားကြမည် ဆိုပါက ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်း၊ ပြည်နယ် အဆင့်အလိုက် လူထုအားကစား (Mass Sports) မှ ထူးချွန်အားကစား (Excellent Sports) သို့ ရောက်ရှိကာ နိုင်ငံတော်အတွက် အောင်မြင်သော အားကစား သမားများကို မွေးထုတ်နိုင်မည် ဖြစ်ပေသည်။ ထို့ကြောင့်လည်း နိုင်ငံတော်က မြန်မာ့အားကစားအဆင့်အတန်း

မြင့်မားထည်ဝါစွာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် အားကစား မြှင့်တင်ရေး အစီအစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အထူးအလေးထား အားပေးဆောင်ရွက်လျက်ရှိပါသည်။

ယနေ့ သိပ္ပံစက်မှုခေတ် တိုးတက်နေချိန်တွင် လူအများစုသည် သွားလာလှုပ်ရှားမှုများကို စက်ပစ္စည်း အကူအညီများဖြင့် လုပ်ဆောင်လာကြပြီး မိမိ ခန္ဓာကိုယ်ဖြင့် လုပ်ဆာင်ရသော၊ ခွန်အားစိုက်ထုတ်ရသော လှုပ်ရှားမှုများ နည်းလာရာတွင် အဝလွန်ခြင်းများ (Obesity) ဖြစ်လာ၍ သွေးကြောများ လှည့်ပတ်မှု ထိုင်းမှိုင်းလာရာတွင် နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်း၊ သွေးတိုး၊ ဆီးချိုနှင့် အရိုးအဆစ်ရောင်ရမ်းခြင်း၊ စိတ်မှတ်ဉာဏ်ထိုင်းခြင်း စသော ရောဂါများ ဖြစ်လာတတ်ပါသည်။ ဤရောဂါများကို ကြိုတင်ကာကွယ်ရန်အတွက် သွေးလေ ညီညွတ်မှု တစေရန် ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခန်းအမျိုးမျိုးကို ပြုလုပ်သင့်ပါသည်။

မြန်မာနိုင်ငံ၏ အားကစားအဖွဲ့ချုပ်များသည် ထူးချွန်အားကစားသမား များ၊ မျိုးဆက်သစ်များ ပြုစုပျိုးထောင်၍ ပြည်တွင်း အားကစားပြိုင်ပွဲများသာမက အပြည်ပြည်ဆိုင်ရာ ပြည်ပ အားကစားပြိုင်ပွဲများ နိုင်ငံတွင်းဆိုင်ရာ အားကစား ပြိုင်ပွဲများ လက်ခံကျင်းပရေးနှင့် ဝင်ရောက်ယှဉ်ပြိုင်ရေးများကိုပါ ဆောင်ရွက်ရန် လမ်းညွှန် ပေးရာတွင် လူထုအားကစား (Mass Sports) ကို အခြေခိုင်မာစေရမည်ဟု ဖော်ပြထား ပါသည်။

၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်တွင် အားကစားဝန်ကြီးဌာနအဖြစ် တိုးချဲ့ဖွဲ့စည်းပေးခဲ့ပြီးသည်မှစ၍ လူထုအားကစား လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ပြီး အားကစားဝန်ကြီးဌာန၏ မူဝါဒ (၃) ရပ်ကို ချမှတ်ပေးခဲ့ရာ -

(၁) မြန်မာ့အားကစား ကမ္ဘာ့ကို တက်လှမ်းစေရမည်။

(၂) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအားကစား လှုပ်ရှားမှုကို တစ်နိုင်ငံလုံး တစ်မျိုးသားလုံး စိတ်ပါဝင်စားစွာဖြင့် လူထု အားကစား (Mass Sport) ကို ပါဝင်လှုပ်ရှားကြရမည်။

(၃) နိုင်ငံတကာအလယ်၌ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားနည်းဖြင့် မြှင့်တင်နိုင်မည့် ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် (Excellent

Sport) အားကစားသမားများ လူရည်ချွန်များ မွေးထုတ်ရမည်ဟု ဖော်ပြထားပါသည်။

နိုင်ငံတိုင်းသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အားကစားကဏ္ဍများတွင် မိမိနိုင်ငံ၊ မိမိလူမျိုး မျက်နှာမငယ်စေရဘဲ ဂုဏ်သိက္ခာ တိုးတက်မြင့်မားရေး၊ သူတစ်ပါးနိုင်ငံများနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေ ရေးအတွက် အမျိုးသားရေး စိတ်ဓါတ်ပြင်းပြစွာ အပြိုင်အဆိုင် မနားမနေ ကြိုးစားအားထုတ်နေကြပေသည်။ မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မာရေးကို အရေးပါသည့် အခန်းကဏ္ဍတွင် ထားရှိပြီး၊ အင်တိုက် အားတိုက် ကြိုးပမ်းမြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ အားကစားအဖွဲ့ချုပ်များ၏ စနစ်တကျ စီမံခန့်ခွဲမှု၊ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၊ စေတနာရှင် ပြည်သူများ၏ ကူညီထောက်ပံ့မှု၊ အားကစားဝါသနာရှင်ပြည်သူများ အပါအဝင် တစ်မျိုးသားလုံး၏ အင်တိုက်အားတိုက် အားပေးခြီးမြှောက်မှု များသည် အားကစားမောင်မယ်များ၏ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ ပြည့်စုံစေမှုအတွက် သာမက စိတ်ပိုင်းဆိုင်ရာ မြင့်မားရေးအတွက် လှုံ့ဆော်အားပေးမှုများကိုပါများစွာ အထောက်အကူပေးလျက်ရှိပါသည်။

ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လှုပ်ရှားသည့် လူထုအားကစားကို မြှင့်တင်ရန် အတွက် ၁၉၉၈ ခုနှစ်မှ စတင်၍ နိုဝင်ဘာလ၊ ဒီဇင်ဘာလနှင့် ဇန်နဝါရီလကို လူထုအားကစားလ ဟုတိုးချဲ့၍ အားကစားလှုပ်ရှားမှုကို အပတ်စဉ် စနေနေ့တိုင်း သတ်မှတ်ပေးခဲ့သည် သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး ဒီဇင်ဘာလ တစ်လတည်း ကိုသာ ကျစ်ကျစ် လျစ်လျစ် အားကစားလှုပ်ရှားမှု လူထုအားကစားလအဖြစ် ပြန်လည် သတ်မှတ်ပေးခဲ့သည်။ အားကစားဖွံ့ဖြိုး တိုးတက်ရေးအတွက် ရေတို၊ ရေရှည် စီမံကိန်းများ ချမှတ်လုပ်ဆောင်ခဲ့သည်။

ဤကဲ့သို့ လူထုအားကစားကို တွန်းအားပေး ဆောင်ရွက်ရာတွင် အလွယ်ကူဆုံးနှင့်လူကြိုက်လူငယ်၊ ကျားမ မရွေး၊ ကစားကွင်းမလို၊ ငွေကုန်ကြေးကျမများသော၊ စုပေါင်းပါဝင်နိုင်သော၊ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ၊ စနေနေ့၊ နံနက်တိုင်း ကျင်းပပေးပြီး လမ်းလျှောက်ခြင်း၊ အကျိုးကျေးဇူးများကိုလည်း အောက်ပါ အတိုင်း ဖော်ပြ၍ စာနယ်ဇင်းများ၊ ဆိုင်းဘုတ်များစိုက်ထူပြီး ‘ကျန်းမာကြဲ့ခိုင်၊ ပြည့်မဏ္ဍိုင်၊ ပါဝင်လှုပ်ရှား၊ လူထုအားကစား’ ‘သက်ရှည်ကျန်းမာ

နေထိုင်ဖို့ နေ့စဉ်မှန်မှန် လမ်းလျှောက်ကြစို့' ဟူ၍ လှုံ့ဆော်သတိပေးခဲ့ရာ' လမ်းလျှောက်ခြင်းဖြင့်

(၁) ခန္ဓာကိုယ်နှင့် စိတ်ဓါတ်ကြံ့ခိုင် ကျန်းမာလာစေနိုင်သည်။

(၂) သက်လုံကောင်းပြီး အမောခံနိုင်သည်။

(၃) အဆီလျော့ကျ၍ အဝမလွန်အောင် ထိန်းပေးနိုင်သည်။

(၄) ဦးနှောက်နှင့် အာရုံကြောအားကောင်း၍ ဥာဏ်ရည်ထက်မြက်စေနိုင်သည်။

(၅) ကိုယ်ခံစွမ်းအားမြှင့်တင်စေပြီး ရောဂါများကို ကာကွယ်နိုင်သည်။

(၆) အကြောအခြင်အရွေ့တ်များ ပျော့ပျောင်းစေပြီး ခန္ဓာကိုယ် ဖျတ်လတ်ပေါ့ပါး လာစေနိုင်သည်။

(၇) သွေးလည်ပတ်မှုကောင်းပြီး အိပ်ပျော်စာဝင်စေသည်။

(၈) စိတ်ဖိစီးမှု လျော့နည်းစေ၍ စိတ်ကြည်လင် လန်းဆန်းစေသည်။

(၉) နေ့စဉ် ပုံမှန် နာရီဝက်ခန့် လမ်းလျှောက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ဘဝကို ပိုင်ဆိုင်နိုင်သည်ဆိုသည့် အချက်များ ဖော်ပြထားခြင်းကို တွေ့ရပါသည်။

စင်စစ်အားဖြင့် လမ်းလျှောက်ခြင်းကို အမျိုးသားကျန်းမာရေး ဦးတည်ချက်ဖြင့် မြန်မာနိုင်ငံတွင် ပြည်သူ လူထုအများ စိတ်ဝင်စားလာစေရန် စည်းရုံးလှုံ့ဆော်ခဲ့သည့် အဖွဲ့တစ်ဖွဲ့သည် ၁၉၃၁ ခုနှစ်က ပေါ်ပေါက်ခဲ့သည်။ 'မြန်မာပြည်ခြေလျင်အဖွဲ့' ဟူ၍ ဖြစ်သည်။ ထိုခေတ်အခါ၌ အခါသည် နယ်ချဲ့ကိုလိုနီတို့က မြန်မာအမျိုးသားများ ကြံ့ခိုင်မှုအတွက် မည်သည့် အားကစားကိုယ်လက်လှုပ်ရှားခြင်းကို မပြုလုပ်ရဟု တားမြစ်ပိတ်ပင် ထားလေသည်။ သို့သော် ဆရာ ဦးရှိန်သည် နည်းမျိုးစုံဖြင့် နယ်ချဲ့ဆန့်ကျင်ရေး မြန်မာ့ဇာတိမာန် စိတ်ဓါတ်ဖြစ်ပေါ်ရေးတို့အတွက် ဆောင်းပါးများ ရေးသားခြင်း၊ သီချင်းများ သီဆိုခြင်း၊ နည်းမျိုးစုံနှင့် စုပေါင်းလမ်းလျှောက်ခြင်းတို့ဖြင့် စည်းရုံးလှုံ့ဆော် ခဲ့သည်။ ထို 'ခြေလျင်' အဖွဲ့ကို ဦးဆောင်သူမှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရမည်ဟု ကြွေးကျော်ခဲ့သော မြန်မာ့ကာယဗလဖခင် ဆရာ ဦးရှိန်

ခေါင်းဆောင်ခဲ့သောအဖွဲ့ဖြစ်သည်။ ထိုအဖွဲ့၏ ဆောင်ပုဒ်မှာ 'အာရောဂျံ ပရမံလာဘံ' ဟူ၍ ဖြစ်လေသည်။

၂၁ ရာစုတွင် အပျော်အပါးများခြင်း၊ အရက်သေစာသောက်စားခြင်း၊ ဆေးလိပ်မှအစ မူးယစ်ဆေးသုံးစွဲခြင်း စသော လူနေမှုစရိုက် ဟန်ပန်များ (Life Style) ပျက်ပြားလာသည်နှင့်အမျှ ကင်ဆာရောဂါ၊ သွေးတိုး၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ စသည့်ကူးစက်ခြင်းမဟုတ်သော ရောဂါများကြောင့် နှစ်စဉ်သေဆုံးနေရသူ (၅. ၁) သန်းခန့် သေဆုံးရသည်ဟု ဖော်ပြထားပါသည်။ အသက်ရှင်သန်နေသေးသော်လည်း ထိုရောဂါများကြောင့် မျက်စိကွယ်ခြင်း၊ ကျောက်ကပ်၊ နှလုံးပျက်စီးခြင်း စသည့် နောက်ဆက်တွဲ ဒုက္ခမျိုးစုံ ခံစားနေရသည်။ ၂၀၁၃ ခုနှစ်နောက်ပိုင်းတွင် မွေးဖွားလာသူ (၂၁) သန်းကျော်တွင် ဆီးချို၊ သွေးချို ရောဂါ အမွေပါလာခဲ့ကြသူများဖြစ်သည်ဟု ဆေးပညာဂျာနယ်များတွင် ဖော်ပြထားသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း ဤရောဂါများကြောင့် နှစ်စဉ်သေဆုံးနေရသူ (၆) သောင်းကျော် ရှိနိုင်ကြောင်း၊ (၂) သန်းခန့်မှာ ရောဂါဝေဒနာကို ခံစားနေရကြောင်း ဆီးချို၊ သွေးချိုရောဂါသည် အဝလွန်ခြင်း၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း မလုပ်ခြင်းတို့မှ အစပြုလာခဲ့ခြင်းဟု ဖော်ပြထားသည်။ ဝေဒနာရှင်များအတွက် သက်သာပျောက်ကင်းနိုင်သော နည်းလမ်းမှာ နေထိုင်မှုပုံစံနှင့် အစားအသောက်များကို ဆင်ခြင်ခြင်းနှင့် ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခန်းများဖြင့် ကြိုတင်ကာကွယ်နိုင်သည်ဟု စာနယ်ဇင်းများတွင် ဖော်ပြထားသည်ကို ဖတ်ရှုရပါသည်။

မြန်မာ့အာယုဗေဒဆေးကျမ်းများက မိန့်ဆိုခဲ့ရာတွင်လည်း လမ်းမှန်မှန် လျှောက်သူသည် အသက်ကို ပြင်းပြင်း ရှူထုတ်ခြင်းဖြင့် သွေးလေ ညီညွတ်မှုကြောင့် လေဖြတ်ခြင်း၊ သွေးတိုးခြင်း၊ နှလုံးရောဂါ ညောင်းညာ ထုံကျင် ကိုက်ခဲသော၊ နာတာရှည်ရောဂါ၊ အသည်း(အသဲ) နှင့် ကျောက်ကပ်ဆီးကျိတ် ရောဂါစသည်တို့ကို တားဆီး ကာကွယ်ပေးသည်ဟု ဖော်ပြထားပါသည်။ ထို့ပြင် လမ်းလျှောက်ခြင်းသည် အိုမင်း ရင့်ရော်ခြင်းနှင့် ဇရာကို တားဆီးပေးသည်ဟု မိန့်ဆိုခဲ့ပါသည်။

(Mass Sports) လူထုအားကစားမှ ထူးချွန်သော လက်ရွေးစင်အဆင့် (Excellent Sports) ဖြစ်ဖို့ရာတွင် သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများ၊

အားကစားအဖွဲ့ချုပ်များ၊ နည်းပြအုပ်ချုပ်သူ ဒိုင်လူကြီး၊ အားကစားသမားများ၊ ပရိတ်သတ်နှင့် ပံ့ပိုးကူညီသူအားလုံး ညီညီညွတ်ညွတ် စေတနာရှိရှိ စိတ်ရောကိုယ်ပါ ဝိုင်းဝန်းကူညီခဲ့ပါလျှင် နိုင်ငံတကာနှင့် ရင်ပေါင် တန်းနိုင်သော ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းများ ပေါ်ထွက်လာပေမည်။

ထို့ပြင် နည်းပြသင်တန်းများ၊ ဒိုင်သင်တန်းများ၊ အားကစားအကယ်ဒမီကျောင်းများ၊ တိုးတက်သော နိုင်ငံများသို့ တွဲဖက်လေ့ကျင့်ရေးများ စေလွှတ်ခြင်း၊ ပြည်တွင်းပြည်ပ ချစ်ကြည်ရေးအားကစားပြိုင်ပွဲများ၊ ဖိတ်ခေါ် ပြိုင်ပွဲများ ကျင်းပခြင်းကိုလည်း အခါအားလျော်စွာ ကျင်းပသင့်ပေသည်။

လူထုအားကစား (Mass Sports) ဟူ၍ ခေါ်ဆိုရာတွင် လူတစ်ချို့က လူထုစုပေါင်း လမ်းလျှောက်ခြင်း၊ တစ်ခုတည်းကိုသာ အစွဲပြုနေခဲ့ပါသည်။ အမှန်အားဖြင့် လူထုအားကစားဆိုရာတွင် လူအများစု ပါဝင်လှုပ်ရှား ကစားရသော လွန်ဆွဲခြင်း၊ ရိုးရာခြင်းလုံးခတ်ခြင်း၊ ထုတ်ဆီးထိုးခြင်း၊ ကြက်ဖခွတ်ခြင်း၊ ရိုးရာလှေလှော်ခြင်းနှင့် ခေတ်သစ်အားကစားဖြစ်သော ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပြေးခုန်ပစ် ကြက်တောင်ရိုက် စသည့် ကိုယ်လက်လှုပ်ရှား အားကစားနည်းအမျိုးမျိုးကို ထည့်သွင်း အသိအမှတ်ပြုရမည် ဖြစ်ပါသည်။

ကျန်းမာခြင်းသည် အဖိုးမဖြတ်နိုင်သော လာဘ်ကြီးတစ်ပါးဖြစ်သောကြောင့် 'ကျန်းမာကြံ့ခိုင်၊ ပြည့်မဏ္ဍိုင်' ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာပြည်သူပြည်သား အားလုံး အလွယ်ကူဆုံးနှင့် ငွေအရင်းအနှီးမပါသော ကျန်းမာရေးကို အထောက်အကူ ပြုသည့် လမ်းလျှောက်ခြင်းအပြင် အခြားသော စုပေါင်း ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ပြည်သူလူထုနှင့် နိုင်ငံတော်ကြီး တိုးတက်မှုကို တည်ဆောက်ပြီး ထူးချွန်ထက်မြက်သော အားကစား လူတော်လူကောင်းများနှင့် ကမ္ဘာ့အလယ်မှာ 'မြန်မာဟေ့' လို့ ကြွေးကျော် နိုင်အောင် လက်တွဲညီညီရှေ့သို့ချီ ပါဝင်ဆောင်ရွက်နိုင်ရန် . . .

ခေတ်မီသော ပညာရေးစနစ်ဖြင့် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကို ဆက်လက်ချီတက်ရာတွင် နှုပျိုသက်ရှည် ကျန်းမာရေး၊ လူထုအားကစား အလေးပေးဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထား၍ . .

'အမိနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်ုပ်တို့၏ ကိုယ်ကာယကို ကျန်းမာကြံ့ခိုင်အောင် တည်ဆောက်ပြီး' 'ကျန်းမာကြံ့ခိုင် ဒို့မက္ကိုင် မယိုင်လဲစေဖို့ ခေတ်မီသော နိုင်ငံတော်ကို လူထုအားကစားဖြင့် တည်ဆောက်စို့' ဟူ၍ တိုက်တွန်းတင်ပြလိုက်ရပါတော့သည်။

သဇင်ထွန်း (ပညာရေး)

ဤဆောင်းပါးသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလ လှုပ်ရှားမှုအထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ဆောင်းပါးရှင် သဇင်ထွန်း (ပညာရေး)၏ ဆောင်းပါး ဖြစ်ပါသည်။

“အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးအမျိုးသားရေးအသိဖြင့်
ဝိုင်းဝန်းဆောင်ရွက်ပေး”

ရေးသူ – တက္ကသိုလ်ပွင့်သူအောင်

ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိနိုင်ငံ၏ အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြသည်။ အားကစားသည် နိုင်ငံတစ်ခု၏ ဂုဏ်၊ လူမျိုး တစ်မျိုး၏ ဂုဏ်သိက္ခာဖြစ်သည့်အတွက် အားကစားဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် **အားကစားမြှင့်တင် တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်သည်**ဟူ၍လည်းကောင်း၊ **အားကစားအောင်မြင်မှုသည် နိုင်ငံတော်၏ ဖွံ့ဖြိုး တိုးတက်မှုကို ရောင်ပြန်ဟပ်စေသည်** ဟူ၍လည်းကောင်း၊ **အားကစားတိုးတက် မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြသည်**ဟူ၍လည်းကောင်း၊ အားကစားဆိုင်ရာခံယူချက်များ အဖြစ်သတ်မှတ်၍ အားကစားဆိုင်ရာကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံ၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်း ဆိုသည်မှာ **ခုရေတွင်းတူး–ခုရေကြည်သောက်** ဆိုရိုးစကားကဲ့သို့ အချိန်တိုကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်၍ရနိုင်သော လုပ်ငန်းကိစ္စရပ်မျိုး မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော်၊ အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး ဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်၊ ဓနငွေကြေး၊ နည်းပညာတို့ပေါင်းစပ်ကာ အချိန်ကာလအတိုင်းအတာတစ်ခုအတွင်း ရင်းနှီးမြှုပ်နှံ၍ ဆောင်ရွက်ရခြင်း ကြောင့်ပင်ဖြစ်သည်။ ထိုကဲ့သို့ဆောင်ရွက်ရာတွင်လည်း ခိုင်မာသည့် ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက် ကြရန် လိုအပ်သကဲ့သို့ ရေရှည်စီမံဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ရေတိုစီမံဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အချိတ်အဆက်မိမိဆက်စပ် ဆောင်ရွက်နိုင်မှ ရှိ/မရှိအပေါ်တွင် တည်မှီ၍ အမျိုးသားအားကစားအဆင့် အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများသည်လည်း အတက်အကျ ဖြစ်ပေါ်နေမည်ဖြစ်သည်။

အားကစား အောင်နိုင်ခြင်းသည် နိုင်ငံနှင့်လူမျိုးဂုဏ်ကို တင့်တယ်စေနိုင်၍ အားကစား အဆင့်အတန်းကို မြှင့်တင်ခြင်းဖြင့် တိုင်းပြည်ကို ကမ္ဘာကသိရှိပြီး၊

ဆက်ဆံထိတွေ့မှုနယ်ပယ်ကျယ်ဝန်းနက်ရှိုင်းလာကာ တိုင်းပြည်နှင့်လူမျိုး ဂုဏ်ကို တင့်တယ်စေရုံမက ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိနိုင်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် အားကစား အဆင့်အတန်း တိုးတက်အောင်မြင့်တင်ခြင်းသည် အဓိကအစိတ်အပိုင်းတစ်ရပ်အဖြစ် တည်ရှိနေခြင်းပင် ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အမျိုးအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး အတွက် မူဝါဒ (၄)ရပ်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ယင်းမူဝါဒ(၄)ရပ်မှာ (က) တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသား အားကစားလှုပ်ရှားမှုများကို တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့်လှုပ်ရှားဆောင်ရွက်လာစေရန် စည်းရုံးဆောင်ရွက်ရေး (Mass Sports)၊ (ခ) မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ မွေးထုတ်ပေးရေး (Excellent Sports)၊ (ဂ) အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် အဆင့်မြင့်မားစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ (ဃ) အရှေ့တောင်အာရှမှသည် အာရှ၊ အာရှ အဆင့်မှသည် ကမ္ဘာ့အဆင့်အထိ တက်လှမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ဖြစ်သည်။

ဤသို့အားကစားအဆင့်အတန်းကို တိုးတက်မြင့်တင်ရာတွင် ရွက်ပုန်းသီး အားကစားသမားများ အမြောက်အမြား ပေါ်ထွန်းလာစေရန်ဖော်ထုတ်နိုင်ရေးမှာ အထူးအရေးကြီးသည့်အချက်သည်လည်း ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံတွင် တစ်ချိန်က သက်ဆိုင်ရာ အားကစားနည်းအလိုက် ထူးချွန်သည့် အားကစားသမားများ အမြောက်အမြားပေါ်ထွန်းခဲ့မှုကြောင့်၊ မြန်မာ့အားကစားလောက အောင်လံတလူလူ လွှင့်ထူခဲ့ဖူးသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ကျွန်းဆွယ်ခေတ်အားကစား အောင်မြင်မှုသည် ရွက်ပုန်းသီး အားကစားသမားများကို ဖော်ထုတ်ရွေးချယ်ကာ စနစ်တကျ လေ့ကျင့်ပေးမှုဖြင့် ရရှိလာသော ရလာဒ်အောင်မြင် မှုဟုဆိုလျှင် မှားလိမ့်မည်မဟုတ်ပေ။ ထိုခေတ်ထိုအချိန်အခါက အားကစားသမားများအများစုမှာ မိမိတို့၏ဝါသနာ အလျောက် အားကစားကိုရွပ်ရွပ်ချံချံ ကြိုးစားရင်းအောင်မြင် လာခဲ့သူများဖြစ်ကြသည်။ ရွက်ပုန်းသီး အားကစားသမားများ၏ အားသာချက်တစ်ခုမှာ ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု အပြည့်အဝရှိသကဲ့သို့ စိတ်ပိုင်းဆိုင်ရာဇွဲရှိမှု တို့ဖြစ်သည်။

ထို့အပြင် အားကစားပြိုင်ပွဲတစ်ပွဲသည် နိုင်ခြင်း၊ ရှုံးခြင်းပြိုင်ပွဲတစ်ပွဲ အတွက်အဆုံးအဖြတ်ဖြစ်သော်လည်း၊ အနိုင်ရလို ၍မတရားလိုသောနည်းလမ်းဖြင့် နိုင်လိုစိတ်သည်အားကစားစိတ်ဓါတ်မဟုတ်ခြင်းကြောင့်၊ အားကစားသမားများကို စိတ်ဓါတ်ကောင်းမွန်စေရန် တစ်ဖက်တစ်လမ်းမှ လေ့ကျင့်ပျိုးထောင်ပေးခြင်းသည်လည်း

အားကစားအဆင့်အတန်းတိုးတက် မြင့်မားရေးအတွက်အထောက်အကူပြုမည်ဖြစ်သည်။ အထူးသဖြင့်၊ အားကစားပြိုင်ပွဲတစ်ပွဲသည် ရှုံးချင်လည်းရှုံးမည်၊ နိုင်ချင်လည်းနိုင်မည်။ သို့သော် အမျှတဆုံးနှင့် အကောင်းဆုံးကစားရန်လိုအပ်သည်။ အသန့်ရှင်းဆုံး ဖြစ်ရန်လည်းလိုအပ်သည်။ အသန့်ရှင်းဆုံးနှင့် အကောင်းဆုံးကြိုးစားအားထုတ် အနိုင်ယူခြင်းကသာ အားကစားစိတ်ဓါတ်ဖြင့် အနိုင်ယူခြင်းဟုဆိုနိုင်သည်။ အချို့သော အားကစားသမားများသည် နိုင်လိုစိတ်ဖြင့် မမှန်မကန်ကစားတတ်ကြသည်။ နိုင်လိုစိတ်သည် ဒေါသမပါသင့်ပေ။ ဒေါသယှဉ်လျှင်အမှားပါတတ်သည်။ ဒေါသသည်အမှားကို သာဖြစ်စေသည်။ ဒေါသနှင့် အားကစားသည် အောင်မြင်မှုရရှိမည် မဟုတ်ခြင်းကြောင့် ဒေါသနှင့်အားကစားမယှဉ်ပြိုင်စေရန် လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်သည်။

အထူးသဖြင့် အားကစား၏အဓိပ္ပါယ်မှာ **"အင်အားနှင့်ဉာဏ်ရည်ကို အသုံးချပြီး လှုပ်ရှားယှဉ်ပြိုင်မှု"** (Sports means is Games or Competitions involving Physical and Mental Activity)ဖြစ်သည်။ တစ်နည်းဆိုရသော် အားကစားဟူသောအလုပ်သည် ခွန်အားနှင့် စွမ်းရည်ကိုပြသယှဉ်ပြိုင်ရသောအလုပ်၊ ခွန်အားနှင့် စွမ်းရည်ယှဉ်ပြိုင်ရသောအလုပ် ဖြစ်သည်။ ခွန်အားသို့မဟုတ် စွမ်းဆောင်ရည် သာလွန်သူများသာအနိုင်ရသည်။ ရှုံးနိမ့်မှုသည် ခွန်အားသို့မဟုတ် စွမ်းဆောင်ရည် တစ်ခုခုလိုအပ်ခြင်းကြောင့်ဖြစ်သည်။ ခွန်အားနှင့် စွမ်းဆောင်ရည်မြင့်မားလာစေရန် လုပ်နိုင်စွမ်း (ability) ကိုမြှင့်တင်ရမည်ဖြစ်သည်။ ကြိမ်ဖန်များစွာ နည်းစနစ်ကျကျ လေ့ကျင့်မှု အားကောင်းလာသည်နှင့်အမျှ လုပ်နိုင်စွမ်းသည် လည်းတိုးတက်လာမည် ဖြစ်သည်။ အားကစားဟူသောအလုပ်သည် လုပ်နိုင်စွမ်းသောစွမ်းဆောင်ရည်ကို သာယှဉ်ပြိုင် ခြင်းသာဖြစ်သည်။ အားစမ်းသည်၊ အားချင်းယှဉ်ပြိုင်သည်၊ စွမ်းရည်ချင်းယှဉ်ပြိုင်သည်ဆိုခြင်းမှာ အားကစားပင်ဖြစ်သည်။ ထို့ပြင်အားကစားသည် ဒေါသပါရမည့် အလုပ်မဟုတ်ပေ။ ဒေါသနှင့်ကစားလျှင် မတရားမှုသာဖြစ်နိုင်သည်။ မတရားသဖြင့် အနိုင်ယူရန်ကြိုးစားခြင်းသည် မှန်ကန်သော အားကစားမဟုတ်ပေ။ တစ်နည်းဆိုရလျှင် အားကစားစိတ်ဓါတ်ဖြင့်ယှဉ်ပြိုင်ခြင်း မဟုတ်ပေ။ နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ၊ တရားသဖြင့်သာယှဉ်ပြိုင်ရမည်ဖြစ်သည်။ ချွေးထွက်များမှ သွေးထွက်နည်းမည် ဟူသောစကားအတိုင်း လေ့ကျင့်အားထုတ်မှု ကြိမ်ဖန်များစွာလုပ်ကိုင်ခြင်းဖြင့် အောင်ပွဲဆင်ရန် နီးကပ်လာမည်ဖြစ်သည်။ ထို့ကြောင့်အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး အတွက်အားကစားစိတ်ဓါတ်များရှိပြီး၊ ခွန်အားနှင့် စွမ်းရည် ထက်မြက်လာအောင် လေ့ကျင့်ခြင်းဖြင့် အောင်မြင်သော အားကစားအဆင့်အတန်း တစ်ရပ်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။

အားကစားနှင့်ပါတ်သက်၍ အားကစားလေးမျိုးရှိကြောင်းလေ့လာမှတ်သားခဲ့ရာ၊ ယင်းတို့မှာ **ယှဉ်ပြိုင်အားကစား** (Competitive Sport)၊ **အပန်းဖြေအားကစား** (Leisure Sport)၊ **ရိုးရာအားကစား** (Traditional Sport) နှင့် **လူထုအားကစား** (Mass Sport) ဟူ၍ဖြစ်သည်။ ယှဉ်ပြိုင်အားကစားဆိုသည်မှာ တစ်ဦးချင်းသော်လည်းကောင်း၊ တစ်ဖွဲ့ချင်း သော်လည်းကောင်း၊ အနိုင်အရှုံးအလို့ငှာ ယှဉ်ပြိုင်သော အားကစားနည်းဖြစ်သည်။ ဥပမာ-ဘောလုံး၊ ဘော်လီဘော၊ လက်ဝှေ့၊ ရေကူး စသည်တို့ဖြစ်သည်။ အပန်းဖြေ အားကစားဆိုသည်မှာ အပန်းဖြေရုံသက်သက် ကစားသောကစားနည်းများဖြစ်သည်။ ဥပမာ-လမ်းလျှောက်ခြင်း၊ အပျော်တမ်းစက်ဘီးစီးခြင်း၊ အပျော်တမ်းလှေလှော်ခြင်း စသည်တို့ဖြစ်သည်။ **ရိုးရာအားကစား** ဆိုသည်မှာ မြန်မာ့ရိုးရာခြင်းလုံး၊ သိုင်း၊ လက်ဝှေ့၊ နပမ်း၊ ကျင်၊ ထုပ်ဆီးတိုး စသည်တို့ဖြစ်သည်။ **လူထုအားကစား** ဆိုသည်မှာ လူထုတစ်ရပ်လုံးပါဝင်ပြီး စုပေါင်းဆောင်ရွက်ရသော အားကစားနည်းဖြစ်သည်။ ဥပမာ-စုပေါင်းလမ်းလျှောက်ခြင်း၊ စုပေါင်းကိုယ်လက်လှုပ်ရှား ကစားခြင်းဖြစ်သည်။

အားကစား အဆင့်အတန်းတိုးတက်မြင့်မား လာရေးအတွက် အမျိုးသားရေးအသိဖြင့် ဆောင်ရွက်ရာတွင် လူထု အားကစားမှာ အဓိကနေရာမှပါဝင်လာသည်။ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ရေးနှင့် နိုင်ငံ၏ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ရေး အတွက် တစ်မျိုးသားလုံး အားကစားလှုပ်ရှားမှုများကို လူထုအားကစားလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရသည်ဖြစ်သည်။ ထို့ကြောင့် တစ်မျိုးသားလုံး ကျန်းမာသန်စွမ်းပြီး၊ ကိုယ်လက်ကြံ့ခိုင်ရေးအတွက် အားကစားနှင့် ကာယပညာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားကစားလုပ်ငန်းများကို တစ်မျိုးသားလုံး လူထုလှုပ်ရှားမှု အသွင်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အားကစားကို ပြည်သူလူထုအတွင်း စိတ်ပါဝင်စားလာစေရန် ရည်ရွယ်၍ လူထု အားကစားလှုပ်ရှားမှုများကို အားကစားဝန်ကြီးဌာနမှဦးဆောင်ကျင်းပပေးလျက်ရှိနေခြင်းပင်ဖြစ်သည်။ ယင်းလူထုအား ကစားလှုပ်ရှားမှုနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးတို့သည် တစ်ခုနှင့်တစ်ခုအပြန်အလှန်နှီးနွယ်ဆက်စပ်လျက်ရှိသည်။ အားကစားလှုပ်ရှားမှုကြောင့် ကျန်းမာကြံ့ခိုင်မှုရရှိစေပြီး ကျန်းမာကြံ့ခိုင်မှု ရှိနေပါမှလည်း အားကစားလှုပ်ရှားမှုကို စဉ်ဆက်မပြတ် လေ့ကျင့်လိုက်စား ပွားများနိုင်မည်ဖြစ်သည်။ အထူးသဖြင့် ကိုယ်လက်လှုပ်ရှား အားကစားဆိုသည်မှာ ခန္ဓာကိုယ် ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်နိုင်ပြီး၊ ကျန်းမာကြံ့ခိုင်ရေးအတွက် အောင်မြင်ဖြစ်ထွန်းမှုများကို ရရှိစေနိုင်သောလက်တွေ့နည်းလမ်းပင်ဖြစ်သည်။ ကိုယ်လက်လှုပ်ရှားမှု အလေ့အကျင့်

ရှိသူများသည် အခြားသူများထက်ပို၍ အမောခံနိုင်ကြသည်၊ သက်လုံလည်း ကောင်းကြသည်။ တက်ကြွလှုပ်ရှားမှုကို အလေ့အကျင့်ရှိပြီး သူတို့တွင်အဆုတ်သည် မူလကပင်ခန္ဓာကိုယ်၏ လိုအပ်ချက်ကိုပြည့်ပြည့်ဝဝ ဆောင်ရွက်ပေးနေခြင်းဖြစ်၍ အလေ့အကျင့် မရှိသူများထက်အမောခံနိုင်ခြင်းဖြစ်သည်။ ထို့အပြင် ကိုယ်လက် လှုပ်ရှားမှုကြောင့် ခန္ဓာကိုယ်အနှံ့ သွေးသွားလာလှည့်ပတ်မှုကို ပိုမိုကောင်းမွန်စေသည်။ ခန္ဓာကိုယ်အတွင်းသွေး လှည့်ပတ်မှုကိုအရှိန်မြင့်တက်ကောင်းမွန်လာသည်နှင့်အမျှ အောက်ဆီဂျင်နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်ငွေ့များလဲလှယ်မှု ကိုပိုမိုသွက်လက်မြန်ဆန် လာသောကြောင့် ခန္ဓာကိုယ်လုပ်ငန်းအဝဝမှာပို၍အဆင်ပြေကောင်းမွန်လာစေသည်။ နှလုံးရှိ ကြွက်သားများသည် သွေးလှည့်ပါတ်မှု ပိုမိုမြန်ဆန်လာသည်နှင့်အမျှ ပိုမိုလှုပ်ရှားရသဖြင့် ကြွက်သားများပိုမိုသန်စွမ်း လာသည်နှင့်အမျှ ပိုမို၍အလုပ်လုပ် နိုင်လာသည်။

ထို့ကြောင့်၊ မြန်မာနိုင်ငံတွင်လူထုလှုပ်ရှားမှုများကို ၁၉၆၄ ခုနှစ် ဒီဇင်ဘာလမှစတင်၍ အားကစားနှင့်ကာယပညာ ကော်မတီအဆင့်ဆင့်မှ ရည်ရွယ်ချက်ကြီးမားစွာဖြင့် နှစ်စဉ်ကျင်းပပေးခဲ့သည်။ ထိုအချိန်မှစ၍ ယနေ့ထက်တိုင်မြန်မာနိုင်ငံ တစ်ဝှမ်းလုံးကျေးလက်မြို့ရွာအနှံ့ အပတ်စဉ်ဒီဇင်ဘာလ တနင်္ဂနွေနေ့နံနက်ခင်းများကို အားကစားလှုံ့ဆော်တေးသံများက လွှမ်းမိုးခဲ့သည်။ ယင်းလူထုလှုပ်ရှားအားကစားပွဲများတွင်ဆင်းရဲချမ်းသာမရွေးလူတိုင်းပါဝင်ခဲ့၍တစ်နိုင်ငံလုံး အားကစား လှုပ်ရှားများပျံ့နှံ့ခဲ့သည်။ အဆိုပါလူထုလှုပ်ရှားအားကစားပွဲများ၌ လူထု လမ်းလျှောက်ပွဲများ၊ ခြင်းလုံးခတ်ပွဲ၊ ဘော်လီဘောပွဲ၊ ပြေးခုန်ပစ်ပွဲများ ထည့်သွင်း ကစားခဲ့သည်။ အားကစားသည်နိုင်ငံတစ်ခု၏ ဂုဏ်၊ လူမျိုးတစ်မျိုး၏ ဂုဏ်သိက္ခာဖြစ်ခြင်းကြောင့် ၁၉၉၆ ခုနှစ်ဒီဇင်ဘာလ ၁၈ ရက်တွင် အသစ်ဖွဲ့စည်းခဲ့သော အားကစားဝန်ကြီးဌာနက နိုင်ငံတော်၏အားကစားအဆင့် အတန်းမြှင့်တင်ရေး၊ နိုင်ငံသူနိုင်ငံသားတို့၏ ကျန်းမာရေး အဆင့်အတန်းမြှင့်မားရေး၊ လူထုအားကစား လှုပ်ရှားမှုထွန်းကား ရေးတို့အတွက် ရှေ့လုပ်ငန်းစဉ်(၁၀)ရပ်နှင့်အညီ လူထုအားကစား လှုပ်ရှားမှုများကို ၁၉၉၈ ခုနှစ်မှစတင်၍ ပြန်လည်အား ထည့်ကျင်းပလာခဲ့သည်။ ထို့ကြောင့် ဒီဇင်ဘာလ လူထုအားကစား၏ စနေနေ့နံနက်ခင်းများတွင် စုပေါင်းလမ်းလျှောက်ပွဲမှ အစပြု၍ အားကစားလှုပ်ရှားမှုများ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ လူထုလမ်းလျှောက်ပွဲဖြင့် **လူထုအားကစားအသွင်** (Mass Sport) အဖြစ် ပြောင်းခဲ့ခြင်းပင်ဖြစ်သည်။

မြတ်ဗုဒ္ဓဘုရားရှင်သည် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကပင် ကျန်းမာရေး၊ စိတ်ဓါတ်ကြံ့ခိုင်ရေး၊ တို့အတွက် ခြေကျင်(စကြီလျှောက်ခြင်း)၏ အကျိုးကျေးဇူးများကိုဖော်ညွှန်းမိန့်ကြားခဲ့သည်မှာ "ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်၊ ကင်းစင်ရောဂါ၊ အစာကြေညက်၊ မပျက်သမာဓိ၊ ငါးပါးရှိ များ၏စကြီအကျိုးတည်း"ဟူ၍ပင်ဖြစ်သည်။ ထို့အပြင် "အာရောဂျံ ပရမံလာဘံ" ကျန်းမာခြင်းသည်လာဘ်ကြီးတစ်ပါး ဟူ၍ပင် မြတ်ဗုဒ္ဓဘုရားရှင်က ဟောကြားတော်မူခဲ့သောလောက၏ အမြတ်ဆုံးတရားလေးပါးတွင် ပါရှိခဲ့သည်။ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်ခြင်းကြောင့်၊ လူ့ဘဝတွင် သက်တမ်းစေ့ အသက်ရှည်နေထိုင်နိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေးတို့သည် အရေးပါဆုံး လိုအပ်ချက်လည်းဖြစ်သည်။ ကျန်းမာခြင်းသည် ကိုယ်ခန္ဓာကြံ့ခိုင်မှု ကိုသာမက ဉာဏ်ရည်မြင့်မားရေးကိုပါ အထောက်အကူပြုသည်။ ထို့ပြင်ကျန်းမာကြံ့ခိုင်သူသည် ခေတ်မီသစ်လွင်မြင့်မားသော အတွေးအခေါ်များပြည့်ဝနေသည်သာမက ဇွဲ၊ လုံ့လ၊ သတ္တိအားမာန်များအပါအဝင်စိတ်ဓါတ် ခွန်အားများထက်မြက်မှု၊ ရှင်သန်မှုများကိုပါ မပြတ်ဖြစ်စေသည်။ ထို့ကြောင့် လမ်းလျှောက်ခြင်းသည် အကောင်းဆုံးကိုယ်လက်လှုပ်ရှားအားကစားပင်ဖြစ်သည်။ လူတိုင်းလူတိုင်း လမ်းလျှောက်ခြင်းသို့မဟုတ် အားကစားတစ်ခုခုကိုပြုလုပ်ပေးပါက ခန္ဓာကိုယ်သွေးလှည့်ပတ်မှုအားကောင်းလာစေခြင်း၊ သွေးလေညှိညွတ်မှုတလာခြင်း၊ ကိုလက်စထရော အဆီများကျစေခြင်း၊ အရိုးအကြောအဆစ်များ ကျန်းမာသန်စွမ်းစေခြင်းစသော ကျန်းမာရေးအကျိုးကျေးဇူးများ ချက်ခြင်းရရှိမည်ဖြစ်သည်။ ထို့ကြောင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် စနေနေ့တိုင်း တစ်နိုင်ငံလုံး လူထုစုပေါင်းလမ်းလျှောက်၍ အားကစား ပြိုင်ပွဲများကိုတပျော်တပါးဆင်နွှဲလာသောကြောင့် နှစ်စဉ်လူထုအားကစားလှုပ်ရှားမှုများ သိသိသာသာတိုးတက်လာခဲ့သည်။

ထိုမျှသာမက၊ အခြေခံပညာကျောင်းများတွင် နေ့စဉ်အားကစားလေ့ကျင့်ချိန် (P.T) သတ်မှတ်ပြီး၊ ကြိုက်နှစ်သက်ရာ အားကစားနည်းတစ်ခုခုကို ကစားစေခြင်း၊ ကျောင်းတွင်း အားကစားပြိုင်ပွဲများကျင်းပပေးပြီး အားကစားနည်းအလိုက် ကျောင်းလက်ရွေးစင်များ ရွေးချယ်ခြင်း၊ အခြေခံကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများကျင်းပပေးခြင်း၊ တက္ကသိုလ်နှင့် ကောလိပ်များတွင် ကျောင်းတွင်းအားကစားပြိုင်ပွဲများကျင်းပပြီး၊ တက္ကသိုလ် ကောလိပ်လက်ရွေးစင်များရွေးချယ်ခြင်း၊ တက္ကသိုလ် ကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲများပြန်လည်အသက်ဝင်လာစေရန် ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် ပညာရေးပေါင်းစပ်မှုကော်မတီအနေနှင့် ပြန်လည်ဆောင်ရွက်ပေးပါက အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးကို အထောက်အကူပြုမည်ဖြစ်သည်။

အထူးသဖြင့် အမျိုးသားအားကစားအဆင့်အတန်းမြင့်မားတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ များပြားကျယ်ပြန့်လှသဖြင့် အားကစားဝန်ကြီးဌာန တစ်ခုတည်းကသာ တာဝန်ယူဆောင်ရွက်၍ ရနိုင်သောကိစ္စမျိုးမဟုတ်ပေ။ ပြည်ထောင်စုဝန်ကြီးဌာန အားလုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ ဒေသဆိုင်ရာခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေး အဖွဲ့အစည်းအဆင့်ဆင့်၊ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာ အုပ်စုဖွဲ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီများ၊ အားကစားဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်တို့နှင့် အတူအားကစားဝါသနာရှင်များ၊ စေတနာရှင်၊ အလှူရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များအပါအဝင်ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးစိတ်ဓါတ်နှင့် အတူတကွပူးပေါင်း ဆောင်ရွက်ကြခြင်းဖြင့် အချိန်ကာလ အတိုင်းအတာတစ်ခုအတွင်း၌ အောင်မြင်မှုရရှိလာနိုင်မည်ဖြစ်သည်။

ထို့အပြင်အားကစားဝန်ကြီးဌာနအနေဖြင့် ဗဟိုဦးစီးကျင်းပသော တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားအားကစားပြိုင်ပွဲများ၊ တံခွန်စိုက်အားကစားပြိုင်ပွဲများကို နှစ်စဉ် သက်မှတ်ချက် အချိန်ကာလအတိုင်း ပုံမှန်ကျင်းပနိုင်ရေးအတွက် ပြက္ခဒိန်အား တစ်နှစ်ကြိုတင်ရေးဆွဲထုတ်ပြန်ပေးရမည်ဖြစ်သည်။ ထို့နောက် ပြိုင်ပွဲအဆင့်အတန်း မြင့်မားရေးအတွက် ပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားပြု၊ ဝန်ကြီးဌာနကိုယ်စားပြု၊ အားကစားအသင်းအဖွဲ့များ၏ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်နိုင်ရန်အတွက် အားကစားသမား ရွေးချယ်မှုကို ပြိုင်ပွဲများကျင်းပပြီး ရွေးချယ်ခြင်းရှိမရှိ၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအထိ ကြိုတင်ပြင်ဆင် စုစည်း စခန်းသွင်း လေ့ကျင့်မှုရှိမရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးရမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်အသင်းအဖွဲ့များ၏ လိုအပ်ချက်များရှိပါက ပံ့ပိုးပေးမည့် အစီအစဉ်များကိုပါ စီစဉ်ထားရမည်ဖြစ်သည်။

အားကစားအောင်မြင်မှုရွှေခေတ်ဖြစ်ခဲ့သည့် လွန်ခဲ့သော ၁၉၆၀ ပြည့်နှစ်လွန်များ ကိုလေ့လာကြည့်ပါက ဗဟိုက ဦးစီးကျင်းပသည့်အားကစားပြိုင်ပွဲများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အာဏာပိုင်အဖွဲ့အစည်းအဆင့် ဆင့်တို့၏ ဦးဆောင်မှုတို့ဖြင့်ကျင်းပသော ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံ၊ မြို့နယ်ပေါင်းစုံ၊ ခရိုင်ပေါင်းစုံအားကစားပြိုင်ပွဲ များအား ပညာရေးဝန်ကြီးဌာနကဦးစီးကျင်းပသော အခြေခံပညာနှင့် တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အားကစားဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်နှင့် မြို့မိမြို့ဖများ၊

စေတနာရှင်၊ ဝါသနာရှင်များ၏ ကြိုးစားအားထုတ်မှုနှင့် ကျင်းပခဲ့သည့် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲများစွာရှိခဲ့သည်။ သာဓကတစ်ရပ်အဖြစ် ယခင်က မန္တလေးတိုင်းဒေသကြီး ပျဉ်းမနားမြို့တွင် ပေါင်းလောင်းဒိုင်း၊ မိတ္ထီလာမြို့၌ ထီလာမောင်ဖလား၊ မန္တလေးမြို့တွင် ဗထူးကွင်းဖွင့်ဖလား၊ ရတနာပုံဖလား၊ အမှတ်ပေးဖလားစသည့် ပြိုင်ပွဲများပင်ဖြစ်သည်။ ထို့အတူ မကွေးတိုင်းဒေသကြီး၌ ချောက်မြို့တွင် သခင်ဖိုးလှကြီးဖလား၊ စစ်ကိုင်းတိုင်းဒေသကြီးစစ်ကိုင်းမြို့၌ ရွှေမင်းဝံဖလားတို့လည်းပါဝင်ခဲ့သည်။ ယင်းကဲ့သို့ ပြိုင်ပွဲများခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ခြင်းကြောင့် အရည်အချင်းပြည့်ဝသော ဘောလုံးသမားများ ပေါ်ထွက်ခဲ့ပြီး မြန်မာ့ဘောလုံး အောင်မြင်မှု အမြင့်မားဆုံး ရရှိခဲ့ခြင်းပင်ဖြစ်သည်။

မြန်မာ့အားကစား တိုးတက်မြင့်မားရေးအတွက် အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးခြင်းဖြင့် လူငယ် မျိုးဆက်သစ်များ ပေါ်ထွက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် အပြင် ယင်းမျိုးဆက်သစ်လူငယ်များကို ဗလငါးတန်ဖြင့် ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာစေခြင်းကိုပါ အထောက်အကူပြုမည် ဖြစ်သည်။ မျိုးဆက်သစ် လူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂါတ်ဖန်တီးရှင်များပင်ဖြစ်သည်။ ကမ္ဘာ့လူဦးရေ ခုနှစ်ဘီလီယံကျော်ရှိသည့် အနက် ၁ ဒသမ ၈ ဘီလီယံသည် အသက် ၁၀ နှစ်မှ ၂၄ နှစ်အတွင်းရှိသည့် လူငယ်များဖြစ်ကြပြီး ကမ္ဘာ့လူဦးရေ၏လေးပုံတစ်ပုံရှိသည့် အတွက် လူ့သမိုင်းတစ်လျှောက် အကြီးမားဆုံးမျိုးဆက်ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ် စာရင်းများအရ အာရှဒေသတွင် လူငယ် ၂၈ ရာခိုင်နှုန်းကျော်ရှိပြီး အာဖရိကဒေသ၌ လူငယ် ၃၀ ရာခိုင်နှုန်းအထိရှိသည်။ လူငယ်ဆိုသည်မှာရဲရင့်ခြင်း၊ ရိုးသားခြင်း၊ ဖျတ်လတ်ခြင်း၊ ကြိုးစားခြင်း၊ တက်ကြွခြင်းတို့ဖြင့်ပြည့်ဝနေသည်။ မြန်မာနိုင်ငံ၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "နိုင်ငံတော်သည်လူငယ်များ မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက် ဖွံ့ဖြိုးရေး အတွက် ဆောင်ရွက်ရမည်" ဟူ၍ပြဋ္ဌာန်းထားသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူငယ်အရေး အလေးပေးဆောင်ရွက်လျက်ရှိရာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကလည်း နှစ်စဉ် ဩဂုတ်လ ၁၂ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ (UN International Youth Day) အဖြစ်သတ်မှတ်ပေးခဲ့သည်။ ထို့ကြောင့်မြန်မာ့အားကစားအဆင့်အတန်းတိုးတက်မြင့်မား ရေးအတွက်ဆောင်ရွက်ရာတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးနှင့် နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားများ မွေးထုတ်ပေးနိုင်ရန် အားကစားဝန်ကြီးဌာနသည် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများကို ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့နှင့် မော်လမြိုင်မြို့တို့၌ဖွင့်လှစ်ပေးခဲ့သည်။

ထို့အပြင် အခြေခံပညာကျောင်းများတွင် အားကစားနှင့် ကာယပညာ လုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရန် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် အခြေခံပညာ ကာယဆရာ/ဆရာမများအတွက် အားကစားနည်းပြ သင်တန်းများဖွင့်လှစ်သင်ကြားပေးခဲ့သည်။

မြန်မာနိုင်ငံတွင် အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး အတွက် လူထု အားကစား လှုပ်ရှားမှုများတွင် ပြည်သူတစ်ရပ်လုံးက အားကစား၏တန်ဖိုးကိုသိရှိနားလည် သဘောပေါက်စေရန် ကြိုးပမ်းရမည်ဖြစ်သည်။ ယင်းအားကစား၏ တန်ဖိုးများမှာ ကောင်းမွန်သောဘဝဦးတည်ချက်၊ ကြိုးပမ်းအားထုတ်လိုသောအသိတရား၊ တာဝန်သိမှု၊ ငြိမ်းချမ်းရေးကို မြတ်နိုးတတ်မှု၊ လူသားအချင်းချင်း ချစ်ကြည်ရင်းနှီးတတ်သော စိတ်ဓါတ်များပေါ်ထွန်းစေမှု စသည်တို့ပင်ဖြစ်သည်။ အထူးသဖြင့် ရုပ်ကွက်နှင့် ကျေးရွာ ပေါင်းစုံအားကစားပြိုင်ပွဲများကို ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းက ပြန်လည်ကျင်းပခဲ့ခြင်း သည် အခြေခံအကျဆုံးသောရပ်ကွက်နှင့် ကျေးရွာအဆင့်၊ မြို့နယ်အဆင့်မှစ၍ ပြည်သူ တစ်ရပ်လုံးအားကစား၏တန်ဖိုးကို အမျိုးသားရေးအသိဖြစ်စေသည့် လူထုအားကစား လုပ်ရှားမှု (Mass Sport) ဖြစ်လာခဲ့ခြင်းပင်ဖြစ်သည်။ ထို့အပြင် အားကစားဝန်ကြီးဌာန အနေဖြင့် မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် (Sports Master Plan) တစ်ရပ်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။

မြန်မာ့အားကစား စနစ်တကျနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် အယ်တိုင်းယားဂရူ (Altair Group) နှင့် အားကစားဝန်ကြီးဌာန တို့ပူးပေါင်းပြီး မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေး ပင်မစီမံကိန်း ၂၀၁၅-၂၀၃၀ (Sport Master Plan 2015-2030) ကိုရေးဆွဲထားပြီးဖြစ်သည်။ ယင်းအားကစားဖွံ့ဖြိုးတိုးတက် ရေးပင်မစီမံကိန်းကို ပြည်ထောင်စုအစိုးရက ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင်အတည်ပြုခဲ့သည်။ ယင်းအားကစားပင်မစီမံကိန်း၏ အဓိက ရည်မှန်းချက်သည် ထူးချွန်ထက်မြတ်သော အားကစားသမားကောင်းများ ပေါ်ထွက် လာရေးပင်ဖြစ်သည်။ အဆိုပါ အားကစားပင်မစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဓိကမဟာဗျူဟာကြီးသုံးရပ်ကို ငါးနှစ်စီခွဲ၍ အနှစ် ၂၀ စီမံကိန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး၊ ၂၀၁၁-၂၀၁၅ မှ ၂၀၂၆-၂၀၃၀ အထိစီမံကိန်းများချမှတ်၍ ဆောင်ရွက်မည် ဖြစ်သည်။ အဓိကမဟာဗျူဟာကြီးသုံးရပ်မှာ (၁) လုပ်ငန်းစဉ်များ (ပြည်တွင်း/ ပြည်ပ)ပြိုင်ပွဲ၊ အားကစားလှုပ်ရှားမှုအစီအစဉ်၊ (၂) အားကစားဆိုင်ရာပစ္စည်းများ တပ်ဆင်ခြင်း (အထောက်အကူပြုပစ္စည်းများ၊ ကွင်း/ရုံများ)၊ (၃) ဖွဲ့စည်းတည်ဆောက်မှု (အဖွဲ့အစည်းများဖွဲ့စည်းခြင်း၊ အသင်းများ၊ အဖွဲ့ချုပ်များ၊ ပြည်တွင်းပြည်ပအဖွဲ့များတွင်

ပါဝင်ခြင်း)တို့ဖြစ်သည်။ ယင်းအဓိက မဏ္ဍိုင်ကြီးသုံးရပ်ကို အခြေခံ၍ ထူးချွန်ထက်မြက်သော မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ လူငယ်များပညာရေး ဖွံ့ဖြိုးတိုးတက်ရေး၊ လူထုတစ်ရပ်လုံးကျန်းမာကြံ့ခိုင်ရေး၊ နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိရေး၊ နိုင်ငံတကာအသိုင်းအဝိုင်းတွင် မြန်မာ့အားကစားဝင်ဆံ့နိုင်ရေးတို့အတွက်မျှော်မှန်းဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက် လျက်ရှိသည်။

ယခုအခါ မြန်မာ့အားကစားစနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၃ ခုနှစ်မှစတင်ကာ B.Sc(Sport) သင်တန်းများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်ခဲ့ပြီး၊ ယခုအခါဒဂုံတက္ကသိုလ်နှင့် မန္တလေးရတနာပုံတက္ကသိုလ်တို့တွင် ပထမနှစ် နှင့် ဒုတိယနှစ်သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ လာမည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစတင်ကာ နေပြည်တော်၌ အားကစားတက္ကသိုလ်ဖွင့်လှစ်နိုင်ရန် အားကစားတက္ကသိုလ်ကြီးတည်ဆောက်နေပြီဖြစ်သည်။

အထူးသဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံကျင်းပ နိုင်ခဲ့ပြီးနောက် မြန်မာ့အားကစားလှုပ်ရှားမှုများပိုမိုအသက်ဝင်အရေးပါလာသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏အားကစားလှုပ်ရှားမှုများကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန်၊ အားကစားဝန်ကြီးဌာန၏ကြီးကြပ်ပံ့ပိုးမှုဖြင့် ၂၀၁၄ ခုနှစ်မှစတင်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလားအားကစားပြိုင်ပွဲများကို နိုင်ငံအနှံ့ဖြန့်ကြက်ကျင်းပခဲ့သည်။ အဆိုပါအားကစားပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလားအားကစားပြိုင်ပွဲများအဖြစ် အသွင်သစ် ပုံစံအသစ်ဖြင့် ကျင်းပခြင်းပင်ဖြစ်သည်။ ယင်းကဲ့သို့နိုင်ငံတစ်ဝန်းတွင် ဖြန့်ကြက်ကျင်းပပေးခဲ့ခြင်းကြောင့်၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အခန်းကဏ္ဍမှာအားကစားဖွံ့ဖြိုးတိုးတက်ရေးတွင် ပိုမိုအရေးပါလာသည့် အပြင်၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းအသီးသီး၏ပံ့ပိုးမှု၊ ကြီးကြပ်ကွပ်ကဲဦးဆောင်မှုစွမ်းအားများကို အပြည့်အဝအသုံးချလာနိုင်ရုံသာမက ဒေသတွင်းရှိ ပြည်သူများအနေဖြင့်လည်း အားကစားပြိုင်ပွဲများကို တိုက်ရိုက်ထိတွေ့ကြည့်ရှုနိုင်သည့် အခွင့်အလမ်းနှင့် အတွေ့အကြုံကောင်းများ ရရှိခဲ့ရာ အမျိုးသားရေးအသိရရှိလာခဲ့ကြသည်။

ထို့အပြင် မြန်မာနိုင်ငံတွင် စတုတ္ထအကြိမ်မြောက်အမျိုးသားအားကစားပွဲတော်ကို နေပြည်တော်၌ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်မှ ၂၈ ရက်အထိကျင်းပပေးခဲ့ရာ ယင်းအမျိုးသားအားကစားပွဲတော်တွင် လက်ရွေးစင်အဆင့်ရှိ အားကစားသမားများသည် တိုင်းဒေသကြီးကိုယ်စားပြိုယှဉ်ပြိုင်ကြပြီး၊ နေပြည်တော်ကောင်စီနယ်မြေအပါအဝင်

ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ ခုမှအားကစားသမားအမျိုးသား ၂၈၉၅ ဦးနှင့် အမျိုးသမီး ၁၄၆၆ ဦး၊ စုစုပေါင်း ၄၃၆၁ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းအမျိုးသား အားကစားပွဲတော်ကြီးကို မြန်မာနိုင်ငံ၌ ၁၉၉၂ ခုနှစ်၊ ၁၉၉၄ ခုနှစ်နှင့် ၁၉၉၇ ခုနှစ်တွင်စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး၊ ယခု ရှစ်နှစ်အကြာမှ ပြန်လည် ကျင်းပခဲ့ခြင်း ဖြစ်၍ တိုင်းရင်းသား ထူးချွန်အားကစားမောင်မယ်များ စုစည်းပါဝင်ယှဉ်ပြိုင်သည့် ပြည်ထောင်စုပွဲတော်ကြီးပင်ဖြစ်သည်။

ယနေ့ကမ္ဘာပေါ်တွင် အားကစားသည်ကောင်းမွန်သော သံတမန်လမ်းကြောင်း တစ်ခုနှင့် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာမြင့်မားမှုကို ပီပြင်စွာဖော်ထုတ်ပြသနိုင်သည့် နည်းလမ်းတစ်ခုဖြစ်သည်သာမက "စိမ်းလန်းသန့်ရှင်းချစ်ကြည်ခြင်း" (GREEN, CLEAN AND FRIENDSHIP) ကိုရရှိစေခြင်းကြောင့်၊ အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အမျိုးသားအသိဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

(တက္ကသိုလ်ပွင့်သူအောင်)

ဤဆောင်းပါးသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလ လှုပ်ရှားမှုအထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် တတိယဆုရရှိသည့် ဆောင်းပါးရှင် တက္ကသိုလ်ပွင့်သူအောင် ၏ ဆောင်းပါး ဖြစ်ပါသည်။

ဖွံ့ဖြိုးတိုးတက်သော လူထုအားကစားမှ ခေတ်မီသော နိုင်ငံတော်သို့

မောင်မောင်မိုးအောင်

အားကစားဝန်ကြီးဌာန၏ အားကစားဆိုင်ရာ ခံယူချက် (၃) ရပ် ဖြစ်သော

(၁) အားကစားမြှင့်တင် တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်နေခြင်း ဖြစ်ပါသည်။

(၂) အားကစားအောင်မြင်မှုသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအဆင့်အတန်းကို ရောင်ပြန်ဟပ်စေသည်။

(၃) အားကစား အောင်မြင်မှုသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အဆင့်အတန်း အခြေအနေကို ဖော်ပြနေသည်ဟု ရည်ညွှန်းထားပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်သော ပြည်သူလူထုအပေါ် မူတည်နေပေသည်။ ကျန်းမာကြံ့ခိုင်သော ပြည်သူလူထုအားဖြင့် နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေးနှင့် ကာကွယ်ရေးတို့ကို အထောက်အကူ ပြုလျက်ရှိပေသည်။

သို့ကြောင့်ပင် ကမ္ဘာကျော် ဗြိတိသျှကာယဗလနှင့် အားကစားဆေးပညာရှင် (မက်ဖက်ဒင်)က နိုင်ငံတစ်ခု၏ လွတ်လပ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမျိုးပြုန်းတီးခြင်းမှ ကာကွယ်ရန် ပြည်သူလူထု၏ ကျန်းမာကြံ့ခိုင်မှုဖြင့် ကြုံတင်ကာကွယ် ရမည်ဟု လှုံ့ဆော်ရေးသားခဲ့ခြင်းသည်၊ လူထုအားကစား (Mass Sports) ကို အခြေခံထားကြောင်း သိသာထင်ရှား နေပေသည်။

ပထဝီ၊ တေဇော၊ အာဘော၊ ဝါယော၊ ဟူသည့် မာတ်ကြီး (၄)ပါးတို့ ညီညွတ်မျှတ၍ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားလေးပါးနှင့်အညီ လူဖြစ်လာသောအခါ၊ လူသားတိုင်းအတွက် အရေးကြီးဆုံးနှင့် တန်ဖိုးမဖြတ်နိုင်သော ဆုလာဘ်ကြီးမှာ “အာရောဂျ၊ ပရမံ၊ လာဘံ” ဟူသော ကျန်းမာရေးပင်ဖြစ်သည်။ ကျန်းမာခြင်း ဆိုရာတွင်လည်း (စိတ်ရောကိုယ်ပါ ကျန်းမာခြင်း- Sound Mind Sound Body) ကိုဆိုလိုပါသည်။

ယနေ့ ထွန်းကားတိုးတက်နေသော နိုင်ငံများသည် ကျန်းမာကြံ့ခိုင်သော ပြည်သူလူထု၏ စွမ်းဆောင်ရည်များနှင့် တည်ဆောက်ထားကြောင်း တွေ့နေရပေသည်။

အနောက်တိုင်း စကားပုံများတွင်လည်း “ Health is the Greatest Treasure” ကျန်းမာခြင်းသည် အကြီးမြတ်ဆုံး ရတနာတစ်ပါးဖြစ်သည်။ “ Health is Wealth” ကျန်းမာခြင်းသည် ချမ်းသာခြင်းဟူ၍ မှတ်ကျောက် တင်ထားသည်ကို တွေ့နေရပါသည်။

လူတို့၏ ကျန်းမာကြံ့ခိုင်မှုဆိုရာတွင်လည်း စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်ခြင်းကို ဆိုပါသည်။ စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်ဖို့ဆိုလျှင်၊ လူတိုင်းကိုယ်စီ ကိုယ်လက် လှုပ်ရှား အားကစားလေ့ကျင့်ဖို့လိုပါသည်။ ထို့ပြင် လူနေမှုဘဝ ဟန်ပန်များ “Life Style”ကိုလည်း ပြုပြင်ထိန်းသိမ်းဖို့ လိုပါသည်။ အစားအသောက်များကိုလည်း ဆင်ခြင်သုံးသပ်ဖို့ လိုပါသည်။

ဤသို့သော ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခြင်းများတွင် ငွေကုန်ကြေးကျ အနည်းဆုံးဖြင့် လူကြီးလူငယ် ကျားမမရွေး၊ အချိန်အခါနေရာဒေသ မရွေး၊ လေ့ကျင့်နိုင်သော ကိုယ်လက်လှုပ်ရှားခြင်းသည် လူတစ်ဦးခြင်းမှ မိတ်ဆွေ အပေါင်းအသင်း၊ မိသားစုမှ၊ ရပ်ကွက်ကျေးရွာအထိ လူစုလူဝေးနှင့် လမ်းလျှောက်ခြင်းသည် အကောင်းဆုံးနှင့် အလွယ်ကူဆုံး ဖြစ်သည်ဟု ဆိုပါသည်။ လမ်းလျှောက်ခြင်းသည် ယနေ့ရင်ဆိုင်နေရသော အဝလွန်ရောဂါ ‘Obesity’ ကို ဟန့်တား ကာကွယ်ရန် အကောင်းဆုံး နည်းလမ်းဟုဆိုပါသည်။

လူပုဂ္ဂိုလ်များတွင် လမ်းလျှောက်ခြင်း၊ ရဟန်းသံဃာများတွင် စကြီလျှောက်ခြင်း သည် ‘ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်၊ ကင်းစင် ရောဂါ၊ အစာကြေညက်၊ မပျက်သမာဓိ၊ ငါးပါးရှိ၊ များ၏အကျိုးတည်း’ ဟူ၍ ဗုဒ္ဓဘုရားရှင်က လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကပင် မိန့်ကြားခဲ့ပါသည်။ ဘုရားရှင်ကိုယ်တော်တိုင်ကလည်း စကြီလျှောက်ခြင်းကို ဟောကြားတော် မူခဲ့သည်သာမက ကိုယ်တော်တိုင်လည်း ကျင့်ကြံအားထုတ်တော် မူခဲ့သည်။ ဗုဒ္ဓဘုရားရှင်သည် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့အတွက် တစ်နေ့တာ အကျိုးပြုလုပ်ငန်း တရားဓမ္မဟောပြီးလျှင် ကျင့်စဉ်တစ်ရပ်အနေဖြင့် ကျန်းမာရေး အတွက် ကိုယ်တော်တိုင် စကြီလျှောက်ခြင်းကို မပျက်မကွက် ပြုတော်မူခဲ့သည်။

ဗုဒ္ဓဘုရားရှင်သည် ညဉ့်သုံးယံရှိသည့်အနက် ညဉ့်ဦးပိုင်းတွင် တပည့်ရဟန်း သံဃာတော်တို့ကို တရားဓမ္မ ဟောကြားပြီး၍ ညဉ့်လယ်ယံတွင် နတ်ဗြဟ္မာတို့အား တရားပြတော်မူသည်။ မိုးသောက်ယံတွင် မိနစ် (၈၀)ခန့်ကို ကျန်းမာရေးအတွက် စကြီ ကြွလျှောက်ပြီးမှ ကျိန်းစက်တော်မူလေသည်ဟု ဗုဒ္ဓစာပန်းချီ မှတ်တမ်းတွင် ဖော်ပြထား ပါသည်။

ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သည့်အတိုင်း ယနေ့ဆေးသိပ္ပံပညာထွန်းကားသော ခေတ်၌လည်း လမ်းလျှောက်ခြင်းဖြင့် ရောဂါအတော်များများကို ကုသနိုင်ကြောင်း တညီတညွတ်တည်း လက်ခံလာကြသည်။ လမ်းလျှောက် ခြင်းမှာ ကျန်းမာကြံ့ခိုင်မှုအတွက်သာမက မကျန်းမာသော ဝေဒနာရှင်များအတွက်ပါ ရောဂါကုထုံးတစ်ရပ်အဖြစ် ကောင်းမွန်သော ရလဒ်ကို တွေ့နေရပေသည်။

လူကြီးလူငယ်မရွေး ငွေကြေးအကုန်ကျအနည်းဆုံးနှင့် ကျန်းမာရေးအတွက် အထိရောက်ဆုံးသော လမ်းလျှောက်ခြင်းသည် ကိုယ်စိတ်ပေါ့ပါး ကြည်လင်လန်းဆန်း၍ ကောင်းသောအကျိုးဆက်များကို လက်တွေ့ခံစား ရသောကြောင့် ကျမ်းပေါင်းများစွာ ရေးသားပြုစုခဲ့သော လယ်တီဆရာတော်ဘုရားကြီးက စာများများရေးချင်လျှင် လမ်းများများလျှောက်ဟူ၍ မိန့်ကြားခဲ့ဖူးသည်။

ကမ္ဘာကျော်စာရေးဆရာကြီး ဘားနဒ်ရှော့ ကလည်း ဉာဏ်ကောင်းချင်လျှင် နံနက်စောစောလမ်းလျှောက်ဟု မိန့်ခဲ့ဖူးပါသည်။

အထက်ပါစကားရပ်များသည် မှန်ကန်သောအကျိုးဆက်များဖြစ်ကြောင်းကို (၁၈၉၆ခုနှစ်) ခေတ်သစ်ကမ္ဘာ အိုလံပစ်အားကစားစတင်ပေါ်ပေါက်ရာ ဂရိနိုင်ငံ ကျောက်ကမ်းပါး နံရံများပေါ်တွင် -

- သင်ကျန်းမာချင်ပါသလား လမ်းလျှောက်ပါ။

- သင်ဉာဏ်ကောင်းချင်ပါသလား လမ်းလျှောက်ပါ။

- သင်လှချင်ပါသလား လမ်းလျှောက်ပါ၊ ဟူသော စာသားများကို ထွင်းထုထားကြောင်း ယနေ့တိုင် တွေ့နေရပေသည်။ ကမ္ဘာပေါ်ရှိ လူသားတိုင်း ကျန်းမာရေးကို အလေးထားသလို သဘာဝမှပေးစွမ်းထားသော လမ်းလျှောက်ခြင်းသည် လူခန္ဓာကိုယ်ကြံ့ခိုင်သန်မာစေမှုဖြစ်စေ၍ တန်ဖိုးထားသင့်ကြောင်း သတိပေးနေခြင်းပင် ဖြစ်သည်ဟုဆိုရပါမည်။

'Sound Mind Sound Body' စိတ်ရောကိုယ်ပါ ကျန်းမာသူသည် ရဲရင့်ခြင်း၊ တည်ကြည်ခြင်း၊ လျင်မြန် ဖျတ်လတ်ခြင်း၊ သတ္တိရှိခြင်း၊ မိမိကိုယ်ကို ယုံကြည်မှုရှိခြင်းတို့ကြောင့် အောင်မြင်ခြင်းလုပ်ငန်းကို စွမ်းဆောင်နိုင်သည်။ ဤသို့ ကျန်းမာကြံ့ခိုင်ရန် အသက်ရှူခြင်းကို လုပ်ဆောင်ရသည်။ အသက်ရှူခြင်းသည် အသက်ရှင်ခြင်းပင်ဖြစ်သည်။ အသက်ရှူနိုင်ရန် ကိုယ်လက်လှုပ်ရှားခြင်း နှင့်

လမ်းလျှောက်ခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း နိုင်ငံကျော်စာရေးဆရာကြီး ပီမိုးနင်းက ၎င်း၏လေ့လာ တွေ့ရှိချက်ကို ဖော်ပြထားပါသည်။

ယနေ့စက်မှုသိပ္ပံပညာထွန်းကား တိုးတက်နေသော နိုင်ငံများသည် ကျန်းမာကြံ့ခိုင်သော ပြည်သူလူထု၏ ကာယအား၊ ဉာဏ်အား စွမ်းဆောင်ရည်များနှင့် တည်ဆောက်ထားကြောင်း တွေ့နေရပေသည်။

သို့ကြောင့်ပင် ကိုယ့်မင်းကိုယ်ပိုင် အုပ်ချုပ်မှုဖြင့် တည်ထောင်ခဲ့သော ကျွန်ုပ်တို့ မြန်မာနိုင်ငံကို နယ်ချဲ့ကိုလိုနီ ဗြိတိသျှတို့သည် ၁၈၂၄ခုနှစ်တွင် ပထမအကြိမ်၊ ၁၈၅၂ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၈၈၅ခုနှစ်တွင် တတိယအကြိမ် ကျူးကျော်စစ်ပြုပြီး မြန်မာနိုင်ငံကို သိမ်းပိုက်ကျွန်ပြုခဲ့သည်မှစ၍ သူ့ကျွန်မခံလိုသော မြန်မာတိုင်းရင်းသားများ၏ တန်ပြန်စစ်ကို ကြောက်ရွံ့၍ ကျန်းမာကြံ့ခိုင်သော လူများမဖြစ်စေရန် စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်စေသည့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းနှင့် အားကစားပြုလုပ်ခြင်းများကို ပိတ်ပင်ခဲ့ကြသည်။ မြန်မာတို့၏ ကိုယ်လုံသိုင်းပညာ၊ မြန်မာ့ရိုးရာလက်ဝှေ့၊ ရခိုင်သားတို့၏ ကျင်ကိုင် (နပမ်း) ခြင်းလုံးခတ်ခြင်းများ မလေ့ကျင့်ရ၊ မသင်ရဟူ၍ ပိတ်ပင်ခဲ့သည်။ လေ့ကျင့်ခဲ့ပါက အရေးယူခြင်းများလည်း ပြုလုပ်ခဲ့သည်။

သို့သော် မျိုးချစ်စိတ်ရှိသော တိုင်းတစ်ပါး၏ ဖိနှိပ်မှုကို မခံလိုသော မျိုးချစ်ပုဂ္ဂိုလ်များသည် မြို့နယ်များတွင် မိမိတို့နှင့် လက်လှမ်းမိရာ ရိုးရာလက်ဝှေ့နှင့် သိုင်းပညာများကို အလျဉ်းသင့်သလို သင်ကြားခဲ့ကြသည်။

ထို့အတူ ပြည်သူလူထု၊ ကျန်းမာကြံ့ခိုင်၍ စည်းလုံးညီညွတ်မှုကိုဖြစ်စေသော စုပေါင်းလမ်းလျှောက်သော အဖွဲ့တစ်ဖွဲ့သည် လွတ်လပ်ရေးမရမီ ၁၉၃၀ ခုနှစ်ကပင် ပေါ်ပေါက်ခဲ့လေသည်။ ထို့အဖွဲ့၏ ဆောင်ပုဒ်က 'အာရောဂျ၊ ပရမံလာဘံ' ဖြစ်သည်။ လမ်းလျှောက်ခြင်းကို အမျိုးသားကျန်းမာရေး ဦးတည်ချက်ဖြင့် မြန်မာနိုင်ငံ လူအများ စိတ်ဝင်စားလာစေရန် စည်းရုံးလှုံ့ဆော်ခဲ့သည့် အဖွဲ့ပင် ဖြစ်သည်။ ထို့အဖွဲ့ကို ဦးဆောင်ခဲ့သူမှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရမည်ဟု ကြွေးကြော်ခဲ့သော ကာယဗလဆရာ ဦးရှိန်ဖြစ်လေသည်။ ဆရာဦးရှိန်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ မြန်မာ့ဇာတိသွေး၊ ဇာတိမာန်များ ပေါ်ပေါက်စေရေး၊ ကျန်းမာကြံ့ခိုင်မှုတို့အတွက် စုပေါင်းလမ်းလျှောက်ရင်း စည်းရုံးရေး လှုံ့ဆော်မှုများနှင့် နယ်ချဲ့ဆန့်ကျင်ရေး သီချင်းများကို သီဆိုခဲ့လေသည်။ စုပေါင်းလမ်းလျှောက်ခြင်းဖြင့် ကျန်းမာရေး၊ စည်းရုံးရေးအသွင်ကို ဖော်ဆောင်ခဲ့ခြင်းပင် ဖြစ်သည်။

မြန်မာ့အာယုဗေဒဆေးပညာရှင် (အရှင်နာဂသေနဘိဝံသ) ဆရာတော်ကြီးက မိန့်ဆိုခဲ့ရာတွင် လမ်းမှန်မှန် လျှောက်သူသည် အသက်ကိုပြင်းပြင်းရှူထုတ်ခြင်းဖြင့်၊ သွေးလေညီညွတ်မှုကြောင့် လေဖြတ်ခြင်း၊ သွေးတိုးခြင်း၊ နှလုံး ရောဂါ၊ ထုံကျဉ်ညောင်းညာကိုက်ခဲသော ရောဂါများကို ပျောက်ကင်းစေပြီး အိုမင်းရင့်ရော်ခြင်းနှင့် ဇရာကိုလည်း တားဆီးပေးသည် ဟု ဖော်ပြထားလေသည်။

လူထုစုပေါင်းလမ်းလျှောက်ခြင်းနှင့် ပတ်သက်၍ ၁၉၇၂ ခုနှစ် အားကစားနှင့် ကာယပညာဦးစီးဌာန ပေါ်ပေါက်လာသည့်အချိန်မှစ၍ ဒီဇင်ဘာလူထုအားကစားပွဲများကို စတင်ခဲ့ပါသည်။ လမ်းလျှောက်ခြင်းသည် လူတို့၏ ရောဂါအတော်များများကို ကာကွယ်တားဆီးပေးပြီး စိတ်ရောကိုယ်ပါ ကြံ့ခိုင်ကျန်းမာစေသောကြောင့် နိုင်ငံအကြီးအကဲ၏ လမ်းညွှန်မှုဖြင့် အားကစားဝန်ကြီးဌာနက ကြီးကြပ်၍ ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လှုပ်ရှားကြသည့် လူထုအားကစားကို အရှိန်အဟုန်မြင့်တင်ပြီး၊ ၁၉၉၈ နှစ်မှစ၍ နိုဝင်ဘာ၊ ဒီဇင်ဘာနှင့် ဇန်နဝါရီလများကို လူထုအား ကစားလဟူ၍ သတ်မှတ်ခဲ့သည်။ အပတ်စဉ် စနေနေ့တိုင်း လူထုစုပေါင်းလမ်းလျှောက်ခြင်းနှင့် အားကစားပွဲများကို ကျင်းပခဲ့ကြသည်။

၁၉၉၆ ခုနှစ်တွင် အားကစားဝန်ကြီးဌာန ပေါ်ပေါက်ခဲ့ပြီး သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မှစ၍ ကျစ်ကျစ်လျစ်လျစ် ဆောင်ရွက်နိုင်ရန် ဒီဇင်ဘာလ တစ်လလုံးကို လူထုအားကစားလှုပ်ရှားမှုလ (Mass Sports) အဖြစ် သတ်မှတ် ခဲ့သည်။ ဤသို့ လူထုအားကစားကို တွန်းအားပေး ဆောင်ရွက်ရာတွင် အလွယ်ကူဆုံးနှင့် လူကြိုက်လူငယ်၊ ကျား/မ မရွေး ကစားကွင်း၊ ကစားရုံမလို ငွေကုန်ကြေးကျမများသော အများစုရုံး ပါဝင်နိုင်သော လူထုစုပေါင်းလမ်းလျှောက် ပွဲကို ဒီဇင်ဘာလ စနေနေ့ နံနက်တိုင်း ကျင်းပပေးပြီး၊ လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများကိုလည်း စာနယ်ဇင်းများ၊ တီဗွီများနှင့် မြို့နယ်ခရိုင် တိုင်းအားကစားရုံးများတွင် မြေစိုက်ပိုစတာများ စိုက်ထူပြီး 'ကျန်းမာကြံ့ခိုင် ပြည့်မဏ္ဍိုင် ပါဝင်လှုပ်ရှား လူထုအားကစား။ အသက်ရှည် ကျန်းမာနေထိုင်ဖို့ နေ့စဉ်မှန်မှန် လမ်းလျှောက်စို့' ဟူ၍ လှုံ့ဆော်သတိ ပေးခဲ့ရာတွင် လမ်းလျှောက်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

(၁) ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ကြံ့ခိုင် ကျန်းမာလာစေနိုင်သည်။

(၂) သက်လုံကောင်းပြီး အမောခံနိုင်သည်။

(၃) အဆီလျော့ကျရန် အဝမလွန်အောင် ထိန်းပေးနိုင်သည်။

(၄) ဦးနှောက်နှင့် အာရုံကြောအားကောင်း၍ ဉာဏ်ရည်ထက်မြက်စေနိုင်သည်။

(၅) ကိုယ်ခံစွမ်းအားမြင့်တင်စေပြီး ရောဂါများကို ကာကွယ်နိုင်သည်။

(၆) အကြောခြင်အရွတ်များ၊ ပျော့ပျောင်းစေပြီး၊ ခန္ဓာကိုယ် ဖျတ်လတ်ပေါ့ပါး စေနိုင်သည်။

(၇) သွေးလည်ပတ်မှုကောင်းပြီး အိပ်ပျော်စာဝင်စေသည်။

(၈) နေ့စဉ်ပုံမှန် နာရီဝက်ခန့်လမ်းလျှောက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ဘဝကို ပိုင်ဆိုင်နိုင်သည်။

(၉) စိတ်ဖိစီးမှု လျော့နည်းစေ၍ စိတ်ကြည်လင်လန်းဆန်းစေသည်ဟု ဖော်ပြထားပါသည်။

လမ်းလျှောက်ရာတွင်လည်း အပျင်းပြေ လမ်းလျှောက်ခြင်းမဟုတ်ဘဲ ဆရာဇော်ဂျီ၏ 'မူမှန်လမ်းလျှောက်နည်း' ကဗျာအတိုင်း -----

- ရင်ဘတ်ကိုပင့် တန်ရုံမြှင့်
- ရဲရင့်တည်ကြည် လျှောက်ရမည်
- ခါးကို မတ်မတ်၊ ကိုယ်ကိုမတ် တစ်ရပ်မြှင့် အောင်လျှောက်ရမည်
- ဒူးကိုဆန့်ခင်းကြွက်သားရင်း တောင့်တင်းပါအောင် လျှောက်ရမည်
- ခြေလှမ်းသောအခါ ရှေ့ခြေသာ မြေမှ ဖနောင့်ကြွရမည်

ခြေလှမ်းသောအခါ နောက်ခြေဟာ မြေမှာဖနောင့်ကျရမည် ဆိုသော ကဗျာကို သတိထားသင့်သည်။

လမ်းလျှောက်သည်ဆိုရာတွင်လည်း အပျော်သဘောပေါ့ပျက်ပျက် သဘောမထားဘဲ ကျန်းမာရေးနှင့်ဆိုင်သော ဆရာဇော်ဂျီ၏ မူမှန်လမ်းလျှောက်နည်းအတိုင်း ကျင့်သုံးလိုက်နာသင့်ပေသည်။

မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များသည် ထူးချွန်အားကစားသမား၊ မျိုးဆက်သစ်များ ပြုစုမွေးထုတ်ရေး၊ ပြည်တွင်းကစားပြိုင်ပွဲများတွင်သာမက၊ ပြည်ပ အားကစား ပြိုင်ပွဲများတွင် သွားရောက်ယှဉ်ပြိုင်အောင်ပွဲရရှိရေး၊ နိုင်ငံတွင်း ဖိတ်ခေါ် ပြည်ပအားကစားပွဲများ ကျင်းပနိုင်ငံရေး တို့ကို လမ်းညွှန်ပေးခဲ့ရာတွင် -

အားကစားဝန်ကြီးဌာနအနေဖြင့် မူဝါဒ (၃) ရပ်ကို အောက်ပါအတိုင်း ချမှတ်ပေးခဲ့သည်။

(၁) မြန်မာ့အားကစားကမ္ဘာကိုတက်လှမ်းနိုင်ရမည်

(၂) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားရေးလှုပ်ရှားမှုကို တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး စိတ်ပါဝင်စားစွာဖြင့် လူထုအားကစား (Mass Sports) ကို ပါဝင်လှုပ်ရှားရမည်။

(၃) နိုင်ငံတကာအလယ်၌ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားနည်းဖြင့် မြှင့်တင်နိုင်မည့် ထူးချွန်ထက်မြက် သောနိုင်ငံ့ဂုဏ်ဆောင် (Excellent Sport) အားကစားသမားများ လူရည်ချွန်များ မွေးထုတ်ရမည်။

အားကစားဆိုင်ရာ မူဝါဒ (၃)ရပ်ကို ခြုံငုံလေ့လာလိုက်ပါလျှင် . .

ယနေ့ တပ်မတော်ကြည်း၊ ရေ၊ လေနှင့် ရဲတပ်ဖွဲ့တို့တွင် အားကစားပြိုင်ပွဲများ ကျင်းပနေခြင်းသည် စိတ်ရော ကိုယ်ပါ ကျန်းမာကြံ့ခိုင်သော ပြည်သူ့ကာကွယ်ရေး တပ်မတော်ဖြစ်လာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်နေခြင်းပင် ဖြစ်ပါသည်။

နိုင်ငံတစ်ခုသည် မည်မျှပင် သေးငယ်၍ အင်အားနည်းပါးသည်ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲ များတွင် နိုင်ငံငယ်မှ အားကစားသမားများ ရွှေတံဆိပ်များ ဆွတ်ခူးရရှိပါက ထိုရွှေတံဆိပ်ရရှိသော နိုင်ငံငယ်၏ အလံတော်ကို ကျန်အင်အားကြီးနိုင်ငံများက ဦးညွှတ်အလေးပြုရသည်ဖြစ်၍ အားကစားမြှင့်တင်ခြင်း သည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၊ အဆင့်အတန်းကို ဖော်ပြနေခြင်းဆိုသော စကားရပ်ကို ထင်ရှားစေပါသည်။

ကမ္ဘာ့ရာဇဝင်သမိုင်းကို ပြန်လည်ဆန်းစစ်ကြည့်လိုက်ပါလျှင် ဘီစီ-၇၇၆ ခုနှစ်က ပထမဆုံး အိုလံပစ် အားကစားစတင်ခဲ့သည့် ရောမအင်ပါယာနှင့် ဂရိခေတ် တန်ခိုးပြိုင်ကာလ (လွန်ခဲ့သော နှစ်ပေါင်း-၃၀၀၀) ခန့်ကာလမှာ ဆိုလျှင် မွေးကင်းစ ကလေးများ၊ ပိန်သေးချည့်နဲ့၍ ရောဂါရှိသော ကလေးငယ်များကို စွန့်ပစ်ကြပြီး၊ နိုင်ငံတော်

ကာကွယ်ရေးအတွက် ကိုယ်လက်လှုပ်ရှား၊ အားကစားအတတ်နှင့် စစ်ပညာများကို ငယ်စဉ်ကလေးဘဝကပင် ပျိုးထောင်ပြုစုကြကြောင်း သာဓကများရှိခဲ့ပါသည်။ ထိုကြောင့်ပင် ပါရှုန်လူမျိုးတို့၏ ရာထောင်ပေါင်းများစွာ ကျူးကျော်မှုများကို ကျန်းမာကြံ့ခိုင်သော အေသင်လူမျိုးတို့က တွန်းလှန်နိုင်ခဲ့ပုံကို 'စပါတာကပ်' အမည်ရှိသော ရုပ်ရှင်ဇာတ်ကားသည် ကမ္ဘာ့ကျော် သာဓက ဖြစ်ခဲ့ပုံကိုလည်း မြင်တွေ့နေရပါသည်။

ယနေ့တိုင် (၄) နှစ်လျှင် တစ်ကြိမ်ကျင်းပသော ကမ္ဘာ့အိုလံပစ်အားကစားပွဲသည် ရှေးနှစ်ပေါင်း ၃၀၀၀ ခန့်ကပင် ဂရိနိုင်ငံ အိုလံပစ် တောင်ခြေတွင် ဂရိလူမျိုးတို့၏ ယုံကြည်ရာဖြစ်သော ' ဇု' နတ်မင်းကြီးကို ပူဇော်ရာတွင် စိတ်ဓာတ်ကြံ့ခိုင်ရွှင်လန်းခြင်းနှင့် ခန္ဓာကိုယ် ကျန်းမာဖျတ်လတ်စေခြင်းကို ဖြစ်ပေါ်စေသော ကစားခုန်စားပွဲများကို ထည့်သွင်းခဲ့ပြီး စစ်မက်ဖြစ်ပွား သည့် အချိန်မှာပင် လေးနှစ်တစ်ကြိမ်ကျင်းပသော အိုလံပစ်အားကစားပြိုင်ပွဲကာလ ရောက်လျှင် စစ်ရပ်စဲ၍ ဂရိတောင်ခြေ အိုလံပီယာအရပ်တွင် လာရောက်စုရုံးပြီး အသားအရောင် လူမျိုးမခွဲခြားဘဲ အားကစားပွဲကိုပါဝင်ဆင်နွှဲကြောင်း သာဓကမှာ အားကစား မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်နေခြင်း ဖြစ်ပါသည်။ အားကစား အောင်မြင်မှုသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အဆင့်အတန်း၊ အခြေအနေကို ဖော်ပြနေသည် ဆိုသော စာသားကို ပေါ်လွင်ထင်ရှားစေပါသည်။

သိပ္ပံစက်မှုထွန်းကားလျက်ရှိသော ယနေ့ကမ္ဘာတွင် လူအများစုသည် သွားလာလှုပ်ရှားမှုများတွင် မိမိခွန်အားကိုသုံးခြင်း၊ ခြေလျင်သွားလာခြင်း၊ လုံ့လဝီရိယ စိုက်ထုတ်ရန် ခွန်အားသုံးခြင်းမရှိဘဲ စက်ပစ္စည်းအကူအညီ များဖြင့်သာ လုပ်ဆောင်လျက်ရှိရာ ကိုယ်လက်လှုပ်ရှားခြင်းနည်းပြီး အထိုင်များသောကြောင့် သွေးလေလှည့်ပတ်မှု ထိုင်းမှိုင်းလာရပြီး အဝလွန်ရောဂါ (Obesity)ဖြစ်လာ၍ ခန္ဓာကိုယ်တွင် အဆီဓာတ်များလွန်ကဲလျက် နှလုံး သွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်း၊ သွေးချိုဆီးချိုရောဂါနှင့် အဆစ်အရိုးများ ယောင်ရမ်းခြင်း၊ အသည်းအဆီဖုံးခြင်း၊ စသည့် ရောဂါများကို ခံစားရတတ်ပါသည်။

လမ်းလျှောက်ခြင်းမှ ရရှိသော အကျိုးကျေးဇူး (ဥပမာ) တစ်ခု တင်ပြရမည်ဆိုလျှင် -- နောင်တွင် သတင်းစာ ဆရာဖြစ်လာသူ အမြတ်ခွန်စာရေးကြီး မိုးကြိုးဦးအုန်းခင်၏ ကိုယ်တွေ့ ဖြစ်ရပ်တစ်ခုကို တင်ပြလိုပါသည်။

ဦးအုန်းခင်မှာ နှလုံးရောဂါကြောင့် အရိုးပေါ်၊ အရေတင်၍ ဆရာဝန်က (၆) လခန့်ကြာလျှင် အသက်မရှင်နိုင်တော့ဟု ပြောခဲ့ရာ ဦးအုန်းခင်သည် စိတ်ဓာတ်ကျ၍ ညနေစောင်းတွင် ၎င်း၏ နေအိမ်အနီး ရန်ကုန်မြို့ အလုံ ဧရာ၀တီလမ်းရှိ ဆရာကာယဗလဦးရှိန်၏ တပည့်များ (ဦးဇော်ဝိတ်၊ ဦးစံသင်၊ ဦးညွှန့်ဖေ) တို့ ကျန်းမာသန်စွမ်းရန် အလေးမနေသည်ကို စောင်ခြုံကလေးနှင့် လာရောက်ငေးမောကြည့်တတ်ရာ -- ဆရာဦးရှိန်က သနားပြီး နောက်နေ့ များတွင် နှလုံး ရောဂါကုပေးမည်ဟု ဆိုပြီး နံနက်စောစော ရေ၀ေ သောက်စေ၍ ဝမ်းချုပြီး လမ်းလျှောက်စေသည်။

အစတွင် ခါတ်တိုင်နှစ်တိုင်၊ သုံးတိုင်ခန့် လျှောက်ပြီးလျှင် မောပန်းလွန်း၍ ခဏနားရသည်။ တဖြည်းဖြည်းခြင်း လမ်းလျှောက်ခရီးကို တိုး၍တိုး၍ လျှောက်စေခဲ့သည်။ ဆရာဦးရှိန်သည် လမ်းလျှောက်ရင်း၊ မျိုးချစ်စိတ်ဓာတ်များ၊ လူမှုရေး၊ ကာကွယ်ရေး၊ စစ်ဆင်ရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးများ၊ ကျန်းမာရေးအကြောင်းများကို စိတ်၀င်စားဖွယ်ရာ ပြောရင်း၊ ခြေလျင်ခရီး လျှောက်ခဲ့ရာ တစ်လခန့်အကြာတွင် ရန်ကုန်မှအင်းစိန်သို့ အသွားအပြန် လျှောက်နိုင်ပြီး၊ အမောလုံ၍ ခန္ဓာကိုယ် ကျန်းမာလာခဲ့သည်။ နှလုံးရောဂါ လုံး၀ ပျောက်ကင်းသွားသောကြောင့် ဆရာဝန်ကပင် အံ့သြသွားသည်ဟု 'သူရိယ' သတင်းစာတွင် ကိုယ်တွေ့ဆောင်းပါးကို ဦးအုန်းခင်က ရေးသားခဲ့သည်။ ၁၉၃၂ ခုနှစ်တွင်လည်း ခြေလျင်အဖွဲ့ တစ်ဖွဲ့ ထူထောင်ရာတွင်၊ ဦးဆောင်သူအဖြစ် ဆရာဦးရှိန်နှင့် လက်တွဲ၍ ဆောင်ရွက်ခဲ့လေသည်။

ထို့ပြင်ယနေ့ လူနေမှုစနစ်အချို့တွင် ကိုယ်လက်လှုပ်ရှား အားကစားမရှိဘဲ အစားကျူးခြင်း၊ အရက်သောက်ခြင်း၊ ဆေးလိပ်ဆေးရွက်သုံးစွဲခြင်း၊ မူးယစ်ထုံထိုင်းဆေးများ သုံးစွဲခြင်းများသည် ဦးနှောက်ဆဲလ်များ ကြုံ့လာ၍ မှတ်ဉာဏ်ထိုင်းခြင်း၊ အသည်းများ ခြောက်လာ၍ စွမ်းရည်ကျလာခြင်း၊ လှုပ်ရှားမှုနှေးကွေး တုံ့ဆိုင်းလာခြင်းများ ဖြစ်ပေါ်တတ်ကြောင်း ပညာပေး၊ သင်ခန်းစာများတွင် တွေ့နေရပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (W.H.O World Health Organization) အစီရင်ခံစာတွင် နှစ်စဉ်လူဦးရေ (၆. ၅)သန်းခန့်မှာ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းကြောင့် သေဆုံးကြသည်ဟု ဖော်ပြထားသည်ကို စာနယ်ဇင်းများနှင့် တီဗွီတွင် မကြာခဏ မြင်တွေ့မှတ်သားရပါသည်။

ယနေ့ နိုင်ငံတော်သည် ပြည်ထောင်စုကြီးတစ်ခုလုံးကို ဖွံ့ဖြိုးတိုးတက်လာစေရန် မှန်ကန်သော စေတနာဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်ပေးနေချိန်တွင်

ကျွန်ုပ်တို့နိုင်ငံသားအားလုံးတို့သည် တစ်ယောက်မှတစ်ရာ တစ်ရာမှတစ်နိုင်ငံလုံး တက်ညီလက်ညီလက်တွဲ၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လူထုအားကစားလှုပ်ရှားမှုများတွင် ပါဝင်ကြမည်ဆိုပါက ကျန်းမာကြံ့ခိုင်သော ပြည်သူလူထုဖြင့် လူထုအားကစား (Mass Sports) မှ ထူးချွန် ထက်မြက် သော (Excellent Sports) သို့ ရောက်ရှိကာ နိုင်ငံတော်အတွက် အောင်မြင်သော အားကစားသမားများကို မွေးထုတ်နိုင်မည်ဖြစ်သည်။

မြန်မာ့အားကစား တိုးတက်ရေးအတွက်လည်း ကျောင်းသားအားကစား ပွဲတော်များ၊ အမျိုးသားအားကစားပွဲတော်များ၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ၊ အားကစားအကယ်ဒမီကျောင်းများကို ပြည်နယ်တိုင်း ဒေသကြီးများတွင် ပိုမိုဖွင့်လှစ်နိုင်ပြီး၊ နည်းပြနှင့် ဒိုင်သင်တန်းများ၊ ပြည်တွင်းပြည်ပ ပူးပေါင်းလေ့ကျင့်ရေးများ စေလွှတ်ခြင်း၊ မျိုးဆက်သစ်လူငယ်များ မွေးထုတ်သည့် အားကစားအခြေခံ အဖွဲ့အစည်းများကို လုပ်ငန်းရှင်များ၊ ဝါသနာရှင်များကလည်း အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မည် ဆိုပါလျှင် မြန်မာ့အားကစားမှာ တိုးတက်မှုလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိလာမည်ဟု ယုံကြည်မိပါသည်။

နိုင်ငံတော်မှ မြန်မာ့အားကစား အဆင့်အတန်းမြင့်မားထည်ဝါစွာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး အတွက် အားကစားမြှင့်တင်ရေး အစီအစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အထူးအလေးထား အားပေးဆောင်ရွက်လျက်ရှိရာ ထူးချွန်ထက်မြက်သော ရည်မှန်းချက်မြင့်မားသော အားကစားသမားကောင်း တစ်ယောက်ဖြစ်ရန် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများကိုလည်း ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်မြို့များတွင် ဖွင့်လှစ်သင်ကြားခဲ့ပါသည်။

အားကစားသမားကောင်းများဖြစ်ရန် . . . .

၁။ Spirit အားကစားစိတ်ဓာတ်ခိုင်မာခြင်း

၂။ Skill ခေတ်နှင့်အညီ နည်းစနစ်မှန်ကန်မှု

၃။ Structure ခန္ဓာကိုယ်အချိုးအစားကောင်းမွန်ခြင်း

၄။ Speed အရှိန်အဟုန်ကောင်းခြင်း

၅။ Strength ခွန်အားကောင်းခြင်း

၆။ Stamina သက်လုံကောင်းခြင်း

၇။ Social dealing လူမှုပေါင်းသင်းဆက်ဆံရေးများ ကောင်းမွန်ရန် လိုအပ်ပါသည်။ ဤအချက်နှင့် ပြည့်စုံသူများကိုလည်း သက်ဆိုင်ရာ အားကစား အဖွဲ့ချုပ်များက မိမိတို့ အားကစားနှင့် အံဝင်ခွင်ကျဖြစ်မည့် လူငယ်များကို ရွေးချယ်လေ့ကျင့်ပေးမည်ဆိုပါက လူကောင်းလူတော် အားကစားသမားများနှင့် မြန်မာ့အားကစား တိုးတက်ဖွံ့ဖြိုး လာမည်ဟု ယုံကြည်မိပါသည်။

ထို့ပြင် အားကစားသမားများသည် မိမိတို့နှင့်သက်ဆိုင်ရာ အားကစားစည်းမျဉ်း ဥပဒေများကိုလည်း နားလည်ကျေညက်ဖို့ လိုပါသည်။ ထို့အတူ နည်းပြအုပ်ချုပ်သူနှင့် ပံ့ပိုးကူညီသူများ အားကစားကိုချစ်သော ပရိတ်သတ် များကလည်း အားကစားတိုးတက်မြင့်မားရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပြီး " တရားသော ယှဉ်ပြိုင်အနိုင်ရယူခြင်းဆိုသော - Fair Play " ကိုလည်း လက်ကိုင်ထားပါက အားကစားလောကတွင် အောင်မြင်မှုကို ဧကန်မလွဲ ရရှိပေမည်။

ဤကဲ့သို့ လူထုအားကစား (Mass Sports) ကို အခြေခံ၍ 'Excellent Sport' နှင့် စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်သော ပြည်သူလူထုအားဖြင့် စည်ပင်ဖွံ့ဖြိုး တိုးတက်သော ခေတ်မီနိုင်ငံတော်ကို တည်ဆောက်ပြီး မြန်မာ့အားကစား တိုးတက်ဖွံ့ဖြိုးရေးကို စွမ်းဆောင်ကြရမည်သာ ဖြစ်ပါတော့သည်။

မောင်မောင်မိုးအောင်

ဤဆောင်းပါးသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလ လှုပ်ရှားမှုအထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် နှစ်သိမ့်ဆု - ၁ ရရှိသည့် ဆောင်းပါးရှင် မောင်မောင်မိုးအောင်၏ ဆောင်းပါး ဖြစ်ပါသည်။

မြန်မာ့အားကစားအဆင့်အတန်း ရေရှည်တိုးတက်မြင့်မားရေးဆီသို့

အားကစားအောင်မြင်မှုသည် နိုင်ငံတစ်ခု၏ဂုဏ်၊ လူမျိုးတစ်မျိုး၏ ဂုဏ်သိက္ခာ ဖြစ်သည်နှင့်အညီ အားကစားဖြင့် နိုင်ငံဂုဏ်ဆောင်ရန် မြန်မာ့အားကစား အဆင့်အတန်းကို အစွမ်းကုန် မြှင့်တင်ရန်မှာ အမျိုးသားရေးတာဝန်ကြီးတစ်ရပ်ဖြစ်သည်။ အားကစားသည် လူသားတို့ဘဝ ရှင်သန်ရေးအတွက် ရုန်းကန်ကြရသည့် အခြေခံလှုပ်ရှားမှုများဖြင့် ကျန်းမာကြံ့ခိုင်ရေးအတွက် အပျော်တမ်းအဖြစ် စတင်ခဲ့သော်လည်း ပြည်တွင်းပြိုင်ပွဲများ၊ ဒေသတွင်းပြိုင်ပွဲ၊ နိုင်ငံတကာပြိုင်ပွဲများမှ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများအထိ အဆင့်ဆင့်မြင့်မားလာခဲ့သည်။

မြန်မာ့အားကစားသမိုင်းကို ပြန်လည်ဆန်းစစ်ကြည့်လျှင် အားကစားလှုပ်ရှားမှုများမှာ ရှေးခေတ်ကာလမှ သမိုင်းတစ်လျှောက်ပုံစံမျိုးစုံဖြင့် ဖြတ်သန်းလာခဲ့ပြီး ယနေ့ခေတ်သစ်ကာလအထိ ရှင်သန်နေဆဲဖြစ်သကဲ့သို့ မြန်မာ့အားကစား လှုပ်ရှားမှုသမိုင်းမှာ နိမ့်တစ်ခါမြင့်တစ်လီ နှစ်ပေါင်းရာချီဖြတ်သန်းခဲ့သည့် မှတ်တမ်းများရှိခဲ့သည်။ မြန်မာ့ရိုးရာ အားကစားပွဲတော်များနှင့် ဇာတိမာန် ထက်သန်စေသည့် ခွန်အားပြပြိုင်ပွဲများမှာ ကိုလိုနီဘဝတွင် မှေးမှိန်ခဲ့ပြီး ၁၉၀၀ ပြည့်လွန် ခုနှစ်များနောက်ပိုင်း အမျိုးသားရေး လှုပ်ရှားမှုအသွင်ဖြင့် ပြန်လည်နိုးကြားလာခဲ့သည်။ မြန်မာလူမျိုးများအနက်မှ ပထမဆုံး အိုလံပစ်ပြိုင်ပွဲဝင်ခဲ့ရသည့် အလေးမ အားကစားသမား ဦးဇော်ဝိတ်နှင့် အုပ်ချုပ်/နည်းပြ ကာယဗလဦးရှိန်တို့မှာ ၁၉၃၆ ခုနှစ် ဘာလင်အိုလံပစ်ကို အိန္ဒိယအားကစားအဖွဲ့ဝင်များ အနေဖြင့် သွားရောက်ယှဉ်ပြိုင်ခဲ့ကြရသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး လွတ်လပ်ရေး ကြိုးပမ်းမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လာသည့်နည်းတူ အားကစားကဏ္ဍကို အမျိုးသားရေးအသွင်ဖြင့် ပြည်သူလူထု တစ်ရပ်လုံးနှင့် စာနယ်ဇင်းများကပါ ဝိုင်းဝန်းအားပေးလာခဲ့သည့်အတွက် ၁၉၄၆ခုနှစ်၊ နိုဝင်ဘာလ (၂၆)ရက်နေ့တွင် မြန်မာနိုင်ငံအိုလံပစ်အသင်း (Burma Olympic Association) အား တည်ထောင်ဖွဲ့စည်းခဲ့ပါသည်။ ၁၉၄၈ခုနှစ်၊ ဇန်နဝါရီလ (၂၅)ရက်နေ့တွင် ပထမအကြိမ် မြန်မာ့ အိုလံပစ်ပွဲတော်ကို ကျင်းပပြုလုပ်ခဲ့ပြီး လန်ဒန်အိုလံပစ်ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် များအား ရွေးချယ်စုစည်း၍ သွားရောက်ယှဉ်ပြိုင်နိုင်ခဲ့ပါသည်။ မြန်မာအိုလံပစ်အသင်းအနေဖြင့် ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃)နှစ်ရက်နေ့တွင် အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်အဖွဲ့ဝင် နိုင်ငံအဖြစ် ဝင်ရောက် ခွင့်ရရှိခဲ့ပါသည်။ ထိုအချိန်ကာလများအထိ မြန်မာ့အားကစားလှုပ်ရှားမှု များအား အစိုးရ မဟုတ်သည့် အဖွဲ့အစည်းအနေဖြင့်သာ ဆောင်ရွက်ခဲ့ပြီး၊ အားကစားလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် အစိုးရအဖွဲ့အစည်း တစ်ခု အဖြစ် ၁၉၅၀ခုနှစ်၊ အောက်တိုဘာလ (၉)ရက် နေ့တွင် အမျိုးသားကိုယ်လက် ကြံ့ခိုင်ရေး ကောင်စီအား ဖွဲ့စည်းခဲ့ပါသည်။ အမျိုးသားကိုယ်လက် ကြံ့ခိုင်ရေးကောင်စီ လက်ထက်တွင် ၁၉၆၁ခုနှစ်၌ ဒုတိယအကြိမ်

အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲကြီးအား ရန်ကုန်မြို့တွင် အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ပြီး နိုင်ငံအလိုက် ပထမ နေရာအား ထိုက်တန်စွာ ရယူနိုင်ခဲ့ ပါသည်။

၁၉၆၂ ခုနှစ်၊ အိမ်စောင့်အစိုးရတက်လာပြီး ၁၉၆၄ ခုနှစ်၊ မေလ (၂၇)ရက်နေ့တွင် အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီကို ဖျက်သိမ်းပြီး အားကစားနှင့်ကာယပညာ ကော်မတီ ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါကာလအတွင်း ၁၉၆၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ပဉ္စမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲကြီးအား အိမ်ရှင်အဖြစ် ဒုတိယအကြိမ် လက်ခံ ကျင်းပခွင့်ရရှိခဲ့ပြီး၊ ပထမအကြိမ်အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့စဉ်ကထက် ပိုမိုစည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပြီး နိုင်ငံအလိုက် ပထမနေရာကိုလည်း ထပ်မံရယူနိုင်ခဲ့ပါသည်။

၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက် အစိုးရ ဌာနဆိုင်ရာများအား ခေတ်စနစ်နှင့်အညီ ပြောင်းလဲဖွဲ့စည်းရာတွင် မြန်မာအားကစား တိုးတက် မြင့်မားရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အားကစားနှင့် ကာယပညာဦးစီးဌာနအား ကျန်းမာရေးဝန်ကြီးဌာနအောက်တွင် ထည့်သွင်းဖွဲ့စည်းခဲ့ပါသည်။ တပ်မတော် အစိုးရလက်ထက် ၁၉၉၃ ခုနှစ်တွင် ဝန်ကြီးချုပ်ရုံး ဝန်ကြီးဌာနအောက်သို့ လွှဲပြောင်းပေးခဲ့ပါသည်။

နိုင်ငံတော်အနေဖြင့် မြန်မာ့အားကစားအဆင့်အတန်းတိုးတက် မြင့်မားရေး လုပ်ငန်းများ အား ပိုမိုအရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကာ အားကစားဝန်ကြီးဌာနကို သီးခြားဝန်ကြီး ဌာနတစ်ခုအဖြစ် ၁၉၉၆ခုနှစ်၊ ဒီဇင်ဘာလ (၁၈)ရက်နေ့တွင် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေး၊ အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲများတွင် အဆင့်မြင့်မားစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် အရှေ့တောင်အာရှမှ အာရှ၊ အာရှမှ ကမ္ဘာအဆင့်ထိ တက်လှမ်းနိုင်ရေးဆိုသည့် ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံချက်များ ချမှတ် ဆောင်ရွက်လျက် ရှိပါသည်။

ထိုကဲ့သို့ ခေတ်အဆက်ဆက်မြန်မာ့အားကစားလှုပ်ရှား ဆောင်ရွက်ခဲ့မှုများအား ပြန်ကြည့်လျှင် ၁၉၅၀ ပြည့်လွန်နှစ်များမှ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်းထိ မြန်မာ့အားကစား အောင်မြင်မှုများသည် အရှေ့တောင်အာရှအဆင့်တွင် ထိပ်တန်းမှ ရပ်တည်နိုင်ခဲ့ပြီး၊ အာရှ အဆင့်သို့ ထိုးဖောက်ကာ ကမ္ဘာ့အဆင့်အထိ တက်လှမ်းနိုင်ခဲ့သည့် အထောက်အထားများ ခိုင်ခိုင် မာမာရှိခဲ့ပါသည်။ အထူးသဖြင့် မြန်မာ့အမျိုးသား အားကစားဟုခေါ်ဆိုရမည့် ဘောလုံး

အားကစားသည် အအောင်မြင်ဆုံးဖြစ်ခဲ့ပြီး၊ ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့နှင့် ဘော်လီဘော အားကစားနည်းများ သည်လည်း အောင်မြင်မှုမှတ်တိုင်များ စိုက်ထူနိုင်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေး နိုင်ငံတကာနှင့် ရင်ဘောင်တန်းဆောင်ရွက်နိုင်ရေးတို့ကို မျှော်မှန်းပြီး အားကစားဝန်ကြီး ဌာန သည် ရှေ့လုပ်ငန်းစဉ် (၁၀)ရပ်ကို ချမှတ်ခဲ့ရာ အားကစားကို အခြေခိုင်မာလာစေရေးအတွက် အားကစားနှင့်ပညာရေးကို ထိထိမိမိဆောင်ရွက်သွားရန်၊ အားကစားနှင့်ကာယပညာသိပ္ပံတွင် အားကစားနှင့်ပညာရေးပေါင်းစပ်၍ သင်ကြားပေးမှုအစီအစဉ်ကို ဆောင်ရွက်သွားရန် လူထုအားကစား (Mass Sports)ကို မြှင့်တင်ဆောင်ရွက်သွားရန်ဟု ဖော်ပြပါရှိရာ ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်မှာ လူထုအားကစားလှုပ်ရှားမှုများကို တစ်နိုင်ငံလုံး အတိုင်းအတာ ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လှုပ်ရှားလာအောင် စည်းရုံးဆောင်ရွက်ခြင်းသည် အခြေခံပင် ဖြစ်ပေသည်။

ယနေ့နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက် ကြရာတွင် လူငယ်များအနေဖြင့် ဉာဏ်ရည်ဉာဏ်သွေး အဆင့်မြင့်ရန်ကိုသာ အဓိကထား ကြိုးစားနေပြီး မိမိ၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့လာလိုက်စားမှုအားနည်း နေသည်ကို တွေ့ရှိရပေသည်။ ကျန်းမာရေးနှင့် ပညာရေးသည် အပြန်အလှန် အမှီသဟဲပြု နေသည်ဖြစ်ရာ လူငယ်တို့၏ အတွေးအခေါ်ပိုင်းကို ပြုပြင်ပေးရန် လိုအပ်ပေသည်။

နိုင်ငံတော်သည် ထူးချွန်ထက်မြက်သော မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက် လာစေရေးနှင့် ဘက်စုံထူးချွန်သော လူချွန်လူကောင်းတစ်ယောက်ဖြစ်မြောက် လာစေရေးအတွက် ပညာကြိုးစားနေရုံဖြင့် လုံလောက်မည် မဟုတ်ဘဲ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း ကြိုးစားဆောင်ရွက်သင့်ပေသည်။ သို့ဖြစ်၍ နိုင်ငံတော်ပိုင်းမှလည်း ကျန်းမာရေး၊ ပညာရေး အကျင့်စာရိတ္တကောင်းမွန်စေရေးတို့ကို ထိန်းကျောင်းတည့်မတ် ဆောင်ရွက်ပေးလျက် ရှိရာ "ကျန်းမာရေးနှင့် ဘက်စုံပညာတိုးတက်မြင့်မားရေး" ဟူသော ဆောင်ပုဒ်အား အကောင်အထည်ဖော် ကြိုးပမ်းမှု တွင် ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းပါဝင်သင့်ပေသည်။

အားကစားဝန်ကြီးဌာနအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစား၏ အခြေခံဖြစ်သော လူထုအားကစားကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လှုပ်ရှားဆောင်ရွက်လာအောင် စည်းရုံးခြင်း၊ တစ်နှစ် ထက်တစ်နှစ် ပိုမို ပါဝင်လှုပ်ရှားလာအောင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ နွေရာသီ အခြေခံနှင့် အဆင့်မြင့်သင်တန်းများကို ဖွင့်လှစ်ပေးခြင်း၊ အားကစားနည်းအလိုက် အားကစား ကလပ်များ ကို ဖွဲ့စည်းပေးနိုင်ခဲ့ခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် မြန်မာ အားကစား အဆင့်အတန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာပြည် တနံတလျားတွင် အားကစား

ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပြုလုပ်နိုင်ရေးသည်လည်း အားကစား အောင်မြင်ရေး၏ အသက်ပင်ဖြစ်ပါသည်။ အားကစားပြိုင်ပွဲတိုင်းကို အားကစားဝန်ကြီးဌာန တစ်ခုတည်းကသာ တာဝန်ယူ ဆောင်ရွက်ရခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် အားကစားအဖွဲ့အစည်းအဆင့်ဆင့်က တာဝန်ယူ ဆောင်ရွက် နေကြသည့်အပြင် ပြည်နယ် နှင့်တိုင်းဒေသကြီး အစိုးရနှင့် အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့် ကလည်း စီမံခန့်ခွဲမှုနှင့် စည်းရုံး လှုံ့ဆော်နိုင်မှုများဖြင့် စွမ်းအားမြှင့်ပံ့ပိုး ကူညီပေးနေသည်ဖြစ်ရာ နှစ်ထောင်းအားရဖွယ် ရလဒ်ကောင်းများ ပေါ်ထွန်းလာမည်မှာ သေချာနေပြီဟု ယုံကြည်ပါသည်။

မြန်မာ့အားကစား မြင့်မားတိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် တစ်ခုမှာ အားကစားပြိုင်ပွဲများ အဆင့်မီစွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် အားကစားကွင်း၊ အားကစား ရုံများအား တည်ဆောက်ပေးခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲအောင် အဆင့်မြှင့်တင် ပြုပြင်ပေးခြင်း၊ အသစ်တည်ဆောက်ပေးခြင်း၊ အားကစားကွင်းအတွင်း လိုအပ်သည့် ရေ၊ လျှပ်စစ်မီး လုံလောက်စွာ ရရှိရေး စီမံပေးခြင်း၊ အားကစားကွင်း/ အားကစားရုံ ပတ်ဝန်းကျင်အတွင်း/ အပြင် သန့်ရှင်းမှုရှိစေရေး၊ အားကစားကွင်းအတွင်း စိမ်းလန်းစိုပြေရေး နှင့် အားကစားအထောက်အကူပစ္စည်းများ ပြည့်စုံအောင် ဆောင်ရွက်ပေးခြင်း၊ အားကစားကွင်း အဝင်ဝများတွင် ပြည်သူများ လွတ်လပ်စွာ ကစားနိုင်ကြောင်း အသိပေးသည့် “SPORTS FOR ALL” “မည်သူမဆို လွတ်လပ်စွာကစားနိုင်သည်” စသည့် ဆိုင်းဘုတ်များ ရေးသား ချိတ်ဆွဲခြင်းဖြင့် ပြည့်စုံအောင် စီမံဆောင်ရွက်ပေးခြင်း၊ ကျောင်းသားလူငယ်၊ လူရွယ်များနှင့် အများပြည်သူများ အားကစားကို စိတ်ပါဝင်စား လာစေပြီး အားကစားကွင်း၊ အားကစားရုံ အတွင်း ဝင်ရောက်ကစားလာအောင် စည်းရုံးလှုံ့ဆော် ပေးခြင်းသည်လည်း အမျိုးသား အားကစားမြင့်မား တိုးတက်ရေးကိုများစွာ အထောက်အကူပြုမည့် လုပ်ငန်းစဉ်တစ်ခုပင် ဖြစ်သည်။

အားကစားနှင့် ပညာရေးပေါင်းစပ်၍သင်ကြားပေးမှု အစီအစဉ်ကို ဆောင်ရွက်ရာတွင် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) နှင့် (မန္တလေး) အပြင် အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်) ကို (၁၀.၆.၂၀၁၄) နေ့တွင် လည်းကောင်း၊ အားကစားနှင့် ကာယပညာ သိပ္ပံ(တောင်ကြီး)ကို (၁၇.၁၀.၂၀၁၅) နေ့တွင် လည်းကောင်း ဖွင့်လှစ်ပေးခဲ့ပြီး အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်) နှင့် အားကစားနှင့် ကာယပညာသိပ္ပံ (မုံရွာ) တို့အား ထပ်မံဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျှက်ရှိပေသည်။ ယခုအခါ အားကစားနှင့် ကာယပညာ သိပ္ပံကျောင်းများအပြင် အားကစားဘာသာရပ်အား ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့တွင် ဘာသာရပ်တစ်ခု အဖြစ် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ သင်ကြားနေပြီဖြစ်သည်။ နေပြည်တော်တွင် အားကစားတက္ကသိုလ်ကြီး တည်ဆောက်ရေးအတွက် (၅.၁၂.၂၀၁၄)ရက်နေ့မှစ၍

စီမံကိန်းရေးဆွဲ ဆောင်ရွက်ခဲ့ရာ ၆၂% တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။ နောင်တွင် အားကစားတက္ကသိုလ်မှ B.Sc (Sports) အဖြစ် "ဘွဲ့အသစ်" တစ်ခုထပ်မံ ပေါ်ပေါက်လာမည် ဖြစ်သည်။ အားကစားတက္ကသိုလ်ကြီး ပေါ်ပေါက် လာခြင်းဖြင့် အဆင့်မြင့်ပညာ သင်ကြားထားသော အားကစားသမား၏ စွမ်းဆောင်ရည်မှာ သာမန်အားကစားသမားထက် သာလွန်စေမည်ဖြစ်ရာ ယင်းအချက်သည် အားကစားလောက၏ ဖွံ့ဖြိုးတိုးတက်မှုကို ပိုမို အထောက်အကူပြုနိုင်မည်မှာ အသေအချာပင် ဖြစ်သည်။

မြန်မာ့အားကစား အဆင့်အတန်း ရေရှည်မြင့်မားတိုးတက်စေရေးအတွက် အခြေခံ အကျဆုံး ပြိုင်ပွဲများဖြစ်သည့် ရပ်ကွက်၊ ကျေးရွာပေါင်းစုံ၊ ခရိုင်ပေါင်းစုံ အားကစားပြိုင်ပွဲများ၊ ဒေသတွင်း ဖိတ်ခေါ်အားကစားပြိုင်ပွဲများ၊ အခြေခံပညာကျောင်းပေါင်းစုံ၊ တက္ကသိုလ်ပေါင်းစုံ၊ ကလပ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဦးဆောင်မှု၊ အားကစားနှင့် ကာယပညာကော်မတီများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနရှိ ဝန်ထမ်းများ၊ အားကစားဝါသနာရှင်များ၊ အလှူရှင်များ၏ စည်းရုံးဆောင်ရွက်မှုများဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားကစားပြိုင်ပွဲများကို လူထုလှုပ်ရှားမှု အသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးဆောင်ရွက်ကြရန်မှာ မဖြစ်မနေ လိုအပ်ပေသည်။ ယခင်က ပြည်နယ်/တိုင်း အားကစား ပြိုင်ပွဲများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များတွင် ပြုလုပ်ကျင်းပခဲ့သော်လည်း ၂၀၁၄ခုနှစ် မှစ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲကို ကျင်းပ ပြုလုပ်ပေးခြင်း၊ ၂၀၁၄ခုနှစ်မှစ၍ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး) အားကစားနှင့်ပညာရေးပေါင်းစပ် သင်တန်း ကျောင်းမှ သင်တန်းသား/ သင်တန်းသူများကို အားကစားနည်း (၂၄)မျိုးဖြင့် သိပ္ပံကျောင်း အချင်းချင်းအား ပြိုင်ပွဲများ ပြုလုပ်ပေးခဲ့ပြီး ၂၀၁၅ခုနှစ် ဇန်နဝါရီလ (၇)ရက်နေ့မှ (၁၁)ရက်နေ့အထိ အားကစားနည်း (၂၅)မျိုးဖြင့် ဒုတိယအကြိမ် ကျင်းပပြုလုပ် ပေးခဲ့သည်မှာ အားကစား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလွန်ထိရောက်သော စီမံဆောင်ရွက်မှုပင် ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခဲ့ခြင်းအားဖြင့် အားကစားကို လူထုအားကစား လှုပ်ရှားမှု (Mass Sports)မှ (Excellent Sports) အဆင့်ထိ ရောက်ရှိအောင် ကြိုးပမ်းနေသည့် လက်တွေ့ကျသော သာဓကတစ်ရပ်ပင်ဖြစ်သည်။

နိုင်ငံတကာအားကစားပြိုင်ပွဲများသို့ နိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်မည့် ထူးချွန်ထက်မြက်သော နိုင်ငံ့လက်ရွေးစင် အားကစားသမားများပေါ်ထွက်လာစေရေး၊ မြန်မာ့ အားကစားတိုးတက်မြင့်မားရေး ရေရှည်တည်တံ့ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့နှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များမှာ အားကစားနည်းပြ သင်တန်းများ၊ ဒိုင်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနိုင်ရေး၊ ဦးစီးအရာရှိနှင့် နည်းစနစ်မှူး များ ဦးစားပေးခန့်ထားရေး၊ အားကစားဝတ်စုံများနှင့် အားကစား အထောက်အကူပြု ပစ္စည်းများအား ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိနိုင်ရေးအပြင်

ထောက်ပံ့ပေးရေး၊ ဒေသအလိုက် အားကစားပြိုင်ပွဲများ၊ အခြေခံပညာနှင့် တက္ကသိုလ်/ကောလိပ်အားကစားပြိုင်ပွဲများ၊ ပြည်နယ်/ တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် ဝန်ကြီးဌာန အားကစားပြိုင်ပွဲ ကျင်းပပြုလုပ်ပေးခြင်း၊ အမျိုးသားအားကစားပွဲတော်ကို (၂)နှစ် တစ်ကြိမ် ကျင်းပပြုလုပ်ရေး၊ အား/ကာသိုလ်များအပြင် အားကစားတက္ကသိုလ်များ ဖွင့်လှစ်၍ အားကစား နည်းပြများ၊ အားကစားစီမံခန့်ခွဲသူများ၊ အားကစားခေါင်းဆောင်ကောင်းများ မွေးထုတ်ပေးရေး၊ ပြိုင်ပွဲများမှ ရွေးချယ်ရရှိသော မျိုးဆက်သစ် အားကစားသမားများကို နိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်၍ အောင်မြင်မှုများရရှိရေး၊ အားကစားဆေးသုတေသန အပါအဝင် အားကစားသုတေသန လုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို စနစ်တကျ စီမံချက်များရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရပေသည်။

အားကစားအဆင့်အတန်း မြင့်မားစေရန် ဆောင်ရွက်ရာတွင် အပေါ်ယံ ဟန်ပြလုပ်ဆောင်၍ မရသည်ကို အားလုံးနားလည်ထားကြပြီး ဖြစ်သည်။ မြန်မာနိုင်ငံတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပနိုင်ခဲ့ပြီး နိုင်ငံအလိုက် ဒုတိယအဆင့်တွင် ရပ်တည်နိုင်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ရပ်တည်မှုအနေအထား လျော့နည်းမသွားအောင် စွမ်းဆောင်နိုင်ရေးသည် ပထမဦးစားပေး ကြိုးပမ်းရမည်ဖြစ်သည်။ အားကစားလေ့ကျင့်မှုများကို တိုးတက်ခေတ်မီ အဆင့်မြင့်စေရုံမျှမက စဉ်ဆက်မပြတ် လေ့ကျင့်နိုင်ခြင်း၊ ပြိုင်ပွဲအတွေ့အကြုံများ ပြည့်စုံစေခြင်း၊ လူငယ်အားကစားမျိုးဆက်သစ်များ ဖော်ထုတ် ပျိုးထောင်ပေးနိုင်ခြင်းသည် တစ်ဆက်တည်း အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် Process များဖြစ်သည်။ "အားကစား" ဟူသော အဓိပ္ပါယ် ဖွင့်ဆိုခဲ့ကြသော်လည်း အားမှ ကစားနေရုံဖြင့် ပြည့်စုံပြီးမြောက်မည် မဟုတ်ပေ၊ ကျယ်ပြန့်သော အခြေခံဖြင့် နိုင်ငံ အနှံ့ဖြန့်ကျက်ကာ စဉ်ဆက်မပြတ် လှုပ်ရှားနိုင်မှသာ မြန်မာ့ အားကစားသည် နိုင်ငံတကာအဆင့်သို့ တက်လှမ်းနိုင်မည်ဖြစ်သကဲ့သို့ အထက်တွင် ဖော်ပြထားခဲ့သော စီမံကိန်း နှင့်အစီအစဉ်များ ရေးဆွဲဆောင်ရွက်ခြင်းဖြင့်လဲ ပိုမိုထိရောက်သော ရည်မှန်းချက်များကို အောင်မြင်စေ နိုင်မည်ဖြစ်သည်။

အားကစားသည် ပြောင်းလဲလာသော အခြေအနေ၊ အရှိန်အဝါ၊ အနေအထားအရ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး၏ အောင်မြင်မှုအပေါ်တွင် ရပ်တည်၍ မြင့်မားလာသည်ဖြစ်ရာ ကျန်းမာရေးအတွက်နှင့် အားကစားသက်သက်တွင် ရပ်တန့်မနေပဲ နိုင်ငံနှင့်လူမျိုးဂုဏ်ကိုမြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်လာသည်နှင့်အညီ အားကစားပြိုင်ပွဲများကို အမျိုးသားအားကစားပြိုင်ပွဲအဖြစ် တစ်နိုင်ငံလုံးပါဝင်သည့် အားကစား ပြိုင်ပွဲကြီးမှ နိုင်ငံကိုယ်စားပြုယှဉ်ပြိုင်မည့် လက်ရွေးစင် အားကစားသမားများကို စိစစ် ရွေးချယ်ကြခြင်းမှာ မဖြစ်မနေဆောင်ရွက်ရမည့် အရေးပါသော အဓိကလုပ်ငန်း တစ်ရပ်လည်း ဖြစ်သည်။

နိုင်ငံသားတိုင်းသည် မိမိတို့နိုင်ငံ၏ အမျိုးသားအားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် အာရှအားကစားပြိုင်ပွဲများ၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများအား အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ရေးတို့အား ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်နေကြသည့်နည်းတူ နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အား ကစားသမားများကို စိစစ်ရွေးချယ်ရန် အမျိုးသားအားကစား ပွဲတော်များကို ၁၉၉၂ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၉၇ ခုနှစ်တွင် တတိယအကြိမ်မှ ၂၀၁၅ခုနှစ်တွင် စတုတ္ထအကြိမ် ပြန်လည်ကျင်းပပေးခဲ့ခြင်းသည်လည်း မြန်မာ့ အားကစား အောင်မြင်မှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပေသည်။

မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များအနေဖြင့် မိမိတို့အားကစားအဖွဲ့ချုပ်အလိုက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ရွေးချယ်ထားသော မျိုးဆက်သစ် အားကစားသမားများ၊ ပဏာမလက်ရွေးစင်များနှင့် မြန်မာ့လက်ရွေးစင်များအား ရေးဆွဲထားသည့် Training Program များအတိုင်း “နည်းစနစ်မှန်မှန်၊ ပြင်းပြင်းထန်ထန် လေ့ကျင့်ခြင်းမှသည် အောင်ပွဲဆီသို့” ဟူသော ဆောင်ပုဒ်နှင့်အညီ စစ်ဆေးကြပ်မတ်၍ စနစ်တကျ လေ့ကျင့်ပေးခြင်း၊ အားကစားသမားများ၏ ကျန်းမာရေး၊ နေထိုင်သွားလာစားသောက်ရေး၊ အားကစားသမားများ စံချိန် စံညွှန်းကောင်းမွန် တိုးတက်ရေး၊ Joint Training များ စေလွှတ်ပေးရေး၊ နိုင်ငံတကာအားကစားအဖွဲ့ချုပ်များနှင့် ဆက်သွယ်၍ ပြည်ပအားကစားပြိုင်ပွဲများ၊ ပြည်တွင်းဖိတ်ခေါ်ပြိုင်ပွဲများကျင်းပရေး၊ ပြည်ပမှ နည်းပြများ ငှားရမ်းလေ့ကျင့်စေခြင်းတို့ကိုလည်း တာဝန်ရှိသူ အဆင့်ဆင့်မှ စီမံဆောင်ရွက် ပေးရမည်ဖြစ်သည်။

အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသော တာဝန်ကြီး (၄)ရပ်ဖြစ်သည့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အဆင့်မြင့်မားစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် အရှေ့တောင်အာရှမှ အာရှ အာရှအဆင့်မှ ကမ္ဘာအဆင့်အထိ တက်လှမ်းနိုင်အောင် ကြိုးပမ်းရေးဆိုသည့် ရည်မှန်းချက်အား အစွမ်းကုန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားကာ အောင်မြင်မှုကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ရေး၊ မျိုးဆက်သစ် အားကစားထူးချွန်သူများ ကျောင်းတွင်း၊ ကျောင်းပြင် အားကစားသင်တန်းများမှ ပေါ်ထွက်လာရေး၊ လူငယ်လူရွယ်များ မူးယစ်အန္တရာယ်မှ ကင်းဝေးပြီး ကိုယ်လက်လှုပ်ရှား အားကစားကို ပိုမို ဆောင်ရွက်စေရေးဟူသည့် လုပ်ငန်း တာဝန်များမှာ များပြားကျယ်ပြန့် လှသည့်အတွက် အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ ဝန်ကြီးဌာန အသီးသီး အနေဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အားပေးပူးပေါင်း ကူညီမှုဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များနှင့် အားကစားဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်နှင့် စေတနာရှင်၊

ဝါသနာ ရှင်များ အပါအဝင် ပြည်သူလူထု တစ်ရပ်လုံး ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက် ရမည့် အမျိုးသားရေး လုပ်ငန်းစဉ်ကြီး ဖြစ်ပါသည်။

အဆိုပါ အမျိုးသားရေးလုပ်ငန်းစဉ်ကြီး အောင်မြင်နိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိရာတွင် လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ၌ တွန်းအားပေးကြီးကြပ် ဆောင်ရွက်ရန်မှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးဆိုသည့် အမျိုးသားရေး ရည်ညွှန်းချက် အား ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် အခြေခံကျသည့် ဒီဇင်ဘာ လူထု အားကစားလှုပ်ရှားမှုများအား တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပါဝင်လှုပ်ရှားလာစေရန်၊ နွေရာသီအခြေခံနှင့် အဆင့်မြင့်သင်တန်းများအား ပြည်နယ်/ တိုင်းဒေသကြီး အသီးသီးရှိ အခြေခံပညာကျောင်းတိုင်းတွင် တစ်နှစ်ထက်တစ်နှစ် အင်အားပြည့်ဖွင့်လှစ် သင်ကြားနိုင်ရေး အသိပညာပေး စည်းရုံးဆောင်ရွက်ရန်၊ အားကစား သမားများ အဟာရပြည့်ဝစွာ စားသောက် နိုင်ရေးနှင့် ကယ်လိုရီ ပြည့်ဝစွာ ပါဝင်စေရေး၊ တားမြစ်ဆေးဝါးများ မသုံးစွဲစေရေး၊ အားကစား သမားများ စိုးရိမ်စိတ် လျော့ချနိုင်ရေးအတွက် အားကစားစိတ်ပညာနှင့် အားကစားဆေး ပညာဆိုင်ရာ ပညာပေး ဆွေးနွေး ဟောပြောပွဲများ ပြုလုပ်ပေးရေး၊ အားဆေးများ ပုံမှန်တိုက် ကျွေးရေး၊ အားကစားသမားများ ကျန်းမာကြံ့ခိုင် လာစေရေးအတွက် Gym နှင့် Fitness ပစ္စည်း များ ပြည့်စုံလုံလောက်စွာဖြင့် လေ့ကျင့်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးရေး၊ မြန်မာ့လက်ရွေးစင် အားကစားသမားများ၊ လူငယ် လက်ရွေးစင် အားကစားသမားများနှင့် အားကစားသိပ္ပံများတွင် တက်ရောက်လေ့ကျင့် သင်ကြား လျှက်ရှိသည့် အားကစားနည်းအလိုက် အားကစားသမားများ၏ စံချိန်စံညွှန်းများ တိုးတက် စေရေးအတွက် သုတေသနများ ထိရောက်စွာ လုပ်ဆောင်နိုင်ရေး ဆောင်ရွက်ရန်၊ အားကစားလှုပ်ရှားဆောင်ရွက်ခြင်းသည် အနာဂတ် မျိုးဆက်သစ် လူငယ် မောင်မယ်များ၏ ကောင်းမွန် သော ဘဝဦးတည်ချက်၊ ကြိုးပမ်းအား ထုတ်လိုသည့် အသိတရား၊ တာဝန်သိမှု၊ တာဝန်ယူမှု၊ လူသားချင်းချစ်ခင်ရင်းနှီးတတ်သော စိတ်ဓါတ်များ ပေါ်ထွန်း လာစေရေးအတွက်လည်းကောင်း၊ အားကစားဖြင့် နိုင်ငံ၏ ပုံရိပ်အားမြှင့်တင် ဂုဏ်ဆောင် နိုင်ရေးအတွက် လည်းကောင်း၊ နိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးပြုလျက်ရှိသည်ကို အများပြည်သူများ သိရှိပူးပေါင်း ဆောင်ရွက်လာစေရေးအတွက် အသိပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ လုပ်ငန်းများ ပိုမိုလုပ်ဆောင်စေရေး၊ လုပ်ငန်းကိစ္စရပ်များအား ကြီးကြပ်ဆောင်ရွက် သွားနိုင်မည်ဆိုပါက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရေး မြန်မာ့အားကစား အဆင့်အတန်း ရေရှည်တိုးတက်မြင့်မားရေးဟူသည့် လုပ်ငန်းတာဝန်များကို ပြီးပြည့်စုံစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင် မည်ဖြစ်သည်။

အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး လုပ်ငန်းစဉ်များသည် ရေရှည် စီမံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ဖြစ်ပါသည်။ အားကစား

အောင်မြင်မှုရရှိရေးအတွက် ရေတိုစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်လျှက်ရှိသကဲ့သို့ မြန်မာ့အားကစား ရေရှည် တည်တံ့အောင် ထိန်းသိမ်းနိုင်ရေးအတွက်လည်း ခိုင်မာသည့် စီမံချက်များရေးဆွဲ ဆောင်ရွက်ရန် လိုအပ်သည့်အတွက် အားကစားဝန်ကြီးဌာနအနေဖြင့် တစ်မျိုးသားလုံး ကိုယ်လက်ကြံ့ခိုင်ရေးနှင့် ကျန်းမာရေးအထောက်အကူပြုစေမည့် အမျိုးသားအဆင့် အားကစားစီမံကိန်း တစ်ရပ်ဖြစ်သော Myanmar Sport Master Plan အား ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျှက် ရှိပါသည်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် မြန်မာအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အားကစားဝန်ကြီးဌာနသည် နိုင်ငံတော်မှ ချမှတ်ပေးထားသော တာဝန်ကြီး (၄)ရပ်ကို ထမ်းဆောင်ရင်း ဖော်ပြပါလုပ်ငန်းစဉ်များအား နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု နှင့်အတူ ပြည်သူ လူထုတစ်ရပ်လုံးက အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းပူးပေါင်းလက်တွဲ ဆောင်ရွက်ကြမည်ဆိုလျှင် ကျွန်ုပ်တို့ မျှော်လင့်ထားသည့် မြန်မာ့အားကစားအဆင့်အတန်းသည် မြင့်မားလာစေနိုင်မည့်အပြင် အားကစားဖြင့် နိုင်ငံ၏ဂုဏ်သိက္ခာကို ပိုမိုမြှင့်တင်နိုင်ရေး ကြိုးပမ်းမှုမှာ မလွဲမသွေ အောင်မြင် လိမ့်မည်ဟု ယုံကြည်မိပါသည်။

စုစုစံ

ဤဆောင်းပါးသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် နှစ်သိမ့်ဆု - ၂ ရရှိသည့် ဆောင်းပါးရှင် စုစုစံ၏ ဆောင်းပါး ဖြစ်ပါသည်။

"ကျန်းမာခြင်းသည်လာဘ်တစ်ပါး လူထုလှုပ်ရှားအားကစား"

လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်းနှင့် အားကစားနည်းအမျိုးမျိုးသည် ကျန်းမာရေးကို တိုက်ရိုက် အထောက်အကူပြုပါသည်။ မြန်မာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြသည်။ ကျေးရွာသဘာဝ ညနေခင်း များတွင် ခြင်းလုံးခတ်ခြင်း၊ ဘောလုံးကန်ခြင်း၊ ညအခါ လသာသာတွင် ထုပ်ဆီးထိုးခြင်း၊ ဖန်ခုန်ခြင်း၊ ကြက်ဖ ခွပ်ခြင်း၊ ရွှေစွန်ညိုကစားခြင်း၊ နေ့အခါ လယ်ယာကိုင်းကျွန်း လုပ်ငန်းခွင်တွင် တက်ကြွစွာလုပ်ကိုင်ခြင်းများဖြင့် ကိုယ်လက် လှုပ်ရှားကာ ကျန်းမာ သန်စွမ်း နေကြပါသည်။ ကျေးရွာအုပ်စု ဘောလုံးပြိုင်ပွဲများ၊ မြို့နယ်၊ ခရိုင်၊ တိုင်း ဘောလုံးပြိုင်ပွဲများမှသည် မြန်မာ့လက်ရွေးစင် ဘောလုံးသမားများ ဖြစ်လာကာ တိုင်းပြည်ဂုဏ်ဆောင်ခဲ့ကြသူများလည်း ရှိပါသည်။ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟု ဆိုလျှင် ထိုလာဘ်သည် ကိုယ်လက်လှုပ်ရှားအားကစားတွင် အရင်းတည်နေပေသည်။ ထိုအရင်းကို ရယူပေးနိုင်သောအရာမှာ တောရောမြို့ပါမကျန် လူကြီးလူငယ်မရွေး လုပ်နိုင်သော လမ်းလျှောက်ခြင်းပင်ဖြစ်သည်။

လမ်းလျှောက်ခြင်းသည် ကိုယ်လက်လှုပ်ရှားခြင်း အမျိုးမျိုးတွင် အလွယ်ကူဆုံး နှင့် အမွန်မြတ်ဆုံးလေ့ကျင့်ခန်းဖြစ်သည်။ လူတစ်ယောက်သည် မည်သို့သော ကိုယ်လက်လှုပ်ရှားမှုမျိုး ပြုလုပ်သည်ဖြစ်စေ၊ လမ်းလျှောက်ခြင်းကို ခြွင်းချက် ထား၍မရ၊ ထည့်သွင်းလေ့ကျင့်ရမည်ဖြစ်သည်။ ဘောလုံး၊ ဘော်လီဘော၊ ရေကူး၊ ခြင်းလုံးခတ်၊ ကြက်တောင်ရိုက်၊ အလေးမ စသည့် ပြိုင်ပွဲအမျိုးမျိုးတွင် မည်သို့သောပြိုင်ပွဲဝင် လေ့ကျင့်မှုမျိုး ဆောင်ရွက်နေသည်ဖြစ်စေ လမ်းလျှောက်ခြင်းကို ပေယျာလကံထား၍ မရပေ။ လူတစ်ဦးအတွက် အစွမ်းကုန်ရရှိနိုင်သောအင်အားနှင့် ကျန်းမာမှုကို လမ်းလျှောက်ခြင်းမှ ရရှိနိုင်ပါသည်။

လမ်းလျှောက်ခြင်းတွင် လှို့ဝှက်အပ်သောနည်းဟူ၍မရှိ။ အနှေးလျှောက်၊ အမြန်လျှောက်၊ မာန်ပါပါအပြင်း လျှောက်ဟူ၍ လျှောက်နည်းအမျိုးမျိုးကိုလိုက်၍ အကျိုးအာနိသင်ကွဲပြားနိုင်သော်လည်း ကိုယ်လက်ကျန်းမာ စိတ်ချမ်းသာ ရခြင်းမှာမူ အတူတူပင်ဖြစ်သည်။ မလှုပ်ချင်၊ မလှမ်းချင် ပျင်းရိလေးတွဲ့စွာလျှောက်နေခြင်းထက် ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက် လျှောက်မည်ဆိုလျှင် အကျိုးထူးတစ်ခု ခံစားရမည်ပင်ဖြစ်သည်။

လမ်းလျှောက်ခြင်း၏ ပထမဦးဆုံးအကျိုးထူးမှာ စိတ်ပျော်ရွှင်ချမ်းမြေ့မှု ရရှိခြင်းပင်ဖြစ်သည်။ လမ်းလျှောက် နေစဉ် အခြားမတွေးဘဲ "ငါလမ်းလျှောက်နေတယ်၊ ငါလမ်းလျှောက်နိုင်တယ်၊ ငါ့ခန္ဓာကိုယ်ကို ကျန်းမာကြံ့ခိုင်အောင် ငါကိုယ်တိုင် စွမ်းဆောင် နေတယ်" ဟု တွေး၍ လမ်းလျှောက်ခြင်းအပေါ်စိတ်နှစ်၍ လျှောက်ရပါမည်။ ကနဦးတွင် စိတ်ပျံ့လွင့်မှု ကိုထိန်းချုပ်၍ ဝိရိယစိုက်ထုတ်မှုပြုလိုက်နိုင်လျှင် နောက်ပိုင်း၌ လမ်းလျှောက်ရခြင်းကို နှစ်ခြိုက်လာသည်၊ ပျော်ရွှင်လာသည်။ အဓိပ္ပါယ်ရှိသော အလုပ်တစ်ခုဟု သိမြင်လာလေလေ ပျော်ရွှင်မှုကိုရလာလေလေဖြစ်သည်။ လမ်းလျှောက် ရသည်ကို ပျော်ရွှင်စရာဟု စိတ်မှာထင်မြင်လာလေလေ လမ်းလျှောက်ရခြင်းကို ပိုမိုနှစ်ခြိုက်လာလေလေဖြစ်ပြီး ဘဝရှင်သန်မှုအဓိပ္ပါယ် လေးနက်လာလေလေဖြစ်သည်။

လမ်းလျှောက်ခြင်း၏ ဒုတိယအကျိုးကျေးဇူးမှာ တော်ရုံတန်ရုံရောဂါဘယများ ပျောက်ကင်းချမ်းသာ ကျန်းမာ သက်ရှည်စွာ နေခွင့်ရခြင်းဖြစ်သည်။ လမ်းလျှောက်သဖြင့် ရောဂါပျောက်သည်ဆိုခြင်းမှာ ဟုတ်ပမလားဟု သံသယရှိသူတို့အတွက် ဖြစ်ရပ်မှန် မှတ်တမ်းတစ်ခု သာဓကတင်ပြလိုပါသည်။

ထိုအဖြစ်အပျက်သည် မြန်မာပြည်လွတ်လပ်ရေးရပြီး ၁၀ နှစ်အကြာ သတင်းစာဆရာကြီး မိုးကြိုးဦးအုန်းခင် က မြန်မာ့အလင်းနှစ်သစ်မင်္ဂလာသတင်းစာတွင် မှတ်တမ်းတင်ထားခဲ့သော အဖြစ်အပျက်ဖြစ်သည်။ ၂၄ နှစ်တိုင် လမ်းလျှောက်ခဲ့သူ ရုံးစာရေးကြီးဦးဘဖေအကြောင်းဖြစ်သည်။ ဦးဘဖေကို ၁၈၇၄ ခုနှစ်မှာမွေးသည်။ သူသည် ငယ်စဉ်က တေတေပေပေနေခဲ့သည်။ ကြီးလာသောအခါ စာရေးကြီးဘဝဖြင့် အညောင်းထိုင်၊ အပူမိ မျက်စိဝေဒနာစွဲကပ်ခံရသည်။ ပင်စင်မယူမီ အသက် ၃၃ နှစ်အရွယ်မှာပင် မျက်စိဝေဒနာကို ၄ နှစ်တိုင်တိုင် အပြင်းအထန်ခံစားရသည်။ ဆေးရုံ၊ ဆေးခန်း၊ တိုင်းရင်းဆေးမြီးတိုအမျိုးမျိုးဖြင့် ကုသလိုက်၊ သက်သာလိုက်၊ ပြန်ဖြစ်လိုက်ဖြင့် ရှင်းရှင်းမပျောက်နိုင်ဘဲ ဒုက္ခ ဝေဒနာကို ကြိတ်မှိတ်ခံစားရသည်။ ဦးဘဖေ အသက် ၃၇ နှစ်အရွယ်တွင် မျက်စိဝေဒနာခံစားနေရသည့်ကြားမှ စာအုပ် တစ်အုပ်ကိုဖတ်မိသွားသည်။ စာအုပ်၏ဆိုလိုရင်းအနှစ်ချုပ်မှ "ကျန်းမာရေးအတွက် ဆေးကိုအားကိုးနေခြင်းထက် ကိုယ် လက်လှုပ်ရှားလေ့ကျင့်ခန်းများလုပ်ခြင်းက ပို၍အကျိုးရှိသည်" ဟူသောအချက်ဖြစ်သည်။ ထိုအချက်ကို ဦးဘဖေသဘောကျ သွားကာ 'ငါလည်းတစ်ခုခုလုပ်မယ်' ဟု စိတ်ပိုင်းဖြတ်ပြီး လမ်းလျှောက်ခြင်းအမှုကို နေ့စဉ်ပြုလုပ်တော့သည်။ လမ်းလျှောက် ခါစပထမရက်များတွင် အလွန်မောသည်။ တစ်မိုင်ပင်ပြည့်အောင်မလျှောက်နိုင်၊ သစ်ပင်ရိပ်အောက်တွင် မကြာခဏ ထိုင်၍အမောဖြေရသည်။ နောက်ပိုင်းတွင် ကျင့်သားရသွားပြီး ၁ မိုင်မက လျှောက်နိုင်လာသည်။ တစ်ဖြည်းဖြည်းအချိန်တိုး၍

လျှောက်သည်။ ခရီးပို့ရှည်အောင်လျှောက်သည်။ ချွေးလေးတစိုစိုဖြင့် နေလို့ထိုင်လို့ စားလို့သောက်လို့ ကောင်းလာသည်။ မျက်စိဒေဝနာမှာ မနာတော့ဘဲ 'နင်နေငါသွား ပျောက်တော့တာပဲ'ဟု ဝမ်းသာအားရပြောသည်။ ထို့နောက် လမ်းလျှောက် ခြင်းအကျိုးကို ပိုမိုယုံကြည်လာပြီး နေ့စဉ် မနက်စောစော (၄) နာရီထ၍ လျှောက်နိုင်သမျှပျောက်သည်။ (နေထိုင်ရာ ဗဟန်းရွှေဂုံတိုင်မှ အင်းလျားကန် (လမ်းနီလေး) ထိ ရောက်သည့် အခါလည်းရှိ၏) နေပူပူ၊ မိုးရွာရွာ၊ ဆောင်းချမ်းချမ်း နေ့စဉ်မပျက် လမ်းလျှောက်ထွက်ခဲ့ရာ အသက် ၉၀ တိုင်သည်အထိပင်ဖြစ်သည်။ ထိုအရွယ်ထိ အမြဲတမ်း ဖျတ်လတ်သွက် လက်နေသော ဦးဘဖေကို မြန်မာပြည်၏ ထိပ်တန်းသတင်းစာဆရာကြီး မိုးကြိုးဦးအုန်းခင် ကပင် သွားရောက်အင်တာဗျူး၊ မှတ်တမ်းတင်ရသည့်အထိဖြစ်သည်။ ဦးဘဖေပြောစကား မှာ မှတ်သားစရာကောင်း၏။ "မြန်မာခြေလျင်အဖွဲ့ဆိုတာ ရှိတယ်၊ ဒီအဖွဲ့ကို မြန်မာတွေသဘောပေါက်လာအောင် လုပ်နိုင်ရင်၊ စုပေါင်းလေ့ကျင့်နိုင်ရင် ဆေးရုံကြီးတွေ ဘာတွေ တိုးချဲ့ဆောက် လုပ်စရာတောင်မလိုဘူး" ဟူ၏။

မြန်မာနိုင်ငံတွင် သတင်းစာဆရာကြီး မိုးကြိုးဦးအုန်းခင်နှင့် နာမည်တူစွာ နာမည်ကြီးသူတစ်ဦးရှိသေးသည်။ ၎င်းမှာ ခြေလျင်ဦးအုန်းခင်ဖြစ်သည်။ ၁၉၃၁ ခုနှစ်တွင် ဦးအုန်းခင်သည် နှလုံးရောဂါရှိလာပြီး ကာယဗလဦးရှိန်၏ လမ်းညွှန်မှုဖြင့် လမ်းမှန်မှန်လျှောက်ရာမှ ရောဂါပျောက်ကင်းခဲ့သည်။ ထို့နောက် လမ်းလျှောက်ခြင်း အကျိုးကျေးဇူးများကို လူများသတိထားမိလာစေရန် စာနယ်ဇင်းများတွင် ဆောင်းပါးများ တွင် ရေးသားခဲ့ရာမှ ခြေလျင်ဦးအုန်းခင်ဟု ထင်ရှားလာသူဖြစ်ပါသည်။

မျက်မှောက်ကာလ မြို့ကြီးပြကြီးများတွင် နေထိုင်သူတို့မှာ စားဝတ်နေရေး အတွက် ရုန်းကန်နေရသဖြင့် လမ်းလျှောက်ခြင်းကိစ္စကို အချိန်မပေးနိုင်ကြပေ။ မိုးလင်းမိုးချုပ် အိမ်နှင့်လုပ်ငန်းခွင်တွင်သာ ကျင်လည်ရင်း စိတ်ဖိစီးမှု၊ ညောင်းညာ ကိုက်ခဲမှု၊ ရောဂါဘယဖြစ်မှုများဖြင့် ရုန်းကန်လှုပ်ရှားနေကြရသည်။ သံပတ်ပေးထားသော စက်ရုပ်ပမာ သွားလာလုပ်ကိုင်နေကြရသည်။ ထိုသူများအတွက် အကြံပေးချက်များ ရှိပါသည်။ ၉ နာရီ လုပ်ငန်းခွင်ရောက်ရမည်ဆိုပါက ၅ နာရီထ၍ ၇ နာရီထိ လမ်းလျှောက်ထွက်နိုင်ပါသည်။ သို့မဟုတ် လုပ်ငန်းခွင်သည် မိမိအိမ်နှင့် ၅ မိုင်ပတ်ဝန်းကျင်ရှိပါက လမ်းလျှောက်သွားနိုင်ပါသည်။ သို့မဟုတ် ဘတ်စ်ကား၊ ကိုယ်ပိုင်ကားစီးသူဖြစ်ပါက လုပ်ငန်းခွင်မရောက်မီ ၁ မိုင်၊ နှစ်မိုင် အလိုလောက်တွင် ဆင်း၍ (ဘတ်စ်ကား နှစ်မှတ်တိုင် ကြိုဆင်း၍) လမ်းလျှောက်သွားနိုင်ပါသည်။ အလုပ်သွား၊ အလုပ်ပြန် ဤသို့လမ်းလျှောက်ပေးလျှင် ပေါ့ပါးလန်းဆန်းလာပြီး ကျန်းမာသန်စွမ်းသူ ဖြစ်လာနိုင်ပေသည်။ ရွှင်လန်းသောမျက်နှာ၊ တက်ကြွသော

အမူအရာဖြင့် လုပ်ငန်းခွင်တွင် သွက်လက်ဖျတ်လတ်စွာ လုပ်ကိုင်တတ်သူ ဖြစ်လာနိုင်ပါသည်။

လမ်းလျှောက်ခြင်းကို စတင်ပြုလုပ်သည့်အခါ၌ ဖိနပ်ပေါက်မည်။ ခြေထောက်နာမည်။ ကိုယ်လက်ကိုက်ခဲ သည်။ မောပန်းနေပေလိမ့်မည်။ ကျင့်သားမရသေးမီ ဒုက္ခခံရသည်မှာ သဘာဝပင်ဖြစ်သည်။ ရက်ကြာကြာနှင့် အချိန်ကြာ ကြာလမ်းလျှောက်လာလျှင် ကျင့်သားရလာပြီး ခြေထောက်သည် မိမိခန္ဓာကိုယ်ကို ဝါဂွမ်းတစ်စသယ်သွားရသည့်ပမာ လေကဲ့သို့ ပေါ့ပါးလျှင်မြန်လာပါသည်။ လမ်းလျှောက် လှုပ်ရှားမှုနှင့်အတူ ခန္ဓာကိုယ်အတွင်းမှ အဂ်ီအစိတ်အပိုင်းအသီးသီး မှာလည်း တဖြည်းဖြည်းလှုပ်ရှားနေကြပြီး အညစ်အကြေးများကို ချွေးအဖြစ်စွန့်ထုတ်ပစ်ကြပါသည်။ အသွေးအသားထဲတွင် ပိတ်ဆို့နေတတ်သည့် ခန္ဓာကိုယ်ကိုအဆိပ်အတောက်ဖြစ်စေသော၊ အန္တရာယ်ပြုတတ်သော အဆိပ်ဓာတ်များအား သွေးလေ လှည့်ပတ်မှုမှန်ကန်စွာဖြင့် ဆေးကြောသုတ်သင်ပစ်ပါသည်။ ထို့ကြောင့် အင်အားပြည့်ဖြိုး စွမ်းရည်တိုးလျက် ကာယစိတ္တ သုခနှစ်ဖြာ ကောင်းကျိုးချမ်းသာကို ခံစားကြရခြင်းဖြစ်ပါသည်။

မြတ်စွာဘုရား၏ တစ်နေ့တာ 'ဗုဒ္ဓကိစ္စငါးပါး' တွင် မိုးသောက်ယံ၌ စင်္ကြန်ကြွတော်မူခြင်း ပါဝင်ပါသည်။ ယင်းသို့ စင်္ကြန်ကြွလမ်းလျှောက်ခြင်းဖြင့် ခရီးရှည်သွားနိုင်ခြင်း၊ ကြိုးစားအားထုတ်နိုင်ခြင်း၊ အနာရောဂါကင်းခြင်း၊ အစာ ကြေညက်ခြင်း၊ တည်ကြည်မှုသမာဓိ ကြာမြင့်စွာတည်တံ့နိုင်ခြင်းတည်းဟူသော အကျိုးငါးပါးကို ရရှိနိုင်ကြောင်း မြတ်စွာ ဘုရားက ညွှန်ပြတော်မူခဲ့ပါသည်။

သင် လမ်းလျှောက်လေလေ

သင် ပိုပြီးလမ်းလျှောက်နိုင်လေလေဖြစ်သည်။

သင် လမ်းလျှောက်နိုင်လေလေ

သင် ကျန်းမာသန့်ရှင်း ရောဂါကင်းပြီး အသက်ရှည်လေလေဖြစ်ပါသည်။

ငွေကျပ်သိန်းပေါင်းများစွာချမ်းသာသော သူဌေးကြီးသည်လည်းကောင်း၊ တစ်နေ့လုပ်မှ တစ်နေ့စားရသော ဆင်းရဲသားသည်လည်းကောင်း၊ တရားရှာဖွေနေသော သူတော်စင်သည်လည်းကောင်း မည်သူမဆို အကြင်သူသည် အသက် ရှင်၍နေရပါလျက် ကိုယ်စိတ်နှစ်ပါးကျန်းမာခြင်း၊ ကြည်လင်ရွှင်လန်းခြင်းကို မခံစားရလျှင် အသက်ရှင် ရကျိုးနပ်မည်မဟုတ်ပေ။ ကိုယ်စိတ်နှစ်ပါး ကျန်းမာခြင်းသုခကို ခံစားရရှိလိုလျှင် သူဌေးဖြစ်စေ၊ လူဆင်းရဲဖြစ်စေ လမ်းလျှောက်ခြင်းကို အရင်းပြုရပေမည်။ ငွေကြေး

အရင်းအနှီး ကုန်ကျစရာမလိုဘဲ အချိန်ပေး၍ ဝိရိယစိုက်ထုတ် ကြိုးစားလေ့ကျင့် လုပ်နိုင်လျှင် ကျန်းမာခြင်းလာဘ်အမြတ်အစွန်းကို သပိတ်ဝင်အိတ်ဝင်ရရှိမည်ပင်ဖြစ်ပါ၏။ လူတိုင်းလုပ်နိုင်သောအရာ၊ လူတိုင်းခံစား ရရှိနိုင်သောအရသာထူးကို လူတိုင်း လက်မလွှတ်သင့်ပေ။ ထို့ကြောင့် လူတိုင်းလမ်းလျှောက်သင့်ကြပေသည်။

ယခုအခါ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်တွင် လူထုအားကစားလှုပ်ရှားမှုပုံရိပ်အဖြစ် (City Mart Holding) ကုမ္ပဏီနှင့် အာဆီယံနိုင်ငံများ စားသောက်ကုန်နှင့်ဖျော်ရည်ပစ္စည်းများရောင်းချသော F & N ကုမ္ပဏီတို့ပူးပေါင်း၍ 3D လမ်းလျှောက်ပွဲတစ်ခုကို ရန်ကုန်မြို့၊ ပြည်သူ့ဥယျာဉ်တွင် ကျင်းပခဲ့သည်။ လမ်းလျှောက်ခြင်းကို လူထုပါဝင်လာအောင် ဆွဲဆောင်စည်းရုံး သည့်အနေဖြင့် သဘာဝတောတောင်ရေမြေ၊ ရေတံခွန်နှင့် ချောက်ကမ်းပါးအများ လမ်းလျှောက်ရင်း စိတ်လှုပ်ရှားဖွယ် ကြည့်မြင်ဖြတ်သန်းလျှောက်သွားရမည့် 3D ပန်းချီရှုခင်းပုံစံတုများဖြင့် ဖန်တီးပေးထားသည်။ လမ်းကြောင်းတစ်လျှောက်တွင် ပြခန်းများ၊ စားသောက်ဖွယ်ရာများ၊ စာအုပ်များ၊ ကျန်းမာရေးဆွေးနွေးမှုပြုလုပ်နိုင်မည့် နေရာများ စီစဉ်ခင်းကျင်းပေးထားလျက် ကျန်းမာရေးအသိနှင့် ကျန်းမာရေးသတိကိုပါ နှိုးဆော်ပေးထားပေသည်။

လမ်းလျှောက်ခြင်းသည် လူတစ်ဦးချင်းစီ၏ ကျန်းမာကြံ့ခိုင်ရေး အတွက် ဖြစ်ပါသည်။ တစ်ဦးချင်းစီမှသည် တစ်မိသားစုလုံး၊ တစ်ရပ်ကွက်လုံး၊ တစ်ရွာလုံး၊ တစ်မြို့နယ်လုံး၊ တစ်တိုင်းတစ်ပြည်လုံး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး ဆီသို့ ဦးတည်သွားကြရမည်ဖြစ်သည်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးသည် အမျိုးသားရေး ရည်မှန်းချက်ဖြစ် ပေသည်။ ထိုရည်မှန်းချက်သို့ရောက်ရှိအောင် 'အားကစားဝန်ကြီးဌာန' က ဦးဆောင်ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတော် အနာဂတ်နှင့် မျိုးဆက်သစ်လူငယ်များ အတွက် ကာယဗလ၊ ဉာဏဗလ၊ စိတ္တဗလ၊ ဘောဂဗလ၊ မိတ္တဗလတည်းဟူသော ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစား၊ ကျန်းမာရေး၊ ပညာရေးတို့ ချိတ်ဆက်၊ ဆက်စပ်လျက်ရှိရာ ယင်းတို့ကို ဟန်ချက်ညီအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

အားကစားနှင့် ပညာရေးကဏ္ဍတွင် အခြေခံပညာကျောင်းများ၌ ကာယ လေ့ကျင့်ခန်းအချိန် ထည့်သွင်း ပေးထားသည်။ တက္ကသိုလ်ကောလိပ်များ၌ အားကစား စင်တာ၊ အားကစားခန်းမ ထည့်သွင်းဖွင့်လှစ်ပေးထားပြီး တက္ကသိုလ် ဘောလုံးအသင်းများ ဖွဲ့စည်းကာ ယှဉ်ပြိုင်စေလျက်ရှိသည်။ အားကစားဝန်ကြီးဌာန လက်အောက်၌ 'အားကစားနှင့်ကာယပညာသိပ္ပံ' ကျောင်းများကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊

တောင်ကြီးတို့တွင် ဖွင့်လှစ်ပေးထားသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မုံရွာနှင့် လွိုင်ကော်တို့၌ ထပ်မံတိုးချဲ့ဖွင့်လှစ်မည်ဖြစ်သည်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အားကစား တက္ကသိုလ် ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။ B.Sc (Sport) သင်တန်းများကို ၂၀၁၃ ခုနှစ်မှစ၍ ရန်ကုန်နှင့် မန္တလေးမြို့ တို့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့မှ ပထမနှစ်၊ ဒုတိယနှစ် သင်တန်းသူ/သင်တန်းသား (၁၆၄) ဦး တက်ရောက်သင်ကြားလျက်ရှိသည်။ အားကစားဝါသနာပါသူ လူငယ်များသည် အားကစားနှင့်ပညာရေးကို တွဲဖက်သင်ယူနိုင်ကြပြီ။ ဤသင်တန်းကျောင်းများမှ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသော လူငယ်မျိုးဆက်သစ်များ၊ နိုင်ငံဂုဏ်ဆောင် အားကစားသမားများ၊ အားကစားနည်းပြများ ပေါ်ထွက်လာမည်ဖြစ်ပါသည်။

အားကစားလေ့ကျင့်မှုနှင့် ပြိုင်ပွဲကဏ္ဍတွင် သက်တမ်းအလိုက် အားကစား ပြိုင်ပွဲများ၊ နွေရာသီအားကစား ပြိုင်ပွဲများ၊ အားကစားအဖွဲ့ချုပ်များမှကျင်းပသော ပြိုင်ပွဲများ၊ တိုင်းဒေသကြီး/ပြည်နယ်အားကစားပြိုင်ပွဲများ၊ အားကစားနှင့် ကာယပညာ သိပ္ပံကျောင်းများမှ ပြိုင်ပွဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တပ်မတော်မှ အားကစားပြိုင်ပွဲများ၊ အိုလံပစ်အား ကစားပွဲတော်၊ ကျောင်းသားအားကစားပွဲတော်၊ အမျိုးသားအားကစား ပွဲတော်နှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများ ကျင်းပလျက် ရှိပါသည်။ ယင်းပြိုင်ပွဲများမှ ထူးချွန်ထက်မြက်သော၊ အလားအလာကောင်းသော အားကစားမောင်မယ်များကို နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) တွင် စနစ်တကျစုဖွဲ့ လေ့ကျင့်ပေးပါသည်။ TSDP (Township Development Program) အစီအစဉ်အရ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဦးစားပေးမြို့နယ် (၅) မြို့နယ်စီ၌ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ် စသည့်ပြိုင်ပွဲများ ကျင်းပပေးနေပါသည်။ ပြည်တွင်း၊ ပြည်ပ ဖိတ်ခေါ်ပြိုင်ပွဲများ၊ Test Match များလည်းကျင်းပပြီး မြန်မာ့အားကစားအဆင့်အတန်းကို နိုင်ငံတကာနှင့် ယှဉ်ပြိုင်လျက် ရှိပါသည်။

နိုင်ငံတော်အစိုးရမှ အားကစားပြိုင်ပွဲအမျိုးမျိုး ကျင်းပပေးနေသကဲ့သို့ ပုဂ္ဂလိကကုမ္ပဏီများ၊ လူမှုအဖွဲ့အစည်း များပူးပေါင်းကာ အားကစားပြိုင်ပွဲများ ကျင်းပပေးနေသည်လည်းရှိပါသည်။ ဥပမာအားဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဒိန်းမတ်နိုင်ငံအခြေစိုက် Albatros ကုမ္ပဏီနှင့် Myanmar Voyages International Tourism ကုမ္ပဏီတို့ပူးပေါင်းကာ ပုဂံရွှေဟောင်း ယဉ်ကျေးမှု နယ်မြေတွင် နိုင်ငံတကာဖိတ်ခေါ် အပျော်တမ်းမီနီမာရသွန်နှင့် မာရသွန်ပြိုင်ပွဲများကို ၂၀၁၃ ခုနှစ်မှစ၍ ပုဂံဒေသတွင် နှစ်စဉ်ကျင်းပပေးခဲ့ပါသည်။ ယခုနှစ် တတိယအကြိမ်မြောက် ပြိုင်ပွဲကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့စွဲ ကျင်းပခဲ့ပြီး

ဒိန်းမတ်၊ အမေရိကန်နှင့် မြန်မာအပါအဝင် နိုင်ငံပေါင်း ၂၉ နိုင်ငံမှ အားကစားသမား ၂၄၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။

အလားတူ ထင်ရှားသောပြိုင်ပွဲတစ်ခုမှာ "ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲ" သည် ယင်းပြိုင်ပွဲကို Yoma Strategie (YOMA), First Myanmar Investment (FMI) နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ (YCDC) တို့ပူးပေါင်း၍ နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။ သက်တမ်းအလိုက် ပြိုင်ပွဲအဆင့် အမျိုးမျိုးပါဝင်ပြီး အပျော်တမ်းအပြေးနှင့် လမ်းလျှောက်ပြိုင်ပွဲများလည်း ပါဝင်သည်။ ပြိုင်ပွဲဝင်သူများအား ကျန်းမာရေး၊ တစ်ကိုယ်ရေ ဘေးကင်းလုံခြုံရေးတို့နှင့်စပ်လျဉ်းပြီး အသိပညာပေးအစီအစဉ်များကိုလည်း ထည့်သွင်းပေးထားသည်။ ကျင်းပပြီးခဲ့သည့် ၂၀၁၅ ပြိုင်ပွဲတွင် မြန်မာနိုင်ငံသားနှင့် နိုင်ငံတကာပြိုင်ပွဲဝင်ဦးရေ ၄၀၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ပြီး လာမည့် ၂၀၁၆၊ ဇန်နဝါရီပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၅၀၀၀ ကျော် ပါဝင်ဆင်နွှဲကြမည်ဟု ခန့်မှန်းထားပါသည်။

ပြည်သူများ ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ရန်နှင့် အားကစားသမားများ အတွက် လေ့ကျင့်ရန်နေရာအဖြစ် တစ်နိုင်ငံလုံးတွင် အားကစားကွင်း ၃၈၉ ကွင်း၊ အားကစားခန်းမ ၂၈၈ ခု တည်ဆောက်ဖွင့်လှစ်ပေးထား ပါသည်။ နေပြည်တော် ဝဏ္ဏသိဒ္ဓိနှင့် ဇေယျာသီရိရှိ Sports Complex ၊ မန္တလေးမြို့ မန္တလာသီရိ အဆင့်မြင့်အားကစား ကွင်း၊ နေပြည်တော်အားကစားရွာနှင့် Sports Training Center (၁)၊ (၂)၊ Mount Pleasant စက်ဘီးကွင်း၊ ပြင်ဦးလွင် အားကစားလေ့ကျင့်ရေးစခန်း၊ ငွေဆောင်ရွက်လေ့အားကစားလေ့ကျင့်ရေးစခန်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း မသန်စွမ်းအားကစားလေ့ကျင့်ရေးစခန်းများ သည်လည်း မြန်မာ့အားကစား လောကအတွက် ဂုဏ်ယူအားတက်ဖွယ်နေရာများ ဖြစ်ကြပါသည်။ အနာဂတ်တွင် တစ်ပြည်လုံးရှိ မြို့နယ်အသီးသီး၌ အပန်းဖြေဥယျာဉ်များ၊ ကလေးကစားကွင်းများ၊ မြို့နယ်အားကစားကွင်းများနှင့် အားကစားရုံများ တိုးချဲ့တည်ဆောက်ပေးခြင်းနှင့် လူထုအားကစားလှုပ်ရှားမှုများကိုမြှင့်တင်ကာ ကျန်းမာကြံ့ခိုင်သောလူမျိုးဖြစ်အောင် ဆက်လက်ကြိုးစားကြရပါမည်။

အားကစားပြိုင်ပွဲများသည် နိုင်ငံတစ်နိုင်ငံ၏ လုပ်ကိုင်နိုင်မှုစွမ်းရည်ကို ဖော်ပြနိုင်ပါသည်။ အနီးစပ်ဆုံးဥပမာပေးရလျှင် ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော်ကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရာ၌ မကျင်းပမီအတော်များများ ဝေဖန်ကြသည်မှာ မြန်မာနိုင်ငံသည် ပြိုင်ပွဲအတွက်

အသင့်မဖြစ်သေး၊ အဆင့်မမီသေး၊ မြန်မာနိုင်ငံတွင် နိုင်ငံတကာပြိုင်ပွဲကျင်းပရန် မသင့်လျော်သေးဟူသောအချက်များ ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသည် အားကစားရွာများ၊ အားကစားစင်တာများ၊ အားကစားကွင်းကြီးများကို ပြုပြင်ပွဲအမီ တည်ဆောက်ပြီးစီးခဲ့ပြီး ပြုပြင်ပွဲကာလတစ်လျှောက်လုံး နိုင်ငံတကာဧည့်သည်တော်များ၊ အားကစားသမားများ၊ မီဒီယာများအတွက် လုံခြုံရေး၊ တည်းခိုနေထိုင်ရေး၊ သွားလာရေး၊ စားသောက်ရေးတို့အား လစ်ကွက်ဟာကွက်မရှိအောင် စီမံဆောင်ရွက်ပေးနိုင်ခဲ့သည့် အပြင် ကျင်းပပြီးခဲ့သမျှ အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် အကောင်းဆုံးသော ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများ ဖြင့် တင်ဆက်နိုင်ခဲ့ရာ ကမ္ဘာကချီးကျူးခဲ့ကြရသည့်အထိ စွမ်းဆောင်ပြနိုင်ခဲ့ပါသည်။ We Can Do ဟူသောစာတန်းဖြင့် နိုင်ငံ၏ဂုဏ်သိက္ခာကို ဖွင့်လှစ်ပြသနိုင်ခဲ့ပေသည်။ အလားတူပင် U-20 ကမ္ဘာ့ဖလားပြိုင်ပွဲ၌ မြန်မာ U-20 အသင်းသည် ခြေစွမ်းမပြနိုင်သော်လည်း စိတ်စွမ်းပြနိုင်ခဲ့၏။ လူချင်းမယှဉ်နိုင်သော်လည်း နိုင်ငံချင်းယှဉ်နိုင်ခဲ့၏။ အားကစားစိတ်ဓာတ်ကို မြန်မာ့စိတ်ဓာတ်ပုံရိပ်အဖြစ် ကမ္ဘာကိုသိစေခဲ့လေသည်။ ထိုသို့ ယှဉ်နိုင်၊ သိနိုင်စေခြင်းမှာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် သည်လည်းကောင်း၊ အားကစားဝန်ကြီးဌာနသည်လည်းကောင်း၊ နိုင်ငံတော်အစိုးရသည် လည်းကောင်း အကောင်းဆုံးပံ့ပိုး စီမံလေ့ကျင့်ပေးနိုင်သောကြောင့်ဖြစ်ပေသည်။ ဆက်လက်၍ အာဆီယံအဆင့်သာမက အာရှအဆင့်၊ ကမ္ဘာ့အဆင့်ပြိုင်ပွဲ များကို လက်ခံကျင်းပနိုင်အောင် ကြိုးစားကာ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ ရုပ်ပိုင်းစိတ်ပိုင်း ဆိုင်ရာ ပြည့်ဝကြွယ်ဝမှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်တို့ကို ပြသကြရမည်ဖြစ်သည်။

အားကစား လှုပ်ရှားမှုများသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက် အထောက်အကူပြုလျက်ရှိပါ သည်။ မျက်မှောက်ကာလ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ရန် အလုအယက် တိုးဝှေ့ယှဉ်ပြိုင်နေကြသည်ကို တွေ့ရမည်။ အနီးကပ်ဆုံးအကြောင်းရင်းမှာ ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားအဖွဲ့များနှင့် အတူပါလာမည့် ဒေါ်လာငွေများကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် အားကစားပြိုင်ပွဲများမှ နိုင်ငံခြားဝင်ငွေရရှိသည်။ ပြိုင်ပွဲလက်ခံကျင်းပစရိတ် အရင်းကျေ၍ အမြတ်အစွန်းပင် ရရှိသည်။ ထိုအမြတ်ထဲတွင် ခေတ်မီနိုင်ငံတကာအားကစားရုံ ကြီးများ၊ အားကစားကွင်း များသည်လည်း ကာလကြာရှည် အမြတ်အစွန်းအဖြစ်ကျန်ရစ်ခဲ့သည်။ အိမ်ရှင်နိုင်ငံ၏ တည်ငြိမ် အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ယဉ်ကျေးမှုမလေ့စရိုက်များကို ပြသနိုင်လိုက်ခြင်း က ဒုတိယအမြတ်အစွန်းဖြစ်သည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ပြီး စီးပွားရေးအခွင့်အလမ်းကောင်းများ ဖန်တီးယူနိုင်မှုက တတိယအမြတ်အစွန်း ဖြစ်သည်။ ကမ္ဘာ့အဆင့်ပြိုင်ပွဲမျှသာမဟုတ် ဒေသတွင်းပြိုင်ပွဲများ၏ အကျိုးရလဒ်မှာလည်း

ထိုနည်းအတိုင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ အဆင့်၊ အာရှအဆင့် နိုင်ငံတကာအားကစားပြိုင်ပွဲများ၊ များများလက်ခံကျင်းပ နိုင်လေလေ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် များများအထောက်အကူပြု နိုင်လေလေ ဖြစ်သည်။ အားကစားပြိုင်ပွဲများက နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် စီမံခန့်ခွဲမှုကောင်းမွန်ခြင်းကို ပြသနိုင်သည် ဖြစ်ရာ ရင်းနှီးမြှုပ်နှံသူတို့အတွက် ယုံကြည်မှုကိုဖြစ်ပေါ်စေပြီး စိတ်ချစွာလက်တွဲ လုပ်ကိုင်ရန် ဆုံးဖြတ်ပေးသည့် တွန်းအားပင်ဖြစ်သည်။

နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်တစ်ခုသည် တိုင်းပြည် ဂုဏ်သိက္ခာတစ်ရပ်ပင်ဖြစ် သည်။ ထိုဂုဏ်သိက္ခာထဲတွင် တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားတို့၏ စည်းလုံးညီညွတ်မှုပုံရိပ်များ ထင်ဟပ်နေတတ် သည်။ ထို့ကြောင့် အားကစားအဆင့်အတန်းမြင့်မားခြင်းသည် နိုင်ငံ၏ဂုဏ်သိက္ခာအဆင့်အတန်း မြင့်မားခြင်း ပင်ဖြစ်သည်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) ကဲ့သို့ အားကစားအဖွဲ့ချုပ်အသီးသီးမှ ကမ္ဘာ့နိုင်ငံများ၏ အားကစားအဆင့်များသတ်မှတ် ပေးနေခြင်းမှာ အဆိုပါ အားကစားရပ်များမှ အားကစားသမားတို့၏ ပြိုင်ပွဲအနိုင်၊ အရှုံး၊ အောင်မြင်မှု၊ ကျရှုံးမှု ကိုသာမက အဆိုပါနိုင်ငံတို့၏ လေ့ကျင့်ပြင်ဆင်နိုင်မှုစွမ်းအား၊ စီမံခန့်ခွဲနိုင်မှုစွမ်းအား၊ ထောက်ပံ့ကူညီနိုင်မှုစွမ်းအား၊ ကာယ-ဉာဏ အရည်အသွေးစွမ်းအားတို့ကိုပါ အကဲဖြတ်၊ အမှတ်ပေးပြီးသားဖြစ်နေသည်ကို သတိပြုမိကြရမည်ဖြစ်သည်။ ထို့ကြောင့် "မြန်မာ့ အားကစားမှ ကမ္ဘာ့အားကစားသို့" ဟူသောဆောင်ပုဒ်ဖြင့် တိုင်းပြည်ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကိုပြနိုင်ရန် မြန်မာတစ်မျိုးသားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက် ကြရမည်ဖြစ်သည်။ မိမိတို့တိုင်းပြည်နှင့်လူမျိုးသည် စွမ်းအားရှိကြောင်း ကမ္ဘာသိအောင် ပြကြရပေလိမ့်မည်။

ခေတ်သစ် စနစ်သစ်ကာလတွင် တိုင်းသစ်ပြည်သစ် တည်ဆောက်နေကြရာ၌ ပြည်သူတို့သည်လည်း အတွေးသစ်၊ အမြင်သစ်၊ အလေ့အကျင့်သစ်များဖြင့် ပြောင်းလဲရှုမြင်၊ ပါဝင်လုပ်ကိုင်တတ်ရန်လိုအပ်သည်။ နိုင်ငံတော်က ဆေးရုံ၊ ဆေးခန်း၊ ဆေးဝါး၊ ဆရာဝန်၊ သူနာပြုများအတွက် ကျန်းမာရေးအသုံးစရိတ်ကို နှစ်စဉ် ကျပ်ဘီလျံချီ၍ ကုန်ကျခံသုံးစွဲ နေရသည်ဖြစ်ရာ ပြည်သူတို့ကျန်းမာနေလျှင် ယင်းအသုံးစရိတ်ပမာဏကို တဖြည်းဖြည်းလျော့ချနိုင်မည်ဖြစ်သည်။ ယင်း အတွက် အတွေးသစ်ဆိုသည်မှာ ပြည်သူတစ်ဦးချင်းစီသည် မိမိကျန်းမာရေးကို မိမိကိုယ်တိုင် စောင့်ရှောက်နိုင်စွမ်းရှိသည် ဟူသောအတွေးမျိုး စွဲမြဲစွာရှိနေရမည်။ "ဆရာဝန် 'ငါ' ကိုယ်တိုင်ပါပဲ" ဟူသောအတွေးဖြင့် ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ကိုယ်ကို စောင့်ရှောက် တတ်ရန် ဆင်ခြင်၊ မျှော်မြင်၊ တွေးတောနိုင်သူဖြစ်ရပါမည်။ အမြင်သစ်ဆိုသည်မှာ

မိမိ၏စားဝတ်နေမှု၊ လူမှုပတ်ဝန်းကျင်တွင် ခေါက်ရိုးကျိုးနေသည့် အယူအစွဲများကို မိမိကိုယ်တိုင်ဖယ်ရှား၍ နေထိုင်တတ်ရပါမည်။ ဥပမာ - ညစာစားပြီး တီဗွီဇာတ်လမ်း ထိုင်ကြည့်နေခြင်း အမြင်စွဲ၊ အကျင့်စွဲကိုဖယ်ရှားကာ ညစာစားပြီး မိနစ် ၂၀ လောက် လမ်းလျှောက် ထွက်ခြင်းက ပို၍အကျိုးရှိနိုင်သည်ဟူသော အမြင်သစ်ဖြင့် အလေ့အကျင့်သစ်ကို လက်တွေ့လုပ်ဆောင်ရပါမည်။ ထို့အတူ အားလပ်ရက်များတွင် အချိန်နာရီသတ်မှတ်၍ အားကစားလေ့ကျင့်နည်းတစ်ခုကို စွဲစွဲမြဲမြဲလေ့ကျင့်ပြုလုပ်ခြင်း၊ လူထု အားကစားလှုပ်ရှားမှုများတွင် တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲခြင်းဖြင့် ဘဝနေထိုင်မှု Life Style အလေ့ အကျင့်ကောင်းကို တည်ဆောက်ထားရမည်ဖြစ်သည်။ အတွေးအခေါ်ပြောင်းလဲမှ အမူအကျင့်ပြောင်းလဲမည်။ အမူအကျင့် ပြောင်းလဲမှ အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်နိုင်သည်။ ကိုယ်လက်လှုပ်ရှားအားကစား အလေ့အကျင့်ကောင်းများသည် တစ်ဦးချင်း၊ တစ်မိသားစုချင်းစီမှသည် . . . တစ်တိုင်းတစ်ပြည်လုံးဆီထိ ညီညီညာညာ သောင်းသောင်းဖျဖျ ဆောင်ရွက်ကြ ခြင်းဖြင့် ကျန်းမာသောတိုင်းပြည် ကြံ့ခိုင်သောလူမျိုးဖြစ်အောင် ကြိုးစားကြရပေမည်။

ကျန်းမာကြံ့ခိုင်မှသာ ကာယ၊ ဉာဏ်စွမ်းအားထက်မြက်ပြီး နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက် နိုင်ကြမည်ဖြစ်သည်။ သို့ဖြစ်၍ 'တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး' ရည်မှန်းချက်သည် တစ်မျိုးသားလုံး ကြီးပွားတိုးတက် ရေး၏ အခြေခံအုတ်မြစ်တစ်ခုလည်းဖြစ်ပါသည်။ လူတစ်ဦးချင်းစီ၏ ဝါသနာစရိုက်အလိုက် လမ်းလျှောက်ခြင်း၊ ရေကူးခြင်း၊ စက်ဘီးစီးခြင်း၊ ဘောလုံးကန်ခြင်း၊ ခြင်းလုံးခတ်ခြင်း၊ ပြေးခုန်ပစ်ကစားခြင်း စသည်ဖြင့် မိမိအားသန်ရာကို လေ့ကျင့်ကြ ပြီး တူရာတူရာများစု၍ လူထုအားကစားလှုပ်ရှားမှုအသွင်သို့ ကူးပြောင်း၍ စုပေါင်းဆင်နွှဲကြရပါမည်။ အားကစားပြိုင်ပွဲ များတွင် ဝင်နွှဲကြရပါမည်။ ပြည်သူများလူထုအားကစားလှုပ်ရှားမှုများကို နှစ်စဉ် ဒီဇင်ဘာလတိုင်းကျင်းပလျက်ရှိရာ ပြည်သူတိုင်း ပါဝင်ဆင်နွှဲရပါမည်။ ထိုသို့ပါဝင်ခြင်းသည် မိမိဘဝ၏ နေနည်းလမ်းညွှန်ဖြစ်သကဲ့သို့ မိမိတိုင်းပြည်အတွက် တိုးတက်မှုအညွှန်းကိန်းတစ်ခုလည်း ဖြစ်ပါသည်။ အားကစားလှုပ်ရှားမှုတစ်ခု စွဲမြဲစွာ ပြုမိသူတိုင်းသည် ဘဝကိုပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပြီး အလုပ်ကို ထက်ထက်မြက်မြက်ဖြင့် အောင်မြင်အောင် လုပ်နိုင်စွမ်း ရှိလာကြပါသည်။ ကျန်းမာကြံ့ခိုင်၍ တက်ကြွလှုပ်ရှား နေသော ခန္ဓာကိုယ်နှင့်အတူ စိတ်ဓာတ်ကြံ့ခိုင်၍ စွမ်းရည်ထက်မြက်သောသူအဖြစ် ဘဝလမ်းတွင် အောင် ပန်းများ တစ်ခုပြီးတစ်ခု ဆွတ်ခူးရယူ လာနိုင်ပါမည်။ ထိုထက်ပို၍ ထူးချွန်သော အားကစားသမား တစ်ယောက်အဖြစ် နိုင်ငံဂုဏ်ကိုဆောင်နိုင်ခဲ့ပြီဆိုလျှင် မိသားစုဝန်းကျင်တွင် သားစဉ်မြေးမြစ် ပြောမဆုံးဖြစ်အောင် ကမ္ဘည်းတင်နေမည်ဖြစ်ပါသည်။ ပျော်ရွှင်ဖွယ်နေ့ရက်များသည် ကျွန်ုပ်တို့ထံသို့ အိပ်မက်ပမာ အလိုလို

ရောက်လာမည်မဟုတ်ပါ။ အိပ်မက်ရှိရာသို့ ကျွန်ုပ်တို့သည် ကျန်းမာသောခန္ဓာ၊ ကြံ့ခိုင်သော စိတ်ဖြင့် အရောက်သွားကြရပါမည်။ ချမ်းသာကြွယ်ဝသော တိုင်းပြည်ဖြစ်လာရန်အတွက် ကျွန်ုပ်တို့အားလုံး အလုပ်လုပ်ကြရပါမည်။ အလုပ်လုပ်နိုင်သော လူစွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာရေးအတွက် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရန်လိုပါသည်။ မျိုးဆက်သစ်လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော လူထုအားကစားလှုပ်ရှားမှုနှင့် အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ်ပြုလုပ်ဆင်နွှဲကြရပါမည်။ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်၍ ထိုလာဘ်တစ်ပါးကို လူထုအားကစားလှုပ်ရှားမှုဖြင့်ရယူကာ နိုင်ငံတော်၏အဆင့် အတန်းနှင့် ဂုဏ်သိက္ခာကို ပြသကြပါစို့ဟု တိုက်တွန်းတင်ပြအပ်ပါသည်။ ။

သက်ဦးမောင်

ဤဆောင်းပါးသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလ လှုပ်ရှားမှုအထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် နှစ်သိမ့်ဆု - ၃ ရရှိသည့် ဆောင်းပါးရှင် သက်ဦးမောင်၏ ဆောင်းပါး ဖြစ်ပါသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကော်မတီ(၁၄)ရပ် ဖွဲ့စည်းကြပ်မတ်ပြင်ဆင်ခြင်းမှသည် အောင်ပွဲဆီသို့

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် ဆိုခဲ့သည့်အတိုင်း အောင်မြင်မှုအထုအထည်ပမာဏကြီးမားလှစွာ ရရှိခဲ့ခြင်းမှာ လုံ့လဥဿဟမဲ့စွာ ရရှိခဲ့ခြင်းကား မဟုတ်ပါ။ ဆောင်ကျဉ်းနိုင်ခဲ့သော အောင်မြင်မှုရလဒ်နှင့် ထပ်တူပေးဆပ်ခဲ့ရသော ကြိုးစား အားထုတ်မှုအရင်းအနှီးကလည်းကြီးမားလှသည်။ ထိုသို့ ကြီးမားလှသော ကြိုးစားမှုကို (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ ကြီးကြပ် လမ်းညွှန်မှုအောက်တွင် ကော်မတီ(၁၄)ရပ်ဖွဲ့စည်းကာ အသီးသီးမဆုတ်မနစ် ကြိုးစားလုပ်ဆောင် အကောင်အထည်ဖော်ခဲ့ကြသည်။ တက်ညီလက်ညီကြိုးပမ်းစွမ်းဆောင်ခဲ့ကြရသည်။ ဦးစီးကော်မတီ တွင် နိုင်ငံတော်ဒုတိယသမ္မတက နာယကအဖြစ်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး အသီးသီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ နိုင်ငံတော် သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ သစ်တောဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက အဖွဲ့ဝင်များ အဖြစ်လည်းကောင်း၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ် တို့က အတွင်းရေးမှူးနှင့်တွဲဖက်အတွင်းရေးမှူးများအဖြစ် ပါဝင်ကြိုးစားခဲ့ကြသည်။

ပြိုင်ပွဲကျင်းပရေးကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီအနေဖြင့် ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သောလမ်းညွှန်မှုများကိုချမှတ်ခြင်း၊ အားကစားပြိုင်ပွဲ များ ကျင်းပပြုလုပ်ရန်လိုအပ်သော ရန်ပုံငွေများရရှိရေးကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ညှိနှိုင်းသတ်မှတ်ဆောင်ရွက်ခြင်း၊ ပြိုင်ပွဲများကျင်းပရေးအတွက် လိုအပ်သော အားကစားကွင်း၊ အားကစားရုံများနှင့် တည်းခိုနေထိုင်ရေး အဆောက်အဦများ အချိန်မီပြီးစီးအောင် ဌာနဆိုင်ရာ များနှင့် ညှိနှိုင်းသတ်မှတ်ကြီးကြပ်ဆောင်ရွက်ခြင်း၊ ကျင်းပပြုလုပ်သည့် အားကစားပြိုင်ပွဲအလိုက် ပြိုင်ပွဲဝင်နိုင်ရေးနှင့် ပြိုင်ပွဲတိုင်းအောင်မြင်မှုရရှိရေးတို့အတွက် လိုအပ်သော လမ်းညွှန်မှုများ ချမှတ်ကာ ဦးဆောင်မှုပေးခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများကိုကိုယ်စားပြုဖော်ညွှန်း ပြသနိုင်မည့် ဖွင့်ပွဲအခမ်းအနားနှင့် ပိတ်ပွဲအခမ်းအနားများကို ခမ်းနားထည်ဝါအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သောလမ်းညွှန်မှုများချမှတ်၍ ဦးဆောင်အကောင်အထည် ဖော်စေခြင်း တို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယင်းဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုများကို သက်ဆိုင်ရာတာဝန်အလိုက် အသီးသီး အကောင်အထည်ဖော်ဆောင်ရွက်ကြရသည့် လုပ်ငန်းကော်မတီ(၁၄)ရပ်ကိုလည်း သတ်မှတ် တာဝန်ပေးခဲ့သည်ဖြစ်ရာ -

(၁) အားကစားကွင်း/အားကစားရုံနှင့် တည်းခိုနေထိုင်ရေးအဆောက်အဦးများ တည်ဆောက်ရေးကော်မတီ

(၂) ပြိုင်ပွဲတိုင်းပါဝင်ယှဉ်ပြိုင်ရေးနှင့် အောင်မြင်ရေးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့် ရေးကော်မတီ

(၃) ဖွင့်ပွဲပိတ်ပွဲအခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ

(၄) ဖိတ်ကြားရေးနှင့်ကြိုဆိုဆက်သွယ်ဆက်ဆံရေးကော်မတီ

(၅) ပြိုင်ပွဲဝင်များ မှတ်ပုံတင်ခြင်းနှင့် အားကစားနည်းစနစ်ကော်မတီ

(၆) အခမ်းအနားပြင်ဆင်ရေးကော်မတီ

(၇) တည်းခိုနေထိုင်ရေးနှင့်အစားအသောက်ဧည့်ခံကျွေးမွေးရေးကော်မတီ

(၈) သယ်ယူပို့ဆောင်ရေးကော်မတီ

(၉) ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာကော်မတီ

(၁၀) ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ

(၁၁) လူထုစည်းရုံးလှုံ့ဆော်ရေး၊ သတင်းပြန်ကြားရေးနှင့်မှတ်တမ်းတင်ရေးကော်မတီ

(၁၂) ဆက်သွယ်ရေးကော်မတီ

(၁၃) လုံခြုံရေးကော်မတီ

(၁၄) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဟူ၍ ကော်မတီ(၁၄)ရပ်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြရသည်။

လူထုစည်းရုံးလှုံ့ဆော်ရေးသတင်းပြန်ကြားရေးနှင့်မှတ်တမ်းတင်ရေးကော်မတီ

အဆိုပါ ကော်မတီတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ သတင်းအချက်အလက်နှင့် နည်းပညာဌာနမှ အင်ဂျင်နီယာချုပ်၊ အားကစားဝန်ကြီးဌာန လူထု/ပညာဌာနခွဲမှ ညွှန်ကြားရေးမှူးတို့ကအဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ အတွင်းရေးမှူးအဖြစ် လည်းကောင်း တာဝန်ယူခဲ့ကြသည်။ ထိုကော်မတီက (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် တာဝန်ယူဆောင်ရွက်ခြင်းအား ကမ္ဘာက သိရှိစေရန် မီဒီယာမျိုးစုံမှတစ်ဆင့် အားကစားဆိုင်ရာ သတင်းအချက်အလက်များ၊ အစီအစဉ်များ၊ ပြိုင်ပွဲကျင်းပပုံများ၊ ထွက်ပေါ်လာသည့် ပြိုင်ပွဲရလဒ်များနှင့် အခြားထုတ်ပြန်သင့်သည့် သတင်းများကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ခြင်း၊ ထုတ်ဝေခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ကော်မတီအနေဖြင့် အပြည်ပြည်ဆိုင်ရာ ရုပ်သံထုတ်လွှင့်ရေးဗဟိုဌာန IBCနှင့် ပင်မသတင်း ထုတ်ပြန်ရေး ဗဟိုဌာန MPC တို့ ကိုမဏိရတနာ ကျောက်စိမ်းခန်းမတွင် ဖွင့်လှစ်ထားရှိပြီး၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့်ငွေဆောင်တို့ရှိ အားကစားကွင်း၊ အားကစားရုံများမှ ပြိုင်ပွဲသတင်းများ ရိုက်ကူးထုတ်လွှင့်ပြန်ကြားခြင်း၊ ဖွင့်ပွဲနှင့်ပိတ်ပွဲအခမ်းအနားသတင်းများ ကို

တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်ခြင်း၊ သတင်းရိုက်ကူးခြင်း၊ မှတ်တမ်းတင်ရိုက်ကူးခြင်း၊ နေ့စဉ် SEA GAMES သတင်းစာများ ထုတ်ဝေဖြန့်ချိခြင်း၊ မှတ်တမ်း တင်ခြင်းလုပ်ငန်းများကို အကောင်းဆုံး အနေအထား ဖြစ်အောင် ကြိုးပမ်းစွမ်းဆောင်နိုင်ခဲ့ကြသည်။

ထိုသို့ အားကစားသတင်းများကို ထုတ်ပြန်ဖြန့်ချိရာတွင် အားကစားကွင်း၊ အားကစားရုံများအလိုက် သတင်းဌာနခွဲများ Sub Press Center ကိုလည်း ထားရှိခဲ့သည်။ ထိုသို့ သတင်းဌာနခွဲများ ထားရှိဆောင်ရွက်မှုကြောင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ငွေဆောင်တို့တွင် သတင်းဌာနခွဲပေါင်း (၂၀)ဖွင့်လှစ်ကာ သတင်းပြန်ကြားရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရုပ်/သံတိုက်ရိုက် ရိုက်ကူးထုတ်လွှင့်မှု၊ သတင်းရိုက်ကူးမှု၊ မှတ်တမ်းတင်ရိုက်ကူးမှု၊ မှတ်တမ်းဓါတ်ပုံရိုက်ကူးမှုနှင့်နေ့စဉ်သတင်းစာများကို ရိုက်နှိပ်ထုတ်ဝေမှုများကို ဆောင်ရွက်ရာတွင် အားကစားဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်တွင်းရုပ်သံ အွန်လိုင်းမီဒီယာ၊ ပုံနှိပ်မီဒီယာ လုပ်ငန်းများ၊ ကုမ္ပဏီများမှ ဝန်ထမ်းအင်အား (၂၀၇၃)ဦးအထိ အသုံးပြုပါဝင်စေခဲ့သည်။

လူထုစည်းရုံးလှုံ့ဆော်ရေး၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးကော်မတီ၏ လုပ်ငန်းများကို အကောင်အထည်ဖော်ကြိုးပမ်းရာတွင်-

အားကစားဝန်ကြီးဌာန၏ လူထုပညာဌာနခွဲ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ Forever Group Co.Ltd ၊ ရွှေသံလွင် မီဒီယာကုမ္ပဏီလီမိတက်၊ မြဝတီရုပ်မြင်သံကြား၊ Megalink Public Co.Ltd, Mizzima Media, Ntegrator Pte,Ltd. Thaicom Public Co.Ltd တို့မှ ဝန်ထမ်းအင်အား စုစုပေါင်း (၂၀၇၃) ဖြင့်ဆောင်ရွက်ခဲ့ကြသည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးကို နှစ်ပေါင်း (၄၄)နှစ်ကြာမှ တစ်ကြိမ်ပြန်လည် ကျင်းပခြင်းဖြစ်၍ စီမံခန့်ခွဲမှုနှင့် နည်းပညာဆိုင်ရာ အားနည်းချက်များရှိနေမည်ဖြစ်ရာ ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၏ ပံ့ပိုးကူညီမှုများကို နည်းမျိုးစုံဖြင့် ရယူခဲ့သည်လည်းရှိခဲ့သည်။ IBC Technical Manager အဖွဲ့၊ IBC Operation အဖွဲ့၊ Production Team Manager အဖွဲ့၊ Technical Person အဖွဲ့၊ Transporatation & Logistics Manager အဖွဲ့၊ IBC Booking Manager အဖွဲ့၊ Finance Person အဖွဲ့၊ Broadeaster Venue Manager အဖွဲ့၊ Technical Team Venue Manager အဖွဲ့၊ Laison Officer များအဖွဲ့ စသည်ဖြင့် လုပ်ငန်းအလိုက် အစုအဖွဲ့များ ဖွဲ့စည်းကာ ညီညွတ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့ကြပါသည်။

လုပ်ငန်းစွမ်းဆောင်နိုင်မှု အနေအထားကို အချုပ် အားဖြင့် တင်ပြရလျှင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV မှ ဖွင့်ပွဲပိတ်ပွဲ အခမ်းအနားအပါအဝင်အားကစားပွဲ(၁၂)မျိုးတွင် တိုက်ရိုက်ထုတ်လွှင့်မှု (၅)မျိုး၊ ထပ်ဆင့်ထုတ်လွှင့်မှု(၇)မျိုးကို အခမဲ့ ထုတ်လွှင့်မှု Free to Air ရုပ်သံလိုင်း (၄)လိုင်းဖြင့် နေ့စဉ်ထုတ်လွှင့်ခဲ့ခြင်း၊ Forever Group Co.Ltd မှ အားကစား

ပွဲ(၁၁)မျိုးကို တိုက်ရိုက်ထုတ်လွှင့်မှု (၃)မျိုး၊ ထပ်ဆင့်ထုတ်လွှင့်မှု(၈)မျိုးဖြင့် ရိုက်ကူးထုတ်လွှင့်ခဲ့ကာ၊ ရွှေသံလွင်မီဒီယာ ကုမ္ပဏီလီမိတက်မှ အားကစားပွဲ(၁၇)မျိုးကို တိုက်ရိုက်ထုတ်လွှင့်မှု(၁၀)မျိုး၊ ထပ်ဆင့်ထုတ်လွှင့်မှု (၇)မျိုးဖြင့် ရိုက်ကူးထုတ်လွှင့်ပေးခဲ့သည်။

မြန်မာ့အသံ ရေဒီယိုအစီအစဉ်မှလည်း (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို တွေ့ဆုံဆွေးနွေးခန်းများ၊ အင်တာဗျူးအစီအစဉ်များ၊ သတင်းအစီအစဉ်များ၊ ဇာတ်လမ်းများ၊ ကျေးလက်ဇာတ်လမ်းများ၊ ရေဒီယိုဇာတ်လမ်းတွဲများ၊ တေးသီချင်းများ၊ Count Down Programmer များ၊ ပြိုင်ပွဲရလဒ်များကို ထုတ်လွှင့်ပေးခြင်း များကို ဆောင်ရွက်ခဲ့ပြီး၊ ထိုသို့ ဆောင်ရွက် ရာတွင် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများ လုပ်ငန်းဆောင်ရွက်မှု အဆင်ပြေစေရန် Media Booth များနှင့် Satellite Uplink လုပ်ငန်းများလည်း ဆောင်ရွက်ပေးခဲ့သည်။

ကော်မတီ၏ လုပ်ငန်းများအဆင်ပြေချောမွေ့စေရန် အကြို ပြင်ဆင်မှု လုပ်ငန်းများကို ၂၀၁၀ ပြည့်နှစ်မှ စတင်ကာ လိုအပ်သော စက်ပစ္စည်းများ ဝယ်ယူခြင်း၊ လုပ်ငန်းဆက်စပ် အဖွဲ့အစည်း များနှင့် အကြိမ်ကြိမ်ဆွေးနွေးမှုများပြုလုပ်ခြင်း၊ သင်တန်းများပေးခြင်း၊ အသုံးပြု ရမည့် ပစ္စည်းများ ကိုင်တွယ်ရာတွင် ကျွမ်းကျင်မှုပြည့်ဝစေရန် ပြည်ပ သင်တန်းများသို့စေလွှတ် တက်ရောက်စေခြင်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့သည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲရုပ်/သံထုတ်လွှင့်မှုများ အတွက် ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို ပြည်တွင်း၊ ပြည်ပ ရုပ်သံထုတ်လွှင့်မှုများနှင့် (၂၀-၃-၂၀၁၃) တွင် လည်းကောင်း၊ (၂၇-၈-၂၀၁၃) တွင် လည်းကောင်း၊ နေပြည်တော်ရှိ Sky Palace Hotel တွင် နှစ်ကြိမ် တွေ့ဆုံစည်းဝေးခဲ့ပြီး၊ သတင်းစာရှင်းလင်းပွဲ များကိုလည်း၊ ပြိုင်ပွဲမကျင်းပမီ (၂)ကြိမ်၊ ပြိုင်ပွဲကာလအတွင်း၌ (၃)ကြိမ် ပြုလုပ်ခဲ့သည်။ နေ့စဉ်သတင်းစာရှင်းလင်းပွဲများကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် မဏ္ဍိရတနာကျောက်စိမ်းခန်းမ တို့တွင် ပုံမှန်ကျင်းပပေးခဲ့သဖြင့် လုပ်ငန်းများအဆင်ပြေချောမွေ့ခဲ့သည်။

သတင်းဓါတ်ပုံနှင့် အွန်လိုင်းမီဒီယာလုပ်ငန်း

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် အားကစား ပြိုင်ပွဲမှတ်တမ်း ဓါတ်ပုံရိုက်ကူးရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ နေပြည်တော်တွင် အားကစားနည်း (၂၄)မျိုး အတွက် ဓါတ်ပုံပေါင်း (၈၂၅၀၀)၊ ရန်ကုန်တိုင်း ဒေသကြီးတွင် အားကစားနည်း(၇)မျိုးအတွက် ဓါတ်ပုံပေါင်း (၃၀၀၀၀)၊ မန္တလေးတိုင်းဒေသကြီးတွင် အားကစားနည်း (၁)မျိုးအတွက် ဓါတ်ပုံပေါင်း (၁၅၀၀)၊ ဧရာဝတီ တိုင်းဒေသကြီးတွင် အားကစားနည်း(၁)မျိုးအတွက် ဓါတ်ပုံပေါင်း (၁၈၀၀)၊ ရိုက်ကူးမှတ်တမ်း တင်နိုင်ခဲ့သည်။ ပြိုင်ပွဲကာလအတွင်း LO များနှင့် ဓါတ်ပုံရိုက်ကူးရေးဝန်ထမ်းများ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ သတင်းဝက်ဘ်ဆိုက်နှင့် Face Book များသို့ပါ သတင်းနှင့် ဓါတ်ပုံများပေးပို့လွှင့်တင်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

ပြိုင်ပွဲကာလအတွင်း IBC နှင့် MPC တို့အပြင် သတင်းဌာနခွဲများပါ ဖွင့်လှစ်၍ ရုပ်/သံရိုက်ကူးထုတ်လွှင့်ခြင်း၊ သတင်းရိုက်ကူးခြင်း၊ မှတ်တမ်းတင်ရိုက်ကူးခြင်း၊ SEA GAMES

သတင်းစာများ ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ရပြီး အဓိကအားဖြင့် Games Management System (GMS) မှ သတင်းပေးပို့သောပြိုင်ပွဲရလဒ်၊ အားကစားပြိုင်ပွဲဝင်စာရင်းများ၊ ပြိုင်ပွဲအချိန်ဇယားများ နှောင့်နှေးတတ်သဖြင့် သတင်းထောက်အချို့နှင့် ပြောဆိုရသည့် အဆင်မပြေမှု အနည်းငယ်ဖြစ်ပွားခဲ့ရသည်။

အလားတူ ပြိုင်ပွဲစတင်စကာလတွင် Internet WiFi မရသဖြင့် အခက်အခဲအချို့ ရှိခဲ့သော်လည်း နောက်ပိုင်းတွင် မြန်မာ့ဆက်သွယ်ရေးမှပိုမိုကူညီပူးပေါင်းဆောင်ရွက်ခဲ့သဖြင့် Internet WiFi ပုံမှန်ရရှိကာ လုပ်ငန်းများ အဆင်ပြေခဲ့သည်။ မည်သို့ဆိုစေ နှစ်ပေါင်းများစွာ အလှမ်းကွာနေခဲ့သော အိမ်ရှင်အဖြစ် လက်ခံကျင်းပရမှုကြောင့် အခက်အခဲနှင့် ပြဿနာအချို့ ရှိခဲ့သော် လည်း အားကစားဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီး သာမက အခြားဝန်ကြီးဌာနအချင်းချင်း၊ ကော်မတီအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ အတွေ့အကြုံများ၊ ဖလှယ်ကာညှိနှိုင်းဆောင်ရွက်နိုင်ခြင်းတို့ကြောင့် လူထုစည်းရုံးလှုံ့ဆော်ရေး၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးကော်မတီအနေဖြင့် လုပ်ငန်းများထူးခြားစွာ အောင်မြင်မှုရခဲ့ခြင်း ဖြစ်ကြောင်း သုံးသပ်ဖော်ပြလိုက်ရပေသည်။

ကျန်းမာရေးနှင့်ဆေးဘက်ဆိုင်ရာကော်မတီ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ကျန်းမာရေး ကဏ္ဍ၏ အရေးပါမှုသည်လည်း အဓိကအပိုင်းမှာပါဝင်ပါသည်။ အားကစားပြိုင်ပွဲများ ကျင်းပခဲ့သည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ပုသိမ် (ငွေဆောင်) ဒေသများမှာ ကျန်းမာရေးစောင့်ရှောက်မှုနှင့်အတူဆေးကုသမှုများ ဆောင်ရွက်နိုင်ရန် အတွက် ကျန်းမာရေးနှင့်ဆေးဘက်ဆိုင်ရာကော်မတီ အနေဖြင့် ဆေးကုသရေး၊ ရေကောင်းရေသန့်နှင့် အစားအသောက် ကြီးကြပ်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှု ကာကွယ်ရေး၊ အရေးပေါ်အခြေအနေ စီမံခန့် ခွဲရေး၊ တားမြစ်ဆေးသုံးစွဲမှုကာကွယ်ရေး၊ ကျား/မ လိင်ခွဲခြားစစ်ဆေးရေးဟူသော လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းကာ စီမံချက်များရေးဆွဲ အကောင်အထည် ဖော်ခဲ့သည်။

အားကစားပြိုင်ပွဲကျင်းပရာ နယ်မြေဒေသ(၄)ခုရှိ အားကစားကွင်း/ရုံ(၂၉)ရုံတွင် နိုင်ငံအကြီးအကဲများမှအစ အရေးကြီးပုဂ္ဂိုလ်များအလယ်၊ သာမန်ပရိသတ်ပြည်သူအဆုံး အားလုံး အတွက် ဆေးအဖွဲ့ပေါင်း (၂၈)ဖွဲ့နှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ (၁၇)ဖွဲ့ဖြင့် ဝန်ဆောင်မှုများပေးခဲ့သည်။ အချုပ်အားဖြင့်ဆိုလျင် အားကစားကွင်း/ရုံ (၂၉)ခုတွင် အားကစားနည်း (၃၃)မျိုးကိုပြိုင်ပွဲများ ကျင်းပနေသည်ဖြစ်ရာ ပရိသတ်အား ဆေးအဖွဲ့ပေါင်း (၂၈)ဖွဲ့၊ အရေးပေါ်ဆေးအဖွဲ့(၁၇) ဖွဲ့၊ အားကစားသမားများအတွက် ဆေးအဖွဲ့ (၄၇)ဖွဲ့ဖြင့် လူနာတင်ယာဉ် (၆၉)စီးကို အသုံးပြုကာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုဆောင်ရွက် ပေးခဲ့သည့် အဓိပ္ပာယ်ဖြစ်သည်။

အားကစားသမားများကို စတင်စခန်းသွင်း လေ့ကျင့်ချိန်မှပင် နေပြည်တော် GOLD CAMP အားကစားလေ့ကျင့်ရေးစခန်း၌ အထူးဆေးကုသဌာန Poly Clanic တစ်ခုဖွင့်လှစ်ပြီး

ကုသမှုများ ပေးခဲ့သည်။ အလားတူရန်ကုန်ရှိ သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစခန်းနှင့် မန္တလေးရှိ မန္တလာသီရိအားကစားကွင်းတို့မှာလည်း ဖွင့်လှစ်ပေးခဲ့သည်။ အားကစားပြိုင်ပွဲကာလအတွင်း နေပြည်တော်ရှိ ကုတင်(၁၀၀၀) ဆေးရုံ၊ ရန်ကုန်မြို့သဃ်နိုးကျွန်းစံပြဆေးရုံ၊ မန္တလေးရှိ ပြည်သူ့ဆေးရုံကြီးနှင့် ပုသိမ်မြို့ပြည်သူ့ဆေးရုံကြီး တို့ကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်မည့် ညွှန်ပို့ဆေးရုံများအဖြစ် ချိတ်ဆက်အသုံးပြုခဲ့သည်။ တစ်ချိန်တည်းမှာပင် အထူးအရေးကြီးပုဂ္ဂိုလ် VVIP များ အပါအဝင် အားကစားသမားများ၊ ပရိသတ်များအတွက် အနီးကပ် ဆေးအဖွဲ့ (၆)ဖွဲ့၊ ဆေးခန်း(၂)ခန်းကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးအတွင်း ဖွင့်လှစ်ထားရှိ ပေးခဲ့သည်။

အားကစားပြိုင်ပွဲသို့ လာရောက်ကြသည့် ပရိသတ်များအတွက် အများပြည်သူများ စုဝေးရာဖြစ်သော ဆိုရှယ်ဇုန်၊ လေဆိပ်၊ ကားဂိတ်နှင့် ရထားဘူရုံများတွင်လည်းကောင်း၊ အားကစားသတင်းများ ရယူထုတ်လွှင့်ပေးနေသည့် IBC နှင့် MPC တို့ရှိရာ မဏ္ဍိရတနာ ကျောက်စိမ်းခန်းမတို့တွင် ဆေးအဖွဲ့များ တာဝန်ချထားသကဲ့သို့ ရန်ကုန်-နေပြည်တော် အမြန်လမ်းမ၊ ရန်ကုန်-ပုသိမ်အမြန်လမ်းကြီးများတစ်လျှောက်တွင် အရေးပေါ်လူနာတင်ယာဉ်စခန်း (၁၀)ခုကို ဖွင့်လှစ်ထားရှိပေးခဲ့သည်။ အားကစားဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအတွက် သီးသန့်ရည်ရွယ်ကာ အရိုးအထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာ နည်းပညာသင်တန်းဆင်းကျွမ်းကျင်ဝန်ထမ်းများ၊ သူနာပြုများကိုလည်း တာဝန်ချထားပေးခဲ့သည်။

နိုင်ငံတကာမှ ဧည့်သည်တော်များအတွက် လိုအပ်ပါက ဆက်သွယ်ပေးပို့နိုင်ရန် စက်ပူနိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ ဆေးရုံကြီးများကို တင်ပို့ကုသနိုင်မည့် ရည်ညွှန်းဆေးရုံ Referal Hospitals များအဖြစ် ဆက်သွယ်စီစဉ်ပေးထားခဲ့သည်။ လိုအပ်ပါက လေကြောင်းမှ သယ်ယူပို့ဆောင်ရေးအတွက်လည်း Air Ambulance များကိုလည်း စီစဉ်ပေးထားခဲ့သည်။ ထိုသို့စီမံဆောင်ရွက်ခဲ့သဖြင့် ဆေးကုသပေးခဲ့ရသည့် အားကစားသမားပေါင်း (၃၀၈)ဦးရှိခဲ့ပြီး ယင်းတို့အနက် (၁၄၃)ဦးမှာ ထိခိုက်ဒဏ်ရာရသူများဖြစ်ပြီး၊ အားကစားသမားမဟုတ်သော ဆေးဝါးကုသမှုပေးခဲ့သူမှာ (၁၈၇၀)ဦးရှိခဲ့သည်အထိ ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးစွမ်းနိုင်ခဲ့သည်။

တစ်ချိန်တည်းမှာပင် ရေကောင်းရေသန့်နှင့် အစားအစာကြီးကြပ်မှုလုပ်ငန်းအဖွဲ့မှ လည်း ထိရောက်သော ကြီးကြပ်ကွပ်ကဲမှုများဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အားကစားပြိုင်ပွဲ မစတင်မီကတည်းကပင် နေပြည်တော်၊ မန္တလေး၊ ရန်ကုန်နှင့် ငွေဆောင်မြို့များရှိ အားကစားပြိုင်ပွဲနှင့်ဆက်စပ်သောနေရာများမှ အသုံးပြုမည့် သောက်သုံးရေနမူနာများရယူကာ စစ်ဆေးစမ်းသပ် ခြင်း၊ အစားအသောက်ကုန်ကြမ်းများ၊ ကိုင်တွယ်ဆောင်ရွက်မည့် ဝန်ထမ်းများကို စစ်ဆေးခြင်း၊ စားသောက်ကုန်တင်သွင်းသူများအတွက် မှတ်တမ်း Supplier Record များထားရှိစစ်ဆေးခြင်း၊ ဝန်ထမ်းများကို နေ့စဉ်ဆေးစစ်ခြင်းများပြုလုပ်ရန် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း MRA နှင့် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ ပြိုင်ပွဲကာလအတွင်း သက်ဆိုင်ရာအားကစားရွာ၊ ဟိုတယ်၊ တည်းခိုခန်းနှင့် စားရိပ်သာများ၌ ချက်ပြုတ်ကျွေးမွေးနေသော

အစားအစာများကိုလည်း နေ့စဉ် ရယူ၍ နမူနာကျဘမ်းခါတ်ခွဲစစ်ဆေးမှုများ ဆောင်ရွက်ပေး ခဲ့သည်။

ဖော်ပြပါလုပ်ငန်းများအပြင် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းအဖွဲ့မှလည်း ဖွင့်ပွဲ ပိတ်ပွဲကျင်းပမည့်နေရာ၊ ပြိုင်ပွဲဝင်များတည်းခိုမည့်နေရာများတွင် ကြွက်၊ ခြင်၊ ယင်၊ ပိုးဟပ်များ နှိမ်နှင်းခြင်း၊ သန့်စင်ခန်းများ သန့်ရှင်းရေးလုပ်ဆောင်စေခြင်း၊ သောက်သုံးရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်များနှင့် ဆက်သွယ် ဆောင်ရွက်ခြင်း၊ စည်ပင်သာယာရေးကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများ လုပ်ဆောင် ခဲ့သည်။

တစ်ချိန်တည်းမှာပင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကာလအတွင်း ကူးစက် ရောဂါစောင့်ကြပ်ကြည့်ရှု ကာကွယ်ထိန်းချုပ်ရေး ကော်မတီအနေဖြင့်လည်း စောလျင်စွာ သတိပေးခြင်းနှင့် လျင်မြန်စွာတုံ့ပြန်ခြင်းစနစ် Early Warning, Alert and Response System -EWARS အရ ကူးစက်ရောဂါကပ်ဘေးအသွင်ဖြစ်ပွားမှု (သို့) ဘေးအန္တရာယ် ကျရောက်မှုမျိုး တစ်စုံတစ်ရာ ဖြစ်ပွားပေါ်ပေါက်လာပါက၊ အချိန်နှင့် တစ်ပြေးညီတုံ့ပြန်ဆောင်ရွက်ရန် ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာကော်မတီက လျှပ်တစ်ပြက်တုံ့ပြန်ရေးအဖွဲ့များကို ကြိုတင် ဖွဲ့စည်းပြင်ဆင်လေ့ကျင့်မှုများလည်း ပြုလုပ်ထားရှိခဲ့သည်။ သို့ဖြစ်၍လည်း ရွာတော်စစ်ကြောရေး စခန်းမှာ စခန်းသွင်းလေ့ကျင့်နေသည့် ကျောင်းသူ(၁၅)ဦး ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ(၁၁)ရက်နေ့မှ စတင်ကာ ရေကျောက်အသွင်ရောဂါ လက္ခဏာများ ဖြစ်ပွားခဲ့မှု၊ ဇမ္ဗူသီရိမြို့နယ် အထက်တန်း ကျောင်းတစ်ကျောင်းတွင် စခန်းသွင်းလေ့ကျင့်နေသည့် လုပ်အားပေးကျောင်းသား/ ကျောင်းသူများ မျက်စိနာရောဂါကူးစက်မှုမျိုးဖြစ်ပွားခြင်းများကို စစ်ဆေးကုသပေးနိုင်ခဲ့ပြီး အထူးရောဂါနှိမ်နှင်းရေး ကွင်းဆင်းအဖွဲ့မှ လူနာသစ်ရှာဖွေခြင်း၊ ကွင်းဆင်းဆေးခန်းဖွင့်လှစ် ကုသပေးခြင်းများ လုပ်ဆောင်နိုင်ခဲ့သည့် အပြင်ရွာတော် စစ်ကြောရေးစခန်းမှာလည်း အလားတူ မျက်စိနာ ကူးစက်ရောဂါ ဖြစ်ပွားမှုကို ကာကွယ်ကုသမှုပြုနိုင်ခဲ့၍လည်း စခန်းရှိလူဦးရေ (၆၂၆)ဦးမှ (၁၄၈)ဦးကို စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်နိုင် ခဲ့သည်။ သို့ကြောင့်လည်း လူဦးရေ သောင်းနှင့်ချီရှိနေသည့် အားကစားပြိုင်ပွဲကာလအတွင်း အသက်အန္တရာယ်ထိခိုက် ဆုံးရှုံးမှု မရှိခဲ့ဘဲ ထိခိုက်ဒဏ်ရာရရှိမှု Soft Tissue Injury နှင့် Musculo Skeletal Pain တို့လောက်သာရှိပြီး စုစုပေါင်း (၂၁၇၈)ဦးကို ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံ ပြည်တွင်း အားကစားသမားများ၊ ပြိုင်ပွဲအထောက်အကူပြုအဖွဲ့ဝင်များ အားပေးသူပရိသတ်များကို ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ခဲ့သည့်အပြင်၊ ပြိုင်ပွဲဝင်နိုင်ငံ များမှလည်း ကျန်းမာရေးစောင့်ရှောက်မှုခံယူသူများရှိခဲ့ပြီး မလေးရှား၊ အင်ဒိုနီးရှား နှင့်ထိုင်းနိုင်ငံ တို့မှ အများဆုံးလာရောက်ပြသခဲ့ကြသည်။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပသည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲတွင် ထူးခြားဆိုးရွားသည့် ရောဂါဘယများခံစားရ မှုမျိုးမဖြစ်ပွား ခဲ့သဖြင့် အထူးကျေနပ်အားရဖွယ်ဖြစ်ခဲ့ရသည်။ ထိုသို့ အခြေအနေမျိုးသာရှိခဲ့ခြင်းမှာလည်း အရေးပေါ်အခြေအနေမျိုးဖြစ်ပေါ်လာပါက စနစ်တကျစီမံကိုင်တွယ်နိုင်ရန် ကြိုတင် ပြင်ဆင်နိုင်ခြင်း၊ အခြားမိတ်ဖက်အဖွဲ့အစည်းများ၊ နိုးနွယ်ဌာနများနှင့် ချိတ်ဆက်ကာ ကြိုတင် လေ့ကျင့်ပြင်ဆင်ခြင်း၊

ဆေးရုံကြီးများတွင် ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ(ခွဲစိတ်၊ မေ့ဆေး၊ အရိုး၊ ဆေးပညာ) ပါဝင်သော အရေးပေါ်စီမံခန့်ခွဲမှုအဖွဲ့များ EMS- Emergency Managment Teams ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့သည့် အကျိုးရလဒ်များပင် ဖြစ်သည်ဟု သုံးသပ်နိုင်မည်ဖြစ်သည်။

တားမြစ်ဆေးဝါးနှင့် လိင်ခွဲခြားစစ်ဆေးမှု

ကျန်းမာရေးနှင့်ဆေးဘက်ဆိုင်ရာ ကော်မတီအနေဖြင့် ထိခိုက်ဒဏ်ရာရရှိမှု၊ ရောဂါဝေဒနာခံစားရမှုများကိုသာ ကျန်းမာရေးစောင့်ရှောက်မှုပေးရမည် မဟုတ်ဘဲ၊ အားကစား သမားများ တားမြစ်ဆေးသုံးစွဲမှုမရှိအောင် စစ်ဆေးရခြင်း၊ ကစားသမားများအကြား ကျား/မ လိင်ခွဲခြားစစ်ဆေးမှုများလည်း ဆောင်ရွက်ပေးရသည်။ တားမြစ်ဆေးဝါးစစ်ဆေးထိန်းချုပ်ခြင်း Doping Control Activity ကို တာဝန်ခံဆရာဝန်(၄၃)ဦး၊ ဆေးတက္ကသိုလ်နောက်ဆုံးနှစ်အပိုင်း(က)မှ ကျောင်းသား/ကျောင်းသူ(၈၃)ဦး တို့ကပါဝင်ကူညီ ဆောင်ရွက်ခဲ့သည်။ နိုင်ငံတကာအနေအထားမှလည်း ဂျပန်တားမြစ်ဆေးဝါးစစ်ဆေးရေးအဖွဲ့ JADA နှင့် ကမ္ဘာ့တားမြစ်ဆေးဝါးစစ်ဆေးရေးအဖွဲ့ WADA တို့မှ ပညာရှင်များလည်း ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည်။ အားကစားသမား (၅၀၀)ထံမှ ဆီးနမူနာများရယူ စစ်ဆေး ဆောင်ရွက်ပေးခဲ့သည်။ ထိုဆီးနမူနာများကိုအမျိုးသားတားမြစ်ဆေးဝါး ထိန်းချုပ်တားဆီးရေးစင်တာ NDCCနှင့် ထိုင်းနိုင်ငံ မဟီဒိုတက္ကသိုလ်တို့သို့ ပေးပို့ကာ စစ်ဆေးပြီးရလဒ်များကို ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီသို့ အစီရင်ခံတင်ပြမှုများ ဆောင်ရွက်နိုင်ခဲ့သည်။

အားကစားပြိုင်ပွဲဝင်များကို လိုအပ်ပါက ကျား/မ ခွဲခြားစစ်ဆေးခြင်းကို အတည်ပြုပေးရန် ဗဟိုအဖွဲ့ကို နေပြည်တော်တွင် ဖွဲ့စည်းထားရှိပြီး၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်တို့တွင် ဆေးရုံအုပ်ကြီး(၁)ဦး ဦးဆောင်ပြီး သားဖွားမီးယပ်၊ ဥပဒေရေးရာ၊ ရောဂါဗေဒစသည့် အထူးကုဆရာဝန်ကြီးများပါရှိသောအဖွဲ့များဖွဲ့စည်းထားရှိကာ ဆောင်ရွက်နိုင်ခဲ့သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ကျန်းမာရေးနှင့်ဆေးဘက်ဆိုင်ရာကော်မတီအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကော်မတီဝင်များ ၊ လုပ်ငန်းအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ကြက်ခြေနီများ၊ စုစုပေါင်းအင်အား(၂၆၈၇)ဦးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ရေကောင်းရေသန့်သုံးစွဲရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ ရရှိရေးကို ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကူးစက်ရောဂါမဖြစ်ပွားစေရေး၊ အရေးပေါ်အခြေအနေများကို စီမံခန့်ခွဲတုံ့ပြန်ခြင်း၊ အားကစားသမားများကို တားမြစ်ဆေးဝါးတားမြစ်ထိန်းချုပ်ခြင်းနှင့် ကစားသမား ကျား/မ စစ်ဆေးပေးခြင်းများကို အောင်မြင်ချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့သည်မှာ နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်မှုတစ်ရပ်အဖြစ် မှတ်တမ်းဝင်ခဲ့ပါသည်။

အားကစားကွင်းနှင့်တည်းခိုနေထိုင်ရေးအဆောက်အဦများ တည်ဆောက်ရေးကော်မတီ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ အားကစားနည်း(၃၃)မျိုးကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ပုသိမ်မြို့များရှိ အားကစားပြိုင်ပွဲ နယ်မြေများမှာ ကျင်းပ ရန် စီစဉ်ခဲ့သည်။ သို့ဖြစ်၍လည်း အဆိုပါနယ်မြေများတွင် လိုအပ်သည့် အားကစားကွင်း/ရုံ နှင့် ရေကူးကန်များကို အချိန်မီတည်ဆောက်ပြီးစီးအောင် ဆောင်ရွက်ခဲ့ကြသည်။ တစ်ချိန်တည်း မှာပင် နိုင်ငံအလိုက်ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမား၊ အုပ်ချုပ်သူနှင့် နည်းပြများအတွက် လိုအပ်သည့် အုပ်ချုပ်မှုအဆောက်အဦများ၊ တည်းခိုနေထိုင်ရေးအဆောက်အဦများကိုလည်း အရှိန်အဟုန်ဖြင့် တည်ဆောက်အကောင်အထည်ဖော်ခဲ့ကြသည်။

အားကစားကွင်း/ရုံ၊ ရေကူးကန်၊ အုပ်ချုပ်မှု အဆောက်အဦများ တည်းခိုနေထိုင်ရေး အဆောက်အဦများကို နိုင်ငံတကာအဆင့်မီရန်နှင့် အထူးသဖြင့် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲများကျင်းပခဲ့သည့် အဆင့်အတန်းထက် မနိမ့်ကျစေရန်၊ သတ်မှတ်ထားသည့် ကာလထက် အနည်းဆုံး (၆)လခန့် ကြိုတင်ပြီးစီးစေရန် ဆောင်ရွက်ခဲ့ကြသည်။

နေပြည်တော်တွင် အားကစားနည်း(၂၆)မျိုး ပြိုင်ပွဲကျင်းပမည်ဖြစ်ရာ Gold Camp အားကစားရွာ Cluster (၁၀)ခုနှင့်ဝဏ္ဏသိဒ္ဓိအားကစား Complex ကြီးကို တည်ဆောက်ခဲ့သည်။ ဝဏ္ဏသိဒ္ဓိနယ်မြေအတွင်း မြားပစ်ကွင်း၊ ဘောလုံးနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပနိုင်မည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်း၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ လက်ဝှေ့၊ မွေ၊ ဖူဆယ်၊ ဘိလိယက်နှင့်စနူကာ၊ စားပွဲတင်တင်းနစ်၊ အားကစားပြိုင်ပွဲများကျင်းပနိုင်မည့် မိုးလုံလေလုံ အားကစား(၃)ရုံတွဲအဆောက်အဦ၊ ရေကူး၊ ဒိုင်ဗင်နှင့်ဝါတာပိုလို ပြိုင်ပွဲများ ကျင်းပနိုင်မည့် ဝဏ္ဏသိဒ္ဓိရေကူးကန်၊ BMX ၊ Down Hall ပြိုင်ပွဲများကျင်းပနိုင်မည့် Mount Pleasantရှိ စက်ဘီးကွင်းနှင့် Cross Country အတွက် ပြိုင်ပွဲလမ်းကြောင်းများနှင့် လှေလှော်ပြိုင်ပွဲကျင်းပမည့် ငလိုက်ဆည် တို့တွင် ပြိုင်ပွဲအတွက် တည်ဆောက်ပြင်ဆင်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် ပီတန်း(ကျောက်ဒိုးပစ်) အားကစားကွင်း သစ်တစ်ခုကိုလည်း ဝဏ္ဏသိဒ္ဓိမြို့နယ်အတွင်း အချိန်မီ ပြီးစီးအောင် တည်ဆောက်ကာ ပြိုင်ပွဲကျင်းပပေးနိုင်ခဲ့သည်။

တစ်ချိန်တည်းမှာပင် ဇေယျာသီရိမြို့နယ်ရှိ ရန်ကုန်-မန္တလေး အဝေးပြေး လမ်းဟောင်း ဘေးမှ သိုက်ချောင်းလမ်းဆုံအနီး မြေကွက်ကြီးတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့်ပုံစံတူ အားကစား ရုံကြီးနှင့် ရေကူးကန်အပါအဝင် အားကစား Complex ကြီးတစ်ခုကိုလည်း တည်ဆောက်ခဲ့ပြီး ဇေယျာသီရိ အားကစားကွင်းကြီးတွင် ဘောလုံးပွဲများ၊ ဗိုဗီနမ်၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ဂျူဒို၊ ပန်ကြပ်ဆီလတ်နှင့် ဇေယျာသီရိရေကူးကန်တွင် ဝါတာပိုလိုပြိုင်ပွဲများကို ကျင်းပနိုင်ခဲ့ပြီး ဇမ္ဗူသီရိဟိုတယ်တွင် စစ်တုရင်ပြိုင်ပွဲများကို ကျင်းပခဲ့ကာ ရွှိုင်ရယ်ဂေါက်ကလပ်တွင်လည်း ဂေါက်သီးရိုက် ပြိုင်ပွဲများပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ရန်ကုန်မြို့တွင် ကျင်းပမည့် အားကစားနည်း (၇)မျိုးအတွက် ပြိုင်ပွဲနေရာ(၆)ခုကို ဆောက်လုပ်ပြင်ဆင်မှုများ ပြုလုပ်နိုင်ခဲ့သည်။ တည်ဆောက်ပြီး အားကစားကွင်းရုံများနှင့် အုပ်ချုပ်မှုအဆောက်အဦများ မွမ်းမံပြင်ဆင်ခြင်း၊ အသစ် တည်ဆောက်ခြင်းများကို ဆောင်ရွက်ခဲ့သည်။လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ကို အဆင့်မြှင့်တင်ပြင်ဆင်ခဲ့ပြီး

မြန်မာ အမျိုးသားအသင်းပါဝင်သည့် ဘောလုံးအုပ်စုပွဲစဉ်များ ကျင်းပခဲ့သည်။ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁)တွင် နပမ်းနှင့် ကမ်ပိုအားကစားပြိုင်ပွဲများ၊ ရန်ကုန်(သိမ်ဖြူ)ဟော်ကီကွင်းတွင် ဟော်ကီ ပြိုင်ပွဲ၊ သိမ်ဖြူအားကစားခန်းမတွင် အလေးမအားကစားပြိုင်ပွဲများ၊ မရမ်းကုန်းမြို့နယ်ရှိ မြန်မာ ကွန်ဗင်းရှင်းစင်တာ MCC တွင် ကာယဗလ အားကစားပြိုင်ပွဲများ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) သေနတ်ပစ်ကွင်းတွင် သေနတ်ပစ် အားကစားပြိုင်ပွဲတို့ကို အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့သည်။

မန္တလေးမြို့ အားကစားဇုန်နယ်မြေမှာလည်း အားကစားကွင်း၊ အားကစားရုံနှင့်အသစ် တည်ဆောက်ဆဲ အဆင့်မြင့်အားကစားကွင်းများကို လုပ်ငန်းစီမံချက်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်နိုင်ခဲ့ပြီး မန္တလာသီရိ အားကစားကွင်း၌ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ကျင်းပနိုင် ခဲ့သည်။

ပုသိမ် အားကစားဇုန်နယ်မြေမှာလည်း ငွေဆောင်ကမ်းခြေ၌ ကျင်းပမည့် ရွက်လှေ ပြိုင်ပွဲအတွက် ရွက်လှေအားကစားစခန်းကို အချိန်မီပြီးစီးအောင် အသစ်တည်ဆောက်ခဲ့ပြီး ပြိုင်ပွဲကို အောင်မြင်စွာကျင်းပပေးနိုင်ခဲ့သည်။

နေပြည်တော်ရှိ Gold Camp အားကစားရွာအတွင်း၌လည်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်ကြသည့် နိုင်ငံအလိုက် အားကစား သမားများ၊ အုပ်ချုပ်/နည်းပြများအတွက် လိုအပ်သည့် တည်းခိုနေထိုင်ရေး အဆောက်အဦများကို လုပ်ငန်းစီမံချက်ကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင် ခဲ့သည်။

သို့ဖြစ်ရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ အားကစားကွင်း/ရုံ၊ ရေကူးကန်များ၊ အုပ်ချုပ်မှုအဆောက်အဦများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် အားကစားကွင်းနှင့် တည်ဆောက်ရေးကော်မတီ၏ လုပ်ငန်းတာဝန် များကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

လုံခြုံရေးကော်မတီ၏ ဆောင်ရွက်နိုင်မှုများ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ ကျင်းပခဲ့ရာတွင် နေပြည်တော်အားကစားရွာကို ၂၀၁၃ခုနှစ်နိုဝင်ဘာ (၂၄)ရက်နေ့တွင် လည်းကောင်း၊ အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ(၁)ရက်နေ့တွင်လည်းကောင်း၊ ဖွင့်ပွဲ အခမ်းအနား ကို ဒီဇင်ဘာ(၁၁)ရက်နေ့တွင်လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ (၂၂)ရက်နေ့တွင် လည်းကောင်းကျင်းပနိုင်ခဲ့ပြီး နေပြည်တော် Gold Camp အားကစားရွာကို လည်းအောင်မြင်စွာ ပိတ်သိမ်းနိုင်ခဲ့ပြီး ဖြစ်သည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲ၏ လုံခြုံရေးကော်မတီအနေဖြင့် ပြိုင်ပွဲမစတင်မီကပင် လုံခြုံရေးဆိုင်ရာကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိခဲ့သကဲ့သို့ ပြိုင်ပွဲကာလအတွင်း၌လည်း ပြိုင်ပွဲအခမ်းအနားသို့ ဖိတ်ကြားထားသော အာဆီယံနိုင်ငံများမှ အကြီးအကဲများ၊ ကမ္ဘာ/အာရှ

အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ ဧည့်သည်တော်များ၊ အာဆီယံ ဒေသတွင်းမှ သံတမန်များ၊ ပြည်တွင်းမှဖိတ်ကြားခံ ပုဂ္ဂိုလ်များအနက် နိုင်ငံတော် အကြီးအကဲများ အပါအဝင်ဧည့်သည်တော်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ အားကစားအဖွဲ့ချုပ်များမှ ကိုယ်စားလှယ်များ ပြည်တွင်းအခြေစိုက် သံသမန်များ၊ လေ့လာရေး Observer အဖွဲ့များ(၁၆၀)ဦး၊ မီဒီယာများ(၅၁၁)ဦး၊ အားကစားသမားများနှင့် နည်းပြ/အုပ်ချုပ်သူများ (၅၆၆၃)ဦး၊ ဒိုင်/ဂျူရီများ (၂၀၆)ဦး၊ လုံခြုံရေး(၂၇၀၁၈)ဦး၊ လုပ်အားပေး(၁၈၂၃)ဦး၊ ဖျော်ဖြေရေး(၈၃၃၈)ဦး၊ လာရောက်လည်ပတ်သူ(၂၀၀၀၀)ဦးခန့်နှင့် စုစုပေါင်း ပရိသတ်အင်အား ၆၄၀၀၀ ကျော်ခန့်၏ လုံခြုံရေးကိစ္စအဝဝကိုစီမံကိုင်တွယ်ဖြေရှင်းခဲ့ရသည်။

(၂၇)ကြိမ်မြောက်ဆီးဂိမ်းစ်ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီမှ လုံခြုံရေးကော်မတီကို ၂၀၁၁ခုနှစ် ဇူလိုင်လ (၄)ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌအဖြစ် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တာဝန်ယူကာ၊ ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်အား အတွင်းရေးမှူး၊ ရဲဦးစီးအရာရှိချုပ်အား တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ပေးအပ်ကာ နေပြည်တော်ကောင်စီဝင်၊ ရန်ကုန်၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးများ၏ အစိုးရအဖွဲ့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူးများ၊ မီးသတ်ဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များကို အဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

လုံခြုံရေးကော်မတီ၏လုပ်ငန်းတာဝန်များအဖြစ် ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ ဆိုက်ရောက်စဉ်မှ တည်းခိုမည့် ဟိုတယ်များသို့ သွားသည့် ခရီးစဉ်များ၌ လုံခြုံရေးတာဝန်ယူ၍ နိုင်ငံတော်အကြီးအကဲများနှင့် အရေးကြီးပုဂ္ဂိုလ်များ တည်းခိုသည့် ဟိုတယ်များ၏ အတွင်းစည်း၊ အပြင်စည်းလုံခြုံရေးများ ဆောင်ရွက်ရန်၊ အရေးကြီးပုဂ္ဂိုလ်များ ယာဉ်မောင်းနှင့် LO များ၏ အတွင်းရေးနောက်ကြောင်း များစုံစမ်းစိစစ်ရန်၊ ပြိုင်ပွဲကာလအတွင်း အားကစားရွာ၏ အတွင်းစည်း၊ အပြင်စည်း၊ လုံခြုံရေးဆောင်ရွက်ပေးရန်၊ လုံခြုံရေးဆိုင်ရာအခြားအစီမံများ၊ အသေးစိတ်ဆောင်ရွက်ရန်နှင့် အခြားကော်မတီများ၏ လုပ်ငန်းများကို ကူညီရန်၊ ကော်မတီ၏ ဘဏ္ဍာရေးဆိုင်ရာကိစ္စများကို စိစစ်ဆောင်ရွက်ရန် လိုအပ်ပါက ကော်မတီများဖြည့်စွက်ဖွဲ့စည်းနိုင်ရန် ပြိုင်ပွဲကျင်းပရေးဦးစီးကော် မတီသို့ တင်ပြဆောင်ရွက်ရန် ဟူသော တာဝန်များ သတ်မှတ်ပေးထားခဲ့သည်။

ထိုသို့သော လုံခြုံရေးတာဝန်များကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပုသိမ်(ငွေဆောင်)ဇုန်များအလိုက် ခွဲခြားကာ ဗိုလ်မှူးကြီးအဆင့်ရှိ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ မီးရှူးတိုင်လုံခြုံရေးအတွက် ရဲမှူးကြီးအဆင့်ရှိ ရဲတပ်ရင်း စုကွပ်ကဲရေးမှူးတို့က တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

ဇုန်အလိုက် ကျင်းပခဲ့သည့် အားကစားနည်း အသီးသီး၏ ပြိုင်ပွဲများကိုလည်း နေပြည်တော်ဇုန်တွင် အားကစားနည်း(၂၆)မျိုး၊ ရန်ကုန်ဇုန်တွင် (၇)မျိုး၊ မန္တလေးဇုန်တွင် (၁)မျိုးနှင့် ပုသိမ်(ငွေဆောင်)ဇုန်တွင် အားကစားနည်းတစ်မျိုးတို့ကိုလုံခြုံရေးတာဝန်များယူခဲ့သည်။ ထို့သို့သော

လုံခြုံရေးတာဝန်များကို ထမ်းဆောင်စေရာတွင် ပြည်ထဲရေးဌာနအောက်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အင်အား ပေါင်း(၁၇၉၉၆)ဦး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ (၄၁၅)ဦး၊ မီးသတ်ဦးစီးဌာနမှ(၂၆၈၀)ဦး၊ စုစုပေါင်း (၂၁၀၉၁)ဦး ပါဝင်ခဲ့ပြီး၊ သီးသန့်အဖွဲ့အစည်းများဖြစ်သည့် နေပြည်တော်ကောင်စီ၊ ခရိုင်မှ ရပ်/ကျေးအထိ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အားကစား၊ ယဉ်ကျေးမှု၊ ပို့ဆောင်ရေး၊ ဘဏ္ဍာ/အခွန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တောရေးဝန်ကြီးဌာနများ မှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ကင်းထောက်လူငယ်အဖွဲ့ဝင်များလည်းပါဝင်စေခဲ့သည်။ ထပ်ဖြည့်အင်အားစုများအဖြစ် နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ အင်အား (၃၂၉၆)ဦးနှင့် ပြင်ပအားမာန်ရှင်လုံခြုံရေးကုမ္ပဏီမှ လုံခြုံရေးဝန်ထမ်း(၁၁၃)ဦး ပါဝင်ခဲ့ရာ လုံခြုံရေးကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် အင်အားပေါင်းချုပ် (၂၄၅၀၀)ဦး အထိ ပါဝင်ဆောင်ရွက်နိုင်ခဲ့သည်။

(၂၇)ကြိမ်မြောက်ဆီးဂိမ်းစ်ပြိုင်ပွဲကာလအတွင်းလုံခြုံရေးတာဝန်များကို ဆောင်ရွက်ရာ တွင် နိုင်ငံခေါင်းဆောင်များအပါအဝင် အားကစားများ၏ နေထိုင်တည်းခိုရာ၊ ပြိုင်ပွဲကျင်းပသည့် နေရာများ၏ နေရာလုံခြုံရေး၊ လမ်းကြောင်းလုံခြုံရေး၊ လူပုဂ္ဂိုလ်လုံခြုံရေး၊ ယာဉ်တန်းလုံခြုံရေး၊ နယ်မြေလုံခြုံရေး၊ အရေးပေါ်လုံခြုံရေးနှင့် မီးဘေးလုံခြုံရေးအထိ အသေးစိတ် စီမံချက်များ ရေးဆွဲဆောင်ရွက်ခဲ့သည်။

ထို့သို့သော လုံခြုံရေး ကိစ္စအဝဝကို ဆောင်ရွက်ရာတွင် လုံခြုံရေး အထောက်အကူပြု ခေတ်မီ ပစ္စည်းများအဖြစ် X- Ray Machine System, Walk Through Metal Detector, Hand Held Metal Dector,Under Vehicle Search Mirror, UVSM Camera, Body Scanning System(X-ray), Bomb Jummer, Speed Dome Camera, DvR Server CCTV, Fix CCtv Camera, Anti- Riot Equipments, Mine Detector, TC-91 Metal Detector, HYT လက်ကိုင်စကားပြောစက်များနှင့် အခြားလုံခြုံရေး အထောက်အကူပြု ခေတ်မီပစ္စည်းကရိယာများ ကိုလည်း အသုံးပြုဆောင်ရွက်နိုင်ခဲ့သည်။

ထိုသို့စနစ်တကျစီမံချက်များရေးဆွဲကာ ကြိုတင်ကာကွယ်ပြင်ဆင်လေ့ကျင့်မှုများ လုပ်ဆောင်နိုင်ခြင်း၊ ခေတ်မီလုံခြုံရေးအထောက်အကူပြုပစ္စည်းများ၊ ကိုင်တွယ်ဆောင်ရွက်နိုင်ရန် သင်တန်းများပေးပြီးလေ့ကျင့်စေခြင်း၊ ပြည်သူလူထုကလည်း စည်းကမ်းရှိရှိ တာဝန်သိစိတ်ဖြင့် ကူညီပါဝင်ခြင်းများကြောင့် အဓိကဆုလာဘ်များ၊ အဖျက်အနှောက်လုပ်ငန်းများ ကြီးမားစွာ မကြုံတွေ့ရဘဲ (၂၇)ကြိမ်မြောက်ဆီးဂိမ်းစ်ပြိုင်ပွဲကြီးမှာ ဘေးအန္တရယ်ကင်းကင်းဖြင့် အောင်မြင်ပြီးမြောက်ခဲ့ခြင်းဖြစ်ကြောင်း၊ သုံးသပ်တွေ့ရှိနိုင်မည်ဖြစ်ပါသည်။

ဖိတ်ကြားရေးနှင့်ကြိုဆိုဆက်သွယ်ဆက်ဆံရေးကော်မတီ

ဖိတ်ကြားရေးနှင့် ကြိုဆိုဆက်သွယ်ဆက်ဆံရေးကော်မတီတွင်ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ဒုတိယရဲချုပ်)နှင့် အားကစားနှင့်

ကာယပညာ၊ သံတမန်ရေးရာ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး၊ အကောက်ခွန်၊ လေကြောင်းပို့ဆောင်ရေး၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေး၊ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ့ဆက်သွယ်ရေး၊ မြန်မာ့ဟိုတယ်ခရီးသွား လုပ်ငန်းတို့မှ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ မြန်မာ့နိုင်ငံရဲတပ်ဖွဲ့သတင်းတပ်ဖွဲ့မှူး၊ အားကစားနှင့်ကာယပညာ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်စည်ပင်ဌာနမှူး၊ မြန်မာနိုင်ငံအိုလံပစ် ကော်မတီတွဲဖက် အတွင်းရေးမှူးတို့က အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် နှင့် ညွှန်ကြားရေးမှူးတစ်ဦးတို့က ကော်မတီ၏ အတွင်းရေးမှူးနှင့်တွဲဖက် အတွင်းရေးမှူးတို့အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။

ဖိတ်ကြားရေးနှင့် ကြိုဆိုဆက်သွယ်ဆက်ဆံရေး ကော်မတီသည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အတွက်ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရသောကော်မတီပင်ဖြစ်သည်။ ပြိုင်ပွဲသို့ ကြွရောက်လာကြသော ပြည်တွင်းမှ ပုဂ္ဂိုလ်များကို ဖိတ်ကြားရာတွင် နိုင်ငံတော်အကြီးအကဲအပါအဝင်တာဝန်ရှိသူ (၁၇၀)ဦး၊ လွှတ်တော်ရေးရာ ကော်မတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး(၉၄)ဦး၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ပုဂ္ဂိုလ်များ၊ ပြည်တွင်းအခြေစိုက်သံတမန်များ စုစုပေါင်း(၇၁၁)ဦးကို ဖိတ်ကြားမှုပြုခဲ့သည်။ အခြားဖိတ်ကြားသင့် သည့် ပုဂ္ဂိုလ်များအဖြစ် ပြိုင်ပွဲအရပ်ရပ်သို့ လှူဒါန်းထောက်ပံ့သူများ၊ လူမှုရေးအဖွဲ့အစည်းများ ဖြစ်သည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီအသင်း၊ စာနယ်ဇင်းကောင်စီ၊ ရုပ်ရှင် အစည်းအရုံး၊ ဂီတ အစည်းအရုံး၊ သဘင်ပညာရှင်များအစည်းအရုံး၊ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များသို့ ဆက်သွယ် ကမ်းလှမ်းဖိတ်ကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် ဆီးဂိမ်းစ်ပြိုင်ပွဲ၏ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားသို့တက်ရောက် ကြမည့် ပြိုင်ပွဲဝင်နိုင်ငံများမှ အကြီးအကဲများ၊ အိုလံပစ်ကော်မတီဝင်များ၊ နိုင်ငံတကာအားကစား အဖွဲ့ချုပ်များမှ ဧည့်သည်တော်များ၊ အားကစားအဖွဲ့များကို နိုင်ငံခြားရေးရာဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းပြီးစီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် ပြိုင်ပွဲတစ်လျှောက် အားကစားနည်းအလိုက် ပွဲစဉ်များကို လာရောက်ကြည့်ရှုအားပေးကြမည့် အကြီးအကဲများ၊ ဧည့်သည်တော်များ၊ ပရိသတ်များအတွက် ကြိုဆိုနေရာချထားရေး၊ လမ်းညွှန်ဆိုင်းဘုတ်များ စီစဉ်ခြင်း၊ လမ်းညွှန်မြေပုံများဖြန့်ဝေခြင်း လိုအပ်သောဘဏ္ဍာငွေများရရှိရေးတို့ကို ဆောင်ရွက် ခဲ့ပြီး အကြီးအကဲများအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားအသင်းအဖွဲ့အတွက် ဆောင်ရွက်မည့် Guide နှင့် Laison များကို ပြိုင်ပွဲကာလအတွင်းထိရောက်စွာ တာဝန် ထမ်းဆောင်နိုင်ရေးအတွက် စုစည်းလေ့ကျင့်ခြင်း၊ လိုအပ်သည့် သင်တန်းများပေးခြင်းတို့ကို ဆောင်ရွက်ကာ အဆိုပါ အားကစား ပြိုင်ပွဲကြီးတွင် အောင်မြင်စွာတာဝန်ထမ်းဆောင်စေနိုင်ခဲ့သည်။

ဖိတ်ကြားရေးနှင့်ကြိုဆိုဆက်သွယ်ဆက်ဆံရေးကော်မတီအနေဖြင့် ပြိုင်ပွဲကာလအတွင်း ပြိုင်ပွဲလာပုဂ္ဂိုလ်အားလုံးကို ကြိုဆိုနေရာချထားရေးမှ စတင်ကာ ဆက်သွယ်ဆက်ဆံရေးလုပ်ငန်း

များအထိ လုပ်ငန်းတာဝန်များကို အဆင့်ဆင့်ဆောင်ရွက်စေခဲ့ပြီး ပြိုင်ပွဲအရပ်ရပ်နှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်များကိုလည်း အတွင်းရေးမှူးရုံးနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် အစစ အဆင်ပြေခဲ့သည်။

ပြိုင်ပွဲလာ ပုဂ္ဂိုလ်အားလုံးကို သယ်ယူပို့ဆောင်ရေးတွင် ပြိုင်ပွဲမတိုင်မီရောက်ရှိလာ သူများမှအစ ပြိုင်ပွဲကာလအတွင်း နှင့် ပြိုင်ပွဲပြီးမှပြန်လည်ထွက်ခွာသူများအားလုံး အဆင်ပြေ စေရန် လေဆိပ်နှင့် Sports Village တို့တွင်ပါ အဖွဲ့ခွဲများထားရှိစီစဉ်ပေးနိုင်ခဲ့သည်။

ကော်မတီ၏ လုပ်ငန်းများကို ကွပ်ကဲရေး၊ ဆက်သွယ်ရေးလုပ်ငန်းများအတွက်လည်း သီးခြားအနီးကပ်ကွပ်ကဲမှုအဖွဲ့ကို ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ အရေးကြီးပုဂ္ဂိုလ်များ၊ အားကစားကော်မတီများ၊ အားကစားအသင်း အဖွဲ့များအနေဖြင့်လည်း ပြိုင်ပွဲကျင်းပသည့်နေရာများသို့ တယ်လီဖုန်း၊ ဖက်စ်များဆက်သွယ် နိုင်ရန်၊ ဖွင့်ပွဲပိတ်ပွဲနှင့် အရေးကြီးအခမ်းအနားများကျင်းပစဉ် ဆက်သွယ် သတင်းပေးပို့နိုင်မည့် အစီအစဉ်များကိုလည်း ဆောင်ရွက်ခဲ့သည်ဖြစ်ရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို (၄၄)နှစ်ကြာမှ အိမ်ရှင်အဖြစ် ဆောင်ရွက်ခဲ့ရသော်လည်း အဆင်ပြေချောမွေ့စွာဖြင့် အောင်မြင်ပြီးမြောက် စွမ်းဆောင်ပေးနိုင်ခဲ့ကြပါသည်။

သယ်ယူပို့ဆောင်ရေးကော်မတီ

အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သယ်ယူပို့ဆောင်ရေးကော်မတီအနေဖြင့် လုပ်ငန်းစီမံချက်နှင့် ကြိုတင်ရေးဆွဲပြင်ဆင်ဆောင်ရွက်ခဲ့သဖြင့် အခက်အခဲမရှိ စွမ်းဆောင် အကောင်အထည်ဖော်နိုင်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲများအပါအဝင် ဒေသဆိုင်ရာ အားကစားအဖွဲ့ချုပ်များမှ ပုဂ္ဂိုလ်များ၊ ဒိုင်/ဂျူရီ၊ နည်းပြ/အုပ်ချုပ်သူနှင့် ကစားသမားများ အားပေးသူလူထုပရိသတ်များ အပါအဝင် လူအင်အား သိန်းဂဏန်းအထိ ပါဝင်စုစည်းလှုပ်ရှား ခဲ့ကြသည့် နိုင်ငံတကာအဆင့် အားကစားပြိုင်ပွဲကြီးတစ်ခုလုံး၏ အဓိကလုပ်ငန်းတစ်ရပ်ဖြစ်သည့် သယ်ယူပို့ဆောင်ရေးကို တာဝန်ယူဆောင်ရွက်ရခြင်းမှာ ကြီးမားကျယ်ပြန့်သည့် လုပ်ငန်းရပ် ဖြစ်သည်။

ပြိုင်ပွဲဝင် နိုင်ငံ(၁၁)နိုင်ငံမှ ဖိတ်ကြားခံရသည့် VVIP, VIP များ၊ အပါအဝင် ပုဂ္ဂိုလ်များကို စတင်ရောက်ရှိလာချိန်မှစ၍ လေ့ကျင့်ရေးကွင်းများ၊ ပြိုင်ပွဲကျင်းပသည့်နေရာများ၊ သွားရောက် လေ့လာကြည့်ရှုလိုသည့်နေရာများသို့ သွားလာမှုအတွက် ပုဂ္ဂိုလ် အဆင့်အတန်းလိုက် ယာဉ်များစီစဉ်ပေးခြင်း၊ ပြိုင်ပွဲကာလအတွင်းနှင့် ပြိုင်ပွဲပြီးဆုံးပြီးနောက် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်ထွက်ခွာရန် လေဆိပ်သို့ ပြန်လည်ပို့ဆောင်ပေးရေးကိစ္စအဝဝကို စီစဉ်ဆောင်ရွက်ပေးခဲ့ ကြရသည်။

ဖွဲ့စည်းမှုနှင့်အင်အား

ထိုလုပ်ငန်းများကို ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ ဒုတိယဝန်ကြီး၊ ဆက်စပ်ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ စုစုပေါင်း(၁၃)ဦး ပါဝင်သော ကော်မတီကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပြီး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

သယ်ယူပို့ဆောင်ရေးကော်မတီက တာဝန်ယူပို့ဆောင်ပေးရသည့် လူအင်အား စာရင်းမှာ ဖိတ်ကြားခံပုဂ္ဂိုလ် (၅၀၉)ဦး၊ ဒိုင်/ဂျူရီ(၈၃၃)ဦး၊ အားကစားအဖွဲ့ (၅၉၄၄)ဦး၊ မီဒီယာအဖွဲ့ (၇၁၅)ဦး၊ လေ့လာသူ(၆၉၅)ဦး၊ ဖွင့်ပွဲ/ပိတ်ပွဲဖျော်ဖြေရေးအဖွဲ့ (၉၀၀၀)ဦးနှင့် စုစုပေါင်း (၁၇၆၉၆)ဦးပါဝင်ခဲ့သည်။

ယာဉ်နှင့်ယာဉ်မောင်း အင်အား

သယ်ယူပို့ဆောင်ရေးကော်မတီက တာဝန်ယူပို့ဆောင်ပေးမည့် အဓိကလူအင်အား စာရင်းမှာ စုစုပေါင်း (၁၇၆၉၆)ဦးအထိ ရှိနေသဖြင့် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ယာဉ် အရေအတွက် လိုအပ်ချက်နှင့် ဖြည့်ဆည်းပေးနိုင်မှုများကို ချိန်ဆတွက်ချက်ရသည်။ ထို့ကြောင့်ပင် လိုအပ်သည့် ယာဉ်၊ ECC မှသုံးစွဲမည့်ယာဉ်၊ ကကထောက်မှ သုံးမည့်ယာဉ်၊ ဝယ်ယူထားသည့်ယာဉ်၊ ငှားရမ်းရမည့် ယာဉ်ဟူ၍ သတ်မှတ်ချိန်ဆခဲ့ရသည်။ လိုအပ်သည့် ယာဉ်များအနက် Salon (၂၂၇)စီး၊ Wagon (၁၃)စီး၊ Micro Bus (၁၆၀)စီး၊ City Bus (၁၂၅)စီး၊ Sino Truck (၂၀၀)စီး၊ Mini Bus (၈၅)စီး၊ ကုန်တင်ယာဉ် (၁၅)စီး၊ ဆီသယ်ယာဉ် (၆)စီးကို ရှာဖွေစုဆောင်းနိုင်ခဲ့ပြီး စုစုပေါင်း ယာဉ်မျိုးစုံ (၈၃၁)စီးကို အသုံးပြုဆောင်ရွက်ခဲ့သည်

သယ်ယူပို့ဆောင်မှုတွင် ရာထူးအဆင့်အလိုက် အဆင့်သတ်မှတ်ချက်များ ထားရှိရာတွင် လည်း VVIP နှင့် VIP အဆင့်ပုဂ္ဂိုလ် (၁)ဦး (၁)စီးနှုန်းဖြင့် Saloon ကား(၃၃)စီး၊ Saloon/wagon ကားများတွင် (၂)ဦး(၃)ဦး တစ်စီးနှုန်းဖြင့် စီစဉ်ပြီး၊ နည်းစနစ်ကိုယ်စားလှယ်၊ ဒိုင်ဂျူရီတို့ အတွက် Micro Bus (Hiace /Townace) ကားများ၊ အားကစားအဖွဲ့၊ မီဒီယာနှင့်လေ့လာသူအဖွဲ့ များကို Shuttle Bus စနစ်ဖြင့် စင်းလုံးပို့ဆောင်သည့်စနစ် အသုံးပြုခဲ့ပြီး ပစ္စည်းများသယ်ယူ ပို့ဆောင်မှုအတွက် Cargo (Box Truck)များကို အသုံးပြုခဲ့သည်။

ယာဉ်အမျိုးအစားအလိုက် နေပြည်တော်တွင် Saloon (၁၄၁)စီး၊ Wagon (၉)စီး၊ Micro Bus (၁၂၀)စီး၊ Mini Bus (၇၄)စီး၊ City Bus (၁၀၀)၊ Sino Truck (၂၀၀)စီး၊ Box Truck (၁၂)စီး၊ Bowse (၅)စီး စုစုပေါင်း ယာဉ်မျိုးစုံ (၆၆၁)စီးကို စတာ (၇)နေပြည်တော်လေဆိပ် ECC ကားဂိုဒေါင်၊ အားကစားရွာ(အတွင်း)နှင့် အားကစားရွာ(အပြင်) တို့တွင် မော်တော်ယာဉ် စုစည်း(၇)နေရာတွင် ထားရှိခဲ့သည်။ အလားတူ ရန်ကုန်တွင် မော်တော်ယာဉ်(၁၂၈)စီးကို

အားကစားသိပ္ပံဝင်း၊ မန္တလေးတွင် အဆင့်မြင့်အားကစားကွင်း၌ ယာဉ်မျိုးစုံ (၂၁)စီး၊ ငွေဆောင်တွင် ရွှက်လှေအသင်း၌ (၂၁)စီး ထားရှိခဲ့သည်။

သယ်ယူပို့ဆောင်ရေးကော်မတီ၏ ကွပ်ကဲမှုအောက်တွင် မော်တော်ယာဉ် ကွပ်ကဲရေး အရာရှိ၊ ယာဉ်မောင်း၊ အရန်ယာဉ်မောင်း၊ ယာဉ်အကူ၊ ယာဉ်ကြီးကြပ်၊ ယာဉ်ပြင်များအဖြစ် ဝန်ထမ်းပေါင်း (၁၀၅၅)ဦးကို ဗဟိုကွပ်ကဲရေးရုံးအဖွဲ့၊ ဒိုင်/ဂျူရီ၊ အုပ်ချုပ်နည်းပြနှင့် အားကစားသမား၊ Shuttle Bus တာဝန်၊ Hight way သို့ သယ်ယူပို့ဆောင်ရေးအဖွဲ့၊ NOC ရုံးအဖွဲ့၊ ရန်ကုန်၊ မန္တလေး၊ ငွေဆောင်နှင့် ဖွင့်ပွဲ၊ ပိတ်ပွဲသယ်ယူပို့ဆောင်ရေးအဖွဲ့များအဖြစ် တာဝန်များ အသီးသီးခွဲဝေဆောင်ရွက်စေခဲ့သည်။

ယခုကဲ့သို့ မော်တော်ယာဉ် မျိုးစုံ အစီးရေပေါင်း (၈၃၁)စီးကို အသုံးပြုကာ ပို့ဆောင်ရေးလုပ်ငန်းများကို အချိန်နှင့်တပြေးညီ စီမံဆောင်ရွက်ခဲ့သည်ဖြစ်ရာ မော်တော်ယာဉ် စက်သုံးဆီ အသုံးပြုမှုအနေဖြင့် Octane 92 (၂၆၅၃) ဂါလံ၊ Octane 95 (၈၀၃၇)ဂါလံ၊ ဒီဇယ် (၄၃၅၃၂၂) ဂါလံ ဖြင့်စုစုပေါင်း စက်သုံးဆီ (၅၄၂၂၂)ဂါလံအထိ သုံးစွဲခဲ့ရပြီး ကြီးမားသော ပြဿနာအခက်အခဲများမကြုံတွေ့ခဲ့ရဘဲ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲ အတွက်သယ်ယူပို့ဆောင်ရေးကော်မတီ၏လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ ပါသည်။

ပြိုင်ပွဲဝင်များ မှတ်ပုံတင်ခြင်းနှင့် အားကစားနည်းစနစ်ကော်မတီ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာတွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ (၁၁)ရက်မှ (၂၂)ရက်နေ့အထိ အားကစားနည်း ပေါင်း (၃၃)မျိုးကိုထည့်သွင်းယှဉ်ပြိုင်နိုင်ရေးအတွက် ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားသမားများ အနေဖြင့် မိမိတို့ယှဉ်ပြိုင်မည့် အားကစားနည်းအလိုက် မှတ်ပုံတင်စာရင်းသွင်းနိုင်ရေးနှင့် ပြိုင်ပွဲ၌ပါဝင်ယှဉ်ပြိုင်နိုင်ရေးမှာ အရေးပါသော လုပ်ငန်းရပ်တစ်ခုလည်းဖြစ်သည်။

သို့ဖြစ်ရာ အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံသို့ လာရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံများမှ အကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာ အိုလံပစ်၊ အာရှအိုလံပစ်ကော်မတီများမှ ပုဂ္ဂိုလ်ကြီးများ၊ ပြိုင်ပွဲဝင်အားကစားအဖွဲ့ခေါင်းဆောင်များ၊ ပြိုင်ပွဲတွင် တာဝန်ယူကြီးကြပ်ကြမည့် ဂျူရီ၊ ဒိုင်ချုပ်နှင့် ဒိုင်လူကြီးများ၊ အားကစားမီဒီယာများ၊ အားကစားမောင်မယ်များ၊ အထူးဧည့်သည် တော်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လုပ်အားပေးလူငယ်များ၊ ဝန်ကြီးဌာနဧည့်သည်အသီးသီးမှ လုပ်ငန်းကော်မတီဝင်များနှင့် အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ အင်အားအရေအတွက် ပမာဏနှင့် အမည်စာရင်းများကို တိကျစွာ ရယူနိုင်မှုကို အခြေခံကာ အားကစားမှတ်ပုံတင်ခြင်း လုပ်ငန်းကို အလေးအနက်ထားပြီး ပြိုင်ပွဲမတိုင်မီ ၂၀၁၃ ခုနှစ် ဇွန်လမှ စတင်ကာ ကနဦး လုပ်ငန်းများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

ထိုမှတ်ပုံတင်ခြင်းလုပ်ငန်းမှ ရရှိသောအခြေခံအချက်အလက်များကို မူတည်ကာ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတက်ရောက်မည့် ပုဂ္ဂိုလ်များကို ကြိုဆိုရေး၊ တည်းခို

နေထိုင်စားသောက်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ ပြိုင်ပွဲကျင်းပရေး၊ လုပ်ငန်းကော်မတီအား အထောက်အကူပြုရေး၊ အားကစားစီမံခန့်ခွဲမှုဆိုင်ရာများကို ဆောင်ရွက်နိုင်ရန် စတင်ခဲ့သည်။ ပြိုင်ပွဲအား ကစားနည်းအလိုက် Technical Delegates များ၊ ဒိုင်/ဂျူရီများ၊ ပြိုင်ပွဲမန်နေဂျာများ၊ ကွင်း/ရုံမန်နေဂျာများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို စနစ်တကျ စည်းရုံးရယူကာ အားကစားနည်း(၃၃)မျိုးအတွက် ပြိုင်ပွဲအမျိုးအစားပေါင်း ၄၆၀ ကို ပြိုင်ပွဲစတင်သည် မှ နောက်ဆုံး အောင်မြင်ပြီးမြောက်စွာ ကျင်းပပြီးစီးသည်အထိ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပြိုင်ပွဲဝင်နိုင်ငံများမှတ်ပုံတင်ခြင်းနှင့် အားကစားနည်းစနစ်ကော်မတီအနေဖြင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းများနှင့် မြန်မာအားကစားအဖွဲ့အောင်နိုင်ရေး တာဝန်များကို ရာနှုန်းပြည့်အထောက်အကူပြုခြင်းဖြင့် အားကစားပြိုင်ပွဲကြီးတစ်ခုလုံး ချောမောပြေပြစ် အောင်မြင်စွာ ကျင်းပနိုင်စေရန်ဟူသော ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင် ခဲ့သည်။

လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်

ပြိုင်ပွဲဝင်နိုင်ငံများမှတ်ပုံတင်ခြင်းနှင့် အားကစားနည်းစနစ်ကော်မတီအနေဖြင့် လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း၊ လုပ်ငန်းဆိုင်ရာပေါင်းစပ်ကော်မတီအစည်းအဝေးများ ကျင်းပခြင်း၊ အင်အားအရေအတွက် (By Number)နှင့် အမည်စာရင်း (By Name)အလိုက် မှတ်ပုံတင်စာရင်းများတောင်းခံခြင်း၊ လက်စွဲစာစောင်များပြုစုထုတ်လုပ်ဖြန့်ဝေခြင်း၊ လုပ်ငန်းဆိုင်ရာသင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ နိုင်ငံအလိုက် Registration & Accreditation Card များ စိစစ်ပြုလုပ်ပေးခြင်း၊ နိုင်ငံအလိုက်နှင့် အားကစားနည်းအလိုက် ဆုတံဆိပ်ရရှိမှုအခြေအနေများ ပြုစုခြင်းကို ဆောင်ရွက်ပေးခဲ့ပါသည်။

နိုင်ငံအလိုက် Registration & Accreditation Card များပြုလုပ်ပေးနိုင်မှုအနေအထားမှာ ဒီဇင်ဘာလ (၂၂)ရက်နေ့အထိ ပြည်ပစိစစ်ရေးကဒ်စုစုပေါင်း (၉၄၄၅) ကဒ်နှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီ(၁၄)ခုမှ ကော်မတီဝင်များ၊ နိုင်ငံတော်သမ္မတရုံး၊ လွှတ်တော်နှစ်ရပ်၊ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများ၊ စစ်ဘက် အကြီးအကဲများ၊ သတင်းမီဒီယာများ၊ လုပ်အားပေးလူငယ်များ၊ မြန်မာအားကစားအဖွဲ့ဝင်များ ၊ အားပေးကြမည့် သတ်မှတ်ထားသည့် ပရိသတ်များအတွက် ပြည်တွင်းကဒ် (၃၅၅၅၅) ကို အချိန်မီ ပြုလုပ်ပေးနိုင်ခဲ့သည်။

အဆိုပါ လုပ်ငန်းများကို ဆောင်ရွက်အကောင်အထည်ဖော်ရာတွင် အုပ်ချုပ်မှုဝန်ထမ်းအဖွဲ့၊ ပြည်ပတရုတ်ကျွမ်းကျင်နည်းပညာရှင်၊ ပြည်တွင်းမှ ကွန်ပျူတာကျွမ်းကျင်၊ Net Work ပညာရှင်၊ စိစစ်ရေးကဒ်နှင့် ဘားကုတ်ဖတ်ရှုစစ်ဆေးသူများ စုစုပေါင်း ဝန်ထမ်းအင်အား (၁၅၇)ဦးကို တာဝန်ယူဆောင်ရွက်စေနိုင်ခဲ့သည်။ လုံခြုံရေးစိစစ်ရေးကဒ် ပုံစံ(၁၁၇)မျိုးပြုလုပ်ခဲ့ပြီး၊ ပြိုင်ပွဲကာလအတွင်း Accereditation ရုံးကို ဝင္ဆာသိဒ္ဓိအားကစားကွင်း အရှေ့ဘက် (D-15)ခန်းမ၊

ပင်မဂိတ်အနီး စက်ဘီးတာဝေးရုံး၊ အားကစားရွာပင်မဂိတ်တို့တွင် (၃)နေရာခွဲကာ ဖွင့်လှစ်ခဲ့ပြီး Accereditation Bar Code စစ်ဆေးသည့် (Point)နေရာ (၂၀)ထားရှိပေးနိုင်ခဲ့သည်။

အားကစားနည်းစနစ်ပိုင်းတာဝန်အနေဖြင့်လည်း အားကစားနည်းအလိုက် လက်စွဲစာစောင်များ ပြုစုထုတ်ဝေနိုင်ခဲ့ပြီး၊ စိစစ်ရေးကဒ်လုပ်ငန်းဆိုင်ရာ သင်တန်းများပေးခြင်း၊ အားကစားနည်းအလိုက် ပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိမှုအနေအထားမှတ်တမ်းများကို နိုင်ငံအလိုက် ရပ်တည်မှု၊ မြန်မာနိုင်ငံအနေဖြင့် အားကစားနည်းအလိုက် ဆုတံဆိပ်ရရှိမှုအခြေအနေကို အမည်စာရင်း၊ ဆုတံဆိပ်အမျိုးအစားနှင့် အရေအတွက်တို့ကိုပါ ပြုစုခဲ့ပြီး ရွှေတံဆိပ်ရရှိသည့် အားကစားနည်း(၂၃)မျိုး၊ ရွှေတံဆိပ်လက်လွှတ်ခဲ့ရသည့် အားကစားနည်း(၁၀)မျိုးနှင့် ဆုတံဆိပ်လုံးဝမရရှိသည့် အားကစားနည်း(၄)မျိုးတို့ကို စိစစ်ပြုစုပေးနိုင်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်လမ်းညွှန်မှု၊ ဝန်ကြီးဌာနအသီးသီး၏ စုပေါင်းပါဝင်ကူညီမှု၊ အားကစားဝန်ကြီးဌာနနှင့် အားကစားအဖွဲ့ချုပ်များ၊ စေတနာရှင်ပြည်သူများနှင့် မိဘပြည်သူလူထုကြီး၏ တခဲနက်အားပေးကူညီမှုများကြောင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးထူးခြားစွာ အောင်မြင်မှုရရှိပြီး နိုင်ငံဂုဏ်ကို မြှင့်တင်နိုင်ခဲ့သည်ဖြစ်ရာ ယခုပြိုင်ပွဲကြီးမှ ရရှိခဲ့သည့် အားသာချက်၊ အားနည်းချက် နှင့် သင်ခန်းစာများကို ရယူကာ နောင်ကျင်းပမည့် အားကစားပြိုင်ပွဲများတွင်လည်း အောင်မြင်မှုများ ဆက်လက်ရရှိအောင် ကြိုးစားစွမ်းဆောင်သွားကြရမည်ဖြစ်ပါသည်။

တည်းခိုနေထိုင်ရေးနှင့်အစားသောက်ဧည့်ခံကျွေးမွေးရေးကော်မတီ

သတ္တဝါမှန်သမျှ အဟာရပေါ်တွင်ရှင်သန်ကြသည် ဟူသောစကားအရလည်းကောင်း၊ လူတို့၏ဘဝရှင်သန်ရေးတွင် အခြေခံမှာ စား၊ ဝတ်၊ နေရေးမှာ အဓိကအရေးသုံးပါးဖြစ်ပေရာ နိုင်ငံတကာအားကစားပြိုင်ပွဲကြီးတစ်ရပ်တွင် နေထိုင်ရေးနှင့်စားသောက်ရေး ကိစ္စနှစ်ရပ်ပါဝင်နေသော တည်းခိုနေထိုင်ရေးနှင့် အစားအသောက်ကျွေးမွေးဧည့်ခံရေးကော်မတီမှာ အရေးပါသောကော်မတီတစ်ရပ်ဖြစ်နေပေသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၁)ရက်မှ (၂၂)ရက်နေ့အထိ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ပုသိမ်(ငွေဆောင်)နေရာဒေသ (၄)ခုတွင် အားကစားနည်း(၃၃)မျိုးကို ပြိုင်ပွဲပေါင်း (၄၆၀)ဖြင့် ကျင်းပခဲ့ရာ အားကစားပြိုင်ပွဲသက်ဆိုင်သည့် လူပေါင်းသောင်းနှင့်ချီရှိနေသည်ကို တည်းခိုနေထိုင်ရေးနှင့် အစားအသောက်ဧည့်ခံကျွေးမွေးရေးတာဝန်များယူရသည်မှာ လုပ်ငန်းပမာဏ အကျယ်ပြန့်သကဲ့သို့ အရေးကြီးသောစီမံခန့်ခွဲမှုတာဝန်ကြီးလည်း ဖြစ်သည်။ ထိုသို့ အရေးကြီးသောလုပ်ငန်းကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့ပြီး အားကစား၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများက ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ သမဝါယမဒုတိယဝန်ကြီး၊ နေပြည်တော် ကောင်စီဝင် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနများမှ ညွှန်ကြားရေးမှူး၊ အား/ကာ ဒုတိယညွှန်ကြားရေးမှူးချုပ်၊

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ဦးစီးအရာရှိ ပထမတန်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟိုတယ် လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး (နေပြည်တော်ဇုန်)၊ မြန်မာနိုင်ငံ စားသောက်ဆိုင် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌတို့က အဖွဲ့ဝင်များ အဖြစ်ပါဝင်ပြီး၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူး အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

တည်းခိုနေထိုင်ရေး၊ အစားအသောက်ဧည့်ခံကျွေးမွေးရေးကော်မတီအနေဖြင့် လုပ်ငန်းလမ်းညွှန်ချက် (၃)ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့သည်။ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ လမ်းညွှန်ချက်အရ ပြိုင်ပွဲကာလအတွင်း အသုံးပြုမည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်တို့မှ ဟိုတယ်အခန်းများ သတ်မှတ်လျာထားသည့်အတိုင်း အခန်းများရရှိရေး ကြိုတင် ဘွတ်ကင်လုပ်ရန်နှင့် ရန်ကုန်၌နေရာစီစဉ်ရာတွင် နိုင်ငံအလိုက် စီစဉ်ခြင်းထက် သွားလာနေထိုင် ရေး အဆင်ပြေမှုအတွက် အားကစားနည်းအလိုက်စီစဉ်ထားရန်၊ ကစားသမားများကို နိုင်ငံတကာ အဆင့်နှင့်ညီစေရန်၊ ချက်ပြုတ်ကျွေးမွေးမည့်အဖွဲ့ကို တင်ဒါခေါ်ယူပြီး အတွေ့အကြုံရှိကာ ကောင်းစွာဆောင်ရွက်နိုင်သူကို ရွေးချယ်ရန်၊ အားကစားပြိုင်ပွဲကို နိုင်ငံတကာနှင့်ပြည်တွင်းမှ ပရိသတ်များ တည်းခိုနေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ထားမှုကို ပြည်တွင်း၊ ပြည်ပမှသိရှိနိုင်ရေး မီဒီယာနှင့် အင်တာနက်များမှ ကျယ်ပြန့်စွာသတင်းပေးထုတ်လွှင့်ဖော်ပြနိုင်ရန်ဟူသော ရည်မှန်းချက် များထားရှိလုပ်ဆောင်ခဲ့သည်။

ပြိုင်ပွဲမတိုင်မီကာလ စီမံဆောင်ရွက်မှုများ

ကော်မတီအနေဖြင့် ပြိုင်ပွဲမတိုင်မီကာလအတွင်း ဆပ်ကော်မတီများဖွဲ့စည်းတာဝန်ပေးပြီး၊ ရောက်ရှိလာမည့် ဧည့်သည်တော်များ၏ လျာထားချက်အပေါ်မူတည်ကာ ဟိုတယ်ခန်းများ စိစစ်သတ်မှတ်ခြင်း၊ ဇုန်အလိုက်တာဝန်ခံများ သတ်မှတ်ပေးခြင်း၊ တာဝန်ရှိသူများကပုံမှန်စစ်ဆေးခြင်း၊ အထူးကွင်းဆင်းစစ်ဆေးခြင်း၊ ကြိုးကြပ်ခြင်းနှင့် လုပ်ငန်းစီမံချက်များ ရေးဆွဲခြင်းများ လုပ်ဆောင်ခဲ့ရသည်။ ဟိုတယ်ဇုန်များအလိုက် စစ်ဆေးခြင်းများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့်ငွေဆောင်ဇုန်များတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးအဆင့်များဖြင့် စစ်ဆေးကြပ်မတ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး စစ်ဆေးမှု (၃၅)ကြိမ်၊ ဒုတိယဝန်ကြီးစစ်ဆေးမှု(၃၇)ကြိမ်၊ ညွှန်ချုပ်စစ်ဆေးမှု (၆၃)ကြိမ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးစစ်ဆေးမှု (၄၆)ကြိမ်အထိ စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

အားကစားရွာအတွင်း တည်းခိုနေထိုင် ကျွေးမွေးရေး လုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း၊ စိစစ်ခြင်း၊ တာဝန်ရှိသူများ ကြည့်ရှုစိစစ်ကြပ်မတ်ခြင်းများ လုပ်ဆောင်ခဲ့ရာ နေပြည်တော်ဟိုတယ်ဇုန်၊ ရန်ကုန် ဟိုတယ်ဇုန်၊ မန္တလေးဟိုတယ်ဇုန်နှင့် ငွေဆောင်ဟိုတယ် ဇုန်များသို့ နိုင်ငံတော်ဒုတိယသမ္မတကိုယ်တိုင် နိုဝင်ဘာလ တတိယပတ်အတွင်း (၇)ကြိမ်လာရောက်စစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားကာ ညှိနှိုင်းဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

တည်းခိုနေထိုင်သည့် ဧည့်သည်တော်များမှာ နေပြည်တော်ဟိုတယ်ဇုန်၌ ဒီဇင်ဘာလ (၁၃)ရက်တွင် အများဆုံး(၃၄၁၃)ဦး၊ အားကစားရွာတွင် (၁၇၈၀)ဦး၊ ရန်ကုန်ဇုန်တွင် (၈၅၁)ဦး အထိ

ရှိခဲ့သည်။ ဧည့်သည်တော်များ တည်းခိုနေထိုင်စဉ်ကာလအတွင်း ဟိုတယ်ဇုန်နှင့် အားကစား ရွာတွင် အရာထမ်းနှင့်အမှုထမ်းများနေ့စဉ်တာဝန်ပေးပြီး ဧည့်သည်အဝင်/အထွက်မှတ်တမ်း များမှအစ လိုအပ်ချက်များစိစစ်ကြီးကြပ်ခြင်း၊ ဧည့်ဝတ်ကျေအောင် ကူညီဆောင်ရွက်စေခြင်းများ၊ ဧည့်သည် အသုံးပြုသည့် လျှစ်စစ်ပစ္စည်းများကို သင်ပြပေးခြင်း၊ ပြိုင်ပွဲအစီအစဉ်များနှင့် ပတ်သက်၍ နှိုးဆော်အသိပေးခြင်းများမှအစ အခြားလိုအပ်ချက်များရှိပါက လုပ်ငန်းဌာနများနှင့် ဆက်သွယ် ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ခဲ့သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကာလအတွင်း တည်းခိုခဲ့ကြ သော ဧည့်သည်တော်များထံမှ အကြံပြုချက်များရရှိခဲ့သကဲ့သို့ ကျေနပ်အားရပြီး ချီးကျူး ပြောဆိုမည့် သဘောထားမှတ်ချက်များလည်း ရရှိခဲ့ပြီး အာဆီယံဒေသတွင်း နိုင်ငံအသီးသီးမှ ဓလေ့စရိုက်၊ အစားအသောက်များအတွက် အတွေ့အကြုံကောင်းများ ရရှိစေခဲ့သည်။ အားကစားဇုန်များအတွင်း၌ အားကစားအဖွဲ့ချုပ်များက နေရာယူထားခြင်း၊ လုံခြုံရေးတင်းကြပ် ခြင်းများကြောင့် ဧည့်သည်များ လွတ်လပ်စွာလေ့လာကြည့်ရှုနိုင်မှုအားနည်းခြင်းများ ရှိခဲ့သော်လည်း ပြိုင်ပွဲကာလတစ်လျှောက်လုံး အတွက် တည်းခိုနေထိုင်ရေးနှင့် အစားအသောက်ဧည့်ခံကျွေးမွေးရေး ကော်မတီ၏ ဆောင်ရွက်နိုင်မှု များမှာ လွန်စွာအားရကျေနပ်ဖွယ်အောင်မြင်ခဲ့ကြောင်း သုံးသပ်တင်ပြ လိုက်ရပါသည်။

ဆက်သွယ်ရေးကော်မတီ၏ ပါဝင်ကူညီစွမ်းဆောင်ရည်

ဆက်သွယ်ရေးကော်မတီအနေဖြင့် ပြိုင်ပွဲ ကျင်းပမည့် အားကစား ကွင်း အားကစားရုံနှင့် အားကစားရွာအတွင်းလိုအပ်သော အော်တို တယ်လီဖုန်းများ၊ အိတ်ချိန်းများ တည်ဆောက်ခြင်း၊ ကေဘယ်ကြိုးများ တပ်ဆင်ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ မိုဘိုင်းဖုန်းတပ်ဆင်မှုတွင် ပြည်ပမှ လာရောက်ကြသူအများစုမှာ GSM စနစ်အသုံးပြုကြသဖြင့် ဝယ်လာသီရှိနှင့် ဇေယျာသီရိအားကစား ကွင်းများအတွင်း 3G စနစ်(၅)ခု တပ်ဆင်ပေးခဲ့ပြီး တာဝါတိုင်များပါ တည်ဆောက်တပ်ဆင် ပေးခဲ့သည်။ တယ်လီဖုန်းလုပ်ငန်း အတွက် အဆောက်အဦ၊ စက်ပစ္စည်းများနှင့် တပ်ဆင်ခအားလုံး တန်ဘိုးမှာ ကျပ်သိန်းပေါင်း (၅၈၈၉. ၄၁)ကုန်ကျခဲ့သည်။

အိပ်ချိန်းများ တပ်ဆင်မှုတွင် ဇမ္ဗူသီရိအားကစားရွာအနီး လိုင်း (၁၀၀၀)၊ ဝယ်လာသီရှိ အားကစားကွင်းအနီး လိုင်း(၅၀၀)၊ ဇေယျာသီရိအားကစားကွင်းအနီး လိုင်း(၂၄၀)ပါ အိတ်ချိန်းများ တပ်ဆင်ပေးခဲ့သည်။ ကေဘယ်များတည်ဆောက်ရာတွင် နေပြည်တော်၌ ဝယ်လာသီရှိ အားကစားရွာ၊ အားကစားကွင်း၊ ဇေယျာသီရိ အားကစားကွင်း၊ ဝယ်လာသီရှိအားကစားရွာ၊ အားကစားကွင်း၊ ဇေယျာသီရိအားကစားကွင်း၊ ဝယ်လာသီရှိမြင်းစီးကွင်း၊ ငလိုက်ဆည်၊ ရွှိုင်ရယ် ဂေါက်ကွင်း၊ စစ်တုရင်ပြိုင်ပွဲကျင်းပရာ ဇမ္ဗူသီရိဟိုတယ်၊ ရုပ်သံထုတ်လွှင့်မှုများ ဆောင်ရွက်သည့် မဏ္ဍိရတနာကျောက်စိမ်းခန်းမတို့သို့ ကေဘယ်များ တည်ဆောက်တပ်ဆင်ခဲ့သည်။

နေပြည်တော်အားကစားရွာရှိ အဆောင်များ၊ ကစားကွင်းများ၊ လေဆိပ်၊ ကားဂိတ်များ၊ ရန်ကုန်၊ မန္တလေးနှင့်ငွေဆောင်ရှိ အားကစားဆောင်များ၊ ဆိုရှယ်ဇုန်များ၊ နေပြည်တော်ရေပူစမ်း၊ ဒေသများတွင် PPP/CP ဖုန်းများ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ လုပ်ငန်းလိုအပ်ချက်

အရ ဝန်ဆောင်မှုပေးရမည့် ရုံးများ၊ အဆောင်များတွင်လည်း တယ်လီဖုန်း (FIXED Phone)များ တပ်ဆင်ဆောင်ရွက်ပေးခဲ့သည်။

ရန်ကုန်အားကစားဇုန်တွင် သုဝဏ္ဏဘောလုံးကွင်း၊ သုဝဏ္ဏ မိုးလုံလေလုံအားကစားရုံ၊ မြောက်ဒဂုံသေနတ်ပစ်ကွင်း၊ သိမ်ဖြူအားကစားကွင်း၊ သိမ်ဖြူဟော်ကီကွင်း၊ MCC ခန်းမများသို့လည်း ဖိုင်ဘာကေဘယ်များသွယ်တန်းခြင်း၊ ရန်ကုန်ဇုန် အားကစားဇုန်အတွင်း၌ ပြိုင်ပွဲကျင်းပသည့် နေရာများမှ မြန်မာ့အသံ(ဟံသာဝတီအဝိုင်း)သို့ တိုက်ရိုက် ရိုက်ကူးထုတ်လွှင့် နိုင်ရေးအတွက် ဖိုင်ဘာကေဘယ်များသွယ်တန်းခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အလားတူ မန္တလေးဇုန်တွင် ချမ်းမြသာစည်ဘောလုံးကွင်းသို့လည်းကောင်း၊ ငွေဆောင်ကမ်းခြေတွင်လည်း လှေလှော်ပြိုင်ပွဲကျင်းပသည့် အဆောက်အဦသို့ ဖိုင်ဘာကေဘယ် (ဖုန်းလိုင်း ၃၀)သွယ်တန်းခြင်းများ ဆောင်ရွက်ခဲ့ပြီး၊ လိုင်း(၅၀၀)အော်တိုအိတ်ချိန်း (TWD 06) ဖြင့် အစားထိုးဆောင်ရွက် ပေးနိုင်ခဲ့သည်။

မိုဘိုင်းဖုန်းများ ဖြန့်ဝေမှုအဖြစ် ဝဏ္ဏသိဒ္ဓိအားကစားရွာ၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဇေယျာသီရိ အားကစားကွင်းတို့တွင် BTS စနစ်စခန်း (၃)ခုစီကိုလည်းကောင်း၊ ရေပူစမ်း၊ လိန်းလီ၊ အထူးဆောက်လုပ်ရေးစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်အနီးတို့တွင် BTS စနစ်စခန်း၊ (၁)ခုစီကို တည်ဆောက်ပေးနိုင်ခဲ့ပြီး၊ အားကစားပြိုင်ပွဲကာလအတွင်း အသုံးပြုရန် GSM Sim Card (၃၀၀၀)ကို **SEA Games Logo** ဖြင့် သုံးလအတွက် ထုတ်ဝေခဲ့သည့်အပြင် **SEA Games Logo** ဖြင့် ငွေဖြည့်ကဒ် (၅၀၀၀)ကိုလည်း ထုတ်ဝေပေးခဲ့သည်။

အင်တာနက်များတပ်ဆင်ခြင်း

ဆက်သွယ်ရေးအတွက် တယ်လီဖုန်းများတပ်ဆင်ပေးခဲ့သည့်အပြင် ဒေတာအတွက် အင်တာနက်များကိုလည်း နေပြည်တော်တွင်ဝဏ္ဏသိဒ္ဓိအားကစားရွာရှိ Cluster (၁၀၀)၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းပြိုင်ပွဲကျင်းပမည့် အားကစားရုံ (ဘောလုံးကွင်း၊ ရေကူးကန်၊ မိုးလုံလေလုံအားကစားရုံ၊ ဘက်စုံသုံးခန်းမ၊ ဘီလိယက်-စနူကာ၊ ဆိုရှယ်ဇုန်နှင့် ကျောက်ဒိုး အားကစားရုံတို့တွင် အင်တာနက်တပ်ဆင်ပေးခဲ့သည်။ တစ်ချိန်တည်းမှာပင် ဝဏ္ဏသိဒ္ဓိမြင်းစီးကွင်း၊ ငလိုက်ဆည်၊ BMX ကွင်း၊ Royal ဂေါက်ကွင်း၊ ဇမ္ဗူသီရိဟိုတယ်၊ မဏိရတနာခန်းမ (IBC)တို့တွင်လည်း အင်တာနက်များတပ်ဆင်ပေးနိုင်ခဲ့သည်။

အလားတူ ရန်ကုန်၊ မန္တလေး၊ ငွေဆောင် အားကစားဇုန်တွင်လည်း သုဝဏ္ဏဘောလုံးကွင်း၊ မိုးလုံလေလုံအားကစားရုံ၊ မြောက်ဒဂုံသေနတ်ပစ်ကွင်း၊ သိမ်ဖြူအားကစားကွင်း၊ ဟော်ကီ ကွင်း၊ MCC ခန်းမ၊ ချမ်းမြသာစည်ဘောလုံးကွင်း၊ ငွေဆောင်ရွက်လှေပြိုင်ပွဲ အဆောက်အဦ များတွင် Internet များတပ်ဆင်ပေးနိုင်ခဲ့သည်။

LTE စနစ်နှင့် WIFI စနစ်များ

ပြိုင်ပွဲကာလအတွင်း အသုံးပြုခဲ့သည့် LTE (Long Term Evolution)စနစ်ကို ဂျပန်နိုင်ငံ NEC ကုမ္ပဏီနှင့် JICA အဖွဲ့အစည်းတို့မှလည်းကောင်း လျှဒါန်းပြီး၊ အထက်မြန်မာပြည် WIFI စနစ်ကို Global Telephone (SKY Net)ကုမ္ပဏီနှင့် အောက်မြန်မာပြည် WIFI စနစ်ကို Red Link ကုမ္ပဏီတို့မှ Sponsor ဖြင့်ဆောင်ရွက်ခဲ့သည်။

တစ်ပြိုင်တည်းတွင် Cable TV တပ်ဆင်ခြင်းများကိုလည်း နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရွာရှိ Cluster များ၊ အားကစားကွင်း/ရုံနှင့် ရေကူးကန်၊ ဇေယျာသီရိ အားကစားကွင်းရှိ အားကစားကွင်း/ရုံ၊ ရေကူးကန်များ၊ ဝဏ္ဏသိဒ္ဓိ မြင်းစီးကွင်း၊ BMX ကွင်း၊ ရွှိုင်ရယ်ဂေါက်ကွင်း၊ ဇမ္ဗူသီရိဟိုတယ်(စစ်တုရင်)တို့တွင် Cable TV များ တပ်ဆင်ပေးခဲ့ပြီး ရန်ကုန်၊နေပြည်တော်၊ မန္တလေးတို့တွင် Truck Gateway နှင့် International Trunk Gateway များတိုးချဲ့တပ်ဆင်မှု ပြုလုပ်ခဲ့ကာ ၂၀၁၃ ခုနှစ်တွင် စက်တင်ဘာလ (၂)ရက်နေ့မှစတင်ကာ SEA GAMES အထိမ်းအမှတ်တံဆိပ်ခေါင်းများ စတင်ရောင်းနှိုင်ခဲ့ပါသည်။

သို့ဖြစ်ရာ ဆက်သွယ်ရေးကော်မတီအနေဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် အရေးကြီးပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ၊ အားကစားဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ ဒိုင်/ဂျူရီ၊ အုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများနှင့် ပြိုင်ပွဲကြီးသို့ လာရောက်အားပေးကြသည့် လူထုပရိသတ်ကြီးအတွက်ပါ ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများကို အဆင့်မြင့်မြင့်ဖြင့် လွယ်ကူအဆင်ပြေစွာ လုပ်ဆောင်နိုင်ရန် ဝန်ဆောင်မှုများ ပေးစွမ်းခြင်းဖြင့် ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်မှုတွင် အထောက်အကူပြုနိုင် ခဲ့သည့်အတွက် ဂုဏ်ယူအားရစွာဖြင့် ကျေနပ်ပီတိဖြစ်မိကြောင်း တင်ပြလိုက်ရပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ကြွေးကြော်သံမှာ စိမ်းလန်းသန့်စင်ချစ်ချစ်ခင် (Green, Clean and Friendship) ဟူ၍ ဖြစ်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အဓိကတာဝန်မှာ စိမ်းလန်းစိုပြေပြီးသန့်စင်လှပကာ သာယာပျော်ရွှင်ဖွယ်ကောင်းသော အားကစားပြိုင်ပွဲကြီးဖြစ်စေရန်၊ ပြိုင်ပွဲ၏ ပတ်ဝန်းကျင်ဒေသတစ်ခွင်၌ အရိပ်လည်းရ အလှလည်းဆင်ပေးမည့် ပန်းမာန်သစ်ပင်များဖြင့် ဝေဆာလှပနေရေးကို ကြိုးစားအကောင်အထည်ဖော်ခဲ့သည်။ သို့ဖြစ်ရာ တစ်ပင်သေတစ်ပင်စိုက်စနစ်ဖြင့် အပင်တိုင်း စိမ်းလန်းရှင်သန်စေရေးဟူသော မူကို ချမှတ်ဆောင်ရွက်ခဲ့ရသည်။

အားကစားကွင်း/ရုံများ၊ ဆိုရှယ်ဇုန်များ၊ ဟိုတယ်ဇုန်များနှင့် နေပြည်တော်မြို့ကြီးအတွင်း သွားလာရာလမ်းဘေးဝဲယာများနှင့် လမ်းလယ်ကျွန်းများ၊ လမ်းဆုံနှင့်အဝိုင်းများတွင် ပြည်ပဧည့်သည်တော်များ၊ အားကစားအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်တော်ကြီးများ၊ ဒိုင်/ဂျူရီ၊ အုပ်ချုပ်/နည်းပြများအပါအဝင် ပြည်တွင်းပြည်ပအားကစားသမားများ သာမက ပြိုင်ပွဲကြီးကို တခဲနက်အားပေးကြည့်ရှုခဲ့ကြသော လူထုပရိသတ်ကြီးအဆုံး အားလုံးသောပြည်သူများနှလုံး

စိတ်ဝမ်းငြိမ်းချမ်းပျော်ရွှင်စေမည့် ဝန်းကျင်ကြီးဖန်တီးပေးကာ မျက်စိပသာဒလှပသော ဟဒယနှလုံးပီတိဖုံးစေမည့် မြင်ကွင်းများကို စွမ်းဆောင်ဖန်တီးပေးနိုင်ခဲ့သည်မှာ ကြည်နူးကျေနပ်ဖွယ် စွမ်းဆောင်မှုတစ်ခုဖြစ်ခဲ့သည်။

ထိုသို့ စိမ်းလန်းစိုပြေပြီး သန့်ရှင်းလှပသောမြင်ကွင်းများနှင့် အာဆီယံဒေသတွင်းရှိ ပြည်သူများအချင်းချင်းရင်းနှီးခင်မင်ဖွယ် ပုံရိပ်များဖန်တီးနိုင်ရန်မှာ နေပြည်တော်မြို့တစ်ဝှမ်းနှင့် ဝဏ္ဏသိဒ္ဓိ အားကစားရုပ်ဝန်းကြီး ပတ်ဝန်းကျင်၊ ဇေယျာသီရိအားကစားကွင်း၊ မြင်းစီးကွင်း၊ မြားပစ်ကွင်း၊ တာဝေးလေ့ကျင့်ကွင်း၊ ငလိုက်ဆည် လှေလှော်ပြိုင်ပွဲကျင်းပရာဝန်းကျင်၊ မောင့်ပလဲစင့် စက်ဘီးကွင်းနှင့် ဟိုတယ်ဝန်းကျင်ဒေသများတွင် သစ်ပင်ပန်းမာန်ပေါင်း (ငါးသိန်းရှစ်သောင်းကျော်) စိုက်ပျိုးပေးနိုင်ခဲ့သည်။

နေပြည်တော်တွင်သာမက အားကစားဇုန်တစ်ခုဖြစ်သည့် ရန်ကုန်မြို့တွင်လည်း ဒဂုံမြို့သစ် (မြောက်ပိုင်း)ရှိ ခေတ်မီသေနတ်ပစ်ကွင်းဝန်းကျင် သိမ်ဖြူအားကစားကွင်း၊ ဟော်ကီကွင်းနှင့် သုဝဏ္ဏလူငယ်အားကစားကွင်း၊ မိုးလုံလေလုံအားကစားရုံဝန်းကျင်များမှာပါ သစ်ပင်ပန်းမာန်များဖြင့် ဝေဆာလှနေအောင်ဆောင်ရွက်နိုင်ခဲ့သည်။

မန္တလေးအားကစားဇုန်အဖြစ် ချမ်းမြသာစည်လေယာဉ်ကွင်းလမ်းတစ်လျှောက်၊ သီရိမန္တလာဘောလုံးကွင်းဝန်းကျင်ဒေသများမှာပါ အရိပ်ရပင်၊ အလှပင်များစိုက်ပျိုးထားရှိခြင်း၊ မြေယာအလှပြုပြင်ခြင်းများဆောင်ရွက်ခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး၏ ပုသိမ်မြို့နယ်အတွင်းမှ ငွေဆောင်ကမ်းခြေတွင်ရှိထားပြီးဖြစ်သော သဘာဝအလှနှင့် ပတ်ဝန်းကျင်ရှုခင်းများကို ထိန်းသိမ်းပြုပြင်အလှဆင်မှုများဆောင်ရွက်ပေးနိုင်ခဲ့သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီအနေဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြေသာယာလှပရေးသာမက သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များယိုယွင်းပျက်စီးမှုမှ ကာကွယ်နိုင်ဖို့ နေပြည်တော်ဝန်းကျင်မြို့နယ်နှင့် ကျေးလက်ဒေသတွေမှာပါ အသိပညာပေး ဟောပြောပွဲများ ကျင်းပခြင်း၊ ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ဆိုင်းဘုတ်များ စိုက်ထူခြင်းကိုလည်း စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ အိမ်ရှင်မြန်မာနိုင်ငံမှ ပြည်သူတစ်ရပ်လုံးက ယှဉ်ကျေးသိမ်မွေ့ပျူငှာဖော်ရွေပြီး ရိုးသားဖြူစင်သော စိတ်ထား ရှိသကဲ့သို့ အားကစားပြိုင်ပွဲကျင်းပရာ ဒေသဝန်းကျင်မှာလည်း သန့်ရှင်းသာယာ လှပသောဝန်းကျင်ကို သစ်လွင်စွာ ဖန်တီး ဖော်ဆောင်နိုင်ခဲ့သည်ဖြစ်ရာ မြန်မာနိုင်ငံ၏ ဧည့်ဝတ်ကျေပွန်မှု၊ သာယာလှပမှု၊ အေးချမ်း သာယာပြီးခေတ်မီဖွံ့ဖြိုးသော လူ့ဘောင်သစ်ဆီသို့ ဦးတည်ချီတက်နေသော ပုံရိပ်များကို ကိုယ်တိုင်သိမြင်ခံစားခွင့်ရခဲ့ကြပါကြောင်းဖြင့် ဧည့်သည်တော် အပေါင်းကသာမက မြန်မာပြည်သူ တစ်ရပ်လုံးကပါ ကျေနပ်ပီတိဖြစ်စေခဲ့သည်ဟု ယုံကြည်မိကြောင်း တင်ပြလိုက်ရပါသည်။

ဘက္ကာဝွေရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ

ဘက္ကာဝွေရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ၏ လုပ်ငန်းများမှာ ဝွေကြေးကိစ္စများနှင့် အဓိကပတ်သက်နေသည်ဖြစ်ရာ နိုင်ငံတော်သမ္မတရုံးညွှန်ကြားချက်များ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဆုံးဖြတ်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရသည်။ ဘက္ကာဝွေရရှိရေးအတွက် အားကစားရွာ၊ အားကစားနယ်မြေများအတွင်းမှာ စားသောက်ဆိုင်၊ အမှတ်တရပစ္စည်းအရောင်းဆိုင်၊ ဂိမ်းဆိုင်ဖွင့်လှစ်စေခြင်းဖြင့် ရန်ပုံငွေများ ရရှိစေရန် ဆောင်ရွက်စီမံခဲ့သည်။

ဘက္ကာဝွေရှာဖွေမှုလုပ်ငန်းအဖြစ် ဆိုင်ခန်းများဖွင့်လှစ်ရောင်းချစေရာမှာ ဆိုင်ခန်းတင်ဒါအောင်မြင်သူများဖြစ်သည့် ကုမ္ပဏီများ၊ စီးပွားရေးအဖွဲ့အစည်းများမှ ပေးသွင်းလာသော ဘက္ကာဝွေကြေးများကိုလည်း စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရယူထိန်းသိမ်းဆောင်ရွက်ခဲ့သည်။ မော်တော်ယာဉ်များဖြည့်ဆည်းပေးရန် တင်ဒါအောင်မြင်ခဲ့သည့် Dentsu Sport Asia & JK Consulting m2 Management Co.,Ltd ထံမှ အနည်းဆုံးအမေရိကန်ဒေါ်လာသန်း (၂၀)ရှာဖွေပေးရန် သဘောတူညီမှုရရှိသည်အထိ ညှိနှိုင်း ဆောင်ရွက်ပေးနိုင် ခဲ့သည်။

ဝွေကြေးဆိုင်ရာ လုပ်ငန်းတစ်ခုဖြစ်သည့် Smart Card, ATM Card များ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ရမည့် ဌာနများ၊ မည်သို့မည်ပုံဆောင်ရွက်ရမည့် နည်းလမ်းများ နှင့် ဝွေလဲကောင်တာများ (Money Changer)ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်မည့် ဘဏ်နှင့် ဝွေကြေးအဖွဲ့အစည်းများ ဖွင့်လှစ်မည့် နေရာများကို အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းရွေးချယ် ကာမြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့တင်ပြညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဆုတံဆိပ်များချီးမြှင့်မှုအပိုင်းတွင် ဆုတံဆိပ်နှင့် ဆုဝွေများ ချီးမြှင့်ရေးအတွက် ရှာဖွေရရှိထားသည့် ဘက္ကာဝွေများကို ဦးဆောင်ကော်မတီသို့ တင်ပြခြင်း၊ အလှူရှင်ပုဂ္ဂိုလ်များ၊ Sponsor ပေးမည့် ကုမ္ပဏီနှင့် အဖွဲ့အစည်းများကို ရှာဖွေခဲ့ပြီး အားကစားဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဆုတံဆိပ်များချီးမြှင့်နိုင်ရန် (၂၇)ကြိမ်မြောက်ဆီးဂိမ်းစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် (၁၃၃၁)၊ ငွေတံဆိပ် (၁၃၃၁)နှင့် ကြေးတံဆိပ် (၁၆၈၈)ခုလိုအပ်မည်ဖြစ်ရာ ဆုတံဆိပ်လုပ်ကိုင်မည့် လုပ်ငန်းအတွက် ဘက္ကာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်ပြီး ဘက္ကာရေးဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာနများမှတာဝန်ရှိသူများပါဝင်သောအဖွဲ့က တင်ဒါစနစ်ဖြင့် စိစစ်ရွေးချယ်ဆောင်ရွက်ပေးခဲ့သည်။ ဆုတံဆိပ်ချီးမြှင့်ရာ တွင် ဆုဗန်းကိုင်အမျိုးသမီးများအတွက် ဝတ်စုံများတိုင်းရင်းသားဝတ်စုံများကို အသုံးပြုဆင်မြန်းစေရန် လျာထား ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဆုဗန်းကိုင် အမျိုးသမီးဝတ်စုံများအတွက် ခွင့်ပြုချက်များရရှိရန် တင်ပြခဲ့ပြီး Sponsor ပေးမည့် ကုမ္ပဏီများ၊ အားကစားဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ရာ ဘက္ကာရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများမှာ အခက်အခဲပြဿနာများမရှိဘဲ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း တင်ပြလိုက်ရပါသည်။

အခမ်းအနားပြင်ဆင်ရေးကော်မတီ

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို နှစ်ပေါင်း (၄၄)နှစ်ကြာမှ အိမ်ရှင်အဖြစ် ပြန်လည်ကျင်းပခွင့်ရခဲ့သည့်အတွက် အဘက်ဘက်က အကောင်းဆုံး ဖြစ်စေရန် ကြိုးစားခဲ့ကြသည်ဖြစ်ရာ အခမ်းအနားပြင်ဆင်ရေးကော်မတီအနေဖြင့်လည်း ပြိုင်ပွဲ၏ ပထမပုံရိပ်(First Image) ဟုတင်စားရမည့် ပြိုင်ပွဲအခမ်းအနားများကို ပြင်ဆင်ရာတွင် တတ်စွမ်း သမျှ အကောင်းဆုံးဖြစ်စေရန်ကြိုးစားခဲ့ကြသည်။ အားကစားပြိုင်ပွဲများ ကျင်းပမည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်တို့ကဲ့သို့သော အားကစားဇုန်များတွင်သာမက ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ မြို့တော်များ၊ ခရီးသွားလုပ်ငန်းများ၏ အချက်အခြာကျပြီး ခရီးအသွား အလာစည်ကားသော နိုင်ငံတကာခရီးသွားများကိုပါ ဆွဲဆောင်နိုင်သည့် ပုဂံ၊ မန္တလေး၊ ပြင်ဦးလွင်၊ အင်းလေးကဲ့သို့မြို့ရွာဒေသများ၊ ကုန်သွယ်မှုဗဟိုပြုရာမြို့များဖြစ်သည့် မူဆယ်၊ လားရှိး၊ မြဝတီ နှင့် ကော့သောင်း၊ တမူးစသည့် မြို့ရွာများတွင်ပါ ဆီးဂိမ်းစ်ပြိုင်ပွဲလှုံဆော်ရေးပိုစတာကြီးများကို အနှံ့အပြားစိုက်ထူလှုပ်ရှားခဲ့သည်။

နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့်ပုသိမ်မြို့များရှိ နိုင်ငံတကာ လေဆိပ်များ ပြည်တွင်းလေဆိပ်များ၊ မီးရထားဘူတာရုံကြီးများ၊ အဝေးပြေးကားဂိတ်များ၊ သင်္ဘောဆိပ်၊ လှေဆိပ် ကဲ့သို့လူစည်ကားရာ နေရာများတွင်လည်း ပေ ၆၀ x ၁၄ ပေအရွယ်ပမာဏရှိ ဧရာမပိုစတာကြီး များကို စိုက်ထူခြင်း၊ ပြိုင်ပွဲဝင်အာဆီယံ(၁၁)နိုင်ငံတော်အလံတော်များ စိုက်ထူထားခြင်း၊ မုဒိဦး ကြီးများတည်ဆောက်ခြင်း၊ လမ်းမကြီးများ၏ လမ်းဘေးဝဲယာတွင် အရိပ်ရပင်၊ ပန်းအလှပင်များ ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၊ စည်ပင်သာယာရေးကော်မတီတို့နှင့် ညှိနှိုင်း တိုင်ပင်ပြီး အခမ်းအနားနှင့် အလှအပ ပြင်ဆင်မှုများကို စီမံဆောင်ရွက်ခဲ့သည်။

အထူးသဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပုသိမ်မြို့ကြီးများတွင် မြို့အဝင် မုခ်ဦးများနှင့် အတူ ဆီးဂိမ်းစ်လှုံဆော်ရေးပိုစတာများကိုပါ တည်ဆောက် စိုက်ထူခဲ့ပြီး လမ်းဖြတ်ပိုစတာကြီးများ၊ လမ်းဘေးဝဲယာ ပိုစတာများ၊ လမ်းလယ်ကျွန်းပိုစတာ၊ ဓါတ်တိုင်ကပ် ပိုစတာ၊ Street Banner များ ခိုတ်ဆွဲစိုက်ထူထားခဲ့သည်။ အားကစားကွင်း၊ အားကစားရုံ၊ ရေကူးကန်၊ သေနတ်ပစ်ကွင်း၊ မြားပစ်ကွင်း၊ မြင်းစီးကွင်း၊ ငလိုက်ဆည်နှင့် အခြားပြိုင်ပွဲကျင်းပရာ နေရာများတွင် အတွင်း/အပြင်နှင့် ဝင်လမ်း၊ ထွက်လမ်းများ တွင် အလှဆင် Bill Board စိုက်ထူ တပ်ဆင်ခြင်းများပြုလုပ်ခဲ့သည်။

လှုံဆော်ရေးနှင့် Bill Board များကို ၆၀' x ၁၄၊ ၆၀'x ၈'၊ ၁၂၀' x ၈'၊ ၃၀' x ၁၅' စသည်ဖြင့် အရွယ်အစားအမျိုးမျိုးအားကစားပြိုင်ပွဲကျင်းပမည့် ဇုန်အနီးတွင် စိုက်ထူခဲ့ပြီး အထူးသဖြင့် နေပြည်တော်တွင် ကံ့ကော်အဝိုင်း၊ ကျောက်မျက်ရတနာပြတိုက်ရှေ့၊ သပြေကုန်းအဝိုင်း၊ နှင်းဆီပန်းအဝိုင်း၊ ဘောဂသီရိကားဝန်း၊ သိုက်ချောင်းလမ်းဆုံ၊ ရုံး(၃၁)ရှေ့၊ တာဝေးစက်ဘီးကွင်း၊ မြားပစ်အားကစားကွင်း၊ ငလိုက်ဆည်၊ မြို့မဈေးအဝင်၊ လယ်ဝေး အားကစားကွင်းရှေ့၊ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၊ အားကစားရွာအဝင်/ အထွက် လမ်းဆုံများရှေ့၊ ဘူတာကြီးရှေ့၊

လေဆိပ်လမ်းဆုံ၊ ဟိုတယ်ဇုံ၊ ဆိုရှယ်ဇုန်၊ ရွှိုင်ရယ်မြန်မာဂေါက်ကွင်းလမ်းဆုံ နှင့် သပြေကုန်းစျေးရှေ့ကဲ့သို့သော နေရာများတွင် စိုက်ထူထားရှိခဲ့သည်။

အခမ်းအနားပြင်ဆင်ရေးကော်မတီအနေဖြင့် ဆီးဂိမ်းစ်အတွက် ပိုစတာများ၊ Bill Board များနှင့် အလှပြင်ဆင်မှုအခမ်းအနားများသာ ကြိုတင်ပြင်ဆင်စီမံထားရှိရမည်မဟုတ်ပဲ၊ တကယ်ပြိုင်ပွဲ ကာလအတွင်းကျင်းပမည့် ပြိုင်ပွဲအလိုက် ဖွင့်ပွဲ အခမ်းအနားများ၊ ပြိုင်ပွဲတစ်ခုချင်း အလိုက် ဆုတံဆိပ် ချီးမြှင့်မည့်အခမ်းအနားအတွက်လည်း ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ကြရသည်။ သို့ဖြစ်ရာ အားကစားပြိုင်ပွဲပြုလုပ်မည့် အားကစားကွင်းရုံနှင့် ရေကူးကန်၊ ဆည်နှင့် ကမ်းခြေနေရာတိုင်းတွင် အခမ်းအနားများပြင်ဆင်ရန် ကွင်း/ရုံတာဝန်ခံများသက်ဆိုင်ရာ စီမံခန့်ခွဲမှုပိုင်းမှ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းတိုင်ပင်ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့သဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံနှင့် ပြည်သူတစ်ရပ်လုံး၏ ဝင့်ကြွားဂုဏ်ယူဖွယ်အောင်မြင်မှုကြီးတွင် အခမ်းအနား ပြင်ဆင်ရေး ကော်မတီ၏ ကြိုးစားမှုမှာလည်းတစ်စိတ် တစ်ဒေသ ပါဝင်နေသည်ဖြစ်ရာ ဝမ်းမြောက် ဝမ်းသာဂုဏ်ယူနေမည်သာသေချာနေကြောင်းပါ. . . . ။

ဖွင့်ပွဲပိတ်ပွဲအခမ်းအနားဧည့်ခံခြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများကဲ့သို့သော အိမ်နီးချင်းနိုင်ငံများတွင် ကျင်းပခဲ့သည့် ပြိုင်ပွဲ များ၏ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများထက်ပိုမိုကောင်းမွန်သာလွန်အောင် ကျင်းပစွမ်းဆောင်နိုင် ခဲ့သည်မှာ အာဆီယံဒေသအတွင်းဂုဏ်ယူအားကျစရာဖြစ်စေခဲ့ပါသည်။ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများ ယခုလိုခမ်းနားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့ခြင်းမှာ ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ၏ ကြိုးစား အားထုတ်မှု၊ မဆုတ်မနစ်သောလုံ့လဖြင့် နေ့မအားညမနား ဆောင်ရွက်ခဲ့မှုများ၏ ရလဒ်ကောင်း တစ်ခုဟုလည်းရှုမြင်နိုင်မည်ဖြစ်သည်။

ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကို ထည်ဝါစွာ တင်ဆက်ရန် ကြိုးစားသော်လည်း မြန်မာ့ရိုးရာအနုပညာများကို ထင်ဟပ်ပြီးမြန်မာ့ အားကစားနည်းဖြစ်သည့် ခြင်းလုံးနဲ့လိုက်ဖက်ညီစွာ ပေါင်းစပ်ကာ ခေတ်မီ IT နည်းပညာနဲ့ဖော်ကျူးပြုပုံမှာ ပရိသတ်များကို ရင်ခုန် စေသည်။ ပြည်ထောင်စု ဖွားတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှု၊ ဇာတိသွေးဇာတိမာန် ထက်သန်မှုပုံဖော်နိုင်သကဲ့သို့ ယဉ်ကျေးမှု၊ ဓလေ့အငွေ့အသက်များ ထုံမွှန်းထားသည့် ကျောက်ဆည်ဆင်အကမှာ မြန်မာပရိသတ်များ သာမက ဒေသတွင်းနိုင်ငံပရိသတ်များကိုပါ အမြင်ဆန်းသည့် ခံစားမှုအသစ် များ ပေးစွမ်းခဲ့သည်။

မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာမြောက်သည့်အကများဖြင့် ပြည်ထောင်စုစိတ်ဓါတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်သည့်လူဘောင်သစ်ဆီသို့ ဦးတည်ကြိုးပမ်းတက်လှမ်းနေသည့် အနှစ်သာရများကို ထင်ဟပ်ပြနိုင်ခဲ့သည်။ အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံအသီးသီးမှ ပြည်သူများ အချင်းချင်းရင်းနှီးကျွမ်းဝင်ချစ်ခင်စွာ ဆက်ဆံဆက်သွယ်နိုင်ရေးကို ဦးတည်သည့် သရုပ်ဖော်အကများ၊ အာဆီယံကို နိုင်ငံတစ်ခုတည်း ပမာ

ပေါင်းစည်းညီညာစေမည့် နိမိတ်ပုံ ထင်ဟပ် သည့် တေးသီချင်းများဖြင့် Asian Solidarity ဟူသော အာဆီယံသွေးစည်းညီညွတ်မှုကို ပေါ်လွင်စေသည့် ကကွက်များကို ထည့်သွင်းကျင်း တင်ဆက်ပြသနိုင်ခဲ့သည်။

ယခုကဲ့သို့ ပရိသတ်အားလုံးနှစ်ထောင်းအားရဖြစ်ကြသည့် ရင်သပ်ရှုမောဖွယ် ပြကွက်များကို သရုပ်ဖော်ရာတွင် LED Screen ပေါ်တွင် ကွန်ပျူတာ အထူးပြုလုပ်ချက်များဖြင့် ပြကွက်ဆင်တင်ဆက်သကဲ့သို့ သရုပ်ဖော်တင်ဆက်သူများ၏ ဝတ်စားဆင်ယင်မှုတို့ကိုပါ ပေါ်လွင်စေသည့် ရိုက်ချက်၊ သရုပ်ဖော်ပုံများကိုလည်း ဖန်တီးပြခဲ့သဖြင့် မျက်စိပသာဒဖြစ်စေ ခဲ့ကြသည်။

ထိုပြကွက် တင်ဆက်မှုများအတွက် လိုအပ်သော အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ပါဝင်ကူညီသရုပ်ဖော်သည့် လူအင်အားကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့အပြင် အခြားလူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်း များ၊ ကျောင်းသားကျောင်းသူများဖြင့် စုပေါင်းညှိနှိုင်းကာ ပြင်ဆင်လေ့ကျင့်ခြင်း၊ ဇာတ်တိုက်ခြင်း များဖြင့် အချိန်ယူဆောင်ရွက်ခဲ့ပြီး၊ တရုတ်ပြည်သူသမ္မတနိုင်ငံနှင့်လည်း နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးအစီအစဉ်အရ အကူအညီများ ရယူနိုင်ခဲ့သဖြင့် တရုတ်နိုင်ငံဘက်မှ အင်တိုက် အားတိုက် ပူးပေါင်း ကူညီခဲ့ခြင်းကြောင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ဖွင့်ပွဲရော ပိတ်ပွဲအခမ်းအနား(၂)ခုစလုံးမှာ ခမ်းနား အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်ဖော်ပြလိုက်ရပါသည်။

ပြိုင်ပွဲတိုင်းယှဉ်ပြိုင်ရေးနှင့်အောင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို တစ်ခဲနက် အောင်မြင်စေရန် စတင်ကြိုးပမ်းနိဒါန်းပြုခဲ့ရသည့် ကာလမှာ ၂၀၀၉ ခုနှစ်ကတည်းက ပင် ဖြစ်သည်။ ထိုနှစ်ဒီဇင်ဘာလက လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင်ကျင်းပသော (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကာလအတွင်း(၂၀၁၃)ခုနှစ်တွင်ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် မြန်မာနိုင်ငံကမူအားဖြင့် သဘောတူလက်ခံခဲ့ခြင်းကပင် သမိုင်းတွင် ကျန်ရစ်မည့် မြန်မာပြည်သူများနှင့် နိုင်ငံတော်အစိုးရတို့၏ အားထုတ်ကြိုးပမ်းလျှောက်လှမ်းခဲ့ရသည့် အောင်မြင်မှုလမ်းမကြီး၏ ခရီးဦးအစဟုပင်တင်စား နိုင်မည်ဖြစ်သည်။

ယခုအချိန်ရောက်မှ နှစ်ထောင်းအားရဝမ်းမြောက်နိုင်ကြသော်လည်း "အိမ်ရှင် နိုင်ငံ အဖြစ်လက်ခံကျင်းပရေး" ဟူသော တာဝန်ကြီးကို စတင်ဆောင်ရွက်စဉ်ကမူ စိုးရွံ့ပူပန်မှုများ ရှိခဲ့ရသည်မှာ ဝန်ခံရမည် အမှန်ဖြစ်သည်။ ပြိုင်ပွဲကြီးကို ချောမောအောင်မြင်စွာ ကျင်းပနိုင်ရေး နှင့် ပြိုင်ပွဲတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရင်း အောင်မြင်မှုရအောင်စွမ်းဆောင် နိုင်သော အစဉ်အလာကောင်းကိုဆက်လက်ထိန်းသိမ်းရေးဟူသော တာဝန်နှစ်ရပ်မှာ ကြီးမားလွန်းလှ သည်လည်း အမှန်ပင်ဖြစ်သည်။

မည်သို့ဆိုစေ မိမိတို့ နိုင်ငံက ယူခဲ့ပြီးဖြစ်သော တာဝန်၊ ပြုခဲ့ပြီးဖြစ်သော ကတိကဝတ်ကို ကျေပွန်ပြီးမြောက်စေရမည်ဟူသော မြန်မာတို့၏ ဇာတိမာန်က ရုန်းကြွနိုးထလာခဲ့သည်။ နိုင်ငံတော်အကြီးအကဲများက အားပေးကူညီသည်။ လုပ်ဖော်ကိုင်ဘက် ဝန်ကြီးဌာနအသီးသီးကလည်း ဤအမျိုးသားရေးတာဝန်ကြီးကို ဦးထမ်းပဲ့ထမ်း ဝိုင်းဝန်းကြိုးပမ်းကြမည်။ မိမိတို့နောက်မှာလည်း တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက မားမားမတ်မတ် ရပ်တည်ပြီးပံ့ပိုးအားပေးကြမည် ဟူသော ယုံကြည်ချက်များကြောင့်ပင် "မြန်မာဆိုတာ အာဂလူမျိုး" ဟူ သမိုင်း မော်ကွန်းထိုးနိုင်သည်အထိ စွမ်းဆောင် အောင်မြင် ခဲ့ခြင်းလည်း ဖြစ်ပါသည်။

အားကစားပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းမစမီ အားကစားဝန်ကြီးဌာန၏ ဌာနခွဲအသီးသီးက ညှိနှိုင်းတိုင်ပင်ကာ စီမံချက်များရေးဆွဲပြီး အဆင့်ဆင့် တင်ပြကြသည်။ တစ်နည်းအားဖြင့် ဆီးဂိမ်းစ်ကိုစစ်ဆင်ရေးကြီးတစ်ခု (Operation)ကဲ့သို့ အဘက်ဘက်က ကြိုတင်ပြင်ဆင်ပြီးမှ စနစ်တကျ ဆောင်ရွက်ခဲ့ကြရခြင်းလည်းဖြစ်သည်။ နိုင်ငံတကာ ပြိုင်ပွဲများအပါအဝင် အားကစားပြိုင်ပွဲတိုင်းတွင် အခြေခံလိုအပ်ချက် (၃)ရပ် ရှိတတ်သည်။ 3M ဟု လူသိများသော လူ၊ ပစ္စည်း၊ နည်းပညာဖြစ်သည်။ Man, Meterial, Method အားကစားပြိုင်ပွဲအတွက်အဓိကအကျဆုံးမှာ အားကစားသမားရှိရမည်။ အားကစားကွင်း/ရုံ နှင့် အားကစားပစ္စည်းများရှိရမည်။ ထို့ကြောင့်လည်း အားကစားသမားစုစည်းရှာဖွေ၊ လေ့ကျင့်ပျိုးထောင်ရသည်။ အခြေခံကျေးလက်မှ မြို့နယ်၊ ခရိုင်၊ တိုင်းနှင့် ပြည်နယ် ပြိုင်ပွဲများ၊ အားကစားသိပ္ပံများ၊ အားကစားအဖွဲ့ချုပ်များ၊ ဝန်ကြီးဌာနများ၊ တပ်မတော်အားကစားပြိုင်ပွဲများ၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကောလိပ်အားကစား ပြိုင်ပွဲများ မှ ရရှိခဲ့သော အားကစားသမားများဖြင့် မဏ္ဍိုင်သုံးရပ် သတ်မှတ်ရွေးချယ်စုစည်းပြီးမှ လေ့ကျင့်မွေးယူခဲ့သည်။ ပြည်နယ်/တိုင်းများအလိုက် အားကစားနည်းများသတ်မှတ်ပေးက ကစားသမားကောင်းများ ပေါ်ထွက်လာအောင်လည်း ဆောင်ရွက်ခဲ့ပြီး ပြိုင်ပွဲများကျင်းပကာ အဆင့်ဆင့်ရွေးချယ်ယူခဲ့ခြင်း ဖြစ်သည်။

ထင်ရှားသော အားကစားပြိုင်ပွဲများအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ ကိုယ်စားပြု အားကစားနည်းအလိုက် ကလပ်ပေါင်းစုံပြိုင်ပွဲ၊ Champion Challenge Cup Tournament၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ချန်ပီယံပေါင်းစုံပြိုင်ပွဲ(Reagions and States Champion Challenge Cup)များ၊ ရန်ကုန်နှင့် မန္တလေး အားကစားသိပ္ပံပြိုင်ပွဲ၊ ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲများ ကျင်းပပြီး နိုင်ငံတစ်ဝှမ်းမှ ရွှက်ပုန်းသီးကစားသမားကို စိစစ်ရွေးချယ်ကာ (၂၆)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်စေ ခဲ့သည်။ (၂၆)ကြိမ်မြောက်ဆီးဂိမ်းစ်တွင် ကိုယ်တိုင်ပါဝင်ယှဉ်ပြိုင်ခဲ့ရသော အတွေ့အကြုံရှိ ကစားသမားများကို ရွှေကြာပင်တွင် ဆက်လက်စခန်းသွင်းကာ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် လေ့ကျင့်ပျိုးထောင်ခဲ့သည်။

နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိမြို့နယ်တွင် (Gold Camp) အားကစားရွာကို တည်ဆောက်ပြီးနောက် စခန်းသွင်းလေ့ကျင့်ထားသော ကစားသမားများကို ပြောင်းရွှေ့ခဲ့ကာ၊

အားကစားသမားသစ်များ ထပ်မံရှာဖွေရွေးချယ်ကာ ပြိုင်ပွဲများကျင်းပခြင်း၊ ဆီးဂိမ်းစ်အကြိုပြိုင်ပွဲများ၊ ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲများ၊ ပြည်ပမှ အားကစားအဖွဲ့များနှင့် ဖိတ်ခေါ် ပြိုင်ပွဲများ ပြုလုပ်ကျင်းပခြင်းတို့ဖြင့် အဆင့်ဆင့်စိစစ်ပြီး ဆီးဂိမ်းစ်တွင် ပြိုင်ပွဲဝင်မည့် လက်ရွေးစင် ကစားသမားများကို ရွေးချယ်ယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်ပါသည်။

အားကစားသမားလူအင်အား စုစည်းရှာဖွေခြင်းနှင့်အတူ ပြိုင်ပွဲများကျင်းပမည့် အားကစားကွင်း၊ အားကစားရုံများ ရေကူးကန်များ၊ ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပနိုင်သည့် အားကစားကွင်းကြီးများ၊ မြားပစ်၊ သေနတ်ပစ်ကဲ့သို့ ကစားကွင်းများ၊ မြင်းစီးကွင်း၊ စက်ဘီးကွင်း များကဲ့သို့သော အားကစားကွင်းများ စသည့် အားကစားနည်း (၃၃)မျိုးအတွက် ခေတ်မီ ကစားကွင်း/ရုံများကိုလည်း၊ သတ်မှတ်ထားသည့်ကာလအတွင်းတွင် အရှေ့တောင်အာရှ အဆင့်ထက်မနိမ့်သော အရည်အသွေးဖြင့်တည်ဆောက်ခဲ့ရသည်။

အထူးသဖြင့် ဝဏ္ဏသိဒ္ဓိ၊ ဇေယျာသီရိကဲ့သို့သော အားကစားရပ်ဝန်း(Sport Complex)ကြီးများ တည်ဆောက်ခဲ့ပြီး၊ အားကစားနည်းများအလိုက် ပြိုင်ပွဲများ ကျင်းပနိုင်သည့် သီးသန့် အားကစားကွင်း/ရုံများလည်း ပါဝင်ခဲ့သည်။ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အားကစား ကွင်း/ရုံများအပြင် အားကစားသမားများနှင့် အုပ်ချုပ်၊ နည်းပြများ၊ စီမံခန့်ခွဲမှုဝန်ထမ်းအဖွဲ့များပါ တည်းခိုနေထိုင်နိုင်မည့် အားကစားရွာအတွင်း တည်းခိုဆောင် (Cluster)အလုံးပေါင်း ၁၀၀ နှင့် စားရိပ်သာဆောင်များကို နိုင်ငံတကာအဆင့်မီ တည်ဆောက်ပေးခဲ့ ရသည်။

လူ၊ ပစ္စည်း၊ နည်းပညာဟူသည့် လိုအပ်ချက် (၃)ရပ်တွင် ပစ္စည်းပိုင်းနှင့် အဆောက်အဦများသာမက အားကစားသုံးပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများကိုလည်း လိုအပ်လာနိုင်သည့် အရန်ပစ္စည်းများပါ ဖြည့်ဆည်းရသည်။ အားကစားပစ္စည်းများအပြင် ခေတ်မီရုံးသုံးပစ္စည်း၊ ပရိဘောဂ၊ မော်တော်ယာဉ်များအဆုံး အားလုံးကို ဖြည့်တင်းဆောင်ရွက်ရခြင်းများမှာ မလုပ်မဖြစ် ဆောင်ရွက်ရသည့်လုပ်ငန်း တာဝန်တစ်ခုပင် ဖြစ်သည်။

အားကစားပြိုင်ပွဲများတွင် ယှဉ်ပြိုင်ရခြင်းမှာ လူခွန်အားဖြင့် ယှဉ်ပြိုင်ရရုံမက ပြိုင်ပွဲဝင် နည်းစနစ် မှန်ကန်ကောင်းမွန်ရန်လည်း လိုအပ်သည်။ နည်းစနစ်၊ နည်းပညာဆိုသည်မှာ လည်း စဉ်ဆက်မပြတ်တိုးတက်နေသည်ဖြစ်ရာ အိမ်နီးချင်းပြိုင်ဘက်နိုင်ငံများ၏ အရည်အချင်းကို ယှဉ်ပြိုင်နိုင်စေရန် နိုင်ငံတကာနည်းစနစ်များကို သင်ကြားခံယူနိုင်ရန် ခေတ်မီအားကစား၊ နည်းစနစ်ဆိုင်ရာစာအုပ်စာတမ်းများ၊ အားကစားသရုပ်ပြ၊ ဗီဒီယိုခွေမှတ်တမ်းခွေများ ဝယ်ယူ လေ့လာစေခြင်းနှင့် ပြည်ပမှ အားကစားနည်းပြများ၊ နည်းစနစ်မှူးများကိုပါ နှစ်နိုင်ငံ ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးအစီအစဉ်၊ လစာဖြင့်ငှားရမ်းခေါ်ယူခြင်းတို့ကို စီစဉ်ဆောင်ရွက်ခဲ့သည်။

အားကစားနည်းများအလိုက် ကန်းကယက်နှင့် ရွက်လှေ၊ အနောက်တိုင်းလှေ၊ နပန်း၊ မြားပစ်၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ ရေကူး၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ ဘော်လီဘော၊ သေနတ်ပစ်၊ ပီတန်း၊ လက်ဝှေ့၊ ဖူဆယ်၊ ဝူရှူးစသည့်လိုအပ်သော အားကစားနည်းများအတွက် ပြည်ပမှ

နည်းပြများ ငှားရမ်းခေါ်ယူခဲ့သည်။ အင်္ဂလန်၊ အမေရိကန်၊ ဩစတြေးလျ၊ ဟန်ဂေရီ၊ ဂရိ၊ စပိန်၊ တူရကီ၊ တောင်ကိုရီးယား၊ ဂျပန်နိုင်ငံတို့မှ နည်းပြ (၁၆)ဦးရှိခဲ့ပြီး၊ တရုတ်နိုင်ငံမှ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ လက်ဝှေ့၊ စက်ဘီး၊ ကာယကြံ့ခိုင်မှု၊ အနောက်တိုင်းလှေ၊ ကန္ဒူးကယက်၊ သေနတ်ပစ်၊ ရေကူးနှင့်ဒိုင်ဗင်၊ ဝူရှူးအားကစားနည်းများအတွက် နည်းပြ (၂၆)ဦးကို ခေါ်ယူလေ့ကျင့်ပေးနိုင်ခဲ့သည်။

ထိုသို့ ပြည်ပမှ နည်းပြများခေါ်ယူပေးမှုအပြင် အားကစားနည်း (၂၃)မျိုးအတွက် နိုင်ငံ (၁၅)နိုင်နှင့် ပူးတွဲလေ့ကျင့်မှုများဆောင်ရွက်ခြင်းနှင့် ဖိတ်ခေါ်ပြိုင်ပွဲများ၊ လက်ရည်စစ်၊ လက်ရည်စမ်းပြိုင်ပွဲများကျင်းပစေခြင်းများကို ဝန်ကြီးဌာနအစီအစဉ်၊ နှစ်နိုင်ငံယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးအစီအစဉ်၊ အစိုးရချင်းညှိနှိုင်းမှုအစီအစဉ်များဖြင့် ဆောင်ရွက်နိုင်ခဲ့ကြခြင်း ကလည်း အရေးပါသော ဖြည့်ဆည်းပေးမှုဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် နှစ်ပေါင်း (၄၄)နှစ်ကြာပြီးမှ အိမ်ရှင်အဖြစ် ပြန်လည်ကာ လက်ခံကျင်းပလာခြင်းဖြစ်ရာ အဘက်ဘက်မှ အားနည်းချက်နှင့်လိုအပ်မှုများရှိနိုင်သော်လည်း ပြိုင်ပွဲအတွက်အဓိကလိုအပ်ချက်ဖြစ်သည့် လူ၊ ပစ္စည်း၊ နည်းစနစ်ပိုင်းများကို လိုလေသေး မရှိအောင် အစွမ်းကုန်ဖြည့်ဆည်းပေးနိုင်ခဲ့သည့် အားကစားသမားများ စိတ်ဓါတ်ရေးရာ မြင့်မားစေရန်၊ စိတ်ဓါတ်မြင့်တင်ရေးဟောပြောပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များပါ စီစဉ်ပေးခဲ့သည့် အပြင် ပြိုင်ပွဲဝင်နိုင်ငံများနှင့် အားကစားသံခင်း တမန်ခင်း ဆက်ဆံခြင်းများကိုပါ အလျဉ်းသင့်၊ အခွင့်သာသည်နှင့်အမျှ ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်ဖြစ်ရာ ပြိုင်ပွဲတိုင်းပါဝင်ယှဉ်ပြိုင်ရေးနှင့် အောင်နိုင်ရေးအတွက်ကြိုတင်ပြင်ဆင်လေ့ကျင့်ရေး ကော်မတီအနေဖြင့် ထိုသို့အဘက်ဘက်မှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း ကြောင့်လည်း ပြိုင်ပွဲကြီးတွင် ရွှေတံဆိပ် (၈၆)ခု၊ ငွေတံဆိပ် (၆၂)ခု၊ ကြေးတံဆိပ် (၈၅) ရရှိကာ စုစုပေါင်း ဆုတံဆိပ် (၂၃၃)ခုဖြင့် နိုင်ငံအလိုက်ရပ်တည်မှုအဆင့်(၂)ရရှိခဲ့သည် မှာ ကော်မတီ၏ ကြိုးပမ်းမှုအပြည့်အဝနီးပါး အောင်မြင်သည့်အတွက် ကျေနပ်အားရဂုဏ်ယူစရာဖြစ်ခဲ့ပါသည်။

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ အိမ်ရှင်အဖြစ်ရရှိခဲ့သော အောင်မြင်မှုကို တတ်စွမ်းသမျှကြိုးစားထိန်းသိမ်းကြရမည်ဖြစ်ရာ ၂၀၁၅ ခုနှစ်၊ (၂၈)ကြိမ်မြောက် စက််ပူဆီးဂိမ်းစ်ပြိုင်ပွဲကြီးတွင်လည်း အောင်မြင်မှုဆက်လက်ရရှိနိုင်ရန် ယခုပြိုင်ပွဲမှ ရရှိခဲ့သော အတွေ့အကြုံကောင်းများ၊ ရယူအပ်သည့် သင်ခန်းစာများ၊ အားသာချက်၊ အားနည်းချက်များကို ဆင်ခြင်သုံးသပ်ကာ နိုင်ငံတော်အကြီးအကဲများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ အစ အားကစားဝန်ကြီးဌာန တာဝန်ရှိသူများအလယ်၊ အားကစားသမားများနှင့် တိုင်းရင်းသားပြည်သူ တစ်ရပ်ဖြစ်သော ပရိသတ်များအဆုံးအားလုံးသောအင်အားစုများက တက်ညီလက်ညီ အစွမ်းကုန်ဆက်လက်ကြိုးပမ်းသွားကြပါစို့ဟု တိုက်တွန်းရင်း မြန်မာ့အားကစားအဆင့်အတန်းဆက်လက်မြင့်မားတိုးတက်နေမည်ကို မျှော်လင့်နေမိကြောင်းတင်ပြလိုက်ရပါသည်။

မြန်မာ့အားကစားအဆင့် တိုးတက်မြင့်မားဖို့ဆိုရင်

မြန်မာ့အားကစားပြန်လည်နိုးထပြီး ရွှေ ထီးဆောင်းတဲ့ခေတ် ပြန်ဖြစ်နိုင်ဖို့ နိမိတ်ကောင်းတွေ တိတိပပမြင် တွေ့သိရှိနေကြရတာကျေနပ်စရာပါ။ အသိသာ ဆုံးက (၂၇)ကြိမ်မြောက် ဆီးဂိမ်းစ်ကို နှစ်ပေါင်း (၄၀)ကျော်ကြာပြီးမှ အိမ်ရှင်လုပ်ခွင့်ရခဲ့ပေမဲ့ ရွှေတံဆိပ်ပေါင်း(၈၆)ခုနဲ့ အရှေ့တောင်အာရှ (၁၁)နိုင်ငံမှာ ဒုတိယခြိမ်ခဲ့တာနည်းတဲ့ တက် လှမ်းမှုမျိုးမဟုတ်လို့ တကယ်အသိအမှတ်ပြုရ မှာပါ။ ဘယ်လိုနည်းလမ်းတွေ၊ ဗျူဟာတွေ သုံး ပြီး ရခဲ့၊ ရခဲ့ ဒီနေ့လိုအခြိန်အခါ ဒီလိုဒေသ အတွင်းမှာ မြန်မာဟော့လို့ ကြွေးကြော်နိုင်တာကို ကဂုဏ်ယူကျေနပ်စရာဖြစ်ခဲ့ရပါတယ်။

ဗိုလ်ချုပ်ပြောတဲ့တစ်လွဲဆံပင်ကောင်း

အကောင်းမြင်သူတွေရှိကြပေမဲ့ အိမ်ရှင် ဆီးဂိမ်းစ်ပြိုင်ပွဲမှာ မြန်မာအသင်းရခဲ့တဲ့ ရွှေတံဆိပ် တွေဆိုတာ အိုလံပစ်အားကစားနည်းတွေထဲက သိပ်မပါဘူး။ မြန်မာအားကစားရွှေခေတ်က ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ လက်ဝှေ့၊ ဘောလုံးစတဲ့အားကစားနည်းတွေ အောင်မြင်မှုပြန်ရအောင် ဇောက်ချလုပ်ဆောင်ရမယ်။ အလေး ထားအားပေးရမယ်။ ရွှေဖြစ်ရင်ပြီးရောဆိုပြီး နိုင်ငံတကာမှာ လူရာသိပ်မဝင်တဲ့ အားကစား နည်းတွေနဲ့ ကျေနပ်မနေသင့်သလို ခြေစစ်ပွဲ အောင်ရုံအစွမ်းလောက်နဲ့ အောင်ဖျာလိပ် ပြည် တော်ပြန် ခြေထောက်တွေကိုရွှေချပေးနေတာ မျိုးက ဗိုလ်ချုပ်ပြောခဲ့တဲ့ တစ်လွဲဆံပင်ကောင်း ဆိုတာမျိုးများဖြစ်နေမလား သတိပြုဆင်ခြင် စရာ ဖြစ်ရပါတယ်တဲ့။

တချို့ကတော့ အားကစားလောကမှာ ပေးနေတဲ့ ကစားသမားလစာ၊ ချီးမြှင့်ငွေ၊ ချီးမြှောက်ငွေ၊ ဆုကြေးငွေတွေက ငါပိုက်ဆံနဲ့ ငါပေးတာဆိုပေမဲ့ မြန်မာ့ငွေကြေးဖောင်းပွမှုနှုန်း မှာ ဘယ်လောက်ရာခိုင်နှုန်းအထိ အကျုံးဝင်နေ သလဲလို့ ခနဲ့ပြီး မေးကြတယ်။ အကြံပေး ဒေါက်တာကြီးများ သတိထားမိကြစေချင်ပါတယ်တဲ့။ကုဋ္ဌေပေါင်းဘီလျံချီနေတဲ့ ဘတ်ဂျက်မှာ သိန်းထောင်ဂဏန်းလောက် ငွေကြေးဟာ ပြောပ လောက်တဲ့ ရာနှုန်းမဟုတ်ပေမဲ့ ကလေးတွေကို တော့ ချစ်ရာမရောက်ဘဲ နှစ်သလိုမဖြစ်အောင် တစ်နည်းနည်းနဲ့ ကြဲဆောင်ပေးသင့်တာ အမှန် ပါလို့ သုံးသပ်ကြတယ်။

တစ်ဦးကောင်း တစ်ယောက် ကောင်းနဲ့ မရတဲ့ကိစ္စ

ဒီမေးခွန်းက တာသွားတယ်။ အားကစား လောကတစ်ခုလုံး ရွှေခေတ်ပြန်ဖြစ်ဖို့က တစ်ဦး ကောင်း၊ တစ်ယောက်ကောင်းလုပ်လို့မရတာ အားလုံးအသိ။ ဒါပေမဲ့ အသိခေါက်ခက် အဝင် နက်နေတာတွေ ရှိတယ်။ ဝန်ကြီးဌာနတစ်ခု တည်း ပခုံးပေါ်က တာဝန်မဟုတ်ပေမဲ့ အားက စား လောကဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ အကြောင်း ပြချက်နဲ့ဝန်ကြီးဌာနကချည်း အစစလက်ဝါးကြီး အုပ်ထားလို့ကလည်းမဖြစ်တဲ့ကိစ္စပါ။ ဝန်ကြီး ဌာနနဲ့ အား/ကာဦးစီးဌာန၊ အမျိုးသားအားက စားကော်မတီ၊အမျိုးသားအိုလံပစ်ကော်မတီနဲ့ အားကစားအဖွဲ့ချုပ်တွေက တာဝန်ရှိသူတွေ တက်ညီလက်ညီတိုင်ပင်ညှိနှိုင်း ဝိုင်းဝန်းလုပ်ဆောင်မှ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ဆိုခဲ့ တဲ့အတိုင်း

ဆီးဂိမ်းစ်တုန်းက အောင်မြင်မှုရခဲ့ တယ်ဆိုပေမဲ့ လက်ရှိမှာအားကစားဆိုင်ရာဌာန တွေ၊ အဖွဲ့အစည်းတွေနဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေ အကြား ဆက်ဆံရေးအနေအထားတွေက အကောင်းကြီး မဟုတ်လှဘူးလို့ ကြားသိနေရ တယ်။

အထူးသဖြင့် စင်ကာပူဆီးဂိမ်းစ်မှာ ပါဝင် မည့် တချို့အားကစားနည်းတွေက မြန်မာနိုင်ငံ မှာ အဖွဲ့ချုပ်တောင် မရှိသေးလို့ လက်ရွေးစင် ဆိုတာ ဘယ်မှာရှိမလဲ။ အဲ့ဒီမှာ ပြဿနာစတာ ပဲ။ အဖွဲ့ချုပ်ဥက္ကဋ္ဌ ခန့်တဲ့နေရာ၊ လက်ရွေးစင် ကစားသမား ရွေးချယ်မှုမှာ အငြင်းပွားစရာ မဟုတ်တောင် ပြောစရာတွေရှိလာတယ်။ တာ ဝန်ပေးရာမှာ အကြောင်းသိသူ၊ ပြောလို့ ဆိုလို့ရ သူ၊ လုပ်နိုင်ကိုင်နိုင်၊ တတ်နိုင်သူတွေကို ခင်ဗျား က ဘာဥက္ကဋ္ဌ ၊ ခင်ဗျားက ဘာဥက္ကဋ္ဌလုပ် ဆိုပြီး ခွဲတမ်းချတယ်၊ ကာယကံရှင်ရဲ့ဆန္ဒ၊ အားကစား နဲ့ အလှမ်းဝေးတာ၊ ဝါသနာ၊ စေတနာ၊ အနစ် နာခံနိုင်တာတွေထက် အပေါ်က ချပေးတာမို့ အမြင်စောင်းစရာ၊ အဓိပ္ပာယ်ကောက်လွဲတာ တွေ ရှိလာနိုင်တယ်၊ ရှိလည်း ရှိနေတယ်။ ဒီ ကြားထဲ လက်ရွေးစင်ရွေးချယ်မှုမျိုးမှာ ပါဝင် စွက်ဖက်လာတော့ အခြေအနေတင်းမာ၊ မကျေ လည်တာတွေ ဖြစ်လာနိုင်ပါတယ်။ ချောချော မောမောလည်ပတ်ရမယ့် ယန္တယားရဲ့ စက်သွား စိတ်တွေကြားမှာ အံလွဲပြီး အဖုအထစ်တွေရှိ လာတတ်တယ်။ ငါမြင်းငါစိုင်း၊ ငါလှေငါထိုး အမျိုးမျိုးထင်ရာစိုင်းမယ်ဆိုရင် ကိုယ်ကျိုးနည်း တတ်ပါတယ်။

တစ်ဖက်မှာက တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း သွေးတိုးစမ်းချင်တာတွေ လည်းရှိတယ်။ ကိုယ့်အားကစားနည်းက ဆီးဂိမ်းစ်သွားမယ့်အထဲမှာမပါလို့၊ ဆုတံဆိပ်မသေချာ ပေမဲ့ အလားအလာကိုမျှော်မှန်းလို့ လက်ရည် စမ်းချင်တာကြောင့် ဝန်ကြီးဌာနနဲ့ အိုလံပစ် ကော်မတီက ပိုက်ဆံမရလည်း ကိုယ့်စရိတ်နဲ့ ကိုယ်စင်ကာပူလိုက်ပြီး အတွေ့အကြုံယူချင်တဲ့ အဖွဲ့ချုပ်တွေ ရှိတယ်။ အဖွဲ့ချုပ်တွေမှာ သီးခြားလွတ်လပ်စွာ စီမံဆောင်ရွက်ပိုင်ခွင့် အသီးသီးရှိပေမဲ့လည်း ဝန်ကြီးဦးဆောင်တဲ့ အထက်အဖွဲ့အစည်းတွေနဲ့ လက်တွေ့အကောင်အထည်ဖော်ရ တဲ့အဖွဲ့ချုပ်တွေ ဒေါင်းလန်းကြီးထဲမှာ လက်ရည်တပြင်တည်း ရှိနေတာ၊ တင်ပြတိုင်ပင်ဆင်ခြင်ညှိနှိုင်း ဝိုင်းဝန်းကြိုးပမ်းနေတာ မြင်တွေ့ချင်ပါတယ်။ ဒါမှလည်း မြင်းတွေ၊ လှေတွေဟာ စစ်ကိုင်းရောက်ရောက်၊ ပဲခူးရောက်ရောက် ခရီးပေါက်သလောက်ပြီးမြောက် အောင်မြင်မှု ပမာဏကြီးမားခန့်ညားမယ်ဆိုတာ ပြီးခဲ့တဲ့ ဆီးဂိမ်းစ်က သက်သေပြထားပြီးသားမို့ ထွေထွေ ထူးထူးပြောဖို့ မလိုဘူးထင်ပါတယ်။

နိုင်ငံတော်ကပေးတဲ့အဓိကတာဝန်

ပြည်ထောင်စုဝန်ကြီးဌာနတွေကိုဖွဲ့စည်း တာဝန်ပေးရာမှာ တာဝန်၊ လုပ်ပိုင်ခွင့်နဲ့ ရည်မှန်းချက်တွေ အသီးသီးချမှတ်ပေးပြီးသားပါ။ နိုင်ငံတော်က အားကစားဝန်ကြီးဌာနအတွက် ချမှတ်ပေးထားတဲ့တာဝန်(၄)ရပ်က-

(က) တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊

(ခ) မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး၊

(ဂ) အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် အဆင့်မြင့်မားစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊

(ဃ) အရှေ့တောင်အာရှမှအာရှ၊ အာရှအဆင့်မှ ကမ္ဘာအဆင့်အထိ တက်လှမ်းနိုင်အောင် ကြိုးစားရေးတို့ ဖြစ်ကြပါတယ်။

အားကစားဝန်ကြီးဌာနက ချမှတ်ထားတဲ့ တာဝန်(၅)ရပ်ကတော့ (၁) လူရွေးချယ်ရေး၊ (၂)အားကစားကွင်း၊ အားကစားရုံ တိုနိုးသိမ်း ရေး၊ (၃)ပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပရေး (၄)ဦးစီးဌာနက ကျင်းပသည့် ပြည်နယ် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် အတတ်နိုင်ဆုံး မပျက်မကွက် ပါဝင်ယှဉ်ပြိုင်ရေး၊ (၅) စည်းကမ်းကောင်းမွန်ပြီး အရည်အချင်းမြင့်မားရေးဆိုတဲ့ တာဝန်တွေပါ။

ဒီလိုတာဝန်တွေကို ဘယ်လိုရည်ရွယ်ချက် တွေနဲ့ ပေးအပ်ထားသလဲဆိုတာ ဆန်းစစ်ကြည့်နိုင်ပါလိမ့်မယ်။ ထားရှိတဲ့ ရည်မှန်းချက် (၃)ရပ်က *မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ *နိုင်ငံတကာအား ကစား ပြိုင်ပွဲများတွင် အဆင့်မီ၊ အရည်အသွေးရှိသော ထူးချွန်အောင်မြင်သည့် အားကစား သမားများ ပေါ်ထွက်လာစေရန်၊ *နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် မြန်မာ့အားကစား အောင်မြင်မှုရရှိစေရန်ဆိုတာတွေ ဖြစ်ကြပါ တယ်။ ဒီလိုရည်မှန်းချက်တွေနဲ့ ချမှတ်ပေးအပ် ထားတဲ့ တာဝန်တွေကို ဘယ်သူတွေ ဘယ်လိုခွဲဝေထမ်းဆောင်နေသလဲဆိုတာ အသီးသီးကိုယ့် ဘာသာပြန်ဆန်းစစ်ကြည့်နိုင်တဲ့ကိစ္စမျိုးပါ။ဘယ်သူကသြဇာအရှိန်အဝါသုံးတယ်၊ ပါဝင် စွက်ဖက်တယ်ဆိုတာအဖြေထုတ်နိုင်ပါလိမ့်မယ်။

ဒီကြားထဲမှာ ကိုရွှေမီဒီယာများရဲ့ မ, စမှု လည်းခံနေရတယ်။ ဘယ်ကစားသမားတွေ မပါလို့ အမျိုးသားအဆင့်ပြိုင်ပွဲမပီပြင်ဘဲ အမျိုးသားအားကစားပွဲဆိုတဲ့ နာမည်မပေးသင့်ဘူးလို့

၀င်ထောက်တယ်။ တချို့လည်း အားကစားဆို တဲ့ ခေါင်းစဉ်အောက်မှာ ဘတ်ဂျက်အသုံးစရိတ် များနေလို့ နည်းနည်းနဲ့ကျဲကျဲ၀ိုင်းဖို့ တောင်းဆို ကြတယ်။ တကယ်တော့ ပြိုင်ပွဲကြီးတာ၊ ငယ် တာနဲ့ ဘယ်အမည်ပေးတယ်ဆိုတာတွေထက် အလားအလာကောင်းတဲ့ မျိုးဆက်သစ်တွေပေါ် ထွက်ဖို့ စံချိန်ကောင်းတွေတင်နိုင်ဖို့ဆိုတဲ့ ပြိုင်ပွဲရဲ့ အနှစ်သာရကို ဖော်ဆောင်နိုင်ရေးကသာ ပဓါနဖြစ်ကြောင်း၊ ဘယ်ကစားသမားမဆို မိမိ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီး ကိုယ်စားပြု ယှဉ်ပြိုင်နိုင်တဲ့အတွက် အမျိုးသားအားကစားပွဲအဖြစ် ရှုမြင်နိုင်ပါကြောင်း၊ ရှင်းရလင်းရတာ တွေ့ လုပ်ခဲ့ရသေးတယ်။ မီဒီယာအများစုက တော့ အားကစားပိုင်းဆိုင်ရာလှုပ်ရှား ဆောင် ရွက်မှုတွေကို အပြုသဘောမှန်မှန်ကန်ကန် ဝေဖန်ထောက်ပြနေပေမဲ့ အချို့သောမီဒီယာများက တော့ အတင်းအဖျင်းဘက်ကို ဇောင်းပေးရေး သားတာတွေ တွေ့ရတယ်။ သတင်းနဲ့အတင်း ကို မခွဲခြားတတ်လို့များလားလို့ မေးလိုက်ချင်ပါတယ်။ သတင်းစာရှင်းလင်းပွဲတွေမှာ ဦးထုပ် တွေ၊ စပို့ရှပ်တွေ လက်ဆောင်ပေးတာကိုပဲ အိုဘားမား ဒေါ်စုကြည် ခါးဖက်တဲ့မြင်ကွင်းလို ပုံကြီးချဲ့ပြီးလေကြီးမိုးကြီးနဲ့ အဆင့်ဆင့်အော်တဲ့ အသံနာခံလိုက်ရသေးတယ်။ အော် ကောင်း လေစွ၊ ကောင်းလေစွ၊ မီဒီယာတွေ ဖွချက်ကလည်း လက်သံပြောင်တယ်။ မဟုတ်တဲ့ဘက်မှာ ကလောင်စွမ်းပြနေတယ်။ ဝန်ကြီးဦးဆောင်တဲ့ အထက်အုပ်စုနဲ့ အဖွဲ့ချုပ်တွေအကြား ဆက်ဆံ ရေး သွေးအေးနေရုံမက လျစ်လျူပြုထားခံရတယ်။ အပြန်အလှန်ပူးပေါင်းညှိနှိုင်းဆောင် ရွက်မှု မပီပြင်ဘူး၊ အဖွဲ့ချုပ်တွေရဲ့ လုပ်ငန်းတွေမှာ ပါ၀င်စွက်ဖက်မှုတွေရှိနေတယ်။ ပံ့ပိုးမှုအား နည်းနေတဲ့အပြင် ရန်ပုံငွေအကြောင်းပြပြီး အလှူချည်းခံနေလို့ မကူညီချင်နေပါ မနှောင့်ယှက် ပါနဲ့ ဆိုတဲ့ဆောင်းပါးတစ်ပုဒ်နဲ့ မကြာသေးခင်က သရော်စာဆန်ဆန် ကလိထိုးသွားတာ လည်း ဖတ်လိုက်ရပါရဲ့။

တကယ်တော့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ညွှန်ချုပ်များ၊ ညွှန်မှူးများ အသီးသီးမှာ လုပ်ပိုင်ခွင့်နဲ့ တာ၀န်၀တ္တရားများ သတ်မှတ်ပြဋ္ဌာန်းပေးထားပြီးသားပါ။ အလားတူ အားကစားအဖွဲ့ချုပ်များရဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနဲ့ အမှုဆောင်တွေမှာလည်း ရှိကြပြီးသားပါ။ဒီတော့ ကိုယ့်တာ၀န် ကိုယ်ကျေပွန်ကြရင်၊ စိတ် ရင်းစေတနာမှန်နဲ့ လုပ်ဆောင်ကြရင်၊ ဘယ်သူ့ ဘယ်သူမှ အပြစ်တင်စရာ၊ အပြစ်မြင်စရာတွေ ရှိမလာဘဲ အောင်မြင်ပါလိမ့်မယ်။ အဓိက,က မြင်းအလုပ် မြင်းလုပ်၊ မျောက်အလုပ် မျောက် လုပ်ဖို့ပါ။ မလုပ်ခင်ကတည်းက ကြိုတင်ညှိနှိုင်းပြီး အကြံဉာဏ်တွေ၊ အထောက်အပံ့တွေမျှ၀ေခြင်းက ကောင်းကျိုးရစေပါလိမ့်မယ်။ တကယ် လိုအပ်တာက စေတနာအရင်းခံနဲ့ ကြိုးစားကြဖို့ ပဲ ဖြစ်ပါတယ်။ မကြာမီမှာ အမျိုးသားအားက စား ဥပဒေပြဋ္ဌာန်းအတည်ပြုပြီးရင် အစစပိုပြီး အဆင်ပြေချောမွေ့လာမှာမို့ အမျိုးသား ရင်ကြားစေ့မှုဟာ အမျိုးသားနိုင်ငံရေးမှာသာမက အမျိုးသားအားကစားရေးကိစ္စမှာလည်း လိုအပ်တယ်လို့ ခံယူပြီး စံနမူနာပြဆောင်ရွက်ကြမယ် ဆိုရင် မြန်မာ့အားကစားကမ္ဘာကိုလွှမ်းစေရမည် ဆိုတဲ့ ကြွေးကြော်သံကိုတောင် ပြန်ပြင်စရာလိုပဲ့ မလားလို့ စဉ်းနေမိကြောင်းပါခင်ဗျာ . . . ။

မိုးကြိုး(ကျောက်မြောင်း)

(၂၈)ကြိမ်မြောက် စက််ပူဆီးဂိမ်းစ်သို့

အရှေ့တောင်အာရှအားကစားလောကတွင် မော်ကွန်းသစ်အဖြစ် ထူဆစ်ပြသနိုင်ခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးသည် အိမ်ရှင်မြန်မာနိုင်ငံအတွက် ထူးခြားသောတက်လှမ်း စွမ်းဆောင်မှုအဖြစ် အတိုင်းအတာတစ်ရပ်အထိ အောင်မြင်မှုရရှိခဲ့သည်ကို အားလုံးက အသိအမှတ်ပြုကြသည်၊ ဒေသတွင်းနိုင်ငံများကသာမက အာရှနိုင်ငံအချို့က မြန်မာနိုင်ငံ၏ အောင်မြင်မှုကို လက်ခံချီးကျူးခဲ့ကြသည်။ တစ်ကယ်တွင် ထိုသို့သော တက်လှမ်း နိုင်မှုမျိုးရရှိအောင် နိုင်ငံခေါင်းဆောင်များ၊ တာဝန်ရှိသူများနှင့် ပြည်သူတစ်ရပ်လုံးက ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်ခဲ့ကြရသည်။ဖြစ်နိုင်သည့်နည်းလမ်းမှန်သမျှ ရှာဖွေကြံဆရင်း သံခင်းတမန်ခင်းများကိုပင် အသုံးပြုခဲ့ရသည်များလည်းရှိသည်။ သို့ဖြစ်ရာ အိမ်ရှင်နိုင်ငံအဖြစ် ပြိုင်ပွဲတွင် အောင်မြင်ရေးသာမက၊ ပြိုင်ပွဲကြီးချောမောစွာ အောင်မြင်ပြီးမြောက်ရေးအတွက် အိမ်ရှင်နိုင်ငံ၏ စီမံခန့်ခွဲပိုင်ခွင့်မှန်သမျှ ခွင့်ပြုထားသည့် ဘောင်အတွင်းမှ ကိုင်တွယ်သုံးစွဲခဲ့ရသည်မှာ ယုတ္တိဗေဒသဘာဝကျသည့် အားထုတ်ကြိုးပမ်းမှုဟုပင် ဆိုရမည်ဖြစ်သည်။

သို့ဖြစ်၍လည်း အိမ်ရှင်မြန်မာအားကစားအဖွဲ့သည် အရှေ့တောင်အာရှအားကစား အင်အားကြီးနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံကိုအမီမလိုက်နိုင်ခဲ့သည့်တိုင် ပြိုင်ပွဲတစ်ရပ်လုံးတွင် ရွှေတံဆိပ် (၈၆)ခု၊ ငွေတံဆိပ် (၆၂)ခု၊ ကြေးတံဆိပ်(၈၅)ခု၊ စုစုပေါင်းဆုတံဆိပ် (၂၃၃)ခုဖြင့် နိုင်ငံအလိုက် တန်းစီဇယားတွင် ဒုတိယခုံတက်ခဲ့သည်။ မြန်မာနိုင်ငံ၏ အောင်မြင်မှုမျိုးကိုလည်း (၂၈)ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲ၏ အိမ်ရှင်ဖြစ်လာသည့် စက််ပူနိုင်ငံကလည်း ရရှိအောင်ကြိုးစား စွမ်းဆောင်ကြလိမ့်မည်ဟု ယူဆမျှော်လင့်ရသည်။ အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိသည့် နိုင်ငံတိုင်းက မိမိတို့အားသာချက်ရရှိစေမည့် အချက်များကို တွက်ချက်ဆောင်ရွက်ကြသည်မှာ ပြုမူဆောင်ရွက်လေ့ရှိသည့် အစဉ်အလာတစ်ခုလည်း ဖြစ်နေပြီဟုဆိုရပါမည်။

<u>အိမ်ရှင်တာဝန်နှင့်မြန်မာနိုင်ငံ</u>

မြန်မာနိုင်ငံအနေဖြင့် ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစား ပြိုင်ပွဲကို ၁၉၆၁ ခုနှစ်ကပင် စတင်လက်ခံကျင်းပခဲ့ဖူးပြီး ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ်မြောက် ကျွန်းဆွယ်အားကစားပြိုင်ပွဲကို ဒုတိယအကြိမ် အိမ်ရှင် အဖြစ်လက်ခံကျင်းပခဲ့ဖူးသည်။ ပထမ အကြိမ်တွင် အားကစားနည်း (၁၆)မျိုးကို လည်းကောင်း၊ ဒုတိယအကြိမ်တွင် အားကစားနည်း (၁၈)မျိုးကိုဂွင်း ထည့်သွင်းယှဉ်ပြိုင်စေခဲ့ပြီး

အားလုံးမှာ အိုလံပစ်အားကစားနည်းများသာ ဖြစ်ခဲ့သည့်အပြင် အိမ်ရှင်မြန်မာနိုင်ငံမှာလည်း နှစ်ကြိမ်စလုံးတွင် ဗိုလ်စွဲနိုင်ခဲ့သည်ချည်းပင်ဖြစ်သည်။ သို့သော် အကြောင်းကြောင်းကြောင့် နှစ်ပေါင်း(၄၄)နှစ် ကြာပြီးမှ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပြန်လည်ကျင်းပနိုင်လာသည့်အချိန်တွင် အားကစားနည်းပေါင်း (၃၀)ကျော်အထိ ထည့်သွင်းယှဉ်ပြိုင်လာခဲ့ကြပြီး ဖြစ်နေသည့်အပြင် အချို့သော အားကစားနည်းများမှာ အိုလံပစ်အားကစားနည်းများမဟုတ်တော့ဘဲဒေသတွင်း ရိုးရာအားကစားနည်းများဖြစ်နေခဲ့သည်ကို ယခင်နှစ်(၃၀)ကျော်ကာလနှင့် ခြားနားစွာတွေ့မြင်ခဲ့ကြရသည်။

၂၀၁၅ ခုနှစ် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် စင်္ကာပူနိုင်ငံမှာလည်း ပြိုင်ပွဲတွင် ယင်းတို့အတွက် အားသာချက် များဖြစ်စေရန် အစီအမံတို့ကို အနည်းနှင့်အများကြိုးစားကြံဆောင်ကြလိမ့်မည်ဟု မျှော်လင့်ရသည်။ စင်္ကာပူနိုင်ငံအနေဖြင့် ကျွန်းဆွယ်နှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို ၁၉၇၃၊ ၁၉၈၃ နှင့် ၁၉၉၃ ခုနှစ်များတွင် အိမ်ရှင်အဖြစ် (၃)ကြိမ် လက်ခံကျင်းပခဲ့ပြီးဖြစ်သည်။ ထိုအကြိမ်များတွင် အိမ်ရှင်အခွင့်အရေးနှင့် အားသာချက်များကို အသုံးချခဲ့မည်ဖြစ်သော်လည်း တစ်ကြိမ်မျှ ပထမရဗိုလ်စွဲခဲ့ခြင်း မရှိသည်ကို ထူးခြားစွာတွေ့ရမည်ဖြစ်သည်။ စင်္ကာပူနိုင်ငံအနေဖြင့် ၁၉၇၃ ခုနှစ်တွင် အားကစားနည်း (၁၆)မျိုး၊ ၁၉၈၃ ခုနှစ်တွင် အားကစားနည်း (၁၈)မျိုးနှင့် ၁၉၉၃ ခုနှစ်တွင် အားကစားနည်း (၂၉)မျိုးတို့ကို ထည့်သွင်းကျင်းပခဲ့သည်။ ၁၉၈၃ ခုနှစ်ပြိုင်ပွဲတွင် ထည့်သွင်းယှဉ်ပြိုင်စေခဲ့သော အားကစားနည်း(၁၈)မျိုးထက် (၁၁)မျိုးပိုမိုထည့်သွင်းလာခဲ့ခြင်းဖြစ်ပြီး ထိုအားကစားနည်းများမှာ ဘိလိယက်နှင့်စနူကာ၊ ကာယဗလ၊ ဂေါက်သီး၊ ကျွမ်းဘား၊ ကရာတေးဒို၊ ပန်ကြတ်ဆီလတ်၊ စကွတ်ရှ်၊ တိုက်ကွမ်ဒို၊ ရိုးရာလှေလှော်နှင့် ဝူရှူးအားကစားနည်းများဖြစ်သည်။ ထိုအားကစားနည်းများထဲမှာပင် အိုလံပစ်အားကစားနည်း မဟုတ်သည့် ကစားနည်း (၇)မျိုးအထိပါ ရှိခဲ့သည်ကိုလည်းတွေ့ရသည်။

<u>စင်္ကာပူ၏ အိမ်ရှင်ပြိုင်ပွဲမှတ်တမ်းများ</u>

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် စင်္ကာပူနိုင်ငံမှာ ဆိုခဲ့ပါအတိုင်း ၁၉၇၃၊ ၁၉၈၃ နှင့် ၁၉၉၃ ခုနှစ်တွေမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ဖူးသော်လည်း စင်္ကာပူနိုင်ငံအဖြစ် မလေးရှားနိုင်ငံမှ ခွဲထွက်ခဲ့ပြီး အိမ်ရှင်အဖြစ် ပထမဆုံးကျင်းပသည့် ၁၉၇၃ ခုနှစ် ကျွန်းဆွယ်အားကစားပြိုင်ပွဲတွင် ထိုင်းနိုင်ငံက ရွှေတံဆိပ် (၄၇)ခု၊ ငွေတံဆိပ် (၂၃)ခု၊ ကြေးတံဆိပ် (၂၅)ခု၊ ဆုတံဆိပ်ပေါင်း (၉၉)ခုဖြင့် ဗိုလ်စွဲပြီး အိမ်ရှင် စင်္ကာပူမှာ ရွှေတံဆိပ်

(၄၅)ခု၊ ငွေတံဆိပ်(၅၀)ခု၊ ကြေးတံဆိပ်(၄၅)ခုဖြင့် စုစုပေါင်း ဆုတံဆိပ် (၁၄၀)ခုရသော်လည်း နိုင်ငံအလိုက် တန်းစီဇယားတွင် ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။

အလားတူ ၁၉၈၃ ခုနှစ် (၁၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲတွင် ဘရူနိုင်းနိုင်ငံပါဝင်လာပြီး ပြိုင်ပွဲဝင်နိုင်ငံ(၈)နိုင်ငံပါဝင်ကာ အားကစားနည်း (၁၈)မျိုးကိုပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။ ၁၉၇၃ ခုနှစ်က ထည့်သွင်းယှဉ်ပြိုင်စေခဲ့သော အားကစားနည်း(၁၆)မျိုးတွင် ဘိုးလင်းနှင့် မြင်းစီးအားကစားနည်း(၂)မျိုးကို ဖြည့်စွက် ထည့်သွင်းခြင်းဖြစ်ပြီး၊ ဘိုးလင်းမှာ အိုလံပစ် အားကစားနည်းမဟုတ်ကြောင်း သိရသည်။ ထိုပြိုင်ပွဲတွင်လည်း အိမ်ရှင်စက််ပူမှာ ရွှေတံဆိပ်(၃၈)ခု၊ ငွေတံဆိပ် (၃၈)ခု၊ ကြေးတံဆိပ်(၅၈)ခုဖြင့် စုစုပေါင်းတံဆိပ် (၁၃၄)ခုရရှိကာ အဆင့် (၄)သာ ချိတ်ခဲ့သည်။ဗိုလ်စွဲပြီး ပထမရသည့် အင်ဒိုနီးရှားက (၆၄၊ ၆၇၊ ၅၄၊ စုစုပေါင်း (၁၈၈)ခု)၊ ဒုတိယဖိလစ်ပိုင်က (၄၉၊ ၄၈၊ ၅၃၊ စုစုပေါင်း (၁၅၀)ခု)၊ တတိယချိတ်သည့် ထိုင်းနိုင်ငံက (၄၉၊ ၄၀၊ ၃၈၊ စုစုပေါင်း (၁၂၇)ခု)ဖြင့် အသီးသီးရပ်တည်ခဲ့ကြသည်။

၁၉၉၃ ခုနှစ်တွင် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို စက််ပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ၊ ပြိုင်ပွဲဝင်နိုင်ငံ (၉)နိုင်ငံက အားကစားနည်း(၂၉)မျိုးကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ၁၉၉၈ ခုနှစ်က အိမ်ရှင်အဖြစ် ကျင်းပစဉ် ထည့်သွင်းခဲ့သော အားကစားနည်း(၁၈)မျိုးတွင် အားကစားနည်း (၁၁)မျိုး ထပ်မံဖြည့်စွက်ခဲ့ပြီး ထိုအားကစား နည်းများမှာ ဘိလိယက်-စနူကာ၊ ကာယဗလ၊ ကရာတေးဒို၊ ပန်ကြတ်ဆီလတ်၊ စကွတ်ရှ်၊ ရွက်လှေ၊ ခါးခုတ်၊ ဂေါက်သီး၊ ကျွမ်းဘား၊ တိုက်ကွမ်ဒို၊ ဝူရှူးအားကစားနည်းများဖြစ်သည်။ ထိုအားကစားနည်းများအနက် ဘိလိယက်-စနူကာ၊ ကာယဗလ၊ ကရာတေးဒို၊ ပန်ကြတ်ဆီလတ်၊ စကွတ်ရှ်၊ ဝူရှူးအားကစားနည်း(၆)မျိုးမှာ နွေရာသီအိုလံပစ်အားကစားနည်းများ မဟုတ်ကြောင်း တွေ့ရှိရသည်။ ထိုသို့ အိုလံပစ်အားကစားနည်းမဟုတ်သည်များကို ထည့်သွင်းကျင်းပ ခဲ့သော် လည်း စက််ပူ အသင်းမှာ နောက်ဆုံးအိမ်ရှင်အဖြစ် လက်ခံကျင်းပထားသည့် (၁၇)ကြိမ်မြောက်အထိ အဆင့် (၁)ဖြင့် ဗိုလ်စွဲနိုင်စွမ်းမရသေးပဲ စတုတ္ထဖြင့်သာ ကျေနပ်နေခဲ့ရသည်ဖြစ်ရာ အိမ်ရှင်အခွင့်အရေးရတိုင်းလည်း ဗိုလ်စွဲနိုင်ခြင်းမရှိသည်ကို သတိပြုမိဖို့လိုအပ်ပါလိမ့်မည်။

<u>(၂၈)ကြိမ်မြောက် ဆီးဂိမ်းစ်နှင့် မြန်မာ့အနေအထား</u>

လာမည့် ၂၀၁၅ ခုနှစ် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် စက််ပူနိုင်ငံက လက်ခံကျင်းပမည်ဖြစ်ရာ အားကစားနည်း(၃၀)မျိုးကို

ထည့်သွင်းကျင်းပရန် အဆိုပြုထားပြီးဖြစ်သည်။ ထိုအားကစားနည်း များတွင် အိုလံပစ်အားကစားနည်းများ မဟုတ်သည့် အမျိုးအစားအချို့ ပါဝင်နေသည့်အပြင် အချို့အားကစားနည်းများမှာ မြန်မာနိုင်ငံတွင် အားကစားအဖွဲ့ချုပ်များပင် ပြင်ဆင်ဖွဲ့စည်း ထားရှိခြင်းမပြုရသေးသည့် အားကစားနည်းများ လည်းပါဝင်နေသည်။ စက်ပြိုင်ကားအနေဖြင့် အိမ်ရှင်အခွင့်အရေးကို အသုံးချသည်ဖြစ်စေ၊ မချသည်ဖြစ်စေ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ အနေဖြင့်မူ မိမိတို့ထမ်းဆောင်ရမည့် တာဝန်ကို ကျေပွန်အောင် ကြိုးစားကြရမည်မှာ သမိုင်းပေး တာဝန်တစ်ရပ်အဖြစ် ရှုမြင်ဆုံးဖြတ်ကြရမည် ဖြစ်သည်။ ဘိုးလင်း၊ ဓါးခုတ်၊ နက်ဘော၊ ရပ်ဂ်ဘီ၊ ဆော့ဖ်ဘော၊ စကွတ်ရှ်၊ ရေလွှာလျှောတို့ကဲ့သို့ အားကစားနည်းများတွင် ပါဝင်ယှဉ်ပြိုင်ရန် ရွေးချယ်မည်ဆိုလျှင်၊ ကစားသမားသစ်များ၊ ရှာဖွေ၊ ရွေးချယ်လေ့ကျင့်ရေး၊ ပြည်တွင်းပြည်ပမှ ရနိုင်မည့် အတွေ့အကြုံပြည့်စုံရင့်ကျက်သည့် နည်းပြများ ရရှိရေး၊ သက်ဆိုင်ရာအားကစားနည်းအလိုက် အသုံးအဆောင်ပစ္စည်းများ၊ အထောက်အကူပြု ပစ္စည်းများရရှိရေးတို့အတွက် အဖက်ဖက်မှစနစ်ကျနစွာ အစီအစဉ်များ၊ စီမံချက်များ ရေးဆွဲ ပြင်ဆင်ပြီး ပြိုင်ပွဲဝင်ရန်အသင့်ဖြစ်စေဖို့ ဆောင်ရွက်ကြရမည်ဖြစ်သည်။

(၂၇)ကြိမ်မြောက်ဆီးဂိမ်းစ်ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ဒုတိယ အများဆုံး သိမ်းပိုက်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြပြီး၊ အနီးကပ်ဆုံး(၂၈)ကြိမ်မြောက် စက်ပြဆီးဂိမ်းစ်တွင် ဆုတံဆိပ်အများအပြားလျှော့ကျကာ မြန်မာအားကစားအသင်းမှာ ဒုံရင်းဒုံရင်းပြန်ကျ ဆင်းရသည့် အကြည့်တန်ရုပ်ဆိုးသည့်ဖြစ်ရပ်မျိုးနှင့် အတိုးမခံနိုင်ပါ။ တတ်စွမ်းနိုင်သမျှကြိုးပမ်း စွမ်းဆောင်ကြရမည်သာဖြစ်သည်။ (၂၇)ကြိမ်မြောက် အိမ်ရှင်အဖြစ် ဂုဏ်တင်ခဲ့သည့် အောင်မြင်မှုကို ထိန်းသိမ်းကြဖို့ကို နိုင်ငံတော် အကြီးအကဲများ၊ အားကစားဝန်ကြီးဌာနနှင့် တာဝန်ရှိသူများ ကလည်း အစွမ်းကုန်ကြိုးပမ်း ကြမည်ဖြစ်ရာ အားကစားသမားများနှင့် နည်းပြအုပ်ချုပ်သူများ၊ အားပေးသူပရိသတ်၊ ပြည်သူများကပါ ပါဝင်ကူညီရင်း (၂၈)ကြိမ်မြောက် စက်ပြဆီးဂိမ်းစ်ပြိုင်ပွဲသို့ ချီတက်ရာ လမ်းကြောင်းကို အားကောင်းမောင်းသန် မြန်မာ့စိတ်ဓါတ်အားမာန်ဖြင့် အသင့်ပြင်ဆင် ထားကြဖို့ တပ်လှန့်နှိုးဆော်လိုက်ရကြောင်းပါ. . . ။

လူလူမင်း

၂၀၁၅ စတုတ္ထအကြိမ်အမျိုးသားအားကစားပွဲတော်မှသည် . . . .

ယနေ့ကာလမှာ မြန်မာနိုင်ငံတော်သစ်ဆီသို့ ရောင်နီသမ်းလာသည့် နိဒါန်းဦး အဖြစ်မှတ်ယူကြရပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လက်ရှိ နိုင်ငံရေး၊ ကြီးပွားရေး၊ လူမှုရေးအခြေအနေအရပ်ရပ်မှာ ကောင်းမြတ်ခြင်းများဆီ ဦးတည်တက်လှမ်း နေပါပြီ။ နိုင်ငံရေး၊ စီးပွားရေး၊ ကဏ္ဍများတွင် ရှေ့သို့တက်လှမ်း မှုများထင်ရှားသိသာလာ သကဲ့သို့ လူမှုရေး နယ်ပယ်တွင်လည်း အောင်မြင်မှုများရရှိနေပြီဟုဆိုရမည်။ အထူးသဖြင့် မြန်မာ့အားကစားကဏ္ဍမှာ ယခင်ယခင်အခြေအနေများထက်များစွာ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

သိသာသော တက်လှမ်းမှုမှာ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့ပြီး အားကစားပိုင်းတွင်သာမက စီမံခန့်ခွဲမှု စွမ်းရည်မှာပါ နိုင်ငံတကာ အဆင့်မှီခဲ့သည်။ အရှေ့တောင်အာရှအားကစားပွဲတော်ကြီးမှာ နိုင်ငံတကာပြိုင်ပွဲတစ်ရပ်ဖြစ်၍ လူအင်အား၊ ငွေကြေးအင်အား၊ နည်းပညာအင်အားသာမက အတွေ့အကြုံပြည့်စုံဖို့ များစွာလိုအပ်သည်။ ထိုသို့သော အားကစားပြိုင်ပွဲကြီးမျိုး အတွေ့အကြုံ ကို ယခင်ကကျင်းပခဲ့ဖူးသော ကျွန်းဆွယ်အားကစားပြိုင်ပွဲများ၌ ရရှိခဲ့ဖူးသော်လည်း နှစ်ပေါင်း (၄၄)နှစ်ဟူသော ကာလအတွင်း အခြေအနေအရပ်ရပ်မှာ များစွာပြောင်းလဲသွားပြီး ထုထည် ပမာဏကြီးမားသော နိုင်ငံတကာအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး အတွက် များစွာကြိုးစားခဲ့ကြရသည်။

ဤနေရာတွင်ယခင်ကကျင်းပခဲ့ဖူးသော အမျိုးသားအားကစားပွဲတော်များမှ ရခဲ့သည့် အတွေ့အကြုံများကများစွာ အထောက်အကူရခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအစိုးရအဖွဲ့လက်ထက်တွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကဲ့သို့သော ပြိုင်ပွဲများ အတွက် မျှော်မှန်းကာ ကြိုတင်ပြင်ဆင်သည့် အနေဖြင့် အမျိုးသားအားကစား ပွဲတော်များကို ၁၉၉၂ခုနှစ်၊ ၁၉၉၄ ခုနှစ်နှင့် ၁၉၉၇ ခုနှစ်များတွင် (၃)ကြိမ် ကျင်းပပေးခဲ့သည်။ ထိုအားကစားပြိုင်ပွဲများကို စနစ်တကျ စီမံချက်များရေးဆွဲပြီး ပြင်ဆင် ဆောင်ရွက်ခဲ့၍လည်း စည်းကားသိုက်မြိုက်ကာ အောင်မြင်မှုများရခဲ့သည်။ ထိုအမျိုးသားအားကစား ပွဲတော်များ ကျင်းပနိုင်မှုကြောင့် အားကစားမှာ လူထုလှုပ်ရှားမှုအသွင်ဖြင့် အရှိန်အဟုန်မြင့်တက်ခဲ့သည်။

အမျိုးသားအားကစားပွဲတော်မျိုးကြိုတင်ကျင်းပသင့်

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မတိုင်မီမှာ အဆိုပါ အမျိုးသား အားကစားပွဲတော်ပုံစံမျိုးဖြင့် အရှိန်မြှင့်တင် ပြင်ဆင်သည့် ပြိုင်ပွဲကြီးများကို ကျင်းပစီစဉ်သင့် ခဲ့သည်မှာ အမှန်ပင်ဟုဆိုရပါမည်။ သို့သော်ဆီးဂိမ်းပြိုင်ပွဲကျင်းပရမည့် အချိန်တွင် ကြိုတင်ပြင်ဆင်စရာတွေက များပြားလှသည်။ အားကစားကွင်း/အားကစားရုံများ၊ ရေကူးကန်၊

များပစ်ကွင်းများ၊ အားကစားနယ်မြေများကို နိုင်ငံတကာ အဆင့်မှီ ပြင်ဆင်ရသည်။ ကစားသမားကောင်းများပေါ်ထွက်ရေးကို အပြင်းအထန်ကြိုးစားစုစည်း ဆောင်ရွက် ကြရသည်။ C.C.C ကဲ့သို့ Champion Challenge Cup ပြိုင်ပွဲများ၊ ဆီးဂိမ်းစ်အကြိုလက်ရည်စမ်းပွဲ၊ လက်ရည်စစ်ပွဲ၊ ဖိတ်ခေါ်ပြိုင်ပွဲများကျင်းပခဲ့ရသည်။ ဆီးဂိမ်းစ်ပြိုင်ပွဲဝင်မည့် ကစားသမားများအတွက်ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲကဲ့သို့သော အားကစားပြိုင်ပွဲများကိုသာ အချိန်လုပြင်ဆင်ကြိုးပမ်းနိုင်ခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်မည့် အမျိုးသားအားကစားပြိုင်ပွဲမျိုးကို (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြိုကာလတွင် ကျင်းပနိုင်ခြင်းမရှိခဲ့သည်ကို တွေ့ခဲ့ရသည်။ အကယ်၍သာ ထိုသို့သော အမျိုးသားအားကစားပြိုင်ပွဲမျိုးကို ၂၀၁၂ ခုနှစ်လောက်တွင် ကျင်းပနိုင်ခဲ့သည်ဆိုလျှင် မြန်မာနိုင်ငံအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ဆီးဂိမ်းစ်ပြိုင်ပွဲ၏ အောင်မြင်မှုမှာ ယခုရခဲ့သော အောင်မြင်မှု ရလဒ်များထက်ပိုမိုသာလွန်ကောင်းမွန်လာနိုင်သည်မှာ အသေအချာဟုပင်ဆိုချင်မိသည်။

ဆီးဂိမ်းစ်ပြိုင်ပွဲမတိုင်မီ ပြုလုပ်ခဲ့သည့် Pre SEA GAMES ပြိုင်ပွဲများ၊ လက်ရည်စမ်းသည့် ဖိတ်ခေါ်ပြိုင်ပွဲများ၊ Champion Chellenge Cup ပြိုင်ပွဲ၊ ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲများတွင် ရရှိခဲ့သော အတွေ့အကြုံများဖြင့် မျှော်လင့်ထားသည်ထက်ပင် အောင်မြင်မှုရခဲ့သည်။ သို့သော် အားကစားဟူသည် ပြီးဆုံးသည်မရှိ အားကစားပြိုင်ပွဲများသည် ရပ်တဲ့သွားမည်မဟုတ်သဖြင့် မြန်မာ့အားကစား အောင်မြင်မှုအရှိန်အဟုန်ကို ဆက်လက်မြှင့်တင်နိုင်ရန် ကြိုးစားသွားသင့်ပြီး ဆက်လက်ကြိုးစားနေကြ ရမည်လည်းဖြစ်သည်။

သို့ဖြစ်ရာ မကြာမတင်ကာလအတွင်း စက်ပူနိုင်ငံ၌ ကျင်းပတော့မည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသည် မြန်မာနိုင်ငံ၏ အားကစားရှင်သန်နိုးထလာမှု မည်မျှအားကောင်းမောင်းသန်ရှိနေပါသလဲဟူသော အချက်ကို စမ်းသပ်သည့် နိုင်ငံတကာပြိုင်ပွဲဖြစ်လာတော့မည်။ အားကစားဝန်ကြီးဌာနအနေဖြင့် ရရှိပြီးသော အောင်မြင်တက်လှမ်းမှုများကို ထိန်းသိမ်းမြှင့်တင်ရန် အစွမ်းကုန် ကြိုးစားလိမ့်မည်ဟု ယုံကြည်သည်။ အားကစားသမားမျိုးဆက်သစ်များ ပေါ်ထွက်လာရေးကို ရှေးရှုထားသည့်အပြင် လက်ရှိလက်ရွေးစင်ကစားသမားများ၏ ကြိုးစားအားထုတ်မှုကို လျော့ကျမသွားအောင် ကြိုးစားဆောင်ရွက်နေကြသည်မှာ မျက်မြင်ဖြစ်သည်။

ကျင်းပတော့မည့် အမျိုးသားအားကစားပွဲတော်

အားကစားဝန်ကြီးဌာနအနေဖြင့် (၂၈)ကြိမ်မြောက် စက်ပူဆီးဂိမ်းစ်အတွက် ပြင်ဆင်ရာတွင် ပြိုင်ပွဲ အတွေ့အကြုံကောင်းများ ရရှိစေရန် ရည်ရွယ်ကာ ၂၀၁၅ ခုနှစ်၊ နှစ်ဦးပိုင်းတွင် ကြိုတင်ပြင်ဆင်မှုအဖြစ် အမျိုးသားအားကစားပြိုင်ပွဲ တစ်ရပ်ကျင်းပပေးရန် ဆုံးဖြတ်ခဲ့သည်။ ထိုပြိုင်ပွဲမှာလာမည့် စက်ပူဆီးဂိမ်းစ်ကို မျှော်မှန်းပြင်ဆင်ခြင်းဖြစ်ရာ

အားကစားမျိုးဆက်သစ်များ ဆက်လက်ပေါ်ထွန်းရေး၊ အားကစားသမားများ ရရှိထားပြီး ဖြစ်သည့် စွမ်းဆောင်ရည် စံချိန်စံညွှန်းများကို ထိန်းသိမ်းမြှင့်တင်ရေးတို့ကို ရှေးရှုဦးတည် ထားမည်မှာ သေချာပါသည်။

ယခင်က ကျင်းပပြုလုပ်ခဲ့သော အမျိုးသားအားကစားပွဲတော်ကြီးများကဲ့သို့ ခမ်းနားထည်ဝါရေး၊ နိုင်ငံတကာ မျက်နှာစာတွင် အမြင်တင့်တယ်ခန့်ညားရေးတို့ကို ရှေးရှုမည် မဟုတ်ဘဲ အားကစားသမား ကောင်းများ ပေါ်ထွက်လာရေး၊ အလားအလာကောင်းသည့် လက်ရွေးစင်ကောင်းများကို ဆက်လက်ပြုစုပျိုးထောင်နိုင်ရေးတို့ကို ဦးစားပေးစီစဉ်ဆောင်ရွက် ကြမည် ထင်ပါသည်။

လက်ရှိပြင်ဆင်ဆောင်ရွက်နေမှုများ

လက်ရှိကာလတွင်လည်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ် ရရှိခဲ့ကြသူများနှင့် ဆုတံဆိပ်မရခဲ့ကြသော်လည်း အလားအလာ ကောင်းသည့် ကစားသမား များကို စုစည်းလေ့ကျင့်ပေးနေသည်မှာ အင်အား (၈၀၀)ခန့် အထိ ရှိနေသည်။ ထိုအားကစားသမားများကို ပြည်ပမှ နည်းပြများ ငှားရမ်းပေးခြင်း၊ ခေတ်မီ အားကစား နည်းစနစ်များဖြင့် လေ့ကျင့်စေခြင်းများအပြင် ထိုက်သင့်သော ထောက်ပံ့မှုများ ဖြင့်လည်း ချီးမြှင့်ထားသည်။

ပြီးခဲ့သော ဆီးဂိမ်းစ်ပြိုင်ပွဲတွင်ဆုတံဆိပ်ရသူများကို အလုပ်အကိုင်များပေးထားပြီးဖြစ်ရာ ပင်ရင်းလစာအပြင် ရွှေတံဆိပ်ရသူကို သီးခြားထောက်ပံ့ကြေးတစ်သိန်း၊ ငွေနှင့် ကြေးတံဆိပ် ရသူများကို လစာအပြင် အပိုထောက်ပံ့ကြေး (၈)သောင်းထပ်ဆောင်းပေးပြီး၊ ဆုတံဆိပ် မရခဲ့သော်လည်း အလားအလာကောင်း သူများကို လစာအပြင် ထောက်ပံ့ကြေး(၅)သောင်းစီ လစဉ်ထပ်ဆောင်း ချီးမြှင့်ထားကြောင်း သိရသည်။

အားကစားသမားများအတွက် အလုပ်အကိုင်၊ လစာ၊ အပိုဆောင်းထောက်ပံ့ကြေးများ၊ လစဉ် ပေးထားသည့်အပြင် နေ့စဉ် တစ်ဦးလျှင်ကျပ်သုံးထောင်နှုန်းဖြင့် အာဟာရပြည့်ဝစေမည့် လုံလောက်သည့် ကျွေးမွေးမှုများ ဖြစ်စေရေး ကြပ်မတ်စီမံပေးထားသည်။ တာဝန်ရှိပုဂ္ဂိုလ်များ နည်းပြနည်းစနစ်မှူးများက နေ့စဉ်နည်းစနစ်မှန်မှန် ပြင်းပြင်းထန်ထန် လေ့ကျင့်စေရေးအား ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြသည်။ မိမိတို့ ရရှိထားသည့် အောင်မြင်မှုများကို စက်ာပူ ဆီးဂိမ်းစ်တွင်ဆက်လက်ထိန်းသိမ်းရေး ကြိုးစားကြရမည်မှာ အားလုံး၏ တာဝန်လည်းဖြစ်သည်။

နိုင်ငံတော်ပိုင်းနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် (၂၇)ကြိမ်မြောက်ဆီးဂိမ်းစ်ပြိုင်ပွဲတွင် အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့ကြသူများကို ထိုက်တန်စွာ ချီးမြှင့်ထောက်ပံ့မှုများ ပြုလုပ် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ (၂၈)ကြိမ်မြောက် စက်ာပူဆီးဂိမ်းစ်တွင် အောင်မြင်မှုရရှိပါက ဆက်လက်၍ ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ပေးကြဦးမည်မှာ မလွဲမေကန်သေချာလှပါသည်။

သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်အသီးသီးအနေဖြင့်သာမက လူထု၊ လူတန်းစား အဖွဲ့အစည်းများ၊ ပြည်သူများ၊ လုပ်ငန်းရှင်များကလည်း အားပေးဂုဏ်ပြုကြမည်ဖြစ်ရာ တာဝန်ရှိသည့် အားကစားသမားများအပိုင်းက အသီးသီးတာဝန်ကျပွန်အောင် ကြိုးစားကြဖို့ သာလိုမည်ဟု သုံးသပ်ယူဆမိသည်။

သို့ဖြစ်ရာ (၂၈)ကြိမ်မြောက် စက််ပူဆီးဂိမ်းစ်တွင် မြန်မာ့အားကစားအဖွဲ့အနေဖြင့် ထိုက်တန်သည့် အဆင့်တစ်ခုကို ရရှိရေးအတွက် ကစားသမားကောင်းများရရှိရေးနှင့် ပြိုင်ပွဲအတွေ့အကြုံရရှိစေရေးကို ဦးစားပေးရှေးရှုမည့် အမျိုးသား အားကစားပြိုင်ပွဲမှာ ယခင်ကကျင်းပခဲ့သည့် အမျိုးသားအားကစားပွဲတော်ကြီး များကဲ့သို့ ခမ်းနားထည်ဝါသည့် ပကာသနဆန်သော အခမ်းအနားများထက် အနှစ်သာရရှိရှိဖြင့် အားကစား ဆိုင်ရာ အရည်အသွေးမြင့်မားထက်မြက်ရေးကို ဦးစားပေးကျင်းပမည့် အမျိုးသားအားကစားပွဲတော် ဖြစ်လာလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

မင်းရဲဥတ္တရ

မြန်မာ့အားကစားအောင်မြင်မှုကို ဆက်လက်မြှင့်တင်ပေးမည့် အမျိုးသားအားကစားပွဲတော် ပြန်လည်ကျင်းပမည်

အားကစားဟူသော ဝေါဟာရကို နိုင်ငံတကာအဘိဓါန်များက "ယှဉ်ပြိုင်မှုရှိသော ရုပ်ပိုင်းဆိုင်ရာ ပြုမူဆောင်ရွက်မှု ပုံစံအားလုံးကို အားကစား" ဟုအဓိပ္ပါယ်ဖွင့်ကြသည်။ အားကစား၏အဓိက ရည်မှန်းချက်မှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုကို ရှေးရှုသည် ဆိုသော်လည်း ယခုအခါအားကစားမှာ တစ်ဦးချင်း ယှဉ်ပြိုင်ရသောပြိုင်ပွဲမှ လူပေါင်း ရာထောင်ချီပါဝင်သော ပြိုင်ပွဲများ၊ ကျေးလက်အဆင့် အားကစားပြိုင်ပွဲများမှသည် ကမ္ဘာနှင့်ချီသော အိုလံပစ်ပြိုင်ပွဲများအထိ ကျင်းပလျက်ရှိနေပြီဖြစ်သည်။ တစ်ချိန်တည်းမှာပင် အားကစားအောင်မြင်မှုမှာ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာတွင် ထည်ဝါခန့်ညားစေသည်။ အားကစားပြိုင်ပွဲများကိုလည်း လက်နက်မပါသော တိုက်ပွဲများဟုပင် တင်စားလာနေကြပြီဖြစ်သည်။

အားကစားသည်အမျိုးသားရေးတာဝန်

အားကစားသည် ပြောင်းလဲလာသော အခြေအနေအရပ်ရပ်နှင့် အညီအရှိန်အဝါနှင့် အနေအထားအရပါ မြင့်မားလာသည်ဖြစ်ရာ ကျန်းမာရေးသက်သက်၊ အားကစားသက်သက်အဆင့်တွင်သာ ရပ်တန့်မနေဘဲ နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့် အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်လာခဲ့သည်။ သို့ဖြစ်ရာ အမျိုးသားရေး တာဝန်တစ်ရပ်၏ အဆင့်အနေနှင့်အညီ အားကစားလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများကို အမျိုးသား အားကစားပြိုင်ပွဲအဖြစ် တစ်နိုင်ငံလုံးပါဝင်သည့် အားကစား ပြိုင်ပွဲကြီးများမှ နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်မည့် လက်ရွေးစင် အားကစားသမားကို စိစစ်ရွေးချယ် လာကြခြင်းမှာ မဖြစ်မနေ ဆောင်ရွက်ရမည့် အရေးပါသော အဓိကလုပ်ငန်းတစ်ရပ်လည်းဖြစ်သည်။

မြန်မာနိုင်ငံ၏ အားကစားအဆင့်တိုးတက်မြင့်မားစေဖို့ ခေတ်အဆက်ဆက်မှ ကြိုးစားဆောင်ရွက် မှုများရှိပြီးဖြစ်ရာ ယခင်ယခင် ကာလများကပင် ပြည်နယ်/တိုင်း အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲများကို ကျင်းပကာ နိုင်ငံကိုယ်စားပြု လက်ရွေးစင် အားကစားသမားများကို ရွေးချယ်ပျိုးထောင်ပြီး အောင်မြင်မှုများရရှိခဲ့သည့် သာဓကများလည်းရှိခဲ့ပြီးဖြစ်သည်။ သို့သော် ၁၉၈၀ပြည့်လွန် ကာလများအတွင်း၌ မြန်မာ့ အားကစားအဆင့်မှာ အရှေ့တောင်အာရှမှာပင် တဖြည်းဖြည်း ကျဆင်းလာခဲ့ပြီး ၂၀၁၁ခုနှစ်၊ (၂၆)ကြိမ်မြောက်ဆီးဂိမ်းစ်ပြိုင်ပွဲတွင် ဆုတံဆိပ်အနေဖြင့် ရွှေ(၁၆)၊ ငွေ(၂၇)၊ ကြေး(၃၇)ခုဖြင့် အဆင့်(၇)သာရရှိခဲ့သည်မှာ ကျဆင်းမှုသိသာသောအဆင့်အထိ ရောက်ရှိခဲ့သည်။ ထိုသို့သော အခြေအနေကို ကာကွယ်ရန် ၁၉၉၂ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရ လက်ထက်ကပင် ကြိုတင်ပြင်ဆင်မှုများဖြင့် ကြိုးစားခဲ့ဖူးပြီး သာဓကအားဖြင့် အမျိုးသား အားကစားပွဲတော် ၁၉၉၂၊ ၁၉၉၄ နှင့် ၁၉၉၇ ခုနှစ်တို့ကို ကျင်းပခဲ့သည်ကို တွေ့ရှိနိုင်ပါသည်။

အမျိုးသားအားကစားပြိုင်ပွဲများ

အားကစားဖြင့် နိုင်ငံဂုဏ်ဆောင်မည့် လက်ရွေးစင် အားကစားသမားများကို စိစစ်ရွေးချယ်နိုင်ရန် အမျိုးသားအားကစားပွဲတော်များကို ၁၉၉၂ခုနှစ်တွင် စတင်ကျင်းပခဲ့သည်။ ထိုစဉ်က မြန်မာ့အားကစား အဆင့်အတန်းကို အစွမ်းကုန်မြင့်တင်ရန်ဟူသော မျှော်မှန်းချက်ဖြင့် "မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်" ဟုပင် ကြွေးကြော်ခဲ့ကြသည်။ တဖြည်းဖြည်းခြင်းကျဆင်းနေသော မြန်မာအားကစားအဆင့်ကို မြှင့်တင်ရန်မှာ ဒူးလောက်တင်မှရင်လောက်ကျမည်ဟု ခံယူကာ စိုင်းပြင်ခဲ့ကြခြင်းလည်းဖြစ်သည်။

သို့ဖြစ်၍လည်း "မြန်မာအားကစားကမ္ဘာကိုလွှမ်းစေရမည်" ဟူသော ရည်မှန်းချက်ကို အမျိုးသား ရေးလှုပ်ရှားမှုအသွင်ဖြင့်ဆောင်ရွက်ရန် အားကစားမြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်ဟု ခံယူလာစေရန်၊ အားကစားဆောင်ရွက်ရာတွင် မျိုးချစ်စိတ်ဓါတ်နှင့် ဇာတိသွေးဇာတိမာန် ရှင်သန်လာစေရေးအတွက် ဦးတည်လာစေရန် ထက်မြက်ထူးချွန်သော အားကစားသမားမျိုးဆက်သစ်များ ပေါ်ထွက်လာပြီး ကမ္ဘာအဆင့်အထိ တက်လှမ်းလာနိုင်စေရန် မြန်မာ့အားကစားအဆင့်အတန်း မြင့်မားလာစေရေးအတွက် တစ်နိုင်ငံလုံးမှ ပါဝင်လှုပ်ရှား ပြီး တက်ကြွစွာ အားပေးချီမြှောက်မှုများ ပြုလုပ်လာစေရန်၊ ခေတ်မီတိုးတက်သော အားကစားနည်းစနစ်သစ်များဖြင့် လေ့ကျင့်ပို့ချဆောင်ထားသော အားကစားထူးချွန်သူများ ပေါ်ထွက်လာရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ တက်ကြွစွာ ပါဝင်ဆောင်ရွက်လာစေရန်၊ အနယ်နယ်အရပ်ရပ်တွင် ပျံ့နှံ့နေသည့် ထူးချွန်သော အားကစားသမားအချင်းချင်း ပိုမိုရင်းနှီးမှုရရှိကာ ပြည်ထောင်စုစိတ်ဓါတ် ပြင်းထန်လာစေရန်ဟူသည့် မွန်မြတ်သော ဦးတည်ချက်များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အမျိုးသားအားကစားပွဲတော်များကို ၁၉၉၄ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၉၇ခုနှစ်တွင် တတိယအကြိမ်အဖြစ် ကျင်းပခဲ့ပြီး ထိုကာလများအတွင်း ပြုလုပ်ခဲ့သည့် အရှေ့တောင်အာရှနှင့် ဒေသတွင်း အားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့သည့် လက်ရွေးစင် အားကစားသမားများကို မွေးထုတ်ပေးနိုင်ခဲ့သည်။ သို့သော်လည်း ၁၉၉၂ခုနှစ်မှ ၁၉၉၇ခုနှစ်အတွင်း ကျင်းပခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် မြန်မာအားကစားအဖွဲ့ ဆွတ်ခူးနိုင်ခဲ့သော ဆုတံဆိပ် များမှာ ၁၉၉၂ခုနှစ်၊ စင်ကာပူဆီးဂိမ်းစ်တွင် ရွှေတံဆိပ်(၈)ခု၊ ငွေတံဆိပ်(၁၃)ခု၊ ကြေးတံဆိပ်(၁)ခု ၊ ၁၉၉၅ခုနှစ်တွင်ဇင်းမယ်ဆီးဂိမ်းစ်တွင် ရွှေတံဆိပ်(၄)ခု၊ ငွေတံဆိပ်(၂)ခု၊ ကြေးတံဆိပ်(၃၇)ခု၊ ၁၉၉၇ခုနှစ်တွင် အင်ဒိုနီးရှားဆီးဂိမ်းစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်(၈)ခု၊ ငွေတံဆိပ်(၃၄)ခုနှင့် ကြေးတံဆိပ်(၄၄)ခုသာ ရရှိခဲ့သည်။

မှန်းချက်နှင့်နှိမ်းထွက်မကိုက်ခြင်း

မြန်မာနိုင်ငံအစိုးရအနေဖြင့် အမျိုးသားအဆင့် အားကစားပြိုင်ပွဲများကို ကျင်းပပြီး အားကစား အဆင့်အတန်း တိုးတက်မြင့်မားအောင် ကြိုးစားစွမ်းဆောင်ခဲ့သော်လည်း မှန်းချက်နှင့်နှိမ်းထွက်မကိုက်ဘဲ ကြိုးစားခဲ့သလောက် ထိရောက်မှုမရှိခဲ့သည့်အပြင် အဆိုပါ အမျိုးသားအားကစားပွဲတော်မှာလည်း ဆက်လက်ကျင်းပနိုင်ခြင်းမရှိဘဲ ရပ်စဲသွားခဲ့ရသည်။ ခုနှစ်အားဖြင့် ၂၀၀၀ပြည့်နှစ်နောက်ပိုင်း ပြုလုပ်သည့် ဆီးဂိမ်းစ်ပြိုင်ပွဲများရောက်မှသာ မြန်မာ့အားကစားအဖွဲ့မှာ ရွှေတံဆိပ်ရရှိမှု ဆယ်ဂဏန်းကျော်ခဲ့ပြီး ၂၀၀၁ခုနှစ်မှ ၂၀၁၁ခုနှစ်အထိ ရွှေတံဆိပ်ပေါင်း (၇၇)ခုအထိ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ သို့ဖြစ်ရာ နဝတအစိုးရ လက်ထက်က ကျင်းပခဲ့သော အမျိုးသားအားကစားပြိုင်ပွဲများ၏ ထိရောက်အောင်မြင်မှု အားနည်းခဲ့သည့် ချို့ယွင်းချက်နှင့် စီမံခန့်ခွဲမှု အခြေအနေများကို လေ့လာဆန်းစစ်ကာ လက်ရှိ နိုင်ငံတော် အစိုးရသစ်လက်ထက် ၂၀၁၃ခုနှစ်၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင် မှုရရှိအောင်ဆောင်ရွက်နိုင်ခဲ့သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ခဲ့ခြင်းမှ ရရှိခဲ့သည့် ပြိုင်ပွဲအကြိုကာလ ပြင်ဆင်မှု၊ ပြိုင်ပွဲကျင်းပနေစဉ်ကာလ ဆောင်ရွက်ခဲ့ရသည့် စီမံခန့်ခွဲမှု အတွေ့အကြုံကောင်းများကို အခြေခံကာ ရရှိထားသည့် အောင်မြင်မှုရလဒ်နှင့် တိုးတက်လာသည့် အားကစားအဆင့်အတန်းများကို ဆက်လက် ထိန်းသိမ်းထားရင်း နောင်တွင်ကျင်းပမည့် အားကစားပြိုင်ပွဲများတွင် မြန်မာ့အားကစားအဖွဲ့ အောင်မြင်မှုဆက်လက် ရရှိစေရန်လည်း ပြင်ဆင်ကြိုးပမ်းလျက်ရှိသည်။ ကစားသမား မျိုးဆက်သစ်များ ထပ်မံပေါ်ထွက်လာစေရန် ထူးချွန်ထက်မြက်သည့် အလားအလာရှိသော လူငယ်အားကစားသမားများကို ရှာဖွေစုဆောင်းနိုင်ရန်၊ ရွှက်ပုန်းသီး ကစားသမားများ ဖော်ထုတ်ပြုစုပျိုးထောင်နိုင်စေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ၂၀၁၃ခုနှစ်၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြိုကာလကတည်းကပင် ပြင်ဆင်မှုများဖြင့် ကြိုးစားဆောင်ရွက်ခဲ့ပြီးသော အတွေ့အကြုံကောင်းများ ရရှိခဲ့ပြီးလည်းဖြစ်သည်။

(၂၇)ကြိမ်မြောက်ဆီးဂိမ်းစ်မှသည်

ယခုအခါ ကစားသမားမျိုးဆက်သစ်များ ထပ်မံပေါ်ထွက်ရေး၊ လက်ရွေးစင် ကစားသမားများ၏ ရရှိထားပြီးသည့် အတွေ့အကြုံနှင့် အောင်မြင်မှုများ ဆက်လက်ထိန်းသိမ်း ထားနိုင်ရေးတို့အပြင် ဆီးဂိမ်းစ်ကာလအတွင်း ရရှိခဲ့သည့် စီမံခန့်ခွဲမှု စည်းရုံးလှုံ့ဆော်နိုင်မှုနှင့် သတင်းပြန်ကြားရေးကဲ့သို့သော လုပ်ငန်းအတွေ့အကြုံများ ပိုမိုပြည့်စုံစေရန် ရည်ရွယ်ကာ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်များဖလား အားကစားပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိသည်။ ထိုသို့သော ရည်မှန်းချက်များအပြင် ၂၀၁၅ ခုနှစ်တွင် စက််ပူနိုင်ငံ၌ ကျင်းပမည့် (၂၈)ကြိမ်မြောက် အားကစားပြိုင်ပွဲအကြို ပြင်ဆင်မှုနှင့်ထိုပြိုင်ပွဲအတွက် ကစားသမား

သူရဲကောင်းသစ်များ ပေါ်ထွန်းရေး၏ အနာဂတ်အတွက် အလားအလာကောင်းသော ကစားသမားသူရဲကောင်းသစ်များ မွေးထုတ်နိုင်ရန်၊ ပြုစုပျိုးထောင်လေ့ကျင့်ပေးနိုင်ရန်အတွက် ဦးတည်ချက်ကောင်းများဖြင့် အမျိုးသားအားကစားပြိုင်ပွဲတစ်ရပ်ကို ၂၀၁၅ ခုနှစ်၊ နှစ်ဦးပိုင်း ကာလမှာ ကျင်းပသွားဖို့ အားကစားဝန်ကြီးဌာနက ပြင်ဆင်စီမံနေပြီဖြစ်သည်။

အားကစားပွဲတော်မှာ နိုင်ငံတော်အဆင့်ပြိုင်ပွဲကြီးဖြစ်ရာ ယခင်ကျင်းပခဲ့သော အမျိုးသားအားကစားပြိုင်ပွဲများ၊ ဆီးဂိမ်းစ်အကြိုပြင်ဆင်မှုနှင့် ဖိတ်ခေါ်ပြိုင်ပွဲများနှင့် ဆီးဂိမ်းစ် ပြိုင်ပွဲကြီး ကျင်းပခဲ့သည့် အစီအမံများအတိုင်း ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဖွင့်ပွဲ/ပိတ်ပွဲနှင့် အခမ်းအနား ပြင်ဆင်ရေးကော်မတီ၊ ပြန်ကြားရေးနှင့်ဖျော်ဖြေရေးဆပ်ကော်မတီ၊ အားကစားပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ စသည်ဖြင့် ဦးစီးကော်မတီလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများအသီးသီး စနစ်တကျဖွဲ့စည်းကာ စီစဉ်ဆောင်ရွက် သွားမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်မည့် အားကစားအသင်းများ

ကျင်းပပြီးစီးခဲ့သည့် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားအသင်းများအား အဆင့်(၃)ဆင့်သတ်မှတ်ပိုင်းခြားကာ ပါဝင်ယှဉ်ပြိုင်စေခဲ့ကြောင်းတွေ့ရှိရသည်။ ပထမအဆင့်တွင် ဝန်ကြီးဌာနကိုယ်စားပြု အသင်းများပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး (ကာကွယ်ရေး၊ ကျန်းမာရေး၊ ကုန်သွယ်ရေး၊ စက်မှု၊ စီမံ/ဘဏ္ဍာ၊ စွမ်းအင်၊ ဆောက်လုပ်ရေး၊ ပြန်ကြားရေး၊ ပညာရေး၊ ပြည်ထဲရေး၊ သာသနာရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ ရထားပို့ဆောင်ရေး၊ လူမှုဝန်ထမ်း၊ လယ်ယာ/သစ်တော၊ သမဝါယမ၊ သတ္တုတွင်း၊ အလုပ်သမား၊ နိုင်ငံခြားရေးနှင့် အားကစားဝန်ကြီးဌာန အသင်းများပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ဒုတိယအဆင့်တွင် ပြည်နယ်/တိုင်းကိုယ်စားပြုအသင်းများ၊ တက္ကသိုလ်ကောလိပ်အသီးသီးမှ အသင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းများအပြင် တပ်မတော်(ရေ)၊ တပ်မတော်(လေ)နှင့် တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ်ကိုယ်စားပြု အသင်းများပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး၊ ထူးခြားချက်အနေဖြင့် တတိယအဆင့်တွင် တိုင်းနှင့်ပြည်နယ်များရှိ အခြေခံပညာကျောင်းပေါင်းစုံအဖြစ် သက်ဆိုင်ရာ ပြည်နယ်/တိုင်းကိုယ်စားပြု အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပခဲ့ရာ အမျိုးသားအားကစားပွဲတော်၏ ဂုဏ်ပုဒ်နှင့်အညီ အမျိုးသားအဆင့် အားကစား ပြိုင်ပွဲကြီး တစ်ရပ်အဖြစ် အင်ပြည့်အားပြည့်ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယခုပြန်လည်ကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးကို (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးအပြီး ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ(၁)ရက်နေ့မှ (၁၈)ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ပြီး အားကစားနည်း(၂၆)မျိုး (ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိလိယက်/စနူကာ၊ ကာယကြံခိုင်မှု၊ လက်ဝှေ့၊ စစ်တုရင်၊ ခြင်းလုံး၊

စက်ဘီး၊ ဘောလုံး(ကျား/မ)၊ ဖူဆယ်(ကျား/မ)၊ ဂေါက်သီး၊ ဂျူဒို၊ ကရာတေးဒို၊ ရိုးရာလှေ၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ ရိုးရာလက်ဝှေ့၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ပန်ကြပ်ဆီလတ်၊ ဘော်လီဘော၊ အလေးမ၊ ဝူရှူး၊ သုံးမျိုးစုံ)တို့အား ထည့်သွင်း ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။ အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲ အခမ်းအနား ကိုလည်း ဇန်နဝါရီ(၁၀)ရက်နေ့တွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပနိုင်ရန်အတွက် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ယခုပြန်လည်ကျင်းပမည့် အမျိုးသားအားကစား ပွဲတော်အား ယခင်ကဲ့သို့အဆင့်(၃)ဆင့် ခွဲခြားသတ်မှတ်ယှဉ်ပြိုင်စေခြင်း မပြုတော့ဘဲ နိုင်ငံတော်နှင့် အားကစားဝန်ကြီးဌာနအတွက် အမှန်တကယ် လိုအပ်သည့် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးအား ရှေ့ရှု၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားပြု အားကစားအသင်းများကိုသာ ပါဝင်ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ဖွင့်ပွဲ ပိတ်ပွဲ အခမ်းအနားများကိုလည်း ထိုက်သင့်သလောက်သာ အကျဉ်းချုံး၍ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရှိရသည်။

မည်သို့ပင်ဆိုစေ နိုင်ငံတိုင်းက မိမိတို့နိုင်ငံ၏ အမျိုးသား အားကစားအဆင့်အတန်း တိုးတက် မြင့်မားရေးအတွက် အာရှအားကစားပြိုင်ပွဲများ၊ အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲများအား အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးတို့အား ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် နေကြသည့်နည်းတူ နိုင်ငံအလိုက် အမျိုးသား အားကစားပွဲတော်များကိုလည်း (၂)နှစ်တစ်ကြိမ်၊ (၃)နှစ်တစ်ကြိမ်၊ (၄)နှစ်တစ်ကြိမ်ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံ၌ တကျော့ပြန်ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အမျိုးသားအားကစားပွဲတော်ကြီးမှာ မြန်မာ့အားကစား အောင်မြင်မှု အဆင့်အတန်းအား ဆက်လက်မြှင့်တင်ပေးမည့် ပြိုင်ပွဲကြီးတစ်ရပ် ဖြစ်လာမည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်းတင်ပြ လိုက်ရပါသည်။

မင်းခေါင်

တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့တော်များတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲများကျယ်ပြန့်စွာ ကျင်းပနိုင်ခြင်း၏ အကျိုးရလဒ်များ

အားကစားစွမ်းဆောင်ရည် မြင့်မားထက်မြက်ဖို့ဟူသည်မှာ အားကစားလေ့ကျင့်မှုများ တိုးတက်ခေတ်မီ အဆင့်မြင့်စေရုံမျှမက စဉ်ဆက်မပြတ်လေ့ကျင့်နိုင်ခြင်း၊ ပြိုင်ပွဲအတွေ့အကြုံများ ပြည့်စုံစေခြင်း၊ လူငယ်ကစားသမား မျိုးဆက်သစ်များ ဖော်ထုတ်ပျိုးထောင်ပေးနိုင်ခြင်း ဟူသော ကိစ္စရပ်များသည်လည်း ကျွဲကူးရေပါဆိုသကဲ့သို့ တစ်ဆက်တစ်စပ်တည်း ရွက်ဆောင်အကောင်အထည်ဖော်ပေးရမည့် လုပ်ငန်းစဉ် Process များဖြစ်သည်။

အားကစား အဆင့်အတန်းမြင့်မားစေရန် ဆောင်ရွက်ရာတွင် ကောက်ရိုးမီးလို တစ်ပွဲတိုးပုံစံဖြင့် အပေါ်ယံ ဟန်ပြလုပ်ဆောင်၍မရသည်ကို အားလုံးနားလည်ထားကြပြီး ဖြစ်သည်။ မြန်မာ့အားကစားလောက အောင်မြင်ရေးကို ရေရှည်မျှော်မှန်းပြီးစီမံကိန်းချကာ စနစ်တကျဆောင်ရွက်ခြင်းဖြင့်သာ ပိုမိုထိရောက်ပြီးရည်မှန်း ချက်ကိုပေါက်မြောက်အောင်မြင်စေနိုင်ပါလိမ့်မည်။ အားကစားဟူသည်၊ အားမှကစား၍မရ၊ အားမှကစားနေရုံဖြင့် ပြည့်စုံပြီးမြောက်မည်မဟုတ်၊ ကျယ်ပြန့်သောအခြေခံဖြင့် နိုင်ငံအနှံ့ဖြန့်ကျက်ကာ စဉ်ဆက်မပြတ် လှုပ်ရှားနိုင်မှသာ မြန်မာ့အားကစားသည် နိုင်ငံတကာ အဆင့်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။ အထူးသဖြင့် အရွေ့တောင်အာရှမှာ ထိုက်ထိုက်တန်တန် နေရာမှန်ပြန်လည် ရရှိရပ်တည်နိုင်ရေးက ပဓါနကျနေသည်ဟုဆိုရပါမည်။

မြန်မာနိုင်ငံတွင် (၂၇)ကြိမ်မြောက် အရွေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် ကျင်းပနိုင်ခဲ့ပြီး နိုင်ငံအလိုက်တန်းစီဇယားတွင် မြင့်မြင့်မားမားဖြင့်အဆင့် (၂)တွင် ရပ်တည် ပြနိုင်ခဲ့သည်။ ထိုရပ်တည်မှုအနေအထား ကိုလျော့ကျနိမ့်ပါးမသွားအောင် စွမ်းဆောင်နိုင်ရေး သည် ပထမဦးစားပေးကြိုးပမ်းရမည့် လုပ်ငန်းတာဝန်ဖြစ်သည်။ သို့ဖြစ်ရာ မြန်မာအားကစားအဖွဲ့ အနေဖြင့်လာမည့် ၂၀၁၅ ခုနှစ် (၂၈)ကြိမ်မြောက် စင်္ကာပူဆီးဂိမ်းစ်တွင် အောင်မြင်မှုဆုတံဆိပ်များ ဆက်လက်ရရှိအောင် စွမ်းဆောင်ကြိုးစားကြရမည်ဖြစ်ရာ အားကစားလှုပ်ရှားမှုများကို ကျယ်ပြန့်စွာ ဖြန့်ကျက်ရင်း ပြည်နယ်နှင့်တိုင်းဒေသကြီးများအထိ အားကစားပြိုင်ပွဲများ ကျင်းပသွားရန် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ စိတ်ကူးအစီအမံများဖြင့် ဦးဆောင် အကောင်အထည် ဖော်နေပြီဖြစ်သည်။ ထိုသို့ ပြည်နယ်နှင့်တိုင်း ဒေသကြီးများအဆင့် အားကစား ပြိုင်ပွဲများကို မိမိတို့၏ ဇာတိမြေပေါ်အထိ ရောက်ရှိကျင်းပလာခြင်းများကို ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ စီမံခန့်ခွဲမှု၊ စည်းရုံးလှုံ့ဆော်နိုင်မှုနှင့် ပြိုင်ပွဲကျင်းပခြင်းဆိုင်ရာ အတွေ့အကြုံများရရှိစေခြင်းမှာ တန်ဘိုးမဖြတ်နိုင်သည့် ရလဒ်များဖြစ်သကဲ့သို့ဒေသခံ ပြည်သူများ၏ အားပေးမှုများကလည်း

ပြိုင်ပွဲဝင်အားကစားသမားများ အတွက်သာမက စီမံဆောင်ရွက်အကောင် အထည်ဖော်ဆောင် နေသူများ အတွက်ပါ အားဆေးတစ်ခွက်ဖြစ်ခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲများမှသည်. . .

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကိုအိမ်ရှင်အဖြစ် လက်ခံကျင်းပ ရာမှရရှိခဲ့သော အောင်မြင်မှုများကို နောင်ကျင်းပမည့်ဆီးဂိမ်းများအထိ ဆက်လက်သယ် ဆောင်လက်ဆင့်ကမ်းနိုင်အောင် ဆောင်ရွက်ရေးမှာလာမည့် (၂၈)ကြိမ်မြောက် စက််ပူ ဆီးဂိမ်းစ်က မြန်မာအားကစားအဖွဲ့၏ စွမ်းဆောင်ရည်ကို စိန်ခေါ်စမ်းသပ်လိမ့်မည်ဟု မျှော်လင့်ကာ အဖက်ဖက်မှ ပြင်ဆင်ထားကြရပါလိမ့်မည်။ စက််ပူဆီးဂိမ်းစ်တွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများတွင် မြန်မာအားကစားသမားများ ယှဉ်ပြိုင်ခဲ့ဖူးသည့် အားကစားနည်းအများအပြား ပြန်လည်ပါဝင်လာမည်ဖြစ်သကဲ့သို့ မြန်မာတို့အတွအကြံ အားနည်းသည့် ကစားနည်းနှင့် အတွေအကြုံမရှိသေးသည့် အားကစားနည်းသစ်များလည်း ပါဝင်လာမည်ဖြစ်ရာ အာကစားနည်း (၃၀)မျိုးခန့် ပါဝင်ယှဉ်ပြိုင်ရန်လျာထားပြင်ဆင် လေ့ကျင့်နေပြီဖြစ်သည်။

မြန်မာအားကစားသမားအဖွဲ့တွင် အတွေအကြုံအားနည်းသည့် အားကစားနည်းအချို့ ပါဝင်သော်လည်း (၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲ အတွေအကြုံအရ မြန်မာအားစားအဖွဲ့မှာ နပမ်းအားကစားတွင် ရွှေ (၃)ခု၊ ငွေ (၃)ခု၊ ဝိတန်းအားကစားနည်းတွင် ရွှေ (၃)ခု၊ ကမ်ပို အားကစားတွင် ရွှေ (၆)ခု၊ ကြေး (၇)ခုအထိရရှိခဲ့သည်ဖြစ်ရာ မြန်မာအားကစားသမားတို့၏ ပါရမီအရည်အသွေးမှာ အထင်သေး၍မရသည့်အဆင့်တွင် ရှိနေပေသည်။ ယခုကဲ့သို့ ပြည်နယ်/တိုင်းဒေသကြီးများတွင် ကျင်းပသည့် အားကစားပြိုင်ပွဲများမှပေါ်ထွက်လာမည့် အားကစားသမား မျိုးဆက်သစ်များမှာ မြန်မာအားကစားအဖွဲ့အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုကာ အားကစားသမားသွေးသစ်လောင်းရေး ကြိုးပမ်းမှုမှာ အရေးပါသည့် အင်အားစုများဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထားကြသည်။

အားကစားပြိုင်ပွဲများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ဖြန့်ကျက်ကျင်းပခြင်းမှာ ရွှက်ပုံးသီးအားကစား သမားမျိုးဆက်သစ်များ ပေါ်ထွက်လာရေးအတွက် သာမက၊ ကစားသမားများ ပြိုင်ပွဲအတွေအကြုံပြည့်စုံစေရန်၊ အားကစားပြိုင်ပွဲများကျင်းပသည့်စီမံခန့်ခွဲမှု၊ ကစားသမားများကို စုစည်းဦးဆောင်နိုင်မှု၊ ပြိုင်ပွဲဖြစ်၍ အနိုင်ရရှိရေးဟူသော ရည်မှန်းချက်ဖြင့် စနစ်တကျ လေ့ကျင့်ပြင်ဆင်နိုင်မှုဟူသော အတွေအကြုံ ကောင်းများရရှိစေမည်ဖြစ်သည်။ ထိုသို့သောတန်ဘိုးရှိသည့် အတွေအကြုံများမှာ အားကစားသမားများသာမက သက်ဆိုင်ရာ အားကစားနည်းအလိုက် တာဝန်ယူကြသည့် နည်းပြများ၊ နည်းစနစ်မှူးများ၊ တာဝန်ခံနှင့် ဒိုင်လူကြီးအတွက်ပါ ထိရောက်သော အတွေအကြုံများဖြင့် အထောက်အကူပြုပါလိမ့်မည်။ ပရိသတ်များ အနေဖြင့်လည်း အားကစားပြိုင်ပွဲများကို မိမိတို့ဒေသအတွင်းမှာပင် အနီးကပ်

အားပေးခွင့်ရကြသဖြင့် အတွေ့အကြုံအသိအမြင်ကျယ်ကာ အဆင့်မြင့်ပြိုင်ပွဲကြီးများတွင် နိုင်ငံကြီးသားပီသစွာ စနစ်တကျ အားပေးတတ်သည့် အလေ့အထများရရှိတိုးပွားစေခြင်းမှာ အရေးပါသည့်ရလဒ်တစ်ခုအဖြစ် အကျိုးရှိစေနိုင်မည်မှာသေချာပါသည်။ ထိုသို့သော ပြည်နယ်/တိုင်းဒေသကြီးများအထိ ဖြန့်ကျက်ကျင်းပခဲ့သော အားကစားပြိုင်ပွဲများမှ ရရှိလာနိုင်မည့် အကျိုးကျေးဇူးများမှာ အဆင့်မြင့်ပြိုင်ပွဲများနှင့် နိုင်ငံတကာပြိုင်ပွဲများအထိ အပြုသဘောဆောင်သည့် အထောက်အပံ့များဖြစ်လာစေမည်ဟု ယုံကြည်ပါသည်။

နိုင်ငံတကာအသိုက်အဝန်းဆီသို့

ယခင်က နိုင်ငံမြို့တော်များဖြစ်သည့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့ကဲ့သို့သော မြို့ကြီးများတွင်သာ ကျင်းပပြုလုပ်ခဲ့သော ပြည်နယ်/တိုင်းအားကစားပြိုင်ပွဲများကို ယခုကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနှံ့ ဖြန့်ကျက်ကျင်းပလာခြင်းမှာ ထူးခြားသိသာပြီး ထိရောက်သည့် အကျိုးရလဒ်များ ပေါ်ထွက်လာမည်ဖြစ်သကဲ့သို့ ယင်းပြိုင်ပွဲကျင်းပရသည့် စရိတ်စက ကုန်ကျမှုအပိုင်းမှာပိုမိုလာနိုင်သည်ဟု ယူဆစရာဖြစ်သည်။ သို့သော် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် အခြားဌာနအသီးသီးတို့မှ မျှဝေကျခံလာနိုင်မည့်အပြင် ထိုသို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းအသီးသီးမှ အကြီးအကဲများ၏တာဝန်ခံ၊ တာဝန်ယူမှုများကိုပါ ရရှိစေခြင်း၊ ၎င်းတို့၏ စည်းရုံးလှုံ့ဆော်မှု၊ အားပေးပံ့ပိုးမှုများကို ရယူနိုင်ခြင်းတို့ကလည်း ကျင်းပသည့်အားကစား ပြိုင်ပွဲများ ပိုမိုစည်ကားသွက်လက်ပြီး အားတက်စေသည့်ပံ့ပိုးမှုကောင်းများအဖြစ် အဆင့်ဆင့်သော အဖွဲ့အစည်းများ၏အားကို စုစည်းဖော်ဆောင်နိုင်မည့် စည်းလုံးညီညွတ်မှု ပုံရိပ်ကောင်းများ အဖြစ် တွေ့မြင်ခဲ့ရသည်မှာ ကျေနပ်အားရဖွယ်ဖြစ်ခဲ့ပြီး အားကစားလှုပ်ရှားမှုအတွက် ကောင်းသော အမှတ်အသားလက္ခဏာများဟု ရှုမြင်ခဲ့ကြသည်။

အားကစားပြိုင်ပွဲများကို ခမ်းနားကျယ်ပြန့်စွာ ကျင်းပလာကြခြင်းအပေါ် မကောင်းမြင်နှင့် ဝေဖန်ချင်ကြ သူများလည်းရှိသည်။ အထူးသဖြင့် နိုင်ငံရေးအသိုင်းအဝိုင်းမှ မဲဆွယ်လှုပ်ရှားသူများ၏ ထိုးဖောက်များအဖြစ် တွေ့နေရသည်။ ဆီးဂိမ်းစ်ပြိုင်ပွဲကဲ့သို့ ဒေသတွင်း နိုင်ငံတကာပြိုင်ပွဲများမှသည် အာရှအားကစားပြိုင်ပွဲအဆင့်နှင့် ဆိုချီအိုလံပစ်ပြိုင်ပွဲသာမက မကြာမီကျင်းပတော့မည့် ဘရာဇီးကမ္ဘာ့ဖလားပြိုင်ပွဲအထိ ဝေဖန်ထိုးနှက်မှုများ ရှိခဲ့သည်။ လွန်ခဲ့သော (၄)နှစ်ခန့်ကပင် လာအိုကဲ့သို့ အဆင်းရဲဆုံးနိုင်ငံက ဆီးဂိမ်းစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံ ကျင်းပမှုကို ဝေဖန်ပြစ်တင်မှုပြုခဲ့ကြသည်။ သို့သော် လာအို၏ဆီးဂိမ်းစ် အိမ်ရှင်အဖြစ်လက်ခံကျင်းပမှုကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဆွေနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ဆီးဂိမ်းစ်ဖက်ဒေးရေးရှင်း (SEAGF) တို့မှ ကူညီခဲ့ကြသည်။ ဆီးဂိမ်းစ်ပြိုင်ပွဲအပြီး လာအိုနိုင်ငံမှာ နိုင်ငံတကာဆက်ဆံရေးများ ပွင့်လန်းလာခြင်း၊ ပြည်သူများ အသိအမြင် ကျယ်လာခြင်း၊ စီးပွားရေးအခွင့်အလမ်းများ ပေါ်ထွန်းလာခြင်းတို့ကဲ့သို့ အကျိုးတရားများ

ရရှိခဲ့ပြီး အစစစိုပြေကာစီးပွားရေးပါ ဦးမော့လာသည်အထိ အကျိုးရှိခဲ့သည်မှာ မျက်မြင်သက်သေ သာဓကများဖြစ်သည်။

အလားတူပင် ရုရှားနိုင်းငံ ဆိုချီမြို့တွင်ကျင်းပခဲ့သည့် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကိုလည်း ဝေဖန်မှုများရှိခဲ့သည့်အပြင် အဖျက်အမှောင့်လုပ်ငန်းများနှင့် နှောက်ယှက်မည်ဟူသောခြိမ်းချောက်မှုများပင် ပေါ်ထွက်ခဲ့သည်။ ရုရှားနိုင်ငံမှာ တောင်ကိုရီးယားနိုင်ငံပြုချမ်းမြို့၊ ဩစတြီးယားနိုင်ငံ၊ ဆဲလ်ဇာဘ့ဂ်မြို့ တို့နှင့်အပြိုင် ကြိုးစားပြီးမှ ဆိုချီအိုလံပစ်၌ အိမ်ရှင်အဖြစ် ကျင်းပခွင့်ရခဲ့ခြင်းဖြစ်သည်။ ထိုပြိုင်ပွဲအတွက် ၂၀၀၆ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ရုရှားနိုင်ငံ၏ နိုင်ငံတော်ဘတ်ဂျက်မှ ပြိုင်ပွဲအတွက်ဒေါ်လာ ၆.၅ ဘီလျံနှင့် ဆိုချီမြို့တော် အပေါ်ထပ်အဆောက်အအုံများဖြစ်သည့် ကားလမ်း၊ ရထားလမ်းနှင့် လျှပ်စစ်ဓာတ်အားလုပ်ငန်းများအတွက် ဒေါ်လာ ၁၂ ဘီလျံအပါအဝင် စုစုပေါင်းဒေါ်လာ ၅၁ ဘီလျံအထိ အကုန်အကျခံခဲ့ရသည်။ သို့သော် ထိုကုန်ကျစရိတ်များမှာ နိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုများဖြစ်လာပြီး ဆိုချီမြို့ပြဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာကာ ခရီးသွားလုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများပိုမိုပွင့်လန်းလာခဲ့သည်။ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီကလည်း ဆိုချီ ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲမှာ အခက်အခဲများကြားမှပင် ၂၀၁၄ ခုနှစ်အတွင်း ကမ္ဘာ့အကြီးအကျယ်ဆုံး အားကစားပြိုင်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း အသိအမှတ်ပြုချီးကျူးခံခဲ့ရသည်။

တောင်ကိုရီးယားနိုင်ငံ အင်ချွန်မြို့တွင် မကြာမီကျင်းပတော့မည့် အာရှအားကစားပြိုင်ပွဲ၏ အိမ်ရှင်ဖြစ်ရေး ကြိုးပမ်းမှုမှာလည်း သင်ခန်းစာကောင်းတစ်ခုရစေခဲ့သည်။ ထိုပြိုင်ပွဲအတွက် အိမ်ရှင်အဖြစ်ကျင်းပခွင့်ရရန် တောင်ကိုရီးယားနိုင်ငံ အင်ချွန်မြို့နှင့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တို့ အပြိုင်ကြိုးပမ်းခဲ့သည်။ သို့သော် အိန္ဒိယ အားကစားဝန်ကြီးက သူ့နိုင်ငံ၏ အိမ်ရှင်ဖြစ်ရေးကြိုးပမ်းမှုကို ဆန့်ကျင်ပြောဆိုခဲ့သည်။ အာရှအိုလံပစ်ကောင်စီဝင် (၄၅)နိုင်ငံက မဲခွဲဆုံးဖြတ်ရာ တောင်ကိုရီးယားက (၃၂)မဲ၊ အိန္ဒိယက (၁၃)မဲသာ ရရှိပြီးရှုံးနိမ့်ခဲ့သည်။ အာရှအားကစားပွဲအတွက် ကုန်ကျမည့်စရိတ်ကို ဆင်းရဲသားများအတွက် အိမ်ယာဆောက်လုပ်ပေးခြင်းက ပိုကောင်းပါလိမ့်မည်ဟု ဝေဖန်ခဲ့သော အိန္ဒိယအားကစားဝန်ကြီး၏ အစိုးရအဖွဲ့မှာ အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲတွင် အရေးနိမ့်သွားခဲ့ပါသည်။ အကယ်၍ ၂၀၁၄ ခုနှစ် အာရှအားကစားပြိုင်ပွဲကြီးကို အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ မှာသာကျင်းပခွင့်ရခဲ့မည်ဆိုလျှင် ထိုရွေးကောက်ပွဲ၏ရလဒ်မှာ ပြောင်းလဲသွားနိုင်ပါသည်။ အားကစားလှုပ်ရှားမှု၏ အရှိန်အဝါမှာ ထိုမျှလောက်အထိသက်ရောက်မှု ကြီးမားကြောင်းကို ကောင်းစွာခန့်မှန်းနိုင်ကြမည်ဖြစ်သည်။

ယခုလည်း မကြာခင်ကျင်းပတော့မည့် ဘရာဇီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို နိုင်ငံရေးအမြတ်ထုတ်လို သူတစ်စုကပစ်မှတ်ထားပြီး ဝေဖန်ထိုးနှက်နေကြသည်။ ကမ္ဘာ့ဖလားဘောလုံးပွဲအတွက် ဒေါ်လာဘီလျံနဲ့ချီပြီး ကုန်ကျမည့်ငွေကြေးကို အခြားကိစ္စများ၌

သုံးစွဲပါလားဟု နိုင်ငံရေးသမားတစ်စုက တို့မီးရှို့မီးလုပ်ကြသည်။ ပြည်သူအချို့က သံယောင်လိုက်ကြသည်။ တစ်ကယ်တော့ ဘရာဇီးနှင့် ဘောလုံးမှာခွဲခြား၍မရပါ ဘောလုံးဟု ဆိုလျှင် တစ်ကမ္ဘာလုံးက ဘရာဇီးကိုပြေးမြင်ကြသည်။ ယခုတော့ ကမ္ဘာ့ဖလားဘောလုံးပွဲအကြို ကာလမှာပင် ဆန့်ကျင်ကန့်ကွက်ဆန္ဒပြနေကြသည်။ ထိုဖြစ်ရပ်မှာ ဘရာဇီးပြည်သူအများစု၏ ဆန္ဒနှင့်အသံ အမှန်ဖြစ်ပါရဲ့လားဟု သံသယပွားစရာရှိသည်။ နိုင်ငံရေးသမားအချို့၏ လုပ်ဇာတ်လည်းဖြစ်နိုင်သည်။ နိုင်ငံရေးသမားများက အားကစားကို နိုင်ငံရေးတိုက်ကွက်တစ်ခု အဖြစ် အသုံးချပုံမျိုးကတော့ မလုပ်ကောင်းသည့်ကိစ္စ ဟုပင်ဆိုခြင်သည်။

မည်သို့ဆိုစေ ဘရာဇီးအစိုးရနှင့် အားကစားဝန်ကြီးဌာနတို့ကတော့ နိုင်ငံရေးသမားများ၏ တို့မီးရှို့မီး လုပ်ပုံကို ကမ္ဘာ့ဖလားကြီးအရယူပြီး အောင်ပွဲဖြင့်သာ ပြန်လည်ခုခံချေပစရာရှိပါတော့သည်။ ဘရာဇီးမှာ ကမ္ဘာ့ဖလားမှတစ်ပါး အခြားရွေးစရာမရှိတော့ပါ ပြည်သူတို့၏ ဆန္ဒကိုဖြစ်စေ၊ ဒေါသကိုဖြစ်စေ ဘောလုံးပွဲ အောင်မြင်မှုဖြင့်သာ ဖြည့်ဆည်းကာ ဆန့်ကျင်ကန့်ကွက်နေသူများ မှားယွင်းကြောင်း သက်သေပြကြရပါတော့မည်။ တစ်ချိန်က ဘောလုံးသည် ဘရာဇီးပြည်သူတို့၏ ဘဝထွက်ပေါက် ဖြစ်ခဲ့သကဲ့သို့ ယခုလည်း ဘရာဇီးနိုင်ငံရေးအကြပ်အတည်းမှ လွတ်မြောက်စေနိုင်သည့် ထွက်ပေါက်အဖြစ် ကြိုးစားကြရတော့မည်ဖြစ်သည်။

ကုန်ကုန်ပြောရလျှင် ကျွန်ုပ်တို့မြန်မာနိုင်ငံက (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံ ကျင်းပခဲ့စဉ်ကလည်း မကောင်းမြင်ဝါဒနှင့် အပုတ်ချအပြစ်တင်သည့် ပုဂ္ဂိုလ်အချို့၏ အသံများကြားခဲ့ရသည်။ မြန်မာလိုအဆင်းရဲဆုံးနိုင်ငံက ဘာကြောင့်အားကစားကိစ္စအတွက် ယခုလောက်ငွေကုန်ကြေးကျခံရပါသလဲဟူသော မေးခွန်းများရှိခဲ့သည်။ လွှတ်တော်မှာ တင်ပြသည့် ဘတ်ဂျက်ကိုကန့်ကွက်သူများလည်း ရှိခဲ့သည်။ သို့သော် မြန်မာတို့၏ ဆီးဂိမ်းစ်အိမ်ရှင်ပုံရိပ်က ထိပ်ဆုံးပိုင်းအထိတက်လှမ်းပြနိုင်ပြီး မြန်မာသည် ငွေကြေးဓနတွင်သာမက မျိုးချစ်စိတ်နှင့် ဇာတိမာန်ထက်သန်ပုံမှာ ဘယ်တုန်းကမှ အဆင်းရဲဆုံးနိုင်ငံ မဟုတ်ခဲ့ကြောင်း အကောင်းဆုံးသာဓကပြနိုင်ခဲ့သည်။ ဆီးဂိမ်းပြိုင်ပွဲကြီးအပြီးမှာ မြန်မာကို နိုင်ငံအတော်များများက မော်ကြည့်လာခဲ့ကြရသည်။ စက်ာပူလိုနိုင်ငံကပင် မြန်မာကိုအထင်အမြင် မသေးဝံ့သော အသံများထွက်လာသည်။ “အာဆီယံဒေသက နဂါးကြီးနိုးထလာပြီ” ဟု ဝန်ခံခဲ့သည်။ မြန်မာနိုင်ငံသည် လူပျော့လူညံ့တို့၏တိုင်းပြည်မဟုတ်ကြောင်း အကောင်းဆုံးသက်သေပြနိုင်ခဲ့ကြသည်။

သို့ဆိုလျှင် အားကစားပြိုင်ပွဲများကို ခမ်းနားကျယ်ပြန့်စွာ ကျင်းပခြင်းသည် နိုင်ငံနှင့်လူမျိုးတို့၏ ဂုဏ်သိက္ခာ၊ အရှိန်အဝါနှင့် ဇာတိမာန်ကို ပိုမိုမြင့်မားထည်ဝါအောင် စွမ်းဆောင်နေခြင်းဖြစ်သည်ဟူသော ယုံကြည်ခံယူမှု အမြင်ဖြင့် ယခုကျင်းပပြုလုပ်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များအနှံ့ ဖြန့်ကျက်ထားသည့် အားကစားပြိုင်ပွဲများကို ပိုမို

ထိရောက်အောင်မြင်စေရန် ကြိုးပမ်းစွမ်းဆောင်သွားကြပါစို့ဟုသာ တိုက်တွန်းနိုးဆော်တင်ပြ လိုက်ရ ပါသည်။

မင်းခေါင်

စက််ပူဆီးဂိမ်းစ် ပြိုင်ဘက်များအကြောင်း တစ်စေ့တစ်စောင်း

အိမ်ရှင်စက််ပူအနေနဲ့ သူတို့ရဲ့ကျွန်းနိုင်ငံလေးမှာ အရှေ့တောင်အာရှ အားကစားပွဲတော်ကို တစ်ကျော့ပြန်ကျင်းပရင်း အောင်ပွဲခံနိုင်ဖို့ ပြင်ဆင်နေတဲ့အပြင် နိုင်ငံရဲ့နှစ်(၅၀)ပြည့် နှစ်ပတ်လည်နဲ့ လည်းတိုက်ဆိုင်နေတယ်။ ၁၉၉၃ခုနှစ်မှာ အိမ်ရှင်အဖြစ် နောက်ဆုံးလက်ခံကျင်းပခဲ့စဉ်က ရရှိခဲ့တဲ့ စံချိန် ရွှေတံဆိပ်(၅၀)နဲ့လည်းတူညီနေတယ်။ ဒါကြောင့်မို့ယခုလာမယ့် (၂၈)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပွဲမှာ ရွှေတံဆိပ်(၅၀) ကျော်ဆွတ်ခူးနိုင်ဖို့မျှော်လင့်နေကြတယ်လို့ စထရိတ်တိုင်း(မ်)နဲ့ အေးရှားဝမ်းသတင်းစာ တွေက ရေးသားဖော်ပြနေကြတယ်။

စက််ပူကပြိုင်ပွဲရဲ့ အားကစားနည်း(၃၆)မျိုးစလုံးမှာ သူတို့နိုင်ငံသား ကစားသမားတွေ ထည့်သွင်းယှဉ်ပြိုင်မယ်။ အားကစားအဖွဲ့တစ်ခုလုံးမှာ ကစားသမားပေါင်း (၉၅၀)ဦးကို ရွေးချယ်ထား တယ်။ အဲဒီပဏာမစာရင်းထဲကနေ ဧပြီလအတွင်းမှာ စာရင်းဖြတ်ပြီး ထပ်လျှော့ဖို့ရှိနေပေမဲ့ စက််ပူ အမျိုးသားအိုလံပစ်ကောင်စီကတော့ ဒီနှစ်ဆီးဂိမ်းစ်ပြိုင်ပွဲ ပါဝင်ဆင်နွှဲမယ့် အင်အားဟာ နိုင်ငံအကြီးမားဆုံးအင်အားစုဖြစ်မှာ သေချာတယ်လို့ ကြွေးကြော်ခဲ့တယ်။

(၂၈)ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲက တစတစနီးကပ်လာပါပြီ။ ပြိုင်ပွဲဝင်ကြမယ့် အသင်းများရဲ့ ကြိုတင်ပြင်ဆင်မှုတွေကလည်း ပိုမိုပြင်းထန်မာန်ပါလာနေကြပါတယ်။ ပြိုင်ပွဲဝင်ဖို့ပြင်ဆင်ရတဲ့ အလုပ်ဟာလွယ်ကူတာမဟုတ်ပေမဲ့ အာဆီယံဒေသတွင်းက အားကစားကြယ်ပွင့်တွေက ဇွန်လမှာ ရင်ဆိုင်ကြရတော့မယ့် စိန်ခေါ်မှုတွေအတွက်အပြင်းအထန်ကြိုးစားပြင်ဆင်နေကြပါတယ်။ သူတို့ရဲ့ ကြိုတင်ပြင်ဆင်မှုတွေ၊ ကျူးရင့်ကြိုးဝါးသံတွေ၊ အားတင်းမာန်သွင်းနေကြတဲ့သတင်းတွေကို အခုလိုစုစည်းတင်ဆက်ပေးလိုက်ပါတယ်။

စက််ပူရဲ့ဘိလိယက်နဲ့စနူကာ

အိမ်ရှင်စက််ပူရဲ့ ဘိလိယက်နဲ့ စနူကာ ကစားသမားအများစုဟာ ဒီနှစ်မှာ ဆီးဂိမ်းစ်ပွဲဦးထွက်အဖြစ်ပါဝင်ကြရမှာပါ။ ဒါပေမဲ့ ပွဲဦးထွက်မို့ရှက်ရွံ့သလို ကြောက်ရွံ့ နောက်တွန့်သလို မဟုတ်ဘဲ ရဲရဲတောက်တောက်အစွမ်းပြဖို့ ပြင်ဆင်ထားကြတယ်လို့ဆိုပါတယ်။ Channel News Asia နဲ့ တွေ့ဆုံခန်းမှာ ဝါရင့်ဘိလိယက်ကြယ်ပွင့် ပီတာဂီလ်ခရစ္စကလက် ရှိမှာ ဆီးဂိမ်းစ်ရွှေတံဆိပ်(၃)ခုရရှိထားပြီး သူရဲ့ကိုယ်ပိုင်ပြတိုက်ကို တိုးချဲ့ဖို့မျှော်လင့် ထားကြောင်း၊ အိမ်ရှင်အားသာချက်နဲ့ အဖွဲ့ဝင်(၁၀)ဦးပါ ဘိလိယက်နဲ့ စနူကာအဖွဲ့ဟာ ဆီးဂိမ်းစ်မှာ စွမ်းဆောင်မှုကောင်းတွေပြသကြမယ်လို့ဆိုတယ်။

ဒီအဖွဲ့မှာ (၁၈)နှစ်သား ပူးလ်ပလေယာ (Pool Player) Aloysius Yapp ဟာ ဆီးဂိမ်းပွဲဦးထွက်ဖြစ်ပေမဲ့ ကမ္ဘာ့ကျူနီယာပူးလ်ချန်ပီယံရှစ်နဲ့ အပြည်ပြည်ဆိုင်ရာ ကျူနီယာ ပူးလ်

ဖိတ်ခေါ်ပြုံပွဲမှာ ဗိုလ်စွဲထားသူမို့ အာဆီယံဒေသတွင်း ဆီးဂိမ်းစ်ပြုံပွဲမှာ သူ့လက်စွမ်းကို အကဲခတ် နိုင်မှာပါလို့ဆိုတယ်။ အတွေ့အကြုံရှိပေမဲ့ ပြုံပွဲအသစ်မှာ အိမ်ရှင်ပရိသတ်တွေ ထံက ဖိအားပေးမှုတွေ ကိုစိုးရိမ်နေတဲ့ကြားမှာ ရွှေဆုတစ်ခုတော့ရအောင်ယူဖို့ ကြိုးစားမယ်လို့ ဖွင့်ဟထားတယ်။

အကောင်းမြင်မျှော်လင့်ထားတဲ့ ဘရူနိုင်းစက်ဘီးအဖွဲ့

ဘရူနိုင်းတိုင်းမ်းသတင်းစာက ထိုင်းနိုင်ငံ၊ ကိုရတ်မှာမကြာသေးခင်က ကျင်းပ ခဲ့တဲ့ အာရှစက်ဘီးချန်ပီယံရှစ်ပြုံပွဲသတင်းတွေဖော်ပြတယ်။ ဘရူနိုင်းစက်ဘီးအဖွဲ့ဝင်တွေ ဖြစ်တဲ့ ရီဒူအန်ယူစွတ်၊ အက္ဆာဒူဟာဒရီစော်ဆီဒီ၊ အက်ဇမီလပ်ကမန်ဟာဇစ်နဲ့ မူဟာမက်နာဂျမ်ရီ ဂျိုဟာရီတို့ ပြုံပွဲဝင်ရာမှာ ပြုံပွဲမပြီးဆုံးခဲ့ကြောင်း၊ ခက်ခဲပြီးအကြိတ်အနယ်ရှိကြောင်း၊ စက်ဘီးနည်းပြက ဖွင့်ဟခဲ့ပြီး ညဘက်ယှဉ်ပြုံရတဲ့အတွက် လမ်းပေါ်ပြုံပွဲ (Road Race) မှာ ပြုံပွဲလမ်းကြောင်း အခြေအနေကျင့်သားမရဘဲ ကစားသမားနှစ်ဦးလူစုကွဲကျန်ခဲ့တယ်လို့ ဖွင့်ဟတယ်။

Third Lap မှာကတည်းက လူစုကွဲကျန်ခဲ့တဲ့ ကစားသမားနှစ်ဦးဟာ ရှေ့မှ ကစားသမားတွေ Fifth Lap ရောက်ပြီး စောင့်နေပေမဲ့ ရောက်မလာနိုင်တဲ့အတွက် ပြုံပွဲကော်မရှင်နာက ဘရူနိုင်းစက်ဘီးအဖွဲ့ကို ပြုံပွဲကနှုတ်ထွက်ခိုင်းခဲ့ကြောင်း လက်ရွေးစင် နည်းပြ ယာဖစ်ဂျာမာလူဒင်က ရှင်းပြပါတယ်။ ဒါပေမဲ့ သူ့အသင်းဟာ အလားအလာကောင်း ရှိနေတာမို့ စနစ်ကျတဲ့ လေ့ကျင့်မှုပြည့်ဝပြီး ပံ့ပိုးမှုကောင်းရရင် ဆီးဂိမ်းစ်မှာဆုတံဆိပ်တစ်ခု ရနိုင်ကြောင်း အကောင်းမြင်နေဆဲပါလို့ ဖော်ပြခဲ့တယ်။

ထိုင်းလက်ဝှေ့ကို အဆင့်မြှင့်ချင်နေတဲ့ အဖွဲ့ချုပ်ဥက္ကဋ္ဌသစ်

ထိုင်းလက်ဝှေ့အဖွဲ့ချုပ် (Thailand Boxing Association) မှာ ပီချိုင်းဂျန်ဟာ ဗာချီရာကို ဥက္ကဋ္ဌအဖြစ်ထပ်မံရွေးချယ်လိုက်ပါတယ်။ ဒါကြောင့်လက်ရှိတာဝန်မှာ နောက်ထပ် (၂)နှစ်ဦးဆောင် နေဦးမယ်။ လက်ဝှေ့သမားသစ်ရှာဖွေစုဆောင်းရေးနဲ့ လေ့ကျင့်ရေးကို အကောင်အထည်ဖော်ပေးရမယ်။ အတွေ့အကြုံယူဖို့ အလားအလာကောင်းတဲ့ ပါရမီရှင် ကစားသမားတွေကို နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် နိုင်ငံတကာပွဲတွေအတွက် ဦးဆောင်ရမှာဖြစ် ပါတယ်။

လာမယ့်နှစ် ဘရာဇီးမှာကျင်းပမယ့် အိုလံပစ်အတွက် အနည်းဆုံးလက်ဝှေ့သမား (၂)ဦး လက်ရည်စစ်ပွဲအောင်ဖို့ တာဝန်ယူရမယ်။ ပြည်တွင်းလက်ဝှေ့သမားတွေ အတွေ့အကြုံ ပြည့်စုံအောင် နိုင်ငံခြားသားနည်းပြတစ်ချို့လည်း ငှားရမ်းခေါ်ယူထားတယ်။ လက်ရှိမှာတော့ ထိုင်းလက်ဝှေ့အဖွဲ့ချုပ် ဟာလာမယ့် စက််ပူဆီးဂိမ်းစ်ကို ပစ်မှတ်ထားပြီး လက်ဝှေ့ပြုံပွဲ(၁၁) မျိုးမှာ(၁၀)မျိုးပြုံပွဲဝင်ဖို့ ပြင်ဆင်နေတယ်။

အထူးစခန်းသွင်းလေ့ကျင့်နေတဲ့ ဗီယက်နမ်ပြေးခုန်ပစ်အဖွဲ့

လေ့ကျင့်မှုတွေက ပြင်းထန်မှာပါ။ ဒါပေမဲ့ ဗီယက်နမ် လက်ရွေးစင်အားကစားသမားတွေကတော့ လာမယ့်ဆီးဂိမ်းစ်မှာ ဆုတံဆိပ်ပေါင်းတိုးတက်ရရှိဖို့ မျှော်လင့်ထား ပါတယ်။ The Voice of Vietnam သတင်းအရ ဗီယက်နမ်အမျိုးသား အားကစား လေ့ကျင့်ရေးဗဟိုဌာန (Vietnam National Sports Training Centre) မှာ (၂၈)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် စခန်းသွင်း လေ့ကျင့်မှုတွေ စတင်နေပြီလို့သိရပါတယ်။ ကစားသမားတွေအတွက် အထူးလေ့ကျင့်ရေးကွင်းတွေမှာ သီးသန့်နည်းပြစခန်းများလည်း စီမံထားပါတယ်။

လှေလှော်သမားတွေအတွက် ဟနွိုင်းမြို့မှာရှိတဲ့ ဟိုတေး(West Lake)မှာ စခန်းဖွင့်ထားတယ်။ တိုက်ကွမ်ဒို၊ ခါးခုတ်၊ အပြေးနဲ့ ဘော်လီဘောကစားသမားတွေကို ဟနွိုင်းနဲ့ ဟိုချီမင်း မြို့တွေမှာ စခန်းသွင်းထားတယ်။ အဆိုပါကစားသမားတွေကြားမှာ ရွှေတံဆိပ်ဆု မျှော်မှန်းထားသူတွေက နပန်းသမားကြီးတွေဖြစ်တဲ့ ငုယင်ဆီလွာနဲ့ ဗူသီဟန်း (NguYan Thi Lua and Vu Thi Hang)တို့ ပါဝင်တယ်။ ဒါအပြင် အလေးမနည်းပြချုပ် ဟွမ်ဟူးချီ (Huynh Huu Chi)က သူ့ကစားသမားတွေကို လေ့ကျင့်မောင်းနှင်းရာမှာ စက််ပူဆီးဂိမ်းစ်အတွက် သာမက ၂၀၁၆ အိုလံပစ်ပြိုင်ပွဲအတွက်ပါ ရည်ရွယ်ထား ပါတယ်လို့ ဖွင့်ဟခဲ့တယ်။

ဒဏ်ရာနဲ့ ပြန်လာတဲ့ မလေးရှားကြက်တောင်မယ်နှစ်ဦး

မလေးရှားကြက်တောင်ကြယ်ပွင့်မယ်နှစ်ဦးဖြစ်တဲ့ ဆိုနီယာချီအာနဲ့ ဂို့လျူယင်း (Sonia Cheah & Gohliu Ymg)တို့ကဒဏ်ရာအနာတရဆိုတာ သူမတို့ကိုဟန့်ထားနိုင်မယ့် အခက်အခဲ မဟုတ်ကြောင်း သက်သေပြခဲ့ကြပါတယ်။ The Star သတင်းစာက ပါရမီရှင် ကြက်တောင်မယ်နှစ်ဦးဟာ မကြာသေးခင်က အပြင်းစားဒဏ်ရာတွေရခဲ့ကြပေမဲ့ ပြန်လည် ကောင်းမွန်ကြံ့ခိုင်လာပြီး အားပြင်းတဲ့ ရိုက်ချက်တွေနဲ့ လေ့ကျင့်ခန်းဆင်းနေကြပြီလို့ ဆိုပါတယ်။

ဆိုနီယာချီအာက ဒဏ်ရာရပြီး (၁)နှစ်ကျော်မှာ ပထမဆုံးနိုင်ငံတကာပွဲအဖြစ် အီရန်နိုင်ငံတကာစိန်ခေါ်ပွဲမှာ ကွာတားဖိုင်နယ်အထိ ရောက်ခဲ့တယ်။ ဂို့လျူယင်းကတော့ ကစားဖော် ချန်ပင်းဆွန်း (Chan Peng Soon) နဲ့ အတူ ကွာလာလမ်ပူ အိုပင်းမှာ နှစ်ယောက် တွဲပြိုင်ပွဲကို ဗိုလ်စွဲလာခဲ့ပါတယ်။

ဆိုနီယာက ဆီးမီးဖိုင်နယ်အထိ မျှော်လင့်ခဲ့ပေမဲ့ မရောက်ရှိခဲ့သော်လည်း မတ်လအတွင်း ကျင်းပမယ့် ပိုလန်နိုင်ငံတကာစိန်ခေါ်ပွဲနဲ့ (၂၈)ကြိမ်မြောက်ဆီးဂိမ်းစ်ပြိုင်ပွဲတွေ အတွက် အကောင်းဆုံး အထောက်အကူရခဲ့တယ်လို့ဆိုပါတယ်။ ချီအာနဲ့ ဂို့တို့ဟာ မတ်လအတွင်း ဆွစ်ဇာလန်အိုးပင်း ပြိုင်ပွဲဝင်ဖို့ ရှိနေတဲ့အတွက် သူမတို့ရဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက်

တွေမြှင့်တက်မယ့်အပြင် ထိပ်သီး(၁၆)ဦးစာရင်း မှာပါပြီး၊ ၂၀၁၆ အိုလံပစ်ပြိုင်ပွဲအတွက် လက်ရည်စစ်ပွဲအောင်မြင်ဖို့အထိ မျှော်မှန်းထားကြောင်း သိရပါတယ်။

ဆီးဂိမ်းစ်မှာ ဆုရဖို့သေချာတယ်ဆိုတဲ့ မလေးကျွမ်းဘားမောင်နှစ်ဦး

မလေးရှားကျွမ်းဘားအဖွဲ့ချုပ်ဟာ၂၀၁၅ ဆီးဂိမ်းစ်အတွက် လူရွေးပွဲတွေပြုလုပ် နေပါပြီ၊ The Star သတင်းစာကတော့ မွတ်ဒ် ဟန်စ်ဇာရူဒင်နဲ့ ကစားသမားသစ် ဂျေရေမီယာလူး Moha Hamzarudin (Nordin Mr Jememiah Loo) တို့ကို ရွေးထားပြီး ပြီလို့ သတင်းပေးပါတယ်။ မလေးရှား ကျွမ်းဘားအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ကော်ဂျစ်ကွာ (Kau Git Kaur)က ဒီကျွမ်းဘားကြယ်ပွင့်နှစ်ဦးဟာ ဖိုင်နယ်အထိရောက်မယ်လို့ ယုံကြည်ထားတယ်။

ဒါပေမဲ့ ကစားသမားတစ်ဦးရဲ့ လက်ရှိအနေအထားအရ ရွှေတံဆိပ်ရဖို့က ခက်ခဲနိုင်တယ်လို့ ဝန်ခံထားတယ်။ ဟန်ဇာကတော့ ချိန်ဆဘားမှာ လေ့ကျင့်မှုတစ်ချို့လွဲခဲ့လို့ ဆီးဂိမ်းမှာခက်ခဲနိုင်ပြီး တရုတ်နိုင်ငံမှာသွားရောက်လေ့ကျင့်ခဲ့တဲ့ ဂျေရီမီယာက အလားအလာရှိပေမဲ့ အတွေ့အကြုံနည်းတဲ့အတွက် ရွှေတံဆိပ်ဆု မှန်းဖို့အာမခံနိုင်သေးတဲ့ သဘောဖွင့်ဟထားတယ်။

အရှေ့တောင်အာရှဒေသတစ်ခုလုံးရှန်းကြွလာတဲ့ဆီးဂိမ်းစ်

(၂၈)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပဖို့က (၃)လခန့်သာ လိုပါတော့တယ်။ ဒေသတွင်းရှိ အားကစားကြယ်ပွင့်တွေ အပြင်းအထန်လေ့ကျင့်ကြိုးစားကြတဲ့ကာလကို ကျော်လွန်လာခဲ့ပါပြီ။ ဒါကြောင့်လည်း ဒေသတွင်းမှာရှိတဲ့ အမျိုးသားအားကစားအဖွဲ့ချုပ်တွေနဲ့ အမျိုးသားအိုလံပစ်ကော်မတီတွေက ဇွန်လမှာ စတင်မယ့်ဆီးဂိမ်းစ်မှာ စွမ်းရည်ပြသနိုင်မယ့် အလားအလာကောင်းတဲ့ ချန်ပီယံလောင်းတွေကို စိစစ်ရွေးချယ်နေကြပါပြီ။ ဇွန်လအတွင်းကျင်းပမယ့် စကီ်ပူဆီးဂိမ်းစ်ပြိုင်ပွဲမှာ စောင့်ကြည့်သွားရမဲ့ ကစားသမားတွေကို တင်ဆက်ပေးလိုက်ပါတယ်။

ပြင်သစ်မှာမွေးတဲ့ ကမ္ဘောဒီးယားတင်းနစ်သမား

ပြင်သစ်ဇာတိဖွားမှာ တင်းနစ်ကြယ်ပွင့် ဒဲလ်တန်ဆိုဖာနာကင်မ် (Delton Sophana Kim) ဟာ ပြင်သစ် အငယ်တန်းအဆင့်မှာ နံပါတ်(၁၂)ချိတ်ပါတယ်။ သူဟာခမာသွေးပါတဲ့ဗီဇကိုပြသဖို့ ကမ္ဘောဒီးယားသို့ပြောင်းပြီး တင်းနစ်ကစားသမားအဖြစ်လာမယ့်ဆီးဂိမ်းစ်မှာ ပါဝင်ပါလိမ့်မယ်။ အသက်(၁၅)နှစ်သာရှိသေးတာမို့ နိုင်ငံရဲ့ အသက်အငယ်ဆုံးလက်ရွေးစင်စားရင်းမှာပါဝင်နေတယ်။ ဇပြီလအတွင်း မလေးရှားမှာကျင်းပမယ့် ဒေးဗစ်ဖလား(David Cup) ပြိုင်ပွဲမှာလည်း ပါဝင်ဆင်နွှဲပါဦးမယ်။

"ဒဲလ်တန်ဆိုဖာနာကင်မ်ဟာ ကမ္ဘောဒီးယားနိုင်ငံသားအဖြစ် ပြောင်းလဲခံယူပြီး ကျွန်တော် တို့ရဲ့လူငယ်အသင်းမှာ လက်စွမ်းပြပါလိမ့်မယ်။ စိတ်လှုပ်ရှားဖွယ်အလားအလာ ကောင်းသူဖြစ်လို့ အနာဂတ်အတွက် ထူးခြားတဲ့ ရင်းနှီးမြုပ်နှံမှုပါ၊ လူငယ်တစ်ဦးအနေနဲ့ အခုလို ဘဝအတွက် ဆုံးဖြတ်ဝံ့တာ ထူးခြားတဲ့သတ္တိပါပဲ။ သူ့ရည်မှန်းချက်ပြည့်ဝအောင် ကျွန်တော်တို့က အားပေးပံ့ပိုးသွားမှာပါ " လို့ ဒေးဗစ်ဖလားပွဲ ကပွတိန် Tep Rithivit က ဖန္ဒမ်ပင်ပို့စ် သတင်းစာမှာ ဖွင့်ဟခဲ့ပါတယ်။

အာရှပစိဖိတ်ပြိုင်ပွဲမှာ အစွမ်းပြတဲ့ ဖိလစ်ပိုင်တိုက်ကွမ်ဒိုကြယ်ပွင့်

အာရှပစိဖိတ်တိုက်ကွမ်ဒို ဖိတ်ခေါ်ချန်ပီယံရှစ်ပြိုင်ပွဲ (Asia - Pacific Taekwondo Invitational Championship)မှာ ဖိလစ်ပိုင်လူငယ်ကြယ်ပွင့်ဖြစ်တဲ့ ဖရန်စစ်အာရွန်အဂိုယို (Francis Aaron Agojo) ဟာ တစ်နိုင်ငံတည်းသား ဂျီနာတော်ရီလို့စ် ကို ဖလိုင်းဝိတ်တန်းမှာ အနိုင်ရဖိုလ်စွဲ သွားပါတယ်။ သူဟာယမန်နှစ်က တရုတ်နိုင်ငံမှာကျင်းပတဲ့ ကမ္ဘာ့တက္ကသိုလ်များ တိုက်ကွမ်ဒိုချန်ပီယံရှစ်ပြိုင်ပွဲနဲ့ အင်ဒိုနီးရှားမှာပြုလုပ်ခဲ့တဲ့ အာဆီယံတက္ကသိုလ်များ ချန်ပီယံရှစ်ပြိုင်ပွဲတွေမှာလည်း အနိုင်ရခဲ့သူ ဖြစ်ပါတယ်။

အဆိုပါ တိုက်ကွမ်ဒိုလက်ရွေးစင်နှစ်ဦးရဲ့ အခြားအသင်းဖော်တွေဖြစ်ကြတဲ့ လီဗီတာရိုနာ အီလောနဲ့ ပေါ်လင်လူးဝစ္စလိုပက်စ် တို့ဟာလည်း သူတို့ရဲ့ အတန်းအသီးသီးမှာ ဗိုလ်လုပွဲ အဆင့်ရောက်ခဲ့ ကြတယ်။

အီလောကတော့ ဗီယက်နမ်မှ ထရောင်သီကင်မ်တူယင် (Truong Thi Kim Tuyen) ကို ရှုံးခဲ့ပြီး ၂၀၁၃ခုနှစ် ဆီးဂိမ်းကြေးတံဆိပ်ရှင် လိုပက်စ်ကတော့ ကိုရီးယားမှ ယွန်းဂျီအွန်ယွင်း (Yoong Jeong – Yeon) ကို အရေးနိမ့်ခဲ့တယ်။ အဲဒီလို ရွှေတံဆိပ်နဲ့ ငွေတံဆိပ်(၂)ခုရခဲ့တဲ့အပြင် ဖိလစ်ပိုင် ဟာ ကြေးတံဆိပ် (၅)ခုပါရခဲ့တဲ့အတွက် လာမယ့် (၂၈)ကြိမ်မြောက်ဆီးဂိမ်းစ်အတွက် အားတက်နေကြောင်း The Inquirer Young Lions ကသတင်းပေးထားပါတယ်။

သမိုင်းရေးမယ့် စကီ်ပူခြေသေ့်ပျိုများ

ဆီးဂိမ်းစ်အိမ်ရှင်စကီ်ပူရဲ့ ယူ-၂၃ ဘောလုံးအသင်းကို Young Lions လို့ တင်စားကြတယ်။ စကီ်ပူလိဂ်မှာ ခြေစွမ်းပြနေတဲ့လူငယ်တွေနဲ့ ပုံစံကောင်းရရှိနေပြီး ဒီနှစ်ရဲ့ တစ်ခုတည်းသော ရည်မှန်းချက် ပန်းတိုင်ကတော့ နိုင်ငံတည်ထောင်တဲ့ နှစ်(၅၀)ပြည့်နဲ့ တိုက်ဆိုင်နေတဲ့ ဆီးဂိမ်းစ်ပြိုင်ပွဲမှာအိမ်ရှင်အဖြစ် လက်ခံကျင်းပရင်းပထမဆုံးအကြိမ် ဗိုလ်စွဲဖို့ အံ့ခဲထားကြပါတယ်။ ကစားသမားတွေဟာ စကီ်ပူလိဂ်မှာ ရရှိတဲ့ရလဒ်တွေထက် အကြိတ် အနယ်ကြိုးစားရင်း ဆီးဂိမ်းစ်မှာအောင်ပွဲရဖို့က အရေးကြီးပါတယ်လို့ နည်းပြကြီး အိုင်ဒီအစ္စကန်ဒါ (Aide Iskandar) က Asiaone သတင်းစာမှာဖွင့်ဟထားပါတယ်။

စက််ပူအသင်းရဲ့ အမာခံကလပ်ဖြစ်တဲ့ Great Easten အသင်းမှ ကနေဒါနိုင်ငံသား အဓိကကစားသမားနှစ်ဦးဖြစ်တဲ့ ဂျော်ဒန်ဝက်ဘ်နဲ့ ရှိတ်အယ်မာစရီ တို့ကလည်း စက််ပူသား တွေချည်းထိရောက်တဲ့ အသင်းလိုက် ကစားမှုမျိုး လေ့ကျင့်နိုင်ဖို့ ဆီးဂိမ်းစ်မတိုင်မီ လအနည်းငယ်အတွင်း အသင်းပြိုင်ပွဲတွေမှာ သူတို့မပါဘဲနေပေးဖို့ သဘောတူထားကြပါတယ်။ ထူးခြားတာက နည်းပြကြီး အိုင်ဒီအစ္စကန်ဒါက အသင်းပိုမို အားကောင်းမောင်းသန်ဖြစ်ဖို့ ရည်ရွယ်ပြီး တိုက်စစ်မှူး အာဖန်ဖန်ဒီကို ထပ်မံခေါ်ယူ အားဖြည့်ထားတယ်။ ၁၇နှစ်သား အာဖန်ဟာ ချီလီလိဂ်က ယူနီဗာစီဒက် ကာတိုလီကာ ကလပ်အသင်းမှာ ကစားနေသူ ဖြစ်တဲ့အပြင် အထင်က ရဘောလုံးသမားကြီး ဖန်ဒီအာမက်ရဲ့ သားဖြစ်နေခြင်းက စက််ပူ အသင်းအတွက် အားတက်စေပါတယ်။

စင်ကာပူဆီးဂိမ်းစ်မှာဆုမျှော်မှန်းနေတဲ့ ဘရူးနိုင်းစက်ဘီးအဖွဲ့

ဘရူးနိုင်းစက်ဘီးအသင်းဟာ ၂၀၁၄ အာရှစက်ဘီးချန်ပီယံရှစ် ပြိုင်ပွဲကို မလေးရှားမှာ ကျင်းပခဲ့စဉ်က နောက်ဆုံးပိတ် နံပါတ်သာချိတ်ခဲ့ပါတယ်။ ယခုအခါ ထိုင်းနိုင်ငံမှာ ကျင်းပတဲ့ အာရှ စက်ဘီးချန်ပီယံရှစ် ပြိုင်ပွဲကို ပါဝင်ဆင်နွှဲနေပြီး အာရှရဲ့ ထိပ်သီး(၁၀)သင်း စာရင်းဝင်ဖို့နဲ့ ဆီးဂိမ်းမှာ ထိပ်ဆုံးသုံးသင်းစာရင်းဝင်ဖို့ ရည်မှန်း နေပါတယ်။

လက်ရွေးစင်စက်ဘီးအသင်းနည်းပြ ယာဖစ်ဇ်ဂျာမာလူဒင်(Yafiz Jamaludin) က သူ့အသင်းကို အပြင်းအထန်မောင်းနှင်လေ့ကျင့်နေပြီး မျှော်မှန်းထားတဲ့ အဆင့်တွေ ရလိမ့်မယ်လို့ ယုံကြည် ကြောင်း ဘရူးနိုင်းတိုင်းမ် သတင်းစာမှာ ဖွင့်ဟထားပါတယ်။

ဗီယက်နမ်စက်ဘီးအဖွဲ့လေ့ကျင့်မှုအရှိန်မြှင့်ပြီ

ဆီးဂိမ်းစ်မှာဆုရဖို့ဘရူးနိုင်းက မျှော်မှန်းထားသလို ဆုတံဆိပ်တွေ အပြိုင်လုဖို့ ပြင်ဆင်နေတဲ့ နောက်ထပ်ပြိုင်ဘက်က ဗီယက်နမ်စက်ဘီးအဖွဲ့ပါပဲ။ အွန်လိုင်းသတင်းဌာန Vietnam Net ရဲ့ အဆိုအရ ထိုင်းမှာကျင်းပတဲ့ အာရှစက်ဘီးတံခွန်စိုက်ပြိုင်ပွဲသို့ ဗီယက်နမ်က အဖွဲ့ဝင်(၁၄)ဦးပါတဲ့ အသင်းစေလွှတ်ခဲ့ကြောင်း ဒီအသင်းမှာ ဝါရင့်စက်ဘီး သမားတွေဖြစ်တဲ့ ထရန်ဒတ်တမ်ငုယင်သန်တမ်နဲ့ ငုယင်သီသက် (Trinh Duc Tam, Nguyen Thanh Tam, Nguyen Thi That)တို့ ပါဝင်ကြောင်း အာရှအားကစားပြိုင်ပွဲမှာ ငွေတံဆိပ်ဆွတ်ခူးထားတဲ့ ငုယင်သီသက်ဟာ အဓိက အားထားရပြီး၊ ထိုင်းနိုင်ငံ အာရှစက်ဘီးတံခွန်စိုက်ပြိုင်ပွဲ အတွေ့အကြုံတွေကို (၂၈)ကြိမ်မြောက်စက််ပူဆီးဂိမ်းစ်မှာ အသုံးချသွားဖို့ ရည်မှန်းထားကြောင်း Vietnam Net က သတင်းပေးထားပါတယ်။

ပိုက်ကျော်ခြင်းဗိုလ်လုပွဲမှာ ထိုင်းအသင်းကို ထပ်ပြီးဖြုမယ့်မလေးရှား

အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ရဲ့ စူပါဆီးရီးဒုတိယအကျော့ ပြိုင်ပွဲ (ISTAF Super series Second Leg) ကို မလေးရှားနိုင်ငံ မလက္ကာ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ဗဟိုဌာန (MITC)မှာ မကြာသေးခင်က ကျင်းပခဲ့ရာ ထိုင်းအသင်းကို အနိုင်ရ ဗိုလ်စွဲခဲ့တယ်။ ၁၀နှစ်အတွင်းမှာ ပထမဆုံးအကြိမ် အနိုင်ရတာပါ။ ယခင်က ဗိုလ်လုပွဲကို အကြိမ်ကြိမ်ရောက်ခဲ့ပေမယ့် တစ်ခါမှ ထိုင်းကို အနိုင်မရခဲ့ဖူးဘဲ ၂၀၁၅ရောက်မှ အနိုင်ရခြင်း ဖြစ်ပါတယ်။

မလေးရှားပိုက်ကျော်ခြင်းနည်းပြကြီး အက်ဘဒူတိလစ်အာမက်က "ယခုလို သမိုင်းတွင်တဲ့ အနိုင်ပွဲရလဒ်ကြောင့် အသင်းအတွက် အားတက်စေခဲ့ပြီး တတိယအကျော့ ပြိုင်ပွဲနဲ့ လာမယ့်ဆီးဂိမ်းစ်မှာပါထိုင်းအသင်းကို ဆက်လက်အနိုင်ယူသွားဖို့ ကြိုးစားပါမယ်" လို့ ဖွင့်ဟခဲ့တယ်၊ အသင်းရဲ့ ကပ္ပတိန် ဖာဟန်အဒမ်ကလည်း၊ " ဒီအနိုင်ပွဲဟာ ကျွန်တော်တို့ရဲ့ နောက်ဆုံးအနိုင်ရလဒ်မဟုတ်ပါဘူး၊ အထူးသဖြင့် စက််ပူဆီးဂိမ်းစ်မှာ ဒီအနိုင်ရလဒ်မျိုး တစ်ကျော့ပြန်လာဦးမှာပါ " လို့ The Star သတင်းစာမှာ ကြွေးကြော် သွားခဲ့ပါတယ်။

မြန်မာဝူရှူးအသင်းရဲ့ လျှို့ဝှက်လက်နက်ပုန်း

မြန်မာဝူရှူးအသင်းကလည်း ပြိုင်ဘက်တွေကိုပဲ အပြင်းအထန်ကြိုးစားပြင်ဆင် နေတယ် လို့ Ecns.cn ကသတင်းပေးပါတယ်။ ဆောင်းပါးတစ်ပုဒ်မှာ မြန်မာဝူရှူးအဖွဲ့ချုပ်ရဲ့ ၂၀၁၅ ဆီးဂိမ်းစ် အတွက် ပြင်ဆင်မှုအစီအစဉ်ကိုဖော်ပြခဲ့ခြင်းပါ။ လောလောဆယ် နေပြည်တော်မှာ မြန်မာနဲ့ တရုတ်နည်းပြ တွေက လေ့ကျင့်ပေးနေတဲ့ မြန်မာဝူရှူး လက်ရွေးစင် (၁၇)ဦးဟာ မကြာခင် တရုတ်ပြည်မှာ (၃)လကြာ ပူးတွဲလေ့ကျင့်မှုပြုလုပ်တော့ မယ်ဆိုတဲ့ သတင်းဖော်ပြခဲ့တယ်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းစ်မှာ ဆုတံဆိပ်ပေါင်း(၁၅)ခုနဲ့ အောင်ပွဲခံခဲ့တဲ့ မြန်မာ ဝူရှူးအဖွဲ့ဟာ လာမယ့် စက််ပူဆီးဂိမ်းစ်မှာလည်း ရရှိထားတဲ့ ဆုတံဆိပ်တွေအားလုံးကို ကာကွယ်ဖို့ ကြိုးစားပြင်ဆင်နေတယ်။ ဒါပေမဲ့ မြန်မာဝူရှူးအဖွဲ့ချုပ်ကတော့ စက််ပူဆီးဂိမ်းစ် မှာ မလေးရှား၊ အင်ဒိုနီးရှားနဲ့ ဗီယမ်နမ်တို့ဟာ အဓိကပြိုင်ဘက်တွေဖြစ်လာမယ်လို့ မျှော်လင့်ထားပါတယ်လို့ ပြောကြားခဲ့တယ်။

ဆီးဂိမ်းစ်ချန်ပီယံ (၁၀)ကြိမ်ဖြစ်ဖို့ မှန်းတဲ့ ဖိလစ်ပိုင်ဘတ်စကက်ဘောအသင်း

ဖိလစ်ပိုင်လက်ရွေးစင် ဘတ်စကက်ဘောအသင်းနည်းပြကြီးတက်ဂ်ဘော်ဒွင် (Tab Baldwin)ကတော့ သူ့အသင်းကို မတ်လအစောပိုင်းကတည်းက အပြင်းအထန် လေ့ကျင့်မောင်းနှင် နေပါပြီ၊ သူ့အနေနဲ့အရေးပါတဲ့ ပြိုင်ပွဲ(၂)ခုအတွက် ကြိုတင်ပြင်ဆင်

နေတာလည်းဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲ တွေကတော့ စက််ပူမှာ အရှေ့တောင်အာရှ ဘတ်စကက်ဘော ချန်ပီယံရှစ်ပြိုင်ပွဲနဲ့ ဆီးဂိမ်းစ်ပြိုင်ပွဲတွေဖြစ်ပါတယ်။

ဖိလစ်ပိုင်ဟာ အာရှဘတ်စကက်ဘောအဖွဲ့ချုပ်က ပြုလုပ်တဲ့ အရှေ့တောင်အာရှ ချန်ပီယံရှစ် ပြိုင်ပွဲအတွက် လက်ရွေးစင်အသင်းကို မရွေးရသေးပါဘူး။ ဒါပေမဲ့ အဲဒီအသင်းဟာ ဆီးဂိမ်းစ်မှာ ပြိုင်ပွဲဝင်မယ့် အသင်းထဲကပဲ ရွေးရဖို့များနေပါတယ်။ ဒါပေမဲ့ ဇွန်လမတိုင်မီ ပြုလုပ်မယ့် အရှေ့တောင် အာရှဘတ်စကက်ဘော ချန်ပီယံရှစ်ပြိုင်ပွဲဟာ နည်းပြဘော်ဒွင်အတွက်ရော၊ အသင်းအတွက်ပါ အခွင့်အရေးကောင်းတစ်ခုဖြစ်နေပြီး ဆီးဂိမ်းစ်ပြိုင်ပွဲအကြို လေ့ကျင့်ပြင်ဆင်မှုအဖြစ် အကောင်းဆုံး အသုံးချနိုင်မယ်လို့ ယူဆထားပါတယ်။ ဒါပေမဲ့ အရှေ့တောင်အရှဘတ်စကက်ဘော ချန်ပီယံရှစ်ပြိုင်ပွဲ (၁၀)ကြိမ်မှာ (၆)ကြိမ်ဗိုလ်စွဲထားဖူးတဲ့ ဖိလစ်ပိုင်အသင်းကတော့ ပြိုင်ပွဲ(၂)ခုစလုံးမှာ ဗိုလ်စွဲဖို့ မျှော်မှန်းထားကြောင်း Phil STAR. com ကဖော်ပြထားပါတယ်။

ဆုတွေသိမ်းကျုံးယူမယ့် စက််ပူစားပွဲတင်တင်းနစ်

နိုင်ငံတကာတင်းနစ်ပြိုင်ပွဲတွေမှာ ဆုတံဆိပ်အများအပြားဆွတ်ခူးထားသူကို ပြပါဆိုရင် စက််ပူရဲ့ ဖန်တျန်ဝေ (Feng Tian Wei)ပဲဖြစ်ပါတယ်။ လက်ရှိ ကမ္ဘာ့အဆင့် (၄)နေရာမှာ ရပ်တည် နေသူပါ။ စက််ပူစားပွဲတင်တင်းနစ်အဖွဲ့ချုပ်ရဲ့ ဆုတံဆိပ်တွေလည်း ရရှိထားပါတယ်။ Fox Sports Asia နဲ့ Today Online ဝက်ဘ်ဆိုဒ်တွေရဲ့ သတင်းအရ သူမဟာ လာမယ့် ဆီးဂိမ်းစ်ပြိုင်ပွဲမှာပါဝင်ယှဉ်ပြိုင်ဖို့ ရွေးချယ်ခံထားရပြီလိုသိရပါတယ်။

အိုလံပစ်ပြိုင်ပွဲဝင်တစ်ဦးလည်းဖြစ်တဲ့ သူမဟာအပြည်ပြည်ဆိုင်ရာ စားပွဲတင်တင်းနစ် အဖွဲ့ချုပ်ရဲ့ ဆုတံဆိပ်(၃)ခုကိုရရှိထားတဲ့အပြင် စက််ပူအသင်းကို ဆုတံဆိပ်(၅)ခု ရရှိအောင် ကူညီ စွမ်းဆောင်ပေးထားသူလည်းဖြစ်ပါတယ်။ ဒီဆုတံဆိပ်တွေကို ယမန်နှစ်က ဓနသဟာယ အားကစား ပြိုင်ပွဲနဲ့ အာရှအားကစားပြိုင်ပွဲတွေမှာ ရယူပေးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် စက််ပူနိုင်ငံရဲ့ နှစ်(၅၀)ပြည့် အထိမ်းအမှတ်ကာလမှာ အိမ်ရှင်အဖြစ်ကျင်းပရင်း ဆီးဂိမ်းစ်ပြိုင်ပွဲကနေရွှေတံဆိပ်တွေ အများအပြား ထပ်မံရယူပေးသွားဖို့မျှော်လင့်နေပါတယ်။

သူမနဲ့အတူပါဝင်မယ့် ကျန်အသင်းသားများကို အတည်မပြုရသေးပေမဲ့ ၂၀၁၄အတွက် အကောင်းဆုံးနည်းပြဆုရရှိတဲ့အမျိုးသမီးအသင်းနည်းပြချုပ် ကျင်းကျန်ဟွန်း (Jing Junhong) ကတော့ ဆီးဂိမ်းစ်ပြိုင်ပွဲဝင်မယ့် စားပွဲတင်တင်းနစ်အသင်းဟာ တောင့်တင်းတဲ့အသင်းဖြစ်မှာပါလို့ ပြောကြားထားတယ်။ ဖန်တျန်ဝေဟာ ဆုတံဆိပ်တွေ အများအပြား ရရှိထားသူဖြစ်သလို စက််ပူရဲ့ အကောင်းဆုံး အားကစားသမားဆုကို (၅)ကြိမ်ဆက်တိုက်ရခဲ့တဲ့အပြင်၊ အသင်းလိုက်အကောင်းဆုံးဆုနဲ့ အထူးဆုကိုပါ

ရရှိထားသူဖြစ်လို့ ၂၀၁၅စက်တင်ဘာ ဆီးဂိမ်းစ်မှာ မလွတ်တမ်းစောင့်ကြည့်သွားမရမယ့် ကြယ်ပွင့်ကစားသမား တစ်ဦးလည်းဖြစ်နေကြောင်းတင်ပြလိုက်ရပါတယ်။

လူလူမင်း

စက်ဘူဆီးဂိမ်းစ်တွင် ရွှေတံဆိပ်(၅၀)မျှော်မှန်းပြင်ဆင်နေသည့် မြန်မာအားကစားအဖွဲ့

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲကို ၂၀၁၅ ခုနှစ်၊ ဇွန်လ(၅)ရက်နေ့မှ (၁၆)ရက်နေ့အထိ စက်ဘူသမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ အမှန်တွင် စက်ဘူနိုင်ငံမှာ ၂၀၁၃ ခုနှစ်(၂၇)ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အလှည့်ကျခဲ့သော်လည်း၊ ၄င်းတို့၏ အမျိုးသားအားကစားကွင်းသစ်ကြီး တည်ဆောက်မှုမပြီးစီး သေးသည်ကို အကြောင်းပြကာ ငြင်းပယ်ခဲ့ပြီး ၂၀၁၅ ခုနှစ် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် တောင်းဆိုခဲ့သည်။ အခြားအကြောင်းရင်း တစ်ရပ်မှာ ၂၀၁၅ ခုနှစ်သည် စက်ဘူကို မလေးရှားနိုင်ငံမှ ခွဲထွက်ကာ သီးခြားလွတ်လပ်သည့် သမ္မတနိုင်ငံအဖြစ် ထူထောင်ခဲ့သော အနှစ်(၅၀)ပြည့်မြောက်သည့် ကာလနှင့်တိုက်ဆိုင်သဖြင့် ရွှေရတုအထိမ်းအမှတ်အဖြစ် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းလည်းဖြစ်သည်။ သို့ဖြစ်ရာ အိမ်ရှင်စက်ဘူ နိုင်ငံအနေဖြင့် ၄င်းတို့ အိမ်ရှင်အဖြစ် ကျင်းပခွင့်ရသည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်များကို ရနိုင်သမျှ ရယူပြီး ပြိုင်ပွဲတွင် ဗိုလ်စွဲအောင်ပွဲခံရန် ကြိုးပမ်းမည်မှာ သေချာသည်။

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်းပေါင်း (၃၆)မျိုးကို ပြိုင်ပွဲပေါင်း (၄၀၂)ပွဲကျင်းပကာ ရွှေတံဆိပ်ဆုပေါင်း (၄၀၂)ဆု ချီးမြှင့်မည်ဖြစ်သည်။ အထူးသဖြင့် အိမ်ရှင်နိုင်ငံအခွင့်အလမ်းသာသည့် အားကစားနည်းများဖြစ်သော ရေကူး၊ ပြေးခုန်ပစ်၊ ကနူး/ကယက်၊ ကျွမ်းဘား၊ ပန်ကြဲပ်ဆီလတ်၊ အပြည်ပြည်ဆိုင်ရာလှော်၊ ရွက်လှော်၊ တိုက်ကွမ်ဒို၊ ဝူရှူး အားကစားနည်းများတွင် ရွှေတံဆိပ်ဆုပေါင်း (၂၁၃)ခု အထိ ချီးမြှင့်မည်ဖြစ်ပြီး အခြားအားကစားနည်းများဖြစ်သည့် မြားပစ်(၁၀)၊ ဘိလိယက်နှင့် စနူကာ(၁၀)၊ ဘိုးလင်း(၁၀)၊ ခါးခုတ် (၁၂)၊ ဂျူဒို(၁၂)၊ ပီတန်း (၁၀)၊ သေနတ်ပစ်(၁၂)၊ ဝါးတားစကီး(၂၁)ဖြင့် ရွှေတံဆိပ်ပေါင်း (၈၇)ခုချီးမြှင့်ဦးမည်ဖြစ်ရာ ထိုအားကစားပြိုင်ပွဲများမှ အိမ်ရှင်စက်ဘူ အနေဖြင့် ဆုတံဆိပ် အများစုကို ရယူဖို့ စနစ်တကျ ပြင်ဆင်လေ့ကျင့်နေခြင်းဖြစ်သည်။

စက်ဘူနိုင်ငံတည်ထောင်သည့် နှစ်(၅၀)ပြည့်ကာလတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုများကို နောက်ဆုံးအကြိမ်အိမ်ရှင်အဖြစ် ကျင်းပခဲ့သည့် ၁၉၉၆ ခုနှစ်ကရရှိခဲ့သည့် ရွှေတံဆိပ်ဆု(၅၀)ထက် နှစ်ဆတိုးရရှိအောင် စွမ်းဆောင်မည်ဖြစ်ရာ စက်ဘူ၏ ရည်မှန်းဆုတံဆိပ်မှာ (၁၀၀)နီးပါးရမည်ဟု မျှော်မှန်းထားကြသည်။

အိမ်ရှင်တစ်ရာ၊ မြန်မာငါးဆယ်

အိမ်ရှင်စကီပူက နိုင်ငံထူထောင်သည့် နှစ်(၅၀)ပြည့်ရွေရတု ကာလတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပရင်း ရွေတံဆိပ်ဆုများ (၁၀၀)နီးပါးရရှိရန် မျှော်မှန်းပြင်ဆင်နေစဉ်တွင် မြန်မာနိုင်ငံ ကလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့စဉ်က ရွေတံဆိပ်(၈၅)ခု အထိ ရရှိပြီး နိုင်ငံအလိုက် တန်းစီရာတွင် ဒုတိယချိတ်ခဲ့သဖြင့် ထိုအောင်မြင်မှု အဆင့်ထက် သိသိသာသာ လျော့ကျသွားခြင်းမျိုး မဖြစ်ရအောင် ကြိုးစားစွမ်းဆောင်ကြရန် လိုအပ်လှပေသည်။

စကီပူဆီးဂိမ်းစ်တွင် အားကစားနည်း(၃၆)မျိုး အနက် မြန်မာနိုင်ငံအားကစားအဖွဲ့က အားကစားနည်း (၃၁)မျိုးတွင် အားကစားသမားပေါင်း (၄၀၂)ဦး စေလွှတ်ယှဉ်ပြိုင်ရန် စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိသည်။ ပါဝင်ယှဉ်ပြိုင်မှုမပြုသည့် အားကစားနည်းများမှာ ဝါတာပိုလို-ဆိုင်ခရိုနိုက်စ် (ရေကူးယိမ်း)၊ ဖလိုးဘော (Floorball)၊ ပန်ကြပ်ဆီလတ်၊ ရပ်ဂ်ဘီ(Rugby)၊ ဆော့ဖ်ဘော၊ ဝါတာစကီ(Waterski) တို့ဖြစ်ကာ ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းများအနက် မြားပစ်အားကစားနည်းမှ ရွေတံဆိပ်(၃)ခု၊ ပြေးခုန်ပစ်မှ ရွေ(၂)ခု၊ ဘိလိယက် စနူကာမှ ရွေ(၃)ခု၊ လက်ဝှေ့မှ ရွေ(၂)ခု၊ ကျွမ်းဘားမှ ရွေ(၁)ခု၊ ပီတန်းမှ ရွေ(၁)ခု၊ ဘောလုံးမှ ရွေ(၁)ခု၊ ဂျူဒိုမှ ရွေ(၄)ခု၊ အပြည်ပြည်ဆိုင်ရာလှေမှ ရွေ(၃)ခု၊ ပိုက်ကျော်ခြင်းမှ ရွေ(၂)ခု၊ ခြင်းလုံး မှ ရွေ(၂)ခု၊ သေနတ်ပစ်မှ ရွေ(၂)ခု၊ ရွက်လှေမှ ရွေ(၁)၊ တိုက်ကွမ်ဒိုမှ ရွေ(၂)ခု၊ ရိုးရာလှေမှ ရွေ(၈)ခု၊ ကနူးကယက်မှ ရွေ(၆)ခု၊ ဂေါက်သီးမှ ရွေ(၁)၊ ခါးခုတ်မှ ရွေ(၁)ခုနှင့် ဝူရှူးအားကစားမှ ရွေတံဆိပ်(၅)ခုဖြင့် စုစုပေါင်း ရွေတံဆိပ်(၅၀)ရရှိအောင် ကြိုးစားစွမ်းဆောင်သွားရန် ပြင်ဆင် နေခြင်းလည်းဖြစ်သည်။

ဒုတိယသမ္မတ၏ အဆိုအမိန့်

(၂၈)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့က ရွေတံဆိပ်(၅၀)ရရှိအောင် ရည်မှန်းကြိုးပမ်းနေသည်။ နိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက မတ်လ(၂၁)ရက်နေ့က သုဝဏ္ဏမြို့သစ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) ပတ္တမြားခန်းမတွင် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများအား တွေ့ဆုံကာ စင်ကာပူဆီးဂိမ်းပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင် အောင်နိုင်ရေးအတွက် လမ်းညွှန်ရင်းလိုအပ်သည်များကို ဖြေရှင်းစီမံပေးရာတွင် အားကစားအဖွဲ့ချုပ်များသည် နိုင်ငံနှင့်လူမျိုး၏ပုံရိပ်လွှာနှင့် ဂုဏ်သိက္ခာကို ကြိုးစားမြှင့်တင် ပေးနေကြသည့် အားကစားနှင့်သက်ဆိုင်သည့် Stake Holders များဖြစ်ကြောင်း၊ မြန်မာ့အားကစားအောင်မြင်တိုးတက်စေရေးအတွက် ငွေကြေးနှင့် အချိန်တို့ကို ရင်းနှီးပေးဆပ်ကာ မျိုးချစ်စိတ်ဖြင့် ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ နိုင်ငံတော်က ယုံကြည်ကိုးစား အားထားသည့်အတွက် တာဝန်များကို ယုံကြည်စွာအပ်နှံထားခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍လည်း (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး အောင်မြင်စေရန် နိုင်ငံတော်နှင့် အားကစားဝန်ကြီးဌာနတို့က လိုအပ်သည်များကို

ပံ့ပိုးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ရွှေတံဆိပ် မည်မျှရရန်ရည်မှန်း ထားသည်၊ ထိုရည်မှန်းချက်ပြည့်ဝအောင် မည်သို့ဆောင်ရွက်မည်၊ အောင်မြင်ရန်လည်း အပြင်းအထန် ကြိုးစား မည်ဟူသော ယုံကြည်မှု၊ စိတ်အားထက်သန်၊ ဇွဲမာန်ရှိမှုတို့ကအရေးကြီးပြီး၊ ထိုရည်မှန်းချက် ပေါက်မြောက်အောင်စွမ်းဆောင်နိုင်ရန် ကြိုတင်ပြင်ဆင်နိုင်မှုများကလည်း အဓိက ကျကြောင်းမိန့်ကြားခဲ့သည်။

ထို့သို့ စနစ်တကျ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန် အားကစားနှင့် ပတ်သက်ဆက်နွယ်သည့် နိုင်ငံတော်၊ ဝန်ကြီးဌာန၊ အားကစားအဖွဲ့ချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ အသီးသီးအကြား ပူးပေါင်းအသိအမြင် ဖလှယ်မှု (Co- Knowing)၊ ပူးပေါင်းတွေးခေါ်ကြံဆမှု (Co- Thinking)နှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု (Co- Operation) တို့ကို လုပ်ကိုင်ကြမည်ဆိုပါက မြန်မာ့အားကစားအဖွဲ့အနေဖြင့် ထိုက်တန်သည့် အဆင့်နေရာတစ်ခုတွင် ရပ်တည်နိုင်မည်ဟု ယုံကြည်ကြောင်းလမ်းညွှန်မှာကြားခဲ့သည်။

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် ဒုတိယသမ္မတ ညွှန်ပြသကဲ့သို့ ပူးပေါင်းအသိအမြင်ဖလှယ်မှု၊ ပူးပေါင်းတွေးခေါ်ကြံဆမှု၊ ပူးပေါင်း ဆောင်ရွက်မှုများဖြင့် ညှိနှိုင်းပြင်ဆင်ခဲ့ရာ မြန်မာနိုင်ငံက အားကစားနည်း (၃၁)မျိုးကို ပါဝင်ယှဉ်ပြိုင်ရာတွင် နိုင်ငံတော်မှစရိတ်ကျခံမည့် အားကစားနည်း (၁၈)မျိုး၊ နိုင်ငံတော်မှ အချိုးကျ စရိတ်ကျခံမည့် အားကစားနည်း (၉)မျိုးနှင့် အဖွဲ့ချုပ်မှစရိတ်ကျခံမည့် အားကစားနည်း (၄)မျိုးတို့ ပါဝင်မည်ဖြစ်သည်။ ထိုသို့စီစဉ်ဆောင်ရွက်ရသည်မှာ ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ် ရရှိမည့် အဆင့်မီအားကစားသမားများ ရရှိရေး အထူးကြိုးစားနေရခြင်း၊ အချို့သော အားကစားနည်းများမှာ ဆုတံဆိပ်တစ်ခုခု ရရှိနိုင်သော်လည်း အတိအကျမမှန်းဆနိုင်ဘဲ နိုင်ငံတကာပြိုင်ပွဲဆင်နွှဲရမည့် အတွေ့အကြုံပြည့်စုံရေး ဦးတည်ရသော အားကစားနည်းများဖြစ်နေပြီး အချို့သော အားကစားနည်းများမှာ မြန်မာနိုင်ငံတွင် ယခုမှသာ အဖွဲ့ချုပ်များစတင်ဖွဲ့စည်းထားရပြီး ကနဦး ကြိုးစားရမည့် အားကစားနည်းများဖြစ်နေခြင်း၊ အချို့သော အားကစားနည်းများမှာ အိမ်ရှင်နိုင်ငံ၏ ညှိနှိုင်းမှုအရ အပြန်အလှန်အကျိုးပြုနိုင်မည့် အားကစားနည်းများလည်းပါရှိနေသည်ဖြစ်ရာ မြန်မာအားကစားအဖွဲ့က မျှော်မှန်းထားသည့် ရွှေတံဆိပ်(၅၀)ရည်မှန်းချက်များ ပြည့်ဝအောင် အထူးကြိုးစားဆောင်ရွက်ပါမှ တန်ကာကျနိုင်မည်ဖြစ်ပါသည်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများမှ မြန်မာအားကစားအဖွဲ့၏ တက်လှမ်းမှုမှတ်တမ်းများကို ပြန်လည်သုံးသပ်ကြည့်ရာတွင် ၁၉၇၀ပြည့်လွန်နှစ်များ၌ ၁၉၇၇နှင့် ၁၉၇၈ခုနှစ်များတွင် ရွှေတံဆိပ် (၂၅)ခုနှင့် (၂၆)ခုရရှိခဲ့သော်လည်း နောက်ပိုင်းတွင် ရွှေတံဆိပ် (၂၀)မကျော်ခဲ့ဘဲ ၁၉၉၉ခုနှစ် ဆီးဂိမ်းစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် (၃)ခုသာ ရရှိခဲ့သည်အထိ အောင်မြင်မှုမှာ သိသာစွာကျဆင်းသွားခဲ့သည်။ ထိုမှတဖန် ၂၀၀၁ခုနှစ်တွင် ရွှေတံဆိပ် (၁၉)ခု

ရရှိသည်အထိ ပြန်လည်တက်လှမ်းလာနိုင်ခဲ့သော်လည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၃ခုနှစ် မတိုင်မီက ၂၀၁၀ပြည့်လွန်ကာလများအတွင်း ရွှေတံဆိပ်ရရှိမှုမှာ ပျမ်းမျှ (၁၆)ခုသာ ရရှိခဲ့သည်ဖြစ်ရာ ယခုလာမည့် (၂၈)ကြိမ်မြောက် စက််ပူဆီးဂိမ်းစ်ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ အနေဖြင့် မျှော်မှန်းထားသည့်အတိုင်း ရွှေတံဆိပ် (၅၀)အထိ မရရှိနိုင်သည့်တိုင် မြန်မာအားကစား အဖွဲ့အနေဖြင့် ပြေးခုန်ပစ်၊ ဘောလုံး၊ ရိုးရာလှေ၊ ကန်းကယက်၊ ဝူရှူး၊ မြားပစ်၊ ဂျူဒို၊ အပြည်ပြည်ဆိုင်ရာလှေ၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ လက်ဝှေ့၊ ကျွမ်းဘား၊ ပီတန်း၊ ခြင်းလုံး၊ ဂေါက်သီး၊ ဓါးခုတ်၊ သေနတ်ပစ်၊ သုံးမျိုးစုံ(Triathlon)၊ ဘိလိယက်စနူကာ စသည့် အားကစားနည်းတို့မှ ရွှေတံဆိပ်(၂၅)နှင့် (၃၀)အထိရှိကာ သင့်လျော်ထိုက်တန်သည့် အဆင့်အတန်း တစ်ခု ပြန်လည်ရရှိ ရပ်တည်နိုင်ရေး ကြိုးစားနိုင်ပါက ကျေနပ်အားရဖွယ် ဖြစ်မည်ဟု ယူဆနိုင် ပါသည်။

အထူးသဖြင့်ပြီးခဲ့သည့် (၂၇)ကြိမ်မြောက်ဆီးဂိမ်းစ်ပြိုင်ပွဲတွင် ရွှေဆုများစွာရရှိခဲ့သည့် ဒေသတွင်းရိုးရာအားကစားနည်းအတော်များများကို အိမ်ရှင်စင်ကာပူနိုင်ငံက လျှော့ချပစ်ခဲ့ပြီး ၎င်းတို့အားသာမှုများသည့် အားကစားနည်းများကိုဦးစားပေးခဲ့သည်။ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အိုလံပစ်အားကစားနည်းများကို အလေးထားဦးစားပေးမှုလျော့ပါးလာခြင်းမှ ကာကွယ်ဟန့်တားရန်ဟု ၎င်းတို့က အကြောင်းပြခဲ့သဖြင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် နိုင်ငံများအနေဖြင့် အကြောက်အကန်ငြင်းဆန်ရန် မသင့်လျော်သောကြောင့် လိုက်လျောခဲ့ရသည်ဖြစ်ရာ မြန်မာနိုင်ငံအားကစားအဖွဲ့အနေဖြင့် လွန်ခဲ့သည့် ဆယ်စုနှစ်လေးခု အတွင်း ၁၉၇၇ခုနှစ်နှင့် ၁၉၇၉ခုနှစ်ဆီးဂိမ်းစ်ပြိုင်ပွဲများတွင်သာ ရွှေတံဆိပ် (၂၅)ခုနှင့် (၂၆)ခုရရှိခဲ့ပြီး ကျန်ပြိုင်ပွဲများတွင် ရွှေတံဆိပ်(၂၀)ခုအထက် မရရှိခဲ့သည့် သာဓကမှတ်တမ်းများ ရှိခဲ့သဖြင့် မကြာမီကျင်းပတော့မည့် (၂၈)ကြိမ်မြောက် စက််ပူဆီးဂိမ်းတွင် ရွှေတံဆိပ် (၃၀)ခု ရရှိခဲ့မည်ဆိုပါက လွန်ခဲ့သည့် ဆယ်စုနှစ်လေးခုအတွင်း အောင်မြင်မှု အမြင့်မားဆုံး မြန်မာအားကစားအဖွဲ့အဖြစ် ကျေနပ်သတ်မှတ်ရမည်ဖြစ်ရာ မြန်မာအားကစားအဖွဲ့၏ ကြိုးစား အားထုတ်မှုကို ပရိသတ်ပြည်သူများက အမျိုးသားရေးစိတ်ဓါတ်ဖြင့် ဝိုင်းဝန်းအားပေး သွားကြမည်သာ ဖြစ်ပါကြောင်း။

မင်းခေါင်(အား/ကာ)

မြန်မာ့အားကစားပြတိုက် (စိတ်ဓါတ်မြှင့်တင်ရေးခန်းမ)

အားကစားသည် လူသားတို့ခြေထောက်နှစ်ချောင်းပေါ်တွင် မားမားမတ်မတ်ရပ်တည်လာနိုင်သည့် အချိန်မှ ဘဝရှင်သန်ရေးအတွက် ရုန်းကန်ကြသည့် လမ်းလျှောက်ခြင်း၊ ပြေးလွှားခြင်း၊ ခုန်ပျံကျော်လွှားခြင်းစသည့် အခြေခံလှုပ်ရှားမှုများဖြင့် စတင်ခဲ့သည်။ အားကစားကို ကျန်းမာကြံ့ခိုင်ရေးအတွက် အပျော်တမ်းလှုပ်ရှားမှုဖြင့် စတင်ခဲ့ကြသော်လည်း အဆင့်ဆင့် တိုးတက်မြင့်မားလာခဲ့ရာ ပြည်တွင်းပြိုင်ပွဲများ၊ နိုင်ငံတွင်းပြိုင်ပွဲများ၊ ဒေသတွင်းပြိုင်ပွဲများ၊ နိုင်ငံအချင်းချင်း ပြိုင်ပွဲများ၊ နိုင်ငံတကာပြိုင်ပွဲများမှ ကမ္ဘာ့အားကစားပြိုင်ပွဲများ၊ အိုလံပစ်ပြိုင်ပွဲများအထိ အဆင့်ဆင့်မြင့်မား တိုးတက်လာခဲ့သည်။

ထို့သို့ အားကစားပြိုင်ပွဲများ တိုးတက်ကျယ်ပြန့်လာသည်နှင့်အမျှ အားကစားအဆင့်အတန်းမှာလည်း မြင့်တက်လာကာ ပြိုင်ပွဲများမှ ရရှိကြသည့် ဆုတံဆိပ်များမှာလည်း အောင်မြင်မှုနှင့်အတူ နိုင်ငံနှင့်လူမျိုး၏ အမျိုးသားရေးပုံရိပ်လွှာနှင့် ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်သော ကျေပွန်စွာ ထမ်းဆောင်ရမည့် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ အားကစားသမားများက ကြိုးစားထမ်းဆောင်လာခဲ့ကြပေသည်။ သို့ဖြစ်ရာ အားကစားဖြင့် နိုင်ငံနှင့်လူမျိုးကို ဂုဏ်သိက္ခာမြင့်မားစေသည့် အားကစားလူရည်ချွန်များ၊ အားကစားကြယ်ပွင့်များမှာလည်း နိုင်ငံကိုယ်စားပြုသူရဲကောင်းများအဖြစ် ပြည်သူအများက စံပြုနမူနာထား ချစ်ခင်လေးစားကြသည့် နိုင်ငံသားကောင်း၊ သမီးကောင်းရတနာများ ဖြစ်လာကြသည်။

ထိုသို့ နိုင်ငံဂုဏ်ဆောင်နိုင်အောင် ကြိုးစားအားထုတ်ခဲ့ကြသည့် အားကစားသူရဲကောင်းများကို လေးစားဂုဏ်ပြုကာ အတုယူစရာ စံနမူနာပြပုဂ္ဂိုလ်များအဖြစ် တလေးတစား မှတ်တမ်းတင်ကာနေရာ ပေးလာကြသည့်အနက် အားကစားဝန်ကြီးဌာန၏ အားကစားပြတိုက် (စိတ်ဓါတ်မြှင့်တင်ရေးခန်းမ)မှာ အားကစားကို အမျိုးသားရေးအမြင်ဖြင့် ဂုဏ်ပြုမြှင့်တင်ခဲ့ကြသော အားကစားသူရဲကောင်းများ၏ ဂုဏ်ပြုမော်ကွန်းတင်ရာ နေရာတစ်ခု ဖြစ်လာပေသည်။

မြန်မာ့အားကစားလှုပ်ရှားမှုသမိုင်း

အားကစားလှုပ်ရှားမှုများမှာ ရှေးယခင် သမိုင်းဦးဘုံမြေခေတ်၊ ကျောက်ပိုင်ကျွန်ပိုင်ရှင်ခေတ်၊ မြေရှင်ပဒေသရာဇ်ခေတ် စသော လူ့သမိုင်းတစ်လျှောက်ပုံစံမျိုးစုံဖြင့် ဖြတ်သန်းခဲ့ကြပြီး ယနေ့ ခေတ်သစ်ကာလအထိ အားကစားလှုပ်ရှားမှုများ ရှင်သန်နေဆဲဖြစ်သကဲ့သို့ မြန်မာ့အားကစားလှုပ်ရှားမှု သမိုင်းမှာ မုန်တိုင်းလှိုင်းကြမ်းများကို ဖြတ်သန်းကျော်လွှားက နိမ့်တစ်ခါမြင့် တစ်လီ နှစ်ပေါင်းရာချီ ဖြတ်သန်းခဲ့သည့် မှတ်တမ်းများရှိခဲ့သည်။

မြန်မာ့အားကစားသည် ကိုလိုနီခေတ်မတိုင်မီကိုယ့်မင်းကိုယ့်ချင်းဖြင့် ဂုဏ်တင့်ခဲ့သည့် ရှေးမြန်မာဘုရင်များ ခေတ်အဆက်ဆက်ကပင် နိုင်ငံ၏ လက်ရုံးအင်အားကို ပြသော

ဆင်ခင်း၊ မြင်းခင်း၊ လှေခင်းသဘင်ပွဲတော်များ အသွင်ဖြင့်လည်းကောင်း၊ လက်ဝှေ့၊လက်လှဲ၊ နပမ်းသတ်ပွဲများအဖြစ်လည်းကောင်း ဇာတိသွေးဇာတိမာန်တက်ကြွဖွယ် ခုန်ပျံကျော်လွှား ခါးခုတ်၊လှံထိုး၊ လှေထိုးလှေလှော်နှင့် လေးခင်းပွဲတော်များ အဖြစ်လည်းကောင်း၊ ပြည်သူပြည်သားများ အနေဖြင့်လည်း လူငယ်လူရွယ်ကလေးငယ်များ အပါအဝင် ကစားခုန်စားရှိုးရာ အားကစားနည်းများနှင့် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများ ဆင်ယင်ကျင်းပလာခဲ့သည်မှာ သမိုင်းမှတ်တမ်းများတွင် အထင်အရှားဖြစ်သည်။

သို့သော် မြန်မာ့ရိုးရာအားကစားပွဲတော်များနှင့် ဇာတိသွေးဇာတိမာန် ထက်သန်စေသည့် ခွန်အားပြပွဲတော်၊ အားပြိုင်ပွဲများမှာ လွတ်လပ်ရေးဆုံးရှုံးခဲ့သည့် ကိုလိုနီဘဝတွင် မှေးမှိန်အားလျော့ခဲ့ကြသည်။ ထိုသို့ မြန်မာ့အားကစားလှုပ်ရှားမှုများ နည်းပါးကျဆင်းခဲ့ရမှု ၁၉၀၀ပြည့်လွန် ခုနှစ်များ နောက်ပိုင်းတွင် အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ပြန်လည်ရှင်သန်နိုးကြားလာခဲ့ကြသည်။ ထိုစဉ်ကမြန်မာအမျိုးသားရေး၊ အားမာန်များလျင်မြန်စွာ တိုးပွားမြင့်မားလာရေးကို ရှေးရှုဖော်ဆောင်ခဲ့သည့် (Burmer Accelerative Association) အသင်းကြီးသည်ပင်လျင် ဗြိတိသျှလူမျိုးအသိုက်အဝန်းထဲမှ အမှုဆောင်များက အဓိကကြိုးကိုင်ပါဝင်ခဲ့သည်။ ဗြိတိသျှတို့၏ ဘောလုံးအားကစားနည်းကို အခြေခံပြီး အခြားသော အားကစားနည်းများကို ကိုယ်စားပြုလှုပ်ရှားခဲ့ရသည်။ အပြည်ပြည်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များ၊ အဖွဲ့အစည်းများနှင့် အဆက်အသွယ်မရှိ၊ အမျိုးသားရေးအသွင်သဏ္ဌာန်ဖြင့် ကိုယ်စားပြုနိုင်သည့် အခြေအနေမျိုးမရှိဘဲ ရပ်တည်လာခဲ့ကြရသည်။ သို့ဖြစ်၍လည်း မြန်မာလူမျိုးများအနက်မှ ပထမဆုံးအိုလံပစ်ပြိုင်ပွဲဝင်ခဲ့ရသည့် အလေးမသမားဦးဇော်ဝိတ်နှင့် အုပ်ချုပ်နည်းပြကာယဗလ ဦးရှိန်တို့မှာ ၁၉၃၆ခုနှစ် ဘာလင်အိုလံပစ်ကို အိန္ဒိယအားကစားအဖွဲဝင်များအနေဖြင့်သာ သွားရောက်ယှဉ်ပြိုင်ခဲ့ကြရသည်။

စစ်ပြီးခေတ်နောက်ပိုင်းအားကစားသမိုင်း

ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက်တွင် အာရှ၊ အာဖရိကဒေသများ၌ လွတ်လပ်ရေးကြိုးပမ်းမှုများ အရှိန်အဟုန် မြင့်မားအားကောင်းလာသည်နှင့်အမျှ မြန်မာနိုင်ငံတွင်လည်း လွတ်လပ်ရေးကြိုးပမ်းမှုလုပ်ငန်းများ အရှိန်မြင့်တက်လာပြီး အားကစားရေးကဏ္ဍတွင်လည်း အမျိုးသားရေးလက္ခဏာများ ထင်ဟပ်လာကာ စာနယ်ဇင်းအသိုက်အဝန်းများကပါ ဝိုင်းဝန်းအားပေးလာခဲ့သည်။ သို့ဖြစ်ရာ ၁၉၄၆ခုနှစ် နိုဝင်ဘာလ (၂၆)ရက်နေ့တွင် မြန်မာနိုင်ငံအိုလံပစ်အသင်း (Burmer Olympic Association)ကို ဖွဲ့စည်းတည်ထောင်နိုင်ခဲ့သည်။

ထိုမျှသာမက မြန်မာနိုင်ငံအိုလံပစ်အသင်းကြီးကို အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းက နာယကအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သဖြင့် မြန်မာ့အားကစားလှုပ်ရှားမှုများ အရှိန်အဟုန်ဖြင့် လျင်မြန်စွာတိုးတက်လာစေရန် အစိုးရအဆက်ဆက်က ကူညီပံ့ပိုးနိုင်ရေးအတွက် စတင်လမ်းခင်း ပေးလိုက်ခြင်းလည်းဖြစ်သည်။ အာဇာနည်

ခေါင်းဆောင်ကြီးများ နှင့်အတူ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီးနောက်တွင် ဖဆပလ ခေါင်းဆောင်ဦးနုက မြန်မာနိုင်ငံအိုလံပစ်အသင်းကြီး၏ နာယကတာဝန်ကို လွှဲပြောင်းယူခဲ့ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် ၁၉၄၈ခုနှစ်၊ ဇန်နဝါရီလ (၂၅)ရက်နေ့တွင် ပထမအကြိမ် မြန်မာ့အိုလံပစ်ပွဲတော်ကို ကျင်းပခဲ့သည်။ အင်္ဂလန်နိုင်ငံတွင် ကျင်းပမည့် လန်ဒန်အိုလံပစ် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အားကစားသမားများကို ရွေးချယ် စုစည်းကာ သွားရောက် ယှဉ်ပြိုင်စေခဲ့သည်။သို့ဖြစ်ရာ ၁၉၄၈ခုနှစ်သည် မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိမှုနှင့်အတူ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံ၏ လက်ရွေးစင်အားကစားသမားများ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲကို ပထမဆုံး တရားဝင်ပါဝင် ဆင်နွှဲ ခဲ့သော နှစ်အဖြစ် သမိုင်းတွင်ခဲ့သည်။

၁၉၄၉ခုနှစ် ဖေဖော်ဝါရီလ(၁၃)ရက် (ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့)တွင် မြန်မာနိုင်ငံ အိုလံပစ် အသင်းကြီးကို အာရှအားကစားအဖွဲ့ချုပ်ဝင် (ASIAN Gamaes Federation) နိုင်ငံအဖြစ် ဝင်ရောက်ခွင့်ပြုခဲ့သည်။ ထိုစဉ်က မြန်မာ့အားကစားလှုပ်ရှားမှုများကို မြန်မာနိုင်ငံ အိုလံပစ်အသင်းကြီးက အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) အနေဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် မြန်မာ့အားကစားအဆင့်အတန်း မြင့်မားတိုးတက်စေရန် နှင့် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ရည်သန်၍ ၁၉၅၀ပြည့်နှစ် အောက်တိုဘာလ (၉)ရက်နေ့တွင် အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီလက်ထက်တွင် ဒုတိယအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက ပထမဆုံး အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ ထိုပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေတံဆိပ်(၃၅)ခု၊ ငွေတံဆိပ်(၂၆)ခုနှင့် ကြေးတံဆိပ်(၄၃)ခု၊ စုစုပေါင်း ဆုတံဆိပ် (၁၀၄)ခုဖြင့် ဗိုလ်စွဲခဲ့ရာ နိုင်ငံအလိုက် ပထမနေရာကို ထိုက်တန်စွာ ရရှိခဲ့သည်။

၁၉၆၂ခုနှစ်တွင် တော်လှန်ရေးကောင်စီအစိုးရတက်လာပြီးနောက် ၁၉၆၄ခုနှစ် မေလ(၂၇)ရက်နေ့တွင် ယခင်ဖွဲ့စည်းခဲ့သည့် အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီကို ဖျက်သိမ်းပြီး ပြည်ထောင်စုမြန်မာနိုင်ငံ အားကစားနှင့်ကာယပညာကော်မတီကို အစားထိုး ဖွဲ့စည်းခဲ့သည်။အားကစားနှင့်ကာယပညာကော်မတီ လက်ထက် ၁၉၆၉ခုနှစ် ဒီဇင်ဘာလတွင် ပဉ္စမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ ပထစ အစိုးရခေါ် (သန့်ရှင်းအစိုးရ) လက်ထက်တွင် ပထမအကြိမ်အိမ်ရှင်အဖြစ် ကျင်းပခဲ့စဉ်ကထက် ပိုမိုစည်ကားသိုက်မြိုက်အောင် ဆောင်ရွက် ခဲ့ရာ ပဉ္စမအကြိမ်ကျွန်းဆွယ် အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေတံဆိပ်(၅၇)၊ ငွေတံဆိပ်(၄၆)၊ ကြေးတံဆိပ် (၄၆)၊ စုစုပေါင်းဆုတံဆိပ် (၁၄၉)ရရှိကာ နိုင်ငံအလိုက် ပထမနေရာတွင် ထပ်မံရပ်တည်နိုင်ခဲ့ပါသည်။

အားကစားဝန်ကြီးဌာန၏ခေတ်

မြန်မာနိုင်ငံသည် ၁၉၇၄ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရ လက်ထက်တွင် ဝန်ကြီးဌာနများ ကော်ပိုရေးရှင်းနှင့်အဖွဲ့အစည်းများကို ခေတ်နှင့်လိုက်လျော ညီထွေဖြစ်စေရန် ရည်ရွယ်ကာ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့သည်။ မြန်မာ့အားကစား ဖွံ့ဖြိုးတိုး တက်ရေးကို ဆောင်ရွက်ရန် အားကစားနှင့်ကာယ ပညာဦးစီးဌာနကို ကျန်းမာရေးဝန်ကြီးဌာန လက်အောက်သို့ ထည့်သွင်းဖွဲ့စည်းပေးခဲ့သည်။ ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအစိုးရလက်ထက် ၁၉၉၃ခုနှစ်တွင် အားကစားနှင့်ကာယပညာဦးစီး ဌာနကို ဝန်ကြီးချုပ်ရုံး ဝန်ကြီးဌာနလက်အောက်သို့ ပြောင်းရွှေ့ခဲ့သည်။ ယင်းနောက်တွင် နိုင်ငံတော် အစိုးရ အနေဖြင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး၊ နိုင်ငံတကာနှင့် ရင်ဘောင်တန်း ဆောင်ရွက်နိုင်ရေးတို့ကို မျှော်မှန်းပြီး အားကစားလုပ်ငန်းများနှင့် အားကစား လှုပ်ရှားမှုများကို အပြည့်အဝအာရုံစိုက် အကောင်အထည်ဖော်နိုင်စေရန် ၁၉၉၆ခုနှစ်၊ ဒီဇင်ဘာလ (၁၈)ရက်နေ့တွင် သီးခြားအမိန့်ထုတ်ပြန်ကာ အားကစားဝန်ကြီးဌာနကို ဖွဲ့စည်း ပေးခဲ့သည်။

မြန်မာ့အားကစားအဆင့်အတန်းမြင့်မားရေး၊ နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရေး၊ ထိုက်တန်သည့် အောင်မြင်မှုများရရှိရေးကို မြန်မာ့လွတ်လပ်ရေး အကြိုခေတ်ဦးကာလကပင် အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် မြန်မာနိုင်ငံအိုလံပစ်အသင်းကြီး၏ နာယကအဖြစ်တာဝန်ယူ ကြိုးပမ်းခဲ့သည့်နည်းတူ လွတ်လပ်ရေးရရှိပြီးနောက် နိုင်ငံတော်အစိုးရ အဆက်ဆက်လက်ထက်တွင်လည်း တက်စွမ်းသမျှ စဉ်ဆက်မပြတ် ကြိုးစားအားထုတ် ခဲ့ကြသည်။ ယနေ့မျက်မှောက်ကာလအထိတိုင်လည်း နိုင်ငံအကြီးအကဲများကိုယ်တိုင် အားပေး ခြီးမြှောက်မှုများ၊ ဂုဏ်ပြုဆုတံဆိပ်ခြီးမြှင့်မှုများနှင့် ဂုဏ်ပြုဆုငွေများကိုပါ ခြီးမြှင့်အားပေး ခဲ့ကြရာ နိုင်ငံတော်၊ အားကစားဝန်ကြီးနှင့်အခြားဝန်ကြီးဌာနများ၊ တာဝန်ရှိသူများ၊ အားကစား အဖွဲ့ချုပ်များ၊ အားကစားသမားများကိုယ်တိုင်နှင့် ပြည်သူလူထုကြီးကပါ ညီညွတ်စွာ ပါဝင်ပူးပေါင်း ဆောင်ရွက်ခဲ့ကြသဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် အောင်မြင်ပြီးမြောက်စွာ ကျင်းပနိုင်ခဲ့ပြီး မြန်မာအားကစားအဖွဲ့ အနေဖြင့်လည်း ရွှေတံဆိပ်(၈၆)ခု၊ ငွေတံဆိပ် (၆၂)ခု၊ ကြေးတံဆိပ် (၈၅) ခု၊ စုစုပေါင်း (၂၃၃)ခုဖြင့် နိုင်ငံအလိုက် ဒုတိယနေရာကို ထိုက်တန်စွာရရှိခဲ့သည်။

မြန်မာ့အားကစား၏ ရွှေရောင်သမိုင်းမော်ကွန်း

မြန်မာ့အားကစားလောကတွင် ခေတ်အဆက်ဆက် အောင်မြင်စွာ တက်လှမ်း စွမ်းဆောင်ခဲ့ကြသည့် အားကစားသူရဲကောင်းများ၏ ရွှေခေတ်မှတ်တမ်းကို ထုဆစ်ပုံဖော် ကြရာတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အမျိုးသားရေးအမြင်၊ မျိုးချစ်စိတ်ဓါတ် အပြည့်အဝဖြင့် ပါဝင်ခဲ့ကြသူများ၏ မှတ်တမ်းမော်ကွန်း ပုံရိပ်ကောင်းများကို ခေတ်အဆက်ဆက်

မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ထားသင့်သည်မှာ သမိုင်းပေးတာဝန်၊ အမျိုးသားရေးတာဝန်တစ်ရပ်ဟုပင် ဆိုရမည်ဖြစ်သည်။ ထိုတာဝန်ကို ကျေပွန်စေရန် အားကစားဝန်ကြီးဌာနက မှတ်တမ်းမှတ်ရာများ၊ ဆုတံဆိပ်များ၊ သမိုင်း အထောက်အထားများကို ရှာဖွေစုဆောင်းကာ မြန်မာ့အားကစားသမိုင်းတစ်လျှောက် ဂုဏ်ယူ လောက်သည့် ပုံရိပ်ကောင်းများအဖြစ် မြန်မာပြည်သူများ ဝင့်ကြွားအားတက်နိုင်စေရန်၊ မျိုးဆက်သစ်အားကစားသမားများနှင့် မြန်မာလူငယ်များ ဂုဏ်ယူအားကျအတုယူကာ စိတ်ဓါတ်ခွန်အား မြင့်မားခိုင်မာလာစေရန်၊ နိုင်ငံတကာမှ လေ့လာသူများ၊ ခရီးသွား ဧည့်သည်တော်များ အနေဖြင့်လည်း မြန်မာ့အားကစားလောက၏ ဂုဏ်ယူဖွယ်မှတ်တမ်းများကို လေ့လာသိရှိခွင့်ရပြီး ခန့်ညားလေးစားတတ်စေရန် ရည်သန်၍ မြန်မာ့အားကစားပြတိုက် တစ်နည်းအားဖြင့် စိတ်ဓါတ်မြှင့်တင်ရေးခန်းမနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မှတ်တမ်းဓါတ်ပုံပြခန်း၊ အားကစားမော်ကွန်းတိုက်တို့ကို နေပြည်တော်ရှိ ဝက္ကာသိဒ္ဓိ (Sports Complex)တွင် တည်ဆောက်ခင်းကျင်း ပြသထားပြီဖြစ်သည်။

ပြတိုက်အတွင်းခင်းကျင်းမှုမြင်ကွင်း

ဝက္ကာသိဒ္ဓိအားကစားနယ်မြေအတွင်းရှိ တည်ဆောက်ခင်းကျင်း ပြသထားသော အားကစားပြတိုက်အတွင်း၌ ပြခန်းတစ်ခုချင်းအလိုက် အပိုင်း(၅)ပိုင်းဖြင့် ရှုမြင်ခံစားလေ့လာ သွားနိုင်မည်ဖြစ်သည်။

အားကစားပြတိုက်တွင် ပထမဆုံးလေ့လာရမည့်အပိုင်းမှာ သမိုင်းအစဉ်အလာကြီးမား ခန့်ညားခဲ့သည့် မြန်မာ့အားကစားကြယ်ပွင့်ကြီးများ၏ ပြခန်းဖြစ်သည်။ လွတ်လပ်ရေးအကြို ခေတ်ဦးကာလကပင် မြန်မာ့အားကစားလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစီးဦးဆောင် ပြုခဲ့ကြသည့် ကာယဗလဖခင်ကြီးများဖြစ်သော ကာယဗလဦးရှိန်နှင့် နိုင်ငံတကာတွင် မြန်မာကို အားကစားဖြင့် စတင်မိတ်ဆက် မှတ်တမ်းတင်ခဲ့သည့် ဦးဇော်ဝိတ်တို့၏ ပုံတူရုပ်တုများကို ပြသထားသည်။

မြန်မာ့အားကစားမှာ ၁၉၅၀ပြည့်လွန်နှစ်များအတွင်း တက်လှမ်းအောင်မြင်ခဲ့ရာတွင် အရှေ့တောင်အာရှနှင့် အာရှအဆင့်သာမက ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများအဆင့်အထိ ထိုးဖောက်နိုင်ခဲ့သော အလေးမ၊ လက်ဝှေ့၊ ပြေးခုန်ပစ်၊ ဘော်လီဘောနှင့် ဘောလုံး အားကစားနည်းများမှာ မြန်မာနိုင်ငံဂုဏ်ဆောင်နိုင်ခဲ့ကြသည့် အားကစားသမားများ၏ မှတ်တမ်းဓါတ်ပုံများ၊ ရရှိခဲ့သည့် ဆုတံဆိပ်များကို လေးစားအားကျဖွယ် ခင်းကျင်းပြသ ထားသည်။ ထိုပြခန်းထဲတွင် အောင်မြင်မှုအမြင့်မားဆုံးဖြစ်သော မြန်မာ့ဘောလုံးအားကစားမှာ အရှိန်အဝါ အကြီးမားဆုံးဖြစ်ခဲ့သည်။အာရှချန်ပီယံဆုကို (၂)ကြိမ်၊ အရှေ့တောင်အာရှ ချန်ပီယံဆုကို (၅)ကြိမ်၊ မာဒေးကားချန်ပီယံဖလား (၄)ကြိမ်၊ ဂျာကာတာဖလား (၄)ကြိမ်၊ ပတ်ချုဟီးဖလား (၃)ကြိမ်၊ မာရာဟာလင်ဖလား(၃)ကြိမ်၊ အာရှလူငယ်ချန်ပီယံဖလား (၈)ကြိမ်

အထိ ရရှိခဲ့သော အောင်မြင်မှု မှတ်တမ်းများမှာ လျှမ်းလျှမ်းတောက် ခန့်ညားထည်ဝါ ဂုဏ်ယူစရာ ဖြစ်ခဲ့သည်။ ထိုအောင်မြင်မှု ပုံရိပ်များဖြစ်သည့် ဆုဖလားကြီးများ၊ ဒိုင်းဆုကြီးများ၊ ဆုတံဆိပ်များအပြင် ဘောလုံးသူရဲကောင်းကြီးများ တစ်ဦးချင်းဆွတ်ခူးနိုင်ခဲ့သည့် ဆုတံဆိပ်များကိုပါ ခင်းကျင်းပြသထားသည်ဖြစ်ရာ ဂုဏ်ယူဖွယ်ရာ အားကျစိတ်များဖြင့် ရှိန်းရှိန်းမြမြ ဖိန်းဖိန်းထစေခဲ့သည်။

မြန်မာဘောလုံးသည် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲအထိ တက်လှမ်းနိုင်ခဲ့ပြီး ၁၉၇၂ မြူးနစ် အိုလံပစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်အထိ ရောက်ရှိခဲ့ရုံမျှမက အသန့်ရှင်းဆုံးဆုကိုပါ ဆွတ်ခူးနိုင်ခဲ့သည်ဖြစ်ရာ မြန်မာတို့၏ အားကစားကို လေးစားမြတ်နိုးတန်ဖိုးထားပြီး ရိုးသားစွာ ကြိုးစားခဲ့သော ပြယုဂ်ကောင်းတစ်ခုလည်းဖြစ်ခဲ့သည်။ ထိုစဉ်က မြန်မာဘောလုံးရွှေခေတ် ဖြစ်ခဲ့သည့်နည်းတူ မြန်မာ့ဘောလုံးကြယ်ပွင့်များမှာလည်း အာရှလက်ရွေးစင်အဖြစ် သတ်မှတ်ခံရပြီး မြန်မာ့လက်ရွေးစင်အသင်းခေါင်းဆောင်များဖြစ်သော ဗိုလ်မှူးဗဟာဒူး၊ ဗိုလ်ကြီးမောင်မောင်၊ ဗိုလ်ကြီးတင်အောင်တို့၏ မှတ်တမ်းဓါတ်ပုံများ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းအား ပြည်သူလူထုကြီးက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြု ခဲ့ကြသည့်မှတ်တမ်းဓါတ်ပုံများ အပါအဝင် ၁၉၇၂ခုနှစ်တွင် မြူးနစ်အိုလံပစ်တွင် မြန်မာအသင်းရရှိခဲ့သော အသန့်ရှင်းဆုံးဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်း ယှဉ်တွဲပြသ ထားသည်မှာ အားကျဂုဏ်ယူဖွယ်ရာဖြစ်သည်။

ဘောလုံးအားကစားကဲ့သို့ပင် နိုင်ငံဂုဏ်ဆောင်ခဲ့ကြသည့် အခြားအားကစားနည်းများမှ အောင်ပွဲရ အားကစားမောင်/မယ်များ၏ မှတ်တမ်းဓါတ်ပုံများကိုလည်း ခန့်ညားစွာ ခံစားလေ့လာနိုင်သေးသည်။နိုင်ငံတကာ ပြိုင်ပွဲများတွင် သေနတ်ပစ်အားကစားနည်းမှ ရွှေတံဆိပ် (၉)ခု ဆွတ်ခူးရရှိခဲ့သော ဗိုလ်မှူးကျော်ရှိန်၊ အလေးမအားကစားမှ ရွှေတံဆိပ်(၁၃)ခုရခဲ့ပြီး မြန်မာ့လူသန်ကြီးဟုတင်စားခံရသော ဦးစန်းမြင့်၊ ပြင်သစ်နိုင်ငံတွင် ကျင်းပသည့် ကမ္ဘာ့အလေးမပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့သော ဦးကျော်ရင်၊ ၁၉၇၂ မြူးနစ်အိုလံပစ် တွင် အမြန်မပေါင်(၁၅၀)ဖြင့် ပထမဆုံး ကမ္ဘာ့စံချိန်တင်ခဲ့သည့် အလေးမသမားကြီး ဦးအောင်ကြီး၊ ၁၉၅၄ခုနှစ် သြစတြီးယားနိုင်ငံ ဗီယင်နာကမ္ဘာ့အလေးမပြိုင်ပွဲတွင် ဖယ်သာ ဝိတ်တန်း၌ စုစုပေါင်း(၇၂၇)ပေါင်မပြီး တတိယဆုချိတ်ခဲ့သည့် ဦးထွန်းမောင်၏ နိုင်ငံဂုဏ်ရောင် ထွန်းပြောင်စေခဲ့သည့် မှတ်တမ်းဝင်ကြိုးပမ်းမှုများမှာ လေ့လာကြည့်ရှုသူများ အားကျအတုယူဖွယ် ဖြစ်စေခဲ့သည်။

မြန်မာ့ရေကူးချန်ပီယံတင်မောင်နီ၏ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်ခဲ့သည့် ရွှေတံဆိပ်(၈)ခုအထိ ရယူပေးနိုင်ခဲ့သည့် ရေကူးအားကစားမှာလည်း မြန်မာတို့ ဂုဏ်သိက္ခာ ထည်ဝါခဲ့ကြောင်း သက်သေပြနေသည့် မှတ်တမ်းကောင်းဖြစ်ခဲ့သည်။ အလားတူပင် အရေးကြုံ လျှင် ပြေးခုန်ပစ်ကို သတိရပါဟုပြောစမှတ်တွင်ခဲ့သည့် မြန်မာ့ပြေးခုန်ပစ်အားကစား ရွှေရောင်

လွှမ်းခဲ့သည့်ခေတ်ကိုလည်း ထုဆစ်နိုင်ခဲ့သည်။ တစ်ဦးတည်း ရွှေတံဆိပ် (၁၆)ခုရှင် ဒေါ်ဂျနီဖာတင်လေး၊ ရွှေတံဆိပ်များဒါဇင်နှင့်ချီ ယူပေးခဲ့ကြသည့် ဒေါ်သန်းသန်း၊ ဒေါ်ခင်ခင်ထွေး၊ ဒေါ်ယဉ်မေတို့၏ ပြေးခုန်ပစ် အောင်မြင်မှုမှတ်တမ်း ရွှေရောင်လွှမ်းခဲ့သော ခေတ်မှာ လွှမ်းမောစရာအတိတ် မြင်ကွင်းများကို ပြန်လည်တမ်းတမိစေခဲ့သည်။

ရွှေတံဆိပ်ဆု(၉)ခုရှင် ဒေါ်မာမာမင်းနှင့် ရွှေတံဆိပ်(၄)ခုရှင်ဦးအောင်သန်းတို့၏ ပုံရိပ်များကလည်း နှလုံးသားကို လှုပ်ရှားစေခဲ့သည်။ ထို့အပြင် တိုင်းရင်းသားသွေးချင်း သူရဲကောင်းများဖြစ်သည့် ရွှေတံဆိပ်(၅)ဆုရှင် မာရသွန်အပြေးသမားကြီးမီတုန်းနော်၊ ရှင်ဗွေဂန်းတို့၏ အောင်မြင်မှုများက ချင်းတောင်တန်းမှ တောင်ဇလပ်ပန်းများ ပွင့်လန်းလှပနေမှုကို ကိုယ်စားပြုနိုင်ခဲ့သည်။ ထို့အပြင် သံလုံးပစ် ရွှေဆုရှင်များဖြစ်သည့် ဦးသိန်းဝင်းနှင့် ဒေါ်ပေါရွှေတို့၏ ပုံရိပ်များကလည်း မြန်မာ့အားကစား၏ ရွှေရောင်ဇနီးမောင်နှံအဖြစ် ထင်ရှားခဲ့သည်။ မြန်မာတို့၏ ဇွဲသတ္တိနှင့် အနိုင်မခံအရှုံးမပေးစိတ်ဓါတ်ကို ထင်ဟတ်ပြခဲ့သည့် ရွှေလက်ဝှေ့ကျော်ဦးတင်ထွန်း၏ အောင်ပွဲမှတ်တမ်းဓါတ်ပုံနှင့် အရှေ့တောင်အာရှတွင် တစ်ချိန်က ရွှေရောင်ဝင်းလက်ခဲ့သည့် မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်း၏ အောင်မြင်မှုဓါတ်ပုံ မှတ်တမ်းများက ကြက်သီးမွေးညင်းထစေသည်အထိ ကြည့်ရှုခံစားပီတိပွားစေခဲ့သည်။

နောက်ထပ်ပြခန်းတစ်ခုတွင် ခေတ်အဆက်ဆက်က အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် မြန်မာ့အားကစားကြယ်ပွင့်များဆွတ်ခူးခဲ့ကြသည့် ဆုတံဆိပ်များကို ခင်းကျင်းပြသထားသည်။ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်းအလိုက် ပြိုင်ပွဲဝင်မှတ်တမ်းတင်ဓါတ်ပုံများ ဆုတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည့် အားကစားသမားများ၏ မှတ်တမ်းတင်ဓါတ်ပုံများကိုလည်း ဂုဏ်ယူအားကျဖွယ် အလေးထားခင်းကျင်းပြသထားသည်။

တတိယပြခန်းတွင် နိုင်ငံတကာအားကစားပြိုင်ပွဲများမှ ရရှိခဲ့ကြသော အထိမ်းအမှတ်နှင့် လက်ဆောင် ပစ္စည်းများပြခန်းဖြစ်သည်။ ထိုပြခန်းတွင် နိုင်ငံတကာအားကစားပြိုင်ပွဲ အသီးသီးသို့ မြန်မာနိုင်ငံအား ကိုယ်စားပြုကာ သွားရောက်ယှဉ်ပြိုင်ခဲ့ကြသော အားကစားအသင်းအဖွဲ့များအား သက်ဆိုင်ရာပြိုင်ပွဲ အထိမ်းအမှတ်အဖြစ် ပေးအပ်ခဲ့သည့် မှတ်တမ်းလွှာနှင့် အထိမ်းအမှတ်လက်ဆောင်များကိုလည်း အစီအရီ စနစ်တကျ ခင်းကျင်းပြသထားသည်ကိုလေ့လာနိုင်မည်ဖြစ်သည်။

စတုတ္ထမြောက်ပြခန်းမှာ တစ်မူထူးခြားသည်။ မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော မြန်မာ့ရိုးရာ အားကစားပြိုင်ပွဲများ၊ အားကစားပွဲတော်များ၏ မှတ်တမ်းဓါတ်ပုံပြခန်းဖြစ်သည်။ ထိုပြခန်းတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်က ကျင်းပခဲ့သည့် မြန်မာ့ရိုးရာမြင်းခင်း သဘင်ပွဲတော်နှင့် လှေသဘင်ပွဲတော်များ ကျင်းပခဲ့ပုံ

ပရိသတ်များက အားပေးလေ့လာကာ တက်ကြွစွာ ပါဝင်ဆင်နွှဲခဲ့ကြသော မှတ်တမ်းဓါတ်ပုံများကို ဝေဝေဆာဆာခင်းကျင်းပြသထားသည်။

ပဉ္စမပြခန်းမှာ လူထုအားကစားလှုပ်ရှားမှု မြင်ကွင်းများပြခန်းဖြစ်သည်။ ထိုပြခန်းတွင် အားကစား ဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်သော "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး" မျှော်မှန်းအကောင်အထည်ဖော် ကြိုးပမ်းမှုအဖြစ် မြန်မာနိုင်ငံအနှံ့အပြားတွင် နှစ်စဉ် ကျင်းပခဲ့သည့် ဒီဇင်ဘာလလူထုအားကစားလှုပ်ရှားမှု မှတ်တမ်းဓါတ်ပုံများကို ပြည့်စုံစွာ ခင်းကျင်းပြသထားသည်။ ဤပြခန်းမှာပင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးတွင် လည်းကောင်း၊ ခရိုင်နှင့်မြို့နယ်အသီးသီးရှိ ပြည်သူလူထုတစ်ရပ်လုံး ဒီဇင်ဘာအားကစား လှုပ်ရှားမှုဖြစ်သည့် လူထုစုပေါင်းလမ်းလျှောက်ပွဲမှတ်တမ်းဓါတ်ပုံများ၊ အားကစားပြိုင်ပွဲများ ကျင်းပပုံ၊ ပြည်သူလူထုက တစ်ပျော် တစ်ပါးပါဝင်လှုပ်ရှားအားပေးပျော်ရွှင်နေပုံများကို အားရကျေနပ်ဖွယ်ဖြစ်အောင် ခင်းကျင်းပြသထားသည်။

နောက်ဆုံးလေ့လာရှုစားရမည့်ပြခန်းမှာ မြန်မာနိုင်ငံတွင် ၂၀၁၃ခုနှစ်ကအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မှတ်တမ်းဓါတ်ပုံများ ပြခန်းဖြစ်သည်။ ထိုဆီးဂိမ်းပြိုင်ပွဲကြီးမှာ အမျိုးသားရေးအသွင်လက္ခဏာဆောင်ခဲ့သည့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှု၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယကဂ်၏ ကြီးကြပ်လမ်းညွှန်မှုနှင့်အတူ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အနီးကပ်ကြီးကြပ်မှုများ၊ ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် တာဝန်ယူဆောင်ရွက်ခဲ့ကြသော ဝန်ကြီးဌာနများနှင့် ကော်မတီများအလိုက် ကြိုးပမ်း အားထုတ်ခဲ့မှုများ၊ မြန်မာနိုင်ငံအားကစား အဖွဲ့ချုပ်အသီးသီးမှ ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့် နိုင်ငံ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများ၊ အားကစားဝါသနာ ရှင်ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စာနယ်ဇင်းအသီးသီးမှ မီဒီယာအင်အားစုများနှင့် အားကစား ပရိသတ်ပြည်သူလူထုကြီးတစ်ရပ်လုံးက တစ်ခဲနက်ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ခဲ့ကြသဖြင့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ အရေးကြီးလျှင် သွေးစည်းရမည်ဟူသော ဆိုစကားအတိုင်း မြန်မာနိုင်ငံသားတိုင်းက မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ အနိုင်မခံ အရှုံးမပေးတတ်သည့် အမျိုးသားရေးစိတ်ဓါတ်များကို အရင်းခံ၍ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် အမျိုးသားရေးစရိုက်လက္ခဏာ ကောင်းများကို ထိုပြိုင်ပွဲကြီးတွင် အထင်အရှားတွေ့မြင်နိုင်မည်ဖြစ်သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ မှတ်တမ်းဓါတ်ပုံများ ပြခန်းကိုမူ အပိုင်း(၃)ပိုင်း ခွဲခြားကာ ခင်းကျင်းပြသထားသည်။အပိုင်း (၁)ပြခန်းတွင် နိုင်ငံတော်သမ္မတကြီးက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပသည့် အားကစားကွင်း/အားကစားရုံများကို လိုက်လံကြည့်ရှု စစ်ဆေးနေသည့်ဓါတ်ပုံများ၊ ပြိုင်ပွဲတွင်

ဆုတံဆိပ်များရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကို နိုင်ငံတော်သမ္မတက ဂုဏ်ပြုပွဲများကျင်းပပေးနေသည့် အခမ်းအနားမှတ်တမ်းဓါတ်ပုံများ၊ ပြိုင်ပွဲ၏ ဖွင့်ပွဲနှင့်ပိတ်ပွဲ အခမ်းအနားမှတ်တမ်းတင် ဓါတ်ပုံများ၊ ပြိုင်ပွဲကျင်းပနေစဉ်အတွင်း နိုင်ငံတော် အကြီးအကဲများနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်ကြီးများ၊ နိုင်ငံတကာမှ ဧည့်သည်တော်များ လာရောက် ကြည့်ရှုအားပေးခဲ့သည့် မှတ်တမ်းဓါတ်ပုံများကိုလည်း စုံလင်စွာခင်းကျင်း ပြသထားသည်။

အပိုင်း(၂)ပြခန်းတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပြိုင်ပွဲတိုင်းအနိုင်ရ အောင်မြင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ Social Zone နှင့် အားကစားရွာဖွင့်ပွဲအခမ်းအနားများ၊ ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီထောက်ပံ့ပေးခဲ့သည့် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များကို နိုင်ငံတော်သမ္မတက ဂုဏ်ပြုညစာစားပွဲဖြင့် တည်းခင်းဧည့်ခံခဲ့သည့် မှတ်တမ်းဓါတ်ပုံများ၊ ပြိုင်ပွဲကျင်းပရေးကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းမှ ဦးစီးပြုလုပ်သော အစည်းအဝေးများ၊ အားကစားသမားများ လေ့ကျင့်နေမှုနှင့် အားကစားကွင်း/အားကစားရုံများကို ကြည့်ရှုစစ်ဆေး သည့် မှတ်တမ်းဓါတ်ပုံများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဦးစီးပြုလုပ်သည့် အစည်းအဝေးများ၊ အောင်နိုင်ရေးအလံ ပေးအပ်ပွဲ အခမ်းအနားမှတ်တမ်းဓါတ်ပုံများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းမှ အားကစားကွင်း/အားကစားရုံများကို ကြည့်ရှုစစ်ဆေး နေသော မှတ်တမ်းဓါတ်ပုံများ၊ အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးဦးသောင်းထိုက် ကအားကစားသမားများ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးအားပေးနေသော မှတ်တမ်းဓါတ်ပုံများ၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေးနှင့် အားကစားအဖွဲ့ခေါင်းဆောင်များ အစည်းအဝေး ကျင်းပခဲ့သည့် မှတ်တမ်းဓါတ်ပုံများ၊ မီးရှူးတိုင်သယ်ယူခြင်း၊ ဝဏ္ဏသိဒ္ဓိ Social Zone နှင့် အားကစားရွာ Social Zone ဖွင့်ပွဲ မှတ်တမ်းဓါတ်ပုံများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးဦးဇော်ဝင်း၏ အားကစားကွင်း/အားကစားရုံများ လိုက်လံစစ်ဆေးအားပေးသည့် မှတ်တမ်းဓါတ်ပုံများ၊ ဆီးဂိမ်းပြိုင်ပွဲအတွက် စိစစ်ရေးကဒ်ပြားများ စစ်ဆေးဆောင်ရွက်နေမှု မှတ်တမ်းဓါတ်ပုံများ၊ အားကစားရွာအတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာ၊ ဆေးခန်းနှင့် Gym လေ့ကျင့်ရေးခန်းမများ ထားရှိဆောင်ရွက်ပေးမှု မှတ်တမ်းဓါတ်ပုံများ၊ ပြိုင်ပွဲတွင် ကဏ္ဍအလိုက် ပါဝင်ဆောင်ရွက် ခဲ့သော အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များ၏ မှတ်တမ်းဓါတ်ပုံများကို ပြသထားသည်။

အပိုင်း(၃)ပြခန်းတွင်လည်း ဆီးဂိမ်းပြိုင်ပွဲမှ နိုင်ငံဂုဏ်ဆောင်ရွေတံဆိပ်ဆု ရရှိခဲ့သူများ နှင့် အားကစားနည်းအလိုက် ယှဉ်ပြိုင်နေမှုမှတ်တမ်း ဓါတ်ပုံများကိုလည်း ခင်းကျင်းပြသ ထားသည်။ ထိုပြခန်းတွင် ဆုတံဆိပ်ရရှိခဲ့သည့် အားကစားသမားများ၏ မှတ်တမ်းဓါတ်ပုံများ

အပြင် တက်ကြွစွာ ပါဝင်အားပေးခဲ့ကြသည့် ပရိသတ်ပြည်သူများနှင့် Cheering Team အဖွဲ့များ၏ မှတ်တမ်းဓါတ်ပုံများ၊ ပြိုင်ပွဲတွင်ထည့်သွင်းကျင်းပခဲ့သော အားကစားနည်း (၃၃)မျိုးနှင့် ပါဝင်ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်းဓါတ်ပုံများကိုလည်း ခင်းကျင်းပြသထားသည်။

အားကစားပြတိုက်တွင် ထပ်မံခင်းကျင်းပြရန် စီစဉ်ဆောင်ရွက်ဆဲပြခန်းများလည်း ရှိနေပါသေးသည်။ ထိုပြခန်းများမှာ အမျိုးသားအားကစားပွဲတော်ပြခန်း၊ ကျောင်းသား အားကစားပွဲတော်ပြခန်း၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာအားကစားနည်းများပြခန်းများ ဖြစ်သည်။ တိုင်းရင်းသားတို့၏ ရိုးရာအားကစားနည်းများပြခန်းတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားတို့၏ ရိုးရာအားကစားနည်း မှတ်တမ်းဓါတ်ပုံများ၊ အားကစားဆန်သော လှုပ်ရှားမှု မှတ်တမ်းဓါတ်ပုံများနှင့် အားကစား အသုံးအဆောင်ပစ္စည်းများကို ရှာဖွေစုဆောင်းပြသသွားရန် စီစဉ်ထားသည်။ တိုင်းနှင့်ပြည်နယ် အားကစားပြိုင်ပွဲများပြခန်းတွင် ထိုအားကစားပြိုင်ပွဲများ စတင်ဖြစ်ပေါ်လာချိန်မှ ယခု နောက်ဆုံး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲများ ကျင်းပနေသည့် မှတ်တမ်းဓါတ်ပုံများကိုပါ ဆက်လက်ခင်းကျင်းပြသသွားရန် စီစဉ်နေသည်ဖြစ်ရာ မြန်မာ့ အားကစားပြတိုက်မှာ ဂုဏ်ယူစွာ ကြည့်ရှုလေ့လာရမည့် ပြတိုက်တစ်ခုဖြစ်လာတော့မည်ဟု မျှော်လင့် ယုံကြည်မိပါသည်။

မင်းခေါင်(အား/ကာ)

အာဇာနည်ခေါင်းဆောင် ဆရာကြီးဒီးဒုတ်ဦးဘချို့ရုပ်တုလို မြင်ကွင်းများတိုးပွားလာမည်ဆိုပါလျှင်

စာရေးသူကိုယ်တိုင်က ဧရာဝတီတိုင်းသား ဆိုသော်ငြား ကျိုက်လတ်မြို့သားဖြစ်ရာ ဖျာပုံနှင့် မအူပင်ခရိုင်မြို့များကိုသာ အရောက်အသွားများခဲ့ပြီး မြောင်းမြမြို့ကိုမူ (၂)ကြိမ်သာ ရောက်ဖူးခဲ့သည်။ ရောက်ခဲ့စဉ်ကလည်း ရေလမ်းခရီး သဘော်ဖြင့်သာ ရောက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ မော်တော်ကားလမ်းတွေ အလျှိုလျှိုဥဒဟိုဖြစ်လာပြီမို့ မြောင်းမြမြို့နှင့် ပိုပြီး အလှမ်းဝေးသလို ဖြစ်ခဲ့ရသည်။ မကြာသေးခင် ရက်ပိုင်းအတွင်းကမှ တူတော်မောင် တစ်ယောက်၏ ဆောက်လုပ်ရေးလုပ်ငန်းကိစ္စဖြင့် အလျှဉ်းသင့်၍ လိုက်ပါခဲ့ရင်း မြောင်းမြမြို့တွင်းကို ဆိုက်ဆိုက်မြိုက်မြိုက် လှည့်ပတ်ကြည့်ရှုခွင့်ရခဲ့သည်။

မြောင်းမြမြို့သို့ ကားလမ်းခရီးမှာညီညာဖြောင့်တမ်းသည့် နိုင်လွန်ကတ္တရာလမ်းများဖြင့် အဆင့်မြင့် နေပြီဖြစ်သည်။ မြောင်းမြမြို့အဝင်နားတွင် အဝေးပြေးကားဂိတ်အသစ် တည်ဆောက်နေခြင်းက ထိုမြို့အနာဂတ်ပိုမိုတောက်ပလာမည့် ပုံရိပ်တစ်ခုဖြစ်နေသည်။ မြောင်းမြတံတားကြီးကို အဖြတ်မှာ မြင်လိုက်ရသော ဆိပ်ကမ်းကလည်း ယခင်လိုမဟုတ် ထိပ်တန်းဖြစ်နေသည်။ မြို့တွင်းလှည့်ရင်း ရွှေဗုဒ္ဓါ ဘုရားကြီးကို ဖူးမြော်ခွင့်ရလိုက်ခြင်းက ကြည်ညိုသဒ္ဓါစိတ်ကို ယိုဖိတ်စေသည်။ ထိုစဉ်မှာပင် မြောင်းမြ မြို့လယ်ရှိ မြဂုဏ်ရည်လမ်းနှင့် ရုံးလမ်းထောင့်နားတွင် စက္ခုအာရုံကို ဖမ်းစားလိုက်သည့် မြင်ကွင်းက ထင်းကနဲပေါ်လာသည်။

ထိုမြင်ကွင်းကား အခြားမဟုတ် မကြာသေးခင်ရက်ပိုင်းအတွင်းကမှ ဖွင့်လှစ်လိုက်သော ရုပ်တုကြီးဟု မြောင်းမြကိုအကြိမ်ကြိမ်ရောက်ဖူးနှင့်သည့် တူတော်မောင်က ရှင်းပြသည်။ "ဘယ်သူရဲ့ ဘာရုပ်တုမျှားလည်း" ဟူသော အမေးစကားကို ပြန်ဖြေလိုက်သံက စာရေးသူကို အံ့အားသင့်သွားစေခဲ့သည်။ အမျိုးသားအာဇာနည် ဆရာကြီး ဒီးဒုတ်ဦးဘချို့၏ ရုပ်တုဖြစ်နေ၍ ပင်တည်း။ တူတော်မောင်ကပင်ဆက်ပြီး ဆရာကြီးမှာ မြောင်းမြဇာတိသား ဖြစ်ကြောင်း၊ မြောင်းမြမှ ထင်ရှားသော မျိုးချစ် ခေါင်းဆောင်များစွာ ပေါ်ထွန်းခဲ့သည့် အထဲမှာ ဆရာကြီး ဦးဘချိုလည်းတစ်ဦးအပါအဝင်ဖြစ်ကြောင်း၊ မြောင်းမြသူ-မြောင်းမြသားတို့အတွက် ဂုဏ်ယူ အားတက်ဖွယ် စံနမူနာပြ အထင်ကရပုဂ္ဂိုလ်ကြီးအဖြစ် ယခုလိုအမှတ်တရ ရုပ်တုဖြင့် ဂုဏ်ပြုထားဖို့ စီစဉ်ခြင်းဖြစ်ကြောင်း၊ မြို့ခံအင်ဂျင်နီယာတစ်ယောက်ထံမှ သူကြားသိထား သမျှကို ပြန်လည်ဖောက်သည်ချ၍ သိခွင့်ရခဲ့ ပြန်သည်။

"ဒီရုပ်တုလုပ်ဖို့ ကန်ထရိုက်ကို မင်းတို့မရတာ နာတာပေါ့ကွာ" ဟု စာရေးသူက ပြောလိုက်ရာ "မလွယ်ဘူး ဦးရေ၊ ဒီရုပ်တုရဲ့ စေတနာအလှူရှင်က မြောင်းမြမြို့သားကြီး တစ်ဦးဖြစ်ပြီး ရုပ်တုလုပ်ငန်း ကိစ္စအဝဝမှာ သူကိုယ်တိုင် အစစကြီးကြပ်စီမံသွားခဲ့တာပါ။ ဒီလိုလုပ်ငန်းမျိုးလုပ်ခွင့်ရရင် ကျွန်တော်တို့လည်း ဒီမြို့ရဲ့သမိုင်းထဲမှာပါသွားနိုင်တာပေါ့ဗျာ" ဟု အားရပါးရ သူကဖွင့်ဟခဲ့သည်။

ဆရာကြီးဒီးဒုတ်ဦးဘချို့မှာ မြောင်းမြမြို့မှ တိုင်းရင်းဆေးဆရာကြီး ဦးဘိုးစော၊ ဒေါ်မြစ်တို့၏ သားဖြစ်ပြီး ၁၈၉၃ခုနှစ်၊ ဧပြီလ(၂၄)ရက်၊ တနလ်ာနေ့တွင် မွေးဖွားခဲ့ကြောင်း၊ မြောင်းမြနှင့် ရန်ကုန်မြို့ စိန်ပေါလ်ကျောင်းတို့တွင် ပညာသင်ခဲ့ကြောင်း၊ ပေါင်းတည်နှင့် မြောင်းမြမြို့တို့တွင် ကျောင်းဆရာအဖြစ် တာဝန်ယူခဲ့ကာ ဂျပန်ခေတ်အစိုးရလက်ထက်တွင် အတိုင်ပင်ခံ လွှတ်တော်အမတ်အဖြစ်လည်းကောင်း၊ ဖဆပလတွင် အဖွဲ့ချုပ်ဝင်အဖြစ်လည်းကောင်း၊ တိုင်းပြုပြည်ပြုလွှတ်တော်၏ အခြေခံဥပဒေရေးဆွဲရေး ကော်မတီတွင်လည်း ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြတို့နှင့်အတူ တာဝန်ယူခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် အစိုးရအဖွဲ့တွင် ပြန်ကြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ သမိုင်းဝင် ပင်လုံညီလာခံတွင်လည်း အဓိကအခန်းမှ ပါဝင်၍ တိုင်းရင်းသားလူမျိုးများက ဗမာတွေ "လူမျိုးကြီး ဝါဒကျင့်သုံးနေသည်" ဟူသော သံသယဝင်နေမှုများကို သမိုင်းနှင့် ချီပြီး ဆွေးနွေးရှင်းလင်းပြနိုင်ခဲ့သဖြင့် ပင်လုံစာချုပ်အောင်မြင်စွာ ချုပ်ဆိုနိုင်စေသည့်အထိ စွမ်းစွမ်းတမံ အပင်ပန်းခံ ဆောင်ရွက်ခဲ့သူဖြစ်ကြောင်း မြောင်းမြမြို့ခံ အင်ဂျင်နီယာတစ်ဦးက ထပ်မံရှင်းပြမှ ဆရာကြီး၏ ကျေးဇူးကြီးမားခဲ့ပုံကို ပြည့်ပြည့်စုံစုံ သိခွင့်ရခဲ့ပြီး လာခဲ့ရသည့် မြောင်းမြခရီးစဉ်ကိုပင် ကျေးဇူးတင်နေမိသည်။

၁၉၄၇ခုနှစ်၊ ဇူလိုင်လ(၁၉)ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ နိုင်ငံတာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့ရသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးကိုလည်း အထူးပင်ဦးညွှတ်မိခဲ့ သည်။ ဆရာကြီးမှာ ဒီးဒုတ်ဂျာနယ်ကို ဦးစီးထုတ်ဝေခဲ့သဖြင့်လည်း သတင်းစာဆရာ၊ အယ်ဒီတာ၊ စာရေးဆရာ၊ ဂီတပညာရှင် အဖြစ် စွယ်စုံရ မျိုးချစ်ခေါင်းဆောင်တစ်ဦးလည်း ဖြစ်ခဲ့ရာ ဆရာကြီး ဒီးဒုတ်ဦးဘချို့၏ ရုပ်တုကို သူ၏ ဇာတိမြေတွင် ယခုလို အထင်ကရထုလုပ်စိုက်ထူဂုဏ်ပြုရန် အကြံဉာဏ် ကောင်းရခဲ့သည့် စေတနာရှင်၊ အလှူရှင်၊ မြောင်းမြမြို့သားတစ်ဦး၏ စိတ်ကူးနှင့် စေတနာထက်သန်မှု တို့မှာ လေးစားစရာဖြစ်ခဲ့သည်။

မြောင်းမြမြို့သား ဆရာကြီးဒီးဒုတ်ဦးဘချို့၏ ရုပ်တုကို ယခုလိုလေးစားဂုဏ်ယူဖွယ်ရာ တွေ့မြင် ခံစားလိုက်ရသည့် ပီတိအဟုန်ကြောင့်ပင် စာရေးသူ၏ အာရုံတွင် စိတ်ကူးတစ်ခု ဝင်ခဲ့သည်။ မြန်မာပြည်အနှံ့အပြားတွင် အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုများ ရှိနေပြီးသားဖြစ်ကာ မကြာသေးမီကပင် ဗိုလ်ချုပ်၏မွေးနေ့ နှစ်တစ်ရာပြည့် အထိမ်းအမှတ် အခမ်းအနားများကို နိုင်ငံတစ်နံတစ်လျားတွင် ဆင်ယင်ကျင်းပနိုင်ခဲ့ကြရာ ဗိုလ်ချုပ်အောင်ဆန်းကို ပြည်သူတစ်ရပ်လုံးက သိရှိလေးစားထားကြပြီး ဖြစ်သော်လည်း အခြားသော အာဇာနည်ခေါင်းဆောင်ကြီးများအကြောင်းနှင့် ရုပ်တုများကိုမူ သိရှိတွေ့မြင်ဖူးသူ လွန်စွာနည်းပါးနေဦးမည်ဖြစ်ရာ ဆရာကြီးဒီးဒုတ်ဦးဘချို့ကဲ့သို့ပင် ဗိုလ်ချုပ်အောင်ဆန်း နှင့်အတူ နိုင်ငံတာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့ကြသော အာဇာနည် ခေါင်းဆောင်ကြီးများ ကိုလည်း သူတို့၏ ဇာတိမြို့၊ ဇာတိမြေအသီးသီးတွင် ယခုလို အထိမ်းအမှတ် ရုပ်တုများ

ထုလုပ်ထားရှိပြီး နောင်လာနောက်သား ပြည်သူများအနေဖြင့် စံနမူနာပြအဖြစ် အားကျအတုယူကာ ထာဝစဉ်လေးစားဂုဏ်ယူနိုင်စေရန် ဖန်တီးပေးနိုင်ကြမည်ဆိုလျှင် များစွာအကျိုးထူးစေနိုင်မည်ဟူ၍ . . . ။

စောဖိုးခွား

(၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ (၂၀၁၄)အင်ချွန်

ကျင်းပမည့်မြို့	အင်ချွန်၊ တောင်ကိုရီးယား
ဆောင်ပုဒ်	ရောင်စုံပန်းတို့ပွင့်လန်းရာမြေ
ပြိုင်ပွဲများ	အားကစားနည်း(၃၆)မျိုး၊ ပြိုင်ပွဲပေါင်း(၄၃၉)ပွဲ
ဖွင့်ပွဲအခမ်းအနား	စက်တင်ဘာ(၁၉)ရက်
ပိတ်ပွဲအခမ်းအနား	အောက်တိုဘာ(၄)ရက်
အဓိကပြိုင်ပွဲကွင်း	အင်ချွန်၊ အာရှပင်မအားကစားကွင်း

နိဒါန်း

၂၀၁၄ ခုနှစ် အာရှအားကစားပွဲတော်ကို တရားဝင်အမည်အဖြစ်ဖြင့် (၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ (XVII Asian Games) ဟုခေါ်တွင်ပြီး အာရှတိုက်တွင် အာရှအိုလံပစ်ကောင်စီက ကြီးမှူးကျင်းပသည့် အကြီးကျယ်ဆုံးအားကစားပြိုင်ပွဲဖြစ်သည်။ ထိုပြိုင်ပွဲကြီးကို ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်မြို့တွင် စက်တင်ဘာ(၁၉)ရက်မှ အောက်တိုဘာ(၄)ရက်နေ့အထိ အားကစားနည်း(၃၆)မျိုးကို ပြိုင်ပွဲပေါင်း (၄၃၉)ပွဲဖြင့် အာရှအိုလံပစ်ကောင်စီအဖွဲ့ဝင်နိုင်ငံများက ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပမည့်မြို့ကို ယှဉ်ပြိုင်ရွေးချယ်ခဲ့ရာတွင် အင်ချွန်(တောင်ကိုရီးယား)က နယူးဒေလီ(အိန္ဒိယ)ကို ကျော်ဖြတ်ပြီး ၂၀၀၇ ခုနှစ်၊ ဧပြီလ (၁၇)ရက်နေ့ကတည်းက ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ အာရှအားကစားပြိုင်ပွဲကို တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့ (၁၉၈၆)၊ ဘူဆန်မြို့ (၂၀၀၂)တို့တွင် ကျင်းပခဲ့ဖူးပြီးဖြစ်ရာ အင်ချွန်မှာ တတိယမြောက် ကျင်းပခွင့်ရရှိသည့်မြို့လည်း ဖြစ်သည်။

အိမ်ရှင်ဖြစ်ရေးအားပြိုင်မှု

၂၀၁၄ ခုနှစ် အာရှအားကစားပြိုင်ပွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရေးအတွက် နယူးဒေလီ(အိန္ဒိယ)နှင့်အင်ချွန်(တောင်ကိုရီးယား)မြို့နှစ်မြို့က တရားဝင်အဆိုပြုလွှာတင်ပြကာ ယှဉ်ပြိုင်ခဲ့ကြသည်။ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ(၂)ရက်နေ့က ကာတာနိုင်ငံ၊ ဒိုဟာမြို့တွင် အဆိုပြုလွှာ တင်ခဲ့ခြင်းဖြစ်ပြီး ဆန္ဒမဲပေးရွေးချယ်မှုကို ၂၀၀၇ ခုနှစ် ဧပြီလ(၁၇)ရက်နေ့က အာရှအိုလံပစ်ကောင်စီ စုံညီအစည်းအဝေးကျင်းပစဉ်အတွင်း ကူဝိတ်နိုင်ငံမြို့တော် ကူဝိတ်ရှိ မာရီယော့တ်ဟိုတယ်တွင် ပြုလုပ်ခဲ့သည်။ ဆန္ဒမဲပေးရာတွင် အင်ချွန်မြို့က (၃၂)မဲ၊ နယူးဒေလီမြို့က (၁၃)မဲသာရရှိခဲ့သည်။ ဆန္ဒအတည်ပြုနိုင်ရေးအတွက် အပြီးသတ်

တင်ပြရာတွင် အင်ချွန်က အာရှအားကစားပြိုင်ပွဲဝင် နိုင်ငံများ အနက် ရွှေတံဆိပ်ဆွတ်ခူးသည့် နိုင်ငံတစ်နိုင်ငံလျှင် ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ သန်း(၂၀)ထောက်ပံ့မည့်အပြင် အထူးဂုဏ်ပြုမှုအဖြစ် ပြိုင်ပွဲတွင် ပါဝင်သူအားလုံးအတွက် လေယာဉ် စရိတ်ကျခံပေးမည်ဟု ကမ်းလှမ်းခဲ့သည်။ နယူးဒေလီ (အိန္ဒိယ)ကမူ မည်သည့်ကမ်းလှမ်းမှုမျှပြုလုပ်ခြင်း မရှိခဲ့ပေ။ သို့ဖြင့် ဒေသစံတော်ချိန်မွန်းလွဲ (၄)နာရီ၌ အဖွဲ့ဝင် (၄၅)နိုင်ငံစလုံးက အပြီးသတ်လျှို့ဝှက် ဆန္ဒမဲပေးကာ အင်ချွန်မြို့ ရွေးချယ်ခံရကြောင်း ဆုံးဖြတ်ခဲ့သည်။ လျှို့ဝှက်ဆန္ဒမဲရရှိမှု အရေအတွက်ကို ထုတ်ဖော်ကြေညာခြင်းမရှိဘဲ မူလကရရှိခဲ့သည့် (၃၂)မဲ -(၁၃)မဲကိုသာ ဖော်ပြခဲ့သည်။

အိန္ဒိယ၏ နယူးဒေလီမြို့ရွေးချယ်မခံရသည်မှာ မူလကပင်အခြေခံအကြောင်းတစ်ရပ် ရှိနေခဲ့သည်။ အိန္ဒိယနိုင်ငံအားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မာနီရှန်ကာအိုင်ယာ (Mani Shankar Aiyar)က ထိုအားကစားပြိုင်ပွဲအိမ်ရှင်ဖြစ်ရေး အိန္ဒိယနိုင်ငံ၏ကြိုးပမ်းမှုကို ပြင်းထန်စွာဆန့်ကျင်ခဲ့ပြီး ပြိုင်ပွဲအတွက် ကုန်ကျမည့်စရိတ်ကို ဆင်းရဲသားများအတွက် အိမ်ယာအဆောက်အဦးများတည်ဆောက်ပေးခြင်းက ပိုမိုကောင်းမွန်မည်ဟု ဝေဖန်ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံရွေးချယ်မခံရခြင်း အဓိကအကြောင်းမှာ ထိုသို့ဝေဖန်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း အာရှအိုလံပစ်ကောင်စီဥက္ကဋ္ဌက ဖွင့်ဟသွားခဲ့သည်။

ကြွေးကြော်သံဆောင်ပုဒ်

၂၀၁၄ ခုနှစ် အာရှအားကစားပြိုင်ပွဲ၏ တရားဝင်ကြွေးကြော်သံဆောင်ပုဒ်မှာ "ရောင်စုံပန်းတို့ပွင့်လန်းရာမြေ" (Diversity Shines Here) ဖြစ်ကြောင်း ၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ (၁၆)ရက်နေ့ကပင် ကြေညာခဲ့ပြီးဖြစ်သည်။ ထိုဆောင်ပုဒ်မှာ အာရှတိုက်၌ လူမျိုးပေါင်းစုံတို့၏ သမိုင်းနောက်ခံ၊ ထုံးတမ်းဓလေ့ယဉ်ကျေးမှု၊ ယုံကြည်ကိုးကွယ်မှု ဘာသာတရားတို့ ပေါင်းစုကာ ရောင်စုံပန်းခိုကားတစ်ချပ်ပမာ လှပတင့်တယ်နေမှုအား ကိုယ်စားပြုသည်အဓိပ္ပါယ်ဟုဆိုသည်။

စျေးကွက်နှင့် လာဘ်ကောင်လေးများ

တောင်ကိုရီးယားနိုင်ငံ၊ အင်ချွန်မြို့တွင်ကျင်းပမည့် (၁၇)ကြိမ်မြောက် အာရှအားကစား ပြိုင်ပွဲ အထိမ်းအမှတ်လာဘ်ကောင်လေးများမှာ အစက်အပြောက်လေးများပါသည့် ပင်လယ်ဖျံ ညီနောင် (၃)ကောင်ဖြစ်သည်။ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ (၄)ရက်ကပြသခဲ့ရာတွင် အညိုရောင်ဖျံလေးကို ဘာရာမီ (Barame)၊ အပြာရောင်လေးကို ဗီချူအွန် (Vichuon) နှင့် ပန်းနုရောင်ဖျံလေးကို ချူမူရို (Chumuro) ဟု အမည်ပေးထားသည်။ အဓိပ္ပါယ်မှာ ကိုရီးယားအနောက်မြောက်ဒေသ၏ လေ၊ အကနှင့် အလင်းရောင် (Wind, Dance and Light) ဟူ၍ဖြစ်သည်။ ထိုဒေသရှိ အင်ချွန်မြို့၏ ပင်မအားကစားကွင်းကြီးဝန်းကျင်တွင်

ခံစားနိုင်မည့် သဘာဝများကိုရည်ညွှန်းခြင်းလည်းဖြစ်သည်။ အင်ချွန်ဒေသ၏လေအဟုန်တွင် လူးလွန့်ကခုံ နေမည့်အလင်းတန်းများဟု တင်စားနိုင်သည့်အဓိပ္ပါယ်လည်းဖြစ်သည်။ ပြိုင်ပွဲဖြစ်မြောက်ရေး စည်းရုံးသူများ၏အဆိုအရ ယင်းလာဘ်ကောင်များမှာ တောင်နှင့် မြောက်ကိုရီးယားတို့အကြား အနာဂတ် ငြိမ်းချမ်းရေးအမှတ်လက္ခဏာအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရသည်။

လိုဂိုနှင့် သင်းမ်းဆောင်း (Logo and Theme Song)

လာဘ်ကောင်လေးများနှင့်အတူ ပြိုင်ပွဲအထိမ်းအမှတ်လိုဂိုကိုလည်း တစ်ချိန်တည်း ပြသခဲ့ရာတွင် အာရှဟူသော Asia ၏အစဖြစ်သည့် A စာလုံးကိုအခြေခံပြီး လက်ဝဲဘက်အထက်နားတွင် တောက်ပသောနေတစ်စင်းက ကြီးမားသောအတောင်ပံ ဖြန့်ကျက်ထားသည့်ဟန်ဖြင့် ဖော်ကျူးထားပြီး နေဝန်းကြီးကို အာရှသားတို့က ကောင်းကင်ယံတွင် ကိုင်မြောက်ထားသည့်သဘောဖြစ်သည်။ ၂၀၁၄ ခုနှစ် အာရှအားကစားပြိုင်ပွဲ၏ တရားဝင် ပိုစတာကို ၂၀၁၁ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့က ထုတ်ပြန်ခဲ့ပြီး အိုလံပစ်အားကစားနည်း (၂၈)မျိုးကို အုပ်စု (၅)မျိုးခွဲခြားကာ ပိုစတာ(၆)မျိုး ရိုက်နှိပ်ဖြန့်ဝေထားသည်။ အာရှအားကစားပြိုင်ပွဲ၏ တန်ဘိုးနှင့် ဒဿနတို့အားကိုယ်စားပြု ဖော်ညွှန်းထားသည်။ အာကစားနည်းများ အလိုက်အုပ်စုခွဲရာတွင် ကြက်တောင်ကဲ့သို့ ဘက်တံကို အသုံးပြုသည့်ကစားနည်းအုပ်စု၊ ဘောလုံးကို အသုံးပြုသော အာကစားနည်းအုပ်စု၊ ရေနှင့် ပတ်သက်သောအားကစားအုပ်စု၊ ပြေးခုန်ပစ်အားကစား အုပ်စုနှင့် အလေးမ/ကာယဗလတို့နှင့် ပတ်သက်သည့် အားကစားနည်းအုပ်စုဟူ၍ဖြစ်သည်။

ပြိုင်ပွဲစံချိန်များအပါအဝင် အားကစားပွဲ၏ အချိန်ကာလနှင့် စပ်လျဉ်းသည့်ကိစ္စအဝဝအတွက် (Official Timekeeper of the Games)အဖြစ် ဆွစ်ဇာလန်နိုင်ငံမှ နာရီထုတ်လုပ်သည့် Tissot ကုမ္ပဏီကတာဝန်ယူထားသည်။

အင်ချွန်အာရှအားကစားပြိုင်ပွဲ၏ အဓိကတေးသီချင်း (Theme Song) အဖြစ် တောင်ကိုရီးယားနိုင်ငံ ယောက်ျားလေးပေါ့ပ်တေးဂီအဖွဲ့ဖြစ်သည့် (JYJ Pop music Band)က တီးခတ် တင်ဆက်ထားသည့် 'Only One' တေးသီချင်းကို ရွေးချယ်ထားသည်။ အသားအရောင်၊ ယဉ်ကျေးမှုဓလေ့ ထုံးစံမျိုးစုံပေါင်းစည်းထားသည့် တစ်ခုတည်းသောအာရှဖြစ်သည် ဟူသော အဓိပ္ပါယ်ကိုဖော်ကျူးထားခြင်း ဖြစ်သည်။

ချိုးမြှင့်မည့်ပဉ္စင်္ပုံစံဆုတံဆိပ်များ

အင်ချွန်အာရှအားကစားပြိုင်ပွဲ၌ ချိုးမြှင့်မည့်ဆုတံဆိပ်ဒီဇိုင်းပုံစံများကို အာရှအိုလံပစ်ကောင်စီကကြည့်ရှုပြီး ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့တွင် အတည်ပြုပေးခဲ့သည်။

ဒီဇိုင်းပုံစံမှာ အမေရိကန်နိုင်ငံ၏ ပင်တဂွန်စစ်ဌာနချုပ်ကဲ့သို့ ပဉ္စဂံပုံစံဖြစ်သည်။ ထိုသို့ ပဉ္စဂံပုံစံထုတ်လုပ်ခြင်းမှာ ထူးခြားပြီး အင်ချွန်ဒေသအတွင်းရှိ တောင်ကိုရီယားနိုင်ငံ၏ အဓိကဆိပ်ကမ်း(၅)ခုအား ရည်ညွှန်း ကိုယ်စားပြုထားခြင်းဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၏ အနောက်မြောက်စွန်းမှ အင်ချွန်ဒေသတွင် အရေးပါသည့် ဆိပ်ကမ်း (Port) (၅)ခုရှိပြီး၊ ၄င်းတို့မှာ လေဆိပ် (Airport)၊ ပင်လယ်ဆိပ်ကမ်း (Seaport)၊ ဆက်သွယ်ရေး ဗဟိုချက် (Teleport)၊ ခရီးသွားလုပ်ငန်းဗဟိုချက် (Leisureport)နှင့် စီးပွားရေးလုပ်ငန်းများဗဟိုချက် (Businessport) တို့ဖြစ်သည်။ ထိုသို့အချက်အချာကျသည့် လုပ်ငန်းကြီးများ၏ဗဟိုချက် (၅)ခုကို ရည်ညွှန်းကာ ပဉ္စဂံပုံစံဖြင့် ဆုတံဆိပ်များကို ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

ပြိုင်ပွဲအတွက်ကုန်ကျမည့်စရိတ်စက

အင်ချွန်အာရှအားကစားပြိုင်ပွဲ တစ်ရပ်လုံးအတွက် ကုန်ကျမည့်အသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ (၁. ၆၂)ဘီလီယံရှိမည်ဟု ခန့်မှန်းထားပြီး တောင်ကိုရီးယားအစိုးရနှင့် အင်ချွန်ဒေသအစိုးရ တို့က ကုန်ကျစရိတ်၏ ၁၉% နှင့် ၇၈. ၉% စီအသီးသီးကျခံရမည်ဖြစ်ပြီး ကျန် ၂%မှာ အာရှအိုလံပစ် ကောင်စီနှင့် စပွန်ဆာကုမ္ပဏီများမှ အလှူရှင်များကကျခံမည့် အဓိပ္ပါယ်ဖြစ်သည်။ ကုန်ကျမည့်ဘတ်ဂျက်မှ ၁. ၃၉ ဘီလျံဒေါ်လာမှာ အားကစားကွင်း/ ရုံများနှင့် လိုအပ်သည့်အပေါ် ထပ်အဆောက်အအုံများ တည်ဆောက်ရေးအတွက် အသုံးပြုမည်ဖြစ်သည်။ မူလရှိပြီး အဆောက်အဦးများနှင့် လေ့ကျင့်ရေးကွင်းများ ပြုပြင် ထိန်းသိမ်းရေးအတွက် ဒေါ်လာ (၁၁)သန်း၊ လမ်းနှင့် သယ်ယူပို့ဆောင်ရေး စီမံချက်များ အတွက် ဒေါ်လာ (၁၀၃)သန်းဝန်းကျင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သို့သော် ၂၀၁၂ ခုနှစ်၊ ဧပြီလအတွင်းသတင်းများအရ အင်ချွန်စီးတီးမှာတင်ရှိနေသော ကြွေးမြီများမြင့်တက်လာမှုကြောင့် ဘဏ္ဍာရေးဆိုင်ရာ ဖိအားများရှိလာနိုင်ကြောင်း သုံးသပ် ဝေဖန်မှုများ ရှိခဲ့သည်။ အပြည်ပြည်ဆိုင်ရာ အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ (ISGOC)ကလည်း သယ်ယူပို့ဆောင်ရေးနှင့် အခြားဝန်ဆောင်မှုများကို အခမဲ့ဆောင်ရွက်ပေးနိုင် စေရန် အားကစားသမား အင်အားကို (၁၅၀၀၀)မှ (၂၀၂၅)ဦးသို့ လျှော့ချပေးရန် သဘောတူညီထားသည်ဟုဆိုသည်။

ပြိုင်ပွဲကျင်းပမည့်နေရာများ

အင်ချွန်အာရှအားကစားပြိုင်ပွဲကာလအတွင်း အားကစားပွဲကျင်းပရန် (၄၉)နေရာနှင့် လေ့ကျင့်ရေး အဆောက်အအုံ (၄၈)ခုအထိ အသုံးပြုသွားမည်ဖြစ်သည်။ ပြိုင်ပွဲ (၄၉)နေရာ အနက် (၁၀)နေရာမှာ (Gyeonggi) ပြည်နယ်မှမြို့ကြီး (၆)မြို့တွင်ရှိပြီး အခြားနေရာ (၂)ခုမှာ (Chung Ju) နှင့် (Soul) မြို့တို့တွင်ရှိမည်ဖြစ်သည်။ ကျန်နေရာများမှာ အခြားခရိုင် (၈)ခုနှင့်

အင်ချွန်မြို့တော်အတွင်း ကောင်တီတစ်ခုတို့၌ရှိမည်ဖြစ်သည်။ အားကစားပွဲအတွက် ပြိုင်ပွဲနေရာ (၁၀)ခုကို တည်ဆောက်ထားပြီး ကစားသမားများနှင့် မီဒီယာများအတွက် အားကစားရွာ တည်ဆောက်ထားကြောင်း အဆောက်အဦး ယူနစ် (၃၃၀၀)နှင့် အခန်းပေါင်း (၉၅၆၀)ပါဝင်သည်။

အဓိကအားကစားကွင်းကြီးဖြစ်သည့် အင်ချွန်အာရှပင်မအားကစားကွင်း (Incheon Asiad Main Stadium)တွင် ထိုင်ခုံ (၆၀၀၇၄)ရှိပြီး ပြိုင်ပွဲပြီးစီးသွားပါက ပရိသတ် (၇၀၀၀၀)ဝင်ဆံ့အောင် တိုးချဲ့သွားမည်ဟု ရည်မှန်းထားသည်။ ၂၀၁၂ ခုနှစ် နွေရာသီ အိုလံပစ်အားကစားကွင်း အပါအဝင် ကမ္ဘာအနှံ့အပြားတွင် အားကစားကွင်းများ ဆောက်လုပ်ခဲ့သည့် (Populous) ဆောက်လုပ်ရေးကုမ္ပဏီက ဒီဇိုင်းပုံစံထုတ်ခဲ့ပြီး ဒေါ်လာသန်း(၄၀၀) ကုန်ကျခဲ့သည်။ အာရှပင်မအားကစားကွင်းကြီး တည်ဆောက်ရေးကို ၂၀၁၁ ခုနှစ်၊ ဇွန်လ (၂၈)ရက်နေ့က စတင်ခဲ့ကြောင်းသိရသည်။

သယ်ယူပို့ဆောင်ရေးနှင့် မီးရှူးတိုင်လက်ဆင့်ကမ်းသယ်ယူရေး

အားကစားပြိုင်ပွဲအတွက် တောင်ကိုရီးယားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ အဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့သဖြင့် ခရီးသွားများပိုမိုအဆင်ပြေစေခဲ့ပြီး အင်ချွန် အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ပိုမိုနှစ်ချို့က်လာကြသည်။ သို့ဖြစ်ရာမူလက ၂၀၁၈ ခုနှစ် ပြိုင်ပွဲအတွက် ရည်ရွယ်ခဲ့သော အင်ချွန်မြေအောက်ရထား စီမံချက်ကို မူလကထက် စောလျင်စွာပြီးစီးအောင် ဆောင်ရွက်ခဲ့ကြရသည်။

ပြိုင်ပွဲအတွက်သယ်ယူမည့် မီးရှူးတိုင်ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလက ထုတ်ဖော်ပြသခဲ့ပြီး ဒေသဆိုင်ရာမြို့တော် အင်ချွန်၏သင်္ကေတ ကြိုးကြာငှက်၏ ပုံစံကိုအခြေခံကာ ဒီဇိုင်းပြုလုပ်ထားသည်။ အပြာရောင်ဆလင်ဒါပုံမှာ အင်ချွန်ဒေသ၏ ကောင်းကင်နှင့် ပင်လယ်ပြာကို ထင်ဟပ်ပြီး အခြားအရောင် (၅)မျိုး အစိမ်း၊ အဝါ၊ အနီ၊ ခရမ်းရောင်တို့မှာ အာရှတိုက်၏အဓိကဒေသကြီး (၅)ခုကိုရည်ညွှန်းထားခြင်းဟုဆိုသည်။

မီးရှူးတိုင်ကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ မီးထွန်းညှိမည် ဖြစ်ပြီး နယူးဒေလီမှ နောက်တစ်ကြိမ်ကျင်းပမည့် ဟန်ရှိုင်း (ဗီယက်နမ်)၊ ယခင်ကျင်းပခဲ့သည့် ဂွမ်ဇူး (တရုတ်)နိုင်ငံများမှ နိုင်ငံတကာလက်ဆင့်ကမ်း သယ်ယူမှုအဖြစ်ဖြတ်သန်းကာ (၁၇)ကီလိုမီတာခရီးကို သယ်ယူမည့်အပြင် တောင်ကိုရီးယားပြည်တွင်း၌လည်း ဩဂုတ်လ (၂၄)ရက်နေ့မှစတင်ကာ ဖွင့်ပွဲကျင်းပမည့်နေရာအထိ ကီလိုမီတာ (၃၈၀၀)ခရီးကို လက်ဆင့်ကမ်း သယ်ဆောင်ကြမည်ဟု သိရသည်။ ဖွင့်ပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာ (၁၉)ရက် ဒေသစံတော်ချိန် ည (၂၂)နာရီတွင်စတင်ကာ ကိုရီးယားရိုးရာ ယဉ်ကျေးမှုကို ခေတ်မီနည်းပညာများနှင့် ပေါင်းစပ်တင်ဆက် သွားမည်ဟုဆိုသည်။

အားကစားနည်းများ

အင်ချွန်အာရှအားကစားပွဲတွင် အိုလံပစ်အားကစားနည်း (၂၈)နည်းကိုထည့်သွင်းသွားမည်ဖြစ်ပြီး ထိုအားကစားနည်းများမှာ ၂၀၁၆ နွေရာသီအိုလံပစ် အားကစားပွဲနှင့် ဆက်စပ်နေမည့် အားကစားနည်းများလည်းဖြစ်သည်။ အိုလံပစ်အားကစားမဟုတ်သည့် ဘော့စ်ဘော၊ ဘိုလင်း၊ ခရစ်ကက်၊ ကာဘက်ဒီ၊ ကရာတေး၊ ပိုက်ကျော်ခြင်း၊ စကွက်ရှ်နှင့် ဝူရှူးတို့ကို ထည့်သွင်းသွားမည်ဖြစ်သည်။ ပြီးခဲ့သည့် အာရှအားကစားပွဲ၌ပါဝင်ခဲ့သည့် အားကစားနည်း (၆)မျိုး ရိုလာစပို့(တ်)၊ စစ်တုရင်၊ ကျူစပို့(တ်)၊ ဆော့ဖ်ဘော၊ ဒန့်စ်စပို့(တ်)နှင့် နဂါးလှေ အားကစားနည်းများကို ချန်လှပ်ထားခဲ့သည်။ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ (၁၃)ရက်နေ့ ကကျင်းပသည့် အကြိမ် (၃၀)မြောက် အာရှအိုလံပစ်ကောင်စီ စုံညီအစည်းအဝေး တွင် ဘော့စ်ဘော၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် ဆော့ဖ်ဘောနှင့် တင်းနစ်စည်းမျဉ်းစည်းကမ်းများနှင့် ကစားသည့် ဆော့ဖ်တင်းနစ် အားကစားနည်းများကို အတည်ပြုခဲ့သည်။

အိုလံပစ်မဟုတ်သည့် အားကစားနည်းများအပြောင်းအလဲမှာ ပြိုင်ပွဲဖြစ်မြောက်ရေး စည်းရုံးလှုံ့ဆော်သူများနှင့် ဆွေးနွေးညှိနှိုင်းမှု၏ သက်ရောက်မှုများစွာပါဝင်သည်။ ဥပမာ ခရစ်ကက် အားကစားနည်းကို ဖယ်ရှားပစ်ခဲ့ရာ၌ ပြိုင်ပွဲစီစဉ်သူများက ခရစ်ကက် ကို ကစားသည့်နိုင်ငံ အနည်းငယ်သာရှိပြီး အိမ်ရှင်အနေဖြင့်ထိုကစားနည်းအတွက် အသုံးအဆောင်၊ ကွင်းနှင့် ပစ္စည်းများ စီမံခန့်ခွဲမှုအားနည်းသောကြောင့်ဟု အကြောင်းပြကြသည်။ သို့သော် အာရှအိုလံပစ်ကောင်စီကမူ ခရစ်ကက်မှာလူကြိုက်များပြီး ပရိသတ်စိတ်ဝင်စားသော ကစားနည်းဖြစ်သည်ဟုဆိုကာ ဖယ်ရှားပစ်ခြင်း အတွက်အငြင်းပွားစရာဖြစ်ခဲ့သည်။

ဟောင်ကောင်စက်ဘီးသမားများကလည်း အိုလံပစ်နှင့် ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် အသုံးပြုသည့် စက်ဘီးလမ်း (Veledrome) မှာ ရုံတွင်းစက်ဘီးလမ်းဖြစ်ပြီး မီတာ (၂၅၀)သာ ရှိကြောင်း၊ ယခုစက်ဘီးလမ်းမှာ လေဟာပြင် (Outdoor) တွင်ရှိပြီး မီတာ (၃၃၀)အထိ ရှိနေသဖြင့် စိုးရိမ်မိကြောင်း ယခုစက်ဘီးလမ်းမှာ ခေတ်သစ်စက်ဘီးပြိုင်ပွဲတွင်အသုံးပြုသည့် (Modern Cycling Outdoor Veledrome) ဖြစ်ကြောင်း စောဒကတက်ခဲ့ကြသည်။ ပြိုင်ပွဲ စီစဉ်သူများကမူ စက်ဘီးလမ်းကြောင်း အနည်းငယ်ပိုရှည်သဖြင့် မည်သူမျှပိုမို အားသာချက် မရနိုင်ကြောင်း၊ စက်ဘီးလမ်းကိုလည်း ထပ်ပိုးလွှာခင်းပြီး အပြည်ပြည်ဆိုင်ရာ စက်ဘီးသမဂ္ဂ (UCI) ထံ အတည်ပြုချက်ရယူပေးမည်ဖြစ်ကြောင်းဖြင့် အပြန်အလှန် ပြောဆိုခဲ့ရမှုများ ရှိခဲ့ကြသည်။

လူလူမင်း

၂၀၁၆ ဥက္ကဋ္ဌရွေးကောက်ပွဲနှင့် ဖီဖာပြုပြင်ပြောင်းလဲရေးကို ဦးဆောင်မည့် ဂီယန် အင်ဗန်တီနို

၂၀၁၅ခုနှစ် မေလအတွင်း ကျင်းပခဲ့သော ဖီဖာဥက္ကဋ္ဌရွေးကောက်ပွဲတွင် ဆပ်ဘလတ္တာမှာ နောက်တစ်ကြိမ်သက်တမ်းအတွက် ရွေးချယ်တင်မြှောက်ခံခဲ့ရသော်လည်း ရွေးကောက်ပွဲအပြီး (၃)ရက်အကြာ တွင် ဖီဖာအဖွဲ့ဝင်များကို အမေရိကန်ပြည်ထောင်စု ထောက်လှမ်းရေးဗျူရို (FBI) နှင့် ဆွစ်ဇလန်နိုင်ငံတရားရေးအဖွဲ့တို့က ဖီဖာရုံးချုပ်ကို ဝင်ရောက်စီးနင်းကာ တာဝန်ရှိသူအချို့ကို ဖမ်ဆီးစစ်ဆေးခြင်း ဥက္ကဋ္ဌဘလတ္တာ၊ UEFA ဥက္ကဋ္ဌ ပလာတီနီတို့ကိုပါ အရေးယူခဲ့ပြီး ဖီဖာအဖွဲ့ချုပ်၏ ငွေကြေးဆိုင်ရာမသမာမှုများကို ဆက်လက်ဖော်ထုတ်ဆောင်ရွက်လာခဲ့သည်။

ထိုသို့အခြေနေများ ဖြစ်ပွားခဲ့ပြီး နောက်ဆက်တွဲအဖြစ် ကမ္ဘာ့ဘောလုံးလောကတွင် ပြဇာတ်ဆန်ဆန် စီးနင်းခံရမှုများ၊ ဆပ်ဘလတ္တာကိုယ်တိုင် ရာထူးမှဆင်းပေးရမှုများ ဖြစ်ပွားလာပြီး ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလတွင် သူ့ကိုဆက်ခံမည့် ဥက္ကဋ္ဌသစ် ရွေးချယ်ပြီးခါနီအထိသာ ဆက်လက်တာဝန်ယူမည်ဟု အသိပေးကြေညာခဲ့သည်။ သို့သော်အခြေအနေမှာ ဘလတ္တာမျှော်မှန်းသကဲ့သို့ဖြစ်မလာဘဲ သူနှင့်မီခေးလ်ပလာတီနီ တို့ကိုပါ တာဝန်မှ ဆိုင်းငံ့ခံရပြီး ရွေးကောက်ပွဲတွင် ပါဝင်ခွင့်မရသည့် အခြေအနေထိ ရောက်ရှိခဲ့သည်။

ထိုအခြေအနေကြောင့် ဖီဖာကျင့်ဝတ်ကော်မတီက ဥက္ကဋ္ဌသစ်ရွေးချယ်ရေး ကော်မတီကို ဖွဲ့စည်းပြီး ကြီးကြပ်ဆောင်ရွက်ခဲ့သဖြင့် ယခုကဲ့သို့ ဖီဖာဥက္ကဋ္ဌသစ်ရွေးကောက်ပွဲကို ဆွစ်ဇာလန်နိုင်ငံ၊ ဇူးရစ်မြို့တွင် ဖီဖာအထူးညီလာခံခေါ်ယူကာ ကျင်းပလာခဲ့သည်။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပုဂ္ဂိုလ်များကို ဖီဖာ ကျင့်ဝတ်ကော်မတီက စိစစ်ပြီး လူ(၇)ဦးအမည်စာရင်း ထွက်ခဲ့သော်လည်း နောက်ဆုံး (၅)ဦးသာ အရွေးခံ ခဲ့သည်။ ဖီဖာဥက္ကဋ္ဌသစ်ရွေးကောက်ပွဲသို့ ကမ္ဘာတစ်လွှားမှ ဖီဖာအဖွဲ့ဝင်နိုင်ငံပေါင်း (၂၀၉) နိုင်ငံမှ ကိုယ်စားလှယ် (၂၀၇) ဦး တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ ဖီဖာအထူးညီလာခံ ကိုယ်စားလှယ်အဖွဲ့တွင် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်၊ ဒု-ဥက္ကဋ္ဌများဖြစ်သော ဒေါက်တာစိုင်းစံထွန်းနှင့် ဦးပြည့်ဖြိုးတေဇတို့ တက်ရောက်ခဲ့ကြသည်။

ဖီဖာဥက္ကဋ္ဌသစ်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများ

ဖီဖာအဖွဲ့ဝင်နိုင်ငံများမှ သတ်မှတ်ရက်အတွင်း ကိုယ်စားလှယ်လောင်းစာရင်း တင်သွင်းလာသော ပုဂ္ဂိုလ်များကို စီစစ်ပြီး (၆)ဦးကို အတည်ပြုခဲ့သည်။ ၎င်းတို့မှာ တော်ဝင်မင်းသားအလီဘင်အယ်လ်ဟူစိန်၊ မစ္စတာဂျရုမ်းကန်ပင်နန်း၊ မစ္စတာဂီယန်နီအင်ဖန်တီနို၊ မစ္စတာမီခေးလ်ပလာနီတီ၊ စော်ဘွားရှိတ်ဆော်လ်မန်ဗင်အီဘရာဟင်အလီခါလီဖာနှင့် မစ္စတာ တိုကျိုဆက်စ်ဝဲလ် တို့ဖြစ်သည်။

သို့သော် မိခေးလ်ပလာတီနီကို ဖီဖာမှ (၈)လ တားမြစ်ထားခံရသဖြင့် ရွေးကောက်ပွဲကျင်းပရေး (အက်ဒ်ဟော့ကော်မတီ)က သူ၏အမည်ကို ချန်လှပ်ထားခဲ့သည်။ သို့ဖြစ်ရာ ကျန်နေသော ဥက္ကဋ္ဌလောင်းများမှာ-

- မင်းသားအလီဘင်အယ်လ် ဟူစိန် (၃၉နှစ်)၊ ကျော်ဒန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ
- ဂျရုမ်းကန်ပင်နိုး (၅၇နှစ်)၊ ဖီဖာအမှုဆောင်ကော်မတီဝင်ဟောင်း
- ဂီယန်နီအင်ဖန်တီနို (၄၅နှစ်)၊ UEFA အထွေထွေအတွင်းရေးမှူး
- ရှိတ်ဆော်လ်မန်ဘင်အီဘရာဟင်အလီခါလီဖာ (၄၉နှစ်)၊ အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ
- တိုကျိုဆက်စ်ဝဲလ် (၆၂နှစ်)၊ တောင်အာဖရိကအစိုးရအဖွဲ့ဝန်ကြီးဟောင်းနှင့် စီးပွားရေးလုပ်ငန်းရှင် တို့ဖြစ်သည်။

ကိုယ်စားလှယ်စိစစ်ရေးအဖွဲ့၏ မှတ်ချက်တွင် ပလာတီနီကို ဖီဖာမှ တာဝန်ရပ်ဆိုင်းပြီး ဘောလုံးလှုပ်ရှားမှုများနှင့်ဆက်သွယ်မှုတားမြစ်ခံထားရသဖြင့် ၎င်းကိုထုတ်ပယ်ထားခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။ သူသည် ဘလတ္တာ၏နေရာတွင် အစားထိုးရန် အလားအလာအရှိဆုံးလည်းဖြစ်သည်။ လိုက်ဘေးရီးယားအဖွဲ့ချုပ်ဥက္ကဋ္ဌ မူဆာဘီလီတီမှာ စာရိတ္တပိုင်းဆိုင်ရာ စုံးစမ်းစစ်ဆေးမှု အစီရင်ခံစာအရ ညှိစွန်းနေသဖြင့် ငြင်းပယ်ခံရခြင်းဖြစ်ပြီး နောက်ဆုံးကိုယ်စားလှယ်လောင်း (၅) ဦးသာ ရွေးကောက်ပွဲတွင် ပါဝင်လာခဲ့သည်။

ရွေးကောက်ပွဲမဲဆိုင်မီ ဖီဖာမှ ပြေကြားခဲ့သော မေးခွန်းများ

ဖီဖာမှာ ဆပ်ဘလတ္တာနေရာအတွက် ဘယ်သူကိုအစားထိုးမလဲ

- ဘောလုံးလောကအကြပ်အတည်းတွေဟာ ဖီဖာအထိ ရောက်ရှိခဲ့ပြီး ပိုမိုကြီးထွားလာပါတယ်။ ယခုဇူးရစ်ညီလာခံမှာ ဖီဖာအဖွဲ့ဝင်အားလုံး တွေ့ဆုံပြီး ခေါင်းဆောင်သစ်ကို ရွေးချယ်ကြမှာပါ။ အနိုင်ရသူဟာ ယိုယွင်းနေတဲ့ အဖွဲ့ကြီးကို ခေတ်သစ်တစ်ခုဆီ ခေါ်ဆောင်သွားပါလိမ့်မယ်။

- အနိုင်ရရှိသူကို ဒီဉ(ဖေဖော်ဝါရီ (၂၆) မှာပဲ ကြေညာမှာပါ။ ယခုအခမ်းအနားလုပ်နေတဲ့ Hallen Stadium မှာ နောက်နေ့ဆိုရင် ရေခဲပြင်ဟော်ကီပွဲကျင်းပဖို့ရှိနေပါတယ်။

ရွေးကောက်ပွဲရက်မှာ ဘာတွေဖြစ်နိုင်သလဲ

- ဖီဖာအဖွဲ့ဝင် (၂၀၉)နိုင်ငံဟာ ဇူးရစ်ညီလာခံမှာ တွေ့ဆုံကြမယ်၊ ဒါဟာ (၁၈) နှစ်ကြာ ဖီဖာမှာကြီးစိုးခဲ့တဲ့ ဘလတ္တာကိုယ်တိုင် ရာထူးမှ ဆင်းပေးရင်းကတိပြုခဲ့တဲ့ အကျိုးဆက်ဖြစ်ပါတယ်။ အသက် (၇၉)နှစ်ရှိပြီဖြစ်တဲ့ ဆွစ်ဇာလန်နိုင်ငံသားကြီးက သူ့ကိုအပ်နှင်းထားတဲ့ တာဝန်တွေကို လက်လျော့လိုက်ပါပြီလို့ပြောခဲ့ပါတယ်။ တစ်ချို့က သူတကယ်နှုတ်ထွက်မှာ မဟုတ်ဘူးလို့ ယူဆနေကြတယ်။

ဖီဖာအရာရှိတွေက သူ့ကိုဘယ်လိုယုံကြည်မှုရှိကြမှာလဲ၊ သူကပလာတီနီကို မရိုးသားတဲ့ ပေါင် (၁. ၃)သန်း ပေးခဲ့ကြောင်းစွပ်စွဲခံရပြီး ဘောလုံးနဲ့ (၈)နှစ်ကြာ တားမြစ်ခံထားရတာပဲ

- နှစ်ဦးစလုံးက အပြစ်မရှိကြောင်း ငြင်းဆိုပြီး အယူခံဝင်ထားကြပါတယ်။ ဆပ်ဘလတ္တာမှာ အထူးညီလာခံထဲဝင်ဖို့ စိစစ်ရေးကတ်လည်းမရှိပါဘူး။ ဇူးရစ်မြို့ရဲ့ဆင်ခြေဖုံးမှာ ဒီရွှေးကောက်ပွဲကို ကျင်းပမှာမို့ပါ။

ဖီဖာအရေးပေါ်ညီလာခံက ဘာတွေဆုံးဖြတ်မှာလဲ။

- ဒီမှာ ဖြေရှင်းရမယ့်အရေးကြီးကိစ္စ (၂)ရပ်ရှိပါတယ်။ ပထမဆုံး မကြာသေးခင်လများအတွင်း ဖီဖာကို သိက္ခာကျစေပြီး အကျပ်အတည်းဖြစ်စေတဲ့ ကိစ္စမျိုးတွေ ထပ်မဖြစ်အောင် တားဆီးဖို့စီစဉ်ထားတယ်။ အဲ့ဒီပြုပြင်ပြောင်းလဲရေးအစီအစဉ်တွေကို ညီလာခံကိုယ်စားလှယ်တွေက သဘောတူအတည်ပြုပေးရမယ်။ နောက်တစ်ခုက ဒီအဆိုပြုချက်တွေကို အတည်ပြုလက်ခံပြီး တရားဝင်ဖြစ်လာရင် ဥက္ကဋ္ဌသစ်ကို ခန့်အပ်ရဖို့ ရှိလာမှာဖြစ်ပါတယ်။ (Appointed) ဟုသုံးထားသည်။

ပြုပြင်ပြောင်းလဲရေးအစီအစဉ်က ဘာတွေလဲ။

- တစ်ချို့က ဖီဖာမာဖီးယားဂိုဏ်းကြီးကို ဘယ်လိုဖြိုမလဲလို့ မေးကြတယ်။ ဒီအစီအစဉ်တွေဟာ ဖီဖာရဲ့အနာဂတ်အတွက် တကယ်အရေးကြီးတယ် အဖွဲ့ဝင်တွေ ပေါ့ဆပြီးမေ့နေလို့ မဖြစ်ဘူးဆိုတာ မီးမောင်းထိုးပြရမယ်။ ဒီဦးဆောင်အဖွဲ့ကြီးကို သန့်ရှင်းရိုးသားတဲ့ အဖွဲ့ဖြစ်အောင် မဆောင်ရွက်နိုင်ဘူးဆိုရင် ပိုဆိုးပြီး ကပ်ဆိုက်သွားနိုင်တယ်လို့ ဖီဖာအတွင်းလူတစ်ဦးက ယုံကြည်နေတယ်။ နေ့စဉ်လုပ်ငန်းတာဝန်ယူတဲ့ အဖွဲ့မှာ နိုင်ငံရေးကိုယ်စားလှယ်တွေကို ဖယ်ထုတ်ရမယ်။ ဖီဖာလက်ရှိအမှုဆောင်ကော်မတီကို မဖျက်သိမ်း ရသေးဘူး။ ဒီနေရာမှာ အဖွဲ့ဝင် (၃၆) ဦးနဲ့ အစားထိုးပြီး ဖီဖာကောင်စီသစ်ဖွဲ့ရမယ်။ ဒီအဖွဲ့မှာ ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာတွေ စီစဉ်ဖို့ အများဆုံး အမျိုးသမီး (၆)ဦးကို ကမ္ဘာ့ဒေသကြီး (၆)ခုကိုယ်စားပြုပြီး ပါဝင်စေရမယ်။ ဖီဖာရဲ့နေ့စဉ်လုပ်ငန်းတွေကို အတွင်းရေးမှူးချုပ်ရုံးက သိရှိနေရမယ်။ ဒီအဖွဲ့ဟာ ကော်ပိုရိတ်အမှုဆောင်ဘုတ် အဖွဲ့နဲ့တူညီရမယ်။ အတွင်းရေးမှူးချုပ်ကလည်း ထိရောက်တဲ့ စီအီးအိုလိုပဲ အာဏာအပြည့်ရှိတဲ့ ရာထူးတာဝန်ဖြစ်ရမယ်။ အပြန်အလှန်ထိန်းချုပ်တဲ့ (Checks and Balance) စနစ်ကို ကော်မတီအဆင့်ဆင့်က ကျင့်သုံးရမယ်။ အရေးကြီးဆုံးကတော့ လုံးဝလွတ်လပ်တဲ့ စာရင်းစစ်ဆေးရေးအဖွဲ့နဲ့ စောဒက (တိုင်စာ) ကော်မတီတွေလည်း ဖွဲ့စည်းနိုင်ရမယ်။ ဒေသဆိုင်ရာကွန်ဖက်ဒရေးရှင်းတွေနဲ့ နိုင်ငံအဖွဲ့ချုပ် (FA) တွေအနေနဲ့ ဖီဖာရဲ့အားထုတ်ဆောင်ရွက်မှုတွေကို မျက်ခြေမပျက်ကြည့်နေစေချင်တယ်။ နှစ်စဉ်စာရင်းစစ်ဆေးရေးအဖွဲ့ပုံစံမျိုးပါ။ ဘလတ္တာနဲ့ ပလာတီနီကိုလည်း ကောင်စီသစ်ဖွဲ့စည်းပြီး စက္ကန့် (၆၀)အတွင်း တားမြစ်မိန့်ကို ထုတ်ပြန်ရမယ်။ ပြီးတော့ ဥက္ကဋ္ဌ သက်တမ်းကို အများဆုံး (၁၂)နှစ်နဲ့ ကန့်သတ်ရမယ်။

ပြုပြင်ပြောင်းလဲရေးအစီအစဉ်တွေကို အဖွဲ့ဝင် (၂၀၉)နိုင်ငံက သဘောတူပါ့မလား။

- မကြာသေးခင် နှစ်တွေအတွင်း ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ပြန်ကြည့်ပါ။ ညီလာခံကိုယ်စားလှယ်တွေအနေနဲ့ ပြုပြင်ပြောင်းလဲရေးကို လိုလားရင်ရွေးစရာလမ်းမရှိဘူး။ ဒီအဆိုပြုချက်တွေ အတည်ဖြစ်ဖို့ ဆန္ဒမဲ (၇၅%) လိုပါတယ်။ ယာယီဥက္ကဋ္ဌ အစ်ဆာဟေယာတူက ဒီမဲအရေအတွက်ရဖို့ တက်တက်ကြွကြွနဲ့ သတင်းတွေဖြန့်ဝေထားပြီးပါပြီ။ ဟေယာတူဟာ အပြည်ပြည်ဆိုင်ရာ တားမြစ်ဆေးဝါးအရှုပ်တော်ပုံကို ကိုင်တွယ်ခဲ့တာ အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီက ချီးကျူးထားတယ်။

- အဲ့ဒီတုန်းက အားကစားဈေးကွက်ကုမ္ပဏီ တစ်ခုက ဒေါ်လာသန်းတစ်ရာ (ပေါင် ၆၆. ၂သန်း) ပေးခဲ့ရာမှာ ယခင်ဖီဖာဥက္ကဋ္ဌဂျိုးဟာဗီလန်နဲ့ အမှုဆောင် ရီကာဒိုတက်ဆီယာရာတို့လည်းပါခဲ့တယ်။ အပြန်အလှန်ဖြစ် သူတို့က ရုပ်သံထုတ်လွှင့်ခွင့်တွေကို ၁၉၉၀ပြည့်နှစ် တစ်လျှောက်လုံးရသွားတယ်။ ထပ်ပြီးတော့ သူ့ကိုလည်း ကာတာမှာ အိမ်ရှင်လုပ်ခွင့်ရဖို့ ပေါင်တစ်သန်းခွဲ ပေးပြီး မဲဝယ်ခဲ့တယ်လို့ စွပ်စွဲခံရတယ်။ ဟေယာတူကရော ကာတာနိုင်ငံဘက်ကပါ အမှားလုပ်ဆောင်ထားခြင်း မရှိဘူးလို့ ငြင်းဆိုထားကြတယ်။ ဒီတော့ အခုလို ပြုပြင်ပြောင်းလဲရေးလုပ်ဖို့မှာ ဟေယာတူက ရှေ့ဆုံးက ပါဝင်နေတာ စိတ်ဝင်စားစရာပါပဲ။ ဟေယာတူဟာ သိက္ခာပိုင်းအရ ခြောက်ပစ်ကင်းသဲလည်းစင်မဟုတ်တော့ မဟုတ်ပါဘူး။ သူ့ကိုစွပ်စွဲခဲ့ပေမယ့် ၂၀၀၉ခုနှစ် ရွေးကောက်ပွဲတုန်းက ဥရောပအသိုင်းအဝိုင်းမှာ သူမပါခဲ့ပဲမိသားစု အရှိန်အဝါနဲ့ စွပ်စွဲခံရတာပါ။

ယခုပြုပြင်ပြောင်းလဲရေးတွေမအောင်မြင်ခဲ့ရင် ဘာကြောင့် ကပ်ဆိုက်သလို ဖြစ်မှာပါလဲ။

- ဖီဖာအဖွဲ့ချုပ်ဟာ လက်ရှိမှာ အားပြိုင်နေရတဲ့ အခြေနေပါ။ အမေရိကန်နိုင်ငံနဲ့ ဆွစ်ဇာလန်အာဏာပိုင်တွေက ဖီဖာရဲ့ လက်ရှိအမှုဆောင်တွေရော အမှုဆောင်ဟောင်းတွေကိုပါ အရေးယူစစ်ဆေးနေပါတယ်။ ဒီအနေအထားအရ ဖီဖာဟာ အမေရိကန်တရားရေးဌာနရဲ့ သားကောင်လို ဖြစ်နေပါတယ်။ ဒီအခြေအနေကို ပြောင်းလဲပစ်ရမှာပါ။ ဒါကြောင့် ဖီဖာဟာ မပြောင်းလဲပဲ ဒီအတိုင်းဆက်သွားခဲ့ရင် အမေရိကန်ရဲ့ မလျော်ကန် သောနည်းဖြင့် စီးပွားရှာမှု တားမြစ်ရေးဥပဒေ အရ ပထမဆုံး ရာဇဝတ်ဂိုဏ်းတစ်ခုအဖြစ် နှိမ်နင်းခံရဖို့ ရှိနေပါတယ်။ ဒါကြောင့် ဒီပြုပြင်ပြောင်းလဲရေးတွေကို အတည်ပြုဖို့အရေးကြီးတယ်။ ဖီဖာဟာ ဒီစစ်ဆင်ရေးကို ဆက်လုပ်ရမယ်၊ ရပ်ပစ်လို့မဖြစ်ပါဘူး။

အခြားအကြောင်းအချက်တွေရော ရှိပါသလား။ အနာဂတ်မှာ ဘာဖြစ်မလဲ အခုစီစဉ်ထားပြီးဖြစ်တဲ့ ကမ္ဘာ့ဖလားဘောလုံးပွဲတွေကိုရော စွန့်စားပြီး ဆက်လက်ကျင်းပသွားမှာလား။

- ဟုတ်ကဲ့ ဒီနေရာမှာ အတော့်ကို ရှုပ်ထွေးခက်ခဲပါတယ်။ အမေရိကန်ရှေ့နေချုပ်နဲ့ ဆွစ်အာဏာပိုင်တွေက ၂၀၁၈နဲ့ ၂၀၂၂ ကမ္ဘာ့ဖလားပွဲတွေကို ရှုရှားနဲ့ ကာတာနိုင်ငံတို့

ဘယ်လိုရရှိသွားသလဲဆိုတာ သိပ်သိချင်နေတယ်။ မမှန်မကန် လုပ်ခဲ့တာမျိုးမရှိဘူးဆိုရင် ဆက်ပြီးကျင်းပသွားနိုင်မှာပါ။ ရပ်ဆိုင်းပစ်ရအောင် ကလည်း ပြုင်ပွဲ (၂)ရပ်စလုံးအတွက် စရိတ်စကကုန်ကျထားသမျှ အလဟသဖြစ်ကုန်မှာပါ။ ပြီးတော့ ပထဝီနိုင်ငံရေးအနေအထားအရ အုပ်စုတွေ ကွဲပြဲကုန်မယ်၊ အထူးသဖြင့် ဆီးရီးယားမှာ လောလောဆယ်ဖြစ်ပေါ်နေတဲ့ စစ်ရေးအခြေအနေတွေ ရှုပ်ထွေးကုန်မယ်။ ပြီးတော့ အမေရိကန်ရဲ့ တကယ့်မဟာမိတ်ကြီးဖြစ်တဲ့ ကာတာနိုင်ငံပါ၊ အဲ့ဒီမှာ မဟာဗျူဟာကျတဲ့ လေတပ်အခြေစိုက်စခန်းရှိ နေပါတယ်။ ဒါတွေအားလုံးပြီးရင် နိုင်ငံရေးပြဿနာတွေ အများကြီးရှိလာအုံးမယ်။ သမ္မတဘားရက်အိုဘားမား အစိုးရအဖွဲ့မှာ အလုပ်တွေ ရှုပ်သွားမယ်လို့ဆိုတယ်။ အတွင်းလူတစ်ဦးကတော့ အမေရိကန်ရှေ့နေချုပ် လိုရီတာလင့်ချ်က ဒါမျိုးလုပ်မှာမဟုတ်ဘူးလို့ ပြောထားတယ်။

ဒါဆိုနောက်ထပ်အဖမ်းအဆီးတွေ မရှိတော့ဘူးလား

- ပြီးခဲ့တဲ့ ဒီဇင်ဘာလက ရဲတပ်ဖွဲ့တွေ ဆွစ်ဇာလန်ရှိ Baur au Lac ဟိုတယ်ကို သွားပြီး နောက်တစ်သုတ် အဖမ်းအဆီးတွေလုပ်ခဲ့တယ်။ အဲ့ဒီမှာ (၂၄)ဦးပါပြီး ဖီဖာအဆင့်မြင့် အရာရှိကြီးတွေ၊ အမျိုးသားအဖွဲ့ချုပ် (FA) ကပုဂ္ဂိုလ်တွေလည်း ပါတယ်။ တစ်ချို့ကတော့ အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်ထားပြီးသားပါ။ တစ်ချို့ကမဟုတ်ကြဘူး။ ဒီလိုအခြေအနေ ရောက်မှတော့ အမေရိကန်ဆက်ပြီးအရေးယူလိမ့်မယ်။ Grand Jury တွေနဲ့ အမေရိကန်မှာ ရုံးထိုင်စစ်ဆေးမယ်။ နောင်ဖြစ်ပေါ်လာမယ့် ကိစ္စတွေကို စဉ်းစားနိုင်ဖို့ပါ။ နောက်တော့ ဆွစ်ဇာလန်စုံစမ်းစစ်ဆေးရေးအဖွဲ့က ၂၀၁၈၊ ၂၀၂၂ ကမ္ဘာ့ဖလားအိမ်ရှင်ရွေးချယ်မှုကို ဆက်ပြီး စစ်နေတယ်၊ အဲ့ဒီမှာ စစ်ဆေးမှုက ကျယ်ပြန့်လာပြီး ဘလတ်တာကို ပြစ်မှုကျူးလွန်ရာရောက်တဲ့ စစ်ဆေးမှုမျိုးပါ ဖြစ်လာခဲ့ပါတယ်။

ဒီတော့ အမေရိကန်က ပြီးခဲ့တဲ့ မေလနဲ့ ဒီဇင်ဘာလအတွင်းကလို ရွေးကောက်ပွဲမတိုင်မီ ထပ်ပြီး စစ်ဆင်ရေးလုပ်အုံးမှာလား။

- တကယ့်မေးခွန်းကြီးပဲ၊ အခုထိတော့ ဘယ်သူမှ မသိနိုင်သေးပါဘူး။ လုပ်ပြီဆိုရင်တော့ ဥက္ကဋ္ဌရွေးကောက်ပွဲ အပေါ်ကိုပါ သက်ရောက်မှုရှိလာနိုင်တယ်၊ ဒီတစ်ခါပစ်မှတ်က ဘယ်သူလဲ၊ ဘယ်မှာလဲ၊ အမေရိကန်က ရည်မှန်းချက်ပြောင်းပြီး ဥရောပသာမက အာရှနဲ့အာဖရိကဘက်ကို ဦးတည်သွားနိုင်တယ်။

ဒီယန္တရားကြီးကို ခန့်မှန်းရသိပ်ခက်သွားပြီ ဒီဥက္ကဋ္ဌရွေးကောက်ပွဲက ဒီဖြစ်ရပ်တွေကို ရပ်တံ့ပစ်နိုင်ပါ့ မလား။

- ဒါပေမယ့် ဘာပဲဖြစ်ဖြစ်လက်ရှိဖီဖာအနေနဲ့တော့ ဘာမှလုပ်လို့ကိုင်လို့ မရနိုင်တော့ပါဘူး။

လက်ရှိအတိုင်းဆက်သွားရင် ရွေးကောက်ပွဲက ဘယ်သူနိုင်မယ်ထင်သလဲ။

- ရှိတ်ဆော်လမန်အီဘရာဟင်အယ်လ်ခါလီဖာ (ဘာရိန်း) က ရှေ့ကပြေးနေတယ်လို့ လေ့လာသူတွေ ပြောနေတာပဲ။ သူ့နောက်မှာ အာရှနဲ့အာဖရိက အဖွဲ့ချုပ်တွေ ပံ့ပိုးနေတယ်။ သူတို့က အုပ်စုပုံစံနဲ့ မဲပေးကြမှာတော့ မဟုတ်ဘူး။ မဲကလျှို့ဝှက်မဲပေးစနစ်ကျင့်သုံးမှာ၊ ဒီလိုအင်အားကြီးတဲ့ အာရှနဲ့အာဖရိက ရှိနေတော့ ဘာရိန်းနိုင်ငံသားကြီးကို လျော့တွက်လို့မရဘူး။ နိုင်ငံအဖွဲ့ချုပ် (FA) တွေကလည်း ရှုံးမယ့်လူကို မဲပေးချင်ကြမှာ မဟုတ်ဘူး။ ဒါပေမယ့် လျှို့ဝှက်မဲပေးစနစ်ဆိုတော့ ပြောဖို့ခက်ပါတယ်။

ဥက္ကဋ္ဌဖြစ်နိုင်ခြေရှိသူများအတွက်မေးမြန်းခြင်း

ဂီယန်အင်ဖန်တီနိုရဲ့အနေအထားက ဘယ်လိုရှိသလဲ။

- သူကတော့ လက်ရှိဖီဖာကို အခုနေပြုပြင်ချင်ရင် ပြုပြင်မဟုတ်ရင်နောင်မှဆိုပြင်ဖို့မလွယ်ဘူး။ Now or Never ဆိုတဲ့ လူစားပါ။ အသက် (၄၅)နှစ်အရွယ်ရှိတဲ့ ဆွစ်ဇာလန်အာဏာပိုင်အုပ်စုဝင်တစ်ဦးကတော့ အင်ဖန်တိုနီကို ကျော်နိုင်မှဖြစ်မယ်လို့ ပြောထားတယ်။

ထားပါတော့ သူ့နောက်က မင်းသားအလီဘင်အယ်လ်ဟူစိန်ကရော

- မင်းသားအလီဘင်ကတော့ မေလအတွင်းရွေးကောက်ပွဲမှာ ရှုံးထားတာမို့ သိပ်မထူးပါဘူး။

ရွေးကောက်ပွဲတကယ်နီးလာတော့ အခြေအနေတွေ ပြောင်းမသွားဘူးလား

- ဟုတ်ပါတယ်၊ တစ်ချို့အခြေအနေပြောင်းလဲလာပေမယ့် အလီဘင်ကတော့ ဥက္ကဋ္ဌမဖြစ်နိုင်ပါဘူး။ သူကဘလတ္တာကို အတော်ခံပြင်းနေတဲ့သူပါ။

ဒီလိုဆို နောက်ထပ်အလားလာအကောင်းဆုံးက ဘယ်သူလဲ

- ဒါကတော့ ဥရောပဇုန်က မဲအတော်များတယ်။ အင်္ဂလန်တို့ ပြင်သစ်တို့က ထောက်ခံဖို့အလားအလာရှိတဲ့ ဂီယန်အင်ဖန်တီနိုကို လျှော့တွက်လို့မရဘူးဆိုတာတော့ ရှိပါတယ်။

မဲကိုဘယ်လိုပေးကြမှာလဲ

- ရွေးကောက်ပွဲမှာ မဲပေးရမယ့်အဖွဲ့ဝင် (၂၀၉)နိုင်ငံရှိတယ်။ ကူဝိတ်နဲ့အင်ဒိုနီးရှားက တားမြစ်ခံထားရတဲ့ အတွက် (၂၀၇)နိုင်ငံ ကျန်ပါတယ်။ ပထမအကြိမ် မဲပေးအပြီးမှာ ရွေးကောက်ပွဲဝင်တစ်ဦးဟာ ခိုင်လုံမဲ (၃၀ုံ-၂ပုံ) ရရှိရမယ်။ ဒီအဆင့်ကို မရဘူးဆိုရင် ဒုတိယအကြိမ် မဲပေးပြီး သာမန် မဲအများစုနဲ့ အနိုင်ရဖို့ လိုပါတယ်။ ဒုတိယအကြိမ် မဲပေးပြီးသည်အထိ အနိုင်ရသူမရှိရင် ဒုတိယအကြိမ် မဲပေးရာမှာ အနည်းဆုံး ရတဲ့သူကို ဖယ်ပစ်ပြီး ကျန်သူတွေနဲ့ တတိယအကြိမ် မဲပေးမှုပြုလုပ်ရပါမယ်။ ဖီဖာက အရွေးချယ်ခံရသူကို ဖေဖော်ဝါရီ(၂၆)ရက်နေ့မှာပဲ ကြေညာခဲ့ပါတယ်၊

ဖီဖာဥက္ကဋ္ဌရွေးကောက်ပွဲမှာ ဘယ်သူမဲအများဆုံးရမလဲ

- အာဖရိကဇုန် (CAF)မှာ မဲအားလုံး (၅၄)မဲ၊

- ဥရောပဇုန် (UEFA)မှာ မဲအားလုံး (၅၃)မဲ၊

- အာရှဇုန် (AFC)မှာ မဲအားလုံး(၄၆)မဲ၊

- မြောက်နဲ့ ဗဟိုအမေရိက (Concacaf)မှာ မဲအားလုံး(၃၅)မဲ၊

- သမုဒ္ဒရာဒေသဇုန် (OFC)မှာ မဲအားလုံး (၁၁)မဲ၊

- တောင်အမေရိကဇုန် (Comebo)မှာ မဲအားလုံး(၁၀)မဲ အသီးသီးရှိကြတဲ့အတွက် စုစုပေါင်း ဆန္ဒမဲက အဖွဲ့ဝင်တစ်နိုင်ငံ တစ်မဲနှုန်းနဲ့ (၂၀၉)မဲ ရှိပါတယ်။ အဲဒီထဲက အများဆုံးရတဲ့သူကို ရွေးချယ်မှာ ဖြစ်ပါတယ်။

သောကြာနေ့ရွေးကောက်ပွဲက ဘယ်လောက်ထူးခြားသလဲ

- ဖီဖာမှာဖြစ်ပျက်တွေ့ကြုံခဲ့သမျှအတိုင်း ဖွင့်ဟရရင် အတွင်းလှိုက်ခြစား နေတာတွေ ရပ်သွားအောင် ဆောင်ရွက်ဖို့ပျက်ကွက်တဲ့၊ ပြုပြင်ပြောင်းလဲဖို့နှောင့်နှေးလေးဖင့်နေတဲ့ အဖွဲ့ကြီးက ဘယ်လိုအကြပ်တည်း တွေနဲ့ ကြုံတွေ့ရတဲ့ အခိုက်အတန့်မျိုး ဖြစ်နေပါတယ်။ ခေါင်းဆောင်သစ်တစ်ဦးက ပြုပြင်ပြောင်းလဲရေး အစီအစဉ်သစ်တွေနဲ့ ပြန်လည်စတင်ရမယ့် အချိန်အခါ ဖြစ်လာပါပြီ။ ဖီဖာယာယီဥက္ကဋ္ဌ အစ်ဆာဟေယာတူက ရွေးကောက်ပွဲမှာ ပြုပြင်ပြောင်းလဲရေး အစီအစဉ်တွေကို ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲနေ့ဟာ အာရုဏ်သစ် တစ်ခုအတွက် အချက်ပြမှုအဖြစ် ပြောကြားထားပါတယ်။ 'ဒါဟာ ကျွပ်တို့ရဲ့ ညီညွတ်မှုကို ပြသပြီး ပိုမိုကောင်းမွန်တဲ့ ဖီဖာအသစ်ကို တည်ဆောက်ရမယ့် အခွင့်အလမ်းပါပဲ' လို့ဖွင့်ဟခဲ့တယ်။

ဖီဖာမှာ ဘယ်လောက်ဆိုးရွားစွာ ခံစားလိုက်ရလဲ

- ဒီအဖွဲ့ကြီးမှာ ငွေကြေးမသမာမှု စွတ်စွဲချက်တွေ ကျယ်ပြန့်လာခဲ့တယ်။ အဖွဲ့ကြီးရဲ့ ဦးဆောင်အရာရှိတွေ ဖမ်းဆီးခံရတယ်။ ဥက္ကဋ္ဌကိုလည်း ရာထူးကချပြီး တားဆီးခံရတယ်။ အဖွဲ့ကြီးအတွက် ကူညီပံ့ပိုးနေတဲ့ နာမည်ကြီး စပွန်ဆာတွေကလည်း ကျောခိုင်းစွန့်ခွာပြီး အထီးကျန်အောင် ဆောင်ရွက်လာကြတယ်။

- ဖီဖာအရာရှိ အတော်များများ အမေရိကန်မှာ စွဲချက်တင်ခံရပြီး ဒါတွေကို ထုချေနေရတယ်။ တစ်ချိန် တည်းမှာ ဆွစ်ဇာလန်အာဏာပိုင်တွေက အဖွဲ့ကြီးကို စုံစမ်းစစ်ဆေးမှုတွေ ဆက်ပြီး လုပ်နေတယ်။ ဘလတ္တာကိုလည်း ဘောလုံးလှုပ်ရှားမှုတွေနဲ့ ကင်းကင်းနေဖို့ (၆)နှစ်ကြာ တားမြစ်ခံထားရတယ်။ သူကိုလည်း သစ္စာပျက်ယွင်းတဲ့ ငွေးပေးချေခြင်းမျိုး (Disloyalty Payment)နဲ့ စွပ်စွဲပြီး အရေးယူခဲ့တာ ဖြစ်ပါတယ်။ UEFA အကြီးအကဲ ပလာတီနီကိုလည်း အဆိုပါ စွပ်စွဲမှုမှာ ဒေါ်လာနှစ်သန်း (ပေါင် ၁. ၃သန်း) လက်ခံ ခဲ့တယ်လို့

စွပ်စွဲပြီး ဖီဖာကျင့်ဝတ် စည်းမျဉ်းချိုးဖောက်မှုနဲ့ ဘောလုံးလောက ကနေ (၆)နှစ်တားမြစ်ခံထားရပါတယ်။

ဖီဖာဥက္ကဋ္ဌဟာ ဘယ်လောက်အရေးပါသလဲ

- ဖီဖာခေါင်းဆောင်ဟာ ကမ္ဘာ့ဘောလုံးရဲ့အကြီးဆုံး ပုဂ္ဂိုလ်ပါ။ တစ်ခါတစ်ရံ လူထုကြားမှာ သမ္မတတွေ၊ ဝန်ကြီးချုပ်တွေ၊ တော်ဝင်မိသားစုတွေနဲ့ အတူတွေ့မြင်ရတတ်ပါတယ်။ ဘောလုံးကို ကိုယ်စားပြုပြီး အဌမမြောက်ပုဂ္ဂိုလ်လို့လည်း ဆိုနိုင်ပါတယ်။ ဖီဖာအမှုဆောင်ကော်မတီကို ဦးဆောင်ကြီးကြပ်တယ်။ ဒီနေရာဟာ အဆုံးအဖြတ်ပေးနိုင်တဲ့ အာဏာပိုင်အဆင့်မျိုးပါ။ (There were decision making power lies)

- ဖီဖာဟာ ကမ္ဘာ့ဘောလုံးပွဲတွေကို ဦးဆောင်စည်းရုံး ကျင်းပသလို နိုင်ငံတကာပြိုင်ပွဲတွေလည်း ကျင်းပတယ်။ တစ်ကမ္ဘာလုံး ရုပ်သံထုတ်လွှင့်ခွင့်တွေ ပေးတယ်။ ကမ္ဘာ့လူကြိုက်အများဆုံး အားကစားကို တိုးတက်အောင် ဆောင်ရွက်ရသလို ကာကွယ်စောင့်ရှောက်ပေးရတယ်။

- အဖွဲ့ချုပ်ဥက္ကဋ္ဌ ဆိုတာ အဖွဲ့အစည်းကို တရားဝင်ကိုယ်စားပြုပါတယ်။ (Legally represent the organization) လို့ဆိုပါတယ်။ ဖီဖာနဲ့အခြား ကွန်ဖက်ဒရေးရှင်းများ၊ အဖွဲ့ချုပ်ဝင်များ၊ နိုင်ငံရေး အဖွဲ့အစည်းများအကြား ဆက်ဆံရေးကို ထိန်းသိမ်းရတယ်။ ဖီဖာကွန်ဂရက်နှင့် အမှုဆောင် အဖွဲ့က ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက်တွေကို အကောင်အထည်ဖော်ရတယ်။

ဥက္ကဋ္ဌရာထူးကို ဘယ်သူတွေယှဉ်ပြိုင်အရွေးခံမလဲ

- ရွေးကောက်ပွဲဝင်မယ့် အမည်စာရင်းမှာ တိုကျိုဆက်ဝဲလ် က နှုတ်ထွက်သွားပြီးနောက် ကျန်ရှိသူတွေ အဖြစ်

- မင်းသားအလီဘင်အယ်လ်ဟူစိန် (အသက် ၄၀ နှစ်) ဂျော်ဒန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ

- ဂျရုမ်းကင်ပင်းန် (အသက် ၅၇ နှစ်) ပြင်သစ်နိုင်ငံမှ ဖီဖာအမှုဆောင်ဟောင်း

- ဂီယန်နီအင်ဖန်တီနို (အသက် ၄၅ နှစ်) ဆွစ်ဇာလန်နိုင်ငံသား (UEFA)အထွေထွေအတွင်းရေးမှူး

- ရှိတ်ဆော်လ်မန်ဘင်အီဘရာဟင်အယ်လ်ခါလီဖာ (အသက် ၅၀ နှစ်) ဘာရိန်းနိုင်ငံသား အာရှဘောလုံး အဖွဲ့ချုပ် (AFC)ဥက္ကဋ္ဌတို့ (၄)ဦး ရွေးကောက်ပွဲဝင်ကြပါတယ်။

သူတို့ဘာတွေပြောကြသလဲ

- မင်းသားအလီ 'ကျွန်တော်က ကျောထောက်နောက်ခံ တစ်ယောက်မှ မရှိတဲ့ ဥက္ကဋ္ဌလောင်းပါ၊ နိုင်ငံရေး ဖိအားပေးမှုတွေ အကြပ်ကိုင်မှုတွေကို အသုံးမချပါဘူး၊ ကျွန်တော်က နိုင်ငံ့အဖွဲ့ချုပ်ကို ကိုယ်စားပြု အရွေးချယ်ခံ သက်သက် ဖြစ်ပါတယ်။'

- အင်ဖန်တီနို 'ကျွန်တော်က နိုင်ငံရေးသမားမဟုတ်ဘူး၊ ဘောလုံးပုဂ္ဂိုလ်နဲ့ အလုပ်သမားတစ်ဦးပါ၊ ကျွန်တော်တို့ နိုင်ငံရေးတွေကို ရပ်ပစ်နိုင်ရင် ဘောလုံးကိစ္စ ပြန်စတင်နိုင်လိမ့်မယ်၊ ဒါဆိုကမ္ဘာကြီးက ခြီးကျူးကြမှာပါ'

- ရှိတ်ဆော်လ်မန် 'ကျွန်တော်ရဲ့ အတိတ်နဲ့ ပြေးလမ်းမှတ်တမ်းတွေက အလိုလိုစကားပြောကြပါလိမ့်မယ်။ ကျွန်တော်တို့ လိုချင်တဲ့ တစ်စုံတစ်ယောက်ဆိုတာ တာဝန်ယူ၊ တာဝန်ခံတတ်ပြီး သူ့ရဲ့ အပြောနဲ့အလုပ် ညီတဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်ပါတယ်။'

သူတို့ရပ်တည်ချက်က ဘာတွေလဲ

- မင်းသားအလီ - 'ဖီဖာအဖွဲ့ဝင်တွေကို ရန်ပုံငွေတွေ အဆင့်လေးဆင့်ခွဲပြီး ပေးစေချင်တယ်။ ဒါမှ သူတို့ လုပ်နိုင်ကိုင်နိုင်စွမ်းတိုးတက်လာမှာပါ၊ ဒါပေမယ့် ငွေကြေးလုံလောက်ဖို့ လိုလိမ့်မယ်။'

- အင်ဖန်တီနို - 'ကမ္ဘာ့ဖလားပွဲကို အသင်း(၄၀)အထိ ပါဝင်နိုင်အောင် တိုးချဲ့မယ်။ နိုင်ငံငယ်လေးတွေ ပါဝင်ခွင့်ရစေချင်တယ်။ ဖီဖာရဲ့ ဖွံ့ဖြိုးရေးအစီအစဉ်တွေကို အကြီးအကျယ်တိုးချဲ့ဖို့ ရန်ပုံငွေသန်း (၈၆၀) လောက်လိုအပ်ပြီး အဖွဲ့ဝင်နိုင်ငံတိုင်းကို ပေါင် (၃. ၆)သန်းစီ ပေးသွားချင်တယ်။'

- ရှိတ်ဆော်လ်မန် - 'ဖီဖာကို ကုန်သွယ်မှုအပိုင်းကိုင်တွယ်မယ့် လုပ်ငန်းအဖွဲ့နဲ့ ကမ္ဘာ့ဖလားပွဲတွေ၊ ဖွံ့ဖြိုးရေး လုပ်ငန်းတွေ ကိုင်တွယ်မယ့် အပိုင်းရယ်လို့ နှစ်ပိုင်းခွဲထားမယ်။ အမှုဆောင်တွေ ကိုယ်ကျိုးကြည့်ပြီး ဆုံးဖြတ်ချက် ချတာတွေ ရပ်တဲ့သွားမယ် ဆိုတဲ့ မဟာအိုင်ဒီယာကြီးကို လိုလားတယ်။'

- ကင်ပင်းန် - 'ဘောလုံးအတွက် မျှော်လင့်ချက်လို့ နာမည်ပေးထားပြီး ဘောလုံးလောကမှာ တန်းတူညီမျှမှု မရှိတာတွေကို ဝေဖန်ထောက်ပြနေကြတယ်။ အားလုံးတန်းတူညီမျှ ဖြစ်စေချင်တယ်။ ပြီးတော့ ဘောလုံးကို ခေတ်မီစေဖို့ ဒိုင်လူကြီးတွေကို ကူညီဖို့ အဆင့်မြင့်နည်းပညာသုံးစေချင်တယ်။ အမျိုးသမီးတွေကိုလည်း အဓိကကျတဲ့ နေရာတွေမှာ တာဝန်ပေးရမယ်။ ပြီးတော့ ပရိသတ်ကိုယ်စားပြုတဲ့ အဖွဲ့အစည်းတွေ အားပေးစေချင်တယ်။'

ဥက္ကဋ္ဌ ရွှေကောက်ပွဲရလဒ်များ

- ရွှေကောက်ပွဲမှာ ဆန္ဒမဲ ပေးခွင့်ရှိသူစာရင်းက (၂၀၇)၊
- ခိုင်လုံ (၃ပုံ-၂ပုံ)မဲရဖို့ (၁၃၈)၊
- ဖြန့်ဝေထားသော ဆန္ဒမဲအရေအတွက် (၂၀၇)၊
- ပြန်လည်ရရှိသော ဆန္ဒမဲအရေအတွက် (၂၀၇)၊
- မင်းသားအလီဘင်ရရှိသော ခိုင်လုံမဲ (၂၇)၊
- ရှိတ်ဆော်လ်မန် ရရှိသောခိုင်လုံမဲ (၈၅)မဲ၊

- ကင်ပင်းန် ရရှိသောခိုင်လုံမဲ (၇)မဲ၊
- ဂီယန်နီအင်ဖန်တီနို ရရှိသောခိုင်လုံမဲ (၈၈)မဲ၊

ရွေးကောက်ပွဲမှာ ပထမအကြိမ်မဲပေးစဉ်က မည်သူမျှ ခိုင်လုံဆန္ဒမဲ (၁၃၈)မဲပြည့်အောင် မရရှိတဲ့အတွက် ဒုတိယအကြိမ် မဲပေးမှုကို ထပ်မံပြုလုပ်ရပါတယ်။ ဒုတိယအကြိမ် မဲပေးမှုမှာ သာမန်မဲ (Sample Majority) အများဆုံးရရှိသွားတဲ့ အင်ဖန်တီနိုက ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံရပါတယ်။ အငြင်းပွားစရာ ပြဿနာ တွေနဲ့ ကာလအတန်ကြာထိ ပြဿနာတွေ ရင်ဆိုင်ခဲ့ရတဲ့ ဖီဖာအဖွဲ့ချုပ်ကြီးမှာ ခေါင်းဆောင်သစ်ကို ရွေးချယ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ အင်ဖန်တီနိုက ဖီဖာကို အခုပြုပြင်ရင် ပြုပြင် မဟုတ်ရင် နောင်ပြုပြင်ဖို့ မလွယ်ဘူးလို့ ပြောခဲ့ပါတယ်။ သူက ရက်ပေါင်း (၉၀) ပြုပြင်ပြောင်းလဲရေးကို ကြွေးကြော်ပြီး မဲဆွယ်ခဲ့သူပါ။ ဒီပြုပြင် ပြောင်းလဲရေးတွေကို သူက ဦးဆောင်ပြီး နောင်ရွေးချယ်မယ့် ဖီဖာကောင်စီက သူ့ရဲ့ ကြိုးပမ်းမှုတွေကို ဘယ်လို ကူညီပံ့ပိုးပေးနိုင်မလဲ၊ ဖီဖာဥက္ကဋ္ဌသစ်ဟာ ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကို ဦးဆောင်ခေါ်ယူ သွားနိုင်မလား ဆိုတာကတော့ စောင့်ကြည့်သွားရမယ့် အခြေအနေဖြစ်ပါတယ်။

လူလူမင်း

အာဆီယံဘောလုံးအဖွဲ့ချုပ်သမိုင်း

အာဆီယံဘောလုံးအဖွဲ့ချုပ် (ASEAN Football Federation)ကို ၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်နေ့ တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အားကစား အဖွဲ့အစည်းအမျိုးအစားဖြစ်ပြီး၊ အဖွဲ့ကြီး၏ ဌာနချုပ်မှာပီတာလန်ဂျာယာဆီလန်ဂေါ၊ မလေး ရှားနိုင်ငံတွင်ရှိသည်။ အာဆီယံဘောလုံးအဖွဲ့ ချုပ်တွင် အဖွဲ့ဝင်ပေါင်း(၁၂)နိုင်ငံမှ ဘောလုံးအ ဖွဲ့ချုပ်များ (Association) ပါဝင်သည်။ လက်ရှိ အာဆီယံဘောလုံးအဖွဲ့ချုပ်၏ ဥက္ကဋ္ဌမှာ စော် ဘွားဆူလ်တန်အာမက်ရှားဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်(AFF)မှာ ယင်းထက်ပိုမိုကြီးမားသော အာရှဘောလုံးအဖွဲ့ ချုပ် (Asian Football Confederation)အတွင်း မှ အဖွဲ့အစည်းငယ်တစ်ခုဖြစ်ကာ အရှေ့တောင် အာရှနိုင်ငံများ (Association Of South Asian Nations - ASEAN)ကို ဗဟိုပြုဖွဲ့စည်း ထားသည်။ ထိုအဖွဲ့အစည်းကို ၁၉၈၄ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံက စတင်ဖွဲ့စည်းတည်ထောင်ခဲ့ ခြင်းဖြစ်သည်။

အာဆီယံတွင် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံ တို့က မူလအဖွဲ့ဝင်များဖြစ်သည်။ ကမ္ဘော ဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့က ၁၉၉၆ခုနှစ်တွင် AFFသို့ဆက်သွယ်ကာ အဖွဲ့ ဝင် ဖြစ်လာကြသည်။

၁၉၉၆ခုနှစ်တွင် ထိုအဖွဲ့ချုပ်က အာဆီယံ ဘောလုံးချန်ပီယံပြိုင်ပွဲကို ပထမအကြိမ်စတင် ကျင်းပခဲ့ပြီး၊ ထိုစဉ်ကာလကပြိုင်ပွဲကို စပွန် ဆာပေးသော စီးပွားရေးလုပ်ငန်းကို အစွဲပြုကာ တိုက်ဂါးဖလား(Tiger Cup)အဖြစ် လူသိများခဲ့ သည်။ ၂၀၀၄ခုနှစ်တွင် အရှေ့တီမောနိုင်ငံက အဖွဲ့ဝင်ဖြစ်လာခဲ့ပြီး၊ ဩစတြေးလျနိုင်ငံမှာ အာရှဘောလုံးအဖွဲ့ချုပ်သို့ ၂၀၀၆ခုနှစ်၊ ဇန်န ဝါရီလ(၁)ရက်နေ့တွင်ဝင်ရောက်ခဲ့ပြီး၊ အာဆီယံ ဘောလုံးအဖွဲ့ချုပ် ဖိတ်ကြားခံနိုင်ငံအဖြစ် သတ် မှတ်ခဲ့သဖြင့် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲ များသို့ လူငယ်အသင်းများကို စေလွှတ်ခဲ့သည်။ ၂၀၁၃ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့တွင် ဩစတြေးလျနိုင်ငံမှာ (AFF)၏နောက်ဆုံး တင်းပြည့် အဖွဲ့ဝင်ဖြစ်လာခဲ့သည်။

၂၀၀၇ခုနှစ်၊ ဩဂုတ်လ(၇)ရက်နေ့တွင် ဆူဇူကီးကုမ္ပဏီက အာဆီယံဘောလုံးချန်ပီယံ ပြိုင်ပွဲ၏ စပွန်ဆာအသစ်ဖြစ်ကြောင်း ကြေညာ ခဲ့သဖြင့် ပြိုင်ပွဲကိုလည်း ဆူဇူကီးဖလားပြိုင်ပွဲဟု သိရှိလာကြသည်။

အာဆီယံဘောလုံးအပွဲဝင်နိုင်ငံများစာရင်း

နိုင်ငံအမည်များနှင့် AFF သို့ဝင်ရောက်သည့်ခုနှစ်

အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း ၁၉၈၄

စင်ကာပူ၊ ဖိလစ်ပိုင်၊ ဘရူနိုင်း ၁၉၈၄

ဗီယက်နမ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို ၁၉၉၆

တီမောလက်စ် ၂၀၀၄

သြစတြေးလျ ၂၀၁၃

ဧဒသတွင်းပြိုင်ပွဲများ

- အရှေ့တောင်အာရှအားကစားပြိုင်ပွဲ

အမျိုးသားပြိုင်ပွဲများ

- အာဆီယံဘောလုံး၊ ချန်ပီယံရှစ်
- အာဆီယံ စူပါလိဂ်
- မဲခေါင်ဒေသကလပ် ချန်ပီယံရှစ်
- အာဆီယံကလပ် ချန်ပီယံရှစ်
- အာဆီယံ ချန်ပီယံဖလား

လူငယ်ပြိုင်ပွဲများ

- AFF ယူ - ၁၉ လူငယ်ချန်ပီယံရှစ်
- AFF ယူ - ၁၆ လူငယ်ချန်ပီယံရှစ်

အမျိုးသမီးပြိုင်ပွဲများ

- AFF အမျိုးသမီးချန်ပီယံရှစ်
- AFF ယူ - ၁၉ အမျိုးသမီးချန်ပီယံရှစ်

- AFF ယူ - ၁၆ အမျိုးသမီးချန်ပီယံရှစ်

ဖူဆယ်ပြိုင်ပွဲများ

- AFF ဖူဆယ်ချန်ပီယံရှစ်

သဲသောင်ပြင်ဘောလုံးပြိုင်ပွဲများ

- AFF သဲသောင်ပြင်ဘောလုံးချန်ပီယံရှစ်

အာဆီယံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌများ

- အိပ်ခ်ျကာဒိုနို (အင်ဒိုနီးရှား)

၁၉၈၄ - ၁၉၉၄ (H Kardono)

- ဗီဂျစ်ဂက်ကယူး (ထိုင်း)

၁၉၉၄ - ၁၉၉၆ (Viji Getkaew)

- တင်ဂူးကန်ဆရီဒါတိုအာမက်ရီသော်ဒင်

(အင်ဒိုနီးရှား) ၁၉၉၆ - ၁၉၉၈

(Tengku Tansri Dato' Seri Amed Rithaurreem)

- ဆူလ်တန်ဟာဂျီအာမက်ရှား (အင်ဒိုနီးရှား) ၂၀၀၇ - လက်ရှိ

(Sultan Haji Ahmad Shah)

အာဆီယံဘောလုံးအဖွဲ့ချုပ်၏ဆုတံဆိပ်များ (၂၂.၈.၂၀၁၅)

အာဆီယံဘောလုံးအဖွဲ့ချုပ်မှ ဒေသတွင်းရှိ အမျိုးသားဘောလုံးအဖွဲ့ချုပ်များ၏ ကြိုးပမ်းဆောင်ရွက်မှုများအတွက် ဆုတံဆိပ်များကိုလည်း ဂုဏ်ပြုချီးမြှင့်သည်။ အဖွဲ့ချုပ်ဥက္ကဋ္ဌ စော်ဘွားဆူလ်တန်အာမက်ရှား၏ ပြောကြားမှု တွင် “မကြာသေးမီ နှစ်များအတွင်း အာဆီယံဘောလုံးအသိုက်အဝန်းဌ ပါဂမီဂျင် ထူးချွန် ဘောလုံးသမားများပေါ်ထွန်းလာခဲ့ပြီးအာဆီယံ မှာ ဘောလုံးအင်အားကြီးဒေသတစ်ခုအဖြစ် ကြီးထွားလာခဲ့သည်။ ကမ္ဘာ့အဆင့်နယ်ပယ်မှ စိတ်ဝင်စားခံရသည့်အထိ ဆွဲဆောင်နိုင်မှုရှိခဲ့ သည်။ သို့ဖြစ်ရာ လူကြိုက်အများဆုံးဖြစ်သည့် ဘောလုံးအားကစား အဆင့်ဆင့် ပွဲဖြိုးတိုးတက် လာစေရန် ဘဝကိုမြှုပ်နှံကြိုးပမ်းခဲ့သော အမျိုးသား၊ အမျိုးသမီးများကို ဂုဏ်ပြုရန် အချိန်တန် မည်ဖြစ်သည်”ဟု ဖွင့်ဟခဲ့သည်။ ဆူလ်တန်အာ

မက်ရှားသည် အာဆီယံအဖွဲ့ချုပ်၏ ဆုတံဆိပ် ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌလည်းဖြစ်ပြီး ဒေသတွင်း ဘောလုံးအားကစား ဆက်လက်ဖွံ့ဖြိုးရင့် ကျက်လာစေရန် သန္ဓဋ္ဌာန်ချမှတ်ထားမှုမှာ အာဆီယံအတွက် အလိုအပ်ဆုံးအချက်ကို ဖြည့် ဆည်းပေးနိုင်မှုအဖြစ် အသိအမှတ်ပြုပါကြောင်း ဆက်လက်ပြောကြားခဲ့သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်မှ တသက်တာ ဂုဏ်ပြုဆုအဖြစ် ယခင်အဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း ဒါတိုဆရီအာမက်ရီသော်ဒင်အားလည်းကောင်း၊ အာဆီယံချစ်ကြည်ရေးဆု (AFF Goodwill Award)ကိုလည်း အယ်လ်မာဟွန်ဆူလ်တန် အဘူဘေကာတို့ကို ချီးမြှင့်ခဲ့သည်။

AFFE နှစ်အလိုက်ချီးမြှင့်ခဲ့သောဆုများ

AFFEတစ်နှစ်တာအကောင်းဆုံးအဖွဲ့ချုပ် များကို ချီးမြှင့်ခဲ့ရာ ၂၀၁၃ခုနှစ်နှင့် ၂၀၁၅ခုနှစ်များအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အား လည်းကောင်း၊ အကောင်းဆုံး ဘောလုံးအသင်း ဆုကို ၂၀၁၃ခုနှစ်က စင်ကာပူ(အမျိုးသား)၊ ဗီ ယက်နမ်(အမျိုးသမီး)အသင်း၊ ၂၀၁၅ခုနှစ်အ တွက် အမျိုးသားနှင့် အမျိုးသမီး (၂)ဆုလုံး ကို ထိုင်းလက်ရွေးစင်အသင်းများ ကလည်းကောင်း၊ AFF အကောင်းဆုံးဘောလုံးသမားအမျိုးသား ဆုကို ၂၀၁၃ခုနှစ်အတွက် စင်ကာပူမှ ရှာရီလ် အစ်ရှက် (Lion XII FC)နှင့် ၂၀၁၅ခုနှစ်အ တွက် ထိုင်းနိုင်ငံမှ ချာနာတစ်ဆွန်ခရာဆင် (BEC Taro Sasana)ကလည်းကောင်း ရရှိခဲ့ သည်။

အကောင်းဆုံးအမျိုးသမီးဆုကို ၂၀၁၃ ခုနှစ်အတွက် ဗီယက်နမ်မှ ဒန်သီချူထရင်း(သန်ဖိုဟိုချီမင်း)နှင့် ၂၀၁၅ခုနှစ်အတွက် ထိုင်းနိုင်ငံမှ နီဆာရိုမီယမ် (North Bangkok Collage FC) တို့က ရရှိခဲ့ကြသည်။ AFF လူငယ်အကောင်း ဆုံး ဘောလုံးသမားဆုကို ၂၀၁၃ခုနှစ်အတွက် လာအိုနိုင်ငံမှ ကိုဗီယင်ဖက်လစ်ဗီဒက် (Ezra FC)နှင့် ၂၀၁၅ခုနှစ်အတွက် မြန်မာနိုင်ငံမှ အောင်သူ (ရတနာပုံ FC)တို့က ရရှိခဲ့ကြသည်။

AFF၏ ဖူဆယ်ပြိုင်ပွဲအတွက် ဆုတံဆိပ် များအားလုံးကိုမူ ထိုင်းနိုင်ငံက သိမ်းကျုံးရယူခဲ့ ပြီး ၂၀၁၃ နှင့် ၂၀၁၅ ခုနှစ်များအတွက် အ ကောင်းဆုံးအသင်းဆုများကို ထိုင်းလက်ရွေးစင် ဖူဆယ်အသင်းကလည်းကောင်း၊ အကောင်းဆုံး ကစားသမားဆုများကို ၂၀၁၃ခုနှစ်အတွက် ဆူဖာဝတ်သွန်ကလန် (ချွန်ဘူရီဘလူးဝေ့ဗ်)နှင့် ၂၀၁၅ခုနှစ်အတွက် ဂျက်ဆာဒါချူဒီးချ်(ရာ့ဂျ် နေဗီ)တို့က ဆွတ်ခူးခဲ့ကြ သည်။

AFF အကောင်းဆုံး နည်းပြဆုများကို ၂၀၁၃ခုနှစ် အမျိုးသားဘောလုံးနည်းပြရာဒိုကို အေဗရာမိုဗစ်နှင့် အမျိုးသမီးအ သင်းများအတွက်မြန်မာအမျိုးသမီး အသင်းနည်းပြ

ဂျပန်နိုင်ငံသားကူ မာဒါယိုရှိနိုရီတို့ကရရှိခဲ့ပြီး၊ ၂၀၁၅ ခုနှစ်အတွက်မူ ထိုင်းအမျိုးသားလက်ရွေးစင်အသင်းနည်းပြ ကိုင်တီဆက်ဆီ နာမောင်နှင့် အမျိုးသမီးအသင်းနည်းပြ နျူယင်ဂရူသိုင်းဆရာတွန်ဝမ်တို့က ရရှိခဲ့ ကြသည်။

အကောင်းဆုံးဒိုင်လူကြီးဆုများကို ချီးမြှင့်ခဲ့ရာ ၂၀၁၃ခုနှစ် အမျိုးသားအတွက် အက်ဘာဒူမာလစ်အက်ဘ်ဒူဘာရှား (စင်ကာပူ)နှင့် အမျိုး သမီးဆုကို အဘီရာမီအက်ဘာအီနာဒူ (စင်ကာပူ)တို့က လည်းကောင်း၊ ၂၀၁၅ခုနှစ် အမျိုးသား ဆုအတွက် မွတ်ဒ်အမီရူလ်အဇ်ဝန် ဘင်ရာကွက်ဘ် နှင့် အမျိုးသမီးအကောင်းဆုံးဒိုင်အဖြစ် ရီတာချာနီ (နှစ်ခုစလုံး မလေးရှား) တို့ကရရှိခဲ့ကြသည်။

အကောင်းဆုံးလက်ထောက်ဒိုင်လူကြီးဆု များကိုလည်း ချီးမြှင့်ခဲ့ရာ ၂၀၁၃ခုနှစ် အမျိုးသားဆုကို စင်ကာပူမှ တန်ယူမန်နှင့် အမျိုးသမီး ဆုကို မလေးရှားမှ ဝီဒီယာဟာဘီဘာရှမ်ဆူရီတို့ကရရှိပြီး ၂၀၁၅ခုနှစ် အကောင်းဆုံးအမျိုး သားဆုကို မလေးရှားမှ အက်ဇ်မန်ဘီအစ္စမေးလ်နှင့် အမျိုးသမီးဆုအတွက် ရိုဟိုင်ဒါ ဘင်တီမွတ်ဒ် နာဆီအာ တို့ကရရှိခဲ့သည်။

AFF ဆူဇူးကီးဖလားပြိုင်ပွဲအတွက် အ ကောင်းဆုံးသွင်းဂိုးများကို ရွေးချယ်ခဲ့ရာတွင် ၂၀၁၃ခုနှစ်အတွက် မွန်သွန်းယူနိုက်တက်အ သင်းမှ တီယာရာဆီလ်ဒန်ဒါ၏ ၂၀၁၃ခုနှစ် ဒီဇင်ဘာလ(၉)ရက်နေ့က ကစားခဲ့သော ဆီမီး ဖိုင်နယ်ပထမအကျော့မှ မလေးရှားနှင့် ထိုင်းအသင်းတို့ပွဲတွင် သွင်းခဲ့သောဂိုးနှင့် ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ(၂၂)ရက်က အုပ်စု(A)တွင် ဗီယက်နမ်နှင့် အင်ဒိုနီးရှားတို့ပွဲမှ လီကောင်ဘင့် (ဘီကာမက်ဘင်ဒေါင်း)၏သွင်းဂိုးတို့ကို အကောင်းဆုံးဂိုးများအဖြစ် ရွေးချယ်ချီးမြှင့်ခဲ့သည်။

မင်းခေါင်

၂၀၁၇ အရှေ့တောင်အာရှအားကစား ပြိုင်ပွဲ မိတ်ဆက်နိဒါန်း

(၂၉) ကြိမ်မြောက် အရှေ့တောင်အာရှဆီးဂိမ်း

အိမ်ရှင်နိုင်ငံ	ကွာလာလာမ်ပူ၊မလေးရှား
ပါဝင်သောနိုင်ငံပေါင်း	(၁၁)နိုင်ငံ
ပြိုင်ပွဲများ	ညှိနှိုင်းဆဲ
အားကစားနည်း	(၃၈)မျိုး
ပင်မအားကစားနယ်မြေ	ဘူကစ်ဂျာလီအမျိုးသားအားကစားကွင်း
ဝက်ဘ်ဆိုက်ဒ်	တရားဝင်ဝက်ဘ်ဆိုက်ဒ်
၂၀၁၅ စင်ကာပူ	၂၀၁၇ မလေးရှား ၂၀၁၉ဗီယက်နမ်

ကွာလာလာမ်ပူဆီးဂိမ်း ၂၀၁၇ ကိုတရားဝင်အမည်အဖြစ်(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဟုခေါ်တွင်သည်။ မလေးဘာသာအားဖြင့်-Sukan Asia Tenggra ke-29 ဟုရေးသားထား သည်။ အဆိုပါအားကစားပြိုင်ပွဲကို ၂၀၁၇ခုနှစ်၊ စက်တင်ဘာလအတွင်းမလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ကျင်းပမည်ဖြစ်သည်။ မလေးရှားနိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲများကို ၁၉၆၅၊ ၁၉၇၁၊ ၁၉၇၇၊ ၁၉၈၉နှင့် ၂၀၀၁

ခုနှစ်များကအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီးဖြစ်ရာ ယခုကျင်းပမည့်ဆီးဂိမ်းပြိုင်ပွဲမှာ မလေးရှားနိုင်ငံအတွက် ၁၆နှစ်တာ ကြာမြင့်ပြီးမှ အိမ်ရှင်အဖြစ်ဆင္ဌမ အကြိမ်မြောက် လက်ခံကျင်းပနိုင်ခြင်း ဖြစ်သည်။ ပြိုင်ပွဲကိုမလေးရှားနိုင်ငံ၏ ဆာဘားနှင့် ဆာရာဝက်ပြည်နယ်များတွင်ပြိုင်ပွဲနယ်မြေများကို ပူးတွဲလက်ခံကျင်းပ သွားမည်ဖြစ်သည်။ ကွာလာလမ်ပူ ဆီးဂိမ်းတရားဝင်ဝက်ဘ်ဆိုက်ဒ်၏ ထုတ်ပြန်ချက်အရ ၂၀၁၇ခုနှစ် ဆီးဂိမ်း ပြိုင်ပွဲအတွက် အသုံးပြုမည့်လိုဂိုပြိုင်ပွဲကို စက်တင်ဘာလ(၄)ဂက်နေ့ အထိကျင်းပပြီး ရွှေးချယ်ခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲရလဒ်အခြေအနေများကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဒ်တွင်ကြေညာ မည်ဖြစ်သည်။

အိမ်ရှင်နိုင်ငံရွေးချယ်မှု

အရှေ့တောင်အာရှအားကစားအဖွဲ့ချုပ်(The SEA Games Federation-SEAGF)သည်၂၀၁၂ ခုနှစ် က မြန်မာနိုင်ငံတွင်ကျင်းပသော အစည်းအဝေး၌ (၂)နှစ်တစ်ကြိမ် ကျင်းပလေ့ရှိသော ဆီးဂိမ်း၏ ၂၀၁၇ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ အိမ်ရှင်အဖြစ် ကျင်းပရန် အခြားဆန္ဒပြုသောနိုင်ငံမရှိသဖြင့်မလေးရှား နိုင်ငံကိုရွေးချယ်အတည်ပြုခဲ့သည်။ မလေးရှား အိုလံပစ်ကောင်စီအထွေထွေ အတွင်းရေးမှူး ဒါတွတ်ဒ်ဆီကော့ခ်ချီ (DatukSeihKokChi) က "မြန်မာအနေနဲ့ဒီပြိုင်ပွဲကို ၂၀၁၃မှာအိမ်ရှင်အဖြစ် လက်ခံကျင်းပပါမယ်၊ ပြီးရင် စင်ကာပူက ၂၀၁၅မှာ ကျင်းပမယ်၊ ပြီးရင် ဘရူနိုင်းအလှည့်ပါ။ ဒါပေမဲ့သူတို့က၂၀၁၇ အစား ၂၀၁၉ခုနှစ်မှာမှ အိမ်ရှင်လုပ်ချင်ကြပါတယ်။ ဒီလိုနဲ့မလေးရှားက၂၀၁၇-ခုနှစ်မှာအိမ်ရှင်အဖြစ် လက်ခံကျင်းပလိုပါတယ် ဆိုပြီးဖြစ်ခဲ့တာပါ" ဟုဖွင့်ဟခဲ့သည်။

ပြိုင်ပွဲကျင်းပမည့်နေရာများ

၂၀၁၇ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မလေးရှားနိုင်ငံပြည်နယ် အများအပြားတွင်စည်းရုံး ဆော်သြကာ ပြင်ဆင်လှုပ်ရှားဆောင်ရွက်သွားမည်ဖြစ်သည်။ ကွာလာလမ်ပူမှာ ပင်မအားကစားကွင်းရှိဖြစ်သော်လည်း အားကစားနည်းပေါင်း (၃၉)မျိုး အနက်မှ အချို့သောအားကစားနည်းများကို ဆာဘားနှင့်ဆာရာဝက် ပြည်နယ်တို့တွင် ဖြန့်ကျက်ကျင်းပဂုန်စီစဉ်ထားသည်။ဘူကစ်ဂျာလီ အမျိုးသားအားကစားနယ်မြေကို အဆင့်မြှင့်တင်သွားမည်ဖြစ်ပြီးတစ်ချိန်တည်းတွင် Nilai,NegeriSembilanဒေသများတွင် စက်ဘီးစီး ကွင်းသစ် များတည်ဆောက်ကာပြိုင်ပွဲ များကျင်းပသွားရန်စီမံနေသည်။

အားကစားနည်းများ

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ယခုဖေါ်ပြမည့် အားကစားနည်းပေါင်း (၃၉) မျိုးရှိမည်ဖြစ်ပြီး ဆောင်းရာသီအားကစားနည်း (၅)မျိုး ဖြစ်သော ဘရစ်ဂျ်(Bridges)ခကရစ်ကက်၊ရေခဲပြင် ဟော်ကီ၊ ရေခဲပြင်စကိတ်နှင့် တာရန်းဒီရာဂျက်(TarungDerajat)တို့ကိုလည်း မိတ်ဆက်ထည့်သွင်းသွားမည် ဖြစ်သည်။ ပထမဆုံးအကြိမ်အဖြစ်ဆောင်းရာသီအားကစားနည်း (၂)မျိုးကို ဆီးဂိမ်းဖက်ဒရေးရှင်း (SEAGF)က လက်ခံခဲ့သည်။၂၀၁၉မလေးရှားဆီးဂိမ်းတွင်ထည့်သွင်းယှဉ်ပြိုင်စေမည့် အားကစားနည်း (၃၉)မျိုးကို-

[က]မပြိုင်မနေရအားကစားနည်းများ

အားကစားပြိုင်ပွဲများတွင် အဓိကထားယှဉ်ပြိုင်ကြသော (၂)မျိုး-အဖြစ်ပြေးခုန်ပစ်နှင့် ရေပြင်အားကစားနည်း (ရေကူး၊ဒိုင်ဗင်၊ရေကူးယိမ်း၊ဝါတာပိုလိုစသည်) တို့ကို ထည့်သွင်း ထားသည်။

(ခ) အိုလံပစ်အားကစားနည်းများ

နိုင်ငံတကာပြိုင်ပွဲများ၌ထည့်သွင်းယှဉ်ပြိုင်လေ့ရှိသော အားကစားနည်းများမှ အိုလံပစ် အားကစားနည်းများအဖြစ်-မြားပစ်၊ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိလိယက်နှင့် စနူကာ၊ ဘိုလင်း၊ (Tenpin)လက်ဝှေ့၊ စက်ဘီး၊ မြင်းစီးနှင့် ပိုလို၊ ခါးခုတ်၊ ဘောလုံး၊ ဂေါက်သီး၊ ကျွမ်းဘား၊ ဟော်ကီ၊ ဂျူဒို၊ ကရာတေးဒို၊ ရပ်ဂ်ဘီ-ဂ်၊ ရွှက်လော့၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ သေနတ်ပစ်၊ စကွက်ရှ်၊ စားပွဲတင် တင်းနစ်၊ တိုက်ကွမ်ဒို၊ သုံးမျိုးစုံ၊ ဘော်လီဘော၊ အလေးမ၊ ဝူရှူး၊ ရေခဲပြင်စကိတ်၊ ရေခဲပြင်ဟော်ကီ၊ ခရစ်ကက်တို့ပါဝင်သည်။

(ဂ)အခြားအားကစားနည်းများ

အခြားအားကစားနည်း(၆)မျိုးမှာ-ကာယဗလ၊ မြက်ခင်းပြင်ဘိုလင်း (LawnBowls) နက်ဘော၊ ပီတန်း၊ ပန်ကြဲပ်ဆီလတ်၊ ရေလွှာလျှော အားကစားနည်းများ ပါဝင်သည်။

၂၀၁၅ခုနှစ်၊ ဇွန်လ(၁၆)ရက်နေ့က ၂၀၁၇ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမှုဆောင် အရာရှိချုပ်(ZolkplesEmbong)က အိုလံပစ်အားကစားနည်းများကို ဆီးဂိမ်းပြိုင်ပွဲ အမွေအနှစ် အစိတ်အပိုင်း အဖြစ် မလေးရှားဆီးဂိမ်းတွင်ထင်ဟပ်နိုင်မည်ဟု မျှော်လင့်ကြောင်းပြောကြားခဲ့သည်။

အိမ်ရှင်နိုင်ငံများမှာရွှေတံဆိပ်ဆု အများအပြားရရှိရေးအတွက် ရည်မှန်းပြီး အားအစားနည်းများ ကိုရွေးချယ်လေ့ရှိကြကြောင်း။ ထိုအစဉ်အလာမှာ အာဆီယံဒေသတွင်း အားကစားသမားများကို အာရှအားကစားပြိုင်ပွဲ၊ အိုလံပစ်အားကစားပြိုင်ပွဲများတွင် အဆင့်မြင့်စွာ ပါဝင်ယှဉ်ပြိုင်နိုင်စေရန် ဟူသော ပြိုင်ပွဲ၏ ပန်းတိုင်နှင့် ကွာခြားနေကြောင်း သာဓကအားဖြင့် ၂၀၁၁ခုနှစ် အိမ်ရှင်အင်ဒိုနီရှားမှာ အိုလံပစ် အားကစားနည်းမဟုတ်သော အားကစားအများအပြား ထည့်သွင်းကာ ရွှေတံဆိပ်ပေါင်း(၁၈၂)ခုရရှိခဲ့ သော်လည်း ၂၀၁၅ခုနှစ်တွင် ရွှေတံဆိပ်(၄၅)ခုသာ ရရှိကြောင်း ထောက်ပြခဲ့ပြီး ၂၀၁၇ခုနှစ် ဆီးဂိမ်းတွင် အိုလံပစ်အားကစာနည်း မဟုတ်သောဖလိုးဘောနှင့်ရွက်လှေအားကစားမှ optimist-race ပြိုင်ပွဲတို့ကိုထည့်သွင်းရန် ဆန္ဒမရှိကြောင်းပြောကြားခဲ့သည်။

အရှေ့တောင်အာရှ အားကစားအဖွဲ့ချုပ်အနေဖြင့် မလေးရှားဆီးဂိမ်းတွင် အဖွဲ့ဝင်နိုင်ငံများ ဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ တီမောလက်စ်နှင့် ဗီယက်နမ်တို့(၁၁)နိုင်ငံစလုံး ပါဝင်ယှဉ်ပြိုင်လိမ့်မည်ဟုမျှော်လင့်ထားသည်။

၂၀၁၇ခုနှစ်ဆီးဂိမ်း၏ထူးခြားမှုတစ်ခုမှာ ဆီးဂိမ်းဖက်ဒရေးရှင်းက ရွေးချယ်ထားသည့် ရေခဲပြင် စကိတ်၊ ရေခဲပြင်ဟော်ကီ အားကစားနည်းတို့အတွက် အခြေအနေကောင်းများကို မြန်မာနိုင်ငံက ပိုင်ဆိုင်ထားခြင်း ဖြစ်သည်။ အဆိုပါအားကစားနည်းများ ကျင်းပ ပေးနိုင်သည့် သဘာဝ ရေခဲဖုံးတောင်တန်းများမှာ အာဆီယံနိုင်ငံများအနက်မှ မြန်မာတစ်နိုင်ငံတည်းတွင်သာ ရှိနေခြင်းက တစ်ပန်းသာ စေမည့်ထူးခြားသည့် သဘာဝ ပေးအခွင့်အရေးဖြစ်သည်။ လွန်ခဲ့သောနှစ်အနည်းအတွင်း မြန်မာနိုင်ငံ ပြေးခုန်ပစ် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ရေခဲဖုံးတောင်တန်းများကို တက်ရောက် နိုင်မည့် လမ်းကြောင်းရှာဖွေရန် ကြိုးပမ်းခဲ့ခြင်းမှာ နိုင်ငံ့အတွက် နိုင်ငံခြား ဝင်ငွေရရှိစေမည့် ရေခဲပြင်အပန်းဖြေ စခန်းများထွန်းကားလာရန် သာမက အားကစားဘက်မှာလည်း

အထောက်အပံ့များဖြစ်လာနိုင်ပေရာ နိုင်ငံတော်ပိုင်းမှလည်းကောင်း ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာအကူအညီများ ရရှိအောင် ပူးပေါင်းဆောင်ရွက်နိုင်ရေး တို့ကိုခွင့်ပြုပံ့ပိုး ပေးရန်စဉ်းစားသင့်သည်။

မလေးရှားဆီးဂိမ်းတွင် အမျိုးသမီးအားကစားနည်းများ၊ ရိုးရာလှေလှော် အားကစားနည်းများ ကဲ့သို့သော မြန်မာတို့အောင်မြင်မှုရရှိရေး အားထားနေရသည့် အားကစားနည်းများ လျော့နည်းလာနိုင် သည်ဖြစ်ရာ ဆုတံဆိပ်များပိုမိုရရှိနိုင်မည့် အလားအလာ ကောင်းသည့် အားကစားနည်းနှင့် အားကစားသမားတို့ကို မှန်ကန်စွာ ရွေးချယ်လေ့ကျင့်ပေးကာ အားကစားအဖွဲ့ချုပ်များနှင့် အားကစား ဝန်ကြီးဌာနတို့က နိုင်ငံဂုဏ်ဆောင်နိုင်ရေး အစွမ်းကုန်လက်တွဲကြိုးစား သွားရမည်ဖြစ်ကြောင်း ရေးသား တိုက်တွန်းလိုက်ပါသည်။

လူလူမင်း

(၁၃)ကြိမ်မြောက် ၂၀၁၅ ခုနှစ် ကမ္ဘာ့ဝူရှူးတံခွန်စိုက်ပြိုင်ပွဲ

၂၀၁၅ ခုနှစ်ကမ္ဘာ့ဝူရှူး တံခွန်စိုက်ပြိုင်ပွဲ သည်(၁၃)ကြိမ် မြောက်ဖြစ်ပြီး၊ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တော်ရှိ အစ္စတိုနာဆီ နာယန်ပင်မအားကစားရုံကြီးတွင် နိုဝင်ဘာလ (၁၄)ရက်နေ့မှ(၁၈) နေ့အထိ ကျင်းပနိုင်ခဲ့ပြီး ကမ္ဘာ့ နိုင်ငံပေါင်း(၈၀)မှ ဝူရှူးကစား သမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြ သည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာဝူရှူး အားကစားအဖွဲ့ သွားရောက်ယှဉ်ပြိုင်ခဲ့ရာတွင် အုပ်ချုပ်သူ နည်းပြ ဒေါ်ဆွေဆွေသန့်၊ အားကစား သမားများအဖြစ် မောင်ငြိမ်းချမ်းကိုကို၊ မောင်သိန်းသန်းဦး၊ မစန္ဒီ ဦးနှင့် မမြတ်သက်စုဝေဖြူးတို့က ထိုက်ချိုချွမ်၊ ထိုက်ကျိကျန့်၊ နန်း ချွန်၊ နန်းသောင်း၊ နန်းကွန့်၊ ချမ်း ချွမ်းနှင့် ကျန်လျှဲ စသည့် အားက စားနည်း(၉)မျိုးတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြရာ မောင်ငြိမ်းချမ်း ကိုကိုက ထိုက်ချိုချွမ် အားစား နည်းပြိုင်ပွဲတွင် ဒုတိယဆုငွေ တံဆိပ် ဆွတ်ခူးရရှိခဲ့သည်။ ၄င်းက မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် ရွှေတံဆိပ်များ ရရှိရန်များစွာ ကြိုးစားရဦး မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကြီးဖြစ် သဖြင့်များစွာ စိတ်လှုပ်ရှားရကြောင်း၊ အဓိကပြိုင်ဘက်များမှာ တရုတ်နှင့်ဟောင်ကောင်တို့ ဖြစ်ပြီး ဒေသတွင်းမှ မလေးရှားဖြစ်ကြောင်း၊ ပြိုင်ပွဲမှရရှိသောအတွေ့ အကြုံများဖြင့် လာမည့်မလေးရှား ဆီး ဂိမ်းစ်တွင် အကောင်းဆုံးပြိုင်ပွဲဝင်သွားရန် မျှော်လင့်ထားကာ လူငယ်မျိုးဆက် သစ်များအတွက် ပြိုင်ပွဲအတွေ့အကြုံများမျှဝေပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဝူရှူးအားကစားမှာ ယခုအခါ နိုင်ငံတကာစာမျက်နှာမှာ တွင်ကျယ်လာသော အားကစားနည်း တစ်ခုဖြစ်ပြီးမြန်မာတို့အတွက် ဆီးဂိမ်းစ်နှင့်ဒေသတွင်း အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ် မျှော်မှန်းနိုင်သော အားကစားနည်းအဖြစ် အရှိန်မြှင့်ကြိုးပမ်းနေ သည်ဖြစ်ရာ အလားအလာကောင်း သည့် အားကစားနည်းဖြစ်သည်။

ယခုတံခွန်စိုက်ပြိုင်ပွဲတွင် ရွှေ (၁၄)ခုဖြင့်ဗိုလ်စွဲသောတရုတ်နိုင်ငံမှာ ကမ္ဘာ့ဝူရှူးအင်အားကြီးနိုင်ငံဖြစ်ကာ မြန်မာနိုင်ငံနှင့်ဆက်ဆံရေး ကောင်းမွန်ပြီး အဆင့်မြင့်နည်းပြများ ငှားရမ်းကူ ညီနေသည်ဖြစ်ရာ ဝူရှူးအားကစား အတွက်သာမက ပြေးခုန်ပစ်နှင့်အခြား အားကစားများမှာပါ ပိုမိုတိုးတက်ရေး၊ အိမ်နီးချင်းအာဆီယံနိုင်ငံများကို တန်း တူယှဉ်ပြိုင်နိုင်ရေးကြိုးပမ်းရန်အတွက်ပါ အားထားနိုင်သည်။ သို့ဖြစ်ရာ နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ အ ပြန်အလှန်ယဉ်ကျေးမှုဖလှယ်ရေး အစီ အစဉ်များဖြင့် အစိုးရချင်းညှိနှိုင်းဆောင် ရွက်မှုများကို အနာဂတ်တွင် ယခုထက် ပိုမိုတိုးမြှင့်ကြိုးပမ်းရန် ယခုကပင် ပြင် ထားသင့်သည်။

ဒေသတွင်းပြိုင်ဘက်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက မိမိတို့ထက် အိမ်ရှင် အခွင့်အရေးပါ သာလွန်သော အင်ဒိုနီး ရှားမှာ ရွှေ (၇) ၊ ငွေ (၃)၊ ကြေး(၆)ဖြင့် အဆင့်-၂တွင်ရပ်တည်နိုင်ခဲ့ပြီး မလေး ရှားက ရွှေ(၃)၊ ငွေ(၄)၊ ကြေး(၄)ဖြင့် အဆင့်-၆။ ဖိလစ်ပိုင်ကရွှေ(၂)၊ ငွေ

(၂)ကြေး(၁)ဖြင့်အဆင့်-၉။ စင်ကာပူက ရွှေ(၁)၊ ငွေ(၁) ကြေး(၂)အဆင့်-၁၁။ ဗီယက်နမ်က ရွှေ(၀)၊ ငွေ(၄)ကြေး (၃)ဖြင့်အဆင့်-၁၄ တွင်ရပ်တည်နိုင်ကြ ပြီး မြန်မာက ငွေတံဆိပ်တစ်ခုသာ ဆွတ်ခူးနိုင်ပြီး အဆင့်-၂၄တွင်ရပ်တည် ကျေနပ်ခဲ့ရသည်။ သို့သော် မြန်မာအောက်တွင် ဂရိတ် ဗြိတိန်အပါအဝင် ဥရောပနိုင်ငံအတော်များများ ရှိနေသေး သဖြင့် ဖြေသာသော်လည်း အာဆီယံနိုင်ငံများနှင့်အလှမ်း ကွာနေခြင်းကို တတ်နိုင်သမျှ အမြန်ဆုံးလိုက်မီဖို့ ကြိုးစားကြ ရမည်ဖြစ်သည်။

(၁၃)ကြိမ်မြောက်ကမ္ဘာ့ဝူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် ဆိုခဲ့ ပါအတိုင်း ကမ္ဘာနိုင်ငံပေါင်း (၈၀)ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော် လည်း ဆုတံဆိပ်ရရှိသောနိုင်ငံပေါင်း(၂၈)နိုင်ငံရှိခဲ့ပြီး ထိုနိုင်ငံများအနက် ရွှေတံဆိပ်ဆွတ်ခူးနိုင်သော နိုင်ငံပေါင်း (၁၃)နိုင်ငံ၊ ငွေတံဆိပ်ရသောနိုင်ငံ (၂၆)နိုင်ငံရှိကာ ကြေး တံဆိပ်တစ်မျိုးတည်းဖြင့်သာ ကျေနပ်ခဲ့ရသော နိုင်ငံ(၈)နိုင်ငံရှိခဲ့သည်။ နိုင်ငံအလိုက် ဆုရရှိမှု တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ရွှေ (၁၄)ခု ဖြင့် ပထမ၊ အိမ်ရှင်အင်ဒိုနီးရှားက ရွှေ(၇)ခုဖြင့် ဒုတိယ၊ အီရန်က ရွှေ(၆)ခုဖြင့် တတိယအသီးသီး ရပ်တည်နိုင်ခဲ့ကြသည်။

ကျင်းပပြီးစီးခဲ့သော (၁၃)ကြိမ်မြောက် ကမ္ဘာ့ဝူရှူးတံခွန်စိုက်ပြိုင်ပွဲသို့ ထင်ရှားသော ကိုယ်ခံပညာရှင်အကျော်အမော်များလည်းရောက် ရှိခဲ့ကြသည်။ ၄င်းတို့မှာ ပြိုင်ပွဲတွင်ပါဝင် ယှဉ် ပြိုင်ရန်မဟုတ်ကြဘဲ၊ မျိုးဆက်သစ်လူငယ်များ၏ ကမ္ဘာ့အဆင့်စွမ်းရည်ပြိုင်ပွဲသို့ ကိုယ်တိုင် ကိုယ်ကျလာရောက်ကြည့်ရှု အားပေးခြင်းသာဖြစ်သည်။ ထိုနာမည်ကြီးထင်ပေါ်ကျော်ကြားသူ များထဲတွင် ကိုယ်ခံပညာလက်စွမ်းထက်သော ရုပ်ရှင်မင်းသား ဂျက်လီလည်း ပါဝင်သည်။ ဂျက်လီ၏ “Hero”“The Expendableနှင့်“Fistof Legend” ရုပ်ရှင်ဇာတ်ကားများမှာ အထူးကျော်ကြား လူကြိုက်များခဲ့သည်။ ဂျက်လီသည် ဂျာမေကာဝူရှူးတံခွန်စိုက်ဖွင့်ပွဲ အခမ်း အနားကိုအမီလာရောက်အားပေးမည့်သတင်း ကိုလည်း ပြိုင်ပွဲကျင်းပရေးအမှုဆောင်အရာ ရှိချုပ်က အတည်ပြုပြောကြားခဲ့သည်။ ၄င်းက ယခုကျင်းပသည့်ပြိုင်ပွဲသို့ နိုင်ငံပါင်း (၇၅-၈၀) ကျော်မှ ဝူရှူးစစ်သည်တော်များ လာရောက်ပါဝင်ယှဉ်ပြိုင်လိမ့်မည်ဖြစ်ကြောင်းကိုလည်းဖြည့်စွက် ဖွင့်ဟခဲ့သည်။

ယခု ဝူရှူးတံခွန်စိုက်ပြိုင်ပွဲက အင်ဒိုနီးရှားကို နိုင်ငံတကာမှာ မျက်နှာကောင်း ရစေမှာပါ၊ အထူးသဖြင့် ကမ္ဘာ့ဝူရှူးအဖွဲ့ချုပ်အခြေစိုက်တဲ့ တရုတ်နိုင်ငံပါပဲ၊ သူတို့က တခြားနိုင်ငံတွေ အနေနဲ့ ဒီပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် ကောင်းကောင်းဆောင်ရွက် ပေးနိုင်မယ်လို့ ထင်မထားကြလို့ပါပဲ။ အခုတော့ ဂျက်လီလည်းရောက် အခြားကိုယ်ခံ ပညာရှင်တွေလည်းလာမယ်။ ကျွန်တော်တို့ ပြည်တွင်းက စူပါစတား သိုင်းမင်းသား

အိုက်ကိုယူဝေစ်(IkoUwais)နဲ့တွေ့ပြီး တခါမှ မရိုက်ဖူး၊ မပေါ်ဖူးသေးတဲ့ သိုင်းရုပ်ရှင်ကား မျိုးဖန်တီးနိုင်ရင်သိပ်ကောင်းမှာပါ"ဟု အားပါး တရဖွင့်ဟသွားခဲ့သည်။

မြန်မာနှင့်ကမ္ဘာ့ဝူရှူးအဖွဲ့ချုပ် အကြောင်း သိကောင်းစရာ

ဝူရှူးအားကစားမှာနိုင်ငံတကာမျက်နှာစာမှာ တွင်ကျယ်လာသည်နှင့်အမျှကျယ်ပြန့်စွာ လက်ခံ လာသည့်အားကစားနည်းဖြစ်သည်။ ဝူရှူးအား ကစားပြိုင်ပွဲများကို ကမ္ဘာ့အဆင့် ကျယ်ကျယ် ပြန့်ပြန့်ဦးဆောင်ကျင်းပပေးနေသော ကမ္ဘာ့ဝူရှူး အဖွဲ့ချုပ်ကို ၁၉၉၀ပြည့်နှစ်၊ အောက်တိုဘာလ(၃)ရက်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေကျင်းတွင် (၁၁)ကြိမ်မြောက် အာရှဆောင်းရာသီ အားကစားပြိုင်ပွဲကျင်းပနေစဉ် ဝူရှူးကိုပြိုင်ပွဲဝင် အားကစားနည်းအဖြစ် မြှင့်တင်ရန် ရည်သန်ကာ စတင်ထူထောင်ခဲ့ခြင်းဖြစ်သည်။

၁၉၉၁ခုနှစ်မှစတင်ပြီး အပြည်ပြည်ဆိုင်ရာ ဝူရှူးအဖွဲ့ချုပ်(IWUF)၏ဦးဆောင်မှုဖြင့် ကမ္ဘာ့ ဝူရှူးတံခွန်စိုက်ပြိုင်ပွဲများကို နိုင်ငံပေါင်းခုနှစ် နိုင်ငံ(သို့)အဖွဲ့ဝင်ဒေသကြီးကိုးခုတွင် (၁၀)ကြိမ်မြောက်အထိ ကျင်းပပေးနိုင်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာဝူရှူးအဖွဲ့ချုပ်၏အောက်တွင် အမျိုးသားအဖွဲ့ချုပ်ပေါင်း(၁၀၀)အထိ စည်းရုံးဖွဲ့စည်းပေးနိုင်ခဲ့သည့်အပြင် ၄င်းတို့၏ သီးသန့် တံခွန်စိုက် ပြိုင်ပွဲများ၊ နိုင်ငံအလိုက်ပြိုင်ပွဲများ ကျင်းပနိုင်ရန်လည်း ဦးဆောင်စီမံပေးခဲ့သည်။ (ဥပမာ) ဥရောပတံခွန်စိုက်ပြိုင်ပွဲကို ဘယ်လ်ဂျီယံရှိ ဥရောပဝူရှူးအဖွဲ့ချုပ်က ကြီးကြပ် ကျင်းပပေးခြင်းမျိုးဖြစ်သည်။ ၂၀၁၂ခုနှစ်အထိ(IWUF) တွင် အဖွဲ့ဝင်နိုင်ငံပေါင်း (၁၄၇)နိုင်ငံ ရှိနေပြီး ၄င်း၏တရားဝင်ရုံးသုံးဘာသာစကားမှာ တရုတ်နှင့်အင်္ဂလိပ် ဘာသာစကားတို့ဖြစ်သည်။ ထို့ပြင် ၁၉၉၂ အိုလံပစ်အားကစား ပြိုင်ပွဲမှစတင်ကာ ဝူရှူးကိုသရုပ်ပြအားကစားအဖြစ်လည်းကောင်း၊ တရားဝင်ဆုချီးမြှင့်သည့်ပြိုင်ပွဲအဖြစ်လည်းကောင်း ထည့်သွင်းကျင်းပပေးလာခဲ့သည်။ လက်ရှိ (IWUF)၏ဥက္ကဋ္ဌမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မစ္စတာMr. Y က Zaiqing ဖြစ်ပြီး အဖွဲ့ ချုပ်ရုံးမှာလည်း ဘေကျင်းမြို့တော်တွင်ရှိသည်။

မြန်မာဝူရှူးအဖွဲ့ချုပ်လျှပ်တပြက်ပုံရိပ်

မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ကို၁၉၉၃ခုနှစ် တွင်စတင်ဖွဲ့စည်းခဲ့ပြီးဥက္ကဋ္ဌဦးခင်မောင်လေး မှာ ၁၉၉၃ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ တာဝန်ယူ ဆောင်ရွက်ခဲ့သည်။ ဒုတိယဥက္ကဋ္ဌအဖြစ် ဒေါက်တာစိုင်းဆမ်ထွန်းက ၂၀၀၆ခုနှစ်မှ ၂၀၁၃ခုနှစ် အထိဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်၏ လက်ရှိဥက္ကဋ္ဌမှာ ဦးသစ္စာဖြစ်ပြီး ၂၀၁၄ခုနှစ်မှ စတင်တာဝန် ယူလာခဲ့သည်။ မြန်မာ့လက်ရွေးစင် ဝူရှူးကစားသမားများမှာ အရှေ့တောင်အာရှ၊ အာရှနှင့် ကမ္ဘာ့အဆင့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကာ ဆုတံဆိပ်များ

ရယူပေးနေနိုင်ပြီ ဖြစ်သည်။ (၂)နှစ်တစ်ကြိမ်ကျင်းပပေးနေသည့် ကမ္ဘာ့ တံခွန်စိုက်ပြိုင်ပွဲတွင် မြန်မာအသင်း မပါဝင် နိုင်ခဲ့သည်မှာ (၃)ကြိမ်ရှိခဲ့ပြီး ယခု ၂၀၁၅ခုနှစ် (၁၃)ကြိမ်မြောက်တွင်မှ ပြန်လည်ပါဝင်ယှဉ်ပြိုင် နိုင်ခြင်းဖြစ်သည်။

ယခုနှစ်ပြိုင်ပွဲတွင် မြန်မာဝူရှူးအဖွဲ့မှ ကစားသမား (၄)ဦးက ပြိုင်ပွဲအမျိုးအစား (၃၀)အနက်မှ (၉)မျိုးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မောင်ငြိမ်းချမ်းကိုကိုက ထိုက်ခိုင်ချမ်းပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ကိုဆွတ်ခူးနိုင်ခဲ့ပြီး သိန်းသန်း ဦးကနန်းကွန်.ပြိုင်ပွဲတွင်အဆင့်(၈)ချိတ်ခဲ့သည်။ မြတ်သက်ဆုဝေဖြိုးက ချန်ချန်းပြိုင်ပွဲတွင် အဆင့်(၇)နှင့် စန္ဒီဦးက ကျန်းစုပြိုင်ပွဲတွင် အဆင့်(၁၃) အသီးသီးရပ်တည်နိုင်ခဲ့ကြသည်။ ယခုကဲ့သို့ ဆုတံဆိပ် ဆွတ်ခူးနိုင်မှု အားနည်းခဲ့ခြင်းအပေါ် ပြိုင်ပွဲနှင့်သုံးကြိမ်ပြတ်ခဲ့သဖြင့် ကမ္ဘာ့နိုင်ငံအသီး သီး၏ ဝူရှူးအားကစားအဆင့်မြင့် တိုးတက်နေ သည်ကိုမျက်ခြေပြတ်ခဲ့ခြင်း၊ ပြိုင်ဘက်အများစု ပါဝင်သော (ဆန်းဆို၊ထောက်လှု) အားကစားနည်းတွင် ဆုမှန်းနိုင်သောမြန်မာအဖွဲ့မပါနိုင်ခြင်းတို့ကိုပြင်ဆင်ကြိုးစားရဖို့ရှိကြောင်း၊ ကစားသမားများတွင် ကမ္ဘာ့အဆင့်ပြိုင်ပွဲ အတွေ့အကြုံရှိသူရော လုံးဝမရှိသူများပါဝင်သဖြင့် စိုးရိမ်စိတ်လွန်ကဲခြင်း၊ မိမိသာတတ်သည်၊ သိသည်ဟု စိတ်ကြီးဝင်ကာ ယုံကြည်မှု လွန်ကဲခြင်း ဟူသော အစွန်းရောက်အနေအထားရှိနေမှုက မြန်မာဝူရှူးအဖွဲ့ အောင်မြင်မှုလျော့ကျစေခဲ့ ခြင်းဖြစ်ကြောင်း မြန်မာဝူရှူးအသင်းမှာ အဆင့်ရှိကြောင်း၊ပြိုင်ပွဲဝင်နိုင်ငံ(၈၀)တွင်အဆင့် (၂၄)ရှိကြောင်း၊ နိုင်ငံတကာပြိုင်ပွဲများတွင် အင်ပြည့်အားပြည့် ပါဝင်ယှဉ်ပြိုင်နိုင်ရန် မျိုးဆက်သစ် ကစားသမားလူငယ်များရှာဖွေလေ့ကျင့်ပျိုးထောင်ကာ အထူးကြိုးစားသွားကြရမှာဖြစ်ကြောင်း အသင်းအုပ်ချုပ်သူက သုံးသပ်ပြခဲ့သည်။

လူလူမင်း

ဓနသဟာယအားကစားပြိုင်ပွဲ

ဓနသဟာယအားကစားပြိုင်ပွဲအဖွဲ့ချုပ်တံဆိပ်

ဆောင်ပုဒ်- Humanity, Equality, Destiny
ပထမအကြိမ်ပြိုင်ပွဲ - ၁၉၃၀
ဌာနချုပ် - လန်ဒန်၊ အင်္ဂလန်
ဥက္ကဋ္ဌ - တော်ဝင်မင်းသားတွန်ကူအင်မရန်
ဝက်ဘ်ဆိုက်ဒ် - www.thecgy.com

ဓနသဟာယအားကစားပြိုင်ပွဲကို ၁၉၃၀ ပြည့်နှစ်မှ ၁၉၅၀ ပြည့်နှစ်အထိ ဗြိတိသျှအင်ပါယာ အားကစားပြိုင်ပွဲဟုလည်းကောင်း၊ ၁၉၅၅ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ကာလအတွင်း၌ ဗြိတိသျှအင်ပါယာနှင့်ဓနသဟာယအားကစားပြိုင်ပွဲဟုလည်းကောင်း ကျင်းပခဲ့သည်။ ၁၉၇၀ ခုနှစ်မှ ၁၉၇၄ ခုနှစ်ထိကာလတွင် ဗြိတိသျှဓနသဟာယ အားကစား ပြိုင်ပွဲဟူသောအမည်ဖြင့် ကျင်းပခဲ့သည်။ အားကစားနည်းမျိုးစုံပါဝင်သော နိုင်ငံတကာပြိုင်ပွဲဖြစ်သည်။ ထိုအားကစားပြိုင်ပွဲတွင် ဓနသဟာယနိုင်ငံများမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြသည်။ ထိုအားကစားပြိုင်ပွဲကို ၁၉၃၀ ပြည့်နှစ်တွင် ပထမဆုံးစတင်ကျင်းပခဲ့ပြီး ၁၉၄၂ ခုနှစ်မှ ၁၉၄၆ ခုနှစ်အထိ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာသောကြောင့် ရပ်နားခဲ့ရခြင်းမှအပ ပုံမှန်(၄)နှစ် တစ်ကြိမ်ကျင်းပခဲ့သည်။

ထိုအားကစားပြိုင်ပွဲကို ဓနသဟာယအားကစားပြိုင်ပွဲအဖွဲ့ချုပ်ကကြီးမှူးပြီး ပြိုင်ပွဲအစီအစဉ်များရေးဆွဲခြင်းနှင့် အိမ်ရှင်နိုင်ငံရွေးချယ်ခြင်းများကိုစီမံဆောင်ရွက်သည်။ အိမ်ရှင် မြို့တော်ကို ပြိုင်ပွဲတစ်ကြိမ်အတွက်သာ ရွေးချယ်ပြီး၊ ယခုအချိန်ထိ နိုင်ငံပေါင်း(၇)နိုင်ငံမှ မြို့ကြီးပေါင်း(၁၈)မြို့တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ပြီးဖြစ်သည်။ ပြိုင်ပွဲတွင် အိုလံပစ် အားကစားနည်းများ တစ်စိတ်တစ်ပိုင်းပါဝင်ပြီး အချို့အားကစားနည်းများမှာ ဓနသဟာယနိုင်ငံများတွင် ကစားလေ့ရှိသော အားကစားနည်းများ

ဖြစ်သည်။ ဥပမာ- မြက်ခင်းပြင်ဘိုးလင်း (Lawn bwl)နှင့် နက်ဘော(net ball) ကဲ့သို့သော အားကစားနည်းများဖြစ်သည်။ အားကစားနည်းများကို သီးခြားဖော်ပြ ထားပါသည်။

ဓနသဟာယအဖွဲ့ဝင် (၅၃)နိုင်ငံသာရှိသော်လည်း ဓနသဟာယအားကစားပြိုင်ပွဲဝင် (၇၁)သင်းအထိရှိသည်။ အကြောင်းမှာအချို့သည် ကာကွယ်စောင့်ရှောက်ခံနိုင်ငံများနှင့် အချို့ နယ်မြေများမှာလွတ်လပ်ရေးမရကြသေးသော်လည်း၊ ၎င်းတို့၏ကိုယ်ပိုင်အလံများ ဖြင့်ပါဝင် ယှဉ်ပြိုင်ကြသောကြောင့်ဖြစ်သည်။ ယူနိုက်တက်ကင်းဒမ်းတွင် ကိုယ်ပိုင် အမည်ဖြင့် ပါဝင်ယှဉ်ပြိုင်သော (၄)နိုင်ငံမှာ အင်္ဂလန်၊ စကော့တလန်၊ ဝေးလ်နှင့် မြောက်အိုင်ယာလန် တို့ဖြစ်သည်။ ပြိုင်ပွဲတစ်လျှောက်အမြဲပါဝင်ခဲ့သော အသင်းများ အဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံ(၆)နိုင်ငံသာရှိပြီး၊ ၎င်းတို့မှာ ဩစတြေးလျ၊ ကနေဒါ၊ အင်္ဂလန်၊ နယူးဇီလန်၊ စကော့တလန်နှင့် ဝေးလ်တို့ဖြစ်သည်။ ဩစတြေးလျမှာ အောင်မြင်မှုအရဆုံးအသင်းဖြစ်ကာ (၁၂)ကြိမ်ဗိုလ်စွဲခဲ့ပြီး အင်္ဂလန်မှာ (၇)ကြိမ်နှင့် ကနေဒါက တစ်ကြိမ်ဗိုလ်စွဲခဲ့သည်။

<u>ပြိုင်ပွဲသမိုင်းကြောင်း</u>

အားကစားယှဉ်ပြိုင်စေခြင်းဖြင့် ဗြိတိသျှအင်ပါယာအတွင်းရှိနိုင်ငံများကို အတူတကွ စုစည်းနိုင်ရန် ပထမဆုံးအကြံပြုခဲ့သူမှာ ဂျွန်အက်စ်တလေကူးပါး(John Astley Cooper) ဖြစ်ပြီး ၁၈၉၁ ခုနှစ်တွင် The Times မဂ္ဂဇင်း၌ ဆောင်းပါးရေးအကြံပြုခဲ့ခြင်းဖြစ်သည်။ ထိုဆောင်းပါးတွင် အင်္ဂလိပ်စကားပြောသူအားလုံး၊ ဗြိတိသျှအားလုံးပါဝင်သော ပြိုင်ပွဲကြီးကို ဗြိတိသျှအင်ပါယာအတွင်းရှိ နိုင်ငံများချစ်ကြည်ရင်းနှီးရေး၊ အပြန်အလှန် နားလည်မှုများ တိုးပွားရေးတို့အတွက် (၄)နှစ်တစ်ကြိမ်ကျင်းပသွားသင့်ကြောင်း ၎င်းကသုံးသပ် ဖော်ပြခဲ့သည်။ ဂျွန်အက်စ်တလေကူးပါး၏ ကော်မတီသည် ကမ္ဘာတစ်လွှားတွင် အိုလံပစ်ပြိုင်ပွဲများကို စတင်ခဲ့သော ပီယားစ်ဒီကို ဘာတင်၏ နိုင်ငံတကာ အိုလံပစ်ပြိုင်ပွဲများပထမဆုံး ပေါ်ထွန်းလာရေးကိုလည်း အကူအညီများစွာ ပြုခဲ့သည်။

ဓနသဟာယအားကစားပွဲ၏ ရှေ့ပြေးဟုဆိုနိုင်သော အင်ပါယာပွဲတော် (Festival of Empire) ကို ၁၉၁၁ ခုနှစ်တွင် လန်ဒန်မြို့ရှိခရစ္စတယ်ပဲလေ့စ်၌ ပဉ္စမမြောက် ဘုရင်၏ နန်းတက်ပွဲအထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည်။ ထိုပွဲတော်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အင်ပါယာ တံခွန်စိုက်ပြိုင်ပွဲကို ကျင်းပခဲ့ပြီးဩစတြေးလျ၊ ကနေဒါ၊ တောင်အာဖရိကနှင့် ယူနိုက်တက်ကင်းဒမ်းတို့က လက်ဝှေ့၊ နပမ်း၊ ရေကူးနှင့် ပြေးခုန်ပစ်အားကစားနည်းများကို ယှဉ်ပြိုင်ခဲ့ကြသည်။

၁၉၂၈ ခုနှစ်တွင် ကနေဒါနိုင်ငံမှ မယ်ဗီလီမာ့က်စ်ရော့ဘင်ဆင်(Malville Marks Robinson)က ပထမဆုံး ဗြိတိသျှအင်ပါယာအားကစားပွဲကို ကျင်းပရန် တောင်းဆို ဆော်သြခဲ့ပြီး ထိုပြိုင်ပွဲများကို ၁၉၃၀ ခုနှစ်များအတွင်း ဟာမီလ်တန်မြို့နှင့် အွန်တာရီယို မြို့များတွင် ကျင်းပခဲ့ ကြသည်။ အမျိုးသမီးများက ရေကူးပြိုင်ပွဲတစ်မျိုးတည်းကို ကျင်းပခဲ့သည်။ သို့သော် ၁၉၄၃ ခုနှစ်တွင် အမျိုးသမီးများကပါပြေးခုန်ပစ်အားကစားနည်း အချို့ကို ကျင်းပယှဉ်ပြိုင်ခဲ့ကြသည်။

ပထမဆုံးဓနသဟာယပါရာလက်ဂျစ် အားကစားပွဲ(Commonwealth Paralegic Games)ကို ဓနသဟာယအားကစားပွဲများနှင့်အတူ ယှဉ်တွဲကာ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ကျင်းပခဲ့သည်။ သရုပ်ပြပွဲများတွင်လည်း မသန်စွမ်းအားကစား သမားများပါဝင်ခဲ့သည်။ ၁၉၉၄ ခုနှစ်က ဗြိတိသျှကိုလံဘီယာရှိ ဗစ်တိုးရီးယားမြို့တွင် ကျင်းပသောဓနသဟာယ အားကစား ပြိုင်ပွဲတွင် မသန်စွမ်းကစားသမားများအား နိုင်ငံ့လက်ရွေးစင်ပြိုင်ပွဲဝင်များအဖြစ် အပြည့်အဝ ပါဝင်ခွင့်ပြုခဲ့ပြီး ဆုတံဆိပ်များလည်း ချီးမြှင့်ပေးအပ်ခဲ့သည်။

CGF

ဓနသဟာယအားကစားပြိုင်ပွဲအဖွဲ့ချုပ်အလံ

အင်ပါယာအားကစားပြိုင်ပွဲအလံကို ၁၉၃၁ ခုနှစ်တွင် ကနေဒါနိုင်ငံ ဗြိတိသျှအင်ပါယာ အားကစားပြိုင်ပွဲအစည်းအရုံး (British Empire Games Association) က လျှောဒါန်းခဲ့သည်။ နောက်ပိုင်း ကျင်းပသော ခုနှစ်နှင့် နေရာများကို ၁၉၅၀ပြည့်နှစ်အထိ ပြိုင်ပွဲမှတ်တမ်းများတွင် ဆက်လက်ထည့်သွင်းဖော်ပြခဲ့သည်။ သို့သော် ပြိုင်ပွဲ၏ အမည်ကို ဗြိတိသျှအင်ပါယာနှင့် ဓနသဟာယအားကစားပြိုင်ပွဲဟု အမည်ပြောင်းလဲလိုက်သော အခါတွင်မူ အင်ပါယာ အားကစားပြိုင်ပွဲအလံကို အနားပေးခဲ့သည်။

ဗြိတိသျှဓနသဟာယအားကစားပြိုင်ပွဲ လက်ခံကျင်းပခဲ့သော နိုင်ငံနှင့် အိမ်ရှင်မြို့တော် များ၏ အနေအထားပြမြေပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ဓနသဟာယအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်ကျင်းပခဲ့သောနိုင်ငံများ



- အိမ်ရှင်အဖြစ်ကျင်းပပြီးနိုင်ငံနှင့်စီစဉ်ထားသောနိုင်ငံများ
- ပြိုင်ပွဲသို့ အသစ်ဝင်လာသောနိုင်ငံများ
- ပြိုင်ပွဲသို့မူလကပါဝင်ခဲ့ပြီး ယခုမပါဝင်တော့သော နိုင်ငံများ

ပထမဆုံးကျင်းပသော ဗြိတိသျှအင်ပါယာအားကစားပြိုင်ပွဲကို ၁၉၃၀ပြည့်နှစ်တွင် ပြိုင်ပွဲဝင်နိုင်ငံပေါင်း (၁၁)နိုင်ငံပါဝင်ယှဉ်ပြိုင်ခဲ့သည်။ စတုတ္ထအကြိမ်မြောက်ပြိုင်ပွဲမှ စတင်ကာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာသဖြင့် ၁၉၄၂ ခုနှစ်ပြိုင်ပွဲကို မွန်ထရီယယ်မြို့တွင် ကျင်းပရန် စီစဉ်ထားသော်လည်း မကျင်းပဖြစ်ခဲ့ဘဲ ၁၉၄၆ ခုနှစ်ပြိုင်ပွဲကိုလည်း စွန့်လွှတ်ခဲ့ရသည်။ ထိုအားကစားပြိုင်ပွဲကို ၁၉၅၀ ပြည့်နှစ်တွင် ပြန်လည်ကျင်းပခဲ့ပြီးနောက် (၄)နှစ်ကြာသောအခါ အမည်ပြောင်းလဲပြီး ပထမဆုံး ဗြိတိသျှအင်ပါယာနှင့်ဓနသဟာယအားကစားပြိုင်ပွဲအဖြစ် ၁၉၅၄ ခုနှစ်တွင် ကျင်းပခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ကျင်းပသောအားကစားပြိုင်ပွဲ၌ အားကစားသမားပေါင်း ၃၀၀၀ ကျော်နှင့်ပြိုင်ပွဲဝင်အသင်းပေါင်း (၃၀)ကျော်အထိ ပထမဆုံးပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။

ထိုသို့အားကစားပြိုင်ပွဲ တဖြည်းဖြည်းကျယ်ပြန့်လာခဲ့ပြီး အက်တမွန်တန်မြို့တွင် ကျင်းပသောပြိုင်ပွဲ၌ စံချိန်တင်ကာ အားကစားသမားပေါင်း ၁၅၀၀ ကျော်နှင့် ပြိုင်ပွဲဝင် နိုင်ငံ ပေါင်း(၄၆)နိုင်ငံ ပါဝင်ယှဉ်ပြိုင်လာခဲ့သည်။ နယူးဇီလန်အားကစားအဖွဲ့နှင့် တောင်အာဖရိက အားကစားအဖွဲ့တို့ ပြိုင်ပွဲတွင်ပါဝင်လာမှုကို ဆန့်ကျင်ကန့်ကွက်ကာ ၁၉၇၈ ခုနှစ်တွင် နိုက်ဂျီးယားနိုင်ငံက ဓနသဟာယအားကစားပြိုင်ပွဲကို ပထမဆုံး သပိတ်မှောက်သော နိုင်ငံဖြစ်လာသည်။

၁၉၈၆ ခုနှစ်ပြုိင်ပွဲတွင် အာဖရိက(၃၂)နိုင်ငံနှင့် ကာရေဘီယံတို့က သပိတ်မှောက်ခဲ့သဖြင့် ပါဝင်ယှဉ်ပြိုင်သောနိုင်ငံများနည်းပါးသွားခဲ့သည်။ ၄င်းတို့က ၁၉၈၅ ခုနှစ်တွင် ဗြိတိသျှဝန်ကြီးမာဂရက်သက်ချာက တောင်အာဖရိကအစိုးရ၏ အသားအရောင်ခွဲခြားမှုကို ပြစ်တင်ရှုတ်ချရန် ငြင်းဆန်ခဲ့ခြင်းကို ကန့်ကွက်ပြီး သပိတ်မှောက်ခဲ့ကြခြင်းဖြစ်သည်။ သို့သော်ပြိုင်ပွဲကို ကျင်းပလာသောအခါ အင်အားပြန်လည်တောင့်တင်းလာခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ကျင်းပသောအားကစားပြိုင်ပွဲတွင် အစီအစဉ်များ (၁၀)ခုမှ (၁၅)ခု အထိ တိုးပွားလာပြီး အသင်းလိုက်ယှဉ်ပြိုင်ရသော အားကစားနည်းများကိုလည်း ပထမဆုံးအကြိမ် ထည့်သွင်းပေးခဲ့သည်။ ပြိုင်ပွဲဝင်ကစားသမားဦးရေမှာလည်း စံချိန်သစ် ဖြစ်လာပြီး ၃၅၀၀ ကျော်အထိရှိလာခဲ့ပြီးပြိုင်ပွဲဝင်အသင်းပေါင်းမှာလည်း (၇၀)ကျော်ရှိလာခဲ့ သည်။ ၂၀၀၆ ခုနှစ်တွင် ကျင်းပသောမဲလ်ဘုန်းပြိုင်ပွဲတွင် အားကစားသမားပေါင်း(၄၀၀၀) ကျော် အထိပါဝင်ယှဉ်ပြိုင်လာခဲ့သည်။

စဉ်	နိုင်ငံ	တိုက်ကြီးများဒေသ	အကြိမ်ပေါင်း	အိမ်ရှင်ခုနှစ်
၁။	ဩစတြေးလျ	သမုဒ္ဒရာဒေသ	၅	၁၉၃၈၊ ၁၉၆၂၊ ၁၉၈၂၊ ၂၀၀၆၊ ၂၀၁၈
၂။	ကနေဒါ	အမေရိက	၄	၁၉၃၀၊ ၁၉၅၄၊ ၁၉၇၈၊ ၁၉၉၄
၃။	နယူးဇီလန်	သမုဒ္ဒရာဒေသ	၃	၁၉၅၀၊ ၁၉၇၄၊ ၁၉၉၀၊
၄။	စကော့တလန်	ဥရောပ	၃	၁၉၇၀၊ ၁၉၈၆၊ ၂၀၁၄
၅။	အင်္ဂလန်	ဥရောပ	၂	(၁၉၁၁)၊ ၁၉၃၄၊ ၂၀၀၂
၆။	အိန္ဒိယ	အာရှ	၁	၂၀၁၀
၇။	မလေးရှား	အာရှ	၁	၁၉၉၈
၈။	ဂျမေကာ	အမေရိက	၁	၁၉၆၆
၉။	ဝေးလ်	ဥရောပ	၁	၁၉၅၈
၁၀။	တောင်အာဖရိက	အာဖရိက	၁	၂၀၂၂

အဆိုပါ ဓနသဟာယအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော နိုင်ငံများ အနက်(၃)နိုင်ငံမှာ အများဆုံးလက်ခံကျင်းပခဲ့သည်။ ဩစတြေးလျ(၅)ကြိမ်၊ ကနေဒါ(၄)ကြိမ်နှင့်နယူးဇီလန်(၃)ကြိမ်အထိရှိခဲ့သည်။ ထို့ပြင် ယူနိုက်တက်ကင်းဒမ်းတွင်လည်း (၆)ကြိမ်အထိကျင်းပခဲ့ဖူးပြီး စကော့တလန်(၃)ကြိမ်၊ အင်္ဂလန်(၂)ကြိမ်နှင့် ဝေးလ်(၁) ကြိမ်ဖြစ်သည်။ ကမ္ဘာ့တိုက်ကြီးများအလိုက်ဖော်ပြပါက အာရှတိုက်တွင်(၂)ကြိမ်

(အိန္ဒိယနှင့် သြစတြေးလျ) ဖြစ်ပြီးကာရေဘီယံဒေသတွင်း၌ ဂျမေကာတွင် တစ်ကြိမ်ကျင်းပခဲ့သည်။ အားကစားနည်းမျိုးစုံပါဝင်သော ပြိုင်ပွဲကို မြို့ကြီး(၂)မြို့တွင် (၂)ကြိမ်ကျင်းပခဲ့ရာ အော့ကလန်မြို့တွင် ၁၉၅၀ ပြည့်နှင့် ၁၉၉၀ပြည့် နှစ်များတွင်လည်းကောင်း အီဒင်ဘာ့ဂ်မြို့တွင် ၁၉၇၀ ခုနှစ်နှင့် ၁၉၈၆ ခုနှစ်များတွင် ကျင်းပခဲ့ခြင်း ဖြစ်သည်။

၁၉၁၁ ခုနှစ်တွင် အင်ပါယာအတွင်းတံခွန်စိုက်ပြိုင်ပွဲကိုအင်္ဂလန်တွင်ကျင်းပခဲ့ပြီး ခေတ်သစ် ဓနသဟာယအားကစားပြိုင်ပွဲများ၏ အကြိုရှေ့ပြေးပြိုင်ပွဲများဖြစ်ခဲ့သော်လည်း သာမန်အားဖြင့် ထိုအားကစားပြိုင်ပွဲများကို တရားဝင်ကျင်းပသည့်ပြိုင်ပွဲများအဖြစ် ထည့်သွင်းစဉ်းစားခြင်း မပြုခဲ့ကြပေ။

ယူနိုက်တက်ကင်းဒမ်းအနေဖြင့် ၄င်း၏ ပြည်ထောင်စုဝင်နယ်မြေများ ဖြစ်သော အင်္ဂလန်၊ စကော့တလန်၊ ဝေးလ်နှင့်မြောက်အိုင်ယာလန်တို့ကို သီးခြားပြိုင်ပွဲဝင်နိုင်ငံများ အဖြစ် လည်းကောင်း၊ သီးခြားစီပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ၁၉၁၁ ခုနှစ်တွင် ဗြိတိသျှ အင်ပါယာအတွင်း တံခွန်စိုက်ပြိုင်ပွဲများနှင့် ပရီကာဆာခေါ် ရှေ့ပြေးအကြိုပြိုင်ပွဲ အပါအဝင် ပြိုင်ပွဲပေါင်း(၇)ကြိမ် ကျင်းပခဲ့သည်။

<u>အားကစားနည်းများ</u>

ဓနသဟာယ အားကစားပြိုင်ပွဲများတွင် အားကစားနည်း(၂၂)မျိုးနှင့် နောက်ထပ် မသန်စွမ်း အားကစားနည်း(၇)မျိုး ပါဝင်သည်။ ထိုအားကစားနည်းများကို ဓနသဟာယ အားကစားအဖွဲ့ချုပ်က အတည်ပြုသတ်မှတ်ပြီး ၄င်းတို့ကို အမျိုးအစားအားဖြင့် ပုံစံ(၃)မျိုး ခွဲခြား သတ်မှတ်ထားသည်။ အမာခံအားကစားနည်း၊ စိတ်ကြိုက်အားကစားနည်းနှင့် အသိအမှတ်ပြု အားကစားနည်းဟူ၍ ဖြစ်သည်။

အမာခံအားကစားနည်း(Core)များမှာ ပြိုင်ပွဲအစီအစဉ်များတွင် မဖြစ်မနေ ပါဝင်ရသော အားကစားနည်းများဖြစ်သည်။ အချို့သော အားကစားနည်းများကို စိတ်ကြိုက် အားကစားနည်း (optional)များကို အိမ်ရှင်နိုင်ငံက ရွေးချယ်သတ်မှတ် ပေးရသည်။ ထိုအားကစားနည်းများတွင် ဘတ်စကက်ဘောကဲ့သို့သော အသင်းလိုက် အားကစားနည်းများ ပါဝင်သည်။

နောက်ထပ်အားကစားနည်းပုံစံတစ်ခုမှာ အသိအမှတ်ပြုအားကစားနည်းဖြစ်ပြီးထို အားကစားနည်းကို ဓနသဟာယ အားကစားအဖွဲ့ချုပ်က အတည်ပြုပေးသည်။ ထို အသိအမှတ်ပြု အားကစားနည်း (Recognized)ကို အိမ်ရှင်နိုင်ငံက မိမိတို့ရေးဆွဲသည့် အစီအစဉ်များတွင် ထည့်သွင်းခြင်းမပြုရဘဲ ဓနသဟာယအားကစားအဖွဲ့ချုပ်က လိုအပ် မှသာ ဖြည့်ဆည်း ပေးရခြင်းဖြစ်သည်။

မနသဟာယအားကစားပြိုင်ပွဲများတွင် ထည့်သွင်းသောအားကစားနည်းများ

အားကစားနည်း	အမျိုးအစားပုံစံ	ပြိုင်ပွဲခုနှစ်
မြားပစ်	optional	၁၉၈၂၊ ၂၀၀၂
ပြေးခုန်ပစ်	core	၁၉၁၁ မှ ယခုအထိ
ကြက်တောင်	core	၁၉၆၆ မှ ယခုအထိ
ဘတ်စကက်ဘော	optional	၂၀၀၆၊ ၂၀၀၈ အထိ
ဘိလိယက်	Recognized	Never
လက်ဝှေ့	core	၁၉၁၁ မှ ယခုအထိ
ကနူးလေ့	Recongniozed	Never
ခရစ်ကတ်	Recongnized	၁၉၈၈
စက်ဘီး	optional	၁၉၃၄ မှ ယခုအထိ
ဒိုင်ဗင်	optional	၁၉၃၀ မှ ယခုအထိ
ဓါးခုတ်	Recongnized	၁၉၅၀-၁၉၇၀
ကွင်းပြင်ဟော်ကီ	core	၁၉၈၈ မှ ယခုအထိ
ဘောလုံး	Recongnized	Never
ဂေါက်သီး	Recongnized	Never
ကျွမ်းဘား(Artistic)	optional	၁၉၇၈၊ ၁၉၉၀ မှယခုထိ
ကျွမ်းဘား(Rhythnic)	optional	၁၉၇၈၊ ၁၉၉၀ မှယခုထိ
ဟန်းဘော(Handball)	Recongnized	၁၉၃၀
ဂျူဒို	optional	၁၉၉၀၊ ၂၀၀၂၊ ၂၀၁၄
မြက်ခင်းပြင်ဘိုးလင်း	core	၁၉၃၀ မှ ယခုအထိ(၁၉၆၆မပါ)
အသက်ကယ်ခြင်း(lifesaving)	Recongnized	Never
နက်ဘော	Core	၁၉၉၈ မှ ယခုအထိ
လေ့လျော်	optional	၁၉၆၆၊ ၁၉၇၄ မှ ယခုအထိ
ရပ်ဂ်ဘီလိဂ်	Recongnized	Never
ရပ်ဂ်ဘီဆဲဗင်း	Core	၁၉၈၈ မှ ယနေ့အထိ
ရွှက်လေ့	Recongnized	Never
သေနတ်ပစ်	Optional	၁၉၆၆၊ ၁၉၇၄ မှ ယခုအထိ
ဆော့ဖ်ဘော	Recongnized	Never
စကွပ်ရှ်	Core	၁၉၈၈ မှ ယနေ့အထိ

ရေကူး	Core	၁၉၁၁ မှ ယနေ့အထိ
ရေကူးယိမ်း	Optional	၁၉၈၆--၂၀၀၆
စားပွဲတင်တင်းနစ်	Optional	၂၀၀၂ မှ ယနေ့အထိ
တိုက်ကွမ်ဒို	Optional	Never
တင်းနစ်	Optional	၂၀၁၀
ဘိုးလင်း(Tenpin)	Recongnized	၁၉၉၈
ထရိုင်သလွန်	Optional	၂၀၀၂၊ ၂၀၀၆၊ ၂၀၁၄
ဘော်လီဘော	Recongnized	Never
ဝါတာပိုလို	Recongnized	၁၉၅၀
အလေးမ	Core	၁၉၅၀ မှ ယခုအထိ
နပမ်း	Optional	၁၉၁၁-၁၉၈၆၊ ၁၉၉၄၊ ၂၀၀၂၊ ၂၀၁၀မှ ယနေ့အထိ

<u>ထူးထူးခြားခြားပြိုင်ပွဲဝင်များ</u>

စကော့တလန်မှ မြက်ခင်းပြင်ဘိုးလင်းကစားသမားဝီလီဝုဒ်မှာ ၁၉၇၄ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ (၇)နှစ်ဆက်တိုက်ပြိုင်ပွဲဝင်ခဲ့သော ပထမဆုံးကစားသမားဖြစ်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် Ise of Man မှ စက်ဘီးသမားအင်ဒရူးဂိုချီမှာ အလားတူစံချိန်တင်ခဲ့သည်။ နယူးဇီလန်မှ သေနတ်ပစ်အားကစားသမားဂရက်ဂ်ယီလာဗစ်ချ်မှာ ၁၉၈၆ မှ ၂၀၁၀ ခုနှစ်အထိ ပြိုင်ပွဲ (၇)ကြိမ်တွင် ဆုတံဆိပ်ပေါင်း(၁၂)ခုဆွတ်ခူးနိုင်ခဲ့သည်။ နောရုကျွန်းစုနိုင်ငံမှ အလေးမကစား သမားကပ်စ်စတီဗင်မှာ ၁၉၉၀ ခုနှစ်မှ ၂၀၀၂ ခုနှစ်အတွင်း မနသဟာယ အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ပေါင်း (၁၂)ခု ရရှိခဲ့ပြီး ရွှေတံဆိပ်(၇)ခု ဆွတ်ခူးနိုင်ခဲ့သဖြင့် ၂၀၀၇ ခုနှစ်တွင်နောရုကျွန်းနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံခဲ့ရသည်။ ထိုနိုင်ငံလေးမှာ မနသဟာယနိုင်ငံများတွင် အသေးဆုံး လွတ်လပ်သော နိုင်ငံဖြစ်ကာ ကီလိုမီတာ (၂၁)မိုင်မျှသာကျယ်ဝန်းပြီး လူဦးရေမှာလည်း ၂၀၁၁ ခုနှစ်စာရင်းအရ ၉၄၀၀ သာရှိသည်။ မနသဟာယအားကစားပြိုင်ပွဲတွင် ဆုရရှိမှု နိုင်ငံအလိုက် တန်းစီဇယားတွင် အဆင့် (၁၉)ချိတ်သောနိုင်ငံအဖြစ် လူသိများခဲ့သည်။

မြန်မာနိုင်ငံသည် ပြိတိသျှတို့၏ ကိုလိုနီဖြစ်ခဲ့သော်လည်း လွတ်လပ်ရေးရယူစဉ်က ဒုံမီနီကန် အဆင့်ဖြင့် မနသဟာယအဖွဲ့ဝင်နိုင်ငံအဖြစ် လွတ်လပ်ရေးရယူခဲ့ခြင်းမဟုတ်ပဲ လုံးဝလွတ်လပ်ရေးကို တောင်းဆိုခဲ့ခြင်းကြောင့် မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးနောက်ပိုင်းတွင် မနသဟာယအဖွဲ့ဝင် နိုင်ငံအဖြစ် ပါဝင်ခဲ့ခြင်းမရှိသလို မနသဟာယ အားကစားပွဲများတွင် မြန်မာနိုင်ငံပါဝင်ယှဉ်ပြိုင်မှု မပြုခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်

နိုင်ငံတကာ အားကစားပြိုင်ပွဲ အတွေ့အကြုံပိုမိုရရှိရေးကိုရှေးရှုပြီး ဤပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စဉ်းစားမည်ဆိုပါက လက်ရှိပါဝင်ယှဉ်ပြိုင်နေကြသော ဓနသဟာယ အဖွဲ့ဝင်နိုင်ငံများကလည်း လက်ကမ်းကြိုဆိုကြမည်ဟု မျှော်လင့်ရပါသည်။

လူလူမင်း

အင်းလျားကို သက်သေတည်

ခင်တင့်ဝေ(မြို့တော်စည်ပင်)

လွန်ခဲ့သောအတိတ်မှ ပုံဂိုပ်များသည် တဖြည်းဖြည်းထင်ထင်ရှားရှား ဖြစ်လာတော့သည်။

မြန်မာနိုင်ငံက အိမ်ဂွင်အဖြစ်လက်ခံကျင်းပနေသော ၂၀၁၃-ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို တီဗွီတွင်ကြည့်နေရင်း ကျွန်မ၏ မျက်ဝန်းများတွင် မျက်ရည်များ ဝေ့ဝဲလျက်ရှိနေပါတော့သည် ....

သင်းပျံ့ ပျံ့ မွှေးကြိုင်သောကံကော်ပန်းရနံ့များနှင့် အင်းလျားရေပြင်စိမ်းလဲ့လဲ့ အအေးဓါတ်များက ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၏ အလှကို ပို၍ ပီပီပြင်ပြင်ဖြစ်နေစေတော့သည် .....

" ကျောင်းဖွင့်ချိန် စိန်ပန်းတွေလည်း - မြေမှာကျဲပြန့်နေ - ကံ့ကော်ပန်းခြောက်တွေနဲ့အတူ သူနဲ့ တွေ့ရာမြေ - တက္ကသိုလ် (သို့ မဟုတ်) မြကျွန်းသာအင်းလျားကန်မြေ -ချိန်ညနေချမ်းနေခြည်ဖျန်းရင်လေ- မြေနီလမ်းကလေးမှာ - အပန်းဖြေ - အပန်းဖြေ -ချစ်သောမိမိငယ်ရေ - အင်းလျားကန်က ကိုယ်တို့ -ကိုယ်တို့ - သစ္စာမြေ - "

တိုက်တိုက်ဆိုင်ဆိုင်ပင် သီချင်းထဲမှာ - မိမိငယ်ဆိုသော အမည်နှင့် ကျွန်မရဲ့ နာမည်မှာ တစ်ထပ်တည်း သွား၍တူနေသည်။ ဒါကြောင့်ပင် - မောင်က - ဒီသီချင်းကို အသည်းစွဲဖြစ်နေ၏။

ကျွန်မကို မောင်က ချစ်စနိုးအငယ်လေးဟူ၍ နာမဝိသေသနပြု၍ ခေါ်တတ်ပါသည်။

ကျွန် မနှင့်မောင် စတွေ့ တဲ့ အချိန်ကတော့ .... ၁၉၆၈-ခုနှစ်၊ ဒုတိယနှစ်ဝက် မှာပင်ဖြစ်သည်။ မှတ်မှတ်ရရ အောက်တိုဘာ သီတင်းကျွတ်လပင် ဖြစ်သည်။

ဘာသာရေးအလိုက် ကြက်တောင်ရိုက်ပြိုင်ပွဲကျင်းပသော ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ရဲ့ အပန်းဖြေခန်းမ (**R.C**) တွင်ဖြစ်သည်။

ဒီနေ့က - ဗိုလ်လုပွဲဖြစ်သည်။

ကျွန်မက - ဓါတုဗေဒ ပထမနှစ်ကျောင်းသူ .....

တစ်ဖက်ပြိုင်ဘက်က ၊ နောက်ဆုံးနှစ်မြန်မာစာဘာသာရေးမှ ၊ ပြည်နယ်တိုင်းတွင် ငွေတံဆိပ်ရထား ဖူးသူ ဝါရင့်အားကစားသမားတစ်ယောက်ဟု သိရသည်။

ကျွန်မ - အတော်ပင် ပါးပါးနပ်နပ် လျင်လျင်မြန်မြန် ယှဉ်ပြိုင်ရပေမည်။

ဘာဘဲဖြစ်ဖြစ် ၊ ကျွန်မသည် ၊ အရှုံးအနိုင် ထက် အားကစားစိတ်ဓါတ် (**Sporting Spirit**) ကို ဦးစားပေးယှဉ်ပြိုင်မည်ဟု စိတ်ပိုင်းဖြတ်ထားပါသည်။

ကျွန်မရဲ့ ပြိုင်ဖက်က ရိုက်ခုတ်ချက် ပြင်းသည် ၊ ကိုယ်လုံးကိုယ်ထည်မှာ ကျွန်မထက် ကြီးမားတုတ်ခိုင် သည်။ ယောကျ်ားတစ်ယောက်ကဲ့သို့ မာကြောသူဖြစ်သည်။

ကျွန်မရဲ့ ကိုယ်လုံးကိုယ်ထည်က ၊ သွယ်လျလျ ရှိသည်။ အရပ်မြင့်သည်ကတော့ ပြိုင်ဘက်နှင့် ယှဉ်နိုင်သည်။ ကျွန်မရဲ့ (၅-ပေ ၇ လက်မ)အရပ်သည် တစ်ပန်းသာသည်ဟု ဆိုရပေမည်။ သို့သော်.....ရိုက်ချက်မှာပြိုင်ဘက်လောက်မပြင်းသည်ကတော့ တပန်းရှုံးနေသည်။

ပထမပွဲငယ်တွင် ကျွန်မ (၉)မှတ် နှင့် ကျေနပ်လိုက်ရပြီး ပြိုင်ဘက်က အနိုင်ယူသွား ခဲ့လေပြီ။

ဒုတိယပွဲငယ်စပေပြီ .....ဒုတိယပွဲငယ်ဆက်ရှုံးပါက ကျွန်မသည် အရှုံး ကို ရင်ဝယ်ပိုက်ရပေမည်။ ပထမရွှေတံဆိပ်နှင့်လွဲရပေမည်။

ဒုတိယပွဲငယ်မစမီ ကျွန်မ၏နည်းပြဆရာမ (တစ်ချိန်က မြန်မာ့လက်ရွေးစင်ဖြစ်ခဲ့သူ) ဒေါ်ဝေဝေ က..... ပြိုင်ဘက်ရဲ့ ရိုက်ချက်ကို (**Placing**) (တိုရိုက်ချက်) ဖြင့် ကစားရန် အမြင့် ရိုက်ချက်များထက် အနိမ့်ပေး၊ ပိုက်နားတို့ ရိုက်ချက်များဖြင့် ကစားရန် အကြံပေးသည်။

ဒုတိယပွဲငယ်စဖို့ ကွင်းထဲဝင်လာလျှင် ရှေ့ဆုံးမှ အားပေးနေသော "မောင့်" ကို သတိထားမိလိုက်သည်။ ယောကျ်ားပီသသော အသွင်အပြင် နှင့် .....

မောင် - က ကျွန်မကို အားရပါးရ ပြုံးပြရင်း အောင်ပွဲအထိမ်းအမှတ် ဗီဒို ပုံသဏ္ဍာန်လက်နှစ်ချောင်း ကို ထောင်ပြပါသည်။ ကျွန်မ ကလည်း အပြုံးဖြင့် တုံ့ပြန်မိပြီး မျက်လုံးချင်းစကားပြောသလိုခံစားရပြန်ပါသည်။

မောင့်ရဲ့အပြုံး များက ကျွန်မအတွက် အားဆေးပင်ဖြစ်ပါတော့သည်။

ဒုတိယပွဲငယ် စလေပြီ .....

ပြိုင်ဘက်ကို သတိထားပြီး ၊ စပေး (**Serveice**) လုပ်သည်။ ပိုက်နား တို့ချ ချက် ၊ အ နိမ့် ရိုက်ချက် များသည်။ ကျွန်မအတွက် (၃)မှတ် ပွဲဦးထွက်ဆက်တိုက် ရလိုက်ရာ .....

" မိမိငယ် " အားထည့်ထား ၊ ပိုင်မှ ခုတ် ၊ ဒေါင့်နားစည်းပေါ် ကိုရိုက်" ဟူသော မောင့် ရဲ့ အားပေး အော်ဟစ်သံသည် ပရိတ်သတ်များကို လွှမ်းမိုး၍ ထိုးဖောက် ဟိန်းထွက်လာပါတော့သည်။

မောင့် ရဲ့ အားပေးသံများ ၊ သူငယ်ချင်းများရဲ့ အားပေးမှုများကြောင့် ၊ ကျွန်မခွန်အားတွေ၊ နည်းဗျူဟာ တွေ ထက်မြက်လာပြီး နှစ်ချက် ဆက်တိုက် ရိုက်ခုတ်ချက်ဖြင့် စုစုပေါင်း (၅)မှတ် အသာဖြင့် ဦးဆောင်နေ ခဲ့ပေပြီ.....

ကျွန်မရဲ့ပြိုင်ဘက်သည် (၅)မှတ် ဆက်တိုက် ပေးလိုက်ရ၍ ရူးရူးရဲရဲဖြစ်ပြီး ဒေါသစိတ်များ လွှမ်းမိုး နေပါသည်။ ဒါကိုအခွင့်ကောင်းယူ၍ ကျွန်မရဲ့ ရိုက်ချက်များက တစ်မှတ်ပြီး တစ်မှတ် တိုးတက်လာခဲ့သည်။

ခေတ္တရပ်နားချိန် **Time Brake** ခေါ် ချိန်မှာပင် ၊ ကျွန်မက (၇) မှတ် -ပြိုင်ဘက်က (၂)မှတ် သာရ နေလေသည်။

ဒုတိယ ပွဲငယ်တွင် ကျွန်မက (၁၅)မှတ်ဖြင့် ဦးဆောင်ပြီး ပြိုင်ဘက်က (၆)မှတ်သာရ၍ အပြတ်အသတ် အနိုင်ယူခဲ့ပါသည်။

တတိယပွဲငယ်သည် အဆုံးအဖြတ်ဖြစ်သည်.....

ကျွန်မရဲ့ စိတ်ကို စုစည်းလိုက်သည်။ ပြိုင်ဘက်ကို မျက်စိမမှိတ် ၊ စူးစူးစိုက်စိုက် ကြည့်နေသည်။ လုံးဝ ကြောက်ရွံ့ စိတ်မရှိ ၊ ခြေသွက်မလေး တစ်ကောင်အလား မာန်ထည့်ထားလိုက်သည်။

စပေးရိုက်ချက်ကို ကျွန်မရဲ့ တုံ့ပြန်မှုက ၊ ထိရောက်ပေသည်။ ပိုက်နားတို့ ချချက်ဖြင့် ပွဲဦးထွက် (၁)မှတ်ရလိုက်သည်။

နောက်ပိုင်းတွင် ဘတပြန်ကျားတပြန် သူ(၁)မှတ် ကိုယ်(၁)မှတ်ဖြင့် (၆)မှတ်စီတူနေချိန်တွင် ကျွန်မရဲ့နည်းပြဆရာမက နား ချိန်တောင်းလိုက်သည်။

ကျွန်မရဲ့ နည်းပြဆရာမက အောင်မြင်ရေး သော့ချက်များကို ပြန်၍ရွတ်ပြပြီး အားဆေးထည့် လိုက်ပါသည်။ ကျွန်မနည်းပြဆရာမရဲ့ သတိပေးချက်များကတော့ " **Speed** - အရှိန်အဟုန် မြန်ရမယ်၊ **Strength** - ခွန်အားထည့်ထားရမယ်။ **Stamina** - သက်လုံကောင်းရမည် ၊ အမောခံနိုင်ရမယ်၊ **Skill** - နည်းစနစ် ပိုင်နိုင်ရမယ်၊ ဒါတွေကို **Spirit** - ဆိုတဲ့ အားကစားစိတ်ဓါတ်နဲ့ ပေါင်းစပ်လိုက်ရင် **Victory** - ဆိုတဲ့ အောင်မြင်ခြင်း နဲ့ ချန်ပီယံ ဆု ကို ရမှာပေါ့ " ဆိုတဲ့ အားပေးစကားတွေက ကျွန်မအားကစား စိတ်ဓါတ်ကို တွန်းအားပေးလိုက်သလို ဖြစ်ပါသည်။

ထိုအခိုက် ..... " မိမိငယ် - ချန်ပီယံ ဖြစ်ရမယ် ၊ အားထည့်ထား " ဆိုသော မောင်ရဲ့ အားပေးသံ က စူးစူးဝါးဝါး ပေါ်ထွက်လာပါတော့သည်။

ကျွန်မရဲ့ ခါတုဗေဒ ကျောင်းသား/သူ များကလည်း လက်ခုပ်ပြိုင်တူတီး၍ အားပေးနေပါသည်။

တတိယပွဲငယ် ပြန်စပေပြီ ..... နောက်ဆုံး ဗိုလ်လုပွဲ ဖြစ်၍ ရွှေတံဆိပ်အတွက် အရေးကြီးဆုံး အချိန်ပင်ဖြစ်သည်။

(၆)မှတ် စီ တူနေချိန်တွင် ၊ စပေး **Service** ကို ပြိုင်ဘက်က စတင်လိုက်သည်။ ပိုက်နား တို့ ချ မလို နှင့် ကျွန်မက နောက်စည်းနားသို့ ဝါးလုံးထိုး အနိမ့်ရိုက်ချက်ဖြင့် တုံ့ပြန်လိုက်သည်။

ပြိုင်ဘက်မှာ အငိုက်မိပြီး နောက်ပြန်ရိုက်ချက်ဖြင့် အမိအရ ဆယ်တင်လိုက်ရာ - ကြက်တောင်သည် အမြင့်ရိုက်ချက်ဆီသို့ ထောင်တက်လာရာ ကျွန်မက အားထည့်၍ ခုန်ပြီး ရိုက်ချလိုက်သည်။ ပရိတ်သတ် အသံများက " ဝေါ " ကနဲ ပေါ်ထွက်လာသည်။

ကျွန်မ ဦးဆောင် (၁)မှတ် ရလိုက်ပေပြီ။ .....

အမှတ်(၁)မှတ် ရဖို့အတော်ရိုက်ရသည်။ ပြိုင်ဘက်က အားသန်သော ရိုက်ခုတ်ချက်များကို အဓိက ထားတိုက်စစ်ဆင်သည်။ ကျွန်မက အမြင့်ပေးချက်များကို အနိမ့်ဆုံးဖြစ်အောင် ပိုက်နားတို့ချချက် အနိမ့်ပေးစနစ်ဖြင့် စိတ်အေးအေး ထား၍ ကစားသည်။

(၁၀)မှတ်ချင်း တူနေသည့်အခါ .....

ကျွန်မရဲ့ နည်းပြဆရာမက နားချိန်တောင်းလိုက်သည်။ ပြီးတော့ ကျွန်မကို လိုအပ်သည်များကို မှာကြားနေသည်။ " မိငယ် - စိတ်သိပ်လှုပ်ရှားမနေနဲ့ ၊ မင်းသူ့ကို ရှုံးလဲ ဂုဏ်မငယ်ဘူး ၊ နိုင်ရင် ပိုလိုတောင် ဂုဏ်ယူရမှာ ၊ တစ်ဖက်လူက ပြည်နယ်တိုင်းလက်ရွေးစင် ဆိုတာဘဲရှိတာ ၊ အားက စားစိတ်ဓါတ်ရေးရာမှာ မင်းရဲ့ပြိုင်ဘက်က စိတ်လောကြီးတတ်တယ် ၊ သူ့လိုသလို ကစားလို့မရရင် စိတ်တိုတတ်တယ်၊ ဒီတော့ ...

မင်းကခပ်ပျော်ပျော်လေး မထီမဲ့ မြင် ကစားပြလိုက်ရင် သူ့စိတ်တိုလာပြီး အမှားတွေများလာမယ် ၊ အဲဒီ အချက်ကို လက်ဆုပ်လက်ကိုင် ထားပြီး ပြိုင်ရင် မင်းအတွက် အားသာချက်ဘဲ " .....

" ကဲ ....အချိန်ပြည့်ပြီ ၊ ဆရာမ ပြောတဲ့စကားအတိုင်းနော် " ဟု ပြောပြီး ကျွန်မရဲ့ နည်းပြဆရာမက ကျွန်မရဲ့ နဖူးပြင်လေးကို ခပ်ဖွဖွနမ်းလိုက်ရင်း " မိငယ် ..... ချန်ပီယံ " ဟု ရုတ်တရက် အားရပါးရ အော်လိုက်ရာ -

တစ်ဖက်က - ပြိုင်နေသူမှာ - ရူးရူးရဲရဲ နှင့် မျက်နှာကြီး သုန်သုန်မှုန်မှုန် - ကျွန်မနှင့်နည်းပြဆရာမကို တစ်လှည့်စီ ခက်ထန်မာကျောသော မျက်နှာနှင့် ကြည့်နေသည်။

ဒါက - ကျွန်မနည်းပြဆရာမရဲ့ လှည့်စားကွက်နည်းဗျူဟာ ပင်ဖြစ်ပါသည် ဟု ကျွန်မနားလည် လိုက်သည်။

ပြိုင်ပွဲစလေပြီ ....

ကျွန်မက **Serivce,** စပေးသည်။ ပိုက်နားကျော်ရုံဖြစ်သည်။

တစ်ဖက်လူက မမှီတမှီ လှမ်းဆယ်လိုက်ရာ ကြက်တောင်သည် ပိုက်ပေါ်သုံးပေခန့် မြင့်တက်လာသည်ကို အခွင့်ကောင်းယူ၍ ကျွန်မ ရိုက်ခုတ်လိုက်သည်။

စီနီယာ တစ်မှတ် ကျွန်မလက်ဦးမှုရယူလိုက်နိုင်သည် ....။

သည်နောက် ....တစ်ဖက် နှင့်တစ်ဖက် ဘတစ်ပြန် ကျားတစ်ပြန် တစ်မှတ်စီ တက်နေသည်။

ပရိတ်သတ်ကလည်း ငြိမ်သက်နေသည်။

ကျွန်မတို့ ပြိုင်ဘက်နှစ်ဦးကလည်း အသက်ရှူသံပင် ကြားရမလောက် ငြိမ်နေကြသလို တစ်ဦးနှင့် တစ်ဦးစိုက်ကြည့်နေကြသည်။

ထိုအခိုက် ..... ဒိုင်အမှတ် ရေတွက်သံက " **13 - All** " ဟူ၍ အသံကျယ်ကြီးပေါ်ထွက်လာသည်။

" ၁၅"မှတ် အရင်ရသူက ချန်ပီယံ ဖြစ်ပေမည်။ နောက်ဆုံး (၂)မှတ်အတွက် ရေကုန်ရေခမ်း ပြိုင်ရပေမည်။

ဒီတစ်ခါဖြင့် ထောင်လာသော ကြက်တောင်ကို အားပါတရ ရိုက်ခုတ်လိုက်ပါသည်။ မမျှော်လင့်သော ရိုက်ချက်ကြောင့် တစ်ဖက်လူမှာ မည်သို့မျှ မမှီလိုက်ချေ။

ကျွန်မသည် ပွိုင့် (**Point**) ၁၄-မှတ် ရနေသည်။ နောက်ဆုံးတစ်မှတ်သည် ကျွန်မဘဝပင်ဖြစ်သည်။

တစ်ဖက်လူမှာ ရူးရူးရဲရဲဖြစ်နေသည်။ ဒါက ကျွန်မအတွက် အခွင့်ကောင်းဖြစ်သည်။

ကျွန်မသည် အာရုံ ခွန်အား တွေကို စုစည်းလိုက်သည်။

ကျွန်မ နည်းနည်း မောလာသည်။ ရေရှည် တစ်မှတ်ချင်း ရမှတ် တူနေပါက **Due** ကစားရပြီး အတွေ့အကြုံနည်းသော ကျွန်မ ရှုံးနိုင်သည်.....နောက်ဆုံးတစ်မှတ် .....

ကျွန်မခေါင်းထဲတွင် နောက်ဆုံးတစ်မှတ် " **Last Point - Game ball Mark** " ဟူ၍ အပြန်ပြန် အလှန်လှန် ရေရွတ်နေမိသည်။

ကျွန်မသည် ကြက်တောင်လေးကို - ခပ်ဖွဖွ နမ်းရင်း စိတ်ထဲမှာ " ကြက်တောင်လေးရေ - ငါ့ကို ကူညီနော် " ဟု ကလေးဆန်ဆန် ပြောလိုက်မိပါသည်။

ကျွန်မ - ကြက်တောင်ကို ပိုက်ကျော်ရုံလေး ခပ်နိမ့်နိမ့် စပေးလိုက်သည်။ တစ်ဖက်လူက ပြန်ဆယ်ပြီး ကျွန်မ ခေါင်း ဘယ်ခြမ်းဘက်ကို မနိမ့်မမြင့် ပြန်ပို့သည်။ ကျွန်မက ကိုယ်ကို ခပ်ရှိ့ ရှိ့ လေးငုံ့ပြီး ရိုက်ခုတ်မည့်

ဟန် (**Faint**) လုပ်လိုက်ပြီး မှ ..... ကြက်တောင်ကို ခပ်ဖွဖွလေးတို့ ၍ ပိုက်ကျော်ရုံလေး ဆယ်မလိုက်ရာ ကြက်တောင်လေးမှာ ..... ပိုက်တန်းပေါ်တွင် တည့်တည့်ကလေး တင်နေပြီး ..... ကျွန်မ နှင့် တစ်ဖက်လူ သာမက ပရိတ်သတ်ပါ အပ်ကျသံကြားရလောက်အောင် အသက်ရှူပင်ရပ်မတတ် တိတ်ဆိတ် စွာဖြင့် .....

ကြက်တောင်ကို စိုက်ကြည့်နေကြသည်။

ကြက်တောင်မှာ - ပိုက်တန်းပေါ်တည့်တည့် တင်နေရာမှ ..... တဖြည်းဖြည်းချင်း ..... တဖက်ကွင်း ထဲသို့ စိုက်ကျသွားရာ .....

" ဟေး ..... ဟေး ... မိုင်ယ်ချန်ပီယံ ဟေ့ " ဟု တပြိုင်တည်း အော်ဟစ်လိုက်သော အသံကြီးမှာ ဝိဇ္ဇာသိပ္ပံတက္ကသိုလ် အပန်းဖြေခန်းမ ကို ကျော်လွှား၍ တက္ကသိုလ်ကျောင်းတစ်ခုလုံးကို ဟိန်းသွား စေတော့သည်။

" ကျော်ကျော် - သူက - ပထမနှစ် ဓါတုဗေဒကျောင်းသူ မိမိငယ် - မိုင်ယ် သူက - ဆရာမတို့နဲ့ တစ်မြို့တည်းသားပေါ့ - ဒုတိယနှစ် ဓါတုဗေဒ ကျောင်းသား -ပြီးတော့ - ပြည်နယ်နှင့်တိုင်း လက်ဝှေ့ လက်ရွေးစင် "ဟု နည်းပြဆရာမက ကျွန်မတို့ နှစ်ယောက်ကို တစ်ရင်းတစ်နှီး မိတ်ဆက်ပေးလေသည်။

" ကျေးဇူးတင်ပါတယ် - ကိုကျော်ကျော် - ကျွန်မကို - လာအားပေးလို့ "

" ညော် - ဘာသာရပ်တူ ကျောင်းသားတွေ - အားကစားဝါသနာတူ ဆိုတော့ အားပေးရမှာပေါ့ "

အဲဒီနေ့က - ကျွန်မ ပထမဆုရရှိပြီး - နည်းပြဆရာမနှင့်အတူ ကိုကျော်ကျော်ရယ် ၊ သူငယ်ချင်း တစ်စုနှင့် အမှတ်တရ ဓါတ်ပုံ ရိုက်ဖြစ်ကြသည်။

အဲဒီနောက်ပိုင်း နှစ်ပတ်ခန့် မောင်နှင့်ကျွန်မတို့မတွေ့ဖြစ် .....

မှတ်မှတ်ရရ အဲဒီနေ့ က ကျွန်မ မွေးနေ့ မွေးလ နှင့် တိုက်ဆိုင်နေသော ဒီဇင်ဘာလ၊ (၁)ရက် ၊ စနေနေ့ ဖြစ်သည်။

ကျွန်မ ရွှေတိဂုံဘုရားမှာ ရေချမ်းကပ် ၊ ပန်းလှူ ၊ ဆီးမီးပူဇော်ပြီးလို့ အဆောင်ကိုပြန်အလာ နံနက် စောစော (၇)နာရီခန့် မောင်နှင့် အမိပတ် လမ်းမအလယ်မှာ ပက်ပင်းတိုးမိကြသည်။

မောင်သည် စနေနေ့ ကျောင်းပိတ်ရက်မှာ ပင် မနား - နံနက်စောစော သက်လုံကောင်းဖို့ အပြေး လေ့ကျင့်နေခြင်းဖြစ်သည်။

နံနက်စောစော ဆောင်းဦးပေါက် ခပ်စိမ့်စိမ့် အေးနေသော်လည်း မောင်က စွပ်ကျယ်လက်ပြတ်နှင့် ချွေးစို့ နေသော မောင်ရဲ့ ကိုယ်လုံးက ကြွက်သားအဖုအထစ်များသည် ကြံ့ခိုင်သောအသွင်ကိုဆောင်၍ အားမာန်ပါသော မျက်နှာမှာ ဝင်းလက်နေသည်ဟု ထင်ရပါသည်။

" မိငယ် " မောင်က စ၍ခေါ်လိုက်သည်။ မောင်ရဲ့အသံကြောင့် ကျွန်မရင်ထဲမှာ ဒိတ်ကနဲ ခံစား လှုပ် ခတ်သွားပါသည်။

" ရှင် " ဟု ကျွန်မက ခပ်တိုးတိုးလေး ထူးရင်း - မောင့်မျက်နှာကို ငေးစိုက်ကြည့်နေမိသည်။

" ဘယ်က ပြန်လာတာလဲ " မောင်ရဲ့အသံက ကျွန်မကို လွှမ်းမိုးနေသည်ဟု ထင်မိ၏။

" ညော် - ဒီနေ့ - မိငယ် မွေးနေ့လေ - ဘုရားက ပြန်လာတာ "

" အင်း - ကျွန်တော်တို့ မတွေ့ ဖြစ်တာ အတော်ကြာပြီနော် - ဒီနေ့ မိငယ်ကို " မောင်က စကား ရပ်ထားသည်။ ကျွန်မရဲ့မျက်နှာကို စူးစူးရှရှ ကြည့်နေသည်။

ကျွန်မ - မောင် ပြောမယ့်စကားကို ကြားချင်နေသည် .....

" မိငယ် - အခုအားတယ်မို့လား ..... အချိန်ရလားဟင် "

မောင်ရဲ့အမေးစကားကို ကျွန်မက ခေါင်းညိတ် ၍ အသိအမှတ်ပြုလိုက်သည်။

ဒီလိုနှင့် ..... ကျွန်မတို့ နှစ်ယောက် အင်းလျားကန်ဘောင်ပေါ်တွင် လမ်းလျှောက်ရင်း စကားပြောဖြစ်ကြသည်။

" ကဲ - မိုးယ် - ဒီသစ်ပင်ခြေရင်းက အရိပ်ကောင်းတယ် - အင်းလျားရေပြင်ပေါ်ကို ဖြတ်တိုက် လာတဲ့ လေနအေးကလည်း စိတ်ကို ပေါ့ပါးစေတယ် ထိုင်ကြရအောင် "

ကျွန်မတို့ အနီးတဝိုက်မှာလည်း ဟိုဟို - ဒီဒီ - ပြေးလွှားကစားနေသော လူငယ်များနှင့် လမ်းလျှောက် လာကြသော မိသားစုများ ပြုံးပြုံးရွှင်ရွှင်နှင့် တွေ့နေရသည်။

" ဩော် - ဒီဇင်ဘာ လူထုအားကစားလကို မိုးယ် သတိမထားမိဘူး " ဟု နှုတ်မှ တစ်ကိုယ်တည်း ခပ်တိုးတိုး ရေရွတ်မိလိုက်ရာ .....

" ဟုတ်တယ် - မိုးယ် - ဒီလက ဒီဇင်ဘာလူထုအားကစားလေ - တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင် ဖို့ အားကစားအသိစိတ်ဓါတ်နဲ့ - စောစာအိပ်လို့ - စောစာထလို့ - စောစာလမ်းလျှောက်ကြပါစို့ ဆိုတာကို မမေ့နဲ့လေ "

" ဟုတ်တယ် - ဟုတ်တယ် - ဟား - ဟား - ဟား " ဟု ကျွန်မက အားပါးတရ ရယ်မိလိုက်သည်။

" အင်း - လူအများစုက ဒီဇင်ဘာလူထုအားကစားလကို သတိမမူကြဘူး - တစ်ကယ်တော့ လူထုအားကစား - **Mass Sports** ကနေ နိုင်ငံ့ဂုဏ်ဆောင် **Excellent Sports** ကို ဖော်ဆောင်နိုင်တာ ပေါ့ - အားကစားတိုးတက်တဲ့နိုင်ငံတွေမှာ လူထုအားကစားကို အခြေခံ လုပ်ဆောင်နေကြတယ် ကျန်းမာ ကြံ့ခိုင်တဲ့ တိုင်းသူပြည်သားတွေအတွက် - အာရောဂျ ပရိမံ လာဘံ - ဆိုတဲ့ ဆောင်ပုဒ်ကို အကောင် အထည်ဖော်နေတာ - **Mass Sports** ဖြစ်တယ် " ဟု မောင်က ဒီဇင်ဘာလရဲ့အားကစားဂုဏ်ပုဒ်များကို ရှင်းပြနေသည်။

သည်နောက် ..... အတန်ငယ် တိတ်ဆိတ်နေပြီးမှ .....

" မိုးယ် - ကျွန်တော် စကားတခွန်း ပြောချင်တယ် - မိုးယ် စိတ်မဆိုးဘူးဆိုရင် " မောင်က ပြောလက်စ စကားကို ရပ်ထားလိုက်သည်။

မောင် - ပြောမည့်စကားကို ကျွန်မကြိုသိသည်။ သို့သော် - မောင်နှုတ်ဖျား က ပြောတာကို ကျွန်မ ကြားချင်သည်။ ဒါကြောင့် .....

" ပြောလေ - မိုးယ် စိတ်မဆိုးတတ်ပါဘူး "

" ကိုယ် - မိုးယ် ကို ချစ်တယ် " မောင် က မသွယ်မဝိုက် တဲ့တိုးကြီးပြောလိုက်ရာ .....

" ရှင် ....." ကျွန်မ မောင့်ရဲ့မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေမိသည်။

ပြီးတော့ - မောင်ရဲ့ ရင်ခွင်ကျယ်ကြီးထဲကို ရှက်စနိုး တိုးဝှေ့ဝင်နေမိသည်။

" ကဲ - မိငယ် - မောင် တို့ရဲ့ချစ်ဗိမာန် စတင်တဲ့နေ့မှာ - မောင်တို့ သစ္စာဆိုကြမယ် "

" ဘာကိုလဲ - မောင် "

" ဟောဒီ - အင်းလျားရေပြင်ကြီးကို မောင်တို့ရဲ့အားကစားသစ္စာနဲ့ မေတ္တာတွေကိုပေါ့ "

ကျွန်မက ခေါင်းညိတ် ပြလိုက်သည်။

" ကဲ - မိငယ် လိုက်ဆို " မောင်က စကားဦး စလိုက်သည်.....

" ကျွန်ုပ်တို့သည် - မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့အပေါ် သစ္စာရှိပါမည် "

" ကျွန်ုပ်တို့ သည် - အားကစားသမားကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားဆောင်ရွက်ပါမည်။

" ကျွန်ုပ်တို့သည် အရှုံးမပေးသော ဇွဲစိတ်ခါတ်ကို အရင်းခံ၍ တရားသော ယှဉ်ပြိုင် အနိုင်ရယူခြင်းကို လက်ခံကျင့်သုံးပါမည်ဟု သစ္စာအဓိဌာန် ပြုပါ၏ "

မောင် က ခေတ္တ စကားပြောရပ်နားပြီး အသက်ကို အားရပါးရ ရှူနေပြီး နောက် .....

" ကဲ ...မိငယ် ဆက်ပြော လေ ..မောင်ကကျွန်မကို အလှည့်ပေးလိုက်သည်။

" အင်း - တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေး နှင့် ပညာရည် မြင့်မားရေးဆိုတဲ့အမျိုးသားရေး ဦးတည်ချက်ကိုလည်း ..... မမေ့ရဘူးလေ "

" ဒါပေါ့ - အဲဒီအားကစားဦးတည်ချက်တွေကို မောင်နဲ့ မိငယ် ရဲ့ ဒီတစ်သက်မခွဲစတမ်း အင်းလျားရေ ဘယ်မခမ်း ချစ်ဆုံးသက်တိုင် မေတ္တာတရား နှင့် ပေါင်းစပ်လိုက်ရင် ..... မောင်တို့ ရဲ့ ခိုင်မာတဲ့ သစ္စာတရားနှင့် မေတ္တာတွေပေါ့ "

" ဟုတ်တယ် - ဒါပေမယ့် - မောင့်ရဲ့ အားကစားက တိုင်းပြည်နှင့်လူမျိုးဂုဏ်ကို မြှင့်တင်နိုင်ဖို့ကြိုးစားရမယ် "

" ဒါပေါ့ - မိငယ် - အားကစားအောင်မြင်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေ သည်ဆိုတဲ့ ဆောင်ပုဒ်ကိုလည်း လက်ကိုင်ထားရမယ်လေ "

" ဟုတ်တယ် မောင် - အားကစား တိုးတက် မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်တန်း နှင့် အခြေအနေကို ဖော်ပြသည်ဆိုတာကိုလည်း မမေ့ရဘူးနော် "

" ဒါကြောင့် လာမည့် မတ်လမှာကျင်းပမယ့် အာရှ အားကစားလက်ဝှေ့ ပြိုင်ပွဲမှာ ရွှေတံဆိပ်ရဖို့ မောင်ကြိုးစားနေတာပေါ့ "

မောင်ရဲ့မျက်နှာသည် ယုံကြည်ချက်အပြည့်နဲ့ ရှိနေသည်ကို တွေ့ရသည်။

အင်းလျားရေပြင်သည် ကျွန်မ နဲ့ မောင်ရဲ့ စကားကို အသိအမှတ်ပြုသကဲ့သို့ ရေမျက်နှာပြင်မှာ လှိုင်းကြက်ခွပ်ကလေးတွေ လေအနေ့မှာ မြူးကြွလို့နေပါတော့သည်။

စာနယ်ဇင်းသမားများနှင့် ဓါတ်ပုံဆရာ များ ရန်ကုန်မင်္ဂလာဒုံလေဆိပ်တွင် လူးလာခေါက်တုံ့ ဖြစ်နေကြသည်။

မကြာမီ အာရှလေကြောင်းလိုင်းမှ လေယာဉ်သည် မင်္ဂလာဒုံလေဆိပ်သို့ ဆိုက်ရောက်လာပေ တော့မည်။

လေဆိပ်ဧည့်ကြို ခန်းမအဝသို့ ရောက်လာသော မောင်တို့ အားကစားအဖွဲ့ ကို ဓါတ်ပုံဆရာများက တဖျတ်ဖျတ် ဓါတ်ပုံရိုက်နေကြသည်။ ပြီးတော့ ..... မောင့်ကို ပိုမိုဦးစားပေး ဓါတ်ပုံများရိုက်ပြီး သတင်းသမား များက အင်တာဗျူး လုပ်နေကြသည်။

မောင်သည် စာနယ်ဇင်းသမားများနှင့် အင်တာဗျူးနေရာမှ ကျွန်မနှင့် မိတ်ဆွေသူငယ်ချင်းများထံသို့ မကြာမကြာ လှမ်းကြည့်၍ လက် ဝှေ့ယမ်း ပြနေသည်။

မောင့် ရဲ့ လက်ဝှေ့အစွမ်းသည် အာရှ ဖိတ်ခေါ် တံခွန်စိုက် ပြိုင်ပွဲတွင် ပြိုင်ဘက်များကို အလဲထိုးပြီး

သုံးပွဲဆက်တိုက်နိုင်ကာ " ရွှေတံဆိပ်ဆု " ကိုဆွတ်ခူးနိုင်ခဲ့သည်သာမက ပွဲစဉ်တစ်လျောက်လုံး၏ အကောင်းဆုံး လက်ဝှေ့သမားဆုကိုပါ ထပ်ဆင့် ရရှိခဲ့လေသည်။

နောက်တစ်နေ့ သတင်းစာများတွင် နောက်ကျောအဖုံး၌ မောင် လေယာဉ်ပေါ် မှ ရွှေတံဆိပ် ကိုင်မြှောက်ထားပုံနှင့် ပြိုင်ပွဲအကြောင်းအရာများကို အကျယ်တဝင့် ရေးသားထားသည်ကို ဖတ်ရသည်။

ပြီးတော့ ..... ဂျာနယ်တစ်ခုတွင် ကျွန်မကို မောင်က ရွေတံဆိပ် မြောက်ကိုင် ၍ မျက်နှာနားကပ်ပြီး ပြုံးနေပုံပါလာသည်။

သတင်းထဲမှာလည်း မောင်ရဲ့ အင်တာဗျူးစကားက ..... " ကျွန်တော့်ရဲ့ ချစ်သူကလည်း အားကစား အောင်မြင်ရေးအတွက် အဖက်ဖက်က ပံ့ပိုးပေးပါတယ် " ဟု ကျွန်မကို ရည်ညွှန်းထားသည်ကို ဖတ်လိုက်ရသည်။

တစ်ပတ်ခန့်ကြာပြီးမှ မောင်နဲ့ **R.C** အပေါ်ထပ်မှာ ဆုံကြသည်။

ကဲ - မိငယ် ... ကျေနပ်ပြီလား ..... မိငယ်လိုချင်တဲ့ ရွေတံဆိပ် ရပြီလေ "

ကျွန်မက မောင့်ကို ပြုံးရွှင်စွာဖြင့် ကျေနပ်ပီတိဖြင့် ခေါင်းညိတ်ပြလိုက်ပြီး .....

" ကျေနပ်ပါတယ်မောင် ၊ ဒါပေမယ့် ..... " ကျွန်မစကားရပ်ထားပြီး မောင်မျက်နှာကို သေချာစူးရှစွာ စိုက်ကြည့်နေမိရာ "....

" ဒါပေမယ့် ..... ဘာဖြစ်လဲ - မိငယ် ..... ဆက်ပြောလေ "

" သိပ်မြင့်တဲ့ သစ်ပင် ဟာ - လေများများတိုက်တဲ့ ဒဏ်ကို ခံရတတ်တယ်တဲ့ "

" ဩော် - မိငယ်ရယ် - မောင် က သူငယ်နှပ်စား မဟုတ်ပါဘူး ... ပတ်ဝန်းကျင် ရိုက်ခတ် မယ့် ဒဏ်ကို ခံနိုင်ပါတယ် "

" ကဲ - ကောင်းပြီ ..... မောင် **Class** မတက်တာ ဘယ်နှစ်ရက်ရှိပြီလဲ "

" နှစ်ပတ်လေ - မောင်ခွင့်တင်ထားပါတယ် "

" သိတယ် - သိတယ် " ကျွန်မရဲ့ အသံက ခပ်မာမာ ဖြစ်နေရာ .....

" ဩော် - မိငယ် စိတ်ဆိုးနေပြီလား "

" စိတ်ဆိုး တာမဟုတ်ဘူး - မောင့်ကို စိုးရိမ်လို့ ၊ စိုးရိမ်လို့ ..... "

" ဘာတွေကိုလဲ ..... "

" မောင် - စာမေးပွဲ ဒုတိယနှစ်ဝက် **Final** နီးလာပြီလေ - ကျောင်းပျက်ရက်တွေ များရင် မကောင်း ဘူး - ကဲ ..... ပြောပါအုံး - ဘာကြောင့် ကျောင်းမတက်တာလဲ "

" အို - ဒါများ မိငယ်ရယ် - ပထမတစ်ရက်က မောင်တို့လက်ဝေ့ အဖွဲ့ချုပ်က ဂုဏ်ပြုညစာလေ "

" ဟုတ်ပြီ - နောက်တစ်ရက်ကျတော့ ....."

" အင်း - ဒုတိယနေ့မှာ - မောင်တို့မြို့နယ်က ဂုဏ်ပြုပွဲလေ"

" ထားပါတော့ - ထားပါတော့ - နောက်တစ်နေ့....."

"တတိယနေ့မှာ မောင့်သူငယ်ချင်းတွေရဲ့ဂုဏ်ပြုပွဲ"

" စတုတ္ထ နေ့မှာ လဲ မောင်ရဲ့သူငယ်ချင်းတွေနဲ့ ....."

" တော်ပြီ - မောင် - တော်ပြီ - မောင့်ဆင်ခြေတွေက .... ပြီးတော့ - အရက်တွေမူးပြီး .. မောင်ပြန်လာ တယ်ဆို...."

" ဩော် - မိငယ်ရယ် - မောင်သောက်တဲ့အရက်တွေက အကောင်းအစားတွေပါ .. အဆင့်အတန်း ရှိတဲ့ လူတွေနဲ့သောက်တာပါ....."

" မောင် - အရက်ဆိုတာ - ကောင်းတာ မကောင်းတာ ဈေးကြီးတာ အရေးမပါဘူး ..... မောင်အရက်စွဲသွားရင် ကျန်းမာရေးထိခိုက်မယ်၊ အားကစားလေ့ကျင့်မှုတွေမှာ အနောက်အယှက် ဖြစ်မယ်၊ နောက်ဆုံး - အသက်အန္တရာယ်ဖြစ်နိုင်တယ် မောင်...."

မိငယ်ရဲ့စကားကြောင့် ကျော်ကျော် ခေါင်းငိုက်စိုက်ကျသွားသည်။

ပြီးတော့ .....ရီဝေသောမျက်လုံးများနှင့် .....

" ကဲပါ - မိငယ်ရယ် - မောင် နောက်အရက်မသောက်တော့ဘူးနော်၊ မနက်ဖြန်ည - ဇည့်ခံပွဲ တစ်ခုသွားမယ်၊ ဒါနောက်ဆုံးဘဲ အဲဒီဇည့်ခံပွဲပြီးသွားရင် အတန်းမှန်မှန်ပြန်တက်မယ်၊ လေ့ကျင့်ခန်း မှန်မှန် ပြန်ဆင်းမယ်၊ လာမယ့် **SEA Games** မှာ ရွှေတံဆိပ် ယူပြမယ် -ကဲ .. ကျနပ်ပြီလား"

မောင် က ပြောပြောဆိုဆို ကျွန်မရဲ့ကိုယ်လုံးကို သူ့ရင်ခွင်ထဲ ဆွဲယူလိုက်ရာ - ကျွန်မသည် ပီတိ အပြုံးများနှင့် မောင့်ကို ခေါင်းညိတ်ပြလိုက်ပါတော့သည်။

❖ ❖ ❖ ❖ ❖

ကျွန်မရဲ့ကြက်တောင်နည်းပြဆရာမ ဒေါ်ဝေဝေ ရဲ့ စကားကြောင့် ……

“ ရှင် ……” ဟု သာ ပြန်ပြောနိုင်ပြီး ကျွန်မရဲ့ မျက်လုံး များ ပြာဝေသွားကာ တစ်ကိုယ်လုံး ချာချာလည် သွားသည်ဟု ထင်ရပြီး ဆောက်တည်ရာမရ အရှူးတစ်ယောက်ပမာ မျက်လုံးကလည်ကလည် ဖြစ်နေတော့သည်။

“ ဟုတ်တယ် – မိုင်ယ် – ကျော်ကျော် – မနေ့က – ပါတီပွဲက အပြန် အရက်တွေမူးပြီး ကားအဲဆီဒင့်(**Accident**) ဖြစ်လို့ (**RGH**) ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနမှာ ရောက်နေတယ် ”

သူငယ်ချင်းများနှင့် ဆရာမက ကျွန်မကို လက်တစ်ဖက်စီ ကိုင်ထားပြီး အားပေးစကား ပြောနေ ကြသည်။ ကျွန်မ ဘာကိုမျှ သဲသဲကွဲကွဲ မကြားနိုင် မမြင်နိုင်တော့ပေ။

“ ဆရာမ – ဆရာမ – (**RGH**) ကို ကျွန်မ လိုက်သွားချင်တယ် ”

ကျွန်မရဲ့ ဆန္ဒကိုလိုက်လျော၍ …… (**RGH**) လူနာအရေးပေါ်ဌာနကို သွားကြပြန်တော့ …… မောင့်ကို မတွေ့ ရတော့ပေ။ ကျွန်မရင်တွေ တဒိန်းဒိန်း ခုန်နေသည်။ မျက်လုံးထဲတွင် မျက်ရည်များဖြင့် ပြည့်လျှံနေ လျက် ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာကြသည်။

မောင် …… မရှိတော့လေပြီ ……

“ ဩော် – ပြိုင်ဘက်တွေကို အလဲထိုး အနိုင်ယူခဲ့ပေမယ့် မရဏသေမင်းကိုတော့ အရှုံးပေးလိုက် ရပြီကော ” ကျွန်မနှုတ်ဖျား မှ ကျယ်ကျယ်လောင်လောင် ပြောလိုက်မိတော့သည်။

နောက်တစ်နေ့ သတင်းစာထဲတွင် ……

ကိုကျော်ကျော် အသက် (၂၂)နှစ် ရဲ့ နာရေး သတင်းပါလာသည်။

အကြွေစေ့၍ …… ယူကုံးမရဖြစ်ရသည်က ကျွန်မပါ ……

ထိုအခိုက် ……

“ မေမေ – မေမေ – ဟိုမှာ အန်တီ ဒေါ်ဝေဝေ လက်မြှောက်ပြနေတယ် ”

သမီးငယ် ရဲ့ စကားကြောင့် ကျွန်မရဲ့ အတွေး များ ရပ်သွားပြီး (**TV**) ကို လှမ်းကြည့်လိုက်တော့ ……

မြန်မာအားကစား အဖွဲ့ လိုက် ချီတက်လာသော ဖွင့်ပွဲအခမ်းအနားတွင် ဆရာမ ဒေါ်ဝေဝေ က ပရိတ်သတ်များကို လက်ဝှေ့ယမ်း နှုတ်ဆက်နေသည်။

အားကစား၏ အကျိုးကျေးဇူးကြောင့်ပင် အသက် (၆၀) ကျော်သည့်တိုင် ဆရာမသည် လန်းဆန်း ကြံ့ခိုင်သော ခန္ဓာကိုယ်နှင့် တက်တက်ကြွကြွရှိနေသည်။ ဆရာမသည် ကျွန်မအသက် (၅၀)ကျော် ထက်ပင် ပို၍ နုပျိုနေသည်ဟု ထင်ရပါသည်။

အကယ်၍များ ..... မောင်သာရှိနေခဲ့လျှင် ... ကိုယ့်နိုင်ငံတွင် ကျင်းပသော (၂၇)ကြိမ်မြောက် **SEA Games** ဖွင့်ပွဲ၌ ရှေ့ဆုံးက နည်းပြဆရာ တစ်ယောက်အဖြစ် မလွဲမသွေ ပါနေမည် မဟုတ်ပါလား။

ကျွန်မရဲ့ မျက်ဝန်းမှ မျက်ရည်စများကို သားသမီး နှစ်ယောက် မမြင်အောင် သုတ်လိုက်ပြီး ..... အေး - ဟုတ်တယ် - ဟုတ်တယ် - ဆရာမ ဒေါ်ဝေဝေ ဟု ပြောလိုက်မိပါသည်။

ကျွန်မရဲ့ စကားအဆုံးတွင် ကြီးကျယ် ခမ်းနားသော (၂၇)ကြိမ်မြောက် **SEA Games** ပြိုင်ပွဲရဲ့ ဖွင့်ပွဲက မြန်မာပြည်ရဲ့ ..... (**Green-Clean- Friendship**) စိုပြည် - သန့်ရှင်း - ချစ်ကြည်ရင်း ...ဆိုသော ဆောင်ပုဒ်နှင့် အညီ အံ့မခန်း စွမ်းဆောင်မှုများကို ဆက်လက်တွေ့ နေရပြီ မဟုတ်ပါလား .....။

ခင်တင့်ဝေ(မြို့တော်စည်ပင်)

ဤဝတ္ထုတိုသည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလ လှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရရှိသော ခင်တင့်ဝေ (မြို့တော်စည်ပင်)၏ ဝတ္ထုတိုဖြစ်ပါသည်။

ပြည်တော်ပြန်ဘုရားကြီးရှေ့က ကြိုနေမယ်

ရဲရဲထွန်း (ဟသ်ာတ)

အခန်း(၁)

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့လေးသည် အေးချမ်းသာယာပြီး မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး ကိန်းဝပ်စံပယ်တော်မူသဖြင့် လူသိများထင်ရှားသည်။

အထူးသဖြင့် နှစ်စဉ်နှစ်တိုင်း တပေါင်းလဘုရားပွဲတော်ကျင်းပရာ ဘုရားကြီး ရင်ပြင်တော်ရှေ့တွင် ဘုရားဖူးများ ကြက်ပျံမကျစည်ကားသကဲ့သို့ ဒီဇင်ဘာလ အားကစားရာသီပွဲတော်ရောက်လေတိုင်း စုရပ်ဖြစ်သည့် ဘုရားကြီးရှေ့တွင် ဇလွန်မြို့သူ မြို့သားတို့၏ တက်ကြွသောအားကစား လှုပ်ရှားမှုများကို မြင်တွေ့ရပေမည်။

ဇလွန်မြို့နယ်အတွင်းတိုင်းရင်းသား ကရင်အမျိုးသားများ အများစုနေထိုင်ကြသဖြင့် မြန်မာ့ရိုးရာလက်ဝှေ့ အားကစားကို နှစ်သက်ဝါသနာထုံကြသူများလည်းဖြစ်ကြသည်။ ထို့အပြင် အခြားသော အားကစားနည်းများကိုလည်း လေ့လာလိုက်စားကြသဖြင့် ထူးချွန်ထက်မြက်သော အားကစားသမားကောင်းများပေါ်ထွက်ရာ မြို့လေးတစ်မြို့လည်း ဖြစ်ပါသည်။ ထို့ကြောင့် ဇလွန်မြို့နယ်သူ မြို့နယ်သားတို့မှာ ဘာသာရေး၏ နူးညံ့သိမ်မွေ့မှုနှင့်အတူ ဒီဇင်ဘာလ စုပေါင်းအားကစားလှုပ်ရှားမှု၏ အကျိုးကျေးဇူး ကြောင့်လည်း လူတိုင်းလူတိုင်း လန်းဆန်းတက်ကြွနေသည့်အသွင်ကို မြင်တွေ့နေရ ပါသည်။

လွန်ခဲ့သော(၁၅)နှစ်ခန့်က ဘုရားပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့ပွဲ ထည့်သွင်း ကျင်းပရာ ပြည်တော်ပြန်အောင်လံ ဗိုလ်လုပွဲတွင် မင်းသီဟ၏ ခြေကန်ချက်ကြောင့် ပြိုက်ဘက်လက်ဝှေ့သမား ယမ်းဘီလူး သေဆုံးခဲ့ရသည်။

ထိုဖြစ်ရပ်ကြောင့် ဇလွန်မာရ်အောင်မြင်ဘုရားပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့ပွဲများ ထည့်သွင်းမကျင်းပခဲ့သည်မှာ (၁၀)နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ဒီဇင်ဘာလ လူထုလမ်းလျှောက်ပွဲတွင် အမြဲတမ်းစည်ကားသိုက်မြိုက်စွာ အစဉ်အလာမပျက် ချီတက်နေဆဲဖြစ်ပါသည်။

ကျွန်တော်သည် ဇလွန်မြို့တွင် ရဲစခန်းမှူးတာဝန်ဖြင့်ရောက်သွားသည့်အချိန်တွင် ဘုရားပွဲကျင်းပရန် အစည်းအဝေးနှင့်တိုက်ဆိုင်နေခဲ့သည်။

ယခင်ကတည်းက မြန်မာ့ရိုးရာလက်ဝှေ့အားကစားကို တန်ဖိုးထားလေးစားသော ဝါသနာကရှိနေသည့် အတွက် ယခုဘုရားပွဲတော်တွင် လက်ဝှေ့ပွဲတစ်ပွဲပြုလုပ်ကျင်းပရန် အစည်းအဝေးသို့တင်ပြပြီး ခွင့်ပြုချက်ရယူခဲ့ ပါသည်။

ထိုနေ့မှစ၍ ကျွန်တော်သည် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် အားသွန်ခွန်စိုက်စတင်လှုပ်ရှားဆောင်ရွက်ခဲ့ရသည်။

ကဲ. . . ဆရာရဲမင်း ခင်ဗျားအနေနဲ့ဒီနေ့ မြန်မာ့ရိုးရာရဲ့ခေတ်စနစ်သစ် စည်းမျဉ်းစည်းကမ်းတွေကို နားလည်တတ်ကျွမ်းထားတဲ့အတွက် အခုလိုခင်ဗျားနဲ့ တိုင်ပင်ရတာပဲ

ကျွန်တော်က ဟင်္သာတမှ ဧရာဝတီရဲမင်းကိုခေါ်ယူ၍ လက်ဝှေ့ပွဲကျင်းပမည် ဖြစ်သည့်အတွက် လိုအပ်သည်များကို ညှိနှိုင်းတိုင်ပင်ခဲ့သည်။

စိတ်ချပါ ဆရာ. . . ကျွန်တော် မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့ချုပ်ကိုသွားပြီး ဆရာကြီးဦးဒေါင်းနီနဲ့ တွေ့ဆုံတင်ပြပါ့မယ်။ ပြီးမှ ခွင့်ပြုချက်နှင့်အတူ ဒိုင်အဖွဲ့ကို အကူအညီတောင်းလာခဲ့ပါမယ်. . .

ဆရာရဲမင်းက ၄င်းဆောင်ရွက်မည့် အစီအစဉ်များကိုတင်ပြခဲ့သည်။ ထို့နောက် ကျွန်တော်တို့သည် ကျေးရွာများသို့ ဆင်း၍ လက်ဝှေ့ပွဲဖြစ်မြောက်ရေးအတွက် စည်းရုံးဟောပြောမှုများ ဆောင်ရွက်ခဲ့သည်။

မြန်မာ့ရိုးရာလက်ဝှေ့ပညာဆိုတာ ရှေးက မြန်မာကြီးတွေကတဆင့် လက်ဆင့်ကမ်း အမွေပေးခဲ့တဲ့ မြန်မာတို့ရဲ့တိုက်ခိုက်ရေးအတတ်ပညာ စစ်စစ်တစ်ခုဖြစ်တယ်။ ဒီနှစ်ဘုရားပွဲကြီးမှာ ဒေသခံတွေရဲ့ လက်ဝှေ့ပညာ ရပ်တွေကို ဖော်ထုတ်ဂုဏ်ပြုတဲ့အနေနဲ့ မြန်မာ့ရိုးရာလက်ဝှေ့ပွဲကို ထည့်သွင်းကျင်းပသွားမှာဖြစ်တယ်။ ဒါ့ကြောင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားကြရန် အခုလိုလာရောက်ဆွေးနွေးတိုင်ပင်ရခြင်းဖြစ်ပါတယ် ခင်ဗျာ. . .။

ကျွန်တော်စကားဆုံးသည်နှင့် တက်ရောက်လာကြသော စောဖထီးနှင့် မြန်မာ့ရိုးရာလက်ဝှေ့ကို ဝါသနာ ကြီးမားသော ဒေသခံရွာသားများက စိတ်ဝင်စားစွာ ဝင်ရောက်ဆွေးနွေးကြသည်။

“ဟုတ်ကဲ့. . စခန်းမှူး အခုလိုလာရောက်ပြောကြားပေးတာကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ အနေနဲ့ အတတ်နိုင်ဆုံးကူညီသွားပါမယ်. . ”

ကျွန်တော်တို့ မောင်းထောင်ရွာမှပြန်အထွက်တွင် လက်ဝှေ့သမားဟောင်းကြီး စောဖထီးက အကူအညီပေးမည့် အကြောင်းကတိပြုခဲ့သည်။

"အဓိကကတော့ဗျာ လက်ဝှေ့ဝါသနာရှင် လူငယ်လေးတွေကို လေ့ကျင့်ပျိုးထောင်ရာမှာ အရက်၊ ထန်းရည် စတဲ့ မူးယစ်စေတဲ့ သေရည်၊ သေရက်တွေနဲ့ ကွမ်း၊ ဆေးငုံတာတွေကအစ ကင်းရှင်းနိုင်ရင် ပိုကောင်းတာပေါ့ဗျာ၊ မူးယစ်ဆေးဝါးဆိုတာ အဲဒီကအစပြုတာပဲ၊ ပြီးတော့ အားကစားနဲ့ ဒီမူးယစ်ဆေးတွေက ဆန့်ကျင်ဘက်ရန်သူတွေပါပဲဗျာ၊ အဲဒါလေးကိုတော့ ဝိုင်းဝန်ထိန်းသိမ်းပေးဖို့ မေတ္တာရပ်ပါတယ်. . . "

ကျွန်တော်က အားကစားနှင့်မူးယစ်ဆေးဝါးတို့၏ဆန့်ကျင်ဘက်သဘောတရားများကို ရှင်းပြခဲ့သည်။

"စိတ်ချပါခင်ဗျာ၊ ကျွန်တော်တို့ ကျေးရွာအုပ်ချုပ်ရေးပိုင်းကလည်း ဒီလို မူးယစ်ဆေးဝါးနဲ့ပတ်သက်လို့ အနာဂတ်ရဲ့လူငယ်တွေကို အမြဲတမ်းသတိထားပြီး စောင့်ကြည့်နေပါတယ်၊ ဒါတစ်မျိုးသားလုံးရဲ့ အမျိုးသားရေးတာဝန်တွေဆိုတာ နားလည်ပါတယ် စခန်းမှူးရယ်. . . "

ကျေးရွာအုပ်စု ဥက္ကဋ္ဌဦးစောနီက ကျွန်တော့်အား လက်ဆွဲနှုတ်ဆက်ရင်း ယနေ့လူငယ်များအကြားတွင် ခေတ်စားလာသည့် မူးယစ်ဆေးဝါးနှင့်ပတ်သက်သော နိုင်ငံတော်၏သဘောထားရပ်တည်ချက် စကားကိုဆိုသည်။

ထိုစကားသည် ကျွန်တော်တို့ နိုင်ငံတော်၏ အားကစားအဆင့်အတန်းမြင့်မားရေးအတွက် အရေးပါသော အနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သဘောပေါက်နားလည်ခဲ့ပါသည်။

အခန်း(၂)

ထိုနေ့မှစ၍ဇလွန်ဒေသတစ်ဝိုက်ရှိ ဌက်ပျော်ပင်များ တော်တော်အထိနာကြသည်။ အဘယ်ကြောင့်ဆိုသော် ပြိုင်ပွဲဝင် လက်ဝှေ့ထိုးသတ်စေမည့် လက်ဝှေ့မောင်တို့၏ လက်သီးထိုးလေ့ကျင့်ရာ သဲအိတ်များသဖွယ်ဖြစ်နေသော ကြောင့်ပင်တည်း။

ထို့နောက် ဘုရားပွဲတော်ကြီးစတင်သည်နှင့် ဖိုးချစ်ဇာတ်သဘင်အဖွဲ့ နှင့်အပြိုင် မြန်မာ့ရိုးရာလက်ဝှေ့ရုံအတွင်းမှ စိတ်ဓါတ်တက်ကြွဖွယ်ရာ ဗိန်းမောင်း ဆိုင်းသံတို့ ဆူညံခဲ့သည်။

ပထမဆုံးညတွင် ဇလွန်ဒေသမှ မြန်မာ့ရိုးရာလက်ဝှေ့သမားများနှင့် ဟသ်ာတ၊ နတ်မော်ဒေသမှ လက်ဝှေ့ သမားတို့ကို လုံးတူဒေါက်တူအရွယ်တူ အတွဲဆိုင်းများ တွဲပေးသည်။ အရက်သောက်လာသူများ၊ ကွမ်း၊ ဆေး ငုံလာသူများ ပါရှိလာပါက ဆရာရဲမင်းက ပယ်ထုတ်ပစ်သည်။

"ဒါ. . . မြန်မာ့ရိုးရာလက်ဝှေ့အားကစား ပြိုင်ပွဲဖြစ်တယ်။ တို့မြန်မာတွေရဲ့ စိတ်ဓါတ်နဲ့ သူရသတ္တိအမှန်ကို ပြရမယ့်ပွဲဖြစ်တဲ့အတွက် အခုလို ရဲဆေးတင်တဲ့အနေနဲ့ ဒီလိုအရက်သေစာတွေ သောက်စားလာတာ၊ ဆေးလိပ်တွေ သောက်လာတာ ခွင့်မပြုနိုင်ဘူး၊ တို့မြန်မာ့ ရိုးရာလက်ဝှေ့ဆိုတာ ဗလာလက်သီးနဲ့ထိုးတာ၊ အသဲကောင်းလို့ ပွဲတောင်း လာကြတဲ့ မင်းတို့တွေ ဘာရဲဆေးမှတင်လာစရာမလိုဘူး၊ ကြောက်ရုံး၊ ကွဲရုံးပဲ ဒါကိုတော့ ကိုယ့်ညီတို့ နားလည်ပေးစေလိုပါတယ်"

ဆရာရဲမင်း၏စကားကြောင့် အချို့သောက်စားလာကြသူများ အကြံအဖန် လာလုပ်သူများ၊ လက်ဝှေ့ရုံ အတွင်းမှ ထွက်ခွာသွားခဲ့သည်။

အကြံအဖန်လုပ်သူများဆိုရာတွင် အချို့သောသူများသည် အချင်းချင်းညှိနှိုင်းထိုးပြီး ထိုးကြေးခွဲဝေယူရန် လာရောက်ကြသူများဖြစ်သည်။

ယခုပထမည မြန်မာ့ရိုးရာလက်ဝှေ့ပွဲ စတင်ထိုးသတ်ကြသည်။ အကြံအဖန်မပါ။ အသည်းကောင်း၍ ပွဲတောင်းကြသူများဖြစ်သည်။ ပဝါမကူ ရေမရှူကြေး၊ အလဲအကွဲ၊ သဲသဲမဲမဲထိုးသတ်ကြသလို ပရိသတ်အကြိုက် တွေ့ကြသည်။ လက်ခုပ်သြဘာသံများ၊ ဆုကြေးငွေများဖြင့် အောင်မြင်စွာပြီးဆုံးခဲ့သည်။

ဒုတိယညဖြစ်သည်။ ပထမညထက် ပရိသတ်တွေပိုများလာသည်။ ဟန်ဆောင်မှု ကင်းသော၊ မူးယစ်ဆေးဝါးကင်းစင်သော သူတို့လေးတွေ၏ သူရသတ္တိနှင့် အားကစား စိတ်ဓါတ်ကို မိဘပြည်သူများက သဘောကျ နှစ်ခြိုက်အားပေးခဲ့ကြသည်။

လူသစ်တန်း သုံးချီ သုံးလား ပွဲစဉ်များခေတ္တနားခိုက် လူငယ်တစ်ဦး ခုံဒိုင်သို့ရောက်ရှိလာပြီး မိတ်ဆက် စကားဆိုသည်။ ထို့နောက် ငါးချီစိန်ခေါ်ပွဲ တစ်ပွဲစီစဉ် ပေးရန်တောင်းဆိုခဲ့သည်။

ကျွန်တော်တို့လည်း မမျှော်လင့်သော စိန်ခေါ်ပွဲတောင်းဆိုမှုကို လက်ခံခဲ့ပြီး ဒိုင်ချုပ်မှ ကြေညာပေးရ တော့သည်။

“မြန်မာ့ရိုးရာလက်ဝှေ့ကို ချစ်မြတ်နိုးကြတဲ့ မိဘပြည်သူများခင်ဗျား-အခုစင်ပေါ်တက်လာတဲ့ မောင်ကတော့ ညောင်တုန်းက မောင်ဖုန်းပဲဖြစ်ပါတယ်. . .။ ဒီမောင်ဟာ ငါးချီစိန်ခေါ်ပွဲထိုးသတ်ဖို့ ပွဲတောင်းလာပါတယ်။ ဒီမောင်နဲ့ ယှဉ်ပြိုင်ထိုးသတ်မယ့်သူ ရှိပါက ခုံဒိုင်သို့လာရောက်သတင်းပို့နိုင်ပါတယ်။ ကဲ. . . ရွာစားရေ လေးကင်းသံ ခြောက်ပေါက်နဲ့ ဒီမောင်ရဲ့သိဒ္ဓိစွမ်းကို သိရအောင်. . . ပြစမ်း. . . ဟရော. . .”

ညောင်တုန်းက မောင်ဖုန်းသည် ဗိန်းမောင်းသံအချက်ကျကျဖြင့် လက်ဝှေ့ရေးပြနေသည်မှာ ကကြိုးတစ်ပိုဒ်ကို ကပြနေသည့်အလား ကြည့်ကောင်းလှသည်။

“လူမှန်ရင် သံခမောက်၊ ချုပေါက်မှကြောက်မယ့်ကောင်တွေ. . . ဝါးထိုး၊ ဝါးကွဲ. . . နွားထိုး. . . နွားလဲ။ကျားကိုထိုးရင်တောင် အခြေမနိုင်၊ ဖင်ထိုင်လဲအောင် ထိုးမယ် ဆိုတာ. . . ဒီမောင်ပါပဲဗျာ. . .”

ဆရာကြီးရဲမင်း၏ လက်ဝှေ့ရေးဆိုင်းဆင့်သံ၊ သိဒ္ဓိမြောက်သံ၊ ဗိန်းမောင်းတိုက်သံတို့ဖြင့် လက်ဝှေ့ရုံအတွင်း စိတ်လှုပ်ရှားတက်ကြွဖွယ်ရာမြင်ကွင်းကို မြင်တွေ့နေရသည်။

စိန်ခေါ်သူလက်ဝှေ့သမား ညောင်တုန်းကမောင်ဖုန်းကလည်း ဒိုင်ချုပ်နှင့် ပရိသတ်ကို လှည့်ပတ်ကန်တော့ပြီး လက်ခမောင်း တဖြောင်းဖြောင်း ခတ်၍ စိန်ခေါ်နေသည်မှာ တိုက်ကြက်ဖတစ်ကောင် ပြိုင်ဘက်ရှာနေသည့်အလား ထင်ရသည်။

“စခန်းမှူးရယ်. . . ကျွန်တော်ဖြင့် ခံပြင်းမိပါတယ်၊ ရှက်လည်း ရှက်ပါတယ်၊ ငယ်ငယ်ကဆို ကျွန်တော် တက်ထိုးပါတယ်ဗျာ. . .”

တစ်ချိန်က ဧရာဝတီတိုင်းတစ်ခွင် ပြပြစင်အောင်အသည်းကောင်းကောင်းဖြင့် ရွယ်တူရင်လူမရွေးသည့် မြန်မာ့ရိုးရာလက်ဝှေ့သမားကြီး စောဖထီးက လက်ဝှေ့ပွဲအပြီးကျွန်တော့်ကို မချိတင်ကဲပြောပြသည်။

“ကဲ. . . ဖထီးရေ. . . စိတ်ကိုလျော့လိုက်တော့၊ ကျွန်တော်တို့ကလည်း လူသစ်တန်းအတွဲဆိုင်းလေးတွေကို ရွေးချယ်ပြီး အနာဂတ်ရဲ့မျိုးဆက်သစ်လက်ဝှေ့သမားလေးတွေပေါ်ထွက်လာအောင်လုပ်ပေးတာ အခုလိုစိန်ခေါ်ပွဲ အဆင့်ထိ မျှော်မှန်းမထားတော့ ရုတ်တရက်မတတ်နိုင်ဘူးဖြစ်သွားတယ်ဗျာ. . .”

ကျွန်တော်က စောဖထီးကို နှစ်သိမ့်စကားဆိုရင်း လှဒေဝီလက်ဖက်ရည်သို့ ထွက်ခွာလာခဲ့သည်။

အခန်း(၃)

နေ့လည်အိပ်စက်အနားယူပြီးနောက် မနေ့ညက လက်ဝှေ့စိန်ခေါ်ပွဲအကြောင်း စဉ်းစားနေစဉ် စောဖထီးသည် လူရွယ်တစ်ဦးနှင့်အတူ ကျွန်တော့်ထံ မောကြီးပန်းကြီး ရောက်ချလာသည်။

"စခန်းမှူးနှင့်တွေ့မှတွေ့ပါ့မလားလို့ ကျွန်တော်တို့ ဒီညတော့ပွဲကြီးပွဲကောင်းပဲဆရာ၊ ဒီမောင်ကတော့ ကျွန်တော့်တပည့်မိုးသီးပေါ့။ ရွာကိုဒီနေ့မှရောက်လာတာ၊ မြဝတီ နယ်စပ်မှာ အလုပ်လုပ်ရင်း မြန်မာ့ရိုးရာလက်ဝှေ့နဲ့ ထိုင်းလက်ဝှေ့(မွေထိုင်း)ပြိုင်ပွဲတွေကို ရင်ဆိုင်ယှဉ်ပြိုင်ထိုးနေတာနာမည်ကြီးပဲ၊ ညောင်တုန်းက မောင်ဖုန်းနဲ့ဆိုင်ပေးလိုက်မယ်. . . ၊ ဘယ်နှယ့်လဲ စခန်းမှူး"

စောဖထီးက ဝမ်းသာအားရ သူတပည့်ကျော်ကိုခေါ်လာပြီး ယနေ့ည စိန်ခေါ်ပွဲအစီအစဉ်ကိုပြောပြသည်။

"ကောင်းတာပေါ့ဖထီးရာ၊ ဒါမှလည်း ဒေသခံတွေ မျှော်လင့်စောင့်စားနေတဲ့ မြန်မာ့ရိုးရာလက်ဝှေ့ပွဲကြီး ပွဲကောင်းတစ်ပွဲကြည့်ခွင့်ရတာပေါ့ဗျာ. . . "

ကျွန်တော်ကမိုးသီးကို အကဲခတ်ကြည့်ရှုရင်း စောဖထီးကိုအားပေးစကားဆိုခဲ့ပါ၏။

ညနေဆည်းဆာနှင့်အတူ ပြည်တော်ပြန်ဘုရားပွဲကြီးသည် မီးရောင်စုံတို့ လင်းလက်စွာဖြင့် စည်ကားစပြုနေပြီ ဖြစ်သည်။

"ဟုတ်ကဲ့. . . ယနေ့ညမှာတော့ မိဘပြည်သူများ မျှော်လင့်စောင့်စားနေတဲ့ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ် ပွဲကြီးကိုတော့ ရှုစားရတော့မှာ ဖြစ်ပါတယ်. . . ၊ မနေ့ညက စင်ပေါ်မှာ တက်ရောက်စိန်ခေါ်သူ ညောင်တုန်းက မောင်ဖုန်းနဲ့ ယှဉ်ပြိုင်ထိုးသတ်မယ့် လက်ဝှေ့အကျော်အမော်ကတော့ နယ်စပ်လက်ဝှေ့ကျော် ဒေသခံလက်ဝှေ့သမား မိုးသီးပဲ ဖြစ်ပါတယ်ခင်ဗျာ. . . ဟရော. . . "

လက်ဝှေ့ရုံအတွင်းမှ စောစောစီးစီးစိန်ခေါ်ပွဲသတင်းအား ဗိန်းမောင်းတိုက်၍ ကြေညာသံကို အတိုင်းသား ကြားနေရသည်။

ဇလွန်မြို့မှ မြို့မိမြို့ဖများ ကိုစိုးပိုင်၊ ကိုဝေသန်းတို့နှင့်အတူ လေးတူးရွာ၊ မောင်းထောင်ရွာတို့မှ မိုးသီးကို လာရောက်အားပေးကြသော ပရိသတ်မှာ ရွာလုံးကျွတ်လမ်းလျှောက်လာကြသည်ဟု သိရသည်။

ကျွန်တော်တို့ လက်ဝှေ့ရုံထဲသို့ ရောက်သွားချိန်တွင် သုံးချီထိုး၊ လူသစ်တန်း ပွဲငယ်များ စတင်နေပြီဖြစ်သည်။

နောက်ဆုံးညတွင်စိန်ခေါ်ပွဲရှိသည့်အတွက် လက်ဝှေ့ရုံထဲတွင် ပရိသတ်တို့ ပြည့်လျှံနေတော့သည်။ ဒေသခံ အတွဲဆိုင်းများကိုလည်း ဆေးမှူးက သွေးပေါင်ချိန်ခြင်း၊ ဆေးစစ်ခြင်းများပြုလုပ်ပေးနေသည်။ ယခင်က မတော်တဆ ဖြစ်စဉ်ကဲ့သို့ မဖြစ်ရ လေအောင် ဒိုင်ချုပ်အဖွဲ့များက စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်းမြင်တွေ့ နေသည်။

သုံးချီထိုး ပွဲငယ်များပြီးသည်နှင့် အများပြည်သူတို့ မျှော်လင့်စောင့်စားနေသော စိန်ခေါ်ပွဲကြီးစတင် ထိုးသတ် ကြတော့မည်ဖြစ်၏။

ကြိုးဝိုင်းဒိုင်မှာ ရန်ကုန်ဒိုင်ချုပ်မှ ဦးအောင်ပွဲမောင် ဖြစ်သည်။ သုံးမိနစ်ထိုး၊ သုံးမိနစ်နား(၅)ချီထိုး စိန်ခေါ်ပွဲကြီးဖြစ်သည်။

လက်ဝှေ့စင်မြင့်ပေါ်တွင် တိုက်ကြက်ဖနှစ်ကောင်အလားဆိုက်တူ၊ ရွယ်တူ လက်ဝှေ့ကျော်အမော် နှစ်ဦးတို့ကို ကြိုးဝိုင်းဒိုင်က ခေတ်သစ်၊ စနစ်သစ် မြန်မာ့ရိုးရာလက်ဝှေ့စည်းကမ်းများကို ပြောပြနေသည်။

“ဟရော. . . ဝိုင်းကလည်း ဝိုင်းကောင်း၊ ဆိုင်းကလည်း ဆိုင်းကောင်း၊ တစ်ချီတစ်မောင်း နွဲ့ရအောင် ကဲ. . . ရွာစားရေ. . . မတိမ်းမစောင်း. . . ဗိန်းမောင်း. . . ဟရော. . .”

ခုံဒိုင်မှ ဆရာကြီးရဲမင်း၏ လက်ဝှေ့ရေးကြိမ်းမောင်းသံနှင့်အတူ စင်ပေါ်မှလက်ဝှေ့ စိန်ခေါ်ပွဲသည် ဗိန်းမောင်းသံအချက်ကျကျဖြင့် စတင်ထိုးသတ်ကြတော့သည်။

ပထမအချီသည် တစ်ဦးနှင့်တစ်ဦးအကဲစမ်း ဟန်ရေးပြထိုးသန်နေသဖြင့် လက်ရည်ကို ခန့်မှန်းရခက်သည်။ ဒုတိယအချီ စလွတ်သည်နှင့် မိုးသီး၏ လက်သီးထိုးချက်များနှင့် ခြေကန်ချက်များက ညောင်တုန်းက မောင်ဖုန်းကို လွှမ်းခြုံသွား သည်။ ထိုအချိန် ဒေသခံပရိသတ်တို့၏ အော်ဟစ်အားပေးသံတို့က ဆူညံလျက်ရှိ၏။

သို့သော်မောင်ဖုန်းကလည်း ခံစစ်အသွင်ဖြင့် မိုးသီး၏ တိုက်စစ်ကို ကာကွယ်တားဆီးနိုင်ခဲ့သည်ကို တွေ့ရသည်။

တတိယအချို့ စတင်ထိုးသတ်သည်။ ဗိန်းမောင်းသံနှင့်အတူ မောင်ဖုန်း၏တိုက်စစ်က သွက်လက်မြန်ဆန်လာ သည်။ အားပါသော ခြေကန်ချက်များက မိုးသီ၏ အောက်ပိုင်းကို ယိမ်းယိုင်စေခဲ့သည်။ မိုးသီး သက်လုံကျနေသည်ဟု ထင်ရသည်။ မောင်ဖုန်း၏ တိုက်စစ်ကိုလည်း မဟန့်တားနိုင်တော့ပေ။ ကြိုးဝိုင်းစင်အောက်မှ ဒေသခံများက အားတင်ပြီး ပြန်ထိုးရန်အော်ဟစ် အားပေးနေသော်လည်း မိုးသီး၏ခန္ဓာကိုယ်မှာ ဟန်ချက်ပျက်နေသည်။ ချွေးသီး ချွေးပေါက်တို့စိုရွှဲနစ်လျက် မျက်လုံးများပြာဝေလာတော့သည်။

နောက်ဆုံးမောင်ဖုန်း၏ ပွဲသိမ်းဒူးပျံတိုက်ချက်ကို နယ်စပ်လက်ဝှေ့ကျော်ကြီး မိုးသီးမခံနိုင်တော့ပေ။

"ဝုန်း"ကနဲ လဲပြိုကျသွားတော့သည်။

"ဟာ"

စောဖထီးနှင့်ပရိသတ်တို့၏ "ဟာ"ကနဲအော်သံနှင့်အတူ ကြိုးဝိုင်းဒိုင်လူကြီး၏ အမှတ်စဉ် ရေတွက်သံသည် လက်ဝှေ့ရုံအတွင်း ကျယ်လောင်ချောက်ချားစွာ ထွက်ပေါ်နေသည်။

နောက်ဆုံးအမှတ်စဉ်(၁၀)အထိ ရေတွက်ပြီးနောက်ဒိုင်လူကြီးက လက်နှစ်ဖက်ကို ကြက်ခြေ ခတ်ပြလိုက်တော့သည်။

မိုးသီးသည် မိမိ၏ပရိသတ်ရှေ့မှောက်တွင် အလဲထိုးဖြင့်ရှုံးနိမ့်သွားပြီဖြစ်ကြောင်း အားလုံးသိလိုက်ကြသည်။

စောဖထီးနှင့် ဒေသခံရွာသားအချို့သည် စိတ်မကောင်းစွာဖြင့် မိုးသီးကိုပွေ့ချီ၍ ဘုရားကြီးဝင်းအတွင်း ဖွင့်လှစ်ထားသော ဆေးခန်းသို့ခေါ်သွားကြသည်။

ကျွန်တော်တို့အဖွဲ့သည်လည်း လက်ဝှေ့ရုံအတွင်း ဆောင်ရွက်ရမည့်ကိစ္စများကို ဆရာရဲမင်းနှင့် လွှဲအပ်ခဲ့ပြီး ဘုရားကြီးဝင်းအတွင်းသို့ထွက်ခွာလာခဲ့သည်။

ထိုနေ့ညက စိန်ခေါ်ပွဲတက်ထိုး၍ အနိုင်ယူသွားသော ညောင်တုန်းကမောင်ဖုန်းဆိုသူမှာ နောင်တစ်ချိန် မြန်မာပြည်ချန်ပီယံဖြစ်လာမည့် မြန်မာ့ရိုးရာလက်ဝှေ့ကျော်လုံးချောဆိုသူပင်ဖြစ်ပါသည်။

အခန်း(၄)

ပြည်တော်ပြန်ဘုရားကြီးဝင်းအတွင်းရှိ ကြက်ခြေနီဆေးခန်းအတွင်းမှဖြစ်ပါသည်။

မိုးသီးမှာ သတိပြန်ရပြီဖြစ်သဖြင့် ကုတင်ပေါ်တွင်ထိုင်နေသည်။ ဒဏ်ရာများကို ဆေးထည့်ပြီး ပတ်တီးစည်း ထားသည်။ အနီးတွင် စောဖထီးနှင့် ကြက်ခြေနီ မောင်/မယ်တို့က လိုအပ်သည်များ ပြုစုနေကြသည်။

"နေကောင်းပြီလား မောင်မိုးသီး၊ အားကစားဆိုတာဒီလိုပါပဲကွာ၊ နိုင်ရင်နိုင်မယ်၊ မနိုင်ရင်ရှုံးမယ်၊ မဟုတ်ဘူးလား၊ ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့တော့၊ ကျန်းမာရေးကို သာဂရုစိုက်ပါကွာ. . . "

ကျွန်တော်က မိုးသီးကိုနှစ်သိမ့်စကားဆိုရင်းအားပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်ဆရာ. . . ကျွန်တော့်ဒဏ်ရာတွေက မနာပါဘူး၊ နာတာက ရင်ထဲမှာကျင်နေအောင် နာတာပါ. . . "

မိုးသီးကရီဝေသောမျက်လုံးအစုံဖြင့် ကျွန်တော့်ကိုကြည့်ရင်း ကြေကွဲဝမ်းနည်းစကား ဆိုသည်။

"ထားပါတော့ကွာ. . . ဒါတွေက ပြီးဆုံးသွားပါပြီ၊ ဒါပေမဲ့ နောက်နှစ် ဘုရားပွဲမှာတော့ တို့တွေမင်းကို မျှော်ခွင့်ရှိရင်တော့ စောင့်ကြိုချင် ပါတယ်ကွာ. . . "

ကျွန်တော်က နောင်နှစ်ဘုရားပွဲတွင် မကြေပွဲနွဲခွင့်ကြုံနိုင်ကြောင်း စကားထောက် ကြည့်ရာ-

"အဲဒါကို ကျွန်တော်ယူကြုံးမရဖြစ်နေတာပါ ဆရာ၊ ဒီမှာလူစုံတုန်းကျွန်တော့်မှာ ဝန်ခံစရာရှိပါတယ်၊ ကျွန်တော် မြဝတီနယ်စပ်ကိုရောက်သွားတော့ တစ်ဖက်နိုင်ငံမှာ အလုပ်လုပ်ရတယ်၊ ဟိုမှာ မွေထိုင်းလက်ဝှေ့ပွဲက နေရာအနှံ့မှာရှိတယ်. . . ၊ ကျွန်တော်ကလည်း ဝါသနာအရင်းခံရှိနေတော့ ဟိုမှာလက်ဝှေ့ပွဲတွေလိုက်ထိုးတာ တဖြည်းဖြည်း နာမည်ရပြီး ဝင်ငွေကောင်းလာတယ်ဆရာ. . . "

"အေးလေ. . . မင်းနယ်စပ်မှာနာမည်ကြီးလက်ဝှေ့သမားတစ်ယောက်ဖြစ်နေတယ်ဆို တာ တို့တစ်နယ်လုံး သိတာပဲ၊ ဘာထူးဆန်းလို့လဲ"

စောဖထီးက မိုးသီးစကားကြောင့် ဒေါသသံပါသောစကားကိုဆိုလိုက်သည်။

"ထူးဆန်းတာပေါ့ဖထီးရယ်. . . ကျွန်တော်နာမည်ရလာတော့ စပ်ပွဲတွေ၊ စိန်ခေါ်ပွဲတွေ များလာတယ်၊ ကျွန်တော်လည်း ပွဲမရှောင်ထိုးသတ်ခဲ့တယ်၊ ပွဲတွေ စိတ်လာတော့ ခံနိုင်ရည်ရှိအောင်ဆိုပြီး "ရာဘ" လို့သူတို့ ခေါ်တဲ့ မူးယစ်ဆေးပြားတွေ သောက်ခဲ့ပါတယ်။ ဒီလိုနဲ့ ဆေးစွဲခဲ့တယ်၊ နောက်ပိုင်းလက်ဝှေ့ပွဲတွေ ထိုးတိုင်းရှုံးလာတယ်၊ ကျွန်တော့်ကိုလည်း သိပ်မသုံးတော့ဘူး၊ ငွေကြေးလည်း အဆင်မပြေဖြစ်လာခဲ့တယ်၊ ဒီလိုနဲ့ ကျွန်တော်ရွာကို ပြန်ခဲ့တယ်၊ ဒီရောက်တော့ ဖထီးသိတဲ့အတိုင်းပဲလေ၊ မခံချင်စိတ်နဲ့ တက်ထိုးတော့ ကျွန်တော်ရှုံးခဲ့ရပါတယ် ဖထီးရယ်. . .၊ ကျွန်တော်အသည်းကောင်းလို့ ပွဲတောင်းခဲ့ပေမယ့် ကိုယ်ခံအားမကောင်းခဲ့လို့ အခုလို. . ."

မိုးသီး၏အသံမှာ ဆို့နစ်ဝင်သွားသည် မျက်ဝန်းတွင် မျက်ရည်စတို့ ရစ်သိုင်းနေ၏။ နောင်တတရားတို့သည် သူ၏ မျက်နှာကို နီရဲနေအောင် အရှက်ရစေ၏။မိုးသီး၏ ဘဝဇာတ်လမ်းသည် မူးယစ်ဆေးဝါးဟူသော ကန္တာရ ခရီးလမ်းကို ဖြတ်သန်းခဲ့သည်။ အရည်အချင်းရှိသော အသည်းကောင်းသည့် အားကစားသမားတစ်ဦး ရှုံးနိမ့်မှု အတွက် ဇလွန်မြို့နယ်သားအားလုံးရင်ထဲတွင် နာကျင်စွာ ခံစားမိပါ၏။

"ဒီ မူးယစ်ဆေးဝါးပြဿနာက တို့တစ်နိုင်ငံထဲမှာသာမဟုတ်ဘူး၊ နိုင်ငံတစ်ကာမှာ ဖြစ်နေကြတာ၊ အချို့နိုင်ငံ ကြီးတွေမှာ အားကစားနဲ့မူးယစ်ဆေးဝါး ပတ်သက်နေတာတွေ အများကြီးရှိတယ်၊ အားကစားသမားတွေဟာ နိုင်လိုစိတ်တွေ ပြင်းပြနေတဲ့အတွက် တားမြစ်ဆေးဝါးတွေကို အသုံးပြုပြီး ယှဉ်ပြိုင်ခဲ့ကြတယ်။ ဒါကိုသက်ဆိုင်ရာ အဖွဲ့အစည်းတွေကစစ်ဆေးတွေ့ရှိလို့ ရွှေတံဆိပ်တွေ၊ ပြန်သိမ်းခဲ့ရတဲ့ ဖြစ်စဉ်တွေရှိတယ်၊ ဒါကြောင့် မည်သည့် အားကစားမျိုးမဆိုယှဉ်ပြိုင်တဲ့အခါမှာ တရားနည်းလမ်းတကျနဲ့ ယှဉ်ပြိုင်အနိုင်ယူတာအကောင်းဆုံးဖြစ်တယ်"

ကျွန်တော်က အားကစားနှင့်မူးယစ်ဆေး တားမြစ်ဆေးဝါးများ ဆက်နွယ်မှု သဘောတရားများကို စိတ်ရှည်စွာ ရှင်းပြခဲ့သည်။

"ဟုတ်ကဲ့ပါဆရာ- ကျွန်တော် နားလည်သဘောပေါက်ပါပြီ၊ ကျွန်တော် ဒီဆေးဝါးတွေကို ယတိပြတ် ဖြတ်ပါတော့မယ်။ ပြီးတော့ မြန်မာ့ရိုးရာလက်ဝှေ့အားကစားနဲ့ နိုင်ငံဂုဏ်ကိုမြှင့်တင်နိုင်အောင် ကျွန်တော် အစွမ်းကုန် ကြိုးစားသွားပါမယ်လို့ ကတိပြုပါတယ်ဆရာရယ်. . ."

မိုးသီးသည် ကျွန်တော်၏စေတနာစကားနှင့် မူးယစ်ဆေးဝါးတို့၏ အန္တရာယ်ကို သိရှိနားလည်ပြီး နောင်တကြီးစွာဖြင့် ကတိစကားဆိုခဲ့သည်။

“အေးလက္စွာ. . . မင်းရဲ့အခုလို စကားမျိုးကြားရတာ ဖထီးတော့ အရမ်း ဝမ်းသာတယ် ငါ့လူရေ. . .”

စောဖထီးသည် မြန်မာ့ရိုးရာလက်ဝှေ့သမားဟောင်းကြီးပီပီအနာဂတ်အတွက် မျိုးဆက်သစ်လက်ဝှေ့သမားများ ကိုမျှော်လင့်ချက်ကြီးစွာဖြင့် စောင့်ကြိုနေမည်ဖြစ်ကြောင်း ကို ကျွန်တော်ကောင်းကောင်းကြီးသိလိုက်ပါသည်။

အခန်း(၅)

ပြည်တော်ပြန်ဘုရားပွဲကြီးပြီးသည့်နောက်တွင် စောဖထီးတို့မောင်းထောင်ရွာ၌ မြန်မာပြည်သား မြန်မာ့ရိုးရာ လက်ဝှေ့သင်တန်းကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ သင်တန်းမှူးမှာ စောဖထီးဖြစ်ပြီး သင်တန်းနည်းပြများမှာ ဧရာဝတီရဲမင်းနှင့် မိုးသီးတို့က တာဝန်ယူသည်။

“မြန်မာ့ရိုးရာလက်ဝှေ့ဆိုတာ ရှေးမြန်မာကြီးတွေက တစ်ဆင့်လက်ဆင့်ကမ်းလာတဲ့ မြန်မာ့ရိုးရာအမွေအနှစ် အားကစားစစ်စစ်ဖြစ်တယ်။ ဗလာလက်သီးနဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းအားလုံးကို လက်နက်သဖွယ်အသုံးပြုပြီး တိုက်ခိုက်ရတဲ့ အတိုက်ပညာ ဖြစ်တယ်။ ဒီပညာဟာမွေထိုင်းလက်ဝှေ့ပညာနဲ့ဆင်တူပေမယ့် သူတို့က လက်အိတ်ပါ တယ်၊ ခေါင်းနဲ့မတိုက်ရဘူး၊ အမှတ်ပေးစနစ်နဲ့ အနိုင်အရှုံးဆုံးဖြတ်တယ်၊ တို့မြန်မာ့ရိုးရာ လက်ဝှေ့ကတော့ ကြောက်ရှုံး၊ ကွဲရှုံးဆိုပြီး အနိုင်အရှုံးဆုံးဖြတ်ကြတယ်၊ သတ်မှတ် အချိန်ပြည့်လို့ အနိုင်အရှုံးမရှိကြဘူးဆိုရင် အလူးအလဲနဲ့ ပူးတွဲသရေ သတ်မှတ်ကြတယ်၊ အဓိကကတော့ ဇွဲသတ္တိရှိရှိနဲ့ထိုးသတ်ရတဲ့ အသည်းကောင်းတဲ့ ယောကျ်ားကောင်းတွေရဲ့ ပညာရပ်လည်းဖြစ်တယ်”

ကျွန်တော်သည် သင်တန်းစတင်ဖွင့်လှစ်သည့်နေ့က မြန်မာ့ရိုးရာလက်ဝှေ့ပညာ၏ အခန်းကဏ္ဍကို ရှည်လျားစွာ ရှင်းပြခဲ့သည်။

သင်တန်းသားလူငယ်လူရွယ် ၅၀ ကျော်တို့သည် စိတ်ဝင်စားစွာ နားထောင် ခဲ့ကြသည်။ ၎င်းတို့၏ မျက်ဝန်းအစုံတွင် ရဲစွမ်းသတ္တိတို့၏ အရောင်များ လင်းလက် နေသည်ဟုထင်ရသည်။

“သမန်းကျားတို့၊ သထုံဘနှစ်တို့၊ ရွှေဓူဝံတို့၊ ဝမ်ချိုင်းတို့ ခေတ်မှာ မြန်မာ့ရိုးရာလက်ဝှေ့ဟာ ပိုပြီးထင်ရှား လာခဲ့တယ်၊ အဲဒီတုန်းက ဆယ်ချီ အထက် ထိုးခဲ့ရတယ်၊ အခုခေတ်ရောက်လာတော့ ရှမ်းလေးသွေးတို့၊ စောငမန်းတို့ စောသဲအောင်တို့ ထိုးသတ်ကွက်တွေက ပိုပြီးပြင်းထန်လာခဲ့တယ်၊ စိန်ခေါ်ပွဲတွေ

အလံလုပွဲတွေကို ၅ခြိုပဲ ထိုးသတ်ရတော့တယ်၊ စနစ်သစ်မှာ နည်းစနစ်အသစ်တွေနဲ့ ထိုးသတ်ကြရတယ်၊ အခုတော့ ဒီအထိပဲ မှတ်ထားကြအုံး၊ တဖြည်းဖြည်းနဲ့ သင်ပေးရင်း ပြောပြသွားမယ်”

စောဖထီးကလည်း မြန်မာ့လက်ဝှေ့ခေတ်၏ ရေစီးကြောင်းကို ပြန်ပြောင်းပြောပြခဲ့သည်။

“မြန်မာ့ရိုးရာလက်ဝှေ့မှာ အခြေခံအားဖြင့် မိမိခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းအားလုံးနဲ့ တိုက်ခိုက်လို့ရတယ်။ ချုပ်လို့ရတယ်၊ ပေါက်လို့ရတယ်၊ ကန်လို့ရတယ်၊ ခေါင်းနဲ့ တိုက်လို့ရတယ်၊ အဓိကကတော့ ဇွဲသတ္တိရှိဖို့နဲ့ မကြောက်မရွံ့ နောက်မတွန့်စတမ်း တိုက်ရဲဖို့လိုသလို ခံနိုင်ရည်လည်းရှိရတယ်၊ နောက်ဆုံးသက်လုံကောင်းရတယ်၊ အဲဒါတွေကို လေ့ကျင့်ပေးမယ်”

ဧရာဝတီရဲမင်းက ၄င်းတတ်ကျွမ်းထားသော မြန်မာ့ရိုးရာလက်ဝှေ့ပညာ၏ အခြေခံသဘောတရားများကို အကျဉ်းချုံးရှင်းပြသည်။ လက်တွေ့ကစားပြ သင်ကြားပေးခဲ့သည်။

“နောက်ဆုံး သိထားရမယ့်အချက်ကတော့ ယနေ့မြန်မာ့ရိုးရာလက်ဝှေ့ပညာကို အားကစားတစ်ရပ်အနေနဲ့ ကမ္ဘာကစိတ်ဝင်စားလာနေကြတယ်။ ထိုင်းရဲ့ မွေလက်ဝှေ့လို စီမံချက်ချပြီး ပြန့်ပွားအောင် နိုင်ငံတော်အနေနဲ့ ဆောင်ရွက်လျက်ရှိတယ်၊ အခုလည်း ထိုင်းအပါအဝင်အခြား ဥရောပနိုင်ငံတွေကို ဖိတ်ခေါ်ပြီး မြန်မာ့ရိုးရာလက်ဝှေ့အားကစားသမားတွေနဲ့တွဲဆိုင်းတွေတွဲပြီး ယှဉ်ပြိုင်ထိုးသတ်စေခဲ့တယ်၊ မြန်မာတွေရဲ့ လက်ဝှေ့ပညာကို သူတို့တွေ သိသွားကြတယ်၊ မြန်မာတွေရဲ့ သတ္တိသွေးတွေဟာ ဘယ်လောက်ထိရဲရဲနီသလဲဆိုတာ လက်ဝှေ့စင်မြင့်ပေါ်ကနေ ကမ္ဘာတစ်ဝှမ်းလုံးကို ပြသနိုင်ခဲ့ပြီဖြစ်တယ်၊ ဒါကြောင့် မောင်ရင်တို့ ကြိုးစားစေချင်တယ်၊ တို့ဘက်ကလည်း ဆရာစား မချန်သင်ကြားပေးမယ်၊ ကဲ ဘယ်လိုလဲ တပည့်တို့၊ ရမလား”

ကျွန်တော်က ကမ္ဘာ့အားကစားအဆင့်သို့ တက်လှမ်းနိုင်ရေး မြန်မာ့သတ္တိသွေးကို ပြကြရန်နှင့် ယနေ့မြန်မာ့ ရိုးရာလက်ဝှေ့ပညာဆိုသည်မှာ အားကစားတစ်ရပ်အနေဖြင့် ထင်ရှားလာနေပြီဖြစ်ကြောင်း၊ ရှင်းလင်းပြောကြားခဲ့ ပါသည်။

“အဓိက ကတော့ကွာ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်နေရမယ်၊ ဒါကြောင့် ဒီဇင်ဘာလရောက်တိုင်း တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ လူထုလမ်းလျှောက်ပွဲတွေ

အားကစားပွဲတွေကို နိုင်ငံတော်အနေနဲ့ အနာဂတ်အမျိုးသား အရေးကိုမျှော်တွေးပြီး ပြုလုပ်ပေးနေတာပေါ့ကွာ”ဟု နိဂုံးချုပ်စကားပြောကြားခဲ့ပါသည်။

အခန်း(၆)

“အားကစား မြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်”

အထက်ပါစာတမ်းသည် မောင်းထောင်ရွာ လက်ဝှေ့သင်တန်းကျောင်း၏ နဖူးစည်းစာတမ်းအဖြစ် ချိတ်ဆွဲ ထားသည်ကို အဝေးကပင်မြင်နိုင်ပါသည်။

မိုးသီးသည် ဆရာကြီးရဲမင်း၏ အကူအညီဖြင့် သတ်လုံးသတ်ကွက်များကို ပြင်းပြင်းထန်ထန် လေ့ကျင့်လျက် ရှိသည်။

“လက်သီးထိုးချက်နဲ့ ခြေကန်ချက်တွေက ဟန်ချက်ညီနေရမယ်”

ဆရာကြီးရဲမင်းက ၄င်း၏အတွေ့အကြုံများနှင့်ပေါင်းစပ်၍ သင်ကြားပေးလျက် ရှိသည်။

“စိတ်ဓါတ်ကတော့အဓိကပေါ့ကွာ မြန်မာဆိုတာ မြန်လည်းမြန်ရမယ်၊ မာလည်းမာရမယ်၊ နောက်ဆုံး အသည်းကောင်းရမယ်ကွ”

စောဖထီးကလည်း မိုးသီး လေ့ကျင့်နေသည်ကို ဘေးကထိုင်ကြည့်ရင်းပြောပြနေသည်။ ကျွန်တော်တို့ မြန်မာ့ ရိုးရာလက်ဝှေ့သင်တန်းသည် အောင်မြင်သည်ဟုဆိုရမည်။ ဆောင်းဦးရာသီကောက်ရိတ်မဆင်းမီ တစ်လအတွင်း ဇလွန်မြို့ပတ်ဝန်းကျင်ရှိဝါသနာရှင်လူငယ်များ(၁၀၀)နီးပါးခန့် တဖွဖွရောက်ရှိလာပြီး စိတ်ပါဝင်စားစွာဖြင့် သင်ကြားခဲ့သည်ကို တွေ့ရသည်။

မိုးသီးတစ်ယောက် အသွင်ပုံစံ ပြောင်းခဲ့ပြီဖြစ်သည်။ မူးယစ်ဆေးမပြောနဲ့ ကွမ်းတစ်ရာပင် မငုံတော့၊ လေ့ကျင့်ခန်းများကိုလည်း မခိုမကပ် အချိန်ပြည့် လေ့ကျင့်လျက်ရှိသည်။

ယခုနှစ် ပြည်နယ်နှင့်တိုင်းမြန်မာ့ရိုးရာလက်ဝှေ့အားကစားပြိုင်ပွဲကြီးတွင် မိုးသီးသည် ဧရာဝတီတိုင်းကိုယ်စားပြု လက်ရွေးစင်လက်ဝှေ့သမားတစ်ဦးအဖြစ်အရွေးခံခဲ့ရသည်။

"အဲဒီမှာ ရွှေတံဆိပ်ရအောင်ယူခဲ့ အဲဒီကတစ်ဆင့် အခုနိုင်ငံတကာပွဲတွေအဆင့်ထိ တက်ထိုးနိုင်အောင် ကြိုးစားပေတော့၊ ဒါမှ မင်းမျှော်မှန်းထားတဲ့ မြန်မာပြည်သား လက်ဝှေ့အကျော်အမော်တစ်ဦးဖြစ်လာလိမ့်မယ်"

ကျွန်တော်က မိုးသီးနှင့်တွေ့တိုင်း အားပေးစကားပြောကြားခဲ့သည်။

"စိတ်ချပါဆရာ၊ ကျွန်တော်ပေးထားတဲ့ ကတိ တည်ရပါစေမယ်"

သင်တန်းတစ်လပြည့်သည်နှင့် သင်တန်းဆင်းပွဲကို မောင်းထောင်ရွာ ဘုန်းတော်ကြီးကျောင်းတွင် ပြုလုပ်သည်။ မောင်းထောင်ဘုန်းတော်ကြီးမှာလည်း ယခင်က ပွဲကျောင်းဟုခေါ်သော မြန်မာ့ရိုးရာလက်ဝှေ့ကို ဝါသနာကြီးသူဖြစ်သည်။

"ဘယ်အားကစားပဲဖြစ်ဖြစ် ကျန်းမာရေးကို အထောက်အကူပြုတယ်၊ အားကစားမြှင့်တင်ခြင်းဟာလည်း နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက် နေခြင်းဖြစ်တယ်၊ အားကစား အောင်မြင်မှုများလေလေ နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာမြင့်မားလေလေဖြစ်တယ်၊ ဒါကြောင့် တို့တွေဟာ ယနေ့မြန်မာ့ရိုးရာလက်ဝှေ့ကို အားကစားတစ်ရပ်အနေနဲ့ လေ့ကျင့်နေတာဖြစ်တယ်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်တဲ့ အားကစားသမား လက်ဝှေ့ အကျော်အမော်တွေဖြစ်အောင် ကြိုးစားကြပါလို့ ဘုန်းကြီးက တိုက်တွန်းလိုက်ပါတယ်"

မောင်းထောင်ဆရာတော်ကလည်း သင်တန်းဆင်းပွဲတွင် အမှာစကား တက်ရောက်ပြောကြားခဲ့သည်။

သင်တန်းဆင်းပွဲတွင် မိုးသီးသည် ပျော်ရွှင်တက်ကြွနေသည်။ ၄င်း၏ တပည့်များနှင့်အတူ ရှေ့တန်းက တန်းစီပြီး ဆရာတော်နှင့်တကွ ကျွန်တော်တို့ကို ကန်တော့သည်။

"ဆရာ- ကျွန်တော် မနက်ဖြန်ပုသိမ်သွားရမယ်၊ ဟိုမှာ လူရွေးပွဲအောင်ရင် ရန်ကုန်မှာ အတန်းလိုက် ရွှေခါးပတ်ချန်ပီယံ တက်ထိုးရမယ်"

မိုးသီးက ကျွန်တော့်ထံလာပြီး ၄င်း၏အစီအစဉ်ကိုပြောပြသည်။

"အေး- ကောင်းတယ်၊ မင်းရွှေခါးပတ်ချန်ပီယံကို ရအောင်ယူလာခဲ့ ပြီးတော့ ဒီဇင်ဘာလ လူထုအားကစား ရာသီအမီ တို့တစ်နယ်လုံးက မင်းကို အားရဝမ်းသာဂုဏ်ပြုကြိုဆိုကြမှာပါကွာ"

ကျွန်တော်က ဇလွန်မြို့နယ်အတွင်း နှစ်စဉ်နှစ်တိုင်း ဒီဇင်ဘာလ လူထုလမ်းလျှောက်ပွဲပြုလုပ်ကျင်းပမည့် ရက်အမီ အချိန်ကိုက်ပြန်လည်ရောက်ရှိနိုင်ရေး အလေးအနက်ထား မှာကြားပြီး လိုအပ်သော ကူညီမှုများ ဆောင်ရွက် ပေးခဲ့ပါသည်။

အခန်း(၇)

နှင်းပွင့်တို့ တဖွဲဖွဲကြွေနေသော ဒီဇင်ဘာလ၏ စနေနေ့နံနက်တစ်ရက်ပင်ဖြစ်ပါ၏။

ကျွန်တော်တို့ ဇလွန်မြို့ ဌာနဆိုင်ရာအကြီးအကဲများနှင့် လူထုလူတန်းစား ပြည်သူလူထုစုစုပေါင်း အင်အား (၁၀၀၀)ကျော်ခန့်သည် မာရ်အောင်မြင်ပြည်တော်ပြန် ဘုရားကြီးရှေ့ရင်ပြင်တွင် စုရုံးရောက်ရှိနေကြသည်။

နံနက်အာရုဏ်တက်ချိန် ဆောင်းလေပြေ၏ ဝေဝိုက်တိုက်ခတ်မှုနှင့်အတူ ဘုရားကြီး၏ ဆည်းလည်း လှူပ်ခတ်သံသည် ကြည်ညိုသာယာဖွယ်ကောင်းလှသည်။

ကျယ်ဝန်းလှသော ဘုရားကြီးရှေ့ရင်ပြင်ပေါ်တွင် မီးရောင်တို့ ဖြာဆင်းလျက် ရှိသည်။

“စောစောအိပ်လို့. . . စောစောထလို့. . . စောစောလမ်းလျှောက်ကြပါစို့. . . တင်းတောင်. . တင်းတောင်. . . ”

ဒီဇင်ဘာအားကစားလှူပ်ရှားမှုတွင် တစ်နိုင်ငံလုံးကြားနေကျသီချင်းသံဖြစ်သည်။ ထို တင်းတောင်. . . တင်းတောင် အသံကိုကြားလိုက်သည်နှင့် ကလေး၊ လူကြီးအားလုံး အိပ်ရာမှ နိုးထ၍ မိမိတို့၏ သတ်မှတ်ထားသောစုရုပ်များဆီသို့ သွားကြရမည်ကို အလိုလိုသိရှိနေကြသည်။

“ရုပ်ကွက်အသီးသီးရှိ မိဘပြည်သူအပေါင်းတို့ခင်ဗျာ၊ ဒီဇင်ဘာအားကစားရာသီ၏ လူထုအားကစား လှူပ်ရှားမှုကို စတင်တော့မှာဖြစ်တဲ့အတွက် မိမိတို့ရုပ်ကွက်အလိုက် သတ်မှတ်နေရာအသီးသီးမှာ လာရောက် စုရုံးကြပါရန် လေးစားစွာ နှိုးဆော်ပန်ကြား အပ်ပါတယ်ခင်ဗျား”

ထိုသို့သော အသံချဲ့စက်မှ လိုက်လံဆော်သြနှိုးဆော်သံများကိုလည်း နိုင်ငံတော် တစ်နံတစ်လျား ကြားနေကြရမည်ဖြစ်သည်။မြို့ပြကျေးလက်မကျန် အားကစားလရာသီ ဒီဇင်ဘာလကို ရောက်ပြီကို အားလုံးသိရှိ ကြပါသည်။

နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ မြန်မာ့အားကစားအဆင့်အတန်း ရေရှည်တိုးတက်ဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် ဆောင်ရွက်သင့်မည့်၊ ဆောင်ရွက်

ရမည့် အချက်များကို ပြည်သူ တစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် သွားရမည်ကို ကျွန်တော်တို့အားလုံးနားလည်သဘောပေါက်ခဲ့ကြပါသည်။

ဇလွန်မြို့နှင့်တစ်မိုင်ခန့်ကွာဝေးသော မောင်းထောင်ရွာဘက်မှ စောဖထီး ဦးဆောင်သော ရွာသူရွာသားများတို့ သည်လည်း ဒီဇင်ဘာအားကစားလှုပ်ရှားမှုနှင့်အတူ ဘုရားကြီးရင်ပြင်ပေါ်သို့ လာရောက်ပူးပေါင်းကြသည်။

"စောဖထီး ဂွတ်မောနင်းပါဗျာ. . . အခြိန်ကိုက်ပဲ ကဲ ခင်ဗျားအဖွဲ့တွေ နောက်ကနေဝင်ပြီး တန်းစီထားကြ၊ ပြီးမှ ကျွန်တော်တို့ ဆုံတွေ့ကြတာပေါ့။ အခုတော့ ပျော်ပျော်ပါးပါးလမ်းလျှောက်ကြမယ်ဗျို့"

ကျွန်တော်က စောဖထီးတို့ကို ကြိုဆိုနှုတ်ဆက်ပြီး နေရာချထားပေးခဲ့သည်။

ဘုရားကြီးရင်ပြင်ရှေ့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများနှင့် ကျောင်းသား၊ ကျောင်းသူပြည်သူ လူထုများ၊ အင်အားစုစည်းပြီး စတင်လမ်းလျှောက် ခဲ့ကြသည်။ ဟင်္သာတဘက်သို့ ထွက်သည့်လမ်းအတိုင်း စုစုစည်းစည်း ညီညီညွတ်ညွတ် လမ်းလျှောက်ခဲ့ကြပြီး မြို့ဝင်ဂိတ်ရှေ့မှပြန်လှည့်၍ ဘုရားကြီးရှေ့ရင်ပြင်သို့ အာရုဏ်ကျင်း၍ မိုးလင်းစ အချိန် ပြန်လည်ဝင်ရောက်ခဲ့သည်။

"တစ်. . . နှစ်. . . သုံး. . . လေး. . . "

ထို့နောက် ဘုရားကြီးရင်ပြင်တွင် ခုံမြင့်ပေါ်မှ အားကစားအရာရှိနှင့်အဖွဲ့မှ တိုင်ပင်ခေါ်၍ ခေါင်း၊ ခါး၊ ခြေ၊ လက် ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းကို ပျော်ပျော်ပါးပါးတက်တက်ကြွကြွပြုလုပ်ခဲ့ကြသည်။

လှဒေဝီ စားသောက်ဆိုင်မိသားစုမှ ကောက်ညှင်းပေါင်းနှင့် နှမ်းထောင်းများ ကျွေးမွေးဧည့်ခံသည်။ ပြည်သူတို့သည် ရွှင်လန်းတက်ကြွလျက်ဂုင်းတို့၏ မျက်နှာပြင်ဝယ် နုပျိုလန်းဆန်းနေသည်ကို အထင်းသား မြင်တွေ့ နေရသည်။

အခန်း(၈)

ဘုရားကြီး၏ မျက်နှာချင်းဆိုင်ရှိ ဧည့်ရိပ်သာအတွင်းတွင် ဇလွန်မြို့နယ် မယက ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရပ်ကွက်ကျေးရွာအုပ်စုမှ ရပ်မိရပ်ဖများ မပြန်ကြသေးပဲ ဝိုင်းဖွဲ့၍ ကောက်ညှင်းပေါင်းစားလျက်ရှိကြသည်။

"ဘယ်လိုလဲ စခန်းမှူး၊ အဆက်အသွယ်ရပြီလား"

မြို့နယ်ရဲတပ်ဖွဲ့မှူးက ကျွန်တော့်ကိုမေးလိုက်သည်။

“ဟုတ်ကဲ့ရဲမှူး၊ မေရီလန်းကိုရောက်နေပြီလို့ ဖုန်းဆက်ပါတယ်၊ နောက် ၁၀ မိနစ်လောက်ဆိုရောက်ပါပြီ”

ကျွန်တော်က လက်ပတ်နာရီကိုကြည့်ပြီး မြို့နယ်မှူးကို အဖြေပေးသည်။

“ကဲ. . . ဒီလိုဆို အပြင်ထွက်ကြစို့၊ အား/ကာမှူး ကျွန်တော်တို့အစီအစဉ်အတိုင်း စလိုက်ကြရအောင်”

ကျွန်တော်တို့ ဘုရားကြီးရင်ပြင်သို့ ထွက်ခဲ့ကြသည်။ထိုစဉ် အား/ကာမှူး စီစဉ်ထားသည့် အိုးစည်ဝိုင်းနှင့်အတူ စောဖထီးအဖွဲ့မှ ပါလာသော မောင်းထောင်ဒိုးပတ်ဝိုင်းတို့၏ တီးမှုတ်သံသည် မိုးယံထိတိုင် လွင့်ပျံထွက်လာသည်။

မကြာမီရဲရင့်ခိုင်မှန်လုံကားတစ်စီးသည် ဘုရားကြီးရှေ့သို့ထိုးစိုက်လာသည်။

ကားပေါ်မှ သူတို့ဆင်းလာကြသည်ကို တွေ့ကြရသည်။

ရှေ့ဆုံးမှ မြန်မာ့ရိုးရာလက်ဝှေ့ကျော်မိုးသီးသည် ရွှေခါးပတ်ကို ကိုင်မြှောက်၍ ဆင်းလာသည်။ သူ့နောက်မှ နည်းပြဆရာ ဧရာဝတီရဲမင်းနှင့် သတင်းထောက်ကိုငွေသန်းတို့ဖြစ်ကြပါသည်။

နံနက်စောစောလူထုလမ်းလျှောက်ပြီးစအချိန်ဆောင်းနှင်းမြူတို့မစဲသေး၊ ပြည်သူတို့ ရွှင်လန်းတက်ကြွနေဆဲ ထိုအချိန်တို့နှင့် အချိန်ကိုက်မိုးသီးသည် ချန်ပီယံရွှေခါးပတ်ကို ကိုင်မြှောက်၍ အောင်ပွဲကို သယ်ဆောင်လာခဲ့ ခြင်းဖြစ်ပါသည်။

“ဟေး. . . မိုးသီး. . . မိုးသီး. . . မိုးသီး. . . ကွ”

မောင်းထောင်သားတို့၏ ကျယ်လောင်သော အော်ဟစ်ဂုဏ်ပြုသံသည် အိုးစည်ဒိုးပတ်တို့နှင့်အတူ ဘုရားကြီးရင်ပြင်ထက်တွင် ပျံ့လွင့်လျက်ရှိသည်။ ရွှင်လန်းတက်ကြွနေသော ပြည်သူတို့၏ ရင်ထဲဝယ် အားကစား စိတ်ဓါတ်များ စီးမျောလျက်ရှိပါသည်။

ဧည့်ရိပ်သာအတွင်းတွင် ဧရာဝတီတိုင်းကိုယ်စားပြု ရွှေခါးပတ်ချန်ပီယံဆု ဆွတ်ခူးရရှိလာသော မြန်မာ့ရိုးရာ လက်ဝှေ့သမားမိုးသီးကို ချီးကျူးဂုဏ်ပြုပွဲ ကျင်းပခဲ့ပါသည်။

“အား. . . ဒါအင်မတန်ဂုဏ်ယူစရာ ကောင်းတယ်၊ တို့မြို့နယ်အတွက် တိုင်းဧရာအတွက် နိုင်ငံတော်အတွက် ချီးကျူးဂုဏ်ပြုပါတယ်၊ ပြည်သူလူထုအနေနဲ့လည်း

ကျယ်ကျယ်ပြန့်ပြန့်သိရှိလာကြပြီး ဒါကို တို့အနေနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်နေအောင်လို့ ပြုစုပျိုးထောင်သွားကြဖို့ လိုအပ်ပါတယ်၊ နောက်ဆုံးအနေနဲ့ မိမိ အမှားကို သိမြင်ပြီး ဇွဲသတ္တိမလျော့ပဲ အခုလို ကြိုးစားခဲ့တဲ့အတွက် နောင်လာမယ့် မျိုးဆက်သစ် အားကစားသမား တွေအတွက် နမူနာစံပြဖြစ်စေခဲ့ပါတယ်”

မြို့နယ်အကြီးအကဲက ဂုဏ်ပြုကြိုဆိုပွဲတွင် ယခုကဲ့သို့ ထည့်သွင်းပြောကြားခဲ့ပါသည်။

ဒီဇင်ဘာလလူထုလမ်းလျှောက်ပွဲသို့ တက်ရောက်လာကြသော ဇလွန်မြို့ အနီးအနားရှိ ရွာသူ၊ ရွာသားများနှင့် မြန်မာ့ရိုးရာလက်ဝှေ့သင်တန်းသားများကလည်း ရွှေခါးပတ်ချန်ပီယံမိုးသီးကို လက်ဆွဲနှုတ်ဆက်ပြီး ပန်းကုံးဆွတ်ဂုဏ် ပြုခဲ့ကြပါသည်။

ဒီဇင်ဘာလ၏ ဆောင်းနှင်းဖွေးဖွေးလေအေးအေးနှင့်အတူ လမ်းလျှောက်ပြီးစ ရွှင်လန်းတက်ကြွနေသော ရွာသူ၊ ရွာသားများသည် ၄င်းတို့ရိုးရာကဲ့သို့ ဝါသနာကြီးမားသော မြန်မာ့ရိုးရာလက်ဝှေ့အောင်ပွဲသတင်းကို ကျေနပ်ပီတိများဖြင့် ပြုံးပျော်ရွှင်နေကြသည်။ တစ်ဦးနှင့်တစ်ဦးခင်မင်ရင်းနှီးစွာနှုတ်ဆက်ကြရင်း ၄င်းတို့နယ်သားလက်ဝှေ့ကျော်မိုးသီး၏ ဂုဏ်သတင်းကို ပြောမဆုံးနိုင်အောင်ဖြစ်ကြရသည်။

နံနက်ခင်းနေခြည်နုနု၏အလင်းရောင် အောက်တွင်ဘုရားကြီးရင်ပြင်ရှေ့တွင် လူစုမကွဲသေး၊ တစ်ချို့က လက်ဖက်ရည်ဆိုင်ထိုင်၍ ဝိုင်းဖွဲ့စကားကောင်းနေကြသည်။ တစ်ချို့က ဘုရားကြီးကုန်းမြေပေါ်သို့ တက်ရင်း လမ်းလျှောက်ခြင်းနှင့် ကျန်းမာရေးဆက်နွယ်မှုများကို စကားစမြည်ပြောဆိုလျက်ရှိကြသည်။

ဇလွန်မြို့တစ်မြို့လုံးယခုကဲ့သို့ ဒီဇင်ဘာလလူထုလမ်းလျှောက်ပွဲရောက်လေတိုင်း ဘုရားကြီးရင်ပြင်ရှေ့တွင် စုရုံးကြမြဲ လမ်းလျှောက်ပွဲကို နွဲ့ပျော်ကြမြဲဖြစ်သည်။ လူစုမကွဲမီအချင်းချင်းနှုတ်ဆက်ကြ၊ လက်ဖက်ရည်ဆိုင်ထိုင်ကြ၊ ဘုရားဖူးကြနှင့် နှစ်ပေါင်းများစွာ မြင်တွေ့နေရသည့်မြင်ကွင်းပင်ဖြစ်ပါသည်။

ယခုမြင်ကွင်းသည် ပို၍စည်ကားထူးခြားလှသည်၊ အဘယ်ကြောင့်ဆိုသော် မြန်မာ့ရိုးရာလက်ဝှေ့ကျော် မိုးသီးသည် ရွှေခါးပတ်ချန်ပီယံဆုကိုဆွတ်ခူး၍ ရောက်ရှိလာချိန်နှင့် တိုက်ဆိုင်ခဲ့သောကြောင့်ဖြစ်သည်။

စောဖထီးခေါင်းဆောင်သော မောင်းထောင်ရွာသူ၊ ရွာသားများသည် ဒီဇင်ဘာလ လူထုလမ်းလျှောက်ပွဲကို ဆင်နွှဲရင်း ဘုရားကြီးရင်ပြင်ရှေ့သို့ စုရုံးရောက်ရှိခဲ့ခြင်း

ဖြစ်ပါသည်။အပြန်တွင် ၄င်းတို့ရွာသား မြန်မာ့ရိုးရာ လက်ဝှေ့ကျော် မိုးသီးကို ရွှေခါးပတ်ချန်ပီယံနှင့်အတူ ကြိုဆိုပြီး ပြန်လည်ခေါ်ဆောင်သွားကြသည်။

"ဒီလိုပဲဖြစ်ရမှာပေါ့မိုးသီးရာ၊ ပျက်အစဉ် ပြင်ခဏတဲ့ ဒါကြိုးစားခြင်းရဲ့ အောင်ပွဲပဲဖြစ်တယ်၊ မင်းလိုပဲ နောင် ဖြစ်ထွန်းပေါ်ပေါက်လာမယ့် မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့အားကစားသမားတွေ အခြားသောနိုင်ငံတော် ကိုယ်စားပြု အားကစားတွေကို အခုလို ဒီဇင်ဘာလရောက်လေတိုင်း ဆောင်းလေပြေအေးတွေ နှင်းမှုန်ဖွဲဖွဲတွေနှင့်အတူ ဘုရားကြီးရှေ့ကနေ အမြဲထာဝရကြိုဆိုနေချင်ပါတယ်ကွာ"

ကျွန်တော်သည် စောဖထီးတို့၏ဒိုးပတ်သံ တည်ညံဖြင့်ပျော်ရွှင်စွာ ထွက်ခွာသွားသည့်မြင်ကွင်းကို ကြည့်ပြီး နှုတ်မှ တီးတိုးရေရွတ်ရင်း ကြည်နူးဝမ်းမြောက်စွာဖြင့် မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီးကို ဖူးမျှော်ရန် ဂန္ဓကုဋီ တိုက်ပေါ်သို့ လှမ်းတက်လာခဲ့ပါတော့သည်။ ။

ရဲရဲထွန်း(ဟသ်ာတ)

ဤဝတ္ထုတိုသည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလ လှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ရဲထွန်း (ဟသ်ာတ)၏ဝတ္ထုတိုဖြစ်ပါသည်။

"အပြုံးပန်းတွေ ကိုယ်စီဝေ"

လမ်းလျှောက်လေ့ကျင့်ခန်းလုပ်၊ နံနက်စာစားပြီး မနက်ခုနစ်နာရီကျော်ခန့်တွင် အိမ်ပြန်ရောက်လာ သော်လည်း ဝေဝေ့စိတ်ထဲ လေးလံနေသည်။ ထို့ကြောင့် ဒီဇင်ဘာလဆန်း၏အအေးဒဏ်ကို အံတုမနေတော့ဘဲ ရေပူချိုးစက်ဖွင့်၍သာ ရေချိုးလိုက်တော့သည်။ တနင်္ဂနွေနေ့ဖြစ်သောကြောင့် ဝေဝေ့အလုပ်ပိတ်သည်။ဝေဝေက အထည်ချုပ်စက်ရုံတစ်ခုမှ မန်နေဂျာတစ်ဦးဖြစ်သည်။ ဝေဝေသည် လက်ရှိရာထူးအား အညောင်းမိသော အကိုက်အခဲဒဏ်များကို အံကြိတ်ခံပြီး အောက်ခြေသိမ်း အထည်ချုပ်ရာမှ အဆင့်ဆင့်တက်လှမ်း ယူနိုင်ခဲ့သူဖြစ်သည်။

အရိုးကျိုးပေါင်းဝေဒနာဖြစ်စပြုနေသော ဝေဝေကရေပူချိုးစက်ကို မရမကငွေစု၍ ဝယ်ထားခဲ့သည်။ ရေနွေးနှင့်ချိုးလိုက်သဖြင့် အကြောအချဉ်ပြေပြီး လန်းဆန်းသွားသော်လည်း စိတ်ထဲလေးလံနေမြဲ။ မည်သို့ဖြစ်စေ နေ့စဉ်လုပ်နေကျဖြစ်သည့် ဘုရားဝတ်ပြုခြင်းကိစ္စကို ဆောင်ရွက်ရန် ဘုရားကျောင်းဆောင်ရှေ့သို့ သွားရောက်နေရာယူကာ ငါးပါးသီလကန်တော့ချိုးကို အသံမြှင့်၍ စတင်လိုက်တော့သည်။ သို့ဖြင့် ဝေဝေ ပရိတ်၊ ပဌာန်းများ ရွတ်ဖတ်ပူဇော်ပြီး၍ အမျှဝေခါနီးတွင်

ဒု . . ဒု . . ဒု . . ဒု . .

အသံဖျောက်ထားသော လက်ကိုင်ဖုန်းက အဝင်ခေါ်ဆိုမှုရှိကြောင်းကို တုန်ခါမှုဖြင့် အချက်ပြနေသည်။ သို့ဖြစ်၍ နံဘေးမှ လက်ကိုင်ဖုန်းကို ဝေဝေ အသံပြုလိုက်သည်။

"ဟဲလို"

ရုတ်တရက် စကားပြန်သံ မကြားရပါ။ ခဏနေမှ အက်ကွဲသောအသံတစ်ခု ထွက်ပေါ်လာသည်။

"သမီး ဝေဝေလား"

"ဟုတ်ကဲ့"

ဘယ်သူမှန်းမသိပေမယ့် ဝေဝေက ဟုတ်ကဲ့လိုက်သည်။

"အန်တီကြီးပါ၊ ခင်သန္တာကြီးဒေါ်လေ"

"ဩော် . . ဟုတ်ကဲ့ . . ဟုတ်ကဲ့ အန်တီကြီးပြောပါ"

ဝေဝေနှင့်လမ်းလျှောက်ဖက်ဖြစ်သောခင်သန္တာ (ခေါ်) ပစ်လေး၏အဒေါ်မှန်းသိလိုက်တော့ အားနာ သွားသည်။ အကြောင်းထူးရှိပြီဟု သိလျှင်သိချင်းပင် အန်တီကြီးထံမှ စကားသံထွက်ပေါ်လာသည်။

"သမီးလေး မရှိတော့ဘူး ဝေဝေရယ်"

ရုတ်တရက် အန်တီကြီးဘာကို ဆိုလိုနေမှန်း ဝေဝေ မစဉ်းစားတတ်တော့ပါ။ သို့သော် အန်တီကြီးဆီမှ ရှိုက်သံထွက်ပေါ်လာသည်မို့ ဝေဝေ ထိတ်လန့်သွားသည်။

"ပစ်လေး ဟို . . ခင်သန္တာလေး ဘာများဖြစ်လို့လဲဟင်"

ဝေဝေ့အသံက တုန်ခါနေပြီး၊ စိတ်ထဲက ဘုရားတလိုက်မိသည်။

"ဝေဝေရေ . . သမီးတို့ရဲ့ပစ်လေး . . ပစ်လေးဆုံးပြီဝေဝေ"

"ရှင်"

+ + + + + + + + +

ခင်သန္တာတို့အိမ်သို့ ဝေဝေအပါအဝင် လမ်းလျှောက်ဖော်၊ အားကစားလုပ်ဖက်မိတ်ဆွေသုံးယောက် ချက်ချင်းပင် ရောက်ရှိသွားကြသည်။

"ဖြစ်မှဖြစ်ရလေ ပစ်လေးရယ်"

"ဝေဝေစကားကို နားထောင်ရင် သူဒီလိုဖြစ်မှာ မဟုတ်ဘူးကွယ်"

သက်သက်နှင့် အန်တီပြုံး(ခ)အပြုံးတို့က ကြေကွဲစွာအသီးသီးပြောလိုက်ကြသည်။

"ဘယ်လိုဖြစ်ရတာလဲ အန်တီကြီးရယ်"

ဝေဝေ၏ယူကြုံးမရမေးသံအဆုံးတွင်

"နှလုံးသွေးကြောအဆိပိတ်သွားတယ် ထင်တာပဲ"

"ဦးနှောက်သွေးကြောပြတ်သွားတာ ဖြစ်မယ်"

သေသူက သေသွားပေမယ့် ကျန်ရစ်သူ ကြီးဒေါ်နှစ်ယောက်၏ မှတ်ချက်များက ဆရာဝန်မရောက်ခင် ဝေဝါးနေဆဲ။ ဝေဝေ့ခေါင်းထဲ နံနက်ပိုင်းလမ်းလျှောက်အိမ်ပြန်ခရီးစဉ်က တရေးရေးပြန်ပေါ်လာသည်။

+ + + + + + + + +

“ဒီကို အုန်းနို့တစ်ပွဲ ထပ်ပေးပါဦး”

“ပစ်လေး အဲဒီလောက်ကြီး မစားနဲ့လေ”

စားလက်စအုန်းနို့ခေါက်ဆွဲပန်းကန်မကုန်သေးခင် နောက်တစ်ပန်းကန် ထပ်မှာနေသော ပစ်လေးကို ဝေဝေက ဟန့်တားလိုက်သည်။

“ဟာ . . မမဂျာကြီးကလည်း မီးမှ မဝသေးတာကို”

မန်နေဂျာတာဝန်ထမ်းဆောင်နေသော ဝေဝေ့ကို သူက “မမဂျာကြီး” ဟု ချစ်စနိုးခေါ်ပါသည်။

“မဝသေးလည်း တန်ဆေးလွန်ဘေးလေ ညီမလေးရဲ့၊ နင်က ဝရတဲ့အထဲ အုန်းနို့တွေ နင်းကန်စား နေတော့ ဘေးဖြစ်လိမ့်မယ်”

“မဖြစ်ပါဘူး မမဂျာကြီးရဲ့ မီးက စားနေကျပဲဟာ”

“ဒီကောင်မလေး ခက်တာပဲ”

“ငါတော့သူပဲ အားကျနေမိတယ်”

ဝေဝေတို့ထဲတွင် အကြီးဆုံးဖြစ်သော အန်တီပြုံး(ခ)အပြုံးကဝင်၍ မုဒိတာပွားနေသည်။

“သက်ကတော့ အုန်းနို့ခေါက်ဆွဲကြိုက်ပေမယ့် မစားရဲဘူး၊ ဝက်ခြံထွက်မှာစိုးလို့”

အလှကိုဦးစားပေးသော သက်သက်က ထိုသို့ပြောသည်။

ဝေဝေတို့အဖွဲ့က အားလုံးလေးယောက်။ အပြုံး၊ ပစ်လေး၊ သက်သက်ခိုင်နှင့်ဝေဝေတို့ဖြစ်သည်။

“အပြုံး”သူကတော့ ‘သွေးတိုးရောဂါသည်’ ဖြစ်သည်မို့ အစားအလွန်ဆင်ခြင်ရသူ။ အစားမှားသည်နှင့် သွေးတက်ပြီး ခဏခဏ အိပ်ရာထဲလဲတတ်သူ။ အသက်(၄၅)နှစ်ခန့်သာရှိသော အန်တီပြုံးကို ဝေဝေတို့အဖွဲ့က ခင်မင်ရင်းနှီးစွာ အများခေါ်သလို ‘အပြုံး’ ဟု ခေါ်ကြသည်။ သူကခင်ပွန်းသည် ချန်ထားရစ်သောအမွေများဖြင့်ဘဝတွင် သက်တောင့်သက်သာ နေထိုင်ခွင့်ရသူဖြစ်သည်။

သက်သက်ခိုင်ကတော့ ရှမ်းပြည်နယ်ဇာတိဖြစ်သည်။ ရန်ကုန်တွင် ကိုယ်ကာယအလှ သင်တန်းတက်ရင်း ခန္ဓာကိုယ်အချိုးအစားကျအောင် လုပ်နေသူ။ သူ၏အဓိကရည်ရွယ်ချက်သည် ကျန်းမာရေးကောင်းပြီး၊ အောင်မြင်သော ကာယအလှသင်တန်းဖွင့်ဖြစ်ရေးပင်။ သူက ဝေဝေတို့ထဲတွင် ဒုတိယအငယ်ဆုံးဖြစ်သည်။ အလှဆုံးဟု မဆိုသာသော်လည်း ဖြူဝင်းသောအသားအရေနှင့် လှပကြော့ရှင်းသော ကိုယ်နေဟန်ထားကို ပိုင်ဆိုင်ထားသူဖြစ်သည်။ မိန်းကလေးတိုင်းလိုလို အားကျနေရသူလည်းဖြစ်သည်။ သခ်ၤာနှင့်ကျောင်းပြီးထားသည်။ သက်သက်က ကန်တော်ကြီးစောင်းတွင် နေထိုင်သူ ဖြစ်သည့်အပြင် အလှအပကိုခံစားတတ်သူပီပီ ကန်ရေပြင် နှင့်ပတ်ဝန်းကျင်အလှကို ခံစား၍မဝနိုင်စွာ နေ့စဉ်ပုံမှန်လမ်းလျှောက် ထွက်လေ့ရှိသူ။

ဝေဝေကတော့ အသက်(၂၆)နှစ်၊ မြန်မာစာနှင့်ကျောင်းပြီးထားသူဖြစ်ပြီး၊ သူ၏ရည်ရွယ်ချက်က အောင်မြင်သော အထည်ချုပ်လုပ်ငန်းပိုင်ရှင်ဖြစ်ရေးပင်။ သို့သော် သူ့တွင် အရိုးကျိုးပေါင်းဝေဒနာ စတင် ဖြစ်ပေါ်နေသည်။ သို့ဖြစ်၍နေ့စဉ် အညောင်းမိနေသောဝေဝေက မနက်ပိုင်းလမ်းလျှောက် လေ့ကျင့်ခန်းလုပ်ပြီးမှ အလုပ် သွားလေ့ ရှိသည်။

ဝေဝေတို့ထဲတွင် အငယ်ဆုံးက ခင်သန္တာဖြစ်သည်။ သို့ရာတွင် ဝဝကစ်ကစ် လုံးလုံးလေးနှင့်ချစ်စရာ ကောင်းလွန်းသဖြင့် ဝေဝေတို့အားလုံးက သူ့ကို ပစ်ကလေး/Pig လေး ဟုခေါ်ကြသည်။သည်လိုခေါ်၍လည်း သူက စိတ်မဆိုးတတ်ပါ။ တကယ်လည်း သူက အမည်နှင့်လိုက်ဖက်စွာ 'ခင်သန္တာသက်ချိုပြုံး၊ ဆင်ခန္ဓာ ဝက်ကိုယ်လုံး" ပိုင်ရှင်ဖြစ်သည်။

ပစ်လေးအသက်က (၁၉)သာသာ ရှိသေးသည်။ အလုပ်အကိုင်မဲ့၊ အစားအသောက်သာ ဖက်တွယ်သူ။ သူငယ်စဉ်ကတည်းက မိခင်ဆုံးပါးသွားပြီး ဖခင်ကနောက်အိမ်ထောင်ထူသွားသည်။ ထို့ကြောင့် သူ့ကို ဖူးဖူးမှုတ်အလိုလိုက်ထားသော သူ့အမေ၏အစ်မများဖြစ်သည့် ကြီးဒေါ်အပျိုကြီးနှစ်ယောက်လက်ထဲတွင် ကြီးပြင်းခဲ့ရသူ ဖြစ်သည်။ သူလေးက သဘောကောင်း၊ မနောချိုကာ သူတစ်ပါးကို ကူညီတတ်သူလည်း ဖြစ်သည်။

ဝေဝေတို့အားလုံးထဲတွင် ပစ်လေးကတော့ လမ်းလျှောက်ပျင်းသည်။ သို့ရာတွင် သူလေးက သူ့တိုက်ခန်း အောက်ထပ်ရှိ သားသမီးအဖတ်မတင်ဘဲ မုဆိုးမဖြစ်နေသော

အပြုံး၏ကျန်းမာရေးအတွက် စိုးရိမ်ကြီးစွာ ဂရုစိုက်ပေးတတ်သူဖြစ်သည်။ သို့ဖြစ်၍ သူသည်အပြုံးကိုအားပေးသည့်အနေဖြင့် စေတနာဝန်ထမ်းအလုပ်ကို ပီပြင်စွာလုပ်ရင်း တစ်ပတ်ကိုလေးရက် အပြုံးနှင့်အတူလမ်းလျှောက်ထွက်ပေးနေသူဖြစ်သည်။

ဝေဝေတို့အားလုံး၏ အလုပ်နှင့်ပညာအရည်အချင်းများ မတူညီသော်လည်း ကျန်းမာရေးအတွက် အလေးထားသော စိတ်ဓာတ်များကတူညီကြသည်။ သို့အတွက်ကြောင့် ယခုလို လမ်းလျှောက်ရင်း တွေ့ဆုံနေရာမှ ခင်မင် သွားကြခြင်း ဖြစ်သည်။ သူတို့ခင်မင်မှုသက်တမ်းက တစ်နှစ်ပင်မရှိသေးပါ။ သို့သော်အားလုံးက အရင်းအချာများကဲ့သို့ပင် ပြောဆိုဆက်ဆံနေထိုင်ကြသည်။

+ + + + + + + + +

“ပစ်ကလေးရယ် ဒီအစ်မက နင့်ကို စိတ်ပူလို့ ပြောနေရတာ၊ နင်ကဘာမှမဖြစ်ဘူး မဖြစ်ဘူးနဲ့ စားနေပေမယ့် မမဝေက စိုးရိမ်တယ်၊ ‘အစားမတော် တစ်လုတ်’ တဲ့ ပစ်လေးရဲ့”

မန်နေဂျာပီပီဆရာလုပ်တတ်သော ဝေဝေက ထပ်မံသတိပေးသော်လည်း

“အစားမတော်ရင်တစ်လုတ် မဟုတ်လား မမဂျာကြီးရဲ့၊ ခု ပစ်လေးကအစားတော်တော့ တစ်လုတ် ဘယ်ရပါ့မလဲ၊ အဟင်း . . ဟင်း . . မမဂျာကြီးကလည်း သူများစားတာကို မပိတ်ပင်ကောင်းဘူးလေ၊ ခု မမတို့ရဲ့ပစ်လေးက ဘာမှမဖြစ်တာပဲ၊ ပြီးတော့ ဝသာဝနေတာ သွေးတိုးတို့ ဆီးချိုတို့ ဘာဆိုဘာမှမရှိဘူး သိရဲ့လား၊ မွေးကတည်းက ဝနေတာတော့ ကိုယ့်ကုသိုလ်ပေါ့လေ၊ တတ်နိုင်ပါဘူး”

ထိုသို့ပင် ပစ်လေးက အထွန့်တက်တတ်သည်။

“အမယ် ညည်းက မရှိဘူးဆိုရအောင် စစ်ဆေးကြည့်ဖူးလို့လား ပစ်လေးရဲ့”

နောက်နောက်ပြောင်ပြောင်ဖြင့် ပေါ့တော့တော့ပြောနေသောပစ်လေး၏စကားကို အပြုံးကခပ်ပြုံးပြုံးဖြင့် ဝင်ထောက်လိုက်သည်။

“အပြုံးသိပါတယ်လေ၊ ပစ်လေးက ဘာစားစား အပြုံးလို ခေါင်းမူးခေါင်းကိုက် ဘယ်တော့မှ မဖြစ်တာကို၊ ဒီကငယ်ငယ်လေးထဲက ဒေါင်ဒေါင်မြည်ကျန်းမာရေးပါနော်၊ ဟာ ဟ”

ထိုသို့ပစ်လေးက အပြုံးကို ခပ်သောသောလေး ချေပနေပြန်သည်။

“အသက်ကလည်း ငယ်သေးတာကိုး ပစ်ကလေးရဲ့၊ မမဝေကတော့ ပစ်လေးပိန်ရင် သိပ်လှမှာလို့ တွေးကြည့်မိနေတာ”

“ဝဝလှလှပဲ ကြားဖူးပါတယ် မမဂျာကြီးရယ်၊ ပိန်တာရိုးခြောက်တော့ မဖြစ်ချင်ပါဘူး၊ မလှလည်း နေပါစေတော့”

ဒါကိုပင် ဝေဝေက အလျော့မပေးဘဲ

“ငါ့ညီမရဲ့မျက်နှာလေးက သိပ်လှတော့ မမဝေက ပိန်ဖို့ထက် ဝိတ်နည်းနည်းကျစေချင်တာပါနော်၊ မမဝေတို့စက်ရုံက ရယ်ဒီမိတ်အကျီလေးတွေများ ပစ်လေးနဲ့တော်ရင် သိပ်ကြည့်ကောင်းမှာလို့ တွေးကြည့်မိနေတာ၊ ပြီးတော့ ပစ်လေးကိုသာ ဝိတ်ချပေးနိုင်ရင် နင့်မမသက် ဖွင့်မယ့်သင်တန်းက တစ်ခါတည်းကို ဝက်ဝက်ကွဲ အောင်မြင်နိုင်တယ် သိရဲ့လား”

“ဩော် မမဂျာကြီးက တစ်ကိုယ်လုံး အကြံကြီးပဲ”

“ဘယ်လို”

ပစ်ကလေးပြောသည်ကို အားလုံးက နားမလည်ကြပါ။ ထို့ကြောင့်ရှေ့ဆက်မယ့် ပစ်လေး၏စကားကို အားလုံး နားစွင့်ထားလိုက်ကြသည်။

“ဒီလို ဒီလို ပစ်လေးကို ဝိတ်ချရင် မမသက် ဖွင့်မယ့်သင်တန်းက သေချာပေါက်အောင်မြင်မယ်၊ ဒါဆို မမဂျာကြီးလည်း သင်တန်းသူတွေရဲ့ ဒီဇိုင်နာဖြစ်ပြီး ကိုယ်ပိုင်ဆိုင်ရှင်လုပ်လို့ရပြီ၊ ဟဲ ဟဲ တစ်ချက်ခုတ် နှစ်ချက်မက သုံးချက်လောက် ပြတ်မှာမဟုတ်လား၊ သိနေတယ်လေ”

ထိုသို့ ဒုတိယနှစ်အိကိုတက်နေသော ပစ်လေးက ယခုလို စဉ်းစဉ်းစားစား ပြောလိုက်တော့ အားလုံးက လွတ်လပ်ပေါ့ပါးစွာဖြင့် ရယ်လိုက်ကြသည်။

+ + + + + + + + +

“အန်တီကြီးတို့လည်း မီးလေးက အုန်းနို့ခေါက်ဆွဲတွေ တဝတပြုစားထားတာ မသိဘူးလေ၊ ဒီနေ့ စျေးပိတ်ရက်မို့ သူလေးစားချင်တဲ့ အုန်းထမင်းနဲ့ ကြက်သားဟင်း ချက်ပေးထားမိတယ်၊ သူ့ဒေါ်လေးက ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့်ပို့သွားခါနီး သူလည်းစားမယ်ဆိုလို့ ဟိုကပြင်ပေးသွားတာလေ”

အန်တီကြီးစကားကို ရှိုက်ငိုနေသော အန်တီလေးက ဆက်၍ပြောသည်။

"အန်တီလေးပြန်လာတော့ မီးလေးက အဲယားကွန်းကြီးဖွင့်ပြီး အခန်းထဲမှာအိပ်နေတယ်၊ ဒါနဲ့ အန်တီလေးလည်း စောင်ခြုံပေးဖို့ သူ့အနားကို သွားအကြည့် ခုလို အသက်မရှိတာကို တွေ့ရတာပါပဲ၊ မီးငယ်လေးရယ် ဖြစ်မှဖြစ်ရလေ . . အဟင့် . . ဟင့် . . "

ကြီးဒေါ်နှစ်ယောက်ကတစ်လှည့်စီ ပစ်လေး၏အဖြစ်ကို ရှင်းပြလိုက်၊ ငိုလိုက်ဖြစ်နေပုံကို ကြည့်ကာ ဝေဝေတို့အားလုံးလည်း ငိုမိကြတော့သည်။

+ + + + + + + + +

ပစ်လေးဆုံးပြီး နှစ်လကျော်ခန့်အကြာ အလုပ်နားရက်တစ်နေ့တွင် ဝေဝေထံသို့ သက်သက်ဆီက ဖုန်းဝင်လာသည်။

"အပြုံးနေမကောင်းဘူးကြားတယ် မမဝေ၊ သက်တို့သွားကြည့်ကြရအောင်နော်"

သက်သက် ထိုသို့ဖုန်းဆက်ပြောမှ ဝေဝေကိုယ့်ကိုယ်ကို သတိထားမိသွားသည်။ သည်တလော ဝေဝေ ဘယ်သူနှင့်မှ မတွေ့ဖြစ်ခဲ့သလို၊ ကိုယ်တိုင်လည်း လမ်းလျှောက်ထွက်ဖို့ ပျက်ကွက်နေခဲ့သည်။ ရက်တွက်ကြည့်တော့ ဝေဝေ လမ်းလျှောက်မထွက်ဖြစ်တာ နှစ်လကျော်လွန်၍ သုံးလထဲပင် ရောက်ခဲ့ပြီဖြစ်သည်။ ပစ်လေး ရုတ်တရက်ဆုံးသွားပြီးကတည်းက ဝေဝေတို့အုပ်စု ကွဲသွားကြသည်။ စိတ်ဓာတ်များလည်း ယူပစ်သလို ကျဆင်းသွားသည့်အပြင် ဖြစ်လုနီးပါး ကျီးပေါင်းရောဂါလည်း ပိုတိုးလာသလို ခံစားနေရသည်။

အပြုံးလည်း ထိုနည်းတူပင်။ ပစ်လေးမရှိတော့သည့်နောက်ပိုင်း အိမ်ထဲက အိမ်ပြင်ပင် မထွက်ကြောင်း ကြားသိခဲ့ရသည်။ ရောဂါက သွေးတိုးအပြင် နှလုံးဘက်သို့ပါ အရိပ်အယောင်ပြချင်နေသည်။ သက်သက် ကိုယ်တိုင်ပင် ကန်တော်ကြီးစောင်းတွင် နေလျက်နှင့် အပြုံးရှိရာ မအူကုန်းလမ်းကျယ်သို့ မရောက်ဖြစ်ခဲ့ပါ။ အထက် ပန်းဆိုးတန်း လမ်းတွင် နေထိုင်သောဝေဝေကတော့ ပစ်လေး၏နောက်ဆုံးနေ့ရက်များကို သတိရလွန်း သောစိတ်ကြောင့် အပြုံးအပါအဝင် လမ်းလျှောက်ဖက်များကို မေ့ထားလိုက်ပြီး၊ အလုပ်ထဲတွင်သာ စိတ်နှစ် ထားခဲ့သည်။

အပြုံးသတင်းကြားတော့မှ ဝေဝေအိပ်ရာမှ နိုးထလာသူပမာဖြစ်ရသည်။ သည်အတိုင်းနေ၍ မဖြစ်တော့ မှန်းလည်း သတိထားမိသွားသည်။ ထို့ကြောင့်လည်း သက်သက်နှင့်တိုင်ပင်၍ အပြုံးအိမ်သို့ သွားရန် ချိန်းဖြစ်ခဲ့သည်။

+ + + + + + + + +

ဒေါက် . . ဒေါက် . . ဒေါက်

တံခါးခေါက်သံကြား၍ အပြုံး ဖြေးညင်းစွာလျှောက်လာပြီး တံခါးကို ဖွင့်လိုက်သည်။ ဖွင့်လျှင်ဖွင့်ချင်းပင်

“အပြုံး”

“ဟော ဝေဝေ . . သက်လေးလည်း ပါလာတာကိုး၊ လာလေကွယ်”

“အပြုံးရယ် ပိန်သွားလိုက်တာနော်”

သက်သက်က အံ့သြလွန်းစွာ ထိုသို့မှတ်ချက်ပြုတော့ အပြုံးက နာမည်နဲ့လိုက်ဖက်စွာ မှိန်မှိန်လေး ပြုံးပြရှာသည်။

“ဝေတို့ဒီလိုနေလို့ လုံးဝမဖြစ်တော့ဘူး အပြုံး”

ရောက်ရောက်ချင်းပင် အဆက်အစပ်မဲ့စွာ ဝေဝေပြောလိုက်ပေမယ့် ထိုအရာကို စတင်သဘောပေါက်သူက သက်သက်ဖြစ်သည်။

“ဟုတ်တယ်၊ သက်လည်း မမဝေပြောချင်တာကို သိတယ်၊ သက်တို့ဒီလိုဖြစ်နေလို့ မရဘူး၊အပြုံး စဉ်းစားကြည့်ပါဦး၊ ပစ်လေးမရှိတော့တဲ့ ဒီနှစ်လကျော်အတွင်း သက်တို့အားလုံးရဲ့စိတ်ဓာတ်တွေ ယူပစ်သလို ကျသွားခဲ့ရတယ်၊ ဒါလည်း ဖြစ်သင့်ပါတယ်၊ သက်တို့က ဆွေမျိုးအရင်းအချာတွေလို နေခဲ့ကြတာကိုး”

“သက်ပြောတာမှန်တယ်၊ ဝေ အပါအဝင် အားလုံးခံစားနေရတာလည်း မှန်တယ်၊ ဒါပေမဲ့ အမြဲပျော်ပျော် နေတတ်တဲ့ ပစ်လေးကတော့ ဝေတို့ခုလိုဖြစ်နေတာကို ကြိုက်မယ်မထင်ဘူး”

“မဝေပြောတာကို သက်ထောက်ခံတယ်၊ ပစ်လေးက အမြဲတမ်း ပျော်ပျော်နေတတ်တဲ့သူ ပြီးတော့ သူအပျင်းကြီးတာတောင်မှ အပြုံးကို ချစ်လွန်းလို့ တစ်ပတ်ကိုလေးရက် မပျက်မကွက်ဘဲ လမ်းလျှောက်ထွက်ပေး ခဲ့တယ် မဟုတ်လား”

“ဝေတို့တွေ ခုလိုပုံစံဖြစ်နေတာကို ပစ်လေးသာ တွေ့မြင်နေရရင် စိတ်ကောင်းနိုင်မယ် မထင်ဘူး”

“သွားတဲ့သူက သွားနှင့်ပြီ၊ ကျန်ရစ်တဲ့သူတွေက ခုလို စိတ်ထိခိုက်ပြီးနေမယ်ဆိုရင် ပစ်လေး သိရင် စိတ်ချမ်းသာမယ် မထင်ဘူးအပြုံး၊ ပြီးတော့ ခုအပြုံးကိုကြည့်ရတာ အရင်နဲ့တခြားစီပဲ”

“ဟုတ်တယ်၊ အပြုံး မပေါ့ပါနဲ့၊ အထူးသဖြင့် အပြုံးရဲ့ရောဂါ၊ အပြုံးက ခုမှ အသက်ငါးဆယ်တောင် ပြည့်သေးတာ မဟုတ်ဘူး၊ ဒီပုံစံအတိုင်း ဆက်သွားရင် အပြုံးမလွယ်လောက်ဘူး”

သက်သက်နဲ့ဝေဝေတို့ရဲ့စကားတွေကို နားထောင်နေသော အပြုံးက ခပ်မဲ့မဲ့ပြုံးရင်းပြောလိုက်သည်။

“ဘာလဲ လမ်းပြန်လျှောက်ဖို့ ပြောကြမလို့လား”

“ဟုတ်တယ်အပြုံး ဝေတို့ လမ်းပြန်လျှောက်မှဖြစ်မယ်”

ဝေဝေ့စကားကို သက်သက်က ရှေ့ဆက်သည်။

“မဝေရော အပြုံးပါ မဖြစ်မနေလမ်းပြန်လျှောက်ရမယ်၊ သက်တို့လမ်းလျှောက်နေတုန်းက အပြုံး မတော်တဆ အစားမှားခဲ့ရင်တောင် ခံနိုင်ရည်ရှိသေးတယ်၊ ခုအပြုံးပုံစံက သွေးတိုးတင်မကဘဲ နှလုံးကျန်းမာရေးပါ ထိခိုက်နေတဲ့ပုံပေါက်နေပြီ သိရဲ့လား အပြုံးရဲ့”

“ဝေလည်း အဲဒီလိုပဲ မြင်တယ်၊ ပစ်လေးချစ်တဲ့အပြုံးကို ဆက်စောင့်ရှောက်ဖို့ ဝေတို့မှာ လုံးဝ တာဝန်ရှိတယ်၊ ဒါကြောင့် အပြုံးကို ဝေနဲ့သက်တို့က လမ်းလျှောက်ဖို့ တစ်လှည့်စီလာခေါ်ပေးမယ်၊ သက် သဘောတူတယ် မဟုတ်လား”

ဝေဝေ့စကားကို သက်က မဆိုင်းမတွ ဆတ်ကနဲခေါင်းညိတ်ပြပြီး အဖြေပေးသည်။

“အပြုံးလျှောက်ချင်ချင်၊ မလျှောက်ချင်ချင် ဝေတို့တွေ အဝေးကြီးက တကူးတကလာခေါ် ပေးတာကိုထောက်ပြီး လမ်းပြန်လျှောက်ရမယ်နော်”

ဝေဝေ့စကားအဆုံး အပြုံးကမျက်ရည်လည်ကာ ပြောရှာသည်။

“ဝေဝေနဲ့သက်တို့ရဲ့ စိတ်ထားကို အပြုံးလေးစားပါတယ်၊ ပြီးတော့ အပြုံးလည်း ဝေတို့ကို ပြောစရာ ရှိတယ်၊ အဲဒါကတော့ ဒီမနက်ပဲ ပစ်လေးကို အိပ်မက်မက်တယ်၊

သူက အိပ်မက်ထဲမှာ အပြုံးကိုပြောတယ်၊ အပြုံးခုလို အိပ်ရာထဲလဲနေတာကို သူစိတ်ဆိုးတယ်တဲ့၊ သူ့ကိုနမူနာယူပြီး အပြုံးတို့က ကျန်းမာရေးကောင်းအောင် မကြိုးစားကြဘူးတဲ့လေ”

ထိုစဉ် အိမ်ခန်းတံခါးခေါက်သံ ကြားလိုက်ရသည်။ အပြုံး၊ဝေဝေနဲ့သက်တို့ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်မိလျက်သားဖြစ်သွားသည်။ ထို့နောက် အိမ်တံခါးရှိရာသို့ ပြုံင်တူလှမ်းလိုက်ကြသည်။

+ + + + + + + + +

ဝေဝေနှင့်သက်တို့နှစ်ဦးစလုံး အိမ်တံခါးခေါက်သံထပ်မံအကြား ဆတ်ကနဲဖွင့်အကြည့် တံခါးဝတွင် ပစ်လေး၏ ကြီးဒေါ်နှစ်ယောက်ကို တွေ့လိုက်ရသည်။

“ဟော . . ဝေဝေတို့လည်း ရောက်နေတာကိုး”

“အန်တီကြီးနဲ့အန်တီလေးတို့ပါလား”

နှုတ်ဆက်နေရင်းက ဝေနှင့်သက်တို့ အချင်းချင်းပြုံးမိသွားကြပြန်သည်။

“ဝေဝေတို့ရောက်နေတာကြာပြီလားကွယ်”

“မကြာသေးပါဘူးအန်တီကြီး၊ နာရီဝက်လောက်ပဲ ရှိပါသေးတယ်”

မျက်နှာပိုးသတ်ရင်း ဝေဝေလျင်မြန်စွာဖြေလိုက်သည်။

“အချိန်ရတယ် မဟုတ်လား”

“ရပါတယ် အန်တီကြီးရယ် ဝေတို့ဒီနေ့ အပြုံးအတွက် တစ်နေ့လုံးအချိန်ပေးဖို့ ရည်ရွယ်ပြီးလာခဲ့တာပါ”

“အေးကွယ်၊ အန်တီကြီးတို့လည်း အပေါ်နဲ့အောက်ဆိုပေမယ့် ကိုယ့်အလုပ်နဲ့ကိုယ်ရှုပ်နေတာမို့ အပြုံးနဲ့တောင် ခုတလော သိပ်မတွေ့ဖြစ်ကြဘူး၊ ဒီနေ့တော့ စျေးပိတ်ရက်မို့ အပြုံးဆီကို သတင်းမေးလာတာကွဲ့၊ တိုက်တိုက်ဆိုင်ဆိုင် တွေ့ချင်နေတဲ့ဝေဝေနဲ့သက်ပါရှိနေကြတာ ကံကောင်းလိုက်တာကွယ်”

သည်လိုနှင့်ဝေတို့တွေ စကားဆက်ပြောဖြစ်ကြသည်။

“အန်တီကြီးသိချင်တာလေးတွေ မေးစရာရှိလို့ပါ”

“မေးလေ အန်တီကြီးရဲ့ ဘာများလဲ”

“ဒီလိုပါ၊ သမီးတို့က ကျန်းမာရေးလိုက်စားသူတွေဆိုတော့ လမ်းလျှောက်ခြင်းရဲ့ အကျိုးကျေးဇူးတွေကို ပြည့်ပြည့်စုံစုံလေး သိချင်လို့ပါ”

“ဩော် . . ဒါလား၊ ကဲ မန်နေဂျာကြီး မမဝေကပဲ ရှင်းပြပေးလိုက်ပါဦးနော်”

သက်သက်က ဝေဝေဘက်သို့ ဦးလှည့်ပေးလိုက်သည်။

“ရှင်းဆိုတော့လည်း ရှင်းပေးရမှာပေါ့၊ ဒီလိုအန်တီကြီးရဲ့”

“စနစ်မှန်တဲ့လမ်းလျှောက်ခြင်းဟာ ရောဂါတော်တော်များများကို ကာကွယ်တားဆီးပေးနိုင်တယ်လေ”

“ဘယ်လို . . စနစ်မှန်တဲ့လမ်းလျှောက်ခြင်း ဟုတ်လား”

အန်တီလေး နားရှုပ်သွားပုံရသည်။

“ဟုတ်တယ် အန်တီလေး၊ လမ်းလျှောက်တာက နည်းရှိတယ်၊ နည်းမှန်လမ်းမှန်နဲ့လျှောက်မှ အကျိုး ကျေးဇူးရမှာ”

“ဟုတ်လား၊ သိပါဘူးအေ၊ တို့ညီအစ်မတွေ မအူကုန်းကနေ မင်္ဂလာဈေးဆိုင်ရှိရာ နေ့စဉ် လမ်းလျှောက် နေကြရတော့ ပြည့်စုံပြီထင်နေတာ၊ စနစ်မှန်ဖို့ လိုသေးတယ်လား”

“သိပ်လိုတာပေါ့ အန်တီကြီးရယ်၊ သိပ်လိုတာပေါ့”

“ပြောပြပေးပါဦးဝေဝေရယ်”

“ဒီလိုအန်တီတို့ရဲ့၊ ခုပဲဝေတို့ အပြုံးကို အဲဒီအကြောင်းဆွေးနွေးမလို့ လုပ်နေတာလေ၊ အပြုံးက ဒီနှစ်လသုံးလအတွင်း လေ့ကျင့်ခန်းလည်းမလုပ်၊ လမ်းလည်းမလျှောက်နဲ့ ဘယ်လောက်ယူပစ်သလိုကျသွားသလဲ အန်တီကြီးတို့ အမြင်ပဲလေ”

“ဟုတ်တယ်၊ ဟုတ်တယ်၊ ပစ်လေးမရှိတော့ကတည်းက အပြုံးလည်း စိတ်ထောင်းကိုယ်ကြေဖြစ် နေပုံရတယ်၊ အန်တီလေးတို့မှာ ကိုယ့်အလုပ်နဲ့ကိုယ်ဆိုပေမယ့် အပြုံးကိုတော့ သတိထားမိပါတယ်”

“အဲဒါပြောနေတာ၊ ပစ်လေးဆုံးတာ အန်တီကြီးတို့ရော ဝေဝေတို့ပါ ကြေကွဲရတာအမှန်ပါ၊ ဒါပေမဲ့ အန်တီကြီးတို့ ညီအစ်မက မနက်ဆိုင်ထွက်၊ ညပြန်၊

အားတဲ့ရက် ဘုန်းကြီးကျောင်းသွား၊ ဥပုသ်စောင့် ဆိုတာတွေ ပုံမှန်လိုလုပ်နေကြတော့ ပစ်လေးကို သတိရပေမယ့် နည်းနည်းလေးတော့ ဖြေသာလောက်မယ်၊ ဒါပေမဲ့အပြုံးကတော့ သိတဲ့အတိုင်းပဲ၊ နေဖို့စားဖို့ ရုန်းကန်စရာမလိုတော့ တစ်နေ့တစ်နေ့ အန်တီကြီးတို့ထက် ပစ်လေးကို သတိရချိန်ပိုနေမှာ အမှန်ပဲ၊ ဒါကြောင့် အဲဒီစိတ်တွေကို ကုစားပေးဖို့ ဝေတို့ ရောက်လာကြတာလေ၊ ခုလိုပြောလို့စိတ်မဆိုးနဲ့နော် အန်တီကြီး”

“ဘာလို့စိတ်ဆိုးရမှာလဲ၊ ဝေဝေပြောတာမှန်နေတာပဲ၊ အန်တီကြီးတို့လည်း ဝေဝေတို့မလာရင်တောင် အပြုံးကိစ္စကို လာဆွေးနွေးဖို့ ညီအစ်မနှစ်ယောက် ပြောနေကြတာ”

“ဒါကြောင့်အတော်ပဲလို့ပြောတာပေါ့”

ကြီးဒေါ်နှစ်ယောက်က အတိုင်အဖောက်ညီစွာ ပြောလိုက်ကြသည်။

“ဟုတ်ကဲ့ပါ အန်တီလေး ဝေဝေ ခုနစကားကို ပြန်ဆက်မယ်နော်”

“အေး ဆက်ပါဦး စနစ်မှန်လမ်းလျှောက်နည်းအကြောင်းကို”

“စနစ်မှန်တဲ့လမ်းလျှောက်နည်းဆိုတာကို ဆရာဇော်ဂျီက ဒီလိုကဗျာလေးနဲ့ရေးသားခဲ့တယ်အန်တီလေးရဲ့”

“ပြောပါဦးကွယ်”

“ရင်ဘတ်ကိုပင့် တန်ရုံမြှင့်၊ ရဲရင့်တည်ကြည်လျှောက်ရမည်။

ခါးကိုမတ်မတ် ကိုယ်ကိုမတ်၊ တစ်ရပ်မြင့်အောင် လျှောက်ရမည်။

ဒူးကိုဆန့်ခင်း ကြွက်သားရင်း၊ တောင့်တင်းပါအောင်လျှောက်ရမည်။

ခြေလှမ်းသောအခါ ရှေ့ခြေဟာ၊ မြေမှာဖနောင့်ကျရမည်။

မှတ်ကြစေရန် လမ်းလျှောက်ဟန်၊ မူမှန်လျှောက်နည်းပြီးတော့သည်” တဲ့။

“ဟယ် ကောင်းလိုက်တဲ့ကဗျာ၊ ဆရာဇော်ဂျီက တကယ့်ကို ကဗျာမှော်ဆရာကြီးပဲနော်၊ သူ့ကဗျာလေးက ထပ်မေးစရာမလိုလောက်အောင်ကို ပြည့်စုံနေပြီ”

ဝေဝေ့ကဗျာရွတ်သံအဆုံးတွင် အန်တီကြီးက အားပါးတရဖြင့်ပြောသည်။

"ဟုတ်တယ်နော် မမ၊ အန်တီလေးတို့ကတော့ ဗုဒ္ဓဘုရားရှင်မိန့်ကြားထားတဲ့ စကြီလျှောက်ခြင်း အကျိုးထူးငါးပါးကိုတော့ သိထားပါတယ်၊ ဒါပေမဲ့ ဆရာဇော်ဂျီရဲ့စနစ်မှန်လမ်းလျှောက်နည်းကိုတော့ ခုမှပဲ ကြားဖူးတာ"

"ဘုရားရှင်မိန့်ကြားထားတဲ့ အကျိုးထူးငါးပါးကို ပြောပြပါဦး အန်တီလေးရယ်"

သက်သက်က အန်တီလေးစကားကို ထောက်ပေးသည်။

"ဒီလို သက်ရဲ့၊ ခရီးသွားနိုင်၊ ကြွံခိုင်အားအင်၊ ကင်းစင်ရောဂါ၊ အစာကြေညက်၊ မပျက်သမာဓိ၊ ငါးမျိုးရှိ၊ များ၏စကြီ အကျိုးတည်းတဲ့"

"ညီမရေ တို့နှစ်ယောက်က အကြောင်းနဲ့အကျိုးကို မဆက်စပ်မိတာပါလား"

"ဟုတ်တယ်နော်မမ၊ ကျွန်မတို့အသက်(၆၀)နားနီးမှ လမ်းလျှောက်နည်းမှန်နဲ့ စကြီ လျှောက်ခြင်းအကျိုး ဒီနှစ်ခုကို ဆက်စပ်မိတော့တယ်နော်"

"အချိန်ကျပြီဆိုတော့လည်း ဒီလိုပေါ့ငါ့ညီမရယ်"

ပစ်လေးကြီးဒေါ်နှစ်ယောက် သဘောကျစွာပြောနေသည်ကို ဝေဝေတို့ငြိမ်၍ နားထောင်နေကြသည်။

"ဆက်ပါဦးဝေဝေရယ်၊ လမ်းလျှောက်ရခြင်း ရည်ရွယ်ချက်တွေကို"

"ရည်ရွယ်ချက်နဲ့အကျိုးကျေးဇူးကတော့ တန်ဖိုးမဖြတ်နိုင်ပါဘူး"

"လမ်းလျှောက်တာဟာ ငွေကုန်ကြေးကျ မများတဲ့ အားကစားနည်းထဲမှာ ပါရုံမကဘူး၊ ရောဂါ တော်တော်များများအတွက် ကုထုံးတစ်ခုလို့လည်း ခုဆိုကမ္ဘာနှင့်အဝန်း လက်ခံနေကြပြီ အန်တီကြီးရဲ့"

"ဟယ် . . ဟုတ်လား ပြောပါဦး"

"ကိုယ်လက်လှုပ်ရှားအားကစားလုပ်တဲ့ အလေ့အကျင့်ရှိသူတွေက မရှိသူတွေထက် အမောခံနိုင်တယ်၊ သူတို့ဟာ ခန္ဓာကိုယ်အနှံ့သွေးလည်ပတ်မှု မျှတစေတဲ့အတွက်ကြောင့် နှလုံးကြွက်သားတွေကိုသန်မာစေလို့ နှလုံးရောဂါအပါအဝင် သွေးတိုးလေဖြတ်ရောဂါတွေကို တားဆီးကာကွယ်နိုင်တယ်လေ၊ဒါ့အပြင် ခန္ဓာကိုယ် အတွက် မလိုအပ်တဲ့ အဆီ/ကိုလက်စတောတွေကို လျော့ကျစေနိုင်တယ်၊ ဒါကြောင့် "Health is Wealth" လို့ ဆိုကြတာ အန်တီကြီးရဲ့"

“မြန်မာလိုပဲ ပြောပေးစမ်းပါဟယ်”

“သြော် . . အဟင်း . . ဟင်း . . ကျန်းမာခြင်းသည် ချမ်းသာခြင်းတဲ့”

“ကျန်းမာခြင်းဆိုတာ - ရောဂါဘယကင်းရုံ၊ ကိုယ်ခန္ဓာကြံ့ခိုင်ရုံသာမကပဲ စိတ်ချမ်းသာမှုရှိခြင်း၊ ပတ်ဝန်းကျင်နှင့်လူနေမှုသုခပြည့်စုံမှုရှိခြင်း၊ စိတ်ရောကိုယ်ပါ ကျန်းမာခြင်းတို့ကိုခေါ်ဆိုကြောင်း (WHO) ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဓိပ္ပာယ်ဖွင့်ဆို ထားတယ်လေ”

“ဟုတ်တာပေါ့”

“ကိုယ်လက်လှုပ်ရှားမှုနည်းပါးလို့ တစ်နှစ်ကိုလူဦးရေ(၂)သန်းခန့် သေဆုံး နေရတယ်တဲ့လေ”

“ဟုတ်လား”

“ဟုတ်တယ်၊ ဒါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြုစုထားတဲ့မှတ်တမ်းအရ သိရတာလေ”

“ကိုယ်လက်လှုပ်ရှားမှုနည်းလို့ ဖြစ်လေ့ရှိတဲ့ရောဂါတွေက သွေးတိုး၊ နှလုံး၊ ဆီးချိုသွေးချို၊ နှလုံးသွေး ကြောပိတ်ရောဂါ၊ မှတ်ဉာဏ်အားနည်းထုံထိုင်းတဲ့ရောဂါ၊ အဝလွန်ကဲတဲ့ရောဂါ၊ အရိုးပျော့ရောဂါ အပါအဝင် ကင်ဆာရောဂါအထိတောင် ဖြစ်ပွားနိုင်တယ် အန်တီလေးရဲ့”

“အမလေး . . လေး . . ကြောက်စရာကြီးပါလား”

“သိရင်တော့ ကြောက်စရာတွေချည်းပါပဲ အန်တီလေးရယ်၊ မသိတော့လည်း ဘာမှဂရုမစိုက်ဘူးပေါ့၊ ဒီလိုအမှုမဲ့ အမှတ်မဲ့နေရင်း သေသွားသူတွေထဲ ခုဆိုကိုယ့်သွေးသားအရင်းတွေတောင်ပါသွားပြီ မဟုတ်လား”

“ဟုတ်တယ်နော်၊ တကယ်တော့ ရောဂါမဖြစ်အောင် ကြိုတင်တားဆီး ကာကွယ်စောင့်ရှောက်နိုင်ရင် အကောင်းဆုံးပဲ”

“ဒါပေါ့ အန်တီလေးရဲ့၊ ဒီလိုဆို ရှေ့တစ်ပတ်ကစပြီး ဝေဝေတို့နဲ့အတူ လမ်းလျှောက်အားကစား လုပ်တဲ့အခါ အန်တီကြီးနဲ့အန်တီလေးပါ လိုက်ခဲ့လေ၊ ခုလောက်ဆို ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး ဆိုတာကို အန်တီကြီးနဲ့ အန်တီလေးတို့ သဘောပေါက်လောက်ပြီလို့ ဝေထင်ပါတယ်၊ ကဲ . . ဆွေးနွေးပေးပါဦး”

“ဟုတ်တယ်အေ၊ ဝေဝေတို့နဲ့တွေ့တာ အကျိုးရှိသွားပြီကွယ်၊ အန်တီကြီးတို့လည်း အသိမှားနေတာကို ခုမှသဘောပေါက်တယ်၊ စိတ်ထဲမယ် အိမ်ကနေဆိုင်ကို အသွားအပြန် နေ့တိုင်းလမ်းလျှောက်နေတာကိုပဲ ကျန်းမာရေးအတွက် ပြည့်စုံလှပြီမှတ်နေတာ၊ ပြန်တွေးကြည့်တော့မှ အန်တီကြီးတို့က လူထူ၊ ဖုန်ထပ်၊ အိပ်ဇောင်္ကနဲ့ အညောတွေများတဲ့လမ်းကနေ နေ့စဉ်အသွားအပြန်လုပ်နေရတာကို မြင်မိတယ်၊ ဘယ်မှာလဲ လေကောင်းလေသန့်၊ လမ်းတစ်လျှောက်လုံး အဲဒီမသန့်ရှင်းတဲ့ အငွေ့အသက်တွေကြောင့် အဆုတ်ကျန်းမာရေး တောင် ထိခိုက်နိုင်တာကို ခုမှသတိထားမိတော့တယ်”

“ဟုတ်တယ်မမရေ့၊ ညီမတို့ဝေဝေတို့နဲ့မနက်တိုင်း အတူလိုက်နိုင်အောင် ကြိုးစားရမယ်၊ ကျေးဇူးပါ ဝေဝေရယ်၊ တကယ်ဆို မီးမီးလေးက အန်တီကြီးတို့ကို အသက်ကိုဉာဏ်စောင့်ဖို့လိုတာရော၊ မတည်မြဲခြင်း အနိစ္စသဘောကိုပါ ထင်ထင်ရှားရှားပြပေးသွားတာပါပဲ၊ သမီးလေး . . သဘောကောင်းတဲ့ တူမလေးရေ ကောင်းမွန်ရာဘုံဘဝသို့ ရောက်ပါစေကွယ်”

အန်တီကြီးနှင့်အတူ အပြုံးအပါအဝင်အားလုံးက ထိုဆန္ဒနှင့်ထပ်တူ ဆုတောင်းမိကြသည်။

+ + + + + + + + +

သည်လိုနှင့် အချိန်(၂)နှစ်ခန့်အကြာတွင်

“ကျွန်မခုလို ကျန်းမာလာနိုင်တာကွယ်လွန်သွားပြီဖြစ်တဲ့ ပစ်လေးဆိုတဲ့ ညီမလေးနဲ့ အားကစား လုပ်ဖော်လုပ်ဖက် ဒီညီမနှစ်ယောက်ရဲ့ ကျေးဇူးကြောင့်ပါ၊ ကျွန်မရဲ့ပစ်လေး ရုတ်တရက်ဆုံးသွားတုန်းကဆို . . . ”

အပြုံးက မမောနိုင်၊ မပန်းနိုင်ဘဲ သူ့ရဲ့ကျန်းမာရေးအကြောင်းမှ အစပြုပြီး ပစ်လေးသေဆုံးခဲ့ရပုံ၊ အိပ်မက်ပေးပုံများအပါအဝင် ဝေတို့နှစ်ယောက်ရဲ့ မနားတမ်း စည်းရုံးလှုံ့ဆော်မှုတွေကိုပါ ပြောရင်း ကျန်းမာရေးအတွက် အားကစားလုပ်ဖို့ လှုံ့ဆော် လက်ကမ်းစာစောင်များ ဝေငှပေးနေသည်။ ထိုလက်ကမ်းစာရွက်လေးထဲတွင်-

“ကျန်းမာခြင်းသည် တန်ဖိုးမဖြတ်နိုင်သော လာဘ်တစ်ပါးဖြစ်ကြောင်း ရေးသားထားသည့်အပြင် လူချမ်းသာရုံနှင့် ခန္ဓာကျန်းမာသန်စွမ်းသောဘဝကို

မရရှိနိုင်ကြောင်းများမှ အစပြုကာ မည်မျှကျန်းမာရေး ကောင်းပြီး ငယ်ရွယ်သူဖြစ်ပါစေ အသက်ကို ဥဏှာမစောင့်ပါက ပျက်စီးလွယ်ကြောင်းနှင့် သွေးတိုး၊နှလုံး၊ဆီးချို၊ ကျောက်ကပ်၊ အသည်း အစရှိသည့် ရောဂါများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိနေသည့် အကြောင်း များလည်း ပါဝင်သည်။

ထို့အပြင် အရာရာသည် စိတ်ပေါ်အခြေခံ၍ ဖြစ်ပေါ်နေခြင်းကြောင့် စိတ်ထောင်းလို့ကိုယ်ကြေ မဖြစ်ရလေအောင် ဆရာတော်ဘုရားကြီးများ၏ ဆုံးမသြဝါဒစကားအနှစ်ချုပ်များကိုလည်း ထည့်ကာ ရိုက်နှိပ် ထားသည်။"

ဝေတို့ရဲ့ ယောဂလေ့ကျင့်ခန်းသင်တန်းဆရာမကြီးသက်သက်ကတော့ နံနက်ဝေလီဝေလင်း အချိန်တွင် အားလုံးသော အားကစားလုပ်ဖော်လုပ်ဖက်များ၏ ခေါင်းဆောင်နေရာတွင် ရှိနေသည်။ သူကလည်း ကျန်းမာရေးနှင့်ပတ်သက်သည့် ယောဂကျင့်စဉ်အကြောင်းကို ယခုလိုပြောပြပေးနေသည်။

"စည်းစနစ်ကျတဲ့လမ်းလျှောက်ခြင်းနှင့်ယောဂလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းကြောင့် တောင့်တင်း နေတဲ့ ကြွက်သားတွေကို ပြေလျော့စေနိုင်ပါတယ်၊ ခန္ဓာကိုယ်တွင်းအဂ်ီအစိတ်အပိုင်းတွေကိုလည်း ကြံ့ခိုင်သန်စွမ်းစေနိုင်တယ်၊ တွယ်ဆက်ထားတဲ့ အဆစ်အမြစ်များနဲ့အရွတ်များ ကွေးနိုင်၊ ဆန့်နိုင်၊ ပြောင်းလွယ်၊ ပြင်လွယ်နိုင်မှု စွမ်းအားတွေ တိုးတက်စေနိုင်ပါတယ် . . "

"သမီးလေးကို မေးခွန်းတစ်ခုမေးချင်တယ်ကွယ်"

"ဟုတ်ကဲ့မေးပါ အန်တီ"

"အန်တီတို့အရွယ်တွေရော ယောဂကျင့်လို့ ရသေးလားကွဲ့"

"အန်တီ့မေးခွန်းရဲ့အဖြေကို အားလုံးလည်းသိထားသင့်ပါတယ်၊ သိပ်မပြင်းထန်လွန်းတဲ့ ယောဂ လေ့ကျင့်ခန်းတွေက ငယ်၊လတ်၊ကြီး အရွယ်(၃)ပါးစလုံးနဲ့ သင့်တော်ပါတယ်အန်တီ၊ ခုသမီးပြပေးမယ့် လေ့ကျင့်ခန်းတွေက လူကြီးရော၊ လူငယ်ပါ ဘောင်ဝင်စေမယ့် လေ့ကျင့်ခန်းတွေပါ၊ အထူးသဖြင့် အသက်ကြီးပြီး ခွန်အားနည်းသူတွေ အတွက် စိတ်ချရတဲ့လေ့ကျင့်ခန်းတွေလို့ ပြောချင်ပါတယ်"

"လမ်းလျှောက်ခြင်းနှင့် ယောဂကျင့်ခြင်းကြောင့် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိနိုင်မလဲ မိန်းကလေး"

“လေ့ကျင့်ခန်းပြုလုပ်တဲ့လူတိုင်းက ခန္ဓာကိုယ်အကျိုးဖြစ်ထွန်းမှု အတွက် လေ့ကျင့်နေကြောင်းကို နားလည်ဖို့ လိုပါတယ်၊ စနစ်တကျနဲ့ အားကစားလေ့ကျင့်နေတဲ့လူတိုင်းဟာ သူတို့ရဲ့ခန္ဓာကိုယ်အလေးချိန်ကို ထိန်းထားနိုင်ပါတယ်၊ ဒါ့အပြင် သွေးသားလည်ပတ်မှု ကောင်းပြီး သွေးအတွင်းရှိ မလိုအပ်တဲ့အဆီနဲ့ သကြားဓာတ်တွေကို လျော့နည်းစေတဲ့အတွက် နှလုံး၊ သွေးတိုး၊ ဆီးချို အပါအဝင် ကျောက်ကပ်ရောဂါတွေကိုပါ ကြိုတင်ကာကွယ် တားဆီးပေးနိုင်ပါတယ်၊ ကြွက်သားနဲ့ အရိုးအဆစ်တွေကိုသန်မာစေလို့ ခါးရိုး၊တင်ပဆုံရိုးအစရှိတဲ့ အဆစ်အမြစ်ပိုင်းဆိုင်ရာ ညောင်းညာ ထုံကျင်ကိုက်ခဲတဲ့ ဝေဒနာတွေကိုလည်း သက်သာစေနိုင်ပါတယ်၊ ကြွက်သားတွေ ခန္ဓာကိုယ်အတွင်းအင်္ဂါတွေ တိုးတက်ကောင်းမွန်စေလို့ အစာအိမ်နဲ့အူလမ်းကြောင်းဆိုင်ရာ ရောဂါတွေကိုလည်း ကင်းဝေးစေနိုင်ပါတယ်”

“သိပ်မပြင်းထန်တဲ့ လေ့ကျင့်ခန်းတွေက စိတ်ဖိစီးမှုများသူတွေအတွက် စိတ်တည်ငြိမ်စေရုံမျှမက ကြည်လင်လန်းဆန်းအရွယ်တင် နုပျိုစေနိုင်ပါတယ်၊ ပြီးတော့ အမျိုးသမီးများအတွက် သားအိမ်နဲ့ ပတ်သက်တဲ့ ဝေဒနာတွေကိုလည်း ခုခံအားကောင်းစေပါတယ်”

“နေ့စဉ်ပုံမှန် လမ်းလျှောက်ခြင်းနဲ့ကိုယ်လက်လှုပ်ရှားမှုကို (၄၅)မိနစ်ခန့် ပြုလုပ်တဲ့သူတွေဟာ သွေးလည်ပတ်မှုကောင်းပြီး စားဝင်အိပ်ပျော်စေနိုင်တယ်၊ သက်လုံကောင်းပြီး အမောခံနိုင်တယ်၊ ခန္ဓာကိုယ် အတွင်းရှိ ဆိုးကျိုးပေးတဲ့ကိုလက်စထရောပမာဏကို ကျဆင်းစေရုံသာမကပဲ သွေးအတွင်းရှိ အဆိပ်အတောက်များကိုပါ ဖယ်ရှား ပျက်စီး ချေဖျက်စေနိုင်ပါတယ်။ ဦးနှောက်နှင့်အာရုံကြောအားကောင်းစေပြီး ဉာဏ်ရည်လည်း ထက်မြက်စေနိုင်ပါတယ်”

“တကယ်တော့ သန့်ရှင်းတဲ့လေ့ရှုရှိုက်မှုဟာ ကာယဉာဏစွမ်းအားနဲ့တက်ကြွမှုကို ပေးစွမ်းနိုင်ပါတယ်၊ ကျွန်မတို့ကိုယ်တွင်းက အဆိပ်အတောက်တွေနဲ့ အဆုတ်တွင်းက မကောင်းတဲ့အနံ့အသက်ဆိုးတွေကို ဖယ်ရှားပေး စေဖို့ စနစ်ကျတဲ့ လေ့ရှုရှိုက်မှုလေ့ကျင့်ခန်းကို မဖြစ်မနေ နေ့စဉ်လုပ်ဖို့လိုအပ်ပါတယ်ရှင်”

“စနစ်မှန်နဲ့လမ်းလျှောက်ပြီး လေ့ကျင့်ခန်းလုပ်ခြင်းက သက်ရှည်ကျန်းမာကြံ့ခိုင်တဲ့ကောင်းကျိုး ချမ်းသာတွေကိုသာ ဖြစ်ထွန်းစေနိုင်ပါတယ်။ အကယ်၍ မိမိမှာ ရောဂါဝေဒနာဖြစ်နေဆဲ ဖြစ်နေရင် တောင် နောက်ထပ်ရောဂါတွေ ထပ်တိုးမလာအောင် တားဆီးပေးနိုင်ပါတယ်ရှင်”

အားလုံးသောလူများသည် သက်သက်ပို့ချပေးနေသော စကားများကို စိတ်ဝင်တစား နားထောင်နေ ကြသည်။ ထိုစဉ်

“ဒါနဲ့ဆရာမလေးကို ကျွန်တော်လည်း မေးပါရစေ”

“မေးပါ အန်ကယ်လ် မေးပါ၊ ကျွန်မသိသမျှဖြေဖို့ အသင့်ပါရှင်”

“တခြားတော့မဟုတ်ပါဘူး၊ ဆရာမလေးက ကိုယ်ကာယအလှသင်တန်းလည်း ဖွင့်ထားတယ်လို့ သိရတယ်၊ အဲဒါဆရာမလေးရဲ့ အသက်မွေးမှုပါလား”

ပြောနေသောအကြောင်းအရာများနှင့်သွေဖီစွာမေးလိုက်သော်လည်း သက်သက်က စိတ်ရှည်စွာ ပြန်ဖြေ လိုက်သည်။

“ဟုတ်ပါတယ်၊ ကျွန်မသင်တန်းက ခုမှစဖွင့်တာဆိုပေမယ့် ဒါဟာ ကျွန်မရဲ့ဝါသနာအရင်းတည်ထားတဲ့ အသက်မွေးဝမ်းကြောင်းလုပ်ငန်းပါပဲ၊ ကျွန်မ ဒီလုပ်ငန်းကို အကျိုးအမြတ်ထက် စေတနာအဓိကထားပြီး လုပ်ခဲ့တာပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်မမိဘများဟာ အသက်(၅၀)ကျော် အရွယ်လေးတွေမှာပဲ ရှေ့ဆင့် နောက်ဆင့်ဆိုသလို ဆုံးပါးသွားခဲ့ရပါတယ်၊ ဒီအချိန်မှာ ငွေကြေးကြွယ်ဝ တာမှန်ပေမယ့် ကျန်းမာရေးကိုတော့ ငွေနဲ့ဝယ်လို့မရတာကို ကျွန်မက သတိပြုမိသွားပါတယ်၊ ဒါကြောင့်မိဘများချန်ထားခဲ့တဲ့အမွေတွေနဲ့ ပြည်သူ တွေရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေးချင်မိတယ်၊ အထူးသဖြင့် ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည် ထက်မြက်တဲ့ လူငယ်တွေ အများကြီး ရှိစေချင်ပါတယ်၊ သူတို့တွေကို နိုင်ငံတော်ကလည်း အစဉ်အမြဲ လိုအပ်နေပါတယ်”

“ကျွန်မကလှလည်းလှချင်၊ ကျန်းလည်းကျန်းမာချင်သူလေ၊ ဒါကြောင့် တခြားအားကစားတွေထက် ခန္ဓာကိုယ်ကြွရှင်းစေမယ့် အားကစားလုပ်ရတာကို ကျွန်မကပိုပြီးဝါသနာပါတယ်၊ ဒါနဲ့ပဲ ကာယအလှ သင်တန်းဖွင့်ဖြစ်သွားတာ၊ ခုလိုငွေကုန်ကြေးကျ မများတဲ့ ယောဂသင်တန်းကို စေတနာရှေ့ထားပြီး အခမဲ့ လာရောက်နည်းပြပေးနေတာကတော့ အားလုံးကို ကျန်းမာရေးလိုက်စား စေချင်တဲ့ စိတ်ကြောင့်ပါ”

သက်သက်က ဝေဝေတို့အားလုံးရှိရာသို့ကြည့်လိုက်ပြီး ဆက်ပြောသည်။

“ဒီမှာရှိတဲ့လူတွေတော်တော်များများလည်း သိထားကြတဲ့အတိုင်းပါပဲ၊ ကျွန်မတို့ရဲ့ ညီမလေး ခင်သန္တာ (ခ)ပစ်လေးလို မဖြစ်ရလေအောင် ကျွန်မတို့အဖွဲ့ ခုလို

ကျန်းမာရေးပညာပေးအစီအစဉ်တွေနဲ့ လူထုအားကစား လှုပ်ရှားမှုကို ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်နေကြတာပါ”

“ကျန်းမာခြင်းက လူသားအားလုံးအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ လာဘ်ကြီးတစ်ပါးပါ။ ဥပဓိရုပ်ဖွံ့ဖြိုးမှု အတွက် အထင်ရှားဆုံးနဲ့ အရေးကြီးဆုံးနေရာမှာလည်း သူက ရှိနေပါတယ်။ ကျန်းမာတဲ့သူတွေမှာသာ မျှော်လင့်ချက်ထားရှိနိုင်တယ်၊ မျှော်လင့်ချက် ရှိသူမှသာ မည်သည့်အရာမျိုးကိုမဆို ပြည့်စုံအောင်ဖန်တီး ယူနိုင်မှာ မဟုတ်ပါလား။ ကျန်းမာတဲ့ခန္ဓာကိုယ်ကို ပိုင်ဆိုင်နိုင်မှ မိမိအကျိုး၊ မိသားစုအကျိုး၊လူအများ အကျိုး၊ တိုင်းပြည်အကျိုးတွေကို ပြည့်ပြည့်ဝဝ သယ်ပိုးဆောင်ရွက်နိုင်မှာပေါ့ရှင်”

“ဒါကြောင့် ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ခြင်းက ကုသခြင်းထက် ပိုထိရောက်တယ် ဆိုတဲ့အတိုင်း ရောဂါဝေဒနာတွေကို ဖြစ်မလာအောင် ကြိုတင်ကာကွယ်ပေးနိုင်တဲ့ အားကစားလေ့ကျင့်ခြင်း တစ်ခုခုကို မဖြစ်မနေ ဆောင်ရွက်ကြဖို့တိုက်တွန်းပြောကြားရင်း ‘သက်ရှည်မရွေး၊ ကျန်းမာရေး၊ ကိုယ်လက် လှုပ်ရှား၊ ကစားပေး’ လို့ ကျွန်မက ဒီနေရာကနေ ကြွေးကြော်လိုက်ပါရစေရှင်”

သက်သက်၏မာန်ပါသောကြွေးကြော်သံနှင့်အတူ အနီးရှိလူအားလုံး၏ လက်ခုပ်သြဘာသံများက မိုးထက်ညံသွားလေသည်။

+ + + + + + + + +

ဒီဇင်ဘာလ (၆)ရက်၊ စနေနေ့တွင် “ခင်သန္တာသက်ဝေပြုံး” အမည်ရှိသော လူထုအားကစားလှုပ်ရှားမှု အဖွဲ့သည် ကန်တော်ကြီးပန်းကန်လုံးကွန်းရှိရာသို့ တစ်ဖွဲဖွဲရောက်ရှိလာကြသည်။

လူငယ်ပိုင်းကို သက်သက်က ဦးဆောင်၍၊ လူလတ်ပိုင်းကို ဝေဝေက ဦးဆောင်ခေါ်လာသည်။ လူကြီးပိုင်းကို အပြုံးနှင့် ပစ်လေး(ခ) ခင်သန္တာ၏ ကြီးဒေါ်နှစ်ယောက်က စည်းရုံးလာသည်။

သူတို့အဖွဲ့အင်အားက မနည်းလှပါ။ အယောက်(၃၀)နီးပါးရှိသည်။ အပြုံးက လမ်းတစ်လျှောက်လုံး လမ်းလျှောက်ခြင်းနှင့် ယောဂကျင့်ခြင်း၏ အကျိုးကျေးဇူးလက်ကမ်းစာစောင်များ ပေးဝေနေသည်။

သက်သက်က ပန်းကန်လုံးကွန်းအရောက်တွင် အားလုံးကိုခေတ္တနားစေပြီး၊ ယောဂကျင့်စဉ်အတွက် အနေအထားမှန်အောင် ဦးဆောင်နည်းပြ လုပ်ပေးနေသည်။

ဝေဝေက ကိုယ်နေဟန်ထားမမှန်သေးသော လူများကို ပုံစံမှန်ရရှိစေရန် ကြီးကြပ်ပေးနေသည်။

ပစ်လေး၏ကြီးဒေါ်နှစ်ယောက်ကလည်း အပြုံးနှင့်အတူ ထိုအဖွဲ့နှင့်တက်ညီလက်ညီ ယောဂ လေ့ကျင့်ခန်းများ ဝင်လုပ်နေကြသည်။

သူတို့မျက်နှာတွင် ကိုယ်စီအပြုံးပန်းတွေဝေနေကြသည်။ ကြီးငယ်မရွေး ပျော်ရွှင်တက်ကြွသော အသွင်သဏ္ဌာန်များရှိနေခြင်းကြောင့် နံဘေးမှကြည့်နေသူများ ကိုပင် ပျော်ရွှင်မှုတို့ကူးစက်စေသော နံနက်ခင်း၏ ကြည်နူးဖွယ်ရာ မြင်ကွင်းတစ်ခု။

ဩော် . . ဘာလိုလိုနှင့် ပစ်လေးဆုံးတာ (၂)နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ သက်သက်၏ အောင်မြင်သော လုပ်ငန်း၊ ဝေဝေ၏ခွန်အားပြည့်သောရုပ်တည်မှု၊ အပြုံး၏ရွှင်လန်းသောအမူအရာ၊ ကြီးဒေါ်နှစ်ယောက်၏ သန့်စွမ်းသော အနေအထား တို့နှင့်အတူ “ကျန်းမာကြွံခိုင်ပြည့်မဏ္ဍိုင်” ဟူသော ဆောင်ပုဒ်နှင့်အညီ တက်ကြွစွာ ပါဝင်လှုပ်ရှားနေကြသော ပြည်သူတို့၏ပုံရိပ်များကိုသာ ပစ်လေးတစ်ယောက် မြင်တွေ့ခွင့် ရနိုင် မည်ဆိုလျှင် . . ။ ။

မြနှင်းဝေအောင်

ဤဝတ္ထုတိုသည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလ လှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲတွင် တတိယဆုရရှိသော မြနှင်းဝေအောင်၏ဝတ္ထုတိုဖြစ်ပါသည်။

အားကစားမြှင့်တင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ခြင်းမည်၏

မောင်ယဉ်လှိုင်း (ပျဉ်းမမြို့)

(၁)

ညဉ့်သည် ငြိမ်သက်တိတ်ဆိတ်နေသည်။ မြို့ကလေးသည် ဆောင်းရာသီ၏ အအေးခြုံလွှာအောက်တွင် ပုကွေး နေသည်။ မြို့ထဲ အဝေးပြေးမော်တော်ကားကြီးများ၏ ဝေါကနဲဖြတ်သွားသံများကိုမူ ရံဖန်ရံခါကြားနေရသည်။

“ကလင် ကလင် ကလင်”

စားပွဲတင်နာရီလေးက ရုတ်တရက်ထအော်သည်။ သူ့အသံကြားလိုက်တော့မှ မနက်သုံးနာရီတိတိ နှိုးစက်ပေးထားမှန်း ဦးမေအောင်သတိရလိုက်သည်။ ဒီဇင်ဘာဆောင်း၏ အအေးဓာတ်က ခုမှတဖြည်းဖြည်း စိမ့်ဝင်လာနေသည်။ “ထတော့”ဟု ကိုယ့်ကိုယ်ကို သတိပေးလိုက်ပြီး ခန္ဓာကိုယ်ပေါ်မှ စောင်အထပ်ထပ်ကို ခွာချလိုက်သည်။

ဖတ်ထားဖူးသော ရှင်တော်ဗုဒ္ဓ၏စကားတစ်ခွန်းက နားစည်ကိုလာရိုက်သည်။

“အို ရဟန်းတို့၊ စကြီလျှောက်ခြင်း၌ အာနိသင်တို့သည် ဤငါးမျိုးတည်း။ အဘယ်ငါးမျိုးတို့နည်းဟူမူ -

ခရီးရှည်သွားနိုင်၏။

ကြိုးစားအားထုတ်နိုင်၏။

အနာရောဂါကင်း၏။

စားသောက်သော အစာအာဟာရသည် ကောင်းစွာကြေညက်နိုင်၏။

စကြီလျှောက်ခြင်းဖြင့် နေအပ်သော တည်ကြည်မှုသမာဓိသည် ကြာမြင့်စွာ တည်တံ့နိုင်၏”

ဦးမေအောင် ကပျာကယာပင် ကုတင်ပေါ်မှ ဆင်းလိုက်သည်။ ပြီးတော့ ဘုရားခန်းထဲဝင်သည်။ ညဉ့်လုံးပေါက် ဖွင့်၍ ပူဇော်ထားသော ငါးတိုင်အားမီးလုံးအလင်းရောင်ဖြင့် မြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်မြတ်ကို ကြည်ညိုစွာ ဦးခိုက် ပြီးရင်း ဦးခိုက်လိုက်သည်။

အရာရာကို သိတော်မူသော မြတ်စွာဘုရားပါတကား၊

သိစရာမှန်သမျှကို တစ်စမကျန်၊ ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသော မြတ်စွာဘုရားပါတကား၊

သဗ္ဗညုတဉာဏ်တော်ကြီးရှင် မြတ်စွာဘုရားပါတကား၊

သိပ်ပံပညာရှင်တွေထက် နှစ်ပေါင်းထောင်ချီပြီး စောစွာကတည်းက လမ်းလျှောက်ခြင်း၏ အကျိုးအာနိသင်ကို ကွက်ကွက်ကွင်းကွင်း၊ တိတိပပ ထုတ်ဖော်ဟောကြားတော်မူခဲ့သော အတုမဲ့ဉာဏ်ရှင်တော်ကြီးပါတကား၊

ဦးမေအောင် အားရကျေနပ်အောင် အကြိမ်ကြိမ် ဦးချကန်တော့လိုက်သည်။

"လူပီပီသသဖြစ်ဖို့ဆိုရင် အားကစားတစ်ခုခုရှိရတယ် ကိုမေအောင်ရ"

အငြိမ်းစားဆရာဝန်ကြီး ကိုတက်ထွဋ်ပြောခဲ့ဖူးသော စကားတွေက နားထဲအစီအရီ ပြေးဝင်လာနေသည်။

"အားကစားနည်း အမျိုးမျိုးရှိတဲ့အထဲမှာ လမ်းလျှောက်ခြင်းက အရွယ်သုံးပါးမရွေး အထူးသင့်တော်တဲ့ အားက စားလေ့ကျင့်ခန်းတစ်မျိုးဗျ။ လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျ ကရိကထမများတဲ့အပြင် အလွယ်ကူဆုံး အားကစားနည်း တစ်မျိုးဖြစ်လို့ ကိုယ်တစ်ဦးတည်းဖြစ်စေ၊ မိသားစု၊ မိတ်ဆွေသူငယ်ချင်းတွေနဲ့ အုပ်စုလိုက်ဖြစ်စေ၊ အနည်းဆုံးအိမ်မှာမွေးထားတဲ့ ခွေးကလေးနဲ့ဖြစ်စေ၊ လွတ်လပ်ပေါ်ပါးစွာ လျှောက်နိုင်တယ်ဗျာ။ နေ့စဉ် တစ်နေ့ တစ်ကြိမ် ပုံမှန်လမ်းလျှောက်ရုံနဲ့ နှလုံးသွေး လည်ပတ်စီးဆင်းမှု ကောင်းစေတယ်ဗျာ။ ဆိုရရင်တော့ နှလုံးကို ကျန်းမာစေတယ်ဗျာ။ သွေးတိုးနဲ့ လေဖြတ်တာကိုလဲ ကာကွယ်ပေးတယ်ဗျာ။ အူမကြီးကင်ဆာလိုကုသဖို့ ခက် တဲ့ရောဂါဆိုးတွေ မဝင်နိုင်ဘူးဗျာ။ အရိုးပွရောဂါ မဖြစ်ဘူးဗျာ။ အရိုးကျန်းမာရေးကို ကောင်းစေတယ်ဗျာ။ လမ်းလျှောက်ပြီးတာနဲ့ လူဟာလန်းဆန်းပေါ့ပါးပြီး စိတ်ဖိစီးမှုတွေ ပြေပြောက်သွားတာက လက်တွေ့ဗျာ။ အဲသလို ကျန်းမာရေးကို တိုက်ရိုက်အကျိုးပြုတဲ့ အားကစားနည်းမို့လို့ လူတိုင်း ကျန်းမာဖို့ လမ်းလျှောက်ပါလို့ ကျုပ်က အမြဲတိုက်တွန်းနေတာဗျ"

သူတိုက်တွန်းလို့ပင် နေ့စဉ်အချိန်မှန် လမ်းလျှောက်ဖြစ်ခဲ့သည်မှာပင် ၁၀နှစ်တာ သက်တမ်းရှိခဲ့ပြီ။ အချိန်မှန်လမ်း လျှောက်ခဲ့သည့် အကျိုးပဲဖြစ်မည်။ ထိုစဉ်ကတည်းကစပြီး တစ်နေ့တစ်ရက်မှ နာခြင်းဖျားခြင်းမရှိခဲ့။ နှာစေးချောင်းဆိုးခြင်းပင် မဖြစ်ခဲ့။ အံ့ဩဖို့ပင်ကောင်းသည်။ တစ်ကယ့်မိတ်ဆွေကောင်း၏ အကြံဉာဏ်ကိုရပြီး

လိုက်နာဖြစ်သည့်အတွက် ကျေးဇူးတင် မဆုံးလည်းဖြစ်ရသည်။ ဤအတွေးဖြင့် ဦးမေအောင်တစ်ကိုယ်လုံး နွေးကနဲဖြစ်သွားသည်။ အိမ်မကြီးမီးခလုတ်ကို ဖွင့်ပြီး ရေချိုးခန်းထဲဝင်လိုက်သည်။ ပြီးတော့မျက်နှာသစ်၊ ကိုယ်လက်သုတ်သင်ပြီး လမ်းလျှောက် အဝတ်ထူထူပွပွကို လဲဝတ်လိုက်သည်။

အဝတ်လဲခန်းမှအထွက် အမှတ်မထင်ဆိုသလို မြေးဖြစ်သူ ကျော်ဘိုဘို အိပ်ခန်းရှိရာဘက် အကြည့်ကရောက်သွားသည်။ ညဉ့်ဦးကဖြစ်ထားသော အမျက်အဓိက ခိုးလိုးခုလု ပြန်ဝင်လာသည်။

(၂)

ညဉ့်ကကျော်ဘိုဘို အတော်ကြီးညဉ့်နက်မှ ပြန်ရောက်လာသည်။ သူပြန်မလာမချင်း ဦးမေအောင်က ငုတ်တုတ်၊ ဖြစ်ချင်တော့ အိမ်ခြံဝင်းစောင့် ဒရဝမ်လင်မယားကလည်း နာရေးရှိလို့ဆိုပြီး တောကိုပြန်သွားကြသည်။ အိမ်ဖော် ထမင်းချက် အဒေါ်ကြီးကလည်း ညီမတော်သူတစ်ယောက် အရေးပေါ်ဆေးရုံတင်ထားရ၍ ညအိပ်စောင့်ဖို့ ခွင့်သုံးရက်တောင်းသွားသည်။ တစ်အိမ်လုံးမှာ သူတို့မြေးအဖိုးနှစ်ယောက်သာကျန်သည်။ ယခုမြေးဖြစ်သူကပါ အိမ်မှာမရှိ။ တစ်ဝင်းလုံး၊ တစ်ခြံလုံး၊တစ် အိမ်လုံး တစ်ယောက်တည်းသာရှိသည်ဆိုပြီး ကြောက်စိတ်တော့မရှိ။ သို့သော် အလုပ်မရှိ၊ ငုတ်တုတ်ထိုင်စောင့်ရသည့် အလုပ်ကိုတော့ သူမုန်းသည်။

တစ်သက်နှင့်တစ်ကိုယ် လူတစ်ယောက်အလာကို တငုတ်တုတ်တုတ် ထိုင်စောင့်ရသည့် အလုပ်မျိုး ဘယ်တုန်းကမှ မလုပ်ဖူးခဲ့။ ယခုမြေးဖြစ်သူနှင့်ကျမှ ကြုံရတော့သည်။ မလုပ်စဖူး လုပ်နေရသည့်အတွက် ကျွဲမြီးတော့ နည်းနည်းတိုချင် လာသည်။ ဒေါသဖြစ်လာတိုင်း တိုင်ကပ်နာရီမှ လက်တံတွေကို လှမ်းလှမ်းကြည့်ရသည်မှာလည်းအမော။ နာရီလက်တံ တွေက ဆယ်နာရီကျော်၍ ဆယ့်တစ်နာရီပင် ထိုးလုပြီ။ ကျော်ဘိုဘို အရိပ်အယောင် မမြင်ရသေး။

သူပြန်လာလျှင် ခြံဝင်းတံခါးကို ဆင်းဖွင့်ပေးရမည်။ ကားကို ဂိုထောင်ထဲထည့်ပြီးသည့်အထိ စောင့်ကြည့်ရမည်။ အမှန်ပြောရလျှင် ခုလိုအချိန်အခါမဲ့ သွားနေတာမျိုးတော့ ဦးမေအောင်မကြိုက်။ ကားပါပါသွားသည့်အတွက် ပို၍စိတ်ပူရ သည်။ မတော်တဆ တစ်ခုခုများ ဖြစ်နေလို့လား၊ သောကတွေက အလိုလိုဝင်လာသည်။

သူမြေးကိုသူချစ်သည်။ ချစ်၍လည်း ငယ်ငယ်လေးကတည်းကစပြီး အလိုလိုက်ခဲ့သည်။ ဘာမလုပ်ရ၊ ဘာမကိုင်ရ၊ မကန့်သတ်၊ မချုပ်ချယ်ဖူးခဲ့။

အသက် ၂၁နှစ်ကျော်၍ အရွယ်လေးလည်းရလာပြီဖြစ်သဖြင့် သူ့ကိုယ်သူ ထိန်းနိုင်လိမ့်မည်ဟု ယုံကြည်ခဲ့သည်။ ခေတ်လူငယ်ပီပီ အမြင်ကျယ်ပြီး သူ့ဘဝကိုသူ ကောင်းစွာတည်ဆောက်နိုင်လိမ့်မည်ဟု ယုံကြည် ထားသည်။

ယုံကြည်၍လည်း သားတပည့်လိုဖြစ်နေသည့် အလုပ်ရုံမန်နေဂျာ ကိုဆွေဖျက်သည့် ကြားကပင် အထည်ချုပ်စက်ရုံ ကြီးတစ်ခုလုံး၊ လုပ်ငန်းကြီးတစ်ခုလုံးကို ငွေရေးကြေးရေးကအစ၊ အားလုံးလွှဲခဲ့ခြင်းဖြစ်သည်။ အစကတော့ မဆိုးလှ။ အလုပ်ကို ဂရုစိုက်သည်။ ကြိုးစားသည်။ ပြောတာဆိုတာ၊ လုပ်တာကိုင်တာ တိကျသည်။ သေချာသည်။ ငွေကြေးအသုံး အစွဲလည်း စာရင်းနှင့်ဇယားနှင့်။ အလေအလွင့်မရှိ။

ခုတလောတော့ ဗွေနည်းနည်းဖောက်နေသည်ဟု ကြားသည်။ ဘာရယ်လို့တော့ အသေအချာမသိ။ မိန်းကလေး တစ်ယောက်နှင့်တွဲနေကြောင်း၊ ငွေကြေး အသုံးအစွဲလည်းများနေကြောင်း မန်နေဂျာကိုဆွေက တစ်စွန်းတစ်စပြောသည်။

မီးပွားလေးက မီးတောက်ကြီးဖြစ်မလာအောင် ထိန်းဖို့သိမ်းဖို့တော့လိုပြီဟု သူတွေးသည်။

ဟောလာပါပြီ။ သူ့ကားမီးရောင်ကို ရုတ်တရက်မြင်လိုက်သည်။

ခြံဝင်းတံခါးဖွင့်ပေးမည်ဟု အိမ်ပေါ်က ကပျာကယာဆင်းသည်။

ခြံတံခါးသော့ဖွင့်ရင်း "ဘာလို့ဒီလောက်မိုးချုပ်အောင်နေရတာလဲ"ဟု အပြစ်တင်ပြောဆိုလိုက်မည်ဟု ပြင်နေတုန်း၊ ကျော်ဘိုဘိုကားပြတင်းမှ ခေါင်းထွက်ပြီး

"အလုပ်ရုံမှာ အားကစားပြိုင်ပွဲလုပ်ပေးနေလို့ နည်းနည်းနောက်ကျသွားတယ်ဘိုးဘိုး"

ဦးမေအောင် ဘာမှမပြောနိုင်ဘဲ အာစေးမိသွားသူလိုဖြစ်သွားသည်။

ကျော်ဘိုဘိုက အေးအေးဆေးဆေးပင်။ ကားကိုဂိုထောင်ထဲမောင်းသွင်းသည်။ ပြီးတော့ ဂိုထောင်တံခါးကို သော့ ပိတ်လိုက်သည်။

အိမ်ပေါ်သာတစ်ယောက်ထဲ ငေါင်စင်းစင်းနှင့် ပြန်တက်လာရသည်။ ဦးမေအောင်မကျေနပ်။

ကျော်ဘိုဘိုကမူ ဘာမှမဖြစ်သလိုပင်။ သူ့အခန်းထဲသူ တန်းဝင်သွားသည်။

"အင်း သူနည်းနည်းပါးပါး သောက်လာလို့ဖြစ်မယ်"ဟုတွေးပြီး ဦးမေအောင် စိတ်ဖြေလိုက်ရသည်။

(၃)

ကျော်ဘိုဘိုက နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေပုံရသည်။ သူ့ဘက်အခန်းဆီမှ တုတ်တုတ်မျှ လှုပ်သံမကြားရ။ ညဉ့်ကအပြန် ညဉ့်နက်၍ အတိုးချအိပ်နေမည့်ပုံပေါ်သည်။ ဘာပဲဖြစ်ဖြစ် ညကညဉ့်နက်ခံပြီး စောင့်ဆိုင်းလိုက်ရသည့်အတွက် ဦးမေအောင်စိတ်ထဲ နည်းနည်းတော့တင်းနေသေးသည်။

ထို့ကြောင့်လည်း သူတံခါးကို ဆောင့်ပိတ်မိသည်။

အိမ်အပြင်ကိုထွက်လိုက်သည်နှင့် ဆောင်းလေအေးအေး၏ တိုးဝှေ့လိုက်ခြင်းကို သိသိသာသာခံစားလိုက်ရသည်။ ပတ်ဝန်းကျင်ကား ငြိမ်သက်တိတ်ဆိတ်နေဆဲဖြစ်သည်။

ယခင်က သူအပြင်ထွက်လိုက်တိုင်း အရိပ်လိုပါနေကျ၊ လူရုံ၊ လက်ရုံးတပည့် ထွန်းမောင်ကို အမှတ်မထင် သတိ ရလိုက်သည်။ သူပါလျှင် အစစအရာရာ လုံခြုံသည်၊ စိတ်ချရသည်။ မိမိလုံခြုံရေးအတွက် အနီးကပ်အကာအကွယ် ပေး တတ်သလို၊ ဝတ်ကြီးဝတ်ငယ်လည်း ပြုစုတတ်သည်။ ဖင်ပေါ့ပြီး အလိုက်လည်းသိသည်။ အရိပ်သုံးပါး လည်းနားလည်ပြီး မိမိအပေါ်လည်း သစ္စာရှိသဖြင့် အားကိုးရသည်။ ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင်။ တစ်ကယ့်လူယုံလူရင်းတစ်ယောက်။

တစ်ခါတော့ ကိစ္စတစ်ခုဖြင့် စိတ်မကောင်းစရာဖြစ်ခဲ့ရသည်။ စားပွဲပေါ် တင်ထားသော ငွေတစ်သိန်းထုပ် ရှာမတွေ့၍ မေးမိခြင်းဖြစ်သည်။ အိမ်ဖော် လင်မယားကိုမေးတော့ "ထွန်းမောင်တော့ စောစောက ဝင်သွားတာတွေ့တာပဲ"ဟု ပြောသည်။ အစစအရာရာ ယုံကြည်စိတ်ချထားသူတစ်ယောက်က ခုလိုလုပ်သွားခြင်း အတွက် ဦးမေအောင် ဒေါသဖြစ်သည်။ ပေါက် ကွဲသည်။ ခွင့်သုံးရက်ယူပြီးမှ ပြန်အလာ ထွန်းမောင်ကို စိတ်လွတ်ကိုယ်လွတ် စွပ်စွဲပြောဆိုမိလိုက်သည်။ ဒေါသဖြစ်ဖြစ်နှင့် "မင်းမျက်နှာမမြင်ချင်ဘူး"ဟူသော စကားကိုပင် သုံးမိလိုက်သည်။

ထိုစဉ်ကတည်းက သူတို့ထွက်သွားကြသည်မှာ ဘယ်ရောက်နေမှန်းပင် မသိတော့။ အဆက်အသွယ်လည်းမလုပ်။ "အင်း အဲဒီတုန်းက ငါ့အမှားလေ။ ငါဘာသာ ငါ အထားမှားပြီး ပျောက်တာလို့ထင်မိတာ"

ဤငွေလေးအတွက်နှင့် တစ်ဖက်သား၏ ကိုယ်ကျင့်တရားကို ပြစ်မှားစော်ကားခဲ့မိသည့်အတွက် တနံ့နံ့တွေးရင်း နောင်တဖြစ်ခဲ့ရသည်မှာ အကြိမ်ကြိမ်။

ခုလည်းထိုအတွေးဖြင့်ပင် ဦးမေအောင် လေးဖင့်တုန့်ဆိုင်းသွားသည်။

(၄)

လမ်းဘေးဓာတ်မီးတိုင်များမှ အလင်းရောင်တွေက သူတို့လမ်းဖြတ်ကလေးကို အလှဆင်နေသည်။ ဆောင်းနှင်း ဖြူပါးပါးသည် တအိအိပြုကျလာနေသည်။ လမ်းတစ်လျှောက် အချို့အိမ်တွေက နှိုးနေပြီ။ မီးတွေလင်းနေသည်။ ရုပ်ကွက်ဖြတ်လမ်းမကြီးပေါ်မှာတော့ မော်တော်ဆိုင်ကယ်တစ်စီး ဝေါကနဲမောင်းသွားသည်။

"စောစောအိပ်လို့၊ စောစောထလို့၊ စောစောလမ်းလျှောက်ကြပါစို့၊

ကိုယ်ခန္ဓာသန်စွမ်းစေဖို့၊ စိတ်နှလုံးရွှင်လန်းစေဖို့၊ သူငယ်ချင်းအပေါင်းတို့၊ ပျော်ဖို့ရွှင်ဖို့ ကျန်းမာစေဖို့"

ဒီဇင်ဘာလူထု အားကစားလရောက်တိုင်း ကြားနေကျ၊ လှုံ့ဆော်ရေးတေးသီချင်းသံလေးဖြစ်သည်။ ဆောင်းအေး အေးတွင် အိပ်ရာထဲကွေးနေသူတိုင်းကို နှိုးထဖို့ဖြစ်အောင် အစွမ်းထက်သည့်သီချင်း၊ လှုံ့ဆော်ရေးကားလေးသည် တစ်မြို့ လုံးပတ်ပြီး မောင်းနေပုံရသည်။ လှုံ့ဆော်ရေးတေးသံသည် နီးလာလိုက်ဝေးသွားလိုက်နှင့် ဖြစ်နေသည်။

နှစ်စဉ် ဒီဇင်ဘာလကို ပြည်သူ့အားကစားလအဖြစ် သတ်မှတ်ပြီး ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ဆင်နွှဲသည့် လူထုလမ်းလျှောက်ပွဲများ၊ ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ပွဲများ ကျင်းပခဲ့သည်မှာ ကြာပြီ။ ဦးမေအောင်မှတ်သား မိသလောက် ၁၉၆၄ခုနှစ်ကတည်းကဖြစ်သည်။

"တိုင်းပြည်အားကစား၊ ပြည်သူ့အားကစား"

"စုပေါင်းလှုပ်ရှား ပြည်သူ့အားကစား"

"အားကစားလဒီဇင်ဘာ၊ စုပေါင်းလမ်းလျှောက်ပါ"ဟူသော ဆိုင်းဘုတ်တွေကို လမ်းတိုင်းလမ်းတိုင်းမှာ စိုက်ထူပြီး လှုံ့ဆော်ခဲ့ကြသည်ကိုလည်း ဦးမေအောင် မြင်ယောင်သည်။

နိုင်ငံတိုင်း၊ လူမျိုးတိုင်း၊ သူတို့နိုင်ငံ၊ သူတို့လူမျိုး တည်တံ့ရေးအတွက် လူတိုင်း ကျန်းမာကြံ့ခိုင်ရေးကို အလေးထားဆောင်ရွက်ကြကြောင်း ဦးမေအောင် သတိပြုမိခဲ့သည်။

ချက်ကိုစလိုဗေးကီးယားနိုင်ငံတွင် ဆိုးကိုးခေါ် လူထုစုပေါင်းကျန်းမာရေးလေ့ကျင့်ပွဲများ ကျင်းပကြသည်။ ယူရို ဆလားဗီးယားနိုင်ငံတွင် ဘုရင်ကိုယ်တိုင်က ကိုယ်လက်ကျန်းမာရေး မလုပ်သူများကို တရားဥပဒေအရ အရေးယူသည်အထိ ကျန်းမာရေးလုပ်ငန်းကို အလေးထားဆောင်ရွက်ခဲ့သည်။ အမေရိကန်၊ အင်္ဂလန်စသော နိုင်ငံများတွင်လည်း ရာနှင့်ချီသည့် ခရီးရှည် လူထုလမ်းလျှောက်ပွဲများ၊ လမ်းလျှောက်ပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများကို ကျန်းမာရေးဆိုင်ရာ အသင်းအဖွဲ့များ ကဦးဆောင်ပြီး ကျင်းပခဲ့ကြသည်။

ဤသဘောကို မြန်မာနိုင်ငံမှ ခေါင်းဆောင်များ၊ အကြီးအကဲများကလည်း မျက်ခြေမပြတ်ရှိခဲ့သည်။ မိမိတို့နိုင်ငံသည် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်နှင့်အညီ မိမိလူမျိုး တည်တံ့ရေးအတွက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင် ဖို့လိုကြောင်း လက်ခံသဘောပေါက်ကြသည်။ ထို့ကြောင့်လည်း "လူတစ်စု အားကစားမှ လူထုအားကစားသို့"ဟူသော ဆောင်ပုဒ်ဖြင့် ဒီဇင်ဘာလကို ပြည်သူ့အားကစားလအဖြစ် သတ်မှတ်ပြီး၊ နှစ်စဉ်နှစ်တိုင်း ကိုယ်လက်လှုပ်ရှား အားကစား ပွဲများ၊ လမ်းလျှောက်ပွဲများ၊ တစ်တိုင်းတစ်ပြည်လုံး ခြိမ့်ခြိမ့်သဲ ဆင်နွှဲလာခဲ့ကြသည်မှာ တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံး အသိ၊ အဲသလို ဆင်နွှဲလာ၍လည်း အားကစားအပေါ် လူတိုင်း စိတ်ဝင်စားလာ၊ ထိုကမှတစ်ဆင့် ထူးချွန်သည့် အားကစားသမားတွေ ထူးထူးခြားခြား ထွက်ပေါ်လာခြင်း မဟုတ်ပါလား။ ၂၇ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှ ရလာဒ်ကိုပင် သက်သေထူ၍ပြနိုင်သည်။ အဲ့ဩဖွယ်ကောင်းလောက်အောင် မြန်မာအားကစားသမားတွေက ရွှေ၊ငွေ၊ကြေး တံဆိပ်တွေ များစွာ ယူပေးနိုင်ခဲ့သည်။ အရှေ့တောင်အာရှအဖွဲ့ဝင်(၁၁)နိုင်ငံ ရှိသည့်အနက် နိုင်ငံအလိုက်၊ ဒုတိယနေရာရအောင် မြန်မာတို့အောင်ပွဲခံနိုင်ခဲ့သည်။ ဤအားကစားပွဲကြီး ပြီးသွားသည့်နောက်ပိုင်း မြန်မာတစ်မျိုးသားလုံး အားကစား အပေါ်ပို၍ စိတ်ဝင်စားလာကြသည်။ ထို့ကြောင့်လည်း စုပေါင်းအားကစား လှုပ်ရှားမှုများ ပို၍ပို၍တိုးတက်များပြားလာသည် ဟု ဦးမေအောင် အားရကျေနပ်နေမိသည်။

(၅)

ဦးမေအောင် လျှောက်နေကျ၊ ရန်ကုန်-မန္တလေးလမ်းမကြီးပေါ် ရောက်တော့ လမ်းပေါ်မှာ လူတွေအတော်ရောက် နေကြပြီဖြစ်သည်။ အချို့လည်း ၃-၄ယောက်တစ်တွဲ၊ အချို့လည်း နှစ်ယောက်တွဲ အဖော်မပါ တစ်ကိုယ်တော်သမားလည်း ပါသည်။ လူကြီး၊လူငယ်လူရွယ်၊ ယောကျ်ားမိန်းမအစုံဖြစ်သည်။ မီးရထားတွဲရှည်ကြီး ရွေ့နေသလိုမျိုး ရှိသည်။ လမ်းမတန်းရှိ အိမ်တွေကလည်း တံခါးတွေဖွင့်ဖွင့်ပြီး လူတွေကို အံထုတ်ပေးနေဆဲဖြစ်သည်။ သူတို့တစ်တွေက စုပေါင်းကိုယ်လက်လှုပ် ရှားအားကစားပွဲ ကျင်းပမည့် မြို့စွန်ဘောလုံးကွင်း စုရပ်ဆီ သွားကြမည်ဖြစ်သည်။

များပြားလှပြီး တက်တက်ကြွကြွရှိနေသည့် လူတန်းကြီးကိုကြည့်ပြီး ဦးမေအောင် အားရနေသည်။ ဘောလုံးကွင်း ထဲမှာလည်း လူတွေ ရောက်နေကြပြီဖြစ်သည်။ သတ်မှတ်ချိန်ရောက်သည်နှင့် စုပေါင်းလမ်းလျှောက်ကြမည်။ ပြီးတော့ စုရပ်ကွင်းထဲ ပြန်ဝင်ပြီး စုပေါင်းကိုယ်လက်လှုပ်ရှား အားကစားပွဲများ ကျင်းပကြမည်ဖြစ်သည်။

စုပေါင်းလမ်းလျှောက်ပွဲထဲမပါဘဲ၊ မိမိတို့ဖာသာ သီးသန့် ပုံမှန်လမ်းလျှောက် နေကြသူများလည်းရှိသည်။ စုပေါင်း လမ်းလျှောက်သည့် လူတန်းရှည်ကြီးလာသည့်အခါ သူတို့က လမ်းဘေးဆင်းပြီး ဖယ်ပေးကြသည်။ ထိုအထဲ ဦးမေအောင် နှင့် နေ့စဉ်နံနက်တိုင်း ဆုံနေကျ ကိုယ်ဝန်ဆောင် ဇနီးမောင်နှံစုံတွဲလည်းပါသည်။ သူတို့က ကျန်းမာရေးအတွက် သက်သက် လမ်းလျှောက်သူများ ဖြစ်သည်။ ဝေးဝေးလည်းမသွား။ မင်းလမ်းမပေါ်မှာသာ ခေါက်တုန့်ခေါက်ပြန် လျှောက်နေတတ်သူများ ဖြစ်သည်။

ကိုယ်ဝန်ဆောင်များ လမ်းလျှောက်သင့်ကြောင်း၊ ဆရာဝန်များက ညွှန်ကြားသည်ကို မကြာခဏကြားဖူးနေသည်။ ကလေးမွေးဖွားရလွယ်ကူကြောင်းလည်း ပြောကြသည်။ ထိုအကြံပေးချက်၊ ညွှန်ကြားချက်အတိုင်း ကိုယ်ဝန်ဆောင်ဇနီးမောင် နှံတို့ လမ်းလျှောက်နေကြခြင်းဟု ဦးမေအောင်နားလည်သည်။

မနက်တိုင်း တွေ့ဆုံနေကြ မိသားတစ်စုလည်း ရှိသေးသည်။ လေဖြတ်ထား၍ ခြေတစ်ဖက်ကောင်းစွာ မသန်သော ဖခင်အိုကြီးကို သားတွေသမီးတွေက ဖေးဖေးမမတွဲခေါ်ပြီး လမ်းလျှောက်လှေ့ကျင့်ခန်း လုပ်ပေးနေသည့် မိသားစုဖြစ်သည်။

"တစ်လထက်တစ်လ ပိုပိုပြီး တိုးတက်လာပါတယ် အဖေရ၊ အရင်ကခုလိုမှ မလျှောက်နိုင်တာ" သမီးတစ်ယောက် ၏ ယုယုယယအားပေးသံဖြစ်သည်။

"မနက်စောစော လေကောင်းလေသန့်ကို ရှူရလို့လားမသိဘူး။ ကျန်းမာရေးလည်း အရမ်းကောင်းလာတယ်" သားတစ်ယောက်က သူတို့ဖအေ၏မျက်နှာကိုကြည့်ပြီး

အားပေးစကားပြောလိုက်သည်။ ဖအေအိုကြီးက မပီကလာပီကလာ ပြောပြီး သဘောကျရယ်နေသည်။

(၆)

ဦးမေအောင် အိမ်ပြန်ရောက်တော့ ကျော်ဘိုဘိုက သူ့ကားလေးနှင့် အလုပ်ရှုပ်နေသည်။ သူ့ကိုမြင်လိုက်သည်နှင့် ဦးမေအောင် မျက်နှာလည်း အနည်းငယ် တင်းသလိုဖြစ်သွားသည်။ ပြဿနာ အကြိတ်အခဲရှိလျှင် ချက်ချင်းရှင်းလိုက်ရမှ ကျေနပ်တတ်သည့်ဥာဉ်အတိုင်း ဦးမေအောင် အိမ်ထဲတန်းမဝင်သေးဘဲ အိမ်ရှေ့ ပန်းခြံထဲက ထိုင်ခုံမှာဝင်ထိုင်လိုက်ပြီး ကျော်ဘိုဘိုကို လှမ်းခေါ်လိုက်သည်။

ကျော်ဘိုဘိုက ဘာမှမဖြစ်သလို ဦးမေအောင်ရှေ့ ခုံတစ်ခုတွင် ဝင်ထိုင်သည်။

"ငါ့မြေး၊ ခုတလော ခြေနည်းနည်းများနေသလိုပဲ"

မကျေနပ်စိတ်ကို အတတ်နိုင်ဆုံးချုပ်တီးပြီး ဦးမေအောင် စကားစလိုက်သည်။

"သားဝန်ခံပါတယ်ဘိုးဘိုး။ သားခြေနည်းနည်းများနေပါတယ်။ အလွတ်မဲ့များ တာတော့ မဟုတ်ပါဘူးဘိုးဘိုး။ တာဝန်ခံထားတာလေးတွေ မပြတ်သေးလို့ပါ"

ကျော်ဘိုဘိုက ချိန်ချိန်ဆဆလေး ပြောလိုက်သည်။

"ခလေးမလေးတစ်ယောက်နဲ့ တစ်ပူးတွဲတွဲ လုပ်နေတယ်ဆို"

ဦးမေအောင်က တဲ့တိုးပင်မေးလိုက်သည်။ မေးရင်းလည်း မြေးဖြစ်သူ၏ မျက်နှာရိပ်ကို ဖတ်ကြည့်နေသည်။ ကျော် ဘိုဘိုက အမူအယာမပျက်။ ပုံမှန်အတိုင်း တစ်ကယ့်ပီဘိကလေးတစ်ယောက်လို -

"ဘိုးဘိုးမေးတဲ့အတိုင်း မှန်ပါတယ်ဘိုးဘိုး။ ဘိုးဘိုးထင်သလိုမျိုးတော့ မဟုတ်ပါဘူး။ စိတ်ချပါဘိုးဘိုး၊ သားဘိုးဘိုး ရဲ့ယုံကြည်မှုနဲ့ မျှော်လင့်ချက်ကို ပျက်ပြားအောင်မလုပ်ပါဘူး။ သားအခု တာဝန်ယူ တာဝန်ခံထားတဲ့ကိစ္စကိုလည်း သားဘက်က အဆင်သင့်ဖြစ်ရင် ဘိုးဘိုးကို သားအသိပေးမှာပါ"

"ဟော မြေးအဘိုးနှစ်ယောက် အလုပ်အကြောင်း ဆွေးနွေးနေကြတာထင်တယ်။ အနှောင့်အယှက်ပေးသလိုများ ဖြစ်နေမလားဘဲ"

ရပ်ကွက်အုပ်ချုပ်ရေးမှူးကြီးနှင့်အဖွဲ့ဖြစ်သည်။ သူတို့လည်း လမ်းလျှောက်ရာမှ ပြန်လာပြီး ဦးမေအောင်ဆီ ဝင်လာကြခြင်းဖြစ်သည်။

"သားကော်ဖီပူပူလေး ဖျော်ခဲ့ပေးမယ်ဘိုးဘိုး"

ပြောပြီး ကျော်ဘိုဘိုက ရှောင်ထွက်ပေးလိုက်သည်။

(၇)

"ဘယ်ညာ ဘယ်ညာ"

မူလတန်း ကျောင်းသူ/ကျောင်းသားလေးတွေ အုပ်စုဖြစ်သည်။ အားကစား ဝတ်စုံနှင့် မိန်းကလေးတစ်ယောက်က ဘေးမှ ကပ်လိုက်လာသည်။ ကလေးတွေ၏ ဆရာမဖြစ်မည်။ သူတို့အဖွဲ့က ပုံမှန်မနက်ခင်းတိုင်း တွေ့ရသည့် အဖွဲ့ဖြစ် သည်။ စုစုပေါင်း အယောက်ငါးဆယ်ကျော်လောက်ရှိမည်။ ဖွဖွပြေးသည့်အခါပြေး၊ မြန်မြန်လျှောက်သည့်အခါလျှောက်၊ ညီညီညာညာလေးလည်းရှိသည်။ ဘယ်အချိန် ကတည်းက စထွက်မှန်းမသိ။ သူတို့နှင့်ဦးမေအောင်ဆုံလိုက်တိုင်း မျက်နှာချင်းဆိုင် ဆုံရသည်သာများသည်။

ယခုလည်း ဦးမေအောင်တို့ အဘိုးကြီးတွေအဖွဲ့က မြို့ပြင်ထွက်စသာရှိသေးသည်။ သူတို့လေးတွေက မြို့ပြင်ဘက် ဆီမှ ပြန်လာနေကြပြီ။

မြူတွေက ပို၍ကျလာနေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး မြူတွေပိတ်ဖုံးနေသည်။ ဝါးနှစ်ရိုက်သုံးရိုက်ထက် ပို၍မမြင် ရတော့။ ယာဉ်အသွားအလာမရှိ၍ သူတို့ကလေး အုပ်စုသည် လမ်းမအလယ်မှ ရွှရွှပြေးလာနေကြသည်။ ဦးမေအောင်တို့ အဘိုးကြီးတွေ အဖွဲ့က အလိုက်သင့်စွာပင် ဘေးဖယ်ပြီးရှောင်ပေးလိုက်ကြသည်။ သူတို့နှင့် ထက်ကြပ်မကွာ လိုက်ပါနေသော ဆရာမလေး၏ "ဘယ်ညာ ဘယ်ညာ" အချက်ပေး မှတ်သံ နှင့်အတူ သူတို့လေးတွေ၏ ခြေသံလေးတွေ တဖြည်းဖြည်း ဝေးသွားသည်။

ဟိုရှေ့မှာတော့ လမ်းလျှောက်အဖွဲ့တစ်ဖွဲ့ရှိနေသည်။ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း ပြုလုပ်နေကြသည်။ အခါတိုင်း ဆုံတွေ့နေကျ အဘိုးကြီးအုပ်စုပင်ဖြစ်သည်။ သူတို့ထဲမှာ ရှေ့နေတွေ၊ ဆရာဝန်တွေ၊ တရားသူကြီးအငြိမ်းစား တွေ၊ ဌာနဆိုင်ရာ အငြိမ်းစားကြီးတွေသာမက မြို့ပေါ်က အထင်ကရ လုပ်ငန်းရှင်တွေလည်း ပါသည်။ သူတို့ကလည်း တစ်နှစ်ပတ်လုံး ပုံမှန် လမ်းလျှောက်သူတွေဖြစ်သည်။ နွေနွေမိုးမိုး

လျှောက်နေကြသည့်အဖွဲ့ဖြစ်သည်။ သူတို့အဖွဲ့က လူအင်အားလျော့မသွားသည့်အပြင် တိုး၍တိုး၍ လာနေပုံရသည်။

သူတို့အဖွဲ့တွင် ပျော်စေပျက်စေ လူတွေလည်းပါသည်။ လမ်းလျှောက်ရင်း ရယ်စရာ၊ မောစရာတွေ ပြောတတ် သည်။ သူတို့အဖွဲ့နှင့်ဆုံတိုင်း ရယ်မောသံတွေ ဝေစည်နေတတ်သည်။

ယခုပင်ကြည့် ဘာကိုပွဲကျသည်မသိ။ ဝေါကနဲရယ်သံတွေ ထွက်ပေါ်လာသည်။

"ကဲ ကဲ ပြန်လှည့်ကြစို့၊ မှန်ကမ္ဘာကြီးက ကြွေးကြော်သံ စပေးပါ"

ရဲမှူးကြီးအငြိမ်းစားက သူ့အသံဝါကြီးနှင့် သတိပေးလိုက်သည်။ မှန်ကမ္ဘာဦးကျော်ဒင်က လူငယ်လေးတစ်ယောက် လို လက်တစ်ဖက်ကိုမြှောက်ကာ မြှောက်ကာဖြင့် ကြွေးကြော်လိုက်သည်။

"နိုင်ငံကုန်ထုတ်လုပ်ရေးအတွက် လမ်းလျှောက်ပါ"

"မိသားစုကျန်းမာပျော်ရွှင်ရေးအတွက် လမ်းလျှောက်ပါ"

"တစ်ကိုယ်ရေကျန်းမာရေး၊ ရောဂါတိုက်ဖျက်ရေးအတွက် လမ်းလျှောက်ပါ"

"စုပေါင်းလှုပ်ရှားအားကစားဖြင့် သင့်မိသားစု ကျန်းမာကြံ့ခိုင်အောင် တည်ဆောက်ပါ"

အားလုံးက လက်ခုပ်လက်ဝါးတီး ဩဘာပေးပြီး စထွက်သွားကြသည်။

(၈)

ခါတိုင်းတွေထက် ယနေ့ မြူတွေက ပိုကျနေသည်ဟုထင်ရသည်။ ဒီဇင်ဘာဆောင်းသည်လည်း ယခုမှ ပီပြင်သလို ရှိသည်။ လမ်းလျှောက်သူတိုင်း ခေါင်းစွပ်တွေ၊ အနွေးထည်ထူထူထဲထဲတွေနှင့်ချည်း တွေ့ရသည်။

အေးလွန်း၍ဖြစ်မည်။ လမ်းမနှင့်ကပ်လျက် မလှမ်းမကမ်းမှာ ရှိနေသော မူလတန်းကျောင်းကလေးသည် မြူနှင်း များအောက်တွင် ငြိမ်ပြီးဝပ်နေသည်။

ကျောင်းရှေ့ တလင်းပြင်ထဲမှာတော့ ကျောင်းသူ/ကျောင်းသားလေးများက စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလုပ်ရင်း တက်ကြွလှုပ်ရှားနေကြသည်။ စုပေါင်းကိုယ်လက်

ကြံ့ခိုင်ရေး လေ့ကျင့်ခန်း ပြုလုပ်ဖို့ အမှတ်စဉ်ခေါ်ပေးနေသည့်အသံက သူတို့ရှေ့ရှိ ကက်ဆက်တစ်လုံးဆီမှ ပီသကြည်မြစွာ ထွက်ပေါ်နေသည်။

"စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအစီအစဉ် အတွဲ-၁၊ အမှတ်-၁"

"သွေးပူလေ့ကျင့်ခန်းစ တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်"

အမှတ်စဉ်အတိုင်း ဆရာမလေးက ဦးဆောင်ပြီးလုပ်ပြသည်။ ကျောင်းသူ/ကျောင်းသား လေးများကလည်း ဆရာမလေး လှုပ်ရှားသလို လိုက်ပါလှုပ်ရှားနေကြသည်။ တက်ကြွညီညာသဖြင့် ဒီဇင်ဘာမနက်ခင်း၏ ကျက်သရေတစ်ခုဟုပင် တင်စားနိုင်သည်။

နှစ်စဉ် ဒီဇင်ဘာ အားကစားလရောက်တိုင်း ဤမြင်ကွင်းမျိုး မြင်ရတွေ့ရပေမယ့် ရိုးမသွား၊ သစ်ပြီးရင်းသစ်၊ ဆန်းပြီးရင်းဆန်းသည်ဟု ဦးမေအောင်ခံစားရသည်။ ဤအစီအစဉ်ဖော်ဆောင်ပေးသည့် လူကြီးများ၏ အမျှော်အမြင်ကြီးမှု ကိုလည်း ဦးမေအောင်စိတ်ထဲမှ ကြိတ်၍ ချီးကျူးနေမိသည်။

မည်သူမဆို ကိုယ်လက်လှုပ်ရှားမှုကို တစ်ဦးတည်း၊ တစ်ယောက်တည်း လေ့ကျင့်ပါက ကြောင်တောင်တောင် ဖြစ်နိုင်သည်။ တက်တက်ကြွကြွလည်းမရှိ။ ခြောက်ကပ်ကပ်ရှိသည်ဟုလည်း ခံစားရသည်။ အများနှင့်ဆိုတော့ အပြုံင်အ ဆိုင် စိတ်ကလေးလည်းပါသည်။ သူလုပ်နိုင်သလို ငါလည်းလုပ်နိုင်ရမည်ဟူသော မခံချင်စိတ်၊ ပို၍အားထုတ်လိုစိတ်လည်း ဖြစ်ပေါ်စေသည်။ အနည်းဆုံးငါလည်း သူတို့နှင့်တန်းတူ ရင်ဘောင်တန်း လုပ်နိုင်သည်ဟူသော မိမိကိုယ်မိမိ အားကိုးယုံကြည်စိတ် ကိန်းဝပ်စေနိုင်သည်။ ကလေးသူငယ်ဘဝကတည်းက ဤသို့စုပေါင်း လှုပ်ရှားမှု လေ့ကျင့်ခန်းများ လုပ်ပေးခြင်းဖြင့် အားကစားစိတ်ဓာတ်ကို ပျိုးထောင်ပေးရာလည်း ရောက်သည်။ ဒါကြောင့်လည်း ၁၉၇၈ခုနှစ် မေလ(၁)ရက်နေ့ကစပြီး ဤစုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေးအစီအစဉ်ကို ထုတ်လွှင့်ပေးခဲ့ရာ၊ ယခုတိုင်အောင် စဉ်ဆက်မပြတ် အသုံးဝင်တွင် ကျယ်ဆဲဖြစ်သည်ဟု ဦးမေအောင် သဘောပိုက်မိသည်။

"သွေးပူလေ့ကျင့်ခန်းစ တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်"

ကက်ဆက်သံနှင့်အတူ ညီညီညာညာ စုပေါင်းလေ့ကျင့်ခန်းလုပ်နေကြသော ကျောင်းသူ/ကျောင်းသားလေးများ၏ ပုံရိပ်သည် နောက်တွင် ဝေး၍ဝေး၍ ကျန်ခဲ့ပြီဖြစ်သည်။

(၉)

"ကျနော်တို့ လောကကြီးက တစ်ခါတစ်ခါ နားလည်ရတော်တော် ခက်တယ်ဗျ"

အဆက်အစပ်မရှိ၊ ဦးသန်းအောင်က ရုတ်တရက် ပြောလိုက်ခြင်းဖြစ်သည်။ ဦးသန်းအောင်နှင့်က လူဝင်မှုကြီးကြပ် ရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဘဝကတည်းက ရင်းနှီးသိကျွမ်းပြီး လမ်းအတူလျှောက်ဘက်ဖြစ်သဖြင့် စကားကို ပြောခဲဆိုခဲမှန်း ဦးမေအောင်သိထားသည်။ ယခုသူ့နှုတ်မှ ရုတ်တရက်ထွက်လာတော့ တစ်ခုခုပြောစရာရှိနေမှန်းလည်း သဘောပေါက်လိုက်သည်။ ထို့ကြောင့်လည်း အလိုက်သင့်ပင် ထောက်ပေးလိုက်သည်။

"ဘာတွေများ နားလည်ရ ခက်နေပြန်သလဲဗျာ"

"ခုနကျောင်းသားလေးတွေနဲ့ တက်ကြွနေတဲ့ဆရာမလေးလေဗျာ"

"သူ ဘာဖြစ်လို့လဲ"

ဦးမေအောင် စိတ်ဝင်စားသွားသည်။ လူချင်းမသိမကျွမ်း၊ မခင်မင်ပေမင့် ကျောင်းသူ/ကျောင်းသားလေးတွေကို ဦးဆောင်ပြီး လေ့ကျင့်ခန်းမှန်သည့် ဆရာမလေးအဖြစ် သိမှတ်ထားခဲ့သည်မဟုတ်လား။

"သူဘာဖြစ်လို့လဲ ဦးသန်းအောင်"

ဦးမေအောင် စိတ်လောပြီး ထပ်မေးမိသည်။

"ဖြစ်တာကဗျာ၊ သူဒီကျောင်းကို စရောက်ရောက်ခြင်း၊ စာသင်ရတာ အဆင်မပြေဘူးဗျာ။ ကလေးတွေက စာသင်ဖို့ သိပ်စိတ်မပါကြဘူးထင်ပါရဲ့ဗျာ။ မိဘတွေက အတင်းလွှတ်နေလို့သာ လာကြတာနေမှာပါ။ ဆရာမက ရှေ့က စာဘယ်လောက်သင်သင် သူတို့တွေ ဂရုမစိုက်၊ စိတ်မပါ လက်မပါ၊ လိုက်ဆိုပါဆိုလဲ လိုက်မဆို။ လိုက်ရေးဆိုလဲမရေး။ ငူတူတူငေါင်တောင်တောင်တွေ များများပေါ့။ စာမေးတော့လည်းမရ။ ဒီတော့ စာသင်ရတဲ့ ဆရာမလည်း စိတ်ညစ်မှာပေါ့"

"အဲဒါနဲ့ ဒေါသပေါက်ကွဲပြီး ရိုက်မိတယ်ဆိုပါတော့"

"အဲသလိုမဟုတ်ဘူးဗျာ။ မရိုက်ဘူး။ ဘာလုပ်လဲဆိုတော့ နောက်နေ့ကစပြီးတော့ မနက်တိုင်း လေးနာရီအရောက် သူ့အိမ်ကိုလာရမယ်လို့ ခိုင်းသတဲ့ဗျ။

အဲ့ဒီအချိန်ကြီးဆိုတော့ ကလေးတွေကို ဒီအတိုင်းလွှတ်ရမှာ စိတ်မချတာနဲ့ မိဘတွေက ကိုယ်တိုင် လိုက်ပို့ပေးရတယ်ဆိုတာပဲ။ ဘာအတွက် ခေါ်မှန်းအစကမသိတော့ ကျနပ်ကြမယ်တော့ မထင်ဘူးပေါ့ဗျာ။ ကလေးတွေ အရောက်စုံတော့ ဆရာမက ဘာလုပ်တယ်မှတ်သလဲ။ ဒီနေ့ကစပြီး ဆရာမနဲ့ မနက်တိုင်း လမ်းလျှောက် အဖော်လိုက်ရယ်ဆိုပြီး စည်းရုံးခေါ်သွားတာတဲ့ဗျာ။ နောက်နေ့တွေမှာလဲ နင်တို့ ပညာတတ်ကြီးတွေဖြစ်ချင်ရင်၊ နေ့တိုင်း လမ်းလျှောက်ရမယ်တဲ့၊ ဉာဏ်ကောင်းချင်ရင် မနက်တိုင်းလမ်းလျှောက်၊ စာတော်ချင်ရင် လမ်းများများလျှောက်ဆိုပြီး စည်းရုံးဆွဲဆောင်ရင်း ကလေးတွေ ပညာရေးမှာ စိတ်ပါလာအောင် လုပ်တယ်ဆိုပဲ”

“ဒါ အင်မတန်ကောင်းတဲ့ စိတ်ကူးလေဗျာ”

ဦးမေအောင် မှတ်ချက်ချသည်။

“ဟုတ်တယ်ဗျ။ ကောင်းတော့ အင်မတန်ကောင်းတဲ့စိတ်ကူးပဲ။ တစ်လပဲ မောင်းလိုက်ရတယ်။ ကလေးတွေမှာ တော်တော်တိုးတက်မှု ရှိလာသတဲ့ဗျ။ စာသင်လို့လဲ ကောင်းလာတယ်တဲ့။ လိုက်လဲဆို၊ မေးရင်လည်းဖြေ၊ အရင်ကလို ထုံထုံထိုင်းထိုင်းလေးတွေ မဟုတ်တော့ဘဲ သွက်သွက်လက်လက် ကလေးတွေဖြစ်လာတယ်တဲ့။ ဒါပေမယ့်ဗျာ ကောင်းတာ လုပ်တဲ့လူမှန်သမျှ မကောင်းမမြင်ခံရတာ ဓမ္မတာလိုဖြစ်သွားတာတော့ စိတ်မကောင်း စရာပေါ့။ ဘာဖြစ်တယ်မှတ်သလဲ။ အဲဒီဆရာမ အတိုင်ခံရတာပဲပေါ့ဗျာ”

“ဗျာ”

“ကျနော်တို့ အစိုးရဌာနဆိုင်ရာဆိုတာက မှားလို့ပဲဖြစ်ဖြစ်၊ မှန်လို့ပဲဖြစ်ဖြစ် တိုင်စာတက်လာရင်တော့ သွားရောက် စစ်ဆေးရတာပေါ့ဗျ။ သွားရောက်စစ်ဆေးရတဲ့သူက ကျနော့်တူတော်မောင် သူပြန်ပြောပြလို့ ကျနော်သိရတာ။ ဆရာမကတော့ တည်တည်ငြိမ်ငြိမ်ပဲတဲ့။ ကလေးတွေကိုခေါ်ပြီး လမ်းလျှောက်အဖော်ခေါ်တာ မှန်တယ်ဆိုတဲ့ အကြောင်း၊ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းကို ဟန်ပြမဟုတ်ဘဲ တစ်ကယ့်လေ့ကျင့်ခဲ့တဲ့ အကြောင်း ထွက်ဆို သတဲ့ဗျ။ သူမရောက်ခင်က ကလေးတွေရဲ့ ပညာရေးအခြေအနေ၊ သူရောက်ပြီးမှ လက်ရှိကာလ ပညာရေးအခြေ အနေတွေကိုလဲ ထွက်ဆိုအစစ်ခံတာတဲ့”

“သတ္တိရှိတယ်လို့ ပြောရမှာပေါ့”

“ဟုတ်တယ်ဗျ။ ဒါနဲ့ ကလေးတွေကို စစ်တော့လဲ ကလေးတွေက သူတို့ဆရာမခိုင်းလို့ လုပ်ရတယ်ဆိုတဲ့ အ ကြောင်း ပြောကြသတဲ့ဗျ။ ခိုင်းလို့ လုပ်ရင်းလုပ်ရင်း စိတ်ပါလာပြီး မလုပ်မနေနိုင်တော့တဲ့ အကြောင်းလဲ ပြောကြသတဲ့ဗျာ”

“အာဂကလေးတွေပဲ”

“မှန်တယ်ဗျာ။ အဲဒီမှာ ကလေးတွေရဲ့ ထူးခြားချက်က “ဗိသုကာသည် နေ့စဉ်နေ့တိုင်း စူး၊ ဆောက် လက်နက် များကို သွေးရဘိသကဲ့သို့၊ ပညာရှာမှီးသူသည်လည်း ကိုယ်ရည်စိတ်ရည်ကို သွေးအပ်၏ ကိုယ်ရည်စိတ်ကူးရည်တို့ကို ထက်မြက်စူးရှရန်၊ သွေးဖို့ဖြစ်ခဲ့သော် နံနက်စောစောထ လမ်းလျှောက်ခြင်းထက် ကောင်းမွန်သောကျောက် မည်သည် မရှိတန်ရာလို့ ရွတ်ပြကြသတဲ့ဗျာ”

“ဟာ အင်မတန်ကောင်းတဲ့ စကားပဲဗျ။ ဒါနဲ့ အဲဒီဆရာမ ဘာဖြစ်သွားလဲ”

“အင်း ရုပ်ရှင်စကားနဲ့ပြောရင် ဇာတ်သိမ်းအရမ်းလှတယ်လို့ ပြောရမယ်ဗျ။ နင်တို့ဆရာမ အရေးယူခံရတော့မယ်။ တစ်ခြားကျောင်းကို ပြောင်းပေးရမှာ။ အဲဒီအတွက် လာရောက်စစ်ဆေးတာလို့ တစ်ယောက်ယောက်က ပြောလိုက်ပုံ ရတယ်။ အဲဒီမှာ ကလေးတွေက သူတို့ဆရာမကို မပြောင်းခိုင်းပါနဲ့တဲ့၊ ငိုယိုပြီး ပြောကြတာကိုး။ သူတို့ဆရာမဆီကိုလည်း ပြေးဖက်ပြီး ငိုကြတယ်တဲ့။ ဆရာမကလဲငို၊ ကျောင်းသူ/ကျောင်းသားတွေကလဲ ငိုကြဆိုတော့ သွားရောက် စစ်ဆေးကြတဲ့ အဖွဲ့ဝင်တွေလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်ကုန်ကြတာ ပေါ့ဗျာ။ ကျနော်ကတော့ ယုံတယ်ဗျ။ အလှဖျက်သူတွေမှာ သူတို့အင်အားနဲ့ သူတို့ရှိသလို၊ အလှတရားဘက်မှာလည်း သူ့ဘက်တော်သားနဲ့သူဗျ။ သိမ်ငယ်စရာ မရှိဘူး။ ခုဆရာမကိစ္စကိုကြည့်။ ကျောင်းသူ/ကျောင်းသားတွေတင်မကဘူး။ ကျောင်းသားမိဘတွေကလည်း အပြေးအလွှား လာရောက်ကြပြီး သူတို့ဆရာမ ကို အရေးမယူဖို့၊ မပြောင်းပေးဖို့ တောင်းဆိုကြသတဲ့ဗျာ”

(၁၀)

“အန်ကယ် ကျနော့အကြောင်း ဘိုးဘိုးကို ဘာပြောထားတာရှိလဲ”

အလုပ်ရုံ ရုံးခန်းထဲရောက်ရောက်ခြင်း မန်နေဂျာဖြစ်သူ ဦးဆွေကို ကျော်ဘိုဘိုက မသိမသာ အကဲစမ်းမေးလိုက်သည်။ ဦးဆွေလည်း ရုတ်တရက်မို့ ဘာပြော၍ ပြောရမှန်းမသိဖြစ်သွားသည်။

"ဘာရယ်လို့ မဟုတ်ပါဘူးအန်ကယ်ရာ။ ခုတလော ဘိုးဘိုးစိတ်ကို ကျနော်ဖတ်ကြည့်တာ နည်းနည်းပြောင်း လဲနေသလားလို့"

"ဘယ်လိုထင်လို့လဲ ငါ့တူ"

"ကျနော့်ကို ယုံကြည်ပြီး လုပ်ငန်းတစ်ခုလုံးပုံအပ်ထားတာ မှားပြီလို့ အတွေး ဝင်နေသလားမသိဘူးဗျ"

"အဲသလိုတော့ ဟုတ်မယ်မထင်ပါဘူး ငါ့တူရယ်"

"ကျနော် အတွေးမှားတာ ဖြစ်ချင်လဲဖြစ်မှာပါအန်ကယ်။ ဘိုးဘိုး ကျနော့်အပေါ်ထားတဲ့ မျှော်လင့်ချက် မပျက်ပြား အောင် ကျနော်လုပ်မှာပါ။ အသေအချာ ကတိပေးရဲပါတယ်။ အခုအန်ကယ်အသိပါ။ ကျနော်က ကျနော်တို့ အလုပ်ရုံက အလုပ်သမားတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ စိတ်ပါလက်ပါ အလုပ်လုပ်နိုင်မယ့် ပတ်ဝန်းကျင်သစ်ကို ဖန်တီးကြည့် နေတာပါ။ ကျနော်တို့ အလုပ်ရုံနဲ့ မြို့ထဲနဲ့က ဘာမှဝေးတာမဟုတ်ဘူး။ အခြိန်မီ အလုပ်ဆင်းနိုင်ဖို့ဆိုပြီး အရင်က ကားနဲ့ ကြိုပေးတယ်။ အခုမကြိုပေးတော့ဘူး။ လမ်းလျှောက်ပြီး အလုပ်ဆင်းခိုင်းတယ်။ ကားနဲ့ကြိုပို့လို့ ကုန်ကျတဲ့စရိတ်ကို သူတို့ကို ခွဲဝေပေးလိုက်တယ်။ သူတို့လဲကျေနပ်တယ်။ ပျော်လဲပျော်ကြတယ်။ ပျော်ပွဲရွှင်ပွဲ လည်းဖြစ်စေ၊ ကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူဖြစ်စေဆိုတဲ့ ရည်ရွယ်ချက်နဲ့ အားကစားပြိုင်ပွဲတွေလည်း ကျနော် ကျင်းပပေးခဲ့တယ်။ ရလာဒ်က ဘာတွေ ရလဲဆိုတော့ လုပ်အားတွေ တက်လာတယ်။ ပျော်ပျော်ရွှင်ရွှင် စိတ်ပါလက်ပါ လုပ်ကြလို့လားမသိဘူး။ ကုန်ထုတ်လုပ်မှု စံချိန်ကလည်း တစ်နေ့ထက်တစ်နေ့ တိုးတိုးလာနေတယ်"

"အန်ကယ် ဝန်ခံပါတယ်ကွာ။ ဒီလိုမျိုးအန်ကယ် မတွေးမိတာတော့ အမှန်ပဲ။ အန်ကယ်တို့က ရှေးရိုးသမားတွေ ဆိုတော့ သမားရိုးကျအတွေးပဲတွေး၊ သမားရိုးကျအတွေးနဲ့ပဲ လုပ်ခဲ့ကြတာကွာ။ အခု ငါ့တူအနေနဲ့ အသက်ငယ်ပြီး အတွေ့အကြုံမရှိပေမယ့် လုပ်ငန်းကြီးတစ်ခုလုံးကို ကောင်းကောင်းပဲ့ကိုင်

နိုင်တာတွေ့ရတော့ အရမ်းလည်း အားရတယ်ကွာ၊ ဝမ်းလည်းသာတယ်။ အဲဒီအတိုင်း သူဌေးကိုလည်း ပြောထားပါတယ်”

“ဒီစကားကြားရတာ ဝမ်းသာပါတယ်အန်ကယ်။ ဒါနဲ့ခဏနေရင် ကျနော် အပြင်ထွက်ဖို့ရှိနေတယ်။ မနက်ဖြန်မှာ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနဲ့ အားကစားနဲ့ ကာယပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ဒီဇင်ဘာလ တတိယပတ် လူထုစုပေါင်း လမ်းလျှောက်ပွဲ ကျင်းပကြမယ်။ အဲဒီပွဲမှာ ကျနော်တို့ အလုပ်ရုံကလဲ အင်တိုက်အားတိုက် ပါဝင်ပူးပေါင်းမယ်။ အလုပ်သမား အားလုံးကို နှိုးဆော် ထားပေးပါ။ စက်ရုံယူနီဖောင်းနဲ့ စုပေါင်းလမ်းလျှောက်ပွဲနဲ့ စုပေါင်း ကိုယ်လက် ကြံ့ခိုင်ရေး လေ့ကျင့်ခန်းမှာ ပါဝင်ဆင်နွှဲကြမယ်ဗျာ”

(၁၁)

“စောစောအိပ်လို့၊ စောစောထလို့၊ စောစောလမ်းလျှောက်ကြပါစို့”

စုပေါင်းလမ်းလျှောက်ပွဲ လှုံ့ဆော်ရေးတေးသံက နီးလာလိုက်၊ ဝေးသွားလိုက် ကြားနေရသည်။

တစ်ညလုံး အိပ်ပုံမပေါ်။ ညဦးမှာကတည်းက တစ်လမ်းဝင်တစ်လမ်းထွက် လှုံ့ဆော်နေသည်မှာ နားသည်မရှိ။ သူတို့အသံကို တောင်ကကြားလိုက်၊ မြောက်ကကြားလိုက်၊ လှုံ့ဆော်ရေးကားဖြင့် တစ်မြို့လုံးနှံ့အောင် လှည့်ပတ်မောင်း ပြီး လှုံ့ဆော်သည်ဖြစ်မည်။

ဦးမေအောင်ပေးထားသော နှိုးစက်ကလည်း ကွက်တိပင် မနက်သုံးနာရီတိတိ ထမြည်သည်။ နိုးနိုးချင်းပင် ဦးမေအောင်လည်း သူနှင့်လမ်းလျှောက်ဖော် လမ်းလျှောက်ဖက်များဆီ လက်ကိုင်ဖုန်းဖြင့် အချက်ပေးလိုက်သည်။

တစ်ကယ်တော့ မနေ့ကတည်းက နှိုးဆော်ပြီးသား။ ခါတိုင်းလို ပုံမှန်လမ်းလျှောက်တာမျိုး မလုပ်ဘဲ မြို့နယ် အာဏာပိုင်အဖွဲ့အစည်းတွေက ဦးဆောင်ကျင်းပသည့်ပွဲမှာ ပူးပေါင်းကြမှာဖြစ်သည်။ ယနေ့ပွဲက တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူလူထုများ ပါဝင်သော လူထုအားကစားလှုပ်ရှားမှုကို ဆင်နွှဲကြမည့် ပွဲဖြစ်သည်။

ဦးမေအောင် ကောင်းကောင်းကြီး သဘောပေါက်ထားတာရှိသည်။

၂၇ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို မြန်မာနိုင်ငံ၌ ခမ်းနားသိုက်မြိုက်စွာ လက်ခံကျင်းပ ပေးခဲ့သည့်နောက်ပိုင်း ပြည်သူလူထုများပါဝင်သော လူထုအားကစားလှုပ်ရှားမှုများသည် ပို၍စည်ကားလာသည်။ ပြည်သူလူ ထုအားလုံးလည်း တက်ကြွလာကြသည်။ လှည်းနေလှေအောင်း မြင်းဇောင်းမကျန်ဟုပင် ပြောရမည်။ ယခင်က ရပ်ကွက် အလိုက်၊ လမ်းအလိုက်၊ ကွက်ကွက်ကလေး ဆင်နွှဲနေရာက ယခုမြို့နယ်အာဏာပိုင် အဖွဲ့အစည်းများ၏ ဦးဆောင်လှုပ်ရှား မှုအောက်တွင် မြို့နယ်လုံးဆိုင်ရာ စုပေါင်းလှုပ်ရှားမှုအသွင်ဖြင့် ပါဝင်ဆင်နွှဲလာကြခြင်းဖြစ်သည်။

ဤသို့ဖြစ်လာခြင်းမှာ ၂၇ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးက မီးမောင်းထိုးပြလိုက်ခြင်း၏ ရလာဒ်ဖြစ်သည်။ ထိုအားကစားပွဲ ဖွင့်ပွဲအခမ်းအနားမှာ မြန်မာလူမျိုးတို့၏အလှ၊ အက၊ သဘာဝအနုပညာတွေကို မီးဆလိုက် ရောင်စုံ၊ မီးရှူးမီးပန်းများဖြင့် ခမ်းနားစွာ ဖွင့်ပေးခဲ့ရာ မြန်မာတစ်မျိုးသားလုံး သာမက ကမ္ဘာကပင် အံ့သြချီးကျူးရသည် အထိဖြစ်ခဲ့သည်။ အလားတူ ပိတ်သိမ်းပွဲကိုလည်း ဖွင့်ပွဲ တုန်းကနှင့်မတူ တစ်မူဆန်းသစ်တီထွင်မှုများဖြင့် ကျင်းပခဲ့ရာ မြင်ရသူအားလုံး၏ စိတ်နှလုံးကို တစ်သက်လုံးမေ့မရအောင် သိမ်းကျုံးဆွဲဆောင်နိုင်ခဲ့သည်။

ဤပွဲမှာကတည်းက အားကစားအောင်မြင်မှုသည် နိုင်ငံတစ်ခု၏ဂုဏ်၊ လူမျိုးတစ်မျိုး၏ သိက္ခာဖြစ်ကြောင်း သိသွား ကြသည်။ အားကစားအောင်မြင်မှုသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေကြောင်းလည်း နားလည်သွား ကြသည်။ အားကစားတိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြ နေခြင်းဖြစ်သလို အားကစားမြှင့်တင် တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ကြောင်း လည်း သဘောပေါက် လာကြသည်။

ယခုပင်ကြည့် လူတွေလူတွေ၊ ကိုယ်လက်လှုပ်ရှား အားကစားပွဲအတွက် အားတက်သရောရှိလိုက်သည်မှာ အံ့အား သင့်စရာကောင်းသည်။ အိမ်တွေ၊အိမ်တွေက ထွက်လာလိုက်တဲ့လူတွေ ပုရွက်ဆိတ်အုံကို တုတ်နှင့်ထိုးဆွသလို မျိုးဖြစ်သည်။ အုံခဲနေသည်။ သတ်မှတ်ချိန်ထက်ပင် တစ်နာရီစောပြီး မြို့ကျက်သရေဆောင် အားကစားကွင်းကြီးသည် လူပင်လယ်ကြီး ဖြစ်သွားသည်။

အချက်ပေးခရာမှုတ်သည်နှင့် ရွှေ့လျားလိုက်သော လူအုပ်ကြီးမှာ ဧရာမမြစ်ရေစီးကြောင်းကြီးတစ်ခု ရွှေ့လျားစီး ဆင်းသွားသည်နှင့်ပင် တူနေတော့သည်။

သတ်မှတ်နေရာကိုရောက်အောင် လျှောက်ကြပြီး ပြန်လှည့်ကြမည်။ ပြီးတော့ အားကစားကွင်းထဲ စုပေါင်းကိုယ် လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ကြမည်။

လူပင်လယ်ကြီးကို ကြည့်ပြီး ဦးမေအောင် ပီတိအကြီးအကျယ် ဖြစ်လျက် ရှိနေသည်။

(၁၂)

"ဘိုးဘိုး ဒါက သားနဲ့ကျောင်းနေဖက်သူငယ်ချင်းပါ။ သူနာမည်က မဝေတဲ့။ မူလတန်းပြဆရာမပါ"

စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းလုပ်ပြီးအပြန် အိမ်ပေါ်ပင် မတက်ရသေး။ ကျော်ဘိုဘိုက ကားနှင့်ရောက်လာ ပြီး သူနှင့်အတူပါလာသည့် မိန်းကလေးနှင့် မိတ်ဆက်ပေးလိုက်ခြင်းဖြစ်သည်။

"သမီးက ဟိုမူလတန်းကျောင်းက ဆရာမ မဟုတ်လား"

"ဟုတ် ဟုတ်ပါတယ် ဘိုးဘိုးကြီး"

"မနက်တိုင်း ကျောင်းသူ/ကျောင်းသားလေးတွေနဲ့ လမ်းလျှောက်လေ့ကျင့်ခန်း လုပ်ရင်း နေ့တိုင်းဆုံမိသလိုပဲ"

"ဟုတ်ပါတယ် ဘိုးဘိုးကြီး"

"သူက သားစကားနဲ့တင်မပြီးဘူးပြောလို့ ဘိုးဘိုးဆီကပါ သဘောတူခွင့်ပြုချက် ယူချင်တယ်ဆိုလို့ သူ့ကို တစ်ပါတည်း ခေါ်လာခဲ့တာပါ"

"သားတို့ကိစ္စ၊ သားတို့ကိုယ်တိုင် ရွေးချယ်ခဲ့တာပဲမဟုတ်လား။ ဘိုးဘိုးက ဝင်စွက်ဖက်စရာ မရှိပါဘူး"

ကျော်ဘိုဘို ပျာယာခတ်သွားသည်။

"ဟာ ဘိုးဘိုးစကားက အဓိပ္ပါယ်တစ်မျိုးထွက်နေတယ် ဘိုးဘိုးရာ။ အဲသလို မဟုတ်ဘူး။ အခုဟာက တစ်ခြားကိစ္စ။ ဟာ မဖြစ်ပါဘူး။ ဘိုးဘိုးကိုပါ ခေါ်သွားမှဖြစ်မှာပါ။ ဘိုးဘိုး သားတို့နဲ့ ခဏလိုက်ခဲ့ပါ။ အဝတ်အစားမလဲပါနဲ့။ ဒီအတိုင်း လမ်းလျှောက်တဲ့ အဝတ်အစားနဲ့ပဲ လိုက်ခဲ့ပါ"

ပြောပြောဆွဲဆွဲ ဆိုသလိုပင် ကျော်ဘိုဘိုက ဦးမေအောင်ကို ကားခေါင်းထဲဆွဲခေါ်သွင်းယူလိုက်သည်။ ဆရာမ လေးလည်း အပြေးအလွှားပင် နောက်ခန်းတံခါးကို ဖွင့်ကာ ဝင်ထိုင်လိုက်သည်။

သူတို့ကားလေးသည် မူလတန်းကျောင်းရှေ့ လမ်းဘေးမှာ ရပ်လိုက်သည်။ ကျောင်းရှေ့ မြေတလင်းမှာ ကျောင်းသူ/ကျောင်းသားလေးတွေ ရုံးစု၊ ရုံးစု။ သူတို့ ကျောင်းတွင်း အားကစားပြိုင်ပွဲအတွက် စုရုံးနေကြခြင်းဖြစ်သည်။ ကျောင်း အုပ်ဆရာမကြီးနှင့် အခြားဆရာမနှစ်ဦးလည်း အလုပ်ရှုပ်နေကြသည်။ သူတို့ဆရာမ ကားပေါ်မှဆင်းလာသည်ကိုမြင်တော့ ကျောင်းသူ/ကျောင်းသားအချို့က ပြေးကြိုသည်။

"မဝေက သူတို့မူလတန်းကျောင်းက ကလေးတွေကို အားကစားပြိုင်ပွဲ လုပ်ပေးချင်တယ်လို့ အကူအညီတောင်းတာ နဲ့ သားကူညီထားတယ်ဘိုးဘိုး။ ဧည့်သည်တွေရော၊ ကလေးတွေကို ကျွေးတာ၊မွေးတာကအစ၊ ပေးမယ့်ဆုတွေပါ အပါအဝင် ကုန်ကျသမျှ သားလှူထားပါတယ်။ အဲဒါဘိုးဘိုး ကိုယ်တိုင်ကိုယ်ကျမြင်ပြီး ဝမ်းသာပီတိဖြစ်ရအောင် ဘိုးဘိုးကို ခေါ်လာရတာပါ။ ခဏလောက်ဆင်းပြီး အားပေးပေးပါဘိုးဘိုး"

ကျော်ဘိုဘိုက တံခါးဖွင့်ပေးသည်။ ကျောင်းသူ/ကျောင်းသားလေးတွေကလည်း လက်အုပ်ချီပြီး ကြိုဆိုကြသည်။ အပြေးပြိုင်ပွဲအတွက်ဖြစ်မည်။ ကျောင်းရှေ့တလင်းပြင် အပြည့် ထုံးလိုင်းတွေ ရိုက်ထားသည်။ ဆရာမတွေရော ကျောင်းသူ/ကျောင်းသားတွေပါ အားလုံးအပျော်မျက်နှာတွေနှင့်ချည်း မြင်ရတော့ ဦးမေအောင်ပါ မနေနိုင်တော့။

"ဒါတွေအားလုံးကို ဘိုးဘိုးနာမည်နဲ့ပဲ သားကူညီတာပါဘိုးဘိုး၊ ဘိုးဘိုးနာမည်နဲ့ပဲ သားလှူပေးတာပါ"

"မြေးရယ် ငါ့မြေးကို အစစအရာရာ အားလုံးလွှဲထားပြီးသားပဲ။ အေးလေ ဘာပဲဖြစ်ဖြစ်၊ ဘိုးဘိုး သဘောတူတယ် ကွာ။ ဒီကဆရာမတို့လည်း လိုအပ်တာရှိရင်ပြော၊ ငါ့မြေးကလဲ ဒီကဆရာမတို့ကို လိုအပ်တာ ထပ်ဖြည့်စွက်ပေး။ ကြားလား အောင်မြင်အောင်လုပ်ကွာ။ ဘိုးဘိုး ကျေနပ်တယ်၊ အားရတယ်"

"ဝမ်းသာပါတယ် ဘိုးဘိုးကြီးရယ်၊ ကျေးဇူးလဲတင်ပါတယ်"

မဝေက လက်အုပ်လေးချီကာ ကန်တော့လိုက်သည်။

“ကဲ မဝေ၊ နေခဲ့တော့ လုပ်စရာရှိတာ ဆက်လုပ်ပါ။ ဘိုးဘိုးကို တစ်နေရာ ခေါ်သွားဦးမှာ မို့လို့ပါ”

ပြောပြောဆိုဆို ကျော်ဘိုဘိုက ဦးမေအောင်ကို တွဲခေါ်ပြီး ပြန်ထွက်လာခဲ့လိုက်သည်။ သူတို့ကားလေးသည် မြို့ဆင်ခြေဖုံးရပ်ကွက်ထဲ တစ်လမ်းဝင်တစ်လမ်းထွက် မောင်းရင်း သန့်ရှင်းသပ်ရပ်သော အိမ်ကလေးတစ်အိမ်ရှေ့ ရပ်လိုက် သည်။

“ဘယ်ကိုခေါ်လာတာလဲ မြေးရာ”

“မဝေရဲ့ မေမေနဲ့ တွေ့ရအောင်လို့ပါ”

ဦးမေအောင်က ပြုံးမိလိုက်သည်။ တစ်လက်စတည်း “ရွှေလမ်းငွေလမ်း ဖောက်ခိုင်းတော့မည်ထင်တယ်”ဟု တွေးပြီး “ဘာလဲမြေးရာ မိန်းမတောင်းခိုင်းမလို့လား”ဟု စလိုက်သည်။

“ဟာ မဟုတ်ပါဘူး ဘိုးဘိုးရာ၊ တွေ့ရုံလေးတွေ့လိုက်ပါ၊ ခဏလေးဆင်းပေးပါ”

မိန်းမကြီးတစ်ယောက်က အိမ်ပေါ်မှ အပြေးအလွှား ဆင်းလာသည်။

“ဘိုးဘိုး ဒီကဒေါ်ဒေါ်ကိုသိလား”

ကျော်ဘိုဘိုက မိန်းမကြီးနှင့် မိတ်ဆက်ပေးလျှင်ပေးချင်း -

“ဟင် မိမြ”

“သူဌေး”

မထင်မှတ်ဘဲ တွေ့လိုက်ကြရသဖြင့် ဦးမေအောင်ရော ဒေါ်မြပါ အံ့အားလည်းသင့်၊ ဝမ်းလည်းသာဖြစ်ကြသည်။ အတန်ကြာမှ -

“ငါ့အမှားပါကွယ်၊ ငါ့အမှားပါ။ တောင်းပန်ပါတယ်။ ငါမှားမှန်းသိသိချင်း နင်တို့ကို ရှာခိုင်းပါသေးတယ်။ ဘယ်လို မှ ရှာလို့မရတာနဲ့ ငါလက်လျှော့ခဲ့တာပါကွယ်”

“သူဌေးရဲ့ အမှားရယ်လို့လဲ ကိုယ့်ကိုယ်ကို အပြစ်တင်မနေပါနဲ့ သူဌေးရယ်။ တစ်ကယ်တော့ ထန်းသီးကြွေခိုက်၊ ကျိုးနင်းခိုက် ဆိုသလိုမျိုး ဖြစ်တယ်လို့ပဲ ကျမတို့ခံယူထားပါတယ်။ ဖြစ်ချင်တဲ့ ကံအကြောင်းပါမှတော့ ဖြစ်ရတော့ တာပေါ့ သူဌေးရယ်။ အဲဒီတုန်းကတော့ ကျမတို့လဲထူပူပြီး ရှက်လည်းရှက်တော့ တောမှာပဲ

ဇာတ်မြုပ်နေတော့မယ် ဆိုပြီး ထွက်သွားကြတာပါ။ ကျေးဇူးကန်းတာတော့ မဟုတ်ပါဘူး။ ကျမတို့ အဆက်အသွယ်လုပ်နေရင် သူဌေးမှာ အကုသိုလ်တွေ ထပ်ဖြစ်မှာ စိုးလို့ဆိုပြီး အဆက်အသွယ်မလုပ်ကြတာပါ။ ခုမှ သမီးက ကျောင်းဆရာမအလုပ်ရပြီး မြို့မှာတာဝန်ကျလို့ မြို့ပေါ်ပြန်တက်လာကြတာပါ။ ကိုထွန်းမောင်ကတော့ ငှက်ဖျားရောဂါနဲ့ ဆုံးသွားရှာပါပြီ သူဌေးရယ်”

“အိုကွယ် စိတ်မကောင်းလိုက်တာ။ ငါကငါ့တပည့်ကို လူချင်းတွေ့ပြီး တောင်းပန်ချင်နေတာဟာ”

ဦးမေအောင်က ပြောပြီး မျက်နှာလေးပင် အိုကျသွားသည်။

“ငါတောင်းပန်ပါတယ် မိမြရယ်။ ထွန်းမောင်ကြားအောင် ညည်းကိုပဲငါ တောင်းပန်ပါရစေကွယ်”

(၁၃)

ဒေါ်မြအိမ်မှ အပြန်တွင်တော့ ဦးမေအောင် စကားမပြောဘဲ လိုက်ပါလာသည်။

ကျော်ဘိုဘိုက ဦးမေအောင် အခြေအနေကို အကဲခတ်ပြီး စကားစရန် ပြင်လိုက်သည်။

“ဘိုးဘိုး”

“ပြောလေ ဘာပြောမလို့လဲ မြေးလေး”

“ဘိုးဘိုး အခု ကားစီးလာရင်း ဒီရပ်ကွက်ထဲက လမ်းတိုင်း လမ်းတိုင်းမှာလည်း အားကစားပြိုင်ပွဲလေးတွေ မြိုင်မြိုင်ဆိုင်ဆိုင် လုပ်နေကြတာ တွေ့ရတယ် မဟုတ်လား။ ဒီလို အားကစားပြိုင်ပွဲလေးတွေက မျိုးဆက်သစ် အားကစားသမား တွေကို မွေးထုတ်ပေးမှာဘိုးဘိုးရ။ အဲဒီမျိုးဆက်သစ် အားကစားသမားတွေနဲ့ ကျနော်တို့ အားကစားကို မြှင့်တင်ရမှာဆိုတော့ ကျနော်တို့ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် အားပေးရမယ်ဘိုးဘိုးရာ။ အဲဒီအတွက် ဘိုးဘိုးလဲ အာရုံပြုထားပေးပါ။ သားလဲ အားမွေးထားမယ်နော် ဘိုးဘိုး”

မောင်ယဉ်လှိုင်း (ပျဉ်းမမြို့)

ဤဝတ္ထုတိုသည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလ လှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲတွင် နှစ်သိမ့်ဆု - ၁ ရရှိသော မောင်ယဉ်လှိုင်း (ပျဉ်းမမြို့)၏ ဝတ္ထုတိုဖြစ်ပါသည်။

ဘဝသစ်တစ်ခု၏ နိဒါန်း

ရို့စ်

တို့မြန်မာဂုဏ်ဆောင် အားကစားသမားများသည် X အမိနိုင်ငံတော်ကို ကျေးဇူးဆပ်ရမည် X မျိုးဆက်သစ်တို့ အားမာန်ဝင့်ကာချီ

ရွှေတောင်မြို့ ဒီဇင်ဘာဆောင်းညသည်မြူနှင်းတဝေဝေ။ လျှပ်စစ်မီးရောင် တထိန်ထိန်ဖြင့်လှုပနေသည်။

အာရှမှာ မြန်မာကသာ အနိုင်ယူဗိုလ်စွဲပြမည် X မျိုးချစ်စိတ်နဲ့ ဇာတိမာန် မြန်မာ၏ အသံ ကမ္ဘာသိရန် အောင်လံတလူလူလွင့်လိုက်ပြီ X နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်ပါသည် X အားကစားရည်မှန်းချက်သည် မြန်မာ့အားကစားကမ္ဘာကိုလွှမ်းရမည်

“ ဘာကြီးလဲဟ”

“ခေတ်ဟောင်းတေးကြီး”

ရာစုသစ် လက်ဖက်ရည်ဆိုင်ထဲမှလူများ လမ်းပေါ်လှမ်းကြည့်ကြသည်။ ဒီဇင်ဘာဆောင်းည လေပြေထဲတွင် သီချင်းသံက တဝေဝေ။ တဝဲဝဲ။

ပြည်သူတစ်ရပ်လုံး အားပေးတဲ့ ချီးမြှောက်တဲ့ အားကစားမောင်မယ်များတို့သည်X နိုင်ငံတကာမှာ အစွမ်းပြလို့ ရခဲ့တဲ့ဆုလာဘ်တွေ ကြွားဝင့်ပြီX ပြည်သူတွေတီးတဲ့ လက်ခုပ်သံသည် X ပြည်ထောင်စုကြီး တုန်ဟီးသွားလိမ့်မည်

“ထီ ကားနဲ့တူတယ်”

“ ထီကားဆို နဂါးနီ သီချင်း ဖွင့်မှာပေါ့ကွ”

ပဟေဠိ အဖြေညှိရန် သီချင်းသံထွက်လာရာဘက် ဆိုင်ထဲမှလူများ လှမ်းကြည့်ကြသည်။ သီချင်းသံသာ ကြားရသည်။ ကားကိုမမြင်ရသေး။

“ချစ်ခင်လေးစားအပ်ပါသော ရွှေတောင်သူ၊ ရွှေတောင်သားများ ခင်ဗျား”

ရှမ်းတန်းလမ်းမှ ရောင်စုံမီးတလက်လက်ဖြင့် ကားတစ်စီးထွက်လာသည်။ ရာစုသစ်ထဲမှ လူများအကြည့် ကားဆီရောက်သွားသည်။

"၂၀၁၄ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ ပထမပတ်ကို ပါဝင်ဆင်နွှဲကြ ပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါတယ်ခင်ဗျား၊ စုရပ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး ဖြစ်ပါတယ်။ ရန်ကုန်-ပြည်လမ်းအတိုင်း ဒိုးနွယ်ကျေးရွာအထိ အသွားအပြန်လျှောက်မှာဖြစ်ပါတယ်။ ရွှေတောင်မြို့နယ် အားကစားကွင်းမှာ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ စုပေါင်းလေ့ကျင့်ကြမှာဖြစ်ပါတယ်ခင်ဗျား"

စောစောအိပ်လို့ X စောစောထလို့ X စောစောလမ်းလျှောက်ကြပါစို့ X ကိုယ်ခန္ဓာသန်စွမ်းစေဖို့ X စိတ်နှလုံးရွှင်ပြုံးစေဖို့ သူငယ်ချင်းအပေါင်းအသင်းတို့ X ပျော်ရွှင်ဖို့ X ကျန်းမာဖို့ စောစောအိပ်လို့ X စောစောထလို့ X စောစောလမ်းလျှောက်ကြပါစို့

ဆောင်းဦးလေပြေတွင် ဆောင်တော်ကူးပန်းရနံ့များနှင့်ရောစွက် သီချင်းသံလွှင့်မြူးနေသည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ လှုံ့ဆော်ရေးကားက ရောင်စုံမီးတလက်လက်ဖြင့်ဝါးလည်ရွာဘက် ထွက်သွားသည်။

"လမ်းလျှောက်ဖို့ လိုက်ခေါ်တာပဲ"

"အလကားကွာ"

ရာစုသစ်ထဲတွင် ဝေဖန်ရေးမုန်တိုင်းထန်သွားသည်။ မည်သူမျှလမ်းလျှောက်ဖို့ စိတ်မဝင်စား။ တီဗီဖန်သားပြင်ပေါ်တွင် ဂျက်ကီချန်းက တိုက်ပေါ်မှခုန်ချနေသည်။ နောက်မှ လူဆိုးများက သေနတ်များဖြင့် တဒိုင်းဒိုင်းဝိုင်းပစ်နေကြသည်။

"ဟေ့ကောင်"

"ထွဋ်ခေါင်"

ပရီမီယားကော်ဖီမစ်ထုပ်ဖောက်ရန် ပြင်နေသော ထွဋ်ခေါင်လက်တုန့်သွားသည်။ မျက်စိလည်ပြီး ရာစုသစ်ထဲ ဝင်လာသောဆောင်းလေက တသင်းသင်းမွှေးနေသည်။

"လာ ကျော်ဇော၊ ထိုင် ရွှေမူန်"

ထွဋ်ခေါင်ဘေးတွင် ကျော်ဇောကပ်ထိုင်သည်။ရွှေဝတ်မှုန်က ကျော်ဇောနှင့် ကပ်ရက်။ ထွဋ်ခေါင်နှင့် မျက်နှာချင်းဆိုင်တွင် နော်ရှီးလာ။ နော်ရှီးလာဘေးတွင် နန်းကြာဖြူ။

“တစ်ယောက်တည်းထိုင်ပြီး လွမ်းနေတာလား”

စားပွဲထိုးကို ကျော်ဇောလက်ပြလှမ်းခေါ်သည်။ ရွှေဝတ်မှုန်က ထွဋ်ခေါင်ကို ကြည့်နေသည်။

“မလွမ်းပါဘူး”

“တို့ ဝင်လာတာတောင် မသိဘူး၊ နင် စိတ်နဲ့လူ မကပ်ဘူးမို့လား”

“စဉ်းစားနေတာပါ ရွှေမှုန်ရဲ့”

“ ဘာစဉ်းစားနေတာလဲ”

“ ဘာ စဉ်းစားရမှာလဲ ရွှေမှုန်ရဲ့၊ ထွဋ်ခေါင် စဉ်းစားရင် မြဖူးငုံ အကြောင်းပဲပေါ့၊ တို့ရွှေတောင်မှာ ရာစုသစ်ထက် ကောင်းတဲ့ဆိုင်တွေ အများကြီးရှိတာ ဘယ်ဆိုင်မှမထိုင်ဘူး၊ ရာစုသစ်မှာပဲ အမြဲထိုင်တယ်၊ တစ်ယောက်တည်းလာလာ၊ ဧည့်သည်တွေနဲ့လာလာလက်ဖက်ရည်ဆို ရာစုသစ်ပဲခေါ်လာတယ်၊ ဧည့်သည်တွေက တခြားဆိုင်ခေါ်ရင်လည်း ရာစုသစ်ပဲ မရအရ အတင်းခေါ်လာတယ်၊ ရာစုသစ်က သူတို့နှစ်ယောက်ရဲ့ ဖူးစာလမ်းဆုံလေ”

“ရာစုသစ်က ထွဋ်ခေါင် နဲ့ မြဖူးငုံတို့ရဲ့ ဖူးစာလမ်းဆုံ”

“ဟုတ်တယ်၊ ထွဋ်ခေါင် ရွှေတောင်ကို ရောက်ရောက်ချင်း ကားပေါ်ကဆင်းတော့ ရာစုသစ်ထဲဝင်လာတယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ဘယ်မှာလဲ မေးမလို့ပေါ့ဟာ၊ အဲဒီမှာ ဆုံချင်တော့ မြဖူးငုံကလည်း သူ့အမေဖို့ လက်ဖက်ရည်နဲ့ ခေါက်ဆွဲဝယ်ပြီး ဆိုင်ကပြန်အထွက် နှစ်ယောက်သား ဝင်တိုက်မိကြတယ်၊ မြဖူးငုံ လက်ထဲက ပါဆယ်ထုပ်တွေ လွတ်ကျသွားတယ်၊ ဒီကောင်က အစားပြန်ဝယ်ပေးတယ်၊ ထွဋ်ခေါင်က စားပွဲထိုးကို မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမေးတော့ မြဖူးငုံကပဲ သူ့ဆိုင်ကယ်နဲ့ လိုက်ပို့ခဲ့တယ်၊ ရာစုသစ်က သူတို့နှစ်ယောက်ရဲ့ အမှတ်တရနေရာ၊ မြဖူးငုံ မပြောပြဘူးလား”

နော်ရှီးလားတို့ ပြုံတူခေါင်းခါကြသည်။ နန်းကြာဖြူက ထွဋ်ခေါင်ကို လှမ်းကြည့်သည်။

“အဲဒါတော့ မပြောဘူး၊ ထွဋ်ခေါင်နဲ့ တို့တွေကို မိတ်ဆက်ပေးတာ ဒီဆိုင်ထဲမှာပဲ၊ နင်ဖူးငုံကို အရမ်းလွမ်း နေလား ထွဋ်ခေါင်”

ကိုယ့်ချစ်သူကို လူတိုင်းလွမ်းတာပဲဟာ၊ ငါလည်း ဖူးငုံကိုလွမ်းတာပေါ့၊ ဒါပေမဲ့ အခု ငါဖူးငုံကို လွမ်းနေတာ မဟုတ်ဘူး”

ရွှေဝတ်မှုန်တို့ ထွဋ်ခေါင်ကို ဝိုင်းကြည့်ကြသည်။ ကျော်ဇောက ကော်ဖီပန်းကန်ပြန်ချသည်။

“ဘာလဲ၊ ဖူးငုံကို လွမ်းတာမဟုတ်ရင် ဘယ်သူ့ကိုလွမ်းနေတာလဲ၊ ထွဋ်ခေါင်နော် နင်ရုတ်ရုတ် ရုတ်ရုတ် မလုပ်နဲ့၊ ဖူးငုံကတို့ကို စပိုင်လုပ်ခိုင်းထားတာ၊ ခုဖုန်းဆက် လိုက်ရမလား”

“ဆက်လိုက်လေ၊ ရာစုသစ်မှာထိုင်ပြီး ထွဋ်ခေါင်လမ်းလျှောက်ဖို့ စဉ်းစား နေတယ်လို့”

“ဘာ ထွဋ်ခေါင် ဘာ”

ထွဋ်ခေါင် ပခုံးကို နော်ရှိုးလား လှမ်းပုတ်သည်။နန်းကြာဖြူက ထွဋ်ခေါင်ကို မျက်လုံးပြူးကြည့်သည်။

“လမ်းလျှောက်ဖို့ စဉ်းစားနေတာ”

“မင်း လမ်းလျှောက်မလို့၊ ဘယ်ကိုလျှောက်မှာလဲ၊ နေပြည်တော် သဇင်ဆောင်ထိ လျှောက်မှာလား”

“ဟာ မင်းတို့မကြားလိုက်ဖူးလား၊ စောစောက ၂၀၁၄ ခုနှစ် ဒီဇင်ဘာလူထု အားကစားလှုပ်ရှားမှု စုပေါင်း လမ်းလျှောက်ပွဲ ပါဝင်ဖို့ ဖိတ်ခေါ်သွားတာ”

“မင်းကဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲဝင်နွဲမလို့လား”

ထွဋ်ခေါင် ခေါင်းညိတ်ပြလိုက်သည်။ နော်ရှိုးလားနှင့်နန်းကြာဖြူတို့က မျက်လုံးပြူးပြကြသည်။

“အစောကြီးထရမှာ ချမ်းကချမ်းနဲ့ ထွဋ်ခေါင်ရယ်”

“နင် အလွမ်းလွန်ပြီး ဂေါက်သွားပြီလား”

“ဘာဖြစ်လို့ ဂေါက်ရမှာလဲဟ”

“ချမ်းချမ်းစီးစီးကြီး လမ်းလျှောက်မယ်ဆို”

“နင်တို့ အဲဒါကြောင့် ခဏ ခဏ နေမကောင်းဖြစ်နေတာ”

“ ဘာမှမဆိုင်ဘူး”

“ဆိုင်တာပေါ့ဟ”

“ဘာ ဆိုင်တာလဲ၊ ချမ်းချမ်းစီးစီးကြီးထဲ လမ်းလျှောက်မှ အအေးမိပြီး နေမကောင်းဖြစ်မှာ၊ ဂယောင်ချောက် ချားနဲ့ နင် မဟုတ်တာတွေပြောမနေနဲ့၊ ခွင့်ယူပြီး ဖူးငုံဆီ မြန်မြန်လိုက်သွား၊ နင့်ရောဂါ ဖူးငုံပဲ ကုနိုင်မှာ”

“ချမ်းချမ်းစီးစီးလျှောက်မှ ပိုကျန်းမာတာဟ”

နော်ရှိုးလားက ထွဋ်ခေါင် နားထင်ကိုလက်ညှိုးဖြင့် ထောက်ပြသည်။ နန်းကြာဖြူတို့ ဝိုင်းရယ်ကြသည်။

“ဟာ ထွဋ်ခေါင်တော့ သွားပြီ”

“လမ်းလျှောက်တာက ကျန်းမာရေးအတွက် အရမ်းကောင်းတယ်ဟ”

“လမ်းလျှောက်တာက ကျန်းမာရေးအတွက် အရမ်းကောင်းတယ်၊ ဘာတွေအရမ်းကောင်းတာလဲ၊ ငါကတော့ ခြေညောင်းတာပဲအဖတ်တင်မယ် ထင်တယ်”

“လမ်းလျှောက်တာက ခန္ဓာကိုယ်အနှံ့ သွေးသွားလာလည်ပတ်မှုအား ပိုကောင်းစေတယ်၊ သွေးကိုကျဲစေတယ်၊ ကိုယ်ခန္ဓာအတွင်းသွေးလည်ပတ်မှု အရှိန်မြှင့်တက်ကောင်းမွန်လာတာနဲ့အမျှ အဆုတ်ထဲမှာ အောက်ဆီဂျင်နဲ့ ကာဗွန်ဒိုင်အောက်ဆိုက် လဲလှယ်မှု ပိုမြန်ဆန်လာတယ်၊ ခန္ဓာကိုယ်လုပ်ငန်းတွေ ပိုကောင်းမွန်လာတယ်၊ ဦးနှောက်က အောက်ဆီဂျင် ပိုရရှိတဲ့အတွက် စိတ်ရွှင်လန်းကြည်လင်စေတယ်၊ ဉာဏ်ရည် ထက်မြက်စေတယ်”

“အဲဒီလို ဘာလို့ဖြစ်တာလဲ”

“အကြောင်းရင်းကတော့ တို့လူတွေက မလှုပ်မရှားနေပြီး အသက်ရှူတဲ့အခါ အဆုတ်ထဲ လေပြည့်ပြည့် ဝဝ ရှူမသွင်းလို့ပဲ၊ လမ်းလျှောက်တဲ့အခါကျတော့ အဆုတ်ထဲကို လေပြည့်ပြည့်ဝဝ ရှူသွင်းနိုင်စေတယ်၊ အဆုတ် ထဲမှာ ကာဗွန်ဒိုင်အောက်ဆိုက်တွေ ကြာကြာခိုအောင်းမနေနိုင်တော့လို့ဘဲ”

“ကာဗွန်ဒိုင်အောက်ဆိုက်က လူတွေကို အတော်ဒုက္ခပေးတာပဲ”

“လမ်းလျှောက်တာက နှလုံးသွေးကြောကျဉ်းရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ကင်ဆာရောဂါတွေကိုလည်း သက်သာစေတယ်၊ နင်တို့ ပိုလျှောက်သင့်တယ် နန်းကြာဖြူ”

“ဘာ ငါတို့က ပိုလမ်းလျှောက်သင့်တယ်”

“ဟုတ်တယ်”

“ဘာဖြစ်လို့လဲ”

“လမ်းလျှောက်တာက ကိုယ်ခန္ဓာထဲက ပိုလျှံနေတဲ့အဆီတွေကို စွမ်းအင်အဖြစ် ပြောင်းလဲဖယ်ရှားပေးတယ်၊ အဆီက လူကိုဝစေရုံတင်မကဘူး၊ နှလုံးကိုလည်း အလုပ်ပိုစေတယ်၊ လမ်းလျှောက်တာက အဝမလွန်အောင် ထိန်းပေးနိုင်တယ်၊ သွေးထဲကအဆီကိုလည်းကျစေတယ်”

“နင် တကယ်ပြောတာလား ထွဋ်ခေါင်”

“တကယ်ပြောတာပေါ့၊ လူတစ်ယောက်ဟာ တစ်နေ့စွမ်းအင်ပမာဏ ၂၀၀၀ ကနေ ၃၀၀၀ ကီလိုကယ်လိုရီ လိုအပ်တယ်၊ ဒါပေမဲ့ စွမ်းအင်လောင်ကျွမ်းမှု မရှိရင်၊ စွမ်းအင်ပိုတဲ့အခါ တဖြည်းဖြည်းဝလာတယ်၊ လမ်းလျှောက် တာက တစ်ပတ်ကို စွမ်းအင်လောင်ကျွမ်းမှု ၂၈၀၀ ကီလိုကယ်လိုရီဖြုန်းပေးနိုင်တယ်၊ ဝတဲ့လူတွေ လမ်းလျှောက်ပြီး ဝိတ်ချနိုင်တယ်၊ ဘာဖြစ်ဖြစ်ပေါ့ဟာ လမ်းလျှောက်တာက ၉၆ ပါးရောဂါတွေကို ၉၇ ပါး၊ ၉၈ ပါးမတိုးအောင် ကာကွယ်ပေးနိုင်ပါတယ်”

“ချမ်းတယ်ဟ”

“လမ်းလျှောက်ရင် နွေးသွားမှာပါ ကြာဖြူရဲ့”

“ထိုင်မယ်နော်”

ထွဋ်ခေါင်တို့ ပြိုင်တူမော့ကြည့်လိုက်ကြသည်။ သူတို့စားပွဲဘေးတွင် လူကြီးတစ်ယောက်။

“သြော် ထိုင်ပါ”

ထွဋ်ခေါင်နှင့်ကျော်ဇောကြားတွင်လူကြီးဝင်ထိုင်သည်။ ထွဋ်ခေါင်က ရေနွေးပန်းကန် ချပေးသည်။

“ကိုယ့်ကိုယ်ကိုယ်ပဲ မိတ်ဆက်ရတော့မယ်၊ ကိုယ်က မြအေး”

“ကျွန်တော်က ထွဋ်ခေါင်ပါ”

“ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးက ဒုရဲအုပ်ထွဋ်ခေါင်မှန်း ကိုယ်သိပါတယ်”

“သူတို့က ကျော်ဇော၊ ရွှေဝတ်မှုန်၊ နော်ရှီးလား၊ နန်းကြာဖြူ”

ဦးမြအေးကို ကျော်ဇောနှင့်ထွဋ်ခေါင် မိတ်ဆက်ပေးလိုက်သည်။ ဦးမြအေးက တစ်ယောက်ချင်းကို လေးလေးစားစားလက်ဆွဲနှုတ်ဆက်သည်။

“လမ်းလျှောက်တာဟာ ၉၆ ပါးရောဂါတွေကို ၉၇ပါး ၊ ၉၈ ပါးမတိုးအောင် ကာကွယ်ပေးနိုင်တယ်လို့ ညီပြောလိုက်သလားလို့”

“ဟုတ်ပါတယ် အစ်ကိုကြီး၊ ကျွန်တော် ပြောလိုက်ပါတယ်၊ ဘာဖြစ်လို့လဲ”

“သဘောကျလို့ပါ၊ ၉၇ ပါး၊ ၉၈ ပါးမတိုးလာအောင် ကာကွယ်ပေးနိုင်တယ်ဆိုတာကို သဘောကျလို့ပါ၊ ၉၆ ပါးနဲ့တင် လူတွေ ဒုက္ခများနေတာ၊ ၉၇ ပါး၊ ၉၈ ပါးသာတိုးလာမယ်ဆိုရင် ကမ္ဘာပေါ်မှာ လူရှိတော့မှာ မဟုတ် ဘူးကွ၊ ခေတ်ကြီးကအရမ်းတိုးတက်နေတာ၊ ပစ္စည်းအသစ်တွေ တစ်ခုပြီးတစ်ခု ပေါ်လာသလို ရောဂါတွေကလည်း တစ်မျိုးပြီးတစ်မျိုး ပေါ်နေတာ၊ HIV ကြက်ငှက်တုပ်ကွေး၊ ခုပေါ်လာတဲ့ အီဘိုလာရောဂါ၊ ဘယ်လောက်ကြောက် စရာကောင်းလဲ၊ နိုင်ငံတကာကိုကူးစက်ပြီး လူတွေသေနေတာ၊ စောစောကလမ်းလျှောက်ဖို့ ဖိတ်ခေါ်တာကြားပြီး လမ်းလျှောက်ရကောင်းမလား စဉ်းစားနေတာ”

“စဉ်းစားမနေနဲ့ အစ်ကိုကြီး လျှောက်သာလျှောက်”

“ဘာဖြစ်လို့လဲကွ”

“ နင်ကလည်း လူတိုင်းကို လမ်းလျှောက်ခိုင်းနေတာပဲ”

“လမ်းလျှောက်တာက ဆေးဝါးမပါတဲ့ ဆရာဝန်ညွှန်ကြားချက်ဆေးဝါးပဲ”

“ဟေး လမ်းလျှောက်တာက ဆေးဝါးမပါတဲ့ ဆရာဝန်ညွှန်ကြားချက်ဆေးဝါး”

“ဟုတ်တယ် အစ်ကိုကြီး၊ လမ်းလျှောက်တာဟာ အချိန်မရွေး၊ နေရာမရွေး၊ ငွေကုန်ကြေးကျမရှိတဲ့ ကျန်းမာရေးအတွက် အကောင်းဆုံး၊ အလွယ်ကူဆုံး သက်ရှည်ကိုယ်နုဆေး”ဖြစ်တယ်လို့ ဆေးပညာရှင်တွေက အဆိုပြုထားတယ်။

“လမ်းလျှောက်တာက သက်ရှည်ကိုယ်နုဆေး”

“ကိုယ်လက်လှုပ်ရှားမှုနဲ့ ကျန်းမာတာက အပြန်အလှန် အမှီသဟဲ ပြုနေတယ် အစ်ကိုကြီး”

“အေးကွ၊ ကျွန်းကိုင်းမီ ကိုင်းကျွန်းမီလို ကျန်းမာရေးနဲ့ ကိုယ်လက်လှုပ်ရှားမှု ကလည်း အပြန်အလှန်အမှီသဟဲပြုနေတာပေါ့”

“လူသက်တမ်းတိုရတဲ့ အကြောင်းရင်းတွေထဲမှာ ကိုယ်လက်လှုပ်ရှားမှု နည်းတာကလည်း တစ်ခုအပါအဝင် ပဲ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲကြီးရဲ့ မှတ်တမ်းတွေမှာလည်း ကိုယ်လက်လှုပ်ရှားမှု မရှိခြင်းနဲ့ နည်းပါးတာတွေကြောင့် ကမ္ဘာပေါ်မှာ လူပေါင်းနှစ်သန်းခန့်ကိုယ်မသန်မစွမ်းဖြစ်တာ၊ ရောဂါဘယထူပြောပြီး သေဆုံးတာတွေ နှစ်စဉ် နှစ်တိုင်း ကြုံတွေ့နေရတယ်လို့ ဖော်ပြထားတယ်”

“ဟေး လူပေါင်းနှစ်သန်းတောင်လား”

“ဟုတ်တယ် အစ်ကိုကြီး၊ အဲဒါကြောင့် ကျန်းကျန်းမာမာနဲ့ သက်တမ်းစေ့နေနိုင်ဖို့ ကိုယ်လက်လှုပ်ရှားမှု အားကစားတစ်ခုခုပုံမှန်စွဲစွဲမြဲမြဲ ပြုလုပ်သင့်တယ်”

“ရှေးတုန်းက မြန်မာကြီးတွေကတော့ ကိုယ်ခန္ဓာထွားကြိုင်းပြီး ကျန်းမာ အသက်ရှည်ကြတယ်၊ ခုခေတ်တို့ကျတော့ ပိန်ပိန်ခိုခိုရှနာရှိုက်ကုန်း ရောဂါသည်တွေဖြစ်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ သေနေကြတယ်”

“ရှေးတုန်းက သိပ္ပံနဲ့နည်းပညာ မထွန်းကားတော့ စားဝတ်နေရေးအတွက် လူတွေအားလုံးက ကိုယ့်အားကိုယ်ကိုး လုပ်ကြရတာ၊ လှုပ်လှုပ်ရှားရှားရှိတယ်၊ ဥပမာ ရေခပ်၊ လှေလှော်၊ ထင်းခုတ်၊ ကောက်စိုက်”

“အေးကွ၊ ခုတော့ အားလုံးရယ်ဒီမိတ်တွေချည်းပဲ၊ သွားတာ လာတာကလည်း ကားနဲ့၊ ရွှတ်ဆိုရောက်သွား တာပဲ”

“ကိုယ်လက်လှုပ်ရှားမှု မရှိတော့ဘူးပေါ့”

“ အေးဟုတ်တယ်ကွ၊ လူတွေ အပျင်းထူလာကြတယ်”

“အပျင်းထူရုံတင် မကဘူး၊ အဆီအဆိမ့်တွေ အစားများလာပြီး သဘာဝအတိုင်း မလောင်ကျွမ်းနိုင်တဲ့အခါ အဆီတွေက သွေးကြော၊ အသည်းနှလုံးတွေမှာ စုကပ်ပြီး အသည်းနှလုံး၊ သွေးကြောတွေမှာဆို့ပြီး သွေးတိုး၊ လေဖြတ်ရောဂါတွေဖြစ်လာတယ်၊

နှလုံးညှစ်အားလျော့လာတယ်၊ နှလုံးညှစ်အားလျော့လာတဲ့အခါ ကလာပ် စည်းအမျှားကို အောက်စီဂျင်၊ သကြား၊ ခုခံအားတွေ အရောက်နည်းပြီး ရောဂါထူလာတယ်၊ ခြေသလုံးကြွက်သားတွေ ပျော့လာတဲ့အခါ နှလုံးကို သွေးတွန်းပို့အားနည်းလာတယ်”

“ခြေသလုံးကြွက်သားတွေက နှလုံးကိုသွေး တွန်းပို့တာလား”

“နှလုံးကတွန်းပေးတဲ့ သွေးတွေထဲမှာ အောက်စီဂျင်ပါတယ်၊ သွေးနီဥထဲမှာ ရှိတဲ့ဟေမိုဂလိုဗင်က အောက်စီဂျင်ကို သယ်ပို့တယ်၊ အောက်စီဂျင်များများရဖို့ အဆုတ်က လေစုပ်လေထုတ်ပေးတယ်၊ အဆုတ်က လေစုပ်လေထုပ်နိုင်ဖို့ ရင်ဝမ်းခြားအရေပြားကြီးက တွန်းပေးရတယ်၊ အစာအိမ်ကဆင်းလာတဲ့ အာဟာရတွေကို အူသေးတွေကချက်ပြီးတော့ ဖြစ်ထွန်းလာတဲ့ သကြားကိုအူသိမ်တွေက သွေးထဲကို တွန်းပို့ပေးတယ် ကလာပ်စည်းတွေ သွေးထဲကအဟာရတွေကိုစားသုံးပြီး အားဖြည့်ရတယ်၊ နှလုံးကိုသွေးတွန်းစက်၊ အူသိမ်တွေကို သကြားတွန်းစက်လို့ခေါ်နိုင်တယ်”

“နှလုံးက သွေးတွန်းစက်၊ အူသိမ်တွေက သကြားတွန်းစက်”

“တတိယတွန်းစက်က ခြေထောက်ကြွက်သားတွေ”

“ခြေထောက်ကြွက်သားတွေက ဘာတွေတွန်းပေးတာလဲ”

“နှလုံးကဆင်းလာတဲ့ သွေးတွေခြေထောက်ရောက်ပြီး သွေးညှစ်အဖြစ် နှလုံးကိုပြန်ရင် နှလုံးကမစုပ်ယူနိုင်ဘူး၊ ခြေထောက်ကြွက်သားတွေက ညှစ်ပြီးတွန်းတင်မှ နှလုံးကိုရောက်တယ်”

“လူမှာ ခြေထောက်ကအဓိကပေါ့”

“လမ်းလျှောက်တဲ့အခါ လေပိုပြီးရှူရှိုက်ရလို့ အသက်ရှူအင်္ဂါတွေ အလုပ်ပိုလုပ်လာတယ်၊ နှလုံးကတစ်ဆင့် ခန္ဓာကိုယ်အနှံ့ကို သွေးပို့လွှတ်အား မြန်ဆန်အားကောင်းမွန်လာတယ်၊ နှလုံးခုန်နှုန်းကို ထိန်းညှိပေးတယ်၊ သွေးကို ကျဲစေလို့ လေသင်တုန်းဖြတ်တာ၊ သွေးခဲပိတ်ဆို့တာတွေ မဖြစ်တော့ဘူး၊ အဲဒါအပြင် ခန္ဓာကိုယ်နဲ့စိတ်ဓါတ် ကျန်းမာကြံခိုင်စေတယ်၊ သက်လုံကောင်းပြီး အမောခံနိုင်တယ်၊ ဦးနှောက်အာရုံကြောကောင်းပြီး ဉာဏ်ရည်ထက်မြက်စေတယ်၊ ကိုယ်ခံစွမ်းအားမြင့်မားပြီး ရောဂါတွေကို ကာကွယ်ပေးတယ်၊ အကြောအချင်တွေ ပျော့ပျောင်းပြီး ခန္ဓာကိုယ် သွက်လက်ဖွံ့ဖြိုးစေတယ်၊ စိတ်ရွှင်လန်းပြီး နုပျိုအသက်ရှည်စေတယ်”

“ဒါကြောင့် အစိုးရက လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပတာပေါ့”

ဦးမြအေး စိတ်ဝင်စားလာသည်။ ထွင့်ခေါင်ဘက်တိုးလာသည်။ နန်းကြာဖြူတို့လည်း ငြိမ်ပြီး နားထောင်နေသည်။

“ဒီနေ့ အားကစားမှာ ကမ္ဘာ့ထိပ်တန်းနိုင်ငံတွေနဲ့ဖွံ့ဖြိုးတိုးတက်နေတဲ့နိုင်ငံတွေကို လေ့လာကြည့်ရင် Mass Sports ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်တာကြောင့် အားကစားအဆင့်အတန်း ကမ္ဘာ့ထိပ်တန်းရောက်နေတာ တွေ့ရတယ်”

“Mass Sports ဆိုတာက ဘာလဲကွ”

“လူထုအားကစားလှုပ်ရှားမှုပါ အစ်ကိုကြီး”

“ဩော်အေး၊ လူထုအားကစားလှုပ်ရှားမှု၊ ဘယ်လိုလူထုအားကစားလှုပ်ရှားမှုလဲ”

“ကျွန်တော်တို့နိုင်ငံမှာ လူထုအားကစားကို ၁၉၆၃-၁၉၆၄ ခုနှစ်ကစတာ၊ အရှိန်အဟုန် မြင့်မြင့်မားမား ဆောင်ရွက်နိုင်ဖို့ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလတွေကို လူထုအားကစားလအဖြစ် သတ်မှတ်ခဲ့တယ်၊ ၂၀၀၀ ပြည့်နှစ်ကစပြီး လူထုအများပါဝင်နိုင်တဲ့ စုပေါင်းအားကစားနဲ့ လမ်းလျှောက်ပွဲတွေ ကျင်းပခဲ့တာ”

“၂၀၀၀ ပြည့်နှစ်ကတည်းက စုပေါင်းအားကစားနဲ့လမ်းလျှောက်ပွဲတွေ စခဲ့တာပဲ”

“ရောဂါကင်းဝေးပြီး ကျန်းမာကြံ့ခိုင် အသက်ရှည်ရေးအတွက် သက်လုံကောင်းပြီး အလုပ်ပိုမိုလုပ်နိုင်ရန်၊ ခန္ဓာကိုယ်မှာစွဲကပ်လာမယ့် ရောဂါတွေက ရှောင်ရှားနိုင်ရန်၊ ကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းက အကောင်းဆုံးဖြစ်တယ် ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပတာ”

“ဖြစ်မှ ကုသတာထက် မဖြစ်ခင်က ကြိုတင်ကာကွယ်တာက ပိုကောင်းတာပေါ့ကွ၊ လူလည်းမနာဘူး၊ ပိုက်ဆံ လည်းမကုန်ဘူး”

“အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနက ဦးစီးပြီး ကိုယ်လက်လှုပ်ရှားတာနဲ့ လမ်းလျှောက်တာကရရှိတဲ့ ကျန်းမာရေးအကျိုးကို ပြည်သူပြည်သားတွေ ရရှိအောင် ဆောင်ရွက်ပေးတာ”

“နိုင်ငံတော်ရဲ့ လူမှုရေးဦးတည်ချက်မှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနဲ့ ပညာရည်မြင့်မားရေး ဆိုတာ ပါတာပဲ”

“အားကစားနဲ့ကာယပညာဦးစီးဌာနက လမ်းလျှောက်တာရဲ့ ကောင်းကျိုးတွေကို အသိပေးထုတ်ပြန် ထားတယ်”

“ဘယ်လိုကောင်းကျိုးတွေလဲကွ”

“အသက်ရှည်ကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်စို့”

“လမ်းလျှောက်တာက ခန္ဓာကိုယ်နဲ့စိတ်ဓါတ်ကြံ့ခိုင်စေတယ်၊ သက်လုံကောင်းပြီး အမောခံနိုင်တယ်၊ အဆီလျော့ပြီး အဝမလွန်အောင် ထိန်းပေးတယ်၊ ဦးနှောက်နဲ့ အာရုံကြောကောင်းပြီး ဥာဏ်ရည်ထက်မြက်စေတယ်၊ ကိုယ်ခံစွမ်းအားမြင့်တက် စေပြီး ရောဂါတွေကို ကာကွယ်ပေးနိုင်တယ်၊ အကြော၊ အချင်၊ အရွတ်တွေကို ပျော့ပျောင်းစေပြီး လူကိုဖျတ်လတ်ပေါ့ပါးစေတယ်၊ သွေးလည်ပတ်မှုကောင်းပြီး အိပ်ပျော်စားဝင်စေတယ်၊ စိတ်ဖိစီးမှု လျော့နည်းစေပြီး ကြည်လင်လန်းဆန်းစေတယ်၊ နေ့တိုင်းပုံမှန်နာရီဝက် လမ်းလျှောက်ပေးတာက ကျန်းမာကြံ့ခိုင် တဲ့ဘဝကို ပိုင်ဆိုင်စေတယ်တဲ့ အစ်ကိုကြီးရ”

“ဟုတ်ပြီဗျာ၊ လျှောက်မယ်”

“လျှောက်ဖြစ်အောင်လျှောက် အစ်ကိုကြီး”

“ဘာဖြစ်လို့လဲညီရ”

“သက်ကြီးရွယ်အိုတွေရဲ့ အရိုးခိုင်မာမှုက လမ်းလျှောက်တာအပါအဝင် ကိုယ်လက်လှုပ်ရှားမှုက အဓိကပဲ”

“လျှောက်မယ်ကွာ၊ အိမ်က အဖွားကြီးပါ ခေါ်လာရမယ်”

“အစ်ကိုကြီးက အစ်မကြီးမပါရင် ဘယ်မှ မသွားတတ်ဘူးနဲ့တူတယ်”

“သူလည်း ကျန်းမာရေးကောင်းအောင်လို့ပါ၊ ကျန်းမာရေးကောင်းတော့ အဲ ကောင်းတာပေါ့ကွာ ဟား ဟား”

ထွဋ်ခေါင်နှင့်ကျော်ဇောလိုက်ရယ်ကြသည်။ ရွှေဝတ်မှုန်တို့က မျက်စောင်းဝိုင်းထိုး ကြသည်။

“ရအောင်ခေါ် အစ်ကိုကြီး၊ ကျွန်တော်တို့တွေက အောက်စီဂျင် ၅၀၀ CC ဝ ဒသမ ၅ လီတာပဲ ရှူသွင်း နေကြတာ၊ လမ်းလျှောက်တဲ့အခါကျတော့ ပမာဏပိုပြီးများများ ရှူသွင်းလာနိုင်တယ်၊ လေများများရှူရတော့ အသက်ရှူအင်္ဂါအဖွဲ့ အလုပ်ပိုလုပ်လာနိုင်တယ်၊ နှလုံးကြွက်သားတွေ ကျံု့အားညှစ်အားပိုကောင်းပြီး နှလုံးကနေခန္ဓာကိုယ်အနှံ့ သွေးပို့လွှတ်တဲ့ နေရာမှာ မြန်ဆန်ကောင်းမွန်လာတယ်”

“မြန်ဆန်ကောင်းမွန်လာတော့”

“နှလုံးခုန်နှုန်းကို ထိန်းညှိပေးနိုင်တယ်၊ သွေးကိုကျဲစေတယ်၊ သွေးပျစ်ခဲရင် လေသင်တုန်းဖြတ်တာတွေ၊ သွေးကြောထဲသွေးခဲပိတ်ဆို့တာတွေ ဖြစ်နိုင်တယ်၊ လမ်းလျှောက်တာဟာ နှလုံးကြွက်သားတင်မကဘူး၊ ခြေသလုံး၊ လက်မောင်းကြွက်သား တွေပါ ကြံ့ခိုင်ကောင်းမွန်လာတာ၊ အရိုး၊ အဆစ်တွေသန်မာပြီး အရိုးပွရောဂါ၊ အဆစ်အမြစ် ရောင်ရောဂါတွေဖြစ်ဖို့ ရာခိုင်နှုန်းနည်းသွားတယ်၊ သွေးခဲပိတ်ဆို့မှု မရှိဘဲ သွေးကြောလေကြောပွင့်နေတဲ့ အခါ သွေးနီဥ အရေအတွက်ပိုလာတယ်၊ သွေးထဲမှာ ခုခံအားစနစ် ပိုကောင်းလာတာမို့ ရောဂါတွေဝင်ဖို့ မလွယ်တော့ဘူး၊ လမ်းလျှောက်တာဟာ ရောဂါမတိုးအောင်ကာကွယ်ပေးနိုင်တယ်၊ အစ်ကိုကြီးလည်းလျှောက် အစ်မကြီး ကိုလည်း လျှောက်ခိုင်း”

“အေး သွားမယ်”

“သွားတော့မလား အစ်ကိုကြီးရ၊ အစောကြီးရှိသေးတယ်၊ လက်ဖက်ရည် သောက်ပါဦး”

“အဖွားကြီးကို ရအောင်စည်းရုံးရဦးမယ်လေကွာ၊ စုရပ်က ဘယ်မှာလဲ ညီ”

“မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးရုံးရှေ့ အစ်ကိုကြီး”

“ဟုတ်ပြီ၊ သွားမယ်၊ မနက်ဖြန် မြို့နယ်ရုံးမှာ ဆုံမယ်၊ ဒီညီမလေးတွေကို ရအောင်စည်းရုံးပေတော့”

ထွဋ်ခေါင် ပခုံးပုတ်ပြီး ဦးမြအေး ရာစုသစ်ထဲမှာ ထွက်သွားသည်။ နော်ရှီးလားက ပခုံးတွန့်ပြသည်။ နန်းကြာဖြူ မျက်နှာက ခပ်မဲ့မဲ့။

“ကဲ နင်တို့ရော ဘယ်လိုလဲ”

“ဘာ ဘယ်လိုလဲရမှာလဲ”

“မနက်ဖြန်လမ်းလျှောက်မှာလား”

“မလျှောက်ဘူး”

နန်းကြာဖြူတို့ အသံကတစ်ပြိုင်တည်း။ တစ်သံတည်း။ မလျှောက်ဘူး။

“အမေရိကန် ကျန်းမာရေးပညာရှင်တွေ တွေ့ရှိချက် ငါပြောပြမယ်”

“အမေရိကန် ကျန်းမာရေးပညာရှင်တွေက ဘာတွေ့တာလဲ”

“အသက်အရွယ်ရတာတဲ့ အမျိုးသမီးတွေ နေ့တိုင်းလမ်းလျှောက်ရင် ရင်သားကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်တယ်တဲ့”

“လမ်းလျှောက်တာက ရင်သားကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်တယ်”

ရွှေဝတ်မှုန်တို့ ခေါင်းထောင်လာကြသည်။ ရင်သားကင်ဆာက သူတို့အတွက် မဟာရန်သူကြီးမဟုတ်လား။

“အသက်အရွယ်ရလာတဲ့ အမျိုးသမီးတွေ ရင်သားကင်ဆာဖြစ်ပွားခြင်းမရှိအောင် လမ်းလျှောက်လေ့ကျင့် ခန်းကို တစ်ပတ်မှာလေးရက်ပြုလုပ်ပေးရမယ်တဲ့၊ တစ်ကြိမ် လမ်းလျှောက်ရင် ၄၅ မိနစ်ကြာအောင် လျှောက်ရမယ် လို့ သူတို့ရဲ့ သုတေသနစာတမ်းမှာ ဖော်ပြထားတယ်”

နော်ရှီးလားတို့ တစ်ယောက်ကိုတစ်ယောက်လှမ်းကြည့်ကြသည်။

“ခန္ဓာကိုယ် အစိတ်အပိုင်းအားလုံးအပါအဝင် ရင်သားကြွက်သား လှုပ်ရှားမှုကို ဖြစ်ပေါ်စေတဲ့ လမ်းလျှောက် တာကို ပုံမှန်ပြုလုပ်တဲ့ အမျိုးသမီးတွေကို လေ့လာသုတေသနပြုခဲ့တာ ၆၅ ရာခိုင်နှုန်းရင်သားကင်ဆာမဖြစ်တာ တွေ့ရတယ်တဲ့၊ လမ်းလျှောက်တာဟာ ရင်သားကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်တဲ့ ကုထုံးတစ်ရပ်ပဲတဲ့”

“၆၅ ရာခိုင်နှုန်းတောင် ရင်သားကင်ဆာမဖြစ်ဘူး”

“တီ တီ တီ”

ထွဋ်ခေါင်ရှေ့မှ ဖုန်းမြည်လာသည်။ အားလုံးဝိုင်းကြည့်ကြသည်။ ပေါ်လာသည့် ဖုန်းက ၀၉-၄၉၇၃၄၇၂၁။ မြဖူးငုံဖုန်း။ ထွဋ်ခေါင်စပီကာဖွင့်လိုက်သည်။

“ဟယ်လို ဖူးငုံ”

“ဟဲလို မောင်”

“အင်း ဖူးငုံ၊ ဘာလဲပြော”

“မောင်ဘယ်မှာလဲ ခု”

“ရာစုသစ်မှာ၊ ဖူးငုံရော”

“အဆောင်မှာ မောင်”

“ဟဲ့ ဖူးငုံမ၊ တမောင်မောင်နဲ့ ကြောင်မနေနဲ့၊ ငါတို့ပါရှိတယ်၊ ပြောစရာရှိတာမြန်မြန်ပြော”

“ဟာ ရွှေမူန်တို့ပါလား၊ ငါမနက်ဖြန် ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲမှာ လမ်းလျှောက်မလို့၊ မောင့်ကို သတင်းပို့တာ”

“ဟောတော့်”

“ဘာဟောတော့်လဲ”

“နင့်မောင်တော်က ငါတို့ကို မနက်ဖြန် ဒီဇင်ဘာပထမပတ် လူထုစုပေါင်းလမ်းလျှောက်ဖို့စည်းရုံးနေတာ”

“ဟုတ်လား နင်တို့မလျှောက်ဘူးလား၊ လျှောက် လျှောက်၊ လမ်းလျှောက်တာ ကောင်းတယ်ဟ”

“ ဘာကောင်းတာလဲ”

“လမ်းလျှောက်တာ မိန်းမကိစ္စအားလုံးပြီးတယ်ဟ”

“လမ်းလျှောက်တာ မိန်းမကိစ္စအားလုံးပြီးတယ်”

“ဓမ္မတာလစဉ်ကိစ္စ၊ သွေးဆုံးကိစ္စ၊ ကိုယ်ဝန်ဆောင်ကိစ္စ၊ ညောင်းညာကိုက်ခဲတာတွေ၊ မီးဖွားခြင်းကိစ္စ တွေ အားလုံးအဆင်ပြေချောမွေ့စေတယ်”

“ဟုတ်လား”

“ဟုတ်တယ်၊ နင်တို့လျှောက်ဖြစ်အောင်လျှောက်”

“အေး လျှောက်မယ်”

“ငါတို့ လျှောက်မယ် ဖူးငုံ”

စောစောအိပ်လို့X စောစောထလို့X စောစောလမ်းလျှောက်ကြပါစို့X ကိုယ်ခန္ဓာသန်စွမ်းစေဖို့X စိတ်နှလုံးရွှင်ပြုံးစေဖို့X သူငယ်ချင်းအပေါင်းအသင်းတို့X ပျော်ရွှင်ဖို့X ကျန်းမာဖို့X စောစောအိပ်လို့X စောစောထလို့X စောစောလမ်းလျှောက်ကြပါစို့

လှုံ့ဆော်ရေးကား တစ်ပတ်ပြန်လှည့်လာသည်။ ဆောင်းလေပြေတွင် တေးသံက မြူးမြူးကြွကြွ။

“ဟာ လူတွေ အများကြီးပဲ”

လမ်းလျှောက်ရန် နေရာယူထားသူများကိုကြည့်ပြီး ရွှေဝတ်မှုန်တို့ အံ့အားသင့်နေကြသည်။ ဆောင်းအအေး ဒဏ်ကို အံတု၍ မြို့နယ်ရုံးရှေ့ ရန်ကုန်ပြည်လမ်းပေါ်တွင် လူများနေရာယူထားကြသည်မှာ အရှည်ကြီး။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ၊ ရွှေတောင်မြို့၊ ၆-၁၂-၂၀၁၄ ဗီနိုင်းက လေတွင် တလူလူ တလွှင့်လွှင့်။

စောစောအိပ်လို့ X စောစောထလို့ X စောစောလမ်းလျှောက်ကြပါစို့ X ကိုယ်ခန္ဓာသန်စွမ်းစေဖို့ X စိတ်နှလုံးရွှင်ပြုံးစေဖို့ X သူငယ်ချင်းအပေါင်းအသင်းတို့ X ပျော်ရွှင်ဖို့ X ကျန်းမာဖို့ X စောစောအိပ်လို့ X စောစောထလို့ X စောစော လမ်းလျှောက်ကြပါစို့

၂၀၁၄ ခုနှစ် ဒီဇင်ဘာပထမပတ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနိုင်နှင့်ဇနီး ဒေါ်သန်းသန်းညို၊ ရွှေတောင်မြို့နယ် အားကစားကော်မတီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အောင်နှင့်ဇနီးဒေါ်လှလှနိုင်၊ မြို့နယ်ပညာရေးမှူးဒေါ်ချိုချိုတို့ ဦးဆောင်ကြသည်။

“ဟေ့ကောင် ထွဋ်ခေါင်”

“ကျော်ဇော လာ၊ လာ ရွှေမှုန်”

ဌာနဆိုင်ရာများကလည်း ဗီနိုင်းကိုယ်စီဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာပထမပတ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။ အထက၊ အလက၊ အမက ၁၊ ၂၊ ၃၊ ၄၊ ၅ မှ ဆရာ၊ ဆရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ အဖွဲ့အစည်းပေါင်းစုံ။ လူထုလူတန်းစားပေါင်းစုံ။

“ဒိုင်း”

နံနက် ၆ နာရီတွင် ရွှေတောင်မြို့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုစုပေါင်းလမ်းလျှောက်ပွဲ စတင်သည်။ သေနတ်သံနှင့်အတူ ခြေသံများ ပြည်လမ်းပေါ်တွင် ခြိမ့်ခြိမ့်ညံသွားသည်။

“ဟေး ဟေး ညီ”

မန်ယူလိုဂိဉီးထုပ်၊ အဲဒီးဒက်ထရက်ဆုအနီရောင်နှင့်ဉီးမြအေးက လမ်းဘေးမှ လက်မြှောက်ပြသည်။

“လာ အစ်ကိုကြီး”

“ဘယ် အဖွဲ့နဲ့လိုက်ရမှန်းမသိလို့ ညီတို့ကိုရှာနေတာ၊ ဟာ ညီစည်းရုံးရေး အောင်မြင်တာပဲ”၊ “လာ”

ဉီးမြအေးကိုထွဋ်ခေါင် အတန်းထဲဆွဲသွင်းလိုက်သည်။ ဉီးမြအေးက တစ်ယောက်တည်းမဟုတ်။ နှစ်ယောက်။

“လာမနွယ်၊ ကိုယ့်အဖွားကြီးလေ၊ မဝင်းနွယ်တဲ့၊ တို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးအဖွဲ့နဲ့လိုက်မယ်၊ ညက ကိုယ်ပြောတဲ့ ညီလေးလေ ဒုရဲအုပ်ထွဋ်ခေါင်”

“လာ အစ်မ၊ ရွှေမူန် အစ်မကြီးကိုခေါ်ထား”

ရွှေဝတ်မှုန်နှင့်နော်ရှီးလားတို့ကြား ဒေါ်ဝင်းနွယ် ရောက်သွားသည်။ အဲဒီးဒက်ထရက်ဆုများကြားတွင် သိုးမွေးသဘက်ခေါင်းပေါင်းပြီး ဆွယ်တာအကျီပွပွကြီး ဝတ်ထားသော ဒေါ်ဝင်းနွယ်က တစ်မျိုးတစ်ဘာသာ ဖြစ်နေသည်။

“အိပ်ရာကအတင်းနှိုးခေါ်လာတယ်၊ ဘယ်အထိလျှောက်ရမှာလဲ”

“ဒိုးနွယ်ရွာအထိ အသွားအပြန် အစ်မ”

“အောင်မယ်လေးတော်၊ ဒိုးနွယ်နဲ့ရွှေတောင် အသွားအပြန်၊ အဖိုးကြီးရယ် ရှင် ရက်စက်လှချည်လားတော်”

“ရက်စက်တာ မဟုတ်ပါဘူး အဖွားကြီးရဲ့၊ အဖွားကြီး ကျန်းမာရေးကောင်းအောင် လမ်းလျှောက်ခိုင်းတာ”

“လမ်းလျှောက်တာ ကျန်းမာရေးကောင်းတယ်လို့ မကြားဖူးပါဘူးတော်”

ဉီးမြအေးနှင့်ဒေါ်ဝင်းနွယ်လို့ကြားတွင် ထွဋ်ခေါင်တို့ရယ်ရမလို ငိုရမလိုဖြစ်နေသည်။ ထွဋ်ခေါင် ကျောကုန်းကို ရွှေဝတ်မှုန်လှမ်းပုတ်သည်။ ထွဋ်ခေါင် လှည့်အကြည့်တွင် အဲဒါနှင့်ကြောင့်ဟု တိုးတိုးပြောသည်။

“လမ်းလျှောက်တာက သွေးတိုးရောဂါနဲ့ နှလုံးရောဂါကို သိသိသာသာ ကာကွယ်နိုင်တယ် အစ်မရဲ့”

“လမ်းလျှောက်တာက နှလုံးရောဂါနဲ့ သွေးတိုးရောဂါကို သိသိသာသာ ကာကွယ်နိုင်တယ်။ သွေးတိုး၊ နှလုံးရောဂါတွေတင်မကဘူး၊ လေဖြတ်တာကို ၄၃ ရာခိုင်နှုန်းကာကွယ် နိုင်တယ်၊ အမျိုးသမီးတွေ သွေးဆုံးပြီး ရင်သားကင်ဆာဖြစ်တာကို ၁၄ ရာခိုင်နှုန်းလျော့ချနိုင်တယ်”

“လမ်းလျှောက်တာက ကျွန်မတို့ မိန်းမသားကိစ္စအားလုံးပြီးတယ် အစ်မရဲ့”

“ဟင် ဟုတ်လား၊ အသက်ကြီးသူတွေရောလား”

“သက်ကြီးပိုင်းတွေ လမ်းလျှောက်တာ၊ ကိုယ်လက်လှုပ်ရှားတာဟာ သတိမေ့လျော့တာကို လုံးဝကာကွယ်နိုင်တယ်၊ အရိုးပါရဂူတွေက တစ်ရက်ကို ၄၅ မိနစ် အပြင်ထွက် လမ်းလျှောက်တာဟာ ကိုယ်ခန္ဓာ အရိုးတွေကို ပိုပြီးခိုင်မာစေတယ်၊ နေရောင်ကရတဲ့ ဗီတာမင် ဒီဓါတ်ကြောင့် အရိုးတွေကို ပိုပြီးသန်စွမ်းစေတယ်၊ ဆီးချိုရောဂါကို ၄၀ ရာခိုင်နှုန်းဟန့်တားနိုင်တယ်”

“ဆီးချိုရောဂါလည်း ဟန့်တားနိုင်တယ်”

“ဒီနေ့ ကမ္ဘာပေါ်မှာ လူပေါင်း ၃၈၂ သန်းလောက် ဆီးချိုသွေးချိုရောဂါကို ဝေဒနာခံစားနေကြရတယ်”

“၃၈၂ သန်းတောင် ဆီးချို သွေးချိုရောဂါဝေဒနာ ခံစားနေကြရတယ်”

“၂၀၁၃ ခုနှစ်က ကမ္ဘာပေါ်မှာ လူပေါင်း ၅ ဒသမ ၁ သန်းဟာ ဆီးချိုသွေးချိုရောဂါနဲ့ နှီးနွယ်ရောဂါ တွေကြောင့် သေဆုံးနေကြရတယ်၊ ခြောက်စက္ကန့်မှာ လူတစ်ယောက်ဆီးချိုသွေးချိုရောဂါကြောင့် သေဆုံးနေကြရတယ်”

“အောင်မယ်လေး၊ ခြောက်စက္ကန့်မှာ လူတစ်ယောက်၊ စက္ကန့်ခြောက်ဆယ်မှာ လူ ၁၀ ယောက်၊ တစ်မိနစ်မှာ လူ၁၀ ယောက် တစ်နာရီမှာ လူ ၆၀၊ ဆီးချိုသွေးချိုရောဂါက တကယ့်လူသတ်သမားပဲ”

“ဆီးချိုသွေးချိုရောဂါကို အသံတိတ်လူသတ်သမားလို့ ဆေးပညာရှင်တွေက သတိပေးထားတယ် အစ်မကြီး၊ ဆီးချိုသွေးချိုက သူ့ဘာသာသပ်သပ်ဖြစ်တာမဟုတ်ဘူး၊ အခြားရောဂါဝေဒနာတွေကိုလည်း ဖြစ်ပွားစေတယ်”

“ဆီးချိုသွေးချို ရောဂါကြောင့် ဘာရောဂါဝေဒနာတွေ ထပ်ဖြစ်သေးလို့လဲ”

“ကျောက်ကပ်ရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါနဲ့ မျက်လုံးအမြင်ကွယ်တာတွေ အဆစ်ပါလာပြီး မသန်မစွမ်းဘဝရောက်ပြီးသေတဲ့အထိ ဆီးချိုသွေးချိုရောဂါ ဒုက္ခပေးတတ်တယ် အစ်မကြီးရဲ့”

“ကြောက်စရာရောဂါဆိုးကြီးပါလားကွယ်”

“ကြောက်စရာမလိုပါဘူး အစ်မကြီးရဲ့”

“ဒီလောက်လူတွေကို သတ်နေတာကို”

“လမ်းလျှောက်တာတို့၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလုပ်တာတို့၊ အစားအသောက်ဆင်ခြင်တာတို့ လုပ်ရင်ဆီးချိုသွေးချိုရောဂါကို ကာကွယ်နိုင်တာပဲ”

“ ဒါကြောင့် မောင်လေးတို့ လမ်းလျှောက်ကြတာလား”

“ဟုတ်”

“ဟုတ်တယ် အစ်မကြီး”

ယာဉ်သွားယာဉ်လာ ကင်းရှင်းသည့်အတွက် လေပြေကသန့်စင်မွှေးမြနေသည်။ တဖွဲဖွဲကြွေဆင်းနေသော နှင်းပွင့်ဖွေးဖွေးအောက်တွင် ခြေသံများပဲ့တင်ထပ်နေသည်။

“မနက်စောစောလမ်းလျှောက်တာဟာ အစာအိမ်နဲ့ အူလမ်းကြောင်းတစ်လျှောက်က အဆိပ်ခါတ်တွေ ထွက်ရှိတာကိုချေဖျက်ပေးနိုင်တယ်၊ အူလမ်းကြောင်းထဲက မလိုလားအပ်တဲ့ ဘေးထွက်ပစ္စည်းတွေကိုလည်း ဖယ်ရှားပေးနိုင်တာကြောင့် အူမကြီးကင်ဆာ မဖြစ်ပွားအောင် ကာကွယ်ပေးနိုင်တယ်လို့ အမေရိကန်သုတေသန ပညာရှင်တွေက ပြောကြားထားတယ်”

“လမ်းလျှောက်တာက အူမကြီးကင်ဆာလည်း ပျောက်သလား၊ အတော်စွမ်းတာပဲ၊ ကင်ဆာဖြစ်ရင် ဘယ်ဆရာဝန်မှ မကုနိုင်တော့ဘူး၊ ခြောက်လကြာရင် သေရော၊ လမ်းလျှောက်တာက အူမကြီးကင်ဆာကို ကုနိုင်တယ်”

“ အူမကြီးကင်ဆာတင် ကုနိုင်တာမဟုတ်ဘူး၊ တို့လူတွေမှာဖြစ်တဲ့ ၉၆ ပါးရောဂါ အကုန်ပျောက်တယ်၊ အဲဒါကြောင့် အဖွားကြီးကို အတင်းနှိုးခေါ်တာပေါ့၊ အဖွားကြီးကို နှိပ်စက်တာ မဟုတ်ဘူး၊ ကျန်းကျန်းမာမာနဲ့ အသက်ရှည်ရှည် နေစေချင်လို့ လမ်းလျှောက်ခေါ်တာ”

“အဖိုးကြီးက ရှင်းအောင်မှ မပြောတာ၊ အတင်းနှိုးတော့ စိတ်ဆိုးတာပေါ့တော်”

“ခု ရှင်းပြီလား”

“အဖိုးကြီး ညက အဲဒီလိုပြောပါလား”

“ဟ ငါမှ အဲဒီလိုမပြောတတ်တာပဲ အဖွားကြီးရဲ့”

“ဟွန်း”

“မဟွန်းနဲ့ လျှောက်”

အာရှမှာ မြန်မာကသာ အနိုင်ယူဗိုလ်စွဲပြမည် X မျိုးချစ်စိတ်နဲ့မြန်မာ၏အသံ ကမ္ဘာသိရန် အောင်လံတလူလူလွင့်လိုက်ပြီ X အားကစားမြှင့်တင်ခြင်းသည် X နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက် နေခြင်းဖြစ်ပါသည် X အားကစားရည်မှန်းချက်သည် X မြန်မာ့အားကစားကမ္ဘာကိုလွှမ်းရမည်

ဒိုးနွယ်ကျေးရွာမုခ်ဦးရှေ့မှ လှုံ့ဆော်ရေးကား ပြန်လှည့်လာသည်။ လမ်းလျှောက်သူများလည်း ပြန်လှည့် ကြသည်။

“အဖွားကြီး၊ လျှောက်နိုင်သေးလား”၊ “အဖိုးကြီးရော”၊ “လျှောက်နိုင်တယ်”

ရွှေဝတ်မှုန်နှင့်နော်ရှိုးလားတို့ကြားမှ ဒေါ်ဝင်းနွယ် ခြေလှမ်းမပျက်။ ထွဋ်ခေါင်နှင့် ကျော်ဇောကြားမှ ဦးမြအေး လည်း ခြေလှမ်းမပျက်။

“ကျေးဇူးတင်တယ် ညီလေးရေ”၊ “ဘာလို့လဲ အစ်ကိုကြီးရ”

“လမ်းလျှောက်ခေါ်လို့လေ”

“ဒါဆို ကျွန်တော့်ကို ကျေးဇူးမတင်နဲ့၊ နိုင်ငံတော်ကို ကျေးဇူးတင်၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် စီမံချက်ချဆောင်ရွက်လို့ ကျွန်တော်တို့ စုပေါင်း လမ်းလျှောက်ခွင့်ရတာ၊ နိုင်ငံတော်ကို ကျေးဇူးတင်အစ်ကိုကြီး”

“အေး နိုင်ငံတော်လည်း ကျေးဇူးတင်တယ်ကွာ”

“နိုင်ငံတော်က မြန်မာ့အားကစား အဆင့်အတန်းမြင့်မားအောင် အစွမ်းကုန် ဆောင်ရွက်နေတာ”

“၂၇ ကြိမ်မြောက် ဆီးဂိမ်းကြီးကျင်းပတာကလည်း ခမ်းခမ်းနားနား၊ စည်စည်ကားကား၊ U 19 လည်း ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ပြီ၊ ရှေ့နှစ် နယူးဇီလန်မှာ ကမ္ဘာ့ဖလားပွဲသွားပြိုင်ရတော့မယ်”

မဟူရာကတ္တရာလမ်းပေါ်တွင် ခြေသံများ တဟိန်းဟိန်း။ ရိုးမတောင်တန်းကို ဖြတ်သန်းတိုက်ခတ်လာသော လေပြေက တသင်းသင်း။ ရောင်စုံအလံများက တလူလူ တလွင့်လွင့်။

“၁ ၂ ၃ ၄ ၅ ၆ ၇ ၈

၈ ၇ ၆ ၅ ၄ ၃ ၂ ၁ ”

မြို့နယ်အားကစားကွင်းတွင် ကာယလေ့ကျင့်ခန်းများ စုပေါင်းလေ့ကျင့်ကြသည်။ ရယ်သံတဝေါဝေါဖြင့် ကာယလေ့ကျင့်ခန်းက ပျော်စရာကောင်းနေသည်။

“ဟေး လာ ညီ”

“ လာလာ ညီမလေးတို့”

၂၀၁၄ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ

ဒုတိယပတ် ၁၃-၁၂-၂၀၁၄

ရွှေတောင်မြို့ ဗိနိုင်းအောက်တွင် ဦးမြအေးနှင့်ဒေါ်ဝင်းနွယ်တို့ ရောက်နှင့်နေကြသည်။ ၂၇ ကြိမ်မြောက်ဆီးဂိမ်း အဖြူရောင် ထရက်ဆူများဆင်တူဝတ်ထားကြသည်။

“အစ်မကြီး အရမ်းတက်ကြွနေပါလား အစ်ကိုကြီး”

“အေးကွ အရင်စနေနေ့ လမ်းလျှောက်ပြီးကတည်းက နောက်တစ်ပတ်လမ်းလျှောက်ရမယ့်ရက် ကိုယ့်မေးလိုက်၊ ပြက္ခဒိန်ကြည့်လိုက်နဲ့ဖြစ်နေတာ၊ တနင်္ဂနွေကလည်း မနားဘူး၊ ကိုယ်တို့ ယမုံနာလမ်းမှာ အစုန်အဆန် ခေါက်တုန့်ခေါက်ပြန် လျှောက်နေတာ သောကြာနေ့အထိပဲ၊ ဒီနေ့လည်း အစောကြီးထပြီး သွားမယ်၊ လမ်းလျှောက်မယ်၊ တဂျီဂျီလုပ်နေတာကွာ”

“ဘယ်လိုဖြစ်တာလဲ အစ်မကြီး”

“ဘယ်လိုဖြစ်ရမှာလဲ ငါ့မောင်ရဲ့၊ လမ်းလျှောက်တာက ကျန်းမာရေးကောင်းတယ်လေ၊ တစ်ခါဆို တစ်ခါပဲ”

“ဘယ်လိုကောင်းတာလဲ အစ်မကြီးရဲ့”

“အစ်မက သွေးတိုးရှိတယ်၊ ခဏ ခဏမူးတတ်တယ်၊ အရင်ပတ်က လမ်းလျှောက်လိုက်တော့ မမူးတော့ဘူး၊ အစ်မက မူးရင်သောက်ဖို့ ဆေးအသင့်ဆောင်ထားတာ၊ အခု မမူးတော့ မသောက်ရတော့ဘူး၊ တစ်ရက်လျှောက်တာ တောင် ဒီလောက်သက်သာရင် အမြဲလျှောက်ရင် ရှင်းရှင်းပျောက်မှာပဲလေ၊ ညီမလေးတို့လည်း ဘယ်လိုလဲ”

“ကျွန်မတို့လည်း အစ်မကြီးလိုပဲ အရင်အပတ်က ထွဋ်ခေါင်စကားကို မယုံတယုံနဲ့ စလျှောက်တာ တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားတာပဲ၊ ဇက်ကြောတောင် မတက်တော့ဘူး၊ ကျွန်မတို့လည်း ရှမ်းတန်းလမ်းမှာ အစုန်အဆန် လျှောက်နေကြတာပဲ၊ လမ်းလျှောက်တာက ကျန်းမာရေးအတွက် အများကြီးအကျိုးရှိတယ်၊ ခြေတစ်လှမ်း ကုဋေတစ်သန်း ဆိုတာ အဲဒါကို ပြောတာ ဖြစ်မှာအစ်မကြီးရဲ့”

“လေးစားအပ်ပါသော အားကစားဝါသနာရှင် ရွှေတောင်သူ ရွှေတောင်သားများခင်ဗျား၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်လူထုအားကစားလှုပ်ရှားမှု ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကြီး စတင်ရန်အချိန်နီးကပ် လာပြီဖြစ်ပါ၍ စည်းကမ်းတကျ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား”

“ခြေတစ်လှမ်းကြောင့် ကျန်းမာရေးကောင်းတော့ ငွေလည်းမကုန်၊ လူလည်းမနာတော့ ဟုတ်မှာပေါ့ ညီမရဲ့ ဖြစ်လိုက်ရင်တော့ သက်သာမှာမဟုတ်ဘူး၊ ကံမကောင်းရင် သေတောင်သေသွားနိုင်တယ်၊ မသေလည်း ငွေကုန်မှာ ကတော့ သောက်သောက်လဲပဲ”

ထွဋ်ခေါင်တို့ နေရာယူလိုက်ကြသည်။ ရောင်စုံအလံများ၊ ဌာနဆိုင်ရာဗီနိုင်းများ လေပြေတွင် တလူလူ တလွင့်လွင့်။

“ပထမပတ်ကထက် လူတွေပိုများလာတယ်”

“ဟုတ်တယ် အဖိုးကြီး”

“လမ်းလျှောက်တဲ့ အကျိုးကျေးဇူးကို တစ်ယောက်စကားတစ်ယောက်ကြားပြီး လာလမ်းလျှောက်ကြတာ ဖြစ်မယ်၊ တို့ခေါင်းရင်းက ကိုတင်လှိုင်တို့လင်မယားလည်း လာတာတွေ့တယ်၊ အဲဒါ အဖွားကြီး စည်းရုံးတာ မဟုတ်လား”

“သူတို့ လင်မယားနှစ်ယောက်လုံးက သွေးတိုးရှိတယ်လေ၊ ကျွန်မက စေတနာနဲ့ ခေါ်တာပါ၊ အဖိုးကြီးပဲ ပြောတယ်လေ”

“ဘာလဲ၊ ဘာပြောလို့လဲ”

“ကာကွယ်တာက ကုသတာထက်ပိုကောင်းတယ်လို့လေ”

“အေးလေ၊ မဟုတ်လို့လား”

“ဟုတ်လို့ ကျွန်မက မစန်းမြင့်တို့ကို စကားလက်ဆင့်ကမ်းတာလေ၊ ဟုတ်တယ် အဖိုးကြီးရဲ့၊ ကာကွယ်တာက ကုသတာထက် အများကြီးပိုကောင်းတယ်၊ ကာကွယ်တာက ဘာမှမဖြစ်တော့ဘူး၊ ကုသတာက ပျော်ချင်မှပျော် မှာ၊ ရောဂါဆိုတာ ဖြစ်ပြီဆိုရင် အရင်လို ပကတိအတိုင်း ကင်းကင်းရှင်းရှင်း ပျော်တာမဟုတ်ဘူး၊ အနည်းဆုံး အနာရွတ်တော့ ကျန်တာပဲ၊ ကာကွယ်တာက ဘာမှမကျန်ဘူး၊ ကျွန်မတော့ ဘဝသစ်တစ်ခုပြန်ရတာပဲ”

“ဗျာ ဘယ်လိုဘဝသစ်လဲ အစ်မကြီး”

“ရောဂါသည်ဘဝဟောင်းကနေ ရောဂါကင်းတဲ့ ဘဝသစ်လေ”

“အစ်မကြီးတို့လိုလူတွေများရင် ကောင်းမှာပဲ”

“ဆရာဝန်တွေ ထမင်းငတ်ကုန်မှာပေါ့ကွ”

လေပြေတွင် ရယ်သံများလွှင့်သွားသည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ လူထုအားကစား လှုပ်ရှားမှု ဗီနိုင်းက တလူလူ။

“အားကစားဝါသနာရှင် ရွှေတောင်သူရွှေတောင်သားများခင်ဗျား၊ ၂၀၁၄ ခုနှစ်ဒီဇင်ဘာလူထုအားကစား လှုပ်ရှားမှုစုပေါင်းလမ်းလျှောက်ပွဲ ဒုတိယပတ် စတင်ပါပြီ ခင်ဗျား”

“ဒိုင်း”

ပြည်လမ်းပေါ်တွင် ခြေသံများပဲ့တင်ထပ်သွားသည်။ စောစောအိပ်လို့ X စောစောထလို့ X စောစောလမ်းလျှောက်ကြပါစို့ သီချင်းသံက ဝေဝေစည်စည် မြူးမြူးကြွကြွ

“ခါးလေ့ကျင့်ခန်းကို ပုံမှန်လေ့ကျင့်ပေးရင် အမျိုးသမီးတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ခါးရိုးကျိုးပေါင်းတက်တာကို ကာကွယ်နိုင်တယ်အစ်မကြီးရဲ့”

“ခါးလေ့ကျင့်ခန်းက ဘယ်လိုလေ့ကျင့်ရတာလဲကွဲ့”

“ခါးကို ဘယ်ညာ ဖြည်းဖြည်းခြင်း လှည့်ပေးရတာပါ၊ တစ်ကြိမ်လေ့ကျင့်ရင် ၁၀ မိနစ်၊ တစ်ရက်လေးကြိမ် ကျင့်ရမယ်”

ခြေသံများက အဆက်မပြတ်။ ရောင်စုံအလံများက ဝေဝေမြူးမြူး။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလူထုအားကစား လှုပ်ရှားမှုစုပေါင်းလမ်းလျှောက်ပွဲ ဗီနိုင်းက တလွှင့်လွှင့် တလူလူ။

“ခါးနာတာ ဘာလေ့ကျင့်ခန်းလုပ်ရင် ပျောက်မလားကွ”

“ခါးနာတာက အကြောနဲ့ ခါးရိုးတစ်လျှောက်မှာ ထိခိုက်မှုဖြစ်ပွားပြီး ခါးရိုးကျိုးပေါင်းတက်တာအပြင် အကြောနဲ့ခါးရိုးတွေထိခိုက်မှုကြောင့်လည်း ဖြစ်တတ်တယ် အစ်ကိုကြီးရ”

“ကိုယ် ခါးနာနေတယ်ကွ၊ ဘာလေ့ကျင့်ခန်းလုပ်ရမလဲ ညီရ”

“ခါးလေ့ကျင့်ခန်း လုပ်ရမှာပေါ့ အစ်ကိုကြီးရ”

“ခါးလေ့ကျင့်ခန်းက ဘယ်လိုလဲ”

“သန့်ရှင်းတဲ့ အခင်းတစ်ခုပေါ်မှာ ပက်လက်အိပ်ရမယ်၊ ခြေနှစ်ချောင်းကို တစ်ညီတည်းဖြစ်အောင် ဆန့်ထုတ်ထားရမယ်၊ နောက်ခြေထောက်တွေကို ဖြည်းဖြည်းဒူးထောင်၊ ပြန်ဆန့်လုပ်ရတယ်၊ တစ်ပတ်သုံးရက်၊ တစ်နေ့ ဆယ်မိနစ်လုပ်ရမယ်”

“အဲဒါပေါ့ကွ ညီရ၊ မသိသူကျော်သွား သိသူဖော်စား ဆိုတာ၊ လူတွေအနီးမှုန် နေကြတာ၊ အထူးကုဆေးရုံကြီးတွေမှာ သွားကုကြတာ ရောဂါမပျောက်ဘဲ ပိုက်ဆံကုန်တာပဲ အဖတ်တင်တယ်၊ ခါးလေ့ကျင့်ခန်းလုပ်တော့ ဘယ်လောက်ကောင်းလဲ၊ ရောဂါလည်းပျောက်၊ ပိုက်ဆံလည်း မကုန်ဘူး”

“ဟဲ့ ဝင်းနွယ်”

အမျိုးသမီးကြီး သုံးယောက်ပြေးလာကြသည်။ ဒေါ်ဝင်းနွယ်လက်ကို ဝိုင်းဆွဲကြသည်။

“ဩော် မိန်းမတွေ၊ ရောက်လာကြပြီလား၊ ငါးနာရီခွဲလို့ ငါပြောထားတယ်လေ၊ နင်တို့တွေအိမ်ရှေ့က ငါ အော်နှိုးသေးတယ်၊ လှုံ့ဆော်ရေးကားကလည်း စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့ သီချင်းဖွင့်ပြီး လမ်းထဲမှာ နှစ်ခေါက်ဖြတ်မောင်းသေးတယ်”

“ဒက္ကာရီပန်းတစ်ပွင့်စီးရီးကြည့်နေလို့ စောစောမအိပ်မိဘူးဟ”

“ဟွန်း ကိုရီးယားရောဂါသည်တွေ၊ အညောင်းမိပြီးခါသေမယ်၊ လာကြ၊ မောင်လေးရေ အဲဒါ အစ်မ သူငယ်ချင်းတွေ၊ သူတို့လည်းလမ်းလျှောက်ကြမလို့၊ ရင်သားကင်ဆာ၊ သွေးတိုး၊ ဆီးချိုတွေပျောက်တယ်ဆိုလို့လေ၊ တင်ထွေး၊ ခင်ဌေး၊ ခင်ကြည်”

စောစောအိပ်လို့ X စောစောထလို့ X စောစောလမ်းလျှောက်ကြပါစို့ သီချင်းသံ တဝေဝေဖြင့် လှုံ့ဆော်ရေး ကားက ရှေ့မှလမ်းရှင်းပေးသည်။ ထွဋ်ခေါင်တို့က သန့်ရှင်းလတ်ဆတ်သော အာရုံဦးလေနုအေးကို ရှူ၍ခြေလှမ်း မှန်မှန်လျှောက်ကြသည်။

“ကိုရီးယားတွေလည်း လမ်းလျှောက်ကြတယ် အစ်မတို့ရဲ့”

ဒေါ်တင်ထွေးတို့ ထွဋ်ခေါင်ကိုဝိုင်းကြည့်ကြသည်။ ထွဋ်ခေါင်ဘေးနော်ရှီးလားကပ်လာသည်။ သူလည်း ကိုရီးယား ခရေဇီ။

“အစ်မတို့ သတိထားမိမှာပါ၊ ကိုရီးယားကားတွေမှာ တောင်တက်တာတွေပါတယ်လေ”

“အေးဟုတ်တယ်၊ ကိုရီးယားတွေတောင်တက်ကြတယ်၊ အဖိုးကြီး အဖွားကြီးတွေကအစ ကလေးတွေအဆုံး တောင်တက်ကြတယ်”

“ကိုရီးယားဆေးပညာရှင်တွေက ခြေဖဝါးကို ဒုတိယနှလုံးလို့ တင်စားခေါ်ကြတယ်”

“ခြေဖဝါးက ဒုတိယနှလုံး”

“ခြေဖဝါးမှာရှိတဲ့ သွေးကြောမျှင်တွေက တစ်ကိုယ်လုံး သွေးလည်ပတ်ဖို့ အထောက်အကူပြုပေးတယ်၊ အဲဒီသွေးကြောင်မျှင်တွေကို ထိလိုက်တာနဲ့ နှလုံးကို သွေးတွေရောက်အောင် တွန်းပို့ပေးတယ်၊ နှလုံးကို သွေးရောက်လေလေ တစ်ကိုယ်လုံးကိုသွေးတွေ မှန်မှန်ကန်ကန်ပန်းထုတ်ပေးလေပဲ။ အဲဒီလိုပန်းထုတ်ပေးတာဟာ နှလုံးသွေးကြောကျဉ်း၊ နှလုံးအားနည်းတဲ့ အဖြစ်ဆိုးမျိုးတွေ ကင်းဝေးစေတယ်”

“လမ်းလျှောက်တာက တကယ်တန်ဖိုးကြီးပါလား”

“ကိုရီးယားပန်းခြံတွေမှာ ကျန်းမာရေးလျှောက်လမ်း တည်ဆောက်ပေးထားတယ်၊ အဲဒီလျှောက်လမ်း ကွမ်ကရစ်လမ်းတွေပေါ်မှာ လုံးချောကျောက်စရစ်ခဲတွေ တစ်ဝက်မြှုပ်ထားတယ်”

“ဘာလို့ အကုန်မမြှုပ်တာလဲ”

“လမ်းလျှောက်သူတွေက ဖိနပ်၊ ခြေအိပ်ချွတ်ပြီး အဲဒီလျှောက်လမ်းပေါ်မှာ လမ်းလျှောက်ကြတယ်၊ အဲဒီလို လမ်းလျှောက်တာက ခြေဖဝါးမှာရှိတဲ့ သွေးကြောတွေကို ဖိပေးနေတာကြောင့် နှလုံးကိုသွေးတွေရောက်ရှိအောင် တွန်းပို့ပေးလို့ တစ်ကိုယ်လုံးသွေးလည်ပတ်မှုမှန်ကန်ပြီး ကျန်းမာတယ်၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ တွေကို ကာကွယ်ပေးတယ်”

“ဟဲ့ မိန္တယ်၊ ငါတို့ကိုနေ့တိုင်းလမ်းလျှောက်ခေါ်နော်၊ နင်တစ်ယောက်တည်း တိတ်တိတ်ခိုးမလျှောက်နဲ့၊ နောက်တစ်ပတ်လမ်းလျှောက်ပွဲမှာ ငါတို့ကိုနိုးအောင်နှိုး”

စောစောအိပ်လို့ X စောစောထလို့ X စောစောလမ်းလျှောက်ကြပါစို့ X ကိုယ်ခန္ဓာသန်စွမ်းစေဖို့ X စိတ်နှလုံးရွှင်ပြုံးစေဖို့ X သူငယ်ချင်းအပေါင်းအသင်းတို့ X ပျော်ရွှင်ဖို့ X ကျန်းမာဖို့ X စောစောအိပ်လို့ X စောစောထလို့X စောစောလမ်းလျှောက်ကြပါစို့

၂၀၁၄ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ဗီနိုင်းက လေပြေတွင် တလူလူ၊ တလွှင့်လွှင့်။ ပြည်လမ်းပေါ်တွင် ခြေသံများ တဟိန်းဟိန်း၊ တခြိမ်းခြိမ်း။

ရို့စ်

ဤဝတ္ထုတိုသည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလ လှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲတွင် နှစ်သိမ့်ဆု - ၂ ရရှိသော ရို့စ်၏ ဝတ္ထုတိုဖြစ်ပါသည်။

မျဉ်းပြိုင်နှစ်ကြောင်း

ခင်တင့်ဝေ (မြို့တော်စည်ပင်)

သခ်ၤာနိယာမတွင် မျဉ်းပြိုင်နှစ်ကြောင်းသည် ဘယ်သောအခါမှ မတွေ့ဆုံနိုင်ဟု ရှိသော်လည်း ။ ။ ။

မျဉ်းပြိုင်နှစ်ကြောင်းသည် မမြင်ရသောတစ်နေရာတွင် ဆုံတွေ့ရမည်ဟု သခ်ၤာနိယာမကို ဆန့်ကျင်သူတစ် ယောက်ရှိလေသည်။ သူက တစ်ဦးတည်းသောသား ။ ။ ။

ကျော်ကျော်စိုး ။ ။ ။ ပြီးတော့ ။ ။ ညီအစ်မနှစ်ယောက်

အစ်မ တင်တင်ဝင်း ။ ။ ။

ညီမ လှလှဝင်း ။ ။ ။

သူငယ်ချင်း သုံးယောက် – အိမ်နီးနားချင်းများလည်းဖြစ်သည်။ ပုသိမ်တစ်မြို့တည်း၊ တစ်ကျောင်းတည်း၊ တစ်တန်းတည်း၊ တက္ကသိုလ်ဝင်တန်း ကျောင်းသားများဖြစ်ကြသည်။ သူတို့အားလုံး အသက် (၁၆) နှစ်ကျော် (၁၇) နှစ်ထဲမှာဖြစ်သည်။

တစ်ဦးတည်းသောသား ။ ။ ။

ကျော်ကျော်စိုး၏ ပုံစံက – အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ၅ ပေ ၁၀လက်မခန့် ကိုယ်လုံးကိုယ်ထည်က သွယ်လျလျဆိုသော်လည်း ကျစ်ကျစ်လျစ်လျစ်ရှိသည်။ သို့သော် စိတ်ဓါတ်က မိုက်မိုက်ကန်းကန်း၊ တုန်းဆိုတိုက်၊ ကျားဆိုကိုက်၊ ပုံစံမျိုးဖြစ်သည်။

ဘော်ကျော့ လှလှပပနေချင်သည်။ ဝတ်ချင်သည်။ ချမ်းသာလိုစိတ်များသည်။ မြန်မာ့လက်ဝှေ့ အတိုက် အခိုက်ကို ဝါသနာပါသည်။ ရွှေမုဋ္ဌော ဘုရားပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့ လူသစ်တန်းမှာ ကျော်ကျော်စိုး ပါဝင် ခဲ့သည်။ ပြိုင်ဘက် နှစ်ဦးစလုံးကို ဒူးပုံတိုက်ချက်ဖြင့် ပထမအချီမှာပင် အလဲထိုးအနိုင်ယူ၍ ပထမဆုကြေးကို ရရှိခဲ့သည်။

ကျော်ကျော်စိုး၏ အတိုက်အခိုက် စိတ်ဓါတ်၊ အရပ်အမောင်း၊ တိုက်ကွက်များကိုကြည့်ပြီး မြန်မာ့ရိုးရာ လက်ဝှေ့ဆရာ ဦးဒေါင်းစိန်က ။ ။ ။

‘ကဲ ကျော်ကျော်စိုး ။ ။ မင်း ။ ။ မြန်မာ့လက်ဝှေ့ကို တကယ်တမ်းလိုက်စားရင် နာမည်ကျော် ဖြစ်နိုင်တယ် ။ ။ ။ဒါမှမဟုတ်လျှင်လည်း အနောက်တိုင်းလက်ဝှေ့ လေ့ကျင့်မည်ဆိုရင်လည်း ရန်ကုန်က ငါရဲ့ မိတ်ဆွေ မြန်မာ့လက်ရွေးစင် ကိုဝင်းမောင်ဆီကို ပို့ပေးမယ် ။ ။ ။ဘယ်လိုလဲ’ ဟု မေးရာ ။ ။ ။

‘ဆရာရယ် ။ ။ ကျွန်တော်က လက်ဝှေ့ကို အပျော်သဘော ။ ။ ကိုယ်လုံပညာအဖြစ် သင်တာပါ။ ကျွန်တော်က စီးပွားရေးဘဲ လုပ်ချင်တယ်’ ဟု ပြန်ဖြေရာ ။ ။

‘ကျော်ကျော်စိုးရဲ့ စကားကြောင့် ဆရာဦးဒေါင်းစိန်မှာဘာမှမပြောဘဲ ခေါင်းတညိတ်ညိတ်နှင့်သာ ။ ။

တစ်ကယ်တော့ ဆရာဦးဒေါင်းစိန်သည် ကျော်ကျော်စိုးကို နာမည်ကြီး လက်ဝှေ့သမားတစ်ယောက်ဖြစ်ဖို့ လေ့ကျင့်စေပြီး ထိပ်တန်းလက်ဝှေ့ကျော် တစ်ဦးဖြစ်လိုသူ မဟုတ်ပါလား ။ ။ ။

ကျော်ကျော်စိုး၊ တင်တင်ဝင်း နှင့် လှလှဝင်း ။ ။ ။ ။

သူတို့မိဘများသည် မရှိမရှား၊ လူလတ်တန်းစား၊ အစိုးရဝန်ထမ်းများဖြစ်သည်။ ထို့ကြောင့်ပင် ။ ။ ‘ငါ ကြီးလာလျှင် ချမ်းသာရမည်၊ ဇိမ်နဲ့နေနိုင်အောင် လုပ်မယ်’’ ဟု သူရဲ့အခင်မင်ဆုံး သူငယ်ချင်း အမျိုးသမီး နှစ်ယောက်ဖြစ်တဲ့ တင်တင်ဝင်း နဲ့ လှလှဝင်းကို မကြာခဏ ပြောလေ့ရှိသည်။

အစ်မဖြစ်သူ တင်တင်ဝင်းသည် အရပ်အမောင်းကောင်းသည်။ ၅ ပေ ၇ လက်မအရပ်နှင့် ကိုယ်လုံးက ကျစ်ကျစ်လျစ်လျစ်နဲ့ နှာတံပေါ်ပေါ်၊ မျက်ခုံးထူထူ၊ နှုတ်ခမ်းပါးပါး၊ လေးထောင့်ဆန်သော မျက်နှာနှင့် အသားကညိုညို၊ စိတ်ဓါတ်ကမာသည်။ ဘာမဆို ထိထိမိမိလုပ်တတ်သည်။ ငုတ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်၊ စိတ်ဓါတ်ရှိသည်။ အားကစား ဝါသနာပါသည်။ အထူးသဖြင့် မီတာ (၁၅၀၀) နှင့် (၈၀၀) တာလတ်အပြေးကို စိတ်ဝင်စားသည်။

ဒါကြောင့်ပင် အထက်တန်းကျောင်းသူ (နဝမတန်း)နှစ်မှာပင်ပုသိမ်မြို့နယ်၊ အားကစားမှူး ဦးကိုကိုရဲ့ တိုက်တွန်းမှု၊ သင်ပြမှုကြောင့် ဒီဇင်ဘာ လူထုအားကစားလအထိမ်းအမှတ် ပုသိမ်မြို့ဖြတ် အမျိုးသမီး မိုက်ခရို မာရသွန်ပြေးပွဲတွင် ပထမဆု ဆက်တိုက် နှစ်ကြိမ် ချနိုပိယံဖြစ်ခဲ့သည်။

ညီမဖြစ်သူ လှလှဝင်းက နာမည်နှင့်လိုက်အောင် မျက်နှာပေါက်က ချစ်စရာ၊ နှာတံပေါ်ပေါ်၊ မျက်ခုံး ကောင်းကောင်း၊ နှုတ်ခမ်းပါးပါး၊ မျက်နှာသွယ်သွယ်၊ အသားအရည်ကဝင်း၍ ဝါရောင်သမ်းနေသည်။ အရပ်က မနှိမ့်အမြင့် ၅ပေ ၃ လက်မခန့် ရှိသည်။ အလှအပကိုကြိုက်သလို၊ ကဗျာရေးခြင်းနှင့် စာဖတ်ဝါသနာပါသည်။

ကျောင်းဆင်းချိန် သူတို့သုံးဦး ဆုံမိလျှင် အိမ်သို့ခြေလျင်လျှောက်ပြန်ကြရာ ။။

ကိုယ်ပိုင်ကားတစ်စီးသည် သူတို့သုံးယောက်နားမှ ပွတ်၍ တဟုန်တိုးမောင်းသွားရာ ။ ။ ။ကျော်ကျော်စိုး သည် ဒေါသတကြီး 'တောက်' ခေါက်ပြီး အဝေးရောက်သွားသော ကားကို အံ့ကြိတ်ကြည့်နေပြန်ရာ ။ ။

'ကဲ ။ ။ကျော်ကျော်စိုးရယ် လမ်းကကျဉ်းတော့ မတော်မဆပေါ့ကွယ်' ဟု လှလှဝင်းက ပြောလိုက်ရာ 'ပိုက်ဆံရှိလို့ လမ်းပေါ်က လူတွေကို ဂရုမစိုက် ။ ။ မထီမဲ့မြင်နဲ့' ဟု ကျော်ကျော်စိုးက မကျေမနပ်ပြောလိုက် လေသည်။

'ကဲ ။ ။ပါ ကျော်ကျော်စိုးရယ် ဒေါသမကြီးပါနဲ့ စိတ်ထိန်းထားစမ်းပါ' ဟုတင်တင်ဝင်း ပြောလိုက်မှ ကျော်ကျော်စိုး မကျေမနပ်မျက်နှာနှင့် ငြိမ်သွားတော့သည်။

'ကဲ ။။ငါတို့မှာ ဝါသနာတစ်မျိုးစီဆိုတော့ ကိုယ်ဝါသနာပါရာကို ထူးချွန်အောင်လုပ်ရမယ်နော်' ဟု တင်တင်ဝင်းက စကားပြန်စလိုက်သည်။

'ငါကတော့ ကျိန်းသေချမ်းသာအောင်လုပ်မယ် ။။။စိတ်ချ' ဟု ကျော်ကျော်စိုးက ပြောလိုက်သည်။

အဲဒီအခါ ။။ လှလှဝင်းကလည်း အားကျမခံ ။။

'ဟဲ့ ။။ကျော်ကျော်စိုး နင်ချမ်းသာအောင် လုပ်သလို ငါလည်း နာမည်ကျော် ကဗျာဆရာမဖြစ်စေရမယ်'

'ကဲ ။။ကဲ ကိုယ့်ရဲ့ရည်မှန်းချက်ကို အကောင်အထည်ဖော်တဲ့နေရာမှာ စစ်မှန်တဲ့ ဥပဒေဘောင်အတွင်းကဘဲ ဖြစ်စေရမယ် ။။ဒါပေမယ့် ဒို့တတွေ ဒီနှစ် (၁၀)တန်းကို နှစ်ခြင်းပေါက်အောင်ဖို့လိုတယ်' ဟု တင်တင်ဝင်းက ပြောလိုက်ရာ ။။

သူတို့သုံးယောက်စလုံး တစ်ယောက်လက်ဝါးကို တစ်ယောက် အောင်မြင်ရမည်ဟူသော အထိမ်းအမှတ် အဖြစ် လက်ဝါးခြင်း ရိုက်လိုက်ကြသည်။

♛♛♛♛

အတာကျူးသည့် တန်ခူးလကိုကျော်၍ နွေပိတောက်တို့လည်း ပွင့်ခဲ့ချေပြီ။

သို့နှင့် တက္ကသိုလ်ဝင်တန်းအောင်စာရင်း ထွက်လာသည်။ သူတို့သုံးဦးစလုံး အောင်ကြသည်။

သူတို့သုံးယောက်မှာ ပျော်မဆုံး၊ တပြုံးပြုံးနှင့် ပုသိမ်မြို့ရဲ့ အထိကရ ရွှေမုဋ္ဌော ဘုရားမှာ သက်စေ့ ရေသပ္ပါယ်ပြီး အလှူငွေများထည့်ကာ ဆုတောင်းကြသည်။

'ဟဲ့ ။ ။ ။ ကျော်ကျော်စိုး ။ ။။ နင် ဘာဆုတောင်းသလဲ' ဟု လှလှဝင်းကမေးရာ

'ငါလား ။ ။ သူဌေးကြီးဖြစ်အောင်လို့ပေါ့'

'နင်ကရော ။ ။ ။' ကျော်ကျော်စိုးက ပြန်မေးလိုက်ရာ

'ဘွဲ့ရပြီး နာမည်ကျော် ကဗျာဆရာမကြီး ဖြစ်ရပါ၏' လို့ဟု ဆုတောင်းတယ်

'ကဲပါ ။ ။ တော်ကြပါတော့ ။ ။ ။ကိုယ်လုပ်မှ ကိုယ်ဖြစ်မှာ အားလုံးကြိုးစားရမယ် ။ ။အလုပ်နဲ့ သက်သေပြကြပေါ့' ဟု တင်တင်ဝင်းက စကားဖြတ်၍ ပြောလိုက်သည်။

သူတို့ သုံးဦးသည် –

တက္ကသိုလ်ပညာ ဆက်လက်၍ ဆည်းပူးကြသည်။

ဘာသာရပ်က အတူတူပင် ပုသိမ်ကောလိပ်တွင် ဓါတုဗေဒ ပထမနှစ်ဖြစ်သည်။

သူတို့သုံးဦးသည် သွားအတူတူ၊ လာအတူတူ၊ တပူးတွဲတွဲနှင့် အချစ်ဆုံးသူငယ်ချင်းများဖြစ်ကြသည်။ တင်တင်ဝင်းသည် တက္ကသိုလ် ဘာသာရပ်အလိုက် ထူးချွန်အပြေးသမားဘဝမှ ပုသိမ်မြို့နယ်၊ ထိုမှတဆင့် ဇရာဝတီတိုင်းလက်ရွေးစင် ဖြစ်ခဲ့လေသည်။

ပထမနှစ်နှင့် ဒုတိယနှစ်ကို အောင်မြင်ခဲ့ပြီး ကံ့ကော်နှင့် စိန်ပန်းပြာတို့ ရနံ့လှိုင်သော ရန်ကုန်တက္ကသိုလ်သို့ ရောက်ခဲ့ကြသည်။

ကြိုးကြိုးစားစား မှန်ကန်သော ရည်မှန်းချက် နှင့် စိတ်ဓါတ်ကြောင့် ။ ။ ။

တင်တင်ဝင်းက တက္ကသိုလ်ပေါင်းစုံအပြေးတွင် လက်ရွေးစင်ဖြစ်လာသည်။

လှလှဝင်းမှာ ကဗျာ၊ စာပေလောကတွင် တဖြည်းဖြည်း နာမည်ရလာသည်။ ကလောင်အမည်က တက္ကသိုလ် လှလှဝင်း (ဓါတု)ဟူ၍ ဖြစ်သည်။

တင်တင်ဝင်းသည် အမေရိကန်မှ တာလတ်အပြေး ကမ္ဘာ့အိုလံပစ်ချန်ပီယံ (ဝီမလာရူဒေါ့) ကို အားကျမိသည်။ ဝီမလာ၏ ပြေးဟန်ပုံအမျိုးမျိုးကို သူမ၏ အိပ်ခန်းအတွင်း၌ ချိတ်ဆွဲထားပြီး ။ ။ ။ ဓါတ်ပုံအောက်တွင် 'ငါ လည်း အိုလံပစ်ရွှေတံဆိပ်ရှင်ဖြစ်ရမည်' ဆိုသော စာတမ်းကို ရေးထိုးထားပြီး နေ့စဉ်လေ့ကျင့်ခန်းမပြုလုပ်မီ စေ့စေ့ကြည့်၍ စိတ်ထဲမှာ 'ငါလည်း ဖြစ်ရမည်' ဟု ရေရွတ်တတ်သည်။

တင်တင်ဝင်းသည် မကြာမီ ကျင်းပမည့် မြန်မာပြည်တံခွန်စိုက် ပြေးခုန်ပစ် ပြိုင်ပွဲဝင်ရန်၊ အောင်ဆန်းကစား ကွင်းတွင် သွားရောက်လေ့ကျင့်သည်။ တစ်ချိန်က မြန်မာ့လက်ရွေးစင် တာလတ်အပြေးချန်ပီယံ ဒေါ်နုနုရီနှင့် အဆက်အသွယ်ရပြီး၊ နည်းစနစ် မှန်မှန်လေ့ကျင့်ခဲ့ရာ တိုးတက်မှုမှာ တစ်ရှိန်ထိုးကောင်းလာသည်။

တင်တင်ဝင်းနှင့် ကျော်ကျော်စိုးတို့သည် တတိယနှစ် ရန်ကုန်တက္ကသိုလ် ရောက်လာပြီး၊ မကြာခင်မှာပင် ရင်းနှီးမှုများမှ တစ်ဆင့် တိုး၍ ချစ်သူဘဝသို့ ရောက်ခဲ့သည်။ သို့သော် တစ်ဦးနှင့်တစ်ဦး ထိန်းထိန်းသိမ်းသိမ်းရှိကြသည်။

'ကျော်ကျော်ရယ်။ ။ ပြေးခုန်ပစ် အားကစားတစ်ခုခုလုပ်ပါလား၊ တင်တင်နဲ့အတူ လေ့ကျင့်ခန်းဆင်းကြရ အောင်လေ'

ချစ်သူ တင်တင်ဝင်းက သူရဲ့ဝါသနာနယ်ထဲဆွဲသွင်းရာ ။ ။

'ကိုယ်က စီးပွားရေးဘဲ လုပ်ချင်တယ် ။ ။ဒါမှ ကိုယ်ချစ်သူကို ရွှေပေါ်မြတင် ထားနိုင်မှာလေ၊ ခုလည်း စီးပွားရေးလမ်းကြောင်းကို တွေ့ထားတယ်' ဟု ပြန်ပြောရာ ။ ။

ချစ်သူ တင်တင်ဝင်းမှာ ထပ်ခါတစ်လဲ ဘာမျှမပြောနိုင် ။ ။ ငေးကြည့်လိုသာနေခဲ့ရရှာသည်။

ကျော်ကျော်စိုးမှာ အားကစားမလုပ်သော်လည်း ချစ်သူတင်တင်ဝင်း၊ လေ့ကျင့်ခန်းဆင်းသော အောင်ဆန်း ကွင်းသို့ မှန်မှန်အကြိုအပို့ လုပ်ပေးသည်။ ဒါကိုပင် တင်တင်ဝင်းမှာ ကျေနပ်နေရပေသည်။

ကျော်ကျော်စိုး အထူးတန်းခုံပေါ်တွင်ထိုင်ပြီး တင်တင်ဝင်း လေ့ကျင့်ခန်းဆင်းသည်ကို စောင့်ကြည့်နေစဉ် တင်တင်ဝင်းတို့ ပြေးခုန်ပစ်

အားကစားသမား (၃၀) ခန့်သည် လေ့ကျင့်ခန်းမပြုလုပ်မည် တန်းစီပြီး အားကစား သစ္စာအဓိဋ္ဌာန် (၄) ချက်ကို ရွတ်ဆိုကြရာ ။ ။ ။

– ကျွန်ုပ်တို့သည် မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့အပေါ်တွင် သစ္စာရှိပါမည်။

– ကျွန်ုပ်တို့သည် အားကစားသမားကောင်းတစ်ယောက် ဖြစ်မြောက်အောင် ကြိုးစားဆောင်ရွက်ပါမည်

– ကျွန်ုပ်တို့သည် အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလောက တိုးတက်ဖွံ့ဖြိုး အောင် ကြိုးစားဆောင်ရွက်ပါမည်။

– ကျွန်ုပ်တို့သည် အရှုံးမပေးသော ဇွဲစိတ်ဓါတ်ကို အရင်းခံ၍ တရားသောယှဉ်ပြိုင်၊ အနိုင်ရယူခြင်းကို လက်ခံ ကျင့်သုံးပါမည်ဟု သစ္စာအဓိဋ္ဌာန်ပြုပါ၏။

အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက်ကို ကြားရသော ကျော်ကျော်စိုးမှာ ကြက်သီးမွှေးညင်း ထသွားပြီး သူဝါသနာပါသော မြန်မာ့လက်ဝှေ့ကို ပြန်လည်လေ့ကျင့်လိုစိတ် ဖြစ်မိသော်လည်း ။ ။ ။

ပြီးတော့ ။။ ‘မင်းတို့အားလုံး အားကစားစိတ်ဓါတ်ရှိရမည်။ မှန်ကန်တဲ့ လမ်းကြောင်းပေါ်မှာ အောင်မြင်မှုကို ရယူရမည်၊ ရည်မှန်းချက်ရှိရမည်၊ ရည်မှန်းချက် မရှိတဲ့လူက ရွက်နဲ့တက်မပါတဲ့ လှေလို့ပဲ ဦးတည်ချက်မဲ့မယ်’ ဟုဆိုသော နည်းပြဆရာရဲ့ စကားကို ကြားရသောအခါ ။ ။ ။

‘အို ။ ။ ။ငါရဲ့ ရည်မှန်းချက်က သူဌေးတစ်ယောက်ဖြစ်ဖို့ဘဲ၊ ဒီအားကစားကရတဲ့ ဆုတံဆိပ်က ငါ့ဘဝကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် မလုပ်နိုင်ဘူး’ ဟု ခပ်တိုးတိုး ရေရွတ်ရင်း အံကြိတ်၍ သူရဲ့စိတ်ကို ပြန်လည် စုစည်းလိုက်သည်။

ပြီးတော့ ။ ။ ။ အထူးတန်း နံရံတစ်နေရာတွင် ရေးထားသော ။ ။ ။

– အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက် နေခြင်းဖြစ်သည်။

– အားကစားမြှင့်တင်မှုသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းကို ရောင်ပြန်ဟပ်စေသည်။

– အားကစားအောင်မြင်မှုသည် နိုင်ငံတော်ဂုဏ်သိက္ခာ၊ အဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြသည်။

စည်းကမ်းရှိရှိ – နည်းစနစ်မှန်မှန် – ပြင်းပြင်းထန်ထန်

လေ့ကျင့်ခြင်းမှသည် အောင်ပွဲဆီသို့ – ဟူသော စာတန်းနှင့် လေ့ကျင့်မှ ကျွမ်းကျင်, ကျွမ်းကျင်မှယုံကြည် – ယုံကြည်မှရဲရင့် – ရဲရင့်မှ အောင်မြင် ဟူသော စာတမ်းများနှင့် ပြေးခုန်ပစ်အားကစား တွင် ရွှေတံဆိပ်ရယူခြင်းဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်မည်ဟူသော စာတမ်းများ . . . ပြီးတော့ . . .

စိတ်ဓါတ်ခိုင်မာ သန်စွမ်းရေး၊ အားကစားကဏ္ဍမြှင့်တင်ပေး၊ ရှောင်လေဝေးဝေး မူးယစ်ဆေး

'မူးယစ်ကင်းစင် အားကစားနယ်မြေတစ်ခွင်'

'မှန်မှန်အိပ် . .. မှန်မှန်စား . . . မှန်မှန်ကစား . .. ကြံ့ခိုင်မှုအတွက် ကျင့်စဉ်များ'

'စည်းကမ်းသည်လူတန်ဖိုး' ဟူသော စာတမ်းများကို ဖတ်ပြီး စိတ်လှုပ်ရှားနေမိသည်။

♛♛♛♛♛

ဒီနေ့သည် ထူးထူးခြားခြား သာယာနေသည် . . . .

တိမ်တောက်သော တစ်ညနေ . . သူတို့တွေ့နေကြ အင်းလျားကန်ဘောင်ပေါ်တွင် . . . အင်းလျား ရေပြင်ကို ဖြတ်တိုက်လာသော လေနုအေးအေးလေးက မွှေးကြိုင်သော ပန်းရနံ့များနှင့်အတူ သူတို့ချစ်သူနှစ်ဦးကို လွှမ်းခြုံဝှေ့ရမ်းသွားသည်။ တင်တင်ဝင်းက ကျော်ကျော်စိုးရဲ့ မျက်နှာကို စေ့စေ့ကြည့်ရင်း . . .

'ကျော်ကျော် . . အခုတလော Class တွေ သိပ်ပျက်တာဘဲ၊ ဘာဖြစ်လို့လဲဟင်'

'ဩော် . . . ဒါလား၊ ကိုယ် . . သိပ်နေမကောင်းလို့ပါ'

'ဟင် ... ဒါ . . ဒါဆိုရင်၊ Medical Check-up လုပ်ကြည့်ပါလား'

'ရပါတယ် . . . ဆေးထိုး၊ ဆေးစားရင်း ပျောက်သွားမှာပါ'

ကျော်ကျော်စိုးမှာ ပြောသာပြောလိုက်ရသည် သူစိတ်က မလုံမလဲ ဖြစ်နေသည်။

ရိုးသားသော ချစ်သူတင်တင်ဝင်းမှာ ဂရုဏာအကြည့်ဖြင့် ကျော်ကျော်စိုးကို ငေးလျက်ကြည့်နေမိသည်။

'ကျော်ကျော် ... လာမည့်စနေနေ့က တင်တင်ရဲ့ မွေးနေ့လေ'

'ဩော် ... ဟုတ်သားဘဲ ကိုယ်အမှတ်တရ လက်ဆောင်ပေးရမယ်ပေါ့'

တင်တင်ဝင်းရဲ့ မွေးနေ့ စနေနေ့ဖြစ်သည်။

တင်တင်ဝင်းအသက် (၂၁) နှစ်ပြည့်ခဲ့လေပြီ ... .

ရွှေတိဂုံဘုရား စနေမွေးနေ့ထောင့်တွင် နှစ်ဦးသား ဆုတောင်းကြသည်။

ပန်း – ဆီမီး – ရေချမ်း ကပ်ကြသည်။

'တင်တင် ... .ဘာတွေဆုတောင်းသလဲဟင်' ကျော်ကျော်စိုးရဲ့အမေးကို ...

'တင်တင်ဆုတောင်းတာ နှစ်ချက်ဘဲရှိတယ်၊ တစ်ခုက ကိုယ်ချစ်တဲ့သူနဲ့ စိတ်တူကိုယ်တူနေရပြီး၊ နောက်တစ်ခုက ဘွဲ့ရပြီး အားကစားမျူးဘဝနဲ့ တာဝန်ထမ်းဆောင်ပြီး အောင်မြင်သော အားကစားမျိုးဆက်သစ် လူငယ်ထူးချွန်သူ တွေကို မွေးထုတ်နိုင်ပါစေလို့လေ'

ကျော်ကျော်စိုးက ချစ်သူတင်တင်ဝင်း၏ အဖြေကို သဘောကျစွာဖြင့် ခေါင်းတညိတ်ညိတ် ပြုံး၍နေပေသည်။

ပြီးတော့ ...

'ကဲ .. တင်တင် မျက်စိမှိတ်ထား'

'ဘာဖြစ်လို့လဲ ကျော်ကျော် .. ကဲ ကဲ မျက်စိမှတ်ထားလိုက်ပြီ'

ကျော်ကျော်စိုးက တင်တင်ဝင်း၏ ညာလက်သူကြွယ်တွင် လက်စွပ်တစ်ကွင်း ဝတ်ပေးလိုက်ပြီး 'ကဲ တင်တင် မျက်စိဖွင့်ကြည့်လိုက်တော့ ..'

'ဟယ် ... လှလိုက်တဲ့ လက်စွပ်လေး'

ဟုတ်ပါသည်။ ပတ္တမြားကို ရွှေကွပ်ထားတဲ့ လက်စွပ်၊ ပတ္တမြားကျောက်ကို အသည်းပုံဖေါ်ထားသည်။

'ကျေးဇူးတင်ပါတယ်ကျော်ကျော် .. အမြဲတမ်း အမှတ်တရ သိမ်းထားမယ်နော်'

ကျော်ကျော်စိုးက သူရဲ့ချစ်သူ ရွှန်းမြမြမျက်နှာကို ဝမ်းသာပီတိကြည့်လျက်

'ဒါနဲ့ ကျော်ကျော် ဘယ်ကပိုက်ဆံနဲ့ ဝယ်တာလဲဟင်'

'သြော် တင်တင်ရယ်၊ ကိုယ်အခု စီးပွားရေးလုပ်နေတယ်လေ'

'ဘယ်လို စီးပွားရေးလဲဟင် ။ ဥပဒေနဲ့ မလွတ်မကင်း မဖြစ်စေနဲ့နော်'

'မစိုးရိမ်ပါနဲ့ ။ ကိုယ်ရဲ့စီးပွားရေးကြောင့် မကြာခင် သူဌေးဖြစ်မယ်၊ အဲဒီအခါ ကိုယ့်ရဲ့ချစ်သူကို ရွှေပေါ်မြတင် ထားမယ်လေ'

တင်တင်ဝင်းသည် မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ။ ကျော်ကျော်စိုးကို စိုက်ကြည့်နေပြန်သည်။

ကျော်ကျော်စိုးကတော့ ။ ။ မခို့တရို့ ပြုံးစိစိနှင့် ။ ။ ။

'ကျော်ကျော် – တင်တင်ကိုပေးထားတဲ့ ကတိတွေ မှတ်မိသေးလားဟင်'

'မှတ်မိတာပေါ့ – တင်တင်ရယ်'

'ကဲ – ဒါဖြင့် – ပြန်ပြောပြစမ်း'

'အင်း ။ ။ ။ ဘာတဲ့ ။ ။ ။'

'ဟော ။ ။ထစ်ထစ် အအ ဖြစ်နေပြီ မေ့နေပြီမဟုတ်လား'

'မဟုတ်ပါဘူး ။ ။ ။ ဘာတဲ့ ။ ။ ။ အင်း ။ ။ဟုတ်ပြီ ။ ။ ဟုတ်ပြီ ။ ။ မွေးရပ်မြေ ပုသိမ်မြို့ရဲ့ ဝေနမြစ်ရေ စီးဆင်းနေသမျှ ရွှေမုဒ္ဒောဘုရားရှေ့မှာ တိုင်တည်ပါတယ် ။ နောက် ။ ဟောဒီ ။ ။ရန်ကုန် တက္ကသိုလ်ရဲ့ ကံ့ကော်နဲ့ စိန်ပန်းတွေပွင့်ပြီး အင်းလျားကန်ရေ မခမ်းသမျှ တင်တင်ဆိုတဲ့ ကောင်မလေးကို ဘယ်တော့မှ မခွဲဘူး မမေ့ဘူး ။ ။မကြိုက်တာကို မလုပ်ပါဘူးလို့ သစ္စာပြုထားပါတယ် ။ ။ကဲ ။ ။ကျေနပ်ပြီလား'

တင်တင်ဝင်းက ပြုံး၍ နှစ်နှစ်ခြိုက်ခြိုက် ခေါင်းညိတ်လိုက်လေသည်။

'သြော် ။ ။ တင်တင့်ကိုပြောရအုန်းမယ် ။ ။ ကိုယ်လေ တင်တင်နဲ့ပတ်သက်ပြီး သီချင်း (၂)ပုဒ်အမြဲ ဆိုမိတယ် ။ ။ ။'

'ဘာ ။ ။ ဘာ ။ ။ ဘာသီချင်းများလည်းကျော်ကျော်'

‘အင်း ။ ။ တစ်ပုဒ်က ကိုယ်တို့ ပုသိမ်ကောလိပ် မောင်မယ်သစ်လွင်နဲ့ တုန်းကဆိုတဲ့ ။ ။ ။ငဝန် မြစ်ကမ်းနံဘေးမှာ အတူလက်တွဲလျှောက်လို့ ရွှေမုဋ္ဌော ဘုရားကို လှမ်းမျှော်ရည် ။ ။ ကတိသစ္စာတည် ။ ။ဆယ်ကမ္ဘာ ဘယ်မရွှေ့ ။။။ မေတ္တာစစ်နှင့် ချစ်နေမည်ဆိုတာလေ ။ ။ ။’

‘နောက်တစ်ပုဒ်ကရော ဘာလဲဟင် ။ ။ ’

‘နောက်တစ်ပုဒ်ကတော့ ဟောဒီ ရန်ကုန်တက္ကသိုလ်ရဲ့ သီချင်းလေ ။ ။ ။’

‘ ကဲ ။ ။ ။ကဲ ။ ။ ကဲ ။ ။ဆိုပြစမ်းပါဦး’

‘ကံ့ကော်ပန်းခြောက်တွေနဲ့အတူ သူနဲ့တွေ့ရာမြေ ။ ။တက္ကသိုလ် (သို့မဟုတ်) မြကျွန်းသာ အင်းလျားကန် မြေ ။ ။ ။’ ဆိုတဲ့ သီချင်းလေးဟု ကျော်ကျော်စိုးက အသံနေ ။ ။ ။အသံထားနှင့် ဆိုပြလိုက်ရာ ။ ။

‘ကျော်ကျော်ကတော့ ။ ။ ရုပ်လည်းချော ။ ။ အသံလည်းကောင်း၊ အမူအရာလည်းကောင်းတယ်၊ ရုပ်ရှင်မင်းသားလုပ်ရင် ပိုကောင်းမယ်ထင်တယ်’ ဟု တင်တင်ဝင်းက ပြောလိုက်ရာ ။ ။

‘အင်း ။ ။ ။ကိုယ်လည်း စဉ်းစားနေတာပဲ ။ ။ဟီ ။ ။ဟီး’

‘ချစ်သူနှစ်ဦး ကြည်နူးနေသည်ကို အသိအမှတ်ပြုသလို အင်းလျားရေပြင်အေးအေးလေးကို တစ်ဖျတ်ဖျတ် လေပြေတိုက်လိုက်ရာ ။ ။ အင်းလျားရေပြင်တွင် လှိုင်းကြေပ်ခွပ်ကလေးများ ထသွားပါတော့သည်။

အနီးရှိ ပန်းခြံထဲမှ ငှက်ကလေးနှစ်ကောင်သည် သူတို့ချစ်သူနှစ်ဦးကို အသိအမှတ်ပြုသလို တကျီကျီ အော်မြည်၍ ပျံသန်းသွားပါတော့သည်။

♛♛♛♛♛

သို့နှင့် တတိယ ကျောင်းတက်နှစ်ဝက်ကျော်ခဲ့ပေပြီ

တင်တင်ဝင်းသည် အမျိုးသားတံခွန်စိုက်ပြေးခုန်ပစ် မီတာ (၈၀၀) နှင့် (၁၅၀၀) တွင် ပထမရပြီး မြန်မာ့ အပြေးလက်ရွေးစင်ဖြစ်ခဲ့ပေပြီး။ မကြာမီ မြန်မာ့အားကစား အဖွဲ့နှင့်အတူ SEA Games (အရှေ့တောင်အာရှကျွန်းဆွယ်) အားကစားပြိုင်ပွဲဝင်ရန် စင်္ကာပူနိုင်ငံသို့ သွားရပေမည်။

ကျော်ကျော်စိုးမှာ ကျောင်းတက်ရန်မမှန် မကြာခဏ ကျောင်းပျက်လေ့ရှိသည်

ဒါကို ညီမဖြစ်သူ လှလှဝင်းက အစ်မဖြစ်သူ တင်တင်ဝင်းထံ သတင်းပို့လိုက်ရာ ။ ။ ။

တင်တင်ဝင်းသည် ကျော်ကျော်စိုးရဲ့ အင်းဝဆောင်သို့ ကြိုးဖုန်းနှင့် ဆက်သွယ်လိုက်ရာ အခန့်သင့်ပင် အဆက်အသွယ်ရသည် ။ ။

'ဟဲလို ကိုကျော်ကျော်စိုးလား ဟင်'

'ဟုတ်ပါတယ်'

'ကျော်ကျော် ။ ။ တင်တင် စကားပြောနေတယ်။ ကျောင်းတွေအရမ်းပျက်နေတယ်ဆို'

'ဩော် ။ ။ တင်တင်ရယ် ။ ။ ကိုယ် နယ်ရောက်နေလို့ပါ။ အရောင်းအဝယ်ကိစ္စလေ'

'ကျောင်းပျက်ရက်သိပ်များရင် စာမေးပွဲဖြေခွင့်မရဘဲ ဖြစ်နေမယ်'

'စာမေးပွဲဖြေခွင့်မရလဲ စီးပွားရေးအောင်မြင်ဖို့ လိုတယ်လေ မဟုတ်လား တင်တင်'

'ကဲပါ တင်တင်ရယ် ကိုယ်ကျောင်းပြန်တက်ပါမယ်နော် ။ ။ ကဲကျေနပ်ပြီလား'

'နေအုန်း နေအုန်း တင်တင်ပြောစရာ ရှိသေးတယ်'

'ဘာများလည်း တင်တင်ရယ် ။ ။ '

'ကျော်ကျော် ။ ။ ခုတလော စီးကရက်တွေသောက်၊ အရက်တွေသောက်တယ်ဆို၊ တင်တင်ကို ပေးထားတဲ့ ကတိတွေမေ့သွားပြီလား'

'ဩော် ။ ။ ဒါလေးများ တင်တင်ရယ် တစ်ခါတစ်လေပါ – သူငယ်ချင်းတွေနဲ့ တွေ့တုန်း ဆုံတုန်းပါ၊ သူငယ်ချင်းဟောင်းရဲ့ မွေးနေ့ပါတီမှာ သောက်တာကလည်း နိုင်ငံခြားအကောင်စား အရက်ပါ'

'ဒါပေါ့ ။ ။ ဆေးလိပ်အစ၊ အရက်ကအလယ်၊ မူးယစ်ဆေးဝါးက အဆုံးတဲ့ – တင်တင် မကြိုက်ဆုံးဘဲ'

'ကဲ ။ ။ ။ ကဲ စိတ်မကောက်ပါနဲ့တော့ နောက်မလုပ်တော့ဘူးလို့'

ချစ်သူချော့ပြန်တော့လည်း ။ ။ ။ တင်တင်ဝင်းမှာ ပျော့ရပြန်တော့သည်။

♛♛♛♛♛

SEA Games မတိုင်မီကပင် ။ ။ ။ တင်တင်ဝင်း၏ မိခင်မှာ သမီးအောင်မြင်မှုအတွက် ရည်စူး၍ အထင်ကရ တန်ခိုးကြီးဘုရားများဖြစ်သော ရွှေတိဂုံစေတီမှ ပတ္တမြားမျက်ရှင်ဘုရား၊ ဗဟန်းမုခ်ဘက်မှ ကြေးသွန်း ဘုရားကြီး၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်စေတီတော်နှင့် ပုဇွန်တောင် ရွှေဘုန်းပွင့် ဘုရားများ၏ တင်တင်ဝင်း မွေးနေ့ စနေထေါင့်မှာ ပန်း၊ ဆီမီး၊ ရေချမ်းများကပ်လှူ၍ အောင်မြင်မှုအတွက် ဆုတောင်းရသည်မှာလည်း မမောနိုင်၊ မပမ်းနိုင် ။ ။ ။

ပြီးတော့ ယတြာများလည်း ကောင်းနိုးရာရာ ဆရာများနှင့် ပြုလုပ်ပြန်သည် ။ ။

ဒါကို – ဖခင်ဖြစ်သူ ဦးလှဝင်းက ။ ။ ။

‘ဒေါ်ခင်ထားရယ် ။ ။ခင်ဗျားယတြာတွေကောင်းလို့ ကျုပ်သမီး SEA Games မှာ ရွှေတံဆိပ်ရတယ်လို့ အထင်မမှားစေနဲ့နော် ။ ။သမီးကိုယ်တိုင်က ကြိုးစားတဲ့လူပါ ။ ။ ဘုရားရှင်ကလည်း ဟောထားတယ်မဟုတ်လား ။။။။အတ္တာဟိ အတ္တနော – နာထော – မိမိကိုယ်သာ ကိုးကွယ်ရာ၏ ကိုယ်တိုင်လုပ်မှ ကိုယ်တိုင်ရမှာပဲ ။ ။ အင်္ဂလိပ်စကားပုံမှာလည်း; (Depend on your self) မိမိကိုယ်သာ အားကိုးပါတဲ့’

‘ဩော် ။ ။ ဦးလှဝင်းရယ် ။ ။ ကျွန်မကလည်း ကျားကန်ပေးတာပါ ။။ အထောက်အပံ့ဖြစ်အောင်လို့ပါ’

‘အေး ။ ။ ။ အမေကြီးကို သံသယမဖြစ်ဖို့ ပြောတာပါနော် ။ ။ ။ တော်ကြာ သမီးစိတ်ဒွိဟ ဖြစ်မှာစိုးလို့ပါ ။ ။အားကစားဆိုတာ ကိုယ်တိုင်လုပ်မှ အောင်မြင်မှုရတာ မဟုတ်လား’

‘ဟုတ်ပါတယ်ဖေဖေ ။ ။အားကစားဆိုတာ ကိုယ်တိုင်လုပ်မှ အောင်မြင်တာပါ သမီးက စနေသမီးလေး ကိုယ်ဒူးကိုယ်ချွန် လုပ်တတ်သူလေ ။ ။သမီးကြိုးစားပါမယ် ဟု လေ့ကျင့်ခန်းအပြီး အိမ်ထဲလှမ်းဝင်လာသော သမီးတင်တင်ဝင်းက ပြောလိုက်ရာ ။ ။ ’

သမီးဖြစ်သူ တင်တင်ဝင်းကိုပြုံးပြုံးကြီးကြည့်ပြီး ဖခင်ဖြစ်သူက အောင်မြင်ရမည်ဟူသော အမှတ်အသားအဖြစ် လက်မထောင်ပြလိုက်ပါတော့သည်။

♛♛♛♛♛

၁၉၈၃ ခုနှစ် (၁၂) ကြိမ်မြောက် ။။။။

SEA Games (အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး) က စလေပြီ။

လှလှဝင်းတစ်ယောက် SEA Games သတင်းကို နေ့စဉ်စောင့်ဖတ်ရသည်မှာ မမောနိုင် မပမ်းနိုင်

တင်တင်ဝင်းသည် ခိုင်မာသော အားကစားစိတ်ဓါတ်ဖြင့် နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူရသော ချန်ပီယံ ဖြစ်ရမည်ဟူသည့် ရည်မှန်းချက်ဖြင့် ယှဉ်ပြိုင်လျက် ရှိပေသည်။

တီဗွီသတင်းအပြီး မြန်မာ့အားကစားအဖွဲ့၏ ဆုတံဆိပ်များကို ကြေငြာရာ ။။။

မြန်မာ့အားကစားအဖွဲ့သည် ရွှေတံဆိပ် (၄)ခု ထပ်မံရရှိရာ၊လက်ဝှေ့နှင့် ကရာတေးခို ပြိုင်ပွဲတွင် ရွှေ (၂)ခု၊ မြန်မာ့အမျိုးသမီး တာလတ်အပြေး မီတာ (၈၀၀) နှင့် (၁၅၀၀) ပြိုင်ပွဲတွင် တင်တင်ဝင်းက ရွှေတံဆိပ် (၂)ခု ရရှိကြောင်း၊ မီတာ (၈၀၀) တွင် တင်တင်ဝင်းသည် ပြိုင်ဘက်များကို နှာတစ်ဖျားဖြင့် ကပ်နိုင်သော်လည်း မီတာ (၁၅၀၀) တွင် စံချိန်သစ်တင်နိုင်ပြီး ပြိုင်ဘက်များကို (၁၅) မီတာခန့် ပြတ်ပြတ်သားသား အနိုင်ယူခဲ့ကြောင်း ကြေငြာသံကို ကြားရသောအခါ ။ ။

နောက်တစ်နေ့နံနက်စောစော သတင်းစာကိုယူပြီး ။ ။ ။

'ဖေဖေရေ မေမေ ဒီမှာ ကြည့်ပါဦး ။။'

လှလှဝင်းသည် သတင်းစာကိုကိုင်လျက် သူရဲ့ဖခင်နှင့် မိခင်ထံ အပြေးရောက်လာသည်။

'ဘာများလဲ သမီးရဲ့' ဖခင်ဖြစ်သူက အလျင်စလို မေးလိုက်သည်။

'ဒီမှာ ဒီမှာ မမလေး သူရဲ့ဓါတ်ပုံနဲ့'

'ဟဲ့ ။။သမီး၊ ညဉ်းမမက ဘာဖြစ်လို့လဲ' မိခင်ဖြစ်သူက ပျာပျာသလဲ မေးလိုက်ရာ

'မမ ။။မမလေ ရွှေတံဆိပ် (၂)ခုလုံးရတယ်။ ပြီးတော့ စံချိန်သစ်တင်နိုင်လို့ မြန်မာ့ အားကစားအုပ်ချုပ်ရေး အဖွဲ့က ထပ်ဆင့်ဂုဏ်ပြုတယ်'

'ဟေ ဒါမှ ဖေဖေ့သမီးကွ'

'ပေး ။။ပေးစမ်း မေမေ့သမီး ဓါတ်ပုံကြည့်ရအောင်'

SEA Games သတင်းများကို ဖတ်ပြီး၊ မနေ့ညက တီဗွီသတင်းထက် ပိုမိုစုံလင်စွာ သိရသောအခါ သားအမိသုံးယောက် မပြောနိုင်အောင် ဝမ်းသာပီတိ ဖြစ်ခဲ့ကြရပြန်သည်။

ပြီးတော့ လှလှဝင်းသည် သတင်းစာများကို တစ်ရွက်ချင်းဖတ်နေရာမှ

'ဟာတော့ ...'

'သမီး ဘာဖြစ်လို့လဲ ..'

'ဒါ .. ဒါ ကျော်ကျော်စိုးဓါတ်ပုံ မဟုတ်လား၊ ကြည့်ပါအုံး ဖေဖေရယ် ..'

'ဘာဖြစ်လို့လဲ သမီး ဖခင်ဖြစ်သူက မေးလိုက်သည်'

'ရော့ ဖေဖေဖတ်ကြည့်ပါအုံး' လှလှဝင်းက ပြောပြောဆို သတင်းစာကို ဖခင်ဆီ လှမ်းပေးလိုက်သည်

ဖခင်ဖြစ်သူ ဦးလှဝင်းသည် သတင်းစာကို သေချာစွာဖတ်လိုက်ပြီး . . .

'ဟင် ဒီကောင်လေးနဲ့ကွာ ဖြစ်မှဖြစ်ရလေ .. ဥပဒေနှင့်မလွတ်မကင်း ခုမှအသက်က (၂၁) နှစ်ပြည့်ရုံ ရှိသေးတယ် . .. ပန်းကောင်းအညွှန့်ကျိုးသလိုပါလား . . . ခေတ်ပညာတတ်ဖြစ်ပြီး . . ဦးလှဝင်းက စိတ်မ သက်မသာ ဂရုဏာဖြင့် ညီးညီးညူညူ ပြောလိုက်မိသည်။

'သြော် အပေါင်းအသင်းကြောင့်များလားကွယ် .'. မိခင်ဖြစ်သူ၏စကားကို

'မဟုတ် မဟုတ်ဘူး၊ မေမေ သူက ဖြတ်လမ်းနည်းနဲ့ ချမ်းသာအောင် လုပ်တာ သူဌေးဖြစ်ရမယ်လို့ သူ သမီးကို ခဏခဏ ပြောဖူးတယ်'

သတင်းစာထဲမှာ ဖော်ပြထားသည်က ..

တစ်ဖက်တွင် နိုင်ငံဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အပြေးမယ် . . . တင်တင်ဝင်း၊ ရွှေတံဆိပ်ကို မျှော်ကိုင်ထားသော ဓါတ်ပုံနှင့် ပန်းဝင်နေသော အပြေးပုံများနှင့် သတင်း ..

ပြည်တွင်းသတင်းစာ၊ ဂျာနယ်များသာမက နိုင်ငံခြား စာနယ်ဇင်းများတွင်လည်း တင်တင်ဝင်းအကြောင်းကို အကျယ်တဝင့် ရေးသားချီးကျူး ထားသည်ကို တွေ့ရပေသည်။ လာမည့်အာရှအိုလံပစ်ပြိုင်ပွဲတွင် အားထားရမည့် မြန်မာ့ကြယ်ပွင့် ဟူ၍ပင် တင်စားဖော်ပြထားလေသည်။

တစ်ဖက်စာမျက်နှာတွင် ..

မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုကြောင့် လက်ထိပ်ခတ်နှင့် အဖမ်းခံရသော ကျော်ကျော်စိုး၏ ဓါတ်ပုံ နှင့် သတင်း ..

သတင်းစာတွင် ဖော်ပြထားသည်မှာ –

ရှမ်းပြည်တစ်နေရာတွင် ကင်းလှည့်သော တပ်မတော်စစ်ကြောင်းနှင့် မူးယစ်ဂိုဏ်းတစ်ခု ထိပ်တိုက်ထိတွေ့ရာ အပြန်အလှန်ပစ်ခတ်ပြီး . ..

မူးယစ်ဂိုဏ်းမှ (၅)ယောက်လက်နက်ချ အဖမ်းခံ၍ (၃)ယောက်ကို အသေဖမ်းမိကြောင်း . . .

ယခုမူးယစ်ဂိုဏ်းသည် နာမည်ကြီးအဖွဲ့တစ်ဖွဲ့ဖြစ်ပြီး ယခုတွင် ကျပ်သိန်းပေါင်း တစ်သောင်းကျော် ဖမ်းဆီး ရမိကြောင်းကို မူးယစ်ဂိုဏ်းဝင် အဖွဲ့ဝင် (၈) ဦး၏ ဓါတ်ပုံနှင့်အတူ ဖော်ပြထားပြီး ဥပဒေအရ အရေးယူထားကြောင်း ကျော်ကျော်စိုးမှာ မူးယစ်ဂိုဏ်း၏အဓိက ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း . . .

လှလှဝင်းသည် သတင်းစာပါ ကျော်ကျော်စိုး၏ ဓါတ်ပုံများကိုကြည့်ရင်း . . .

သူတို့သူငယ်ချင်း သုံးယောက်၏ လှုပ်ရှားမှု နောက်ကြောင်းများကို ပြန်လည်မြင်ယောင်ပြီး . . .

အစ်မဖြစ်သူ တင်တင်ဝင်းအတွက် မျက်ရည်ဝဲမိလေသည်။

တစ်ယောက်သောသူက တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး လူညွှန့်တုံးစေမည့် မူးယစ်သားကောင်၊ ဒုစရိုက်သမား ဖြစ်လေသည်။

လှလှဝင်းသည် .. . .'စိတ်ဓာတ်ခိုင်မာသန်စွမ်းရေး အားကစားကဏ္ဍ မြှင့်တင်ပေး ရှောင်လေဝေးဝေး မူးယစ်ဆေး' ဟူသော ဆောင်ပုဒ်ကို စိတ်ထဲမှာ အပြန်ပြန်အလှန်လှန် ရွတ်ဆိုနေမိသည်။

ကျော်ကျော်စိုး၏ အဖြစ်အပျက်အလုံးစုံကို တင်တင်ဝင်းတစ်ယောက် သိခဲ့ပါမူ . . .

တကယ်တော့ ..

သူတို့ချစ်သူနှစ်ဦးသည် မူလဗီဇခြင်း မတူတော့ မည်သည့်အခါမှ မဆုံဆည်းနိုင်သည့် မျဉ်းပြိုင်နှစ်ကြောင်းပင် မဟုတ်ပါလား ..

ခင်တင့်ဝေ (မြို့တော်စည်ပင်)

ဤဝတ္ထုတိုသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလ လှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရရှိသော ခင်တင့်ဝေ (မြို့တော်စည်ပင်)၏ ဝတ္ထုတိုဖြစ်ပါသည်။

"မမြင်ရသောပန်းတိုင်"

ကျော်မျိုးသူ

မောင်မောင်ကျော် ။ ။ ။ ။ ။

အားကစားလောကတစ်ခုလုံးက မောင်မောင်ကျော်ဆိုရင် သိကြသည်။

ထိုထက်ဆိုလျှင်– အပြေးလောက ။ ။ ။ ။ ။အထူးသဖြင့် မာရသွန် အပြေးလောကတွင် ပို၍လူသိ များသည်။ အရပ်အမောင်းက ၅ ပေ ၁၀ လက်မခန့် အသားညိုညို ကိုယ်လုံးကိုယ်ထည်က ကျစ်ကျစ်လျစ်လျစ် မျက်နှာဝိုင်းဝိုင်း၊ နှာတံကပေါ်လွင်သည် စကားနည်းသည် အမူအယာအေးသည် သို့သော် ပျူငှာမှုရှိသည်။ ကူညီလိုစိတ်ကြောင့် အားကစားသမားတိုင်းက ချစ်ကြသည်။

မောင်မောင်ကျော် ။ ။ ။ ။ ။သို့မဟုတ် တပ်ကြပ်ကြီးမောင်မောင်ကျော် ။ ။

သူ– ဆယ်တန်းအောင်သောနှစ်မှာပင် ဖခင်သည် ရှေ့တန်းတစ်နေရာတွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားရသော အရာခံဗိုလ်တစ်ဦးဖြစ်သည်။

မောင်မောင်ကျော် တက္ကသိုလ်ဝင်တန်းအောင်သောနှစ်တွင် မိခင်ဖြစ်သူမှာ သားအတွက် ဝမ်းသာမိသည်။ ခင်ပွန်းသည်၏ ဆန္ဒအတိုင်း တက္ကသိုလ်ဆက်တက်ရန် ရည်ရွယ်ထားသည်။ သားဖြစ်သူမှာ တက္ကသိုလ်ဝင်တန်း ကို သချိ်ာဘာသာဂုဏ်ထူးဖြင့် အောင်မြင်သောကြောင့် မိခင်မှာ ပို၍အားတက်မိသည်။

သို့သော် ။ ။ ။ ။ ။ ''မေမေ ကျွန်တော်တက္ကသိုလ်ဆက်မတက်တော့ဘူး''

'ဟင် ။ ။ ။သား ။ ။ ။သားဘာပြောလိုက်တယ်'

'ဟုတ်တယ်–မေမေ သားတက္ကသိုလ်မတက်တော့ဘူး'

''ဘာ ။ ။ ။ဘာဖြစ်လို့လဲသား မင်းဖေဖေက မင်းကို တက္ကသိုလ်ဆက်တက်၊ ဘွဲ့ရပြီး ဌာနတစ်ခုမှာ ရာထူးရာခံနဲ့ ဖြစ်စေချင်တာ''

''ဟုတ်–ဟုတ်ပါတယ်မေမေ ဖေဖေရဲ့ ဆန္ဒကို သားဖြစ်ချင်ပေမယ့် ဖေဖေမရှိတဲ့နောက် မေမေ စက်ချုပ်ခလေးနဲ့ မလောက်မငှ– ဒီ–ညီမလေးနဲ့ ညီလေးတို့ကို လူတန်းစေ့ဖြစ်အောင် သား–အလုပ်လုပ်ချင် တာပါ''

''ဩော် ။ ။ ။သားရယ် ။ ။ ။မေမေ မပင်ပန်းပါဘူး ချွေတာကြတာပေါ့ သားတက္ကသိုလ်ကို ဆက်တက်ပါလား''

''တက္ကသိုလ်က လေးနှစ်ကြာမှာ ။ ။ ။ မေမေရဲ့ တစ်ယောက်တည်းလုပ်အားနဲ့ ဖေဖေပင်စင်မလောက် မဌ ။ ။ ။ ငယ်စဉ်ကသား ကြီးတော့အားတဲ့၊ သားဆယ်တန်းလည်းအောင်ပြီ အသက်လည်း(၁၈)နှစ်ပြည့်ပြီ သားအလုပ်လုပ်ပြီး မေမေ့ကို တစ်လှည့်ကျေးဇူးဆပ်ပါစေနော် မေမေ''

ထပ်ခါထပ်ခါသားရဲ့ ပြောဆိုမှုကြောင့် ။ ။ ။ သားဖြစ်သူရဲ့ ဆန္ဒကို လိုက်လျောရပြန်တော့သည်။

''ကဲ ။ ။ ။ ဟုတ်ပါပြီသား ။ ။ ။ ဘာလုပ်မယ်စိတ်ကူးလည်း''

''မေမေ မေ့သွားပြီထင်တယ် သားရဲ့ဖေဖေက စစ်သားကြီးလေ ဒီတော့ သားလည်းစစ်တပ်ထဲဝင်မယ်၊ ပြီးတော့ ။ ။ ။ ''

''ပြီးတော့ ။ ။ ။ ဘာဖြစ်လည်းသား''

''သားက အထက်တန်းကျောင်းသား ဘဝထဲက ဒီဇင်ဘာပြည်သူ့ အားကစားလနှင့် မြို့တော်ဝန်မာရသွန် အပြေးပြိုင်ပွဲတွေမှာ အကောင်းဆုံး (၁၀)ယောက်စာရင်းဝင်မဟုတ်လား ဆုတွေလည်းရခဲ့တယ်လေ''

''အင်း ။ ။ ။ ဟုတ်သားပဲ အဲ့ဒီတော့''

''သား စစ်တပ်ထဲဝင်မယ် ။ ။ ။ ပြီးတော့ မာရသွန်ဆက်ပြီးလေ့ကျင့်မယ်''

''ဘယ်တပ်ထဲ ဝင်မှာလည်းသား''

''တပ်ကြပ်ကြီး စာရေး စစ်ရုံးပေါ့မေမေရယ်''

''ဩော် ။ ။ ။ သားရယ် မေမေတော့ လက်လှမ်းမမီတော့ မပြောတတ်တော့ဘူး သားအဆင်ပြေ မယ်ဆိုရင် မေမေ မတားပါဘူး''

မောင်မောင်ကျော်သည် မိခင်ကြီးကို ရှိသေစွာ ဦးသုံးကြိမ်ကန်တော့ပြီး ။ ။ ။

''မေမေ ။ ။ ။ သားက ကွမ်းမစား၊ ဆေးလိပ်မသောက်၊ အရက်မသောက်၊ လောင်းကစားလည်း မရှိတော့ သားရတဲ့ လခကို မေမေနဲ့ ညီ၊ ညီမလေးတွေအတွက် ဖြစ်စေရမယ်နော်''

မောင်မောင်ကျော်ရဲ့ စကားကိုကြားရတော့ ။ ။ ။

တစ်ချိန်လုံးငြိမ်၍ နားထောင်နေကြသော (၇)တန်းကျောင်းသား ညီငယ်နှင့် (၅)တန်းကျောင်းသူ ညီမငယ်တို့ ပြုံးတူအော်လိုက်သည်က ။ ။ ။

''ဒါမှ ။ ။ ။ ဒို့ရဲ့ကိုကိုတဲ့ ။ ။ ။''

X X X X X X X X X

ဒီလိုနဲ့ ။ ။ ။ မောင်မောင်ကျော် တစ်ယောက် တပ်ကြပ်ကြီးစာရေးသင်တန်းသို့ ရောက်ခဲ့သည်။ တပ်ကြပ်ကြီးစာရေးသင်တန်း တက်နေစဉ် ရရှိသောအချိန်ပိုများကို အလဟဿ မဖြစ်စေဘဲ အပြေးလေ့ကျင့် သည်။ သင်တန်းဌာန ကိုယ်လက်ကြံ့ခိုင်ရေးတွင်လည်း အကောင်းဆုံးစံပြအဖြစ် သင်တန်းဆရာ၏ သတ်မှတ်ခြင်းကိုခံရသည်။

ထို့ပြင် ။ ။ ။ တာဝေးအပြေးတွင် နာမည်ရပြီးသူဖြစ်၍ သင်တန်းဆရာကလည်း အပြေးလေ့ကျင့်ချိန် ကိုဖန်တီးပေးသည်။

သင်တန်းတွင် အငယ်ဆုံးဖြစ်သော်လည်း ။ ။ ။ အားလုံးနှင့် ရင်းနှီးသည် ကူညီတတ်သူမို့ အားလုံးကလည်း ချစ်ကြသည်။

တစ်နေ့တွင် ။ ။ ။ တပ်ရေးဗိုလ်ကြီးက မောင်မောင်ကျော်ကို ရုံးခန်းတွင် ခေါ်တွေ့ရာ ။ ။ ။

''ကဲ ။ ။ ။ မောင်မောင်ကျော် လာမယ့် တပ်မတော် ကြည်း၊ ရေ၊ လေ ပြေးခုနှစ်ပစ် ပြိုင်ပွဲဝင်ရမယ်''

''ဟုတ်ကဲ့ပါ ဗိုလ်ကြီး ။ ။ ။ ဒါပေမယ့်''

''ဒါပေမယ့် ။ ။ ။ ဘာဖြစ်လဲ ။ ။ ။''

''ကျွန်တော် သင်တန်းပျက်ရက်တွေ ။ ။ ။''

မောင်မောင်ကျော်ရဲ့ စကားမဆုံးမီ ။ ။ ။

''ဒီအတွက် မပူနဲ့ ။ ။ ။ မင်းရဲ့သင်တန်းကလည်း ရှေ့သုံးပတ်ဆိုရင်ပြီးပြီ၊ ပြိုင်ပွဲက ရက်ရွှေ့လိုက် တော့ မင်းနှစ်ပတ်လေ့ကျင့်ချိန် ရမယ်''

''ဒီလိုဆိုရင် ။ ။ ။ အဆင်ပြေပါတယ် ဗိုလ်ကြီး ကျွန်တော်တော် ရွှေ-ရအောင်ပြေးပါမယ်''

''အေး ။ ။ ။ မင်းရွှေတံဆိပ်ရရင် နယ်မပို့ဘူး ပြီးတော့ မင်းအပြေးဆက်လေ့ကျင့်ခွင့်ရအောင် တပ်မှူးဆီအကျိုးအကြောင်း တင်ပြမယ်''

''ဟုတ်ကဲ့ပါ ။ ။ ။ ဗိုလ်ကြီး ကျေးဇူးတင်စွာနဲ့ အမိန့်နာခံပါတယ်''

မောင်မောင်ကျော်သည် တပ်ရေးဗိုလ်ကြီးကို အလေးပြုပြီး ရုံးခန်းထဲမှ ပြန်ထွက်လာရာ သူရဲ့ နောက်ကျောမှ ။ ။ ။ အရပ်အမောင်းကိုကြည့်ပြီး ။ ။ ။

''တကယ့်အားကစားသမားကောင်းဖြစ်နိုင်တဲ့ အရပ်အမောင်းနှင့် ရုပ်လက္ခဏာပါလား'' ဟူ၍ စိတ်ထဲက မှတ်ချက်ချမိလိုက်သည်။

တပ်ရေးဗိုလ်ကြီးသည် တစ်ချိန်က ။ ။ ။

ဘွဲ့ရပြီး အသက် (၂၀)ဝန်းကျင် ဗိုလ်သင်တန်းဆင်းပြီးနောက် တပ်မတော်တွင် ဘော်လီဘော၊ ဘတ်စ်ကက်ဘောနှင့် ဂျူဒိုပြိုင်ပွဲများတွင် ဆုတံဆိပ်များစွာ ရယူခဲ့သူလည်း ဖြစ်သည်။ ပြည်နယ်နှင့်တိုင်း လက်ရွေးစင်အထိ ရောက်ခဲ့သူဖြစ်သည်။

အားကစားအတွေ့အကြုံများသော တပ်ရေးဗိုလ်ကြီးသည် မောင်မောင်ကျော်၏ ရှေရေးအောင်မြင် မှုများကို ကြိုတင်တွေ့မြင်ပြီး ခေါင်းတညိတ်ညိတ်နှင့် ပီတိအပြုံးဖြစ်နေတော့သည်။

X X X X X X X X X

တစ်ဦးတည်းသော သူဌေးသမီး ကျော့ကျော့ခင် ။ ။ ။ လှသည်၊ မာနကြီးသည် ။ ။ ။ သို့သော် ။ ။ ။ အားကစားကိုဝါသနာပါ သည်။

မောင်မောင်ကျော်နှင့် (၈)တန်းကျောင်းသားဘဝကပင် တစ်တန်းတည်းတက်ခဲ့သူ ဖြစ်ကြသည်။ ကျော့ကျော့ခင်၏ ဖခင်မှာ စီးပွားရေးသမားတစ်ဦးဖြစ်၍ တိုးတက်မှုရှိလာသော ပြည်တွင်း ပြည်ပ သွင်းကုန် ထုတ်ကုန် လုပ်ငန်းရှင်တစ်ဦးဖြစ်သည်။

ကျော့ကျော့ခင်နှင့် မောင်မောင်ကျော်တို့သည် အထက်တန်းကျောင်းသား ဘဝမှာပင် သံယောဇဉ် ဖြစ်ခဲ့ကြ၍ တက္ကသိုလ်ဝင်တန်းကို နှစ်ချင်းပေါက်အောင်မြင်ခဲ့ကြသည်။ မောင်မောင်ကျော်က သချိ်ာဘာသာ ဂုဏ်ထူးရှင်ဖြစ်သည်။ ကျော့ကျော့ခင်ကတော့ ရိုးရိုးအောင်မြင်ခဲ့သည်။

ဒီတော့ ။ ။ ။ ''ကိုမောင် ။ ။ ။ တက္ကသိုလ်ဆက်တက်မယ်မဟုတ်လား''

''အင်း ။ ။ ။ ကိုမောင် တက္ကသိုလ်ဆက်တက်ချင်ပါတယ် ဒါပေမယ့် ။ ။ ။''

''ဒါပေမယ့် ။ ။ ။ ဘာဖြစ်သလဲဟင်''

ကျော့ကျော့ခင်ရဲ့အမေးကို မောင်မောင်ကျော်တစ်ယောက် ချက်ချင်းအဖြေပြန်မပေးဘဲ ။ ။ ။ဟိုး အဝေးတစ်နေရာကို ငေးကြည့်ပြီး ။ ။ သက်ပြင်းချလိုက်သည်၊ ပြီးတော့ ။ ။ ။

''ကိုမောင်ရဲ့ ။ ။ ။အမှေ့ဝင်ငွေ အဖေ့ပင်စင်နဲ့ ညီမလေး၊ ညီလေးတွေရဲ့ ကျောင်းစရိတ် ပြီးတော့ အိမ်အသုံးစရိတ်နဲ့ ဆိုတော့ ။ ။ ။အမေပင်ပန်းမယ် ဒါကြောင့် ကိုမောင် ။ ။ ။တက္ကသိုလ်ဆက်မတက်ဘဲ အလုပ်တစ်ခုခုလုပ်မယ်လို့ စိတ်ကူးထားတယ်''

''အင်း ။ ။ ။ကိုမောင်က ခေါင်းသိပ်မာတာပဲ ကိုမောင့် တက္ကသိုလ်ကျောင်းစရိတ်ကို အစအဆုံး ကျော့ကျော့တာဝန်ယူမယ်ဆိုတော့လည်း ကိုမောင်က လက်မခံဘူး''

''ဒီလိုမဟုတ်ပါဘူး ကျော့ကျော့ရယ် ကိုမောင် ဘယ်သူ့ကိုမှ ဝန်ထုပ်ဝန်ပိုးမဖြစ်စေချင်လို့ပါ''

''ကိုမောင်နဲ့ ကျော့ကျော့တို့က သူစိမ်းတွေလား တက္ကသိုလ်တက်မယ် ဘွဲ့ရပြီးရင် အဖေ့ကုမ္ပဏီမှာ အလုပ်လုပ်မယ် ပြီးတော့ ကျော့တို့နှစ်ယောက် လက်ထပ်မယ်၊ ကိုမောင်က သခ်ၤာဘာသာဂုဏ်ထူးနဲ့ ရထားတဲ့ ပညာနှမြောစရာကြီး''

''ဟုတ်ပါတယ် ။ ။ ။ကျော့ ။ ။ ။ပြောသလိုဘဲ ကိုမောင်လည်း ပထမတော့ စိတ်ကူးမိတယ် အမှေ့ကိုလည်း မပင်ပန်းစေချင်ဘူး ကျော့တို့ကိုလည်း ဝန်မပိစေချင်ဘူး''

''ဒီတော့ ။ ။ ။'' ကျော့ကျော့ခင်က မကြည်မသာ မျက်နှာထားနှင့် အသံခပ်ပျော့ပျော့ မေးလိုက်ရာ–

''အင်း ။ ။ ။ကိုမောင် ။ ။ ။အလုပ်ဘဲဆက်လုပ်မယ်''

''ကောင်းပြီလေ ။ ။ ။ကိုမောင် ။ ။ ။စိတ်အားသန်တာကိုဘဲလုပ်ပါ ။ ။ ။ကျော့ ။ ။ ။လက်လျော့ အရှုံးပေးပါတယ် ။ ။ ။ဒါနဲ့ဘယ်မှာလုပ်မှာလဲဟင် ။ ။ ။''

''ဩော် ။ ။ ။ကျော့ရယ် ။ ။ ။ကိုလေ ။ ။ ။တပ်ကြပ်ကြီးစာရေး လျှောက်ထားတယ်''

ကျော့ကျော့ခင်က ဘာမှမပြော မောင်မောင်ကျော်ကို စေ့စေ့ကြည့်လျက် ခေါင်းတညိတ်ညိတ်နှင့် မသိမသာ အံကြိတ်လျက်ရှိနေသည်။

မောင်မောင်ကျော်က တပ်ကြပ်ကြီးစာရေးသင်တန်းဆက်တက်သည်။

ကျော့ကျော့ခင်က တက္ကသိုလ်ဆက်တက်သည်။

ရည်မှန်းချက်ကိုယ်စီနှင့် ဖြစ်သည်။

တနင်္ဂနွေ– သင်တန်းနားရက်– ကျောင်းပိတ်ရက်တွင် သူတို့နှစ်ဦးတွေ့ဆုံကြသည်။ ဘုရားသွား ကျောင်းတက်အတူတူပင်ဖြစ်သည်။

စိန်ပန်းပြာတို့ပွင့်သော တက္ကသိုလ်ဝင်းအတွင်း၌ ချစ်သူနှစ်ဦးဆုံတွေ့ကြသည်။ ကျော့ကျော့ခင်ရဲ့ အဆောင်ဧည့်ခန်း၌လည်း တွေ့ဆုံကြပြန်သည်။ အင်းလျားကန်ဘောင်ရှိ ထိုင်ခုံလေးများသည် သူတို့အတွက် တွေ့ဆုံအပန်းဖြေနေရာလည်းဖြစ်ပြန်သည်။

သို့နှင့် စက္ကန့်၊ နာရီ၊ ရက်၊ လတို့ တဖြည်းဖြည်းကုန်ဆုံးခဲ့၍ ။ ။ ။ ။

မောင်မောင်ကျော်သည် သင်တန်းကာလ (၆)လပြည့်ပြီး တပ်ကြပ်ကြီးအဆင့်နှင့် စစ်ရုံးတွင် တာဝန်ထမ်းဆောင်ခွင့်ခဲ့ရသည်။

ဒီနေ့ တနင်္ဂနွေ အလုပ်အားရက်၊ ကျောင်းအားရက်ဖြစ်သည်။

မောင်မောင်ကျော်နှင့် ကျော့ကျော့ခင်တို့ တက္ကသိုလ် အသိုင်းအဝန်းဖြစ်သော အင်းလျားကန်ဘောင် ထိုင်ခုံတန်းတွင် တွေ့ကြသည်။

အင်လျားရေပြင်ကို ဖြတ်တိုက်လာသော လေနုအေးကြောင့် ။ ။ ။

''ကိုမောင် ရေပြင်ကိုဖြတ်တိုက်လာတဲ့ လေရဲ့ အအေးဓါတ်က တစ်ကိုယ်လုံးကို လန်းဆန်းသွားတာပဲ''

''ဒီထက်ပိုပြီး လန်းဆန်းအေးမြတဲ့အရာ ရှိသေးတယ် ကျော့ကျော့ရဲ့''

''ဟင် ။ ။ ။ဘာများလဲ ။ ။ ။ကိုမောင်''

ကျော့ကျော့ခင်က အံ့သြစွာဖြင့်မေးလိုက်သည်။

''ကဲ–ကဲ ကြားချင်ရင် နားဆင်ခင်ဗျား''

မောင်မောင်ကျော်က ဇာတ်ဟန်ပါပါပြောလိုက်ရာ ။ ။ ။

''ကိုမောင် – ကျော့ကျော့ကို နောက်နေတာလားဟင်''

''မ–မနောက်ပါဘူး ကျော့ကျော့ရယ်''

''ကဲ– ဒါဖြင့်လဲပြောလေ တကယ်ထဲမှ သူကိုသူ ဇာတ်မင်းသားကျနေတာပဲ''

''ဟဲ–ဟဲ ။ ။ ။ကဲ နားထောင် မောင်တို့ရဲ့ တပ်မှူးက ကိုယ်သင်တန်းမှာ စာပေထူးချွန်ဆုနဲ့ ပထမ ရလို့ဂုဏ်ပြုပွဲလုပ်တယ်၊ ပြီးတော့ နယ်ကိုမပို့ဘူး ကိုမောင်အပြေးလေ့ကျင့်ဖို့ နေ့ဝက် Out Pass ပေးတယ်''

''ဟယ် ။ ။ ။တကယ်လားကိုမောင်''

ကျော့ကျော့ခင်က ဝမ်းသာအားရမေးလိုက်သည်။

မောင်မောင်ကျော်က ခေါင်းညိတ်လိုက်သည်။

''ကိုမောင်–မြန်မာ့လက်ရွေးစင်ဖြစ်အောင် ကြိုးစားနော်– နောက်ပြီး ရွှေတံဆိပ် ရအောင်ယူရမယ်နော်''

''ဩော်– ဆက်ပြောရအုံးမယ် အဖွဲ့ချုပ်ကဆရာကလည်း မောင့်ကို အနီးကပ် ကြီးကြပ်လေ့ကျင့်ပေး မယ်တဲ့၊ အဖွဲ့ချုပ်ကရော တပ်ကရော ထောက်ပံ့မှုတွေ ပေးမယ်''

''ဟယ်– ဝမ်းသာလိုက်တာကိုမောင်ရယ်– ကိုမောင်လက်ရွေးစင်ဖြစ်ပြီး နိုင်ငံတကာပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ရလာလျှင် သူငယ်ချင်းတွေကို အားပါးတရ ကြွားပစ်လိုက်မယ်၊ ပြီးတော့ ကျော့ကျော့တို့ရဲ့ မင်္ဂလာ ဖိတ်စာထဲမှာ တပ်ကြပ်ကြီး မောင်မောင်ကျော် မြန်မာ့လက်ရွေးစင် ပြေးခုန်ပစ်၊ ရွှေတံဆိပ်ရှင်ဆိုပြီး ထည့်ရိုက်မယ်နော် ကိုမောင်''

ကျော့ကျော့ခင်သည် ကလေးငယ်ပမာမ တိုးမကျယ် လက်ခုပ်တီးပြီး ဝမ်းသာအားရ ခုန်ဆွခုန်ဆွနှင့်–

ကျော့ကျော့ခင်ရဲ့ လှုပ်ရှားမှုကို သဘောကျစွာဖြင့် မောင်မောင်ကျော်က တဟားဟား ရယ်လိုက်ပြီး

ကျော့ကျော့ခင်ရဲ့ နဖူးပြင် ဖြူလွလွမို့မို့မောက်မောက်ကလေးကို ကြူကြူမွှေး လိုက်ရာ ။ ။ ။

''ဟောတော့–ကိုမောင်နော်– မကဲနဲ့– သူများတွေမြင်သွားမှဖြင့်''

ကျော့ကျော့ခင်က နှုတ်ခမ်းစူရဲ့ မျက်စောင်းထိုးကာ ဒေါပွစွာဖြင့် ပြောလိုက်သည်တွင် ။ ။ ။

''ကဲပါ– ကျော့ရယ်– ကိုမောင်အလျှော်ပြန်ပေးမယ် မကျေနပ်ရင် မွှေးမွှေး ပြန်ယူနော်''ဟုပြောလိုက်၍ ''ကိုမောင်နော်– ပြောလေကဲလေမလုပ်နဲ့ ကျော့ စိတ်ဆိုးလိုက်မှာ ။ ။ ။ '' စကားမဆုံးမီ မောင်မောင်ကျော်က ကျော့ကျော့ခင်ရဲ့ ကိုယ်လုံးကျစ်ကျစ်လေးကို သူ့ရဲ့ရင်ခွင်ထဲ ဆွဲသွင်းယူလိုက်ရာ ။ ။ သူတို့နှင့် မနီးမဝေးရှိ ပန်းရုံနားမှ ငှက်ကလေးနှစ်ကောင်သည် ပလီပလာ တီတီတာတာ အော်မည်၍ တစ်ကောင်နှင့် တစ်ကောင် ကလူကျီစယ်ပြီး ပြန်သွားကြသည်ကို ချစ်သူနှစ်ဦးက ကြည်နူးစွာကြည့်လျက်။ ။

မောင်မောင်ကျော်သည် ဝမ်းသာစိတ်များ လွှမ်းမိုးလျက် ချစ်သူ လိုချင်တောင်းတသည့် ရွှေတံဆိပ်ဆု ရရှိအောင် ။ ။ ။ပြီးတော့ နိုင်ငံနှင့် လူမျိုးအတွက် ဂုဏ်မြှင့်စေမည့် အောင်ပွဲအတွက် (နည်းစနစ်မှန်မှန်၊ ပြင်းပြင်းထန်ထန် လေ့ကျင့်ခြင်းမှသည် အောင်ပွဲဆီသို့)ဟူသော ဆောင်ပုဒ်ကို စိတ်ထဲမှာ ရေရွတ်ရင်း ရွှေတံဆိပ် ရအောင် လေ့ကျင့်မည်ဟု ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။

X X X X X X X X X

တနင်္ဂနွေအားလပ်ရက်တစ်ခုတွင် ။ ။ ။

မောင်မောင်ကျော်နှင့် ကျော့ကျော့ခင်တို့ ရွှေတိဂုံဘုရားဖူးရန် တူယှဉ်တွဲလျှက် ရောက်ခဲ့ကြသည်။ နှစ်ဦးသား ပန်း၊ ဆီမီး၊ ရေချမ်း ကပ်လှူအပြီး ။ ။ ။

ကျော့ကျော့ခင်ရဲ့ တက္ကသိုလ် စာသင်တတိယနှစ်ဝက် ရောက်ခဲ့ပေပြီ ။ ။ ။

မောင်မောင်ကျော်ရဲ့ စစ်မှုထမ်းသက် (၃)နှစ်ကျော်ကာလ ရောက်ခဲ့ပေပြီ။

''ဩော် ။ ။ ။ကိုမောင် ကျော့ကျော့ကို ပြောရအုံးမယ်''

''ဘာများလဲ ကိုမောင်''

''ဒီလိုလေ– မောင်တို့ရဲ့ တပ်ရေးဗိုလ်ကြီးက ကိုမောင့်ကို ဒု–ဗိုလ်အရာရှိ စာမေးပွဲဖြေဖို့ပြောတယ်''

''ဟင်– ဘယ်တော့လဲ ကိုမောင်'' ကျော့ကျော့ခင်က ဝမ်းသာအားရ မေးလိုက်သည်။

''အခု– နိုဝင်ဘာလနော် ရှေ့လာမယ့် ဖေဖော်ဝါရီလထဲမှာ ဖြစ်မယ်''

''ကိုမောင်– ဗိုလ်သင်တန်းဖြေမယ်မဟုတ်လား ။ ။ ။''

''အင်း– ပထမတော့ ကိုမောင်စဉ်းစားတယ်– နောက်တော့ ။ ။ ။''

''နောက်တော့– ဘာ– ဘာဖြစ်သလဲ ကိုမောင်''

''ကိုမောင် ဗိုလ်သင်တန်းမဖြေဘူး နောက်နှစ်မှ ။ ။ ။'' မောင်မောင်ကျော်ရဲ့ စကားမဆုံးမီ ။ ။ ''ဟင်– ကိုမောင် ဘာပြောတယ်– ဗိုလ်သင်တန်း မဖြေဘူးဟုတ်လား''

မောင်မောင်ကျော်က ဘာမှမပြော ခေါင်းညိတ်ရုံသာညိတ်လိုက်သည်။

''ဘာဖြစ်လို့ ဗိုလ်သင်တန်းမဖြေတာလဲ'' ကျော့ကျော့ခင်က အလိုမကျသံနှင့် မေးလိုက်သည်။

''ကိုယ်– ဗိုလ်သင်တန်းဖြေမယ်ဆိုရင် စာကျက်ရက်နဲ့ သင်တန်းတက်ရက် အနည်းဆုံး (၆) လ (၇)လ ကြာသွားမယ်''

''ကြာတော့– ဘာဖြစ်လဲ ဘဝအာမခံချက်ရှိမှာလေ''

''ဩော်– ကျော့ကျော့ရယ်– ဗိုလ်သင်တန်းက ဖြေတိုင်းရော အောင်မှာလား''

''ကိုမောင်ရဲ့ အရည်အချင်းနဲ့ မအောင်စရာအကြောင်းမရှိဘူး–ကဲ ဗိုလ်သင်တန်းဖြေမယ်မဟုတ်လား''

ကျော့ကျော့ခင်ရဲ့ အမေးကို ခေတ္တမျှ စဉ်းစားနေသည်။

ကျော့ကျော့ခင်က မျှော်လင့်တကြီး မောင်မောင်ကျော်ရဲ့ မျက်ဝန်းကို စိုက်ကြည့်နေသည်။

ခေတ္တမျှအချိန်ကြာတော့ ။ ။ ။

''ကိုယ်မဖြေဘူး– အပြေးကိုဘဲ လေ့ကျင့်မယ်''

''ဟင်–ဘာ–ဘာဖြစ်လို့လဲ'' ကျော့ကျော့ခင်က မောင်မောင်ကျော်ရဲ့စကားကို အံ့သြစွာမေးလိုက်သည်။

''ဟုတ်တယ် ကျော့ကျော့– ကိုယ်–ဒီ– ဗိုလ်သင်တန်းတက်လိုက်လျှင် အာရှပြေးခုန်ပစ်ပြိုင်ပွဲ လွတ်သွားမယ် နောက်ထပ်လေးနှစ်ထပ်စောင့်ရမယ် အဲ့ဒီအခါ ကိုယ့်ရဲ့အသက် (၄)နှစ်ကြီးသွားမယ် နောက်ပြီး ခုလိုစံချိန်ကောင်း ရချင်မှရမှာ

ဗိုလ်သင်တန်းက ဒီနှစ်မဖြေလည်း နောက်နှစ်ဖြေလို့ရပါတယ်။ ကိုယ့်အသက် မီပါသေးတယ်။

''မဟုတ်သေးဘူး– ကိုမောင်– ကိုမောင်မှားနေပြီ ကိုယ့်ရဲ့ ဘဝအာမခံချက် ရှိတာကို ရွေးရမယ်လေ'' ကျော့ကျော့ခင်ရဲ့ အသံတွေက တုန်၍မာနေသည်။

''ကျော့ကျော့ရယ်– ကိုယ့်ရဲ့ဆန္ဒကိုလည်း နည်းနည်းလောက် လိုက်လျောပါလား အားကစားအောင်မြင်မှုဟာ နိုင်ငံနဲ့လူမျိုးရဲ့ ဂုဏ်သိက္ခာကို မြှင့်တင်ပေးတယ်ဆိုတာကို မေ့နေပြီလား။ ကိုမောင်နိုင်ငံတော်ရဲ့ တာဝန်ကို ကျေပွန်စေချင်တယ်''

''ကိုမောင် ကျော့ ဘက်ကိုလည်း စဉ်းစားပေးပါ ကျော့တို့ရဲ့ အသိုင်းအဝိုင်းက သူဌေးသူကြွယ်တွေလေ အားလုံးဂုဏ်ဒြပ်နဲ့ နေကြတာ–ကျော့ရဲ့ ခင်ပွန်းက ငွေမရှိလည်း ရာထူးတော့ရှိရမှာပေါ့။ ဒါမှ ကျော့ရဲ့အသိုင်းဝိုင်း မှာ လက်မထောင်ပြီး ခေါင်းမော့နေနိုင်မှာ။ ကျော့ရဲ့ ခင်ပွန်းက ရာထူးလည်းမရှိ ငွေကြေးလည်းမရှိလျှင် ကျော့မျက်နှာငယ်မှာပေါ့''

''ကျော့ရယ်– အားကစားအောင်မြင်မှုဟာ နိုင်ငံနဲ့ လူမျိုးရဲ့ အဆင့်အတန်းကို ဖော်ပြနေတယ်ဆိုတာ မေ့နေပြီလား''

မောင်မောင်ကျော်ရဲ့ စကားကို ကျော့ကျော့ခင်ကလက်မခံဘဲ ခေါင်းကို တစ်သွင်သွင်ခါရမ်းနေသည်။

နောက်ဆုံး– တစ်ဦးနှင့်တစ်ဦး ဘယ်လိုမှ ညှိမရသောအခါ ။ ။ ။

X X X X X X X X X

မောင်မောင်ကျော်နှင့် ကျော့ကျော့ခင်တို့မှာ ။ ။ ။

မောင်မောင်ကျော်သည် အာရှပြေးခုန်ပစ်ပြိုင်ပွဲအတွက် ပြင်းပြင်းထန်ထန် လေ့ကျင့်နေရသော အချိန်– ကျော့ကျော့ခင်မှလည်း တတိယနှစ်ဖိုင်နယ် စာမေးပွဲဖြေရန် နီးကပ်လာသောအချိန် ။ ။ ။

သူတို့နှစ်ဦးသည်– အားလပ်ရက်– တနင်္ဂနွေနေ့တိုင်း တွေ့ဆုံဖို့ အချိန်မပေးနိုင်ကြ ။ ။ ။သို့နှင့် သုံးလကျော်ကြာခဲ့ပေပြီ ။ ။ ။

တစ်ဦးနှင့်တစ်ဦး အနေဝေးလာသည်ဟု ဆိုရမတတ် ။ ။ ။

တစ်နေ့သော– ညနေတွင် ။ ။ ။

''ဟေ့– မောင်မောင်ကျော်– မင်းရဲ့ မဟေသီလောင်း ကျော့ကျော့ခင်ကို ငါ ဇိုလ်ချုပ်စျေးထဲမှာ အမျိုးသားတစ်ယောက်နဲ့ တွေ့လိုက်တယ် ကိုယ်ပိုင်ကားတစ်စီးပေါ်တက်သွားပြီး ရယ်ရယ်မောမောနဲ့ ဘယ်လို ဖြစ်ကြတာလဲ''

သူငယ်ချင်းတစ်ဦးက ပြောလာသည်တွင် ။ ။ ။

မောင်မောင်ကျော်က ရယ်ပြီး ။ ။ ။

''သူရဲ့ ဆွေမျိုးသားချင်းဖြစ်မှာပေါ့ကွာ''

''မဟုတ်ဘူးကွ– ငါ့အမြင်တော့ ဘာလိုလို ညာလိုလိုဘဲ''

''အင်း– သူ့အကြောင်းနဲ့သူ ဖြစ်မှာပေါ့ကွာ'' မောင်မောင်ကျော်က စကားဖြတ်ပြောလိုက်သည်။

မောင်မောင်ကျော်သည် အတွေးပေါင်းများစွာနှင့် ကျော့ကျော့ခင် အကြောင်းများကို တွေးနေမိသည်။ အခုတလော သူနှင့် ကျော့ကျော့ခင် မတွေ့ကြသည်မှာ (၃)လကျော်လာခဲ့ပေပြီ။

မောင်မောင်ကျော် ဖုန်းဆက်တော့လည်း စာမေးပွဲနီးနေလို့ ကျောင်းစာတွေနဲ့ မအားလပ်ပါဟူ၍ပင် အကြောင်းပြန်တတ်လေသည်။

သို့နှင့် ။ ။ ။ မောင်မောင်ကျော် အပြေးလေ့ကျင့်ခန်း လုပ်နေသော်လည်း သူ့ရဲ့စိတ်များက ကျော့ကျော့ခင်ထံ ရောက်နေသည်။

''အား ။ ။ ။''

မောင်မောင်ကျော် ပြေးနေရာမှ ရုတ်တရက် ထိုင်ချလိုက်သည်။

လေ့ကျင့်ဖက် သူငယ်ချင်းများနှင့် နည်းပြဆရာ ရောက်လာသည်။

''မောင်မောင်ကျော်– ဘာ–ဘာ–ဖြစ်သွားသလဲဟင်''ဟု နည်းပြဆရာက မေးလိုက်သည်။

''သူငယ်ချင်းဘာဖြစ်သွားလဲ''

နည်းပြဆရာနှင့် သူငယ်ချင်းများက ဝိုင်းမေးနေကြသည်။ မောင်မောင်ကျော်သည် သူ့ရဲ့ဘယ်ဘက် ခြေကျင်းဝတ်ကို နှိပ်ထားရင်း ။ ။ ။

''ကျွန်တော်– ကျွန်တော့်– ခြေထောက်ခေါက်သွားတယ်ဆရာ'' ဆေးခန်းသို့ ရောက်ခဲ့ပေပြီ ။ ။ ။

အမှတ် (၂) တပ်မတော်စစ်ဆေးရုံတွင် ။ ။ ။မောင်မောင်ကျော်ရဲ့ ခြေထောက်ကို အားချင်းဓါတ်မှန် ရိုက်၊ ဆေးထိုးပြီး ကျောက်ပတ်တီးစီးကာ ဆေးရုံတွင် (၂)ပတ်ခန့်နားရန် အထူးကုဆရာဝန် ဗိုလ်မှူးက မိန့်ဆိုလာသည်။

သို့နှင့် မောင်မောင်ကျော် စစ်ဆေးရုံတွင် ရှိနေခိုက် (၅)ရက်မြောက်သော နေ့တွင် ။ ။ ။ကစားဖော် သူငယ်ချင်းတစ်ယောက်က မဂ်လာဖိတ်စာ တစ်စောင်ပို့လာသည်။

စာအိတ်ပေါ်တွင် ။ ။ ။ကိုမောင်မောင်ကျော်ဟူ၍ ကွန်ပျူတာစာလုံးနှင့် ရိုက်ထား၍ မည်သူမည်ဝါ ဟူ၍ မခန့်မှန်းနိုင်ရှိနေသည်။

ဖိတ်စာအိတ်ကို ဖွင့်လိုက်သောအခါ – ဖိတ်စာနှင့် စာတစ်စောင်ကို တွေ့လိုက်ရသည်။

ဖိတ်စာတွင် ။ ။ ။တစ်ဦးတည်းသောသား ။ ။ ။

ကိုကိုဦး (B.Sc). Director. – ကုမ္ပဏီနှင့် တစ်ဦးတည်းသောသမီး –

ကျော့ကျော့ခင် (B.Sc) Final တို့၏ မဂ်လာဖိတ်စာ ။ ။ ။

Strand Hotel တွင် မဂ်လာပွဲကျင်းပမည်တဲ့ ။ ။ ။

''ဩော် နေနဲ့လ ရွှေနဲ့မြပမာ ငွေကြေးချမ်းသာသူချင်း လိုက်ဖက်ပါသည်''ဟု မောင်မောင်ကျော်က မှတ်ချက်ချမိသည်။

ပြီးတော့ ။ ။ စာ–ကိုဖွင့်ဖတ်လိုက်သည်။ လက်ရေးမြင်သည်နှင့် ကျော့ကျော့ခင်ရဲ့ လက်ရေးမှန်း သိလိုက်သည်။

သို့

ကိုမောင်မောင်ကျော် ။ ။ ။

စာရဲ့အစကို ဖတ်မိလိုက်ရာ ''ဩော်– တစ်ချိန်က ကိုမောင်တဲ့– အခုတော့ ကိုမောင်မောင်ကျော်တဲ့ တစိမ်းဆန်လှတဲ့ ကျော့ကျော့ခင်ရယ်'' မောင်မောင်ကျော် သည် မခို့တရို့ မထိမဲ့မြင် စပ်ဖြီးဖြီးပြုံးကြည့်နေမည့် ကျော့ကျော့ခင်ရဲ့ မျက်နှာကို မြင်ယောင်နေမိသည်။

စာကိုဆက်ဖက်လိုက်ရာ ။ ။ ။

ကိုမောင်မောင်ကျော် ကျွန်မရှင်နဲ့ လက်ထပ်လိုက်ရင် ဘဝအာမခံချက်မရှိပါ။ ကျွန်မရဲ့ အသိုင်းအဝန်းမှာ ရာထူးငွေကြေး တစ်ခုခုရှိမှ လူရာဝင်မှာ ဒါကြောင့် သွင်းကုန်ထုတ်ကုန် ကုမ္ပဏီပိုင်ရှင် ပညာတတ်ဘွဲ့ရ တစ်ဦးတည်းသောသား– ကိုကိုဦးနဲ့လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဖိတ်စာကိုလည်း ပို့လိုက်တယ်။ အချိန်ရရင် လာခဲ့ပါ ။ ။ ။

စေတနာနဲ့ တစ်ခုသတိပေးချင်တာကတော့ ။ ။ ။

ရှင့်ရဲ့ အားကစားက ဘဝအာမခံချက် မရှိဘူးလို့ထင်တယ်။ မှားရင်လည်းခွင့်လွှတ်ပါ– ရှင့်ရဲ့ (၂၆) မိုင်ကျော် မမြင်ရတဲ့ မာရသွန်ခရီးကို ပြေးသွားနေမယ့်အစား မြင်နေရတဲ့ ရှင့်ရဲ့ ဘဝအာခံချက်ရှိတဲ့ ပန်းတိုင်ကို လှမ်းလျှောက်သွားစေချင်ပါတယ် ။ ။ ။

အခုတော့ ရှင့်ရဲ့ မာရသွန်ဘဝအာမခံချက်ဟာ ခြေထောက်ဒဏ်ရာရပြီး အပြေးလောကကိုသာမက ဗိုလ်သင်တန်းကိုပါ လက်လွှတ်လိုက်ရပြီမဟုတ်လား''

တစ်ချိန်က–ကျော့ကျော့ခင်

ကျော့ကျော့ခင်ရဲ့ စာကိုဖတ်ပြီးသောအခါ ။ ။ ။

''မောင်မောင်ကျော်– မင်းရဲ့ ခြေထောက်ဟာ အရိုးကိုထိမိရုံလေးပါ၊ အရိုးလည်းမအက်ဘူး၊ ကျိုးလည်းမကျိုးဘူး ဒါကြောင့် မကြာခင် မင်းရဲ့ခြေထောက် နဂိုအတိုင်း ပြန်ကောင်းပြီး အပြေးလေ့ကျင့် နိုင်တော့မယ်''

မောင်မောင်ကျော်ရဲ့ နားထဲတွင် ဆေးမှူးပြောလိုက်သော စကားကို ပြန်လည်ကြားယောင်မိပြီး ။ ။

''တောက်'' ကျယ်လောင်စွာ တက်ခေါက်ကာ အံကြိတ်လိုက်ရင်း ။ ။ ။

''ကျော့ကျော့ခင်– မင်းရဲ့ ထင်မြင်ချက်တွေ မှားကြောင်း ငါ သက်သေပြမယ်– ပတ္တမြားမှန်ရင် နွံမနစ်ဘူးဆိုတာ မင်းသိရမယ်''ဟူ၍ ။ ။ ။

ကျော်မျိုးသူ

ဤဝတ္ထုတိုသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလ လှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ကျော်မျိုးသူ ၏ ဝတ္ထုတိုဖြစ်ပါသည်။

ကာလယန္တရား

ဖြူစင်မိုး(မြန်မာစာ)

''ဗျို့ – ဦးမောင်ဝင်း–ပျော်ပျော်ပါးပါးလမ်းလျှောက်ရအောင်''

''ဟုတ်တယ် ကိုမောင်ဝင်း အပျင်းလည်းပြေ ကျန်းမာရေးလဲဖြစ် အပေါင်းအသင်းတွေနဲ့ လမ်းလျှောက်ရအောင်''

သူငယ်ချင်း မိတ်ဆွေတွေခေါ်တိုင်း ....ခေါ်တိုင်း .....

''အေးဗျာ–ညကအိပ်ရေးပျက်လို့– အလုပ်တွေများနေလို့'' စသည်ဖြင့် ဦးမောင်ဝင်းတစ်ယောက် ရှောင်ဖယ်–ရှောင်ဖယ်လုပ်နေတတ်သည်။

နောက်နေ့–နောက်နေ့များတွင်လည်း အမျိုးမျိုးဆင်ခြေတွေပေး၍ အိမ်မှာပင် နောက်ချန်နေရစ်ခဲ့သည်။

ဒါကိုကြားရသော သားကြီးနှင့်သမီးငယ်တို့က.....

''ဖေဖေ–ဖေဖေ'' သားကြီးကျော်ကျော်ဝင်းရဲ့ခေါ်သံကြောင့် ကော်ဖီသောက်နေသော ဦးမောင်ဝင်း ခေါင်းထောင်ကြည့်လိုက်ရင်း .....

''အေး–ဘာလဲ– သား''

''ဒီလိုပါ ဖေဖေ– ဖေဖေ ပင်စင်ယူလို့ ခွင့်လေးလရတာဘဲ အေးအေးဆေးဆေး အိမ်မှာနေပြီးတော့ အပေါင်းအသင်းတွေနဲ့ လမ်းလျှောက်ရင်း .....''

သားကြီးရဲ့စကားမဆုံးခင် ..... ''ဟေ့– တော်တော့ သား–မင်းတို့ကို ငါကမွေးကျွေးလာလို့ လူလားမြောက် ဘွဲ့ရပြီးအလုပ်တွေနဲ့ တင့်တင့်တယ်တယ်ဖြစ်နေတာ– မိချောင်းမင်း ရေခင်းမပြနဲ့'' ဦးမောင်ဝင်း က အသံခပ်မာမာနဲ့ပြောလိုက်သည်။

''ဟုတ်တယ်ဖေဖေ– သမီးပြောချင်တာလည်း''

''ဘာလဲ–ငါ့ကို ဆရာလုပ်မလို့လား–ကြောင်အိုတော့ ကြွက်မလေးမလုပ်နဲ့– ဆက်မပြောနဲ့တော့''

ဖခင်ဦးမောင်ဝင်းရဲ့စကားကြောင့် ....ဆယ်တန်းနှစ်မှာပင် မိခင်ကွယ်လွန်ပြီး မောင်နှမနှစ်ယောက်ကို ဦးမောင်ဝင်းက ဖခင်လိုတစ်မျိုး မိခင်လိုတဖုံ–သူသာလျှင်အဖ သူသာလျှင်အမိ ကျွေးမွေးပြုစုလာ၍ သားကြီးကျော်ကျော်ဝင်းနှင့်သမီးငယ်လှလှဝင်းတို့မှာ ဖခင်ဦးမောင်ဝင်းကို ကြောက်ချစ်ရိုသေဖြစ်ကြသည်။

ဦးမောင်ဝင်းသည် အစိုးရစက်ရုံတစ်ရုံမှ မန်နေဂျာဖြစ်၍ ပင်စင်ခွင့်လေးလကိုပင် မခံစားဘဲ လက်ကျန် အလုပ်တွေကို ပြီးပြတ်အောင် အိမ်ယူ၍လုပ်သည်။ နောက်-တာဝန်ယူမည့်သူ အခက်ခဲမဖြစ်အောင်လို့ စေတနာနှင့်လုပ်ကိုင်ပေးခြင်းဖြစ်သည်။

ယခုအသက်(၆၀)ပြည့်လာသော်လည်း အလုပ်ခွင်နှင့်မပြတ်-သို့ကြောင့်-မိမိကိုယ်ပိုင်အခွင့်အရေးကိုပင် လျစ်လျူရှုထား၍ ရုံးအလုပ်များကို ပြီးပြတ်အောင် လုပ်ပေးနေခြင်းဖြစ်သည်။

❖❖❖❖❖

''ဟင်-ဖေဖေ-ဖေဖေ-ဘာဖြစ်လို့လဲဟင်.... ကိုကိုရေ လာပါအုံး ဒီမှာဖေဖေဘာဖြစ်လဲမသိဘူး''

ညီမဖြစ်သူ လှလှဝင်းရဲ့ခေါ်သံကြောင့် အစ်ကိုဖြစ်သူ ကျော်ကျော်ဝင်း အပေါ်ထပ်မှ အပြေးဆင်းလာသည်။

ဦးမောင်ဝင်းသည် သံတံခါးကို ကိုင်ပြီး ခပ်ယဲ့ယဲ့မှိထား၍ မျက်လုံးအစုံကို မှိတ်ထားသည်။သားနှင့်သမီးတို့ကတွဲ၍ ဆိုဖာပေါ်မှိပြီး ချထားလိုက်သည်။

ပြီးတော့-ကျော်ကျော်ဝင်းက သူတို့ရဲ့မိတ်ဆွေ မိသားစုဆရာဝန်ဆီဖုန်းဆက်လိုက်သည်-မကြာခင် ဆရာဝန်ဦးသိန်းရောက်လာသည်။ ဆရာဝန်က ဦးမောင်ဝင်းကို ဆေးစစ်ကြည့်ပြီးနောက်....

''ကဲ-ဦးမောင်ဝင်း-ခင်ဗျားရဲ့ရောဂါက ထွေထွေထူးထူးမဟုတ်ပါဘူး သွေးတိုးဖြစ်ချင်နေတာ စိတ်အနား ယူမယ်-ပြီးတော့ အစားအသောက်ဆင်ခြင်မယ် ဆေးမှန်မှန်သောက် အိမ်ထဲအလုပ်ထဲမှာဘဲ ဘဝကိုနစ်မထားနဲ့ကိုယ်လက်လှုပ်ရှားမှုလေး-အနည်းဆုံးလမ်းလျှောက်ပေးပေါ့''ဆရာဝန်ရဲ့ ညွှန်ကြားချက် များကို သားအဖသုံးယောက် နားစွင့်နေခိုက် .....

''ဆရာ-ဆရာ ဦးမောင်ဝင်း'' ဦးမောင်ဝင်းဟုခေါ်သံကြားလိုက်သည်။

ဦးမောင်ဝင်းက ခေါင်းညိတ်ပြလိုက်၍ သားကြီးကျော်ကျော်ဝင်းက တံခါးဖွင့်ပေးလိုက်တော့ ..... ရပ်ကွက်လူကြီးလေးယောက်..... ဆယ်အိမ်မှူးဦးလှမြင့်က.....

''ဆရာ-ကျွန်တော့တို့ရပ်ကွက်လုံးဆိုင်ရာ တရားပွဲကို ဒီနေ့ညလုပ်ပါမယ်၊ အဲဒါ ဆရာ့ကိုဖိတ်စာလည်း ပေးရင်း အလှူငွေပါ ထည့်ဝင်ဖို့ပါ''

''ဟုတ်တယ်-ဦးမောင်ဝင်း ခင်ဗျားစိတ်ဖိစီးမှုတွေလည်းပြေ စိတ်အပြောင်းအလဲဖြစ်ဖို့ တရားနာသင့်တယ်'' ဆရာဝန်ရဲ့စကားကို မောင်နှမနှစ်ယောက်က ခေါင်းညိတ်ထောက်ခံလိုက်ရာ.....

''အေး–ကိုလှမြင့် ကျွန်တော်တရားလာနာမယ်ဗျာ အလှူငွေကတော့ တစ်သိန်းမတည်ပါတယ်'' ဟုပြောလိုက်ရာ အားလုံးသာဓုသုံးကြိမ်ခေါ်၍ ပြိုင်တူဝမ်းသာပီတိပြုံးလိုက်ကြသည်။

❖❖❖❖❖

ည(၈)နာရီထိုးလုလုအချိန်..... ဒီဇင်ဘာလဆန်းရက် အေးမြမြလေညှင်းနှင့်အတူ–

''ဖေဖေ–ဟောဒီမှာ အန္တေးထည်နှင့်ခေါင်းစွပ် လက်အိတ်ကလေးပါ ယူသွားနော်'' သမီးငယ်က ပြောပြောဆိုဆို လိုအပ်သည်များကို ပြင်ဆင်ပေးနေသည်။

သားကြီးကလည်း ဝမ်းသာပီတိမျက်နှာနဲ့ ဦးမောင်ဝင်းကိုတွဲပြီး .....

''ဖေဖေ–သား ကားထုတ်လိုက်ဦးမယ်''

''အို.....မလိုပါဘူး သားရယ်.... နှစ်လမ်းခြားလောက်ဆိုတော့ လမ်းလျှောက်သွားတာပေါ့''

ဟိုနားဒီနားကိုပင် လမ်းမလျှောက် ကားနှင့်သွားနေကျဖခင်ကို မောင်နှမနှစ်ယောက်က အံ့သြစွာ ကြည့်နေမိသည်။

သို့နှင့်–တရားပွဲသို့ရောက်လာရာ.....

''ဟာ–ဦးမောင်ဝင်း–လာ လာလာ–ခင်ဗျားလာမယ်ဆိုလို့ ကျွန်တော်တို့ဝမ်းသာနေတာ''

တရားပွဲကျင်းပရေး ဦးဆောင်အဖွဲ့ဥက္ကဋ္ဌက ဝမ်းပန်းတသာ ကြိုဆိုနေရာပေးသည်။ ရပ်ကွက်အုပ်ချုပ် ရေးမှူးနှင့် တရားပွဲကျင်းပသော လူကြီးများကလည်း ဖက်လဲတကင်း နူတ်ဆက်ကြသည်။

တရားပွဲမှာစည်ကားလှသည်။ တရားနာပရိတ်သတ်ကလည်း ကြက်ပျံမကျ များပြားလှသည်။ တရားဟောစင်မြင့်ကလည်း လှပတင့်တယ် ခမ်းနားထည်ဝါသည်။

အလှူခံအသံချဲ့စက်မှ အလှူခံသူကလည်း လာရောက်လှူဒါန်းသူများကို ဆုတောင်းမေတ္တာပို့အမျှဝေ လျက်–တရားအလှူရဲ့အကျိုးများကို ရှင်းလင်းပြနေသည်။

ဦးမောင်ဝင်းစိတ်ထဲဝယ် တရားပွဲမြင်ကွင်းကိုကြည့်ရင်း .....

''သြော်–ငါ့တို့မြန်မာလူမျိုးတွေ ဘာသာ သာသနာ အလှူအတန်းတွင် ရက်ရောပါလား လူအားငွေအား ဒါနအား ကောင်းပါလား'' ဟူ၍ ယခင်က မိမိတစ်ယောက်တည်း အလုပ်ထဲမှာ နစ်မြုပ်ထားပြီး(လုပ်သားကောင်း)ဘွဲ့ရသည်အထိ အလုပ်တာဝန်ကျပွန်ခဲ့သော်လည်း လူမှုရေး ဘာသာရေး ရပ်ကွက်လုပ်ငန်းများတွင် အားနည်းခဲ့သော မိမိရဲ့အချိန်များကို နှမြောတမ်းတဖြစ်နေမိသည်။

တရားပွဲက–ယနေ့ညနောက်ဆုံးဖြစ်သည်။

''တော်သေးသည် နောက်ဆုံးညတရားပွဲကို မီလိုက်လို့'' ဟူ၍ ဦးမောင်ဝင်းတစ်ယောက် စိတ်ထဲမှာ ကြိတ်၍ဝမ်းသာနေမိသည်။

ယနေ့–နောက်ဆုံးည–ဟောကြားမည့်ဆရာတော်က သက်တော်(၄၅)နှစ်ခန့်သာရှိသေးသည်။ ခေတ်ပညာလည်းတတ် တရားဓမ္မအရာ၌လည်း နှံ့စပ်သည့် ဆရာတော်အရှင်ဂုဏ်ဒိန္ဒ(ဆင်ဖြူတောင်) ဆရာတော်ဖြစ်သည်။ ဆရာတော်သည် တရားပွဲမှ အများစုပေါင်းလျှဲဒါန်းရရှိသော ဝတ္ထုငွေများကို သူရဲ့စာသင်တိုက် သံဃာတော် အပါး(၁၀၀)ခန့်ကို ပြန်လည်ကျွေးမွေးပေးကမ်း ပြုစုဖို့ဖြစ်သည်။ သာသနာပြုစာသင်သား သံဃာတော်တွေကို ပြုစုပျိုးထောင်နေသော စာချုပ်ဂိုလ်နယ်လှည့်သာသနာပြု ဆရာတော် ဖြစ်ကြောင်းသိရသည်။ တရားဟောလည်းကောင်းသည်။ အသံသြဇာနှင့်လည်းပြည့်စုံသည်။ ဥပဓိရုပ်လည်း ကောင်းသောကြောင့် ဦးမောင်ဝင်းတစ်ယောက် ကြည်ညိုသဒ္ဓါပွားမိလေသည်။

တရားပွဲက–တစ်နာရီ မိနစ်သုံးဆယ်ခန့်ကြာသည်။

တရားပွဲပြီးလို့ အိမ်အပြန်....

''ဖေဖေ–သားလက်ကိုကိုင် '' ဟု သားကြီးကျော်ကျော်ဝင်းကပြောရာတွင်–

''အို–ရပါတယ်ကွာ–အခုမှဖေဖေရဲ့အသက်က ခြောက်ဆယ်ကျော်ရုံရှိသေးတာ'' ဟု ပြောပြောဆိုဆို သွက်သွက်လက်လက်လျှောက်သွားလေရာ–သားဖြစ်သူမှာ လူကြားထဲမှ အမြန်အမှီလိုက်နေရသည်။

အိမ်သို့ရောက်လျှင်–

''ကဲ–သမီးရေ–သံပုရာရည်တစ်ခွက်ဖျော်ကွယ်–သကြားများများမထည့်နဲ့ ဆားနည်းနည်း ရေတန်ရုံဘဲ ထည့်နော်'' ဟုဆိုပြီး ကုလားထိုင်တွင်ထိုင်ရင်း သမီးဖြစ်သူကို လှမ်းပြောလိုက်သည်။

ယနေ့ည–အမူအယာများသည် ယခင်ကထက် သွက်လက်နေကြောင်း သားဖြစ်သူကသတိထား မိသည်။

ပြီးတော့–ဦးမောင်ဝင်းသည် တယ်လီဖုန်းဆက်ရန်ဟန်ပြင်လိုက်ရာ–

'' ဖေဖေ–ဘယ်ကို–ဖုန်းဆက်မလို့လည်း ညဆယ်နာရီတောင်ထိုးတော့မယ်'' သားဖြစ်သူကပြောလိုက် ရာတွင်–

''ဖေဖေ့သူငယ်ချင်းတွေဆီကိုလေ''

''ဘယ်သူ့တွေဆီကိုလဲဟင်'' သမီးဖြစ်သူကထပ်မေးလိုက်ရာ.....

‘‘ ဟိုလေကွယ်–မနက်လမ်းလျှောက်ကြတဲ့–ကိုမျိုးတို့အုပ်စုကိုလေ’’ ဟုပြောပြောဆိုဆို ဦးမောင်ဝင်းက တယ်လီဖုန်းဆက်လိုက်သည်။

‘‘ကဲ–ကိုမျိုး–မနက် ကျွန်တော့်ကိုဝင်ခေါ်–ခင်ဗျားတို့နှင့်အတူ လမ်းလျှောက်မယ်’’

တစ်ဖက်က ဘာပြန်ပြောသည်ကိုမကြားရပေမယ့်.....

ဦးမောင်ဝင်း၏မျက်နှာအမူအယာမှာ တက်ကြွပျော်ရွှင်နေပုံရသည်။

ပြီးတော့.....

‘‘ဟား–ဟား–ဟား–တကယ်ပြောတာပါကိုမျိုး လုပ်ရင်ဖြစ်ရမှာပေါ့’’ ဟု ဦးမောင်ဝင်း ပြန်ပြောသံကို ကြားနေရသည်။

သည်နောက်–ဖုန်းဆက်အပြီး .....

‘‘ကဲ–သား–ဖေဖေ့ကို မနက်လမ်းလျှောက်ဖို့ ငါးနာရီမှာ နိုးစက်ပေးထား သိုးမွှေးအနွေးထည်နဲ့ ဘောင်းဘီရှည် ကင်းဘတ်ဖိနပ် အဆင်သင့်လုပ်ထားပေး–သမီးက မနက်မှာ လက်ဖက်ရည်ခါးခါးတစ်ခွက် မပြည့်တပြည့်ဖျော်ပေး’’ ဟု ဦးမောင်ဝင်းက တစ်သီတစ်တန်းကြီးမှာနေသည်။

‘‘နောက်နေ့မှာ အားကစားဝတ်စုံတစ်စုံ ဝယ်ခဲ့ကွာ’’ ဟု ဦးမောင်ဝင်းက သားဖြစ်သူကို မှာနေပြန်သည်။

‘‘ဖေဖေ မေ့နေပြီလား–သား မြို့နယ်ပေါင်းစုံပြိုင်ပွဲတုန်းက ရထားတဲ့ သားနဲ့နည်းနည်းသေးနေလို့ သိမ်းထားတာရှိတယ်လေ–ဖေဖေနဲ့ဆို တော်မှာဘဲ’’

‘‘အေး–ဟုတ်တယ်–ဟုတ်တယ်–သားနဲ့ဖေဖေနဲ့ အရပ်ရော ကိုယ်လုံးရော သိပ်မကွာဘူး ဖေဖေက နည်းနည်းအရပ်နိမ့်ပြီး ကိုယ်လုံးသေးတော့–အင်း–ဝတ်ကြည့်မယ်ကွာ’’

သားဖြစ်သူက ပြောပြောဆိုဆို **(Track Suit)** အားကစားဝတ်စုံ အနွေးထည်ကို ထုတ်ယူ လာသည်။

‘‘ဟာ–ဖေဖေနဲ့ **Fit Size** အတော်ဘဲ’’ ဟု သမီးဖြစ်သူက ပြောလိုက်သည်။

‘‘အေး–ဖေဖေနဲ့အတော်ဘဲ–မနက်လမ်းလျှောက်ရင်ဝတ်မယ်’’

မောင်နှမနှစ်ယောက်သည် သူတို့ဖခင်ပြုမူချက်များကို နားမလည်နိုင်ဘဲ တစ်ဦးကိုတစ်ဦး မျက်စပစ် ပုခုံးတွန့်လိုက်ရင်း မှေးငေါ့ပြလိုက်ကြသည်။

‘‘ကဲ–ကဲ–အိပ်ကြတော့–ဆယ်နာရီခွဲတော့မယ် ..... မနက်ကျရင်သာ ဖေဖေ့ကို သတိပေးကြ’’

ဦးမောင်ဝင်းက ပြောပြောဆိုဆို သွက်သွက်လက်လက် အိပ်ခန်းထဲဝင်သွားတော့သည်။

❖❖❖❖❖

မနက်လေးနာရီခွဲခန့်မှာပင် ဦးမောင်ဝင်း အိမ်ယာမှထပြီး ခြေလက်သုတ်သင်၍ အားကစားဝတ်စုံ လဲပြီး ဘုရားဝတ်ပြုနေခိုက်–

''ဗျို့–ဆရာဦးမောင်ဝင်း အဆင်သင့်ဘဲလား'' ဟုခေါ်သံကြားလိုက်သည်။

''အိုကေ–အိုကေ–အဆင်သင့်ဘဲဗျို့'' ဟု ပြောပြောဆိုဆို ကင်းဘတ်ဖိနပ်ဝတ်ပြီး အိမ်ရှေ့ခြံဝသို့ လူငယ်တစ်ယောက်ပမာ သွက်သွက်လက်လက် ထွက်သွားတော့သည်။

ဦးမောင်ဝင်း၏သားကြီးနှင့်သမီးငယ် မောင်နှမနှစ်ယောက်မှာ တစ်ဦးမျက်နှာ တစ်ဦးကြည့်လိုက်ပြီး ဦးမောင်ဝင်းနောက်ကျောကို ငေးကြည့်လိုက်နှင့်....

''ဘယ်လိုလဲ ညီမလေး–ဖေဖေရဲ့လှုပ်ရှားမှုက လူငယ်လေးလိုပါလား''

''ဟုတ်တယ်ကိုကို–ညီမလေးလဲ မပြောတတ်တော့ဘူး ဖေဖေပြန်လာမှဘဲ အကျိုးအကြောင်း မေးကြည့်ရဦးမယ်''

မှန်ပါသည်....ယခင်ကဆိုလျှင် ဦးမောင်ဝင်းသည် သွားလာလှုပ်ရှားမှုများကို ခပ်မှန်မှန် ခပ်လေးလေးပင် ပြုမူဆောင်ရွက်တတ်သည်။

ယခုတော့ –သူ့ကိုယ်သူ အသက်(၆၁)နှစ်ဟုမထင် (၁၆)နှစ်သား လူငယ်တစ်ယောက်ပမာ တတ်ကြွ နေပြန်တော့သည်။

နံနက်စောစောလမ်းလျှောက်ဖို့ ဦးမောင်ဝင်း၊ ဦးမျိုးအောင်၊ ဦးအောင်တင်နှင့် ဦးစိုးအောင် တို့ဆုံမိကြသည်။

''အေးဗျာ–ဦးမောင်ဝင်း–ခုလိုကျွန်တော်တို့နှင့် အဖော်ပြုပြီး စုပေါင်းလမ်းလျှောက်တာ ဝမ်းသာတယ်ဗျာ''

ကျောင်းအုပ်ဆရာကြီးအငြိမ်းစားဦးမျိုးအောင်က စကားစလိုက်သည်။

''ဟုတ်တယ်ဗျ–ကျုပ်တို့အတွက် အင်အားတစ်ခုပေါ့ဗျ'' အညာသားအငြိမ်းစား ရုံးအုပ်ကြီး ဦးအောင်တင်ကပါ ထောက်ခံလိုက်သည်။

''ဒါပေါ့ဗျာ–ကျုပ်လဲ ကျန်းမာရေးအတွက်ရော ခင်ဗျားတို့နှင့်ပါ စကားဝိုင်းဖွဲ့ရတာပေါ့'' ဦးမောင်ဝင်း၏ ပြောစကားများကို တစ်ချိန်လုံးနားထောင်နေသော အားကစားမှူး အငြိမ်းစား ဦးစိုးအောင်က.....''ကဲ–ကိုယ့်လူတို့ စကားလည်းပြောပေါ့ လမ်းလျှောက်ရတဲ့အကျိုးကျေးဇူး ကိုလည်း ထိထိမိမိလုပ်ရမှာနော်'' ဟု စကားဝင်ထောက် လိုက်သည်။

''ဟုတ်တယ်–ဟုတ်တယ်–ကျုပ်လဲ လမ်းလျှောက်ရတဲ့ အကျိုးကျေးဇူးနဲ့ ကျန်းမာရေးကြောင့် ခုလိုခင်ဗျားတို့နဲ့လာပြီး ပူးပေါင်းတာပေါ့'' ဟု ဦးမောင်ဝင်းက အားတတ်သရော ပြောလိုက်သည်။

''ကဲ–ကဲ–ဒါဆိုရင်လည်း အားကစားမှူးကြီးကဘဲပြောပြပေါ့ ခင်ဗျားရဲ့ဘာသာရပ်ဘဲ မဟုတ်လား''

ကျောင်းအုပ်ဆရာကြီးဦးမျိုးအောင်က ထောက်ခံစကားပြောလိုက်သည်။

''ဟုတ်တယ်– ဟုတ်တယ်– ကျုပ်တို့အညာမှာဆိုရင် အိမ်ကနေလယ်တောကို လမ်းလျှောက် ရတာဗျ အင်း–အရင်တုန်းက တစ်နာရီကျော်ကျော်လျှောက်ရတာတောင်မမောဘူး ခုတော့–နာရီဝက်ဆိုရင်ဘဲ မောချင်လာပြီ''ဟု အညာသားရုံးအုပ်ကြီးက သူ့ရဲ့လမ်းလျှောက် တုတ်ကောက် ကိုမှီရင်း ပြောလိုက်ရာ–

''ဒါကတော့–အသက်က(၆၀)ကျော်လို့ (၇၀)ဘဲရောက်တော့မယ် အရင်ကလို အသက်နှစ်ဆယ် မဟုတ်ဘူးလေ'' ဦးမောင်ဝင်းကပြောလိုက်ရာ .....

''ဒါပေါ့ဗျာ–ခါချဉ်ကောင်မာန်ကြီးလို့ တောင်ကြီးကိုဖြိုမယ်ကြဲ ခါးကမသန် ဆိုတာပေါ့ ဟား–ဟား–ဟား'' ကျောင်းအုပ်ဆရာကြီးဦးမျိုးအောင်က ၎င်းရဲ့ဝတုတ်တုတ်ခန္ဓာကိုယ်ကြီး ယိမ်းထိုးသွားအောင် အားရပါးရ ရယ်ရင်းပြောလိုက်သည်။

''ကဲ–ကဲ–တော်ကြပါတော့ဗျာ ကျွန်တော်တို့ရဲ့မူရင်း ရည်ရွယ်ချက်တွေပျောက်တော့မယ် အပျော်စကားတွေခဏထား–လမ်းလျှောက်ရတဲ့ လေ့ကျင့်ခန်းမျိုးဟာ လူကြီးလူငယ် ကျားမ မရွေး–နေရာမရွေး ငွေကုန်ကြေးကျမများတဲ့ ကျန်းမာရေးလေ့ကျင့်ခန်းပေါ့'' အားကစားမှူး အငြိမ်းစား လက်ထောက်ညွှန်ကြားရေးမှူးဦးစိုးအောင်က စကားစလိုက်သည်။

''ဟုတ်တယ်ဗျာ–ကျုပ်လဲအခုမှသတိရတယ် အရင်တုန်းကလမ်းလျှောက်ကြပေမယ့် လမ်းလျှောက်ခြင်းရဲ့ အကျိုးကျေးဇူး ကျန်းမာရေးအကြောင်းကို ဂဃနဏ မသိကြ ဘူးနော်''အညာသားရုံးအုပ်ကြီး ဦးအောင်တင် က ပြောလိုက်ရာ .....

''အေးဗျ– ကျုပ်လဲဒီလိုပါဘဲ– လမ်းလျှောက်လာတာ တစ်နှစ်ပြည့်တော့မယ် လမ်းလျှောက်ခြင်းရဲ့ အကျိုးကျေးဇူးကို သေသေချာချာမသိသေးဘူးဗျ–ကျောင်းအုပ် ဆရာကြီးသာဆိုတယ် ကျောင်းသားတွေ တစ်ထောင်ကျော်ထဲမှာ အလုပ်တွေနဲ့ လုံးထွေး နေတယ်ဗျာ'' ဦးမျိုးအောင်က ညီးညီးညူညူပြောလိုက်သည်။

''ဟေ့–ဟေ့–လူတွေ ခင်ဗျားတို့က ကိုယ်လိုရာကိုယ်ဆွဲပြောတာကိုး ၊ ခင်ဗျားတို့နဲ့ ကျုပ်တွေ့တာ တစ်လလောက်ဘဲရှိသေးတာ စကားမစပ်မိလို့ လမ်းလျှောက်ခြင်းရဲ့ အကျိုးကျေးဇူး ကိုယ်လက်လှုပ်ရှား ခြင်းရဲ့အကြောင်းတွေ မပြောဖြစ်တာလေဗျာ'' အားကစားမှူးဦးစိုးအောင်က မကျေမနပ်လေသံနှင့် ပြောလိုက်သည်။

''ဟုတ်သားဘဲ–ကျုပ်လဲဒီနေ့မှ ခင်ဗျားတို့နဲ့ လမ်းလျှောက်ဖို့ဖြစ်လာတာ ဘာဘဲပြောပြော ဒီနေ့တော့ အားကစားမှူးကြီးကပြောပြမယ့် လမ်းလျှောက်ရင်းနဲ့ ကိုယ်လက်လှုပ်ရှား အားကစားအကျိုးကျေးဇူးကို နားထောင်ချင်တယ်ဗျာ'' ဦးမောင်ဝင်းက အားတတ်သရောပြောလိုက်သည်တွင် .....

''ဟုတ်တယ်–ဟုတ်တယ်–ဒီနေ့တော့ ကျုပ်တို့လဲ နားထောင်ရတာပေါ့ဗျာ **(Fact and Figure)** အကျိုးအကြောင်းသိရရင် ပိုကောင်းတာပေါ့'' ကျောင်းအုပ်ဆရာကြီးဦးမျိုးအောင်က ထောက်ခံလိုက်သည်။

''ကဲ–ကဲ–ကျွန်တော်တို့လမ်းလျှောက်ခြင်းပြောကြတာပေါ့–လမ်းလျှောက်ခြင်းဟာ လူရယ်လို့ ဖြစ်လာပြီး (၁၀)လသားအရွယ်ကစလို့ လမ်းလျှောက်ခဲ့ကြတာ သေဆုံးသည် အထိပေါ့ဗျာ–လူတွေဟာ လမ်းလျှောက်ခြင်းရဲ့ အကျိုးကျေးဇူးကို မသိလိုက် မသိမသာ နေခဲ့ကြတာဗျ–ကမ္ဘာဦးအစကနေပြီး ယနေ့သိပ္ပံပညာထွန်းကားလာတဲ့ (I.T)ခေတ်အထိပေါ့ဗျာ'' အားကစားမှူးဦးစိုးအောင်က ရှင်းပြလိုက်သည်။

''ဒါပေါ့ဗျာ–ကျုပ်တို့မသေမချင်း လမ်းလျှောက်တဲ့ကိစ္စနဲ့ မလွတ်ကင်းပါဘူး'' ဦးမောင်ဝင်းက ထောက်ခံလိုက်သည်။

အားကစားမှူး ဦးစိုးအောင်က သူ့ရဲ့နဖူးပြင်ပေါ်ကချွေးများကို လက်ကိုင်ပုဝါဖြင့် သုတ်လိုက်ပြီး စကားဆက်ပြောလိုက်သည်ကား–

''သိပ္ပံခေတ်– စက်မှုယန္တရားတွေမပေါ်မီက ကျုပ်တို့လူသားတွေဟာ ကိုယ်ခြေထောက်ကိုယ် အားကိုးပြီး

လုပ်ကိုင်နေရတော့ လူတွေဟာ ထွားကျိုင်းတယ် သန်မာတယ် အမောခံနိုင်တယ် အသက်ရှည်တယ် တော်ရုံရောဂါဆို ဝေလာဝေး အကြမ်းအတမ်းလဲ ခံနိုင်ရည်ရှိတယ် ဒါဟာ–ကိုယ်လက်လှုပ်ရှားမှု နေ့စဉ် မပြတ်ရှိနေလို့ဘဲ–ခရီးနီး ခရီးဝေးတွေကိုလည်း ခြေထောက်အားကိုးနဲ့ သွားကြလာကြ လုပ်ကိုင်ကြလို့

သွေးလေညှိညွတ်တယ် ပတ်ဝန်းကျင်သဘာဝလေကို ရှူရှိုက်ရလို့ လန်းဆန်းတက်ကြွတယ် နှလုံးအိမ် သန့်ရှင်းတယ် သွေးကြောလေကြောပွင့်တယ် သဘာဝအစားအစာ အသီးအရွက်တွေကိုသာမှီဝဲလို့–ပထဝီ အာပေါ ဝါယော တေဇော ဆိုတဲ့ ဓါတ်ကြီးလေးပါး ညီညွတ်တော့ နုပျို သက်ရှည် ကျန်းမားရေး ဆိုတဲ့ ဆုလာဘ်ကြီးကို သဘာဝကနေရတာပေါ့''

အားကစားမှူးဦးစိုးအောင် ရှင်းပြပြီးနောက် ကျောင်းအုပ်ဆရာကြီးဦးမျိုးအောင်က ''ဒါကြောင့် ရောမ ခေါမခေတ် တန်ခိုးကြီးစဉ်က ခြေလျင်တပ်ကို အင်းအားကြီးမားအောင်လုပ်ပြီး ကျန်းမာကြံ့ခိုင် တဲ့စစ်သည် တွေနဲ့ အလက်ဇန္ဒြားဘုရင်လို၊ တရုတ်ဘုရင်ဂျင်ဂျစ်ခန်တို့လို အင်ပါယာချဲ့ခဲ့ကြတာကိုး၊မြန်မာ တို့ရဲ့အလောင်းဘုရား၊ ဘုရင့်နောင်ကျော်ထင်နော်ရထာ တို့ခေတ်ကလည်း ကသည်း၊မဏိပူရ၊ယိုးဒယားအထိ ကျန်းမာကြံ့ခိုင်တဲ့မြန်မာခြေချင်တပ်ဟာ တန်းခိုးကြီးခဲ့တာဘဲနော်''ဟုထောက်ခံလိုက်သည်။

ပြီးတော့ ..... ကျောင်းအုပ်ဆရာကြီးကဆက်၍ .....

''ခေတ်သစ်အိုလံပစ်အားကစား ပေါက်ဖွားရာ အိုလံပီယာတောင်ခြေ ဂရိကျောက်ကမ်းပါး တွေမှာလည်း–

* သင်–ကျန်းမာချင်ပါသလား–လမ်းလျှောက်ပါ။

* သင်–လှုပချင်ပါသလား–လမ်းလျှောက်ပါ။

* သင်–ဥာဏ်ကောင်းချင်ပါသလား–လမ်းလျှောက်ပါ ဆိုတဲ့မှတ်တမ်းတင်စာသားတွေဟာ ယနေ့တိုင် မြင်တွေ့နေရတာ ကျန်းမားရေးနဲ့ လမ်းလျှောက်ခြင်းဆက်နွယ်နေတာ သတိပေးနေတာကို ကျွန်တော်တို့ သတိမပြုမိကြဘူးလေ''ဟု ကျောင်းအုပ်ဆရာကြီး ဦးမျိုးအောင်က ရှည်လျားစွာ သူ့ရဲ့အတွေ့ကြုံဖတ်ဖူး သမျှကို အမှတ်တရပြန်လည်၍ပြောပြနေသည်။

''ဟုတ်တယ်–ဆရာကြီး–ဒါကြောင့်လည်း ကမ္ဘာကျော်စာရေးဆရာကြီး ဘားနဒ်ရှောနှင့် မြန်မာစာရေး ဆရာကြီးတွေဖြစ်တဲ့ ဒဂုန်ရွှေမျှားနှင့်ဆရာဇော်ဂျီတို့ကလည်း စာများများရေးချင်ရင် လမ်းများများ လျှောက်လို့ပြောခဲ့ကြတယ်လေ ကျွန်တော်တို့ရဲ့ ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော်တိုင် ရဟန်းသံဃာတွေ အတွက် စင်္ကြံလျှောက်ခြင်း လူပုဂ္ဂိုလ်တွေအတွက် လမ်းလျှောက်ခြင်းဟာ–ခရီးသွားနိုင် ကြံ့ခိုင်အားအင် ကင်းစင်ရောဂါ အစာကြေညက် မပျက်သမာဓိ ငါးပါးရှိများ၏စင်္ကြံအကျိုးတည်း–လို့ မိန့်ကြားတော် မူခဲ့တယ်မဟုတ်လား'' တစ်ချိန်လုံးငြိမ်၍ နားထောင်နေသော ဦးမောင်ဝင်းက မနေ့ညကတရားပွဲတွင် ဆရာတော်ဟောကြားခဲ့သော လမ်းလျှောက်ခြင်း(စင်္ကြံလျှောက်ခြင်း)အကျိုးတရားများကို ပြန်ပြောရင်း ခပ်သွက်သွက်ကလေး လျှောက်လိုက်သည်။

''ဒါပေါ့–ဦးမောင်ဝင်းရယ် သို့သော်လည်း လမ်းလျှောက်တယ်ဆိုတဲ့နေရာမှာ အပျင်းပြေသဘောမျိုး မဟုတ်ဘဲ အားထည့်ပြီး ခြေလှမ်းတိုင်းကိုမာန်ပါပါလျှောက်ဖို့လိုတယ်လေ ဆရာဇော်ဂျီရဲ့ မူမှန်လမ်းလျှောက် နည်းကဗျာထဲမှာပါတဲ့–ရင်ဘတ်ကိုပင့် တန်ရုံမြှင့် ရဲရင့်တည်ကြည်လျှောက်ရမည် ဒူးကိုဆန့်ခင်း ကြွက်သားရင်း တောင့်တင်းပါအောင် လျှောက်ရမည်–ဆိုတဲ့အတိုင်း တိကျမှန်ကန်မှလည်း လမ်းလျှောက်ရတဲ့ အကျိုးကျေးဇူးကို ခံစားရမှာပေါ့ လမ်းလျှောက်တယ် ချွေးထွက်တယ်ဆိုတာ ချွေးဟာအငံဆားဓါတ်ဘဲ ပြီးတော့ အဆီတွေ ကိုလက်စထရော ခုခေတ်နာမည်ကြီးနေတဲ့ အဝလွန်ရောဂါ **(Obesity)** ဆိုတာတွေကို လျော့စေတယ် လေကိုအားပါးတရရှူရတာကြောင့် နှလုံးသန်မာတယ် သွေးကြောတွေထဲမှာရှိတဲ့ အညစ်အကြေးတွေကင်းစင်တယ် အဆုတ် အားကောင်းစေတယ် အရိုးအကြောတွေကိုလည်း သန်မာစေတယ် အသံတိတ်လူသတ်သမားလို့ ဆိုတဲ့ သွေးတိုးတို့ လေဖြတ်တာတို့ကိုလည်း ကြိုတင်ကာကွယ်တယ်''ဟု အားကစားမှူး ဦးစိုးအောင်က စိတ်ရှည်ရှည်ရှင်းပြလိုက်သည်။

''အင်း–ဒါပေါ့ဗျာ ယနေ့အသီးအနှံတွေ အသင့်ပြုလုပ်ထားတဲ့ စားသောက်ကုန်တွေ အဖျော်ယမကာ တွေမှာလည်း ဓါတုဗေဒပစ္စည်းတွေပါနေတော့ နေထိုင်စားသောက်မှု တွေကလည်း အန္တရယ်ဖြစ်စေတာပေါ့''

''ဒါကြောင့်–ယနေ့လူနေမှုစရိုက်ဟန်ပန်တွေ ခေတ်လူငယ်တွေပြောပြောနေတဲ့ – **(Life Style)**ကို ပြောင်းဖို့ဟာ ကိုယ်လက်လှုပ်ရှားအားကစားကို အနည်းဆုံးနေ့စဉ်နာရီဝက်လောက် အချိန်ပေးဖို့လိုတယ်လေ ယနေ့ နိုင်ငံတော်ကလည်း အားကစားဝန်ကြီးဌာနရဲ့ လုပ်ဆောင်ချက်ထဲမှာ ဒီဇင်ဘာလကို လူထုအားကစား လှုပ်ရှားမှုလ ဆိုပြီးသတ်မှတ်ခဲ့တယ် နောက်ပြီး **(Mass**

Sport) ဆိုတဲ့ လူထုအားကစားကို ကျယ်ကျယ်ပြန့်ပြန့် ပြည်သူတွေထဲရောက်ရှိဖို့ ဆောင်ရွက်နေတာပေါ့''

''ဟုတ်တယ်ဗျာ– အားကစားမှူးကြီးပြောသလိုပေါ့– လူထုအားကစားလှုပ်ရှားမှုကို ဒီဇင်ဘာတစ်လတည်း မဟုတ်ဘူး တစ်နှစ်ပတ်လုံး လူတိုင်းကိုယ်စီ ကျန်းမာကြံ့ခိုင်ဖို့ ကိုယ်လက်လှုပ်ရှားတစ်ခုခုလိုတာပေါ့ နော်''ဟု ဦးမောင်ဝင်းကထောက်ခံစကားဆိုလိုက်သည်။

''ဒါပေါ့ဗျာ–အားကစားတိုးတက်တဲ့နိုင်ငံတိုင်းမှာ လူထုအားကစား **(Mass Sport)**ကို ဦးစားပေး ဆောင်ရွက်ကြတယ်လေ အားကစားအောင်မြင်မှုရရှိတဲ့နိုင်ငံကိုလည်း ကျန်နိုင်ငံတွေ အားလုံးက လေးစားကြတယ် အထင်ကြီးကြတယ်''ဟု အားကစားမှူး ဦးစိုးအောင်က ရှင်းပြနေပြန်သည်။

''ဟုတ်တယ်လေ–လူထုအားကစားကို ပညာရေးနဲ့ပေါင်းစပ်ပြီး ကျွန်တော်တို့ ကျောင်းတွေမှာလည်း တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနဲ့ပညာရည်မြင့်မားရေးဆိုတဲ့ဆောင်ပုဒ်နဲ့ နိုင်ငံတော်လူမှုရေး ဦးတည်ချက်(၄)ရပ်ထဲမှာ အကောင်အထည်ဖော်ပြဋ္ဌာန်းထားတယ်လေ'' ကျောင်းအုပ်ဆရာကြီးဦးမျိုးအောင် ကလည်း ထောက်ခံဆွေးနွေးလိုက်သည်။

''အေးဗျာ–ကျုပ်တို့အသက်တွေ (၆၀)ကျော်လာတော့ အာကစားလေ့ကျင့်ခန်းတွေလုပ်ဖို့ နောက်ကျ နေပြီပေါ့နော် ကျွန်တော်တို့ကိုယ်စား မျိုးဆက်သစ်လူငယ်တွေကိုဘဲ မြေတောင်မြှောက်ရမှာပေါ့ ဒါမှလည်း တန့်နေတဲ့မြန်မာအားကစား ပြန်လည်ဦးမော့လာပြီး အောင်မြင်မှုလမ်းကြောင်းပေါ် ပြန်ရောက်မှာဘဲ'' ဦးမောင်ဝင်းက စိတ်မသက်မသာ မျက်နှာနှင့်ပြောလိုက်ရာ .....

အားကစားမှူးဦးစိုးအောင်က ''နောက်မကျပါဘူးဗျာ အားကစားလေ့ကျင့်ခန်းဘဲဖြစ်ဖြစ် လမ်းလျှောက်တာတို့ဘဲဖြစ်ဖြစ် စနစ်တကျနဲ့လုပ်ရင် ကျန်းမာရေးအတွက်အကျိုးပြုပါတယ် လေ့ကျင့်လို အိုသည်မရှိ **(It's never too late)** ဆိုတဲ့စကားရှိတယ်လေ ပြီးတော့ ယနေ့နိုင်ငံတော်ကလည်း အားကစားတိုးတက်ရေးအတွက် ပညာရေးနဲ့အားကစားပေါင်းစပ်ပြီး အားကစားနှင့်ကာယပညာသိပ္ပံ ကျောင်းတွေကို ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့နဲ့ မော်လမြိုင်မြို့တွေမှာ ဖွင့်လှစ်ခဲ့တယ်လေ ပြီးတော့–အားကစားအကယ်ဒမီကျောင်းတွေ နည်းပြနဲ့ဒိုင်သင်တန်းတွေကိုလည်း ဖွင့်လှစ်သင်ကြားပို့ချ ပေးနေတာပေါ့''

''ဒါပေမယ့်–**(Eat Wisely and Exercises)**ဆိုတဲ့အသိစိတ်နဲ့စား မှန်မှန်အိပ် မှန်မှန်ကစား ကြံ့ခိုင်မှုအတွက်ကျင့်စဉ်များ ဆိုတဲ့စကားကိုလည်း မမေ့နဲ့နော်'' ကျောင်းအုပ်ဆရာကြီးဦးမျိုးအောင်က စကားဝင်ထောက်လိုက်သည်။

''ဟုတ်တော့–ဟုတ်ပါတယ်– **(Over Training)** လေ့ကျင့်ခန်းပိတာမျိုးလဲ မဖြစ်ဖို့ သတိထားရမယ်လေ ဝန်နဲ့အား လေးနဲ့မြား ဆိုတဲ့စကားလို သင့်တင့်မျှတမှုကိုလည်း မမေ့ရဘူးလေ''ဟု အားကစားမှူး ဦးစိုးအောင်က ပြောပြောဆိုဆိုစကားဆက်လိုက်သည်မှာ– စောစောတုန်းက ဦးမောင်ဝင်းပြောလိုက်တဲ့ မြန်မာအားကစားတန့်နေတယ်ဆိုတာ

တကယ်တော့–မြန်မာအားကစားကို အချို့က နိမ့်ကျသွားတယ်လို့ ပြောကြတယ် အမှန်မှာ မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းခဲ့ဖူးပါတယ်–၁၉၇၂–ခုနှစ်၊ မြူးနစ်အိုလံပစ်အားကစား ပြိုင်ပွဲမှာ မြန်မာဘောလုံးအသင်းဟာ အသန့်ရှင်းဆုံးရရှိခဲ့တယ် အဲဒီပြိုင်ပွဲမှာဘဲ မြန်မာ့အလေးမ ချန်ပီယံ

ရဲတပ်ဖွဲ့က အောင်ကြီးဟာ ပထမဆုံးကမ္ဘာနှင့်အိုလံပစ် အမြန်မစံချိန်ကို (၅၂)ကီလိုတန်းမှာ စံချိန်တင် ခဲ့တယ်လေ ဒီလိုဘဲ မြန်မာ့လက်ဝှေ့ကျော်တင်ထွန်းဟာ ဗြိတိသျှဓနသဟာယ ချန်ပီယံဂျွန်စမစ်ကို အလဲထိုး အနိုင်ယူခဲ့တယ် ရေကူးမှာလည်း တင်မောင်နီဟာ အာရှချန်ပီယံ ဖြစ်ခဲ့တယ် ပြီးတော့–အရှေ့တောင်အရှရဲ့

မာဒေးကားဖလား မာရာဟာလင်ဖလား ပတ်ချုံဟီးဖလားနဲ့ အာရှလူငယ်ဘော်လုံးချန်ပီယံဟာ ဒို့မြန်မာအသင်းဘဲ–အရင်ကတော့ (**SEAP Games**)အရှေ့တောင်အရှကျွန်းဆွယ်ပေါ့–အဲဒီပြိုင်ပွဲကို အိမ်ရှင်အဖြစ် ဒုတိယအကြိမ် ၁၉၆၁–ခုနှစ်နှင့်၁၉၆၉–ခုနှစ် ပဉ္စမအကြိမ်မှာ နိုင်ငံအလိုက် အဆင့်တစ် ရခဲ့တယ်–ပြီးတော့ ၂၀၁၃–ခုနှစ် (၂၇)ကြိမ်မြောက် **SEA Games** မှာ နိုင်ငံအလိုက် အဆင့်နှစ် ရခဲ့တာ တွေဟာ လူထုအားကစားကို အခြေခံပြီး လူထုကြီးတစ်ရပ်လုံး တစ်နိုင်ငံလုံး အားပေးကြလို့ဘဲ–ဒီတော့ မြန်မာအားကစား နိမ့်မကျပါဘူး အားလုံးတက်ညီလက်ညီ ပါဝင်လိုက်ရင် အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်မှာပေါ့''

''ဟုတ်တယ်–ဟုတ်တယ်–မြန်မာတွေဟာ အားကစားမှာ အဆင့်အတန်းမနိမ့်ကျပါဘူး အဲဒီ အတွက်လည်း ပြည်သူလူထုဟာ တစ်တပ်တစ်အား ဝိုင်းဝန်းကူညီရမှာပေါ့'' ဟူ၍ ကျောင်းအုပ်ဆရာကြီး ဦးမျိုးအောင်က ထောက်ခံလိုက်သည်။

''ဒါပေါ့ဗျာ–မြန်မာအားကစားတိုးတက်မှုကို မျက်ခြည်မပြတ်သလို လူတိုင်းကိုယ်စီလည်း သင့်တင့်မျှတတဲ့ ကိုယ်လက်လှုပ်ရှားမှုမရှိလို့ ယနေ့ကမ္ဘာ့လူဦးရေး (၆)သန်းခန့်ဟာ ကူးစက်ရောဂါမဟုတ်တဲ့

ဥပမာ,နှလုံးရောဂါ သွေတိုး ဆီးချို လေးဖက်နာ ကျောက်ကပ် ကင်ဆာရောဂါနဲ့အဝလွန်ရောဂါ သွေးကြောပိတ်ရောဂါတွေကို ခံစားနေရပြီး သေဆုံးနေရတယ်လို့ သတင်းစာထဲမှာ ဖတ်လိုက်ရတယ်'' ရုံးအုပ်ဆရာကြီးဦးအောင်တင်က သူ့ရဲ့လေ့လာမှုတစ်ခုကိုပြောလိုက်သည်။

''ကဲဗျာ–ခင်ဗျားတို့ ပြောတာတွေအားလုံး ကျွန်တော်ကြားရတော့ အားကစား အောင်မြင်ခဲ့ပုံတွေလည်း သိရတယ် ကျန်းမာရေးအကြောင်းဗဟုသုတလည်းရပါတယ် ဒါကြောင့် ကိုယ်တိုင်လည်း ဆက်လုပ်မှာဘဲ ခုလည်း (၉)နာရီထိုးတော့မယ် နေလဲပူလာပြီ– ပြန်ကြစို့ဗျာ'' ဦးမောင်ဝင်းကပြောလိုက်ရာ .....

''ဘာလဲ–ဦးမောင်ဝင်း–မောနေပြီလား ဒီနေ့ဟာခင်ဗျားရဲ့ပထမဆုံးကျန်းမာရေးခြေလှမ်းဘဲ ပင်ပန်းနေပြီလား'' အားကစားမှူးဦးစိုးအောင်ကမေးလိုက်သည်တွင် .....

''ဟာ–မဟုတ်ပါဘူးဗျာ–နောက်နေ့တွေ သည်ထက်ပိုလုပ်မှာပါ ခင်ဗျားတို့နဲ့ ရင်ပေါင်တန်း လုပ်မှာပါ မမောပါဘူး'' ဦးမောင်ဝင်းက ပျာပျာသလဲပြန်ပြောလိုက်သည်။

''ဟုတ်ပါတယ်ဗျာ–နေလည်းထွက်လာပြီး အပူရှိန်တက်လာပြီ နောက်နေ့တွေလည်း မပျက်မကွက် ဘဲနော်'' ကျောင်းအုပ်ဆရာကြီးဦးမျိုးအောင်က ပွဲသိမ်းစကားပြောလိုက်ရာ အားလုံးပြုံးပြုံးရွှင်ရွှင်(အိုကေ)ဟု ပြောပြီး ခေါင်းညိတ်လိုက်ကြသည်။

❖❖❖❖❖

ခြံဝင်းအတွင်းသို့လှမ်းဝင်လာသော ဦးမောင်ဝင်းကို သားကြီးနှင့်သမီးငယ်တို့က ဆင်ဝင် အောက်မှ ဆီးကြိုးနေကြသည်။

ချွေးများဖြင့် ရွှဲနေသော ဦးမောင်ဝင်းက အိမ်ထဲသို့ ခပ်သွက်သွက်ဖြင့်ဝင်လိုက်ရင်း–

''သားကြီးက ပုဆိုးတစ်ထည်နဲ့ အင်္ကျီလက်တိုတစ်ထည် အဆင့်သင့်လုပ်ထား သမီးငယ်က သံပုရာတစ်ခွက်ဖျော် ဆားနဲ့သကြားနည်းနည်းဘဲထည့် ခပ်ချဉ်ချဉ်လေးလုပ်''ဟု ပြောပြောဆိုဆို ရေချိုးခန်းထဲ ဝင်သွားလိုက်သည်တွင်–

သမီးငယ်လှလှဝင်းက ''ဖေဖေ–ချွေးမသိပ်ဘဲ ရေမချိုးနဲ့လေ''ဟု လှမ်း၍ သတိပေးလိုက်ရာ –

''အေးပါ–သမီးရဲ့–ဖေဖေ ချွေးသုတ်မလို့ပါ ရေမချိုးပါဘူး'' ဦးမောင်ဝင်းက သမီးငယ်၏ စကားကို

ပြန်ဖြေရင်း ရေချိုးခန်းထဲမှထွက်လာက နောက်မှီကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်သည်။

အဝတ်လဲပြီး သံပုရာရည်ကိုတစ်ကျိုက်မော့သောက်လိုက်၍ သားနဲ့သမီးကို လှမ်းကြည့်လိုက်သည်။

''သားနဲ့သမီး အဖေ့ကိုကြည့်ရင်းအံ့ဩနေကြလား'' ဦးမောင်ဝင်း၏အမေးကို မောင်နှမ နှစ်ယောက် ပြိုင်တူခေါင်းညိတ်လိုက်ပြီး ''ဟုတ်တယ်ဖေဖေ''ဟုပြောလိုက်ကြသည်။

''အေး–သေသေချာချာနားထောင် ဖေဖေ–ဘာကြောင့်ခုလို လမ်းလျှောက်လေ့ကျင့်ခန်းကို စိတ်ဝင်စားပြီး လုပ်ရသလဲဆိုရင်''

ဦးမောင်ဝင်းကခေတ္တစကားရပ်လိုက်ပြီး သံပုရာရည်ကိုမော့လိုက်သည်။

ပြီးတော့စကားဆက်လိုက်သည်–

မနေ့က သောကြာနေ့မဟုတ်လား ဒီဇင်ဘာလရဲ့ပထမအပတ်လေ တရားပွဲမှာ ဆရာတော်က ခေတ်ပညာတတ်ဘဲ ဆောင်းလရဲ့အအေးဓာတ်နဲ့ပတ်သက်ပြီး ကျန်းမာရေးအတွက် ရှေ့နှစ်ပေါင်း (၂၅၀၀)ကျော်ကပင် အာရောဂျံပရမံလာဘံဆိုတဲ့အကြောင်းကို ဗုဒ္ဓဘုရားရှင်က ရဟန်းသံဃာတွေမှာစကြံ့ လျှောက်ခြင်း လူပုဂ္ဂိုလ်တွေမှာလမ်းလျှောက်ခြင်းဟာ–ခရီးသွားနိုင်ကြံ့ခိုင်အားအင် ကင်းစင်ရောဂါ အစာကြေညက် မပျက်သမာဓိ ငါးပါးရှိများ၏စကြံ့အကျိုးတည်းလို့ ကျန်းမာရေးအတွက်ဟောခဲ့ကြောင်း ဘုရားရှင်ကိုယ်တော်တိုင် ညဉ့်သုံးယာမ်မှာ တရားများဟောကြားပြီး နံနက်မိုးမသောက်မီ တတိယညဉ့်ယာမ်မှာ စကြံ့

ကြွပြီးမှ ကျိန်းစက်ကြောင်း နိပါတ်တော်အထောက်အထားများနှင့်ဟောခဲ့တယ်၊ယခုခေတ်ဒီဇင်ဘာ လူထုအားကစား စုပေါင်းလမ်းလျှောက်ခြင်းကို နိုင်ငံတော်အစိုးရ ညွှန်ကြားချက်နှင့် အားကစားဝန်ကြီးဌာနက ဦးစီးကျင်းပနေပုံကို နှိုင်းယှဉ်ဟောကြားခဲ့ကြောင်း ရှင်းလင်းပြောကြား လိုက်ပြီး– ဦးမောင်ဝင်းက ခေတ္တစကားရပ်လိုက်၍ သံပုရာရည်တစ်ကျိုက်မော့သောက်လိုက်ကာ–

''ဒီတော့–ဖေဖေလည်း ကျန်းမာရေးနဲ့လမ်းလျှောက်ခြင်း ဆက်နွယ်ပုံကို သတိပြုမိပြီး ဒီနေ့မနက် လမ်းလျှောက်ဖြစ်တာ''ဟု ပြောနေစဉ်–

ထိုအခိုက်–အိမ်ရှေ့တွင်လူငယ်တစ်ယောက်ရောက်လာပြီး–

''ဆရာ–ဦးမောင်ဝင်းရှိပါသလား''

''အေး–ငါဘဲ–ဘာကိစ္စလဲကွယ်''

''သြော်–အားကစားမှူးဆရာဦးစိုးအောင်ကပေးခိုင်းလို့ပါ''ဟု ပြောပြောဆိုဆို စာအုပ်သုံးအုပ် ပေးလာသည်။

စာအုပ်သုံးအုပ်ကို–ဦးမောင်ဝင်းက သားကြီးကျော်ကျော်ဝင်း လက်ထဲလှမ်းပေးလိုက်သည်။ သားကြီးက အသံထွက်အောင်ဖတ်လိုက်သည်က–

''ကျော်မြင့်လွင်–အမျိုးသားစာပေဆုရ–စာပေဗိမာန်ထုတ်–ခြေလျင်၊ကာယဗလဦးရှိန် အတွဲ(၁)(၂) မြန်မာ့လူသန်ကြီးဇော်ဝိတ်''ဟူ၍ဖြစ်သည်။

သမီးဖြစ်သူလှလှဝင်းက–

''ဖေဖေ–ဒီစာအုပ်တွေက ဘာလုပ်ဖို့လဲ''ဟု မေးလိုက်ရာ–

''သြော်– အားကစားမှူး ဦးစိုးအောင်က ဖေဖေလေ့လာဖို့တဲ့ နောက်ပြီး လမ်လျှောက်ခြင်းရဲ့အကျိုး ကျေးဇူးနဲ့ကျန်းမာရေးအကြောင်းတွေဖတ်စေချင်လို့တဲ့–အေးကွာ– ကုန်သွားတဲ့အချိန်တွေကို နှမြောလိုက်တာ (ကာလယန္တရား-**Time Machine**)ဇတ်ကားထဲကလို အချိန်တွေကို နောက်ပြန်ဆွဲလို့ရရင် ကောင်းမှာဘဲ'' ဟု ဦးမောင်ဝင်းက ငြီးငြီးညူညူ ပြောလိုက်မိသည်။

''ဒီလိုဆိုရင် နောက်နေ့တွေရော'' သားကြီးကမေးလိုက်ရာ

''ဒီစာအုပ်တွေကိုလေ့လာကြည့်ပေါ့'' ဦးမောင်ဝင်းကပြောလိုက်သည်။

''ဒီလိုဆိုရင် လမ်းလျှောက်ခြင်းရဲ့အကျိုးကျေးဇူးတွေက အများကြီးပေါ့နော်''ဟု သမီးဖြစ်သူက လှလှဝင်းက–မေးလိုက်ရာ–

''ဟုတ်တယ်သမီး–အတိုချုပ်ပြောရရင် လမ်းလျှောက်ခြင်းဟာ ထွက်သက် ဝင်သက် အသက်ရှူ လမ်းကြောင်းပွင့်လို့ အဝလွန်ခြင်း သွေးတိုး ဆီးချို လေဖြတ်ခြင်း လေးဘက်နာ

စတဲ့ရောဂါအတော် များများကို ပျောက်ကင်းစေတယ်–အချိန်ရရင် သားနဲ့သမီး ဒီစာအုပ်တွေကို သေသေချာချာ လေ့လာ ကြည့်စေချင်တယ်''

''အဲဒီလိုဆိုတော့– ဖေဖေရဲ့– လမ်းလျှောက်တဲ့အလုပ်ဟာ တစ်နေ့တည်းမဟုတ် တစ်ပတ်လည်း မဟုတ်''

သားကြီးကျော်ကျော်ဝင်းစကားမဆုံးမီ–

''ဟော့–သားနဲ့သမီးမှတ်ထားဖို့က မနက်ဖန်ရော နောက်နေ့ရော တစ်ပတ်မဟုတ် တစ်လမဟုတ် တစ်နှစ်မဟုတ် နွေမိုးဆောင်းမရွေး လှုပ်ရှားနိုင်သရွေ့ လမ်းလျှောက်မယ် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း လုပ်မယ် ငွေမကုန်တဲ့ ဆရာဝန်ရဲ့ညွှန်ကြားချက် ဆေးဝါးမလိုတဲ့ စိတ်ပျို ကိုယ်နု အသက်ရှည်ဆေး ပေါ့ကွာ–ဟား–ဟား–ဟား''

မောင်နှမနှစ်ယောက်က ဦးမောင်ဝင်းစကားကို ပြိုင်တူခေါင်းညိတ်ပြီး အားပါးတရ လက်ခုပ်တီးပြီး ထောက်ခံအတည်ပြုလိုက်သည်ကတော့–

''ဒါမှ–လမ်းလျှောက်တဲ့–ဒို့–ဖေဖေ''ဟူ၍ ဖြစ်ပါတော့သည်။

ဖြူစင်မိုး

(မြန်မာစာ)

ဤဝတ္ထုတိုသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလ လှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲတွင် တတိယဆုရရှိသော ဖြူစင်မိုး (မြန်မာစာ)၏ ဝတ္ထုတိုဖြစ်ပါသည်။

‘‘ခြေလျင် လိုက်ခဲ့မယ်’’

ဟေမာန် ရာသီ၏ အေးမြသော မြောက်ပြန်လေညှင်းက ဖြူစင်သောနှင်းမျှားနှင့်အတူ အရာဏ်ဦးနံနက်ခင်းတွင် တရွေ့ရွေ့ တိုက်ခတ်သည့် လေပြေလေညှင်းက ရတနာပုံခေါ် မန္တလေးကျုံးဝန်းကျင်၌ ကြည်လင်တည်ငြိမ်နေသော ကျုံးရေပြင်နှင့်အတူ မနီးမဝေးမှ ‘‘စောစောအိပ်စို့၊ စောစောထစို့၊ စောစောလမ်းလျှောက်ကြပါစို့ – ကိုယ်ခန္ဓာသန်စွမ်းစေဖို့၊ စိတ်နှလုံးရွှင်လန်းစေဖို့၊ သူငယ်ချင်းအပေါင်းအသင်းများနဲ့ ပျော်လို့ ရွှင်လို့ ကျန်းမာစေဖို့-----’’ တေးသီချင်းသံလေး ကြားလိုက်ရပါသည်။

ထိုအချိန်တွင် မောင်ဟိတ တစ်ယောက် လူထုလမ်းလျှောက်ပွဲမှ လူထုနှင့်လမ်းခွဲကာ ကျုံးဘေးတွင် ကိုယ်လက်လှုပ်ရှား သွေးပူလေ့ကျင့်ခန်းနှင့် အကြောလျှော့နေပါသည်။ မောင်ဟိတ သည် အဖြူရောင် ထွပ်ကုတ်၊ ထွပ်ပင်၊ လမ်းလျှောက်ဖိနပ် အပြာရောင်နှင့် ဖြောင့်မတ်တောင့်တင်းသန်စွမ်းသော ခန္ဓာကိုယ်နှင့် အားကစားလိုက်စားသောလူငယ်တစ်ယောက်ဖြစ်ကြောင်း မြင်ရသူတိုင်း သိရှိနိုင်ပါသည်။

ထိုစဉ် ‘‘ဟေး မောင်ရင်-----ဟေး မောင်ရင်’ မောင်ဟိတ နောက်သို့ လှည့်ကြည့်လိုက်ပါသည်။ အသက် (၈၀) ဝန်းကျင်ရှိ

အဘိုးတစ်ယောက်ဖြစ်နေလေသည်။

‘‘ခင်ဗျာ အဘိုး ကျွန်တော့်ကို ခေါ်ပါသလားခင်ဗျာ’’

‘‘အေး မင်းကိုခေါ်နေတာပဲကွ၊ အကူအညီလေးတောင်းချင်လို့’’

‘‘ဟုတ်ကဲ့အဘိုး’’

‘‘မနက် (၄) နာရီလောက်က အဘိုးဒီနားမှာ လမ်းလျှောက်ပြီးအကြောလျှော့တယ်’’

‘‘ဟုတ်ကဲ့ ပြောပါအဘိုး’’ မောင်ဟိတ သည် အဘိုး၏အကူအညီတောင်းသောစကားအား ဆွဲထောက်ခံလိုက်၏’’

‘‘အဘိုးရဲ့စိန်လက်စွပ်ကလေး အကြောလျှော့ရင်းပြုတ်ကျသွားတယ် အဲဒါ၊ အဘိုးအိမ်ရောက်ချိန်းမှ သတိရလို့ ပြန်လှည့်

ရှာမလို့ ထွက်လာခဲ့တာပါ။ ဖြစ်နိုင်ရင် မောင်ရင်က လူငယ်ဆိုတော့ မျက်စိကောင်းကောင်းနဲ့ ကူရှာပေးပါအုံးကွာ’’

‘‘ဩော် ဟုတ်ကဲ့ပါအဘိုး ဒီအနီးအနားမှာပဲရှိမှာပါ။ ကျွန်တော့်အရင်လူတွေတွေ့သွားရင်တော့ မပြောတတ်ဘူး၊ ဒါပေမယ့်

ကူရှာပေးပါ့မယ်။'' မောင်ဟိတသည် ပြောရင်းနှင့် ပါလာသောဖုန်းမှ ဓာတ်မီးနှင့်မီးကူကာ အနားခပ်လှမ်းလှမ်းတွင်

လိုက်ရှာလေသည်။

''ဟော့မောင်ရင် ကူညီပေးတာကျေးဇူးပဲကွာ''

''အဘိုးကလည်း မတွေ့သေးပါဘူး'' ပြောနေစဉ်တွင် မောင်ဟိတ ဖိနပ်အောက်မှ ခုလုခုလုနှင့်အရာ မောင်ဟိတ ခြေထောက်ဖယ်၍ မီးနှင့်ထိုးလိုက်ရာ ဆလိုက်မီးထိုးသည့်ပမာ ကြည်လင်တောက်ပနေသော သူတို့နှစ်ဦးရှာနေသည့် စိန်လက်စွပ်ပင် ဖြစ်နေသည်။ ဝမ်းသာအားရနှင့်

''အဘိုး တွေ့ပြီဗျို့ ဒီမှာ''

''ဟေ ပြစမ်းပါကွာ၊ အေးဝမ်းသာလိုက်တာကွာ ဒါကငါ့မြေးမလေး မွေးနေ့လက်ဆောင် ဝယ်ပေးထားလို့ အမြတ်တနိုး ဝတ်နေရတာ အဘိုးက မြေးမလေးကိုသိပ်ချစ်တာ ဒီမြေးလေး တစ်ယောက်ရှိနေလို့လေ၊အဘိုးအသက်ရှည်နေတာ'' အဘိုးသည် ဝမ်းသာစွာ ဟိတအား ပြောနေလေသည်။

''အေး ကျေးဇူးတင်လိုက်တာကွာ၊ ဒါနဲ့မင်းနာမည်က''

''ဟိတ'' ပါအဘိုး၊ ကျွန်တော့်မိဘတွေက ကျွန်တော်နဲ့တွေ့ဆုံပေါင်းသင်းတဲ့သူမှန်သမျှ အကျိုးရှိစေရမယ်ဆိုပြီး နာမည်ကို ဟိတ (အကျိုး) ဆိုပြီးတော့ပေးခဲ့တာပါ''

''အေးအေး အဘိုးနာမည် ဦးဩဘာ တဲ့ မှတ်ထား''

''အဘိုး မင်းကို အဘိုးအိမ်ကို အလည်ခေါ်မယ်ကွာ မိတ်ဖြစ်ဆွေဖြစ်ပေါ့''

''ဟုတ်ကဲ့ အဘိုး ကျွန်တော်လည်း ကြုံလို့ကူညီရတာပဲ၊ ကျေးဇူးတင်စရာမလိုပါဘူးအဘိုး၊ အဘိုးနေ့စဉ်လမ်းလျှောက်တယ် မဟုတ်လား၊ ကျွန်တော်နဲ့တွေ့အုံးမှာပဲ''

''ဒါတော့ဒါပေါ့ကွာ အဘိုးကမင်းကျေးဇူးဆပ်ချင်လို့ပါ''

''မလိုပါဘူးဆိုအဘိုးကလည်း''

''ကဲပါကွာ အဘိုးနဲ့သာအိမ်ကိုအလည်လိုက်ခဲ့ပါ။ နောက်နေ့လည်းမင်းအားရင်ဝင်ခဲ့ပေါ့ အဘိုးတို့က မိတ်ဆွေတွေ ဖြစ်သွားပြီပဲ'' အဘိုးသည် အသက် (၈၀)ခန့် အဘိုးအရွယ်ဆိုသော်လည်း (၆၀) ကျော်ပမာ နုပျိုနေသည်၊ သဘောကောင်းသော အဘိုးဖြစ်မည်။

''ကဲပါမောင်ဟိတ အဘိုးနဲ့လိုက်ခဲ့''

မောင်ဟိတသည် မည်သို့မျှ မငြင်းပယ်ချင်တော့ပါ။ အဘိုးနဲ့လိုက်သွားရန်သာရှိသည်။ အဘိုးဦးဩဘာနှင့် မောင်ဟိတတို့

လမ်းလျှောက်လာကြသည်။ စကားလက်ဆုံကျနေသည်။

''မောင်ဟိတ'' ဘာလုပ်ငန်းလုပ်သလဲကွဲ့။

''အားကစားဝန်ကြီးဌာနက ဝန်ထမ်းပါ။ မြို့နယ်အားကစားမှူးပါအဘိုး''

''သြော် ဒီနေ့ လမ်းလျှောက်ပွဲပထမပတ်နော်''

''ဟုတ်ကဲ့ အဘိုး''

''အေး မင်းတို့ခေတ်ကလမ်းလျှောက်ပွဲ အဘိုးတို့တုန်းကလို ပျော်စရာမကောင်းဘူး'' အဘိုးကလည်း ဟိုတုန်းကအားကစား ကော်မတီဝင်ဖြစ်ဖူးတယ်၊ ဒီဘက်ခေတ်လူငယ်တွေ ကျန်းမာကြံ့ခိုင်မှု၊ ကိုယ်လက်လှုပ်ရှား အားကစားမှုနည်းလာတယ်။ ကျားကျား ယားယားနေရမယ့်ယောကျ်ားလေးတွေက မိန်းမလိုမိတ်ကပ် ပေါင်ဒါလိမ်း၊ ဝတ်တော့လည်း အင်္ကျီအကျပ်၊ ဘောင်းဘီအကျပ် သွားတာလာတာနဲ့လို့ ကိုယ်ခန္ဓာကလည်း သေးသေးပိန်ပိန်နဲ့ ကြည်ရအဆင်မပြေပါဘူးကွာ''

ဦးဩဘာသည် အားကစားကော်မတီဝင်ဖြစ်ဖူးကြောင်းကို မောင်ဟိတ အား ပြောပြနေလေသည်။

''အဘိုးတို့ ခြေလျင်လမ်းလျှောက်အဖွဲ့ကို မြန်မာနိုင်ငံခြေလျင်တောင်တက်အဖွဲ့က လှုံ့ဆော်ကြေငြာတာက ၁၉၃၄ ခုနှစ်၊ ဇွန်လ (၂၄)ရက်နေ့ ကျင်းပမယ့် ခြေလျင်လမ်းလျှောက်ပြိုင်ပွဲ လှုံ့ဆော်ချက်တွေက လူထုကိုစိတ်အားတက်ကြွစေခဲ့တယ်။ ''အဲ နောက် ၁၉၆၄ ခုနှစ်၊ မေလ (၁၄) ရက်နေ့မှာ တော်လှန်ရေးအစိုးရ ကျန်းမာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံအမျိုးသားကိုယ်လက် ကြံ့ခိုင်ရေးကောင်စီကို ဖျက်သိမ်းပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် တော်လှန်ရေးအစိုးရ အားကစားနှင့်ကာယပညာကော်မတီကို ဖွဲ့စည်းခဲ့တယ်။ ကမ္ဘာ့အိုလံပစ်အသင်းကြီးနဲ့ ဆက်သွယ်ထားတဲ့ မြန်မာနိုင်ငံအိုလံပစ်အသင်းချုပ်ကြီးကိုလည်း ဖျက်သိမ်းပြီး စနစ်သစ်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများအထိ အားကစားနှင့်ကာယပညာကော်မတီများကို ဖွဲ့စည်းခဲ့ကြတယ်၊ အားကစားနှင့် ကာယပညာကော်မတီက ''လူတစ်စုအားကစားမှ လူထုအားကစားသို့'' ဆိုပြီး ဆောင်ပုဒ်ကို ခိုင်ခိုင်မာမာစိုက်ထူခဲ့ကြတယ်။ ဖွဲ့စည်းပြီးလို့တစ်လအကြာမှာ ကော်မတီလူထုအားကစားဌာနစိတ် အစည်းအဝေးက ''ဒီဇင်ဘာလ'' ကို ပြည်သူ့အားကစားလ အဖြစ် ကျင်းပရန်ဆုံးဖြတ်ခဲ့ကြတယ်။ ပြည်သူ့အားလပ်ရက်ဖြစ်တဲ့ တနင်္ဂနွေနေ့များကိုလည်း လူထု လူတန်းစားအသီးသီး ပါဝင် လှုပ်ရှားနိုင်ရေးအတွက် နံနက်ခင်းအရုဏ်အချိန်မှာပဲ ခြေလျင်လမ်းလျှောက်ပွဲ ကျင်းပခဲ့ကြတယ်။

အဘိုးပြောချင်တာက မင်းတို့ ဝန်ကြီးဌာနလက်ထက်ကျမှ လူငယ်တွေ အားကစားကိုစိတ်ဝင်စားမှု နည်းလာတယ်''

အဘိုး၏စကားကို ပြန်လည်ရှင်းပြရန်သာရှိတော့သည်။ ''အဘိုး ကျွန်တော်ရှင်းပြမယ်၊ အဘိုးတို့ကော်မတီခေတ်လုပ်သလို ကျွန်တော်တို့ဝန်ကြီးဌာနကလည်းလုပ်ပါတယ်။ လမ်းလျှောက်ပွဲကို တနှစ်နွေနေ့အစား စနေနေ့ဖြစ်သွားတာပဲ ကွဲသွားတာပါ။ လမ်းလျှောက်ပွဲနေ့တွေ့ကို ဂရုတစိုက်၊ အကြီးအကျယ် အသံချဲ့စက်နဲ့ မြို့တွင်းကို လှည့်လည်ကြေငြာပါတယ်။ လူငယ်တွေ အားကစားကို စိတ်ဝင်စားမှုအားနည်းတာကလည်း အားကစားဌာနက အလုပ်မလုပ်လို့မဟုတ်ပါဘူး။ ဒီနေ့ခေတ် လူငယ်တွေမှာ စိတ်ဓာတ်ပျက်စီးစရာလမ်းကြောင်းတွေနဲ့ သိပ္ပံပညာထွန်းကားနေတော့ အားကစား လုပ်နေရမယ့်အချိန် တီဗွီဂိမ်းတွေ၊ ဖုန်းဂိမ်းတွေ၊ လျှောက်လည်မယ် စသည်ဖြင့်ပေါ့''

မောင်ဟိတရှင်းပြနေချိန်မှာ အဘိုးဦးညြဘာ၏အိမ်သို့ ရောက်ခဲ့ပါသည်။ ပေ ၂၀၀ ပတ်လည်ခန့်ရှိ ခြံဝင်းကျယ်ကြီးထဲတွင် ခန့်ငြားထည်ဝါသောတိုက်ကြီးတစ်လုံးနှင့် သစ်ပင်ပန်းပင်များနှင့် အလွန်သာယာ အေးချမ်းလှသော မိသားစုဖြစ်မည်ဟု မောင်ဟိတ ခံစားလိုက်ရပါသည်။

ထိုစဉ်တိုက်ကြီးထဲမှ မောင်ဟိတနှင့်ရွယ်တူခန့်ရှိသော ချောမောလှပသည့် နတ်သမီးလေးများ အလား ထင်ရောင်မိသည့် မိန်းမပျိုထွက်ရှိ လာပါသည်။ ထိုမိန်းကလေးမှာ ဟိတနှလုံးသားမြင်မြင်ခြင်း ရင်ခုန်လှုပ်ရှားလာခဲ့သည်။

''အဘိုး ပြန်လာပြီလား၊ ဧည့်သည်ပါလာတာပဲ''

''သီရိမေ မြေးမလေး မောင်ဟိတအတွက် တစ်ခုခုလုပ်ခဲ့အုံး အဘိုးလဲဗိုက်ဆာလာတယ်''

''မောင်ဟိတ ဒါ အဘိုးအချစ်ဆုံးမြေးမလေး အခုချိန်ထိ မစွန့်သေးဘူး၊ သီရိမေတဲ့''

''ဟုတ်ကဲ့ ဝမ်းသာပါတယ် အခုလိုတွေ့ရတာ''

''အဘိုးကလည်း မစွန့်တာမဟုတ်ပါဘူး''

''မစွန်းချင်လို့ မစွန်သလိုနေတာနော်''

''ကဲပါ မောင်ဟိတအတွက် ကော်ဖီဖြစ်ဖြစ် ဖျော်ခဲ့ပါ သွားသွား''

သီရိမေ ထမင်းစားခန်းဝင်သွားလေသည်။

အဘိုးသည် သူ၏မြေးမလေးအကြောင်းကို ပြောပြနေလေသည်။ ''သီရိမေက ဈေးချိုမြေညိုထပ်မှာ ဇွဲဆိုင်ဖွင့်ထားတယ် အလုပ်သမားစာရေးမလေးတွေ ၁၅ ယောက်နဲ့ဇွဲဆိုင်ပိုင်ရှင်မလေးပေါ့။ သူကအလုပ်ကို အာရုံစိုက်နေရတာများတော့ မြေးမလေး

ကြည့်ပြီး အဘိုးပင်ပန်းလိုက်တာ၊ စီးပွားရေးလောဘရှိတယ်။ စိတ်ရင်းကကောင်းတယ် တစ်ခါတစ်ခါ ကပ်သီးကပ်သပ်လေး ပြောတာကလွဲရင်ပေါ့''

''အဘိုးသိရိအကြောင်းကိုပြောနေတာမဟုတ်လား အဘိုးနော် ကိုယ့်မြေးအကြောင်းကို သူစိမ်းယောကျ်ားလေးကို ပြောရတယ်လို့ ဒီလိုအဘိုးမျိုးမကြုံဘူးပါဘူးနော်'' ဟိတ သဘောပေါက်သည် မြေးအဘိုးနှစ်ယောက် သူငယ်ချင်းလိုရင်းနှီးပွင့်လင်း သည်ဟူ၍ပင်။

''ကဲပါအဘိုး ကျွန်တော်လည်းပြန်လိုက်အုံးမယ်''

''နောက်နေ့လာခဲ့အုံးကွာ မောင်ဟိတ''

''ဟုတ်ကဲ့အဘိုး စိတ်ချပါ ဆက်ဆက်လာပါမယ်'' ဟုပြောပြီး သိရိအား လှမ်းကြည့်လိုက်သေးသည်။ သိရိက ခပ်တည်တည်နှင့်ပင်။

ဟိတခြံအပြင်ရောက်သွားသည်နှင့်ပင် အဘိုးအား သိရိမေးလေသည်။ မည်သို့မည်ပုံ ခင်လာတွေ့လာခဲ့ပုံအကြောင်း အဘိုးအသေးစိတ်ရှင်းပြလိုက်သည်။

''ရိုးရိုးသားသားမို့ပေါ့သိရိရယ်၊ မဟုတ်ရင်မတွေ့ပါဘူးငြင်းပြီး အသာလေးလက်စွပ်ကို ယူသွားလည်း ဘာတတ်နိုင်မှာလည်း''

''ဟုတ်ပါပြီ အဘိုးအဖော်ရကျေနပ်ပြီးတာပါဘဲ''

''အဘိုးအတွက်မဟုတ်ဘူး မြေးမလေးအတွက်''

''အဘိုးနော် အခုမှတွေ့တဲ့လူကို ကိုယ့်မြေးကို အတင်းထိုးထည့်နေတာပဲ၊ အဘိုးသူ့အကြောင်းဘယ်လောက်သိလို့လဲ''

''အဘိုးမေးပြီးပါပြီ အားကစားမျှူး၊ ဝန်ထမ်းလူရေသန့်လေးပါ။ စိတ်ထားရော ယဉ်ယဉ်ကျေးကျေးလေးပါ။ အဘိုး လူကဲခတ်

မည့်ပါဘူး''

''အဘိုးကတော့ အဲ့ရော'' ဟုပြောပြီး အခန်းထဲဝင်သွားသည်။

ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲ ဒုတိယပတ်ရောက်ပြန်သည်။ ဟိတတစ်ယောက် အဘိုးကို သေချာစွာစောင့်နေရ သည်။ အဘိုးကိုတွေ့ အိမ်ကိုအလည်လိုက် သူ့မြေးမနှင့်တွေ့ အကြိုကတော့ဟုတ်နေသည်။

''ဟာ အဘိုး နောက်ကျလှချေလား''

''ငါနောက်မကျပါဘူး၊ မင်းကစောနေတာပါ။ အိမ်လိုက်ခဲ့လေ''

''ဟုတ်ကဲ့'' ဟိတ ဦးဩဘာနှင့်လိုက်ခဲ့သည်။ ကံကောင်းသည်ဆိုရမလား။ သီရိနှင့် စကားလက်ဆုံကျနေရ၍ပင်။

''သီရိ မြေးမလေး မောင်ဟိတကို ဧည့်ခံလိုက်ပါအုံး။ အဘိုး နောက်ဖေးသွားလိုက်အုံးမယ်ကွာ''

''အဘိုးကလည်း နေပါစေ ကျွန်တော်နေတတ်ပါတယ်'' ဟန်ဆောင်၍ပြောလိုက်ခြင်းပင် ဖြစ်သည်။

''သီရိ အဘိုးနဲ့လမ်းလျှောက်လိုက်ခဲ့ပါလား''

''သီရိက ငါသနာမပါဘူး တစ်နေကုန်အလုပ်လုပ်နေရတော့၊ အားအားယားယား အိပ်ရေးပျက်ခံပြီး လမ်းမလျှောက်နိုင်ဘူး။ နောက်ပြီး စီးပွားရေးမပါဘူး''

''ဩော် သီရိ ကလည်း လမ်းလျှောက်တာအကျိုးရှိပါတယ်။ လမ်းလျှောက်တဲ့အခါ ခန္ဓာကိုယ်ရှိ အစိတ်အပိုင်းအားလုံးက ပါဝင်လှုပ်ရှားနေတော့ အဆုပ်က လေကောင်းလေသန့်ရှူရှိုက်ရခြင်းကြောင့် ဖောင်းကြွလာတယ်။ ခြေလှမ်းတိုင်း ကြွက်သားတွေ ဆန့်တန်းလိုက် လျှော့ပတ်လိုက် အလိုအလျောက်ဆုပ်နယ်ပြီးဖြစ်နေတယ်။ ခြေလက်၊ လည်ပင်း၊ ရင်ခေါင်း၊ ဆီးခုံ၊ ကျောရိုး နှင့် တင်ပါးဆုံတွေကလည်း စည်းဝါးတကျ ပါဝင်လှုပ်ရှားနေတယ်။ အရိုးအဆစ်တွေကလည်း အလိုအလျောက်ထွက်လာတဲ့ ဆီများကြောင့် ချောမွေ့စွာလှုပ်ရှားနေတယ်။ နောက်ပြီး အာရုံကြောတွေ အားကောင်းလာတယ်''

''ဘယ်လိုပဲဖြစ်ဖြစ် သီရိ အညောင်းမခံနိုင်ဘူး'' အေးလည်းအေးတယ်၊ အိပ်ယာပေါ်မှာ စောင်ခြုံထဲမှာပဲ ကွေးနေရတာ ကောင်းတယ်''

''လမ်းလျှောက်ပေးခြင်းက သည်းခြေကို ပို့ဆောင်လိုက်တဲ့အခိုးတွေ ထွက်လာတဲ့ ကိစ္စလည်းပြီးတယ်။ မျက်စိကထွက်လာတဲ့ အခိုးတွေရယ်၊ အဆုပ်မှာရှိတဲ့ အခိုးတွေရှူရှိုက်တဲ့ကိစ္စ လည်ချောင်းထဲမှာရှိတဲ့ ကိစ္စတွေလည်း ပို့ဆောင်တယ်။ ဓာတ်သွားချင်တဲ့ကိစ္စ၊ ဆီးသွားချင်တဲ့ကိစ္စ၊ သွေးလေလည်ပတ်မှုနှုန်းမှန်အောင်လည်း ပို့ပေးတယ်။ အကြောအား၊ အသားအားမနည်းအောင်လဲ ကာကွယ်တယ်။ စိတ်ဖိစီးမှုများနေရင် လမ်းလျှောက်ပေးရတယ်။ စိတ်လက်ပေါ့ပါးပြီး စိတ်ကိုရွှင်လန်းစေတယ်'' ဟိတ မဖောတမ်း ရှင်းပြနေသည်။

''ဒါဆိုရင် လမ်းလျှောက်ရင်မသေတော့ဘူးပေါ့''

''ဒါတော့ သီရိက အကပ်ပြောတာပါ။ လူပဲ ရုပ်တရား နာမ်တရားတွေနဲ့ဖွဲ့စည်းထားတာ အို၊ နာ၊ သေ လွတ်မှမလွတ်တာ'' တစ်ခုတော့ရှိတယ်။ ကျန်းမာကြံ့ခိုင်မှုရှိတော့ ဘယ်ရောဂါမှ လွယ်လွယ်ကူကူ

မဝင်နိုင်ဘူး။ မြန်မာတိုင်းရင်းဆေးပညာအရဆို ဓာတ်ကြီးလေးပါး ပုံမှန်လည်ပတ်ဖေတယ်။ သွေးတိုး၊ သွေးကျ၊ နှလုံး၊ လေးဖက်နာ၊ အာရုံကြော၊ အစာအိမ် အားလုံးကောင်းတယ်'' ဟိတ ပြောနေစဉ် အနောက်မှ အဘိုးရောက်လာသည်။ ဟိတ ဘက်မှ ဝင်၍ထောက်ခံလေသည်။

''ဟုတ်တာပေါ့ကွာ မြေးမလေး အဘိုးပြောမယ်။ ဟိုတုန်းက မိန်းကလေးတွေအတွက် နန်းတော်ရှေ့ဆရာတင်က ခြေလျင်လမ်းလျှောက်နှင့် ကာယဗလကို အားပေးတဲ့ ''ကာယဗလနှင့် ရည်းစားရှာမယ်'' ဆိုတဲ့သီချင်းတစ်ပုဒ် ရေးစပ်ခဲ့သေးတယ်။ သီချင်းကို အဆိုတော် ဦးစိန်ခင်က အဆိုပိုင်ပိုင်၊ ရွာသားကြီး စိန်ဇော်က တီးကွက်တီးလက်မြောင်မြောင်နဲ့ လက်စွမ်းပြလိုက်တဲ့အခါ ဓာတ်ပြားတွေ အတော်ကိုပဲ အရောင်းရတွင်ကျယ်သွားခဲ့တယ်။ အဘိုး ဆိုပြအုံးမယ်''

မြန်မာသဘင် အမျိုးသမီးလေးက ရှေးထုံးစံနှင့် အိမ်ထောင်ပြုမယ်

ချွေချွေချာချာ လူမမာကြီး ရည်းစားဆိုလျှင်အလွန်ရှက်ဖွယ်

လမ်းလျှောက်နိုင်ရဲ့လား ကျွန်မနှင့်တူတူ မိုင်နှစ်ဆယ်

ထွားထွားကြိုင်းကြိုင်း ဗလရှိမှ ပျိုချစ်မယား

မွေးဖွားလာသောကလေးများ ကျန်းကျန်းမာမာရှိစေကွယ်

ကာယဗလနှင့် ရည်းစားရှာအုံးမယ်...

''အဘိုးက အသံကောင်းတယ် လူငယ်အသံလားအောက်မေ့ရတယ်''

''အေး အဲဒါ နေ့စဉ်လမ်းလျှောက်ခြင်းအကျိုးပဲလေ၊ မောင်ဟိတ မင်းလည်းသိတာပဲ''

''သူများအဘိုးကို မြှောက်မနေပါနဲ့ ပုံမှန်ဆက်ဆံပါ''

''မြှောက်နေတာ မဟုတ်ဘူး၊ ထောက်ခံနေတာ''

''လမ်းလျှောက်တာ ကျွန်တော်တို့နိုင်ငံတင်မဟုတ်ပါဘူး။ ကမ္ဘာ့နိုင်ငံအသီးသီးကလူတွေလည်း လမ်းလျှောက်တယ်။ အချိန်လေးအနည်းငယ်သာကွာတာပါ။ အမေရိကန်နိုင်ငံမှာ တစ်ချို့ နံနက် (၇) နာရီ အချိန်၊ အင်္ဂလန်နိုင်ငံမှာ အထူးသဖြင့် ညနေပိုင်းအချိန် လေညှင်းခံရင်း လမ်းလျှောက်လေ့ရှိကြတယ်။ မြန်မာနိုင်ငံကတော့ နံနက် (၄) နာရီ (၅) နာရီခန့်တွေ လမ်းလျှောက် လေ့ရှိကြတယ်။ ဒါကလည်း နံနက်ခင်းထွက်ပြုစနေရောင်ခြည်နုနုလေးတွေကို ခံပြီးလျှောက်တာ နေရောင်ခြည်ကနေ (ဒိုရာစင်) ဓာတ်ကို ရရှိကြလို့လေ။

''အဘိုးတို့ စကားပြောကြအုံးနော် သမီးဆိုင်သွားရအုံးမှာမို့'' သီရိ စကားပင်မဆုံးသေး အဘိုးက ''နေပါအုံး မြေးမလေးကလည်း ဇောပါသေးတယ်'' ဟူ၍ ပြောလိုက်ပါသေးသည်။ ဟိတ ပျော်သွားသည်။ သို့သော် သီရိ စိတ်ညစ်သွားသည်။ ဟိတမှ စကားစလိုက်ရသည်။

''သီရိ ကျွန်တော်တို့နဲ့ နောက်တစ်ပတ် လမ်းလျှောက်လိုက်ခဲ့ကြည့်ပါလား''

''မလိုက်ပါရစေနဲ့ ဘာရမှာမို့လဲ၊ ဘာဖြစ်လာမှာမို့လဲ အလုပ်မရှိတဲ့သူတွေ အလုပ်ရှာလုပ်နေကြတာဘဲ''

''အလုပ်မရှိတဲ့လူတွေ လုပ်နေတာမဟုတ်ဘူး သီရိရဲ့၊ ကမ္ဘာကျော်တွေလည်း လမ်းလျှောက်ခဲ့ကြတယ်။ ဗြိတိသျှနန်းရေး ဝန်ကြီးအဖြစ် (၄) ကြိမ်တိုင်ဆောင်ရွက်ခဲ့တဲ့ ''ဂလက်စတုန်း'' ဟာ ရုံးတက်၊ ရုံးဆင်းပြီးတာနဲ့ လမ်းလျှောက်တယ်။ အမေရိကန် သမ္မတထဲမှာဆိုရင် ''ထရူးမင်း'' ခြေလျင်သမားကြီး။ ဘယ်လောက်ပဲ အရေးကြီးကိစ္စရှိရှိ တစ်နေ့ မိနစ် ၃၀ လမ်းလျှောက်တယ်။ နောက်အမေရိကန်သမ္မတ အော့ဇရာဟင်လင်ကွန်း ကလည်း အကြီးအကျယ် လမ်းလျှောက်တယ်။ ဒီနေ့ အမေရိကန်သမ္မ အိုဘားမားဆိုရင် အိမ်ဖြူတော်အတွင်းမှာ လမ်းလျှောက်တဲ့အပြင် သူငယ်ငယ်က ဘတ်စကတ်ဘောကစားတဲ့ အားကစားသမားတစ်ဦး ဖြစ်ခဲ့တယ်။ ကမ္ဘာကျော်စာရေးဆရာကြီး ဘားနဒ်ရှော လည်းပဲ စောစောလမ်းလျှောက်ပြီးမှ စာရေးတယ်။ သိပ္ပံပညာရှင် အိုင်စတိုင်း ကလည်းပဲ သိပ္ပံပြဿနာတွေကို လမ်းလျှောက်ရင်း တွက်ချက်ဆင်ခြင်သုံးသပ်တယ်။ နောက်ပြီး.....

''အမလေးတော်ပါတော့ ကမ္ဘာကျော်တွေတောင်မှ အားကစားကို လိုက်စားတယ်လို့ ပြောချင်တာမဟုတ်လား။ တော်တော် အပြောကောင်း၊ မုန်းဖို့ကောင်းတာ'' ဟူ၍ သီရိက မျက်စောင်းလေးထိုးလိုက်ပါသည်။ သီရိ၏ မုန်းဖို့ကောင်းတာဆိုသောစကားကို ဟိတ သဘောကျကျနပ်၍ဟိတ ကိုယ်တိုင်ပင် သီရိကိုချစ်နေမိသည်။ ဒီနေ့ ဒီချိန်ဖွင့်ပြောရန်သာအခွင့်အရေးရှိနေသည်။ ထို့ကြောင့်ပင် ''ဟုတ်လား ကျွန်တော်ကတော့ သီရိကို မြင်မြင်ချင်းမြတ်နိုးစွာနဲ့ ချစ်နေမိတယ်၊ တစ်ကယ်ပါ သီရိရယ် ကွယ်ဝက် မထားနိုင်တော့လို့ပါ''

''သူနဲ့ သူများနဲ့ တွေ့တာတောင် ဘယ်လောက်မှမရှိသေးဘူး၊ ဇောလွန်းမနေဘူးလား''

''အတိအကျပြောရရင် (၇) ရက် (၁) ပတ် (၂)ပတ် (၁၄) ရက်ရှိသွားပြီပေါ့။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ နောက်ကျနေမိတယ်။ သီရိကို ပိုင်ဆိုင်ချင်တယ် တစ်ဘဝစာရည်ရွယ်ခဲ့တာပါ။

''သီရိက ဟိတ အလုပ်ကို သဘောမကျဘူး။ အားကစားလုပ်ငန်း နားမလည်ဘူး၊ တစ်ခါမှလည်းအတွေ့အကြုံ မရှိဘူး''

''စောနက စကားပြတ်သွားလို့ ကမ္ဘာမှာ ထင်ရှားတဲ့ဗြိတိန်နိုင်ငံရဲ့ ဘုရင်မ အဲလိစဘတ်ကလည်း လမ်းလျှောက်ခြင်းနှင့် ကျန်းမာရေးကို ဦးစားပေးတယ်။ နောက် ဗစ်တိုးရီးယားဘုရင်မလည်းပဲ လမ်းလျှောက်ခြင်းကို အထူးအားပေးတယ်။ ထို့အတူပဲ ရောမဂေကရာဇ် ဂျူးလီးယပ်ဆီဇာ နှင့် ရောမစစ်မျူးများလည်း ဝေးကွာလှတဲ့နိုင်ငံအသီးသီးကို ခြေလျင်လျှောက်ခရီးဖြင့် စစ်ချီခဲ့ရတယ်။ ဒါကြောင့်... ဟိတ စကားအား သိရိမှ ဖြတ်ကာ သိရိအနေနဲ့လည်း လမ်းလျှောက်သင့်တယ်ပေါ့။ ''ဟုတ်ပါတယ်'' ''ခြေလျင်လျှောက်ခြင်းကို ကမ္ဘာဦးလူ၊ သတ္တဝါများဖြစ်ပေါ်လာချိန်မှ အစပြုခဲ့တာပဲ။ လူသဘာဝအလျှောက် အရွယ်ရောက်ပြီး လမ်းလျှောက်နိုင်သည်မှ ဘဝနိဂုံးချုပ် ရုပ်၊ ခန္ဓာစဲသည့်တိုင် စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေး၊ ဘာသာရေး ကိစ္စအဝဝအတွက် လူတိုင်းခြေလျင်လျှောက်ခဲ့တယ်။ ကမ္ဘာဦးလူတို့ဟာ တောင်ကိုကျော်၊ တောကို ဖြတ်၊ ရေကြည်ရာ မျက်နှာ ခြေလျင်လမ်းလျှောက်ခရီးနဲ့ နယ်ပယ်သစ်အသီးသီးကို ရှာဖွေခဲ့ကြတယ်။ နောက်တော့ ခေတ်အဆက်ဆက်ကိုကျော်ဖြတ် အသိဉာဏ်တိုးတက်ပြီး လက်နက်၊ ကိရိယာ ပစ္စည်းတွေကို ခြေလျင်လမ်းလျှောက်ခရီးနဲ့ပဲ တစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်မက်ပြိုင်ကြတယ်။ မြန်မာနိုင်ငံမှာလည်း ခေတ်အဆက်ဆက် မြန်မာရာဇဝင်မှာ ထင်ရှာတဲ့ တောင်ငူဘုရင် တပင်ရွှေထီး၊ ဘုရင့်နောင်ကျော်ထင်အနော်အရထာ၊ ဦးအောင်ဇေယျ စတဲ့ မြန်မာဘုရင်တွေကလည်း နယ်နိမိတ်ကျော်လွန်ပြီးတော့ ယိုးဒယား၊ မဏိပူရ၊ အာသံ စတဲ့ နိုင်ငံတွေအထိ ခြေလျင်လမ်းလျှောက်ခရီးနဲ့ စစ်ချီခဲ့ကြတယ်'' နောက်....ဟိတ စကားမဆုံးသေးပါ။ သိရိမှ စိတ်မရှည်ဟန်နှင့် ''ဆက်ပြောပါအုံး အားကစားမျူးရယ် ကျွန်မနားထောင်နေပါတယ်''

''ခြေလျင်လျှောက်ခြင်းက မြတ်နိုးတန်ဖိုးထားစရာကောင်းတစ်ခုရှိသေးတယ်''

သိရိက ''ပြောပါအုံး'' ဟု ဇည့်ထောက်ခံလိုက်သေးသည်။

''ကျင့်စဉ်လုပ်ငန်းတစ်ရပ်အနေနဲ့ လူသားတို့ အကျိုးပြု ကျန်းမာရေးရှုထောင့်၊ စိတ္တဇေဒရှုထောင့်၊ ဇီဝဇေဒရှုထောင့်မှ ကြည့်မြင်၍ လွန်ခဲ့သော နှစ်ပေါင်း ၂၅၅၀ ကျော်က ထုတ်ဖော်ညွှန်ပြခဲ့သူ ရှင်တော်ဗုဒ္ဓပဲပေါ့။ ဗုဒ္ဓက လူနတ်ဗြဟ္မာ သတ္တဝါ တပည့်ရဟန်းသံဃာများကို ကျန်းမာရေး၊ စိတ်ဓာတ်ကြံ့ခိုင်ရေးတို့အတွက် ခြေလျင်စင်္ကြံလျှောက်ခြင်းရဲ့အာနိသင်များကို ဒီလို ထုတ်ဖော် ညွှန်ကြားတော်မူခဲ့တယ်။

အိုး....

ရဟန်းတို့ စင်္ကြံလျှောက်ခြင်းရဲ့အာနိသင်ငါးမျိုးက

ခရီးသွားနိုင်

ကြံ့ခိုင်အင်အား

ကင်းစင်ရော၀ါ

အစာကြေညက်

မပျက်သမာဓိ ငါးပါးရှိ များ၏အကျိုးတည်း...ဆိုပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူတယ်။ နောက်ထပ် မိုးညှင်းဆရာတော်ဘုရားကြီးက

မိုးညှင်းတရား

ယုံပွားများလျှက်

အထမြောက်သူ

ပြည်နိဗ္ဗာန်ကို

လွယ်ကူရောက်ကြောင်း

တရားကောင်း

အပေါင်းမှတ်ကြစေ.. လို့ ဆိုခဲ့တယ်လေ။

သီရိက နောက်ထပ်ပြောပါအုံး အားကစားမျှး" ဟုဆိုလေသည်။ ဟိတ က ပြုံးလျှက် မိမိအလုပ်၊ မိမိဌာန သိက္ခာအတွက် ဆက်၍သာပြောရန်ရှိပါတော့သည်။

''ဆရာဇော်ဂျီက မူမှန်လမ်းလျှောက်နည်းကို ဒီလိုဆိုခဲ့တယ် သီရိ''

ရင်ဘတ်ကိုပင့် တန်ရုံမြင့်

ရဲရင့်တည်ကြည် လျှောက်ရမည်

ခါးကိုမတ်မတ် ကိုယ်ကိုမတ်

အရပ်မြင့်အောင် လျှောက်ရမည်

နှူးကိုဆန့်ခင်း ကြွက်သားရင်း

တောင့်တင်းပေါ်အောင် လျှောက်ရမည်

ခြေလှမ်းသောအခါ ရှေ့ခြေဟာ

မြေမှာဖနောင့် ကျရမည်

ခြေလှမ်းသောအခါ နောက်ခြေဟာ

မြေမှာခြေဖျား ကျရမည်

မှတ်ကြစေရန် လမ်းလျှောက်ဟန်

မူမှန်လျှောက်နည်း ပြီးတော့သည် တဲ့ သီရိ လမ်းလျှောက်တဲ့အခါ ဒီစာချိုးအတိုင်း လျှောက်ပေါ့ ဟုတ်ဘူးလား''

''အင်းပါ သီရိ လမ်းလျှောက်တဲ့နေ့ဟာ တိတ ကိုရော တိတ အလုပ်ကိုရော မြတ်နိုးချစ်ခင်လာတဲ့နေ့ပဲ။ ဒါပေမယ့် ဘယ်နေ့လည်းမသိသေးဘူး၊ လေ့လာအုံးမယ်'' ဟု သီရိက ပွင့်လင်းစွာပြောလေသည်။

''ကျေးဇူးတင်ပါတယ် သီရိ'' ဆက်ပြောမယ်နော် သီရိ အားတယ်မှတ်လား''

''အင်း အားပါတယ်၊ ဆိုင်က မန်နေဂျာတစ်ယောက်ရှိတယ်လေ'' သီရိ နားနားနေနေ နေနိုင်အောင် မနှစ်ကမှ ခန့်ထားတာပါ''

''နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံနှင့်လူမျိုး တည်တံ့ခိုင်မြဲရေးတွင် လူတစ်ဦးစီ ကျန်းမာကြံ့ခိုင်ပါမှ မိမိတို့တိုင်းပြည် မိမိတို့လူမျိုး တည်မြဲမှာလေ သီရိ၊ နိုင်ငံနှင့်လူမျိုးတည်တံ့ခိုင်မြဲပါမှ အသက်သွေးများစွာဖြင့် ရယူထားတဲ့ လွတ်လပ်ရေးကြီးကို အစွန့်ရှည်ကြာစွာ ကာကွယ်စောင့်ရှောက်နိုင်မှာပေါ့။ ဒီတာဝန်တွေက တိုင်းပြည်အတွင်းနေတဲ့ တစ်မျိုးသားလုံး တာဝန်ပဲလေ။ အဲဒီထဲ ကျွန်တော်တို့ ပါသလို သီရိလည်းပါတယ်။ ဒီကနေ့ နိုင်ငံတော်မှ ခေတ်မီဖွံ့ဖြိုးတိုးတက် စည်းကမ်းပြည့်ဝသော Democracy အသွင်သစ် ကူးပြောင်းဆဲကာလမှာ တတ်စွမ်းတဲ့ဘက်မှ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားအောင်မြင်မှုသည် နိုင်ငံ၏ဂုဏ်၊ လူမျိုး၏သိက္ခာ၊ လူငယ်များကို ယနေ့အချိန်မှာ အားကစားဝန်ကြီးဌာနနှင့် အားကစားသိပ္ပံကျောင်းများ အားကစားတက္ကသိုလ်၊ မြို့နယ်၊ ခရိုင်၊ တိုင်း၊ ပြည်တွင်း၊ ပြည်ပ အားကစားပြိုင်ပွဲများ၊ အမျိုးသား အားကစားပွဲတော်၊ ဝန်ကြီးချုပ်ဖလားများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်နေကြသည် မဟုတ်လား။ မြန်မာ့အားကစားအဆင့်အတန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုနှင့်အတူ ဗလငါးတန် ဟန်ချက်ညီညီနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှုနှင့် ပြည်သူတစ်ရပ်လုံး အမျိုးသားရေးအသိဖြင့် ဆောင်ရွက်နေပြီဖြစ်လို့ ၂၀၁၃ ခုနှစ်မှာလည်း (၂၇) ကြိမ်မြောက် **SEA Games** ပွဲကြီးကို အိမ်ရှင်အဖြစ် အာဆီယံနိုင်ငံတွေ အလယ်မှာ အောင်မြင်စွာ လက်ခံကျင်းပ နိုင်ခဲ့သေးတာပဲ။ **SEA Games** တုန်းက မန္တလေး မန္တလာသီရိ အဆင့်မြင့် အားကစား ကွင်းမှာ အမျိုးသမီးပွဲ ကျင်းပပေးခဲ့တယ်လေ သီရိ သွားမကြည့်ဘူးလား''

''မကြည့်ဖြစ်ပါဘူး မအားလို့''

ထိုစဉ် အဘိုးရောက်လာပြီး

''အေးကွာ မောင်ဟိတ အဘိုးဘုရားဆွမ်းတော်ကပ်နေလို့ ကြာသွားတယ်ကွာ၊ ဘယ်လိုလဲ သီရိနဲ့ စကားရေ လုလိုက်ရသေးလား'' ဟု ဟိတအားပြောလေသည်။

''သီရိက စီးပွားရေးသမားဆိုတော့ နေ့စဉ်အလုပ်တွေ၊ ငွေကြေးတွေနဲ့ပဲ နေရတာမို့ ကျွန်တော်ရှင်းပြနေတာပါ''

''အဘိုး ကျွန်တော်လည်း ပြန်လိုက်အုံးမယ်၊ ဒီနေ့ ပြိုင်ပွဲလေးတွေအတွက် အလုပ်ရှိနေလို့'' ဟု ပြန်မည်လုပ်နေစဉ်မှာပင်

''အဘိုးကလည်း သူက မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းအောင် ကြိုးစားနေတာလေ'' ဟု ရွဲ့ပြောလိုက်သေးသည်။

ဟိတ သည် မပြန်သေးဘဲ သီရို၏ စကားကို ချေပရန်သာရှိတော့သည်။ ရန်တွေ့တာတော့မဟုတ်၊ သဘောပေါက်နားလည် ဇစရန် ပြောပခြင်းဖြစ်သည်။

''အခုဆောင်ပုဒ်ပြောင်းလိုက်ပြီး သီရို''

''မြန်မာ့အားကစားမှ၊ ကမ္ဘာ့အားကစားသို့'' ဆိုပြီး ပြောင်းလိုက်ပြီ၊ နောက်ပိုင်း မြန်မာ့အားကစားလောကတိုးတက်လာတာကို

သီရို တစ်ယောက်ပဲ ပတ်ဝန်းကျင်လေ့လာမှုအားနည်းလို့မသိတာပါ။ ဟုတ်တယ်မို့လား အဘိုး'' အဘိုးကလည်း ရယ်လျှက် ထောက်ခံလေသည်။

''သိပ်ဟုတ်တာပေါ့ မောင်ဟိတ''

အဘိုးသည် သီရိမယုံနိုင်လောက်အောင်ပင် အားကစားမျှူးဟိတဘက်မှ ဖြစ်နေသည်။ ဟိတက အဘိုးကို ဘယ်လိုစည်းရုံး လိုက်တာလဲ သီရိမသိပါ။ သေချာတာကတော့ အဘိုးက ဟိတကို တော်တော်အထင်ကြီးနေပုံရသည်ဟုပင်။ ပြောလို့သာပြောရသည် သီရိကိုယ်တိုင်ပင် ဟိတ၏ အပြောအဟောကောင်းမှုကို သဘောကျကျေနပ်နေမိသည်။

''အဘိုး ကျွန်တော်တို့ အား/ကာဝန်ထမ်းတွေ နယ်တွေကိုဆင်းပြီး အားကစားသမား သွေးသစ်လောင်း၊ ရှာဖွေပြီး အားကစားသိပ္ပံကျောင်းကို ကျောင်းတက်ခွင့်ရရှိအောင် ကျောင်းသား ရှာတဲ့နေရာမှာ အခက်အခဲ အများကြီးတွေ့ရတယ်။ တချို့က ကလေးကဝါသနာပါပြီး အရပ်ပေတွေ သိပ်ကောင်းတယ်။ ဒါပေမယ့် မိဘက အားကစားကိုအားမပေးဘူး။ တချို့ကျပြန်တော့ မိဘကဝါသနာပါတယ်။ အားကစားကိုထူးချွန်စေချင်တယ်။ ဒါပေမယ့် ကလေးက ဝါသနာမပါဘူး။ ပိုဆိုးတာက မိဘရောကလေးရော ဝါသနာပါတယ်။ ဒါပေမယ့် တောသူတောင်သားတွေဆိုတော့ လူလိမ်လူညာတွေ၊ လူကုန်ကူးခံနေရရင်ဘယ်လိုလုပ်မလဲ၊ ရောင်းစားထားခဲ့ရင် ဘယ်လိုလုပ်မလဲ

စသည်ဖြင့်ပေါ့။ အဘိုးရေ အဲဒီလိုမနည်းကြီးကို စည်းရုံးပြီး မျိုးဆက်သစ်ရွက်ပုံးသီး ကစားသမားလေးတွေ ရှာဖွေမြေတောင်မြှောက်ပေးရတယ်လေ''

''ဒါကလည်း မင်းတို့ လစာယူထားတဲ့ဝန်ထမ်းတွေပဲ လုပ်ရမှာပေါ့''

''ဟုတ်ပါတယ်အဘိုး၊ ကျွန်တော်တို့ကလည်း တိုင်းပြည်နဲ့လူမျိုး အခွန့်ရည်ကြာစွာနဲ့ ကျန်းမာသန်စွမ်းတဲ့ လူငယ်မောင်မယ်များ အနာဂတ်မှာ ကြယ်ပွင့်လေးတွေဖြစ်အောင် နိုင်ငံတော်ရဲ့ဂုဏ်သိက္ခာကို အားကစားကဏ္ဍမှ တိုးတက်အောင် ဆောင်ရွက်နေကြတာကို အဘိုးသိပြီးဖြစ်ပါလိမ့်မယ်''

''အေးပါကွာ သိပါတယ်။ ငါက မင်းဘယ်လောက်အမျိုးသားရေးစိတ်ဓာတ်ရှိတယ်ဆိုတာ သိချင်လို့ပါ။''

''ကျွန်တော်တို့က ပြည်သူတွေဆီကလစာယူထားတဲ့ ဝန်ထမ်းတွေပါ။ ပြည်သူတွေထဲက ပြည်သူ့ရင်သွေးများစွာကို နိုင်ငံတကာ၊ ကမ္ဘာနဲ့ ပခုံးချင်းယှဉ်နိုင်အောင် ဆောင်ရွက်ပေးနေတဲ့ ပြည်သူ့ဝန်ဆောင်မှုတစ်ခုဖြစ်တဲ့ လူမှုရေးလုပ်ငန်းကြီးတစ်ခုဖြစ်တဲ့ တစ်မျိုးသားလုံး ''ကျန်းမာကြံ့ခိုင်ရေး အတွက် အဓိကအထောက်အကူပြုဆုံး အားကစားလုပ်ငန်းကြီးတစ်ရပ်ကို လုပ်ဆောင်နေတဲ့ ပြည်သူ့ဝန်ထမ်းတွေပါ အဘိုး'' နောက်ပြီး ဗလငါးတန်ဖြစ်တဲ့

-ကာယ

-ညာဏ

-စိတ္တ

-မိတ္တ

-ဧဘာဂ ဆိုတဲ့ ဗလငါးတန်နဲ့အညီ ကျွန်တော်တို့အားကစားဝန်ကြီးဌာနက ဟန်ချက်ညီညီ စည်းစည်းလုံးလုံးနဲ့ စိတ်ဓေတနာ၊ ဝါသနာ၊ အနစ်နာခံပြီး နိုင်ငံအတွက် ထူးချွန်တဲ့ အားကစားသမားကောင်းတွေကို တာဝန်ကိုယ်စီနဲ့ ထမ်းဆောင်နေကြပါတယ်။ ဒီကနေ့ ကျွန်တော်တို့ နိုင်ငံမှာ အားကစားနဲ့ပတ်သတ်ပြီး မြန်မာကို ကမ္ဘာကသိအောင်၊ ကမ္ဘာမှာ မြန်မာဟော့လို့ ဟစ်ကြွေးနိုင်အောင် အဖက်ဖက်ကနေ အမျိုးသားရေးအသိနဲ့ ပြည်သူတစ်ရပ်လုံး စိတ်အားတက်ကြွစွာနဲ့ ပူးပေါင်းဆောင်ရွက် နိုင်လာခဲ့ကြပါတယ်။

ဟိတက အဘိုးနှင့် မာန်ပါပါ စကားပြောနေလေသည်။ သီရိက ဟိတကို မျက်စောင်းကလေး ထိုးပြီး...

''အမလေး အားကစားမျူးရယ် ကမ္ဘာသိဖို့ထက် အရှေ့တောင်အာရှတောင်မှ ထိုင်းကိုမနိုင်တာများ'' ဟု သီရိပြောသောအခါ အဘိုးမှ ''ထိုင်းကိုမနိုင်တာမဟုတ်ဘူး၊ ဒိုင်ကိုမနိုင်တာပါ။ မြေးမလေးက ဘာသိလို့လည်း၊ မြန်မာအသင်းက (၁၁) ယောက်၊ ထိုင်းက (၁၄) ယောက်လေ။ အလယ်ဒိုင်၊ ဘေးဒိုင်နှစ်ယောက်နဲ့ကစားကြတာကိုကွ ဟား....ဟား...ဟား....'' အဘိုးက ပြောရင်း ရယ်လေသည်။

ကျွန်တော်တို့နိုင်ငံက နိုင်ငံရဲ့ဂုဏ်သိက္ခာ၊ ကစားသမားတွေရဲ့အားကစားစိတ်ဓာတ်အပြည့်ရှိမှု၊ အားနာသည်းခံတတ်မှု တွေက ကျွန်တော်တို့ရဲ့ အားနည်းချက်ဖြစ်သွားတယ်။ ဒါပေမယ့် စိတ်ဓာတ်ကိုတော့ မြန်မာအသင်းကိုမမှီဘူးအဘိုး'' ဟူ၍ ဟိတပြောလိုက်သည်။ စကားဝိုင်းမှ စကားသံများ ခဏဆိုသလိုတိတ်ဆိတ်သွားလေသည်။ သို့ပါသော်ကြောင့် ဟိတပြန်ဖို့ရန် ပြင်လိုက်သည်။

''ဒါဆို ကျွန်တော်ပြန်လိုက်အုံးမယ် သီရိ ကျွန်တော်ပြောတဲ့ စကားလေးအချို့အတွက်ပဲ သီရိ စဉ်းစားပေးပါ'' ဟူ၍ အတည်ပေါက်ကြီးနဲ့ ပြောသွားသေးသည်။

ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲ တတိယပတ် ရောက်ခဲ့ပြန်သည်။ ထုံးစံအတိုင်း ဟိတ တစ်ယောက် အဘိုး ဦးဩဘာ အားဖောင့်ရင်း သွေးပူလေ့ကျင့်ခန်းလုပ်နေသည်။ အချိန်သာကုန် (၆) နာရီ အချိန်သာရောက်လာသည်။ အဘိုးဦးဩဘာ ရောက်မလာပါ။ ဟိတ ဘာ့ကြောင့်လည်း အိမ်ကိုသွားစုံစမ်းရန် ဆုံးဖြတ်လိုက်သည်။ အဘိုးတို့အိမ်သို့ ရောက်ခဲ့လေသည်။

''အဘိုး....အဘိုး....သီရိ....သီရိ''

ဟေး မောင်ဟိတ မင်းလာတာနဲ့အတော်ပဲကွာ။ မနေ့က သီရိ အလုပ်တွေများပြီး ညနေမှ ရေချိုးလိုက်တာ မနက်လင်းတော့ လေဖြတ်သလိုဖြစ်ပြီး ပါးတစ်ခြမ်းရွဲ့သွားလို့ ငိုနေလေရဲ့''

''ဟောဗျာ တော်သေးတာပေါ့ အခုဘယ်မှာလည်း''

လာသူ့အခန်းထဲမှာ ''ဆေးခန်းပြဆိုလည်းမပြဘူး၊ ရှက်လို့တဲ့။ ပြောပြောဆိုဆို အဘိုးနှင့် သီရိ အခန်းထဲသို့ ပါသွားလေသည်။ အခန်းထဲရောက်တော့ သီရိတစ်ယောက် မှန်တင်ခုံရှေ့တွင် ထိုင်ငိုနေသည်။

''သီရိ ဟိတကို ဆေးခန်းလိုက်ပို့ခိုင်းလိုက်'' အဘိုးကပြောလေသည်။ သီရိက ဟိတကိုမြင်တော့ ပိုငိုလေသည်။ ဟိတက အားပေးစကားနှင့်ပင် အားပေးရတော့သည်။

''သီရိ မငိုပါနဲ့ ကျွန်တော့်အသိ အကြောပြင်ဆရာရှိတယ်။ ကျွန်တော် ဖုန်းဆက်ခေါ်လိုက်မယ်နော် အပြင်ထွက်စရာမလိုပါဘူး။ အိမ်မှာတင်ကုလို့ရတယ်နော် မငိုနဲ့တော့။ ရက်ပိုင်းအတွင်းနဲ့ ပျောက်သွားမှာပါ'' ဟုဆိုကာ ဖုန်းခေါ်လေသည်။

''ဟဲလို၊ ဆရာဦးမင်းဟန်ပါလားခင်ဗျာ၊ ဟုတ်ကဲ့ ကျွန်တော် အားကစားမျူး ဟိတ ပါ။ ဆရာ လမ်း ( ) နှင့် ( ) လမ်းကြား၊ တယ်လီဖုန်းဆိုတဲ့ ဟန်းဆက်ဆိုင်နဲ့ မျက်နှာချင်းဆိုင်၊ ခြံအမှတ် ( ) ကို လာခဲ့ပါ။ ကျွန်တော်ရှိတယ်၊ လူနာပြချင်လို့ပါ ဆရာ''

''ဟုတ်ကဲ့ အားကစားမျူး လာခဲ့ရမှာပေါ့ ဆက်ဆက်လာခဲ့ပါ့မယ်''

''ဆရာ မြန်မြန်လာပေးပါ၊ ကျေးဇူးပဲ'' ဟုဆိုကာ ဖုန်းချလိုက်သည်။

''အဘိုး ကျွန်တော် အခုခေါ်ပေးတဲ့ အကြောပြင်ဆရာက အကြောကောင်းကောင်းသိတယ်။ သူ့ဆီမှာ လူနာနည်းတာမဟုတ်ဘူး''

အဘိုးနဲ့ ဟိတနှစ်ယောက်စကားပြောနေကြသည်မှာ ၃၀ မိနစ်ခန့်ကြာသော် အကြောပြင်ဆရာ ရောက်လာသည်။

''ဆရာ ကြွပါ လူနာကအခန်းထဲမှာ ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါဆရာ''

''ဟုတ်ကဲ့ အားကစားမျူး''

အကြောပြင်ဆရာ အဘိုးနှင့် ဟိတ တို့နှစ်ယောက်နဲ့ အခန်းထဲလိုက်သွားပါသည်။သီရိ၏ အခြေအနေကို မေးကာ (၇)ရက်အတွင်း ပျောက်ပါတယ် ဟူ၍ ပြောလေသည်။

''နံနက်စောစောလမ်းလျှောက်ပေး၊ ကိုယ်လက်လှုပ်ရှားပြီး သွေးပူလေ့ကျင့်ခန်းလေး လုပ်ပေးနော်၊ ဆရာသွေးကြော၊ လေကြောဖွင့်ပေးသွားမယ်။ ဆရာပေးတဲ့ဆေး မှန်မှန်သောက်၊ စိတ်ဖိစီးတာလည်းပါတယ်။ ရေချိုးမှားသွားတာပါ။ လမ်းတော့ နေ့စဉ်လျှောက်ပေးနော်သမီး''

''ဟုတ်'' ဟုပင် ခေါင်းငြိမ့်ပြလိုက်ပါသည်။

အကြောပြင်ဆရာမှ အဘိုးနှင့်သီရိအား

''ကျွန်တော်နှင့် အားကစားမျူးနဲ့က ငယ်သူငယ်ချင်းတွေပါ။ ကျွန်တော်တို့က မြန်မာ့ရိုးရာအမွေအနှစ်ဖြစ်တဲ့ ထင်ရှားသော ပညာရပ်များအနက်မှ

(က) ရိုးရာလက်နှိပ်ပညာ

(ခ) ရိုးရာဗန်တိုဗန်ရှည်ပညာ

(ဂ) ရိုးရာလက်ဝှေ့ပညာတို့က ခန္ဓာဗေဒကို အလေးထားရတဲ့ ပညာရပ်များကို သူငယ်ချင်း နှစ်ယောက် ဘွဲ့မရခင်မှာပဲ ကျောင်းတက်နေတုံး သင်ယူလေ့လာခဲ့ကြတယ်။

''ဒါဆိုဆရာတို့က လက်ဝှေ့လည်းထိုးခဲ့မှာပေါ့''

''ထိုးခဲ့ကြတယ်။ အဘိုးကျွန်တော်ထက် အားကစားမျှူး ဟိတ က ပိုပြီး လက်သံပြောင်တယ်။ သူလည်း မြန်မာ့လက်ရွေးစင် လက်ဝှေ့သမားပဲလေ''

''အဲဒါဆို ဆရာက ဒီမြန်မာ့ရိုးရာလက်နှိပ်ပညာကိုပိုပြီး စိတ်ဝင်စားလို့ပေါ့ ဟုတ်လား'' ဟူ၍ အဘိုးဦးဩဘာက ပြောလေသည်။

''ဟုတ်တယ်အဘိုးရေ''

ဒီကောင်ကြီးက ကျွန်တော့်မိန်းမရဲ့ မောင်ဖြစ်သူ တောင်ပေါ်သား ငကျားဆိုတဲ့ နာမည်ကြီးလက်ဝှေ့သမားကို ဒီကောင် လက်ရွေးစင်ဖြစ်အောင် သင်ပေးလိုက်တာ ယနေ့ထိ ဒီကောင် ပြည်ပပွဲတွေ ထွက်ထိုးနေရတယ်။ အဲဒါ ဒီကောင်ကြီးကျေးဇူးလေ''

ဟူ၍ အကြောပြင် မင်းဟန်က သူငယ်ချင်းကောင်းကြောင်းပြောနေသည်။

''ကဲပါကွာ သိရိကိုသာ မြန်မြန်ကောင်းအောင် နှိပ်ပေးလိုက်ပါ''

''အေးပါကွာ ငါကလည်း အိမ်ပင့်လို့လိုက်တာ မင်းတစ်ယောက်ပဲရှိသေးတာ မဟုတ်ရင် ငါက အိမ်မှာပဲခေါ်ကုတယ်ကွ'' သူငယ်ချင်းတွေပါဟု မိတ်ဆက်ပြီး၍ ရင်းနှီးစွာ ပြောဆိုဆက်ဆံနေသည်။ အကြောပြင်ဆရာက စကားစပ်၍ပြောနေပါသေးသည်။

''ဟုတ်တယ်အဘိုး ဝါသနာကလည်းပါတယ်လေ ဒို့ကြောင့် သူငယ်ချင်းနှစ်ယောက် သူကမြန်မာ့လက်ရွေးစင်လက်ဝှေ့ နဲ့ပဲ အားကစားမျှူးလုပ်ခဲ့တယ်။ ကျွန်တော်က ဝါသနာပါတဲ့ ရိုးရာလက်နှိပ်ပညာနဲ့ အကြောပြင်ဆရာလုပ်ပြီး ကိုယ့်အိမ်ထောင်နဲ့ကိုယ် ဖြစ်နေပြီလေ။ သူငယ်ချင်းဟိတက အားကစားမျှူးလူပျိုကြီးလေ ဒီကောင်ကြီးက သဘောကောင်း သူများကို ကူညီတတ်တယ်''

ထိုစဉ် ဟိတက အဘိုနှင့်အကြောပြင် မင်းဟန်တို့အနား ရောက်လာပါသည်။ အဘိုးက ဟိတအား စကားပြောလေသည်။

''မောင်ဟိတ လက်ဝှေ့ထိုးတာကို အဘိုးကိုဘာလို့မပြောလဲ''

''ကျွန်တော်က မလိုဘူးထင်လို့ပါ အဘိုး။ နောက်ပြီး သာမန်လက်ဝှေ့သမားတစ်ယောက်ထက် အကြောပညာကိုပါ တတ်မြောက်ထားသူတစ်ယောက်ဖြစ်လို့ အဘက်ဘက်မှ သာလွန်နေတာ ဖြစ်ပါတယ်'' မည်သည့်အကြောကို ထိုးနှိပ်လျှင် မည်ကဲ့သို့ အန္တရာယ်ပြုနိုင်ကြောင်း နားလည်သောကြောင့်ဖြစ်ပါတယ်'' ဟိတ စကားကို ဆက်ပြောသေးသည်။ သိရိ ထိုင်ခုံပေါ်မှ နားထောင် နေလေသည်။

''ထို့အတူပဲ သာမန်သိုင်းပညာတတ်သူထက် အကြောပညာနှင့် လက်နှိပ်ပညာ စွယ်စုံတတ်မြောက်သူက ပိုမိုအစွမ်းထက်သည် သာဖြစ်ကြောင်း ကျွန်တော် လက်တွေ့သင်တန်းက အားကစားသမားတွေကို ရိုးရာလက်နှိပ်ပညာပါ ထည့်သွင်းသင်ပေးပါတယ်။ ဒါ့ကြောင့် ကျွန်တော်လက်တွေ့ထိုးတိုင်း အနိုင်ရရှိတာပေါ့။ ကဲပါ အဘိုး ကျွန်တော်တို့ပြန်လိုက်ပါအုံးမယ် ဟူ၍ သူငယ်ချင်းနှစ်ယောက်ပြန်သွားလေသည်။

ထို့နောက် သီရိ နေ့စဉ်နံနက်စောစောလမ်းလျှောက်ပါသည်။ ဟိတလည်းပါသည်။ သီရိနှင့် ဟိတ စကားတွေပြော ဖြစ်ကြသည်။ ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲ စတုတ္ထပတ် ရောက်လာပြန်သည်။

''ဟိတ လမ်းလျှောက်တာ အားလုံးသောပုဂ္ဂိုလ်များအတွက် အလွယ်ကူဆုံးသော အားကစားနည်းတစ်မျိုးဖြစ်ပြီး မည်သည့်အားကစားပစ္စည်းမှလည်းမလို။ မည်သည့်နေရာ၊ မည်သည့် ရာသီဥတု၊ မည်သည့်အသက်အရွယ်မဆို ပါဝင်ကစားနိုင်တဲ့ ကစားနည်း ဖြစ်တဲ့ ဒီလို ခြေလျင်လမ်းလျှောက်ခြင်းကို တစ်ခြားသူတွေလည်း စည်းရုံးလှုံ့ဆော်ပြီး ပုံမှန်လမ်းလျှောက်ဖို့ ဆိုင်ကစာရေးမလေးတွေကိုပါ လမ်းလျှောက်ခိုင်းမယ်လေ''

''သီရိ တစ်ကယ်ပြောနေတာပါနော်'' ဟိတ ကမေးလေသည်။

–တိုင်းပြည်အင်အား ပြည်သူ့အားကစား

–စုပေါင်းလှုပ်ရှား ပြည်သူ့အားကစား

–အားကစားလဒီဇင်ဘာ စုပေါင်းလမ်းလျှောက်ပါ တဲ့ ဟိတရဲ့''

သီရိက ရယ်လျှက် ရှက်နေသည်။ မိမိ သည် ဟိတ အား အားကစားနှင့်ပတ်သက်၍ အပြောကြီးထားသောကြောင့် ဖြစ်သည်။

စကားပြောရင်းပင် သီရိတို့အိမ်သို့ ရောက်လာခဲ့ကြသည်။ သီရိအိမ်သို့ရောက်ရှိနေသော ကောင်မလေး တစ်ယောက်ရှိသည်။ ထိုကောင်မလေးက သီရိ ၏ မန်နေဂျာကောင်မလေးဖြစ်သည်။ သီရိအား ပြုစုစောင့်ရှောက်ရန်ဖြစ်သည်။ ဟိတ သီရိတို့တိုက်ထဲသို့ရောက်သည်နှင့် ဧည့်ခန်းတွင် ဝင်ထိုင်လိုက်သည်။ ထိုစဉ် သူမ၏မန်နေဂျာ ထွက်လာကြသည်။ ကောင်မလေးက

''ဟာ...ဆရာဟိတ မမဆီကိုလာတာလား၊ မမနှင့်အတူ လမ်းလျှောက်လာကြတာလား''

''အေး ညည်းတို့ အဆင်ပြေကြလား၊ ဟိုကောင် တိုးတိုးရော လစာတွေဘာတွေအပ်ရဲ့လား''

''ဟုတ်ကဲ့ ကိုကိုက လိမ္မာပါတယ်ဆရာ''

သီရိသည် အံ့သြစွာကြည့်နေသည်။ သူ၏မန်နေဂျာနှင့် အသိဖြစ်နေသောကြောင့်ပင်''

''မိုးဝေ ညည်းတို့က သိနေတယ်'' မန်နေဂျာမလေး မိုးဝေ က သူ့ဆိုင်ရှင်အား အကြောင်းစုံရှင်းပြသည်။

''ဟုတ်တယ်မမ ဆရာက မိုးဝေရဲ့ ကိုကိုတိုး ကို လေ့လော့်အဖွဲ့ချုပ်ကို ပို့ပေးခဲ့တာ။ အခု ကိုကိုက မြန်မာ့လက်ရွေးစင် ဖြစ်ပြီး (၂၇) ကြိမ် SEA GAME တုန်းကလည်း ရွှေတံဆိပ် (၃) ခု ရခဲ့တယ်လေ။ အိမ်ကိုလည်းကောင်းကောင်းပေးနိုင်တယ်။ ညီလေး ညီမလေးတွေကိုလည်း ကျောင်း၊ ကျူရှင်တွေ ကောင်းကောင်းတက်ရတယ်။ မိုးဝေကိုလည်း တက္ကသိုလ်ထားပေးနိုင်ခဲ့တယ်။ အိမ်ကိုလည်း နံကပ်လေးပြင်လိုက်ရတယ်။ အဲဒါကြောင့် ဆရာ မိုးဝေတို့မြို့က ပြောင်းသွားပြီး ဘယ်ရောက် နေလည်းမသိဘူးဖြစ်တာ။ ဖေဖေနဲ့ မေမေက ဆရာဟိတ ကျေးဇူးဆိုပြီး ခဏခဏပြောပြီး ဆရာကို သွားပြီး ကန်တော့ခိုင်းနေတာ''

''အေးကွာ ဆရာလည်း မန္တလေးရောက်တာ (၅) လလောက်ပဲရှိသေးတာ။ ဆရာ ချင်းပြည်နယ်ဘက်ကိုပြောင်းသွားတာ''

''ဒါ့ကြောင့် ဆရာကို ဘယ်မှာလည်း ကိုကိုမသိတာ။ ဖုန်းဆက်လိုက်မယ်။ ဖေဖေနဲ့ မေမေ ကိုကိုတို့က ဆရာရဲ့ ကျေးဇူးဆိုပြီး တစ်ဖွဖွပြောနေတာ မိုးဝေတို့တစ်မိသားစုလုံး ဆရာ စောင့်ရှောက်ခဲ့လို့ပါ မိုးဝေတို့ ဒီလိုအဆင်ပြေတာ။

''ကဲပါကွာ မမသိရိုကိုသာ ဂရုစိုက်လိုက်ပါ။ အဲဒါဆို ဆရာ့ကျေးဇူးဆပ်တာနဲ့အတူတူပါပဲ။

''သိရိက သက်သာပါပြီ'' ဟု သိရိ ဝင်၍ ပြောလေသည်။ တစ်ကယ်တော့ သိရိလည်း ဟိတကို ကျေးဇူးတင်နေရသည်။ အကြောပြင်ဆရာနဲ့ ကုပေးလို့လေ အခုတော့ ပကတိအတိုင်း ဖြစ်နေပြီ။ နောက် (၂) ရက်လောက်ကုရင် ပါးရွဲ့တာလုံးလုံး ပျောက်သွားမည်ဖြစ်သည်။

''ဆရာက လူငယ်တွေကို တိုးတက်အောင် တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာကနေ စွမ်းဆောင်နိုင်အောင် လမ်းကြောင်းမှန်ကို ပို့ပေးရုံပါပဲ။ မိုးဝေ တို့ကျေးဇူးတင်ရမှာက နိုင်ငံတော်ကို။ အမိနိုင်ငံတော်က ထူးချွန်ထက်မြတ်တဲ့ အမျိုးကောင်းသား၊ သမီးတွေကို မွေးထုတ်ပေးခဲ့လို့ပါ။ အဲဒါ နိုင်ငံတော်ရဲ့ ပြည်သူတွေအပေါ်မှာထားရှိတဲ့ ဧစတနာတွေပဲ။မြန်မာ့အားကစားအဆင့်အတန်း အရည်အသွေး ရေရှည်တိုးတက်လာစေရေး၊ နိုင်ငံနှင့်လူမျိုး တည်တံ့ခိုင်မြဲရေး၊ လူတစ်ဦးစီ၏စိတ် ကျန်းမာကြံ့ခိုင်ရေး၊ နိုင်ငံ၏အားကစားအောင်မြင်နိုင်ပါမှ နိုင်ငံ၏ဂုဏ်၊ လူမျိုး၏သိက္ခာ၊ အားကစား အောင်မြင်တိုးတက်မှုသည် နိုင်ငံကိုစောင့်ရှောက်နိုင်ပါ၍ ကမ္ဘာနှင့်လည်း ပုခုံးချင်းယှဉ်နိုင်ပါမည်။ လွတ်လပ်၍တရားမျှတသော စည်းကမ်းပြည့်ဝသည့် (Democracy) ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်နေချိန်မှာ တတ်စွမ်းတဲ့ဘက်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို အဓိကတာဝန်အဖြစ် တာဝန်ထမ်းဆောင်နေသော အားကစားဝန်ကြီးဌာန၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ''ဟိတ၏စကားကို သိရိကဖြတ်၍''သိရိတို့ ပြည်သူလူထုတစ်ရပ်လုံးက အမျိုးသားရေးအသိဖြင့်

ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကာ ခြေလျင်လမ်းလျှောက်ခရီးဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်လူမှုရေးလုပ်ငန်းစဉ်ကြီးတစ်ခုဆီသို့ ခြေလျင်လိုက်ခဲ့ပါမယ် အားကစားမျှူး ဦးဟိတရယ်''

သိရိ၏ စကားကို ကြားလိုက်ရသော ဟိတမှာရယ်လျှက် ပျော်သွားသည်။ အဘယ့်ကြောင့်ဆိုသော်

''သိရိ မောင့်ကိုရော မောင့်အလုပ်ကိုရော မြတ်နိုးလာပြီပေါ့ ဟုတ်လား''

''အင်းပေါ့ မောင်ရဲ့''

''ဒါဆို မောင့်နောက်ကို ခြေလျင်လိုက်ခဲ့မယ်ပေါ့နော်''

''အင်းပေါ့ မောင်ရဲ့၊ ခြေလျင်လိုက်ခဲ့မှာပေါ့''

ချစ်သူနှစ်ဦးပျော်၍ ဟိတက သိရိ၏ ခါးလေးသိုင်းဖက်ကာ အကြင်နာအနမ်းလေး ပေးလိုက်ပါသည်။

သုတဆု(စဉ့်ကူး)

ဤဝတ္ထုတိုသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလ လူပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲတွင် နှစ်သိမ့်ဆု - ၁ ရရှိသော သုတဆု (စဉ့်ကူး)၏ ဝတ္ထုတိုဖြစ်ပါသည်။

ရှင်သန်လှုပ်ရှား အားကစား

'စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့' အဆိုတော် မင်းအောင်၏ သီချင်းသံစဉ်က ရပ်ကွက်ရုံးအသံခွဲစက်မှ လွင့်ပျံလာသည်။ ရာသီဥတုက မိုးကုန်ပြီး ဆောင်းအကူး၊ အအေးဓာတ်တို့ အစပျိုးချိန်။ ကင်းဘတ် ဖိနပ်ကြိုးကို ခပ်မြန်မြန်စီးနှောင်ကာ ကျော်ဇေယျတစ်ယောက် ပြေးထွက်လာခဲ့၏။ ကျောပေါ်တွင်တော့ ရက်ကတ်အိတ်ကို လွယ်လျက်။ လမ်းထိပ်တွင် သူငယ်ချင်းများ စောင့်နေတော့မည်။ နောက်ကျ၍မဖြစ်။ သုဝဏ္ဏ အားကစားကွင်းသို့ ရောက်နိုင်ရန် နာရီဝက်ခန့် လမ်းလျှောက်ရသည်။ ကွင်းပတ်လည်ရှိကွန်ကရစ်ပတ်လမ်းတွင် သူငယ်ချင်း တစ်သိုက် ကြက်တောင်ရိုက်ကြမည်။

အားကစားကွင်းသို့ရောက်ချိန်တွင် လူပင်အတော်များနေပြီ။ ဦးလေးကြီးတချို့ လမ်းလျှောက်နေကြ၏။ အဘိုးကြီး၊ အဘွားကြီးများက စုဝေးကာသိုင်းကျင့်လျက်။ ဘာသိုင်းမှန်းတော့မသိပါ။ တရုတ်သိုင်းကားတွေထဲကလို အတွင်းအား ကျင့်နေတာ ဖြစ်မည်။ ကြည့်၍တော့ အလွန်ကောင်းသည်။

အပြေးလေ့ကျင့်နေသူများလည်းရှိ၏။ သူတို့ကိုတော့ အားမကျပါ။ အားကစားကွင်းကို တစ်ပတ်ပြီးတစ်ပတ် ပတ်ပြေးနေကြသည်။ မမောဘူးလားမသိ။ ကျော်ဇေယျအတွက်မူ တစ်ပတ်ပြည့်ဖို့နေနေသာသာ မာတ်မီးတိုင်တစ်တိုင် လောက်ဆိုလျှင်ပဲ ဟောဟဲဆိုက်နေလောက်ပြီ။

ကြက်တောင်ရိုက်ရန် ပြင်ဆင်လိုက်ကြသည်။ ပထမဦးစွာ ပိုက်တန်းလိုက်၏။ စည်းကတော့ ကွန်ကရစ်ကွက်အတိုင်း။ မျိုးသူနှင့်ကျော်ဇေယျ တစ်ယောက် တစ်ဘက် ဝင်လိုက်ကြသည်။ ကျန်သူငယ်ချင်းများက စည်းအပြင်တွင် အလွတ်ရိုက်နေကြသည်။

မျိုးသူ၏ မမီမကန်း'ဆယ်မ'ချက်က ကျော်ဇေယျအတွက်တော့ အပိုင်ရိုက်ချရန် အခွင့်ကောင်းဖြစ်နေသည်။ အလွတ်မပေးဘဲ ရိုက်ချလိုက်၏။ ကြက်တောင်က စည်းပေါ်သို့ကျသွားသည်။ သေချာတယ် ဒီတစ်ပွဲတော့နိုင်ပြီ။ "ဝေးတယ်၊ မဝင်ဘူး" မျိုးသူဆီမှ ထီမထင်သည့်အသံထွက်လာ၏။

ကျော်ဇေယျ ဘာမှပြန်မပြော။ သက်တူရွယ်တူဖြစ်သော်လည်း မျိုးသူက လူကောင်ထွားသည်။ ထိုမျှမက ဒီကောင်က အငြင်းလည်းသန်သည်။ ဆက်ရိုက်နေသည့်တိုင်အောင် ကျော်ဇေယျ စိတ်သိပ်မပါတော့။ ကြက်တောင်ရုံ တစ်ခုတွင် ကျကျနနရိုက်ရလျှင် သိပ်ကောင်းမှာပဲဟု တွေးနေမိသည်။ ဒါမှ ဒီကောင် ငြင်းလို့မရမှာ။

မေမေတို့ရုံးသို့ လိုက်သွားရာမှ ကြက်တောင်ရိုက်ရန် ကျော်ဇေယျ စိတ်ပါလာခြင်းဖြစ်၏။ ကုန်သွယ်ရေးရုံးရှိ ဂိုဒေါင်ကြီးများတွင် ကြက်တောင်ကွင်းကို ကျကျနနဖောက်ပေးထားသည်။ ရုံးဆင်းချိန်တွင် ဝန်ထမ်းများ ကျန်းမာရေး လေ့ကျင့်ခန်းပြုလုပ်နိုင်ရန် စီစဉ်ပေးထားခြင်းပင်။ တစ်ခါတစ်ရံ ထုပ်ဆီးတိုး ပြိုင်ပွဲများကိုလည်း ပြုလုပ်တတ်သည်။ မေမေကစားသည့် ဌာနတွင်းပြိုင်ပွဲများအား လိုက်အားပေးရာမှ ကြက်တောင်ရိုက်အားကစားနည်းကို ကျော်ဇေယျ သဘောကျ သွားခဲ့ခြင်းဖြစ်၏။

လူငယ်ဆိုတော့ ပြိုင်ချင်၊ ဆိုင်ချင်စိတ် ရှိသည်။ တစ်ဖက်လူကို အနိုင်ရ လိုက်ခြင်းက စိတ်ကျေနပ်စရာကောင်း ပါ၏။ ကျောင်းဖွင့်ရက်များတွင် ကျောင်းချိန်မီရေး ဦးစားပေးရသည်မို့ မနက်ပိုင်းထကစားဖို့ အဆင်မပြေဖြစ်ရသည်။ ဤသို့ဖြင့် သူငယ်ချင်းများနှင့်တိုင်ပင်ပြီး စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင်မှ မနက်စောစော ထကာ သုဝဏ္ဏ အားကစားကွင်းဘေး၌ ကြက်တောင်လာရိုက်နေကြခြင်းဖြစ်သည်။

ကျော်ဇေယျ ခဏနားနေစဉ်တွင် ဘတ်စ်ကားတစ်စင်း ဆိုက်လာသည်။ ကိုသန်းတိုးအောင်တို့အဖွဲ့ပဲ ဖြစ်မည်။ မြန်မာ့လက်ရွေးစင်ဘောလုံးသမားများ ဂျာမန်နည်းပြကြီးနှင့် လေ့ကျင့်ခန်းလာလုပ်ကြခြင်းဖြစ်၏။ ၁၉၉၃ ခုနှစ် အရှေ့တောင်အာရှ ဘောလုံးအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအသင်းမှ ငွေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သည် မဟုတ်လား။ မြန်မာ့ဘောလုံး တစ်ကျော့ပြန်လာပြီအထင်နှင့် တစ်နိုင်ငံလုံး ပျော်ခဲ့ကြသည်။

အဖေတို့ပြောသည့် ဗဟာဒူး၊ တင်အောင်တို့ခေတ်ကို ကျော်ဇေယျမမီပါ။ ကျော်ဇေယျတို့ခေတ်မှာတော့ မျိုးလှိုင်ဝင်း၊ ကြည်လွင်၊ စောဘမြင့်နှင့် အောင်ကျော်ကျော်တို့အဖွဲ့ကသာ သူရဲကောင်းများဖြစ်၏။ သူတို့ကိုအားကျ သည့်စိတ်ဖြင့် ကျော်ဇေယျ ဘောလုံးကစားကြည့်သည်။ ဟန်သိပ်မကျ။ ပင်ကိုယ်ချူချာရုံမျှမက လူလုံးလူဖန်သေး သောကြောင့် တွန်းတွန်းတိုက်တိုက်ကစားရသောအခါ သိပ်အဆင်မပြေ။ ဘောလုံးလုရင်း ခြေထောက်ချင်း ရိုက်မိမှာ ကိုလည်း စိုးရိမ်မိသည်။

တစ်ခါတစ်ရံ မေမေရုံးမှပြန်လာချိန်တွင် အိမ်ရှေ့ကွင်းပြင်၌ လမ်းထဲမှ အပေါင်းအသင်းများနှင့် ကျော်ဇေယျ ဘောလုံးကစားနေလေ့ရှိသည်။ တောင်ပြေးမြောက်ပြေးနှင့် ဘောလုံးနောက်သို့ လျှောက်လိုက်နေသော်လည်း ပွဲပြီးသွားသည့် တိုင်အောင် ဘောလုံးနှင့်ခြေထောက် ထိတွေ့ခွင့်ပင် မရတတ်။ အိမ်ပြန်ရောက်သောအခါ

မေမေအမြဲမေး သည်က “သား - ဒီနေ့ ဘောလုံးနဲ့ဘယ်နှစ်ချက်ထိခဲ့လဲ”။ ကျော်ဇေယျ ကတော့ မဲ့ပြုံးပြုံးကာ ခေါင်းခါပြရမြဲ။

ယခုတော့ ကိုယ်အားကျသည့် လက်ရွေးစင်အားကစားသမားများကို ငေးသာ ကြည့်နေရသည်။ သူတို့လိုဖြစ် လာဖို့တော့ လွယ်မည်မထင်ပါ။ လက်မှနာရီကို ကြည့်လိုက်တော့ ခုနစ်နာရီ။ သူငယ်ချင်းများပင် ကြက်တောင်ပိုက်ကို ဖြုတ်သိမ်းနေကြပြီ။ ကျော်ဇေယျလည်း ဝိုင်းကူသိမ်းလိုက်၏။

လမ်းလျှောက်ပြန်ရင်း ဆိုင်တစ်ဆိုင်တွင် နံနက်စာဝင်စားကြမည်။ စနေနေ့ ဖြစ်သောကြောင့် နောက်ကျမှပြန်လည်း ပြဿနာသိပ်မရှိ။ စျေးမှပြန်လာမည့် မေမေ့ကို ဝိုင်းကူရန်မှလွဲ၍ ကျန်သည့်အိမ်မှုကိစ္စများကို မမလုပ်လိမ့်မည်။ အငယ်ဆုံးသား ကျော်ဇေယျ၏အလုပ်က စာကြည့်ဖို့နှင့် အားလျှင်ကစားဖို့သာ။ ဒါတောင် နေ့လယ်နေ့ခင်း နေသိပ်ပူ လျှင် အိမ်ပြင်သို့ထွက်မကစား။ မိုးရွာထဲတွင် သူများတွေဘောလုံး ကန်ပြန်တော့လည်း ကျော်ဇေယျတစ်ယောက် ဝင်ပါရန်ခွင့်ပြုချက်မရ။ မိုးမိပြီးဖျား နာမည်ကို မိဘများက စိုးရိမ်ကြပုံရ၏။

မေမေတစ်ခါပြောဖူးသည်။ “သားရဲ့နှလုံးက အပေါက်ကျဉ်းနေတယ်” တဲ့။ ကြမ်းကြမ်းတမ်းတမ်း အားကစားနည်းမှန်သမျှ ကျော်ဇေယျလုပ်ခွင့်မရှိ။ ကိုယ်တိုင်ကလည်းသိပ်မလုပ်နိုင်။ သို့အတွက် ကျော်ဇေယျ၏ငယ်ဘဝက တွတ်ပီ၊ သမိန်ပေါသွပ်၊ ဦးကပ်စီး စသည့် ရုပ်ပြစာအုပ်များကိုသာ အဖော်ပြုရင်း အိမ်ထဲ၌ပင် အချိန်ကုန်ခဲ့ရသည်။

ယခုလည်း အတန်းနည်းနည်းကြီးလာ၍သာ ဟိုဟိုဒီဒီသွားလာခွင့် ရနေခြင်း ဖြစ်သည်။ တစ်စုံတစ်ခုသာ ဖြစ်ခဲ့လျှင် ဒီအခွင့်အရေးလည်း ဆုံးရှုံးပေလိမ့်မည်။ အပြန်လမ်းတစ်လျှောက် ကျော်ဇေယျ စဉ်းစားလာမိသည်။ အိမ်နားမှာ ကြက်တောင်ရုံ ကောင်းကောင်းတစ်ခုရှိလျှင် သိပ်ကောင်းမှာပဲ။ ဒါမှ အားတဲ့အချိန်တိုင်း လွယ်လွယ်ကူကူ သွားကစား နိုင်မှာ။ အရိပ်ထဲမှာဆိုတော့ အိမ်ကလည်းခွင့်ပြုမှာပါ။

× × × × × ×

အုန်းမောင်းခေါက်သံနှင့်အတူ ဆရာညီနိုးလာခဲ့၏။ ဒီနေ့လမ်းလျှောက်မထွက်တော့။ ရပ်ကွက်ဓမ္မာရုံအတွက် ဆွမ်းခံထွက်ဖို့ရှိသည်။ တနင်္ဂနွေပတ်ဆွမ်းလောင်း အသင်း ဖြစ်သောကြောင့် စနေနေ့တွင်ကြိုတင်ကာ ဆွမ်းခံထွက်ရမြဲ။ ရပ်ကွက်အနှံ့ ခြေဆန့်ရန်အတွက် အားမွေးထားလိုက်သည်။

ဆရာညီတစ်ယောက် လမ်းလျှောက်ခြင်းအမှုကို နေ့စဉ်ပြုဖြစ်သည်။ အကျိုးရလဒ်မှာ စားဝင်သည်၊ အိပ်ပျော် သည်။ အစဉ်အမြဲကျန်းမာနေ၏။ နှာစေး၊ ချောင်းဆိုးခြင်းမျှပင် သိပ်မဖြစ်။ နေမကောင်းဖြစ်လျှင် ကိုယ်တိုင်ကစိတ်မ ချမ်းသာ။ ဘေးလူများလည်း မနေရ။ ငွေကုန်ကြေးကျက များသေးသည်။ ကြုံတင်ကာကွယ်ခြင်းက ကုသခြင်းထက်ပိုမို ထိရောက်သည်မဟုတ်လား။

ယခုတော့ စောစောထဖို့လည်း ကျင့်သားရနေပြီ။ လမ်းလျှောက်ရင်း ကိုယ်လက် လှုပ်ရှားလုပ်။ အိမ်ပြန်ရောက် တော့ ချွေးစို့နေပြီ။ ခဏနားပြီး ရေချိုးလိုက်သောအခါ လန်းလန်းဆန်းဆန်းဖြစ်သွား၏။ ဇနီးသည် ပြင်ဆင်ပေးသည့် နံနက်စာကို စားသောက်ပြီးချိန်၌ ရုံးသွားရန်အဆင်သင့်။ ရုံးပိတ်ရက်များတွင်မူ ရပ်ကွက်ဓမ္မာရုံ၏ အကျိုးဆောင်အဖွဲ့ တွင်ပါဝင်ရင်း တတ်စွမ်းသမျှလုပ်ကိုင်ပေးဖြစ်သည်။

ယခင်နေ့များနည်းတူ ယခုလည်းစောစောစီးစီးနိုးနေသည်။ ချိုးချိုးချွတ်ချွတ် အသံများကို ကြားရ၏။ သားငယ် ကြက်တောင်သွားရိုက်ရန် ပြင်ဆင်နေပေတော့မည်။ ငွေကုန်များသည့် အားကစားနည်းကိုမှ သဘောကျသည်ဆိုတော့ ဒီကောင် မွဲဆေးဖော်နေပြီ။ ရက်ကက် အကောင်းစားတစ်လက်၏ တန်ဖိုးကမနည်းလှ။ နေ့စဉ် ကုန်ကျမည့် ကြက်တောင်ဖိုး၊ ကြက်တောင်ရုံသို့အသွားအပြန် ခရီးစရိတ် အားလုံး ပေါင်းလိုက်လျှင် အရင်းအနှီးကမသေး။ သို့သော် မသိချင်ယောင် ဆောင်နေလိုက်သည်။ ဒီကောင်က သမီးကြီးလိုမကျန်းမာ။ နှလုံးအားနည်းသည်။ ဇွတ်တရွတ်လည်း လုပ်တတ်သည်။ စိတ်ချမ်းသာအောင်တော့ ထားမှဖြစ်မည်။ တဖြည်းဖြည်းတော့ လမ်းကြောင်းပြောင်း ပေးရမည်ပေါ့။ ငယ်ရွယ်စဉ်ကတည်းက ပြုပြင်ပေးထားမှ ကြီးလျှင်တန်ကာကျမည်။

သားငယ်ထွက်သွားမှ အိပ်ရာထပြီး ဘုရားဝတ်ပြုနေလိုက်သည်။ နံနက်စာ စားပြီးနောက် သတင်းစာတစ် စောင်ကောက်ကိုင်ကာ အတွေးနယ်ချဲ့နေမိ၏။ အားကစားလိုက်စားတာ ကျန်းမာရေးကိုအထောက်အကူပြုသည်တဲ့။ 'နှလုံးရောဂါ' ကဲ့သို့သော ဝေဒနာမျိုးကိုရော ကုစားနိုင်ပါ့မလား။

ဇနီးသည်လာချပေးသည့် ကော်ဖီခွက်အားလက်လှမ်းရင်း ဆရာညီစကား စလိုက်သည်။ "အမေကြီးရေ - ခင်ဗျားသားကတော့ ကြက်တောင်ရောဂါထနေပြီ။ ဘယ်လိုလုပ်ကြမလဲ"

"ဟင် - ဘာဖြစ်လို့လဲ။ ကစားပါစေ" ဇနီးသည်က တုန့်ပြန်သည်။ အလေးအနက် ထားဟန်တော့ မပြ။

“ကြက်တောင်ရိုက်ဖို့ အရင်းအနှီးက နည်းတာမဟုတ်ဘူး။ ကိုယ်က ဖြည့်ဆည်းပေးလိုက်လို့ ထွန်းပေါက်သွားရင်တော့ အကောင်းသားပေါ့။ မဟုတ်ဘဲ ဟိုမရောက်ဒီမရောက်ဖြစ်နေမှာစိုးလို့ပါကွာ။ တော်ကြာ ကျောင်းစာဘက်မှာပါ အားနည်းသွားလိမ့်မယ်”

“ရှင့်သားက ကျောင်းစာတော့ လျှော့မှာမဟုတ်ပါဘူး။ အားကစားကတော့ အားရင်ကစားပေါ့”

ဇနီးသည်မှာ အားကစားနှင့်ပတ်သတ်၍ ခပ်ပေါ့ပေါ့်သာ သဘောထားကြောင်း ဆရာညီ သုံးသပ်မိသွား၏။ ကျန်းမာရေးကောင်းရုံလောက်သာ အားကစားကို လုပ်စေချင်ပုံရသည်။ ငယ်စဉ်ကပင် မကြာခဏာချူချာလေ့ရှိသော သားဖြစ်သူအား ပညာရေးဘက်တွင်သာ ထွန်းပေါက်အောင်မြင်စေချင်သည်မှာ မိခင်တစ်ဦး၏ဆန္ဒ ဖြစ်ပါလိမ့်မည်။

ဆရာညီကတော့ သားငယ်ကို ဗလငါးတန်လုံးဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာစေချင်သည်။ ထိုသို့ဖြစ်လာရန်မှာလည်း အားကစားက မရှိမဖြစ်အခန်းကဏ္ဍမှ ပါဝင်နေသည်ဟု ယုံကြည်မိသည်။ အမေရိကန်နှင့် ဥရောပနိုင်ငံ အတော်များများ အားကစားဘက်တွင်ထူးချွန်ကြသည်။ ဘာကြောင့်လဲ။ သူတို့ကစီးပွားရေးကောင်းသည်။ ကျန်းမာ ရေးအသိလည်းရှိကြသည်။ အာရှကိုကြည့်ဦးမလား။ ဂျပန်နှင့်ကိုရီးယား။ ကျန်နိုင်ငံများက သူတို့ကိုမယှဉ်နိုင်။ နောက် ပိုင်းတွင် တရုတ်လည်းရှေ့ရောက်လာသည်။ အာဆီယံတွင်တော့ ထိုင်းနှင့်ဗီယက်နမ်။ အားကစားအောင်မြင်မှုက နိုင်ငံ တစ်ခု၏ တိုးတက်မှုနှင့်ဆုတ်ယုတ်မှုကို ကိုယ်စားပြုသည်သာ။

မိမိ၏ လူမှုပတ်ဝန်းကျင်အကြောင်း တွေးကြည့်ပြန်သည်။ သာမန်လက်လုပ်လက်စားများအဖို့ အားကစားဟူ သည်က အားလျှင် ကစားဖို့မျှသာ။ သူတို့အတွက် ထမင်းနပ်မှန်ရေးကိုပင် မနည်းကြိုးစားနေရရှာသည်။ ပညာအခြေခံ အားနည်းသောကြောင့် ကျန်းမာရေးအသိက မရှိသလောက်။ ဝမ်းရေးသည်သာ အဓိက။ ရရစားစား ဝါးဝါးမျိုမျိုး။ အစာမကျေလေထိုးလေအောင့်ဖြစ်လျှင် လမ်းဘေးဆေးဆိုင်မှ စပ်ဆေးများ၊ လျက်ဆားထုပ်လေးများ ဝယ်သောက်ပေလိမ့်မည်။ နာတာရှည်ဖြစ်လာမှဖြင့် နာလန်ပြန်ထူဖို့ လမ်းစမြင်တော့။ ထမင်းနပ်မှန်ဖို့ကိုသာ အာရုံစိုက်နေရသူများ အတွက် ကျန်းမာရေးကိုလစ်လျူရှုမိမည်မှာ သိပ်တော့မထူးဆန်း။

မနက်တိုင်း လမ်းပုံမှန်လျှောက်နေသူများတွင်မူ စီးပွားရေးအတွက် ရင်အေးရသူကသာ အများစုဖြစ်သည်။ ကျန်းမာရေးအသိလည်း အထိုက်အလျောက်တော့

ရှိကြသည်။ လမ်းအတူလျှောက်ရင်း မြင်ဖန်များတော့ အပြုံးနှင့် နှုတ်ဆက်ကျ။ ခဏခဏဆုံဖြစ်တော့ မေးထူးခေါ်ပြောသည့်အဆင့်။ နောက်ပိုင်းရင်းနှီးသွားကြသည့်အခါ သတင်းချင်း ဖလှယ်။ အတင်းအဖျင်း မဖြစ်ရန်သာလိုပါသည်။ အမှတ်မထင် ပြောစကားများက အကြံကောင်းတစ်ခုလည်း ဖြစ်ချင် ဖြစ်နေတတ်သည်။

လမ်းလျှောက်ရင်း အပြေးလေ့ကျင့်နေသည့် လူငယ်များကိုလည်း မြင်ရလေ့ရှိသည်။ သူ့ရည်မှန်းချက်နှင့် သူတော့ ရှိကြပေလိမ့်မည်။ 'အင်း .. သားကိုလည်း အားကစားစိတ်ဓာတ်တော့ ရိုက်သွင်းပေးမှဖြစ်မယ်'

ကြက်တောင်ရိုက်ခြင်းကိုတော့ ဆရာညီသိပ်အားမပေးချင်။ တစ်ဖက်လူ၏ အားနည်းချက်ကို အသုံးချကာ အနိုင်ယူရသည့်အဖြစ်က မိမိစိတ်ကို ကျေနပ်မှုမပေးနိုင်။ သားဖြစ်သူအား ယှဉ်ပြိုင်လိုစိတ်သွင်းပေးချင်သော်လည်း အရှုံး၏ဝေဒနာကိုတော့ မခံစားစေလိုပါ။ ကိုယ်လည်းနိုင် သူလည်းမရှုံးသည့် အားကစားနည်းမျိုးကသာ မျှတမှုရှိသည် ဟုခံယူမိသည်။ လောလောဆယ်တော့ သူ့အရှိန်နှင့်သူ လွှတ်ထားလိုက်ဦးမည်။ နွေရာသီကျောင်းပိတ်ရက် ရောက်မှ သာ တစ်ခုခုစီစဉ်ပေးတော့မည်ဟု တေးမှတ်ရင်း ဓမ္မာရုံဘက်သို့ ထွက်လာခဲ့လိုက်သည်။

× × × × × ×

"သား - နွေရာသီကျောင်းသုံးလပိတ်ရင် ဘာလုပ်ချင်တာရှိလဲ" စာမေးပွဲအပြီး နောက်တစ်ရက်တွင် အဖေက မေးလာ၏။

"ထွေထွေထူးထူးတော့ မရှိပါဘူး။ ဘာဖြစ်လို့လဲ" ကျော်ဇေယျ မေးခွန်းပြန်ထုတ်လိုက်သည်။

"ကျောင်းပိတ်တုန်း အားကစားသင်တန်း သွားတက်ပါလားကွာ"

"ကောင်းသားပဲ။ ဘာသင်တန်းလဲ - ဖေဖေ"

"ပြေးခုန်ပစ်။ အောင်ဆန်းကွင်းမှာ သွားတက်ရမှာ။ မနက်စောစောထပြီး လိုင်းကားစီးသွားပေါ့"

ကျော်ဇေယျ စိတ်ပိန်သွား၏။ ပြေးလျှင်မောမည်။ ကြာလာတော့ ခြေထောက် ညောင်းမည်။ များများပြေးတော့ များများမောမည်။ ဝေးဝေးပြေးလျှင် ခြေထောက် ပိုညောင်းမည်။ တွေးကြည့်ရုံမျှနှင့်ပင် အဆင်မပြေချင်တော့။ ဒါပေမယ့် အဖေ့စကား ဆိုတော့လည်း မလွန်ဆန်ရဲ။ တစ်ဘက်က တွေးကြည့်ပြန်တော့လည်း အိမ်က

လစ်နေရလျှင် အနည်း နှင့်အများတော့ သက်သာသည်။ အိမ်မှာဆိုလျှင် ဟိုခိုင်း၊ ဒီခိုင်းနှင့် အငြိမ်မနေရတတ်။ ကျောင်းပိတ်ရက်မှာ အတွေ့ အကြုံအသစ်ရသည်ပေါ့။

"ကြက်တောင်သင်တန်း ဆိုရင်ရော" ကျော်ဇေယျ စောဒကတက်လိုက်သည်။

"ပြေးခုန်ပစ်ပဲ လုပ်ပါကွာ" အဖေ့စကားမှာ အမိန့်သံပါလာ၏။

ကျော်ဇေယျ ဆက်မပြောတော့။ ခေါင်းညိတ်ပြလိုက်သည်။

နံနက်လေးနာရီခွဲခန့်တွင် လိုင်းကားစီးပြီး အောင်ဆန်းကွင်းသို့ချီတက်ခဲ့သည်။ ပန်းဆိုးတန်းမှာဆင်း၊ အပေါ် ဘလောက်သို့လမ်းလျှောက်၊ ဂုံးတံတားကျော်ပြီးလျှင် အောင်ဆန်းကွင်းသို့ရောက်၏။

သင်တန်းသားအင်အားက မနည်းလှ။ ရုန်ကုန်တစ်မြို့လုံးက ဖြစ်မည်။ ကြီးကြီးငယ်ငယ် အရွယ်စုံလင်သည်။ မိန်းကလေး၊ ယောကျ်ားလေး ရောထွေးလို့နေသည်။ ပထမတော့ စိမ်းတိမ်းတိမ်း။ နောက်တော့လည်း ညီအစ်ကိုတွေ လို၊ မောင်နှမတွေလို ခင်မင်ရင်းနှီးသွားတော့သည်။

ကစားနည်းများကလည်း အမျိုးစုံလင်သည်။ ဘောလုံး၊ ခြင်းလုံး၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ လက်ဝှေ့ စသည်ဖြင့်။ အားကစားဝန်ကြီးဌာနမှ နည်းပြဆရာများက အမျိုးအစားအလိုက် သင်ကြားလေ့ကျင့်ပေး၏။

ငါးနာရီခွဲမှာ အကြောစလျှောရသည်။ ကွေးလိုက်၊ ဆန့်လိုက်၊ ခြေထောက်မြှောက်လိုက်၊ ခါးကိုင်းလိုက်။ ပထမတော့ ကျော်ဇေယျစိတ်သိပ်မပါ။ လူငယ်ဖြစ်သောကြောင့် အကြောပြေသည့်အရသာကို ထူးထူးခြားခြား မခံစား တတ်။ နောက်တော့သဘောကျလာသည်။ အမှတ်စဉ်ဆိုပြီး အဖွဲ့လိုက်လုပ်ရသည်က ညီညာမှု ရှိလျှင်ကြည့်ကောင်း၏။ ညီညွတ်ခြင်း၏ သင်္ကေတလည်းဖြစ်သည်။ ကိုယ့်တစ်ယောက် တည်းကိုမှ ကွက်၍အပြစ်တင်ခံရမည်ကိုလည်း စိုးရွံ့လာသည်။ ထိထိမိမိ အကြောလျှော့သောအခါ ပြေလျော့ခြင်း၏အရသာကို ရိပ်စားမိလာသည်။ ဩော် .. ဒါကြောင့် အကြောလျှော့ရတာကိုး။

ဘောလုံးကွင်းတစ်ပတ်ကို မီတာ ၄၀၀ ရှိသည်။ မီတာတစ်သောင်းဆိုလျှင် အပတ်အစိတ်။ ကျော်ဇေယျ အဖို့တော့ မဖြစ်နိုင်ဟုထင်သည်။ ဒါပေမယ့် သင်တန်းတွင် သိပ်မပြေးခိုင်းပါ။ အခြေခံနည်းစနစ်များကို အဓိကထား သင်ကြားပေးရုံမျှသာ။

ကျော်ဇေယျတို့အနီးတွင် လက်ရွေးစင်အားကစားသမားကြီးများက လေ့ကျင့်နေကြသည်။ ခင်ခင်ထွေးပြေးသွားပုံက မြင်းတစ်ကောင်အလား။ ထိုစဉ်က ခင်ခင်ထွေးမှာ မီတာ ၁၅၀၀ တွင် ပြိုင်စံရှားဟုဆိုကြသည်။ မာရသွန် အပြေးသမားတချို့ကတော့ ကန်တော်ကြီးကိုပတ်ကာပြေးကြရသည်။ တာယာကွင်းကိုကြိုးနှင့်သိုင်းကာ ကျွဲလိုန္တားလို ရှုန်းနေကြသူများလည်းရှိ၏။ သူတို့ကတော့ တာတိုပြေးရန် လေ့ကျင့်နေကြသူများပင်။

သင်ခန်းစာများ ပြီးဆုံးချိန်မှာတော့ အောင်ဆန်းကွင်းအတွင်း နေရာစုံအောင် စပ်စုကြတော့၏။ ကျွမ်းဘားကစားနေသည့်ဘက်သို့လည်း ရောက်သည်။ အရိုးဗစ် အဖွဲ့အား ငေးရသည်ကလည်း အရသာတစ်မျိုး။ တိုက်ကွမ်ဒို အကွက်များကိုလည်း လေ့လာကြသည်။ ခြင်းလုံးခတ်နေသူများကိုလည်း ဝင်ကြည့်ဖြစ်၏။ ဝိတ်ပြားများ ထားသည့် ကာယဗလအခန်းတွင်လည်း ဟန်ရေးပြကြသည်။ အားကစားသင်တန်းတွင် ကျော်ဇေယျစိတ်ပျော်လာပြီ။

ပြေးခုန်ပစ်မှာလည်း ကစားနည်းများက စုံလင်လှသည်။ အပြေးသက်သက်မဟုတ်။ အမြင့်ခုန်၊ တုတ်ထောက် ခုန်၊ သံလုံးပစ်နှင့် လှံတံပစ်။ သံလုံးနှင့်သံပြားများကို အစမ်းပစ်ကြည့်ခွင့်ရသည်။ စနစ်တကျမပစ်တတ်လျှင် ဆယ်ပေ ခန့်မျှပင် မရောက်ချင်။ လှံတံပစ်နေလျှင်တော့ ဖြတ်မလျှောက်ရဲပါ။ မတော်လို့ကိုယ့်ဆီရောက်လာမှဖြင့် ပြဿနာ။ အမြင့်ခုန်သည့် အောက်ခံမွေ့ယာက ပျော့အိအိနှင့် တက်ခုန်ချင်စရာကောင်းသည်။ အလျားခုန်ကိုတော့ ကျော်ဇေယျ သဘောမကျ။ အောက်ခံသဲနည်းနေလျှင် ဖင်နာ၏။ ဘာပဲဖြစ်ဖြစ် ကစားနည်းစုံအောင်တော့ မြည်းစမ်းခွင့်ရခဲ့သည်။

အပြေးတွင်ပင် အမျိုးမျိုးကွဲပြားသေးသည်။ တာတို၊ တာလတ်၊ တာဝေး။ အခက်အခဲကျော် ပြေးရတာပင် ပါသေး၏။ သို့သော် အခြေခံနည်းစနစ်များကတော့ အတူတူပင်။ အင်္ဂလိပ်စာသင်လျှင် အေ၊ ဘီ၊ စီမှ စ၍ သင်ရသကဲ့သို့ ပြေးခုန်ပစ်တွင်လည်း အေ၊ ဘီ၊ စီ ရှိသည်။ အေမှာ ခြေဖျားထောက်ကာ ရွရွပြေးရခြင်းဖြစ်သည်။ ဖနောင့်ပါ ချလိုက်လျှင် ခြေတစ်လှမ်းအတွက် အချိန်ပိုကုန်သွားမည်။ ကြာလျှင် အာရုံကြောကိုပါ ထိခိုက်နိုင်သည်။ ဘီ ကတော့ ဖနောင့်ပေါက်သည့် လေ့ကျင့်ခန်း။ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးရသည်မဟုတ်လား။ စီက ဒူးမြောက်ခြင်း။ ရင်ဘတ်နှင့်ထိအောင် ဒူးကိုမြောက်ရမည်။ သို့မှသာ ခွေ့သို့ခြေလှမ်းကျဲကျဲထွက်လာမည်။ သမင်ဆယ်လှမ်းကျားတစ်လှမ်း သီအိုရီ။ သင်တန်းကာလ ပြီးဆုံးချိန်တွင်တော့ အကြောဖြေလျှော့နည်း ပေါင်းစုံကိုသာမက ပြေးခုန်ပစ် အားကစားနည်း၏ အခြေခံသဘောတရားများကိုပါ ကျော်ဇေယျနားလည်တတ်ကျွမ်းခဲ့ပြီ။

× × × × × ×

'တာတိုမှာ ခွန်အား . . တာလတ်မှာ အဆုံးအဖြတ် . . တာဝေးမှာ စိတ်ဓာတ် . . အစပိုင်းတော့ ခံရ . . အလယ်ပိုင်းတော့ အကြိတ်စား . . နောက်ပိုင်းတော့ အမှန်တရား . . ဒုက္ခကိုမျက်ခြည်ပြတ်အောင် တစ်လှမ်းချင်း တက်လို့ ပြေးခဲ့တဲ့လမ်းမှာ . . ဒီဘဝခရီး . . အခုထိတော့ မျက်ခြည်ပြတ်အောင် ဖြတ်လို့မရလည်း . . နည်းနည်းတော့ အသက်ရှူချောင်လာစ . . ပန်းတိုင်က လက်တစ်ကမ်းမှာ'

နေ့လယ်စာစားပြီးနောက် ရုံးဘေးရှိသက်သာဆိုင်တွင် ကော်ဖီသောက်နေစဉ် နားထဲသို့တိုးဝင်လာသော သီချင်းစာသားက ဆရာညီ၏အာရုံကို ဖမ်းစားသွားသည်။ လမ်းပေါ်တွင်တော့ ထီရောင်းသူလူငယ်က သူ့၏ လက်တွန်းလှည်းလေးကိုတွန်းလျက်။ "ညီလေး - လာပါဦးကွ" ဆရာညီ လှမ်းခေါ်လိုက်၏။

သာမန်အားဖြင့်တော့ ဆရာညီ ထီထိုးလေ့မရှိ။ ကံစမ်းတာဟု တချို့က ပြောကြသည့်တိုင် အလကားရလျှင် ဘာကိုမှမလိုချင်တတ်သော အခြေခံစိတ်ကြောင့် ဖြစ်သည်။ ဆရာညီက လက်တွေ့သမား။ ထီထိုးပြီး စိတ်ကူးယဉ်နေရ သောအလုပ်မျိုးကို မနှစ်သက်။ ကြိုးစားရင်းသာ တိုးပွားချင်သူ။ ယခုလည်း ထီထိုးချင်၍မဟုတ်။ သီချင်းကိုသဘောကျ သောကြောင့်သာ။ ဒါပေမယ့် အားနာစိတ်တော့ ရှိသင့်သည်ပေါ့။ "ညီလေး ထီတစ်စောင်ပေးကွာ။ ဒါနဲ့ - အခုဖွင့်နေ တာ ဘယ်သူ့သီချင်းလဲ"

"စိုင်းထီးဆိုင်ရဲ့ လေညာအရပ်ကအချစ် အခွေထဲကပါ - ဦးလေး။ သီချင်းနာမည်တော့ ကျွန်တော်မသိဘူး" လူငယ်က ထီလက်မှတ်ကိုကမ်းရင်း အဖြေပေးလိုက်သည်။

စိုင်းထီးဆိုင်တဲ့လား။ နာမည်တော့ ကြားဖူးသား။ ဒါပေမယ့် ဆရာညီက ကိုတင်လှိုင်နှင့် ကိုသန်းလှိုင်တို့၏ ကာလပေါ်သီချင်းများကိုသာ နှစ်သက်သူ။ စတီရီယို တေးသွားများကိုမူ အကျွမ်းတဝင်မဖြစ်ခဲ့။ ဒုံးဒုံးဒိုင်းဒိုင်းသံစဉ်များက စိတ်ကို ဗလောင်ဆူစေသည်။ သို့သော် ယခုသီချင်း၏ စာသားများကတော့ ဆရာညီကို ဆွဲဆောင်နေပေပြီ။

သီချင်းစာသားများနှင့် မိမိဘဝကို ယှဉ်ထိုးစဉ်းစားကြည့်မိသည်။ ဘီလူးကျွန်းသား ဆရာညီနှင့် ဧရာဝတီတိုင်း သူဇနီးသည်တို့ အကြောင်းဆုံမိသည်က မြို့တော်မဟာ ရန်ကုန်မှာ။ နှစ်ဦးစလုံးဆယ်တန်းအောင်ပြီး ကုန်သွယ်ရေးတွင် အလုပ်ဝင်ကြရာမှ

တွေ့ခဲ့ကြခြင်းဖြစ်သည်။ အိမ်ထောင်ကျစ မပြည့်မစုံဘဝနှင့် အတော်ပင်ရုန်းကန်ခဲ့ရသည်။ ကနဦး အစ အခြေမကျခင်မှာ ဓနခွန်အားများမရှိခြင်းကြောင့် ခံခဲ့ရတာတွေများ၏။

ဘဝခရီး၏အလယ်ပိုင်းသို့ရောက်ချိန်တွင် ဥာဏ်နှီ၊ ဥာဏ်နက်နှင့် ဥာဏ်ပြာမျိုးစုံကို ထုတ်သုံးကာ မှန်ကန် သောဆုံးဖြတ်ချက်များကို ခိုင်ခိုင်မာမာ ချမှတ်နိုင်ခဲ့သည်။ ဇနီးသည်က အိမ်မှုကိစ္စများကိုထိန်းသိမ်း။ ဆရာညီကတော့ အလုပ်တစ်ဖက်နှင့် လုပ်သားကောလိပ်ဆက်တက်ဖြစ်၏။ ဤသို့ဖြင့် ဘွဲ့ရပြီးရာထူးတိုးကာ သမဝါယမ ဦးစီးမှူး ဖြစ်လာ သည့်တိုင် မပြေလည်မှုများကရှိနေဆဲ။ မိမိနှင့်ထပ်တူ ပညာရေးနှင့်ပတ်သက်ပြီး အခွင့်အရေးရခဲ့သော်လည်း မိသားစု အတွက် ပေးဆပ်ခဲ့သည့်ဇနီးကို ကျေးဇူးတင်ရမည်။

ပညာမရှိ၊ သူ၏ဝန်ထမ်းတဲ့။ အဆုံးအမတစ်ခု ကြားခဲ့ဖူးပါ၏။ အင်း . . ပညာရှိလာတော့လည်း အစိုးရ ဝန်ထမ်းပဲပေါ့။ ဝန်ထမ်းဘဝက ငြိမ်းချမ်းပါသည်။ စားပွဲတစ်လုံးနှင့်ဘောလ်ပင်ကိုင်ကာ အရိပ်ထဲမှာ အသက်မွေးခွင့်ရ၏။ အချိန်တန်လျှင် လစာရမည်မို့ ဝမ်းရေးအတွက် အထူးတလည်မပူပင်ရတော့။ အကျိုးဆက်က အားလပ်ခွင့်တွင် စာဖတ်ဖြစ်လာခြင်းကြောင့် ကျန်းမာရေးအသိရှိလာခြင်းပင်။ မနက်တိုင်း အညောင်းအညာပြေရန် လမ်းလျှောက်ဖြစ်သည်။ ရွာမှာဆိုရင်တော့ ဖင်ထဲသို့ ရွှံ့တစ်ပိသာလောက်ဝင်မှ ဝမ်းဝပေလိမ့်မည်။ ဗဟုသုတ ဆိုသည်ကလည်း ဝေးစွ။ ကျန်းမာရေးအသိက နတ္ထိ။ ဘာပဲပြောပြော ကိုယ့်အဖြစ်ကိုယ် ကျေနပ်နေမိသည်။

ဖြတ်သန်းခဲ့ရသည့် ဘဝခရီးလမ်းတစ်လျှောက် ဘေးရောက်သွားသူများကိုလည်း တွေ့ခဲ့ရသည်။ ကိုယ့်ထက် ရှေ့ရောက်နေသူများကိုလည်း လှမ်းမြင်နေရဆဲ။ ဝန်ထမ်း အဖြစ် တာဝန်ကျသည့် ဂိုဒေါင်မှူးဘဝမှာသာယာပြီး မတော်မတရားတာတွေ လုပ်ရင်း ထောင်နန်းစံသွားသူတွေက ဒုနှင့်ဒေး။ ကြိုးစားအားထုတ်မှုကြောင့် ရရှိလာသော ရာထူးသစ် တွင်ယစ်မူးကာ ဘဝမေ့သွားသူတွေကလည်း အပုံအပင်။ မိမိနှင့်ဘဝတူ သူလိုကိုယ်လိုလူများက တချို့တစ်ဝက်။

ဆရာညီကတော့ စိတ်ဓာတ်ကိုအရင်းတည်ကာ တာဝေးခရီးကို ဆက်နှင်နေရဆဲ။ အချိန်ကြာလာသည်နှင့်အမျှ အမှန်တရားက ပေါ်လာမြဲ။ အခုတော့ ပန်းတိုင်သို့ မရောက်သေးသည့်တိုင် အသက်ရှူတော့အတန်အသင့်ချောင် လာခဲ့ပြီ။ သမီးကြီးဘွဲ့ရတာ သိပ်မကြာသေး။ ဌာနတစ်ခုမှာ အချိန်ပိုင်း အလုပ်ဆင်းနေပြီ။ သားငယ်က ခုနစ်တန်း ကျောင်းသား။ ဒီကောင့်အတွက်လည်း စိတ်ပူစရာတော့သိပ်မရှိ။ ဥာဏ်ထက်သလောက် စာကြိုးစားသည်။ လိမ္မာရေးခြားလည်းရှိ၏။ ဒါပေမယ့် ဇွတ်တရွတ်လုပ်တတ်သည့် အကျင့်ကိုတော့ ထိန်းကျောင်းပေးမှဖြစ်မည်။

ရုံးမှအပြန်တွင် ကက်ဆက်ခွေ အရောင်းဆိုင်သို့ဝင်ကာ စိုင်းထီးဆိုင်၏ လေညာအရပ်ကအချစ် သီချင်းတိပ်ခွေ ကို ဝယ်လာခဲ့လိုက်သည်။ သမီးအတွက် လက်ဆောင်ပေါ့။ အိမ်သို့အရောက် သားငယ်၏စာကျက်သံက ဆီးကြိုနေ၏။ ဆရာညီ တိပ်ခွေအား ကက်ဆက်ဘေးနားတွင် အသာချထားလိုက်တော့သည်။

× × × × × ×

စာကျက်ရတာ ငြီးစီစီဖြစ်လာသောကြောင့် ကျော်ဇေယျ ကက်ဆက်ဖွင့်လိုက်သည်။ ကြိုက်သည့် အဆိုတော်က ချစ်ကောင်း။ ကော်ဖီခါးခါးတေးသွားအားလိုက်ဆိုရင်း စိတ်လွတ်ကိုယ်လွတ် ခုန်ပေါက်နေလိုက်၏။ တံမြက်စည်း ကို လက်ကပိုက်ရင်း ဂစ်တာတီးသလိုလုပ်ပစ်လိုက်သည်။ အိမ်မှာတစ်ယောက်တည်းမို့ ထင်တိုင်းကျဲလို့ရ၏။ ဝန်ထမ်း အိမ်ယာဖြစ်သောကြောင့် ဘေးအခန်းမှလူများလည်း ရုံးသွား၊ ကျောင်းသွားနှင့်မို့ အားနာစရာမရှိ။

“ပေါ့ပျက်ပျက် အချစ်နဲ့ လူဘဝ ခပ်ပေါ့ပေါ့ လွင့်ထွက်ချင်တယ် . . အရူးအမူး အတ္တ ဟစ်ခေါ်အော်သံ တွေလား . . ဘယ်လိုလဲ . . ကော်ဖီဆိုရင် ခါးခါးသောက်မိတယ်” အသံကုန်ဟစ်သည့် ခဲမလောက်တီးဝိုင်း။ အချို့ကြိုက်သည့် ကျော်ဇေယျပင် သီချင်းထဲကအတိုင်း ကော်ဖီကိုခါးခါးပဲ သောက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

တိပ်တစ်ခွေလုံးကို အလွတ်ရပြီးသားမို့ နောက်တစ်ခေါက်ထပ်မကျော့ချင်တော့။ ကျော်ဇေယျ၏ ဘဝက သနားဖို့တော့ကောင်းသည်။ ကက်ဆက်ခွေကို ဝယ်ရကောင်းမှန်းမသိ။ လူကြီးတွေဝယ်လာသော အခွေများကိုသာ နားထောင်ခွင့်ရ၏။ မေမေနားထောင်တတ်တာက တင်တင်မြနှင့် မာမာအေး။ ဖေဖေ့အကြိုက်က ကိုတင်လှိုင်နှင့် သန်းဖေလေး။ အဲဒီ သီချင်းတွေနားထောင်ရင် အိပ်ပျော်သွားနိုင်သည်။

တိပ်ခွေစင်အား ကျော်ဇေယျ ဖွလိုက်သည်။ ထူးအိမ်သင်၏ နာရီပေါ်မှ မျက်ရည်စက်များ။ နားထောင်ပြီးသားမို့ ဖယ်ထားလိုက်သည်။ စိုင်းထီးဆိုင်၏ လေညာအရပ်ကအချစ်တဲ့။ အခွေသစ်ပဲ။ မမဝယ်လာတာဖြစ်မည်။

ဘာကိုဆိုလိုချင်မှန်း ကျော်ဇေယျသေချာမသိ။ လေညာမှနေပြီး အီးပေါက်လိုက်လျှင်တော့ လေအောက်မှလူ မသက်သာ။ ရွှေအုန်းသီးဆိုင်တွင် မြေဖြူနှင့်ရေးထားလေ့ရှိသော ‘ခြစ်သည်၊ ညှစ်သည်’ ကိုလည်း မြင်ယောင်မိလာသည်။ အပြောင်အပျက်သဘောဖြင့် ကျော်ဇေယျ ရွတ်လိုက်သည်။ “လေညာအရပ်က ညှစ်သည့်အီး”

စိုင်းထီးဆိုင်ကြားလျှင်တော့ ရင်နာပေလိမ့်မည်။ တိပ်ခွေကို ဖွင့်ကြည့်လိုက်သည်။ သီချင်း တစ်ပုဒ်ပြီးတစ်ပုဒ်။ တေးသွားများက ငြိမ့်ညောင်းလွန်း၏။ စာသားတွေကို သိပ်တော့နားမလည်။ နက်နဲတာလည်း ဖြစ်ကောင်းဖြစ်မည်။ အနုအရွှစာသားများမို့ ကျော်ဇေယျ ကောင်းကောင်းမခံစားတတ်။ တစ်ခွေလုံးကုန်အောင်တော့ နားထောင်ကြည့်လိုက်ဦးမည်။

အိမ်မှာအဖေမရှိတုန်း သီချင်းနားထောင်ရခြင်းဖြစ်၏။ အဖေက အသံအရမ်းဆူလျှင်မကြိုက်။ “မင်းတို့ သီချင်းတွေက ဖင်ပြဲအောင်ကုန်းအော်ဖို့လောက်ပဲသိတယ်။ ဘာတွေဆိုနေမှန်းလည်း မသိဘူး” ဟု ပြောတတ်သည်။

ကျော်ဇေယျအဖို့ကတော့ အော်လေကြိုက်လေ။ အာခေါင်ခြစ်ပြီး အော်ရလျှင်တော့ အကြိုက်ဆုံး။ ဒရမ်သံ ခပ်ပြင်းပြင်းကိုမှ စိတ်တိုင်းကျသည်။ ခုန်ပေါက်ရုန်းကြွေနေမှ သီချင်းဟုထင်သည်။

ခပ်ကြမ်းကြမ်းတေးသွားဖြင့် သီးချင်းတစ်ပုဒ်ထွက်လာသည်။ ‘တာတိုမှာ ခွန်အား . . တာလတ်မှာ အဆုံး အဖြတ် . . တာဝေးမှာ စိတ်ဓာတ်’

ဘာလဲဟ။ တာတို၊ တာလတ်၊ တာဝေး။ ဒါလည်း သီချင်းဖြစ်တာပဲလား။ သင်တန်းတက်စဉ်က ဆရာ ဦးအေးသိန်းရှင်းပြခဲ့သည့် ပြေးခုန်ပစ်မှ ဝေါဟာရများ။ အာရုံစိုက်ကာ ဆက်နားထောင်လိုက်သည်။ နားလည်သလို ရှိလာပြီ။ တာတိုပြေးလျှင် ခွန်အားကိုအသုံးချရမည်။ အရှိန်အဟုန်နှင့် အားစိုက်ပြေးရသည်။ ဒါကြောင့် မီတာ ၁၀၀ အပြေးသမားများ အားကုန်ရုန်းကြခြင်းဖြစ်မည်။

တာလတ်မှာ အဆုံးအဖြတ်။ မီတာ ၁၅၀၀ နှင့် ၅၀၀၀ အပြေးသမားများအတွက် ဆုံးဖြတ်ချက်က အဓိက။ ဘယ်အချိန်မှာ ဘာလုပ်ရမည်ကို ချိန်ဆကာ ဆုံးဖြတ်ချက်ကို သေချာချမှတ်ရမည့်သဘော ဖြစ်နိုင်သည်။

တာဝေးမှာ စိတ်ဓာတ်။ ဒါကတော့ ရှင်း၏။ မာရသွန်အပြေးသမားအတွက် စိတ်ဓာတ်ကသာ အရေးအကြီး ဆုံး။ ဘယ်လောက်ပဲဝေးသည့်ပန်းတိုင် ဖြစ်ပါစေ၊ စိတ်ဓာတ်မကျဘဲ အရောက်သွားရမည့်သဘော။ ကောင်းတော့ ကောင်းသား။ ပြေးခုန်ပစ်သီချင်းက အားပါသည်။ သံစဉ်ရော စာသားပါမိုက်သည်။

ယခင်ကတော့ ချစ်ကောင်း၏ ကံကြမ္မာတင်းနစ်သီချင်းအတိုင်း ကျော်ဇေယျ ကြက်တောင်ရိုက်ခဲ့သည်။ ခံရတာတွေက အရမ်းကိုများ၏။ ပြိုင်ဘက်က ကိုယ့်ထက် လူကောင်ကြီးနေလျှင် ပြန်မငြင်းရဲ။ တစ်ဖက်လူ ပြောသမျှကိုသာ လက်ခံကျေနပ်

လိုက်ရသည်။ ကြက်တောင်ကို အားစိုက်ပြီးရိုက်တော့ စည်းကျော်သည်။ အားလျှော့လိုက်တော့ ပိုက်တိုးသည်။ အမောမခံနိုင်တော့ အရှုံးပေးကာ ဘေးထွက်ထိုင်ခဲ့ရသည်။ ရိုးသားနေရုံနှင့်လည်း အလုပ်မဖြစ်ပါ။ ပါးပါးနပ်နပ်နှင့် တစ်ဖက်လူကို နှိပ်ကွပ်နိုင်ရန် အမြဲအကွက်ချောင်းနေရသည်။

ယခုတော့ စိတ်ဓာတ်ကိုအရင်းတည်၊ ဝီရိယဖြင့်ကြိုးစားလိုက်လျှင် အပြေးပြိုင်ပါက မျိုးသူကိုနိုင်ကောင်းနိုင် လိမ့်မည်။ စိုင်းထီးဆိုင်၏ ပြေးခုန်ပစ်သီချင်းကို ကျော်ဇေယျ ထပ်ခါထပ်ခါ ဆိုနေမိတော့သည်။

× × × × × ×

ရာသီစက်ဝန်း တစ်ပတ်ကျော့ခဲ့ပြီ။ ငွေနှင်းမှုန်တို့ကတဖွဲဖွဲ။ လူထုအားကစားလသို့ ရောက်ခဲ့ပြန်၏။ အဖေက တော့ လမ်းပုံမှန်လျှောက်ဆဲ။ မိုးတွင်းကာလတစ်လျှောက် ငြိမ်ကုပ်နေခဲ့သော ကျော်ဇေယျ အားကစားလုပ်ချင်စိတ် ပေါက်လာပြန်သည်။ မျိုးသူတို့နှင့် ကြက်တောင် လိုက်ရိုက်ရင်ကောင်းမလား။ မဖြစ်ပါ။ ဒီကောင်က အငြင်းသန်သည်။ မနက် စောစောထဖြစ်သည့်တိုင် ဘာလုပ်ရကောင်းမှန်း ကျော်ဇေယျ မသိ။

“သား - အဖေနဲ့အတူ လမ်းလိုက်လျှောက်ပါလား” အဖေက မေးလာသည်။ အဖော့စကားကို မငြင်းဖြစ်။ စောစောထပြီး လေကောင်းလေသန့်ရှူရသည့် အရသာကို သိထားသည်မဟုတ်လား။

သားအဖနှစ်ယောက် အတူထွက်ခဲ့ကြသည်။ သုဝဏ္ဏကွင်းဘက်တော့ မဟုတ်ပါ။ မြို့ဦးစေတီဘက်သို့။

“အားကစားကွင်းဘက် သွားရအောင် - ဖေဖေ” ကျော်ဇေယျအကြံပြုကြည့်သည်။

“အဲဒီဘက်က လူရှုပ်၊ ကားရှုပ်နဲ့။ နောက်ရက်ကျမှသွားကွာ” အဖေက အပြတ်တော့မငြင်း။

အိမ်အပြန်မှာ အီကြာကွေးနှင့်လက်ဖက်ရည် ပါဆယ်ဆွဲလာသည်။ နောက်ရက်ကျတော့ ပဲပြုတ်နှင့်နံပြား။ အိမ်မှာဆိုလျှင် မေမေ့လက်ရာ ထမင်းကြော်၊ ကြာဆံကြော်လောက်နှင့်သာ နှစ်ပါးသွားနေရမြဲ။ ဒီပုံစံအတိုင်းဆိုလျှင် တော့ ဟန်ကျပြီ။ ကျော်ဇေယျ အဖေနှင့်အတူ လမ်းလျှောက်လိုက်ရန် မပျက်ကွက်တော့။

မြို့ဦးစေတီပတ်လည်တွင် လယ်ကွင်းများသာရှိ၍ ကားအသွားအလာနည်းသည်။ ကားလေးဂိတ်ရောက်လျှင် ညာဘက်ချိုးပြီး လူသုံးကုန်ပစ္စည်းစက်ရုံအထိ။ သုဝဏ္ဏပန်းခြံတွင်အဆုံးသတ်။ တစ်ခါတစ်လေကျတော့ ပြောင်းပြန် လျှောက်သည်။ မြို့ဦးစေတီနားတွင် အကြောလျှော့။

"ဖေဖေ - ခါးကိုင်းရင် ဒူးကိုဆန့်ထား။ ဒါမှပိုထိမှာပေါ့" သင်တန်းတက်ထားသော ကျော်ဇေယျ အဖေကို ဆရာလုပ်လိုက်သည်။

"အေးပါ - ငါ့သားရာ။ မင်းကလည်း အဖေထက် သားတစ်လကြီးနေပြန်ပြီ" အဖေ၏ တုန့်ပြန်စကား။

အားကစားကွင်းဘက်သို့လည်း လျှောက်ဖြစ်ပါ၏။ ရထားလမ်းဂုံးကျော်ပေါ်မှာ အကြောလျှော့။ တစ်ခါတစ်ရံ တံတားအောက်မှရထားဖြတ်ခိုန်နှင့် ဆုံတတ်သည်။ ပဲခူးဘက်သို့သွားသော ရထားများဖြစ်မည်။ နောက်ရက်ကျတော့ သာကေတဘက် ငမိုးရိပ်တံတားဆီ။ ဟိုဘက်ကမ်းရောက်တော့မှ နောက်ပြန်လှည့်။ ချောင်းရိုးတစ်လျှောက်တွင်မူ လှေကြီးလှေငယ်အသွယ်သွယ်။ တိုက်လာသည့်လေနုအေးက လတ်လတ်ဆတ်ဆတ်။ တံတားပေါ်ရောက်လျှင် အမော ပြေသွားတတ်သည်။

လမ်းကြောင်းကို တစ်ရက်ခြားဆိုသလို ပြောင်းနေသည်မို့ မငြီးငွေ့ရ။ ရက်ကြာလာသည့်အခါ ကျော်ဇေယျ အဖေ့ကို သိပ်အားမရချင်တော့။ အဖေက သူ့မိတ်ဆွေများနှင့်ဆုံလျှင် စကားပြောနေသေးသည်။ "သား - ပြေးသွားနှင့်မယ်။ ဧရှေနားရောက်မှ အကြောလျှော့ရင်း စောင့်မယ်လေ"

"လမ်းဆုံးအောင် တစ်ယောက်တည်း ပြေးသွားရောပေါ့ - ငါ့သားရာ။ ပန်းခြံရှေရောက်မှ အဖေ့ကိုစောင့်ပေါ့"

"ဟာ - သရဲကြောက်တယ်. . . အဖေရ" ဟုတ်သည်လေ။ လမ်းတစ်လျှောက် လူပြတ်၊ကားပြတ်သည့် နေရာများ လည်းရှိသည်။ မနက်သိပ်စောလျှင် မီးမရှိ၊ဘာမရှိနှင့် မှောင်မှောင်မည်းမည်း။ အလင်းရောင်ရှိလျှင်တော့ ကျော်ဇေယျ ပြေးရဲပါသည်။ သို့မဟုတ်လျှင်တော့ အဖေ့နားမှမခွာ။

ကျော်ဇေယျအဘိုးက ဓနုဖြူသား။ ဗန္ဓုလသွေးပါသူမို့ သတ္တိကောင်းသည်။ ရွာမှာတော့ သူကြီး။ ထိုးကွင်း မင်ကြောင်က ပေါင်ရင်းအထိရောက်၏။ ငှက်ကျီးတောင်မားနှင့်ကွမ်းတမြို့မြို့ဝါးနေမည့် အဘိုး၏ရုပ်သွင်က အားကိုး ချင်စရာကောင်းပါဘိ။

ကျော်ဇေယျကတော့ ဒီလိုမဟုတ်ပါ။ ဘမျိုးဘိုးတူဟု ထင်စရာ တစ်ကွက်မှမရှိ။ အကြောက်ဆုံးက အမှောင်ထု။ ညဘက်မီးပျက်လျှင် အိမ်အပေါ်ထပ်သို့တစ်ယောက်တည်း မတက်ရဲတော့။ မမြင်ဘူးသောသရဲအား တွေး၍ ကြောက်နေသူ။

ဤသို့ဖြင့် အဖေလမ်းလျှောက်လျှင် ကျော်ဇေယျကအပြေးတစ်ပိုင်း။

× × × × × ×

တစ်ညနေ။ အဖေ အိမ်သို့စောစောပြန်လာ၏။ "သားငယ် - အားကစားကွင်းဘက် သွားရအောင်"

ဟိုရောက်တော့ ဘောလုံးကွင်းဘေးတွင် အပြေးလေ့ကျင့်နေသူများကို တွေ့ရ၏။ အဖေက ဦးစိုးဝင်းနှင့် မိတ်ဆက်ပေးသည်။ တစ်ချိန်ကတော့ အရှေ့တောင်အာရှတွင် မီတာ ၁၀၀ စံချိန်သစ်တင်ခဲ့သူ။ အခုတော့ ဆက်သွယ် ရေးဝန်ကြီးဌာနတွင် အလုပ်လုပ်ရင်း ပြေးခုန်ပစ်ကို သံယောဇဉ်မပြတ်နိုင်သောကြောင့် ညနေပိုင်း၌ ကျန်းမာရေး အတွက် လေ့ကျင့်ခန်းလာဆင်းနေခြင်းဖြစ်သည်။

"ကိုစိုးဝင်း - ကျွန်တော့်သားကို နည်းနည်းလေ့ကျင့်ပေးစမ်းပါဗျာ။ ဒီကောင် အခြေခံသင်တန်းတော့ တက်ထားတယ်။ စိတ်ပါသွားအောင်ပေါ့"

ဦးစိုးဝင်း၏ ဆွယ်တရားများကြောင့် ပြေးခုန်ပစ်ကို ကျော်ဇေယျစိတ်ပါလာသည်။ လေ့ကျင့်နေသူများထဲတွင် ကျော်ဇေယျနှင့် ရွယ်တူများလည်းပါ၏။ အားလုံး သူ့ရည်ရွယ်ချက်နှင့်သူ။ ကျော်ဇေယျကတော့ အဖေ့ကိုမလွန်ဆန် ရဲသောကြောင့်သာ။ လက်ရွေးစင်အမျိုးသမီး မာရသွန်အပြေးမယ် မဝင်းဝင်းမြိုင်တို့နှင့်လည်း သိကျွမ်းခွင့်ရခဲ့သည်။ သူတို့၏အောင်မြင်မှုများကိုလည်း အားကျမိပါ၏။

"မာရသွန်ဆိုတာ မြင်းထီးလိုပြေးရတယ်ကွ" ဦးစိုးဝင်း၏စကား။

စထွက်သည်နှင့် ကျော်ဇေယျ ခြေကုန်သုတ်တော့သည်။ ခဏကြာတော့ ဟောဟဲလိုက်ပြီး ဆက်မပြေးနိုင် တော့။ "သား - အဲဒီလိုမဟုတ်ဘူးကွ" ဦးစိုးဝင်းက တားသည်။

"ဦးလေးပဲ မြင်းလိုပြေးဆို" "ဦးလေးက မြင်းထီးလိုပြေးခိုင်းတာပါကွာ"

"မြင်းထီးရော မြင်းမပါ ကဆုန်ဆိုင်းတာပဲလေဗျာ"

“မင်း - လွဲနေပြီကွ။ မြင်းထီးကမြင်းမကို ဘယ်တော့မှ ကျော်မတက်ဘူး။ နောက်ကနေအသာလေး ကပ်လိုက် သွားတာ။ မာရသွန်ပြေးရင်လည်း ဒီလိုပဲ။ ကိုယ်က ရှေ့ရောက်နေဖို့မလိုဘူး။ အသာကပ်လိုက်သွား ပန်းဝင်ခါနီးကျမှ ခြေကုန်သုတ်”
“ဒီလိုလား။ စောစောကပြောရောပေါ့ - ဦးလေးရာ”

“သား - ဘောလုံးကွင်း တစ်ပတ်ပြည့်အောင်ပြေး။ ဖြည်းဖြည်းပဲပြေး။ လမ်းမလျှောက်နဲ့၊ မနားနဲ့။ ဘယ်အချိန် ရောက်ရောက် ပြဿနာမရှိဘူး”

ဦးစိုးဝင်း၏ကျေးဇူးကြောင့် မာရသွန်ပြေးနည်းကို ကျော်ဇေယျ သဘောပေါက်လာသည်။ ခြေလှမ်းမှန်မှန်နှင့် အမောမဖောက်ဖို့သာ အဓိက။ ကိုယ်ဒီနေ့ဘယ်လောက် ရောက်ရမည်ကိုသတ်မှတ်ပြီး ဖြည်းဖြည်းနှင့် မှန်မှန်ပြေးသွားရုံသာ။ တစ်နေ့တစ်လံ ပုဂံကညောင်ဦးနားတွင်ဖြစ်၏။ ကွန်ကရစ်လမ်းအတိုင်းပတ်လျှင် ကွင်းကြီးတစ်ပတ်ကို မီတာ ၁၀၀၀ နီးပါးရှိသည်။

ပထမရက် တစ်ပတ်။ နောက်တစ်ရက်ကျတော့ နှစ်ပတ်။ တစ်ရက်လျှင် တစ်ပတ်နှုန်းဖြင့် တိုးသွားရာ ဆယ်ပတ်အထိ ရောက်သွားသည်။ ပြေးနှုန်းကတော့ လိပ်သာသာ။ ဒါပေမယ့် စိတ်ကူးထဲမှာတော့ ကျော်ဇေယျလည်း ချန်ပီယံတစ်ဦးပင်။ ဆုဖလားကိုကိုင်မြှောက်လို့။ လက်ခုပ်သြဘာသံများကလည်း မိုးသို့တိုင်အောင်။

နောက်ရက်များမှာတော့ မီတာ ၄၀၀ ပတ်လမ်းအား အများနည်းတူ လိုက်ပတ်ရသည်။ အဖြောင့်ပြေးလမ်း တွင်အရှိန်ဖြင့်။ အကွေ့များကိုတော့ အသက်မှန်မှန်ရှူရင်း ခပ်ရွရွသာ။ ကြာလာတော့ အမောလုံလာသည်။ တော်ရုံနှုန်းလောက်ဆိုလျှင် ကျော်ဇေယျသိပ်မမောတော့။

သွေးပူနှင့်အကြောလျှော့ လေ့ကျင့်ခန်းကိုလည်း သေသေချာချာလုပ်ရသည်။ မပြေးခင် အကြောလျှော့။ ပြေးပြီးပြန်တော့လည်း အကြောထပ်လျှော့။ သွေးပူမလုပ်ဘဲ ပြေးရင်း ကြွက်တက်၍ ဆက်မပြေးနိုင်သူများ အကြောင်း ကိုလည်း ကြားသိရ၏။ ဘယ်အားကစားနည်းမဆို မကစားခင်မှာ သွေးပူလေ့ကျင့်ခန်းကို အရင်လုပ်ကြရသည်။

ဒီလိုနှင့် မနက်ရောညနေပါ ကျော်ဇေယျတစ်ယောက် ပြေးဖြစ်လာသည်။ မနက်ပိုင်း အဖေလမ်းလျှောက်စဉ် ကျော်ဇေယျက အပြေးတစ်ပိုင်း။ ညနေခင်းမှာတော့ ဦးစိုးဝင်းတို့နှင့်အတူ။

တစ်ရက်။ “သုဝဏ္ဏတစ်ပတ် စမ်းကြည့်ပါလား။ အဖေ စက်ဘီးနဲ့လိုက်ပေးမယ်”

ကျော်ဇေယျ စဉ်းစားကြည့်သည်။ ပန်းခြံမှ အားကစားကွင်းအထိ။ အသင်းတိုက်ဘက်ရောက်တော့ စံပြစျေး တောက်လျှောက်။ ပြည်ထောင်စုဂုံးကျော်တံတားပေါ်တက်ပြီး သံသုမာလမ်းအတိုင်း ပြန်ပြေးလာရမည်။ ပန်းခြံသို့ ပြန်ရောက်မှ တစ်ပတ်ပြည့်မည်။ "ဖြစ်နိုင်ပါ့မလား အဖေရာ"

"မင်းကလည်း - စမ်းဖြင့်မကြည့်ရသေးဘူး။ အားလျှော့လိုက်တာ"

အဖေ့စကားက ကျော်ဇေယျ၏မာနကို ထိပါးနေသည်။ "ရတယ်။ မနက်ဖြန် ပတ်မယ်"

သုဝဏ္ဏတစ်ပတ် ကျော်ဇေယျပတ်ပြီ။ ပြည့်အောင်ပတ်ဖို့သာ အဓိက။ အသက်ကိုဝဝရှူ။ ပုံမှန်ပြေး။ အဖေက စက်ဘီးတစ်စီးဖြင့် ဘေးကလိုက်ပေးသည်။ လမ်းတစ်လျှောက် ကားရောလူပါ သိပ်မပြတ်။ နံနက်စျေးထွက်ရန် ပြင်နေ ကြသော ကုန်စိမ်းသည်များကိုလည်း တွေ့ရသည်။ ပန်းခြံပြန်ရောက်၍ နာရီကြည့်တော့ တစ်နာရီနီးပါးကြာသည်။ ဘာပဲဖြစ်ဖြစ် သုဝဏ္ဏတစ်ပတ်ကိုတော့ မနားတမ်းပတ်နိုင်ခဲ့ပြီ။

မြို့တော်ဝန်မာရသွန်ပြေးပွဲဝင်ရန် အဖေကတိုက်တွန်းသည်။ ကျော်ဇေယျ ကိုယ့်ကိုယ်ကိုမယုံ။ လမ်းမှာ အမောဖောက်ပြီး ဆေးရုံရောက်သွားမှ ဟုတ်မေ့ဖြစ်နေမည်။

"ဒါဆိုလည်း လွတ်လပ်ရေးနေ့မှာ ရပ်ကွက်မာရသွန်ပြေးပွဲ ဝင်ပြိုင်ကွာ"

"အင်း - ဒီလောက်တော့ ဖြစ်မယ်ထင်တယ်" လမ်းမှာအဆင်မပြေဖြစ်ရင်တောင် အိမ်ကိုတော့ရောက်အောင် ပြန်နိုင်လောက်သည်။ သုဝဏ္ဏတစ်ခွင်ကတော့ ပြပြစင်ပြီးသား။ ကိုယ့်ဇာတိ မဟုတ်လား။

ဦးစိုးဝင်းအားပြောပြတော့ သူလည်းသဘောကျသည်။ ရည်မှန်းချက်မရှိဘဲ လေ့ကျင့်နေတော့ရော ဘာထူးမှာ လဲ။ ဤသို့ဖြင့် လွတ်လပ်ရေးနေ့မာရသွန်ပြိုင်ပွဲအား ကျော်ဇေယျ ပစ်မှတ်ထားလိုက်၏။

"သား - အပြေးသမားဆိုတာ ဂေါက်သီးရိုက်သလိုပဲကွ။ ဘယ်သူ့ကိုမှ ပြိုင်နေဖို့မလိုဘူး။ ကိုယ့်ကိုယ်ကိုပဲ ပြိုင်ရတာ။ မနေ့က ဘောလုံးကွင်းတစ်ပတ်ကို ငါးမိနစ်ကြာရင် ဒီနေ့ငါးမိနစ်မကြာစေနဲ့ပေါ့။ ဦးလေးပြောတာ သဘောပေါက်လား။ တဖြည်းဖြည်းတိုးသွားရတယ်။ ရပြီးသားစံချိန်ကို မလျှော့စေနဲ့"

ရက်ကြာလာတော့ ကျော်ဇေယျ စံချိန်တက်လာသည်။ သုဝဏ္ဏတစ်ပတ်ကို နာရီဝက်ခန့်သာ။

× × × × × ×

လွတ်လပ်ရေးနေ့ မနက်ငါးနာရီ။ ရာသီဥတုက ခြောက်သွေ့အေးချမ်းနေသည်။ အသံချဲ့စက်မှ ထွက်လာ သည့် အကော်ဒီယံအုန်းကျော်၏ အသံဝါကြီးကိုကြားနေရပြီ။ 'မြန်မာ့အားကစား . . ကမ္ဘာကိုလွှမ်းစေရမည် . . မြန်မာတစ်မျိုးသားလုံး အမျိုးသားရေး စိတ်ဓာတ်ယုံကြည် . . ဇာတိသွေးပြကြမည်'

ညကအားဆေးသောက်ကာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ခဲ့သောကြောင့် ကျော်ဇေယျ အရမ်းလန်းဆန်းနေသည်။ ရပ်ကွက်မာရသွန်ပြိုင်ပွဲဝင်ရန် သားအဖနှစ်ယောက် ထွက်လာခဲ့၏။ ငါးနာရီခွဲ တာစလွှတ်မည်။ သက်တမ်းသုံးမျိုးခွဲ ထားသည်။ ၁၈ နှစ်အောက်ကို အငယ်တန်းအဖြစ်သတ်မှတ်ပြီး အထကကျောင်းရှေ့မှ သုဝဏ္ဏလမ်းဆုံအထိ အသွား အပြန်လေးခေါက် ပြေးရမည်။ ၁၈နှစ်နှင့်အထက် အကြီးတန်းက ငါးခေါက်။ အသက်ငါးဆယ်ကျော် သက်ကြားအိုများ အဖွဲ့ကသုံးခေါက်။ လူအင်အားက တစ်ရာကျော်ခန့်ရှိသည်။ ကြီးကြီးငယ်ငယ်အရွယ်မျိုးစုံ။ ပြိုင်ပွဲမဝင်ဘဲ အပျော် သဘော လမ်းလိုက်လျှောက်ကြမည့်သူများလည်း ပါသည်။

ကျော်ဇေယျတို့သားအဖ အကြောကိုသေချာလျှော့ကြသည်။ တစ်ချို့ကလည်း ခါးကိုဘယ်ညာယိမ်းလိုက်ဖြင့် မထိတထိ။ အမြီးမြောက်လိုက် အီးပေါက်လိုက်နှင့် လေပစ်နေကြသူများလည်းရှိ၏။ မာရသွန်ပြေးရမည်ကို ခပ်ပေါ့ပေါ့သာ သဘောထားသည့်ဟန်။ အဖေကမှာသည် "သား - မင်းနှူန်းနဲ့မင်းသွား၊ အဖေ့ကို မစောင့်နဲ့" "ဟုတ်ကဲ့"

ပြိုင်ပွဲဝင်တွေထဲတွင် မျိုးသူကို လှမ်းတွေ့လိုက်သော်လည်း ကျော်ဇေယျ မသိချင်ယောင်ဆောင်ကာ ခရီး အကွာအဝေးကို စိတ်တွက်တွက်နေမိသည်။ တစ်ခေါက်ကို နှစ်မိုင်လောက်ရှိမည်။ လေးခေါက်ဆိုတော့ ရှစ်မိုင်။ ပျမ်းမျှ တစ်မိုင်ကို ငါးမိနစ်ဆိုလျှင် ရှစ်မိုင်ခရီးက မိနစ်လေးဆယ်သာ။ ဆယ်မိုင်အကွာအဝေးထိ ပြေးထားဖူးပြီမို့ ကျော်ဇေယျ အတွက် ရင်ခုန်စရာမရှိ။ အမောမဖောက်ဖို့သာ လိုသည်။

တာစလွှတ်ပြီ။ တော်တော်များများက ဝရုန်းသုန်းကားနှင့် သူ့ထက်ငါ အပြေးအလွှား။ လှည့်ကြည့်တော့ ကျော်ဇေယျနောက်မှာ လူကမရှိသလောက်။ စိတ်ထဲမှကျိတ်ပြောလိုက်သည်။ 'တာဝေးဆိုတာ အဲဒီလို ပြေးရတာ မဟုတ်ဘူးကွ'

မနှေးမမြန်ပြေးထွက်လာခဲ့သည်။ ခြေလှမ်းအကျနှင့်အတူ အသက်ကိုပုံမှန်ရှူ။ နှာခေါင်းဖြင့်ရှူပြီး ပါးစပ်မှထုတ်။ အချိန်ကြာတော့ မောချင်လာသည်။ အသက်ကိုပုံမှန်ရှူ

နေသောကြောင့် သိပ်မသိသာ။ လမ်းဆုံရောက်တော့ ကျော်ဇေယျ အမောစေ့ချင်သလိုလို။ ပထမတစ်ခေါက် ပန်းခြံသို့ပြန်ရောက်လာတော့ ကျော်ဇေယျအတွက် ပုံမှန်ဖြစ် နေပြီ။ လမ်းတစ်လျှောက် ဟောဟဲလိုက်နေသူများက မနည်းမနော။

ဒုတိယအကျော့။ ကျော်ဇေယျ အရှိန်နည်းနည်းတင်ကြည့်သည်။ သိပ်မမော။ အသက်ရှူသံက ပုံမှန်။ ခွေးမှ တစ်ယောက်နားသို့ မသိမသာပြေးကပ်သွားသည်။ ခဏနေတော့ ကျော်တက်လိုက်သည်။ ပြေးခုန်ပစ် ဝေါဟာရအရ ကောက်စားသည်ပေါ့။ မျိုးသူကိုလည်း နောက်မှာ ချန်ထားခဲ့ပြီ။

တတိယတစ်ခေါက်။ အနည်းငယ်ထပ်တင်သည်။ အေးဆေး။ တစ်ယောက်ပြီးတစ်ယောက် ပစ်မှတ်ထားကာ လိုက်ကျော်နေရုံသာ။ အရသာရှိလိုက်တာ။ မောခြင်း၊ ညောင်းခြင်း သိပ်မရှိ။ ပြန်ဝင်လာတော့ မျိုးသူဘေးထွက်ထိုင် နေပြီ။ ကျော်ဇေယျ မျက်စေ့မှိတ်ပြလိုက်သည်။

မေမေနှင့်မမ လာအားပေးသည်။ "နောက်ဆုံးတစ်ခေါက်ပဲ - သားငယ်။ ခွေးမှာ ငါးယောက်ပဲ ကျန်တော့တယ်။ သူတို့လည်း တော်တော်မောနေကြပြီ" မေမေက လှမ်းသတိပေးသည်။

နောက်ဆုံးပိတ် အိတ်နှင့်လွယ်မည်။ မြန်နှုန်းကို ထပ်မြှင့်လိုက်သည်။ တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်။ လေးယောက်မြောက်ကို ကျော်ဖြတ်ပြီးချိန်တွင် ကျောင်းလမ်းထိပ်သို့ ကျော်ဇေယျပြန်ရောက်နေပြီ။ လှည့်ကြည့်လိုက် တော့ နောက်မှလူက ဓာတ်မီးတိုင်သုံးတိုင်စာလောက်မှာ ပြတ်ကျန်ခဲ့၏။ ခွေလူကလည်း သုံးတိုင်စာလောက် ဝေးသေး သည်။ ကျော်ဇေယျ ရှိသမျှအားကို အစွမ်းကုန်ညှစ်ထုတ်လိုက်၏။ အဆုံးသတ်ကို အကောင်းဆုံး ဖြစ်စေရန်အတွက်။

ခွေလူက ဓာတ်တိုင်တစ်တိုင်စာလောက်စောကာ ပန်းဝင်တော့မည်။ နည်းနည်းတော့ စိတ်ဓာတ်ကျချင်သည်။ ဒါပေမယ့် ဒုတိယဆိုလည်း ကျေနပ်ရမည်ပေါ့။ အားကစားမှာ ယှဉ်ပြိုင်ခြင်းသာ အဓိကမဟုတ်လား။ ကျော်ဇေယျ လက်နှစ်ဖက်ကို ဒူးယမ်းကာ အပြီးမပျက်ပန်းဝင်လိုက်သည်။ ခွေလူ ပြန်လှည့်လာပြီ။ ဘာလဲဟ။ လေးခေါက် မပြည့် သေးဘူးလား။ မဟုတ်ပါ။ ကျော်ဇေယျခွေကလူမှာ ငါးခေါက်ပြေးရမည့် အကြီးတန်းမှဖြစ်၏။ အားလုံးလက်ခုပ်ဝိုင်းတီး ကြသည်။ အငယ်တန်းတွင်တော့ ပထမရသူက ကျော်ဇေယျ။

မေမေ အရမ်းကျေနပ်နေပုံရသည်။ ကျော်ဇေယျလည်း အတိုင်းမသိ ပျော်ရွှင်နေသည်။ အားရပါးရပြုံးပြရင်း မေမေ့ကို မေးခွန်းထုတ်လိုက်၏။ “ဒီတစ်ခါ ဘာများမေးချင်သေးလဲ - မေမေ”

မျိုးသူက ကျော်ဇေယျပုခုံးကိုလာဖက်ရင်း ပြောသည်။ “မင်းအရမ်းတော်တယ်ကွာ။ ငါတော့ နှစ်ခေါက် ရောက်အောင် မနည်းပြေးခဲ့ရတယ်”

ကျော်ဇေယျလည်း ပြန်ဖက်ရင်း မျိုးသူ၏ကျောကို နှစ်ချက်ပုတ်လိုက်သည်။ ဘာဆိုလိုသည်ကို ဒီကောင် သဘောပေါက်ပါလိမ့်မည်။

× × × × × ×

ဆရာညီ ပန်းဝင်လာသည်။ နေ့တိုင်းလမ်းလျှောက်နေကျမို့ အဆုံးထိမရောက်မှာ မပူရ။ သားငယ် ပထမရ ကြောင်း သိရ၏။ ထူးထူးခြားခြား ရင်မခုန်မိ။ ဤသို့ဖြစ်ရန် မိမိကိုယ်တိုင်စီစဉ်ပေးခဲ့ခြင်းပင် ဖြစ်သည်။ သုံးလလောက် စနစ်တကျလေ့ကျင့်စေခဲ့သည် မဟုတ်လား။ မည်သည့်လုပ်ငန်းမဆို အချိန်ပေးပြီးကြိုတင်ပြင်ဆင်လျှင် အောင်မြင်မှု ရမည်မှာမလွဲပါ။ ဆရာညီက ထိုအသိတရားများကို သားဖြစ်သူအား ဘဝတစ်လျှောက်လုံး ယူသွားစေချင်သည်။

အားကစားစိတ်ဓာတ်က ဘဝရပ်တည်မှုကို အထောက်အကူပြု၏။ ရှုံးနိမ့်၍ လဲကျနေဖို့မလို။ အနိုင်ရခြင်း ကြောင့် မာန်တက်ရန်လည်းမရှိ။ တစ်နေ့နေ့တစ်ချိန်ချိန် သခ်ၤါရသဘောအရ ကိုယ်လည်း ပြန်အရှုံးပေးရမည်သာ။ ယှဉ်ပြိုင်ရဲသည့် ပြိုင်ပွဲဝင်စိတ်ကသာ အဓိကဖြစ်သည်။ လဲလျှင်ပြန်ထ လူဘဝဟူသည့် စကားအတိုင်း အရာရာတွင် မဝံ့မရဲဖြစ်နေခဲ့ရှာသော ဝေဒနာရှင်သားငယ်အား အောင်စိတ် သွင်းပေးနိုင်ခဲ့သည့်အတွက် မိမိကိုယ်မိမိ ကျေနပ်နေမိသည်။ အသိအမှတ်ပြုသည့် အနေဖြင့် သားကိုလက်ဆွဲနှုတ်ဆက်လိုက်သည်။

ရိုးသားစွာယှဉ်ပြိုင်ရင်း ရရှိလာသော အားကစားအောင်မြင်မှုက ဂုဏ်သိက္ခာ အပြည့်။ လူငယ်များအားလုံးကို လည်း ဂုဏ်သိက္ခာရှိစွာဖြင့် ဘဝတစ်လျှောက်လုံး ရပ်တည်သွားစေချင်သည်။ အနာဂတ်ကိုသူတို့လက်ထဲသို့ ထည့်ပေး ခဲ့ရမည် မဟုတ်လား။ တစ်ချိန်ချိန်မှာတော့ ယုံကြည်ချက်၊ ခံယူချက်တွေ မှန်ကန်လာပေလိမ့်မည်။ ရပ်ကွက်မှမြို့နယ်၊ မြို့နယ်မှတစ်ဆင့် နိုင်ငံတော်၊ ထိုမှတဖန် ကမ္ဘာသို့တိုင်အောင်။

မကြာမီ ဆုပေးပွဲကျင်းပတော့မည်။ တစ်မိသားစုလုံး အပြုံးကိုယ်စီဖြင့်။ ရပ်ကွက်ရုံး အသံချဲ့စက်မှ သီချင်းသံ က ပျံ့လွင့်နေဆဲ။ ‘အားကစား . . သိပ္ပံနည်းကျကျ

တီထွင်ကာထား . . အားကစား . . ကုန်ထုတ်စွမ်းအားစုရဲ့ အခြေခံအင်အား . . အားကစား . . တိုင်းပြည်နဲ့လူမျိုးအပေါ် သစ္စာရှေထား'

ဆုပေးပွဲအခမ်းအနားရှိရာဘက်သို့ ဆရာညီတို့သားအဖ လှမ်းလာခဲ့တော့သည်။

× ---------- × ---------- × ---------- × ---------- ×

မှတ်ချက်။ ဤဝတ္ထုဖြင့် ဖခင်အား ကျေးဇူးဆပ်ပါသည်။

မင်းထင်ကျော်

ဤဝတ္ထုတိုသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလ လှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲတွင် နှစ်သိမ့်ဆု - ၂ ရရှိသော မင်းထင်ကျော်၏ ဝတ္ထုတိုဖြစ်ပါသည်။

‘‘နိုင်ငံဂုဏ်ဆောင် အားကစားရှေ့သူရဲကောင်း’’

အောင်ခန့်ဖြိုးဝေ (တောင်ငူ)

ဒီဇင်ဘာလသည် အေးမြသည်။ နှင်းငွေ့နှင်းမှုန်တို့ဖြင့် လွှမ်းခြုံထားသည်။ ဒီဇင်ဘာလ၏ အအေးဒဏ်ကို အိပ်ယာထဲ ကွေးနေရုံမျှဖြင့် မတွန်းလှန်နိုင်ပေ။ စောစောအိပ် စောစောထ၍ စောစောလမ်းလျှောက်ပြီး ကိုယ်လက်လှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ဖို့ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီမှ မြို့ပေါ်အနှံ့ ဒီဇင်ဘာလ၏ စနေ၊ တနင်္ဂနွေ နံနက်ခင်းများကို အားကစားလှုံ့ဆော်တေးများနှင့် လွှမ်းခြုံထားသည်။

စောစောအိပ်လို့၊ စောစောထလို့ ... စောစောလမ်းလျှောက်ကြပါစို့ ဆိုသော အသံချဲ့စက်ဖြင့် သီဆိုသံသည် အောင်ခန့် နားထဲသို့ရောက်သည်။ အောင်ခန့်သည် တောင်ငူအထက(၂)မှ ကျောင်းသား။ အားကစားလှုပ်ရှားမှုများတွင် ပါဝင် နေကျ။ အခုလဲ လမ်းလျှောက်ဖို့ စုစည်းရပ်သို့ခေါ်နေပြီ။ စုရပ်ရောက်သည်နှင့် ကျောင်းနေဖက် သူငယ်ချင်းများနှင့် တွေ့ရသည်။ လမ်းလျှောက်ရာတွင် ကိုယ့်တစ်ဦးတည်း မဟုတ်ဘဲ သူငယ်ချင်းများ၊ ကျောင်းနေဖက်များ၊ အသင်းအဖွဲ့ဌာနများမှ စုံညီစွာတွေ့ရပြီး စုပေါင်းလျှောက်ကြတာမို့ ပျော်ရွှင်ဖွယ်ကောင်း၍ စိတ်ရောကိုယ်ပါ ရွှင်လန်းတက်ကြွပြီး ကျန်းမာပျော်ရွှင်မှုကို ရရှိနိုင်တာကို အောင်ခန့် လက်တွေ့သိရသည်။ မနက်ဝေလီဝေလင်း မြက်ခင်းပေါ် ဖိတ်လက်ဝင်းနေတဲ့ နှင်းစက်ကလေးတွေက စိန်မှုန်လေးတွေ စီထားသလို ... အေးမြခြင်းတွေကလည်း နှင်းရဲ့ပုံရိပ်တွေအလား ... ဟိတ်ဟန်မဆောင်ဘဲ ရိုးသားစွာကြွေ ... ကြွေဆင်း နေတာကလည်း နှင်းရဲ့ခြေရာလို့ပဲ လမ်းလျှောက်ရင်း အောင်ခန့် တွေးနေမိသည်။

‘‘ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ဖို့ အခြေခံအကျဆုံးတာ ပြည်သူလူထုတွေပါဝင်တဲ့ လူထုအားကစားလှုပ်ရှားမှုပါပဲ’’ ဟု အတန်းပိုင်ဆရာရဲ့ပြောဆိုသံများ ကြားယောင်မိပြန်သည်။ **‘‘အားကစားတာ ကျန်းမာရေးကိုတိုက်ရိုက်အထောက်အကူပြုတာပဲ၊ လူထုအားကစားလှုပ်ရှားမှုတွေတာ မျိုးဆက်သစ်အားကစားသမားကောင်းတွေ ပေါ်ထွက်လာဖို့ အခြေခံ အုတ်မြစ်ပါပဲ’’** ဟုကျောင်းမှ ကာယဆရာရဲ့ စကားသံကလည်း အောင်ခန့်နားထဲက မထွက်ပါချေ။

အောင်ခန့်သည် အားကစားကိုစိတ်ဝင်စားသော ကျောင်းသားလူငယ်၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း သားဘဝတစ်လျှောက်လုံး ပြေးခုန်ပစ်ပြိုင်ပွဲများတွင် အောင်ခန့် ပါဝင်ယှဉ်ပြိုင်ကစားမြဲ။ ကျောင်းပေါင်းစုံပြိုင်ပွဲ၊ လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများတွင် အောင်ခန့်ပါဝင်နေကျ။ လမ်းလျှောက်၊ အပြေး၊ ဘောလုံး၊ ပြေးခုန်ပစ်၊ အားကစားနည်းအလိုက်ပြိုင်ပွဲများတွင် အောင်ခန့်ဆုတွေ နှစ်စဉ်လိုရခဲ့သည်။ ဒီလိုနဲ့ အောင်ခန့်တစ်ယောက် အားကစားလိုက်စားရင်း လမ်းလျှောက်ရင်း ပြေးရင်း ဘောလုံးကန်ရင်းဖြင့် အောင်ခန့် ကျန်းမားရေးအထူးကောင်းမွန်သည့် လူငယ်တစ်ယောက် ဖြစ်လာသည်။ အိပ်ပျော်စားဝင်၊ ခန္ဓာကိုယ်သွက်လက်၊ အဖောပန်းခံ၊ အသားအရေစိုပြည်ခြင်းတွေနဲ့အတူ အောင်ခန့်

တစ်ယောက် ကိုယ့်ကိုကိုယ်အားကိုးစိတ်၊ ယုံကြည်စိတ်များ ဖြစ်ထွန်းလာသည်။ စုပေါင်းလမ်းလျှောက်၊ အပြေးပြိုင်၊ ဘောလုံးကစားတဲ့ကျေးဇူးတွေကြောင့်ဘဲ အောင်ခန့် ဟာစိတ်ရှင်လန်းတက်ကြွပြီး၊ နှစ်လိုဖွယ်ရာ ခင်မင်မှုဖြင့် ပတ်ဝန်းကျင်မှာ တည်ဆောက်နိုင်ခဲ့ပြီး ပေါင်းသင်းဆက်ဆံရေးကောင်း မွန်ပြီးဖဲ့၊ လုံ့လ၊ သည်းခံစိတ်နဲ့ စုပေါင်းဆောင်ရွက်တတ်တဲ့ အရည်အချင်းကောင်းတွေနဲ့ ပြည့်စုံတဲ့ လူငယ်တစ်ယောက်အဖြစ် ဖြစ်တည် လာခဲ့သည်။

× × × ×

ရှေ့တွင် အလယ်တန်းမှ လူနှစ်ယောက်၊ နောက်တန်းမှ လူတစ်ယောက်၊ စုစုပေါင်း သုံးယောက်ပိတ်ဆို့ထားလိုက်သဖြင့် ခင်လှိုင်သည် သူ့ခြေထဲမှ ဘောလုံးကို ညာအစွန်လူ အောင်ခန့်ထံ လှမ်းပေးလိုက်သည်။ ရောက်လာမည်ဟု တထစ်ချယူဆ ထားသည့်အတိုင်း လိမ့်ပြေးလာသော ဘောလုံးကို ဖမ်းလိုက်ပြီး ဂိုးပေါက်ဆီသို့ မနားတမ်းပြေးသွားသည်။

‘‘ အောင်ခန့်ကွ...အောင်ခန့် ...အောင်ခန့် ...’’

အားပေးသံသည် တခဲနက်ပေါ်ထွက်လာသည်။ ကျောင်းသားများက သေချာပေါက်တစ်ဂိုး ရတော့မည်ဟု တွက်ထား သည်။ အောင်ခန့်သည် အကောင်းဆုံး ရှေ့တန်းတိုက်စစ်မှူး။ ပြီးတော့ အခြေအနေကလည်း .. တအားကောင်းနေလေသည်။ အောင်ခန့်ရှေ့တွင် နောက်တန်းလူ တစ်ယောက်ထဲ။ တစ်ယောက်ချင်းဆိုလျှင် အောင်ခန့်သည် တောင်ူခရိုင်ရှိ လူငယ် အားကစား သမားတိုင်းကို မမှူ...။

‘‘ကိုအောင်ခန့် ...နိုင်အောင်ကန်နော် ... ကိုအောင်ခန့်က မာရသွန်လမ်းလျှောက်သမား ...နှစ်စဉ် လွတ်လပ်ရေး ပွဲတိုင်း မာရသွန်လမ်းလျှောက်ပွဲမှာ ပထမရနေတဲ့သူ ...ပြီးတော့တောင်ူခရိုင်အတွင်း အတော်ဆုံးအပြေးချန်ပီယံ ... တစ်ခရိုင်လုံး အောင်ခန့်ကို မမှိဘူး ...လမ်းလျှောက်နှင့် အပြေးအားကစားကြောင့် ကိုအောင်ခန့် အမောခံနိုင်ပြီးသားဘဲ..။ နိုင်အောင်မကန်ရင်တော ထားထား စိတ်ဆိုး မှာဘဲ...။

ဘောလုံးပွဲမစမီ ကွင်းထဲဆင်းရန်ပြင်ဆင်နေသော အောင်ခန့်ကို ထားထားက နှစ်ကိုယ်ကြားလေသံဖြင့် ခပ်တိုးတိုး မှာကြား သည်။ အောင်ခန့်က ထားထားကို ပြုံး၍ကြည့်ရင်း ခေါင်းကို ညိတ်ပြလိုက်သည်။

တောင်ူ အထက(၂)နှင့် ဖြူး အထက (၁)တို့သည် နှစ်စဉ် တွေ့နေကျဖြစ်သည်။ မနှစ်ကလည်း တွေ့သည်။ ယခုလည်း တွေ့ပြန်ပြီ။ ဤပွဲသည် ခရိုင်ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲစဉ်ဖြစ်သည်။ တောင်ူ အထက (၂)အသင်းသည် နည်းပြကောင်းများနှင့် အထူးလေ့ကျင့်ထား၍ စိတ်ဓါတ်ကော ဘောလုံးကန်အား တောင့်တင်းနေသည်။ ခင်လှိုင် နှင့် အောင်ခန့်တို့ အတွဲသည် ခြေပေါ်လွန်းလှသည်။ ခံစစ်ရော၊ တိုက်စစ်ရောပါ ထူးချွန်စွာ ကစားကြသူများဖြစ်ကြသည်။ ခင်လှိုင်သည်

အောင်ခန့်လိုပင် အပြေးသမားကောင်းတစ်ဦးဖြစ်၍ သက်လုံကောင်းသည်။ ခင်လှိုင်နှင့် တွဲကစားရပါက မည်သည့် အသင်းကိုမျှ မမှု... ။ယခုပွဲတွင် ခင်လှိုင်လည်း ကစားသည်။ ထို့ကြောင့်လည်း ထားထား၏ **''နိုင်အောင်ကန်နော်''** စကားကို ခေါင်းညိတ်လျက် ကတိပေး ခဲ့ခြင်းဖြစ်သည်။

တောင်ဥမြို့ပေါ်ရှိ ကျောင်းသားပရိတ်သတ်နှင့်မြို့ခံပရိသတ်တို့၏ သြဘာသံကား ကျယ်လောင်နေဆဲ။အားပေးမှု အပြည့်ဖြစ်သည်။ တစ်ဖက်အသင်းမှ နောက်တန်းလူသည် အောင်ခန့်ကို ခြေကားယားလက်ကားယားနှင့် ရှေ့တည့်တည့်မှ ပိတ်ဆို့လိုက်သည်။ အောင်ခန့်သည် ဘယ်ခြေမှ ပန်းတက်ရန် ဟန်ဂရေးပြပြီး ဘောလုံးကို သူ့ခြေထောက်နှစ်ချောင်းကြားထဲသို့ တွန်းပို့လိုက် သည်။ တဆက်တည်းမှာပင် ... အောင်ခန့်သည် ညာဘက်မှ ပန်းတက်ကာ ခြေထောက်ကြားထဲမှ ဘောလုံးကို ဘယ်ခြေဖြင့် ယက်ယူလိုက်ပြီး သုံးလေးလှမ်းမျှ ယူပြေးလာပြီးသောအခါ ဂိုးသမားနှင့် ရင်ဆိုင်ရတော့သည်...။

အောင်ခန့်သည် မဆိုင်းချေ။ ဟာကွက်ဖြစ်နေသော ဂိုးပေါက်၏ ညာဘေးဆီသို့ ဘယ်ခြေဖြင့် တအားကျူးကန်ထည့် လိုက်သည်။

''ဂိုး.....ဂိုး.....

ဟဲ့.....ဟဲ့.....ကိုအောင်ခန့် ဘာဖြစ်တာလဲ...။

သူနာပြု နှင်းသီရိသည် အောင်ခန့်၏ ကုတင်ဆီသို့ အမောတကော ပြေးလာပြီး ကုတင်အောက်မှောက်ရက် ဖြစ်နေသော အောင်ခန့်ကို ဖေးမကူလျက် ပြန်တင်ပေးလိုက်သည်။

''ဘာဖြစ်တာလဲ ...ကိုအောင်ခန့်''... ''ဘာမှ မဖြစ်ပါဘူး ဟိုတုန်းက ဘောလုံးကန်ခဲ့တာကို စဉ်းစားရင်းမှေးကနဲ အိပ်ပျော်သွားရာက ကုတင်ပေါ်က လိမ့်ကျတာပါ'' ''ဖြစ်ရလေ... ဘယ်များ နာသွားသေးလဲ'' ... ''မနာပါဘူး။''

နှင်းသီရိပြန်အထွက်သွားမှာတော့... အောင်ခန့်တစ်ယောက် ဆေးရုံကုတင်ပေါ်မှာ ပက်လက်လှဲနေရင်း ဖြူဖွေးနေ သော မျက်နှာကျက်ဆီသို့ ငေးကြည့်ရာ မျက်နှာကျက်တွင် အရိပ်သဏ္ဌာန်တစ်ခု ဝိုးတိုးဝါးတား ပေါ်ထွန်းလာသည်။

''ကိုအောင်ခန့် နိုင်အောင်ကန်နော် မနိုင်ရင် စိတ်ဆိုးမှာဘဲ...။''

ထားထား စိတ်ဆိုးမှာဘဲ...ဟူသော စကားသည် လွန်ခဲ့သော (၈)နှစ်ခန့်က ကြားခဲ့ရသော စကားဖြစ်သည်။ သို့သော် ဒီစကားသည် တိမ်မြုပ်ပျောက်ကွယ်မသွားသေး၊ တောင်ဥမှသည် ရန်ကုန်တပ်မတော်စစ်ဆေးရုံ ဆီသို့ လွှင့်ပျံ့ရောက်လာကာ အောင်ခန့်၏ နှလုံးသားတွင် တမျှဉ်းမျှဉ်းတလှပ်လှပ် ခံစားနေရဆဲ ဖြစ်သည်။

''ဟေ့ ...ကိုအောင်ခန့် အရှိန်မသေသေးဘူးလားကွ...။''

ခြေရင်းကုတင်မှ ခြေထောက်ဖြတ်ထားရသော တပ်သားမောင်ခင်က ချိုင်းထောက်ကို ပတ်တီးစဖြင့် သုတ်နေရင်းက လှမ်းစလိုက်သည်။ ဒီတော့မှပင် အောင်ခန့်က ထထိုင်ပြီးသူ၏ ချိုင်းထောက်နှစ်ချောင်းကို ပတ်တီးစဖြင့် သုတ်လိုက်သည်။ မျက်နှာကတော့ဖြင့် မရယ်မပြုံး။ အတည်မျက်နှာထားနှင့် ဖြစ်သည်။

အသားလဲကျ၊ အထာလဲသိ၊ အနာလဲကျက်တဲ့အခါမှ ခွဲစိတ်ကုသမှုဆိုင်ရာ ဆရာဝန်ကြီး၏ သဘောတူခွင့်ပြုချက် ရယူရဦးမည် ဖြစ်သည်။ ဆရာဝန်ကြီးက သဘောတူခွင့်ပြုမှသာ ခြေတုတပ်ဆင်ခွင့်ရမည် ဖြစ်သည်။ ခြေတုတပ်ဆင်ခွင့် ရပြီးနောက်ပိုင်း အသက်မွေးဝမ်းကျောင်း အတတ်ပညာတစ်ခုခုကို တပ်မတော်ထဲမှာပင် ဆက်လက်သင်ယူရဦးမှာ ဖြစ်သည်။ ဒါကြောင့် အသားကျပြီး အထာသိအောင် လေ့ကျင့်ရေးသည် အောင်ခန့်၏ လက်တလော အရေးအကြီးဆုံး ရည်မှန်းချက် တစ်ရပ်ဖြစ်သည်။

× × × × ×

ရုတ်တရက်ကြည့်လိုက်လျှင် သူ့ကိုခြေထောက်နှစ်ဖက်ပြတ်နေသော လူတစ် ယောက် ဖြစ်ကြောင်း မသိသာနိုင်ပေ။ ရှူးဘိနပ်နှင့်၊ ပြီးတော့ချိုင်းထောက်မှာ နှစ်ချောင်းမဟုတ်။ တစ်ချောင်းတည်းသာ။ လမ်းတွင် တပ်သား မောင်ခင်နှင့် တွေ့ရာ မောင်ခင်က အောင်ခန့်လမ်းလျှောက်ပုံကို ကြည့်သည်။

''ခြေတုက အစစ်လိုဘဲ...မင်းဒီလိုလမ်းလျှောက်နိုင်တာ တွေ့ရတော့ ငါအရမ်းဝမ်းသာ တယ်ကွာ...'' ။ မောင်ခင်က ''တပ်ကထွက်တော့မလို့လား...''ဟုမေးရာ အောင်ခန့်က တပ်က မထွက်သေးကြောင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းတက်ပြီးမှ ထွက်ဖို့ စဉ်းစားထားကြောင်း ပြန်ဖြေခဲ့သည်။

အောင်ခန့်က လမ်းအတိုင်းခြေလမ်းမှန်မှန်ဖြင့် ဆက်လျှောက်လာသည်။ သူ့စိတ်များသည် ရှင်လန်းတက်ကြွနေသည် ဖြစ်၍ခြေတုကို မေ့လျော့နေသည်။ ဘာမှ မဖြစ်သလိုပင်။ အကောင်းပကတိမူလအတိုင်းလို ခံစားနေမိသည်။ အောင်ခန့် ငယ်စဉ်က အားကစားလိုက်စားမှု၏ အကျိုးတရားများ ခံစားနေရသည်ဟု ထင်မိသည်။

အောင်ခန့် လမ်းလျှောက်ရင်း တွေးနေသည်။ ခြေတုတပ်ရပြီး ဆေးရုံတွင် ဆက်နေစရာအကြောင်းမရှိ။ ကျန်ဘဝသက်တမ်းကို ဆက်လက်ရုန်းကန်ရဦးမည် ဖြစ်သည်။ အရပ်သားဘဝကို မရုန်းကန်မိ တစ်နှစ်ကျော်မျှနေလာခဲ့သော ဤဆေးရုံနှင့် ရဲဘော်ရဲဘက်လူမမာများကို အမှတ်တရအဖြစ် နှုတ်ဆက်ခဲ့ချင်သည်။ သူနာပြု နှင်းသိရိ၏ ကျက်သရေရှိသော ရုပ်သွင်က အောင်ခန့်မျက်ဝန်းထဲ မြင်ယောင်လာမိသည်။ အောင်ခန့်၏ ရှေ့အနာဂါတ်ဘဝ မည်သို့ဖြစ်အုန်းမည်နည်း။ မရေရာ လှပါပေ...။

× × × × ×

လူနာရဲဘော်များ တရေးတမော အိပ်စက်ချိန်ဖြစ်၍ စခန်းထဲဝင်လာသော အောင်ခန့်ကို မည်သူမျှ သတိမပြုမိပေ။ အောင်ခန့်သည် ကုတင်ပေါ်တွင် တုံးလုံးလှဲပစ်လိုက်သည်။ ထိုနောက် မျက်လုံးကို မှိတ်ထားလိုက်သည်။

''သားရယ်...စစ်ထဲမဝင်ချင်ပါနဲ့လား...ဈေးရောင်းစားလဲ တဝမ်းတစ်ခါးတော့လုပါတယ်။ စစ်သားဆိုတာ သေဘေးနဲ့ နီးပါတယ်။''

တပ်မတော်ထဲဝင်မည်ဟု စတင်အသိပေးခဲ့စဉ်က အောင်ခန့်ကို အမေ ဖြစ်သူကတားခဲ့သည်။ အမေ့စကားသံများ ယခုပြန်လည် ကြားယောင်မိသည်။ စိုးရိမ်စိတ်များသည် ထိုစဉ်ကအမေ့မျက်နှာပေါ် ဖုံးလွှမ်းနေသည်။

''စစ်သားဆိုတာ သေဘေးနဲ့နီးတယ်ဆိုတာ ကျွန်တော်သိပါတယ်၊ ဒါပေမယ့် ကျနော်တို့ လူငယ်တွေကမှ တပ်မတော်ထဲ ဝင်ပြီး တာဝန်မထမ်းဆောင်ရင် သောင်းကျန်းသူတွေ ရှည်ကြာနေမှာပေါ့...လူထုအေးအေးချမ်းချမ်းနေနိုင်ဖို့ သောင်းကျန်း သူတွေကို နှိမ်နင်းရမယ်အမေရဲ့ . . .။ အမေတို့ချစ်ကြတဲ့ ဗိုလ်ချုပ်အောင်ဆန်းလည်း စစ်သားပဲမဟုတ်လား . . . တကယ်တော့ တိုင်းပြည်နဲ့လူမျိုးကိုချစ်ကြတဲ့ လူငယ်တိုင်းဟာ တပ်မတော်ထဲဝင်ကြတာပါဘဲ . . .။''

အောင်ခန့် အမေ့ကို ပြန်လည်ဖောဒကတက်ခဲ့ပါသည်။ ၁၈ နှစ်ကျော် တယုတယကျွေးမွေးလာခဲ့သည့်အမေဖြစ်သူကို ကျောခိုင်းပြီး တပ်မတော်ထဲဝင်လာခဲ့စဉ်ကပါရှိလာသော ခြေထောက်နှစ်ချောင်းသည် ယခုတော့မရှိတော့ပြီ။ နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများအတွက် စွန့်ခဲ့ရပေပြီ . . .။

ကေအိုင်အေသောင်းကျန်းသူ . . .။ အောင်ခန့်သည် ကေအိုင်အေသောင်းကျန်းသူများကို မကျေမနပ်ဖြစ်မိသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မျက်ကွယ်ပြုနေသော ကေအိုင်အေသောင်းကျန်းသူများနှင့် တောတွင်းတစ်နေရာတွင် ရင်ဆိုင်ခဲ့ရပြီး ပြင်းထန်စွာတိုက်ပွဲဖြစ်ပြီးနောက် သောင်းကျန်သူများထောင်ထားသော မိုင်းထိကာခြေနှစ်ချောင်း ဖြတ်ခဲ့ရပေသည်။

တိုင်းပြည်နှင့်လူမျိုးကို တကယ်တမ်းကာကွယ်စောင့်ရှောက်ပြီဆိုသောအခါ အသက်၊ သွေး၊ ချွေးတို့နှင့် ကိုယ်အင်္ဂါအစိတ် အပိုင်းတစ်ခုခု စွန့်လွှတ်ရစမြဲပင်။ သို့ဖြင့် ထောင်သောင်းမကသော တပ်မတော်သားများသည် တိုင်းပြည်နှင့် လူမျိုးကို ကာကွယ်ရင်း သွေးကိုလည်း စွန့်လွှတ်ခဲ့ကြပြီ။ အသက်ကိုလည်း စွန့်လွှတ်ပြီးကြလေပြီ။ အောင်ခန့်တစ်ယောက်ကတော့ ချွေးသွေးနှင့်အတူ ခြေထောက်နှစ်ချောင်းကို စွန့်လွှတ်ခဲ့ပြီးလေပြီ...။ထိုသို့သော စွန့်စားမှုများကြောင့်လည်း တိုင်းပြည်နှင့် လူမျိုးသည် တည်တံ့ခိုင် မြဲနေသည် မဟုတ်ပါလား....။

အောင်ခန့်အား ဦးဇော်ငြိမ်းမှသည် ခြေထောက်အဆုံး သေသေချာချာ စစ်ဆေးကြည့်နေသူကတော့ အရိုး၊ အကြောဆိုင်ရာ ဆရာဝန်ကြီး ဖြစ်သည်။ အောင်ခန့်အား...

''ချိုင်းထောက်မပါဘဲ လမ်းကောင်းကောင်း လျှောက်နိုင်ပြီလား...''

''ဟုတ်ကဲ့...ကောင်းကောင်းလျှောက်နိုင်ပါပြီ။''

''ပြေးကော...ပြေးနိုင်လား။''

''ဗျာ''... အောင်ခန့်က ဆရာဝန်ကြီး၏ မေးခွန်းကို နားမလည်သဖြင့် ''ဗျာ''ဟု ဆိုကာ ပြန်မေးလိုက်သည်။

''မင်းပြေးနိုင်သလား'' ''ကျွန်တော်ပြေး မကြည့်သေးပါဘူး...''

''ဒါဆိုရင် မင်း ဟိုဘက်လှည့် ပြေးစမ်း''

ဘယ်လိုပြေးရမလဲလို့ စဉ်းစားချိန်မရ။ ဆရာဝန်ကြီးက အောင်ခန့်၏ ကျောကိုညင်သာစွာတွန်းလိုက်သည်။ ရှေ့သို့လဲတော့ မည်ဖြစ်၍ ညာခြေတုကို ရှေ့သို့လှမ်းလိုက်ရသည်။ ပြီးတော့ ဘယ်ခြေတုကိုထပ်ဆင့်လှမ်းလိုက်သည်။ မတက်နိုင်သေး။ ထပ်၍ ညာခြေလှမ်း . . . နောက်တစ်လှမ်း . . . နောက်တစ်လှမ်း ဆရာဝန်ကြီးက လက်မောင်းကိုကိုင်၍ ထိန်းထားလိုက်မှ ဒယီးဒယိုင်ဖြစ်နေသော အောင်ခန့်သည် ဟင်းကနဲသက်ပြင်းချနိုင်သည်။

''လေ့ကျင့်လိုက်ရင်... မင်းပြေးနိုင်မှာပါ။''

''ဟုတ်ကဲ့''

နောက်နေ့ကစပြီး ရန်ကုန်မှာရှိတဲ့ အမှတ် (၂) ဆေးရုံကို မင်းကိုပြောင်းရွှေ့ပေးမယ်။ အဲဒီဆေးရုံကနေ သုဝဏ္ဏကွင်း ကိုသွားပြီး နေ့စဉ် အပြေးလေ့ကျင့်ရမယ်။ မင်းလေ့ကျင့်နိုင်မလား..။

''လေ့ကျင့်နိုင်ပါတယ်...ကောင်းပြီ... အစွမ်းကုန်လေ့ကျင့်ပါ...''

''ခြောက်လနေရင် မင်းပြိုင်ပွဲဝင်ရမယ်...။'' '' နေပြည်တော်ကို သွားရမယ် ''

''ဗျာ''

''မင်း ပြိုင်ပွဲဝင်ရမယ်...။ ပြေးနိုင်..ခုန်နိုင်...ပစ် နိုင်အောင်သာ လေ့ကျင့်ပေတော့။''

ဆရာဝန်ကြီးအခန်းထဲက ထွက်လာပြီးသော်လည်း ဘာတွေဖြစ်နေမှန်း အောင်ခန့် မတွေးတတ်တော့ပါ။

သဘာဝခြေထောက်နှစ်ချောင်း မရှိ၍ ခြေတုတပ်ထားသူ ဒုက္ခိတကို ပြေးခိုင်းနေသည်။ ဘာကြောင့်ပြေးရမလဲ။ တပ်မတော်မဝင်ခင် အပြေးသမားဖြစ်ခဲ့သည်။ တပ်မတော်ထဲဝင်ပြီး စစ်ဆင်ရေး မသွားရခင်ကာလတွင် စစ်တိုင်းဌာနချုပ်အလိုက် ပြေးခုန်ပစ် ပြိုင်ပွဲများတွင် မိမိကိုယ်စားပြု ပါဝင်ကစားမြဲ။ ခုတော့ ဒုက္ခိတဘဝနှင့် ဘာကို ပြေးရမလဲ...။ ဘာကြောင့် နေပြည်တော် သွားရမလဲ။ ဒီအဖြေကို အောင်ခန့် မစဉ်းစားမရှာဖွေတတ်။

''ဆရာဝန်ကြီးက ဘာပြောလဲဟင်...ကိုအောင်ခန့်''

ဝေခွဲမရသော မျက်နှာနှင့် ပြန်လာသော အောင်ခန့်ကို နှင်းသီရိက လှမ်းမေးလိုက်သည်။ အဖြစ်အပျက်အား အောင်ခန့် ပြောပြလိုက်သည်။ နှင်းသီရိတွေဝေသွားသည်။ မတုန်မလှုပ်မျက်နှာနဲ့။

ခြေတုတပ်ရပြီး၍ အသက်မွေးဝမ်းကျောင်းပညာတစ်ခုခု သင်ကြားပြီးပါက၊ မိဘများရှိရာသို့ ပြန်ရုံပင်။ တပ်ရင်းသို့ပြန်ရန် ပင် မလိုတော့။ ဒါကြောင့် နေပြည်တော်ဆိုတာ အောင်ခန့် စိတ်ကူးထဲမရှိ။

အောင်ခန့်သည် ကုတင်ဆီသို့သွားကာ ထိုးစံအတိုင်းကုတင်ပေါ်သို့ ပက်လက်လှဲကာ မျက်လုံးမှိတ်ထားလိုက်သည်။

''ကိုအောင်ခန့်...ထပါအုန်း...ဒီနေ့ညနေပိုင်း ပြောင်းရမယ်...အခုဘဲ ဆရာဝန်ကြီးဆီက အကြောင်းကြားတယ်...ကိုအောင်ခန့် ပစ္စည်းတွေသိမ်းထားပါ...။ အောင်ခန့်က ကမန်းကတန်းထထိုင်လိုက်ပြီး နှင်းသီရိကို ရီဝေသော မျက်လုံးနှင့်ပင် မော့ကြည့်လိုက်သည်။

''ဘယ်ဘဝ၊ ဘယ်ရောက်ရောက် စိတ်မပျက်နဲ့... အားမငယ်နဲ့... ရဲဘော်အောင်ခန့်ဟာ... ငယ်ငယ် ကတည်းက... ကိုယ်လက်လှုပ်ရှား အားကစားသမားဘဲ... ယောကျ်ားလေးဖြစ်တယ်... စစ်သားလေးဖြစ်တယ်.... အားကစား သမားလေးဖြစ်တယ်... သတ္တိရှိတယ်... သတ္တိနဲ့ ဇွဲလုံ့လဝီရိယသာရှိရင် ခြေတုတပ်ထားရပေမယ့်... ဘာကိုမှ ကြောက်စရာမလိုဘူး... လက်နှစ် ဖက်စလုံးကလဲ အကောင်းပကတိဘဲ... အောင်မြင်မှုတွေရမှာ သေချာတယ်...အကူအညီလိုရင်လဲ ဆက်သွယ်ပါ... ဖုန်းနံပါတ်လဲပေးလိုက်မယ်... ဒို့ဆီကို ဖုန်း ဆက်သွယ်ပါနော်...။''

''ဆရာမရဲ့ အားပေးစကားကို ကျွန်တော်မှတ်သားသွားပါ့မယ်...ကျနော်အောင်မြင်အောင် ကြိုးစားမှာ...စိတ်ချ.'' ဟုသာ အောင်ခန့်ပြောခဲ့သည်။

မိတ်ဆွေဟောင်း နေရာဟောင်းကို အောင်ခန့်ခွဲရပေတော့မည်။ သံယောဇဉ်လား... ဘာလား... ရေရေရာရာတော့ အောင်ခန့်မသိ။

''(၆)လ လောက်ကြာရင်...မင်း ပြိုင်ပွဲဝင်ရမယ်...။ မင်းနေပြည်တော်ကို သွားရမယ်...''ဆိုသော ဆရာဝန်ကြီးရဲ့ စကားသံများ၊ ဆရာမနှင်းသီရိရဲ့ အားပေးစကားများသည် အောင်ခန့်၏ နားထဲ၌ကြားယောင်နေမိသည်။ အောင်ခန့် ဒီစကားတွေ ကို လေးလေးနက်နက် တွေးနေမိသည်။

နောက်ဆုံးတော့လဲ အောင်ခန့်သည် ကုတင်ပေါ်တွင် ပက်လက်လှဲချလိုက်ပြီး မျက်လုံးကို မှိတ်ထားလိုက်ရတော့သည်။ ဖြစ်သမျှအကြောင်း အကောင်းချည်းဘဲဟု နှလုံးသွင်းလိုက်သည်။

× × × × ×

မိုးတွင်းဖြစ်သော်လည်း မိုးပြတ်ပြီး ပူနေသည်။ နံနက် ၈ နာရီသာကျော်သေးသော်လည်း နေသည် တစ်စုံတစ်ရာ အတားအဆီးမရှိဘဲ သုဝဏ္ဏအားကစားကွင်း ပေါ်သို့ ဖြာကျလျက်ရှိသည်။ မိုးရာသီကြောင့် ဘောလုံးကွင်းထဲမှ မြက်ခင်းများ စိမ်းလန်းနေသည်။

သူနာပြုရဲဘော်ဟု ခေါ်လျှင်လည်း မမှား၊ နည်းပြဆရာဟု ခေါ်လျှင်လည်းမှန်သော တပ်ကြပ်ကြီးဝင်းမြင့်က ''ကဲ..စကြစို့''ဟု အသိပေးနှိုးဆော်လိုက်သည်နှင့် အောင်ခန့်သည် ပြေးလမ်းပေါ်သို့ တာစူလိုက်သည်။ မြန်မာ့လက်ရွေးစင် အားကစားသမားများသည် အောင်ခန့်ကို အနီးကပ်ကြည့်နေကြသည်။ ခြေနှစ်ချောင်းစလုံးမရှိသူက အပြေးလေ့ကျင့်နေခြင်းကို ထူးဆန်းနေကြသည်။ လေ့ကျင့်ရာ နေရာကလဲ မြန်မာပြည်၏ အကောင်းဆုံးစာရင်းဝင် သုဝဏ္ဏကွင်း။ ကိုယ်လက်အင်္ဂါစုံသည့်တိုင်အောင် အားကစားသမားတိုင်း လေ့ကျင့်ခွင့် မရနိုင်သည့် ကွင်းထဲမှာ လေ့ကျင့်နေသည့် ခြေထောက်နှစ်ချောင်း ပြတ်နေသည့်အောင်ခန့်... ဆီလျော်သည့် မြင်ကွင်းတစ်ခု မဟုတ်ငြားလည်း ဖြစ်ရပ်ကတော့အမှန်ပင်။ ဒါကြောင့်လည်း ဤမြင်ကွင်းမျိုးကို မြန်မာ့လက်ရွေးစင်အားကစားသမားများက အထူးစိတ်ဝင်စားစွာနှင့် ဝိုင်းကြည့်နေကြခြင်းဖြစ်သည်။

တပ်ကြပ်ကြီးဝင်းမြင့်၏ အမိန့်ပေးသံဆုံးသည်နှင့် အောင်ခန့်ခြေလှမ်းကို ချက်ခြင်းစလိုက်သည်။ အောင်ခန့်ပြေးနေရင်း (၁၀)တန်းတုန်းက သင်ခဲ့ရသည့် **''လူသားတို့မှာန်၊ လို့လဿန်၍၊ ဉာဏ်ရည်ကိုပြု၊ ဇွဲဖြင့်တုသော်၊ လူ့ရပ်ခွင်မှာ၊ မစွမ်းရာသည်၊ ဘယ်မှာရှိပါအုံ့နည်း''** ကဗျာတစ်ပိုင်းတစ်စကို ရေရွတ်နေပါသည်။ ပထမတစ်ပါတ် _ ဒုတိယတစ်ပါတ်...မိတာ(၈၀၀)အထိ လေ့ကျင့်ပြီးသောအခါ၊ အောင်ခန့်သည် အထူးတန်းရှေ့ ပြေးလမ်းဘေးရှိ ခုံတန်းလျားပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ နေပူချိန်ကြောင့် အသားများ စပ်ဖျင်းဖျင်းဖြစ်နေပြီး ချွေးသီးချွေးပေါက်များ ဆံပင်ကြားမှ ဂုတ်ပိုး၊ ထိုမှတစ်ဆင့် ကျောကုန်း၊ ရင်ဘတ်၊ ဗိုက်စသည့် နေရာများဆီသို့ စီးဆင်းနေကြသည်။ အားကစားအင်္ကျီမှာလည်း စိုရွှဲနေသည်။ မောပန်းမှုကို အသက်မှန်မှန်ရှူခြင်းဖြင့် ကုစားနေသည်။ တပ်ကြပ်ကြီးဝင်းမြင့်သည် အောင်ခန့်ကိုကြည့်ပြီး ကြင်နာစွာ ပြုံးလိုက်သည်။

''မိတာ ၈၀၀ နဲ့ တော်ပြီလား''ဟု မေးလိုက်ရာ အောင်ခန့်က ''မတော်သေးပါဘူး ဆရာရယ်...'' မိတာ ၁၂၀၀ ထိအောင်တော့ ပြေးလိုက်ပါ့မယ်။ ''သံလုံးပစ်၊ လှံတံပစ်လည်း လေ့ကျင့်ရဦးမယ်ဆရာ''

ဆရာဝန်ကြီးက တစ်နေ့လျှင် မိတာ ၁၂၀၀အထိ လေ့ကျင့်ရမည်ဟု မှာကြားထားသော်လည်း အောင်ခန့်က လေ့ကျင့်ရက်သက်တမ်း ၆ လကျော်အထိ မိတာ ၁၂၀၀ အောက်လျော့၍ မပြေးခဲ့ဘူးပေ။ နေမပြင်းသည့် ရက်များတွင် မိတာ ၁၆၀၀ အထိ လေ့ကျင့်ခဲ့သည်။

တပ်ကြပ်ကြီးဝင်းမြင့်က ''အောင်ခန့်ရာ... မင်းရဲ့ဇွဲကိုတော့ ငါချီးကျူးတယ်ကွာ...မင်းလိုဇွဲကောင်း၊ အမောလုံတဲ့ ရဲဘော်တွေ တပ်မတော်မှာ များများရှိလေကောင်းလေဘဲကွာ...မင်းညနေပိုင်း သံလုံးပစ်နဲ့ လှံတံပစ် လေ့ကျင့်ရမယ် မဟုတ်လား... ကြိုးစားထား အောင်ခန့်ရာ...။

''ဟုတ်ပါတယ် ဆရာ... ကျနော်လဲ ယူကျုံးမရဖြစ်နေတယ်... ကျနော့် သတ္တိ၊ ဇွဲ၊ လုံ့လတွေ အမောခံနိုင်မှုတွေကို တပ်မတော်မှာ အကြာကြီး ပေးလျှထားချင်တယ်... အခုတော့ ဆရာရယ်...။''

''အေး...ခြေနှစ်ချောင်း မရှိပေမဲ့ ရှိတဲ့လက်၊ မျက်လုံး၊ ဦးနှောက်နဲ့ မင်းရဲ့ ဇွဲ၊ သတ္တိ၊ အမောခံနိုင်မှုတွေကို ပေါင်းစပ်ပြီး တိုင်းပြည်ကို မြှင့်တင်ပေးနိုင်ပါသေးတယ်... မြှင့်တင်ခွင့်ကြုံလာရင်တော့... နောက်မဆုတ်ဘဲ ကြိုးစားပေါ့အောင်ခန့်ရာ..'' လေ့ကျင့်ရေး ဆောင်ပုဒ်တွေဖြစ်တဲ့ **''စည်းကမ်းရှိရှိ၊ နည်းစနစ်မှန်မှန်၊ ပြင်းပြင်းထန်ထန်၊ လေ့ကျင့်ခြင်းမှသည် အောင်ပွဲဆီသို့၊''** တဲ့။ **''ပြင်းပြင်းထန်ထန်၊ လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှ အောင်ပွဲဆင်..တဲ့''** ဒါတွေဟာ အားကစားအားလုံးအတွက် အောင်မြင်ရေးလမ်းညွှန်အဖြစ် ယုံကြည်သက်ဝင် ခံယူလေ့ကျင့်ဖို့ လိုတယ်ကွ...'' ''စိတ်ချပါဆရာ.. ကျွန်တော်တို့ တိုင်းပြည် ကမ္ဘာ့အလယ်မှာ ဝင့်ထည်ဖို့၊ ဂုဏ်ရောင်ပြောင်ဖို့ ဆိုရင်... ကျန်တဲ့လက်နှစ်ဖက် ဆုံးချင်ဆုံးပါစေ... မျက်လုံးကွယ်ချင်လဲ ကွယ်ပါစေ...။ သေရင်လဲ... ကျနော်စွန့်စားရဲပါတယ်... လေ့ကျင့်ပါ့မယ်''

''ဟုတ်ပြီ...အခွင့်သာလာရင်တော့...ကိုယ့်နေရာ..ကိုယ့်အခန်းက ကိုယ်သန်ရာ ကိုယ့်အစွမ်းနဲ့ ကြိုးစားပေါ့ကွာ။ ကဲ...ကဲ...နောက်ဆုံးတစ်ပါတ် စကြစို့''

ပူပြင်းသောနေရောင်သည် အတားအဆီးမရှိ၊ ဖြာကျနေဆဲပင်၊ ဧစာဧစာကထက် ပိုမိုအပူရှိန်ပြင်းလာသည်။ ကြာလျှင် ပို၍ ပူပြင်းလာမည်မှာ မလွဲ။ သို့ရာတွင် အောင်ခန့်သည် ထိုနေရာမှ သွက်လက်စွာ ထလိုက်သည်။

သတ္တိ၊ ဇွဲ၊ အမောခံ သက်လုံကောင်းမှုတွေကို စမ်းသပ်ရန်အတွက် ပြေးလမ်းက အောင်ခန့်ကို အသင့်ဧာင့်ကြိုနေပါ သည်။

တတိယအပါတ်သည် အထူးတန်းရှေ့တွင်ပင် ပြီးဆုံးသွားသည်။

''ကိုအောင်ခန့်ရေ...မောနေပြီလား...''

အောင်ခန့် အသံလာရာဆီသို့ ကြည့်လိုက်မိသည်။ ပြေးလမ်းဘေးတွင် တပ်ကြပ်ကြီးဝင်းမြင့်နှင့် အတူရပ်ကာ...မိမိအား ပြုံးရွှင်ကြည့်နေသော နှင်းသီရိကို တွေ့လိုက်ရသည်။ နေ့စဉ် .. မြင်တွေ့ဘူးသော နှင်းသီရိနှင့်မတူ၊ အရပ်ဝတ်ဝတ်စုံနှင့် နှင်းသီရိ၏ အလှသည် ထင်းထင်းကြီး ပေါ်လွင်လွန်းလှသည်။

''ဟာ. .နှင်းသီရိ ရောက်လာတယ်နော်..''။ '' လမ်းကြုံလို့လား ''။ အောင်ခန့်က နှင်းသီရိဆီလျှောက်သွားရင်း မေးလိုက်သည်။ ''လမ်းကြုံလို့ မဟုတ်ပါဘူးရှင်...။ ''ဖုန်းမဆက် ဘာမဆက်နဲ့မို့၊ တမင်တကာ လာခဲ့တာပါ...။ကဲ..ထိုင်ပါအုန်း.. အမောပြေ အအေး သောက်ပါအုန်း။ ''အောင်ခန့်က'' '' အပြစ်တင်ရင်လဲ ခံရမှာဘဲ...ဒီမှာက အပြေးတင်မဟုတ်ဘူး...လှံတံပစ်နဲ့၊ သံလုံးပစ်ပါ လေ့ကျင့်နေရတော့...လေ့ကျင့်ရင်းပြီးရင် ...ပင်ပန်းတာနဲ့ အိပ်တော့တာကို ...ဟဲဟဲ...ခွင့်လွှတ်ပါဗျာ...'' ။

''ကဲ..ကဲ အအေးသောက်လိုက်ပါဦး...။ ကိုအောင်ခန့် လေ့ကျင်ရတာမောသလားဟင်... ''

အင်း...နဲနဲပေါ့...စိတ်သွားတိုင်းကိုယ်မပါလို့။ ဒါပေမယ့် ကျွန်တော် ကြိုးစားလေ့ကျင့်နေပါတယ်၊ နှင်းသီရိရဲ့ အားပေးစကားကိုလဲ...အမြဲနားထဲမှာ ကြားယောင်နေမိပါတယ်...။

အောင်ခန့်သည် အအေးသောက်နေရာမှ နှင်းသီရိကို ဖြတ်ကနဲ ကြည့်လိုက်သည်။ နှင်းသီရိကလဲ သူ့ကို ကြည့်နေသည်။ နှင်းသီရိ ရွှန်းလဲ့ကြည်လင်လှသော မျက်နှာလေးသည် ရှက်သွေးတွေပြည့်ဝနေသည်ဟု အောင်ခန့်တွေးနေမိသည်။

× × × × ×

နေပြည်တော်၏ နံနက်ခင်းသည် ငွေနှင်းဖုပုဝါပါးပါး ခြုံလွှမ်းထားသလို ချမ်းစိမ့်အေးမြနေပေသည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလထဲတွင် ဖြစ်သည်။ ၂၀၁၄ ဇန်နဝါရီလ ၁၄ ရက်နေ့မှ ၂၀ ရက်နေ့အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ကျင်းပပြုလုပ်သည့် (၇) ကြိမ်မြောက် အရှေ့တောင်အာရှ မသန်စွမ်း အားကစားပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ အောင်ခန့်နှင့်အတူ တပ်မတော်နှင့် အရပ်ဘက် မသန်စွမ်းအားကစားသမားများ နေပြည်တော်တွင် ရောက်ရှိနေခြင်းရယ်ပါ...။

အားကစားကွင်းပတ်လည်တွင် စိုက်ထူထားသော အလံတိုင်များထိပ်၌ အရှေ့တောင်အာရှ ၁၀ နိုင်ငံမှ အလံများသည် တလူလူ လွင့်နေကြသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အလံသည်လည်း အခြားနိုင်ငံများ၏ အလံများနည်းတူ မိုးယံမြင့်ဝယ်၊ ထည်ဝါစွာ တလူလူလွင့်နေသည်။ ပွဲကြည့်စင်များပေါ်တွင်လည်း ရွှေပွဲလာပရိသတ်များနှင့် စည်ကားနေသည်။ ပရိသတ်များသည် အရောင်စုံ အဆင်ဆန်းပြီး သစ်လွင်သော အဝတ်အစားများ ဝတ်ဆင်ထားကြသည်။ အားကစားကွင်းထဲမှာ တော့ အားကစားသမားများ၊ နည်းပြဆရာများ၊ ပြိုင်ပွဲကြီးကြပ်သူများ၊ ကြက်ခြေနီများ၊ လုံခြုံရေးဝန်ထမ်းများ၊ စသည်တို့သည် ဟိုမှသည်မှ သွားလာလှုပ်ရှားနေကြသည်။ သာယာငြိမ့်ညောင်းသော တေးသံများ ကလည်း ဝဏ္ဏသိဒ္ဓိအားကစားကွင်းတစ်ခုလုံး ဖုံးလွှမ်းနေလျက်...။

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပသည့် (၇) ကြိမ်မြောက် အရှေ့တောင်အာရှ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် အားကစားပြိုင်ပွဲများကို အစီအစဉ်အချိန်ဇယားအတိုင်း ကျင်းပနေသည်။ ထိုပြိုင်ပွဲသို့ နိုင်ငံတော်အကြီးအကဲများ၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်

ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ ကြွရောက်အားပေးသည်။

နံနက်ခင်းနေရောင်ခြည်သည် နှင်းထုကို ဖောက်၍ အားကစားကွင်းထဲသို့ လှပစွာဖြာကျလျက်ရှိနေသည်။ ကောင်းကင် တစ်ပြင်လုံး ပြာလဲ့လဲ့အရောင်ဖြင့် လှပလို့နေသည်။ ပွဲကြည့်စင်ပေါ်မှာ လာရောက်အားပေးသည့် ပရိသတ်များရှိနေသည်။ တာလွတ် ဒိုင်လူကြီးက ''နေရာယူ'' ဟု ကြေငြာလိုက်သည်တွင် အပြေးသမား အောင်ခန့် တာလွတ်စည်းပေါ်တွင် နေရာယူလိုက်သည်။ အလားတူ နေရာယူသူများမှာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ လာအို၊ နိုင်ငံမှ အားကစားသမားများ။ ပြိုင်မည့်ပွဲကား မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ မြန်မာနိုင်ငံ၏ ဂုဏ်နှင့် တပ်မတော်၏ ဂုဏ်ကို မြှင့်တင်ရမည့်အောင်ခန့်။ တာလွတ်စည်းပြေးလမ်းပေါ်တွင် သူရဲကောင်းတစ်ဦးပမာ ရပ်လျက်နေရာယူပြီးနေပြီ။

''ကိုအောင်ခန့် နိုင်အောင်ကန်နော်...မနိုင်ရင်တော့ ထားထားစိတ်ဆိုးမှာဘဲ...'' လွန်ခဲ့သော ရှစ်နှစ်ခန့်က တောင်ဥ ဘောလုံးကွင်းတွင် ထားထားပြောခဲ့သာ စကား။ ယခုအချိန်မှာတော့ ထားထားတစ်ယောက် ကလေးတစ်ယောက်ပင်ရနေပါပြီ။

''ဘယ်ဘဝ၊ ဘယ်ရောက်ရောက်၊ စိတ်မပျက်နဲ့၊ အားမငယ်နဲ့နော်..ရဲဘော်အောင်ခန့်တာ ငယ်ငယ်ကတည်းက ကိုယ်လက်လှုပ်ရှား အားကစားသမားဘဲ၊ ယောကျ်ားလေးဖြစ်တယ်... စစ်သားလေးဖြစ်တယ်... သတ္တိရှိတယ်... သတ္တိနှင့်ဇွဲ၊လုံ့လရှိရင် ခြေတုတပ်ထားရပေမယ့် ဘာကိုမှ ကြောက်စရာမလိုဘူး...လက်နှစ်ဖက်စလုံးလဲ အကောင်း ပကတိဘဲ.. အောင်မြင်မှုတွေရမှာ သေချာတယ်...။''

ထားထားနှင့် နှင်းသီရိ၏ စကားသံလေးများသည် အားမာန်ကို ပြည့်စေပြီး အောင်ခန့်၏ နားဆီသို့ တိုးဝင်လာကြသည်။ အခုနေ၀ါ သူ့ဘေးတွင် နှင်းသီရိသာရှိပါက ဘာတွေပြောနေမည်မသိ။ ချစ်စဖွယ် မျက်နှာထားနှင့်သာ ကြည့်နေမည်လား။ သိချင်မြင်ချင်စိတ်က အောင်ခန့်ရင်ထဲ ဝင်ရောက်လာသည်။

နှင်းသီရိ မျက်နှာကလေးကို မမြင်ရပေမယ့် အုပ်ချုပ်သူ ဦးခင်ထွန်း၏ မျက်နှာကိုကား ပြေးလမ်းဘေးတွင် မြင်နေရသည်။ အုပ်ချုပ်သူအဖြစ် လိုက်ပါလာသော ဦးခင်ထွန်း၏ မျက်နှာကား အပြုံးမျက်နှာနှင့်။ အောင်ခန့်သည် အောင်ဆန်းကွင်းတွင် လေ့ကျင့်စဉ်က မီတာ ၁၂၀၀ ကိုမနားတမ်း ပြေးခဲ့သူတစ်ဦး။ ယခုပြေးရမှာက မီတာ ၁၀၀ မျှသာ။ ရွှေတံဆိပ်ကား မြေကြီးလက် ခတ်မလွဲပေ။

တာလွတ်သည်နှင့် ပြေးလမ်းပေါ်တွင် အောင်ခန့်၏ ခြေလှမ်းများ စတင်လှုပ်ရှားနေပြီ။ လက်ခုပ်သံများကို ကျယ်လောင်စွာ ကြားနေ ရသည်။ ''**မြန်မာ နိုင်ပြီ.. ဒို့မြန်မာနိုင်ပြီ**'' ဆိုသော အသံများကိုလည်း သူကြားနေရသည်။ ရှေ့ဆုံးမှ ပန်းဝင်လာသော အောင်ခန့်အား သတင်းထောက်များ၊ ဓါတ်ပုံမှတ်တမ်းယူသူများကလည်း တဖျတ်ဖျတ်နှင့် ဓါတ်ပုံတွေ ရိုက်နေကြသည်။

''နိုင်ပြ''

ပရိသတ်နှင့် ကြိုးကြပ်သူများက အောင်ခန့်ကို ဝိုင်းထားလိုက်ကြသည်။ ပြီးတော့ အောင်ခန့်လက်ကို အလုအယက်ဆွဲ၍ နှုတ်ဆက်ဂုဏ်ပြုကြသည်၊ ချီးကျူးကြသည်၊ သတင်းထောက်များ၊ ဓါတ်ပုံမှတ်တမ်းယူသူများ၊ မိဒီယာသမားများ၏ ကင်မရာများမှ လျှပ်စစ်မီးပွင့်များသည် တဖျတ်ဖျတ်နှင့်...။

× × × × ×

ညနေ (၃) နာရီဆိုသော်လည်း နေအပူရှိန်သည် ဆောင်းကာလမို့ ပြင်းသည်ဟု မဆိုသာချေ။ နွေးရုံမျှ နွေးနေသည်။ နံနက်ခင်းတုန်းကလိုပင် သာယာလှပဆဲ၊ တေးသံများကလည်း ငြိမ်ငြိမ့်ညောင်းညောင်း ထွက်ပေါ်နေဆဲ၊ ပြာလဲ့လဲ့ ကောင်းကင်အောက်ဝယ် အရှေ့တောင်အာရှ (၁၀) နိုင်ငံ၏ အလံတော်များကလည်း တလူလူလွင့်နေဆဲ။

လှံတံပစ်ပြိုင်ပွဲ။ အောင်ခန့်၏ ဒုတိယပွဲ...။ မြန်မာ၊ ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ လာအို နိုင်ငံများမှ ပြိုင်ပွဲဝင် အားကစားသမားများ နေရာယူနေကြပြီ။ နေရာယူစဉ်ကပင် အောင်ခန့် တိုင်ထိပ်တွင် တလူလူလွင့်နေသော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ အလံတော်ဆီသို့ မျက်စေ့ရောက်သည်။ တိုင်းပြည်ကို ကိုယ်စားပြုနေသော အလံတော်၊ တိုင်းပြည်ကို ကိုယ်စားပြုကာ ပြိုင်ပွဲဝင်နေသော မြန်မာ့မျိုးချစ်တပ်မတော်မှ တပ်သားအောင်ခန့်...။

''ကိုအောင်ခန့် ရေ... ရွှေတစ်ခုရထားပြီဆိုတော့ မျက်နှာပန်းလှနေပါပြီ၊ ပိုပြီးလှအောင် ရွှေတံဆိပ်တစ်ခု ထပ်ယူလိုက် ပါအုန်းဗျာ...''

အောင်ခန့်လိုပင် ပြိုင်ပွဲဝင်နေသူ မသန်စွမ်းအားကစားသမား ကျော်ဆန်းက အားပေးစကား ပြောကြားသည်။ ကျော်ဆန်းသည် အဝေးခုန်ပြိုင်ပွဲဝင်သူဖြစ်သည်။ သူလည်း ရွှေတံဆိပ်တစ်ခု ရပြီးလေပြီ၊ အောင်ခန့်က ''စိတ်ချ'' ဟုရဲရဲကြီး ကတိပေးလိုက် သည်။ ဤပွဲမှာလည်း အောင်ခန့်ကပင် ပြိုင်ပွဲဝင်သူအားလုံးထက် အဝေးဆုံးစံချိန်ချိုး ပစ်နိုင်ပြီး ရွှေဆုကို ဆွတ်ခူးပေးခဲ့သည်။

အောင်ခန့်၏ ပါဝင်ယှဉ်ပြိုင်ရသည့် နောက်ဆုံးပွဲစဉ်မှာ...''သံလုံးပစ်''... ။ ''ဘယ်လိုဘဲ ပစ်ပစ်... အရေးကြီးတာ က မြေကြီးပေါ် အရှိန်လွန်လဲကျမသွားဖို့ အရေးကြီးတယ်...'' အောင်ခန့်၏ ဘေးတွင်ရပ်ကာ ဦးခင်ထွန်းက အခြေအနေကို ရှင်းပြနေသည်။

အောင်ခန့်သည် သံလုံးကို ကိုင်ကာ ညာဘက်ပါးတွင်ကပ်ထား လိုက်သည်။ ဘယ်ခြေကို ရှေ့သို့ထုတ်ထားလိုက်သည်။ ထို့နောက်ပါးနားတွင် ကပ်၍ ရှိနေသော သံလုံးကို တွန်းပစ်လိုက်ရာ သံလုံးသည် လေဟုန်စီးပြေးထွက်သွားပြီး မြေပြင်ပေါ်သို့ ကျသည်။ အောင်ခန့်၏ ခန္ဓာကိုယ်သည် လည်ထွက် မသွားဘဲ စည်းဝိုင်းထဲတွင် ခိုင်မြဲစွာ ရပ်တည်နိုင်ခဲ့သည်။ နောက်ဆုံးတော့ ရလဒ်သည် အားကစားသမားများအနက် အောင်ခန့် အဝေးဆုံးပစ်နိုင်ခဲ့သည်။ အောင်ခန့် ရယူပေးလိုက်သော

တတိယရွှေဆု။ (ဂ)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်း အားကစား အဖွဲ့က ရွှေ(၃၄)ခု၊ ငွေ(၂၆)ခု၊ ကြေး(၃၆)ခုရရှိကာ အဆင့်(၅)နေရာကို ရရှိခဲ့သည်။

ရွှေဆု တစ်ဆုရတိုင်း ပထမနေရာတွင် အောင်ခန့်ရပ်သည်။ သူ၏ လည်ပင်းသို့ ရွှေတံဆိပ်ရောက်လာသောအခါ အောင်ခန့်၏ ရင်ထဲအေးကနဲ ဖြစ်သည်။ ကျေနပ်ခြင်း၊ အားရခြင်း၊ နှစ်သိမ့်ကြည်နူးမှုများသည် အောင်ခန့်၏ ရင်ထဲတွင် ပြည့်လျှမ်းလာသည်။ တာဝန်ကား ကျေခဲ့ပေပြီ။ မြန်မာ့ဂုဏ်ကို မြှင့်တင်ပါမည်ဟု အောင်ခန့် ကတိပေးခဲ့သည်။ ယခု သူ၏ကတိကို သူဖြည့်နိုင်ခဲ့သည်။ မြန်မာနိုင်ငံသား တစ်ယောက်၊ **နိုင်ငံ့ဂုဏ်ဆောင် အားကစား ရွှေသူရဲကောင်းတစ်ယောက်၊** ...ငယ်စဉ်ကတည်းက **အားကစားလှုပ်ရှားမှုများမှသည် ရွှေသူရဲကောင်းအဖြစ်ဆီသို့** အောင်ခန့် ဇွဲ၊ သတ္တိ၊ လုံ့လ၊ ဝီရိယ၊ ကြိုးစားအားထုတ်မှုများကြောင့် အောင်ခန့် ဂုဏ်ရောင်ပြောင်ခဲ့ပေပြီ။ တပ်မတော်သား တစ်ယောက်၏ဇွဲ၊ သတ္တိကိုလည်း အောင်ခန့် ဖော်ထုတ်ပြသနိုင်ခဲ့ပေပြီ။

ဆုယူစင်မြင့်ပေါ်မှ မဆင်းမီ ရွှေဆု (၃) ကြိမ်လက်ခံရယူခဲ့သည့် အကြိမ်တိုင်း မြန်မာနိုင်ငံ၏ အလံတော်ကို အောင်ခန့် လှမ်းကြည့်မိသည်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ အလံသည် ပြာလဲ့လဲ့ မိုးကောင်းကင်ကို နောက်ခံပြုလျက် လှပစွာ တလူလူလွင့်နေပြီး ဝင့်ကြွားထည်ဝါလျက် ရှိသည်ကို အောင်ခန့် မြင်နေရသည်။

သတင်းထောက်များ၊ မီဒီယာသမားများက အောင်ခန့်ကို မေးမြန်းရာတွင် အောင်ခန့်က **''ကျနော်က ယော်ယော် ကတည်းက အားကစားလိုက်စားခဲ့တာပါ။ လမ်းလျှောက်၊ စုပေါင်းလမ်းလျှောက်၊ ပြေးခုန်ပစ်၊ ခြင်းလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ဘောလုံး အားကစား... ဒါတွေအားလုံး ကျနော် ကစားခဲ့တယ်... ဒါကြောင့်လည်း... ကျနော်အမော လုံတယ်... ကျန်းမာ တယ်... ဇွဲ၊ သတ္တိ၊ လုံ့လ ဝီရိယတွေ ရှိလာတယ်... တပ်မတော်ထဲ ရောက်တော့ လည်း တပ်မတော်က လေ့ကျင့်ပျိုးထောင်မှု အောက်မှာ ကျနော် စစ်ဆင်ရေး သွားချိန်မှအပ အားကစားဘဲ လုပ်ခဲ့ပါတယ်...။ ရွှေတံဆိပ်တွေ ဆွတ်ခူးပေးနိုင်လို့ နိုင်ငံတော် နှင့် အမိ တပ်မတော်အတွက် ကျနော် အတိုင်းမသိ ဝမ်းသာတယ်...''** ဟူ၍လည်းကောင်း၊ ကိုအောင်ခန့်အနေနဲ့ မျိုးဆက်သစ်လူငယ်တွေကို ပြောချင်တာရှိရင်...ဆိုတဲ့ မေးမြန်းချက်ကိုတော့ ကိုအောင်ခန့်က **''လူငယ်တိုင်းဟာ အားကစားကို လှုပ်ရှားကစားသင့်တယ်... စာရိတ္တမြင့်မားမှု၊ စုပေါင်းဆောင်ရွက်တက်မှု၊ ဦးဆောင်တတ်မှုတွေကို အားကစားက လေ့ကျင့်ပျိုး ထောင်ပေးနိုင်တယ်။ လူငယ်တွေရဲ့အနာဂါတ်အတွက် ကာယ၊ ဉာဏ်လုပ်သားကောင်း၊ အသိပညာရှင် အတတ်ပညာရှင်ကောင်း တွေ ဖြစ်လာဖို့ အားကစားဟာ တိုင်းပြည်ဂုဏ်ကို ဆောင်ခဲ့တဲ့ အားကစားမောင်မယ်များအနက် အများစုဟာ လူငယ်များဘဲ ဖြစ်ပါတယ်... အကျိုးဆက်တွေက အများကြီးပါဘဲ''** ဟု ဖြေကြားခဲ့သည်။

သတင်းသမားများ မေးမြန်းနေသည်ကို ဖြေကြားစဉ် တွေ့ရမည်ဟု မျှော်လင့်မထားသော နှင်းသီရိကို တွေ့လိုက်ရသည်။ အောင်ခန့်သည် နှင်းသီရိကို ငေးကြည့်နေမိသည်။ ဘာတစ်ခွန်းမျှ

မပြောမိ။ ဘာပြောရမှန်းလဲ အောင်ခန့်မသိ။ သူသိသည်မှာ သူဝမ်းသာနေခြင်းပင်။ နှင်းသီရိ မျက်နှာလေးသည် ပန်းကလေးများလို လန်းဆန်းနေသည်။ ပြီးတော့နှင်းသီရိအနားသို့ သူရောက်သွားသည်။ နှင်းသီရိ၏ ကိုယ်သင်းရနံ့လေးသည် ပန်းရနံ့လိုပင် ခပ်ပြေပြေလေး သင်းကြိုင်နေသည်။

''ဂုဏ်ယူပါတယ်...ကိုအောင်ခန့်ရယ်...ကျမ တကယ်ဘဲဂုဏ်ယူပါတယ်...''

နှင်းသီရိသည် အောင်ခန့်၏လက်မောင်းကို သူမ၏ နူးညံ့သော လက်ဖဝါးဖြင့် ဆုပ်ကိုင်ရင်း ထပ်မံချီးကျူး ဂုဏ်ပြုပြုန် သည်။ သူမ၏ နှုတ်ခမ်းလေးများသည် တုန်ရီနေသည်။ မျက်လုံးများတွင်လည်း မျက်ရည်များနှင့် ပြည့်လျှမ်းနေသည်။ ကြည်နူး ဝမ်းမြောက်ခြင်းများ၏ လေးနက်သော အဓိပ္ပါယ်များ....။

''ကိုအောင်ခန့်ရယ်... **နိုင်ငံ့ဂုဏ်ဆောင် ရွှေသူရဲကောင်းကြီးလို့ဘဲ ခေါ်ပါရစေတော့...**''ဟု နှင်းသီရိက ပြောလိုက် သည်။

''ကျနော်က တိုင်းပြည်အတွက် ရွှေတံဆိပ် (၃)ခု ယူခဲ့ပါပြီ။ နှင်းသီရိရဲ့ အားပေးကူညီမှုတွေ မရခဲ့ရင် ဒီဆုတွေ ရဖို့မလွယ်ပါဘူး။ ဒါကိုတော့ ကျနော် ရဲရဲကြီးပြောဝံ့ပါတယ်...။

နှင်းသီရိက နှစ်မြို့က်စွာပြုံးလိုက်သည်။ ပန်းရနံ့က သင်းပျံ့ကြိုင်လှိုင်နေဆဲ၊ လာရောက်အားပေးကြသူများ၏ အပြုံးပန်း တွေကလဲ တဝေဝေနဲ့ လှပနေဆဲ။ သတင်းမီဒီယာသမားများ၏ ကင်မရာမှ မီးများကလည်း တဖျတ်ဖျတ် လင်းလက်နေကြဆဲ။

ပြာလဲ့လဲ့မိုးကောင်းကင်အောက်ရှိ ကမ္ဘာ့အဆင့်မီ ဝဏ္ဏသိဒ္ဓိအားကစားရုံကြီး၏ မျက်နှာစာရှေ့မှာ အောင်ခန့်သည် နှင်းသီရိကို ကြည့်လိုက်သည်။ အားကစားနှင့် နိုင်ငံ့ဂုဏ်ကို ဆောင်ခဲ့သော ရွှေသူရဲကောင်းကြီး အောင်ခန့်အား နှင်းသီရိကလည်း မြတ်နိုးစွာ ချစ်ရည်ရွှန်းလဲ့သော မျက်ဝန်းများနှင့် ကြည့်သည်။ အကြည့်မျက်ဝန်းများမှ တစ်ဆင့် နွေးထွေးလှပသော အချစ်စကား လုံးများ ပြောနေကြသည်။ ရင်ထဲချစ်နေကြသူ နှစ်ဦးသာလျှင် အချစ်စကားများကို သိရှိကြမည်ဆိုလျှင် ပိုလွန်းသည်ဟု ဆိုလေမ လား။ ဝဏ္ဏသိဒ္ဓိအားကစားကွင်းကိုသာ သက်သေပြုရမည် ဖြစ်ပါသည်။

နောင်နှစ်ပေါင်းများစွာ... များစွာ..ဒီဇင်ဘာနံနက်ခင်းများ၏ စုပေါင်းလမ်းလျှောက်ပွဲများမှာတော့ အောင်ခန့် အတွက် လမ်းလျှောက် အဖော်ကောင်း တစ်ဦးတိုးလာမည်ဟု ယုံကြည်မှုပေါင်းများစွာဖြင့်.....။

အောင်ခန့်ဖြိုးဝေ (တောင်ငူ)

ဤဝတ္ထုတိုသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလ လှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲတွင် နှစ်သိမ့်ဆု - ၃ ရရှိသော အောင်ခန့်ဖြိုးဝေ (တောင်ငူ)၏ ဝတ္ထုတိုဖြစ်ပါသည်။